

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

တရားစီရင်ထုံးများ

ဗဟိုတရားစီရင်ရေးအဖွဲ့

စီရင်ချက်များ

၁၉၈၄ (1984)

ပထမသုံးလပတ်

(ဇန်နဝါရီလ၊ ဖေဖော်ဝါရီလနှင့် မတ်လ)

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်
ပြည်သူ့တရားသူကြီးအဖွဲ့၏ခွင့်ပြုချက်အရထုတ်ဝေသည်။

F.A

ဗဟိုတရားရုံး၊ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ထွန်း၊ ကင်းလွတ်ခွင့်အမှတ်
(၂၄၂)ကမြန်မာနိုင်ငံ ကြက်ခြေနီအသင်းပုံနှိပ်တိုက်၊ အမှတ်-၄၂၊
ကမ်းနားလမ်း၊ ရန်ကုန်မြို့တွင် ရိုက်နှိပ်ထုတ်ဝေသည်။

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်
ပြည်သူ့တရားသူကြီးအဖွဲ့

ဦးတင်အောင်ဟိန်း	ဝိဇ္ဇာ၊ ဥပဒေဝိဇ္ဇာ၊ နိုင်ငံဂုဏ်ရည်(ဒုတိယဆင့်)	....	ဥက္ကဋ္ဌ
သီရိပျံချီ ဦးတင်အောင်	နိုင်ငံဂုဏ်ရည်(ပထမဆင့်)	....	အဖွဲဝင်
ဦးလှဘုန်း	....	....	အဖွဲဝင်
ဦးခင်ဇော်မုံ	....	....	အဖွဲဝင်
ဦးမြကျော်	မဟာဝိဇ္ဇာ၊ နိုင်ငံဂုဏ်ရည်(ပထမဆင့်)	....	အဖွဲဝင်
ဦးထွန်းရှိန်	....	....	အဖွဲဝင်
ဦးအေးမောင်	ဝါဏိဇ္ဇဝိဇ္ဇာ၊ဥပဒေဝိဇ္ဇာ	....	အဖွဲဝင်
ဦးသန့်စင်	ဝါဏိဇ္ဇဝိဇ္ဇာ၊ဥပဒေဝိဇ္ဇာ	....	အဖွဲဝင်
ဦးတင်အုန်း	မဟာဝိဇ္ဇာ	....	အဖွဲဝင်

၁၉၈၄ ခုနှစ်

(ဇန်နဝါရီလ၊ ဖေဖော်ဝါရီလနှင့် မတ်လ)

ပြစ်မှုဆိုင်ရာအမှုများ

စံရင်ထုံးပြုသောမှုခင်းများ

မြစ်မူဆိုင်ရာ အမှုများ

စာမျက်နှာ

ကင်မင်ချူးပါ(၂)နှင့်ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ၁

ဦး စိုးတင့် နှင့် မခင်မာကြည် ၉

အငြိမ်းစား ဗိုလ်မှူးချုပ်တင်ဦး နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ
မြန်မာနိုင်ငံတော် ၁၂

အငြိမ်းစား ဗိုလ်မှူးချုပ်တင်ဦး နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ
မြန်မာနိုင်ငံတော် ၁၈

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် နှင့် မောင်ကျော်ထူး ၂၅

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် နှင့် ဂေါပါလူး.... ၂၀

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် နှင့် ဦးမျိုးမြင့်အောင် ၃၀

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် နှင့် ဦးအောင်ချစ် ၃၆

ဦးဘချစ် ပါ (၅) နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ
မြန်မာနိုင်ငံတော်ပါ (၂) ၃၉

ဦးရာမဆွာမိချစ်တီးယား နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ
မြန်မာနိုင်ငံတော်ပါ (၅) ၄၃

မောင်လှငွေ နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ
မြန်မာနိုင်ငံတော်ပါ (၂) ၄၆

ဒေါ်အုန်းနှင့်ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်ပါ (၅) ၄၉

ညွှန်းချက်

ပြစ်မှုဆိုင်ရာအမှုများ

ပုဒေများ — စာမျက်နှာ

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ

ပြစ်မှုဆိုင်ရာဥပဒေ

သက်သေခံဥပဒေ

၁၉၂၂ ခုနှစ်၊ ရန်ကုန်မြူနီစီပယ် ဥပဒေ

၁၉၃၀ ပြည့်နှစ်၊ နိုင်ငံခြားသားမှတ်ပုံတင်ဥပဒေ

ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၂၂၂ နှင့် ၂၃၄ ပါ ပြဋ္ဌာန်းချက်-ယင်းပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်သည်ဆိုရုံမျှဖြင့် အမှုပျက်ပြယ်ခြင်း ရှိမရှိ။

အငြိမ်စား ဗိုလ်မှူးချုပ်တင်ဦးက ၎င်းအပေါ်မူလရုံးက ပြစ်မှုထင်ရှားစီရင်၍ ပြစ်ဒဏ်ချမှတ်ထားသော အမိန့်ကို အယူခံရာ၌ အဓိကအကြောင်းပြချက်များတွင် အလွဲသုံးစားပြုသည်ဟု စွပ်စွဲထားသည့် တပ်ပိုင်ငွေနှင့်ပစ္စည်းများမှာ ၅-၀-၁၁ ရက်နေ့မှ ၁၆-၅-၀၃ ရက်နေ့အထိ၊ ၀-နှစ်အထက်ကျော်လွန်သော အချိန်ကာလအတွက် ဖြစ်သဖြင့် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၂၂၂ နှင့် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၂၃၄ တို့ပါ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်နေသောကြောင့် ပထမ တင်ခဲ့သောစွဲချက်သည် ပျက်ပြယ်သည့်အလျောက် ပြင်ဆင်ပြောင်းလဲသည့် ဒုတိယစွဲချက်သည်လည်း တရားမဝင်တော့၍ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၃၀ (ဗီ) အရ အမှုတစ်ခုလုံးပျက်ပြယ်ကြောင်းဟူ၍ အကြောင်းပြချက်တစ်ရပ် ပါဝင်လေသည်။

ဆုံးဖြတ်ချက်။ ။ဤကဲ့သို့ ပထမစွဲချက်ကိုပြင်ဆင်၍ ဒုတိယစွဲချက်တင်ခဲ့ခြင်းကြောင့် တရားမျှတမှုမရရှိခဲ့ကြောင်း သော်လည်းကောင်း၊ တရား စီရင်ရေး တိမ်းစောင်းသွားခဲ့ကြောင်း သော်သည်းကောင်း မတွေ့ရသည့်ပြင် ယင်းဒုတိယစွဲချက်နှင့်စပ်လျဉ်း၍ အငြိမ်းစားဗိုလ်မှူးချုပ် တင်ဦး သည် ကောင်း စွာ သိ ရှိ နား လည်ပြီး ထုချေခွင့် ရှိခဲ့ကြောင်းလည်း ပေါ်ပေါက်သည်။ ထို့ကြောင့်တိုင်းတရားရုံး၏ဆောင်ရွက်ချက်သည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၂၂၂ နှင့် မညီညွတ်ဟု ဆိုနိုင်မည်မဟုတ်ပေ။ ထို့ပြင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၅၃၇ တွင် သေဒဏ်အတည်ပြုမှု၊ သို့မဟုတ်အယူခံမှု၊ သို့မဟုတ်ပြင်ဆင်မှုတွင် စွဲချက်နှင့်စပ်လျဉ်း၍ မှားယွင်းခြင်း၊ ပျက်ကွက်ခြင်း၊ လုပ်ထုံးလုပ်နည်းချွတ်ယွင်းခြင်းကြောင့် တရားမျှတမှု ကင်းမဲ့ကြောင်း၊ မပေါ်ပေါက်လျှင် အမှုကိုစစ်ဆေးစီရင်ပိုင်ခွင့်ရှိသော တရားရုံးတစ်ရုံးကချမှတ်သော မည်သည့်ဆုံးဖြတ်ချက်၊ ပြစ်ဒဏ်၊ သို့မဟုတ် အမိန့်ကိုမဆို စွဲချက်ကိုအကြောင်းပြု၍၊ ပြောင်းလဲခြင်း၊ ပြင်ဆင်ခြင်းမပြုရဟု ပြဋ္ဌာန်းထားသည်ဖြစ်၍ အမှုပျက်ပြယ်ခြင်းမရှိပေ။

ဆဝ်မံဆုံးဖြတ်ချက်။ ။အငြိမ်းစားဗိုလ်မှူးချုပ်တင်ဦး ကိုးကားသော ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၃၄ သည် တစ်နှစ်အတွင်းကျူးလွန်သည့် အမှုများနှင့်စပ်လျဉ်း၍ စွဲချက်သုံးရပ်အထိ တစ်မှုတည်း၌တင်၍ စစ်ဆေးနိုင်သည့် လုပ်ပိုင်ခွင့်နှင့်သာ သက်ဆိုင်သည်ဖြစ်၍ ထည့်သွင်းစဉ်းစားရန် မလိုအပ်ပေ။

ဆဝ်မံဆုံးဖြတ်ချက်။ ။ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၃၀ ၌ ဖော်ပြထားသောကိစ္စတစ်ရပ်ကို လုပ်ပိုင်ခွင့်မရှိသော တရားရုံးတစ်ခုက ပြုလုပ်ခဲ့လျှင်၊ အမှုပျက်ပြယ်ကြောင်း ပြဋ္ဌာန်းထားသည်။ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၃၀ (ဇ) သည်လည်း ဥပဒေကစစ်ဆေးကြားနာခွင့် ပေးမထားပဲ ပြစ်မှုကျူးလွန်သူတစ်ဦးအား တရားရုံးကစစ်ဆေးခြင်းပြုလုပ်ခဲ့သည့် အမှုများနှင့်သာ သက်ဆိုင်ပေသည်။ ပထမစွဲချက်ကိုပြင်ဆင်၍၊ ဒုတိယစွဲချက်တင်သည့်ကိစ္စသည်လည်း အဆိုပါကိစ္စများတွင်မပါဝင်ချေ။

စာမျက်နှာ

ဖြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၄၉ အရ ပိတ်သိမ်း နိုင်သော အမှုများ—လျှောက်ထားခွင့် ရှိသူက လျှောက်ထားခြင်းမပြုသည့် ကိစ္စကို ဆောင်ရွက်ခွင့်မရှိ။

ဆုံးဖြတ်ချက်။ ။ဖြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၂၄၉ ပါ ပြဋ္ဌာန်းချက်များမှာ တိုက်ရိုက်လျှောက်ထား စွဲဆိုသည့် အမှုမဟုတ်သော အခြားအမှုများအား ပိတ်သိမ်းခြင်းနှင့် သက်ဆိုင်သည်။ ဒေါ်ခင်မြင့် စွဲဆိုသော အမှုမှာ ဒေါ်ခင်မြင့် ကိုယ်တိုင်တိုက်ရိုက် လျှောက်ထား စွဲဆိုသော အမှုဖြစ်သဖြင့် မြို့နယ်တရားရုံးက သူစွဲဆိုသောအမှုကို ဖြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၄၉ အရ ပိတ်သိမ်းခြင်းမှာ ယင်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မညီညွတ်ပေ။ ထို့ပြင် အဆိုပါ ပုဒ်မ ၂၄၉ ပါ ပြဋ္ဌာန်းချက်များမှာ ထောင်ဒဏ် (၆) လ အထိ ချမှတ်နိုင်သော အမှုများ စစ်ဆေးခြင်းနှင့် သက်ဆိုင်ပေသည်။ ဒေါ်ခင်မြင့် စွဲဆိုသော အမှုတွင် တရားခံများအား ထောင်ဒဏ် (၆) လထက် ပို၍ အပြစ်ပေးနိုင်သည်။ သို့ဖြစ်ရာ တိုင်းတရားရုံးက မြို့နယ်တရားရုံး၏ အမိန့်ကို ပယ်ဖျက်ပြီး ဒေါ်ခင်မြင့် စွဲဆိုသော အမှုကို ဆက်လက်စစ်ဆေးစေရန်အမိန့် ချမှတ်ခြင်းသည် မှားယွင်းသည်ဟု မဆိုနိုင်ပေ။

ထပ်မံဆုံးဖြတ်ချက်။ ပန်းဘဲတန်းမြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၁၃၄၁/၀၁ မှာ ဦးမူစတာဖား တိုက်ရိုက်လျှောက်ထား စွဲဆိုသောအမှုဖြစ်သည်။ မြို့နယ်တရားရုံးကစွဲဆိုသောအမှုကို ပိတ်သိမ်းခဲ့ရာတွင် ဦးမူစတာဖားသည် မြို့နယ်တရားရုံး၏အမိန့်ကို ပြင်ဆင်ပေးရန် တိုင်းတရားရုံးသို့ လျှောက်ထားခဲ့ခြင်း မရှိချေ။ ဒေါ်ခင်မြင့်က တိုင်းတရားရုံးတွင် ပြင်ဆင်မှု လျှောက်ထားရာ၌ ဦးမူစတာဖား စွဲဆိုသည့် ဖြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၃၄၁/၀၁ တွင် မြို့နယ်တရားရုံးက ချမှတ်ထားသည့်အမိန့်ကိုပါ ပြင်ဆင်ပေးရန် လျှောက်ထားခဲ့ကြောင်း တွေ့ရသည်။ ဒေါ်ခင်မြင့်သည် ဦးမူစတာဖား၏ ကိုယ်စားလှယ်ဖြစ်ကြောင်း ပြင်ဆင်မှုလျှောက်လွှာ၌ ဖော်ပြထားကြောင်း မတွေ့ရပေ။ ဖြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၃၄၁/၀၁ တွင် ချမှတ်သော အမိန့်ကို မကျေနပ်လျှင် တိုင်းတရားရုံးတွင် ပြင်ဆင်မှုလျှောက်ထားခွင့် ရှိသူမှာ ဦးမူစတာဖားသာ ဖြစ်ပေသည်။ သို့ဖြစ်၍ ဒေါ်ခင်မြင့် လျှောက်ထားသည့် ပြင်ဆင်မှုတွင် ပန်းဘဲတန်းမြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၁၃၄၁/၀၁ တွင် ချမှတ်ထားသည့်အမိန့်ကို တိုင်းတရားရုံးက ပယ်ဖျက်လိုက်ခြင်းမှာ မှားယွင်းပေသည်။

ဦးဘချစ် ပါ(၅) နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်ပါ (၂) ....

ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၄၀၃ (၁)—အမှု(၂)မှတွင် သီးခြားကွဲလွဲသောအကြောင်းခြင်းရာရှိလျှင် ပထမအမှုဌ အပြီး အပြတ်သတ်ပြီးနောက် ဒုတိယအမှုစွဲဆိုခြင်းသည် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၄၀၃(၁)ပါ ပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်မှု မရှိခြင်း။

ဆုံးဖြတ်ချက်။ ။ဦးမျိုးမြင့်အောင်အပေါ် ပုဒ်မ ၁၀၈ အရ စွဲဆိုသော အမှုကို မြို့နယ်တရားရုံးက ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၂၄၀ အရ ရုပ်သိမ်းခွင့်ပြုသဖြင့် ထိုအမှုဌ ဦးမျိုးမြင့်အောင်သည် အမှုမှ အပြီးအပြတ် လွှတ်ခဲ့ပြီးဖြစ်ရာ သူ့အားပြည်သူ့ဝိုင် ပစ္စည်းကာကွယ်ရေး ဥပဒေပုဒ်မ ၆ (၁) အရ ၈—၃—၈၂ ရက်နေ့တွင် ရဲကဿပ်မှု၍ ဒုတိယအကြိမ် စွဲဆိုတင်ပို့သည်ကို မြို့နယ်တရားရုံးက ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၇၁/၈၂ အရ လက်ခံစစ်ဆေးခြင်းသည့်၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၄၀၃ (၁) ပါ ဝိတ်ပင်တားမြစ်ချက်နှင့် အကျုံးဝင်ခြင်း ရှိမရှိ ဆက်လက်၍ သုံးသပ်ရန်ဖြစ်သည်။ အဆိုပါပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၄၀၃ (၁) တွင်—

"စီရင်ပိုင်ခွင့်ရှိသော တရားရုံး တစ်ခုခုမှ ပြစ်မှုတစုံတရာအတွက် တစ်ကြိမ်စစ်ဆေး၍ ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီးသူ သို့မဟုတ် တရားသေ လွှတ်ခြင်းခံရပြီးသူတစ်ဦးအား ယင်းကဲ့သို့ ပြစ်မှုထင်ရှား တွေ့ရှိသော စီရင်ချက် သို့မဟုတ် တရားသေလွှတ်သည့် စီရင်ချက်သည် အတည်ဖြစ်လျက်ရှိနေသည့် အတောအတွင်း၊ ၎င်းပြစ်မှုနှင့်ပင် ထပ်မံ၍ စစ်ဆေးစီရင်ခြင်း မခံထိုက်စေရ။ထိုတူညီသော အကြောင်းခြင်းရာများကို အခြေပြု၍ ပုဒ်မ ၂၃၆ အရ ကွဲလွဲသည့် စွဲချက်များနှင့် တင်နိုင်သည့် ပြစ်မှုအတွက်ဖြစ်စေ၊ ပုဒ်မ ၂၃၇ အရ ပြစ်မှုထင်ရှားစီရင်နိုင်သည့် အခြားပြစ်မှုအတွက်ဖြစ်စေ ထပ်မံစစ်ဆေးခြင်း မခံထိုက်စေရ" ဟု ပြဋ္ဌာန်းထားသည်။

အမှုကို ရုပ်သိမ်းခွင့်ပြုခဲ့သော ပထမအမှုသည် နယ်ကျော်၍ ဆန့်ကျင်သယ်ယူခြင်းအတွက် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၀၈ အရ ရဲစခန်းမှူးက တရားလိုပြုလုပ်ပြီး တိုင်ချက်ရေးဖွင့်၍ ဦးမျိုးမြင့်အောင် အပေါ် စွဲဆိုတင်ပို့သောအမှုဖြစ်သည်။ ဒုတိယအကြိမ် စွဲဆိုတင်ပို့သောအမှုသည် လယ်/ကျွန်း/ရှင်းမန်နေကျော ဦးအေးချိုက ဦးမျိုးမြင့်အောင် အပေါ်

အစိုးရဆန်ကို ခိုးယူရောင်းချကြောင်းဖြင့် တိုင်ကြား၍ ရဲက ပြည်သူ့ပိုင် ပစ္စည်းကာကွယ်ရေးဥပဒေပုဒ်မ ၆(၁) အရ် တိုင်ချက်ရေးဖွင့် လက်ခံခဲ့ခြင်းဖြစ်သည်။ သို့ဖြစ်ရာ အမှုနှစ်မှုသည် အမှုဖြစ် အကြောင်းခြင်းရာသဘာဝချင်းမတူပဲ တသီးတခြားစီ စွဲဆိုတင်နိုင်သော မှုခင်းအမျိုးအစားများဖြစ်နေကြကြောင်း တွေ့ရသဖြင့် ဦးမျိုးမြင့်အောင် အပေါ် ဒုတိယအမှုကို စွဲ ဆို ခြင်း အား ဖြင့် ပြစ် မှု ဆိုင် ရာ ကျင့် ထုံး ဥ ပ ဒေ ပုဒ်မ ၄၀၃(၁)တွင် ပြဋ္ဌာန်းထားသော ဝိတ်ပင်တားမြစ်ချက်ကို ဆန့်ကျင်သည်ဟု မဆိုနိုင်ပေ။

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် နှင့် ဦးမျိုးမြင့်အောင် ၃၀

ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥ ပ ဒေ ပုဒ်မ ၄၀၈(၁) အရ၊ စား၀တ်နေရိတ် လျော်ကာထားခြင်း—ဇနီးသည်က လင်ယောကျ်ား၏မိဘများနှင့် အတူ နေထိုင်ရန်မဖြစ်နိုင်၍ ခွဲခွာနေထိုင်ခြင်းသည် လုံလောက်သော အကြောင်း ဟုတ်မဟုတ်။

ဆုံးဖြတ်ချက်။ ။ယခုအမှုတွင် အဓိက စဉ်းစားရန် အချက်မှာ မခင်မာကြည်သည် မိတ္ထီလာရှိ ဦးစိုးတင့်၏ မိဘများအိမ်သို့လိုက်၍ ဦးစိုးတင့်နှင့် ပေါင်းသင်းနေထိုင်ရန်ငြင်းဆန်ခြင်းမှာ လုံလောက်သော အကြောင်း ဟုတ်မဟုတ်ဖြစ်သည်။ ဦးစိုးတင့်က ''မခင်မာကြည်အား သီးခြား တအိုးတအိမ် မထားနိုင်ကြောင်း၊ မိဘများနှင့်သာ အတူနေထိုင်ရန်ခေါ်ခဲ့ကြောင်း'' ထွက်ဆိုသည်။ မခင်မာကြည်သည် ဦးစိုးတင့်၏ မိဘများအိမ်တွင် ၃ လခန့်နေထိုင်ပြီးမှ ဦးစိုးတင့်၏ မိဘများက မကြာမကြာ ဆူပူရန်လုပ်သဖြင့်သာ သူ၏မိဘများအိမ်သို့ ပြန်နေခြင်းဖြစ်ကြောင်း တွေ့ရသည်။ ဦးစိုးတင့်တို့က လာခေါ်သော်လည်း ဦးစိုးတင့်၏ မိဘများနှင့်အတူနေရန် မဖြစ်နိုင်သောကြောင့် သီးခြားအိမ်ဖြင့် ထားရန် ခေါ်ခြင်း မဟုတ်၍ လိုက်မနေခြင်းမှာ လုံလောက်သည့် အကြောင်းဖြစ်သည်ဟု ကောက်ယူရပေမည်။

ဦးစိုးတင့် နှင့် မခင်မာကြည် ၉

ဖြောင့်ချက်—

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၃၆၄ နှင့်အညီရယူထားခြင်း မရှိသော ဖြောင့်ချက်ကို မည်သည့်အခါတွင် သက်သေခံအဖြစ် လက်ခံနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ဇင်မိုး၏ ဒုတိယအကြောင်းပြချက်ဖြစ်သော ကင်မင်ချူးပေးခဲ့သည့် ဖြောင့်ချက်သည် ဥပဒေနှင့်အညီ ရေးသားရယူခဲ့ခြင်းမဟုတ်၍၊ ယင်းဖြောင့်ချက်တစ်ခုတည်းဖြင့် သူ့အားအပြစ်ပေးထားသည်မှာ မှားယွင်းသည်ဆိုသည့်အချက်နှင့် စပ်လျဉ်း၍ သက်သေခံ (၃) ဖြောင့်ချက်ကို စိစစ်ကြည့်သည့်အခါ ဒုတိယမိုလ်မှူးကြီး မောင်လှိုင် ဥက္ကဋ္ဌအဖြစ်ပါဝင်သော ရန်ကုန်တိုင်းတရားစီရင်ရေးအဖွဲ့သည် ဖြောင့်ချက်ရယူရာတွင် ဆောင်ရွက်ချက်တစ်ရပ်မှလွဲ၍ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၆၄နှင့် ပုဒ်မ ၃၆၄တို့နှင့်အညီရယူခဲ့ကြောင်းတွေ့ရသည်။ သက်သေခံ (၃) ဖြောင့်ချက်ကို ကြည့်ရှုလေ့လာသည့်အခါ ရန်ကုန်တိုင်း တရားစီရင်ရေးအဖွဲ့သည် ဖြောင့်ချက်ကို အဖြစ်အပျက်ပြောပြပုံအနေမျိုးဖြင့် တဆက်တည်း ရေးယူခဲ့ကြောင်းတွေ့ရသည်။ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၃၆၄ အရ ဖြောင့်ချက်ယူသည့် အခါ မေးခွန်းအသီးသီးနှင့် ဖြေဆိုချက်အသီးသီးတို့ကို ရေးမှတ်ရန်လိုအပ်သဲသည်။ သို့ရာတွင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၃၁၌ ပုဒ်မ ၃၆၄ နှင့်အညီ ရယူရန် ပျက်ကွက်မှု တစုံတရာရှိလျှင် တရားခံသည် ဖြောင့်ချက်ပါအတိုင်း ထွက်ဆိုခဲ့ကြောင်း အထောက်အထား ရယူရမည်ဟူ၍လည်းကောင်း၊ ယင်းသို့အထောက်အထား ရယူခဲ့လျှင် သက်သေခံဥပဒေပုဒ်မ ၉၁ တွင် မည်သို့ပင်ပါရှိစေကာမူ တရားခံတွင် အမှုအကြောင်းခြင်းရာနှင့် စပ်လျဉ်း၍ ခုခံချေပရန် အခွင့်အရေးတစုံတရာ ဆုံးရှုံးခြင်းမရှိပါက ဖြောင့်ချက်ကို သက်သေခံအဖြစ် လက်ခံရမည်ဟူ၍ လည်းကောင်း ပြဋ္ဌာန်းထားသည်။ ဤအမှုတွင်ဖြောင့်ချက်ယူသော ရန်ကုန်တိုင်းတရားသူကြီးအဖွဲ့ဝင် ဒုတိယမိုလ်မှူးကြီး မောင်လှိုင်၏ထွက်ဆိုချက်ကို မူလရုံးက ရယူထားကြောင်းတွေ့ရသည့်အပြင် ဇင်မိုးနှင့် ကင်မင်ချူးတို့က ဒုတိယမိုလ်မှူးကြီး မောင်လှိုင်အား ဖြောင့်ချက်ရယူခြင်းနှင့် စပ်လျဉ်း၍ ဥပဒေ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်း ရှိမရှိ တစုံတရာ ပြန်လည်မေးမြန်းခဲ့ခြင်းမရှိကြောင်းလည်း တွေ့ရသည်။ ထို့ကြောင့် ပြန်လည်စုံစမ်းခြင်း မရှိသော ကင်မင်ချူး၏ ဖြောင့်ချက် သက်သေခံ(၃)ကို မူလရုံးက ထည့်သွင်းစဉ်းစားခဲ့သည်မှာ မှားယွင်းသည်ဟု မဆိုနိုင်ပေ။

စာမျက်နှာ

သက်သေခံ ပစ္စည်းနှင့် စစ်လျှဉ်းသော အမိန့် – အကြောင်းထူး မရှိလျှင် ပစ္စည်းသိမ်းခံရသူသို့ သက်သေခံပစ္စည်းကိုပြန်ပေးခြင်း မှာ မှန်မမှန်။

ဆုံးဖြတ်ချက်။ ။ယခုအမှုတွင် မူလတရားခံ ဦးအောင်ကိုးတို့သည် စွဲဆိုသည့် လိမ်လည်မှုကို ကျူးလွန်ခြင်းမရှိဟု သုံးသပ်ပြီးအမှုမှ အပြီးအပြတ် လွှတ်ထားပြီးဖြစ်သည်။ အကြောင်းထူး မရှိလျှင် ယင်းအမှုတွင် သိမ်းဆည်းခဲ့သည့် သက်သေခံ ပစ္စည်းများကို အသိမ်းခံရသူတို့ထံ ပြန်ပေးရမည်သာဖြစ်သည်။ တိုင်းတရားရုံးက သက်သေခံစိန်ထည်များကို အသိမ်းခံရသူများထံသို့ ပြန်ပေးစေရန် အမိန့်မှာ မှားယွင်းသည်ဟု မဆိုနိုင်ချေ။

ဒေါ်အုန်း နှင့် ပြည်ထောင်စုဆိုရှယ်လစ်
သမ္မတမြန်မာနိုင်ငံတော်ပါ (၅) ၄၉

ပတ်ဝန်းကျင်သက်သေခံချက်အရ ပြစ်မှုကျူးလွန်သူမှာ တရားခံမှ တပါး အခြားသူဖြစ်နိုင်ကြောင်း မပေါ်ပေါက်လျှင် တရားခံ အပေါ် အပြစ်ပေးနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။အချင်းဖြစ်ချိန်မှာ ညနေ ၄ နာရီခွဲခန့် ဖြစ်၍ လူမှားနိုင်ရန်လည်း အကြောင်းမရှိပေ။ မောင်ကျော်ထူးက ဓားနှင့်ထိုးနေသည်ကို မျက်မြင်သက်သေမရှိသော်လည်း ဓားနှင့်ထိုးသည့်ပတ်ဝန်းကျင်တွင် ဖြစ်ပွားပေါ်ပေါက်သည့် အချက်များကို ထောက်ရှု၍ ဓားနှင့်ထိုးသူမှာ မောင်ကျော်ထူးမှ တပါး အခြားသူတစ်ဦး ဖြစ်နိုင်ဖွယ်ရာ မရှိချေ။ ဤမျှလုံလောက်သော အထောက်အထားရှိလျှင် မျက်မြင်သက်သေ မရှိသော်လည်း ပတ်ဝန်းကျင်သက်သေခံချက်အရ ပြစ်မှုကျူးလွန်သူမှာ မောင်ကျော်ထူးဖြစ်သည်ဟု ဆုံးဖြတ်နိုင်ပေသည်။

ပြည်ထောင်စုဆိုရှယ်လစ်
သမ္မတမြန်မာနိုင်ငံတော် နှင့် မောင်ကျော်ထူး.... .... ၂၅

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၄၀ အရ၊ ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီးနောက် ဆက်လက် ကျူးကျော်နေကြောင်း ပေါ်ပေါက်လျှင် ထပ်မံ၍ အမှုစွဲဆိုနိုင်ခြင်း။

စာချက်နှာ

ဆုံးဖြတ်ချက်။ ။ယခု အမှုတွင် ပေါ်ပေါက်သည့် သက်သေခံ အထောက်အထားများအရ မောင်လှငွေသည် အချင်းဖြစ်အိမ်ပေါ်သို့ ကျူးကျော်နေထိုင်၍၊ ပြစ်မှုထင်ရှား စီရင်ခြင်းခံရကြောင်း၊ ယင်းပြစ်ဒဏ်နှင့် ပတ်သက်၍၊ ဗဟိုတရားရုံးသို့ အယူခံမဝင်ရောက်ခဲ့ကြောင်း၊ ယင်းအိမ်ပေါ်တွင် ဆက်လက်ကျူးကျော် နေထိုင်ကြောင်း ပေါ်ပေါက်သည်။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၄၀ မှာ ဆက်တိုက် ကျူးလွန်နိုင်သော ပြစ်မှုဖြစ်၍ ပထမကျူးကျော်မှုတွင်ပြစ်မှုထင်ရှားပြီး နောက်ဆက်လက် ကျူးကျော်နေထိုင်လျှင် စွဲဆိုနိုင်သည့် ပြစ်မှုဖြစ်သဖြင့် မြို့နယ်နှင့် ဂိုင်းတရားရုံး၏ အမိန့်တို့သည် မှားယွင်းသည်ဟု မဆိုနိုင်ပေ။

မောင်လှငွေ နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ
မြန်မာနိုင်ငံတော် ပါ (၂) ၄၆

သက်သေခံအက်ဥပဒေပုဒ်မ ၁၅—နိုင်ငံခြားမှ မေးပို့သော ကိုယ်စားလှယ် လွှဲစာများကို လက်ခံခြင်း။

ဆုံးဖြတ်ချက်။ ။မူလရုံး အမှုတွဲကို လေ့လာကြည့်ရှုရာတွင် အချင်းဖြစ် ကိုယ်စားလှယ် လွှဲစာများ နောက်ကျောဘို့ အိန္ဒိယနိုင်ငံရှိ သက်ဆိုင်ရာမြို့နယ် နိုတြိပတ်ဘလစ် အရာရှိ၏ လက်မှတ်၊ တရားသူကြီး၏ လက်မှတ်၊ နိုင်ငံခြားရေးရုံး လက်ထောက်အတွင်း၀န်၏ လက်မှတ်၊ အိန္ဒိယနိုင်ငံရှိ မြန်မာနိုင်ငံသံရုံးမှ ကောင်စစ်၀န်၏လက်မှတ်တို့ ပါရှိကြောင်း ပေါ်ပေါက်သည်။

သက်သေခံဥပဒေပုဒ်မ ၁၅ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်—

> ''နိုတြိပတ်ဘလစ် သို့မဟုတ် တရားရုံး၊ တရားမ တရားသူကြီး၊ သို့မဟုတ် ပြည်ထောင်စု မြန်မာနိုင်ငံ၏ ကိုယ်စားပြုသူ ရှေ့မှောက်တွင် ချုပ်ဆို၍ ၎င်းက အစစ်အမှန် ဖြစ်ကြောင်း၊ လက်မှတ် ရေးထိုးထားသော ကိုယ်စားလှယ်စာ ဖြစ်သည့် စာတိုင်း၊ အမှတ်သားတိုင်းသည် ဆိုခဲ့သည့်အတိုင်း ချုပ်ဆို၍ အစစ်အမှန်ဖြစ်ကြောင်း၊ လက်မှတ်ရေးထိုးထားခြင်းမှာ မှန်ကန်သည်ဟု တရားရုံးက မှတ်ယူရမည်။''

သို့ဖြစ်ရာ မူလတရားရုံးတွင် လျှောက်ထားသူ တရားလို ဦးရာမဆွာမိချစ်တီးယား တင်ပြသည့်ကိုယ်စားလှယ် လွှဲစာများကို မူလတရားရုံးကသက်သေခံအဖြစ် လက်ခံခြင်းမှာ မှားယွင်းသည်ဟု မဆိုနိုင်ပေ။

ဦးရာမဆွာမိချစ်တီးယား နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်ပါ (၅) ၄၃

ရန်ကုန်မြူနီစီပယ် ဥပဒေပုဒ်မ ၁၂၃ နှင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၀၃—ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၀၃ ပါ ပြဋ္ဌာန်းချက်များသည် ရန်ကုန်မြူနီစီပယ် ဥပဒေပုဒ်မ ၁၂၃ အရ ထပ်ဆင့်စွဲဆိုခြင်းအတွက် ပြစ်မှုထင်ရှားစီရင်ခြင်းကို ပိတ်ပင်နိုင်ခြင်းမရှိ။

ဆုံးဖြတ်ချက်။ ။ရန်ကုန်မြူနီစီပယ် ဥပဒေပုဒ်မ ၁၂၃/၂၀၅ အရ ပထမအကြိမ် ပြစ်မှုထင်ရှား စီရင်ခြင်းခံရသူ အပေါ် ဒုတိယအကြိမ် ဆက်လက်ကျူးလွန်သော အလားတူ ပြစ်မှုအတွက် ယင်းဥပဒေပုဒ်မ ၁၂၃/၂၀၆ အရ ပြစ်မှုထင်ရှား စီရင်နိုင်ကြောင်း အထူးပြဋ္ဌာန်းချက် ရှိနေပေသည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၀၃ ပါ ပြဋ္ဌာန်းချက်များသည် ရန်ကုန် မြူနီစီပယ်ဥပဒေပုဒ်မ ၁၂၃ အရ ထပ်ဆင့်စွဲဆိုခြင်း အတွက် ပြစ်မှုထင်ရှား စီရင်ခြင်းကို ပိတ်ပင်တားမြစ်ခြင်း မရှိနိုင်ပေ။

ပြည်ထောင်စုဆိုရှယ်လစ်
သမ္မတမြန်မာနိုင်ငံတော် နှင့် ဦးအောင်ချစ် ၄၆

နိုင်ငံခြားသား တစ်ဦးသည် နိုင်ငံသားလက်မှတ် ရရှိရန် လျှောက်ထားဆဲကာလတွင် မိမိကိုင်ဆောင်ထားသော နိုင်ငံခြားသား မှတ်ပုံတင် လက်မှတ်အတွက် ပေးဆောင်ရမည့် အခွန်ငွေမှ ကင်းလွတ်ခွင့်မရှိခြင်း။

ဆုံးဖြတ်ချက်။ ။ဂေါပါလူးသည် နိုင်ငံသား လက်မှတ် ရရှိရန် လျှောက်ထားဆဲ ဖြစ်သည် ဆိုရုံမျှဖြင့် မိမိကိုင်ဆောင်ထားသော နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ်အတွက် ပေးဆောင်ရန်ရှိသော နှစ်စဉ်ကြေး အခွန်ငွေ ပေးဆောင်ရန် တာဝန်မှ ကင်းလွတ်ခွင့် ရရှိမည် မဟုတ်ပေ။

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် နှင့် ဂေါပါလူး ၂၀

နိုင်ငံတော်ကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၂/၀၀ (လွတ်လပ်ခြင်းချမ်းသာခွင့်အမိန့်)-လုပ်ငန်းအတွက်ကုန်ကျစရိတ် နောက်ဆုံးအသုံးပြုခဲ့သည့် နေ့ရက်သည် လွတ်လပ်ခြင်းချမ်းသာခွင့် အမိန့်သတ်မှတ်ထားသော နေ့ရက်ထက် ကျော်လွန်လျှင် လွတ်လပ်ခြင်းချမ်းသာခွင့်ကို ထည့်သွင်းစဉ်းစားရန် မလိုခြင်း။

အငြိမ်းစားဗိုလ်မှူးချုပ် တင်ဦးက ၎င်းအပေါ် မူလရုံးက ပြစ်မှုထင်ရှား စီရင်၍ ပြစ်ဒဏ်ချမှတ်ထားသော အမိန့်ကို အယူခံဝင်ရာ၌ အဓိကအကြောင်းပြချက်များတွင် အချင်းဖြစ် ကာလမှာ ၁၉၀၀ ပြည့်နှစ် ဇွန်လ ၁၅ ရက်နေ့မှ ၁၉၀၁ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့ အတွင်းဖြစ်၍၊ နိုင်ငံတော်ကောင်စီ၏ အမိန့်ကြော်ငြာစာ အမှတ် ၂/၀၀ (လွတ်လပ်ခြင်းချမ်းသာခွင့်အမိန့်) နှင့် အကျုံးဝင်ပါလျက် မူလရုံးက ထည့်သွင်းမစဉ်းစားခဲ့သည်မှာ မှားယွင်းကြောင်း ဒုတိယအကြောင်းပြချက်အဖြစ် တင်ပြထားသည်။

ဆုံးဖြတ်ချက်။ ။အငြိမ်းစား ဗိုလ်မှူးချုပ်တင်ဦး၏ဒုတိယဘံုပြချက်ဖြစ်သော အချင်းဖြစ်ကာလမှာ ၁၉၀၀ ပြည့်နှစ်၊ ဇွန်လ ၁၅ ရက်နေ့က စတင်ခဲ့ခြင်းဖြစ်၍ နိုင်ငံတော်ကောင်စီ၏ အမိန့်ကြော်ငြာစာ အမှတ် အမှတ် ၂/၀၀ (လွတ်လပ်ခြင်းချမ်းသာခွင့်အမိန့်) နှင့် အကျုံးဝင်ပါလျက် တိုင်းတရားရုံးက ထည့်သွင်းမစဉ်းစားပဲ အမိန့်ချမှတ်ခဲ့သည်ဆိုသည့် တင်ပြချက်နှင့် စပ်လျဉ်း၍ အမှုတွဲကို စိစစ်လေ့လာရာတွင် သက်သေခံ (၈) ပါ စာရင်းအင်းနှင့် ပြေစာများအရ အဆောက်အဦများအတွက် လုပ်ငန်းစတင်ခဲ့သည်မှာ ၁၅-၄-၀၀ ရက်နေ့ ဖြစ်ပြီး၊ ၂၀-၃-၀၁ ရက်နေ့တွင် အဆောက်အဦများအတွက် နောက်ဆုံးကုန်ကျစရိတ်ကို အသုံးပြုခဲ့ကြောင်းတွေ့ရသည်။ လုပ်ငန်းစတင်သည့် ၁၅-၄-၀၀ ရက်နေ့သည်၊ နိုင်ငံတော်ကောင်စီ၏အမိန့်ကြော်ငြာစာ အမှတ် ၂/၀၀ (လွတ်လပ်ခြင်းချမ်းသာခွင့်အမိန့်) နှင့် အကျုံးဝင်သော်လည်း လုပ်ငန်းအတွက် ကုန်ကျစရိတ်နောက်ဆုံးအသုံးပြုခဲ့သည့်နေ့ရက်မှာ ၂၀-၃-၀၁ ရက်နေ့ဖြစ်၍၊ နိုင်ငံတော်ကောင်စီ၏အမိန့်ကြော်ငြာစာ အမှတ် ၂/၀၀ (လွတ်လပ်ခြင်းချမ်းသာခွင့် အမိန့်)ပါ သတ်မှတ်ရက်ဖြစ်သည့် ၂၀-၅-၀၀ ရက်နေ့ထက် ကျော်လွန်သည့် ကိစ္စရပ်များပါရှိနေသောကြောင့် တိုင်းတရားရုံးက နိုင်ငံတော်ကောင်စီ၏ အမိန့်ကြော်ငြာစာ အမှတ် ၂/၀၀ (လွတ်လပ်ခြင်းချမ်းသာခွင့်အမိန့်)ကို ထည့်သွင်းစဉ်းစားခဲ့ခြင်းမရှိသည်မှာ မှားယွင်းသည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

ညွှန်းချက်

စာမျက်နှာ

ဆင်မံဆုံးဖြတ်ချက်။ ။ယခုအမှုတွင် အမှတ် (၉၅၄) ဆောက်လုပ်ရေး အင်ဂျင်နီယာတစ်ခွမှ ငွေနှင့်ပစ္စည်းများဖြင့် အဆောက်အဦများ ဆောက်လုပ်ရန်အတွက် အချင်းဖြစ်မြေနေရာများကို ပြုပြင်၍ အသုံးပြုခဲ့ကြောင်းမှာ အငြင်းပွားသောအချက် မဟုတ်သည့်အပြင် ထိုမြေနေရာများ ပေါ်တွင် အဆောက်အဦများ ဆောက်လုပ်ရန်အတွက် တစ်ခွမှ ငွေနှင့် ပစ္စည်းများရယူခဲ့ခြင်းဖြစ်၍ တိုင်းတာချုံးကား အဆောက်အဦတည်ရှိရာမြေနေရာများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းစေရန် ချမှတ်ခဲ့သော အမိန့်သည် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ နှင့် မညီညွတ်ဟု ဆိုနိုင်မည် မဟုတ်ပေ။

အင်္ဂြိမ်းစားဗိုလ်မှူးချုပ် တင်ဦး နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ၁၂

ပြစ်မှုဆိုင်ရာအယူခံမှု

ဥက္ကဋ္ဌအဖြစ်ဦးအေးမောင်၊အဖွဲ့ဝင်များအဖြစ် ဦးလှဘုန်းနှင့်ဦးခင်ဇာမုံ တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ကင်မင်ချူးပါ (၂)

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်*

ဖြောင့်ချက်–

†၁၉၀၄ ဖေဖော်ဝါရီ ၉-ရက်

ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၃၆၄ နှင့်အညီ ရယူထားခြင်းမရှိသော ဖြောင့်ချက်ကို မည်သည့်အခါတွင် သက်သေခံအဖြစ် လက်ခံနိုင်ခြင်း–

ဆုံးဖြတ်ချက်။ ။ဇင်မိုခ်ဒုတိယအကြောင်းပြချက်ဖြစ်သော ကင်မင်ချူးပေးခဲ့သည့်ဖြောင့်ချက်သည် ဥပဒေနှင့်အညီ ရေးသားရယူခဲ့ခြင်းမဟုတ်၍ ယင်းဖြောင့်ချက်တစ်ခုတည်းဖြင့်သူ့အား အပြစ်ပေးထားသည်မှာ မှားယွင်းသည်ဆိုသည့်အချက်နှင့်စပ်လျဉ်း၍ သက်သေခံ (၃)ဖြောင့်ချက်ကို စိစစ်ကြည့်သည့်အခါ ဒုတိယဗိုလ်မှူးကြီးမောင်လှိုင် ဥက္ကဋ္ဌအဖြစ်ပါဝင်သော ရန်ကုန်တိုင်းတရားစီရင်ရေးအဖွဲ့သည် ဖြောင့်ချက်ရယူရာတွင် ဆောင်ရွက်ချက် တစ်ရပ်မှလွဲ၍ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၆၄ နှင့် ပုဒ်မ ၃၆၄ တို့နှင့်အညီ ရယူခဲ့ကြောင်း တွေ့ရသည်။ သက်သေခံ (၃) ဖြောင့်ချက်ကိုကြည့်ရှုလေ့လာသည့်အခါ ရန်ကုန်တိုင်း တရားစီရင်ရေးအဖွဲ့သည် ဖြောင့်ချက်ကို အဖြစ်အပျက်ပြောပြပုံအနေမျိုးဖြင့် တဆက်တည်းရေးယူခဲ့ကြောင်းတွေ့ရသည်။ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၃၆၄ အရ ဖြောင့်ချက်ယူသည့်အခါ မေးခွန်းအသီးသီးနှင့် ဖြေဆိုချက်အသီးသီးတို့ကို ရေးမှတ်ရန်လိုအပ်သည်။သို့ရာတွင်ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၂၃၃ ၌ပုဒ်မ ၃၆၄ နှင့်အညီရယူရန် ပျက်ကွက်မှုတစုံတရာရှိလျှင် တရားခံသည် ဖြောင့်ချက်ပါအတိုင်းထွက်ဆိုခဲ့ကြောင်း အထောက်

---

* ၁၉၀၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၁၇၂၊ ၁၇၃ နှင့် ၁၉၀၃ ခုနှစ် သေဒဏ်အတည်ပြုမှု အမှတ် ၁၊

† ၁၉၀၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာအမှုကြီး အမှတ် ၁၀ တွင်ချမှတ်သော (၉-၁၂-၀၃) နေ့စွဲပါ ရန်ကုန်တိုင်းတရားရုံး၏အမိန့်ကို အယူခံမှု။

အထားရယူရမည်ဟူ၍လည်းကောင်း၊ ယင်းသို့ အထောက်အထားရယူခဲ့လျှင် သက်သေခံဥပဒေပုဒ်မ ၉၁ တွင် မည်သို့ပင်ပါရှိစေကာမူ တရားခံတွင်အမှုအကြောင်းခြင်းရာနှင့်စပ်လျဉ်း၍ ခုခံချေပရန် အခွင့်အရေးတစုံတရာ ဆုံးရှုံးခြင်း မရှိပါက ဖြောင့်ချက်ကို သက်သေခံအဖြစ် လက်ခံရမည်ဟူ၍ လည်းကောင်း ပြဋ္ဌာန်းထားသည်။ ဤအမှုတွင်ဖြောင့်ချက်ယူသော ရန်ကုန်တိုင်းတရားသူကြီး အဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး မောင်လှိုင်၏ထွက်ဆိုချက်ကို မူလရုံးက ရယူထားကြောင်း တွေ့ရသည့်အပြင် ဇင်မိုနှင့်ကင်မင်ချူးတို့က ဒုတိယ ဗိုလ်မှူးကြီး မောင်လှိုင်အား ဖြောင့်ချက်ရယူခြင်းနှင့်စပ်လျဉ်း၍ ဥပဒေပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်း ရှိမရှိ တစုံတရာ ပြန်လည်မေးမြန်းခဲ့ခြင်း မရှိကြောင်းလည်း တွေ့ရသည်။ တို့ကြောင့် ပြန်လည်ရုပ်သိမ်းခြင်းမရှိသော ကင်မင်ချူး၏ဖြောင့်ချက်သက်သေခံ (၃) ကို မူလရုံးက ထည့်သွင်း စဉ်းစားခဲ့သည်မှာ မှားယွင်းသည်ဟု မဆိုနိုင်ပေ။

အယူခံတရားလိုများအတွက် –ဦးစိန်ဝင်း (ဘဏ်)၊ ဗဟိုတရားရုံးရှေ့နေ။

ဦးတင်မောင်ကြီး၊ ဗဟိုတရားရုံးရှေ့နေ။

အယူခံ တရားခံအတွက် –(၁) ဦးသိန်းအောင်၊
ဥပဒေဝန်ထမ်းအဆင့် (၁)

(၂) ဦးစိန်အောင်၊
ဥပဒေဝန်ထမ်းအဆင့် (၁)

(၃) ဦးသန်းကျော်၊
ဥပဒေဝန်ထမ်းအဆင့် (၂)

ရန်ကုန်တိုင်း တရားရုံး၌ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၁၀/၈၃ တွင်အယူခံတရားလို ဇင်မိုနှင့် ကင်မင်ချူးတို့အား ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၀၂ (၁)(ခ)/၃၄ အရ သေဒဏ်ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို ဇင်မိုနှင့် ကင်မင်ချူးတို့က မကျေနပ်ကြသဖြင့် ဗဟိုတရားရုံးသို့ အယူခံမှုအသီးသီးတင်သွင်းကြသည်။ ဇင်မိုနှင့် ကင်မင်ချူးတို့အပေါ် ချမှတ်ခဲ့သည့် ပြစ်ဒဏ်မှာ သေဒဏ်ဖြစ်သောကြောင့် ဗဟိုတရားရုံးကလည်း သေဒဏ်အတည်ပြုအမှုတွဲအမှတ် ၁/၈၃ ကို ဖွင့်လှစ်ခဲ့သည်။

အယူခံမှု ၂ မှုနှင့် အတည်ပြုမှု ၁ မှုတို့မှာ ရန်ကုန်တိုင်း တရားရုံး၏ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၁၀/၈၃ တစ်မှုတည်းမှပေါ်ပေါက်လာသောအမှုများဖြစ်၍ ဤအမိန့်သည် ယင်းအမှု ၃ မှုစလုံးနှင့် သက်ဆိုင်စေရမည်။

၉-၁၀-၈၃ ရက်နေ့ နံနက် ၁၀ နာရီ ၂၅ မိနစ် အချိန်ခန့်တွင် အာဇာနည်ဗိမာန်၌ ဗုံးပေါက်ကွဲခဲ့သဖြင့် ကိုရီးယားသမ္မတနိုင်ငံမှ ည့ီသည်တော် အချို့နှင့် မြန်မာနိုင်ငံသားအချို့သေဆုံးခြင်း၊ ဒဏ်ရာရရှိခြင်း စသည်တို့ကို ဖေါ်ပြထားသည့် ပထမ သတင်းပေးတိုင်ချက် သက်သေခံ(က)အရ ၅၂အမှု ပေါ်ပေါက်ခဲ့သည်။

ဇင်မိုး၏ အယူခံမှု လျောက်လွှာတွင် တင်ပြထားသော အဓိက အကြောင်းပြချက် ၂ ချက်မှာ သူကိုယ်တိုင်က ခလုပ်နှိပ်၍ ဗုံးဖေါက်ခဲ့ခဲ့သည် ဆိုသည့် အချက်နှင့် စပ်လျဉ်း၍ သက်သေထွက်ချက် မရှိကြောင်းနှင့် ကင်မင်ချူးပေးခဲ့သော ဖြောင့်ချက်မှာ ဥပဒေနှင့်အညီ ရေးသားရယူခဲ့ခြင်း မဟုတ်၍ ယင်းဖြောင့်ချက်တစ်ခုတည်းဖြင့် သူ့အား အပြစ်ပေးထားသည်မှာ မှားယွင်းကြောင်း ဟူ၍ ဖြစ်သည်။

ကင်မင်ချူးကမူ သူသည် အမှန်အတိုင်း ဖြောင့်ဆိုဝန်ခံခဲ့၍ သူ့အပေါ် တွင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၂၀ က အယူခံတရားရုံးသို့ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ သက်ညှာစွာ စဉ်းစားပြီး သေဒဏ်အစား အခြားသင့်တင့်သော ပြစ်ဒဏ်သတ်မှတ်ပေးပါရန် တင်ပြထားသည်။

မူလမှုကို စစ်ဆေးစီရင်သော တိုင်းတရားရုံး၏ အမှုတွဲကို ကြည့်ရှုလေ့လာသည့်အခါ အငြင်းမပွားသော အချက်သုံးချက်ရှိကြောင်း တွေ့ရသည်။

ပထမ အချက်မှာ အချင်းဖြစ်စဉ်က အချင်းဖြစ်နေရာတွင် ရှိနေခဲ့ကြသော ဗဟန်းမြို့နယ် ပြည်သူ့ရဲတပ်ဖွဲ့မှ မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးသန်းရွှေ(လိုပြ-၁)နှင့် မြန်မာ့အလင်းသတင်းစာတိုက်မှ အယ်ဒီတာ ဦးကိုကြီး (လိုပြ-၁၂) တို့၏ ထွက်ဆိုချက်များအရ ၉-၁၀-၈၃ ရက်နေ့ နံနက်တွင် ကိုရီးယားသမ္မတနိုင်ငံမှ ည့ီသည်တော်သမ္မတကြီးနှင့်အဖွဲ့က အာဇာနည်ဗိမာန်သို့ လာရောက်ဂါရဝပြုရန် အစီအစဉ်အရ ကိုရီးယားသမ္မတနိုင်ငံမှ ဒုတိယဝန်ကြီးချုပ်ခေါင်းဆောင်သော ရွှေပြေးအဖွဲ့သည် အာဇာနည် ဗိမာန်သို့ နံနက် ၁၀ နာရီ ၂၅ မိနစ်အချိန်ခန့်တွင် ရောက်ရှိလာကြပြီး ဗိုလ်ချုပ်အောင်ဆန်း၏ ဂူရှေ့တွင် နေရာယူနေစဉ် ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီး၊ ထိုသို့ ဖြစ်ပွားခြင်းကြောင့် အမှတ်(၂)စစ်ဆေးရုံမှဆရာဝန်ကြီး ဒုတိယဗိုလ်မှူးကြီးကြည်သွင်(လိုပြ-၂၁)၏ ထွက်ဆိုချက်အရ ဗုံးပေါက်ကွဲမှုကြောင့် ကိုရီးယားသမ္မတနိုင်ငံမှ ည့ီသည်တော်များအပါအဝင် လူပေါင်း ၂၁ ဦး သေဆုံးပြီး၊ ၄၆ ဦး ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

ဒုတိယအချက်မှာ သတင်းတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီး ဦးတင်လှိုင်(လိုပြ-၂)နှင့် စစ်ဦးစီး(ပ)စစ်ဆင်ရေးနှင့် လေ့ကျင့်ရေး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ

၁၉၀၄ ကင်းမင်ချူး ပါ(၂) နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော်

ဒုတိယ ဗိုလ်မှူးကြီး တင်ဦး(လိုပြ—၁၃)တို့၏ ထွက်ဆိုချက်များနှင့် သက်သေခံ (ခ)ရှာဖွေပုံစံပါ ဖေါ်ပြချက်များအရ အာဇာနည်ဗိမာန်အတွင်းက ပေါက်ကွဲသော မုံးမှပစ္စည်းများနှင့် မပေါက်ကွဲသေးသော မုံး ၁ လုံးတို့ကို သိမ်းဆည်းရရှိခဲ့ခြင်း၊ ဦးကိုကြီးနှင့် ဦးထွန်းသာအောင်တို့၏ ထွက်ဆိုချက်နှင့် သက်သေခံ (ဂ)ရှာဖွေပုံစံပါ ဖေါ်ပြချက်များအရ ဖမ်းဆီးရမိသော ဇင်မိုထံမှဖေါင်တိန်မုံး၏ အဖုံးအပါအဝင် ပစ္စည်း ၂၁ မျိုး သိမ်းဆည်းရရှိခဲ့ခြင်း၊ ရှာဖွေပုံစံ သက်သေခံ(ဂ—၁)ပါ ဖေါ်ပြချက်အရ ကင်မင်ချူးနှင့် အသေမိသူ ဇင်ကီချူး တို့ထံမှ ဖေါင်တိန်မုံး အပါအဝင်ပစ္စည်း ၄၉ မျိုး သိမ်းဆည်းရရှိခဲ့ခြင်းနှင့် ထိုပစ္စည်းများမှာ ကာကွယ်ရေးပစ္စည်းစက်ရုံအမှတ်(၄)မှ စက်ရုံမှူး ဒုတိယ ဗိုလ်မှူးကြီး စိန်ထွန်း(လိုပြ ၉)၊ ကာကွယ်ရေးဝန်ကြီးဌာနမှ စစ်ဦးစီး(ပ) ဒုတိယဗိုလ်မှူးကြီး တင်ဦး(လိုပြ—၁၃)၊ အထက်ဘန်း ခဲယမ်းမီးကျောက် စစ်ဆေးရေးအရာရှိ ဗိုလ်မှူးအောင်သန်း(လိုပြ—၂၅)တို့၏ ထွက်ဆိုချက်များနှင့် သိမ်းဆည်းရမိသော ပစ္စည်းများကို စစ်ဆေးရသော ကျွမ်းကျင်သူများ၏ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာ သက်သေခံ(ဆ)နှင့်(ဈ)တို့ပါ ဖေါ်ပြချက်များအရ အမျိုးတူများဖြစ်နေခြင်း၊ ကာကွယ်ရေးပစ္စည်းစက်ရုံ အမှတ်(၄)မှ စက်ရုံမှူး ဒုတိယဗိုလ်မှူးကြီး စိန်ထွန်း(လိုပြ—၉)နှင့် တပ်မတော်(ကြည်း) ဆက်သွယ်ရေးတပ်ဖွဲ့မှ ဗိုလ်မှူး မောင်မောင်အေး(လိုပြ—၂၆)တို့၏ ထွက်ဆိုချက်နှင့် ကျွမ်းကျင်သူ၏ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာ သက်သေခံ(ဇ)ပါ ဖေါ်ပြချက်များအရ အာဇာနည်ဗိမာန်တွင် ဖေါက်ခွဲခဲ့သော မုံးမှာ အဝေးမှ ခလုပ်နှိပ် ဖောက်ခွဲရသောမုံးဖြစ်ခြင်းတို့ ဖြစ်သည်။

တတိယအချက်မှာလုပ်သားပြည်သူတစ်ဦးဖြစ်သူဦးဘိုကြီး(လိုပြ—၁၄)နှင့် ညောင်တန်းရဲကင်းစခန်းမှ ဒုတိယရဲအုပ် ဦးထွန်းသာအောင် (လိုပြ—၁၅) တို့၏ ထွက်ဆိုချက်များအရ (၁၀—၁၀—၈၃)ရက်နေ့ ည ၉ နာရီ အချိန်ခန့်တွင် ဇင်မိုကို ညောင်တန်းဆိပ်ကမ်းတွင် ဖမ်းဆီးရမိခဲ့ခြင်းနှင့် ရေလုပ်သား မောင်တင်လှ(လိုပြ—၁၆)၊ သင်္ခပ်ပင်ကျေးရွာ ပြည်သူ့ကောင်စီအတွင်းရေးမှူး ဦးစိုးမြင့် (လိုပြ—၁၇)၊ ဝါးပလောက်သောက် ရဲကင်းစခန်းမှ ရဲတပ်ကြပ်ကို လှမြင့်(လိုပြ-၁၀)၊ သံလျင်ရဲစခန်းမှ ဒုရဲအုပ် ဦးလှထွန်း (လိုပြ—၁၉)၊ ခြေလျင်တပ်ရင်းအမှတ်(၉၀)မှ ဗိုလ်မောင်မောင်အောင် (လိုပြ—၂၀)တို့၏ ထွက်ဆိုချက်များအရ ၁၁—၁၀—၈၃ ရက်နေ့တွင် သင်္ခပ်ပင်ကျေးရွာ အနီး၌ ကင်မင်ချူးကို အရှင်ဖမ်းဆီးမိပြီး၊ ရဲကင်းစခန်းချရာဘုန်းကြီးကျောင်း အတွင်းတွင် ဇင်ကီချူးကို အသေဖမ်းဆီးမိခြင်းဖြစ်သည်။

အထက်ဖေါ်ပြပါ အငြင်းပွားခြင်းမရှိသော အချက်အလက်များ အပြင် တရားလိုပြသက်သေများ၏ ထွက်ဆိုချက်များအရ ၎အမှုတွင် အောက်ပါ အချက်အလက်များကိုလည်း ပေါ်ပေါက်ကြောင်း တွေ့ရသည်။

ဆိပ်ကမ်းကော်ပိုရေးရှင်း၊ သဘော်ကိုယ်စားလှယ် လုပ်ငန်းဌာနမှ ဒုတိယ ကုန်ဌာနမှူး ဦးတင်မောင်ထွန်း (လိုပြ–၆)၏ ထွက်ဆိုချက်နှင့်သဘော်အဝင် အထွက်နှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများဖြစ်သော သက်သေခံ (ဏ)၊ (ဏ–၁)နှင့် (ဏ–၂)တို့ပါ ဖေါ်ပြချက်များအရ ၁၉၀၃ ခုနှစ်၊ စက်တင်ဘာလအတွင်းက မြောက်ကိုရီးယားနိုင်ငံ ပြီးယမ်းမြို့ ဒေဟွန်းသဘော်ကုမ္ပဏီပိုင် တောင်ဝှန်နေဂုခိုသဘော်သည် ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိလာပြီး ကုန်များချခဲ့ကြောင်း၊ သဘော် မာလိန်မှူးက စက်ပြုပြင်ရန်အတွက် ဆူးလေဆိပ်ကမ်း၊ သို့မဟုတ် ရေလယ်ဘောတွင် ရပ်နားခွင့် တောင်းခံခဲ့ကြောင်း၊ သဘော်များဆိုက်ကပ်ခွင့် အစည်းအဝေးက ယင်းလျှောက်ထားချက်ကို လက်မခံဝဲ သဘော်ပြင်ဆင်မှုပြုလုပ်လိုပါက ပင်လယ်ဝတွင် သွားရောက်ရပ်နားရန် နှင့် ၂၄–၉–၁၃ ရက်နေ့တွင် မြန်မာနိုင်ငံမှထွက်ခွာသွားရန် သတ်မှတ်ပေးခဲ့ကြောင်း တွေ့ရပြီး မြောက်ကိုရီးယားသဘော်တွင် တာဝန်အရ ပင်လယ်ဝသို့ လိုက်ပါသွားခဲ့ရသော ဆိပ်ကမ်း ပြည်သူ့ရဲတပ်ဖွဲ့ဝင်ခန်းမှ ရဲဒုတိယတပ်ကြပ် ဦးတင်မြင့် (လိုပြ–၇)၏ထွက်ဆိုချက်အရ မြောက်ကိုရီးယားသဘော်ပင်လယ်ဝတွင် ရပ်နားစဉ် မြောက်ကိုရီးယားအမျိုးသား ၃ ဦးသည် သဘော်မှဆင်းခြင်သမ္မာန်ဖြင့် ဆိပ်ကမ်းသို့ကူးသွားကြောင်းနှင့် ကိုရီးယား အမျိုးသား ၃ ဦးသည် မြောက်ကိုရီးယားသဘော် ထွက်ခွာသွားသည်အထိ ပြန်လည်ရောက်ရှိလာခြင်းမရှိကြောင်း တွေ့ရသည်။

စုံစမ်းစစ်ဆေးအဖွဲ့အတွင်းရေးမှူးဦးသိန်းအောင် (လိုပြ–၃)၊ရန်ကုန်တိုင်းတရားသူကြီးအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီးမောင်လှိုင် (လိုပြ-၄)နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဖေသိန်းတင် (လိုပြ–၅)တို့၏ ထွက်ဆိုချက်များနှင့် ကင်မင်ချူးရေးဆွဲခဲ့သော အိမ်ပုံစံအနေအထား သက်သေခံ (၀–၁)၊ သက်သေခံ (၄)၊ သက်သေခံ (၄) ဓာတ်ပုံများအရ ဇင်မို၊ ကင်မင်ချူး၊ ဇင်ကီချူးတို့ ၃ ဦးသည် ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ သံမှူးများနေထိုင်ရာ အလုံမြို့နယ်၊ ဒုတိယသီရိရိပ်သာ၊ အမှတ် (၁၅၄–က)တွင် ခိုအောင်းခဲ့ကြကြောင်းတွေ့ရသည်။

အာဇာနည်ဗိမာန်အနီး၊ ဦးဝိစာရလမ်း၊ အမှတ် (၂၁၂)ရှိ ရွှေလင်းယုန်မော်တော်ဆားဗစ်လုပ်ငန်းပိုင်ရှင် ဦးမြင့်ဆွေ (လိုပြ–၁၀)နှင့် ရွှေလင်းယုန်မော်တော်ဆားဗစ်မှ အလုပ်သမား ဦးအောင်ကြည် (လိုပြ-၁၁)တို့၏ ထွက်ဆိုချက်များအရ ၉–၁၀–၁၃ ရက်နေ့ နံနက် ၈ နာရီအချိန်ခန့်တွင် ဇင်မို၊ ကင်မင်ချူးနှင့် အခြားတစ်ဦးတို့သည် အာဇာနည်ဗိမာန်အနီး၊ ဦးဝိစာရလမ်းပေါ်တွင် ရှိနေခဲ့ပြီး ဦးမြင့်ဆွေ၏ မော်တော်အလုပ်ရုံအတွင်းသို့ ရောက်ရှိခဲ့ကြကြောင်း၊ ထိုစဉ်က ဇင်မို၏အိတ်တွင် ဖောင်တိန်မုံးကဲ့သို့ ဖောင်တိန်တစ်ချောင်းပါရှိကြောင်၊ ဦးမြင့်ဆွေက ထိုဖောင်တိန်နှင့် ရေးပြစေရန်အတွက် ဖြုတ်၍ ပြသည်တွင် ဇင်မိုက ချက်ချင်းပြန်လှယူခဲ့ကြောင်း ပေါ်ပေါက်သည်။

၁၉၀၄ ကင်မင်ချူး ပါ(၂) နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော်

စစ်ဦးစီး (ပ)၊ စစ်ဆေးရေးနှင့်လေ့ကျင့်ရေး၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဗိုလ်မှူးကြီး တင်ဦး (လိုပြ–၁၃)နှင့် အထက်တန်း ခဲယမ်းမီးကျောက် စစ်ဆေးရေးအရာရှိ ဗိုလ်မှူးအောင်သန်း (လိုပြ–၂၅) တို့၏ ထွက်ဆိုချက်များ နှင့် ရှာဖွေပုံစံသက်သေခံ(၁)၊ သက်သေခံ (၈)၊ သက်သေခံ (၈–၁)၊သက် သေခံ(၈–၂)တို့အရ ဇင်မိုနှင့် ကင်မင်ချူးတို့ ခန္ဓာကိုယ်ရှိ ဒဏ်ရာများမှ ရရှိ သော ဘောစေ့များသည် ညောင်တန်းဆိပ်ကမ်းနှင့် သခွပ်ပင်ကျေးရွာတို့တွင် သိမ်းဆည်းခဲ့သော ပစ္စည်းများမှ ရရှိသော ဘောစေ့များနှင့်တူညီပြီး အလား တူ ဘောစေ့များကို အာဇာနည်ဗိမာန် မုံးပေါက်ကွဲသည့်နေရာမှ သိမ်းဆည်း ရရှိခဲ့ကြောင်း၊ အာဇာနည်ဗိမာန် မုံးပေါက်ကွဲစဉ်က ဒဏ်ရာရခဲ့သူ လူနာ ကိုရီးယားလူမျိုး ရန်ဂန်ညိမ်း၏ ဒဏ်ရာများမှလည်း အလားတူဘောစေ့များ ထုတ်ယူရရှိခဲ့ကြောင်း ပေါ်ပေါက်သည်။

၅၂အချက်အလက်များအရ အာဇာနည်ဗိမာန်သို့ ကိုရီးယားသမ္မတနိုင်ငံမှ ပို့သည်တော်များ လာရောက်ဂါရဝပြုရန်အချိန်တွင် မုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ သည်နှင့်စပ်လျဉ်း၍ ပြုလုပ်ဆောင်ရွက်ခဲ့သူများမှာ ဇင်မိုး၊ကင်မင်ချူးနှင့်အသေ ဖမ်းမိသူ ဇင်ကီချူးတို့ ဖြစ်ကြောင်းမှာ ကွင်းဆက်မပြတ် အထောက်အထား များရှိသည်ဟု ဆိုရပေမည်။

၅၃သက်သေခံချက် အထောက်အထားများသည် ကင်မင်ချူး ပေးခဲ့သော ဖြောင့်ချက်သက်သေခံ(၃)ပါ ထွက်ဆိုချက်နှင့်လည်း အကြောင်းအရာချင်း ကိုက်ညီနေကြောင်းတွေ့ရသည်။ တနည်းဆိုလျှင် ၅၃သက်သေခံချက်အထောက် အထားများ၏မှန်ကန်မှုကို ကင်မင်ချူး၏ ဖြောင့်ချက်က ခိုင်မာစွာအထောက် အကူပြုလျက်ရှိသည်ဟု ဆိုရပေမည်။ ကင်မင်ချူး၏ ဖြောင့်ချက် သက်သေခံ (၃)အရ ဇင်မိုး၊ ကင်မင်ချူး၊ ဇင်ကီချူးတို့ ၃ ဦးသည် မြောက်ကိုရီးယား တပ်မတော်မှ ဗိုလ်ချုပ် ကင်ချန်စု၏ စေခိုင်းချက်အရ ရန်ကုန်မြို့၊ အာဇာ နည် ဗိမာန်သို့ ကိုရီးယားသမ္မတနိုင်ငံမှ သမ္မတချန်ဒူးဝှန်နှင့် အဖွဲ့ရောက်ရှိသည့် အခါ မုံးဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း တွေ့ရ၍လည်းကောင်း၊ အထက်တွင် သုံးသပ်ခဲ့သော သက်သေခံချက် အထောက်အထားများအရ လည်းကောင်း ဇင်မိုနှင့် ကင်မင်ချူးတို့သည် အကြိုတူဖြင့် တင်ကူးကြိုရွယ်၍ ပြုလုပ်ခဲ့ခြင်းမှာ ယုံမှားသံသယဖြစ်ရန် အကြောင်းမရှိပေ။

၅၄ဇင်မို၏ ဒုတိယ အကြောင်းပြချက်ဖြစ်သော ကင်မင်ချူးပေးခဲ့သည့် ဖြောင့် ချက်သည် ဥပဒေနှင့်အညီ ရေးသားရယူခဲ့ခြင်းမဟုတ်၍ ယင်းဖြောင့်ချက်တစ်ခု တည်းဖြင့် သူ့အား အပြစ်ပေးထားသည်မှာ မှားယွင်းသည်ဆိုသည့် အချက် နှင့် စပ်လျဉ်း၍ သက်သေခံ(၃)ဖြောင့်ချက်ကို စိစစ်ကြည့်သည့်အခါ ဒုတိယ ဗိုလ်မှူးကြီး မောင်လှိုင် ဥက္ကဋ္ဌအဖြစ်ပါဝင်သော ရန်ကုန်တိုင်း တရားစီရင်ရေး

အဖွဲ့သည် ဖြောင့်ချက်ရယူရာတွင် ဆောင်ရွက်ချက် တစ်ရပ်မှလွဲ၍ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၁၆၄ နှင့် ပုဒ်မ ၃၆၄ တို့နှင့် အညီ ရယူခဲ့ကြောင်း တွေ့ရသည်။ သက်သေခံ (၃) ဖြောင့်ချက်ကို ကြည့်ရှုလေ့လာသည့် အခါ ရန်ကုန်တိုင်း တရားစီရင်ရေးအဖွဲ့သည် ဖြောင့်ချက်ကို အဖြစ်အပျက် ပြောပြပုံ အနေမျိုးဖြင့် တဆက်တည်း ရေးယူခဲ့ကြောင်း တွေ့ရသည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၃၆၄ အရ ဖြောင့်ချက်ယူသည့်အခါ မေးခွန်းအဖြေ အသီးသီးနှင့် ဖြေဆိုချက်အသီးသီးတို့ကို ရေးမှတ်ရန်လိုအပ်သည်။ သို့ရာတွင် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၁၃ ၌ ပုဒ်မ ၃၆၄ နှင့်အညီ ရယူရန် ပျက်ကွက်မှု တစုံတရာရှိလျှင် တရားခံသည် ဖြောင့်ချက်ပါအတိုင်း ထွက်ဆိုခဲ့ကြောင်း အထောက်အထား ရယူရမည် ဟူ၍ လည်းကောင်း၊ ယင်းသို့ အထောက်အထား ရယူခဲ့လျှင် သက်သေခံဥပဒေပုဒ်မ ၈၁ တွင် မည်သို့ပင် ပါရှိစေကာမူ တရားခံတွင် အမှုအကြောင်းခြင်းရာနှင့်စပ်လျဉ်း၍ ခုခံချေပရန် အခွင့်အရေး တစုံတရာ ဆုံးရှုံးခြင်း မရှိပါက ဖြောင့်ချက်ကို သက်သေခံအဖြစ် လက်ခံရမည်ဟူ၍လည်းကောင်း ပြဋ္ဌာန်းထားသည်။ ဤအမှုတွင် ဖြောင့်ချက်ယူသော ရန်ကုန်တိုင်း တရားသူကြီးအဖွဲ့ဝင် ဒုတိယမိုလ်မှူးကြီးမောင်လှိုင်၏ ထွက်ဆိုချက်ကို မူလရုံးက ရယူထားကြောင်း တွေ့ရသည့်အပြင် ဇင်မိုနှင့် ကင်မင်ချူးတို့က ဒုတိယမိုလ်မှူးကြီး မောင်လှိုင်အား ဖြောင့်ချက်ရယူခြင်းနှင့် စပ်လျဉ်း၍ ဥပဒေပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်းရှိမရှိ တစုံတရာ ပြန်လည် မေးမြန်းခဲ့ခြင်းမရှိကြောင်းလည်း တွေ့ရသည်။ ထို့ကြောင့် ပြန်လည်ရုပ်သိမ်းခြင်း မရှိသော ကင်မင်ချူး၏ ဖြောင့်ချက် သက်သေခံ (၃) ကို မူလရုံးက ထည့်သွင်းစဉ်းစားခဲ့သည်မှာ မှားယွင်းသည်ဟု မဆိုနိုင်ပေ။

ဇင်မိုဇ်၏ အကျိုးဆောင်က ရုံးရှေ့တွင် လျှောက်လဲရာ၌ ဇင်မိုဇ်၏ ပြုလုပ်ဆောင်ရွက်မှုတွင် ပြစ်မှုမကင်းသော အကြံမပါရှိ၍ သေဒဏ်ကဲ့သို့ ကြီးလေးသည့် ပြစ်ဒဏ်မျိုး ချမှတ်ရန် မသင့်ဟူ၍လည်း တင်ပြ လျှောက်ထားခဲ့သည်။ ယင်း တင်ပြချက်နှင့်စပ်လျဉ်း၍ ဇင်မိုတို့သည် သူတို့၏ အကြီးအကဲ မိုလ်ချုပ်ကင်ချန်စု၏ စေခိုင်းချက်အရ ဆောင်ရွက်သည်ဆိုသည့်တိုင် မြန်မာနိုင်ငံ၏ ဥပဒေပြဋ္ဌာန်းချက်များနှင့်ဆန့်ကျင်၍ သူပေါင်း ၂၁ ဦး သေစေပြီး ၄၆ ဦး ဒဏ်ရာရစေသည့် ပြုလုပ်ဆောင်ရွက်ခြင်းဖြစ်သည်သာမက ဇင်မိုသည် သူ၏ ပြုလုပ်မှုကြောင့် မည်သည့်အကျိုးဆက် ဖြစ်လာမည်ကို ကြိုတင်သိရှိပါလျက် စိတ်ရောကိုယ်ပါ ဆောင်ရွက်ခြင်းဖြစ်သည်မှာ အမှုဖြစ်ရပ် အထောက်အထားများက သက်သေခံနေသည်ဖြစ်၍ ဤတင်ပြချက်မှာလည်း လက်ခံ စဉ်းစားနိုင်သည့် တင်ပြချက်မဟုတ်ဟု ဆိုရပေမည်။

ကင်မင်ချူး၏ တင်ပြချက်နှင့် စပ်လျဉ်း၍ သုံးသပ်ရာတွင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၂၃ တွင် အယူခံတရားရုံးက အယူခံမှုများတွင် ချမှတ်

၁၉၀၄ ကင်မင်ချူး ပါ(၂) နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

နိုင်သည့် အမိန့်အမျိုးအစားများကို ဖော်ပြပြဋ္ဌာန်းထားကြောင်း တွေ့ရသည်။ ယင်းပြဋ္ဌာန်းချက်တွင် ပြစ်ဒဏ်ကို လျှော့ပေါ့နိုင်ကြောင်း ပါရှိသည်။သို့ရာတွင် ယင်းလုပ်ပိုင်ခွင့်အရ ပြစ်ဒဏ်လျှော့ပေါ့ခြင်းမှာ ပြစ်မှုတွင် ပေါ်ပေါက်သည့် အကြောင်းအချက်များအပေါ်တွင် စဉ်းစားချင့်ချိန်၍ လျှော့ပေါ့ခြင်းဖြစ်သည်။ အခြားအကြောင်းများကြောင့် ပြစ်ဒဏ်ကို လျှော့ပေါ့ခြင်းနှင့် ပြစ်ဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့် ပြုခြင်းတို့သည် တရားရုံးများတွင် အသုံးထားသည့် လုပ်ပိုင်ခွင့်များ မဟုတ်ချေ။ ဤအမှုတွင် ဇင်မိုနှင့် ကင်မင်ချူးတို့ ကျူးလွန်သည့် ပြစ်မှုသည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂(၁)(ခ)/၃၄ အရ ဖြစ်သည်။ ယင်းပုဒ်မအရ သေဒဏ်သာလျှင် သတ်မှတ်ရမည်ဖြစ်၍ တိုင်းတရားရုံး၏ ပြစ်ဒဏ်သတ်မှတ်ချက်ဆက် လျှော့ပေါ့သတ်မှတ်ရန်ဖြစ်နိုင်မည် မဟုတ်ပေ။

သို့ဖြစ်၍ ရန်ကုန်တိုင်းတရားရုံး၏ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၀/၀၃ တွင် ဇင်မိုနှင့် ကင်မင်ချူးတို့အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂(၁)(ခ)/၃၄ အရ ချမှတ်ထားသော သေဒဏ်အသီးသီးကို အတည်ပြု၍ ဇင်မိုနှင့် ကင်မင်ချူးတို့၏ အယူခံမှုများကို ပလပ်လိုက်ကြောင်း အမိန့်ချမှတ်သည်။

ဖြစ်မှုဆိုင်ရာဖြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးခင်ဇာမုံ၊ အဖွဲ့ဝင်များအဖြစ် ဦးလှဘုန်းနှင့်ဦးအေးမောင် တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးစိုးတင့်

နှင့်

မခင်မာကြည် *

†၁၉၇၄
ဇန်နဝါရီလ
၂၆-ရက်

ဖြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ–၄၀၀ (၁) အရ၊ စားစရိတ်လျှောက်ထားခြင်း–ဇနီးသည်ကလင်ယောကျ်ား၏မိဘများနှင့်အတူနေထိုင်ရန်မဖြစ်နိုင်၍ ခွဲခွါနေထိုင်ခြင်းသည် လုံလောက်သောအကြောင်းဟုတ် မဟုတ်။

ဆုံးဖြတ်ချက်။ ။ယခုအမှုတွင် အဓိကစဉ်းစားရန်အချက်မှာ မခင်မာကြည်သည် မိတ္ထီလာရှိ ဦးစိုးတင့်၏မိဘများအိမ်သို့လိုက်၍ ဦးစိုးတင့်နှင့်ပေါင်းသင်းနေထိုင်ရန် ငြင်းဆန်ခြင်းမှာ လုံလောက်သောအကြောင်း ဟုတ်မဟုတ် ဖြစ်သည်။ ဦးစိုးတင့်က ''မခင်မာကြည်အား သီးခြားတအိုးတအိမ် မထားနိုင်ကြောင်း၊ မိဘများနှင့်သာ အတူနေထိုင်ရန်ခေါ်ခဲ့ကြောင်း'' ထွက်ဆိုသည်။ မခင်မာကြည်သည် ဦးစိုးတင့်၏မိဘများအိမ်တွင် ၃ လခန့် နေထိုင်ပြီးမှဦးစိုးတင့်၏မိဘများက မကြာမကြာ ဆူပူရန်လုပ်သဖြင့်သာ သူ၏မိဘများအိမ်သို့ပြန်နေခြင်းဖြစ်ကြောင်းတွေ့ရသည်။ ဦးစိုးတင့်တို့ကလာခေါ်သော်လည်း ဦးစိုးတင့်၏ မိဘများနှင့်အတူနေရန်မဖြစ်နိုင်သောကြောင့် သီးခြားအိမ်ဖြင့်ထားရန် ခေါ်ခြင်းမဟုတ်၍ လိုက်မနေခြင်းမှာ လုံလောက်သည့်အကြောင်းဖြစ်သည်ဟု ကောက်ယူရပေမည်။

လျှောက်ထားသူအတွက် — ဦးစိန်လွင်၊ ဗဟိုတရားရုံးရှေ့နေ

လျှောက်ထားခံရသူအတွက် — ဒေါ်တင်မမနှင့် ဦးဇေယျာမောင်၊ ဗဟိုတရားရုံးရှေ့နေ။

---

* ၁၉၀၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၄၅ (ခ)

† ၁၉၀၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၇၁ တွင်ချမှတ်သော (၁၀-၂-၀၃) နေ့စွဲပါ မန္တလေးတိုင်းတရားရုံး၏အမိန့်ကို ပြင်ဆင်မှု။

၁၉၀၄
ဦးစိုးတင့်
နှင့်
မခင်မာကြည်

မိတ္ထီလာမြို့နယ်တရားရုံး၊ပြစ်မှုအထွေထွေမှုအမှတ် ၃၅/၀၂ တွင်၊လျှောက်ထားသူဦးစိုးတင့်အား ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၀၀ (၁)အရ မယားစရိတ်တစ်လ ငွေကျပ်၅၀/–နှင့် ကလေးစရိတ်တစ်လ ငွေကျပ် ၅၀/–ပေါင်း ငွေကျပ် ၁၀၀/– ကို မခင်မာကြည်သို့ပေးစေရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို ဦးစိုးတင့်ကမကျေနပ်၍ မန္တလေးတိုင်းတရားရုံး၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၇၁/၀၃ တွင် အယူခံဝင်ရောက်ရာ မအောင်မြင်သဖြင့် ဗဟိုတရားရုံးသို့ ဤပြင်ဆင်မှုကိုတင်သွင်းသည်။

မိတ္ထီလာမြို့နယ်၊ ထမုန်ကန်အုပ်စု၊ ညောင်ပင်သာရွာနေ မခင်မာကြည်က သူမသည် မိတ္ထီလာမြို့ဈေးအနောက်ဘက်နေ ဦးစိုးတင့်နှင့် ၁၉၇၃ ခုနှစ်က အကြင်လင်မယားအဖြစ် ဦးစိုးတင့်၏မိဘများအိမ်တွင် ပေါင်းသင်းနေထိုင်ခဲ့ကြောင်း၊ ၅ လခန့်အကြာတွင် ယောက်ခမများနှင့် စိတ်သဘောချင်းမတိုက်ဆိုင်၍ ဦးစိုးတင့်အားအသိပေးပြီး မိဘအိမ်သို့ပြန်ခဲ့ကြောင်း၊ ဦးစိုးတင့်နှင့် ရရှိသော သားနှင့်မိမိအား ထောက်ပံ့ခြင်းမရှိကြောင်း ဖော်ပြပြီး မိတ္ထီလာမြို့နယ်တရားရုံးသို့ လျှောက်ထားရာမှ ပေါ်ပေါက်လာသည့်အမှုဖြစ်သည်။

ဦးစိုးတင့်ကပြင်ဆင်မှုတင်သွင်းရာတွင် မခင်မာကြည်သည် အလိုအလျောက်အိမ်ပေါ်မှ ဆင်းသွားသဖြင့် မိဘဆွေမျိုးများက မခင်မာကြည်ကိုညောင်ပင်သာရွာအထိလိုက်ခေါ်ကြောင်း ပေါ်ပေါက်ပါလျက် မခင်မာကြည်အား မယားစရိတ်ပေးစေရန်အမိန့်ချမှတ်ခဲ့သည်မှာ မှားယွင်းကြောင်း ပြင်ဆင်မှုအကြောင်းပြချက်အဖြစ် တင်ပြသည်။

မူလရုံးအမှုတွဲတွင် ပေါ်ပေါက်သော သက်သေခံချက်များအရ ဦးစိုးတင့်နှင့် မခင်မာကြည်တို့သည် လက်ထပ်ထိမ်းမြားပြီးပေါင်းသင်းနေထိုင်ခဲ့ကြောင်း၊ မခင်မာကြည်သည် ဦးစိုးတင့်၏မိဘများနှင့် စိတ်သဘောချင်း မတိုက်ဆိုင်၍ သီးခြားအိမ်ခွဲနေရန်ဦးစိုးတင့်အားပြောသော်လည်းမရ၍ ဦးစိုးတင့်၏ မိဘများအိမ်မှဆင်းခဲ့ပြီး ညောင်ပင်သာရွာရှိ မိဘများအိမ်သို့ပြန်ခဲ့ကြောင်း၊ ညောင်ပင်သာရွာတွင် သားတစ်ယောက်မွေးဖွားကြောင်း၊ဦးစိုးတင့်သည် ခွဲခွာနေထိုင်သည်အတွင်း ကလေးမီးဖွားစရိတ်ငွေကျပ် ၅၀/–မှအပ ထောက်ပံ့ခဲ့ခြင်းမရှိကြောင်း၊ ဦးစိုးတင့်နှင့်မိဘများက မခင်မာကြည်အား မိတ္ထီလာအိမ်တွင်နေထိုင်ပေါင်းသင်းရန်ခေါ်သော်လည်း မခင်မာကြည်က သီးခြားအိမ်ဖြင့်မထား၍ လိုက်မနေကြောင်း အမှုတွဲတွင်ပေါ်ပေါက်သည်။

ယခုအမှုတွင် အဓိကစဉ်းစားရန်အချက်မှာ မခင်မာကြည်သည် မိတ္ထီလာရှိ ဦးစိုးတင့်၏မိဘများအိမ်သို့လိုက်၍ ဦးစိုးတင့်နှင့်ပေါင်းသင်းနေထိုင်ရန် ငြင်းဆန်ခြင်းမှာ လုံလောက်သောအကြောင်း ဟုတ်မဟုတ်ဖြစ်သည်။ ဦးစိုးတင့်က၊

''မခင်မာကြည်အား သီးခြားတအိုးတအိမ်မထားနိုင်ကြောင်း၊ မိဘများနှင့်သာ အတူနေထိုင်ရန်ခေါ်ခဲ့ကြောင်း'' ထွက်ဆိုသည်။ မခင်မာကြည်သည် ဦးစိုးတင့်၏မိဘများအိမ်တွင် ၃ လခန့် နေထိုင်ပြီးမှ ဦးစိုးတင့်၏ မိဘများက မကြာမကြာ ဆူပူရန်လုပ်သဖြင့်သာ သူ၏မိဘများအိမ်သို့ ပြန်နေခြင်းဖြစ်ကြောင်း တွေ့ရသည်။ဦးစိုးတင့်တို့ကလာခေါ်သော်လည်း ဦးစိုးတင့်၏မိဘများနှင့်အတူ နေရန် မဖြစ်နိုင်သောကြောင့် သီးခြားအိမ်ဖြင့် ထားရန်ခေါ်ခြင်း မဟုတ်၍ လိုက်မနေခြင်းမှာ လုံလောက်သည့်အကြောင်းဖြစ်သည်ဟု ကောက်ယူရပေမည်။

သို့ဖြစ်၍ မခင်မာကြည်သည် ဥပဒေအရ မယားစရိတ်ရထိုက်ကြောင်းပေါ်ပေါက်နေသဖြင့် ပြင်ဆင်မှုကိုပယ်ဖျက်ကြောင်း အခိန့်ချမှတ်သည်။

ပြစ်မှုဆိုင်ရာအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးလှဘုန်း၊အဖွဲ့ဝင်များအဖြစ် ဦးခင်ဇာမုံနှင့်ဦးအေးမောင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

†၁၉၇၄ ဖေဖော်ဝါရီ ၂၉ ရက်

အငြိမ်းစား ဗိုလ်မှူးချုပ် တင်ဦး
နှင့်
ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်*

နိုင်ငံတော်ကောင်စီ၏အမိန့်ကြော်ငြာစာအမှတ် ၂/၇၀ (လွှတ်ငြိမ်းချမ်းသာခွင့်အမိန့်)-လုပ်ငန်းအတွက်ကုန်ကျစရိတ်နောက်ဆုံးအသုံးဖြုံခဲ့သည့် နေ့ရက်သည် လွှတ်ငြိမ်းချမ်းသာခွင့်အမိန့် သတ်မှတ်ထားသော နေ့ရက်ထက်ကျော်လွန်လျှင်၊ လွှတ်ငြိမ်းချမ်းသာခွင့်ကို ထည့်သွင်းစဉ်းစားရန် မလိုခြင်း။

အငြိမ်းစား ဗိုလ်မှူးချုပ်တင်ဦးက ၎င်းအပေါ် မူလရုံးကပြစ်မှုထင်ရှားစီရင်၍ ပြစ်ဒဏ်ချမှတ်ထားသော အမိန့်ကို အယူခံဝင်ရာ၌ အဓိကအကြောင်းပြချက်များတွင်၊ အချင်းဖြစ်ကာလမှာ ၁၉၇၀ ပြည့်နှစ် ဧပြီလ ၁၅ ရက်နေ့မှ ၁၉၇၁ ခုနှစ် မတ်လ ၂၀ ရက်နေ့အတွင်းဖြစ်၍၊ နိုင်ငံတော်ကောင်စီ၏အမိန့်ကြော်ငြာစာအမှတ် ၂/၇၀ (လွှတ်ငြိမ်းချမ်းသာခွင့်အမိန့်) နှင့် အကျုံးဝင်ပါလျက် မူလရုံးက ထည့်သွင်းမစဉ်းစားခဲ့သည်မှာ မှားယွင်းကြောင်း ဒုတိယအကြောင်းပြချက်အဖြစ် တင်ပြထားသည်။

ဆုံးဖြတ်ချက်။ ။အငြိမ်းစား ဗိုလ်မှူးချုပ်တင်ဦး၏ ဒုတိယ တင်ပြချက်ဖြစ်သော အချင်းဖြစ်ကာလမှာ ၁၉၇၀ ပြည့်နှစ်၊ ဧပြီလ ၁၅ ရက်နေ့ကစတင်ခဲ့ခြင်းဖြစ်၍ နိုင်ငံတော်ကောင်စီ၏ အမိန့်ကြော်ငြာစာ အမှတ် ၂/၇၀ (လွှတ်ငြိမ်းချမ်းသာခွင့်အမိန့်) နှင့် အကျုံးဝင်ပါလျက် တိုင်းတရားရုံးက ထည့်သွင်းမစဉ်းစားပဲ အမိန့်ချမှတ်ခဲ့သည်ဆိုသည့် တင်ပြချက်နှင့် စပ်လျဉ်း၍ အမှုတွဲကို စိစစ်လေ့လာရာတွင် သက်သေခံ (၈) ပါ စာရင်းအင်းနှင့်ပြစာများအရ အဆောက်အဦများအတွက် လုပ်ငန်းစတင်ခဲ့သည်မှာ ၁၅–၄–၇၀ ရက်နေ့ဖြစ်ပြီး ၂၀–၃–၇၁ ရက်နေ့တွင် အဆောက်အဦများအတွက်

---

* ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၁၀၄။

† ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၅၊ တွင် ချမှတ်သော (၁၄-၁၁-၇၃) နေ့စွဲပါ ရန်ကုန်တိုင်းတရားရုံး၏အမိန့်ကို အယူခံမှု။

၁၉၀၄
အငြိမ်းစား
ဗိုလ်မှူးချုပ်
တင်ဦး
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတမြန်မာ
နိုင်ငံတော်

နောက်ဆုံးကုန်ကျစရိတ်တို့ အသုံးပြုခဲ့ကြောင်းတွေ့ရသည်၊ လုပ်ငန်းစတင်သည့် ၁၅–၄–၈၀ ရက်နေ့သည့် နိုင်ငံတော်ကောင်စီ၏ အမိန့်ကြော်ငြာစာ အမှတ် ၂/၈၀ (လွှတ်ငြိမ်းချမ်းသာခွင့်အမိန့်) နှင့် အကျုံးဝင်သော်လည်း လုပ်ငန်းအတွက် ကုန်ကျစရိတ် နောက်ဆုံး အသုံးပြုခဲ့သည့် နေ့ရက်မှာ ၂၈–၃–၈၁ ရက်နေ့ ဖြစ်၍ နိုင်ငံတော်ကောင်စီ၏ အမိန့် ကြော်ငြာစာ အမှတ် ၂/၈၀ (လွှတ်ငြိမ်းချမ်းသာခွင့်အမိန့်)ပါ သတ်မှတ်ရက် ဖြစ်သည့် ၂၈–၅–၈၀ ရက်နေ့ထက် ကျော်လွန်သည့်ကိစ္စရပ်များပါရှိနေသောကြောင့် တိုင်းတရားရုံးက နိုင်ငံတော်ကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၂/၈၀ (လွှတ်ငြိမ်းချမ်းသာခွင့်အမိန့်) ကို ထည့်သွင်းစဉ်းစားခဲ့ခြင်းမရှိသည်မှာ မှားယွင်းသည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

ထပ်မံဆုံးဖြတ်ချက်။ ။ယခုအမှုတွင် အမှတ်(၉၅၄) ဆောက်လုပ်ရေး အင်ဂျင်နီယာတပ်ခွဲမှ ငွေနှင့်ပစ္စည်းများဖြင့် အဆောက်အဦများ ဆောက်လုပ်ရန်အတွက် အချင်းဖြစ်မြေနေရာများကို ပြုပြင်၍ အသုံးပြုခဲ့ကြောင်းမှာ အငြင်းပွားသော အချက် မဟုတ်သည့်အပြင် ထိုမြေနေရာများပေါ်တွင် အဆောက်အဦများ ဆောက်လုပ်ရန်အတွက် တပ်ခွဲမှ ငွေနှင့်ပစ္စည်းများ ရယူခဲ့ခြင်းဖြစ်၍ တိုင်းတရားရုံးက အဆောက်အဦ တည်ရှိရာ မြေနေရာများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းစေရန် ချမှတ်ခဲ့သောအမိန့်သည် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ နှင့် မညီညွတ်ဟု ဆိုနိုင်မည်မဟုတ်ပေ။

အယူခံတရားလိုအတွက်။ ။ဦးလှသင်း၊ ဦးမြသိန်း၊ ဗဟိုတရားရုံးရှေ့နေများ။

အယူခံတရားခံအတွက်။ ။(၁) ဦးသိမ်းအောင်၊ ဦးအောင်စိန်၊ ဥပဒေဝန်ထမ်းအဆင့်(၁)

(၂) ဦးသန်းကျော်၊ ဥပဒေဝန်ထမ်းအဆင့်(၂)

ရန်ကုန်တိုင်းတရားရုံး၌ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၅/၈၃ တွင် အယူခံတရားလို အငြိမ်းစား ဗိုလ်မှူးချုပ် တင်ဦးအား ၁၉၆၃ ခုနှစ်၊ အများနှင့် သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ အရ ထောင်ဒဏ်တသက်တကျွန်းကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ယင်း အမိန့်ကို အငြိမ်းစား ဗိုလ်မှူးချုပ် တင်ဦးက မကျေနပ်သဖြင့် ဗဟိုတရားရုံးသို့ ဤအယူခံမှုကို တင်သွင်းသည်။

တိုင်းတရားရုံးအမှုတွဲပါ ပထမသတင်းပေးတိုင်ချက် သက်သေခံ (၄) အရ မရမ်းကုန်းမြို့နယ်၊ အေဒီလမ်း၊ အမှတ်(၁၆)နေ အငြိမ်းစား ဗိုလ်မှူးချုပ် တင်ဦးသည် ၁၉၀၀ ပြည့်နှစ်၊ ဧပြီလ ၁၅ ရက်နေ့မှ ၁၉၀၁ ခုနှစ်၊ မတ်လ

၁၉၀၄ အငြိမ်စား ဗိုလ်မှူးချုပ် တင်ဦး နှင့် ပြည်ထောင်စု ဆို့ရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော်

၂၀ ရက်နေ့အတွင်း သားဖြစ်သူ ကိုစောလွင်နှင့် တပ်ကြပ်ကြီးစာရေးဦးကြည် တို့၏အမည်များပေါက်သော ကမ္ဘာအေးဘုရားလမ်းအမှတ် ၁၄ (ဃ) မြခက်ရှိန် ခြံဝင်း၌ ကြက်အိမ် ၄ လုံး၊ နေအိမ် ၁ လုံး၊ မြေထိန်းနံရံ ၁ ခုနှင့် ကားဂိဒေါင် ၃ လုံးတို့ကို သက်ဆိုင်ရာမှ ခွင့်ပြုချက်ရယူခြင်းမရှိဝဲ မိမိ၏ အမိန့်အာဏာဖြင့် အမှတ် (၉၅၄) ဆောက်လုပ်ရေး အင်ဂျင်နီယာတပ်ခွဲအား တပ်ခွဲပိုင် ငွေနှင့်ပစ္စည်း စုစုပေါင်းတန်ဖိုးငွေကျပ် ၁၀၉၀၄၁/၉၂ ပြားကို အသုံးပြုစေပြီး ကိုယ်ကျိုးအတွက်ဆောက်လုပ်စေခဲ့ကြောင်းနှင့် ယင်း ကုန်ကျငွေများအနက်မှ တန်ဖိုးငွေကျပ် ၅၀၉၁၀/၂၀ ပြားရှိ တပ်ပိုင် ဆောက်လုပ်ရေးပစ္စည်းများကို ပြန်လည်ပေးအပ်ခြင်းမပြုဝဲ အလွဲသုံးစားမှု ပြုလုပ်ထားကြောင်း ဖော်ပြ၍ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှဒုတိယညွှန်ကြားရေးမှူး ဦးထွန်းရှင်က တိုင်တန်းခဲ့ရာမှ ၎င်းအမှုပေါ်ပေါက်ခဲ့သည်။

၎င်းယူခံမှုအတွက် အငြိမ်းစားဗိုလ်မှူးချုပ်တင်ဦးက အဓိကအကြောင်းပြချက်များအဖြစ်တင်ပြရာတွင် ဆောက်လုပ်ခဲ့သည့် အဆောက်အဦများသည် တပ်မတော်ပိုင် အဆောက်အဦများ မဟုတ်သောကြောင့် စစ်ဘက်အင်ဂျင်နီယာလုပ်ငန်းအစီအစဉ် စာပိုဒ် ၁၆ အရ အုပ်ချုပ်မှုအာဏာပြုချက်ရယူရန် မလိုအပ်သည့်အပြင် တပ်မတော်မှ ဆောက်လုပ်ရေးပစ္စည်းများကို ငွေတွေ့ဆွေးယူသည့်ဘောက်ချာဖြင့် ထုတ်ယူသုံးစွဲခဲ့ပြီး ပြန်လည်ပေးဆပ်ရန် တာဝန်ယူခဲ့သည်ဖြစ်၍ အပြစ်မရှိကြောင်း၊ အချင်းဖြစ်ကာလမှာ ၁၉၈၀ ပြည့်နှစ်၊ ဧပြီလ ၁၅ ရက်နေ့မှ ၁၉၈၁ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့အတွင်းဖြစ်၍ နိုင်ငံတော်ကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၂/၈၀ (လွှတ်ငြိမ်းချမ်းသာခွင့်အမိန့်) နှင့် အကျုံးဝင်ပါလျက် ထည့်သွင်းမစဉ်းစားခဲ့သည်မှာ မှားယွင်းကြောင်းနှင့် တိုင်းတရားရုံးသည် အမိန့်ချမှတ်ရာတွင် အဆောက်အဦများအပြင် အဆောက်အဦများတည်ရှိရာ မြေကွက်ပါဘဏ္ဍာအဖြစ် သိမ်းဆည်းစေရန် အမိန့်ချမှတ်ခဲ့ခြင်းမှာလည်း မှားယွင်းနေကြောင်းတင်ပြသည်။

တိုင်းတရားရုံးအမှုတွဲကို ကြည့်ရှုလေ့လာသည့်အခါ တရားလိုပြသက်သေ ကာကွယ်ရေးဝန်ကြီးဌာန ငွေစာရင်းရုံးမှ တတိယညွှန်ကြားရေးမှူး ဦးကြည် (လိုပြ–၇)၊ စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ဦးစီးအရာရှိ (ပထမတန်း) ဗိုလ်မှူးသန်းဝင်း (လိုပြ–၉)၊ ထိုစဉ်က အမှတ် (၉၅၄) ဆောက်လုပ်ရေးတပ်ခွဲ၏တပ်မှူးအဖြစ် ဆောင်ရွက်ခဲ့သော ဒုတိယဗိုလ်မှူးကြီးမောင်မောင် (လိုပြ–၁၀)၊ အမှတ် (၉၅၄) ဆောက်လုပ်ရေးအင်ဂျင်နီယာ တပ်ခွဲလက်ထောက်စစ်မြို့နယ်အင်ဂျင်နီယာ ဗိုလ်ကြီးဝင်းအောင်တင့် (လိုပြ–၁၂)၊ အမှတ် (၉၅၄) ဆောက်လုပ်ရေးအင်ဂျင်နီယာ တပ်ခွဲစတိုးတာဝန်ခံ တပ်ကြပ်ကြီး ကျော်ဝင်း (လိုပြ–၁၃) တို့၏ ထွက်ဆိုချက်များနှင့် အဆောက်အဦများ ဆောက်လုပ်သည့်မြေနေရာပြ ပုံစံသက်သေခံ (၈)၊ အဆောက်အဦစာရင်း

သက်သေခံ (၈—၁)၊ စာရင်းအင်းနှင့် ပြေစာဖိုင်တွဲသက်သေခံ (၈၁) တို့၌ ဖော်ပြချက်များအရ အမှတ် (၉၅၄) ဆောက်လုပ်ရေးအင်ဂျင်နီယားတပ်ခွဲသည် အငြိမ်းစားဗိုလ်မှူးချုပ်တင်ဦး၏ ညွှန်ကြားချက်အရ တပ်ခွဲပိုင်စုစုပေါင်း ငွေကျပ် ၁၀၉၀၄၁/၉၂ ပြား တန်ဖိုးရှိငွေနှင့်ပစ္စည်းများကို အသုံးပြုပြီး မြခက်ရွိန် ခြံဝင်းအတွင်းတွင် ပေ ၆၀×ပေ ၂၀ ရှိ ကြက်ခြံ ၄ လုံး၊ ပေ ၃၀× ပေ ၂၀ ရှိ အစောင့်နေအိမ် ၁ လုံး၊ ပေ ၂၀× ပေ ၁၆ ရှိ ကားရုံ ၃ လုံး၊ ပေ ၁၃ ½ × ပေ ၅ × ပေ ၁၅၀ ရှိ မြေထိန်းနံရံ ၁ ခုတို့ကို ဆောက်လုပ်ပေးခဲ့ရကြောင်း၊ ထိုသို့ဆောက်လုပ်ပေးခဲ့ရာတွင် စစ်ထောက်ချုပ်ရုံးမှ အုပ်ချုပ်မှုအတည်ပြုချက် ရယူခဲ့ရခြင်းမရှိကြောင်းနှင့် အငြိမ်းစားဗိုလ်မှူးချုပ်တင်ဦးသည် အဆောက်အဦများတွင် အသုံးပြုခဲ့သော သွပ်၊ ဘိလပ်မြေ၊ အုတ်များအတွက် ပေးရန်ကျန်ရှိသော ငွေစုစုပေါင်း ကျပ် ၅၈၉၁၀/၂၀ ဖြားကို ပြန်လည်ပေးချေခြင်းမရှိကြောင်း ပေါ်ပေါက်သည်။

၅၂အချက်အလက်များကို အငြိမ်းစား ဗိုလ်မှူးချုပ်တင်ဦးကလည်း ငြင်းဆိုထားခြင်းမရှိပေ။

၅၂အယူခံမှုအတွက် အငြိမ်းစား ဗိုလ်မှူးချုပ် တင်ဦး တင်ပြထားသည့် အချက်တစ်ချက်ဖြစ်သော ဆောက်လုပ်ခဲ့သော အဆောက်အဦများသည် တပ်မတော်ပိုင် အဆောက်အဦများမဟုတ် ဆိုသည့် အချက်နှင့် စပ်လျဉ်း၍ မူလရုံးဖြစ်သည့် တိုင်းတရားရုံး၏ အမှုတွဲကို ကြည့်ရှုလေ့လာသည့် အခါ တရားလိုဘက်ကလည်း ယင်းအချက်ကို အဓိကထားတင်ပြထားကြောင်းတွေ့ရသည်၊ တရားလိုဘက်က တပ်မတော်အတွက်ဆောက်လုပ်ခဲ့သည့်အဆောက်အဦများမဟုတ်၍ တပ်မတော်ပိုင် ငွေနှင့် ဆောက်လုပ်ရေး ပစ္စည်းများကို ရယူသုံးစွဲခွင့်မရှိဟု စွပ်စွဲထားကြောင်းတွေ့ရသည်၊ ထို့ကြောင့် ဆောက်လုပ်ခဲ့သော အဆောက်အဦများသည် တပ်မတော်အတွက် ဆောက်လုပ်ခဲ့သော အဆောက်အဦများမဟုတ်ကြောင်းမှာ အငြင်းပွားသော အချက်မဟုတ်တော့သဖြင့် ယင်းသို့ တပ်မတော်အတွက် ဆောက်လုပ်သော အဆောက်အဦများမဟုတ်သည့် အဆောက်အဦများအတွက် တပ်မတော်၏ ငွေနှင့် ပစ္စည်းများကို ထုတ်ယူသုံးစွဲခွင့်မည်သို့ရှိကြောင်းကို အထင်အရှားပြရန် တာဝန်မှာ အငြိမ်းစား ဗိုလ်မှူးချုပ်တင်ဦး၏ တာဝန်သာဖြစ်သည်၊ သို့သော် အငြိမ်းစား ဗိုလ်မှူးချုပ်တင်ဦးသည် ယင်းအချက်နှင့်စပ်လျဉ်း၍ တစုံတရာ တင်ပြနိုင်ခြင်း မရှိကြောင်း တွေ့ရသည်၊ တပ်မတော်နှင့် အများအတွက် အကျိုးရှိစေရန် တပ်မတော်ပိုင်ပစ္စည်းများကို ခေတ္တချေးယူသည့်ဘောက်ချာဖြင့် ထုတ်ယူသုံးစွဲခဲ့ခြင်းဖြစ်သည်ဟူ၍သာ အငြိမ်းစား ဗိုလ်မှူးချုပ်တင်ဦးက တင်ပြထွက်ဆိုထားသည်။ တပ်မတော်ပိုင်ပစ္စည်းများကို ခေတ္တချေးယူသည့် ဘောက်ချာဖြင့် ထုတ်ယူသုံးစွဲခွင့်ရှိကြောင်း အထောက်အထားကိုမူ တင်ပြထားခြင်း မရှိပေ။

၁၉၀၄ အစြမ်းစား ဗိုလ်မှူးချုပ်တင်ဦးနှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

အဆောက်အဦများကို တပ်မတော်ပိုင်မြေကွက်ပေါ်တွင် ဆောက်လုပ်ခဲ့ခြင်းမဟုတ်ကြောင်းမှာလည်း အငြင်းပွားသောအချက် မဟုတ်ပေ။

အစြမ်းစား ဗိုလ်မှူးချုပ်တင်ဦး၏ အကျိုးဆောင်က အဆောက်အဦများ ဆောက်လုပ်ခဲ့ခြင်းမှာ တပ်မတော်ကို ကံထရိုက်ပေး၍ ဆောက်လုပ်စေသည့် သဘောဖြစ်သည်ဟု လျှောက်လဲတင်ပြထားသည်နှင့် စပ်လျဉ်း၍ သက်သေခံချက်များကို စိစစ်ကြည့်သည့်အခါ ယင်းအကြောင်းပြချက် သဘောမျိုးပါရှိသည့် စာရွက်စာတမ်း အထောက်အထားသော်လည်းကောင်း၊ အခြားအထောက်အထားသော်လည်းကောင်း၊ တင်ပြထားသည်ကို မတွေ့ရှိရသည့်အပြင် အစြမ်းစား ဗိုလ်မှူးချုပ်တင်ဦးအနေဖြင့် မည်သည့်တရားလိုပြု သက်သေကိုမျှ ယင်းအချက်နှင့်စပ်လျဉ်း၍ ပြန်လှန်မေးမြန်းခဲ့ခြင်းမရှိကြောင်းတွေ့ရသည်၊ တို့ကြောင့် တိုင်းတရားရုံးက အစြမ်းစား ဗိုလ်မှူးချုပ်တင်ဦးအား ၁၉၆၃ ခုနှစ် အများနှင့် သက်ဆိုင်သောပစ္စည်း ကာကွယ် စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ အရ ပြစ်မှုထင်ရှားတွေ့ရှိခြင်းမှာ မှားယွင်းသည်ဟု မဆိုနိုင်ပေ။

အစြမ်းစား ဗိုလ်မှူးချုပ်တင်ဦး၏ ဒုတိယတင်ပြချက်ဖြစ်သော အချင်းဖြစ်ကာလမှာ ၁၉၈၀ ပြည့်နှစ်၊ ဧပြီလ ၁၅ ရက်နေ့ကစတင်ခဲ့ခြင်းဖြစ်၍ နိုင်ငံတော်ကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၂/၈၀ (လွှတ်ငြိမ်းချမ်းသာခွင့်အမိန့်) နှင့် အကျုံးဝင်ပါလျက် တိုင်းတရားရုံးက ထည့်သွင်းမစဉ်းစားပဲ အမိန့်ချမှတ်ခဲ့သည်ဆိုသည့် တင်ပြချက်နှင့်စပ်လျဉ်း၍ အမှုတွဲကိုစိစစ်လေ့လာရာတွင် သက်သေခံ(ဃ)ပါ စာရင်းအင်းနှင့် ပြေစာများအရ အဆောက်အဦများအတွက် လုပ်ငန်းစတင်ခဲ့သည်မှာ ၁၅–၄–၈၀ ရက်နေ့ဖြစ်ပြီး ၂၈–၃–၈၁ ရက်နေ့တွင် အဆောက်အဦများအတွက် နောက်ဆုံး ကုန်ကျစရိတ်ကို အသုံးပြုခဲ့ကြောင်းတွေ့ရသည်၊ လုပ်ငန်းစတင်သည့် ၁၅–၄–၈၀ ရက်နေ့သည် နိုင်ငံတော်ကောင်စီ၏ အမိန့်ကြော်ငြာစာ အမှတ် ၂/၈၀ (လွှတ်ငြိမ်းချမ်းသာခွင့်အမိန့်) နှင့် အကျုံးဝင်သော်လည်း လုပ်ငန်းအတွက် ကုန်ကျစရိတ် နောက်ဆုံးအသုံးပြုခဲ့သည့် နေ့ရက်မှာ ၂၈–၃–၈၁ ရက်နေ့ဖြစ်၍ နိုင်ငံတော်ကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၂/၈၀ (လွှတ်ငြိမ်းချမ်းသာခွင့်အမိန့်)ပါ သတ်မှတ်ရက်ဖြစ်သည့် ၂၈–၅–၈၀ ရက်နေ့ထက် ကျော်လွန်သည့်ကိစ္စရပ်များပါရှိနေသောကြောင့် တိုင်းတရားရုံးက နိုင်ငံတော်ကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၂/၈၀(လွှတ်ငြိမ်းချမ်းသာခွင့်အမိန့်)ကို ထည့်သွင်းစဉ်းစားခဲ့ခြင်းမရှိသည်မှာ မှားယွင်းသည်ဟု ဆိုနိုင်မည် မဟုတ်ပေ။

အဆောက်အဦများ တည်ရှိရာမြေနေရာကို ဘဏ္ဍာအဖြစ် သိမ်းဆည်းစေရန်ချမှတ်ခဲ့သော တိုင်းတရားရုံး၏အမိန့်နှင့်စပ်လျဉ်း၍ အမှုတွဲကို ကြည့်ရှု

လေ့လာသည့်အခါ တိုင်းတရားရုံးသည်ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ ကို ကျင့်သုံး၍ အမိန့်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရသည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၇(၁)တွင် အောက်ပါအတိုင်းပြဋ္ဌာန်းထားသည်–

> ''မည်သည့် ပြစ်မှုဆိုင်ရာတရားရုံးတွင်မဆို စုံစမ်း စစ်ဆေးမှု သို့မဟုတ် စစ်ဆေးစီရင်မှုတစ်မှု ဆုံးခန်းသို့ရောက်ရှိသည့်အခါ တရားရုံးသို့ တင်ပြထားသော သို့မဟုတ် တရားရုံးက ထိန်းသိမ်းထားသော ပစ္စည်းသို့မဟုတ်စာရွက်စာတမ်းတစ်ခုခုကိုဖြစ်စေ၊ပြစ်မှုတစ်ခုခုကျူးလွန်ခြင်းနှင့် စပ်လျဉ်းသည်ဟု ယူဆရန်အကြောင်းရှိသောပစ္စည်း သို့မဟုတ် စာရွက်စာတန်း တစ်ခုခုကိုဖြစ်စေ၊ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သော ပစ္စည်းသို့မဟုတ်စာရွက်စာတန်းတစ်ခုခုကိုဖြစ်စေတရားရုံးသည် ဖျက်ဆီးစေရန်၊ ဘဏ္ဍာအဖြစ် သိမ်းဆည်းစေရန်၊လက်ဝယ်ရှင့်ရှိသည်ဟု တင်ပြလာသူ တစ်ဦးဦးသို့ ပေးစေရန်၊သို့မဟုတ်အခြားနည်းဖြင့် ဆောင်ရွက်စေရန်အတွက် သင့်တော်သော စီမံခန့်ခွဲမှု အမိန့်တစ်ရပ်ကို ချမှတ်နိုင်သည်။''

ဤပြဋ္ဌာန်းချက်အရ ပစ္စည်းတစ်ခုသည် ပြစ်မှုတစ်ခုခုကျူးလွန်ခြင်းနှင့် စပ်လျဉ်းသည်ဟု ယူဆခန့် အကြောင်းရှိလျှင် သို့မဟုတ် ထိုပစ္စည်းကို ပြစ်မှုတစ်ခုခုကျူးလွန်ရာ၌ အသုံးပြုခဲ့လျှင်အဆိုပါပစ္စည်းကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းစေရန် တရားရုံးက အမိန့်ချမှတ်နိုင်ပေသည်။

ယခုအမှုတွင် အမှတ်(၉၅၄)ဆောက်လုပ်ရေးအင်ဂျင်နီယာတပ်ခွဲမှ ငွေနှင့် ပစ္စည်းများဖြင့် အဆောက်အဦများ ဆောက်လုပ်ရန်အတွက် အချင်းဖြစ် မြေနေရာများကိုပြုပြင်၍ အသုံးပြုခဲ့ကြောင်းမှာ အငြင်းပွားသော အချက် မဟုတ်သည့်အပြင် ထိုမြေနေရာများပေါ်တွင် အဆောက်အဦများ ဆောက်လုပ်ရန်အတွက် တပ်ခွဲမှငွေနှင့်ပစ္စည်းများရယူခဲ့ခြင်းဖြစ်၍ တိုင်းတရားရုံးကအဆောက်အဦတည်ရှိရာ မြေနေရာများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းစေရန် ချမှတ်ခဲ့သော အမိန့်သည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ နှင့် မညီညွတ်ဟု ဆိုနိုင်မည် မဟုတ်ပေ။

ပြစ်ဒဏ်သတ်မှတ်ချက်သည်လည်း ဥပဒေပြဋ္ဌာန်းချက်နှင့် ညီညွတ်နေ၍ ဝင်ရောက်စွက်ဖက်ရန် အကြောင်းမရှိပေ။

သို့ဖြစ်၍ တိုင်းတရားရုံးက အပြိမ်းစား ဗိုလ်မှူးချုပ် တင်ဦး အပေါ် ၁၉၆၃ ခုနှစ်၊ အများနှင့် သက်ဆိုင်သော ပစ္စည်း ကာကွယ် စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ အရ ပြစ်မှုထင်ရှား စီရင်ခြင်းနှင့် ပြစ်ဒဏ် သတ်မှတ်ချက်တို့ကိုအတည်ပြု၍ ဤအယူခံမှုကို ပလပ်လိုက်ကြောင်း အမိန့်ချမှတ်သည်။

ပြစ်မှုဆိုင်ရာ အယူခံမှု

ဥက္ကဋ္ဌအဖြစ်ဦးလှဘုန်း၊ အဖွဲ့ဝင်များအဖြစ်ဦးခင်ဇာမုံနှင့်ဦးအေးမောင် တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ချေ့တွင်

†၁၉၀၄ ဖေဖော်ဝါရီ ၂၉-ရက်

အငြိမ်းစား ဗိုလ်မှူးချုပ် တင်ဦး

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်*

ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၂၂၂ နှင့် ၂၃၄ ပါပြဋ္ဌာန်းချက်–ယင်းပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်သည် ဆိုရုံမျှဖြင့် အမှုပျက်ပြယ်ခြင်း ရှိမရှိ။

အငြိမ်းစား ဗိုလ်မှူးချုပ် တင်ဦးက ၎င်းအပေါ် မူလရုံးက ပြစ်မှုထင်ရှားစီရင်၍ ပြစ်ဒဏ်ချမှတ်ထားသော အမိန့်ကို အယူခံရာ၌ အဓိက အကြောင်းပြချက်များတွင် အလွဲသုံးစားပြုသည်ဟု စွပ်စွဲထားသည့် တပ်ပိုင်ငွေနှင့် ပစ္စည်းများမှာ ၅–၀–၀၁ ရက်နေ့မှ ၁၆–၅–၀၃ ရက်နေ့အထိ၊ ၀–နှစ်အထက် ကျော်လွန်သော အချိန်ကာလအတွက် ဖြစ်သဖြင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၂၂၂ နှင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၃၄ တို့ပါပြဋ္ဌာန်းချက်များကို ဆန့်ကျင်နေသောကြောင့် ပထမ တင်ခဲ့သောစွဲချက်သည် ပျက်ပြယ်သည့် အလျောက် ပြင်ဆင်ပြောင်းလဲသည့် ဒုတိယစွဲချက်သည်လည်း တရားမဝင်တော့၍ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၅၁၀ (ဝ) အရ အမှုတစ်ခုလုံး ပျက်ပြယ်ကြောင်း ဟူ၍ အကြောင်းပြချက် တစ်ရပ်ပါဝင်လေသည်။

ဆုံးဖြတ်ချက် ။ ။ဤကဲ့သို့ ပထမစွဲချက်ကိုပြင်ဆင်၍ ဒုတိယစွဲချက် တင်ခဲ့ခြင်းကြောင့် တရားမျှတမှု မရရှိခဲ့ကြောင်း သော်လည်းကောင်း၊ တရားစီရင်ရေး တိမ်းစောင်းသွားခဲ့ကြောင်းသော်လည်းကောင်း မတွေ့ရသည့်ပြင် ယင်းဒုတိယစွဲချက်နှင့် စပ်လျဉ်း၍ အငြိမ်းစားဗိုလ်မှူးချုပ် တင်ဦးသည် ကောင်းစွာသိရှိနားလည်ပြီး ထုချေခွင့်ရရှိခဲ့ကြောင်းလည်း ပေါ်ပေါက်သည်။ ထို့ကြောင့်

---

* ၁၉၀၃ ခုနှစ် ပြစ်မှုဆိုင်ရာ အယူခံမှု အမှတ် ၁၀၆

† ၁၉၀၃ ခုနှစ် ပြစ် မှု ဆိုင် ရာ အ မှု ကြီး အ မှတ် ၇ တွင် ချမှတ် သော (၁၄-၁၁-၀၃) နေ့စွဲပါ ရန်ကုန်တိုင်း တရားရုံး၏ အမိန့်ကို အယူခံမှု။

တိုင်းတရားရုံး၏ ဆောင်ရွက်ချက်သည် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၂၂၂ နှင့် မညီညွတ်ဟု ဆိုနိုင်မည် မဟုတ်ပေ။ ထို့ပြင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၅၃၇ တွင် သေဒဏ်အာဏာပြုပြုမှု၊ သို့မဟုတ် အယူခံမှု၊ သို့မဟုတ် ပြင်ဆင်မှုတွင် စွဲချက်နှင့် စပ်လျဉ်း၍ မှားယွင်းခြင်း၊ ပျက်ကွက်ခြင်း၊ လုပ်ထုံးလုပ်နည်း ချွတ်ယွင်းခြင်းကြောင့် တရားမျှတမှု ကင်းမဲ့ကြောင်း မပေါ်ပေါက်လျှင် အမှုကို စစ်ဆေးစီရင်ပိုင်ခွင့်ရှိသော တရားရုံးတစ်ရုံးက ချမှတ်သော မည်သည့်ဆုံးဖြတ်ချက်၊ ပြစ်ဒဏ်၊ သို့မဟုတ် အမိန့်ကိုမဆို စွဲချက်ကို အကြောင်းပြု၍ ပြောင်းလဲခြင်း၊ ပြင်ဆင်ခြင်းမပြုရဟု ပြဋ္ဌာန်းထားသည် ဖြစ်၍ အမှုပျက်ပြယ်ခြင်း မရှိပေ။

ထင်မှတ်ဆုံးဖြတ်ချက်။ ။အငြိမ်းစား ဗိုလ်မှူးချုပ်တင်ဦး ကိုးကားသော ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၂၃၄ သည် တစ်နှစ်အတွင်း ကျူးလွန်သည့် အမှုများနှင့် စပ်လျဉ်း၍စွဲချက်သုံးရပ်အထိ တစ်မှုတည်း၌ တင်၍ စစ်ဆေးနိုင်သည့် လုပ်ပိုင်ခွင့်နှင့်သာသက်ဆိုင်သည်ဖြစ်၍ထည့်သွင်းစဉ်းစားရန်မလိုအပ်ပေ။

ထင်မှတ်ဆုံးဖြတ်ချက်။ ။ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၃၀ ၌ ဖော်ပြထားသော ကိစ္စတစ်ရပ်ကို လုပ်ပိုင်ခွင့် မရှိသော တရားရုံး တစ်ခုက ပြုလုပ်ခဲ့လျှင် အမှုပျက်ပြယ်ကြောင်းပြဋ္ဌာန်းထားသည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၃၀ (ဇ) သည်လည်း ဥပဒေက စစ်ဆေး ကြားနာခွင့် ပေးမထားဝဲ ပြစ်မှုကျူးလွန်သူ တစ်ဦးအား၊ တရားရုံးက စစ်ဆေးခြင်းပြုလုပ်ခဲ့သည့် အမှုများနှင့်သာ သက်ဆိုင်ပေသည်။ ပထမစွဲချက်ကို ပြင်ဆင်၍ ဒုတိယစွဲချက် တင်သည့်ကိစ္စသည်လည်း အဆိုပါ ကိစ္စများတွင် မပါဝင်ချေ။

အယူခံတရားလိုအတွက်– ဦးလှသင်း၊ ဦးမြသိန်း၊ ဗဟိုတရားရုံး ရှေ့နေများ

အယူခံ တရားခံအတွက်— (၁) ဦးသိမ်းအောင်၊ ဦးအောင်စိန်၊
ဥပဒေဝန်ထမ်း အဆင့် (၁)

(၂) ဦးသန်းကျော်၊
ဥပဒေဝန်ထမ်းအဆင့် (၂)

ရန်ကုန်တိုင်း တရားရုံး၌ ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၇/၈၃ တွင်အယူခံတရားလိုအငြိမ်းစားဗိုလ်မှူးချုပ်တင်ဦးအား ၁၉၆၃ခုနှစ်၊အများနှင့် သက်ဆိုင်သော ပစ္စည်းကာကွယ် စောက်ရှောက်ရေး ဥပဒေပုဒ်မ ၃ အရ ထောင်ဒဏ် တသက်တကျွန်း ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို အငြိမ်းစားဗိုလ်မှူးချုပ်တင်ဦးကမကျေနပ်သဖြင့် ဗဟိုတရားရုံးသို့ ဤအယူခံမှုကို တင်သွင်းသည်။

၁၉၀၄ အငြိမ်းစား မိုလ်မှူးချုပ် တင်ဦး နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော်

တိုင်းတရားရုံး အမှုတွဲပါ ပထမ သတင်းပေး တိုင်ချက် သက်သေခံ (၈) အရ မဲရမ်းကုန်းမြို့နယ်၊ အေဒီလမ်း၊ အမှတ် ၁၆ နေ အငြိမ်းစား မိုလ်မှူးချုပ် တင်ဦးသည် ၁၉၀၁ ခုနှစ်၊ ဩဂုတ်လ ၅ ရက်နေ့မှ ၁၉၀၃ ခုနှစ် မေလ ၁၆ ရက်နေ့အတွင်း အေဒီလမ်း အမှတ် ၁၄ နှင့် အမှတ် ၁၆ ခြံဝင်းများတွင် ဂိုဒေါင် (၃) လုံး၊ ပန်းစင် (၅) စင်၊ ခြံစည်းရိုး (၁) ခု၊ ရေစင် (၁) ခု၊ ဝှေးချေးကန် (၁) ခု၊ ဓာတ်ခွဲခန်း (၁) ခု၊ ကားရုံ (၁) ခု၊ အဆောက်အဦ (၁၀) လုံး၊ ငုံးအိမ်နှင့် ငုံးစင် (၁၃၉၉) လုံးတို့ကို သက်ဆိုင်ရာမှ ခွင့်ပြုချက် ရယူခြင်း မရှိပဲ၊ မိမိ၏ အမိန့်အာဏာဖြင့် အမှတ် (၉၅၄) ဆောက်လုပ်ရေး အင်ဂျင်နီယာ တပ်ခွဲအား တပ်ပိုင်ငွေနှင့်ပစ္စည်း စုစုပေါင်း တန်ဖိုး ငွေကျပ် ၁၄၀၅၁၅၆/၄၅ ပြားကို အသုံးပြုစေပြီး ကိုယ်ကျိုး အတွက် ဆောက်လုပ်စေခဲ့ကြောင်းနှင့် ယင်းကုန်ကျငွေများ အနက်မှ တန်ဖိုး ငွေကျပ် ၁၃၅၂၉၆၆/၁၅ ပြားရှိ တပ်ခွဲပိုင် ငွေနှင့် ပစ္စည်းများကို ပြန်လည် ပေးအပ်ခြင်းမပြုပဲ အလွဲသုံးစား ပြုလုပ်ထားကြောင်းဖြင့် အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းရှင်က တိုင်တန်းခဲ့ရာမှ ဤအမှုပေါ်ပေါက်ခဲ့သည်။

ဤအယူခံမှုအတွက် အငြိမ်းစား မိုလ်မှူးချုပ် တင်ဦး တင်ပြထားသော အဓိကအကြောင်းပြချက် နှစ်ချက်မှာ ဆောက်လုပ်ခဲ့သော အဆောက်အဦများသည် တပ်မတော်ပိုင် အဆောက်အဦများ မဟုတ်သောကြောင့် စစ်ဘက် အင်ဂျင်နီယာ လုပ်ငန်း အစီအစဉ် စာပိုဒ်(၁၆)အရ အုပ်ချုပ်မှုအာဏာပြုချက် ရယူရန် မလိုအပ်သည့်အပြင် မိမိကိုယ်ကျိုးအတွက် ဆောက်လုပ်စေခဲ့ခြင်း မဟုတ်ပဲ တပ်မတော်သားများ၏ ကောင်းကျိုးအတွက် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပြီး ကုန်ကျငွေများကို ပြန်လည်ပေးဆပ်ရန် မူလကပင် ပြောကြားစီစဉ်ခဲ့သည် ဖြစ်၍ မိမိတွင် အပြစ်မရှိကြောင်းနှင့် အလွဲသုံးစားပြုသည်ဟု စွပ်စွဲထားသည့် တပ်ပိုင်ငွေနှင့် ပစ္စည်းများမှာ ၅–၈–၁၁ ရက်နေ့မှ ၁၆-၅-၁၃ ရက်နေ့အထိ တစ်နှစ်ထက် ကျော်လွန်သော အချိန်ကာလအတွက် ဖြစ်သဖြင့်၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၂၂၂ နှင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၃၄ တို့ပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်နေသောကြောင့် ပထမတင်ခဲ့သော စွဲချက်သည် ပျက်ပြယ်သည့်အလျောက် ပြင်ဆင်ပြောင်းလဲသည့် ဒုတိယစွဲချက်သည်လည်း တရားမဝင်တော့၍ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၅၁၀ (ဝ) အရ အမှုတစ်ခုလုံး ပျက်ပြယ်ကြောင်းဟူ၍ ဖြစ်သည်။

တိုင်းတရားရုံးအမှုတွဲကို ကြည့်ရှုလေ့လာသည့်အခါ တပ်မတော် အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးမှ ဦးစီးမှူး (ပထမတန်း) မိုလ်မှူးသန်းဝင်း (လိုပြ ၄)၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ငွေစာရင်းရုံးမှ တတိယညွှန်ကြားရေးမှူး ဦးကြည် (လိုပြ–၅)၊ အမှတ် (၉၅၄) ဆောက်လုပ်ရေး အင်ဂျင်နီယာ

တပ်ခွဲမှ ဗိုလ်မှူးဇေသိန်း (လိုပြ–၆)၊ ယင်းတပ်ခွဲမှ လက်ထောက်စစ်မြို့နယ် အင်ဂျင်နီယာ ဗိုလ်ကြီး ခင်မောင်လှ (လိုပြ–၈)၊ ယင်းတပ်ခွဲမှ ဝန်ထောက် ဒုတိယ အရာခံဗိုလ် လှဖေ (လိုပြ–၉)၊ ယင်း တပ်ခွဲမှ လမ်းဗိုလ်တပ်ကြပ်ကြီး မောင်ကို (လိုပြ–၁၀) ယင်းတပ်ခွဲမှ ဝန်ထောက်အရာခံဗိုလ်လှအောင် (လိုပြ–၁၁)၊ ယင်းတပ်ခွဲမှ စတိုးတာဝန်ခံ တပ်ကြပ်ကြီး ကျော်ဝင်း (လိုပြ–၁၂)၊ ယင်းတပ်ခွဲမှ လက်ထောက် စစ်မြို့နယ် အင်ဂျင်နီယာ ဗိုလ်ကြီး ခင်သန်း (လိုပြ– ၁၃)၊ ယင်းတပ်ခွဲမှ လမ်းဗိုလ် တပ်ကြပ်ကြီး အောင်မင်း (လိုပြ–၁၄)၊ ယင်းတပ်ခွဲမှ ဝန်ထောက်အရာခံဗိုလ် မောင်သန်း (လိုပြ–၁၅) တို့၏ ထွက်ဆိုချက်များနှင့် အဆောက်အဦများ နေရာပြ မြေပုံ သက်သေခံ (ငြ–၆)၊ ယင်းတပ်ခွဲမှ ဆောက်ပေးရသော အဆောက်အဦ စာရင်း သက်သေခံ (ငြ–၇)၊ (ငြ–၀)၊ (ငြ–၉)၊လုပ်ငန်းစာရင်း စစ်ဆေးချက် အစီရင်ခံစာ သက်သေခံ (စ) တို့ပါ ဖော်ပြချက်များအရ အငြိမ်းစား ဗိုလ်မှူးချုပ်တင်ဦးသည် တန်ဖိုးငွေကျပ် ၁၄၈၁၁၅၆/၄၅ ပြားရှိ ဆောက်လုပ်မှုများကို အမှတ် (၉၅၄) ဆောက်လုပ်ရေး အင်ဂျင်နီယာ တပ်ခွဲအား တပ်ခွဲပိုင် ငွေနှင့် ပစ္စည်းများကို အသုံးပြု၍ ဆောက်လုပ်စေခဲ့ကြောင်းနှင့် ယင်း ကုန်ကျငွေများအနက် တန်ဖိုးငွေကျပ် ၁၃၅၂၉၆၆/၁၅ပြားရှိ တပ်ခွဲပိုင် ငွေနှင့်ပစ္စည်းများကို ပြန်လည်ပေးချေခြင်းမပြုပဲ အလွဲသုံးစားပြုလုပ်ခဲ့သည်မှာ အထောက်အထားများ ရှိနေကြောင်း တွေ့ရသည်။

၎င်းအချက်အလက်များကို အငြိမ်းစား ဗိုလ်မှူးချုပ်တင်ဦးက ငြင်းဆိုထားခြင်း မရှိပေ။

အငြိမ်းစားဗိုလ်မှူးချုပ် တင်ဦးက အဆောက်အဦများ၏ ကုန်ကျစရိတ်ကို မွေးမြူရေး လုပ်ငန်းမှ အကျိုးအမြတ် ရငွေဖြင့် ပြန်လည်ပေးအပ်ရန် ရည်ရွယ်ထားခဲ့၍လည်းကောင်း၊ မိမိကိုယ်ကျိုးအတွက် ဆောင်ရွက်ခဲ့ခြင်း မဟုတ်၍ လည်းကောင်း မိမိတွင် အပြစ်မရှိကြောင်းကိုသာ ထွက်ဆိုထားသည်။

အငြိမ်းစား ဗိုလ်မှူးချုပ် တင်ဦးက တင်ပြထားသည့် အကြောင်းပြချက် တစ်ချက်ဖြစ်သော ဆောက်လုပ်သည့် အဆောက်အဦများသည် တပ်မတော်ပိုင် အဆောက်အဦများ မဟုတ်ဆိုသည့် အချက်နှင့် စပ်လျဉ်း၍ မူလရုံးဖြစ်သည့် တိုင်းတရားရုံး၏ အမှုတွဲကို ကြည့်ရှု လေ့လာသည့်အခါ တရားလို ဘက်က တပ်မတော်အတွက် ဆောက်လုပ်ခဲ့သည့် အဆောက်အဦများ မဟုတ်၍ တပ်မတော်ပိုင် ငွေနှင့် ဆောက်လုပ်ရေး ပစ္စည်းများကို ရယူသုံးစွဲခွင့် မရှိဟု စွပ်စွဲထားကြောင်း တွေ့ရသည်။ ထို့ကြောင့် ဆောက်လုပ်ခဲ့သော အဆောက်အဦများသည် တပ်မတော်အတွက် ဆောက်လုပ်ခဲ့သော အဆောက်အဦများ မဟုတ်ကြောင်းမှာ အငြင်းပွားသော အချက်မဟုတ်တော့သဖြင့် ယင်းသို့

၁၉၀၄ အငြိမ်းစား ဗိုလ်မှူးချုပ် တင်ဦး နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော်

တပ်မတော် အတွက် ဆောက်လုပ်သော အဆောက်အဦများ မဟုတ်သည့် အဆောက်အဦများနှင့် စပ်လျဉ်း၍ တပ်မတော်၏ ငွေနှင့်ပစ္စည်းများကိုထုတ်ယူသုံးစွဲခွင့် မည်သို့ ရှိကြောင်းကို အထင်အရှားပြရန် တာဝန်မှာ အငြိမ်းစား ဗိုလ်မှူးချုပ်တင်ဦး၏ တာဝန်သာ ဖြစ်သည်ဟု ဆိုရပေမည်။ သို့သော် အငြိမ်းစား ဗိုလ်မှူးချုပ် တင်ဦးသည် ယင်းအချက်နှင့် စပ်လျဉ်း၍ စာရွက်စာတမ်း အထောက်အထား သော်လည်းကောင်း၊ အခြားအထောက်အထား သော်လည်းကောင်း တစုံတရာ တင်ပြနိုင်ခြင်း မရှိကြောင်းတွေ့ရသည်။

အငြိမ်းစား ဗိုလ်မှူးချုပ်တင်ဦး တင်ပြထားသော ဒုတိယအကြောင်းပြချက်နှင့် စပ်လျဉ်း၍ တိုင်းတရားရုံး အမှုတွဲကို ကြည့်ရှုလေ့လာသောအခါ တိုင်းတရားရုံးသည် ၂၁–၉–၈၃ ရက်နေ့ကပထမစွဲချက်ကိုတင်ခဲ့ပြီး ၂၆–၁၀–၈၃ ရက်နေ့တွင် ယင်းစွဲချက်ကို ပြင်ဆင်၍ ဒုတိယစွဲချက် တင်ခဲ့ကြောင်းတွေ့ရသည်။ ပထမစွဲချက်ကို အောက်ပါအတိုင်း တင်ခဲ့သည်–

> "အငြိမ်းစား ဗိုလ်မှူးချုပ် တင်ဦးသည် ၁၉၈၁ ခုနှစ်၊ ဩဂုတ်လ ၅ ရက်နေ့မှစတင်၍ အစဉ်တစိုက်ပြေတ်မလပ် မရမ်းကုန်းမြို့နယ်၊ အေဒီလမ်း၊ အမှတ် ၁၄/၁၆ ခြံဝင်းများအတွင်း အဆောက်အဦအမျိုးအမည် (၅၀)၊ မီးလုပ်ငန်း (၁၆) မျိုး၊ ရေလုပ်ငန်း (၉) မျိုးတို့ကို သက်ဆိုင်ရာ အုပ်ချုပ်မှုအတည်ပြုချက်အမိန့် ရယူခြင်းမပြုပဲ မိမိအမိန့်အာဏာဖြင့် အမှတ် (၉၅၄) ဆောက်လုပ်ရေးအင်ဂျင်နီယာတပ်ခွဲအား တာဝန်ပေးစေခိုင်းခဲ့ရာ ၁၉၈၃ ခုနှစ်၊ မေလ ၁၆ ရက်နေ့တွင် စာရင်းစစ်ဆေးချက်အရ တပ်ခွဲပိုင်ငွေနှင့်ပစ္စည်းစုစုပေါင်း ၁၄၈၅၁၆/၄၅ ပြားကို မိမိကိုယ်ကျိုးအတွက်အသုံးပြုဆောက်လုပ်စေခဲ့ကြောင်းပေါ်ပေါက်သဖြင့်.....''

ဟူ၍လည်းကောင်း၊

ဒုတိယစွဲချက်ကို အောက်ပါအတိုင်းပြင်ဆင်၍တင်ခဲ့ကြောင်းတွေ့ရသည်....

> "အမှတ် (၉၅၄) ဆောက်လုပ်ရေးအင်ဂျင်နီယာတပ်ခွဲ၏ ၁၉၈၃ ခုနှစ်၊ မေလ ၁၆ ရက်နေ့အထိ စာရင်းများကို စစ်ဆေးချက်အရ အငြိမ်းစား ဗိုလ်မှူးချုပ် တင်ဦးသည် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်၊ အေဒီလမ်း၊အမှတ် ၁၄/၁၆ ခြံဝင်းများတွင် အဆောက်အဦ အမျိုးအမည် (၅၀)၊ မီးလုပ်ငန်း (၁၆) မျိုး၊ ရေလုပ်ငန်း (၉) မျိုး၊ တန်ဖိုးသင့်ငွေ စုစုပေါင်း ၁၄၈၅၁၆ ကျပ် ၄၅ ပြားကို သက်ဆိုင်ရာမှ အုပ်ချုပ်မှု အတည်ပြုချက်အမိန့် မရရှိပဲ မိမိကိုယ်ကျိုးအတွက် အသုံးပြုဆောက်လုပ်စေခဲ့ကြောင်း ပေါ်ပေါက်သဖြင့်.....''

ဟူ၍လည်းကောင်း စွဲချက်တင်ခဲ့လေသည်။

ဤစွဲချက်နှစ်ရပ်ကို စိစစ်ကြည့်ရာတွင် စွဲချက်နှစ်ရပ်စလုံးတွင် ၁၉၀၃ ခုနှစ် မေလ ၁၆ ရက်နေ့ စာရင်းစစ်ဆေးချက်ကို အခြေပြုထားကြောင်း တွေ့ရသည်။ ထို့အပြင် တရားလိုပြသက်သေ ကာကွယ်ရေးဝန်ကြီးဌာန ငွေစာရင်းရုံး တတိယ ညွှန်ကြားရေးမှူး ဦးကြည် (လိုပြ–၅)၏ ထွက်ဆိုချက်အရ သူ့အား ညွှန်ကြားရေးမှူးက တာဝန်ပေးသဖြင့် အေဒီလမ်း၊ အမှတ် ၁၄ နှင့် ၁၆ ခြံဝင်းများအတွင်း၌ အမှတ် (၉၅၄) ဆောက်လုပ်ရေးအင်ဂျင်နီယာ တပ်ခွဲက ဆောက်လုပ်ပေးခဲ့သည့် လုပ်ငန်းဆိုင်ရာ စာရင်းဇယားများကို ၁၃–၇–၀၃ ရက်နေ့မှ ၁၉–၇–၀၃ ရက်နေ့အထိ စစ်ဆေးမှု ပြုလုပ်ရာမှ အငြိမ်းစား ဗိုလ်မှူးချုပ် တင်ဦးသည် တပ်ခွဲ၏ငွေနှင့်ပစ္စည်းများ စုစုပေါင်း ငွေကျပ် ၁၄၀၅၁၅၆/၄၅ ပြားကို အသုံးပြု၍ ဆောက်လုပ်မှုများပြုလုပ်ခဲ့ကြောင်း၊ ငွေကျပ် ၁၃၂၁၉၀/၃၀ ပြားကို ပြန်လည် ရရှိခဲ့ကြောင်းနှင့် ငွေကျပ် ၁၃၅၂၉၆၆/၁၅ ပြား ပြန်လည် ပေးအပ်ရန် ကျန်ရှိနေကြောင်း ပေါ်ပေါက်နေသည်ဖြစ်၍ ဦးကြည်စစ်ဆေးမှုပြုသည့်အချိန်၌ တွေ့ရှိသည့် အလွဲသုံးစားပြုသော ငွေတန်ဖိုးကိုဖော်ပြပြီး ပထမစွဲချက်ကို ပြင်ဆင်၍ ဒုတိယစွဲချက်ကိုတင်ခဲ့ခြင်းသာဖြစ်ကြောင်းတွေ့ရသည်။ ဤကဲ့သို့ ပထမစွဲချက်ကို ပြင်ဆင်၍ ဒုတိယစွဲချက်တင်ခဲ့ခြင်းကြောင့် တရားမျှတမှုမရရှိခဲ့ကြောင်းသော်လည်းကောင်း၊ တရားစီရင်ရေးတိမ်းစောင်းသွားခဲ့ကြောင်းသော်လည်းကောင်း မတွေ့ရသည့်ပြင်၊ ယင်း ဒုတိယစွဲချက်နှင့်စပ်လျဉ်း၍ အငြိမ်းစား ဗိုလ်မှူးချုပ် တင်ဦးသည် ကောင်းစွာသိရှိနားလည်ပြီး ထုချေခွင့်ရရှိခဲ့ကြောင်းလည်း ပေါ်ပေါက်သည်။ ထို့ကြောင့် တိုင်းတရားရုံး၏ဆောင်ရွက်ချက်သည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၂၂ နှင့် မညီညွတ်ဟု ဆိုနိုင်မည်မဟုတ်ပေ။ ထို့ပြင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၃၇ တွင် သေဒဏ်အတည်ပြုမှု၊ သို့မဟုတ် အယူခံမှု၊ သို့မဟုတ် ပြင်ဆင်မှုတွင် စွဲချက်နှင့်စပ်လျဉ်း၍ မှားယွင်းခြင်း၊ ပျက်ကွက်ခြင်း၊ လုပ်ထုံးလုပ်နည်းချွတ်ယွင်းခြင်းကြောင့် တရားမျှတမှု ကင်းမဲ့ကြောင်းမပေါ်ပေါက်လျှင် အမှုကိုစစ်ဆေးစီရင်ပိုင်ခွင့်ရှိသော တရားရုံးတစ်ရုံးက ချမှတ်သော မည်သည့်ဆုံးဖြတ်ချက်၊ ပြစ်ဒဏ်၊ သို့မဟုတ် အမိန့်ကိုမဆို စွဲချက်ကိုအကြောင်းပြု၍ ပြောင်းလဲခြင်း၊ ပြင်ဆင်ခြင်းမပြုရဟု ပြဋ္ဌာန်းထားသည်ဖြစ်၍ အမှုပျက်ပြယ်ခြင်းမရှိပေ။

အငြိမ်းစား ဗိုလ်မှူးချုပ် တင်ဦး ကိုးကားသော ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၃၄ သည် တစ်နှစ်အတွင်းကျူးလွန်သည့်အမှုများနှင့်စပ်လျဉ်း၍ စွဲချက်သုံးရပ်အထိ တစ်မှုတည်း၌တင်၍ စစ်ဆေးနိုင်သည့် လုပ်ပိုင်ခွင့်နှင့်သာ သက်ဆိုင်သည်ဖြစ်၍ ထည့်သွင်းစဉ်းစားရန် မလိုအပ်ပေ။

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၃၀ ၌ ဖော်ပြထားသောကိစ္စတစ်ရပ်ကို လုပ်ပိုင်ခွင့်မရှိသော တရားရုံးတစ်ခုကပြုလုပ်ခဲ့လျှင် အမှုပျက်ပြယ်ကြောင်း

၁၉၀၄ အင်ဒိမ်းစား ဗိုလ်မှူးချုပ် တင်ဦး နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော်

ပြဋ္ဌာန်းထားသည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၃၀ (ဗီ) သည်လည်း ဥပဒေက စစ်ဆေးကြားနာခွင့် ပေးမထားပဲ ပြစ်မှုကျူးလွန်သူ တစ်ဦးအား တရားရုံးက စစ်ဆေးခြင်းပြုလုပ်ခဲ့သည့် အမှုများနှင့်သာ သက်ဆိုင်ပေသည်။ ပထမစွဲချက်ကို ပြင်ဆင်၍ ဒုတိယစွဲချက်တင်သည့် ကိစ္စသည်လည်း အဆိုပါ ကိစ္စများတွင် မပါဝင်ချေ။

အင်ဒိမ်းစား ဗိုလ်မှူးချုပ် တင်ဦး၏ အကျိုးဆောင်က အဆောက်အဦများ တည်ရှိရာ မြေကွက်များအား ဘဏ္ဍာအဖြစ် သိမ်းဆည်းစေရန် တိုင်းတရားရုံးက ချမှတ်ခဲ့သောအမိန့်မှာ မှားယွင်းသည်ဆိုသည့် တင်ပြချက်နှင့် စပ်လျဉ်း၍ အမှုတွဲကိုကြည့်ရှုလေ့လာသည့်အခါ တိုင်းတရားရုံးသည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ ကို ကျင့်သုံး၍ အမိန့်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရသည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ (၁) တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည် –

> "မည်သည့်ပြစ်မှုဆိုင်ရာတရားရုံးတွင်မဆို စုံစမ်းစစ်ဆေးမှု သို့မဟုတ် စစ်ဆေးစီရင်မှုတစ်မှု ဆုံးခန်းသို့ရောက်ရှိသည့်အခါ တရားရုံးသို့တင်ပြထားသော သို့မဟုတ် တရားရုံးကထိန်းသိမ်းထားသော မည်သည့်ပစ္စည်း သို့မဟုတ် စာရွက်စာတမ်း တစ်ခုခုကိုဖြစ်စေ၊ ပြစ်မှုတစ်ခုခုကျူးလွန်ခြင်းနှင့် စပ်လျဉ်းသည်ဟု ယူဆရန် အကြောင်းရှိသော ပစ္စည်း သို့မဟုတ် စာရွက်စာတမ်း တစ်ခုခုကိုဖြစ်စေ၊ သို့မဟုတ် ပြစ်မှုတစ်ခုခု ကျူးလွန်ရာတွင် အသုံးပြုခဲ့သောပစ္စည်း သို့မဟုတ် စာရွက်စာတမ်း တစ်ခုခုကိုဖြစ်စေ၊ တရားရုံးသည် ဖျက်ဆီးစေရန်၊ ဘဏ္ဍာအဖြစ် သိမ်းဆည်းစေရန်၊ လက်ဝယ်ရှင့်ရှိသည်ဟု တင်ပြလာသူတစ်ဦးဦးသို့ပေးစေရန်၊ သို့မဟုတ် အခြားနည်းဖြင့် ဆောင်ရွက်စေရန်အတွက် သင့်တော်သော စီမံခန့်ခွဲမှု အမိန့်တစ်ရပ်ကို ချမှတ်နိုင်သည်။"

၎င်းပြဋ္ဌာန်းချက်အရ ထိုပစ္စည်းတစ်ခုသည်ပြစ်မှုတစ်ခုခုကျူးလွန်ခြင်းနှင့် စပ်လျဉ်းသည်ဟု ယူဆရန်အကြောင်းရှိလျှင် သို့မဟုတ် ထိုပစ္စည်းကို ပြစ်မှုတစ်ခုခု ကျူးလွန်ရာ၌ အသုံးပြုခဲ့လျှင် အဆိုပါပစ္စည်းကို နိုင်ငံတော် ဘဏ္ဍာအဖြစ် သိမ်းဆည်းစေရန် တရားရုံးက အမိန့်ချမှတ်နိုင်ပေသည်။

သို့ဖြစ်၍ ၎င်းအယူခံမှုကို ပလပ်လိုက်ကြောင်း အမိန့်ချမှတ်သည်။

ပြစ်မှုဆိုင်ရာ အယူခံမှု

ဥက္ကဋ္ဌအဖြစ်ဦးအေးမောင်၊အဖွဲ့ဝင်များအဖြစ်ဦးခင်ဇော်မုံနှင့်ဦးတင်အုန်း တို့ ပါဝင်သော ဗဟိုတရား စီရင်ရေးအဖွဲ့ရှေ့တွင်

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်
နှင့်
မောင်ကျော်ထူး*

†၁၉၀၄
ဖေဖော်ဝါရီ
၂၇ ရက်

ပတ်ဝန်းကျင်သက်သေခံချက်အရပြစ်မှုကျူးလွန်သူမှာ တရားခံမှတပါး အခြားသူ ဖြစ်နိုင်ကြောင်း မပေါ်ပေါက်လျှင် တရားခံအပေါ် အပြစ်ပေးနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။အချင်းဖြစ်ချိန်မှာ ညနေ ၄ နာရီခွဲခန့် ဖြစ်၍ လူမှားနိုင်ရန်လည်း အကြောင်းမရှိပေ။ မောင်ကျော်ထူးက ခားနှင့်ထိုးနေသည်ကို မျက်မြင်သက်သေမရှိသော်လည်း ခားနှင့် ထိုးသည့် ပတ်ဝန်းကျင်တွင် ဖြစ်ပွါးပေါ်ပေါက်သည့် အချက်များကို ထောက်ရှု၍ ခားနှင့် ထိုးသူမှာ မောင်ကျော်ထူးမှ တပါး အခြားသူ တစ်ဦး ဖြစ်နိုင်ဖွယ်ရာ မရှိချေ။ ၅၅မျှလုံလောက်သော အထောက်အထားရှိလျှင် မျက်မြင်သက်သေ မရှိသော်လည်း ပတ်ဝန်းကျင်သက်သေခံချက်အရ ပြစ်မှုကျူးလွန်သူမှာ မောင်ကျော်ထူးဖြစ်သည်ဟု ဆုံးဖြတ်နိုင်ပေသည်။

အယူခံတရားလိုအတွက် – ဦးစိန်လှ၊ ဥပဒေဝန်ထမ်းအဆင့်(၁)
အယူခံတရားခံအတွက် – မရှိ

မကွေးတိုင်း၊ ပွင့်ဖြူမြို့နယ် တရားရုံး၌ ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၃၉၀/၀၁ တွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ အရ အရေးယူခြင်းခံရသော အယူခံတရားခံ မောင်ကျော်ထူးအား အမှုမှ အပြီးအပြတ် လွှတ်လိုက်ကြောင်း အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို ဗဟိုဥပဒေရုံးက မကျေနပ်သဖြင့် ဗဟိုတရားရုံးသို့ ၅၅အယူခံမှုကို တင်သွင်းသည်။

---

* ၁၉၀၃ ခုနှစ် ပြစ်မှုဆိုင်ရာ အယူခံမှု အမှတ် ၄၃။
† ၁၉၀၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၃၉၀ တွင် ချမှတ်သော (၂၀-၆-၀၂) နေ့စွဲပါ ပွင့်ဖြူမြို့နယ် တရားရုံး၏ အမိန့်ကို အယူခံမှု။

၁၉၇၄ ပြည်ထောင်စုဆိုရှယ်လစ် ဗမာတမြန်မာနိုင်ငံတော်နှင့် မောင်ကျော်ထူး

သေသူ ဦးဘအေး၏သား မောင်လှရွှေ၏ ပထမသတင်းပေး တိုင်ချက်၌ ၁၀–၂–၇၁ ရက်နေ့ ညနေ ၄ နာရီခွဲ အချိန်ခန့်တွင် နေအိမ်၌ ရှိနေစဉ် ကျေးရွာ ပြည်သူ့ကောင်စီဝင် ဦးအောင်ကြည်၏သား ရောက်ရှိလာပြီး ဦးဘအေးကို မောင်ကျော်ထူးက ဓားနှင့် ထိုးကြောင်း ပြောဆို သဖြင့် သွားရောက်ကြည့်ရာ ဦးအောင်ကြည်၏ အိမ်ခေါင်းရင်းဘက်တွင် ဦးဘအေး အား ဒဏ်ရာဖြင့် တွေ့ရှိရသောကြောင့် ပွင့်ဖြူပြည်သူ့ဆေးရုံသို့ ချက်ချင်း တင်ပို့ခဲ့သော်လည်း ဆေးရုံအရောက်တွင် သေဆုံးသွားခဲ့ကြောင်း ဖော်ပြ၍ တိုင်တန်းသည်။

မြို့နယ်တရားရုံးက မောင်ကျော်ထူးအား အမှုမှအပြီးအပြတ် လွှတ်ကြောင်း အမိန့်ချမှတ်ရာတွင် မောင်ကျော်ထူးက ဦးဘအေးအား ဓားနှင့် ထိုးကြောင်း တရားလိုဘက်မှ သက်သေ အထောက်အထား တင်ပြနိုင်ခြင်း မရှိကြောင်း သုံးသပ်ထားသည်။

၎င်းအမှုတွင် တရားလိုပြ သက်သေ (၁၁)ဦး စစ်ဆေးခဲ့သည်။ ယင်း (၁၁) ဦး အနက် အဓိက သက်သေမှာ ကျေးရွာအုပ်စု ပြည်သူ့ကောင်စီဥက္ကဋ္ဌ ဦးသောင်း (လိုပြ-၂) ဖြစ်သည်။ ဦးသောင်းက အချင်းဖြစ် နေ့ညနေ ၄ နာရီ အချိန်ခန့်တွင် ကျေးရွာပြည်သူ့ကောင်စီဝင် ဦးအောင်ကြည်၏ နေအိမ်၌ သေသူ ဦးဘအေးနှင့် မောင်ကျော်ထူးတို့ စကားများသည့် ကိစ္စနှင့် စပ်လျဉ်း၍ ကာယကံရှင် နှစ်ဦးအား ခေါ်ယူ၍ ဖြေရှင်းခဲ့ကြောင်း၊ မောင်ကျော်ထူးက ဆွေးနွေးဖြေရှင်းသည်ကို ကျေနပ်ကြောင်း ပြောဆို၍ ပြန်လည် ထွက်ခွါသွားကြောင်း၊ မောင်ကျော်ထူး ထွက်ခွါသွားပြီးနောက် မိမိသည် သေသူဦးဘအေး၊ ဦးအောင်ကြည်၊ ကိုမြင့်ဆွေ၊ ကိုကျော်ကြီး၊ မောင်လေး၊ မောင်ညြတို့နှင့်အတူ စကားပြောနေစဉ် ဦးဘအေးသည် ရှေ့သို့ငိုက်ကျလာသဖြင့်၊ မိမိကဖက်ထားလိုက်ပြီး နောက်သို့ လှည့်ကြည့်လိုက်သည့်အခါ မောင်ကျော်ထူးကိုတွေ့ရှိရပြီး မောင်ကျော်ထူးက ကျော်ထူးရယ်ကွာဟု အော်၍ထွက်သွားသည်ကို မြင်လိုက်ရကြောင်း ထွက်ဆိုထားသည်။ အချင်းဖြစ်စဉ်က အချင်းဖြစ်နေရာတွင် ရှိနေခဲ့သော ကိုမြင့်ဆွေ (လိုပြ–၃) ကလည်း ဦးဘအေးလဲ သွားပြီး မောင်ကျော်ထူး ထွက်ပြေးသွားသည်ကို မြင်လိုက်ရကြောင်း ထွက်ဆိုထားသည်။ တရားလိုပြ သက်သေ ကိုကျော်ကြီး (လိုပြ–၄) ကလည်း မောင်ကျော်ထူး အော်သည်ကိုကြားလိုက်ရကြောင်း ထွက်ဆိုထားသည်။ ၎င်းသက်သေများသည် မောင်ကျော်ထူး အပေါ် မဟုတ်မတရားထွက်ဆိုရန် အကြောင်းရှိသည်ဟုလည်း မပေါ်ပေါက်ပေ။

အချင်းဖြစ်ချိန်မှာ ညနေ ၄ နာရီခွဲခန့်ဖြစ်၍ လူမှောင်နိုင်ရန်လည်းအကြောင်း မရှိပေ။ မောင်ကျော်ထူးက ဓားနှင့် ထိုးနေသည်ကို မျက်မြင်သက်သေ မရှိသော်

လည်းခေါ်နှင့်ထိုးသည့်ပတ်ဝန်းကျင်တွင်ဖြစ်ပွားပေါ်ပေါက်သည့်အချက်များကို ထောက်ရှု၍ ခေါနှင့် ထိုးသူမှာ မောင်ကျော်ထူးမှ တပါး အခြားသူ တစ်ဦး ဖြစ်နိုင်ဖွယ်ရာ မရှိချေ။ ဤမျှလုံလောက်သော အထောက်အထားရှိလျှင် မျက်မြင် သက်သေမရှိသော်လည်း ပတ်ဝန်းကျင် သက်သေခံချက်အရ၊ ပြစ်မှုကျူးလွန်သူမှာ မောင်ကျော်ထူး ဖြစ်သည်ဟု ဆုံးဖြတ်နိုင်ပေသည်။

သို့ဖြစ်၍ ဤအယူခံမှုကို ခွင့်ပြု၍ မြို့နယ်တရားရုံး၏ အမိန့်ကို ပယ်ဖျက်ပြီး မောင်ကျော်ထူးအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၂) အရ အလုပ်နှင့် ထောင်ဒဏ် (၇) နှစ် ကျခံစေရန် အမိန့်ချမှတ်သည်။

ပြစ်မှုဆိုင်ရာ အယူခံမှု

ဥက္ကဋ္ဌအဖြစ်ဦးအေးမောင်၊အဖွဲ့ဝင်များအဖြစ်ဦးခင်ဇာမုံနှင့်ဦးတင်အုန်း တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

†၁၉၀၄
ဖေဖော်ဝါရီ
၂၉ ရက်

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်
နှင့်
ဂေါပါလူး *

နိုင်ငံခြားသားတစ်ဦးသည် နိုင်ငံသားလက်မှတ်ရရှိရန်လျှောက်ထားဆဲကာလတွင် မိမိကိုင်ဆောင်ထားသော နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ်အတွက် ပေးဆောင်ရမည့် အခွန်ငွေမှ ကင်းလွတ်ခွင့်မရှိခြင်း။

ဆုံးဖြတ်ချက်။ ။ဂေါပါလူးသည် နိုင်ငံသားလက်မှတ်ရရှိရန်လျှောက်ထားဆဲဖြစ်သည်ဆိုရုံမျှဖြင့် မိမိကိုင်ဆောင်ထားသော နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ်အတွက် ပေးဆောင်ရန်ရှိသော နှစ်စဉ်ကြေး အခွန်ငွေ ပေးဆောင်ရန် တာဝန်မှ ကင်းလွတ်ခွင့်ရရှိမည်မဟုတ်ပေ။

အယူခံတရားလိုအတွက် – ဦးစိန်အောင်၊ဥပဒေဝန်ထမ်းအဆင့်(၁)
အယူခံတရားခံအတွက် – ဦးလှမောင်၊ ဗဟိုတရားရုံးရှေ့နေ

ပေါင်မြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီး အမှတ် ၃၀၄/၀၂ တွင် ဂေါပါလူးအပေါ် နိုင်ငံခြားသားမှတ်ပုံတင်ဥပဒေပုဒ်မ ၅(၁)အရ စစ်ဆေးစီရင်ပြီးနောက် ဂေါပါလူးအား အပြီးအပြတ်လွှတ်ခဲ့သည်။ ဗဟိုဥပဒေရုံးက မြို့နယ်တရားရုံး၏အဓိန္ဓိကိုမကျေနပ်သဖြင့် ဗဟိုတရားရုံးသို့ ဤအယူခံမှုကိုတင်သွင်းသည်။

အမှုမှာ ပေါင်မြို့နယ် ကော့ကရင်ကျေးရွာနေ ဂေါပါလူးသည် ၂၆–၄–၄၉ ရက်နေ့စွဲပါ နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ်နံပါတ် တိအေတီ ဂ၇၁၂/၄၉ ကို ကိုင်ဆောင်ထားသူဖြစ်သော်လည်း နှစ်စဉ်ကြေး အခွန်ငွေ

---

* ၁၉၀၃ ခုနှစ် ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၆၇။
† ၁၉၀၂ ခုနှစ်၊ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၃၀၄ တွင်ချမှတ်သော(၂၆-၁၁-၀၂) နေ့စွဲပါ ပေါင်မြို့နယ်တရားရုံး၏ စီရင်ချက်ကို အယူခံမှု။

များကို ပေးသွင်းရန်ပျက်ကွက်နေသည်ကို စစ်ဆေးတွေ့ရှိရသည်ဟုဖေါ်ပြလျက် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန လက်ထောက် မြို့နယ်ဦးစီးမှူး ဦးစိုးက ဂေါ်ပါလူးအပေါ် နိုင်ငံခြားသားမှတ်ပုံတင် နည်းဥပဒေ အပိုဒ် ၇(၂)နှင့် ယင်းဥပဒေပုဒ်မ ၅(၁)တို့အရ အရေးယူပေးရန် တိုက်ရိုက်တိုင် လျှောက်သောအမှုဖြစ်သည်။

ဗဟိုဥပဒေချုံးက အဓိကအကြောင်းပြချက်အဖြစ် တင်ပြရာတွင် ဂေါ်ပါလူးသည် ၂၆-၄-၄၉ ရက် နေ့စွဲပါ နိုင်ငံခြားသားမှတ်ပုံတင်နံပါတ် တီအေတီ ၀၇၁၂/၄၉ ကို သက်ဆိုင်ရာလူဝင်မှုကြီးကြပ်ရေးရုံးမှ ထုတ်ယူ ကိုင်ဆောင်ထားသူ ဖြစ်သော်လည်း နှစ်စဉ်ကြေးငွေများကို ပေးသွင်းရန် ပျက်ကွက်နေကြောင်း၊ ဂေါ်ပါလူးက နိုင်ငံသားလက်မှတ်ရရှိရန် သက်ဆိုင်ရာသို့ လျှောက်ထားခဲ့ဖြစ်ပါသည်ဆိုရုံမျှဖြင့် မိမိကိုင်ဆောင်ထားသော နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ်အတွက် နှစ်စဉ်ကြေးငွေများကိုပေးသွင်းခြင်းမှ ကင်းလွတ်ခွင့် မရရှိကြောင်းတင်ပြသည်။

မူလတရားရုံးက သုံးသပ်ရာတွင် နိုင်ငံသားလက်မှတ်ထုတ်ပေးရန် လျှောက်ထားခဲ့ဖြစ်၍ အခွန်ငွေပေးဆောင်ရန် မလိုသေးဟု ယူဆကြောင်း သုံးသပ်၍ အပြီးအပြတ်လွှတ်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရသည်။

မူလရုံးအမှုတွဲကို လေ့လာကြည့်ရှုရာတွင် ဂေါ်ပါလူးသည် နိုင်ငံခြားသားမှတ်ပုံတင်(စနစ်ဟောင်း) လက်မှတ်နံပါတ် တီအေတီ ၀၇၁၂/၄၉ ကို သက်ဆိုင်ရာမှ ရယူကိုင်ဆောင်ထားသူဖြစ်ကြောင်း အငြင်းမပွားပေ။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ လက်ထောက်မြို့နယ်ဦးစီးမှူး ဦးစိုး၏ထွက်ချက်အရ ဂေါ်ပါလူးသည် နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ် ကိုင်ဆောင်ထားသူဖြစ်သော်လည်း ပေးဆောင်ရန်ရှိသော နှစ်စဉ်ကြေး အခွန်ငွေများကို ပေးဆောင်ရန်ပျက်ကွက်နေကြောင်း ပေါ်ပေါက်ပေသည်။

ဂေါ်ပါလူးသည် နိုင်ငံသားလက်မှတ်ရရှိရန်လျှောက်ထားခဲ့ဖြစ်သည်ဆိုရုံမျှဖြင့် မိမိကိုင်ဆောင်ထားသော နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ်အတွက် ပေးဆောင်ရန်ရှိသော နှစ်စဉ်ကြေးအခွန်ငွေပေးဆောင်ရန် တာဝန်မှ ကင်းလွတ်ခွင့်ရရှိမည် မဟုတ်ပေ။

ထို့ကြောင့် ဤအယူခံမှုကိုခွင့်ပြု၍ ပေါင်မြို့နယ်တရားရုံး၏အမိန့်ကို ပယ်ဖျက်ပြီး ဂေါ်ပါလူးအပေါ် နိုင်ငံခြားသားမှတ်ပုံတင်ဥပဒေပုဒ်မ ၅(၁) အရ ဒဏ်ငွေကျပ် ၁၀၀/-ပေးဆောင်စေ၊ မပေးဆောင်ပျက်ကွက်ပါက ထောင်ဒဏ် (၄) လကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးတင်အောင်နှင့် ဦးထွန်းရှိန် တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

†၁၉၀၄ ဖေဖော်ဝါရီ ၂ ရက်

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်
နှင့်
ဦးမျိုးမြင့်အောင် *

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၀၃ (၁)—အမှု (၂) မှတွင် သီးခြားကွဲလွဲသောအကြောင်းခြင်းရာရှိလျှင် ပထမအမှုဌ အပြီးအပြတ် သတ်ပြီးနောက် ဒုတိယအမှုစွဲဆိုခြင်းသည်ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၀၃ (၁) ပါ မြဌာန်းချက်နှင့် ဆန့်ကျင်မှုမရှိခြင်း။

ဆုံးဖြတ်ချက်။ ။ဦးမျိုးမြင့်အောင်အပေါ် ပုဒ်မ ၁၀၈ အရ စွဲဆိုသောအမှုကို မြို့နယ်တရားရုံးက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၄၈ အရ ရုပ်သိမ်းခွင့်ပြုသဖြင့် ထိုအမှုဌ ဦးမျိုးမြင့်အောင်သည် အမှုမှ အပြီးအပြတ် လွှတ်ခဲ့ပြီးဖြစ်ရာ သူ့အား ပြည်သူ့ပိုင်ပစ္စည်း ကာကွယ်ရေး ဥပဒေ ပုဒ်မ ၆ (၁) အရ ၈—၃—၈၂ ရက်နေ့တွင် ရဲက ထပ်မံ၍ ဒုတိယအကြိမ် စွဲဆိုတင်ပို့သည်ကို မြို့နယ်တရားရုံးက ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၇၁/၈၂ အရ လက်ခံစစ်ဆေးခြင်းသည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၀၃ (၁) ပါ ဓိတ်ပင်တားမြစ်ချက်နှင့် အကျုံးဝင်ခြင်းရှိမရှိ ဆက်လက်၍ သုံးသပ်ရန်ဖြစ်သည်။

အဆိုပါ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၀၃ (၁) တွင်—

"စီရင်ပိုင်ခွင့်ရှိသောတရားရုံးတစ်ခုခုမှ ပြစ်မှုတစုံတရာအတွက် တစ်ကြိမ်စစ်ဆေး၍ ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီးသူ သို့မဟုတ် တရားသေလွှတ်ခြင်းခံရပြီးသူ တစ်ဦးအား ယင်းကဲ့သို့ ပြစ်မှုထင်ရှားတွေ့ရှိသော စီရင်ချက် သို့မဟုတ် တရားသေလွှတ်သည့် စီရင်ချက်သည် အတည်ဖြစ်လျက် ရှိနေသည့် အတော အတွင်း၊ ၎င်းပြစ်မှုနှင့်ပင်ထပ်မံ၍ စစ်ဆေးစီရင်ခြင်းမခံထိုက်စေရ၊ ထိုတူညီ

---

* ၁၉၀၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၁၀ (က) နှင့် ၆၉ (ခ)

† ၁၉၀၂ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှုတ် ၃၁၀ တွင်ချမှတ်သော (၁၂-၁-၀၃) နေ့စွဲပါ ရောဝတီတိုင်းတရားရုံး၏အမိန့်ကို ပြင်ဆင်မှု။

သောအကြောင်းခြင်းရာများကို အခြေပြု၍ ပုဒ်မ ၂၃၆ အရ ကွဲလွဲသည့်စွဲချက်များနှင့် ဖောင်ိုင်သည့်ပြစ်မှုအတွက်ဖြစ်စေ၊ ပုဒ်မ ၂၃၇ အရ ပြစ်မှုထင်ရှားစီရင်နိုင်သည့် အခြားပြစ်မှုအတွက်ဖြစ်စေ ထပ်မံစစ်ဆေးခြင်းမခံထိုက်စေရ" ဟု ပြဋ္ဌာန်းထားသည်။

အမှုကို ရုပ်သိမ်းခွင့်ပြုခဲ့သော ပထမအမှုသည် နယ်ကျော်၍ ဆန့်ကိုသယ်ယူခြင်းအတွက် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၀၀ အရ ရဲစခန်းမှူးကတရားလိုပြုလုပ်ပြီး တိုင်ချက်ရေးဖွင့်၍ ဦးမျိုးမြင့်အောင်အပေါ် စွဲဆိုတင်ပို့သောအမှု ဖြစ်သည်။ဒုတိယအကြိမ် စွဲဆိုတင်ပို့သောအမှုသည် လယ်/ကျွန်း/ရှင်း မန်နေဂျာ ဦးအေးချိုက ဦးမျိုးမြင့်အောင်အပေါ် အစိုးရဆန့်ကို ခိုးယူရောင်းချကြောင်းဖြင့် တိုင်ကြား၍ ရဲကပြည်သူပိုင်ပစ္စည်းကာကွယ်ရေးဥပဒေပုဒ်မ ၆(၁) အရ တိုင်ချက်ရေးဖွင့်လက်ခံခဲ့ခြင်း ဖြစ်သည်။ သို့ဖြစ်ရာ အမှုနှစ်မှုသည် အမှုဖြစ်အကြောင်းခြင်းရာသဘာဝချင်းမတူပဲ တသီးတခြားစီ စွဲဆိုတင်နိုင်သောမှုခင်းအမျိုးအစားများ ဖြစ်နေကြကြောင်း တွေ့ရသဖြင့် ဦးမျိုးမြင့်အောင်အပေါ် ဒုတိယအမှုကို စွဲဆိုခြင်းအားဖြင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၀၃(၁) တွင် ပြဋ္ဌာန်းထားသော ဝိဘင်တားမြစ်ချက်ကို ဆန့်ကျင်သည်ဟုမဆိုနိုင်ပေ။

လျှောက်ထားသူအတွက် — ဦးဘမော်၊ ဥပဒေဝန်ထမ်းအဆင့် (၁)
လျှောက်ထားခံရသူအတွက်— ဦးတင်ညွန့်၊ ဒေါ်မြကြည်၊
ဗဟိုတရားရုံးရှေ့နေများ

လေးမျက်နှာမြို့နယ်တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၇၁/၀၂ တွင် ဦးမျိုးမြင့်အောင်အပေါ် ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေး ဥပဒေပုဒ်မ ၆(၁) အရ စွဲချက်တင်ကြောင်း အဓိန့်ချမှတ်သည်။ ယင်းအဓိန့်ကို ဦးမျိုးမြင့်အောင်က မကျေနပ်သဖြင့် ရောဝတီတိုင်းတရားရုံးသို့ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၃၁၀/၀၂ အရ ပြင်ဆင်မှု ဝင်ရောက်သော်လည်း မအောင်မြင်သောကြောင့် ဗဟိုတရားရုံးသို့ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၆၉(ခ)/၀၃ အရ ပြင်ဆင်မှု တင်သွင်းသည်။ အဆိုပါ ပြင်ဆင်မှုကို စီရင်ဆုံးဖြတ်ခြင်းမပြုမီ ဦးမျိုးမြင့်အောင်အပေါ် လေးမျက်နှာမြို့နယ်တရားရုံး၌ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၀၀ အရ စွဲဆိုသော ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၃၂၁/၀၁ အမှုကို ရုပ်သိမ်းခွင့်ပြုသည့် အဓိန့်သည် ဥပဒေနှင့် ညီညွတ်မှုရှိမရှိ စိစစ်ရန်အတွက် ဗဟိုတရားရုံးကပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၁၀(က)/၀၃ ကို ဖွင့်လှစ်ခဲ့သည်။ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၆၉(ခ)/၀၃ နှင့် ပြစ်ဆိုင်ရာ ပြင်ဆင်မှုအမှတ် ၁၀(က)/၀၃ တို့တွင် အမှုတစ်မှုတည်းမှ ပေါ်ပေါက်လာသည့် အကြောင်းခြင်းရာ အချက်အလက်နှင့် ဥပဒေရေးရာ အချက်အလက်များကို သုံးသပ်ရန်ရှိသဖြင့် ၎င်အဓိန့်သည်ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုနှစ်မှုစလုံးနှင့် သက်ဆိုင်စေရမည်။

၁၉၀၄ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် နှင့် ဦးမျိုးမြင့် အောင်

မူလရုံး အမှုတွဲများကို လေ့လာရာ လေးမျက်နှာမြို့၊ လယ်/ကျွန်း/ရှင်း ဌာနမှ မြို့နယ်မန်နေဂျာ ဦးအေးချိုက ၃၀-၆-၈၁ ရက် နေ့၌ ဆန်စက် အမှတ် (၂၇၆)တွင် ရှိသော အစိုးရပိုင် ဆန်အိတ်များကို ရေစကြုံမြို့သို့ သယ်ဆောင်ရန် မော်တော်ပေါ်သို့ တင်ပို့ရာတွင် ဆန်စက်ပိုင်ရှင် ဦးမျိုးမြင့် အောင်သည် အစိုးရပိုင် ဆန်အိတ် (၇၇)အိတ်ကို မော်တော်မှ ဦးမြင့်မောင် သို့ ရောင်းချကြောင်းဖြင့် ၁-၇-၈၁ ရက်နေ့တွင် လေးမျက်နှာ ရဲစခန်း၌ တိုင်ချက်ဖွင့်ရာ ရဲစခန်းက ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေး ဥပဒေပုဒ်မ ၆(၁) အရ အမှုဖွင့်လှစ်ကြောင်း တွေ့ရသည်။ ထို့နောက် ရဲစခန်းမှူး ဦးမောင်မောင်က ၅-၁၁-၈၁ ရက် နေ့စွဲဖြင့် ဦးမျိုးမြင့်အောင်အပေါ် ရဲစခန်း၌တိုင်ချက် တစ်ခုဖွင့်သည်။ ထိုတိုင်ချက်၌ ဆန်စက်ပိုင်ရှင် ဦးမျိုးမြင့်အောင်သည် ရေစကြုံမြို့ နေ မော်တော်ပိုင်ရှင် ဦးမြင့်မောင်အား အစိုးရပိုင်ဆန်အိတ် (၇၇) အိတ် ရောင်းချခြင်းနှင့် စပ်လျဉ်း၍ မြို့နယ်ပြည်သူ့ ကောင်စီ၏ ၂၀-၁၀-၈၁ ရက်နေ့ တွင် ပြုလုပ်သော အစည်းအဝေး ဆုံးဖြတ်ချက် အပိုဒ် (၇) (က)(ခ) အရ ဦးမျိုးမြင့်အောင်အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၈၈ အရ အရေးယူရန် တိုင်ကြားကြောင်း ပါရှိသည်။

၅-၁၁-၈၁ ရက်နေ့၌ ဦးမျိုးမြင့်အောင်အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၈၈ အရ ရဲစခန်းက စွဲဆိုတင်ပို့ရာ လေးမျက်နှာမြို့နယ် တရားရုံးက ပြစ်မှု ဆိုင်ရာ အမှုကြီးအမှတ် ၃၂၁/၈၁ အရ လက်ခံခဲ့သည်။ အမှုကို သမ္မာန်မှု စစ်ဆေးနည်းဖြင့် စစ်ဆေး၍ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၈၈ အရ ပြစ်မှုကျူး လွန်ခြင်း ရှိမရှိ မေးမြန်းရာ ဦးမျိုးမြင့်အောင်က အပြစ်ရှိကြောင်း ဝန်ခံသော်လည်း မြို့နယ်တရားရုံးက ထိုနေ့တွင် အမိန့်မချမှတ်ပဲ အမှု အတိမ်အနက်ကို စဉ်းစားအချိန်ယူရမည်ဟု နေ့စဉ်မှတ်တမ်းတွင် ဖော်ပြပြီး အမိန့်ချမှတ်ရန် ရွှေ့ဆိုင်းခဲ့သည်။ ထို့နောက် ၂၃-၂-၈၂ ရက်နေ့တွင် ရုံးအမှုလိုက် ဝါက ပုဒ်မ ၁၈၈ ဖြင့် စွဲဆိုထားခြင်းမှာ လွဲမှားနေကြောင်း မြို့နယ်ပြည်သူ့ကောင်စီ ၏ သဘောထားအရ အမှုကို ဝိတ်သိမ်းခွင့် ပြုရန်နှင့် ဦးမျိုးမြင့်အောင်အပေါ် ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေး ဥပဒေပုဒ်မ ၆ (၁)အရ မြို့နယ်ရဲတပ်ဖွဲ့မှူးမှ မကြာမီအမှုကို တင်ပို့ပေးမည်ဖြစ်ကြောင်း တင်ပြသည်ကို လက်ခံကြောင်းနှင့် အမှုကို ဝိတ်သိမ်းခွင့်ပြုကြောင်း မြို့နယ်တရားရုံးက အမိန့်ချမှတ်ထားသည်ကို တွေ့ရသည်။

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၂၄၈ တွင် တရားလိုသည် အမှုကို တရား ရုံးက အပြီးသတ် အမိန့်မချမှတ်မီ မည်သည့်အချိန်အခါတွင်မဆို ယင်းတိုင် လျောက်မှုကို ရုပ်သိမ်း ခွင့်ပြုရန် ခိုင်လုံကျေနပ်ဖွယ်ရာ အခြေအနေရှိကြောင်း တင်ပြနိုင်လျှင် တရားရုံးက အမှုကို ရုပ်သိမ်းခွင့်ပြုနိုင်ကြောင်းနှင့် တရားခံကို အမှုမှ အပြီးအပြတ် လွှတ်ရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။ သို့ဖြစ်ရာ

ဦးမျိုးမြင့်အောင်အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၀၈ အရ စွဲဆိုသော ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၃၂၁/၀၁ ကို မြို့နယ်တရားရုံးက ရုပ်သိမ်းခွင့် ပြုကြောင်း ချမှတ်သည့် အမိန့်သည် ဥပဒေနှင့် ညီညွတ်ခြင်းမရှိကြောင်း မတွေ့ရသဖြင့် မြို့နယ်တရားရုံးအမိန့်သည် မှားယွင်းသည်ဟု မဆိုနိုင်ပေ။

ဦးမျိုးမြင့်အောင်အပေါ် ပုဒ်မ ၁၀၈ အရ စွဲဆိုသော အမှုကို မြို့နယ်တရားရုံးက ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၂၄၈ အရ ရုပ်သိမ်းခွင့်ပြုသဖြင့် ထိုအမှု၌ ဦးမျိုးမြင့်အောင်သည် အမှုမှ အပြီးအပြတ်လွှတ်ခဲ့ပြီးဖြစ်ရာ သူ့အား ပြည်သူ့ပိုင် ပစ္စည်း ကာကွယ်ရေး ဥပဒေပုဒ်မ ၆ (၁)အရ ၈-၃-၀၂ ရက် နေ့တွင် ရဲက ထပ်မံ၍ ဒုတိယအကြိမ် စွဲဆိုတင်ပို့သည်ကို မြို့နယ်တရားရုံးက ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၇၁/၀၂ အရ လက်ခံစစ်ဆေးခြင်းသည် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၄၀၃ (၁)ပါ ဝိတ်ပင် တားမြစ်ချက်နှင့် အကျုံးဝင်ခြင်း ရှိမရှိ ဆက်လက်၍ သုံးသပ်ရန်ဖြစ်သည်။ အဆိုပါ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၄၀၃ (၁) ထွင်–

"စီရင်ပိုင်ခွင့်ရှိသော တရားရုံးတစ်ခုခုမှ ပြစ်မှုတစုံတရာအတွက် ထုစ်ကြိမ် စစ်ဆေး၍ ပြစ်မှုထင်ရှား စီရင်ခြင်းခံရပြီးသူ သို့မဟုတ် တရားသေလွှတ်ခြင်း ခံရပြီးသူ တစ်ဦးအား ယင်းကဲ့သို့ ပြစ်မှုထင်ရှားတွေ့ရှိသော စီရင်ချက် သို့မဟုတ် တရားသေလွှတ်သည့် စီရင်ချက်သည် အတည်ဖြစ်လျက် ရှိနေသည့် အတောအတွင်း၊ ၎င်းပြစ်မှုနှင့်ပင် ထပ်မံ၍ စစ်ဆေးစီရင်ခြင်း မခံထိုက်စေရ၊ ထိုတူညီသော အကြောင်းခြင်းရာများကို အခြေပြု၍ ပုဒ်မ ၂၃၆ အရ အခြားကဲ့လွဲသည့် စွဲချက်များနှင့် တင်နိုင်သည့် ဖြစ်မှုအတွက်ဖြစ်စေ၊ ပုဒ်မ ၂၃၇ အရ ပြစ်မှုထင်ရှား စီရင်နိုင်သည့် အခြားပြစ်မှုအတွက် ဖြစ်စေ ထပ်မံစစ်ဆေးခြင်း မခံထိုက်စေရ" ဟု ပြဋ္ဌာန်းထားသည်။

အမှုကို ရုပ်သိမ်းခွင့် ပြုခဲ့သော ပထမအမှုသည် နယ်ကျော်၍ ဆန့်ကို သယ်ယူခြင်းအတွက် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ် မ ၁၀၈ အရ ရဲစခန်းမှူးက တရားလို ပြုလုပ်ပြီး တိုင်ချက် ရေးဖွင့်၍ ဦးမျိုးမြင့်အောင်အပေါ် စွဲဆိုတင်ပို့သော အမှုဖြစ်သည်။ ဒုတိယအကြိမ် စွဲဆိုတင်ပို့သော အမှုသည် လယ်/ကျန်း/ရှင်း မန်နေဂျာ ဦးအေးချိုက ဦးမျိုးမြင့်အောင် အပေါ် အစိုးရဆန့်ကို ခိုးယူရောင်းချကြောင်းဖြင့် တိုင်ကြား၍ ရဲက ပြည်သူ့ပိုင်ပစ္စည်း ကာကွယ်ရေး ဥပဒေ ပုဒ်မ ၆ (၁)အရ တိုင်ချက်ရေးဖွင့် လက်ခံခဲ့ခြင်းဖြစ်သည်။ သို့ဖြစ်ရာ အမှုနှစ်မှုသည် အမှုဖြစ် အကြောင်းခြင်းရာ သဘာဝချင်း မတူပဲ တသီးတခြားစီ စွဲဆိုတင်နိုင်သော မှုခင်း အမျိုးအစားများ ဖြစ်နေကြကြောင်း တွေ့ရသဖြင့် ဦးမျိုးမြင့်အောင်အပေါ် ဒုတိယအမှုကို စွဲဆိုခြင်းအားဖြင့် ပြစ်မှုဆိုင်ရာ

၁၉၀၄ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်နှင့် ဦးမျိုးမြင့်အောင်

ကျင့်ထုံးဥပဒေပုဒ်မ ၄၀၃ (၁) တွင် ပြဋ္ဌာန်းထားသော ဝိတ်ပင်တားမြစ်ချက်ကို ဆန့်ကျင်သည်ဟု မဆိုနိုင်ပေ။

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၈၈ ဖြစ်သော အမိန့်ဖီဆန်မှုများကို အမိန့်ထုတ်ပြန်ကြေငြာခဲ့သည့် အာဏာပိုင် အဖွဲ့အစည်းနှင့် ပြည်သူ့ဝန်ထမ်းက ဖြစ်စေ၊ ၎င်းထက် အဆင့်မြင့်သည့် အထက်အာဏာပိုင် အဖွဲ့အစည်းနှင့် ပြည်သူ့ဝန်ထမ်းကဖြစ်စေ ကိုယ်တိုင်တရားလိုပြုလုပ် တရားစွဲဆိုခြင်း မပြုက တရားရုံးအနေဖြင့် လက်ခံစဉ်းစားခြင်း မပြုရန် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ (၁)(က) တွင် ပိတ်ပင်ထားသည်။ ယခုအမှုတွင် လေးမျက်နှာမြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့မှ ထုတ်ပြန်သည့် အမိန့်ကို ဖီဆန်ကြောင်းဖြင့် စွပ်စွဲထားရာ ယင်းအမိန့်ကို ထုတ်ပြန်သည့် အလုပ်အမှုဆောင် အဖွဲ့က ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၁၉၅ (၁) (က) နှင့် အညီ တရားလိုပြုလုပ် တရားစွဲရန်ဖြစ်သော်လည်း ယင်းသို့မစွဲပဲ ရဲစခန်းမှူး၏ တိုင်ချက်အပေါ် မြို့နယ်တရားရုံးက အမှုကို လက်ခံစစ်ဆေးကြားနာ ထားခြင်းကြောင့် အမှုမှာ မူလတရားစွဲစဉ်ကပင် ပျက်ပြယ်နေပြီဖြစ်သည်။ ဤသို့ဆိုလျှင် မြို့နယ်တရားရုံး၌ ပထမ အမှုဟူ၍ပင် ပေါ်ပေါက်လာရန် အကြောင်းမရှိတော့ပေ။

မူလရုံး အမှုတွဲဖြစ်သော ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၇၁/၀၂ ကို လေ့လာရာ အချင်းဖြစ် ဆန့်စက်မှု အလုပ်သမားများဖြစ်သော ဦးကြိုင် (လိုပြ–၃) နှင့် ဦးကြည်ဝင်း (လိုပြ–၄) တို့၏ ထွက်ဆိုချက်များ အရ ဆန့်စက်ရှိ လယ်/ကျွန်း/ရှင်း ဌာနပိုင် အစိုးရဆန့်များကို ရှေ့ကြို့မြို့သို့ သယ်ဆောင်ရန် ရောက်ရှိလာသော ''အောင်သောင်းကျော်'' မော်တော်ပေါ်သို့ တင်ပို့ရာတွင် ဆန့်စက်ပိုင်ရှင် ဦးမျိုးမြင့်အောင်က အခြားဆန့်အိတ် (၇၇) အိတ်ကိုလည်း ထိုမော်တော်ပေါ်သို့ သီးခြားအလုပ်သမား ခများ ပေးပြီး တင်ခိုင်းထားကြောင်း ပေါ်ပေါက်သည်။

လယ်/ကျွန်း/ရှင်းမှ ဝန်ထမ်းများဖြစ်ကြသော ဦးအေးချို (လိုပြ–၁)၊ ဦးဝင်း (လိုပြ–၂) နှင့် ဦးကျော်စိန် (လိုပြ–၅) တို့က မော်တော်ပေါ်သို့ ဦးမျိုးမြင့်အောင် တင်သော ဆန်အိတ် (၇၇) အိတ်သည် ဌာနပိုင် ဆန်များ ဖြစ်ကြောင်း ထွက်ဆိုထားကြသည်ကို တွေ့ရသည်။

၎င်အချက်အလက်များအရ ဦးမျိုးမြင့်အောင် အပေါ် ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေး ဥပဒေပုဒ်မ ၆ (၁) ဖြင့် စွဲချက်တင်ရန် လုံလောက်သော သက်သေခံချက်များရှိနေကြောင်း တွေ့ရ၍ မူလရုံးနှင့် တိုင်းတရားရုံးတို့က ဦးမျိုးမြင့်အောင်အား စွဲချက်တင်သော အမိန့်ကို ချမှတ်ထားခြင်းသည် မှားယွင်းသည်ဟု မဆိုနိုင်ပေ။

၁၉၀၄

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် နှင့် ဦးမျိုးမြင့် အောင်

ထို့ကြောင့် လေးမျက်နှာမြို့နယ် တရားရုံးက ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၇၁/၀၂ တွင် ဦးမျိုးမြင့်အောင်အပေါ် ပြည်သူ့ဝိုင်ပစ္စည်း ကာကွယ်ရေးဥပဒေ ပုဒ်မ ၆(၁) အရ စွဲချက်တင်သော အမိန့်နှင့် ထိုအမိန့်ကို အတည်ပြုသော ရောဝတီတိုင်းတရားရုံး၏ အမိန့်တို့ကို အတည်ပြုပြီး ဦးမျိုးမြင့်အောင်၏ ပြင်ဆင်မှု လျှောက်လွှာကို ပယ်လိုက်သည်။ထို့ပြင် ဗဟိုတရားရုံးမှ ဖွင့်လှစ်ထားသော ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၁၀(က)/၀၃ ကို တစုံတရာဆက်လက် ဆောင်ရွက်ရန် အကြောင်း မရှိသဖြင့် ပိတ်သိမ်းကြောင်း အမိန့် ချမှတ်လိုက်သည်။

ပြစ်မှုဆိုင်ရာ အယူခံမှု

ဥက္ကဋ္ဌအဖြစ်ဦးအေးမောင်၊ အဖွဲ့ဝင်များအဖြစ်ဦးခင်ဇာမုံနှင့်ဦးတင်အုန်း တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ချွေတွင်

†၁၉၀၄
မတ်လ ဂ-ရက်

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်
နှင့်
ဦးအောင်ချစ်*

ရန်ကုန်မြို့နိုစီပယ် ဥပဒေပုဒ်မ ၁၂၃ နှင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၀၃—ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၀၃ပါပြဋ္ဌာန်းချက်များသည် ရန်ကုန်မြို့နိုစီပယ် ဥပဒေပုဒ်မ ၁၂၃ အရ ထပ်ဆင့်စွဲဆိုခြင်းအတွက် ပြစ်မှုထင်ရှား စီရင်ခြင်းကို ဝိတ်ပင်နိုင်ခြင်းမရှိ။

ဆုံးဖြတ်ချက်။ ။ရန်ကုန်မြို့နိုစီပယ်ဥပဒေပုဒ်မ ၁၂၃/၂၀၅အရ ပထမအကြိမ်ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူအပေါ် ဒုတိယအကြိမ်ဆက်လက်ကျူးလွန်သော အလားတူ ပြစ်မှုအတွက် ယင်းဥပဒေပုဒ်မ ၁၂၃/၂၀၆ အရ ပြစ်မှုထင်ရှား စီရင်နိုင်ကြောင်း အထူးပြဋ္ဌာန်းချက် ရှိနေပေသည်။ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၄၀၃ ပါ ပြဋ္ဌာန်းချက်များသည် ရန်ကုန်မြို့နိုစီပယ် ဥပဒေပုဒ်မ ၁၂၃ အရ ထပ်ဆင့်စွဲဆိုခြင်း အတွက် ပြစ်မှုထင်ရှားစီရင်ခြင်းကို ဝိတ်ပင်တားမြစ်ခြင်း မရှိနိုင်ပေ။

အယူခံတရားလိုအတွက် — ဦးဘမော်၊ ဥပဒေပညာရှင်

အယူခံတရားခံအတွက် — ဦးပုလေး၊ ဗဟိုတရားရုံး ရှေ့နေ

ကမာရွတ်မြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၉၀၀/၀၁ တွင် ဦးအောင်ချစ်အပေါ် ရန်ကုန်မြို့နိုစီပယ် ဥပဒေပုဒ်မ ၁၂၃ အရ စွဲဆိုတင်ပို့ခဲ့ရာ ဦးအောင်ချစ်အား အမှုမှ အပြီးအပြတ် လွှတ်ခဲ့သည်။ ဗဟိုဥပဒေရုံးက မြို့နယ်တရားရုံး၏ အမိန့်ကို မကျေနပ်သဖြင့် ဗဟိုတရားရုံးသို့ ဤအယူခံမှုကို တင်သွင်းသည်။

---

* ၁၉၀၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှု အမှတ် ၃၊

† ၁၉၀၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၉၀၀ တွင် ချမှတ်သော (၂၆-၁-၀၂) နေ့စွဲပါ ကမာရွတ်မြို့နယ် တရားရုံး၏ အမိန့်ကို အယူခံမှု။

၁၉၀၄
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတမြန်မာ
နိုင်ငံတော်
နှင့်
ဦးအောင်ချစ်

အမှုမှာ ကမာရွတ်မြို့နယ် (၁၀) ရပ်ကွက်၊ အမှတ် (၁၃၅–အေ) နေ ဦးအောင်ချစ်သည် ရန်ကုန်မြို့နိုစီပယ်အဖွဲ့၏ ခွင့်ပြုချက်အမိန့် လိုင်စင်မရှိပဲ အဝတ်လျော်စက် လုပ်ငန်း လုပ်ကိုင်နေသည်ကို တွေ့ရှိရကြောင်း ဖော်ပြလျက် ရန်ကုန်မြို့နိုစီပယ်အဖွဲ့ အုပ်ချုပ်ရေးမှူး ဦးလှမြင့်က ဦးအောင်ချစ် အပေါ် ရန်ကုန်မြို့နိုစီပယ် ဥပဒေပုဒ်မ ၁၂၃ အရ အရေးယူပေးရန် တိုက်ရိုက်တိုင် လျောက်သော အမှုဖြစ်သည်။

ဗဟိုဥပဒေရုံးက အဓိကအကြောင်းပြချက်အဖြစ် တင်ပြရာတွင် ဦးအောင်ချစ်သည် ရန်ကုန်စည်ပင်သာယာရေးအဖွဲ့မှ ထုတ်ပေးသည့် ခွင့်ပြုမိန့်လိုင်စင် တစုံတရာ မရှိပဲ အဝတ်လျော်စက် လုပ်ငန်းကို လုပ်ကိုင်ခဲ့သဖြင့် ရန်ကုန်မြို့နိုစီပယ် ဥပဒေပုဒ်မ ၁၂၃/၂၀၅ အရ ဒဏ်ငွေကျပ် ၅၀/-ပေးဆောင်ရန် ပြစ်မှုထင်ရှား စီရင်ခြင်းခံခဲ့ရပြီးသူ ဖြစ်ကြောင်း ပေါ်ပေါက်၍ ဦးအောင်ချစ်သည် ခွင့်ပြုချက်လိုင်စင်မရှိပဲ အဝတ်လျော်စက် လုပ်ငန်းကို ဆက်လက်လုပ်ကိုင်နေသဖြင့် ရန်ကုန်မြို့နိုစီပယ် ဥပဒေပုဒ်မ ၁၂၃/၂၀၆ အရ အပြစ်ပေး စီရင်နိုင်သောပြစ်မှုကို ကျူးလွန်လျက်ရှိသည်မှာ ပေါ်ပေါက်ကြောင်း၊ ရန်ကုန်မြို့နိုစီပယ် ဥပဒေပုဒ်မ ၁၂၃ ကို ဆက်လက်ကျူးလွန်သူအား ယင်းဥပဒေပုဒ်မ ၂၀၆ အရ ပြစ်မှုထင်ရှား စီရင်နိုင်ကြောင်း ပြဋ္ဌာန်းထားသဖြင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၀၃ ပါ ပြဋ္ဌာန်းချက်နှင့် အကျုံးမဝင်ကြောင်း တင်ပြသည်။

မူလတရားရုံးက သုံးသပ်ရာတွင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၀၃ အရ ယခုအမှုနှင့် ပတ်သက်၍ တရားခံအပေါ် ထပ်မံအပြစ်ပေး အရေးမယူနိုင်ဟု သုံးသပ်၍ အပြီးအပြတ်လွှတ်ခဲ့ခြင်း ဖြစ်ကြောင်း တွေ့ရသည်။

မူလရုံးအမှုတွဲကို လေ့လာကြည့်ရှုသောအခါ ဦးအောင်ချစ်သည် ယခင်စစ်ကြိမ်ကလည်း ရန်ကုန် မြို့နိုစီပယ် ဥပဒေပုဒ်မ ၁၂၃ ကို ဖေါက်ဖျက်ကျူးလွန်ခဲ့သဖြင့် ကမာရွတ် မြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၇၇၆/၇၈ တွင် ယင်းဥပဒေပုဒ်မ ၁၂၃/၂၀၅ အရ ဒဏ်ငွေကျပ် ၅၀/-ပေးဆောင်စေရန် ပြစ်မှုထင်ရှား စီရင်ခြင်းခံခဲ့ရဖူးကြောင်း တွေ့ရသည်။

ရန်ကုန်မြို့နိုစီပယ် ဥပဒေပုဒ်မ ၁၂၃/၂၀၅ အရ ပထမအကြိမ် ပြစ်မှုထင်ရှား စီရင်ခြင်းခံရသူအပေါ် ဒုတိယအကြိမ် ဆက်လက် ကျူးလွန်သော အလားတူ ပြစ်မှုအတွက် ယင်းဥပဒေပုဒ်မ ၁၂၃/၂၀၆ အရ ပြစ်မှုထင်ရှား စီရင်နိုင်ကြောင်း အထူးပြဋ္ဌာန်းချက် ရှိနေပေသည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၀၃ ပါ ပြဋ္ဌာန်းချက်များသည် ရန်ကုန်မြို့နိုစီပယ် ဥပဒေ ပုဒ်မ

၁၉၀၄ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် နှင့် ဦးအောင်ချစ်

၁၂၃ အရ ထပ်ဆင့်စွဲဆိုခြင်းအတွက် ပြစ်မှု ထင်ရှား စီရင်ခြင်းကို ပိတ်ပင် တားမြစ်ခြင်း မရှိနိုင်ပေ။

ထို့ကြောင့် ဤအယူခံကို ခွင့်ပြု၍ ကမ်ဘရွတ်မြို့နယ် တရားရုံး၏ အမိန့်ကို ပယ်ဖျက်ပြီး ဦးအောင်ချစ်အပေါ် ရန်ကုန်မြို့နှိပ်စီပယ်ဥပဒေပုဒ်မ ၁၂၃/၂၀၆ အရ ဒဏ်ငွေကျပ် ၃၀၀/- ပေးဆောင်စေရန်နှင့် ဒဏ်ငွေ မပေးဆောင်ပါက ထောင်ဒဏ် (၃) လ ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးတင်အုန်းအဖွဲ့ဝင်များအဖြစ် ဦးလှဘုန်းနှင့် ဦးထွန်းရှိန်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ ချွေတွင်

ဦးဘချစ်ပါ (၅)

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်ပါ (၂)*

†၁၉၀၄
ဖေဖော်ဝါရီ
၂၉-ရက်

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၄၉ အရ ဝိတ်သိမ်းနိုင်သော အမှုများ—လျှောက်ထားခွင့်ရှိသူက လျှောက်ထားခြင်းမပြုသည့် ကိစ္စကို ဆောင်ရွက်ခွင့်မရှိ။

ဆုံးဖြတ်ချက်။ ။ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၄၉ ပါ ပြဋ္ဌာန်းချက်များမှာ တိုက်ရိုက်လျှောက်ထားစွဲဆိုသည့်အမှု မဟုတ်သော အခြားအမှုများအား ဝိတ်သိမ်းခြင်းနှင့် သက်ဆိုင်သည်။ ဒေါ်ခင်မြင့် စွဲဆိုသော အမှုမှာ ဒေါ်ခင်မြင့် ကိုယ်တိုင်တိုက်ရိုက်လျှောက်ထား စွဲဆိုသောအမှုဖြစ်သဖြင့် မြို့နယ်တရားရုံးက သူစွဲဆိုသောအမှုကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၄၉ အရ ဝိတ်သိမ်းခြင်းမှာ ယင်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်မညီညွတ်ပေ။ ထို့ပြင် အဆိုပါ ပုဒ်မ ၂၄၉ ပါ ပြဋ္ဌာန်းချက်များမှာ ထောင်ဒဏ် (၆) လအထိ ချမှတ်နိုင်သောအမှုများ စစ်ဆေးခြင်းနှင့်သက်ဆိုင်ပေသည်။ ဒေါ်ခင်မြင့် စွဲဆိုသောအမှုတွင် တရားခံများအား ထောင်ဒဏ် (၆) လထက်ပို၍ အပြစ်ပေးနိုင်သည်။ သို့ဖြစ်ရာ တိုင်းတရားရုံးက မြို့နယ်တရားရုံး၏ အမိန့်ကို ပယ်ဖျက်ပြီး ဒေါ်ခင်မြင့်စွဲဆိုသောအမှုကို ဆက်လက်စစ်ဆေးစေရန် အမိန့်ချမှတ်ခြင်းသည် မှားယွင်းသည်ဟု မဆိုနိုင်ပေ။

ဆင့်မံဆုံးဖြတ်ချက်။ ။ပန်းဘဲတန်းမြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၁၃၄၁/၈၁ မှာ ဦးမူစတာဖား တိုက်ရိုက်လျှောက်ထား စွဲဆိုသော အမှုဖြစ်သည်။ မြို့နယ်တရားရုံးကစွဲဆိုသောအမှုကို ဝိတ်သိမ်းခဲ့ရာတွင်

---

* ၁၉၀၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၃၀၀ (ခ)

† ၁၉၀၃ ခုနှစ်၊ ပြစ်မှု ဆိုင်ရာ ပြင်ဆင်မှု အမှတ် ၃၀၇ တွင် ချမှတ်သော (၁–၇–၀၃) နေ့စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၁၉၀၄ ဦးဘချစ်ပါ (၅) နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် ပါ(၂)

ဦးမူစတာဖားသည် မြို့နယ်တရားရုံး၏အမိန့်ကို ပြင်ဆင်ပေးရန် တိုင်းတရားရုံး သို့ လျှောက်ထားခဲ့ခြင်းမရှိချေ။ ဒေါ်ခင်မြင့်က တိုင်းတရားရုံးတွင် ပြင်ဆင်မှု လျှောက်ထားရာ၌ ဦးမူစတာဖား စွဲဆိုသည့် ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၁၃၄၁/၈၁တွင် မြို့နယ်တရားရုံးက ချမှတ်ထားသည့် အမိန့်ကိုပါ ပြင်ဆင် ပေးရန် လျှောက်ထားခဲ့ကြောင်း တွေ့ရသည်။ ဒေါ်ခင်မြင့်သည် ဦးမူစတာဖား ၏ ကိုယ်စားလှယ်ဖြစ်ကြောင်း ပြင်ဆင်မှုလျှောက်လွှာ၌ ဖော်ပြထားကြောင်း မတွေ့ရပေ။ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၃၄၁/၈၁ တွင် ချမှတ်သော အမိန့်ကို မကျေနပ်လျှင် တိုင်းတရားရုံးတွင် ပြင်ဆင်မှုလျှောက်ထားခွင့် ရှိသူမှာ ဦးမူစတာဖားသာ ဖြစ်ပေသည်။ သို့ဖြစ်၍ ဒေါ်ခင်မြင့် လျှောက်ထားသည့် ပြင်ဆင်မှုတွင် ပန်းဘဲတန်းမြို့နယ် တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၃၄၁/၈၁ တွင် ချမှတ်ထားသည့်အမိန့်ကို တိုင်းတရားရုံးက ပယ်ဖျက်လိုက် ခြင်းမှာ မှားယွင်းပေသည်။

လျှောက်ထားသူများအတွက် — ဦးသန်းတင်၊ ဗဟိုတရားရုံး ရှေ့နေ

လျှောက်ထားခံရသူများအတွက် — (၁) ဦးမြင့်အောင်၊ ဥပဒေဝန်ထမ်း အဆင့်(၁)
(၂) ဦးစိန်လွင်၊ ဗဟိုတရားရုံးရှေ့နေ

ပန်းဘဲတန်းမြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၇၀၉/၈၁ တွင် လျှောက်ထားခံရသူ ဒေါ်ခင်မြင့်က လျှောက်ထားသူ ဦးဘချစ်၊ ဒေါ်မြမြနှင့် ဦးအုန်းမြင့်၊ ဦးမောင်မောင်နှင့် ဦးဘချော(ခ)ကမားတို့သည် ကွယ်လွန်သူ ဒေါ်ခင်သန်း ကျန်ရစ်သော ပစ္စည်းများကို အလွဲသုံးစားပြုသည်ဟု ဆိုကာ တိုက်ရိုက်လျှောက်ထား တရားစွဲဆိုရာ မြို့နယ်တရားရုံးက ဦးဘချစ်တို့အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၄/၅၀၆ အရ အရေးယူ စစ်ဆေးခဲ့သည်။ အဆိုပါတရားရုံးပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၁၃၄၁/၈၁ တွင် ဦးမူစတာဖား ဆိုသူက ဒေါ်ခင်သန်း ကျန်ရစ်သော ပစ္စည်းများတွင် မိမိ၏ ဦးလေးလည်း ဖြစ်၍ ဒေါ်ခင်သန်း၏ ခင်ပွန်းလည်းဖြစ်သော ကွယ်လွန်သူ ဦးအလီ ကျန်ရစ် သည့် အမွေပစ္စည်းများလည်း ရှိနေကြောင်း စွပ်စွဲလျက် လျှောက်ထားသူ ဦးဘချစ်တို့သည် ယင်းပစ္စည်းများကိုအလွဲသုံးစားပြုသည်ဆိုကာ လျှောက်ထား စွဲဆိုရာ မြို့နယ်တရားရုံးက ဦးဘချစ်တို့အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၄ အရ အရေးယူစစ်ဆေးခဲ့သည်။ ထို့နောက် မြို့နယ်တရားရုံးက အမှုများကို ပြစ်မှု ဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၂၄၉ အရ ဝိတ်သိမ်း၍ ဦးဘချစ် တို့အား လွှတ်ခဲ့သည်။ ဒေါ်ခင်မြင့်က မြို့နယ်တရားရုံး၏ အမိန့်ကို ပြင်ဆင်ပေးရန်

၁၉၀၄ ဦးဘချစ်ပါ (၅) နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် ပါ(၂)

ရန်ကုန်တိုင်းတရားရုံး ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၃၀၇/၀၃ တွင် လျှောက်ထားရာ တိုင်းတရားရုံးက ပန်းဘဲတန်းမြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၇၀၉/၀၁ နှင့် ၁၃၄၁/၀၁ တို့တွင် ချမှတ်သော အမိန့်များကို ပယ်ဖျက်ပြီး လျှောက်ထားသူတို့အပေါ် အမှုများကို ဥပဒေနှင့်အညီ ဆက်လက်စစ်ဆေးရန် အမိန့်ချမှတ်လိုက်သည်။ ဦးဘချစ်တို့က တိုင်းဘရား၏ အမိန့်ကို မကျေနပ်သဖြင့် ဤပြင်ဆင်မှုကို တင်သွင်းသည်။

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၄၉ ပါ ပြဋ္ဌာန်းချက်များမှာ တိုက်ရိုက်လျှောက်ထား စွဲဆိုသည့်အမှု မဟုတ်သော အခြားအမှုများအား ဝိတ်သိမ်းခြင်းနှင့် သက်ဆိုင်သည်။ ဒေါ်ခင်မြင့် စွဲဆိုသောအမှုမှာ ဒေါ်ခင်မြင့်ကိုယ်တိုင် တိုက်ရိုက်လျှောက်ထား စွဲဆိုသော အမှုဖြစ်သဖြင့် မြို့နယ်တရားရုံးက သူ စွဲဆိုသော အမှုကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၄၉ အရ ဝိတ်သိမ်းခြင်းမှာ ယင်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မညီညွတ်ပေ။ ထို့ပြင် အဆိုပါ ပုဒ်မ ၂၄၉ ပါ ပြဋ္ဌာန်းချက်များမှာ ထောင်ဒဏ် (၆) လ အထိ ချမှတ်နိုင်သော အမှုများ စစ်ဆေးခြင်းနှင့်သက်ဆိုင်ပေသည်။ ဒေါ်ခင်မြင့် စွဲဆိုသော အမှုတွင် တရားခံများအား ထောင်ဒဏ် (၆)လထက် ပို၍ အပြစ်ပေးနိုင်သည်။ သို့ဖြစ်ရာ တိုင်းတရားရုံးက မြို့နယ်တရားရုံး၏အမိန့်ကို ပယ်ဖျက်ပြီး ဒေါ်ခင်မြင့် စွဲဆိုသော အမှုကို ဆက်လက်စစ်ဆေးစေရန် အမိန့်ချမှတ်ခြင်းသည် မှားယွင်းသည်ဟု မဆိုနိုင်ပေ။

ပန်းဘဲတန်းမြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၁၃၄၁/၀၁ မှာ ဦးမူစတာဖား တိုက်ရိုက်လျှောက်ထား စွဲဆိုသော အမှုဖြစ်သည်။ မြို့နယ်တရားရုံးက ထိုစွဲဆိုသောအမှုကို ဝိတ်သိမ်းခဲ့ရာတွင် ဦးမူစတာဖားသည် မြို့နယ်တရားရုံး၏အမိန့်ကို ပြင်ဆင်ပေးရန် တိုင်းတရားရုံးသို့ လျှောက်ထားခဲ့ခြင်းမရှိချေ။ ဒေါ်ခင်မြင့်က တိုင်းတရားရုံးတွင် ပြင်ဆင်မှုလျှောက်ထားရာ၌ ဦးမူစတာဖား စွဲဆိုသည့် ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၃၄၁/၀၁ တွင် မြို့နယ်တရားရုံးက ချမှတ်ထားသည့် အမိန့်ကိုပါ ပြင်ဆင်ပေးရန် လျှောက်ထားခဲ့ကြောင်း တွေ့ရသည်။ ဒေါ်ခင်မြင့်သည် ဦးမူစတာဖား၏ ကိုယ်စားလှယ်ဖြစ်ကြောင်း၊ ပြင်ဆင်မှုလျှောက်လွှာ၌ ဖော်ပြထားကြောင်း မခတ္တရပေ။ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၃၄၁/၀၁ တွင် ချမှတ်သော အမိန့်ကို မကျေနပ်လျှင် တိုင်းတရားရုံးတွင် ပြင်ဆင်မှုလျှောက်ထားခွင့် ရှိသူမှာ ဦးမူစတာဖားသာ ဖြစ်ပေသည်။ သို့ဖြစ်၍ ဒေါ်ခင်မြင့် လျှောက်ထားသည့် ပြင်ဆင်မှုတွင် ပန်းဘဲတန်းမြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၁၃၄၁/၀၁ တွင် ချမှတ်ထားသည့် အမိန့်ကို တိုင်းတရားရုံးက ပယ်ဖျက်လိုက်ခြင်းမှာ မှားယွင်းပေသည်။

F.6

၁၉၀၄ ဦးဘချစ်ပါ (၅) နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် ပါ(၂)

ထို့ကြောင့် ဤပြင်ဆင်မှုကို ခွင့်ပြု၍ ပန်းဘဲတန်းမြို့နယ်တရားရုံး၊ ပြစ်မှု ဆိုင်ရာ အမှုကြီးအမှတ် ၁၃၄၁/၀၁ တွင် မြို့နယ်တရားရုံးက ချမှတ်သည့် အမိန့်ကို ပယ်ဖျက်သော ရန်ကုန်တိုင်း တရားရုံး၏ အမိန့်ကို ပယ်ဖျက်လိုက်သည်။ပန်းဘဲတန်းမြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၇၀၉/၀၁ ကို ဆက်လက်စစ်ဆေးစေရန် ချမှတ်သည့် တိုင်းတရားရုံး၏ အမိန့်ကိုမူ အတည် ပြုလိုက်သည်။

ဖြစ်မှုဆိုင်ရာ ပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ်ဦးအေးမောင်၊အဖွဲ့ဝင်များအဖြစ် ဦးခင်ဇော်မုံနှင့်ဦးတင်အုန်း တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

ဦးရာမဆွာမိချစ်တီးယား
နှင့်
ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်ပါ (၅) *

†၁၉၈၄
မတ်လ ၇-ရက်

သက်သေခံ အက်ဥပဒေပုဒ်မ ၈၅–နိုင်ငံခြားမှ ပေးပို့သော ကိုယ်စားလှယ် လွှဲစာများကို လက်ခံခြင်း။

ဆုံးဖြတ်ချက်။ ။မူလရုံးအမှုတွဲကို လေ့လာကြည့်ရှုရာတွင် အချင်းဖြစ် ကိုယ်စားလှယ် လွှဲစာများ နောက်ကျောဘွဲ့ အိန္ဒိယနိုင်ငံရှိ သက်ဆိုင်ရာ မြို့နယ်နိုတြိပတ်ဘလစ်အရာရှိ၏လက်မှတ်၊ တရားသူကြီး၏လက်မှတ်၊ နိုင်ငံခြားရေးရုံး လက်ထောက် အတွင်းဝန်၏ လက်မှတ်၊ အိန္ဒိယနိုင်ငံရှိ မြန်မာနိုင်ငံသံရုံးမှ ကောင်စစ်ဝန်၏ လက်မှတ်တို့ ပါရှိကြောင်း ပေါ်ပေါက်သည်။

သက်သေခံဥပဒေပုဒ်မ ၈၅ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်–

> "နိုတြိပတ်ဘလစ် သို့မဟုတ် တရားရုံး၊ တရားမဲ့ တရားသူကြီး၊ သို့မဟုတ် ပြည်ထောင်စုမြန်မာနိုင်ငံ၏ ကိုယ်စားပြုသူ ရှေ့မှောက်တွင် ချုပ်ဆို၍ ၎င်းကအစစ်အမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးထားသော ကိုယ်စားလှယ်စာ ဖြစ်သည့်စာတိုင်း၊ အမှတ်အသားတိုင်းသည် ဆိုခဲ့သည့်အတိုင်း ချုပ်ဆို၍ အစစ်အမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးထားခြင်းမှာ မှန်ကန်သည်ဟု တရားရုံးက မှတ်ယူရမည်။"

သို့ဖြစ်ရာ မူလတရားရုံးတွင် လျှောက်ထားသူ တရားလို ဦးရာမဆွာမိချစ်တီးယား တင်ပြသည့်ကိုယ်စားလှယ်လွှဲစာများကို မူလတရားရုံးက သက်သေခံအဖြစ် လက်ခံခြင်းမှာ မှားယွင်းသည်ဟု မဆိုနိုင်ပေ။

---

* ၁၉၈၃ ခုနှစ်၊ ဖြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၂၁၄ (ခ)
† ၁၉၈၂ ခုနှစ်၊ ဖြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၇၅၈ တွင် ချမှတ်သော (၁၈-၁-၈၃) နေ့စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၁၉၀၄
ဦးရာမဆွာမိ
ချစ်တီးယား
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတမြန်မာ
နိုင်ငံတော်
ပါ(၅)

လျှောက်ထားသူအတွက် — ဒေါ်ဆန်းဆန်းဦး၊ ဗဟိုတရားရုံးရှေ့နေ (ကိုယ်စား) ဦးမောင်မောင်မြင့် က ရေးသား လျှောက်လဲချက် တင်သည်။

လျှောက်ထားခံရသူများအတွက်—(၁) ဦးဘမော်၊ ဥပဒေပညာရှင်
(၂) ဦးစိုးအောင်၊ ဗဟိုတရားရုံး ရှေ့နေ

ပန်းဘဲတန်းမြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၁၀၆၄/၈၂တွင် ဦးရာမဆွာမိချစ်တီးယားက ဦးစင်ကာရမ်ချစ်တီးယားပါ (၄) ဦးတို့ အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၄၈/၄၀၆/၁၁၄ တို့ အရ လျှောက်ထားသော အမှုကို စစ်ဆေးလျက်ရှိရာ တရားလို ဦးရာမဆွာမိချစ်တီးယားအား စစ်ဆေးစဉ် ဦးရာမဆွာမိချစ်တီးယား တင်ပြသည့် ကိုယ်စားလှယ် လွှဲစာများကို သက်သေခံအမှတ် (ခ) (ဂ) (ဃ) (င) နှင့် (စ) တို့အဖြစ် လက်ခံခဲ့သည်။ ယင်းကိုယ်စားလှယ် လွှဲစာများကို သက်သေခံ စာတမ်းများအဖြစ် လက်ခံသည့် မြို့နယ်တရားရုံး၏အမိန့်ကို ဦးစင်ကာရမ်ချစ်တီးယားပါ (၄) ဦးတို့က မကျေနပ်သဖြင့် ရန်ကုန်တိုင်း တရားရုံးတွင် ပြင်ဆင်မှု တင်သွင်းရာ ကိုယ်စားလှယ်လွှဲစာများကို သက်သေခံစာတမ်းများအဖြစ် လက်ခံသည့်အမိန့်ကို ပယ်ဖျက်ခဲ့သည်။ ဦးရာမဆွာမိချစ်တီးယားက တိုင်းတရားရုံး၏ အမိန့်ကို မကျေနပ်သဖြင့် ဗဟိုတရားရုံးသို့ ဤပြင်ဆင်မှုကို တင်သွင်းသည်။

အမှုမှာ အိန္ဒိယပြည်တွင် နေထိုင်လျက်ရှိသော ပိုင်ရှင်များက ပေးပို့သည့် လွှဲစာ (၅) စောင်အရ ဦးရာမဆွာမိချစ်တီးယားက ရွှေဘုံသာလမ်း အမှတ် ၁၀၀ တိုက်ခန်းများနှင့် စပ်လျဉ်း၍ ဦးစင်ကာရမ်ချစ်တီးယားပါ (၄) ဦးတို့ အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၄၀/၄၀၆/၁၁၄ တို့ အရ တိုက်ရိုက် တိုင်လျှောက်သော အမှုဖြစ်သည်။

လျှောက်ထားသူ ဦးရာမဆွာမိချစ်တီးယားက အဓိက အကြောင်းပြချက် အဖြစ် တင်ပြရာတွင် စာချုပ်စာတမ်း မှတ်ပုံတင် ဥပဒေပုဒ်မ ၃၂ နှင့် ၃၃ တို့တွင်၊ နိုင်ငံခြားမှပေးပို့သော ကိုယ်စားလှယ်လွှဲစာများကို မှတ်ပုံတင်ရမည်ဟု ပြဋ္ဌာန်းထားခြင်းမရှိကြောင်း၊ ၁၉၅၄ ခုနှစ်၊ သံအရာရှိများနှင့် ကောင်စစ်အရာရှိများ (ကျမ်းသစ္စာများနှင့် အခကြေးငွေများ) အက်ဥပဒေ ပုဒ်မ ၃ (၁) နှင့် (၂) တို့ အရလည်းကောင်း၊ သက်သေခံအက်ဥပဒေပုဒ်မ ၈၅အရ လည်းကောင်း၊ အချင်းဖြစ်ကိုယ်စားလှယ် လွှဲစာများကို သက်သေခံအဖြစ် လက်ခံနိုင်ကြောင်း တင်ပြသည်။

တိုင်းတရားရုံး၏ အဓိန္ဓိတွင် အောက်ပါအတိုင်း သုံးသပ်ထားသည်ကို တွေ့ရှိရသည်–

> " မူလရုံးအမှုတွဲကို လေ့လာသုံးသပ်ရာတွင် မြန်မာနိုင်ငံစာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေ အခန်း (၆) ပုဒ်မ ၃၂–၃၃ တို့တွင် နိုင်ငံခြားမှ ပေးပို့သော ကိုယ်စားလှယ် လွှဲအပ်စာများအား မှတ်ပုံတင် ရမည်ဟု အတိအလင်း ပြဋ္ဌာန်းထားပေသည်။ "

နိုင်ငံတော်အတွက် လိုက်ပါဆောင်ရွက်သည့် ဥပဒေဝန်ထမ်း ကလည်း မြန်မာနိုင်ငံ စာချုပ်စာတမ်းများ မှတ်ပုံတင် ဥပဒေပုဒ်မ ၃၂ နှင့် ၃၃ အရ နိုင်ငံခြားမှ ပေးပို့သော ကိုယ်စားလှယ် လွှဲစာများကို မှတ်ပုံတင်ရမည်ဟု ပြဋ္ဌာန်းထားကြောင်း တင်ပြသည်။

မြန်မာနိုင်ငံစာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေပုဒ်မ ၃၂ နှင့် ၃၃ တွင် နိုင်ငံခြားမှ ပေးပို့သော ကိုယ်စားလှယ် လွှဲစာများကို မှတ်ပုံတင်ရမည်ဟု ပြဋ္ဌာန်းထားခြင်းမရှိပေ။ ပုဒ်မ ၃၂ တွင် မှတ်ပုံတင်ရန်အတွက် စာချုပ်စာတမ်းကို တင်ပြရမည့် ပုဂ္ဂိုလ်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ပုဒ်မ ၃၃ တွင် မှတ်ပုံတင်ရန်ကိစ္စအတွက် အသိအမှတ်ပြုနိုင်သည့် ကိုယ်စားလှယ်လွှဲစာများနှင့်စပ်လျဉ်း၍လည်းကောင်း ပြဋ္ဌာန်းထားခြင်း ဖြစ်ကြောင်း တွေ့ရှိရသည်။

မူလရုံး အမှုတွဲကို လေ့လာကြည့်ရှုရာတွင် အချင်းဖြစ် ကိုယ်စားလှယ်လွှဲစာများ နောက်ကျောဘဲ့ အိန္ဒိယနိုင်ငံရှိ သက်ဆိုင်ရာမြို့နယ် နိုတြီပတ်ဘလစ် အာဏာရှိ လက်မှတ်၊ တရားသူကြီး၏ လက်မှတ်၊ နိုင်ငံခြားရေးရုံး လက်ထောက် အတွင်းဝန်၏လက်မှတ်၊ အိန္ဒိယနိုင်ငံရှိ မြန်မာနိုင်ငံသံရုံးမှ ကောင်စစ်ဝန်၏ လက်မှတ်တို့ ပါရှိကြောင်း ပေါ်ပေါက်သည်။

သက်သေခံ ဥပဒေပုဒ်မ ၀၅ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်–

> " နိုတြီပတ်ဘလစ် သို့မဟုတ် တရားရုံး၊ တရားမ တရားသူကြီး သို့မဟုတ် ပြည်ထောင်စု မြန်မာနိုင်ငံ၏ ကိုယ်စားပြုသူ ရွှေမှောက်တွင် ချုပ်ဆို၍ ၎င်းက အစစ်အမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးထားသော ကိုယ်စားလှယ်စာ ဖြစ်သည့်စာတိုင်း၊ အမှတ်အသားတိုင်းသည် ဆိုခဲ့သည့်အတိုင်း ချုပ်ဆို၍ အစစ်အမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးထားခြင်းမှာ မှန်ကန်သည်ဟု တရားရုံးက မှတ်ယူရမည်။ "

သို့ဖြစ်ရာ မူလတရားရုံးတွင် လျှောက်ထားသူ တရားလို ဦးရာမဆွာမိချစ်တီးယား တင်ပြသည့် ကိုယ်စားလှယ်လွှဲစာများကို မူလတရားရုံးက သက်သေခံအဖြစ် လက်ခံခြင်းမှာ မှားယွင်းသည်ဟု မဆိုနိုင်ပေ။

ထို့ကြောင့် ဤပြင်ဆင်မှုကို ခွင့်ပြု၍ ရန်ကုန်တိုင်း တရားရုံး၏ အဓိန္ဓိကို ပယ်ဖျက်ပြီး ပန်းဘဲတန်းမြို့နယ် တရားရုံး၏အဓိန္ဓိကို အတည်ပြုလိုက်သည်။

ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ်ဦးခင်ဇာမုံ၊ အဖွဲ့ဝင်များအဖြစ် ဦးလှဘုန်းနှင့် ဦးအေးမောင် တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

မောင်လှငွေ

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်ပါ (၂)*

†၁၉၇၄ ဇန်နဝါရီလ ၂၆ရက်

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၄၀ အရ ပြစ်မှုထင်ရှား စီရင်ခြင်းခံရပြီး နောက်ဆက်လက် ကျူးကျော်နေကြောင်း ပေါ်ပေါက်လျှင် ထပ်မံ၍ အမှုစွဲဆိုနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။ယခု အမှုတွင်ပေါ်ပေါက်သည့် သက်သေခံအထောက်အထားများအရ မောင်လှငွေသည် အချင်းဖြစ်အိမ်ပေါ်သို့ ကျူးကျော်နေထိုင်၍ ပြစ်မှုထင်ရှား စီရင်ခြင်းခံရကြောင်း၊ ယင်းပြစ်ဒဏ်နှင့် ပတ်သက်၍ ဗဟိုတရားရုံးသို့ အယူခံမဝင်ရောက်ခဲ့ကြောင်း၊ ယင်းအိမ်ပေါ်တွင် ဆက်လက် ကျူးကျော်နေထိုင်ကြောင်း ပေါ်ပေါက်သည်။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၄၀ မှာ ဆက်တိုက်ကျူးလွန်နိုင်သော ပြစ်မှုဖြစ်၍ ပထမကျူးကျော်မှုတွင် ပြစ်မှုထင်ရှားပြီး နောက်ဆက်လက် ကျူးကျော်နေထိုင်လျှင် စွဲဆိုနိုင်သည့် ပြစ်မှုဖြစ်သဖြင့် မြို့နယ်နှင့် တိုင်းတရားရုံး၏ အမိန့်တို့သည် မှားယွင်းသည်ဟု မဆိုနိုင်ပေ။

လျှောက်ထားသူ အတွက် – ဦးတင်မောင် (ကိုယ်စား) ဒေါ်ခြင့်မြင့်သိန်း၊ ဗဟိုတရားရုံးရှေ့နေ

လျှောက်ထားခံရသူများအတွက် – ဦးဘိုးချမ်းအေး၊ ဥပဒေ ဝန်ထမ်းအဆင့် (၁)

---

* ၁၉၀၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၇၀ (ခ)။

† ၁၉၀၂ ခုနှစ်၊ ပြစ်မှု ဆိုင်ရာ အယူခံမှု အမှတ် ၇၀၀ တွင် ချမှတ်သော (၃၁-၁-၀၃) နေ့စွဲပါ မန္တလေးတိုင်း တရားရုံး၏အမိန့်ကို ပြင်ဆင်မှု။

မတ္တရာမြို့နယ်တရားရုံး၊ ပြစ်မှုကြီးအမှတ် ၃၂/၈၁ တွင် လျှောက်ထားသူ မောင်လှငွေ အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၄၈ အရ ထောင်ဒဏ်(၃) လ ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို မောင်လှငွေက မကျေနပ်၍ မန္တလေးတိုင်း တရားရုံးပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၇၀၀/၈၂ (မတ္တရာ) တွင် အယူခံဝင်ရောက်ခဲ့ရာ တိုင်းတရားရုံးက မူလမြို့နယ်တရားရုံး၏ ပြစ်မှုထင်ရှား တွေ့ရှိချက်ကို အတည်ပြုပြီး ချမှတ်သည့် ပြစ်ဒဏ်အစား ကျခံပြီး ထောင်ကျရက်များကို ပြစ်ဒဏ်အဖြစ် သတ်မှတ်ရန် အမိန့်ချမှတ်ခဲ့သည်။ ယင်း အမိန့်ကို မောင်လှငွေက မကျေနပ်၍ ဗဟိုတရားရုံးသို့ တင်သွင်းသည့် ပြင်ဆင်မှု ဖြစ်သည်။

မတ္တရာမြို့နယ် သာလွန်ရွာရှိ ဦးဘညိုဝိုင် အိမ်ပေါ်သို့ မောင်လှငွေသည် ခွင့်ပြုချက်မရှိပဲ ကျူးကျော်ဝင်ရောက် နေထိုင်သဖြင့် မတ္တရာမြို့နယ်တရားရုံးသို့ စွဲဆိုခဲ့ရာ မောင်လှငွေသည် ပြစ်ဒဏ်ရရှိခဲ့သော်လည်း နေအိမ်မှ ဆင်းမသွားသည့်ပြင် ဝင်းခြံများ ထပ်မံကာထားကြောင်း၊ မတ္တရာမြို့နယ် တရားရုံးသို့ တိုက်ရိုက်လျှောက်ထားရာမှ ပေါ်ပေါက်လာသည့်အမှု ဖြစ်သည်။

မောင်လှငွေက ပြင်ဆင်မှုတင်သွင်းရာတွင် သူသည် ဒေါ်ကျင်စိန်၏ခြံတွင် ဒေါ်ကျင်စိန်၏ ခွင့်ပြုချက်အရ တဲထိုးနေထိုင်ခဲ့ခြင်းသာဖြစ်ကြောင်း၊ ဒေါ်ကျင်စိန်၏ အိမ်ကြီးပေါ် ကျူးကျော်နေထိုင်ကြောင်း မထင်ရှားပါဝဲလျက် မိမိအပေါ်အပြစ်ပေးခဲ့သည်မှာ မှားယွင်းကြောင်း ပြင်ဆင်မှု အကြောင်းပြချက်အဖြစ် တင်ပြသည်။

မူလရုံးအမှုတွဲတွင် ဦးဘညို (လိုပြ–၁)က ''၁၃၄၁ ခုနှစ်က သာလွန်ကျေးရွာရှိ နေအိမ်ဝင်း အတွင်းသို့ မောင်လှငွေသည် ခွင့်ပြုချက်မရှိပဲ ဇွတ်အတင်းဝင်ရောက်နေထိုင်သဖြင့် မြို့နယ်တရားရုံးသို့ တရားစွဲဆိုရာ မောင်လှငွေအား ထောင် (၁) လနှင့် ဒဏ်ငွေကျပ် ၅၀/တပ်ရိုက်ခဲ့ပါသည်။ မောင်လှငွေသည် တိုင်းရုံးသို့ အယူခံဝင်ရောက်ရာ ပလပ်ခဲ့ပါသည်။ ယခုတိုင် ကျွန်တော်၏ နေအိမ်တွင်းမှ ထွက်မပေးသဖြင့် မြို့နယ်တရားရုံးသို့စွဲဆိုရခြင်းဖြစ်ပါသည်'' ဟု ထွက်ဆိုသည်။ အိမ်နီးချင်း ဦးအုန်းမောင် (လိုပြ–၂) ဦးကင်းမောင် (လိုပြ–၃) တို့က ဦးဘညိုကို ထောက်ခံထွက်ဆိုသည်။

မောင်လှငွေ (ခံပြ– ၁) က မူလဝိုင်ရှင် ဒေါ်ကျင်စိန်၏ ခွင့်ပြုချက်အရ အချင်းဖြစ်အိမ်၏မြောက်ဘက်တွင် သီးသန့်တဲတွင် နေထိုင်ကြောင်း အချင်းဖြစ် အိမ်ကြီးတွင် မနေကြောင်း၊ သေဉ်ဇတ်ထား၍ မည်သူမျှ မနေကြောင်း ထုချေသည်။

၁၉၀၄ မောင်လှဌေနှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်ပါ(၂)

ယခုအမှုတွင်ပေါ်ပေါက်သည့် သက်သေခံ အထောက် အထားများအရ မောင်လှဌေသည် အချင်းဖြစ်အိမ်ပေါ်သို့ ကျူးကျော်နေထိုင်၍ ပြစ်မှုထင်ရှား စီရင်ခြင်းခံရကြောင်း၊ယင်းပြစ်ဒဏ်နှင့်ပတ်သက်၍ ဗဟိုတရားရုံးသို့ အယူခံမဝင် ရောက်ခဲ့ကြောင်း၊ ယင်းအိမ်ပေါ်တွင် ဆက်လက်ကျူးကျော် နေထိုင်ကြောင်း ပေါ်ပေါက်သည်။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၄၀ မှာ ဆက်တိုက် ကျူးလွန်နိုင်သော ပြစ်မှုဖြစ်၍ ပထမ ကျူးကျော်မှုတွင် ပြစ်မှုထင်ရှားပြီးနောက် ဆက်လက် ကျူးကျော်နေထိုင်လျှင် စွဲဆိုနိုင်သည့် ပြစ်မှုဖြစ်သဖြင့် မြို့နယ်နှင့်တိုင်းတရားရုံး၏ အမိန့်တို့သည် မှားယွင်းသည်ဟု မဆိုနိုင်ပေ။

သို့ဖြစ်၍ မောင်လှဌေ၏ ပြင်ဆင်မှုကို ပလပ်ကြောင်း အမိန့်ချမှတ်သည်၊

ဖြစ်မှုဆိုင်ရာ ပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ်ဦးခင်ဇာမုံ၊ အဖွဲ့ဝင်များအဖြစ် ဦးလှဘုန်းနှင့် ဦးအေးမောင် တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

†၁၉၀၄
ဇန်နဝါရီ
၂၅ရက်

ဒေါ်အုန်း
နှင့်
ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်ပါ (၅) *

သက်သေခံပစ္စည်းနှင့် စစ်လျှဉ်းသော အဓိန်—အကြောင်းထူးမရှိလျှင် ပစ္စည်းသိမ်းခံရသူသို့ သက်သေခံပစ္စည်းကိုပြန်ပေးခြင်းမှာ မှန်မမှန်။

ဆုံးဖြတ်ချက်။ ။ယခုအမှုတွင် မူလတရားခံ ဦးအောင်ကိုးတို့သည် စွဲဆိုသည့် လိမ်လည်မှုကို ကျူးလွန်ခြင်းမရှိဟု သုံးသပ်ပြီး အမှုမှ အပြီးအပြတ် လွှတ်ထားပြီးဖြစ်သည်။ အကြောင်းထူးမရှိလျှင် ယင်းအမှုတွင် သိမ်းဆည်းခဲ့သည့် သက်သေခံ ပစ္စည်းများကို အသိမ်းခံရသူတို့ထံ ပြန်ပေးရမည်သာ ဖြစ်သည်။ တိုင်းတရားရုံးက သက်သေခံ စိန်ထည်များကို အသိမ်းခံရသူများထံသို့ ပြန်ပေးစေရန် အမိန့်မှာ မှားယွင်းသည်ဟု မဆိုနိုင်ချေ။

လျှောက်ထားသူအတွက် — ဦးညွှန့်မြိုင်၊ ဗဟိုတရားရုံးရှေ့နေ။

လျှောက်ထားခံရသူများအတွက်— (၁) ဦးဘိုးချမ်းအေး၊ ဥပဒေဝန်ထမ်းအဆင့် (၁)၊
(၂) ဦးတင်အောင် (မန္တလေး) ဗဟိုတရားရုံးရှေ့နေ။

မန္တလေးအနောက်မြောက်မြို့နယ် တရားရုံး၊ ပြစ်မှုကြီးအမှတ် ၇၇၁/၇၃ တွင် ဦးအောင်ကိုး၊ မနိုနှိုင့် ဒေါ်မြကြည်တို့အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀/၃၄ အရ စစ်ဆေးကြားနာပြီး၊ အပြီးအပြတ် လွှတ်စေရန်နှင့်

---

* ၁၉၀၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၃၀ (ခ)

† ၁၉၀၂ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် $\frac{၆၁၅}{၆၃၃}$ တွင် ချမှတ်သော (၁၀-၁-၀၃) နေ့စွဲပါ မန္တလေးတိုင်း တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၁၉၀၄ ဒေါ်အုန်းနှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်ပါ(၅)

သက်သေခံ စိန်ထည်များကိုတရားလိုဦးဘဩသို့ပေးစေရန်အမိန့်ချမှတ်ခဲ့သည်။ သက်သေခံစိန်ထည်များနှင့် စပ်လျဉ်း၍ ချမှတ်သောအမိန့်ကို ဒေါ်အမနှင့် ဒေါ်ခင်ခင်စိန်ပါ(၃)ဦးတို့က မကျေနပ်၍ မန္တလေးတိုင်းတရားရုံးသို့ ပြင်ဆင်မှုအမှတ် ၆၁၅/၀၂ နှင့် ၆၃၃/၀၂ တို့ကို တင်သွင်းခဲ့ရာ တိုင်းတရားရုံးကမြို့နယ်တရားရုံး၏ သက်သေခံစိန်ထည်များနှင့် စပ်လျဉ်း၍ ချမှတ်သော အမိန့်ကို ပယ်ဖျက်ပြီး စိန်ထည်များကို ဒေါ်အမ၊ ဒေါ်ခင်ခင်စိန်၊ ဒေါ်သိန်းတင်နှင့် ဒေါ်ကြေးမုံတို့သို့ ပေးစေရန်အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို ဦးဘဩ၏ ဇနီး ဒေါ်အုန်းက မကျေနပ်၍ ဗဟိုတရားရုံးသို့ ဤပြင်ဆင်မှုကို တင်သွင်းသည်။

မန္တလေးမြို့၊ ပြည်ကြီးကျက်သရေရပ်နေ ဦး ဘ ဩ အာ း ကျူးရှင်ဆရာဦးအောင်ကိုးက ရန်ကုန်သို့သွားမည်၊ စိန်ထည်များကို ရောင်းပေးမည်၊ သူ၏အစ်မနှင့် နှစ်မများက ဝယ်မည်၊ ရန်ကုန်ကပြန်လျှင် ရောင်းရငွေနှင့် မရောင်းရသည့် စိန်ထည်များ ပြန်ပေးမည်ဟု ပြောဆိုပြီး ဦးဘဩထံမှ စိန်နားကပ် နှစ်ရံ၊ စိန်လက်ကောက်နှစ်ရံ၊ စိန်လက်စွပ် တစ်ကွင်း စုစုပေါင်း ငွေကျပ် ၁၀၀၀၀/–ဖိုးခန့်ကို ၁၇-၆-၇၂ ရက်နေ့က ယူသွားကြောင်း၊ ဦးအောင်ကိုးသည် ရန်ကုန်မှ ပြန်ရောက်သော်လည်း ငွေလည်းမပေး၊ ကျန်ပစ္စည်းများကိုလည်း ပြန်မပေးကြောင်း ဖော်ပြ၍ မန္တလေးမြို့ အမှတ် (၅) ရဲစခန်းသို့ တိုင်ကြားရာမှ ပေါ်ပေါက်လာသည့် အမှုဖြစ်သည်။

ဒေါ်အုန်းက ပြင်ဆင်မှု တင်သွင်းရာတွင် လျှောက်ထားခံရသူ ဒေါ်အမတို့သည် စိန်ထည်များကို တန်ရာတန်ဖိုး မပေးဝဲ ပေါက်ဈေးထက် လျှော့၍ ဝယ်ယူခဲ့ကြောင်း ထင်ရှားပါလျက်၊ စိန်များကို ဒေါ်အမတို့အား ပေးစေရန် အမိန့်ချမှတ်ထားသည်မှာ မှားယွင်းကြောင်း ပြင်ဆင်မှု အကြောင်းပြချက်အဖြစ် ဖော်ပြထားသည်။

မူလမြို့နယ်တရားရုံး အမှုတွဲကို လေ့လာရာတွင် ဦးဘဩသည်၊ ဦးအောင်ကိုးအား ရန်ကုန်တွင် ရောင်းချရန် စိန်နားကပ် နှစ်ရံ၊ စိန်လက်စွပ်တစ်ကွင်းနှင့် စိန်လက်ကောက်နှစ်ရံ တန်ဖိုးငွေကျပ် ၁၀၀၀၀/–ဖိုးကို ၁၇-၆-၇၂ ရက်နေ့က ပေးအပ်ခဲ့ကြောင်း၊ ဦးအောင်ကိုးသည် ရန်ကုန်မှပြန်ရောက်သော်လည်း ရောင်းရငွေကို သော်လည်းကောင်း၊ ကျန်စိန်ထည်ပစ္စည်းများကိုသော်လည်းကောင်း၊ ဦးဘဩသို့ မပေးကြောင်း၊ ဦးအောင်ကိုးက စိန်ထည်များကို ရောင်းချခဲ့ရာ နောက်ဆုံးဝယ်သူ ဒေါ်သိန်းတင်ထံမှ ရွာဖွေပုံစံ သက်သေခံ (ဂ)ဖြင့် စိန်နားကပ်တစ်ရံ၊ ဒေါ်ကြေးမုံထံမှ ရွာဖွေပုံစံ သက်သေခံ (ဃ)ဖြင့် စိန်လက်စွပ်တစ်ကွင်း၊ ဒေါ်ခင်ခင်စိန်ထံမှ ရွာဖွေပုံစံ သက်သေခံ (စ)ဖြင့် စိန်နားကပ်တစ်ရံ၊ ဒေါ်အေးထံမှ သက်သေခံ (ဆ)ဖြင့် စိန်လက်ကောက်

တစ်ရံတို့ကို သိမ်ဆည်းခဲ့ကြောင်း၊ ဦးအောင်ကိုးသည် စိန်ထည်များကိုအကြွေး ဝယ်ယူပြီး၊ တန်ဖိုးငွေပေးချေရန် ပျက်ကွက်ခြင်းသာဖြစ်ကြောင်း ပေါ်ပေါက်သည်ဟု သုံးသပ်ပြီး၊ ဦးအောင်ကိုးတို့အား အပြီးအပြတ် လွှတ်ခဲ့ကြောင်း တွေ့ရသည်။

လျှောက်ထားခံရသူ ဒေါ်သိန်းတင်သည် သက်သေခံ စိန်နှားကပ်တစ်ရံကို ငွေကျပ် ၁၂၀၀၀/–ဖြင့် လည်းကောင်း၊ ဒေါ်ကြေးမုံသည် သက်သေခံ စိန်လက်စွပ်ကို ငွေကျပ် ၀၅၀၀/–ဖြင့်လည်းကောင်း၊ ဒေါ်ခင်စိန်သည် သက်သေခံစိန်နှားကပ်ကို ငွေကျပ် ၁၆၆၂၅/–ဖြင့်လည်းကောင်း၊ဒေါ်အေးသည်သက်သေခံစိန်လက်ကောက်ကိုငွေကျပ် ၁၆၅၀၀/–ဖြင့်လည်းကောင်း၊ စိန်ပွဲစားများ ထံမှ ဝယ်ခဲ့ကြောင်း သူတို့၏ထွက်ဆိုချက်များတွင် တွေ့ရသည်။ ဒေါ်အေးထံမှ သိမ်းဆည်းသော စိန်လက်ကောက်၏ တန်ဖိုးကို ဒေါ်အမကပေးချေပြီးကြောင်း သက်သေထွက်ချက်များအရ ပေါ်ပေါက်နေပေသည်။

ယခုအမှုတွင် မူလတရားခံ ဦးအောင်ကိုးတို့သည် စွဲဆိုသည့် လိမ်လည်မှုကို ကျူးလွန်ခြင်း မရှိဟု သုံးသပ်ပြီး အမှုမှ အပြီးအပြတ် လွှတ်ထားပြီးဖြစ်သည်။ အကြောင်းထူး မရှိလျှင် ယင်းအမှုတွင် သိမ်းဆည်းခဲ့သည့် သက်သေခံပစ္စည်းများကို အသိမ်းခံရသူတို့ထံ ပြန်ပေးရမည်သာဖြစ်သည်။ တိုင်းတရားရုံးက သက်သေခံ စိန်ထည်များကို အသိမ်းခံရသူများထံသို့ ပြန်ပေးစေရန် အမိန့်မှာမှားယွင်းသည်ဟု မဆိုနိုင်ချေ။

သို့ဖြစ်၍ တိုင်းတရားရုံး၏အမိန့်ကိုအတည်ပြုပြီး၊ ပြင်ဆင်မှုကိုပလပ်ကြောင်း အမိန့်ချမှတ်သည်။

၁၉၈၄ ခုနှစ်

(ဇန်နဝါရီလ၊ ဖေဖော်ဝါရီလနှင့် မတ်လ)

တရားမမှုများ

စီရင်ထုံးပြုသောမှုခင်းများ

တရားမမှုများ

			စာမျက်နှာ
ဦးကြင်	နှင့်	ဦးဘီဒါမွတ် ပါ (၂)	၁
ဒေါ်ခင်ကြည်ပါ (၇)	နှင့်	ဒေါ်ခင်သန်း (ခ) ဒေါ်ခင်စန်းပါ(၀)	၃
ဒေါ်ခင်ကြည် (ငှင်း၏ တရားဝင်ကိုယ်စားလှယ် ဦးမျိုးမြင့်)	နှင့်	ဦးအောင်မြင့်	၀
ဦးစိန်ဟုတ်ပါ (၅) / ဒေါ်သိန်းမြ	နှင့်	ဒေါ်သိန်းမြ / ဦးစိန်ဟုတ်ပါ (၅)	၁၀
ဦးဇေးမီးယားပါ (၂)	နှင့်	ဒေါ်စုစု ပါ(၂) / ဒေါ်စုစု	၁၆
မနီလာမော်	နှင့်	ဒေါ်သန်းသန်းပါ (၁၀)	၁၉
ဦးရန်ကနား	နှင့်	ဒေါ်ခင်သီ	၂၅
ဒေါ်လှရီ	နှင့်	ဒေါ်နု ပါ (၀)	၂၉
ဒေါ်သောင်းစိန်	နှင့်	ဒေါ်ကြည်	၃၄
ဦးသန်းညွှန့်	နှင့်	ဦးမြင့်အောင် ပါ (၇)	၃၀
ဒေါ်သန်းမေ	နှင့်	ဒေါ်မြမြ ပါ(၂)	၄၁
ဦးသိန်းမောင်	နှင့်	ဦးတင်အောင် ပါ (၂)	၄၄
ဒေါ်အေးရင် (ခ) ဒေါ်ရင်အေးပါ(၄)	နှင့်	ဦးခင်မောင်ဝင်းပါ (၂)	၄၉

ညွှန်းချက်

တရားမမှုများ

စာမျက်နှာ

ဥပဒေများ —

ကာလစည်းကမ်းသတ် အက်ဥပဒေ

တရားမကျင့်ထုံး ဥပဒေ

ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေ

မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေ

သီးခြားသက်သာခွင့် ဥပဒေ

၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ

ကာလစည်းကမ်းသတ် ဥပဒေပါ ပြဋ္ဌာန်းချက်များသည် တရားလို ပြုလုပ်စွဲဆိုသော အမှုများနှင့်သာ သက်ဆိုင်ခြင်း — တရားပြိုင် အနေဖြင့် မိမိ၏ဆိုင်ရာ ဆိုင်ခွင့်ကို ခုခံချေပရာ၌ ကာလစည်းကမ်းသတ်နှင့် မသက်ဆိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။ကာလစည်းကမ်းသတ် ဥပဒေပါပြဋ္ဌာန်းချက်များသည် တရားလို ပြုလုပ်စွဲဆိုသော အမှုများနှင့်သာ သက်ဆိုင်သည်။ ဤအမှုတွင် မူလရုံး တရားလိုမှာ ဒေါ်လှရီဖြစ်၍ သူစွဲဆိုသော အမှုတွင် ဦးသန်းမောင်တို့ ဘက်က မမြင့်မြင့်သည် ဦးသောင်း၏ ကိတ္တိမသမီးဖြစ်သည်ဟု ထုချေထားခြင်း ဖြစ်သည်။ ကာလစည်းကမ်းသတ် ကျော်လွန်သောကြောင့် ထိုကဲ့သို့ ထုချေခွင့် မရှိတော့ဟူသည့် ပြဋ္ဌာန်းချက် မရှိချေ။ ဒီးဖြစ်ရာ မမြင့်မြင့်သည် ကွယ်လွန်သူ ဦးသောင်း၏ ကိတ္တိမသမီးဖြစ်ကြောင်း မြွက်ဟကြေငြာပေးစေရန် စွဲဆိုခွင့်မှာ ကာလစည်းကမ်းသတ် ကျော်လွန်စေကာမူ မမြင့်မြင့်၏ ဆိုင်ရာဆိုင်ခွင့်များကို ဆက်ခံသူ ဒေါ်နုနှင့် မမြင့်မြင့်၏ သားသမီးများ အနေဖြင့် အယူခံတရားလိုက သူတို့အပေါ် စွဲဆိုသော အမှုကို အောင်မြင်စွာ ချေပနိုင်ရန် အလို့ငှာ မမြင့်မြင့်သည် ဦးသောင်း၏ ကိတ္တိမသမီးဖြစ်ကြောင်း ခုခံချေပခွင့်ရှိသည်ဟု ကောက်ယူရပေမည်။

ပုဒ်မ ၁၂၈ (၁) ။ ဤဥပဒေပုဒ်မ ၁၂၇ ပါ ပြစ်မှုကို ကျူးလွန်သူသည် ထိုပြစ်မှုကို ကျူးလွန်ရန် ကြိုးပမ်းသူ ဖြစ်စေ၊ ထိုပြစ်မှုကို ကျူးလွန်ရန် ပြင်ဆင်သူ ဖြစ်စေ၊ ထိုပြစ်မှုကို ကျူးလွန်ရန် ကြံစည်သူ ဖြစ်စေ၊ ထိုပြစ်မှုကို ကျူးလွန်ရန် ပူးပေါင်းသူ ဖြစ်စေ၊ ထိုပြစ်မှုကို ကျူးလွန်ရန် ဆွဲဆောင်သူ ဖြစ်စေ၊ ထိုပြစ်မှုကို ကျူးလွန်ရန် ပြစ်မှုကျူးလွန်သူအား ဝန်းရံကူညီသ

တရားပြိုင်တို့သည် ဒေါ်စိမ်းရင်ကို အကြောင်းပြု၍ အချင်းဖြစ် ဥပစာတွင် ရောက်ရှိလာသူများ ဖြစ်ကြောင်း၊ ဒေါ်စိမ်းရင် ကွယ်လွန်သွားသောအခါ၊ အယူခံတရားပြိုင်တို့အား အယူခံတရားလိုတို့က ခွင့်ပြုချက်ကို ရုပ်သိမ်းကြောင်းအဆိုပြုလျက် ခွင့်ပြုချက်ဖြင့်ထားသူအား နှင်လိုမှုစွဲဆိုသည်။ အယူခံတရားပြိုင်တို့က အချင်းဖြစ်ဥပစာကို ဒေါ်စိမ်းရင် ပိုင်ကြောင်း၊ အမှုမှာ ကာလ စည်းကမ်းသတ် ကျော်လွန်ကြောင်း စသည်ဖြင့် ထုချေသည်။ မြို့နယ်တရားရုံးက ကာလ စည်းကမ်းသတ် ကာလကို ပဏာမငြင်းချက် ထုတ်၍ ကြားနာကာ ကာလစည်းကမ်းသတ် ကျော်သည် ဆိုကာ အမှုကို ပလပ်သည်။ အယူခံ တရားလိုတို့က တိုင်းတရားရုံးတွင် အယူခံဝင်ရာ မအောင်မြင်သဖြင့် ဗဟိုတရားရုံးသို့ ဒုတိယအယူခံမှု တင်သွင်းသည်။

ဆုံးဖြတ်ချက်။ ။အယူခံတရားလိုတို့ စွပ်စွဲချက်မှန်လျှင် ဒေါ်စိမ်းရင်က အချင်းဖြစ်တိုက်၌ နေထိုင်ခြင်းမှာ ခွင့်ပြုသူပိုင်ရှင်အား သာမန်အားဖြင့် ဆန့်ကျင်ရာမရောက်နိုင်ပေ။ ဆန့်ကျင်ရာ ရောက်သည်ဟုဆိုလျှင် အဆိုပြုသူက သက်သေထင်ရှား ပြရန်လိုပေသည်။ ၅၅အမှုတွင် အယူခံ တရားပြိုင်တို့က ဆန့်ကျင်လက်ရှိ ထားခဲ့ကြောင်း သက်သေထင်ရှား မပြရသေးပါဝဲလျက်၊ အောက်ရုံးများက အယူခံတရားလိုတို့စွဲဆိုသော အမှုမှာ ကာလစည်းကမ်းသတ် အက်ဥပဒေ ပထမဇယား အမှတ်စဉ် ၁၄၄ အရ သတ်မှတ်ထားသည့် ကာလကျော်လွန်ပြီဟု ကောက်ယူခြင်းသည် အထောက်အထား မရှိပဲ အဆုံးအဖြတ်ပြုရာ ရောက်ပေသည်။

ဒေါ်ခင်ကြည်ပါ(၇) နှင့် ဒေါ်ခင်သန်း(ခ)ဒေါ်ခင်စန်းပါ(၈) ၃

တရားလိုသည် မိမိရထိုက်သော သက်သာခွင့်ကို အတည့်အလင်းဖော်ပြ၍ တောင်းဆိုရန်လိုခြင်း — တရားရုံး အနေဖြင့် တရားလို မတောင်းဆိုသည့် သက်သာခွင့်ကို ပေးနိုင်သော်လည်း ယင်းသက်သာခွင့်မျိုးသည် တရားလိုတောင်းဆိုသည့် သက်သာခွင့်နှင့် ဆက်နွယ်သော သက်သာခွင့်ဖြစ်ရခြင်း။

ဆုံးဖြတ်ချက်။ ။တရားမကျင့်ထုံး ဥပဒေ အမိန့်-၇၊ နည်း-၇ ပါ ပြဋ္ဌာန်းချက်များအရ တရားလိုတစ်ဦးသည် ယေဘုယျဆန်သော သက်သာခွင့်ကို အတည့်အလင်း ဖော်ပြတောင်းဆိုရန် မလိုချေ။ တရားရုံး အနေဖြင့် သင့်သည်ထင်မြင်ပါက တရားလိုတောင်းဆိုခြင်း မပြုသည့် အခြားသက်သာခွင့်ကို ခွင့်ပြုနိုင်ပေသည်။ တဘက်တွင် တရားလိုသည်

မိမိအလိုရှိသော မိမိရထိုက်သော သက်သာခွင့်ကို အတည့်အလင်း ဖော်ပြတောင်းဆိုရန်လိုပေသည်။တဘက်တွင် တရားလိုအနေဖြင့်ရထိုက်သော သက်သာခွင့်ကို ဖော်ပြမတောင်းဆိုမိ၍ အမှုရုံးရခြင်းမျိုး မဖြစ်စေရန် တရားရုံးအနေဖြင့် သင့်တော်သည့် သက်သာခွင့် ပေးနိုင်ရန် အလို့ငှာ အမိန့်–၇၊နည်း–၇ ကို ပြဋ္ဌာန်းထားခြင်း ဖြစ်ပေသည်။ သို့ရာတွင် တရားလို မတောင်းဆိုသည့် သက်သာခွင့်ကို အမှုတိုင်းတွင် ပေး၍ မရချေ။ ခွင့်ပြုနိုင်သည့် သက်သာခွင့်မျိုးမှာ တရားလိုတောင်းဆိုသည့် သက်သာခွင့်နှင့် ဆက်နွယ်သော သက်သာခွင့် ဖြစ်ပေသည်။

ဦးသိန်းမောင် နှင့် ဦးတင်အောင် ပါ (၂) ၄၄

တရားမ ကျင့်ထုံး ဥပဒေ အမိန့် ၂၃၊ နည်း ၁(၂) (က)၏ သဘော–ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၁၀၆ ပါ ပြဋ္ဌာန်းချက်နှင့် မညီညွတ်သော နို့တစ်စာဖြင့် စွဲဆိုခဲ့မိသော အမှုတွင် ရုပ်သိမ်းခွင့်ပြုရန် လျှောက်ထားခြင်းကို မူလမြို့နယ် တရားရုံးသည် အမိန့် ၂၃၊ နည်း ၁ (၂) (က)အရ ခွင့်ပြုသင့်ခြင်း– ကွယ်လွန်သူအား လျှောက်ထားသူအဖြစ် ဖော်ပြခြင်းမှာ မှားယွင်းခြင်း။

ဆုံးဖြတ်ချက်။ ။အချင်းဖြစ် အခန်းများကို အင်္ဂလိပ် ပြက္ခဒိန်လ အလိုက် လဆန်း ၁ ရက်နေ့မှ လကုန်သည့် ရက်နေ့အထိ ငှားရမ်းခဲ့ရာ ထိုသို့ ငှားရမ်းမှုကို ၂–၁–၀၂ နေ့မှ စ၍ ရင်စဲလိုကြောင်း ၂၃–၁–၀၂ နေ့ နောက်ဆုံးထား၍ အိမ်ခန်းများမှ ဖယ်ရှားပေးရန် အိမ်ငှား ဦးအောင်မြင့်ထံ အကြောင်းကြားစာ ပေးပို့ထားကြောင်း တွေ့ရသည်။ သို့ဖြစ်ရာ ငှားရမ်းခြင်း ရပ်စဲသည့်နေ့သည် လကုန်ရက်နှင့် မကိုက်ညီသောကြောင့် နို့တစ်စာမှာ ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၁၀၆ ပါ ပြဋ္ဌာန်းချက်များနှင့် မညီညွတ်သောကြောင့် ဒေါ်ခင်ကြည် စွဲဆိုသော အမှုမှာ ရှုံးရမည်သာ ဖြစ်သည်။ ဤအချက်ကို အကြောင်းပြုပြီး တရားလိုဘက်မှ အမှုကို ရုပ်သိမ်းခွင့်ပြုရန် လျှောက်ထားခဲ့ခြင်း ဖြစ်ပေရာ မြို့နယ်တရားရုံးသည် တရားမကျင့်ထုံး ဥပဒေ အမိန့် ၂၃၊ နည်း ၁ (၂) (က) အရ အမှုကို ရုပ်သိမ်းခွင့် ပြုသင့်ပေသည်။

ထပ်မံဆုံးဖြတ်ချက်။ ။ဒေါ်ခင်ကြည်မှာ အမှု အတော အတွင်း ကွယ်လွန်ခဲ့သည်ဖြစ်၍ မွန်ပြည်နယ်တရားရုံးနှင့် ဗဟိုဘရားရုံးတို့တွင် ပြင်ဆင်မှု လျှောက်ထားရာ၌ ၎င်းအား လျှောက်ထားသူအဖြစ် ဖော်ပြ

ခြင်းမှာ မှားယွင်းပေသည်။ လျှောက်ထားခွင့် ရှိသူမှာ ဦးမျိုးမြင့်သာ စာမျက်နှာ
ဖြစ်သည်။

ဒေါ်ငင်ကြည် (ဂင်း၏ တရားဝင်ကိုယ်စားလှယ် ဦးမျိုးမြင့်) နှင့်
ဦးအောင်မြင့် ၀

/ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၁၀၆အာဏာသက်ရောက်
ခြင်း မရှိသော ဒေသတွင် အဆိုပါပြဋ္ဌာန်းချက်ကို လိုက်နာရန်
မလိုခြင်း။

ဆုံးဖြတ်ချက်။ ။ဤအမှုတွင် ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ
၁၀၆ ပါ ပြဋ္ဌာန်းချက်များမှာ ရှမ်းပြည်နယ်၌ အာဏာ သက်ရောက်
ခြင်း မရှိကြောင်း ပေါ်လွင်သဖြင့် ထိပုဒ်မ ၁၀၆ ပါ ပြဋ္ဌာန်းချက်ကို
လိုက်နာရန် လိုအပ်မည် မဟုတ်ဟု ဆို။

ဒေါ်သန်းမေ နှင့် ဒေါ်မြမြ ပါ(၂) ၄၁

မြန်မာ့ဓလေ့ထုံးတမ်းဥပဒေပါအမွေဆက်ခံခြင်းဆိုင်ရာဥပဒေသ–
ကွယ်လွန်သူနှင့် မျိုးဆက်နိမ့်သူက ဝေးသူအား အမွေမှပယ်ထုတ်
နိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရ အမွေဆက်ခံ
ခြင်း ဆိုင်ရာဥပဒေသ တစ်ရပ်မှာ ကွယ်လွန်သူနှင့် မျိုးဆက်နိမ့်သူက
ဝေးသူအား အမွေမှ ပယ်ထုတ်သည်။

မ ဓိ လာ မော် နှင့် ဒေါ် သန်း သန်း ပါ (၁၀) ၁၉

သီးခြား သက်သာခွင့်အက်ဥပဒေပုဒ်မ ၄၂ – ပိုင်ဆိုင်ကြောင်း
ကြေငြာသည့် ဒီကရီ၏အကျိုးဆက် သက်သာခွင့်သည် ပိုင်ဆိုင
မှုနှင့် တနည်းနည်း ဆက်နွယ်မှု ရှိရန်လိုခြင်း–အခွင့်အမိန့်အရ
နေသူအား နှင်လိုမှုသည် ပိုင်ဆိုင်ကြောင်း မြွက်ဟကြေငြာ
ချက် ဒီကရီ၏ အကျိုးဆက် သက်သာခွင့် အဖြစ် တောင်းဆို
ပိုင်ခွင့်ရှိသော သက်သာခွင့်မျိုး ဟုတ်မဟုတ်။

ဆုံးဖြတ်ချက်။ ။ပိုင်ဆိုင်ကြောင်းကြေငြာသည့် ဒီကရီ၏ အကျိုး
ဆက် သက်သာခွင့်သည် ပိုင်ဆိုင်မှုနှင့် တနည်းနည်းဖြင့် ဆက်နွယ်
သော သက်သာခွင့်မျိုး ဖြစ်ရပေမည်။ အခွင့်အမိန့်အရ နေသူအား
နှင်လိုမှုသည် ပိုင်ဆိုင်ခွင့် အပေါ် အခြေမခံပဲ အခွင့် အမိန့် အပေါ်
အခြေပြု၍ စွဲဆိုရသော အမှုမျိုး ဖြစ်ပေရာ ပိုင်ဆိုင်ကြောင်း မြွက်ဟ

ကြေငြာချက် ဒီကရီ၏ အကျိုးဆက် သက်သာခွင့် အဖြစ် တောင်းဆို စာမျက်နှာ
ပိုင်ခွင့်ရှိသော သက်သာခွင့်များ မဟုတ်ချေ။

ဦးဇေးဒီးယားပါ (၂) နှင့် $\frac{\text{ဒေါ်စုစုပါ(၂)}}{\text{ဒေါ်စုစု}}$ ၁၆

မြို့ပတ်ကြေငြာရုံ ကြေငြာပေးသည့် ဒီကရီများကို အတည်ပြုပေးရန် ဇာရီပူ လျှောက်ထားခွင့် မရှိခဲ့ခြင်း။

ဆုံးဖြတ်ချက်။ ။အယူခံတရားလို ဦးသန်းညွှန့်ရရှိထားသည့် ဒီကရီမှာ အချင်းဖြစ် အိမ်နှင့်မြေတွင် ဦးသန့်ညွှန့်အနေဖြင့် သုံးပုံတစ်ပုံရခွင့်ရှိကြောင်း မြို့ပတ်ကြေငြာရုံ ကြေငြာပေးသည့် ဒီကရီဖြစ်သည်။ ယင်းကဲ့သို့သော ဒီကရီ များကို အတည် ပြုပေးရန် အကြောင်း မရှိသည့် အလျောက် ဦးသန်းညွှန့်၏ လျှောက်ထားချက်အရ မြို့နယ်တရားရုံးက ဇာရီမှုဖွင့်လှစ်၍ ဆောင်ရွက်ခြင်းမှာ မှားယွင်းပေသည်။

ဦးသန်းညွှန့် နှင့် ဦးမြင့်အောင် ပါ (၇) ၃၀

၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ဌာနရန်းခကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂ (၁) (စ)– အိမ်ရှင်နေထိုင်ရန်အတွက် ဖြစ်ရခြင်း၊ သားသမီးများနေထိုင်ရန်အတွက် ဆိုလျှင် အကျုံးမဝင်ခြင်း။

ဆုံးဖြတ်ချက်။ ။၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ဌာနရန်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (စ)တွင် အိမ်ရှင် ဖြစ်သူသည် မိမိနေထိုင်ရန် အတွက် မဟုတ်ပဲ မိမိ မိသားစုနှင့် သား သမီးများ နေထိုင်ရန်အတွက် အိမ်ဌားအပေါ် နှင်လိုမှုစွဲဆိုနိုင်ကြောင်း ပြဋ္ဌာန်းထားခြင်း မရှိပေ။

ဒေါ်အေးရင်(ခ)ဒေါ်ရင်အေးပါ(၄) နှင့် ဦးခင်မောင်ဝင်းပါ(၂) ၄၉

မြို့ပြဆိုင်ရာ ဌာနရန်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၉– ဌာနရန်းခ ကြီးကြပ်ရေးဝန်၏ စံဌာနရန်းခ သက်သေခံ လက်မှတ်မပါဝဲ ဌာနရန်းခများ တောင်ခံခွင့် မရှိခြင်း။

ဆုံးဖြတ်ချက်။ မြို့ပြဆိုင်ရာ ဌာနရန်းခ ကြီးကြပ်ရေးဝန်၏ စံဌာနခ သက်သေခံလက်မှတ်မပါဝဲ ဌာနရန်းခများတောင်းခံနိုင်ခြင်းမရှိကြောင်း မြို့ပြဆိုင်ရာ ဌာနရန်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၉ တွင်၊ ပြဋ္ဌာန်းထားသည်။ ထိုစံဌာနရန်းခ လက်မှတ်မပါဝဲ မူလရုံးက ဌာနရန်းခ ငွေများကိုပေးစေရန် ဒီကရီချခဲ့ခြင်းသည် မှားယွင်းလျက်နေကြောင်းတွေ့ရသည်။

ဦးကြင် နှင့် ဦးဘီဒါမွတ်ပါ (၂) ၁

အခွင့်အမိန့်အရ နေထိုင်သူ—အချင်းဖြစ် ဥပစာတွင်နေထိုင်သူသည် ဥပဒေသဘောအရ ပိုင်ရှင်အဖြစ် ဆက်လက် နေထိုင်သည်ဟု ကောက်ယူရမည့် အခြေအနေမျိုးရှိလျှင် ၎င်းအား အခွင့်အမိန့်အရ နေထိုင်သူအဖြစ် ဖယ်ရှားခွင့် မရှိခြင်း— ပထမအယူခံရုံး၏ စီရင်ချက်နှင့် ဒီကရီကို တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၀၀ အရ သာ အယူခံဝင်ခွင့်ရှိခြင်း။ စာမျက်နှာ

ဆုံးဖြတ်ချက်။ ။အမှုတွင် အငြင်းမပွားသည့် အချက်မှာ ဦးရန်ကနားသည် အချင်းဖြစ် ဥပစာ၏ မူလပိုင်ရှင် ဖြစ်ပြီး ယင်းဥပစာတွင် ပိုင်ရှင်အဖြစ် နေထိုင်ခဲ့သည့်အချက်ဖြစ်သည်။ မူလရုံးတရားလို ဒေါ်ခင်သီဘက်မှ ဦးရန်ကနားသည် ယင်းအိမ်နှင့် မြေကို သက်သေခံ (က) စာချုပ်အရ အဖိုးငွေကျပ် ၃၅၀၀/–ဖြင့် ဒေါ်ခင်သီအား ရောင်းချခဲ့သည်ဟု အဆိုပြုထားသည်။ ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၅၄ အရ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းကို တန်ဖိုးကျပ် ၁၀၀/–ဖြင့် ဖြစ်စေ၊ ကျပ် ၁၀၀/–ထက် ပိုသောတန်ဖိုးအရဖြစ်စေ၊ ရောင်းချရာ၌ အရောင်းအဝယ် စာချုပ်ကို မှတ်ပုံတင်မှသာ အရောင်းအဝယ် အထမြောက်မည်ဖြစ်သည်။ ဤအမှုတွင် သက်သေခံ (က) အရောင်းအဝယ် စာချုပ်ကို မှတ်ပုံတင်ထားခြင်း မရှိသဖြင့် အရောင်းအဝယ် အထမမြောက်သေးသောကြောင့် ဥပဒေအမြင်တွင် အချင်းဖြစ် ဥပစာ၏ ပိုင်ရှင်သည် ဦးရန်ကနားသာ ဖြစ်သည်။ ဤအခြေအနေတွင် ဥပဒေသဘောအရ ဦးရန်ကနားသည် အချင်းဖြစ်ဥပစာ၌ ပိုင်ရှင်အဖြစ် ဆက်လက် နေထိုင်သည်ဟု ကောက်ယူရမည် ဖြစ်သည့်အလျောက် ဒေါ်ခင်သီသည် ဦးရန်ကနားအား မိမိ၏အခွင့်အမိန့်အရ နေထိုင်သူအဖြစ်ဖြင့် ဖယ်ရှားခွင့်မရှိပေ။

ထပ်မံဆုံးဖြတ်ချက်။ ။ဤအမှုမှာ တရားမ ဒုတိယ အယူခံမှုဖြစ်သည်။ မည်သည့်အခါ တရားမပထမအယူခံရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံဝင်နိုင်ကြောင်း၊ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၀၀ တွင် ပြဋ္ဌာန်းထားသည်။ မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့က တသဘောတည်း ကောက်ယူဆုံးဖြတ်ထားသည် ဖြစ်၍ အယူခံ တရားလိုသည် တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၀၀(၁)(က)(ခ)နှင့် (ဂ)ပါဥပဒေပြဿနာ တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍သာ အယူခံဝင်ခွင့်ရှိသည်။ သို့ဖြစ်၍ အယူခံတရားလိုဘက်မှ အောက်ရုံးများသည် မည်သည့်ဥပဒေပြဿနာများနှင့် စပ်လျဉ်း၍ မှားယွင်းဆုံးဖြတ်ကြောင်း ဖော်ထုတ် တင်ပြရန် ဖြစ်သည်။ တရားမဒုတိယအယူခံမှုတွင် မူလအမှုတွဲ၌ ထုတ်နုတ်ထားသော ငြင်းချက် တစ်ရပ်စီကို အဆုံးဖြတ် ပေးရန်အကြောင်း မရှိချေ။

အခွင့်အမိန့်အရ နေထိုင်သူ— အချင်းဖြစ်ဥပစာတွင် ပိုင်ရှင်အဖြစ် နေထိုင်လာသူက တရားမဝင် စာချုပ်ဖြင့် ရောင်းချပြီးနောက် ဝယ်သူ၏ ခွင့်ပြုချက်ဖြင့် ဆက်လက် နေထိုင်ခြင်း— ဤအခြေအနေတွင် ဝယ်သူသည် ဆက်လက်နေထိုင်သူအား အခွင့်အမိန့်အရ နေထိုင်သူ အဖြစ် ဖယ်ရှားခွင့် ရှိမရှိ — ခွင့်ပြုချက်ဖြင့် နေခွင့်ပေးခြင်း ဟုတ်မဟုတ်ဆိုသော ပြဿနာမှာ မည်သည့် အခါတွင် အကြောင်းခြင်းရာ ပြဿနာ သက်သက် မဟုတ်ဝဲ ဥပဒေပြဿနာ ဖြစ်လာခြင်း။

စာမျက်နှာ

ဆုံးဖြတ်ချက်။ ။ဤအမှုတွင် အငြင်းမပွားသည့် အချက်မှာ အချင်းဖြစ် အိမ်မှာ မူလက ဒေါ်သောင်းစိန်ပိုင် အိမ်ဖြစ်၍ ဒေါ်သောင်းစိန်သည် ယင်းအိမ်၌ ပိုင်ရှင်အဖြစ် နေထိုင်ခဲ့သည်ဆိုခသာ အချက်ဖြစ်သည်။ အယူခံတရားပြိုင် ဒေါ်ကြည်က ထိုအိမ်ကို သက်သေခံ (၀) စာချုပ်အရ ဝယ်ယူခဲ့ကြောင်း ထွက်ဆိုသည်။သို့သော် ယင်းစာချုပ်ကို မှတ်ပုံမတင်ရ သေးကြောင်းတွေ့ရှိရသည်။ သို့ဖြစ်ရာ အရောင်းအဝယ် အထမမြောက် သေးသောကြောင့် ဥပဒေအမြင်တွင် ဒေါ်သောင်းစိန်သည် အချင်းဖြစ် အိမ်၏ပိုင်ရှင် ဖြစ်ပေသည်။ ဤအခြေ အနေတွင် ဥပဒေသဘောအရ ဒေါ်သောင်းစိန်သည် ဤအမှုကို စွဲဆိုသည့် အချိန်အထိ အချင်းဖြစ်အိမ်၌ ပိုင်ရှင်အဖြစ် ဆက်လက်နေထိုင် လာခဲ့သည်ဟု ကောက်ယူရမည် ဖြစ်သည့်အလျောက် ဒေါ်ကြည်သည် ဒေါ်သောင်းစိန်အား မိမိ၏အခွင့် အမိန့် အရ နေထိုင်သူ အဖြစ်ဖြင့် ဖယ်ရှားခွင့် မရှိပေ။

ထပ်မံဆုံးဖြတ်ချက်။ ။ဤအမှုတွင် ဒေါ်ကြည်သည် ဒေါ်သောင်းစိန်အား အချင်းဖြစ် အိမ်အောက်ထပ်၌ ယာယီနေထိုင်ခွင့် ပေးထားခဲ့ခြင်း ရှိမရှိဆိုသောအချက်မှာ အကြောင်းခြင်းရာ ပြဿနာသက်သက် မဟုတ်ချေ။ သက်သေခံ (၀) စာချုပ်ကို ချုပ်ဆိုခဲ့ရခြင်းကြောင့် ဒေါ်သောင်းစိန်သည် အိမ်ပိုင်ရှင်အဖြစ်မှ ရပ်စဲ၍ ဒေါ်ကြည်၏ အခွင့်အမိန့်အရ နေထိုင်သူအဖြစ်သို့ ရောက်ရှိသွားခြင်း ရှိမရှိဆိုသောအချက်မှာ ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၅၄ နှင့် မှတ်ပုံတင်အက်ဥပဒေပုဒ်မ ၁၇ ပါ ပြဋ္ဌာန်းချက်များ အရ အဆုံးအဖြတ်ပေးရမည့် ဥပဒေကြောင်းဆိုင်ရာ ကိစ္စများဖြစ်ပေသည်။

တရားမ တတိယအယူခံမှု

ဥက္ကဋ္ဌအဖြစ်ဦးထွန်းရှိန်၊ အဖွဲ့ဝင်များအဖြစ် ဦးတင်အောင်နှင့် ဦးသန့်စင်တို့ ပါဝင်သော ဗဟိုတရား စီရင်ရေးအဖွဲ့ရှေ့တွင်

†၁၉၇၄
ဖေဖော်ဝါရီ
၁၅ရက်

ဦးကြင်
နှင့်
ဦးဘီဒါမွတ်ပါ (၂) *

မြို့ပြဆိုင်ရာ ဌားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၉—ဌားရမ်းခ ကြီးကြပ်ရေးဝန်၏ စံဌားရမ်းခ သက်သေခံ လက်မှတ် မပါဝဲ ဌားရမ်းခများ တောင်းခံခွင့် မရှိခြင်း။

ဆုံးဖြတ်ချက်။ ။မြို့ပြဆိုင်ရာ ဌားရမ်းခ ကြီးကြပ်ရေးဝန်၏ စံဌားခ သက်သေခံလက်မှတ် မပါဝဲ ဌားရမ်းခများ တောင်းခံနိုင်ခြင်းမရှိကြောင်း မြို့ပြဆိုင်ရာ ဌားရမ်းခ ကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၉ တွင် ပြဋ္ဌာန်းထားသည်။ ထိုစံဌားရမ်းခ လက်မှတ်မပါဝဲ မူလရုံးက ဌားရမ်းခ ငွေများကို ပေးစေရန် ဒီကရီချခဲ့ခြင်းသည် မှားယွင်းလျက်နေကြောင်း တွေ့ရသည်။

အယူခံတရားလို အတွက် — ဦးထွန်းရှိန်၊ ဗဟိုတရားရုံးရှေ့နေ
အယူခံတရားပြိုင်များအတွက် — ဦးမင်းဆွေ၊ ဗဟိုတရားရုံးရှေ့နေ

အယူခံဘရားလို ဦးကြင်က ဒေါ်ပုံမြို့ မြို့သစ်ရပ်ကွက်တွင်ရှိသော အချင်းဖြစ် အိမ်ခန်းမှ အယူခံတရားပြိုင် ဦးဘီဒါမွတ်နှင့် ဒေါ်စကိတို့အား မြို့ပြဆိုင်ရာ ဌားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (က) နှင့် (ဂ) တို့ အရ နှင် ထုတ်ပေးရန် ဒေါ်ပုံမြို့၊ ဝါဆိုရပ်ကွက် တရားရုံး တရားမကြီးမှု အမှတ် ၁၄/၈၁ တွင် တရားစွဲဆိုခဲ့သည်။ မြို့ပြဆိုင်ရာ ဌားရမ်းခကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၂ (၁) (ဂ) အရ တောင်းဆိုသည့် သက်သာခွင့်ကို ပလပ်၍ မြို့ပြဆိုင်ရာ ဌားရမ်းခ ကြီးကြပ်ရေးဥပဒေပုဒ်မ ၁၂ (၁) (က) အရ တောင်းဆိုသည့် သက်သာခွင့်နှင့် ပတ်သက်၍ ၁–၁၀-၇၇ နေ့မှ ၃၁–၁၀–၈၀ နေ့

---

* ၁၉၈၃ ခုနှစ်၊ တရားမ တတိယအယူခံမှု အမှတ်- ၄၆

† ၁၉၈၃ ခုနှစ်၊ တရားမအယူခံမှု အမှတ် ၁၈ တွင် ချမှတ်သော (၃-၅-၈၃) နေ့စွဲပါ ရန်ကုန်တိုင်း တရားရုံးအမှတ် (၄)၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

၁၉၀၄ ဦးကြင် နှင့် ဦးဘီဒါမွတ်ပါ (၂)

အထိ (၃၆)လ အတွက် တစ်လလျှင် ကျပ် ၁၅/နှုန်းနှင့် ငွေပေါင်း ကျပ် ၅၄၀/–ကို အယူခံတရားပြိုင် ဦးဘီဒါမွတ်နှင့်ဒေါ်စကိတို့က ပေးစေရန် ဒီကရီ ချပေးခဲ့သည်။ အယူခံတရားပြိုင် ဦးဘီဒါမွတ်နှင့် ဒေါ်စကိတို့က မကျေနပ်၍ ဒေါပုံမြို့နယ်တရားရုံးတွင် တရားမအယူခံမှု အမှတ် ၁/၀၂ အရ အယူခံရာတွင် မူလရုံး၏ စီရင်ချက်နှင့် ဒီကရီကို ဆက်လက်အတည်ပြု၍ အယူခံကို ပလပ်ခဲ့သည်။ အယူခံတရားလို ဦးဘီဒါမွတ်ပါ ၂ ဦးက ရန်ကုန်တိုင်း တရားရုံးသို့ အယူခံမှု အမှတ် ၁၈/၀၃ (ဒေါပုံ)အရ ဆက်လက်အယူခံရာ တိုင်းရုံးက မူလရပ်ကွက်ရုံးနှင့် ပထမအယူခံရုံးတို့၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်လိုက်သဖြင့် အယူခံတရားလို ဦးကြင်က မကျေနပ်၍ ဤတရားမ တတိယအယူခံမှုကို တင်သွင်းခြင်းဖြစ်သည်။

မူလရုံးတွင် အယူခံတရားလို ဦးကြင်သည် တောင်းဆိုသည့် သက်သာခွင့် နှစ်ခုစလုံးကို မရရှိခဲ့ဧ။ မိမိတောင်းဆိုသည့်အတိုင်း သက်သာခွင့် မရသဖြင့် မိမိတောင်းဆိုသည့် သက်သာခွင့်ကို ရရန်အတွက် ဦးကြင်အနေဖြင့် ဒေါပုံမြို့နယ် တရားရုံးတွင် တရားမကျင့်ထုံး ဥပဒေပုဒ်မ ၉၆ အရ မလွဲမသွေ အယူခံရမည်ဖြစ်ပေသည်။ သို့မဟုတ် တဘက် အမှုသည်က အယူခံ ဝင်ရာတွင် တရားမကျင့်ထုံး အမိန့် ၄၁၊ နည်း ၂၂ အရ အဖြန်အလှန် ကန့်ကွက်လွှာ တင်သွင်းရပေမည်။ ထိုသို့မလုပ်ခဲ့ခြင်းကြောင့် မူလရုံး၏စီရင်ချက်နှင့် ဒီကရီသည် ဦးကြင်အပေါ် တည်မြဲခိုင်မာလျက်ရှိပေသည်။ ဦးကြင်သည် ယခု အဆင့်ကျမှ မိမိရလိုသော သက်သာခွင့်များကို တောင်းရန် အခွင့်အရေး မရှိတော့ပေ။ မြို့ပြဆိုင်ရာဌာနရမ်းခ ကြီးကြပ်ရေးဝန်၏စံဌာန သက်သေခံလက်မှတ်မပါဝဲ ဌာနရမ်းခများ တောင်းခံနိုင်ခြင်း မရှိကြောင်း မြို့ပြဆိုင်ရာဌာနရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၉ တွင် ပြဋ္ဌာန်းထားသည်။ ထိုစံဌာနရမ်းခ လက်မှတ်မပါဝဲ မူလရုံးက ဌာနရမ်းခများကို ပေးစေရန် ဒီကရီချခဲ့ခြင်းသည် မှားယွင်းလျက်နေကြောင်း တွေ့ရသည်။ ထို့အပြင် မူလရုံးသည် ကာယကံရှင် အမှုသည်ကတောင်းဆိုခြင်းမရှိသည့် သက်သာခွင့်ကိုပေးထားခြင်းဖြစ်ကြောင်း လည်း တွေ့ရသည်။ သို့ဖြစ်၍ မူလရပ်ကွက် တရားရုံးနှင့် မြို့နယ်တရားရုံးတို့၏ စီရင်ချက်နှင့် ဒီကရီများမှာ မှားယွင်းနေသဖြင့် ထိုရုံးများ၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ခဲ့သည့် ရန်ကုန်တိုင်းတရားရုံး၏ စီရင်ချက်ကို ဝင်ရောက် စွက်ဖက်ရန် အကြောင်းမပေါ်ပေါက်ပေ။

ထို့ကြောင့် ရန်ကုန်တိုင်းတရားရုံးက တရားမ ဒုတိယ အယူခံမှု အမှတ် ၁၈/၀၃ (ဒေါပုံ) တွင် ၃–၅–၀၃ နေ့က ချမှတ်ခဲ့သည့် စီရင်ချက်နှင့် ဒီကရီကို အတည်ပြု၍ ဤအယူခံမှုကို အောက်ရုံး အဆင့်ဆင့်ကုန်ကျစရိတ်နှင့် တကွ ပလပ်လိုက်သည်။

ရှေ့နေစရိတ်ကျပ် ၅၀/–သတ်မှတ်သည်။

တရားမ ဒုတိယ အယူခံမှု

ဥက္ကဋ္ဌအဖြစ်ဦးထွန်းရှိန်၊ အဖွဲ့ဝင်များအဖြစ် ဦးတင်အောင်နှင့်ဦးသန့်စင် တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဒေါ်ခင်ကြည်ပါ (၇)

နှင့်

ဒေါ်ခင်သန်း (ခ) ဒေါ်ခင်စန်းပါ (၀)*

†၁၉၀၄
ဖေဖော်ဝါရီ
၂၉ရက်

အခွင့်အမိန့်အရ နေထိုင်သူအား နှင်လိုမှု—အချင်းဖြစ် ဥပစာတွင် အခွင့်အမိန့်အရ နေထိုင်သူသည် ခွင့်ပြုချု ပိုင်ရှင်အား သာမန် အားဖြင့် ဆန့်ကျင်ရာ မရောက်နိုင်ခြင်း—ဆန့်ကျင်ရာ ရောက်သည်ဆို လျှင် သက်သေထင်ရှားပြရန် တာဝန်သည် အဆိုပြုသူ အပေါ်၌ ကျရောက်ခြင်း။

အယူခံတရားလိုတို့၏ ဖခင်လက်ထက်က ဒေါ်စိန်းရင်အား အချင်းဖြစ် ဥပစာတွင် ၎င်း၏တသက် နေခွင့်ပြုခဲ့ကြောင်း၊ ဖခင်ကွယ်လွန်ပြီးနောက် အယူခံ တရားလိုတို့က ဆက်လက်နေခွင့်ပြုခဲ့ကြောင်း၊ အယူခံတရားပြိုင်တို့သည် ဒေါ်စိန်းရင်ကို အကြောင်းပြု၍ အချင်းဖြစ် ဥပစာတွင် ရောက်ရှိလာသူများ ဖြစ်ကြောင်း၊ ဒေါ်စိန်းရင်ကွယ်လွန်သွားသောအခါ၊ အယူခံတရားပြိုင်တို့အား အယူခံတရားလိုတို့က ခွင့်ပြုချက်ကို ရုတ်သိမ်းကြောင်း အဆိုပြုလျက် ခွင့်ပြုချက် ဖြင့် ထားသူအား နှင်လိုမှု စွဲဆိုသည်။ အယူခံတရားပြိုင်တို့က အချင်းဖြစ် ဥပစာကို ဒေါ်စိန်းရင်ပိုင်ကြောင်း၊ အမှုမှာ ကာလစည်းကမ်းသတ် ကျော်လွန် ကြောင်း စသည်ဖြင့် ထုချေသည်။ မြို့နယ်တရားရုံးက ကာလစည်းကမ်းသတ် ကာလကို ပဏာမ ဖြင်းချက်ထုတ်၍ ကြားနာကာ ကာလစည်းကမ်းသတ် ကျော်သည်ဆိုကာ အမှုကို ပလပ်သည်။ အယူခံတရားလိုတို့က တိုင်းတရား ရုံးတွင် အယူခံဝင်ရာ မအောင်မြင်သဖြင့် ဗဟိုတရားရုံးသို့ ဒုတိယ အယူခံမှု တင်သွင်းသည်။

---

* ၁၉၀၃ ခုနှစ်၊ တရားမ ဒုတိယ အယူခံမှု အမှတ် ၁၅၅၊

† ၁၉၀၃ ခုနှစ်၊ အယူခံမှု အမှတ် ၃၄ တွင် ချမှတ်သော (၁-၆-၀၃) နေ့စွဲပါ ရောဝတီတိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

ဒုတိယဆင့်ခေါ်ဆိုသည့်ရက်

ကြေငြာစာအမှတ်နှင့်ရက်စွဲ – ပထမဆင့်ခေါ်ဆိုသည့်ရက်

ဖော်ပြပါအတိုင်းဆင့်ခေါ်ပါသည်။ ကြေငြာသူ

"ကြေငြာစာထုတ်ပြန်ခြင်းအကြောင်း ပါရှိပါသည်။

ဤအစည်းအဝေးတွင် ၁၆၉ ဦးတက်ရောက်ခဲ့ပြီး ထိုအနက် ၁၄၃ ဦးသည် ဆန္ဒမဲပေးခွင့်ရှိသူများဖြစ်ကြသည်။ ဆန္ဒမဲပေးခွင့်ရှိသူ ၁၄၃ ဦးအနက် ၁၂၈ ဦးသည် ဆန္ဒမဲပေးခွင့်ရှိသူ စုစုပေါင်း၏ ၂/၃ ထက်ကျော်လွန်သောကြောင့် ဥပဒေပုဒ်မ ၁၅(ခ) အရ ဆန္ဒမဲပေးခွင့်ရှိသူ

ရော၀တီတိုင်း တရားရုံးတွင် အယူခံ၀င်သော်သည်း မအောင်မြင်သောကြောင့် မဟိုတရားရုံးတွင် ဤတရားမ ဒုတိယအယူခံမှုကို တင်သွင်းခြင်းဖြစ်သည်။

၁၉၀၄ ဒေါ်ခင်ကြည် ပါ(၇) နှင့် ဒေါ်ခင်သန်း (၁) ဒေါ်ခင် စန်းပါ (၀)

ဤအယူခံတွင် အဆုံးအဖြတ်ပေးရမည့် ပြဿနာမှာ ဥပဒေပြဿနာဖြစ်သည်။ မူလရုံးသည် နှစ်ဘက်သက်သေများကို စစ်ဆေးခြင်း မပြုဝဲ ပဏာမငြင်းချက်အရ အမှုကို အဆုံးအဖြတ်ပေးခဲ့သည်ဖြစ်၍ အဆိုအချေများ၌ ဝန်ခံထားသော အကြောင်းခြင်းရာများမှ တပါး အခြားမည်သည့် အကြောင်းခြင်းရာကိုမျှ အမှုတွင် ထည့်သွင်းစဉ်းစားနိုင်မည် မဟုတ်ချေ။ သို့ဖြစ်ရာ နှစ်ဘက်ရှေ့နေများသည် အမှုတွင်အငြင်းပွားလျက်ရှိသည့် အကြောင်းခြင်းရာများကို ထည့်သွင်းလျောက်လဲကြသည်မှာ မှားယွင်းပေသည်။

အယူခံတရားလိုတို့၏ ရှေ့နေကကာလစည်းကမ်းသတ် ပြဿနာကို အဆိုလွှာပေါ်မူတည်၍ ဆုံးဖြတ်ရန်ဖြစ်သသား၊ ချေလွှာအရ ဆုံးဖြတ်ရန်ဖြစ်သလား အငြင်းပွားလျက်ရှိကြောင်း၊ အဆိုလွှာအရဆိုလျှင် စွဲဆိုသည့် အမှုမှာ ကာလစည်းကမ်းသတ် ကျော်လွန်ခြင်းမရှိကြောင်း၊ ကာလစည်းကမ်းသတ် ကိစ္စမှာ ဥပဒေကြောင်းသက်သက် မဟုတ်ကြောင်း၊ သက်သေခံချက်ရယူပြီးမှ အဆုံးအဖြတ် ပေးနိုင်မည်ဖြစ်ကြောင်း စသည်ဖြင့် လျောက်ထားသည်။

အယူခံတရားပြိုင်တို့၏ ရှေ့နေက ပဏာမ ငြင်းချက်ကို နှစ်ဘက်သောအမှုသည် များ၏ သဘောတူညီချက်ဖြင့် လျောက်လဲတင်ပြခဲ့ကြောင်း၊ အခွင့်နှင့် နေသူအား နှင်လိုမှုတွင် နို့တစ်စာပေးရန် မလိုကြောင်း၊ မလိုသည့် နို့တစ်စာကို ပေးပြီး ကာလစည်းကမ်းသတ်ကို နို့တစ်စာ ကုန်ဆုံးသည့်နေ့မှ စ၍ ရေတွက်ခြင်းမှာ မှားယွင်းကြောင်း၊ တရားစွဲဆိုရန် အကြောင်းခြင်းရာမှာ လွန်ခဲ့သော အနှစ် ၄၀ ကျော်က အချင်းဖြစ်တိုက်၌ ဒေါ်စိမ်းရင်စတင်နေထိုင်ကတည်းက ပေါ်ပေါက်လာကြောင်း၊ သို့မဟုတ် အယူခံတရားပြိုင်များ စတင်နေထိုင်သည့် လွန်ခဲ့သော အနှစ် ၂၀ ကျော်က စ၍ ပေါ်ပေါက်ကြောင်း၊ သို့မဟုတ် မအူပင်မြို့ ယခင်ခရိုင် တရားမရုံး၊ တရားမကြီးမှု အမှတ် ၂/၆၃ တွင် ဒေါ်စိမ်းရင်က အယူခံတရားလိုတို့၏ အကျိုးစီးပွားကို ဆန့်ကျင်ခဲ့စဉ်က စ၍ ပေါ်ပေါက်ကြောင်း၊ သို့ဖြစ်၍ အယူခံတရားလိုတို့ စွဲဆိုသော အမှုမှာ ကာလစည်းသတ် ကျော်လွန်ကြောင်းဖြင့် ကာလစည်းကမ်းသတ် အက်ဥပဒေ ပုဒ်မ ၂၀ ပါ ပြဋ္ဌာန်းချက်များကို ကိုးကား၍ လျောက်ထားသည်။

အယူခံတရားလိုတို့က ဒေါ်စိမ်းရင်သည် ဖခင်ဦးဘကျင်၏ ခွင့်ပြုချက်အရ အချင်းဖြစ်တိုက်၌ နေထိုင်ခြင်းဖြစ်ကြောင်း၊ ဦးဘကျင် ကွယ်လွန်သောအခါ မိမိတို့က ဆက်လက်၍ နေထိုင်ခွင့်ပြုခဲ့ကြောင်း၊ အယူခံတရားပြိုင်တို့သည် ဒေါ်စိမ်းရင်ကို အကြောင်းပြု၍ သူနှင့်အတူ လာရောက်နေထိုင်သူများ ဖြစ်

၁၉၈၄ ခေါ်ခင်ကြည်ပါ(၇) နှင့် ခေါ်ခင်သန်း(ခ) ခေါ်ခင်စန်းပါ (၈)

ကြောင်း၊ ခေါ်စိမ်းရင်သည် ၂၀–၄–၈၀ နေ့၌ ကွယ်လွန်ခဲ့ကြောင်း စံသည်ဖြင့် အဆိုပြု၍ ဤအမှုကို စွဲဆိုခြင်းဖြစ်ပေသည်။

အယူခံတရားလိုတို့ စွပ်စွဲချက်မှန်လျှင် ခေါ်စိမ်းရင်က အချင်းဖြစ်တိုက်ခွဲ နေထိုင်ခြင်းမှာ ခွင့်ပြုသူပိုင်ရှင်အား သာမန်အားဖြင့် ဆန့်ကျင်ရာမရောက်နိုင်ပေ။ ဆန့်ကျင်ရာရောက်သည်ဟုဆိုလျှင် အဆိုပြုသူက သက်သေထင်ရှားပြရန် လိုပေသည်။ ဤအမှုတွင် အယူခံတရားပြိုင်တို့က ဆန့်ကျင်လက် ရှိထားခဲ့ကြောင်း သက်သေထင်ရှား မပြရသေးပါဝံ့ကျက် အောက်ရုံးများက အယူခံတရားလိုတို့ စွဲသောအမှုမှာ ကာလစည်းကမ်းသတ် အက်ဥပဒေ ပုထမဇယား အမှတ်စဉ် ၁၄၄ အရ သတ်မှတ်ထားသည့်ကာလကျော်လွန်ပြီဟု ကောက်ယူခြင်းသည် အထောက်အထား မရှိပဲ အဆုံးအဖြတ်ပြုရာ ရောက်ပေသည်။

တိုင်းတရားရုံးက မအူပင်မြို့ ယခင်ခရိုင် တရားမ တရားရုံး တရားမကြီးမှု အမှတ် ၂/၆၃ တွင် ချမှတ်သော ဒီကရီကို အတည်ပြုသည့် ရောဝတီတိုင်း တရားရုံး တရားဇာရီမှု အမှတ် ၂/၇၃ တွင် ချမှတ်သည့် အမိန့်များကိုရည်ညွှန်း၍ သုံးသပ်ထားကြောင်း တွေ့ရှိရသည်။

တရားရုံးများ လက်စွဲအဝိန် ၁၀၈၃ တွင် အောက်ပါအတိုင်း ညွှန်ကြားထားသည် —

> " အခြားအမှုတွဲကိုဖြစ်စေ၊ အစိုးရနှင့် ဆိုင်သည့် အခြားစကွ။ ရပ်များကို ဖြစ်စေ၊ တရားမတရားသူကြီး၊ သို့တည်းမဟုတ် ရာဇဝတ်တရားသူကြီးက တောင်းယူ၍ ထိုအမှုတွဲ သို့တည်းမဟုတ် စကွ။ ရပ်များ၏ အစိတ်အပိုင်း တစ်ခုခုကို မိမိရှေ့စစ်ဆေးစီရင်သည့် အမှုတွင် သက်သေခံအဖြစ်နှင့် လက်ခံသည့် မည်သည့်အခါမဆို ထိုသို့လက်ခံသည့် အစိတ်အပိုင်းကို မှန်ကြောင်း လက်မှတ်ရေးထိုးထားသည့်မိတ္တူ။ တစ်ခု ရေးကူး၍ စစ်ဆေးသောအမှုတွဲတွင်ထည့်သွင်းထားစေရမည်ဟု တရားသူကြီးက အမိန့်ချမှတ်ရမည်။

တိုင်းတရားရုံး ရည်ညွှန်းသော စာရွက်စာတမ်း အထောက်အထားများကို အမှုတွဲ၌ သက်သေခံအဖြစ် လက်ခံထားခြင်းမရှိကြောင်းတွေ့ရသည်။ ထို့ဖြင့် မူလရုံး အမှုတွဲရှိ ရောဝတီတိုင်း တရားရုံး တရားမဇာရီမှု အမှတ် ၂/၇၃ တွင် ချမှတ်သည့် အမိန့်များမှာ မိတ္တူမှန်များ မဟုတ်သဖြင့် အမှုတွင် ထည့်သွင်းစဉ်းစားခြင်းမပြုနိုင်။ သို့ဖြစ်ရာ အယူခံတရားလိုတို့ စွဲသော အမှုမှာ ကာလစည်းကမ်းသတ် ကျော်လွန်ခြင်း ရှိမရှိဆိုသော ငြင်းချက်ကို အမှုစစ်ဆေးပြီးမှသာ အဆုံးအဖြတ်ပေးနိုင်မည် ဖြစ်ပေသည်။

၁၉၀၄ ဒေါ်ခင်ကြည် ပါ(၇) နှင့် ဒေါ်ခင်သန်း (ခ) ဒေါ်ခင် စန်းပါ (၈)

ထို့ကြောင့် ဤအယူခံကို ခွင့်ပြု၍ တိုင်းတရားရုံးနှင့် မြို့နယ်တရားရုံးတို့၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်လိုက်သည်။ မြို့နယ်တရားရုံးသည် မူလအမှုအမှတ်အတိုင်း အမှုပြန်လည်ဖွင့်လှစ်၍ တရားဥပဒေနှင့်အညီ အဆုံးအဖြတ်ပေးရန် တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်း ၂၃ အရ ညွှန်ကြားလိုက်သည်။ အယူခံတရားပြိုင်တို့သည် အယူခံတရားလိုတို့အား ရှေ့နေခ ကျပ် ၅၀/- ပေးရမည်။

ဤအယူခံထွင် အယူခံတရားလို ကုန်ကျသော ရုံးခွန်များကို သူတို့အားပြန်အမ်းရန် အတွက် လိုအပ်သည့် သက်သေခံ လက်မှတ်ကို သူတို့အား ထုတ်ပေးရန် ရုံးခွန်အက်ဥပဒေပုဒ်မ ၁၃ အရ ညွှန်ကြားလိုက်သည်။

တရားမပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ်ဦးတင်အောင်၊အဖွဲ့ဝင်များအဖြစ် ဦးမြကျော်နှင့် ဦးထွန်းရှိန်တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

†၁၉၇၄ ဇန်နဝါရီ ၂၆ရက်

ဒေါ်ခင်ကြည် (ဂုဏ်ဘာသာဝင်ကိုယ်စားလှယ် ဦးမျိုးမြင့်)
နှင့်
ဦးအောင်မြင့်*

တရားမကျင့်ထုံးဥပဒေအမိန့် ၂၃၊နည်း ၁ (၂) (က) ၏သဘော—ပစ္စည်းလွှဲပြောင်းရေးအက်ဥပဒေပုဒ်မ ၁၀၆ ပါ ပြဋ္ဌာန်းချက်နှင့် မညီညွတ်သော နို့တစ်စာဖြင့် စွဲဆိုခဲ့မိသောအမှုတွင် ရုပ်သိမ်းခွင့်ပြုရန် လျှောက်ထားခြင်းကို မူလမြို့နယ်တရားရုံးသည် အမိန့် ၂၃၊ နည်း ၁ (၂) (က) အရ ခွင့်ပြုသင့်ခြင်း—ကွယ်လွန်သူအား လျှောက်ထားသူအဖြစ် ဖော်ပြခြင်းမှာ မှားယွင်းခြင်း။

ဆုံးဖြတ်ချက်။ ။ အချင်းဖြစ် အခန်းများကို အင်္ဂလိပ်ပြက္ခဒိန် လအလိုက် လဆန်း ၁ ရက်နေ့မှ လကုန်သည့်ရက်နေ့အထိ ငှားရမ်းခဲ့ရာ ထိုသို့ငှားရမ်းမှုကို ၂–၁–၁၂ နေ့မှစ၍ ရပ်စဲလိုကြောင်း၊ ၂၃–၁–၁၂ နေ့နောက်ဆုံးထား၍ အိမ်နှင်းများမှ ဖယ်ရှားပေးရန် အိမ်ငှား ဦးအောင်မြင့်ထံ အကြောင်းကြားစာ ပေးပို့ထားကြောင်းတွေ့ရသည်။ သို့ဖြစ်ရာ ငှားရမ်းခြင်းရပ်စဲသည့်နေ့သည် လကုန်ရက်နှင့် မကိုက်ညီသောကြောင့် နို့တစ်စာမှာ ပစ္စည်းလွှဲပြောင်းရေးအက်ဥပဒေ ပုဒ်မ ၁၀၆ ပါ ပြဋ္ဌာန်းချက်များနှင့် မညီညွတ်သောကြောင့် ဒေါ်ခင်ကြည်စွဲဆိုသောအမှုမှာ ရှုံးရမည်သာဖြစ်သည်။ ဤအချက်ကိုအကြောင်းပြုပြီး တရားလိုဘက်မှ အမှုကို ရုပ်သိမ်းခွင့်ပြုရန် လျှောက်ထားခဲ့ခြင်း ဖြစ်ပေရာ မြို့နယ်တရားရုံးသည် တရားမကျင့်ထုံးဥပဒေအမိန့် ၂၃၊ နည်း ၁ (၂) (က) အရ အမှုကိုရုပ်သိမ်းခွင့်ပြုသင့်ပေသည်။

ထပ်မံဆုံးဖြတ်ချက်။ ။ ဒေါ်ခင်ကြည်မှာ အမှုအတောအတွင်း ကွယ်လွန်ခဲ့သည်ဖြစ်၍ မွန်ပြည်နယ်တရားရုံးနှင့် ဗဟိုတရားရုံးတို့တွင် ပြင်ဆင်မှု လျှောက်ထားရာ၌ ၎င်းအား လျှောက်ထားသူအဖြစ် ဖော်ပြခြင်းမှာ မှားယွင်းပေသည်။ လျှောက်ထားခွင့်ရှိသူမှာ ဦးမျိုးမြင့်သာဖြစ်သည်။

---

* ၁၉၇၃ ခုနှစ် တရားမပြင်ဆင်မှုအမှတ် ၅၀

† ၁၉၇၂ ခုနှစ် တရားမပြင်ဆင်မှုအမှတ် ၅၇ တွင် ချမှတ်ထားသော မွန်ပြည်နယ်တရားရုံး၏ ၃၁–၁–၇၃ နေ့စွဲပါ အမိန့်ကိုပြင်ဆင်မှု။

၁၉၀၄
ဒေါ်ခင်ကြည် (ငင်း၏တရား ဝင်ကိုယ်စား လှယ် ဦးမျိုးမြင့်) နှင့် ဦးအောင်မြင့်

လျှောက်ထားသူအတွက် — ဦးတင်ယု၊ မဟိုတရားရုံးရှေ့နေ

လျှောက်ထားခံရသူအတွက် — ဦးစိုးမိုးထွန်း၊ မဟိုတရားရုံးရှေ့နေ

သထုံမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၂/၀၂ တွင် ဒေါ်ခင်ကြည်က ဦးအောင်မြင့်အပေါ် ငှားရမ်းထားသည့် အိမ်ခန်းများမှ ဖယ်ရှားပေးစေလိုမှုစွဲဆိုရာ အမှုဆိုင်နေစဉ်အတွင်း ဒေါ်ခင်ကြည်ကွယ်လွန်သွား၍ ဦးမျိုးမြင့်က ငင်း၏ တရားဝင်ကိုယ်စားလှယ်အဖြစ် ဆက်လက်ဆောင်ရွက်သည်။ ဦးမျိုးမြင့်က အမှုကိုရုပ်သိမ်းခွင့်ပြုရန် လျှောက်ထားရာ မြို့နယ်တရားရုံးက လက်မခံချေ။ ဦးမျိုးမြင့်က မွန်ပြည်နယ်တရားရုံးတွင် ပြင်ဆင်မှု လျှောက်ထားသော်လည်း မအောင်မြင်သဖြင့် မဟိုတရားရုံးတွင် ဤပြင်ဆင်မှုကို ဆက်လက်လျှောက်ထားခြင်းဖြစ်သည်။

အချင်းဖြစ်အခန်းများကို အင်္ဂလိပ်ပြက္ခဒိန်လအလိုက် လဆန်း ၁ ရက်နေ့မှ လကုန်သည့်ရက်နေ့အထိ ငှားရမ်းခဲ့ရာ ထိုသို့ငှားရမ်းမှုကို ၂-၁-၀၂ နေ့မှ စ၍ ရပ်စဲလိုကြောင်း၊ ၂၃-၁-၀၂ နေ့ နောက်ဆုံးထား၍ အိမ်ခန်းများမှ ဖယ်ရှားပေးရန် အိမ်ငှား ဦးအောင်မြင့်ထံ အကြောင်းကြားစာ ပေးပို့ထားကြောင်း တွေ့ရသည်။ သို့ဖြစ်ရာ ငှားရမ်းခြင်းရပ်စဲသည့်နေ့သည် လကုန်ရက်နှင့် မကိုက်ညီသောကြောင့် နို့တစ်စာမှာ ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၁၀၆ ပါ ပြဋ္ဌာန်းချက်များနှင့် မညီညွတ်သောကြောင့် ဒေါ်ခင်ကြည်စွဲဆိုသောအမှုမှာ ရှုံးရမည်သာဖြစ်သည်။ ဤအချက်ကိုအကြောင်းပြုပြီးတရားလိုဘက်မှ အမှုကို ရုပ်သိမ်းခွင့်ပြုရန်လျှောက်ထားခဲ့ခြင်းဖြစ်ပေရာ မြို့နယ်တရားရုံးသည် တရားမကျင့်ထုံးဥပဒေအမိန့် ၂၃၊ နည်း ၁(၂)(က)အရ အမှုကို ရုပ်သိမ်းခွင့်ပြုသင့်ပေသည်။

သို့သော် မြို့နယ်တရားရုံးသည် ဤပြင်ဆင်မှုအတောအတွင်း အမှုကို အဆုံးအဖြတ်ပေးခဲ့သဖြင့် မြို့နယ်တရားရုံး၏ ကြားဖြတ်အမိန့်ကို ပြင်ဆင်ပေးရန် အကြောင်းမပေါ်ပေါက်တော့ချေ။

ဒေါ်ခင်ကြည်မှာ အမှုအတောအတွင်း ကွယ်လွန်ခဲ့သည်ဖြစ်၍ မွန်ပြည်နယ်တရားရုံးနှင့်မဟိုတရားရုံးတို့တွင် ပြင်ဆင်မှုလျှောက်ထားရာ၌ ၎င်းအားလျှောက်ထားသူအဖြစ် ဖေါ်ပြခြင်းမှာ မှားယွင်းပေသည်။ လျှောက်ထားခွင့် ရှိသူမှာ ဦးမျိုးမြင့်သာဖြစ်သည်။

ထို့ကြောင့် ဤပြင်ဆင်မှုကို ပလပ်လိုက်သည်။ စရိတ်မရှိ။

တရားမ ပထမ အယူခံမှု

ဥက္ကဋ္ဌအဖြစ်ဦးထွန်းရှိန်၊ အဖွဲ့ဝင်များအဖြစ် ဦးတင်အောင်နှင့် ဦးသန့်စင် တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

ဦးစိန်ဟုတ် ပါ (၅)
ဒေါ်သိန်းမြ
နှင့်
ဒေါ်သိန်းမြ
ဦးစိန်ဟုတ် ပါ (၅) *

†၁၉၇၄ ဖေဖော်ဝါရီ ၂၉ရက်

ဆန့်ကျင်လက်ရှိထားခြင်း—ပူးတွဲပိုင်ရှင် တစ်ဦးက အချင်းဖြစ် ဥပစာကို လက်ရှိထားခြင်းသည် အခြားပူးတွဲပိုင်ရှင်ကို ဆန့်ကျင်၍ လက်ရှိထားခြင်းဟုတ်မဟုတ်—ဆန့်ကျင်လက်ရှိ ထားခြင်းနှင့် စပ်လျဉ်း၍ ဖော်ရေးဆိုသူသည် အချင်းဖြစ် ပစ္စည်းကို အမှန်တကယ်လက်ရှိ ဖြစ်ရန် လိုခြင်း။

ဆုံးဖြတ်ချက်။ ။ဦးခွေးလေးသည် အချင်းဖြစ် ပစ္စည်းများကို ဦးခင်မောင်တို့နှင့်အတူ စပ်တူဝယ်ယူခဲ့ကြောင်း သုံးသပ်ခဲ့ပြီးဖြစ်သည်။ သို့ဖြစ်ရာ ပူးတွဲပိုင်ရှင်များ ဖြစ်ကြသည့် ဦးခင်မောင်တို့ လက်ရှိထားခြင်းမှာ ဥပဒေအမြင်တွင် ဦးခွေးလေး ကိုယ်စား လက်ရှိထားခြင်းလည်း ဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။ သို့ဖြစ်ရာ ဦးခင်မောင်တို့၏ စိတ်တွင် ဦးခွေးလေးအား ဆန့်ကျင်လက်ရှိထားလိုသည့် ဆန္ဒရှိရုံမျှဖြင့် သူတို့လက်ရှိထားမှုမှာ ပူးတွဲပိုင်ရှင် ဦးခွေးလေးအား ဆန့်ကျင်ရာ မရောက်နိုင်ပေ။ ဦးခင်မောင်တို့က အိမ်ခန်းများကို အခြားသူတို့အား အငှားချထားရုံမျှဖြင့် ဆန့်ကျင်လက်ရှိ ထားသည်ဟု မဆိုနိုင်ပေ။

ထပ်မံဆုံးဖြတ်ချက်။ ။ဦးခင်မောင်၏ ထွက်ဆိုချက် အရ အခန်းနှစ်ခန်းကို မောင်ချိန်ကြည်အား လည်းကောင်း၊ အခန်းတစ်ခန်းကို ဦးလှဝေ

---

* ၁၉၇၁ ခုနှစ်၊ တရားမ ပထမအယူခံမှုအမှတ် ၉၂
၁၉၇၂ ခုနှစ်၊ တရားမ ပထမအယူခံမှုအမှတ် ၂၅

† ၁၉၇၃ ခုနှစ်၊ တရားမကြီးမှု အမှတ် ၂၃၄ တွင် ချမှတ်သော (၂၃-၉-၇၃) နေ့စွဲပါ ရန်ကုန်တိုင်း တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

အား လည်းကောင်း ငှားရမ်းထားကြောင်း ပေါ်ပေါက်သည်။ သို့ဖြစ်ရာ ယင်း အခန်းများမှာ ဦးခင်မောင်တို့ လက်ရှိမဟုတ်ချေ။ ဆန့်ကျင်လက်ရှိထားခြင်း နှင့် စပ်လျဉ်း၍ အရေးဆိုသူသည် အချင်းဖြစ် ပစ္စည်းကို အမှန်တကယ်လက်ရှိ ဖြစ်ရန်လိုပေသည်။ အငှားချထားသူများ လက်ရှိဖြစ်ရုံမျှဖြင့် ဦးခင်မောင်တို့ အမှန်လက်ရှိဖြစ်သည်ဟု မဆိုနိုင်ပေ။

အယူခံ တရားလိုများအတွက် — ဦးမောင်မောင် (၆)၊
ဗဟိုတရားရုံးရှေ့နေ
ဦးမြသိန်း၊ ဗဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင်များအတွက် — ဦးမြသိန်း၊ ဗဟိုတရားရုံးရှေ့နေ
ဦးမောင်မောင် (၆)၊
ဗဟိုတရားရုံး ရှေ့နေ

ရန်ကုန်တိုင်းတရားရုံး၊ တရားမကြီးမှု အမှတ် ၂၃၄/၇၇ တွင် ဦးစိန် ဟုတ်၊မကြည်ကြည်စိုး၊မောင်တင်ငြိမ်း၊ မအေးအေးမြင့်နှင့် မမြင့်မြင့်သိန်းတို့က ဦးခင်မောင်အပေါ် အချင်းဖြစ်မြေနှင့် အဆောက်အအုံ၏ သုံးပုံနှစ်ပုံကို မိမိတို့ ပိုင်ဆိုင်ကြောင်း မြွက်ဟကြေငြာပေးရန်နှင့် ထိုသုံးပုံနှစ်ပုံကိုခွဲဝေ၍ လက်ရောက် အပ်ပေးစေရန် တရားစွဲဆိုရာ တိုင်းတရားရုံးက နှစ်ဘက်ကို စစ်ဆေးကြားနာ ပြီး ဦစိန်ဟုတ်တို့ စွဲဆိုသောအမှုကို ပလပ်လိုက်သည်။ သို့သော် ဦးခင်မောင်က ဦးစိန်ဟုတ်တို့အား ငွေ ၂၃၀၀၀/—ပေးဆပ်ရန် အမိန့်ချမှတ်သည်။ ဦးစိန် ဟုတ်တို့က တိုင်း တ ရား ရုံး ၏ စီ ရင် ချက် နှင့် ဒီ က ရီ ကို မကျေနပ်သဖြင့် ဗဟိုတရားရုံး တရားမ ပထမအယူခံမှု အမှတ် ၉၂/၈၁ တွင် အယူခံဝင်သည်။ ငွေ ၂၃၀၀၀/—ပေးဆပ်စေရန် ချမှတ်သည့် စီရင်ချက်နှင့် ဒီကရီကို ဦးခင် မောင်က မကျေနပ်သဖြင့် ဗဟိုတရားရုံး တရားမ ပထမအယူခံမှု အမှတ် ၂၅/၀၂ တွင် အယူခံဝင်သည်။ အယူခံ အတော အတွင်း ဦးခင်မောင် ကွယ်လွန်သွားသဖြင့် ဒေါ်သိန်းမြက တရားဝင်ကိုယ်စားလှယ်အဖြစ် ဆက် လက် ဆောင်ရွက်သည်။ ဤအယူခံမှုများမှာ မူလရုံး အမှု တစ်မှုတည်းမှ ပေါ်ပေါက်သည်ဖြစ်၍ ဤစီရင်ချက်သည် အဆိုပါ အမှုနှစ်မှုလုံးနှင့် သက်ဆိုင် စေရမ်းည်။

မူလရုံးတရားလို ဦးစိန်ဟုတ်တို့က မိမိတို့၏ဖခင် ဦးခွေးလေး (ခေါ်) ဦးဟုတ်စိန်၊ ဦးခင်မောင်နှင့် ဇနီးဒေါ်စန်းရီတို့သည် ရန်ကုန်မြို့၊ ကြည့်မြင်တိုင် အနောက်တိုက်နယ်၊ ရပ်ကွက် အမှတ် (၂၆—အက်စ် ၂) မြေကွက် အမှတ် (၇၅) ဟု စာရင်းပေါက်သော မြေကွက်နှင့် ထိုမြေကွက်ပေါ်ရှိ ကြည့်မြင်တိုင်၊ ဦးဘအိုလမ်း အိမ်အမှတ် (၉၁/၉၃) ဟု ခေါ်တွင်သော အဆောက်အအုံကို

၁၉၀၄ ဦးစိန်ဟုတ်ပါ (၅) ဒေါ်သိန်းမြနှင့် ဒေါ်သိန်းမြ ဦးစိန်ဟုတ်ပါ (၅)

တန်ဖိုးငွေကျပ် ၃၂၀၀၀/–ဖြင့် ဝယ်ယူခဲ့ကြောင်း၊ ထိုသို့ဝယ်ယူရာ၌ ဦးခွေးလေးက ငွေကျပ် ၂၃၀၀၀/– ထည့်ဝင်ခဲ့၍ ဦးခင်မောင်တို့က ငွေကျပ် ၉၀၀၀/–ထည့်ဝင်ခဲ့ကြောင်း၊ မိမိတို့၏ မိဘများမှာ ကွယ်လွန်သွားပြီဖြစ်၍ မိမိတို့သည် မြန်မာဓလေ့ထုံးတမ်း ဥပဒေအရ ယင်းမြေနှင့် အဆောက်အအုံများကို အမွေဆက်ခံရရှိကြောင်း၊ မိမိတို့က ရထိုက်သော အမွေစုကို ခွဲဝေပေးရန် တောင်းဆိုသော်လည်း ဦးခင်မောင်တို့က ငြင်းဆန်နေကြောင်းစသည်ဖြင့် အဆိုပြုကာ အချင်းဖြစ်မြေနှင့် အဆောက်အအုံများ၏ သုံးပုံ နှစ်ပုံကို မိမိတို့ပိုင်ဆိုင်ကြောင်း မြွက်ဟကြေငြာပေးရန်နှင့် ထိုသုံးပုံ နှစ်ပုံကို ခွဲဝေ၍ မိမိတို့အား လက်ရောက်အပ်ပေးစေရန် တရားစွဲဆိုသည်။

တရားပြိုင် ဦးခင်မောင်က အချင်းဖြစ်မြေနှင့် အဆောက်အအုံတို့ကို ဦးခွေးလေးနှင့် စပ်တူဝယ်ယူကြခြင်း မဟုတ်ကြောင်း၊ ထိုပစ္စည်းများကို ဝယ်ယူရာ၌ လိုအပ်သည့် ငွေကျပ် ၂၃၀၀၀/– ကို ဦးခွေးလေး ထံမှ ချေးယူခဲ့ရသဖြင့် ဦးခွေးလေး ယုံကြည်စေခြင်းငှာ သူ၏အမည်ကို မိမိတို့၏အမည်နှင့် ပူးတွဲ၍ အရောင်းစာချုပ်တွင် ထည့်သွင်းခဲ့ခြင်းဖြစ်ကြောင်း၊ အချင်းဖြစ်ပစ္စည်းများကို ဦးခွေးလေး လက်ရောက်ရဖူးခြင်း မရှိခဲ့ပဲ မိမိတို့သာ လက်ရောက်ရခဲ့သောကြောင့် ဝယ်ယူစဉ်ကပင် ဆန့်ကျင်လက်ရှိထားရှိခဲ့သည့်အလျောက် ဦးစိန်ဟုတ်တို့ စွဲဆိုသော အမှုမှာ ကာလစည်းကမ်းသတ် ကျော်လွန်နေပြီ ဖြစ်ကြောင်း၊ ဦးခွေးလေးထံမှ ချေးယူသော ငွေအတွက် လစဉ်အတိုးငွေ ၃၄၅၀/–ကို ပေးဆပ်ခဲ့ကြောင်း၊ နောက်ပိုင်းတွင် လစဉ်အတိုးငွေ ၂၈၇၀/၅၀ ပြားကို ဦးခွေးလေး ကွယ်လွန်သည်အထိ ပေးဆပ်ခဲ့ရာ အတိုးသည် အရင်းထက် ပိုနေပြီဖြစ်ကြောင်း စသည်ဖြင့် ထုချေသည်။

ဦးစိန်ဟုတ်တို့က ပြန်ကြားလျှောက်ထားချက်တွင် သူတို့၏ဖခင်က ငွေချေးခဲ့သည်ဆိုသော အချက်ကို ငြင်းသည်။

အဆိုအချေများအရ တိုင်းတရားရုံးက အောက်ပါ ငြင်းချက်များကို ထုတ်နုတ် စစ်ဆေးခဲ့သည်–

၁။ တရားလိုများ၏ ဖခင်သည် အခင်းဖြစ် ပစ္စည်းကို တရားပြိုင်နှင့် ပူးတွဲဝယ်ယူခဲ့ရာ၌ တရားလိုများ၏ဖခင်က ကျပ် ၂၃၀၀၀/–ထည့်ဝင်၍ တရားပြိုင်နှင့် ဇနီးက- ကျပ် ၉၀၀၀/–ထည့်ဝင်ခဲ့သည် ဆိုသည်မှာ မှန်သလား။

၂။ တရားလိုများ၏ အမှုသည် ကာလစည်းကမ်းသတ် ကျော်လွန်နေသည် ဆိုသည်မှာ မှန်သလား။

၁။ တရားပြိုင်သည် ဆန့်ကျင်ဘက် လက်ရောက်ရှိပြီး ဖြစ်သည် ဆိုသည်မှာ မှန်သလား။ ၁၉၀၄ ဦးစိန်ဟုတ်ပါ (၅)

၄။ တရားလိုများ၏ အမှုတန်ဖိုး သတ်မှတ်ထားပုံမှာ မှန်ကန် သလား။ ဒေါ်သိန်းမြ နှင့် ဒေါ်သိန်းမြ

၅။ တရားလိုများသည် မည်သည့်သက်သာခွင့် ရထိုက်ပါသနည်း။ ဦးစိန်ဟုတ်ပါ (၅)

ဒေါ်သိန်းမြ၏ရှေ့နေက မူလရုံးတွင် ဦးစိန်ဟုတ်တို့ဘက်မှ ဒေါ်ကြည်ကြည် စိုးတစ်ဦးတည်းသာ သက်သေခံခဲ့ကြောင်း၊ ဒေါ်ကြည်ကြည်စိုးမှာ အချင်းဖြစ် အိမ်ဝယ်သည့်ကိစ္စကို ကိုယ်တိုင်သိသူမဟုတ်ကြောင်း၊သို့ဖြစ်၍ တိုင်းတရားရုံး က ဦးစိန်ဟုတ်တို့၏ ဖခင်ဦးခွေးလေးသည် အချင်းဖြစ်မြေနှင့် အဆောက်အ အုံတို့ကို ဦးခင်မောင်တို့နှင့် စပ်တူဝယ်ခဲ့သည်ဟု ကောက်ယူ ဆုံးဖြတ်ခြင်းမှာ မှားယွင်းကြောင်း စသည်ဖြင့် တင်ပြလျှောက်ထားသည်။ ၎င်အမှုတွင် အငြင်း **မပွားသည့်** အချက်မှာ အချင်းဖြစ် ပစ္စည်းများကို ဝယ်သည့် သက်သေခံ **(က)** မှတ်ပုံတင်စာချုပ်၌ **ဦး**ခွေးလေးအား ဝယ်သူတစ်ဦးအဖြစ် ဖော်ပြထား သည့် အချက်ဖြစ်သည်။ အချင်းဖြစ်မြေမှာ ဦးခွေးလေး၊ ဦးခင်မောင်နှင့် ဒေါ်စန်းရီတို့ အမည်ဖြင့် ဂရုံရှိထားကြောင်း ဦးခင်မောင်က ဝန်ခံသည့် အပြင် အချင်းဖြစ်ပစ္စည်းများကို ဝယ်ယူရာ၌ ဦးခွေးလေးကငွေကျပ် ၂၃၀၀၀/– ထုတ်ပေးခဲ့ကြောင်း ဦးခင်မောင်က ဝန်ခံထွက်ဆိုသည်။ သို့သော် ထိုငွေကို ဦးခွေးလေးထံမှ ချေးယူခဲ့ခြင်းဖြစ်ကြောင်း ဦးခင်မောင်က ထုချေသည်။ အတိုး များ ပေးဆပ်ခဲ့ရကြောင်း ပြဆိုရန် မောင်စိုး (ပြိုင်ပြ–၂) အား သက်သေ ပြသည်။ မောင်စိုးက ဦးခင်မောင်တို့ ပေးဆပ်သော အတိုးများကို ဦးခင်မောင် ကိုယ်စား ဦးခွေးလေးအား ပေးခဲ့ရကြောင်း ထွက်ဆိုသော်လည်း ခိုင်လုံသော အထောက်အထားများ မတင်ပြနိုင်သဖြင့် ယုံကြည်ရန် ခဲယဉ်းပေသည်။

ဦးခွေးလေးသည် ၁၀–၀–၆၉ နေ့က ကွယ်လွန်ခဲ့ရာ ၎င်အမှုစွဲဆိုသည့် ၂၄–၆–၇၅ ရက်နေ့အထိ ဦးခင်မောင်သည် အချင်းဖြစ်မြေနှင့် အဆောက် အအုံတို့နှင့် စပ်လျဉ်း၍ ဦးခွေးလေး ပါဝင်ပတ်သက်နေခြင်းကို ဖယ်ရှားရန် တစုံတရာအား ထုတ်ခဲ့ခြင်း မရှိကြောင်း ပေါ်ပေါက်သည်။ ၎င်အခြေအနေတွင် ဦးခွေးလေး ယုံကြည်စေခြင်းငှာ သူ၏အမည်ကို သက်သေခံ(က) စာချုပ်၌ ဦးခင်မောင်တို့၏ အမည်နှင့် ပူးတွဲထည့်သွင်းခဲ့ရခြင်းဖြစ်ကြောင်း ဦးခင်မောင် က ထုချေခြင်းမှာ ယုတ္တိရှိသည်ဟု မဆိုနိုင်ပေ။ ထို့ပြင်အချင်းဖြစ် အိမ်ကို ဝယ်ယူရာ၌ ဦးခွေးလေးသည် ငွေချေးသူတစ်ဦး ဖြစ်သည်ဟု ကောက်ယူခြင်း မပြုနိုင်၍သာ တိုင်းတရားရုံးက အမှုကို အဆုံးအဖြတ်ပေးရာတွင် ဦးစိန်ဟုတ် တို့၏ဖခင် ဦးခွေးလေးက အချင်းဖြစ်အိမ်ကို ဝယ်ယူခဲ့၍ ငွေကျပ် ၂၃၀၀၀/– ထည့်ဝင်ခြင်း ဖြစ်သည်ဟု ကောက်ယူဆုံးဖြတ်ခဲ့ပေသည်။

၁၉၀၄ ဦးစိန်ဟုတ်ပါ (၁) ဒေါ်သိန်းမြနှင့် ဒေါ်သိန်းမြ ဦးစိန်ဟုတ်ပါ (၁)

တိုင်းတရားရုံးက ဦးခင်မောင်တို့သည် အချင်းဖြစ် ပစ္စည်းများကို ဝယ်ယူသည့် အချိန်မှစ၍ ဦးခွေးလေးအား ဆန့်ကျင်၍ လက်ရောက်ရယူ နေထိုင်ခဲ့ကြောင်း၊ အိမ်ခန်းအချို့ကို ဦးခင်မောင်တို့က ငှားရမ်းခဲ့ကြောင်း၊ ဦးခွေးလေးသည် အချင်းဖြစ် အဆောက်အအုံတို့ကို လက်ရောက်မရခဲ့ဖူးကြောင်း၊ သို့ဖြစ်၍ ဦးစိန်ဟုတ်တို့ ခွဲဆိုသော အမှုမှာ ကာလစည်းကမ်းသတ် ကျော်လွန်ကြောင်း ကောက်ယူဆုံးဖြတ်ခဲ့သည်။

ဦးစိန်ဟုတ်တို့၏ ရှေ့နေက ဦးခင်မောင်တို့ လက်ရှိထားခြင်းမှာ ဦးခွေးလေးအား ဆန့်ကျင်ခြင်းမရှိကြောင်း စိရင်ထုံးများကို ကိုးကား၍ လျှောက်လဲတင်ပြသည်။ သူတင်ပြသော စိရင်ထုံးများမှာ အမှုတွင် မေါ်ပေါက်သော အကြောင်းခြင်းရာများနှင့် မတူညီကြောင်း တွေ့ရှိရသည်။

ဒေါ်သိန်းမြ၏ ရှေ့နေက ဦးခင်မောင်တို့ လက်ရှိထားခြင်းမှာ ဦးခွေးလေးအား ဆန့်ကျင်ကြောင်း၊ **ဦးအောင်ဆိုင်နှင့်ဦးစံရီအမှု** (၁) ကို ကိုးကား၍ လျှောက်လဲတင်ပြသည်။ ယင်းအမှုတွင် အချင်းဖြစ်မြေကွက်ကို ဦးအောင်ဆိုင်ထံ ရောင်းချသူတို့သည် ၁၉၂၁ ခုနှစ်မှ စ၍ သူတို့နှင့် သူတို့၏ ဖခင်လက်ရှိ မရခဲ့ပဲ ရောင်းသူတို့ကသာ ဆက်လက်၍ နေထိုင်ခဲ့သဖြင့် ဆန့်ကျင်လက်ရှိထားခဲ့ကြောင်း စိရင်ထုံးဖွဲ့သည်။ ဤအမှုတွင် ဦးခင်မောင်သည် အချင်းဖြစ်မြေနှင့် အဆောက်အအုံတို့ကို ဦးခွေးလေးအား ရောင်းချသူ မဟုတ်သည့် အလျောက် ယင်းစိရင်ထုံးပါ အမှုဖြစ်ရပ်များသည် ဤအမှုနှင့် တူသည်ဟု မဆိုနိုင်ပေ။

ဦးခွေးလေးသည် အချင်းဖြစ်ပစ္စည်းများကို ဦးခင်မောင်တို့နှင့်အတူ စပ်တူဝယ်ယူခဲ့ကြောင်းသုံးသပ်ခဲ့ပြီးဖြစ်သည်။သို့ဖြစ်ရာ ပူးတွဲပိုင်ရှင်များဖြစ်ကြသည့် ဦးခင်မောင်တို့ လက်ရှိထားခြင်းမှာ ဥပဒေအမြင်တွင် ဦးခွေးလေးကိုယ်စား လက်ရှိထားခြင်းလည်း ဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။ သို့ဖြစ်ရာ ဦးခင်မောင်တို့၏ စိတ်တွင် ဦးခွေးလေးအား ဆန့်ကျင်လက်ရှိထားလိုသည့် ဆန္ဒရှိခဲ့မှုဖြင့် သူတို့လက်ရှိ ထားမှုမှာ ပူးတွဲပိုင်ရှင် ဦးခွေးလေးအား ဆန့်ကျင်ရာမရောက်နိုင်ပေ။ ဦးခင်မောင်တို့က အိမ်ခန်းများကို အခြားသူတို့အား အငှားချထားရုံမှဖြင့် ဆန့်ကျင်လက်ရှိ ထားသည်ဟု မဆိုနိုင်ပေ။ ထို့ပြင် အချင်းဖြစ် အဆောက်အအုံများ အတွက် အခွန်အခများ ပေးဆောင်ရာ၌ ငွေရပြေစာများတွင် ဦးခွေးလေး အမည်ပါရှိခြင်းကို ကန့်ကွက်ပြောဆိုခြင်း မရှိသည့် ဦးခင်မောင်တို့သည် ဦးခွေးလေး၏ ပိုင်ရေးပိုင်ခွင့်ကို ဝယ်ယူသည့် နေ့မှစ၍ တဆက်တည်း အသိအမှတ်ပြုရာ ရောက်ပေသည်။

(၁) ၁၉၇၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ၊ စာမျက်နှာ ၁၆၆

၁၉၀၄ ဦးစိန်ဟုတ်ပါ (၅) ဒေါ်သိန်းမြ နှင့် ဒေါ်သိန်းမြ ဦးစိန်ဟုတ်ပါ (၅)

ဦးခင်မောင်တို့၏ ထွက်ဆိုချက်အရ အခန်းနှစ်ခန်းကို မောင်ချိန်ကြည်အား လည်းကောင်း၊ အခန်းတစ်ခန်းကို ဦးလှဝေအား လည်းကောင်း၊ ငှားရမ်းထားကြောင်း ပေါ်ပေါက်သည်။ သို့ဖြစ်ရာ ယင်းအခန်းများမှာ ဦးခင်မောင်တို့ လက်ရှိမဟုတ်ချေ။ ဆန့်ကျင်လက်ရှိထားခြင်းနှင့် စပ်လျဉ်း၍ အရေးဆိုသူသည် အချင်းဖြစ် ပစ္စည်းကို အမှန်တကယ်လက်ရှိ ဖြစ်ရန်လိုပေသည်။ အငှားချထားသူများ လက်ရှိဖြစ်ရုံမျှဖြင့် ဦးခင်မောင်တို့ အမှန်လက်ရှိဖြစ်သည်ဟု မဆိုနိုင်ပေ။ ထို့ကြောင့် မူလရုံးက ဦးခင်မောင်တို့သည် အချင်းဖြစ် ပစ္စည်းများကို ၁၂ နှစ်ကျော် ဆန့်ကျင်လက်ရှိထားခဲ့သည်ဟု ကောက်ယူ ဆုံးဖြတ်ခြင်းမှာ မှားယွင်းပေသည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့် ဦးစိန်ဟုတ်တို့ တင်သွင်းသော တရားမ ပထမအယူခံမှုအမှတ် ၉၂/၈၁ ကို ခွင့်ပြု၍ တိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကိုပယ်ဖျက်ပြီး ဦးစိန်ဟုတ်တို့စွဲဆိုသည့်အတိုင်း သူတို့သည် အချင်းဖြစ် မြေနှင့် အဆောက်အအုံတို့၏ သုံးပုံးနှစ်ပုံကို ပိုင်ဆိုင်သူများဖြစ်ကြောင်း မြွက်ဟကြေငြာလိုက်သည်။ ထို့ပြင် ထိုသုံးပုံ နှစ်ပုံကို ခွဲဝေ၍ သူတို့အား လက်ရောက်ပေးစေရန် ပဏာမဒီကရီချမှတ်လိုက်သည်။ တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ပြီးဖြစ်သည့် အတွက် ဒေါ်သိန်းမြ၏ အယူခံကို ပလပ်လိုက်သည်။ ဒေါ်သိန်းမြသည် ဦးစိန်ဟုတ်တို့အား တရားရုံးအဆင့်ဆင့် စရိတ်များပေးရမည်။ ပထမအယူခံမှုအတွက်ရှေ့နေခ ကျပ် ၁၀၀/–ခွင့်ပြုသည်။ ဒုတိယ အယူခံမှုအတွက် စရိတ်ခွင့်မပြု။

တရားမ ပထမ အယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးတင်အောင်၊ အဖွဲ့ဝင်များအဖြစ် ဦးမြကျော်နှင့်ဦးသန့်စင် တို့ ပါဝင်သော မဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးဇေးမီးယားပါ(၂)
နှင့်
ဒေါ်စုစုပါ(၂)

ဒေါ်စုစု*

†၁၉၀၄ ဖေဖော်ဝါရီ ၂၁-ရက်

သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၄၂–ပိုင်ဆိုင်ကြောင်း ကြေငြာသည့် ဒီကရီ၏အကျိုးဆက်သက်သာခွင့်သည် ပိုင်ဆိုင်မှုနှင့် တနည်းနည်း ဆက်နွယ်မှုရှိရန်လိုခြင်း–အခွင့်အမိန့်အရ နေသူအား နှင်လိုမှုသည် ပိုင်ဆိုင်ကြောင်း မြွက်ဟကြေငြာချက်ဒီကရီ၏ အကျိုးဆက်သက်သာခွင့်အဖြစ် တောင်းဆိုပိုင်ဆိုင်ခွင့်ရှိသော သက်သာခွင့်မျိုးဟုတ်မဟုတ်။

ဆုံးဖြတ်ချက်။ ။ ပိုင်ဆိုင်ကြောင်း ကြေငြာသည့် ဒီကရီ၏ အကျိုးဆက်သက်သာခွင့်သည် ပိုင်ဆိုင်မှုနှင့်တနည်းနည်းဖြင့် ဆက်နွယ်သော သက်သာခွင့်မျိုးဖြစ်ရပေမည်။ အခွင့်အမိန့်အရနေသူအား နှင်လိုမှုသည် ပိုင်ဆိုင်ခွင့်အပေါ် အခြေမခံပဲ အခွင့်အမိန့်အပေါ် အခြေပြုခဲ့ဆိုရသော အမှုမျိုးဖြစ်ပေရာ ပိုင်ဆိုင်ကြောင်း မြွက်ဟကြေငြာချက်ဒီကရီ၏ အကျိုးဆက် သက်သာခွင့် အဖြစ် တောင်းဆိုပိုင်ခွင့်ရှိသော သက်သာခွင့်မျိုးမဟုတ်ချေ။

အယူခံတရားလိုများအတွက် – ဦးတင်အောင်၊ မဟိုတရားရုံးရှေ့နေ
အယူခံ တရားပြိုင်များအတွက် – ဦးထွန်းဝေ၊ မဟိုတရားရုံးရှေ့နေ

အယူခံတရားလို ဦးဇေးမီးယားက မိမိသည် ကွယ်လွန်သူ ဦးကံကယား နှင့် ဦးဒေဝတို့၏ အဖေတူ အမေကွဲ ညီဖြစ်ကြောင်း၊ မေမြို့ခဲလယ်တောင်ရပ်ကွက်၊ အမှတ် ၇၊ ဦးပိုင်အမှတ် ၁၃၅ မြေကွက်အမှတ် ၁၄၇ စာရင်း

---

* ၁၉၀၁ ခုနှစ်၊ တရားမ ပထမ အယူခံမှုအမှတ် ၆၅ နှင့် ၆၆။

† ၁၉၇၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃ (က) တွင် ချမှတ်သော (၃၁-၇-၀၁) နေပြည်တော်မန္တလေးတိုင်းတရားရုံး၏စီရင်ချက်နှင့်ဒီကရီကိုအယူခံမှု။

ပေါက်သော ဂရုမြေနှင့် မြေပေါ်ရှိ အဆောက်အအုံတို့မှာ မိမိတို့ညီအစ်ကို သုံးဦးပိုင်ဖြစ်ကြောင်း၊ ဦးကံကယားနှင့် ဦးဒေဝတို့ ကွယ်လွန်သွားသောအခါ မိမိတစ်ဦးပိုင်ဖြစ်လာကြောင်း၊ ဦးကံကယားက ဒေါ်စုစုနှင့်ဒေါ်သန်းတို့အား အိမ်ဖေါ်များအဖြစ် ခေါ်ထားခဲ့ကြောင်းစသည်ဖြင့် အဆိုပြုကာ မိမိနှင့် ဇနီးဒေါ်အယ်နီတို့သည် အဆိုပါမြေနှင့် အဆောက်အအုံတို့၏ ပိုင်ရှင်များ ဖြစ်ကြောင်း မြွက်ဟကြေငြာပေးရန်နှင့် ဒေါ်စုစုတို့အားနှင့်ထုတ်ပေးစေလိုကြောင်း ဖြင့် မန္တလေးတိုင်းတရားရုံး၊ ၁၉၇၄ ခုနှစ် တရားမကြီးမှုအမှတ် ၃(က)(မေမြို့)တွင် တရားစွဲဆိုသည်။

၁၉၀၄ ဦးဇေးမီးယား ပါ(၂) နှင့် ဒေါ်စုစုပါ (၂) ဒေါ်စုစု

မန္တလေးတိုင်းတရားရုံး၊ တရားမကြီးမှု အမှတ် ၂/၇၆ (မေမြို့) တွင် ဒေါ်စုစုက မိမိသည် ဦးကံကယား၏ ကိတ္တိမသမီးဖြစ်ကြောင်း၊ ဦးကံကယားသည် ဦးဇေးမီးယားအား အချင်းဖြစ် အိမ်အောက်ထပ်တွင် ၁၉၆၃ ခုနှစ် ခန်ကစ၍ အခမဲ့နေခွင့်ပြုခဲ့ကြောင်းစသည်ဖြင့်အဆိုပြုကာ မေမြို့ ခေလယ်တောင်ရပ်ကွက် အမှတ် ၇၊ ဦးပိုင်အမှတ် ၁၃၅ မြေကွက်အမှတ် ၁၄၇ စာရင်းပေါက်သောမြေနှင့် မြေပေါ်ရှိအဆောက်အအုံတို့မှာမိမိပိုင်ဖြစ်ကြောင်းမြွက်ဟကြေငြာပေးရန်နှင့် ဦးဇေးမီးယားနှင့် ဇနီး ဒေါ်အယ်နီတို့အား အိမ်မှ ဖယ်ရှားပေးစေရန် တရားစွဲဆိုသည်။

တိုင်းတရားရုံးက အမှုနှစ်မှုကို စစ်ဆေးကြားနာပြီးနောက် ဦးဇေးမီးယားတို့စွဲဆိုသောအမှုကို ပလပ်ပြီး ဒေါ်စုစုစွဲဆိုသည့်အတိုင်း ဒီကရီချမှတ်လိုက်သောကြောင့် ဦးဇေးမီးယားတို့က တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီတို့ကို ဗဟိုတရားရုံး၊ တရားမ ပထမအယူခံမှုအမှတ် ၆၅/၈၁ နှင့် ၆၆/၈၁ တို့တွင် အသီးသီးအယူခံဝင်သည်။ အမှုနှစ်မှုလုံးတွင် ပေါ်ပေါက်သည့်ဥပဒေပြဿနာမှာ တူညီသည်ဖြစ်၍ ဤစီရင်ချက်သည် အဆိုပါအမှုနှစ်မှုလုံးနှင့် သက်ဆိုင်သည်။

ဤအယူခံမှုများတွင် အယူခံတရားလိုတို့နှင့် အယူခံတရားပြိုင်တို့ အသီးသီးတောင်းဆိုထားသည့် အခွင့်အမိန့်အရ နေထိုင်သူအား နှင်ထုတ်ပေးရန် သက်သာခွင့်မှာ သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၄၂ တွင်ပြဋ္ဌာန်းထားသည့် အတိုင်း မြွက်ဟကြေငြာချက် ဒီကရီ၏အကျိုးဆက်သက်သာခွင့် ဟုတ်မဟုတ် ပြဿနာနှင့်စပ်လျဉ်း၍ ပဏာမကြားနာခဲ့သည်။

ဦးဇေးမီးယားတို့၏ ရှေနေက အမွေရှင်တစ်ဦးက ခွင့်ပြုချက်ဖြင့် ထားသူအား အမွေရှင်၏အမွေကို ဆက်ခံသူက ခွင့်ပြုချက်ဖြင့်ထားသူ အဖြစ်ဖြင့် နှင်ထုတ်ခွင့်ရှိကြောင်း တင်ပြလျှောက်ထားသည်။ ဦးဇေးမီးယားနှင့် ဒေါ်စုစုတို့စွဲဆိုသည့်အမှုမှာ ခွင့်ပြုချက်ဖြင့် ထားသူတို့အား နှင်ထုတ်ပေးစေလိုမှု

၁၉၀၄ ဦးဇေးမီးယားပါ(၂) နှင့် ဒေါ်စုစုပါ(၂) ဒေါ်စုစု

သက်သက်စွဲဆိုသော အမှုများမဟုတ်ချေ။ ပိုင်ဆိုင်ကြောင်း မြွက်ဟကြေငြာပေးစေလိုမှု၏ အကျိုးဆက်သက်သာခွင့်အဖြစ် တောင်းဆိုထားခြင်းဖြစ်သည်။

ဒေါ်စုစု၏ရှေ့နေက ဒေါ်စုစုသည် အချင်းဖြစ်အိမ်အပေါ်ထပ်တွင်နေထိုင်ကြောင်း၊ ဦးဇေးမီးယားတို့က အောက်ထပ်တွင်နေထိုင်ကြောင်း၊ သို့ဖြစ်ရာ ဒေါ်စုစုသည် အချင်းဖြစ်အိမ်၏ တစိတ်တဒေသလက်ရှိဖြစ်ကြောင်း၊ ဒေါ်စုစု ထမ်းဆောင်သောရုံးခွန်မှာ မှန်ကန်ကြောင်းတင်ပြလျှောက်ထားသည်။ အဆုံးအဖြတ်ပေးရမည့် ပြဿနာမှာ ရုံးခွန်ကိစ္စမဟုတ်ချေ။ အချင်းဖြစ် ဥပစာမှာ ဒေါ်စုစုလက်ရှိဖြစ်သည် မဖြစ်သည်ဆိုသော ကိစ္စမှာလည်း အဆုံးအဖြတ်ပေးရန် ဥပဒေပြဿနာနှင့် တိုက်ရိုက်သက်ဆိုင်မှုမရှိချေ။

ဦးဇေးမီးယားတို့ကလည်းကောင်း၊ ဒေါ်စုစုတို့ကလည်းကောင်း၊ အချင်းဖြစ် မြေနှင့်အဆောက်အအုံတို့မှာ သူတို့ပိုင်ဖြစ်ကြောင်း အသီးသီးကြေငြာပေးစေရန်စွဲဆိုသော အမှုများဖြစ်သည်။ ပိုင်ဆိုင်ကြောင်းကြေငြာသည့် ဒီကရီ၏ အကျိုးဆက် သက်သာခွင့်သည် ပိုင်ဆိုင်မှုနှင့် တနည်းနည်းဖြင့် ဆက်နွယ်သော သက်သာခွင့်မျိုး ဖြစ်ရပေမည်။ အခွင့်အမိန့်အရနေသူအား နှင်လိုမှုသည် ပိုင်ဆိုင်ခွင့်အပေါ် အခြေမခံပဲ အခွင့်အမိန့်အပေါ် အခြေပြု၍ စွဲဆိုရသော အမှုမျိုးဖြစ်ပေရာ ပိုင်ဆိုင်ကြောင်း မြွက်ဟကြေငြာချက်ဒီကရီ၏အကျိုးဆက် သက်သာခွင့်အဖြစ် တောင်းဆိုပိုင်ခွင့်ရှိသော သက်သာခွင့်မျိုးမဟုတ်ချေ။ ဦးဇေးမီးယားနေထိုင်သော အိမ်အောက်ထပ်မှာ ဒေါ်စုစု၏ လက်ရှိမဟုတ်ချေ။ ထိုနည်းတူ ဒေါ်စုစုနေထိုင်သော အိမ်အပေါ်ထပ်မှာလည်း ဦးဇေးမီးယားတို့၏လက်ရှိမဟုတ်ချေ။ ဤကဲ့သို့ လက်မဲ့ဖြစ်သူသည် အိမ်ကို ပိုင်ဆိုင်ကြောင်း မြွက်ဟကြေငြာချက်ဒီကရီသက်သက်ရလိုမှု စွဲဆိုခြင်းမပြုနိုင်၊ ပစ္စည်းပိုင်ဆိုင်မှု၏ အကျိုးဆက်တရားတစ်ရပ်မှာ ထိုပစ္စည်းကိုလက်ရှိထားခွင့်ဖြစ်သည်နှင့်အညီ ဦးဇေးမီးယားနှင့် ဒေါ်စုစုတို့သည် မိမိတို့ လက်မဲ့ဖြစ်နေသည့် အိမ်အပေါ်ထပ်နှင့် အိမ်အောက်ထပ် အသီးသီးကို လက်ရောက်ရလိုကြောင်း စွဲဆိုရန်လိုအပ်ပေသည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့် မန္တလေးတိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၂/၇၆ (မေမြို့) နှင့် ၃(က) (မေမြို့)/၇၄ တို့တွင် ချမှတ်ထားသောစီရင်ချက်နှင့် ဒီကရီတို့ကို ပယ်ဖျက်ပြီး အမှုများကိုတိုင်းတရားရုံးသို့ ပြန်လည်ပေးပို့လိုက်သည်။ တိုင်းတရားရုံးသည် ဦးဇေးမီးယားနှင့် ဒေါ်အယ်နီနှင့် ဒေါ်စုစုတို့အား မူလအမှုတွဲ၌ သူတို့၏ အဆိုလွှာများကို ပြင်ဆင်စေ၍ လိုအပ်သည့် ရုံးခွန်များကို ဖြည့်စွက်ထမ်းဆောင်စေပြီး တဘက်အမှုသည်တို့က ပြင်ဆင်ချက်ချေလွှာတင်လိုလျှင် တင်ခွင့်ပြုကာ အမှုကို ဥပဒေနှင့်အညီ ဆက်လက်စီရင်ဆုံးဖြတ်ရန် ညွှန်ကြားလိုက်သည်။ နှစ်ဘက်အမှုသည်များသည် ဤအယူခံများတွင် ကုန်ကျသောတရားစရိတ်များကို မိမိတို့ကိုယ်တိုင်ကျခံကြစေ။

တရားမ ပထမ အယူခံမှု

ဥက္ကဋ္ဌအဖြစ်ဦးတင်အောင်၊အဖွဲ့ဝင်များအဖြစ် ဦးထွန်းရှိန်နှင့်ဦးသန့်စင် တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

မ နီ လာ မော်

နှင့်

ဒေါ် သန်း သန်း ပါ (၁၀) *

†၁၉၁၄
မတ်လ ၂ ရက်

မြန်မာ့ဓလေ့ ထုံးတမ်း ဥပဒေပါ အမွေဆက်ခံခြင်း ဆိုင်ရာဥပဒေသ— ကွယ်လွန်သူနှင့် မျိုးဆက်နီးသူက ဝေးသူအား အမွေမှ ပယ်ထုတ် နိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရ အမွေဆက်ခံခြင်း ဆိုင်ရာဥပဒေသတစ်ရပ်မှာ ကွယ်လွန်သူနှင့်မျိုးဆက်နီးသူကဝေးသူအားအမွေမှ ပယ်ထုတ်သည်။

အယူခံ တရားလို အတွက် — ဦးအေးမောင် (ပန်းတနော်)
ဗဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင်များအတွက်— ဦးမြစိန် (မန္တလေး) ဗဟိုတရားရုံးရှေ့နေ
ဦးခင်မောင်ရီ၊ ဗဟိုတရားရုံးရှေ့နေ

မကွေးတိုင်းတရားရုံး၊ တရားမကြီးမှု အမှတ် ၁၁/၁၀ တွင် အယူခံ တရားလို မနီလာမော်က ဒေါ်သန်းသန်း၊ ဦးသော်၊ ဦးစိန်ရိုး၊ ဦးစိန်ထွန်းမော်၊ ဦးစိန်ဝင်းမော်၊ ဒေါ်လဲ့လဲ့မော်၊ ဦးတင်ထွဋ်မော်၊ ဒေါ်လွင်လွင်မော်၊ ဦးထူးတင့်မော်၊ ဦးမင်းသော်၊ ဒေါ်မေဝင်းသော်၊ ဒေါ်မေပြုံးသော်၊ ဒေါ်မေနှင်းသော်၊ ဒေါ်မေသင်းသော်၊ မသီတာသော်၊ မဥမ္မာသော်၊ ဦးခင်မောင်ဦးနှင့် ဦးခင်မောင်တိုးတို့ အပေါ် ကွယ်လွန်သူ ဦးအောင်သန်း ကျန်ရစ်သော အမွေပုံပစ္စည်းများကို စီမံခန့်ခွဲပေးရန် တရားစွဲဆိုရာ တိုင်းတရားရုံးက မနီလာမော် စွဲဆိုသောအမှုကို ပလပ်လိုက်သဖြင့် မ နီ လာ မော် က ဗဟိုတရားရုံးဌာတရားမ ပထမ အယူခံမှုကို တင်သွင်းသည်။ အယူခံ အတော အတွင်း

---

* ၁၉၁၁ ခုနှစ်၊ တရားမ ပထမအယူခံမှုအမှတ် ၁၁

† ၁၉၁၀ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၁ တွင် ချမှတ်သော (၂၁-၉-၁၁) နေ့စွဲပါ မကွေးတိုင်း တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

၁၉၀၄ မနီလာမော် နှင့် ဒေါသန်းသန်း ပါ (၁၀)

ဦးသော် ကွယ်လွန်သွားသောကြောင့် ဦးသော်၏ဇနီး ဒေါခင်စောရီ (ခ) ဒေါမေရီသော်နှင့် ဦးသော်၏ သား သမီးများက ဦးသော်၏ တရားဝင် ကိုယ်စားလှယ်များအဖြစ်ဖြင့် ဆက်လက်ဆောင်ရွက်သည်။

၁၉၇၂ ခုနှစ်က ကွယ်လွန်သွားသော ဦးအောင်သန်းသည် ကွယ်လွန်သူ ဒေါသက်၊ ဦးမောင်ကလေးတို့၏သမီး ကွယ်လွန်သူ ဒေါတင်တင်က မွေးဖွားသော သားဖြစ်သည်။ ဒေါသက် ကွယ်လွန်ပြီးနောက် ဦးမောင်ကလေးသည် ကွယ်လွန်သူ ဒေါမေနှင့် နောက် အိမ်ထောင်ပြုရာ သမီး ဒေါသန်းသန်း (၁–တရားပြိုင်)၊ သား ဦးသော် (၂–တရားပြိုင်) သား၊ ဦးစိန်ရိုး (၃–တရားပြိုင်) နှင့် ၁၉၆၀ ပြည့်နှစ်တွင် အနိစ္စရောက်ခဲ့သော သားဦးမော်တို့ထွန်းကားသည်။ တရားလို မနီလာမော်၊ ၄– တရားပြိုင် ဦးစိန်ထွန်းမော်၊ ၅–တရားပြိုင်ဦးစိန်ဝင်းမော်၊ ၆–တရားပြိုင် ဒေါလဲ့လဲ့မော်၊ ၇-တရားပြိုင် ဦးတင်ထွဋ်မော်၊ ၈–တရားပြိုင် ဒေါလွင်လွင်မော်နှင့် ၉–တရားပြိုင် ဦးထူးတင့်မော်တို့သည် ဦးမော်၏ သားသမီးများဖြစ်ကြသည်။ ဦးသော်၏ သားသမီးများမှာ ၁၀–တရားပြိုင် ဦးမင်းသော်၊ ၁၁–တရားပြိုင် ဒေါမေဝင်းသော်၊ ၁၂–တရားပြိုင် ဒေါမေပြုံးသော်၊ ၁၃–တရားပြိုင် ဒေါမေနှင်းသော်၊ ၁၄–တရားပြိုင် ဒေါမေသင်းသော်၊ ၁၅–တရားပြိုင် မသီတာသော်နှင့် ၁၆–တရားပြိုင် မဥမ္မာသော်တို့ ဖြစ်ကြသည်။ ၁၇– တရားပြိုင် ဦးခင်မောင်မိုးနှင့် ၁၈– တရားပြိုင် ဦးခင်မောင်တိုးတို့သည် ဦးစိန်ရိုး၏ သားသမီးများ ဖြစ်ကြသည်။ ဝိုမိုရှင်းလင်းစေရန် ဆွေမျိုးစာရင်းကို ဤစီရင်ချက်၏ နောက်တွင် ပူးတွဲဖော်ပြထားသည်။

မနီလာမော်က ဦးအောင်သန်း၏ အမွေကို မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ မိမိနှင့် အမှတ် (၄)မှ အမှတ် (၁၀) တရားပြိုင်တို့သာ ဆက်ခံထိုက်ကြောင်း၊ အမွေအများစုမှာ ဒေါသန်းသန်း၊ ဦးသော်နှင့် ဦးစိန်ရိုးတို့လက်ဝယ်ရှိနေကြောင်း၊ သို့ဖြစ်၍ အဆိုလွှာနှင့်အတူ ပူးတွဲတင်ပြသည့် အမွေပစ္စည်းများကို တရားရုံးက စီမံခန့်ခွဲပေးစေလိုကြောင်းဖြင့် တရားစွဲဆိုလေသည်။

၁–တရားပြိုင် ဒေါသန်းသန်းက တရားလိုနှင့် အမှတ် (၄)မှ အမှတ် (၁၀) တရားပြိုင်တို့သည် ကွယ်လွန်သူ၏ သွေးဝမ်း ညီအစ်ကို မောင်နှစ်မတဝမ်းကွဲများဖြစ်ကြ၍ ဦးအောင်သန်းဘွင် သွေးဝက်အဒေါနှင့် ဦးလေးများဖြစ်ကြသည့် မိမိနှင့် ဦးသော်၊ ဦးစိန်ရိုးတို့ ကျန်ရစ်သောကြောင့် မိမိတို့သာ အမွေဆက်ခံခွင့်ရှိကြောင်း ထုချေသည်။

ဦးသော်၊ ဦးမင်းသော်၊ ဒေါမေဝင်းသော်၊ ဒေါမေပြုံးသော်၊ ဒေါမေနှင်းသော်၊ ဒေါမေသင်းသော်၊ မသီတာသော်နှင့် မဥမ္မာသော်တို့ကလည်း အလားတူ ထုချေသည်။

ဦးစိန်ရိုးနှင့် ဦးခင်မောင်မိုးတို့ကလည်း အလားတူ ထုချေသည်။

၁၉၀၄
မနီလာမော်
နှင့်
ဒေါသန်းသန်း
ပါ (၁၀)

အမှတ် (၄) မှ အမှတ် (၉) တရားပြိုင်များနှင့် အမှတ် (၁၀) တရားပြိုင် ဦးခင်မောင်ဘိုးတို့က မနီလာမော်အား ထောက်ခံတင်ပြသည်။

တိုင်းတရားရုံးက အဆိုအချေများအရ အောက်ပါပဏာမ ငြင်းချက်များကို ထုတ်နုတ် ကြားနာခဲ့သည်—

(က) တရားလို၊ တရားပြိုင် (၄)မှ (၁၀) တို့သည် အမွေစား အမွေခံမဟုတ်၍ တရားစွဲဆိုခွင့်မရှိ ဆိုသည်မှာ မှန်သလား၊
(သို့မဟုတ်)
တရားပြိုင် (၁) (၂) (၃) တို့သည် အမွေဆိုင် မဟုတ်၍ ၎င်းတို့အား တရားပြိုင်အဖြစ် တရားစွဲဆိုခြင်း မပြုထိုက်သည်မှာ မှန်သလား၊

(ခ) ဤအမှုကို ကာလစည်းကမ်းသတ်ဥပဒေ ၆ နှင့် ၈ အရ အကျုံး မဝင်ဆိုသည်မှာ မှန်ပါသလား၊
(သို့မဟုတ်)
တရားလိုသည် ဤပုံစံအတိုင်း တရားစွဲဆိုခွင့် ရှိပါသလား။

တိုင်းတရားရုံးက မနီလာမော်သည် ကွယ်လွန်သူ ဦးအောင်သန်း၏ အမွေကို ဆက်ခံထိုက်သူ မဟုတ်ဟု ကောက်ယူ၍ မနီလာမော် စွဲဆိုသော အမှုကို ပလပ်လိုက်ခြင်း ဖြစ်သည်။

အယူခံဘရားလို မနီလာမော်၏ ရှေ့နေ ဦးအေးမောင်က ကွယ်လွန်သူ ဦးအောင်သန်းနှင့် မနီလာမော်တို့မှာ သွေးဝက် မောင်နှစ်မများဖြစ်ကြောင်း၊ **မကလေးပါ–၂** နှင့် **မမြေနှင့်အခြားသူများ** (၁) စီရင်ထုံးအရ သွေးဝက်ညီအစ်ကို မောင်နှစ်မများသည် ကွယ်လွန်သူ၏ ထူ တူမများနှင့်အတူ အမွေဆက်ခံခွင့် ရှိသူများဖြစ်ကြောင်း၊ ဒေါသန်းသန်း၊ ဦးသော်နှင့် ဦးစိန်ရိုးတို့သည် ကွယ်လွန်သူ၏ သွေးဝက် အဒေါ်နှင့် ဦးကြီး ဦးလေးများဖြစ်ကြောင်း၊ **မတင်နှင့်အခြားသူများနှင့်မရွှေ** (၂) စီရင်ထုံးအရ ကွယ်လွန်သူ၏ တူတူမများသည် ကွယ်လွန်သူ၏ ဦးကြီး ဦးလေး၊ ဒေါ်ကြီး ဒေါ်လေးတို့အား အမွေမှ ပယ်ထုတ်သည် ဖြစ်၍ မနီလာမော်နှင့် ညီ အစ်ကို မောင် နှစ်မ တို့သည်

---

(၁) ရန်ကုန်စီရင်ထုံးအတွဲ–၀၊ စာမျက်နှာ–၂၃
(၂) ရန်ကုန်စီရင်ထုံးအတွဲ–၄၊ စာမျက်နှာ–၂၇ (စုံညီ)

၁၉၀၄ မနီလာမော် နှင့် ဒေါ်သန်းသန်း ပါ (၁၀)

ဒေါ်သန်းသန်း၊ ဦးသော်နှင့် ဦးစိန်ရိုးတို့အား အမွေမှ ပယ်ထုတ်ကြောင်း အကျယ်တဝင့်တင်ပြ လျှောက်ထားသည်။

အယူခံတရားပြိုင် ဒေါ်သန်းသန်းနှင့် အယူခံတရားပြိုင် အချို့၏ ရှေ့နေ ဦးမြစိန်က ရှေ့နေ ဦးအေးမောင် ကိုးကားသော စီရင်ထုံးများမှာ ဤအမှုနှင့် မသက်ဆိုင်ကြောင်း၊ ဦးအေးမောင် တင်ပြသည့်အတိုင်း မနီလာမော်အား ကွယ်လွန်သူ၏ သွေးဝက်ညီမဟု ခေါ်ဝေါ်ခြင်းမှာမှန်မှန်စိစစ်ရန်ဖြစ်ကြောင်း သို့ဖြစ်၍ ပြဿနာမှာ စကားအခေါ်အဝေါ် ကိစ္စ ဖြစ်ကြောင်း အမှန်မှာ မနီလာမော်သည် ကွယ်လွန်သူ ဦးအောင်သန်း၏ သွေးဝက်ညီမ တဝမ်းကွဲသာ ဖြစ်ကြောင်း တင်ပြလျှောက်ထားသည်။

ဦးအောင်သန်း၏ မိခင် ဒေါ်တင်တင်သည် ဦးမောင်ကလေးနှင့် ပထမဇနီး ဒေါ်သက်တို့၏ သမီးဖြစ်သည်။ ဒေါ်သန်းသန်း၊ ဦးသော်၊ ဦးစိန်ရိုးနှင့် ဦးမော်တို့သည် ဦးမောင်ကလေးနှင့် ဒုတိယဇနီး ဒေါ်မေတို့၏ သားသမီးများ ဖြစ်ကြသည်။ သို့ဖြစ်ရာ ဒေါ်တင်တင်၊ ဒေါ်သန်းသန်း၊ ဦးသော်၊ ဦးစိန်ရိုးနှင့် ဦးမော်တို့သည် အဖေတူ အမေကွဲ သားသမီးများ ဖြစ်ကြသည်။ တနည်းဆိုရသော် သူတို့သည် သွေးဝက် ညီအစ်ကို မောင်နှစ်မများ ဖြစ်ကြသည်။ ကွယ်လွန်သူ ဦးအောင်သန်းသည် ဒေါ်တင်တင်၏ သားဖြစ်၍ မနီလာမော်သည် ဦးမော်၏ သမီးဖြစ်သည်။ ဒေါ်တင်တင်နှင့် ဦးမော်တို့မှာ သွေးဝက် မောင်နှစ်မများ ဖြစ်ကြသည့် အလျောက် ဦးအောင်သန်းနှင့် မနီလာမော်တို့သည် သွေးဝက် မောင်နှစ်မ တဝမ်းကွဲများ ဖြစ်ကြသည်။ အယူခံတရားလို၏ ရှေ့နေတင်ပြသကဲ့သို့ သွေးဝက် မောင်နှစ်မများ မဟုတ်ချေ။ သွေးဝက် မောင်နှစ်မများ (၀၊) အဖေတူ အဖေကွဲ သို့မဟုတ် အဖေတူ အမေကွဲ မောင်နှစ်မများ ဖြစ်ရန်အလို့ငှာ ကာယကံရှင်တို့၏ အမိ သို့မဟုတ် အဖသည် တူရန်လိုပေသည်။၍အမှုတွင် ဦးအောင်သန်း၏ အမိနှင့်အဖတို့သည် မနီလာမော်၏ အမိနှင့် အဖတို့နှင့် လုံးဝမတူသည့်အလျောက် ဦးအောင်သန်းနှင့် မနီလာမော်တို့အား သွေးဝက် မောင်နှစ်မများဟု မည်သည့် နည်းနှင့်မျှ မခေါ်ဆိုနိုင်ပေ။


အယူခံတရားလို၏ ရှေ့နေ ဦးအေးမောင်နှင့် အယူခံတရားပြိုင် အချို့၏ ရှေ့နေ ဦးခင်မောင်ရိုတို့က မနီလာမော် အပါအဝင် ညီအစ်ကို မောင်နှစ်မများသည် ကွယ်လွန်သူ ဦးအောင်သန်း၏ အစုန်ဘက်မှ ဆွေမျိုးများဖြစ်ကြောင်း၊ ဒေါ်သန်းသန်း၊ ဦးသော်နှင့် ဦးစိန်ရိုးတို့သည် ကွယ်လွန်သူ၏ အဆန်ဘက်တွင်ရှိသော ဆွေမျိုးများဖြစ်ကြ၍ အစုန်ဘက်ရှိ မနီလာမော်တို့က အဆန်ဘက်ရှိ ဒေါ်သန်းသန်းတို့အား အမွေမှ ပယ်ထုတ်ကြောင်း အကျယ်တဝင့်တင်ပြလျှောက်ထားကြသည်။

အမှုတွင် အငြင်းပွားသည့် အချက်မှာ အမွေရှင် ဦးအောင်သန်း ကွယ်လွန်သောအခါ သားသမီး၊ မြေး၊ မြစ် အစရှိသည့် အစုန်ဘက်မှ ဆွေမျိုးများ ကျန်ရစ်ခဲ့ခြင်း မရှိချေ။ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အမွေသည် မစုန်နိုင်လျှင် ဆန်ရမည်ဖြစ်သည်။ ရှေ့နေ ဦးအေးမောင်နှင့် ဦးခင်မောင်ရီတို့ တင်ပြသကဲ့သို့ မနီလာမော်တို့သည် ကွယ်လွန်သူ၏ အစုန်ဘက်မှ ဆွေမျိုးများ မဟုတ်ပေ။

အယူခံတရားလို မနီလာမော်နှင့် အယူခံတရားပြိုင်တို့သည် ကွယ်လွန်သူ ဦးမောင်ကလေးနှင့် ဒေါ်မေတို့မှ သက်ဆင်းလာကြသော သားသမီးများနှင့် မြေးများဖြစ်ကြသည်။ အမွေရှင် ဦးအောင်သန်းမှ ဦးမောင်ကလေးအထိ နှစ်ဆက်ဆန်ရသည်။ ဦးမောင်ကလေးမှ ဒေါ်သန်းသန်း၊ ဦးသော်၊ ဦးစိန်ရိုး တို့အထိ တစ်ဆက်စုန်ရသည်။ ဦးမောင်ကလေးမှ နှစ်ဆက်စုန်မှသာ မနီလာမော်သို့ ရောက်မည်ဖြစ်သည်။ သို့ဖြစ်ရာ မနီလာမော်သည် ကွယ်လွန်သူမှ ဒေါ်သန်းသန်း၊ ဦးသော်နှင့် ဦးစိန်ရိုးတို့ထက် မျိုးဆက် တစ်ဆက်ပိုဝေးသည်။ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အမွေဆက်ခံခြင်း ဆိုင်ရာ ဥပဒေသတစ်ရပ်မှာ ကွယ်လွန်သူနှင့်မျိုးဆက်နီးသူက ဝေးသူအား အမွေမှပယ်ထုတ်သည်။ သို့ဖြစ်ရာ ကွယ်လွန်သူနှင့် ပို၍သွေးနီးသော ဒေါ်သန်းသန်းတို့သည် မနီလာမော်အား အမွေမှ ပယ်ထုတ်သည်ဖြစ်၍ တိုင်းတရားရုံး၏ အမိန့်မှာ မှားယွင်းသည်ဟု မဆိုနိုင်ပေ။

ထို့ကြောင့် ၌အယူခံကို တရားရုံး အဆင့်ဆင့် စရိတ်နှင့်တကွ ပလပ် လိုက်သည်။ ရှေ့နေခကို ကျပ် ၁၀၀/—ဟု သတ်မှတ်သည်။

အမေ့ရှင် ဦးအောင်သန်းနှင့် အမှုသည်များ မည်သို့တော်စပ်ကြောင်း ဖေါ်ပြသည့် မိသားစုဇယား



* ကြယ်ပွင့်ပြထားသူများမှာ အမှုစွဲဆိုစဉ်က ကွယ်လွန်ကြပြီးဖြစ်သည်။

တရားမဒုတိယ အယူခံမှု

ဥက္ကဋ္ဌအဖြစ်ဦးထွန်းရှိန်၊ အဖွဲ့ဝင်များအဖြစ် ဦးတင်အောင်နှင့် ဦးသန့်စင် တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖဲ့ရှေ့တွင်

† ၁၉၀၄
ဖေဖော်ဝါရီ
၆ ရက်

ဦးရန်ကနား
နှင့်
ဒေါ်ခင်သိ *

အခွင့်အမိန့်အရ နေထိုင်သူ—အချင်းဖြစ် ဥပစာတွင် နေထိုင်သူသည် ဥပဒေသဘောအရ ဝိုင်ရှင်အဖြစ် ဆက်လက်နေထိုင်သည်ဟု ကောက်ယူရမည့် အခြေအနေမျိုးရှိလျှင် ၎င်းအား အခွင့်အမိန့်အရ နေထိုင်သူအဖြစ် ဖယ်ရှားခွင့်မရှိခြင်း— ပထမအယူခံရုံး၏ စီရင်ချက်နှင့် ဒီကရီကို တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၀၀ အရသာ အယူခံဝင်ခွင့်ရှိခြင်း။

ဆုံးဖြတ်ချက်။ ။အမှုတွင် အငြင်းမပွားသည့် အချက်မှာ ဦးရန်ကနား သည် အချင်းဖြစ် ဥပစာ၏ မူလဝိုင်ရှင်ဖြစ်ပြီး ယင်းဥပစာတွင် ဝိုင်ရှင်အဖြစ် နေထိုင်ခဲ့သည့် အချက်ဖြစ်သည်။ မူလရုံး တရားလို ဒေါ်ခင်သိဘက်မှ ဦးရန်ကနားသည် ယင်းအိမ်နှင့် မြေကို သက်သေခံ (က) စာချုပ်အရ အဖိုးငွေ ကျပ် ၃၅၀၀/–ဖြင့် ဒေါ်ခင်သိအား ရောင်းချခဲ့သည်ဟု အဆိုပြုထားသည်။ ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၅၄ အရ မရွှေ့ မပြောင်းနိုင်သည့် ပစ္စည်းကို တန်ဖိုးကျပ် ၁၀၀/–ဖြင့် ဖြစ်စေ၊ ကျပ် ၁၀၀/–ထက် ပိုသော တန်ဖိုးအရ ဖြစ်စေ၊ ရောင်းချရာ၌ အရောင်းအဝယ် စာချုပ်ကို မှတ်ပုံတင် မှသာ အရောင်းအဝယ် အထမြောက်မည်ဖြစ်သည်။ ဤအမှုတွင် သက်သေခံ (က) အရောင်းအဝယ် စာချုပ်ကို မှတ်ပုံတင်ထားခြင်း မရှိသဖြင့် အရောင်း အဝယ် အထမမြောက်သေးသောကြောင့် ဥပဒေအမြင်တွင် အချင်းဖြစ်ဥပစာ၏ ဝိုင်ရှင်သည် ဦးရန်ကနားသာ ဖြစ်သည်။ ဤအခြေအနေတွင် ဥပဒေ

---

* ၁၉၀၃ ခုနှစ် တရားမ ဒုတိယအယူခံမှု အမှတ် ၁၁၁

† ၁၉၀၂ ခုနှစ် တရားမ အယူခံမှု အမှတ် ၂၄၉ တွင် ချမှတ်သော (၂၅-၁-၀၃) နွဲ့ခဲ့ပါ ရန်ကုန်တိုင်း တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

၁၉၀၄ ဦးရန်ကနား နှင့် ဒေါ်ခင်သီ

သဘောအရ ဦးရန်ကနားသည် အချင်းဖြစ် ဥပစာဌ် ပိုင်ရှင်အဖြစ် ဆက်လက် နေထိုင်သည်ဟု ကောက်ယူရမည် ဖြစ်သည့်အလျောက် ဒေါ်ခင်သီသည် ဦးရန်ကနားအား မိမိ၏ အခွင့်အမိန့်အရ နေထိုင်သူ အဖြစ်ဖြင့် ဖယ်ရှားခွင့် မရှိပေ။

ထပ်မံဆုံးဖြတ်ချက်။ ။၅၂အမှုမှာ တရားမ ဒုတိယ အယူခံမှုဖြစ်သည်။ မည်သည့်အခါ တရားမ ပထမ အယူခံရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံဝင်နိုင်ကြောင်း၊ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၀၀ တွင် ပြဋ္ဌာန်းထားသည်။ မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့က တသဘောတည်း ကောက်ယူဆုံးဖြတ်ထားသည်ဖြစ်၍ အယူခံတရားလိုသည် တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၀၀ (၁) (က) (ခ)နှင့် (ဂ) ပါ ဥပဒေပြဿနာ တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ သာ အယူခံဝင်ခွင့်ရှိသည်။ သို့ဖြစ်၍ အယူခံတရားလိုဘက်မှ အောက်ရုံးများသည် မည်သည့် ဥပဒေပြဿနာများနှင့် စပ်လျဉ်း၍ မှားယွင်းဆုံးဖြတ်ကြောင်း ဖော်ထုတ် တင်ပြရန် ဖြစ်သည်။ တရားမ ဒုတိယအယူခံမှုတွင် မူလအမှုတွဲ၌ ထုတ်နုတ် ထားသော ငြင်းချက် တစ်ရပ်စီကို အဆုံးဖြတ် ပေးရန်အကြောင်း မရှိချေ။

အယူခံ တရားလို အတွက် — ဒေါ်ရိရီတင်၊ ဗဟိုတရားရုံးရှေ့နေ
အယူခံတရားပြိုင်အတွက် — ဦးသန်းထွန်း၊ ဗဟိုတရားရုံးရှေ့နေ

တောင်ဥက္ကလာပ မြို့နယ်တရားရုံး၊ တရားမကြီးမှု အမှတ် ၂၀/၈၀ တွင် ဒေါ်ခင်သီက ဦးရန်ကနားအပေါ် ခွင့်ပြုချက်ဖြင့် ထားသည်ဟု အဆိုရှိသော ဥပစာမှ နှင်ထုတ်ပေးစေလိုမှု စွဲဆိုရာဒီကရီရရှိခဲ့သည်။ ဦးရန်ကနားက မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကိုမကျေနပ်သဖြင့် ရန်ကုန်တိုင်း တရားရုံးတွင် အယူခံဝင်သော အခါ တိုင်းတရားရုံးက အယူခံလွှာကို အကျဉ်းနည်းဖြင့် ပလပ်လိုက်သောကြောင့် ဦးရန်ကနားက ဗဟိုတရားရုံးတွင် ဤအယူခံကို တင်သွင်းခြင်း ဖြစ်သည်။

မူလရုံးတရားလို ဒေါ်ခင်သီက တောင်ဥက္ကလာပမြို့နယ်၊ အမှတ် (၄) ရပ်ကွက်၊ (၁) လမ်း အိမ်အမှတ် (၂၃) နှင့် ယင်းအိမ်တည်ရာမြေကို ဦးရန်ကနားထံမှ ၂၂– ၈– ၆၁ နေ့တွင် ဝယ်ယူခဲ့ပြီး လက်ရောက်ရခဲ့ကြောင်း၊ ဦးရန်ကနားသည် အိမ်ခြံယပြည်သို့ ပြန်ရန် စီစဉ်ရာ၌ နှောင့်နှေး ကြန့်ကြာသဖြင့် မိမိက ဆက်လက်နေထိုင်ခွင့် ပြုခဲ့ကြောင်း၊ ထို့နောက် ဦးရန်ကနားသည် အိမ်ခြံယပြည်သို့ ပြန်ရန် သဘော အခက်အခဲရှိ၍၊ ဆက်လက် နေထိုင်ခွင့်ပြုခဲ့ကြောင်း၊ နောက်ပိုင်းတွင် ဦးရန်ကနားအား ဥပစာတွင်ဆက်လက်မထားလို

တော့သဖြင့် ခွင့်ပြုချက်ကို ပြန်လည်ရုပ်သိမ်းလိုက်ကြောင်း ရှေ့နေမှတဆင့် အကြောင်းကြားစာ ပေးပို့ခဲ့ကြောင်း၊ သို့သော် ဦးရန်ကနားသည် ဥပစာမှ ဖယ်ရှားပေးခြင်း မပြုကြောင်း စသည်ဖြင့် အဆိုပြုကာ သူ့အား နှင်ထုတ်ပေးစေလိုကြောင်းဖြင့် တရားစွဲဆိုသည်။

တရားပြိုင် ဦးရန်ကနားက အချင်းဖြစ် အိမ်နှင့် မြေကွက်ကို ဒေါ်ခင်သီအား ရောင်းချခဲ့ခြင်းမရှိကြောင်း၊ အချင်းဖြစ် ဥပစာတွင် ဒေါ်ခင်သီ၏ ခွင့်ပြုချက်အရ နေထိုင်ခြင်းလည်း မဟုတ်ကြောင်း စသည်ဖြင့် ထုချေသည်။

အမှုတွင် ပေါ်ပေါက်သော အကြောင်းခြင်းရာနှင့် ဥပဒေပြဿနာများကို သုံးသပ်ခြင်း မပြုမီ ကနဦး ဖော်ပြလိုသည့် အချက်မှာ အယူခံတရားလို၏ ရှေ့နေသည် အယူခံကို လျှောက်လဲရာ၌ အမှုတွင် ထုတ်နုတ်ထားသော ငြင်းချက်တစ်ရပ်စီနှင့် စပ်လျဉ်းပြီး အသေးစိတ်တင်ပြသည့်ကိစ္စဖြစ်သည်။ ဤအမှုမှာ တရားမ ဒုတိယအယူခံမှုဖြစ်သည်။ မည်သည့်အခါ တရားမ ပထမအယူခံရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံဝင်နိုင်ကြောင်း၊ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၀၀ တွင် ပြဋ္ဌာန်းထားသည်။ မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့က တသဘောတည်း ကောက်ယူဆုံးဖြတ်ထားသည် ဖြစ်၍ အယူခံတရားလိုသည် တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၀၀ (၁) (က) (ခ) နှင့် (ဂ)ပါ ဥပဒေပြဿနာ တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍သာ အယူခံဝင်ခွင့်ရှိသည်။ သို့ဖြစ်၍အယူခံတရားလိုဘက်မှ အောက်ရုံးများသည် မည်သည့် ဥပဒေပြဿနာ များနှင့် စပ်လျဉ်း၍ မှားယွင်းဆုံးဖြတ်ကြောင်း ဖော်ထုတ်တင်ပြရန်ဖြစ်သည်။ တရားမ ဒုတိယအယူခံမှုတွင် မူလအမှုတွဲ၌ ထုတ်နုတ်ထားသော ငြင်းချက်တစ်ရပ်စီကို အဆုံးအဖြတ်ပေးရန် အကြောင်းမရှိချေ။

အယူခံတရားလို၏ ရှေ့နေက အောက်ရုံးများသည် သက်သေခံ (က) စာချုပ်ကို အခြေပြုပြီး အချင်းဖြစ် အိမ်နှင့် မြေကွက်ကို ဒေါ်ခင်သီအား အပြီးအပိုင် ရောင်းချပြီး ဖြစ်သည်ဟု ဆုံးဖြတ်ခြင်းမှာ မှားယွင်းကြောင်း အကျယ်တဝင့် တင်ပြလျှောက်ထားသည်။ အယူခံတရားပြိုင်၏ ရှေ့နေက ဦးရန်ကနားသည် အချင်းဖြစ် အိမ်နှင့်မြေကို ဒေါ်ခင်သီအား ရောင်းချခဲ့ကြောင်း၊ အဖိုးငွေရခဲ့ကြောင်း ဝန်ခံခဲ့သည်ဖြစ်၍ သက်သေခံ အက်ဥပဒေပုဒ်မ ၉၂ အရ ထိုသို့ ရောင်းချခဲ့ခြင်း မရှိဟု ငြင်းဆိုခွင့် မရှိတော့ကြောင်း လျှောက်ထားသည်။

၌အမှုမှာ အခွင့်အမိန့်အရ နေသူအား နှင်လိုမှု ဖြစ်သည်။ အကယ်၍ ဦးရန်ကနားသည် အချင်းဖြစ် ဥပစာ၌ ဒေါ်ခင်သီ၏ အခွင့်အမိန့်အရ နေထိုင်ခြင်း ဖြစ်ပါမူ သက်သေခံ အက်ဥပဒေပုဒ်မ ၁၁၆ ပါ ပြဋ္ဌာန်းချက်များအရ

၁၉၀၄
ဦးရန်ကနား နှင့် ဒေါ်ခင်သီ

ဦးရန်ကနားသည် ဒေါ်ခင်သီ၏ ပိုင်ရေးပိုင်ခွင့်ကို ငြင်းဆိုခွင့်မရှိပေ။ သို့ဖြစ်ရာ အခွင့်အမိန့်အရ နေသူအား နှင်လိုမှုတွင် တရားလိုသည် အချင်းဖြစ်ဥပစာကို ပိုင်မပိုင်ဟူသော ပြဿနာနှင့် စပ်လျဉ်း၍ နှစ်ဘက် အမှုသည်များ အကြား အငြင်းပွားစေကာမူ ငြင်းချက်ထုတ်နုတ်၍ အဆုံးအဖြတ်ပေးရန် မလိုချေ။ ဤအမှုမျိုးတွင် အဓိကစစ်ရန် ပြဿနာမှာ တရားပြိုင်သည် တရားလို၏ ခွင့်ပြုချက်အရ အချင်းဖြစ်ဥပစာ၌ နေထိုင်ခြင်း ဟုတ်မဟုတ် ကိစ္စဖြစ်သည်။ သို့ဖြစ်၍ ဤအမှုတွင် မူလရုံးက ထုတ်နုတ်ထားသည့် ''တရားပြိုင်အား အချင်းဖြစ် ဥပစာပေါ်တွင် တရားလိုက ခေတ္တအခဲ့ နေခွင့်ပြုသည်ဆိုတာ မှန်သလား''ဟူသော ငြင်းချက်ကို အဓိကအဆုံးအဖြတ် ပေးရန်ဖြစ်သည်။

အမှုတွင် အငြင်းမပွားသည့် အချက်မှာ ဦးရန်ကနားသည် အချင်းဖြစ် ဥပစာ၏ မူလပိုင်ရှင်ဖြစ်ပြီး ယင်းဥပစာတွင် ပိုင်ရှင်အဖြစ် နေထိုင်ခဲ့သည့် အချက်ဖြစ်သည်။ မူလရုံးတရားလို ဒေါ်ခင်သီဘက်မှ ဦးရန်ကနားသည် ယင်း အိမ်နှင့် မြေကို သက်သေခံ (က) စာချုပ်အရ အဖိုးငွေကျပ် ၃၅၀၀/- ဖြင့် ဒေါ်ခင်သီအား ရောင်းချခဲ့သည်ဟု အဆိုပြုထားသည်။ ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၅၄ အရ မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းကို တန်ဖိုးကျပ် ၁၀၀/—ဖြင့် ဖြစ်စေ၊ကျပ် ၁၀၀/—ထက် ပိုသော တန်ဖိုးအရ ဖြစ်စေ၊ ရောင်းချရာ၌ အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်မှသာ အရောင်းအဝယ် အထမြောက်မည်ဖြစ်သည်။ ဤအမှုတွင် သက်သေခံ (က) အရောင်းအဝယ် စာချုပ်ကို မှတ်ပုံတင်ထားခြင်း မရှိသဖြင့် အရောင်းအဝယ် အထမမြောက် သေးသောကြောင့် ဥပဒေအမြင်တွင် အချင်းဖြစ် ဥပစာ၏ပိုင်ရှင်သည် ဦးရန်ကနားသာဖြစ်သည်။ ဤအခြေအနေတွင် ဥပဒေသဘောအရ ဦးရန်ကနားသည် အချင်းဖြစ် ဥပစာ၌ ပိုင်ရှင်အဖြစ် ဆက်လက်နေထိုင်သည်ဟု ကောက်ယူရမည် ဖြစ်သည့်အလျောက် ဒေါ်ခင်သီသည် ဦးရန်ကနားအား မိမိ၏ အခွင့်အမိန့်အရ နေထိုင်သူ အဖြစ်ဖြင့် ဖယ်ရှားခွင့် မရှိပေ။ အမှန်ဆိုသော် ဒေါ်ခင်သီသည် စည်းကမ်းသတ် ကာလအတွင်း ဦးရန်ကနား အပေါ် သူ ပဋိညာဉ်ပြုခဲ့သည့်အတိုင်း အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ မှတ်ပုံတင်ပေးစေရန် သီးခြားသက်သာခွင့် ဥပဒေနှင့်အညီ တရားစွဲဆို၍ ဥပစာကိုလက်ရောက်ရလိုကြောင်း တောင်းဆိုရန်သာ ဖြစ်ပေသည်။

ထို့ကြောင့် ဤအယူခံကို ခွင့်ပြု၍ ရန်ကုန်တိုင်းတရားရုံးနှင့် မြို့နယ်တရားရုံးတို့၏ စီရင်ချက်နှင့်ဒီကရီကိုပယ်ဖျက်ပြီး ဒေါ်ခင်သီစွဲဆိုသောအမှုကို တရားရုံးအဆင့်ဆင့် စရိတ်နှင့်တကွ ပလပ်လိုက်သည်။ ရှေ့နေခကို ကျပ် ၅၀/—ဟု သတ်မှတ်သည်။

တရားမ ပထမ အယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးမြကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးထွန်းရှိန်နှင့် ဦးတင်အုန်း တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ချွေတွင်

ဒေါ်လှရီ
နှင့်
ဒေါ်နုပါ (၁) *

†၁၉၇၄
ဖေဖော်ဝါရီ
၃ ရက်

ကာလစည်းကမ်းသတ် ဥပဒေပါ ပြဋ္ဌာန်းချက်များသည် တရားလို ပြုလုပ်စွဲဆိုသော အမှုများနှင့်သာ သက်ဆိုင်သည်။ ဤအမှုတွင် မူလရုံးတရားလိုမှာ ဒေါ်လှရီဖြစ်၍ သူစွဲဆိုသော အမှုတွင် ဦးသန်းမောင်တို့ ဘက်က မမြင့်မြင့်သည် ဦးသောင်း၏ ကိတ္တိမသမီး ဖြစ်သည်ဟု ထုချေထားခြင်း ဖြစ်သည်။ ကာလစည်းကမ်းသတ် ကျော်လွန်သောကြောင့် ထိုကဲ့သို့ ထုချေခွင့် မရှိတော့ ဟူသည့် ပြဋ္ဌာန်းချက် မရှိချေ။ သို့ဖြစ်ရာ မမြင့်မြင့်သည် ကွယ်လွန်သူ ဦးသောင်း၏ ကိတ္တိမသမီး ဖြစ်ကြောင်း မြွက်ဟကြေငြာပေးစေရန် စွဲဆိုခွင့်မှာ ကာလစည်းကမ်းသတ် ကျော်လွန်စေကာမူ မမြင့်မြင့်၏ဆိုင်ရာ ဆိုင်ခွင့်များကို ဆက်ခံသူ ဒေါ်နုနှင့် မမြင့်မြင့်၏ သားသမီးများ အနေဖြင့် အယူခံတရားလိုက သူတို့အပေါ်စွဲဆိုသောအမှုကို အောင်မြင်စွာချေပနိုင်ရန် အလို့ငှာ မမြင့်မြင့်သည် ဦးသောင်း၏ ကိတ္တိမသမီး ဖြစ်ကြောင်း ခုခံချေပခွင့် ရှိသည်ဟု ကောက်ယူရပေမည်။

အယူခံ တရားလို အတွက် — ဦးကျား၊ ဗဟိုဘရားရုံးရှေ့နေ

အယူခံတရားပြိုင်များအတွက် — ဦးလှဘူး၊ ဗဟိုတရားရုံးရှေ့နေ

---

* ၁၉၇၁ ခုနှစ်၊ တရားမ ပထမ အယူခံမှု အမှတ် ၆၅၊

† ၁၉၇၇ ခုနှစ်၊ တရားမကြီးမှု အမှတ် ၃၀၄ တွင်ချမှတ်သော (၃၀-၇-၀၁) နေ့စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

၁၉၀၄ ဒေါ်လှရီ နှင့် ဒေါ်နုပါ(၀)

ရန်ကုန်တိုင်းတရားရုံး၊ တရားမကြီးမှု အမှတ် ၃၀၄/၇၇ တွင် အယူခံတရားလို ဒေါ်လှရီက ဦးသန်းမောင်၊ ဇနီး ဒေါ်နု၊ သား သမီးများဖြစ်ကြသည့် မောင်ရွှေဝင်း၊ မရီရီဝင်း၊ မောင်အောင်ဝင်း၊ မောင်တင်ရွှေ၊ မလှလှဝင်း၊ မစန်းစန်းဝင်းနှင့် ဒေါ်အုန်းခင်တို့ အပေါ် ကွယ်လွန်သူ ဦးလေး ဦးသောင်းကျန်ရစ်သော အမွေပစ္စည်းများကို စီမံခန့်ခွဲပေးစေရန် တရားစွဲဆိုရာ တိုင်းတရားရုံးက နှစ်ဘက်ကို စစ်ဆေးကြားနာပြီးနောက် ဒေါ်လှရီ စွဲဆိုသောအမှုကို ပလပ်လိုက်သည်။ ထို့နောက် ဦးသန်းမောင် ကွယ်လွန်သွားသဖြင့် ဒေါ်လှရီက ဒေါ်နုနှင့် ကျန်အယူခံတရားပြိုင်များအပေါ် ၎င်တရားမ ပထမအယူခံမှုကို တင်သွင်းသည်။

မူလရုံး တရားလို ဒေါ်လှရီက ၁၉၆၄ ခုနှစ်၊ မေလ ၁၇ ရက်နေ့တွင် ကွယ်လွန်ခဲ့သော ဦးသောင်းတွင် အမွေစား အမွေခံ သားသမီးမရှိကြောင်း၊ မိမိနှင့် တရားပြိုင် ဒေါ်အုန်းခင်တို့မှာ ဦးသောင်း၏ တူမအရင်းများ ဖြစ်ကြောင်း၊ ဦးသောင်း ကွယ်လွန်သောအခါ လက်ဝတ်လက်စားများ၊ ရွှေပြောင်း နိုင်သော ပစ္စည်းများနှင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများ ကျန်ရစ်ကြောင်း စသည်ဖြင့် အဆိုပြုကာ ဦးသန်းမောင်၏ ကွယ်လွန်သူဇနီး မမြင့်မြင့်ကို ဦးသောင်း၏ အပတ်စ်သမီးဖြစ်သည်ဟု သတ်မှတ်လျက် ဦးသောင်း၏ အမွေပစ္စည်းများကို စီမံခန့်ခွဲပေးစေလိုကြောင်းဖြင့် တရားစွဲဆိုလေသည်။

ဦးသန်းမောင်တို့က ကွယ်လွန်သူ မမြင့်မြင့်သည် ဦးသောင်းနှင့် ဇနီး ဒေါ်သန်းရင်တို့၏ ကိတ္တိမသမီးဖြစ်၍ မမြင့်မြင့်သာလျှင် ဦးသောင်း ကျန်ရစ်သော အမွေကို ဆက်ခံခွင့်ရှိကြောင်း အဓိကအားဖြင့် ထုချေသည်။

တိုင်းတရားရုံးက အဆိုအချေများအရ အောက်ပါငြင်းချက်များ ထုတ်နုတ်ကြားနာခဲ့သည်—

၁။ တရားလို ဒေါ်လှရီနှင့် အမှတ် (၉) တရားပြိုင် ဒေါ်အုန်းခင်တို့သည် ကွယ်လွန်သူ ဦးသောင်း၏ တူမအရင်းများ ဖြစ်သည်ဆိုတာ မှန်သလား။

၂။ (၁) တရားပြိုင် ဦးသန်းမောင်၏ ဇနီး ကွယ်လွန်သူ မမြင့်မြင့်သည် ကွယ်လွန်သူ ဦးသောင်းနှင့် ဒေါ်သန်းရင်တို့၏ ကိတ္တိမသမီးဖြစ်သည်ဆိုတာ မှန်သလား။

သို့မဟုတ်

အဆိုလွှာအပိုဒ် (၁၀)အရ ကိတ္တိမသမီး မဖြစ်နိုင်တော့ဆိုတာ မှန်သလား။

၁။ တရားလိုသည် အမွေပုံပစ္စည်း ရထိုက်သလား။ ရထိုက်လျှင် ဝေစု မည်မျှရထိုက်သနည်း။

၁၉၀၄ ဒေါ်လှရီ နှင့် ဒေါ်နုပါ (၀)

၄။ တရားလိုသည် မည်သည့်သက်သာခွင့် ရထိုက်သနည်း။

အဆိုလွှာပါ အဆိုပြုချက်များအရ ဒေါ်လှရီနှင့် ဒေါ်အုန်းခင်တို့သည် ဦးသောင်း၏ တူမအရင်းများ ဖြစ်ကြသည်။ ဒေါ်လှရီက ကွယ်လွန်သူ မမြင့်မြင့်သည် ဦးသောင်း၏ ကိတ္တိမသမီးမဟုတ်ကြောင်း အတည့်အလင်းငြင်းဆိုသည်။ သို့သော် အပတိဋ္ဌသမီးဟူ၍လည်း အတည့်အလင်း အဆိုပြုခြင်းမပြု။ သို့သော် အဆိုအပိုဒ် ၁၄ တွင် အောက်ပါအတိုင်း ဖော်ပြထားသည်—

> "၅၂အမှုတွင် တရားလိုက အဆိုပြုသည်မှာ ကွယ်လွန်သူ ဒေါ်မြင့်မြင့်သည် ကိတ္တိမသမီး မဟုတ်၍ အပတိဋ္ဌဖြစ်ပါလျှင် ဦးသောင်း၏ အမွေပုံ ပစ္စည်းများကို တရားပြိုင်များသည် အားလုံး ပိုင်ဆိုင်ခွင့် မရှိပါ။ တရားလိုနှင့်တကွ ၎င်း၏ အစ်မဖြစ်သူ ဒေါ်အုန်းခင် (၉) တရားပြိုင်တို့က တဝက်ပိုင်ဆိုင်၍ တရားပြိုင်များက တဝက်သာလျှင် ပိုင်ဆိုင်ခွင့်ရှိကြပါသည်။"

၎င်အဆိုပြုချက်များအရ မမြင့်မြင့်သည် ဦးသောင်း၏ အပတိဋ္ဌသမီး ဖြစ်ကြောင်း သွယ်ဝိုက်၍ ဝန်ခံထားရာရောက်ပေသည်။ အမှန်ဆိုသော် မမြင့်မြင့်သည် ဦးသောင်း၏ အပတိဋ္ဌသမီးမဟုတ်လျှင် ဒေါ်လှရီ၏ အဆိုပြုချက်များအရ ၎င်းနှင့် ဒေါ်အုန်းခင်တို့သည်သာလျှင် ဦးသောင်း၏ အမွေကို ဆက်ခံခွင့်ရှိမည်ဖြစ်၍ အမှုတွင် မမြင့်မြင့်၏ အမွေစား အမွေခံတို့ကို ထည့်သွင်းစွဲဆိုရန် အကြောင်းမပေါ်ပေါက်ချေ။

တရားပြိုင်ပြသက်သေများဖြစ်ကြသည့် ဦးထွန်းသိန်း၊ ဦးချစ်ထွန်း၊ ဒေါ်တင်အုန်း၊ ဦးတင်ထူးနှင့် ဒေါ်နုရင်တို့၏ ထွက်ချက်များအရ ဦးသောင်းသည် မမြင့်မြင့်အား ငယ်စဉ်ကတည်းက မွေးစားလာသည်ဆိုသော အချက်မှာ ပေါ်ပေါက်သည်။ မမြင့်မြင့်သည် ဦးသောင်းနှင့် အတူ ဦးသောင်း ကွယ်လွန်သည်အထိ နေထိုင်ခဲ့သည်။ ဦးထွန်းသိန်း၊ ဦးတင်ထူးနှင့် ဒေါ်နုရင်တို့က ဦးသောင်းနှင့် မမြင့်မြင့်တို့အကြား ဆက်ဆံရေးမှာ သားအဖအရင်း အနေမျိုးဖြစ်ကြောင်း ထွက်ဆိုသည်။ ဦးသောင်းသည် မမြင့်မြင့်အား ဦးသန်းမောင်နှင့် အိမ်ထောင်ချပေးခဲ့သည်။ သံဃာတော်များအား လှူဒါန်းခဲ့သည့် တရားစာအုပ်များနှင့် ထိမ်းမြားမင်္ဂလာ ဖိတ်ကြားစာတွင် မမြင့်မြင့်အား ဦးသောင်း ဒေါ်သန်းရင်တို့၏ သမီးအဖြစ် ဖော်ပြခဲ့သည်။ ငွေကြေး အတော်အတန် အကုန်အကျခံ၍ မင်္ဂလာဆောင်ပေးခဲ့ခြင်း ဖြစ်ကြောင်း ပေါ်ပေါက်သည်။ ဘုရားတွင် ရွှေပြားလှူရာ၌ ကဗျည်းထိုးရာတွင် မမြင့်မြင့်အား သမီးဟု ဖော်ပြခဲ့ကြောင်း ဒေါ်တင်အုန်းက ထွက်ဆိုသည်။

၁၉၀၄
ဒေါ်လှရှိ
နှင့်
ဒေါ်နုပါ (၀)

တရားပြိုင်ပြဲ သက်သေများ ဖြစ်ကြသည့် ဒေါ်ကြည်ကြည်၊ ဦးတင်ထူးနှင့် ဒေါ်နုရင်တို့သည် ဦးသောင်းဝိုင် ပုံနှိပ်စက်လုပ်ငန်းနှင့် စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်ရာတွင် မမြင့်မြင့်နှင့် ဆက်သွယ်ဆောင်ရွက်ရသည်။ ငွေအပေးအယူကိစ္စများကို မမြင့်မြင့်နှင့်ပြုလုပ်ရကြောင်း ထွက်ဆိုသည်။ ထို့အပြင် ဦးသောင်းက္ကယ်လွန်ပြီးနောက် ပုံနှိပ်စက်လုပ်ငန်းနှင့် စပ်လျဉ်း၍ ဦးသောင်းအမည်မှ မမြင့်မြင့်အမည်သို့ ပြောင်းပေးရန် သက်ဆိုင်ရာသို့ လျှောက်ထားရာ၌ ပူးတွဲတင်သွင်ထားသည့် သက်သေခံအမှတ် (၁၅) ကတိသစ္စာ ပြုလွှာတွင် မမြင့်မြင့်ကသူသည် ဦးသောင်း၏ တစ်ဦးတည်းသော အမွေခံသမီးဖြစ်ကြောင်း ဖော်ပြထားချက်ကို ဒေါ်လှရီ၏ ဖခင် ဦးလူဘုံနှင့် ပုံနှိပ်စက်လုပ်ငန်း မန်နေဂျာ ဦးစိန်လင်း (လိုပြ–၂) တို့က မှန်ကန်ကြောင်း လက်မှတ်ရေးထိုးထားသည်ကို တွေ့ရှိရပေသည်။

တရားပြိုင်ပြသက်သေ ဦးကျော်ညွန့်က "ကျွန်တော် သိသော သမဝါယမအသင်းလုပ်ငန်း၊ ယခု ဒဂုံတိုက်နယ် အသင်းဟု ခေါ်သည့် ကန်တော်မင် သမဝါယမအသင်းတွင် ပါဝင်ခြင်း ဖြစ်ပါသည်။ ကျွန်တော်တို့ ကန်တော်မင်တိုက်နယ်အသင်းတွင် စာရင်းစာအုပ်ရှိပါသည်။ ယခု ကျွန်တော်ရုံးတော်ရှေ့သို့ ယူဆောင်လာပါသည်။ ထိုအသင်း မှတ်တမ်း အရ အသင်းသားအမှတ်စဉ်မှာ ၃၀၉ ဖြစ်ပြီး၊ အသင်းဝင်သောနှေမှာ ၉–၉–၄၇ ဖြစ်ပါသည်။ အသင်းဝင်စုငွေ ၁၀၀/–ဖြစ်ပြီး၊ အကျိုးခံစားခွင့် ရှိသူအဖြစ် မမြင့်မြင့်ဟု ထည့်သွင်းဖော်ပြထားပါသည်။ အသင်းဝင်အမှတ် ၃၁၀ တွင် အသင်းဝင်သူမှာ ဒေါ်သန်းရင် ဖြစ်ပြီး ဝင်သောနှေမှာ ၉–၉–၄၇ ပင် ဖြစ်ပြီး အစုမှာ ၁၀၀/–ဖြစ်ပါသည်။ ဒေါ်သန်းရင်၏ အမွေစားအမွေခံမှာလည်း မမြင့်မြင့်ကိုပင် ထည့်ထားပါသည်" ဟု ထွက်ဆိုသည်။ ဦးသောင်းသည် အဆိုပါ သမဝါယမအသင်းမှ ရရန်ရှိသည့် အကျိုးခံစားခွင့်များကို မမြင့်မြင့်အားခံစားစေလိုသော ရည်ရွယ်ချက်ရှိကြောင်း ပေါ်ပေါက်နေပေသည်။

၅၂သက်သေခံချက်များကို ပေါင်းစပ်စဉ်းစားလျှင် တိုင်းတရားရုံးက မမြင့်မြင့်သည် ဦးသောင်း၏ အမွေးစား အမွေခံ သမီးဖြစ်ကြောင်း ကောက်ယူဆုံးဖြတ်ခြင်းမှာ မှားယွင်းသည်ဟု မဆိုနိုင်ပေ။

ကွယ်လွန်သူ မမြင့်မြင့်၏ ခင်ပွန်း ဦးသန်းမောင်နှင့် သားသမီးတို့သည် ယခင် ရန်ကုန်မြို့တော် တရားမရုံး၊ တရားမကြီးမှု အမှတ် ၂၄/၆၇ တွင် ဒေါ်လှရီနှင့် ခင်ပွန်းတို့အား သူတို့နေထိုင်လျက်ရှိသည့် အိမ်ခန်းမှ နှင်ထုတ်ပေးစေလိုမှု စွဲဆိုရာ၌ ဦးသောင်း၏ ကိတ္တိမသမီးဖြစ်ကြောင်း အဆိုပြု၍ တရားစွဲဆိုခဲ့သည်။ မူလရုံးတွင် မမြင့်မြင့် ဘက်မှ အနိုင်ရရှိ၍ ဒေါ်လှရီက ယင်းနိုင်ငံတော်တရားရုံးချုပ် တရားမ ပထမအယူခံမှု အမှတ် ၇၅/၆၉ တွင် အယူခံ

ဝင်သောအခါ နိုင်ငံတော်တရားရုံးချုပ်က မမြင့်မြင့်ဆည် ဦးသောင်း၏ တဦးတည်းသော အမွေဆက်ခံခွင့် ရှိသူ ကိုတို့မသမီး ဖြစ်ကြောင်း အဆုံးအဖြတ် မရရှိသေး၍ သူ၏ ခင်ပွန်းဖြစ်သူ ဦးသန်းမောင်သည် ဒေါ်လှရီတို့ အပေါ် အမှုစွဲဆိုနိုင်ခွင့်ရှိမည် မဟုတ်ကြောင်း ကောက်ယူဆုံးဖြတ်ကာ ဒေါ်လှရီတို့အား အနိုင်ပေးခဲ့သည်။ နိုင်ငံတော်တရားရုံးချုပ်၏ အမိန့်ကို ယင်းတရားရုံး ၁၉၇၀ ပြည့်နှစ်၊ တရားမအထွေထွေ လျှောက်ထားမှု အမှတ် ၁၉၂ တွင် အယူခံဝင်ခွင့် ပြုရန် ဦးသန်းမောင်တို့ကဆက်လက်လျှောက်ထားခဲ့သော်လည်း မအောင်မြင်ခဲ့ချေ။ ဒေါ်လှရီက မိမိသည် မမြင့်မြင့်မှာ ဦးသောင်း၏ ကိုတို့မသမီး မဟုတ်ကြောင်း ၁၉၆၆ ခုနှစ်ကပင် ငြင်းဆိုခဲ့သည့်အပြင် နိုင်ငံတော်တရားရုံးချုပ်၏ ဆုံးဖြတ်ချက်အရ ရှေးဦးစွာ မမြင့်မြင့်သည် ဦးသောင်း၏ ကိုတို့မသမီးဖြစ်ကြောင်း အဆုံးအဖြတ် ခံယူရမည်ဖြစ်၍ ကာလစည်းကမ်းသတ် အက်ဥပဒေပထမဇယား အမှတ်စဉ် ၁၁၉ ၌ သတ်မှတ်ထားသော ကာလအတွင်းတရားစွဲဆိုခဲ့ခြင်း မရှိသဖြင့် မမြင့်မြင့်သည် ဦးသောင်း၏ ကိုတို့မသမီး မဖြစ်နိုင်တော့ကြောင်း အဆိုလွှာ၌ အဆိုပြုထားသည်ကို တွေ့ရသည်။

အကယ်၍ မမြင့်မြင့်၏ ခင်ပွန်းဖြစ်သူ ဦးသန်းမောင်က ဖြစ်စေ၊ မမြင့်မြင့်၏ အကျိုးကို ဆက်ခံသူတို့က ဖြစ်စေ၊ ဒေါ်လှရီအပေါ် မမြင့်မြင့်မှာ ဦးသောင်း၏ ကိုတို့မသမီး ဖြစ်ကြောင်း မြွက်ဟကြေငြာပေးစေရန် တရားစွဲဆိုခဲ့လျှင် ယင်းအမှုမှာ စည်းကမ်းသတ် ကျော်လွန်မှုဖြစ်ကြောင်း ပေါ်ပေါက်သည်။ သို့သော် ကာလစည်းကမ်းသတ် အက်ဥပဒေပါပြဋ္ဌာန်းချက်များသည် တရားလို ပြုလုပ်စွဲဆိုသော အမှုများနှင့်သာ သက်ဆိုင်သည်။ ၎င်းအမှုတွင် မူလရုံးတရားလိုမှာ ဒေါ်လှရီဖြစ်၍ သူစွဲဆိုသော အမှုတွင် ဦးသန်းမောင်တို့ ဘက်က မမြင့်မြင့်သည် ဦးသောင်း၏ ကိုတို့မသမီးဖြစ်သည်ဟု ထုချေထားခြင်း ဖြစ်သည်။ ကာလစည်းကမ်းသတ် ကျော်လွန်သောကြောင့် ထိုကဲ့သို့ထုချေခွင့် မရှိတော့ဟူသည့် ပြဋ္ဌာန်းချက်မရှိချေ။ သို့ဖြစ်ရာ မမြင့်မြင့်သည် ကွယ်လွန်သူ ဦးသောင်း၏ ကိုတို့မသမီးဖြစ်ကြောင်း မြွက်ဟကြေငြာပေးစေရန် စွဲဆိုခွင့်မှာ ကာလစည်းကမ်းသတ် ကျော်လွန်စေကာမူ မမြင့်မြင့်၏ ဆိုင်ရာဆိုင်ခွင့် များကို ဆက်ခံသူ ဒေါ်နုနှင့် မမြင့်မြင့်၏ သားသမီးများ အနေဖြင့် အယူခံတရားလိုက သူတို့အပေါ် စွဲဆိုသောအမှုကို အောင်မြင်စွာ ချေပနိုင်ရန် အလို့ငှာ မမြင့်မြင့်သည် ဦးသောင်း၏ ကိုတို့မသမီးဖြစ်ကြောင်း ခုခံချေပခွင့် ရှိသည်ဟု ကောက်ယူရပေမည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့် ၎င်းအယူခံကို တရားရုံးအဆင့်ဆင့် စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရွှေနေခ ဥပဒေ ၁၀၀/–ဟု သတ်မှတ်သည်။

F.12

တရားမဒုတိယအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးမြကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးထွန်းရှိန်နှင့် ဦးသန့်စင် တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

ဒေါ်သောင်းစိန်

နှင့်

ဒေါ်ကြည် *

†၁၉၀၄
ဖေဖော်ဝါရီ
၂၉ ရက်

အခွင့်အမိန့်အရ နေထိုင်သူ-အချင်းဖြစ်ဥပစာတွင် ပိုင်ရှင်အဖြစ် နေထိုင်လာသူက တရားမဝင် စာချုပ်ဖြင့် ရောင်းချပြီးနောက် ဝယ်သူ၏ခွင့်ပြုချက်ဖြင့် ဆက်လက်နေထိုင်ခြင်း— ဤအခြေအနေတွင် ဝယ်သူသည် ဆက်လက်နေထိုင်သူအား အခွင့်အမိန့်အရ နေထိုင်သူအဖြစ် ဖယ်ရှားခွင့် ရှိမရှိ—ခွင့်ပြုချက်ဖြင့် နေခွင့်ပေးခြင်း ဟုတ်မဟုတ် ဆိုသော ပြဿနာမှာ မည်သည့်အခါတွင် အကြောင်းခြင်းရာ ပြဿနာသက်သက် မဟုတ်ဝဲ ဥပဒေပြဿနာ ဖြစ်လာခြင်း။

ဆုံးဖြတ်ချက်။ ။ဤအမှုတွင် အငြင်းမပွားသည့် အချက်မှာ အချင်းဖြစ်အိမ်မှာ မူလက ဒေါ်သောင်းစိန်ပိုင် အိမ်ဖြစ်၍ ဒေါ်သောင်းစိန်သည် ယင်းအိမ်၌ ပိုင်ရှင်အဖြစ် နေထိုင်ခဲ့သည်ဆိုသော အချက်ဖြစ်သည်။အယူခံတရားပြိုင် ဒေါ်ကြည်က ထိုအိမ်ကို သက်သေခံ (၀) စာချုပ်အရ ဝယ်ယူခဲ့ကြောင်း ထွက်ဆိုသည်။ သို့သော် ယင်းစာချုပ်ကို မှတ်ပုံမတင်ရ သေးကြောင်း တွေ့ရှိရသည်။ သို့ဖြစ်ရာ အရောင်းအဝယ် အထမမြောက်သေးသောကြောင့် ဥပဒေအမြင်တွင် ဒေါ်သောင်းစိန်သည် အချင်းဖြစ် အိမ်၏ပိုင်ရှင် ဖြစ်ပေသည်။ ဤအခြေအနေတွင် ဥပဒေသတောအရ ဒေါ်သောင်းစိန်သည် ဤအမှုကို စွဲဆိုသည့် အချိန်အထိ အချင်းဖြစ်အိမ်၌ ပိုင်ရှင်အဖြစ် ဆက်လက် နေထိုင်လာခဲ့သည်ဟု ကောက်ယူရမည်ဖြစ်သည့်အလျောက် ဒေါ်ကြည်သည် ဒေါ်သောင်းစိန်အား မိမိ၏အခွင့် အမိန့်အရ နေထိုင်သူအဖြစ်ဖြင့် ဖယ်ရှားခွင့် မရှိပေ။

---

* ၁၉၀၃ ခုနှစ်၊ တရားမ ဒုတိယ အယူခံမှုအမှတ် ၁၀၄

† ၁၉၀၂ ခုနှစ်၊ တရားမ အယူခံမှု အမှတ်၆ တွင်ချမှတ်သော(၂၀-၂-၀၃) နွေဦးပါ တနင်္သာရီတိုင်း တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကိုအယူခံမှု။

ထပ်မံဆုံးဖြတ်ချက်။ ။၎င်အမှုတွင် ဒေါ်ကြည်သည် ဒေါ်သောင်းစိန်အား အချင်းဖြစ် အိမ်အောက်ထပ်၌ ယာယီနေထိုင်ခွင့် ပေးထားခဲ့ခြင်း ရှိမရှိ ဆိုသော အချက်မှာ အကြောင်းခြင်းရာ ပြဿနာသက်သက် မဟုတ်ချေ။ သက်သေခံ (၀) စာချုပ်ကို ချုပ်ဆိုခဲ့ရခြင်းကြောင့် ဒေါ်သောင်းစိန်သည် အိမ်ပိုင်ရှင်အဖြစ်မှ ရပ်စဲ၍ ဒေါ်ကြည်၏ အခွင့်အမိန့်အရ နေထိုင်သူအဖြစ်သို့ ရောက်ရှိသွားခြင်း ရှိမရှိဆိုသောအချက်မှာ ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေ ပုဒ်မ ၅၄ နှင့် မှတ်ပုံတင်အက် ဥပဒေပုဒ်မ ၁၇ ပါ ပြဋ္ဌာန်းချက်များ အရ အဆုံးအဖြတ်ပေးရမည့် ဥပဒေကြောင်းဆိုင်ရာ ကိစ္စများဖြစ်ပေသည်။

အယူခံ တရားလိုအတွက် — ဦးချုန်ထွန်းအောင်၊ ဗဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင်အတွက် — ဦးလှဘူး၊ ဗဟိုတရားရုံးရှေ့နေ

တနှသ်ာရီတိုင်း၊ ရေဖြူမြို့နယ်တရားရုံး၊ တရားမကြီးမှု အမှတ် ၂/၀၁ တွင် အယူခံတရားပြိုင် ဒေါ်ကြည်က အယူခံတရားလို ဒေါ်သောင်းစိန် အပေါ် ခွင့်ပြုချက်ဖြင့် ထားသည်ဟု အဆိုရှိသော အိမ်မှ ဖယ်ရှားပေးစေရန် တရားစွဲဆိုရာ အနိုင်ရရှိခဲ့သည်။ ဒေါ်သောင်းစိန်က မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို မကျေနပ်သဖြင့် တနသ်ာရီတိုင်း တရားရုံးတွင် အယူခံဝင်ရာ မအောင်မြင်သောကြောင့် ဗဟိုတရားရုံးတွင် ၎င်အယူခံကို တင်သွင်းခြင်း ဖြစ်သည်။

မူလရုံး တရားလို ဒေါ်ကြည်က တနသ်ာရီတိုင်း၊ ရေဖြူမြို့နယ်၊ ကန်ပေါက် ကျေးရွာအုပ်စု ဗိုလ်ချုပ်ရပ်ကွက်ရှိ အချင်းဖြစ်အိမ်ကို ဒေါ်သောင်းစိန် ထံမှ အဖိုးငွေ ကျပ် ၁၀၀၀၀/- ဖြင့် ၁၄-၁-၇၉ နေ့၌ ဝယ်ယူခဲ့ကြောင်း၊ ဒေါ်သောင်းစိန်၏ မေတ္တာရပ်ခံချက်အရ အချင်းဖြစ် အိမ်၏ အောက်ထပ် တခြမ်းတွင် ဒေါ်သောင်းစိန်အား ခေတ္တအခေ ထားခဲ့ကြောင်း၊ အိမ်၏ ကျန် အောက်ထပ်တခြမ်းနှင့် အိမ်အပေါ်ထပ်ကို လက်ငယ်ရရှိခဲ့ကြောင်း၊ ၁ နှစ်ခန့် ကြာသော်လည်း ဒေါ်သောင်းစိန်သည် ကတိအတိုင်း အိမ်မှဖယ်ရှားပေးခြင်း မပြုကြောင်း၊ ရှေ့နေမှတဆင့် နို့တစ်ပေးသော်လည်း မနာယူကြောင်း၊ သို့ဖြစ်၍ ဒေါ်သောင်းစိန် အား ဖယ်ရှား ပေး စေ လို ကြောင်း ဖြင့် တရားစွဲဆို လေသည်။

ဒေါ်သောင်းစိန်က အိမ်ကို ရောင်းချခြင်းမဟုတ်ကြောင်း၊ ဒေါ်ကြည်ထံမှ ငွေကျပ် ၁၀၀၀၀/-ချေးရာတွင် အချင်းဖြစ်အိမ်ကို အပေါင်ပစ္စည်းသဘော ထား၍ စာချုပ်ချုပ်ဆိုခဲ့ရကြောင်း၊ တရားလို၏ ခွင့်ပြုချက်အရ နေထိုင်ခြင်း မဟုတ်ကြောင်း စသည်ဖြင့် ထုချေသည်။

၁၉၀၄
ဒေါ်သောင်း
စိန်
နှင့်
ဒေါ်ကြည်

အဆိုအချေများအရ အောက်ပါငြင်းချက်များ ထုတ်နုတ်ကြားနာခဲ့သည်–

၁။ တရားလိုသည် အချင်းဖြစ် နေအိမ် အဆောက်အဦကို တရားပြိုင် ထံမှ ဝယ်ယူပိုင်ဆိုင်ခဲ့ခြင်း မှန်သလား။

၂။ တရားလိုသည် အခင်းဖြစ် အိမ်၏ ၄ ပုံ ၃ ပုံ လက်ရှိရယူပြီး နေ ထိုင်၍ တရားပြိုင်အား အခင်းဖြစ် အိမ်အောက်ထပ် တခြမ်းအခမဲ့ နေထိုင်ခွင့် ပေးခြင်း မှန်သလား။

၃။ တရားလိုသည် မည်သည့် သက်သာခွင့် ရထိုက်ပါသနည်း။

မြို့နယ်တရားရုံးက ငြင်းချက် အမှတ် (၁) ကို ဖြေကြားခြင်း မပြုဝဲ ဒေါ်သောင်းစိန်သည် ဒေါ်ကြည်၏ ခွင့်ပြုချက်အရ အိမ်အောက်ထပ်တွင် နေထိုင်ခြင်းဖြစ်သည်ဟု ကောက်ယူ၍ ဒေါ်သောင်းစိန်အပေါ် ဒေါ်ကြည် စွဲဆိုသည့်အတိုင်း ဒီကရီချမှတ်ခဲ့သည်။ တိုင်းတရားရုံးကလည်း အလားတူ ကောက်ယူ၍ မူလရုံး၏ ဒီကရီကို အတည်ပြုခဲ့သည်။

ဤအမှုတွင် အဓိကအားဖြင့် စိစစ်ရန်ပြဿနာမှာ ဒေါ်သောင်းစိန်သည် ဒေါ်ကြည်၏ ခွင့်ပြုချက်အရ အချင်းဖြစ် အိမ်၏ အောက်ထပ် တခြမ်းတွင် နေထိုင်ခြင်း ဟုတ်မဟုတ်ဆိုသော အချက်ဖြစ်သည်။ ဤအမှုတွင် အငြင်း မပွားသည့် အချက်မှာ အချင်းဖြစ်အိမ်မှာ မူလက ဒေါ်သောင်းစိန်ပိုင် ဖြစ်၍ ဒေါ်သောင်းစိန်သည် ယင်းအိမ်၌ ပိုင်ရှင်အဖြစ် နေထိုင်ခဲ့သည် ဆိုသော အချက်ဖြစ်သည်။ အယူခံတရားပြိုင် ဒေါ်ကြည်က ထိုအိမ်ကို သက်သေခံ (၈) စာချုပ်အရ ဝယ်ယူခဲ့ကြောင်း ထွက်ဆိုသည်။ သို့သော် ယင်းစာချုပ်ကို မှတ်ပုံ မတင်ရသေးကြောင်း တွေ့ရှိရသည်။ သို့ဖြစ်ရာ အရောင်းအဝယ် အထမမြောက် သေးသောကြောင့် ဥပဒေအမြင်တွင် ဒေါ်သောင်းစိန်သည် အချင်းဖြစ် အိမ်၏ပိုင်ရှင် ဖြစ်ပေသည်။ ဤအခြေအနေတွင် ဥပဒေသဘော အရ ဒေါ်သောင်းစိန်သည် ဤအမှုကို စွဲဆိုသည့် အချိန်အထိ အချင်းဖြစ်အိမ်၌ ပိုင်ရှင်အဖြစ် ဆက်လက် နေထိုင်လာခဲ့သည်ဟု ကောက်ယူရမည် ဖြစ်သည့် အလျောက် ဒေါ်ကြည်သည် ဒေါ်သောင်းစိန်အား မိမိ၏ အခွင့်အမိန့် အရ နေထိုင်သူ အဖြစ်ဖြင့် ဖယ်ရှားခွင့် မရှိပေ။

အယူခံတရားပြိုင် ဒေါ်ကြည်၏ ရှေ့နေက ဒေါ်ကြည်သည် အချင်းဖြစ် အိမ်ကို လက်ရောက်ရခဲ့ကြောင်း၊ ထို့နောက်မှ ဒေါ်သောင်းစိန်အား အိမ် အောက်ထပ် အခန်းတစ်ခန်းတွင် ယာယီနေထိုင်ခွင့် ပြုခဲ့ခြင်း ဖြစ်ကြောင်း စသည်ဖြင့် တင်ပြလျောက်ထားသည်။

အဆိုလွှာ အပိုဒ် (၂) တွင် အောက်ပါအတိုင်း အဆိုပြုထားသည်—

၂။ ထိုသို့ ဝယ်ယူစဉ်က ရောင်းသူ ဒေါ်သောင်းစိန် အနေဖြင့် မိမိတွင် လောလောဆယ်အားဖြင့် ပြောင်းရွှေ့ပေးစရာ နေရာ မရှိသေး၍ အဆိုပါ အိမ်ပေါ်တွင်ပင် ၃-၄ လ ခန့် နေထိုင်ပြီးမှ အပြီးအပိုင် ပြောင်းရွှေ့ ပေးပါမည်ဟု နှုတ်ကတိကိုလည်း ပေးထားပြီး ဖြစ်ပါသည်။

ဤအဆိုပြုချက်အရ ဒေါ်သောင်းစိန်သည် အချင်းဖြစ်အိမ်၌ တဆက်တည်း နေထိုင်လာခဲ့ကြောင်း ပေါ်လွင် နေပေသည်။ ဒေါ်ကြည်သည် အချင်းဖြစ် အိမ်တစ်အိမ်လုံးကို လက်ရောက်ရရှိခဲ့ခြင်း မရှိကြောင်း ပေါ်ပေါက်ပေသည်။

အယူခံတရားပြိုင်၏ ရှေ့နေက ခွင့်ပြုချက်အရ နေထိုင်ခြင်း ဟုတ်မဟုတ် ဆိုသော ကိစ္စမှာ အကြောင်းခြင်းရာ ပြဿနာသက်သက်သာ ဖြစ်ကြောင်း၊ ဒေါ်သောင်းစိန်သည် အချင်းဖြစ်အိမ်၌ ဒေါ်ကြည်၏ ခွင့်ပြုချက်အရ နေထိုင်ခြင်း ဖြစ်သည်ဟု မူလရုံးနှင့် ပထမ အယူခံရုံးတို့က တညီတညွတ်တည်း ကောက်ယူဆုံးဖြတ်ထားသည် ဖြစ်၍ ဒုတိယအယူခံရုံးက အောက်ရုံးများ၏ ဆုံးဖြတ်ချက် များကို စွက်ဖက်ရန် မသင့်ကြောင်း အကျယ်တဝင့် တင်ပြ လျှောက်ထားသည်။ ဤအမှုတွင် ဒေါ်ကြည်သည် ဒေါ်သောင်းစိန်အား အချင်းဖြစ် အိမ်အောက်ထပ်၌ ယာယီနေထိုင်ခွင့် ပေးထားခဲ့ခြင်း ရှိမရှိ ဆိုသော အချက်မှာ အကြောင်းခြင်းရာ ပြဿနာသက်သက် မဟုတ်ချေ။ သက်သေခံ (၀) စာချုပ်ကို ချုပ်ဆိုခဲ့ရခြင်းကြောင့် ဒေါ်သောင်းစိန်သည် အိမ်ပိုင်ရှင် အဖြစ်မှ ရပ်စဲ၍ ဒေါ်ကြည်၏ အခွင့်အမိန့်အရ နေထိုင်သူအဖြစ် သို့ ရောက်ရှိသွားခြင်း ရှိမရှိဆိုသော အချက်မှာ ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၅၄ နှင့် မှတ်ပုံတင် အက်ဥပဒေပုဒ်မ ၁၇ ပါ ပြဋ္ဌာန်းချက် များအရ အဆုံးအဖြတ်ပေးရမည့် ဥပဒေကြောင်း ဆိုင်ရာ ကိစ္စများ ဖြစ်ပေသည်။

ထို့ကြောင့် ဤအယူခံကို ခွင့်ပြု၍ မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့၏ စီရင်ချက်နှင့် ဒီကရီတို့ကို ပယ်ဖျက်ပြီး ဒေါ်ကြည် စွဲဆိုသော အမှုကို တရားရုံး အဆင့်ဆင့် စရိတ်နှင့်တကွ ပလပ်လိုက်သည်။ ရှေ့နေခကို ကျပ် ၅၀/–ဟု သတ်မှတ်သည်။

တရားမအထွေထွေအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးမြကျော်နှင့် ဦးထွန်းရှိန်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ ရှေ့တွင်

ဦးသန်းညွန့်

နှင့်

ဦးမြင့်အောင် ပါ (၇) *

†၁၉၀၄
မတ်လ
၀ ရက်

မြက်ဟကြေငြာရုံ ကြေငြာပေးသည့် ဒီကရီများကို အတည် ပြုပေးရန် ဇာရီပူ လျှောက်ထားခွင့် မရှိခြင်း။

ဆုံးဖြတ်ချက်။ ။အယူခံတရားလို ဦးသန်းညွန့် ရရှိထားသည့် ဒီကရီမှာ အချင်းဖြစ် အိမ်နှင့်မြေတွင် ဦးသန့်ညွန့် အနေဖြင့် သုံးပုံတစ်ပုံရွှေ့ရှိကြောင်း မြက်ဟကြေငြာရုံ ကြေငြာပေးသည့် ဒီကရီဖြစ်သည်။ ယင်းကဲ့သို့သော ဒီကရီများကို အတည်ပြုပေးရန် အကြောင်းမရှိသည့် အလျောက် ဦးသန်းညွန့်၏ လျှောက်ထားချက်အရ မြို့နယ်တရားရုံးက ဇာရီမူဖွင့်လှစ်၍ ဆောင်ရွက်ခြင်းမှာ မှားယွင်းပေသည်။

အယူခံတရားလိုအတွက် — ဦးဇေးမောင်၊ ဗဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင်များအတွက် — ကိုယ်တိုင် ရေးသား လျှောက်လဲချက် တင်သည်။

သံလျင်မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၅/၇၄ တွင် အယူခံတရားလို ဦးသန်းညွန့်က ဦးမြင့်အောင်၊ ဒေါ်တင်အေး၊ မစောညွန့်၊ မရင်နု၊ ဒေါ်အေးတင်၊ ဒေါ်အေးကြည်၊ ဒေါ်မြသီတို့ အပေါ် သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ အရ မြက်ဟဒီကရီ ချမှတ်ပေးရန်နှင့် အချင်းဖြစ်အိမ်နှင့်

---

* ၁၉၀၃ ခုနှစ်၊ တရားမ အထွေထွေ အယူခံမှုအမှတ်- ၄၀

† ၁၉၀၁ ခုနှစ်၊ တရားမအသေးအဖွဲ့ အယူခံမှုအမှတ် ၃၆၁ တွင် ချမှတ်သော (၆-၁-၀၃) နှစ်ပါ ရန်ကုန်တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

မြေတို့ကို လက်ရောက်အပ်ပေးစေလိုမှု စွဲဆိုခဲ့ရာ မြို့နယ်တရားရုံးက တရားပြိုင် ဦးမြင့်အောင်နှင့် ဒေါ်တင်အေးတို့သည် အိမ်နှင့်မြေကို တရားမဝင်ဝယ်ထားပြီး လက်ရှိနေထိုင်သူများ ဖြစ်သည်ဟု အကြောင်းပြကာ အိမ်နှင့်မြေကို တရားလို ဦးသန်းညွန့်အား အပ်ပေးရန် စရိတ်နှင့်တကွ စီရင်ချက်နှင့် ဒီကရီ ချမှတ်ခဲ့သည်။

တရားပြိုင် ဦးမြင့်အောင်ပါ (၇) ဦးတို့က မကျေနပ်သဖြင့် ရန်ကုန်တိုင်း တရားရုံး တရားမ ပထမအယူခံမှု အမှတ် ၅/၇၆ တွင် အယူခံဝင်သောအခါ တိုင်းတရားရုံးက သံလျင်မြို့နယ် တရားရုံး၏အမိန့်ကို ပယ်ဖျက်ပြီး တရားလို ဦးသန်းညွန့်သည် ဒေါ်ပု၏ အမွေပစ္စည်းများကို ကိတ္တိမသားအနေဖြင့် ရပိုင်ခွင့် ရှိသည်ဖြစ်၍ သုံးပုံတစ်ပုံရထိုက်ကြောင်း၊ ကျန်တရားပြိုင်များဖြစ်ကြသော ဒေါ်စောညွန့်၊ ဒေါ်ရင်နု၊ ဒေါ်အေးတင်၊ ဒေါ်အေးကြည်၊ ဒေါ်မြသီတို့က အမွေပုံပစ္စည်း၏ သုံးပုံနှစ်ပုံ ရထိုက်ကြောင်း ဆုံးဖြတ်ခဲ့သည်။ ရန်ကုန်တိုင်း တရားရုံး၏အမိန့်ကို တရားလို ဦးသန်းညွန့်က မကျေနပ်သဖြင့် ဗဟိုတရားရုံး၊ တရားမ ဒုတိယ အယူခံမှု အမှတ် ၁၆၁/၇၆ တွင် အယူခံဝင်သော်လည်း ဗဟိုတရားရုံးက ရန်ကုန်တိုင်းတရားရုံး၏ ဒီကရီကို အတည်ပြုပြီး အယူခံမှုကို ပလပ်ခဲ့သည်။

တရားနိုင် ဦးသန်းညွန့်က သံလျင်မြို့နယ် တရားရုံးတွင် ဇာရီမှု အမှတ် ၄/၈၀ ကို ဖွင့်လှစ်ဆောင်ရွက်သောအခါ မြို့နယ်တရားရုံးက ဘီလစ်ကိုကော် မရှင်နာ ခန့်ထားသည်။ ကော်မရှင်နာ၏အစီရင်ခံစာအရ ဆက်လက်ဆောင်ရွက်ရန် သံလျင်မြို့နယ်တရားရုံးက ချမှတ်သည့်အမိန့်ကိုမကျေနပ်၍ တရားနိုင် ဦးသန်းညွန့်က ရန်ကုန်တိုင်း တရားရုံးတွင် တရားမ အထွေထွေ အယူခံမှု တင်သွင်းခဲ့သည်။ ရန်ကုန်တိုင်းတရားရုံးက ရိုးရိုးမြွက်ဟဒီကရီကို ဇာရီမှုဖွင့်၍ မဆောင်ရွက်နိုင်သဖြင့် မူလသံလျင်မြို့နယ်တရားရုံးက ဇာရီမှုဖွင့်လှစ် ဆောင်ရွက် ထားခြင်းသည် ဥပဒေအရ မှားယွင်းနေသည်ဟု အကြောင်းပြ၍ သံလျင်မြို့နယ်တရားရုံး၏ အမိန့်ကို ပယ်ဖျက်လိုက်သည်။ တရားနိုင် ဦးသန်းညွန့်က ရန်ကုန်တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို မကျေနပ်သဖြင့် ဗဟိုတရားရုံးသို့ ဤတရားမ အထွေထွေအယူခံမှုကို တင်သွင်းသည်။

အယူခံတရားလို ဦးသန်းညွန့် ရရှိထားသည့် ဒီကရီမှာ အချင်းဖြစ်အိမ်နှင့် မြေတွင် ဦးသန်းညွန့်အနေဖြင့် သုံးပုံတစ်ပုံ ရွှင့်ရှိကြောင်း မြွက်ဟကြေငြာရုံ ကြေငြာပေးသည့် ဒီကရီဖြစ်သည်။ယင်းကဲ့သို့သောဒီကရီမျိုးကို အတည်ပြုပေးရန် အကြောင်းမရှိသည့် အလျောက် ဦးသန်းညွန့်၏ လျှောက်ထားချက်အရ မြို့နယ်တရားရုံးက ဇာရီမှုဖွင့်လှစ်၍ ဆောင်ရွက်ခြင်းမှာ မှားယွင်းပေသည်။

၁၉၀၄ ဦးသန်းညွန့်နှင့် ဦးမြင့်အောင် ပါ(၇)

ဦးသန်းညွန့်သည် မြက်ဟကြေငြာသည့် ဒီကရီနှင့်အညီ မိမိရပိုင်ခွင့်ရှိသော အစုကို ရလိုပါက အချင်းဖြစ် အိမ်နှင့် မြေမှ မိမိအစုကို ခွဲဝေပေးရန် တရား တထုံး စွဲဆိုရဦးမည် ဖြစ်သည်။

ထို့ကြောင့် ရန်ကုန်တိုင်းတရားရုံး၏ အမိန့်ကို အတည်ပြုပြီး ဤအယူခံကို တရားရုံးအဆင့်ဆင့် စရိတ်နှင့်တကွ ပလပ်လိုက်သည်။ရှေ့နေခကို ကျပ်၅၀/- ဟု သတ်မှတ်သည်။

တရားမ ဒုတိယအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးမြကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးတင်အောင်နှင့် ဦးသန့်စင်တို့ပါဝင်သော မဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဒေါ်သန်းမေ
နှင့်
ဒေါ်မြမြပါ (၂) *

† ၁၉၀၄
ဧန်နဝါရီ
၁၁ရက်

ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၁၀၆ အာဏာသက်ရောက်ခြင်း မရှိသော ဒေသတွင် အဆိုပါပြဋ္ဌာန်းချက်ကို လိုက်နာရန် မလိုခြင်း။

ဆုံးဖြတ်ချက်။ ။ဤအမှုတွင် ပစ္စည်း လွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၁၀၆ ပါ ပြဋ္ဌာန်းချက်များမှာ ရှမ်းပြည်နယ်၌ အာဏာသက်ရောက်ခြင်း မရှိကြောင်း ပေါ်လွင်သဖြင့် ထိုပုဒ်မ ၁၀၆ ပါ ပြဋ္ဌာန်းချက်ကို လိုက်နာရန်လိုအပ်မည် မဟုတ်ချေ။

အယူခံ တရားလို အတွက် – ဦးရွှေအုံး၊ မဟိုတရားရုံးရှေ့နေ
အယူခံတရားပြိုင်များအတွက် – ဦးချစ်ဆွေ၊ မဟိုတရားရုံးရှေ့နေ

တောင်ကြီးမြို့နယ်တရားရုံး၊ တရားမကြီးမှု အမှတ် ၁၃/၁၀ တွင် အယူခံတရားလို ဒေါ်သန်းမေက အယူခံတရားပြိုင် ဒေါ်မြမြနှင့် ဒေါ်နီလာတို့အပေါ် ငှားရမ်းထားသည့် နေအိမ်မှ ဖယ်ရှားစေလိုမှု စွဲဆိုရာ အနိုင်ရရှိခဲ့သည်။ ဒေါ်မြမြတို့က မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို မကျေနပ်သဖြင့် ရှမ်းပြည်နယ်တရားရုံးတွင် အယူခံဝင်သောအခါ ပြည်နယ်တရားရုံးက မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကိုပယ်ဖျက်ပြီး ဒေါ်သန်းမေ စွဲဆိုသော အမှုကို ပလပ်လိုက်သောကြောင့် ဒေါ်သန်းမေက မဟိုတရားရုံးတွင် ဤအယူခံကို တင်သွင်းခြင်းဖြစ်သည်။

---

* ၁၉၀၂ ခုနှစ်၊ တရားမ ဒုတိယအယူခံမှုအမှတ် ၆၀

† ၁၉၀၁ ခုနှစ်၊ တရားမ အယူခံမှုအမှတ် ၂၂ တွင် ချမှတ်သော (၃၁-၃-၀၂) နေ့စွဲပါ ရှမ်းပြည်နယ် တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကိုအယူခံမှု။

၁၉၀၄
ဒေါ်သန်းမေ နှင့် ဒေါ်မြမြပါ-၂

မူလရုံးတရားလို ဒေါ်သန်းမေက တောင်ကြီးမြို့နယ်၊ ရွှေညောင်ကျေးရွာရှိ အချင်းဖြစ် အိမ်ကို ဒေါ်မြမြတို့အား တစ်လလျှင် ၁၄၀/-ကျပ် နှုန်းဖြင့် ၁၉၇၅ ခုနှစ်မှ စ၍ အငှားချထားခဲ့ကြောင်း၊ ယခုအခါ မိမိသည် ထိုအိမ်ကို ပြန်လည်လိုအပ်သောကြောင့် သံုးဆိုင်ရာ လူကြီးများရှေ့တွင် ညှိနှိုင်းကြရာ ဒေါ်မြမြတို့က အိမ်မှ ဖယ်ရှားပေးရန် ကတိပြုသော်လည်း ဖယ်ရှားပေးခြင်း မပြုကြောင်း စသည်ဖြင့် အဆိုပြုကာ အိမ်ငှားတို့အား ဖယ်ရှား ပေးစေရန် တရားစွဲဆိုလေသည်။

ဤအမှုတွင် ဒေါ်မြမြတို့သည် ဒေါ်သန်းမေ၏ အိမ်ငှားဖြစ်သည်ဆိုသော အချက်မှာ အငြင်းမပွားပေ။ အချင်းဖြစ်အိမ်မှာ ကျေးရွာတွင် တည်ရှိသည့် အလျောက် ဒေါ်သန်းမေ အနေဖြင့် အငှားချထားမှုကို ရုပ်စဲ၍ အိမ်ငှားတို့ အပေါ် ဖယ်ရှားပေးစေရန် တရားစွဲဆိုနိုင်လေသည်။

အယူခံတရားပြိုင်တို့က မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ရှုမ်းပြည်နယ် တရားရုံးတွင် အယူခံဝင်သောအခါ အယူခံတရားလိုက ပေးပို့သော ၁၂-၅-၈၀ ရက်စွဲပါ နို့တစ်စာမှာ ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၁၀၆ ပါ ပြဋ္ဌာန်းချက်များနှင့် မညီညွတ်ကြောင်း အဓိကထား၍ တင်ပြခဲ့သည်။ ဒေါ်သန်းမေ ဘက်မှ ရှေ့နေက အဆိုပါ ပြဋ္ဌာန်းချက်မှာ ရှုမ်းပြည်နယ်၌ အာဏာသက်ရောက်ခြင်း မရှိကြောင်း တင်ပြလျှောက်ထားသည်။ သို့သော် ရှုမ်းပြည်နယ်တရားရုံးက--

> "တရားရုံးတို့သည် တရားမှုနှင့် မျှတမှုတို့ကို သိရှိရန်လိုအပ်သကဲ့သို့ တရားရုံး၏ ကျင့်စဉ်ကိုလည်း လိုက်နာကြရန် လိုပေသည်။ ပစ္စည်းလွှဲပြောင်းရေး ဥပဒေ ရှုမ်းပြည်နယ်၌ အာဏာသက်ရောက်ခြင်း ရှိမရှိ ဆိုသည်ထက် တရားစီရင်ရေးနယ်ပယ်တွင် တရားမျှတမှုအတွက် ယင်း ဥပဒေပါ ပြဋ္ဌာန်းချက်များကို တညီတညွတ်တည်း ယနေ့ထိ တရားရုံးများမှ လက်ခံကျင့်သုံးလာခဲ့ကြပေသည်။ ဤသည်မှာ တရားရုံးတို့၏ ကောင်းမွန်မှန်ကန်သော ကျင့်စဉ်တစ်ရပ်ဖြစ်သည်ဟု ယုံကြည်သုံးသပ်မိပေသည်။"

ဟု သုံးသပ်ပြီးလျှင် အငှားချထားမှုကို ရုပ်စဲသည့် နေ့မှာ ငှားရမ်းသည့်လ၏ နောက်ဆုံးရက်နှင့် ကိုက်ညီခြင်း မရှိသောကြောင့် နို့တစ်စာသည် ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၁၀၆ ပါ ပြဋ္ဌာန်းချက်များနှင့် မညီညွတ်ဟု ကောက်ယူဆုံးဖြတ်ခဲ့သည်။ ဤအမှုတွင် ပစ္စည်းလွှဲပြောင်းရေးအက်ဥပဒေပုဒ်မ ၁၀၆ ပါ ပြဋ္ဌာန်းချက်များမှာ ရှုမ်းပြည်နယ်၌ အာဏာသက်ရောက်ခြင်း မရှိကြောင်း ပေါ်လွင်သဖြင့် ထိုပုဒ်မ ၁၀၆ ပါ ပြဋ္ဌာန်းချက်ကို

၁၉၀၄
ဒေါ်သန်းမေနှင့် ဒေါ်မြမြ၀၀-၂

လိုက်နာရန်လိုအပ်မည် မဟုတ်ဟု။ သို့ဖြစ်ရာ အိမ်ရှင်တစ်ဦးသည် အိမ်ငှားဖြစ်သူအား အငှားဆွထားသည့် အိမ်မှ ပြောင်းရွှေ့နိုင်ရန်အလို့ငှာ လုံလောက်သည့် အချိန်ပေးလျှင် တရားမျှတမှု ဖြစ်စေပေလိမ့်မည်။ အိမ်ငှားထံ အိမ်ရှင် ဒေါ်သန်းမေက ပေးပို့သော နို့တစ်စာတွင် အိမ်ငှားအား အိမ်ပြောင်းရွှေ့ရန် အတွက် အချိန်တစ်လ ပေးထားသည်ဖြစ်ရာ တရားမျှတမှု ကင်းမဲ့သည်ဟု မဆိုနိုင်ပေ။

ထို့ကြောင့် ဤအယူခံကို ခွင့်ပြု၍ ရှမ်းပြည်နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ပြီး တောင်ကြီးမြို့နယ် တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို တရားရုံးအဆင့်ဆင့် စရိတ်နှင့်တကွ ပြန်လည်အတည်ပြုလိုက်သည်။ ရှေ့နေခကို ကျပ် ၅၀/–ဟု သတ်မှတ်သည်။

တရားမ ဒုတိယအယူခံမှု

ဥက္ကဋ္ဌအဖြစ်ဦးမြကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးတင်အောင်နှင့်ဦးထွန်းရှိန်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ချုပ်

ဦးသိန်းမောင်

နှင့်

ဦးတင်အောင် ပါ (၂) *

†၁၉၀၄
ခုတ်လဉ်ဝရက်

တရားလိုသည် မိမိရထိုက်သော သက်သာခွင့်ကို အတည့်အလင်းဖော်ပြ၍ တောင်းဆိုရန်လိုခြင်း—တရားရုံးအနေဖြင့် တရားလို မတောင်းဆိုသည့် သက်သာခွင့်ကို ပေးနိုင်သော်လည်း ယင်းသက်သာခွင့်မျိုးသည်၊ တရားလို တောင်းဆိုသည့် သက်သာခွင့်နှင့် ဆက်နွယ်သော သက်သာခွင့် ဖြစ်ရခြင်း။

ဆုံးဖြတ်ချက်။ ။တရားမကျင့်ထုံးဥပဒေအမိန့်—၇၊နည်း—၇ ပါ ပြဋ္ဌာန်းချက်များအရ တရားလို တစ်ဦးသည် ယေဘုယျဆန်သော သက်သာခွင့်ကို အတည့်အလင်းဖော်ပြတောင်းဆိုရန် မလိုချေ။ တရားရုံးအနေဖြင့် သင့်သည်ထင်မြင်ပါက တရားလို တောင်းဆိုခြင်း မပြုသည့် အခြားသက်သာခွင့်ကို ခွင့်ပြုနိုင်ပေသည်။တဘက်တွင် တရားလိုသည် မိမိအလိုရှိသော မိမိရထိုက်သော

---

* ၁၉၀၃ ခုနှစ်၊ တရားမ ဒုတိယ အယူခံမှု အမှတ် ၁၅၂

† ၁၉၀၃ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၅၉ တွင် ချမှတ်သော (၁၄-၇-၀၃) နေ့စွဲပါ မဲခူးတိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကိုအယူခံမှု။

သက်သာခွင့်ကို အတည့်အလင်းဖော်ပြတောင်းဆိုရန်လိုပေသည်။တဘက်တွင် တရားလို အနေဖြင့် ရထိုက်သော သက်သာခွင့်ကို ဖေါ်ပြမတောင်းဆိုမိ၍ အမှုရုံးရခြင်းမျိုး မဖြစ်စေရန် တရားရုံးအနေဖြင့် သင့်တော်သည့် သက်သာခွင့်ပေးနိုင်ရန်အလို့ငှာ အမိန့်–၇၊နည်း–၇ ကိုပြဋ္ဌာန်းထားခြင်းဖြစ်ပေသည်။သို့ရာတွင် တရားလို မတောင်းဆိုသည့် သက်သာခွင့်ကို အမှုတိုင်းတွင် ပေး၍မရချေ။ ခွင့်ပြုနိုင်သည့် သက်သာခွင့်မျိုးမှာ တရားလို တောင်းဆိုသည့် သက်သာခွင့်နှင့် ဆက်နွယ်သော သက်သာခွင့် ဖြစ်ပေသည်။

အယူခံတရားလိုအတွက် – ဦးမြင့်ထွန်း၊ ဗဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင်များအတွက်– ဦးလှဘူး၊ ဗဟိုတရားရုံးရှေ့နေ

ပြည်မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၂/၀၂ တွင် အယူခံတရားလို ဦးသိန်းမောင်က အယူခံတရားပြိုင် ဦးတင်အောင်နှင့် ဒေါ်ဖွားရှင်တို့ အပေါ် အချင်းဖြစ် မြေနှင့် တိုက်တန်းလျား ထက်ဝက်ကို စပ်တူအဝယ်စာချုပ် ပြုလုပ်ပေးစေရန်နှင့် လက်ရောက်ပေးစေရန် တရားစွဲဆိုရာ ဒီကရီရရှိခဲ့သည်။ ဦးတင်အောင်တို့က မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို မကျေနပ်သဖြင့် ပဲခူးတိုင်းတရားရုံးတွင် အယူခံဝင်သောအခါ တိုင်းတရားရုံးက မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ပြီး ဦးသိန်းမောင် စွဲဆိုသော အမှုကို ပလပ်လိုက်သောကြောင့် ဦးသိန်းမောင်က ဗဟိုတရားရုံးတွင် ဤအယူခံကို တင်သွင်းခြင်းဖြစ်သည်။

မူလရုံးတရားလို ဦးသိန်းမောင်က ၁၉၆၁ ခုနှစ်ခန့်က ဦးတင်အောင်သည် မိမိထံသို့ လာ၍ ယိုးဒယားလမ်းရှိ ကွယ်လွန်သူ ဦးသန့်နှင့် ဇနီး ဒေါ်နှင်းရွှေတို့ပိုင် အချင်းဖြစ် မြေနှင့် တိုက်တန်းလျားကို အဖိုးငွေကျပ် ၉၀၀၀/–ဖြင့် စပ်တူဝယ်ယူရန် ပြောဆိုသောကြောင့် မိမိက ငွေကျပ် ၄၅၀၀/–ထုတ်ပေးလိုက်ကြောင်း၊ နောက်ပိုင်းတွင် ဦးတင်အောင်က မြေနှင့်တိုက် တဝက်ကို ပေးရန်ငြင်းဆန်သောကြောင့် ဦးတင်အောင်အားပြည်မြို့နယ်တရားရုံးပြစ်မှုကြီးအမှတ် ၁၀၁၆/၀၁ တွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၆ အရ တရားစွဲဆိုရာ ဦးတင်အောင် အပြစ်ရခဲ့ကြောင်း၊ မိမိရရန်ရှိသော အစုကို မှတ်ပုံတင်စာချုပ်ပြုလုပ်လွှဲပြောင်းပေးရန် ဦးတင်အောင်ထံအကြောင်းကြားသော်လည်း ဆောင်ရွက်မပေးကြောင်း စသည်ဖြင့် အဆိုပြုကာ ဦးတင်အောင်နှင့် ဇနီးတို့ အပေါ် တရားစွဲဆိုလေသည်။

၁၉၀၄
ဦးသိန်းမောင်နှင့် ဦးတင်အောင် ပါ(၂)

ဦးတင်အောင်တို့က အချင်းဖြစ် မြေနှင့် တိုက်တန်းလျားကို ဦးသိန်းမောင်နှင့် စပ်တူဝယ်သည် ဆိုခြင်းမှာ မမှန်ကြောင်း၊ ဦးသိန်းမောင် စွဲဆိုသော အမှုမှာ ကာလစည်းကမ်းသတ် ကျော်လွန်ပြီဖြစ်ကြောင်းစသည်ဖြင့် ထုချေသည်။

ဦးသိန်းမောင် စွဲဆိုသော အမှုမှာ ဦးတင်အောင်တို့က အချင်းဖြစ် မြေနှင့် တိုက်တန်းလျား၏ တဝက်ကို ၎င်းအား ရောင်းချသည့် စာချုပ်ချုပ်ဆိုပေးရန်နှင့် ထိုမြေနှင့် တိုက်တန်းလျား တဝက်ကို လက်ရောက် ၊အပ်ပေးစေရန် ဖြစ်သည်။ အဆိုလွှာတွင် ဦးတင်အောင်က အချင်းဖြစ် မြေနှင့် တိုက်တန်းလျား တဝက်ကို ဦးသိန်းမောင်အား ရောင်းချရန် ကတိပဋိညာဉ် ပြုထားကြောင်း ဖော်ပြထားခြင်း မရှိချေ။ သို့ဖြစ်၍ ထိုမြေနှင့် တိုက်တန်းလျား တဝက်ကို ရောင်းချစေရန် တရားစွဲဆိုခွင့် မရှိချေ။ အကယ်၍ ဦးသိန်းမောင် အဆိုရှိသည့်အတိုင်း အချင်းဖြစ်မြေကို ဝယ်ရာ၌ သူ၏ ငွေ ၄၅၀၀/—ကျပ် ပါဝင်ပါမူ မြေနှင့်တိုက်တန်းလျား တဝက်မှာ ဦးသိန်းမောင်ပိုင် ဖြစ်ပေလိမ့်မည်။ ထိုသို့ဆိုလျှင် ဦးသိန်းမောင် အနေဖြင့် ယင်းမြေနှင့် တိုက်တန်းလျား တဝက်ကို သူပိုင်ကြောင်း မြွက်ဟကြေငြာပေးစေရန် တရားစွဲဆိုခွင့် ရှိပေလိမ့်မည်။ ဒုတိယသက်သာခွင့် အဖြစ်ဖြင့် ဦးသိန်းမောင်က မြေနှင့်တိုက်တန်းလျား တဝက် လက်ရောက်ရလိုကြောင်း တောင်းဆိုထားသည်။ ဦးသိန်းမောင် အဆိုပြုသည့်အတိုင်း အချင်းဖြစ်မြေနှင့် တိုက်တန်းလျားကို ဦးသိန်းမောင်နှင့် ဦးတင်အောင်တို့ စပ်တူဝယ်ခဲ့စေကာမူ မည်သည့် အစိတ်အပိုင်းသည် ဦးသိန်းမောင်ပိုင် ဖြစ်သည်ဟု မပြောဆိုနိုင်သည့်အလျောက် ဦးသိန်းမောင် အနေဖြင့် လက်ရောက်ရခွင့် မစွဲဆိုနိုင်ပေ။ နှစ်ဦးပိုင်ဖြစ်သည်ဟုဆိုလျှင် ပစ္စည်းခွဲဝေ ပေးစေလိုမှုသာ စွဲဆိုခွင့် ရှိပေလိမ့်မည်။ ဤဥပဒေ သဘောကို အယူခံတရားလို၏ ရှေ့နေက ရိုးသားစွာ ဝန်ခံသည်။ သို့သော် တရားမကျင့်ထုံးဥပဒေအမိန့်—၇၊ နည်း—၇ ပါ ပြဋ္ဌာန်းချက်များအရ ၎အယူခံရုံးက ဦးသိန်းမောင်သည် အချင်းဖြစ်မြေ တဝက်ကို ပိုင်ဆိုင်ကြောင်း မြွက်ဟကြေငြာပေးရန်နှင့် မြေကို ခွဲဝေပေးစေရန် ဒီကရီချမှတ်ပေးသင့်ကြောင်း တင်ပြသျှောက်ထားသည်။ အယူခံတရားပြိုင်တို့၏ ရှေ့နေက အယူခံတရားလိုသည် အယူခံတရားလို၏ ရှေ့နေတင်ပြသော သက်သာခွင့်များကိုတောင်းဆိုထားခြင်းမရှိ၍ ခွင့်မပြုနိုင်ကြောင်း ပြန်လည်ဖြေကြားသည်။

တရားမကျင့်ထုံးဥပဒေအမိန့်—၇၊နည်း—၇ပါပြဋ္ဌာန်းချက်များအရ တရားလို တစ်ဦးသည် ယေဘုယျ ဆန်သော သက်သာခွင့်ကို အတည့်အလင်း ဖော်ပြတောင်းဆိုရန် မလိုချေ။ တရားရုံးအနေဖြင့် သင့်သည် ထင်မြင်ပါက တရားလို

တောင်းဆိုခြင်း မပြုသည့် အခြားသက်သာခွင့်ကို ခွင့်ပြုနိုင်ပေသည်။ တဘက်တွင် တရားလိုသည် မိမိအလိုရှိသော မိမိရထိုက်သောသက်သာခွင့်ကို အတည့်အလင်း ဖော်ပြတောင်းဆိုရန် လိုပေသည်။ တဘက်တွင် တရားလိုအနေဖြင့် ရထိုက်သော သက်သာခွင့်ကို ဖော်ပြ မတောင်းဆိုမိ၍ အမှုရုံးရခြင်းမျိုး မဖြစ်စေရန် တရားရုံးအနေဖြင့် သင့်တော်သည့် သက်သာခွင့် ပေးနိုင်ရန် အလိုငှာ အမိန့်—၇၊နည်း—၇ ကို ပြဋ္ဌာန်းထားခြင်း ဖြစ်ပေသည်။ သို့ရာတွင် တရားလို မတောင်းဆိုသည့် သက်သာခွင့်ကို အမှုတိုင်းတွင် ပေး၍မရချေ။ ခွင့်ပြုနိုင်သည့် သက်သာခွင့်များမှာ တရားလိုတောင်းဆိုသည့် သက်သာခွင့်နှင့် ဆက်နွယ်သော သက်သာခွင့် ဖြစ်ပေသည်။ ဤမှုတွင် အချင်းဖြစ် မြေနှင့် တိုက်တန်းလျားတဝက်ကို အယူခံတရားလို ပိုင်ဆိုင်ကြောင်း မြွက်ဟကြေငြာပေးရန်နှင့် ယင်းပစ္စည်းများကို ခွဲဝေပေးရန် သက်သာခွင့်မှာ ဦးသိန်းမောင် တောင်းဆိုထားသည့် သက်သာခွင့်နှင့် လုံးဝကွဲပြား ခြားနားနေသည့် အလျောက် ခွင့်ပြုရန် မသင့်ပေ။

ဦးသိန်းမောင်က ဦးဘင်အောင်အပေါ် ဦးတင်အောင်ထံ ပေးလိုက်သည်ဆိုသော ငွေ ၄၅၀၀/—ကျပ်နှင့် စပ်လျဉ်း၍ ပြည်မြို့နယ်တရားရုံး၊ ပြစ်မှုကြီးအမှတ် ၁၀၁၆/၀၀ တွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၆ အရ တရားစွဲခဲ့ရာ ဦးတင်အောင်အပြစ်ရရှိခဲ့ကြောင်း ထင်ရှားစေရန် အလိုငှာ ဦးသိန်းမောင်က အဆိုပါ အမှုတွင် ချမှတ်သည့် စီရင်ချက်မိတ္တူကို သက်သေခံ အမှတ် (၈) အဖြစ် တင်ပြထားသည်။ တိုင်းတရားရုံးက ယင်းစီရင်ချက်မှာ တရားမမှုနှင့် မသက်ဆိုင်ကြောင်း သုံးသပ်ထားရာ အယူခံတရားလို၏ ရှေ့နေက အမှုတွင် သက်ဆိုင်ကြောင်း တင်ပြ၍ အယူခံ တရားပြိုင်တို့၏ ရှေ့နေက မသက်ဆိုင်ကြောင်း တင်ပြလျောက်ထားကြသည်။ အဆိုပါ မြို့နယ်တရားရုံး၏ ဆုံးဖြတ်ချက်ကို လက်ခံလျှင် ဦးတင်အောင်သည် အဆိုပါ ငွေ ၄၅၀၀/—ကို အလွဲသုံးစားပြုလိုက်သည့် သဘောသက်ရောက်နေ၍ မြေနှင့် တိုက်တန်းလျားကို ဝယ်ယူရာ၌ ဦးသိန်းမောင်၏ ငွေမပါဘဲဟု ကောက်ယူရပေလိမ့်မည်။ သို့ဖြစ်ရာ အဆိုပါ စီရင်ချက်သည် ဦးသိန်းမောင်အား အထောက်အကူပြုရန် အကြောင်းမရှိချေ။

အချင်းဖြစ် မြေနှင့် တိုက်တန်းလျားကို ဝယ်ယူရန်အတွက် ဦးသိန်းမောင်က ဦးတင်အောင်အား ငွေပေးသည့် ကိစ္စကို ကိုယ်တိုင်ကိုယ်ကျ သိရှိသော သက်သေ တဦးတယောက်မျှ သက်သေမပြနိုင်ကြောင်း တွေ့ရှိရသည်။ ဦးဘအောင် (လိုပြ-၂) နှင့် ကိုဝင်းရှိန် (လိုပြ ၃) တို့မှာ ထိုသို့ငွေပေးပြီး

၁၉၀၄ ဦးသိန်းမောင်နှင့် ဦးတင်အောင် ပါ(၂)

နောက် ဦးသိန်းမောင်နှင့် ဦးတင်အောင်တို့ အချင်းဖြစ်မြေနှင့် တိုက်တန်းလျားတို့နှင့် စပ်လျဉ်း၍ ပြောဆိုကြသည့် ကိစ္စကို သိသူများသာဖြစ်၍ သူတို့၏ သက်သေခံချက်သည် ဦးသိန်းမောင် စွဲဆိုသောအမှုကို များစွာအထောက်အကူ ပြုသည်ဟု မဆိုနိုင်ပေ။

ထို့ကြောင့် ဤအယူခံကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။ ရှေ့နေကို ကျပ် ၅၀၀–ဟု သတ်မှတ်သည်။

တရားမ ဒုတိယ အယူခံမှု

ဥက္ကဋ္ဌအဖြစ်ဦးထွန်းရှိန်၊အဖွဲ့ဝင်များဒေါ်ခင်အောင်နှင့် ဦးသန့်စင် တို့ ပါဝင်သော ဗဟိုတရား စီရင်ရေးအဖွဲ့ချွေ့တွင်

ဒေါ်အေးရင် (ခ) ဒေါ်ရင်အေး ပါ (၄)
နှင့်
ဦးခင်မောင်ဝင်း ပါ (၂) *

†၁၉၀၄ ဖေဖော်ဝါရီ ၁၅ ရက်

၁၉၆၀ ပြည်နှစ် မြို့ပြဆိုင်ရာ ဌားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂ (၁) (စ)–အိမ်ရှင် နေထိုင်ရန် အတွက် ဖြစ်ရခြင်း၊ သားသမီးများ နေထိုင်ရန်အတွက် ဆိုလျှင် အကျုံးမဝင်ခြင်း။

ဆုံးဖြတ်ချက်။ ။၁၉၆၀ ပြည်နှစ် မြို့ပြဆိုင်ရာ ဌားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (စ) တွင် အိမ်ရှင် ဖြစ်သူသည် မိမိနေထိုင်ရန် အတွက်မဟုတ်ပဲ မိမိ မိသားစုနှင့်သားသမီးများ နေထိုင်ရန်အတွက် အိမ်ငှားအပေါ် နှင်လိုမှုစွဲဆိုနိုင်ကြောင်း ပြဋ္ဌာန်းထားခြင်း မရှိပေ။

အယူခံ တရားလိုများအတွက် — ဦးထွန်းတင်၊ ဗဟိုတရားရုံးချွေနေ
အယူခံတရားပြိုင်များအတွက် — ဦးပေါ်မောင်၊ ဗဟိုတရားရုံးချွေနေ

ပေါင်းတည်မြို့နယ်တရားရုံး၊ တရားမကြီးမှု အမှတ် ၆/၇၉ တွင် အယူခံ တရားပြိုင် ဦးခင်မောင်ဝင်းက အယူခံတရားလို ဒေါ်အေးရင်၊ မောင်မောင် ကြည်၊ မောင်မောင်လွင်နှင့် မကြည်ကြည်မြင့် (ခ) ကြည်ကြည်သန်းနှင့် အယူခံတရားပြိုင် ဒေါ်မြင့်မြင့်တို့ အပေါ် ၁၉၆၀ ပြည်နှစ် မြို့ပြဆိုင်ရာ ဌားရမ်း ခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (စ) အရ တရားစွဲဆိုရာ အခိုင် ရှိခဲ့သည်။ ဒေါ်အေးရင်တို့က ဝဲခူးတိုင်းတရားရုံးတွင် အယူခံဝင်သော်လည်း မအောင်မြင်သဖြင့် ဗဟိုတရားရုံးတွင် ဤအယူခံကို တင်သွင်းခြင်းဖြစ်သည်။

---

* ၁၉၀၃ ခုနှစ်၊ တရားမ ဒုတိယ အယူခံမှု အမှတ်-၁၁၇

† ၁၉၀၂ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၁၀၃ (ပေါင်းတည်) တွင်ချမှတ်သော (၃၁-၅-၀၃)နေ့စွဲပါ ဝဲခူးတိုင်း တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

ကောင်းမွန်သော ကျန်းမာရေးနှင့် ရှည်လျားသော အသက်တာကို ပေးစွမ်းနိုင်ပါသည်။

ဆေးဝါးများ ရောင်းချခြင်း

ဆေးဝါးများ ရောင်းချခြင်းနှင့် ပတ်သက်၍ ဆေးဝါးများ ရောင်းချခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ ၁၀ (ခ) (ဂ) ၁၇ ခုနှစ် ဆေးဝါးများ ရောင်းချခြင်းဆိုင်ရာ စည်းကမ်းချက်များ

ဌားရမ်းခ ကြိုးကြပ်ရေး ဥပဒေပုဒ်မ ၁၂ (၁) (စ) အရ အိမ်ပိုင်ရှင် တစ်ဦးသည် ၎င်းကိုယ်တိုင်က အခြေအနေအရ မနေထိုင်နိုင်သေး စေကာမူ ၎င်း၏မိသားစုနှင့် သားသမီးများ နေထိုင်စေရန် အတွက် အမှုကို လျှောက်ထားစွဲဆိုနိုင်ကြောင်း တွေ့ရပေသည်။''

၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ဌားရမ်းခကြိုးကြပ်ရေးအက် ဥပဒေပုဒ်မ ၁၂ (၁) (စ)တွင် အိမ်ရှင်ဖြစ်သူသည် မိမိနေထိုင်ရန်အတွက် မဟုတ်ဝဲ မိမိ မိသားစုနှင့် သားသမီးများ နေထိုင်ရန်အတွက် အိမ်ဌားအပေါ် နှင်လိုမှု စွဲဆို နိုင်ကြောင်း ပြဋ္ဌာန်းထားခြင်း မရှိပေ။ တိုင်း တရား ရုံး ရည်ညွှန်းသော **တရိန်ထွန်းနှင့် ချန်ထန်စူးအမှု (၁)** တွင် တိုင်းတရားရုံး ယူဆသကဲ့သို့ စီရင်ထုံးဖွဲ့ထားခြင်း မဟုတ်ချေ။ အိမ်ရှင်ဖြစ်သူနှင့် အတူနေထိုင်သည့် သား သမီးများ ကြိုးပြင်းလာသည်ကို အကြောင်းပြုပြီးအိမ်ဌားအား နှင်ထုတ်ခြင်းမှာ အိမ်ရှင်က အကြောင်းအားလျော်စွာ ရိုးဖြောင့်သော သဘောဖြင့် မိမိကိုယ် တိုင် နေထိုင်ရန်ကိစ္စအတွက် သက်သက် ဌားရမ်းထားသည့် ဥပစာကို ရယူ လိုခြင်း ဖြစ်ကြောင်း သုံးသပ်ခြင်းသာ ဖြစ်သည်။

ထို့ကြောင့် ဤအယူခံကို ခွင့်ပြု၍ မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့၏ စီရင်ချက်နှင့် ဒီကရီတို့ကို ပယ်ဖျက်ပြီး အယူခံတရားပြိုင် ဦးခင်မောင်ဝင်း စွဲဆိုသော အမှုကို တရားရုံးအဆင့်ဆင့် စရိုက်နှင့်တကွ ပလပ်လိုက်သည်။

ရွှေနေခကို ကျပ် ၅၀/—ဟု သတ်မှတ်သည်။

၁၉၇၄ ခေါ်အေးရင် (ခ)ခေါ်ရင် အေးပါ(၄) နှင့် ဦးခင်မောင် ဝင်းပါ(၂)

---

(၁) ၁၉၆၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ စာမျက်နှာ-၀၅



ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

တရားစီရင်ထုံးများ

ဗဟိုတရားစီရင်ရေးအဖွဲ့

စီရင်ချက်များ

၁၉၈၄

ဒုတိယသုံးလပတ်

(ဧပြီလ၊ မေလနှင့် ဇွန်လ)

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်
ပြည်သူ့တရားသူကြီးအဖွဲ့၏ခွင့်ပြုချက်အရထုတ်ဝေသည်။

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်
ပြည်သူ့တရားသူကြီးအဖွဲ့

ဦးတင်အောင်ဟိန်း	ဝိဇ္ဇာ၊ ဥပဒေဝိဇ္ဇာ၊ နိုင်ငံ့ဂုဏ်ရည်(ဒုတိယဆင့်)	....	ဥက္ကဋ္ဌ
သီရိပျံချီ ဦးတင်အောင်	နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်)	....	အဖွဲဝင်
ဦးလှဘုန်း	....	....	အဖွဲဝင်
ဦးခင်ဇော်မုံ	....	....	အဖွဲဝင်
ဦးမြကျော်	မဟာဝိဇ္ဇာ၊နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်)	....	အဖွဲဝင်
ဦးထွန်းရှိန်	....	....	အဖွဲဝင်
ဦးအေးမောင်	ဝါဏိဇ္ဇဝိဇ္ဇာ၊ဥပဒေဝိဇ္ဇာ	....	အဖွဲဝင်
ဦးသန့်စင်	ဝါဏိဇ္ဇဝိဇ္ဇာ၊ဥပဒေဝိဇ္ဇာ	....	အဖွဲဝင်
ဦးတင်အုန်း	မဟာဝိဇ္ဇာ	....	အဖွဲဝင်

၁၉၈၄ ခုနှစ်

(ဧပြီလ၊ မေလနှင့် ဇွန်လ)

ပြဿနာဆိုင်ရာအဖွဲ့များ

စိရင်ထုံးပြုသောမှုခင်းများ

ပြစ်မှုဆိုင်ရာ အမှုများ

စာမျက်နှာ

ဦးခင်မောင်စိ နှင့် ၁။ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်
၂။ ဦးယဉ်မျိုး ၅၃

ဦးတင်ငွေ နှင့် ၁။ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်
၂။ ဒေါ်သိန်းရင် ၅၆

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်နှင့် ဦးဒေါ်သိုးပါ(၂) ၅၉

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် နှင့် ၁။ မောင်သံချောင်း
၂။ မောင်အောင်မောင်းပါ(၄) ၆၂

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် နှင့် ဦးကြည်စိန်.... ၆၇

ဦးမောင်မောင် နှင့် ၁။ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်
၂။ မောင်ကိုကိုကြီး ၇၀

ကိုမောင်မောင်မြင့်နှင့်ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ၇၃

ဒေါ်မြသန်း နှင့် ဦးသုန္ဒရ(ခေါ်)ဦးတင်အေး ၇၅

ညွှန်းချက်

ပြစ်မှုဆိုင်ရာအမှုများ

ဥပဒေများ —

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ

ပြစ်မှုဆိုင်ရာဥပဒေ

သက်သေခံဥပဒေ

၁၀၇၉ခုနှစ်၊ရှေ့နေလိုက်သူများဥပဒေ

၁၉၂၆ခုနှစ်၊ဗဟိုဘဏ်ရုံးရှေ့နေများကောင်စီဥပဒေ

၁၉၇၄ခုနှစ်၊မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သောဆေးဝါးများဥပဒေ

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၉၅(၁) (ခ) —ယင်းပုဒ်မတွင် ပြဋ္ဌာန်းထားသော ပြစ်မှုများကို သက်ဆိုင်ရာ တရားရုံး သို့မဟုတ် အထက်တရားရုံးကလျှောက်ထားမှသာ အရေးယူရမည် ဖြစ်ခြင်း။

ဆုံးဖြတ်ချက်။ ။ယခု အမှုကိစ္စတွင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၉၅(၁)(ခ)နှင့်အညီ သက်ဆိုင်ရာ တရားရုံးက လျှောက်ထားခြင်းမရှိပဲ ကိုကုလားက တိုက်ရိုက်လျှောက်ထားခဲ့ခြင်းဖြစ်ကြောင်း တွေ့ရသည်။ ထို့ကြောင့် သက်ဆိုင်ရာတရားရုံး သို့မဟုတ် ထိုတရားရုံးထက် အဆင့်မြင့်သော တရားရုံးကသာ လျှောက်ထားမှ အရေးယူရမည့်အမှုကို ကိုကုလား၏ လျှောက်ထားမှုအပေါ် မြို့နယ်ဘရားရုံးက အရေးယူခဲ့ခြင်းဖြစ်၍ ပြဋ္ဌာန်းထားသော ဥပဒေပြဋ္ဌာန်းချက်နှင့်ညီညွတ်ခြင်းမရှိဟု ဆိုရပေမည်။

ကိုမောင်မောင်မြင့်နှင့်ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ၇၃

လိန်လည် အတုဖြိုသည့် စာချုပ်မှာ တရားရုံးခရှေ့ တင်ပြသည့် စာရွက်စာတန်းမဟုတ်လျှင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၉၅(၁)(ဂ)နှင့် မသက်ဆိုင်ခြင်း။

ဦးတင်ငွေက အဓိကအကြောင်းပြချက်အဖြစ်တင်ပြရာတွင် မူလတရားရုံးက သူ့အပေါ် အရေးယူသည့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၆၇ မှာ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၅(၁)(ဂ)ပါ ပြဋ္ဌာန်းချက်များ

စာမျက်နှာ

နှင့်အကျုံးဝင်သည့် ပြစ်မှုဖြစ်သဖြင့် သက်ဆိုင်ရာရုံး၏ ရေးသား တိုင်ကြားချက်မရှိပဲ သူ့အပေါ် အရေးယူ စစ်ဆေးခြင်းမှာ မှားယွင်းကြောင်းတင်ပြသည်။

ဆုံးဖြတ်ချက်။ ။အချင်းဖြစ်အမှုတွင် အိမ်ရှင် ဒေါ်သိန်းရင် စွပ်စွဲတင်ပြသော လိမ်လည်အတုပြုလုပ်သည်ဆိုသည့် စာချုပ်မှာ တရားရုံးတစ်ရုံးတွင် အမှုသည် တစ်ဦးဦးကတင်ပြထားသည့် စာရွက် စာတမ်းမဟုတ်ကြောင်းတွေ့ရသည်။ သို့ဖြစ်၍ သက်ဆိုင်ရာရုံး၏ ရေးသားတိုင်ကြားချက် လိုအပ်မည်မဟုတ်သဖြင့် မူလတရားရုံးက စွပ်စွဲခံရသူ တရားခံ ဦးတင်ငွေတို့အပေါ် အရေးယူ စစ်ဆေးခြင်းမှာ မှားယွင်းချွတ်ချော်သည်ဟု မဆိုနိုင်ပေ။

ဦးတင်ငွေ နှင့် ၁။ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ၂။ ဒေါ်သိန်းရင် ၅၆

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၀၀(၃) — စားစရိတ်ပေးရန် တာဝန်ရှိသူသည်ရဟန်းဘောင်သို့ကူးပြောင်းသွားသော်လည်း ထိုသူ၏ ပစ္စည်းကို ဝရမ်းမဖမ်းနိုင်ဟု တားမြစ်ချက်မရှိခြင်း။

ဆုံးဖြတ်ချက်။ ။စားစရိတ်ပေးရန်တာဝန်ရှိသူသည် ရဟန်းဘောင်သို့ ကူးပြောင်းသွားသဖြင့် တရားရုံးက ချမှတ်ထားသည့် စားစရိတ်ငွေများနှင့်စပ်လျဉ်း၍ ထိုသူ၏ပစ္စည်းများကို ပစ္စည်းဖမ်းဝရမ်းမထုတ်နိုင်ဟု တားမြစ်ချက် မရှိချေ။

ဒေါ်မြသန်း နှင့် ဦသုန္ဒရ(ခေါ်)ဦးတင်အေး ၇၅

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၂၃ နှင့် ၅၂၅ တို့အရ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၏ဆုံးဖြတ်ချက်ကို ပြည်နယ်တရားရုံးက ပြင်ဆင်ပယ်ဖျက်ခြင်းပြုနိုင်မပြုနိုင်။

ဆုံးဖြတ်ချက်။ ။ယခုအမှုတွင် အချင်းဖြစ်နွားများကိုမြို့နယ်တရားရုံးကပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းမဟုတ်ပဲ ဖလမ်းမြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၂၃ နှင့် ၅၂၅ တို့အရ သိမ်းဆည်းခဲ့သည် ဖြစ်ရာ ချင်းပြည်နယ်တရားရုံးသည် မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့၏ ဆုံးဖြတ်ချက်ကို ပြင်ဆင်ပယ်ဖျက်ခြင်း မပြုနိုင်ပေ။

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်နှင့်ဦးဒေါ်သိုးပါ(၂) ၅၉

စာမျက်နှာ

ပြန်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၄–အမွေပုံပစ္စည်းတစ်ရပ်နှင့် စပ်လျဉ်း၍ အမွေဆိုင်တစ်ဦးအပေါ်အလွဲသုံးစားမှုဖြင့် အရေးမယူနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။တိုင်လျောက်သူ မောင်ကိုကိုကြီး၏ တင်ပြထွက်ဆိုချက်များအရ ကွယ်လွန်သူ ဒေါ်ရွှေ၏ အမွေပုံပစ္စည်းနှင့် စပ်လျဉ်း၍ ဒေါ်ရွှေ၏မြစ်ဖြစ်သူ ဦးမောင်မောင်နှင့် မြေးဝမ်းကွဲဖြစ်သူ မောင်ကိုကိုကြီးတို့အကြား အမွေကိစ္စ အငြင်းပွားမှုတစ်ရပ်ဖြစ်ကြောင်း ပေါ်ပေါက်သည်။ အမွေပုံပစ္စည်းတစ်ရပ်နှင့် စပ်လျဉ်း၍ အမွေဆိုင်တစ်ဦးအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၄ အရ အလွဲသုံးစားမှုမြောက်ရန် အကြောင်းမပေါ်ပေါက်နိုင်ပေ။

ဦးမောင်မောင် နှင့် ၁။ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ
မြန်မာနိုင်ငံတော်
၂။ မောင်ကိုကိုကြီး ၇၀

တရားခံအဖမ်းခံရပြီးရက်များစွာကြာမြင့်မှပေးသောဖြောင့်ချက်၊ ပြန်လည်ရှုဆိန်းသော ဖြောင့်ချက်၊ အခြား လုံလောက်သည့် အထောက်အထား မရှိသော ဖြောင့်ချက်သည် တရားခံအား အပြစ်ပေးရန်လုံလောက်မှု မရှိခြင်း။

ဆုံးဖြတ်ချက်။ ။သက်သေခံ (၈) ဖြောင့်ချက်ကို ကြည့်ရှုသည့်အခါ မောင်သံချောင်းအား ဖမ်းဆီးရမိပြီးနောက် (၉) ရက်ကြာမှယူခဲ့သော ဖြောင့်ချက်ဖြစ်ကြောင်းတွေ့ရသည်။ ဖြောင့်ချက် တစ်ခုသည် တရားခံအဖမ်းခံရပြီး ရက်များစွာကြာမှ ပေးသော ဖြောင့်ချက် ဖြစ်လျှင်သော်လည်းကောင်း၊ ပြန်လည်ရှုဆိန်းထားသည့် ဖြောင့်ချက်ဖြစ်လျှင် သော်လည်းကောင်း၊ အခြားလုံလောက်သည့် အထောက်အထားမရှိလျှင်ယင်းဖြောင့်ချက်မှာ တရားခံအားအပြစ်ပေးရန် လုံလောက်သည့်ဖြောင့်ချက်ဟု မဆိုနိုင်ပေ။

ပြည်ထောင်စုဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် နှင့် ၁။ မောင်သံချောင်း
၂။ မောင်အောင်မောင်းပါ(၄) ၆၂

ရှေ့နေတစ်ဦးသည် အမှုတွင် သက်သေအဖြစ် ပါဝင်နေလျှင် ယင်းအမှုဌ် ရှေ့နေအဖြစ် ဆောင်ရွက်ခွင့် ရှိ မရှိ။

ဆုံးဖြတ်ချက်။ ။ရှေ့နေလိုက်သူများ ဥပဒေတွင် ရှေ့နေ တစ်ဦးအား သက်သေအဖြစ် ပြသရန်ရှိသည့် အမှုဌ် တိုသူအား ရှေ့နေအဖြစ်

စာမျက်နှာ

ဆောင်ရွက်ခြင်းမပြုရန် တားမြစ်ထားသော ပြဋ္ဌာန်းချက်မရှိပေ။ ဗဟို တရားရုံးရှေ့နေတစ်ဦး ထားရှိသင့်သည့် ကျင့်ဝတ်သိက္ခာနှင့် စပ်လျဉ်း သည့် မလိုလားအပ်သည့် ပြုမူဆောင်ရွက်ချက် တစုံတရာ တွေ့ရှိပါက ဗဟိုတရားရုံးရှေ့နေများကောင်စီ ဥပဒေပြဋ္ဌာန်းချက်များနှင့် အညီသာ လျှင် လိုအပ်သလို ဆောင်ရွက်ရန် ဖြစ်သည်။

ဦးခင်မောင်စိ နှင့် ၁။ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ၂။ဦးယဉ်မျိုး　　၅၃

နိုင်းအတွင်း အလေ့ကျပေါက်နေသော ဆေးခြောက်ပင်များ— ၁၉၇၄ ခုနှစ် မူးယစ်ဆုံဆိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါး များဥပဒေပုဒ်မ ၃(ခ)အရ အကျုံးဝင်မဝင်။

ဆုံးဖြတ်ချက်။ ။ဦးကြည်စိန်၏ နေအိမ်ဝိုင်းထဲ၌ တွေ့ရှိသော ဆေး ခြောက်ပင်မှာ ၁၀ပင်မျှသာ ရှိပြီး ချဉ်ပေါင်ပင်များနှင့် ရောနှောပေါက် နေကြောင်း တွေ့ရှိရသဖြင့် ချဉ်ပေါင်မျိုးစေ့များကို ကြဲချိုက်ထားရာ တွင် ရောနှော ပါရှိ၍ အလေ့ကျ ပေါက်နေသော ဆေးခြောက်ပင် များဖြစ်ကြောင်း ဦးကြည်စိန်၏ ထုချေရှင်းလင်းချက်မှာ အကြောင်း ယုတ္တိမရှိဟု မဆိုနိုင်ပေ။

သို့ဖြစ်ရာ မူလတရားရုံးက အချင်းဖြစ် ဆေးခြောက်ပင် ၁၀ ပင်မှာ ဦးကြည်စိန် စိုက်ထားသော အပင်များဖြစ်သည်ဟု မယူဆကြောင်း ကောက်ယူဆုံးဖြတ်ခြင်းမှာ မှားယွင်းချွတ်ချော်သည်ဟုမဆိုနိုင်ပေ။

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် နှင့် ဦးကြည်စိန်　　၆၇

ဖြစ်မှုဆိုင်ရာ ပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ်ဦးအေးမောင်၊အဖွဲ့ဝင်များအဖြစ်ဦးတင်အောင်နှင့်ဦးထွန်းရှိန် တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးခင်မောင်စိ

နှင့်

၁။ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်
၂။ ဦးယဉ်မျိုး *

† ၁၉၀၄
ဇွန်လ ၁၃ရက်

ရှေ့နေတစ်ဦးသည် အမှုတွင် သက်သေအဖြစ် ပါဝင်နေလျှင် ယင်းအမှုဌာ ရှေ့နေအဖြစ် ဆောင်ရွက်ခွင့် ရှိ မရှိ။

ဆုံးဖြတ်ချက်။ ။ရှေ့နေလိုက်သူများ ဥပဒေတွင် ရှေ့နေ တစ်ဦးအား သက်သေအဖြစ် ပြသရန်ရှိသည့် အမှုဌာ ထိုသူအား ရှေ့နေအဖြစ် ဆောင်ရွက်ခြင်းမပြုရန် တားမြစ်ထားသော ပြဋ္ဌာန်းချက်မရှိပေ။ ဗဟိုတရားရုံးရှေ့နေ တစ်ဦး ထားရှိသင့်သည့် ကျင့်ဝတ်သိက္ခာနှင့် စပ်လျဉ်းသည့် မလိုလားအပ်သည့် ပြုမူဆောင်ရွက်ချက် တစုံတရာ တွေ့ရှိပါက ဗဟိုတရားရုံးရှေ့နေများကောင်စီဥပဒေ ပြဋ္ဌာန်းချက်များနှင့် အညီသာလျှင် လိုအပ်သလို ဆောင်ရွက်ရန် ဖြစ်သည်။

လျှောက်ထားသူ အတွက် — ဦးဌေးမြင့်၊ဦးတင်ထွန်း (နှုတ်မောက်) ဗဟိုဘရားရုံးရှေ့နေ

လျှောက်ထားခံရသူများအတွက်— ၁။ ဦးမောင်မောင်တိတ်၊ ဥပဒေပညာရှင်
၂။ ဦးဇော်လင်း၊ ဗဟိုတရားရုံးရှေ့နေ

---

* ၁၉၀၃ ခုနှစ်၊ ဖြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၄၄၉ (ခ)
† ၁၉၀၃ ခုနှစ်၊ ဖြစ်မှုဆိုင်ရာပြင်ဆင်မှု အမှတ် ၄၄၀ တွင် ချမှတ်သော (၁-၇-၀၃) နေ့စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ အမိန့်ကိုပြင်ဆင်မှု။

၁၉၀၄ ဦးခင်မောင်စိနှင့် ၁။ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်၂။ ဦးယဉ်မျိုး

ကျောက်တံတားမြို့နယ်တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၅၉၁/၈၃ တွင် လျောက်ထားသူ ဦးခင်မောင်စိအပေါ် လျောက်ထားခံရသူ ဦးယဉ်မျိုးက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀ အရ တရားစွဲရာ ဦးခင်မောင်စိ အတွက် လိုက်ပါဆောင်ရွက်သော ဗဟိုတရားရုံးရှေ့နေ ဦးတင်အေးအား အမှုတွင် လိုက်ပါဆောင်ရွက်ခြင်းမပြုရန် ၃-၅-၈၃ ရက်နေ့တွင် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို ဦးခင်မောင်စိက မကျေနပ်သဖြင့် ရန်ကုန်တိုင်း တရားရုံး၌ ပြင်ဆင်မှုဝင်ရောက်သော်လည်း မအောင်မြင်သောကြောင့် ဗဟိုတရားရုံးသို့ ဤပြင်ဆင်မှုကို တင်သွင်းသည်။

အမှုမှာ ကျောက်တံတားမြို့နယ်၊ ၃၈ လမ်းနေ ဦးယဉ်မျိုးက ဗဟန်းမြို့နယ်၊ ဖိုးစိန်လမ်းနေ ဦးခင်မောင်စီသည် ၁၉၈၀ ခုနှစ် ဇန်နဝါရီလ အတွင်းက သတင်းစာစက္ကူတန်ဖိုး ငွေကျပ် ၇၅၀၀/-ကို လိမ်လည်ယူသွားကြောင်း ဖော်ပြပြီး ကျောက်တံတား ရဲစခန်း၌ တိုင်ချက်ဖွင့်သည်။ ရဲစခန်းက စုံစမ်းထောက်လှမ်းပြီး ဦးခင်မောင်စိအား ကျောက်တံတားမြို့နယ် တရားရုံးသို့ တင်ပို့ခဲ့သော အမှုဖြစ်သည်။

လျောက်ထားသူ ဦးခင်မောင်စိက အဓိကအကြောင်းပြချက်များ အဖြစ် တင်ပြရာတွင် တရားလို ဦးယဉ်မျိုးဘက်မှ သက်သေ (၆)ဦး အမည်စာရင်း တင်ပြစဉ်က ဦးတင်အေး၏ အမည်မပါဝင်ဘဲ နောက်မှ ဦးတင်အေးအား သက်သေအဖြစ် ပြုရန်လျောက်ထားခြင်းသည် သူ့ဘက်မှ အကျိုးဆောင်အဖြစ် ဦးတင်အေး လိုက်ပါခြင်း မပြုရန်ရည်သန်၍ ပြုလုပ်ခြင်းသာဖြစ်ကြောင်း၊ ဦးယဉ်မျိုးသည် ဦးတင်အေးနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ အကြံဉာဏ်တောင်းခံခြင်း၊ အမှုတွင်လိုက်ပါရန် ငှားရမ်းခဲ့ခြင်း မရှိကြောင်းနှင့် သူ၏ရှေ့နေအဖြစ် ဦးတင်အေး လိုက်ပါဆောင်ရွက်ခြင်းကြောင့် ဦးယဉ်မျိုးတွင် နစ်နာမှုရှိသည်ဟု လျောက်ထားခြင်းလည်း မရှိကြောင်း တင်ပြထားသည်။

မြို့နယ်တရားရုံး၏ ၃-၅-၈၃ နေ့စွဲပါ အမိန့်တွင် ''တရားခံ အကျိုးဆောင်ဖြစ်သူ ဦးတင်အေးမှာ ယခုအမှုတွင် သက်သေအဖြစ် အစစ်ခံရန်ပေါ်ပေါက်နေပါ၍ ဤအမှုတွင် လိုက်ပါမဆောင်ရွက်ရန် အမိန့်ချမှတ်သည်''ဟု ဖော်ပြထားသည်။ မြို့နယ်တရားရုံး၏ ၎အမိန့်ကို အတည်ပြုသော တိုင်းတရားရုံး၏ အမိန့်တွင် ''သို့အတွက် ဤအမှု ရုံးရှေ့မရောက်မီ နှစ်ဘက်ညှိနှိုင်း ပေးရန်အတွက် ဦးတင်အေးက အမှုသည်များအကြား ကြိုးစားခဲ့ကြောင်း မူလရုံး အမှုတွဲရှိ ဦးယဉ်မျိုး ထွက်ချက်အရ ပေါ်လွင်သည်။ ဦးယဉ်မျိုးအား ယခုကိစ္စအတွက် မည်သို့ဆောင်ရွက်လိုကြောင်း ဦးတင်အေးက မေးမြန်းပြီး ဆောင်ရွက် ပေးမည်ဟု ကတိပြုသည်။ ဦးယဉ်မျိုးကလည်း ၎င်းဘက်က ဆန္ဒကို ပြော ပြ ရှင်းလင်းခဲ့သည်ဟု ဆိုသည်။ သို့ဖြစ်ရာ မှုဖြစ်အကြောင်းခြင်းရာ များနှင့်

ပတ်သက်၍ ဦးယဉ်မျိုးထံမှ သိရှိပြီးသည့်အပြင်၊ ဦးယဉ်မျိုး၏ ဆန္ဒသိရှိပြီးသူ မဟိုတရားရုံးရှေ့နေ ဦးတင်အေးက တဘက်အမှုသည် ဦးခင်မောင်စိုး ဘက်မှ လိုက်ပါဆောင်ရွက်ခြင်းသည် ဦးယဉ်မျိုးအား ထိခိုက်နစ်နာမှု မရှိဟု ဆိုရန် အကြောင်း မရှိနိုင်''ဟု သုံးသပ်ထားသည်။ ဥပဒေဝန်ထမ်းက ''ရှေ့နေလိုက်သူများ ဥပဒေတွင် ရှေ့နေတစ်ဦးအား သက်သေအဖြစ် ပြသရန်ရှိသည့်အမှု၌ ထိုသူအား ရှေ့နေအဖြစ် ဆောင်ရွက်ခြင်းကို တားမြစ်ထားခြင်းမရှိပါ''ဟု တင်ပြထားသည်။

၁၉၇၄ ဦးခင်မောင်စိုး နှင့် ၁။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် ၂။ ဦးယဉ်မျိုး

ရှေ့နေလိုက်သူများ ဥပဒေတွင် ရှေ့နေတစ်ဦးအား သက်သေအဖြစ်ပြသရန် ရှိသည့်အမှု၌ ထိုသူအား ရှေ့နေအဖြစ် ဆောင်ရွက်ခြင်း မပြုရန်တားမြစ်ထားသော ပြဋ္ဌာန်းချက်မရှိပေ။ မဟိုတရားရုံး ရှေ့နေတစ်ဦး ထားရှိသင့်သည့် ကျွမ်းဝင်တတ်သိကျွမ်းနှင့် စစ်လျှင်းသည့် မလိုလားအပ်သည့် ပြဿနာဆောင်ရွက်ချက်တစုံတရာတွေ့ရှိပါက မဟိုတရားရုံးရှေ့နေများ ကောင်စီဥပဒေ ပြဋ္ဌာန်းချက်များနှင့် အညီသာလျှင် လိုအပ်သလို ဆောင်ရွက်ရန်ဖြစ်သည်။

ထို့ကြောင့် ဤပြဿနာမှုကို ခွင့်ပြုပြီး မဟိုတရားရုံးရှေ့နေ ဦးတင်အေးနှင့် စစ်လျှင်း၍ ကျောက်တံတားမြို့နယ် တရားရုံးက ချမှတ်သော အမိန့်နှင့် ရန်ကုန်တိုင်း တရားရုံးက အတည်ပြုသော အမိန့်တို့ကို ပယ်ဖျက်လိုက်သည်။

ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ်ဦးအေးမောင်အဖွဲ့ဝင်များအဖြစ်ဦးတင်အောင်နှင့်ဦးခင်ဇော်မုံတို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ချွေ့တွင်

ဦးတင်ငွေ

နှင့်

၁။ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

၂။ ဒေါ်သိန်းရင် *

†၁၉၀၄ ခုနှစ်၊ မတလ ၂၄ရက်

လိခ်လည်အတုပြုသည့်စာချုပ်မှာ တရားရုံးရှေ့တင်ပြသည့် စာရွက်စာတန်းမဟုတ်လျှင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၉၅(၁)(ဂ)နှင့် မသက်ဆိုင်ခြင်း။

ဦးတင်ငွေက အဓိကအကြောင်းပြချက်အဖြစ် တင်ပြရာတွင် မူလတရားရုံးက သူ့အပေါ် အရေးယူသည့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၆၇ မှာ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၅(၁)(ဂ)ပါ ပြဋ္ဌာန်းချက်များနှင့်အကျုံးဝင်သည့် ပြစ်မှုဖြစ်သဖြင့် သက်ဆိုင်ရာရုံး၏ ရေးသား တိုင်လျှောက်ချက်မရှိပဲ သူ့အပေါ် အရေးယူစစ်ဆေးခြင်းမှာ မှားယွင်းကြောင်းတင်ပြသည်။

ဆုံးဖြတ်ချက်။ ။အချင်းဖြစ်အမှုတွင် အိမ်ရှင် ဒေါ်သိန်းရင် စွပ်စွဲတင်ပြသော လိခ်လည်အတုပြုလုပ်သည်ဆိုသည့် စာချုပ်မှာ တရားရုံး တစ်ရုံးတွင် အမှုသည် တစ်ဦးဦးကတင်ပြထားသည့် စာရွက်စာတန်းမဟုတ်ကြောင်းတွေ့ရသည်။ သို့ဖြစ်၍ သက်ဆိုင်ရာရုံး၏ ရေးသားတိုင်လျှောက်ချက် လိုအပ်မည့် မဟုတ်သဖြင့် မူလတရားရုံးက စွပ်စွဲခံရသူ တရားခံ ဦးတင်ငွေတို့ အပေါ် အရေးယူစစ်ဆေးခြင်းမှာ မှားယွင်းချွတ်ချော်သည်ဟု မဆိုနိုင်ပေ။

လျှောက်ထားသူအတွက် – ကိုယ်တိုင်

လျှောက်ထားခံရသူများအတွက်– (၁) ဦးရွှန်းရိုထမ်း၊
တိုင်းတာဝန်ခံ ဥပဒေဝန်ထမ်း
(၂) ဦးစိန်ဝင်း၊ ဗဟိုတရားရုံးရှေ့နေ

---

* ၁၉၀၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၁၉၂ (ခ)

† ၁၉၀၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၂၃၄ တွင် ချမှတ်သော (၂၆-၇-၀၃) နေ့စွဲပါ မန္တလေးတိုင်းတရားရုံး၏အမိန့်ကို ပြင်ဆင်မှု။

၁၉၀၄
ဦးတင်ငွေနှင့် ၁။ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် ၂။ဒေါ်သိန်းရင်

မန္တလေး အရှေ့တောင်မြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ်–၁၂၀/၈၃ တွင် ဒေါ်သိန်းရင်၏ တိုက်ရိုက်တိုင်ကြားချက်အရ ဦးတင်ငွေ အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၆၇ အရ အရေးယူစစ်ဆေးခဲ့သည်။ ဦးတင်ငွေက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၅(၁)(ဂ) အရ သက်ဆိုင်ရာရုံး၏ ခွင့်ပြုချက်မရှိပဲ မိမိအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၆၇ အရ အရေးမယူနိုင်ကြောင်း ကန့်ကွက်ချက်ကိုတင်ပြခဲ့ရာ ဦးတင်ငွေ၏တင်ပြချက်လျှောက်လွှာကို ပလပ်ခဲ့သည်။ ဦးတင်ငွေက မြို့နယ်တရားရုံး၏ အမိန့်ကို မကျေနပ်၍ တိုင်းတရားရုံးတွင်ပြင်ဆင်မှုတင်သွင်းသော်လည်း မအောင်မြင်သဖြင့် ဗဟိုတရားရုံးသို့ ဤပြင်ဆင်မှုကို တင်သွင်းသည်။

အမှုမှာ မန္တလေးမြို့၊အမှတ် ၁၅၀၊ ၇၈ လမ်းနှင့် ၁၉ လမ်းဒေါင့်မျက်ပါးရပ်တွင် နေထိုင်သူ ဒေါ်သိန်းရင်က မိမိ၏ အိမ်ဌားများဖြစ်ကြသော ဦးတင်ငွေ၊ ဦးတိုးနှင့် ဦးကျော်မင်းတို့အား အိမ်ဌားခစပေါ်ငွေများကို ပေးအပ်၍ အိမ်ပေါ်မှ ဖယ်ရှားပေးရန် ပြောသောအခါ အိမ်ဌား ဦးဘင်ငွေတို့က အချင်းဖြစ်အိမ်ကို သူတို့က စာချုပ်ပြုလုပ်၍ ဝယ်ယူဆာ·သည်ဆိုပြီး အိမ်ပေါ်မှ ဆင်းပေးရန် ငြင်းဆိုကြကြောင်း ဖေါ်ပြလျက် အိမ်ဌား ဦးတင်ငွေပါ ၃ ဦးတို့အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၁၇/၄၆၅/၄၆၇ တို့အရ အရေးယူပေးရန် တိုက်ရိုက်တိုင်လျှောက်သောအမှုဖြစ်သည်။

မူလရုံးက သုံးသပ်ရာတွင် ဦးတင်ငွေတို့အပေါ် အရေးယူသည့် ပြစ်မှုမှာ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၆၇ အရ ပြစ်မှုဖြစ်သဖြင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၅(၁)(ဂ)ပါ ပြဋ္ဌာန်းချက်နှင့် အကျုံးမဝင်သဖြင့် ဦးတင်ငွေတို့အပေါ် အရေးယူနိုင်ကြောင်း သုံးသပ်၍ ဦးတင်ငွေတို့၏ လျှောက်ထားတန့်ကွက်ချက်ကို ပလပ်ခဲ့သည်။

လျှောက်ထားသူ ဦးတင်ငွေက အဓိကအကြောင်းပြချက်အဖြစ်တင်ပြရာတွင် မူလတရားရုံးက သူ့အပေါ် အရေးယူသည့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၆၇ မှာ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၅(၁)(ဂ)ပါ ပြဋ္ဌာန်းချက်များနှင့် အကျုံးဝင်သည့် ပြစ်မှုဖြစ်သဖြင့် သက်ဆိုင်ရာရုံး၏ ရေးသားတိုင်လျှောက်ချက်မရှိပဲ သူ့အပေါ် အရေးယူစစ်ဆေးခြင်းမှာ မှားယွင်းကြောင်း တင်ပြသည်။

မူလရုံး တိုင်လျှောက်သူ ဒေါ်သိန်းရင်က သူ၏ တိုင်လျှောက်ချက်တွင် ဦးတင်ငွေတို့က အချင်းဖြစ်အိမ်နှင့်မြေကို စာချုပ်ဖြင့် ဝယ်ယူထားသည်ဆိုခြင်းမှာ စာရွက်စာတမ်း လိမ်လည်အတုပြုလုပ်မှုကို ကျူးလွန်ရာ ရောက်ကြောင်း စွပ်စွဲသည်။

၁၉၀၄ ဦးတင်ဌေနှင့် ၁။ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၅(၁)(ဂ)တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည် –

"တရားရုံးတစ်ရုံးတွင် အမှုသည်တစ်ဦးဦးက ထိုတရားရုံး၌ အမှုတွင် တင်ပြသော သို့မဟုတ် သက်သေခံအဖြစ်တင်သွင်းသော စာရွက်စာတမ်းနှင့်စပ်လျဉ်း၍ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၆၃ ၌ ဖော်ပြထားသော ပြစ်မှုတစ်ရပ်ရပ် သို့မဟုတ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၇၁၊ ၄၇၅၊ ၄၇၆ အရ ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲထားသည့် အမှုကိစ္စရပ်တစ်ခုခုကို ထိုတရားရုံးကဖြစ်စေ ထိုတရားရုံးထက် အဆင့်မြင့်သော တရားရုံးကဖြစ်စေ ရေးသားတိုင်လျှောက်ချက်ဖြင့် တိုင်လျှောက်သည့်အခါမှလွဲ၍ အခြား လျှောက်ထားခြင်းကို မည်သည့်တရားရုံးကမျှ လက်ခံအရေးယူခြင်း မပြုရ။"

ဟူ၍ ဖြစ်သည်။

အချင်းဖြစ်အမှုတွင် အိမ်ရှင် ဒေါ်သိန်းရင် စွပ်စွဲတင်ပြသော လိမ်လည်အတုပြုလုပ်သည်ဆိုသည့် စာချုပ်မှာ တရားရုံးတစ်ရုံးတွင် အမှုသည် တစ်ဦးဦးက တင်ပြထားသည့် စာရွက်စာတမ်း မဟုတ်ကြောင်း တွေ့ရသည်။ သို့ဖြစ်၍ သက်ဆိုင်ရာရုံး၏ ရေးသားတိုင်လျှောက်ချက် လိုအပ်မည်မဟုတ်သဖြင့် မူလတရားရုံးက စွပ်စွဲခံရသူ တရားခံ ဦးတင်ဌေတို့အပေါ် အရေးယူစစ်ဆေးခြင်းမှာ မှားယွင်းချွတ်ချော်သည်ဟု မဆိုနိုင်ပေ။

ထို့ကြောင့် မန္တလေးအရှေ့တောင်မြို့နယ်တရားရုံး၏အမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုသည့် မန္တလေးတိုင်းတရားရုံး၏ အမိန့်ကို ဝင်ရောက်စွက်ဖက်ရန် အကြောင်းမမြင်သဖြင့် ဤပြင်ဆင်မှုကို ပလပ်လိုက်သည်။

ဖြစ်မှုဆိုင်ရာ ပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ်ဦးလှဘုန်း၊ အဖွဲ့ဝင်များအဖြစ် ဦးအေးမောင်နှင့် ဦးတင်အုန်းတို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ချေတွင်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

နှင့်

ဦးဒေါ်သိုး ပါ(၂)*

†၁၉၀၄
မြေလ
၁၇-ရက်

ဖြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၂၃ နှင့် ၅၂၅ တို့အရ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်ကို ပြည်နယ်တရားရုံးက ပြင်ဆင်ပယ်ဖျက်ခြင်းပြုနိုင်မပြုနိုင်။

ဆုံးဖြတ်ချက်။ ။ယခုအမှုတွင် အချင်းဖြစ် နွားများကို မြို့နယ်တရားရုံးက ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း မဟုတ်ပဲ ဖလမ်းမြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၂၃ နှင့် ၅၂၅တို့အရ သိမ်းဆည်းခဲ့သည် ဖြစ်ရာ ချင်းပြည်နယ် တရားရုံးသည် မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်ကို ပြင်ဆင်ပယ်ဖျက်ခြင်း မပြုနိုင်ပေ။

လျောက်ထားသူအတွက် — ဦးစိုးသိန်း၊ ဥပဒေဝန်ထမ်းအဆင့် (၁)

လျောက်ထားခံရသူအတွက် - မရှိ

ချင်းပြည်နယ်၊ ဖလမ်းမြို့နယ်တရားရုံး ပြစ်မှုကြီးအမှတ် ၃၇/၀၃ တွင် ဦးဒေါ်သိုး နှင့် ဦးပုသွမ် တို့သည် သက်ဆိုင်ရာမှ ခွင့်ပြုချက်မရဲ့ နွားများကို မြို့နယ်ကျော်၍ သယ်ယူသည်ဟု ကောက်ယူကာ သူတို့အပေါ် အရေးကြီးသော ကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုများ ဆိုင်ရာဥပဒေပုဒ်မ ၀(၃) အရ ဒဏ်ငွေ

---

* ၁၉၀၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၂၃၀ (ခ)

† ၁၉၀၂ ခုနှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှု အမှတ် ၂၂ တွင် ချမှတ်သော (၇-၁၂-၀၂) နေ့စွဲပါ ချင်းပြည်နယ်တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၁၉၀၄ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် နှင့် ဦးဒေါ်သိုး ပါ(၂)

ကျပ် ၅၀/-စီ ပေးဆောင်စေရန်၊ မဆောင်က ထောင်တစ်လစီ ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ သို့သော် အချင်းဖြစ် နွားများကို ရုံးသို့သက်သေခံအဖြစ် တင်ပြခဲ့ခြင်း မရှိ၍ ယင်းနွားများနှင့် စပ်လျဉ်း၍ အဆုံးအဖြတ်မပေးကြောင်း အမိန့်ချမှတ်ခဲ့သည်။ သက်သေခံပစ္စည်းနှင့် ပတ်သက်သော အမိန့်ကို ဦးဒေါ်သိုးတို့က မကျေနပ်၍ ချင်းပြည်နယ်တရားရုံးသို့ အယူခံဝင်ရာ နွားတစ်ကောင်လျှင် တန်ဖိုးငွေကျပ် ၅၀၀ နှုန်း သတ်မှတ်၍ နွား ၁၃ ကောင် အတွက် ငွေကျပ် ၆၅၀၀ ကို ဖလမ်းမြို့နယ် ပြည်သူ့ကောင်စီက နွားပိုင်ရှင်များသို့ ပြန်ပေးစေရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို ဗဟိုဥပဒေရုံးက မကျေနပ်၍ ဗဟိုတရားရုံးသို့ ဤပြင်ဆင်မှုကို တင်သွင်းသည်။

ဖလမ်းမြို့ ပြည်သူ့ရဲတပ်ဖွဲ့ စခန်းမှ ရဲတပ်ကြပ် ကျော်မြင့်လွင် ဦးစီးသော အဖွဲ့သည် ၂၇-၂-၈၁ ရက်နေ့တွင် တလန်းဇာနှင့် ဂုဏ်ဘူးကျေးရွာကြားတောထဲတွင် နယ်ကျော်နွား ၁၃ ကောင်ကို ဝိုင်ရှင်ခဲ့ ဖမ်းဆီးရမိကြောင်း၊ ဝိုင်ရှင်မဲ့နွားများဖြစ်၍ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သို့ ပေးအပ်ကြောင်း၊ ၁၆-၃-၈၁ ရက်နေ့တွင် ဟားခါးမြို့ဈေးဟောင်းရုပ်နေ ဦးဒေါ်သိုးနှင့် ဦးပုသွမ်တို့က သူတို့သည် နွားပိုင်ရှင်ဖြစ်ကြောင်း တင်ပြ၍ ဖလမ်းပြည်သူ့ရဲတပ်ဖွဲ့စခန်းမှူး ဦးကျင့်ပေါင်က ဦးဒေါ်သိုးတို့ အပေါ် တိုင်ကြားရာမှ ပေါ်ပေါက်ခဲ့သည့် အမှုဖြစ်သည်။

ဗဟိုဥပဒေရုံးက ပြင်ဆင်မှု တင်သွင်းရာတွင် တရားရုံးသို့ တင်ပို့ခြင်း မပြုသော နွားများနှင့် ပတ်သက်၍ ပြည်နယ်တရားရုံးက ပိုင်ရှင်သို့ ပြန်ပေးစေရန် အမိန့်ချမှတ်ခြင်းသည် ဥပဒေအရ မှားယွင်းကြောင်း ပြင်ဆင်မှုအကြောင်းပြချက်အဖြစ် တင်ပြထားသည်။

ချင်းပြည်နယ်တရားရုံးကမူ အရေးကြီးသော ကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုများ ဆိုင်ရာဥပဒေပုဒ်မ ၈(၃)အရ အရေးယူသည့် အမှုတွင် သက်သေခံပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းရမည်ဟု ဖော်ပြမထားကြောင်း၊ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သည် ယင်းဥပဒေပုဒ်မ ၈(၃) အရ သက်သေခံပစ္စည်းကို သိမ်းဆည်းခွင့် မရှိပဲ အချင်းဖြစ် နွားများကို လေလံတင် ရောင်းချခဲ့ခြင်းမှာ ဥပဒေနှင့် မညီကြောင်း သုံးသပ်ပြီး သက်သေခံနွား၏ တန်ဖိုးငွေ ကျပ် ၆၅၀၀ကို ဖလမ်းမြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က နွားပိုင်ရှင်များသို့ ပြန်ပေးစေရန် အမိန့်ချမှတ်ခဲ့သည်။

ယခုအမှုတွင် အချင်းဖြစ် နွားများကို မြို့နယ်တရားရုံးက ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းမဟုတ်ပဲ ဖလမ်းမြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှု

၁၉၇၄၊ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် နှင့် ဦးဒေါ်သိုး ပါ(၂)

ဆောင် အဖွဲ့က ပြစ်မှုဆိုင်ရာကုန်ထုံး ဥပဒေပုဒ်မ ၁၂၃ နှင့် ၁၂၅ တို့ အရ သိမ်းဆည်းခဲ့သည်ဖြစ်ရာ ချင်းပြည်နယ်တရားရုံးသည် မြို့နယ်ပြည်သူ့ကောင်စီ အ လုပ် အ မှု ဆောင် အ ဖွဲ့ ၏ ဆုံးဖြတ်ချက်ကို ပြင်ဆင်ပယ်ဖျက်ခြင်း မပြုနိုင် ပေ။

သို့ဖြစ်၍ ချင်းပြည်နယ် တရားရုံး၏ ၄–၃–၈၂ ရက်နေ့စွဲပါ အမိန့်ကို ပယ်ဖျက်ပြီး မြို့နယ်တရားရုံး၏ အမိန့်ကို အတည်ပြုကြောင်း အမိန့်ချမှတ် သည်။

ပြစ်မှုဆိုင်ရာ အယူခံမှု

ဥက္ကဋ္ဌအဖြစ်ဦးတင်အောင်၊အဖွဲ့ဝင်များအဖြစ်ဦးခင်ဇာမုံနှင့်ဦးအေးမောင် တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်

နှင့်

၁။ မောင်သံချောင်း

၂။ မောင်အောင်မောင်း ပါ (၄) *

တရားခံ အဖမ်းခံရပြီး ရက်များစွာကြာမြင့်မှ ပေးသော ဖြောင့်ချက်၊ ပြန်လည်ရှုပ်ထွေးသော ဖြောင့်ချက်၊ အခြား လုံလောက်သည့် အထောက်အထားမရှိသော ဖြောင့်ချက်သည် တရားခံအား အပြစ်ပေးရန်လုံလောက်မှု မရှိခြင်း။

ဆုံးဖြတ်ချက်။ ။သက်သေခံ (၄) ဖြောင့်ချက်ကို ကြည့်ရှုသည့်အခါ မောင်သံချောင်းအား ဖမ်းဆီးရမိပြီးနောက် (၉) ရက် ကြာမှ ယူခဲ့သော ဖြောင့်ချက်ဖြစ်ကြောင်းတွေ့ရသည်။ ဖြောင့်ချက် တစ်ခုသည် တရားခံ အဖမ်းခံရပြီး ရက်များစွာကြာမှ ပေးသော ဖြောင့်ချက် ဖြစ်လျှင်သော်လည်းကောင်း၊ ပြန်လည်ရှုပ်ထွေးသည့် ဖြောင့်ချက်ဖြစ်လျှင် သော်လည်းကောင်း၊ အခြားလုံလောက်သည့် အထောက်အထားမရှိလျှင် ယင်းဖြောင့်ချက်မှာ တရားခံအား အပြစ်ပေးရန် လုံလောက်သည့် ဖြောင့်ချက်ဟု မဆိုနိုင်ပေ။

အယူခံ တရားလို အတွက် — ဦးမောင်မောင်သန်း
ဥပဒေဝန်ထမ်းအဆင့် (၁)

အယူခံတရားခံများအတွက်— ဦးမြရှိန်၊ ဗဟိုတရားရုံးရှေ့နေ

---

* ၁၉၀၀ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၂၂၂ နှင့်
၁၉၀၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၁၂ (က)

† ၁၉၇၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၀၄၅ တွင် ချမှတ်သော (၂၀-၂-၇၀) နေ့စွဲပါ ပျဉ်းမနားမြို့နယ်တရားရုံး၏အမိန့်ကို အယူခံမှုနှင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၃၉ အရ ဖွင့်လှစ်သော ပြင်ဆင်မှု။

၁၉၈၄ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် နှင့် ၁။ မောင်သံ ချောင်း ၂။ မောင် အောင် မောင် ပ၊ (၄)

မန္တလေးတိုင်း၊ ပျဉ်းမနားမြို့နယ်ဘရားရုံး၌ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၀၄၅/၇၇ တွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ အရ အရေးယူခြင်းခံရသော တရားခံ မောင်သံချောင်းကို အမှုမှ အပြီးအပြတ် လွှတ်လိုက်ကြောင်း အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို ဗဟိုဥပဒေရုံးက မကျေနပ်သဖြင့် ဗဟို တရားရုံးသို့ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၂၂၂/၈၀ ကို တင်သွင်းခဲ့သည်။ ယင်းအယူခံမှုကို ဗဟိုတရားရုံးက ဆောင်ရွက်နေစဉ် ၇-၇-၈၃ ရက်နေ့တွင် ဗဟိုတရား စီရင်ရေး အဖွဲ့က ပူးတွဲတရားခံများ ဖြစ်ကြသော မောင်အောင်မောင်း၊ မောင်စောထွန်း၊ မောင်လှအောင်နှင့် မောင်ကျော်ညွန့်တို့နှင့် စပ်လျဉ်း၍လည်း ပြင်ဆင်မှု (က) ဖွင့်လှစ်သင့်ကြောင်း တွေ့ရှိရသဖြင့် ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၁၂ (က)/၈၃ ကို ဖွင့်လှစ်ခဲ့သည်။

အယူခံမှုအမှတ် ၂၂၂/၈၀နှင့် ပြင်ဆင်မှုအမှတ် ၁၂(က)/၈၃ တို့သည် မူလအမှုဖြစ်သော ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၀၄၅/၇၇ မှ ပေါ်ပေါက်လာသော အမှုများဖြစ်၍ ဤအမိန့်သည် ယင်းအယူခံမှုနှင့် ပြင်ဆင်မှု နှစ်မှုစလုံးနှင့် သက်ဆိုင်စေရမည်။

အချင်းဖြစ်သည်မှာ ၁၈-၇-၇၇ ရက်နေ့ဖြစ်သည်။ ပထမ သတင်းပေးတိုင်ချက်ကို ပျဉ်းမနားမြို့ မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲအုပ် ဦးဝင်းအောင်က အချင်းဖြစ်ပြီး (၁)လ ကျော်ကြာမှ ၂၀-၈-၇၇ ရက်နေ့တွင် တိုင်ချက်ရေးဖွင့်ခဲ့ခြင်း ဖြစ်သည်။

ပထမသတင်းပေး တိုင်ချက်သက်သေခံ (က) တွင် ဦးဝင်းအောင်က တိုင်တန်းရာ၌ ၁၈-၇-၇၇ ရက်နေ့ သို့မဟုတ် ၁၉-၇-၇၇ ရက်နေ့ညတွင် မရမ်းတောင်အောက် ကျေးရွာနေ ကျေးရွာလုံခြုံရေး ကင်းတာဝန်များကို ဆောင်ရွက်နေကြသော မောင်သံချောင်း၊ မောင်အောင်မောင်း၊ မောင်စောထွန်း၊ မောင်လှအောင်၊ မောင်ကျော်ညွန့်တို့သည် အရက်မူးပြီး ရမ်းကားနေသော တရွာတည်းသား မောင်ကို ကို ကြိုးဖြင့် တုပ်၍ ဆင်ချောင်းတောင်ဇရပ် အရှေ့မြောက်ဘက်ရှိ ကျောက်မိုးတောသို့ ခေါ်ဆောင်သွားကြပြီး ဝါးချွန်ဖြင့် ဝိုင်းဝန်းထိုးသတ်ကြကာ ၆ တောင်ခန့်နက်သော ချောက်အတွင်းသို့ ပစ်ချမြေမြှုပ်လိုက်ကြကြောင်းဖြင့် မရမ်းတောင်ရွာသားများထံမှ ရရှိသော လျှို့ဝှက်စုံစမ်း ထောက်လှမ်းမှုကို အခြေပြု၍ ဒုတိယရဲအုပ် ဦးဝင်းအောင်က ဖော်ပြ တိုင်တန်းခဲ့သည်။

မြို့နယ်တရားရုံး အမှုတွဲကို စိစစ် ကြည့်ရှု ရာတွင် မြို့နယ်တရားရုံးသည် မောင်သံချောင်းအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၆ အရ စွဲချက်တင်ခဲ့ပြီး ကျန်တရားခံများကို စွဲချက်မတင်ပဲ လွှတ်ခဲ့ကြောင်းတွေ့ရသည်။ ယင်းနောက်

၁၉၀၄ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်နှင့် ၁။ မောင်သံချောင်း ၂။ မောင်အောင်မောင်းပါ(၄)

တရားခံ မောင်သံချောင်းနှင့် မောင်သံချောင်း တင်ပြသော တရားခံပြ သက်သေကို စစ်ဆေးပြီး ၂၀–၂–၇၀ ရက်နေ့တွင် မောင်သံချောင်းအား အမှုမှ အပြီးအပြတ် လွှတ်ခဲ့သည်။

မောင်အောင်မောင်းပါ (၄)ဦးတို့အား စွဲချက်မတင်ပဲ လွှတ်သည့်အဓိန့်နှင့် စပ်လျဉ်း၍ ဒေါ်စောရင်ဆိုသူက မကျေနပ်သောကြောင့် မန္တလေးတိုင်း တရားရုံးသို့ ပြင်ဆင်ပေးရန် လျှောက်ထားခဲ့ရာ မန္တလေးတိုင်း တရားရုံးက ၁၂–၉–၇၀ ရက်နေ့တွင် မောင်အောင်မောင်းပါ (၄) ဦးတို့အား စွဲချက်မတင်ပဲ လွှတ်ကြောင်း ချမှတ်သည့် မြို့နယ်တရားရုံး၏အမိန့်ကို ပယ်ဖျက်၍ မောင်အောင်မောင်းတို့ အပေါ် သင့်တော်သည့် ဥပဒေပုဒ်မဖြင့် စွဲချက်တင်ပြီး အမှုကို ဆက်လက်ဆောင်ရွက်သွားရန် အမိန့်ချမှတ်ခဲ့သည်။

မောင်သံချောင်းအား အပြီးအပြတ်လွှတ်သည့် အမိန့်ကို မကျေနပ်သဖြင့် ဗဟိုဥပဒေရုံးက အယူခံမှုတင်သွင်းရာတွင် တရားလိုပြသက်သေ မအုန်းတင် (လိုပြ–၂) နှင့် မောင်အောင်မြင့် (လိုပြ–၄) တို့၏ ထွက်ဆိုချက်များ အရ သေသူ မောင်ကိုနှင့် အမည်မသိသူ နှစ်ယောက် ရန်ဖြစ်ကြသဖြင့် ပြည်သူ့စစ်အဖွဲ့မှ မောင်သံချောင်းတို့က သေသူ မောင်ကိုအား လာရောက် ဖမ်းဆီးခေါ်ဆောင်သွားကြသည်မှာ ပေါ်လွင်ကြောင်း၊ တရားခံ မောင်သံချောင်းပေးခဲ့သော ဖြောင့်ချက်ပါ သေသူအား ကြိုးနှင့်တုပ်၍ ဝါးလွှဲနှင့်ဖြင့် ထိုးသတ်ခဲ့သည် ဆိုသည့် ဖြောင့်ချက်နှင့် အလောင်းတွေ့ရှိသော နေရာမှ ကြိုးနှင့် ဝါးလွှဲနှင့် ရှာဖွေတွေ့ရှိခဲ့သည်ဆိုသည့် အချက်တို့မှာ ကိုက်ညီနေ၍ မောင်သံချောင်းတွင် တာဝန်ရှိနေကြောင်းဖြင့် ဗဟိုဥပဒေရုံးက အဓိက အကြောင်းပြချက်နှစ်ချက် တင်ပြထားသည်။

မြို့နယ်တရားရုံး အမှုတွဲကို ကြည့်ရှုလေ့လာသည့်အခါ သေသူ မောင်ကို တည်းခိုနေသည့် အိမ်၏အိမ်ရှင် မအုန်းတင် (လိုပြ–၂) က သူသည် နေအိမ်တွင် မရှိ၍ မောင်ကိုအား မောင်သံချောင်းတို့ အဖွဲ့က လာရောက် ခေါ်ယူသွားသည်ကို ကိုယ်တိုင်မမြင်ကြောင်း တဆင့် ကြားရခြင်းသာ ဖြစ်ကြောင်း ထွက်ဆိုထားသည်ကို တွေ့ရသည်။

တရားလိုပြ သက်သေ အသက် ၁၅ နှစ် အရွယ်ရှိ မောင်အောင်မြင့် (လိုပြ–၄) က အဖွားဖြစ်သူ ဒေါ်အုံးရွှေ၏ စေခိုင်းချက် အရ မောင်ကို၊ ကိုအုန်းမောင်နှင့် ကိုဘိုဖြူတို့ ရန်ဖြစ်သည့် ကိစ္စကို ကျေးရွာပြည်သူ့ကောင်စီဥက္ကဋ္ဌ ဦးစောမောင်ထံသို့ သွားရောက် တိုင်ခဲ့ကြောင်းနှင့် ထိုသို့တိုင်တန်းပြီးနောက် နေအိမ်သို့ ပြန်လည်ရောက်ရှိသည့်အခါ ပြည်သူ့စစ် ခေါင်းဆောင် မောင်သံချောင်းနှင့် အဖွဲဝင်များက မောင်ကိုတို့ သုံးဦးကို ဦးစောမောင်

အိမ်သို့ ခေါ်သွားကြောင်းတွေ့ရသည်ဟု ထွက်ဆိုထားသည်။ ဦးစောမောင်နေအိမ်သို့ ရောက်ရှိသည့် အခါ မည်သို့ဖြစ်ပျက်သည်ဆိုသည့် အကြောင်းအရာနှင့် စပ်လျဉ်း၍မူ သက်သေခံချက် အထောက်အထား လုံးဝမရှိပေ။

ယခုအမှုတွင် တရားလိုပြ သက်သေ ၁၀ ဦးကို စစ်ဆေးခဲ့သည်။ ယင်း ၁၀ ဦးအနက် အမှုအကြောင်းအရာ အချက်အလက်များနှင့် စပ်လျဉ်း၍ အထက်တွင် ဖော်ပြပါ တရားလိုပြ သက်သေ မောင်အောင်မြင့်၏ ထွက်ချက်၌ ပါရှိသည့်အချက်အလက်မျှသာ ရှိသည်။ အခြားသက်သေခံ အချက်အလက်များမှာ ရှာဖွေပုံစံ သက်သေခံ (ခ) အရ အလောင်းဖော်ရာ၌ အလောင်းပေါ်တွင် စိုက်ထားသော ဝါးချွန်တစ်ချောင်းနှင့် အလောင်း လက်ဖျံရိုးနှင့် ခြေသလုံးရိုးများမှ ဖြုတ်ယူခဲ့သည့် ကြိုးတစ်ချောင်းတို့သာ ရှိသည်။ ဤအမှုတွင် ဆရာဝန်၏ စစ်ဆေးချက်လည်း မပါရှိပေ။

တရားခံ မောင်သံချောင်း ပေးခဲ့သော သက်သေခံ (ဂ) ဖြောင့်ချက်တွင် သေသူ မောင်ကိုမှာ အောက်လမ်းဆရာယောင်ယောင် ဆေးကုသရင်း အမျိုးသမီးများကို စော်ကားပြီး အကြိမ်ကြိမ် မူးယစ်သောက်စား ဆူပူနေသဖြင့် ဥက္ကဋ္ဌ ဦးစောမောင်၏ စေခိုင်းချက်အရ မောင်ကိုအား ကြိုးနှင့်တုပ်၍ မရမ်းတောင်ရွာ၏ မြောက်ဘက်သို့ ခေါ်ဆောင် သွားပြီး ဝါးချွန်နှင့် ထိုးသတ်၍ ချောက်ထဲသို့ ပစ်ချခဲ့ကြောင်း ထွက်ဆို ထားသည်ကို တွေ့ရသည်။ သို့သော် မောင်သံချောင်းက ယင်းဖြောင့်ချက်ကို ရဲများက ညှဉ်းပန်း နှိပ်စက်သဖြင့် ပေးခဲ့ရခြင်းဖြစ်ကြောင်းထွက်ဆိုပြီး ဖြောင့်ချက်ကိုပြန်လည်ရုပ်သိမ်းထားသည်။

သက်သေခံ (ဂ) ဖြောင့်ချက်ကို ကြည့်ရှုသည့်အခါ မောင်သံချောင်းအား ဖမ်းဆီးရမိပြီးနောက် (၉)ရက်ကြာမှ ယူခဲ့သော ဖြောင့်ချက် ဖြစ်ကြောင်း တွေ့ရသည်။ ဖြောင့်ချက်တစ်ခုသည် တရားခံအဖမ်းခံရပြီး ရက်များစွာကြာမှ ပေးသော ဖြောင့်ချက်ဖြစ်လျှင်သော်လည်းကောင်း၊ ပြန်လည်ရုပ်သိမ်းထားသည့် ဖြောင့်ချက်ဖြစ်လျှင်သော်လည်းကောင်း၊ အခြားလုံလောက်သည့် အထောက်အထား မရှိလျှင် ယင်းဖြောင့်ချက်မှာ တရားခံအား အပြစ်ပေးရန် လုံလောက်သည့်ဖြောင့်ချက်ဟု မဆိုနိုင်ပေ။ အခြားအထောက်အထားအဖြစ်မောင်အောင်မြင့်၏ ထွက်ဆိုချက်အရ မောင်သံချောင်းတို့ အဖွဲ့က မောင်ကိုအား ဥက္ကဋ္ဌ ဦးစောမောင်ထံသို့ခေါ်သွားခဲ့သည်ဆိုသည့်အချက်သာလျှင်ပေါ်ပေါက်သည်။ မောင်သံချောင်းထံမှ သက်သေခံပစ္စည်း တစုံတရာသိမ်းဆည်း ရမိခဲ့ခြင်းလည်း မရှိပေ။ ဤမျှဖြင့် မောင်သံချောင်းအား အပြစ်ပေးမည်ဆိုလျှင် ထင်ကြေးဖြင့် အပြစ်ပေးသည့် အနေအထားသာ ရှိပေမည်။ အမှုအဖြစ်အပျက် အကြောင်းအရာမှာ စက်ဆုပ်ဖွယ်ရာ ကောင်းသော်လည်း ကြီးလေးသော လူသတ်မှုများတွင် ဤအထောက်အထားမျှဖြင့် တရားခံတစ်ဦးအား အပြစ်မပေးသင့်ပေ။

၁၉၀၄

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် နှင့်

၁။ မောင်သံ ချောင်း

၂။ မောင် အောင်မောင်း ပါ(၄)

ကျန်တရားခံများ ဖြစ်ကြသော မောင်အောင်မောင်း ပါ (၄) ဦး တို့နှင့် ပတ်သက်၍ မောင်သံချောင်း ရုပ်သိမ်းထားသော ဖြောင့်ချက်မှလွဲ၍ အခြား အထောက်အထား တစုံတရာ မရှိပေ။ ထို့ကြောင့် မောင်အောင်မောင်းပါ (၄) ဦးတို့အား စွဲချက်တင်ပြီး ဆက်လက်စစ်ဆေးပါကလည်း အကြောင်း ထူးမည် မဟုတ်ပေ။ သို့ဖြစ်၍ ပြစ်မှုဆိုင်ရာ အယူခံမှု အမှတ် ၂၂၂/၀၀ ကို ပလပ်ပြီး မန္တလေးတိုင်းတရားရုံး၏ ၁၂-၉-၇၀ ရက် နေ့စွဲပါ မောင်အောင် မောင်းပါ (၄) ဦး တို့ အပေါ် ချမှတ်ခဲ့သော အမိန့်ကို ပယ်ဖျက်၍ မောင်အောင်မောင်း၊ မောင်စောထွန်း၊ မောင်လှအောင်နှင့် မောင်ကျော်ညွန့် တို့ကို စွဲချက်မတင်ပဲ လွှတ်လိုက်ကြောင်း အမိန့်ချမှတ်သည်။

ပြစ်မှုဆိုင်ရာ အယူခံမှု

ဥက္ကဋ္ဌအဖြစ်ဦးတင်အောင်အဖွဲ့ဝင်များအဖြစ်ဦးခင်ဇာမုံနှင့်ဦးအေးမောင် တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ပြည်ထောင်စု ခိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

နှင့်

ဦးကြည်စိန် *

† ၁၉၀၄
မလ ၂ ရက်

အိန္ဒိုဒိုင်းအတွင်း အလေ့ကျပေါက် နေသော ဆေးခြောက်ပင်များ— ၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၃(ခ) အရ အကျုံးဝင်မဝင်။

ဆုံးဖြတ်ချက်။ ။ဦးကြည်စိန်၏ နေအိမ်ဝိုင်းထဲ၌ တွေ့ရှိသော ဆေးခြောက်ပင်မှာ ၁၀ပင်မျှသာ ရှိပြီး ချဉ်ပေါင်ပင်များနှင့် ရောနှောပေါက်နေကြောင်း တွေ့ရှိရသဖြင့် ချဉ်ပေါင်မျိုးစေ့များကို ကြဲချိုးကျက်ထားရာတွင် ရောနှော ပါရှိ၍ အလေ့ကျ ပေါက်နေသော ဆေးခြောက်ပင်များ ဖြစ်ကြောင်း ဦးကြည်စိန်၏ ထုချေရှင်းလင်းချက်မှာ အကြောင်းယုတ္တိမရှိဟု မဆိုနိုင်ပေ။

သို့ဖြစ်ရာ မူလတရားရုံးက အချင်းဖြစ် ဆေးခြောက်ပင် ၁၀ ပင်မှာ ဦးကြည်စိန် စိုက်ထားသော အပင်များဖြစ်သည်ဟု မယူဆကြောင်း ကောက်ယူ ဆုံးဖြတ်ခြင်းမှာ မှားယွင်းချက်ချော်သည်ဟု မဆိုနိုင်ပေ။

အယူခံတရားလိုအတွက် — ဦးစိန်လှ၊ ဥပဒေဝန်ထမ်းအဆင့်(၁)

အယူခံတရားခံအတွက် — ဦးဌေးမြင့်၊ ဗဟိုတရားရုံးရှေ့နေ

---

* ၁၉၀၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၁၂၅

† ၁၉၀၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၆၀၇ တွင် ချမှတ်သော (၁၇-၁၂-၀၂) နေ့စွဲပါ တောင်တွင်းကြီး မြို့နယ် တရားရုံး၏ အမိန့်ကို အယူခံမှု။

၁၉၀၄ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်နှင့် ဦးကြည်စိန်

တောင်တွင်းကြီးမြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၆၀၇/၀၁ တွင် ဦးကြည်စိန် အပေါ် ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ၊ ဥပဒေပုဒ်မ ၆(ခ)အရ စစ်ဆေးစီရင်၍ ဦးကြည်စိန်အား အမှုမှအပြီး အပြတ်လွှတ်ခဲ့သည်။ ဗဟိုဥပဒေရုံးက မြို့နယ်တရားရုံး၏ အဓိန့်ကို မကျေနပ်သဖြင့် ဗဟိုတရားရုံးသို့ ဤအယူခံမှုကို တင်သွင်းသည်။

အမှုမှာ ၄-၁၁-၈၁ ရက်နေ့တွင် တောင်တွင်းကြီး ပြည်သူ့ရဲတပ်ဖွဲ့စခန်းမှ ရဲတပ်ကြပ် ဦးပုသည် သတင်းထောက်လှမ်းရန် ထွက်လာခဲ့ရာ ပုဂံကုန်းကျေးရွာ ဦးကြည်စိန်၏ နေအိမ်ဝိုင်းအတွင်းတွင် ဆေးခြောက်ပင် ၁၀ ပင်ကို ရှာဖွေတွေ့ရှိရသဖြင့် ဦးပုကပင် သတင်းပို့တိုင်တန်းခဲ့ရာ တောင်တွင်းကြီး ပြည်သူ့ရဲတပ်ဖွဲ့စခန်းက ဦးကြည်စိန်အပေါ် ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၃ (ခ)အရ တရားခုံးသို့ တင်ပို့သော အမှုဖြစ်သည်။

ဗဟိုဥပဒေရုံးက အဓိကအကြောင်းပြချက်အဖြစ် တင်ပြရာတွင် ဦးကြည်စိန်၏ အိမ်ဝိုင်းအတွင်းမှ ဆေးခြောက်ပင်များကို တွေ့ရှိခဲ့သည်မှာ အငြင်းမပွားကြောင်း၊ ဦးကြည်စိန်သည် တောင်သူ လယ်သမား တစ်ဦးဖြစ်သဖြင့် ဆေးခြောက်ပင်မှန်း မသိဟု ဆိုခြင်းမှာ ယုတ္တိမရှိကြောင်း၊ ဆေးခြောက်ပင်သည် အလေ့ကျပေါက်သော အပင်မဟုတ်ကြောင်း တင်ပြသည်။

မူလတရားရုံးက သုံးသပ်ရာတွင် ဦးကြည်စိန်သည် မိမိအိမ်ဝိုင်းအတွင်း၌ ရွှေတိုချဉ်ပေါင်ပင်များနှင့် ရောနှောပေါက်နေသော ဆေးခြောက်ပင်များကို ဆေးခြောက်ပင်ဟုပင် မသိကြောင်း၊ ဦးပုက ပြောပြမှသာ ဆေးခြောက်ပင်ဟု သိရှိရကြောင်း ပေါ်ပေါက်သဖြင့် ဦးကြည်စိန်က တမင် စိုက်ထားသော ဆေးခြောက်ပင်များ ဖြစ်သည်ဟု မယူဆကြောင်း သုံးသပ်၍ ဦးကြည်စိန်အား အပြီးအပြတ် လွှတ်ခဲ့သည်ကို တွေ့ရှိရသည်။

မူလရုံး အမှုတွဲကို လေ့လာကြည့်ရှုရာတွင် ဦးကြည်စိန်၏ အိမ်ဝိုင်းအတွင်းမှ ဆေးခြောက်ပင် ၁၀ ပင်ကို တွေ့ရှိခဲ့ကြောင်း အငြင်းမပွားပေ။ ရှာဖွေသက်သေ ကျေးရွာပြည်သူ့ကောင်စီ အတွင်းရေးမှူး ဦးလွန်းမြ (လိုပြ–၂) က ''ယင်းဆေးခြောက်ပင်များကို ရဲတပ်ကြပ်ကိုး ဦးပုမှ မြင်တွေ့ခြင်းဖြစ်ပြီး၊ ၎င်းက ဆေးခြောက်ပင်များ ဖြစ်ကြောင်း ပြောပါသည်။ ယင်းဆေးခြောက်ပင်များမှာ ၄ ပင်၊ ၅ ပင်လောက် ရှိသည်ထင်ပါသည်။ ချဉ်ပေါင်ခင်းထဲတွင် ဟိုတပင် ဒီတပင် ပေါက်နေခြင်း ဖြစ်ပါသည်။ ဦးပုက အိမ်ရှင်ဦးကြည်စိန်အား ယင်းအပင်များမှာ ဆေးခြောက်ပင်များ ဖြစ်ကြောင်း ပြော၍ အိမ်ရှင် ဦးကြည်စိန်က ဆေးခြောက်ပင်များ မသိကြောင်း၊ ချဉ်ပေါင်ပင်များသာ ဖြစ်ကြောင်း

ပြောပါသည်'' ဟု ထွက်ဆိုသည်။ ဦးကြည်စိန်၏ နေအိမ်ဝိုင်းထဲ၌ တွေ့ရှိသော ဆေးခြောက်ပင်မှာ ၁၀ ပင်မျှသာ ရှိပြီး၊ ချဉ်ပေါင်ပင်များနှင့် ရောနှော ပေါက်နေကြောင်း တွေ့ရှိရသဖြင့် ချဉ်ပေါင်မျိုးစေ့များကို ကြဲ၍ စိုက်ထား ရာတွင် ရောနှောပါရှိ၍ အလေ့ကျပေါက်နေသော ဆေးခြောက်ပင်များ ဖြစ် ကြောင်း ဦးကြည်စိန်၏ ထုချေရှင်းလင်းချက်မှာ အကြောင်းယုတ္တိမရှိဟု မဆို နိုင်ပေ။ သို့ဖြစ်ရာ မူလတရားရုံးက အချင်းဖြစ် ဆေးခြောက်ပင် ၁၀ ပင်မှာ ဦးကြည်စိန် စိုက်ထားသော အပင်များ ဖြစ်သည်ဟု မယူဆကြောင်း ကောက် ယူ ဆုံးဖြတ်ခြင်းမှာ မှားယွင်းချွတ်ချော်သည်ဟု မဆိုနိုင်ပေ။

ထို့ကြောင့်တောင်တွင်းကြီးမြို့နယ် တရားရုံး၏အမိန့်ကို ဝင်ရောက်စွက်ဖက် ရန် အကြောင်းမရှိသဖြင့် ဤအယူခံမှုကို ပလပ်လိုက်သည်။

ပြစ်မှုဆိုင်ရာ အထွေထွေ လျှောက်လွှာ

ဥက္ကဋ္ဌအဖြစ်ဦးအေးမောင်၊အဖွဲ့ဝင်များအဖြစ်ဦးတင်အောင်နှင့်ဦးခင်ဇာမုံတို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

ဦးမောင်မောင်

နှင့်

၁။ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

၂။ မောင်ကိုကိုကြီး *

†၁၉၀၄ မေလ ၅ ရက်

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၄–အမွေပုံပစ္စည်းတစ်ရပ်နှင့် စပ်လျဉ်း၍ အမွေဆိုင်တစ်ဦးအပေါ်အလွဲသုံးစားမှုဖြင့်အရေးမယူနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။တိုင်လျှောက်သူ မောင်ကိုကိုကြီး၏ တင်ပြ ထွက်ဆို ချက်များအရ ကွယ်လွန်သူ ဒေါ်ရွှေ၏ အမွေပုံပစ္စည်းနှင့်စပ်လျဉ်း၍ ဒေါ်ရွှေ၏ မြစ်ဖြစ်သူ ဦးမောင်မောင်နှင့် မြေးဝမ်းကွဲဖြစ်သူ မောင်ကိုကိုကြီးတို့အကြား အမွေကိစ္စ အငြင်းပွားမှုတစ်ရပ်ဖြစ်ကြောင်းပေါ်ပေါက်သည်။ အမွေပုံပစ္စည်း တစ်ရပ်နှင့် စပ်လျဉ်း၍ အမွေဆိုင်တစ်ဦးအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၄ အရ အလွဲသုံးစားမှုမြောက်ရန် အကြောင်းမပေါ်ပေါက်နိုင်ပေ။

လျှောက်ထားသူအတွက် – ကိုယ်တိုင်

လျှောက်ထားခံရသူများအတွက်– (၁) ဦးရွှန်းရှိထမ်း၊
တိုင်းတာဝန်ခံ၊ဥပဒေဝန်ထမ်း

(၂) ဦးတင့်စိုး၊ ဗဟိုတရားရုံးရှေ့နေ

မန္တလေး အရှေ့မြောက်မြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၁၇၀၉/၀၂ တွင် ဦးမောင်မောင်အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၄ အရ အရေးယူစစ်ဆေးလျက်ရှိသည်။ ဦးမောင်မောင်က သူ့အပေါ်အရေးယူ စစ်ဆေးခြင်းကို မကျေနပ်သဖြင့် မန္တလေးအရှေ့မြောက်မြို့နယ်တရားရုံး၊ပြစ်မှု

---

* ၁၉၀၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်လွှာအမှတ် ၂၀

† မန္တလေးအရှေ့မြောက်မြို့နယ်တရားရုံး၊ပြစ်မှုဆိုင်ရာအမှုကြီးအမှတ်၁၇၀၉/၀၂ ကို ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၆၁-က အရ ချေဖျက်ပေးရန် လျှောက်ထားမှု။

ဆိုင်ရာအမှုကြီးအမှတ် ၁၇၀၉/၀၂ ကို ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၆၁–က အရ ချေဖျက်ပေးရန် ဗဟိုတရားရုံးသို့ လျှောက်ထားသောအမှု ဖြစ်သည်။

၁၉၀၄
ဦးမောင်မောင်နှင့် ၁။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် ၂။ မောင်ကိုကိုကြီး

အမှုမှာ အမွေဆိုင်ပစ္စည်းဖြစ်သည့် မန္တလေးမြို့၊ အကွက်အမှတ် ၆၀၆ ဦးပိုင်အမှတ် ၂ ဟောဇလရပ်ရှိ မြေနှင့်အဆောက်အဦပစ္စည်းကို ဦးမောင်မောင်သည် သူ၏အမည်သို့ လွှဲပြောင်းခဲ့ပြီး မန္တိရီဆိုသူအား လွှဲပြောင်းရောင်းချရန် ပြုလုပ်ခဲ့သည့်အပြင် အဆောက်အဦကိုလည်း ဖျက်ဆီးလိုက်သည်ဟု ဖေါ်ပြလျက် အမွေဆိုင်တစ်ဦးဖြစ်သူ မောင်ကိုကိုကြီးက ဦးမောင်မောင်အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၄ အရ အရေးယူပေးရန် တိုက်ရိုက် တိုင်လျှောက်သောအမှုဖြစ်သည်။

လျှောက်ထားသူ ဦးမောင်မောင်က အဓိကအကြောင်းပြချက်အဖြစ် တင်ပြရာတွင် မိမိသည် ကွယ်လွန်သူ အမွေရှင်၏ တူတဝမ်းကွဲဖြစ်ကြောင်း၊ မောင်ကိုကိုကြီးမှာ ကွယ်လွန်သူ အမွေရှင်၏ မောင်နှမဝမ်းကွဲတော်သူဖြစ်ကြောင်း၊ မိမိသည် အမွေဆိုင်တစ်ဦးဖြစ်သဖြင့်လည်းကောင်း၊ အချင်းဖြစ် ပစ္စည်းများမှာ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများ ဖြစ်သဖြင့် လည်းကောင်း၊ မိမိအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၄ အရ အရေးယူခြင်းမှာ မှားယွင်းကြောင်း အမွေကိစ္စ အငြင်းပွားမှုသာဖြစ်သဖြင့် တရားမကြောင်းအရ ဖြေရှင်းရမည့် ကိစ္စဖြစ်ကြောင်းတင်ပြသည်။

မူလရုံး၌ ပြန်လှန်စစ်မေးရာတွင် မောင်ကိုကိုကြီးက "ကျွန်တော့်အနေနှင့် ယခုအမှုကို ကျွန်တော့်ဘကြီး၏အမွေရလိုသည့်အတွက် တရားစွဲဆိုခြင်းဖြစ်ပါသည်။ ကျွန်တော့်ဘကြီးဆိုသူမှာ ဟာဂျီ ဦးမူဆာ ဖြစ်ပါသည်။ ကျွန်တော်တို့ တရားစွဲဆိုသည့်နေရာမှာ ဟာဂျီဦးမူဆာပိုင်မဟုတ်ပါ။ ၎င်း၏မိခင် ဒေါ်ရွှေပိုင်ဖြစ်ပါသည်။ × × × × × × × တရားခံ ကိုမောင်မောင်သည် ယခု အချင်းဖြစ်ပွားသည့် မြေ၏ မူလပိုင်ရှင် ဒေါ်ရွှေ၏ မြစ်အရင်းဖြစ်ပါသည်။ ကျွန်တော်မှာ အဆိုပါ ဒေါ်ရွှေ၏ မြေးတဝမ်းကွဲဖြစ်ပါသည်" ဟု ထွက်ဆိုသည်။

တိုင်လျှောက်သူ မောင်ကိုကိုကြီး၏ တင်ပြထွက်ဆိုချက်များအရ ကွယ်လွန်သူ ဒေါ်ရွှေ၏ အမွေပုံပစ္စည်းနှင့်စပ်လျဉ်း၍ ဒေါ်ရွှေ၏ မြစ်ဖြစ်သူ ဦးမောင်မောင်နှင့် မြေးဝမ်းကွဲဖြစ်သူ မောင်ကိုကိုကြီးတို့အကြား အမွေကိစ္စ အငြင်းပွားမှုတစ်ရပ် ဖြစ်ကြောင်း ပေါ်ပေါက်သည်။ အမွေပုံ ပစ္စည်းတစ်ရပ်နှင့် စပ်လျဉ်း၍ အမွေဆိုင်တစ်ဦးအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၄ အရ အလွဲသုံးစားမှုမြောက်ရန် အကြောင်းမပေါ်ပေါက်နိုင်ပေ။

၁၉၀၄ ဦးမောင်မောင်နှင့် ၁။ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် ၂။ မောင်ကိုကိုကြီး

သို့ဖြစ်ရာ မောင်ကိုကိုကြီး၏တင်ပြထွက်ဆိုချက်အရ အမှုဖြစ်ရပ်အကြောင်းခြင်းရာများမှာ တရားမကြောင်းအရ တရားတထုံး စွဲဆိုဖြေရှင်းရမည့် အမွေကိစ္စဖြစ်ကြောင်း ပေါ်လွင်သည်။

ထို့ကြောင့် ဤလျှောက်လွှာကိုခွင့်ပြု၍ မန္တလေး အရှေ့မြောက်မြို့နယ် တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၁၇၀၉/၀၂ ကို ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၆၁–က အရ ချေဖျက်လိုက်သည်။

ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်လွှာ

ဥက္ကဋ္ဌအဖြစ်ဦးတင်အောင်၊အဖွဲ့ဝင်များအဖြစ်ဦးခင်ဇာမုံနှင့်ဦးအေးမောင် တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ကိုမောင်မောင်မြင့်

နှင့်

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်*

†၁၉၀၄ မလ ၇-ရက်

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၉၅(၁) (ခ) – ယင်းပုဒ်မတွင် ပြဋ္ဌာန်းထားသောပြစ်မှုများကို သက်ဆိုင်ရာတရားရုံး သို့မဟုတ် အထက်တရားရုံးကလျှောက်ထားမှသာ အရေးယူရမည် ဖြစ်ခြင်း။

ဆုံးဖြတ်ချက်။ ။ယခု အမှုကိစ္စတွင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၉၅(၁)(ခ)နှင့်အညီ သက်ဆိုင်ရာတရားရုံးက လျှောက်ထားခြင်းမရှိပဲ ကိုကုလားက တိုက်ရိုက် လျှောက်ထားခဲ့ခြင်း ဖြစ်ကြောင်း တွေ့ရသည်။ ထို့ကြောင့် သက်ဆိုင်ရာတရားရုံး သို့မဟုတ် တိုတရားရုံးထက် အဆင့်မြင့်သော တရားရုံးကသာ လျှောက်ထားမှ အရေးယူရမည့်အမှုကို ကိုကုလား၏ လျှောက်ထားမှုအပေါ် မြို့နယ်တရားရုံးက အရေးယူခဲ့ခြင်းဖြစ်၍ ပြဋ္ဌာန်းထားသော ဥပဒေပြဋ္ဌာန်းချက်နှင့် ညီညွတ်ခြင်းမရှိဟု ဆိုရပေမည်။

လျှောက်ထားသူအတွက် – ဦးခင်မောင်ရီ၊ ဗဟိုတရားရုံးရှေ့နေ

လျှောက်ထားခံရသူအတွက်– ဦးမောင်မောင်သန်း၊ ဥပဒေဝန်ထမ်းအဆင့် (၁)

ရောဝတီတိုင်း၊ လပွတ္တာမြို့နယ်တရားရုံး၌ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၆၇၆/၀၃ တွင် ကိုကုလားက **လျှောက်ထားသူ** ကိုမောင်မောင်မြင့်အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၀၆ အရ အရေးယူပေးရန် တိုက်ရိုက်လျှောက်ထားသည်။ ယင်းအမှုကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၁–က အရချေဖျက်ပေးရန်အတွက် ကိုမောင်မောင်မြင့်က ဗဟိုတရားရုံးသို့ ဤလျှောက်လွှာကို တင်သွင်းသည်။

လပွတ္တာမြို့နယ်တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၄၅၁/၀၃ တွင် ကိုကုလားသည် သူပိုင် ကျားပိုက်ကြီး နှစ်ဖောင်ကို ကိုမောင်မောင်မြင့်နှင့်

---

* ၁၉၀၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာအမှတ် ၇၉

† လပွတ္တာမြို့နယ်တရားရုံး၏ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၆၇၆/၀၃ ကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ ချေဖျက်ပေးရန် လျှောက်ထားမှု။

၁၉၀၄ ခုနှစ် ကိုမောင်မောင်မြင့်နှင့် ဦးညီထောင်စု ဆိုရှယ်လစ်ပမ္ဗတမြန်မာနိုင်ငံတော်

ကိုထွန်းကြည်ဆိုသူတို့က အတင်းအမမ္မလာရောက်ယူမှုဖြင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၉ အရ တိုက်ရိုက်လျှောက်ထားခဲ့ရာ ၁၄–၉–၈၃ ရက်နေ့တွင် မြို့နယ်တရားရုံးက အချင်းဖြစ် ကျားပိုက်ကြီး နှစ်ဖောင်ကို ရုံးရှေ့သို့ ယူဆောင်လာရန် ကိုမောင်မောင်မြင့် အပေါ် အမိန့် ချမှတ်ခဲ့သည်။ သို့သော်လည်း ကိုမောင်မောင်မြင့်သည် မြို့နယ်တရားရုံး၏အမိန့်ကိုလိုက်နာခြင်းမရှိပဲ ရောင်းချပြီးဖြစ်ကြောင်းနှင့် သူ၏လက်ဝယ်တွင်မရှိတော့ကြောင်း ပြောဆိုတင်ပြသဖြင့် မြို့နယ်တရားရုံးက သက်ဆိုင်ရာရဲစခန်းမှတဆင့် အချင်းဖြစ်ပစ္စည်းကို ရှာဖွေသိမ်းဆည်းရန် ပစ္စည်းသိမ်းဝရမ်းထုတ်ဆင့်ခဲ့သည်။ထို့နောက် ကိုမောင်မောင်မြင့်က သူရောင်းချခဲ့သူများထံမှ အချင်းဖြစ် ပိုက်များကို သိမ်းဆည်းမသွားစေရန် သို့ဝှက်ပြောင်းရွှေ့ခိုင်းခဲ့သဖြင့် သိမ်းဆည်းရမိခဲ့ခြင်း မရှိကြောင်းဖြင့် ကိုကုလားက တိုက်ရိုက်လျှောက်ထားသဖြင့် မြို့နယ်တရားရုံးက ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၆၇၆/၈၃ ကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

ဤပြစ်မှုအထွေထွေတွင် ကိုမောင်မောင်မြင့် တင်ပြထားသော အဓိကအကြောင်းပြချက်မှာ ကိုကုလားတရားမစွဲဆိုမီကာလ အတန်ကြာကတည်းက မိမိသည် အချင်းဖြစ်ပိုက်များကို ကိုယ်ပိုင်ပစ္စည်းအဖြစ် ရောင်းချခဲ့ခြင်းဖြစ်၍ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၀၆ အရ အရေးယူခြင်းမှာ မှားယွင်းကြောင်း ဟူ၍ ဖြစ်သည်။

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၀၆ အရ အရေးယူရန်နှင့် စပ်လျဉ်း၍ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၅(၁)(ခ)တွင် တရားရုံးတစ်ရုံး၌ အမှုတစ်မှုနှင့်စပ်လျဉ်း၍ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၀၆ အရ ပြစ်မှုကျူးလွန်ကြောင်း ပေါ်ပေါက်လျှင် ထိုတရားရုံး သို့မဟုတ် ထိုတရားရုံးထက် အဆင့်မြင့်သော တရားရုံး၏ ရေးသားတိုင်လျှောက်ချက်ဖြင့် လျှောက်ထားသည့်အခါမှလွဲ၍ မည်သည့်တရားရုံးကမျှ အရေးယူခြင်းမပြုရဟု ပြဋ္ဌာန်းထားသည်။

ယခုအမှုကိစ္စတွင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၅(၁)(ခ)နှင့် အညီ သက်ဆိုင်ရာတရားရုံးက လျှောက်ထားခြင်းမရှိပဲ ကိုကုလားက တိုက်ရိုက် လျှောက်ထားခဲ့ခြင်းဖြစ်ကြောင်း တွေ့ရသည်။ ထို့ကြောင့် သက်ဆိုင်ရာတရားရုံး သို့မဟုတ် ထိုတရားရုံးထက် အဆင့်မြင့်သော တရားရုံးကသာ လျှောက်ထားမှ အရေးယူရမည့်အမှုကို ကိုကုလား၏ လျှောက်ထားမှုအပေါ် မြို့နယ်တရားရုံးက အရေးယူခဲ့ခြင်းဖြစ်၍ ပြဋ္ဌာန်းထားသော ဥပဒေပြဋ္ဌာန်းချက်နှင့် ညီညွတ်ခြင်းမရှိဟုဆိုရပေမည်။

သို့ဖြစ်၍ ဤပြစ်မှုအထွေထွေလျှောက်ထားမှုကို ခွင့်ပြုပြီး လပွတ္တာမြို့နယ်တရားရုံး၏ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၆၇၆/၈၃ ကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၁–က အရ ချေဖျက်လိုက်ကြောင်း အမိန့်ချမှတ်သည်။

ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ်ဦးတင်အောင်၊အဖွဲ့ဝင်များအဖြစ်ဦးခင်ဇာမုံနှင့်ဦးအေးမောင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

ဒေါ်မြသန်း
နှင့်
ဦးသုန္ဒရ (ခေါ်) ဦးတင်အေး *

† ၁၉၀၄ ပြေလ ၁၉၅

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁ (၃)— စားစရိတ် ပေးရန် တာဝန်ရှိသူသည် ရဟန်းဘောင်သို့ ကူးပြောင်း သွားသော်လည်း ထိုသူ၏ ပစ္စည်းကို ဝရမ်းမဖမ်းနိုင်ဟု တားမြစ်ချက် မရှိခြင်း။

ဆုံးဖြတ်ချက်။ ။စားစရိတ် ပေးရန် တာဝန်ရှိသူသည် ရဟန်းဘောင်သို့ ကူးပြောင်းသွားသဖြင့် တရားရုံးက ချမှတ်ထားသည့် စားစရိတ်ငွေများနှင့် စပ်လျဉ်း၍ ထိုသူ၏ပစ္စည်းများကို ပစ္စည်းဖမ်းဝရမ်း မထုတ်နိုင်ဟု တားမြစ်ချက် မရှိချေ။

လျှောက်ထားသူ အတွက် — ဦးချမ်းအေး (ကိုယ်စား) ဦးချစ်မောင်
ဗဟိုတရားရုံးရှေ့နေ

လျှောက်ထားခံရသူအတွက်— ဒေါ်ကျင်မြင့်၊ ဗဟိုတရားရုံးရှေ့နေ

ချောင်းဆုံမြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာ အထွေထွေမှု အမှတ် ၁/၀၃ တွင် ဦးသုန္ဒရ (ခ) ဦးတင်အေး အပေါ် မယားစရိတ်နှင့် ကလေးစရိတ်များကို ထောက်ပံ့ရန် ပျက်ကွက်သဖြင့် မယားဖြစ်သူ ဒေါ်မြသန်းက ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁ (၃) အရ စားစရိတ်ငွေများ ရလိုကြောင်း လျှောက်ထားခဲ့ရာ ဦးသုန္ဒရ (ခ) ဦးတင်အေး ပိုင် ပစ္စည်းများကို ရောင်းချ၍ စားစရိတ်ငွေများကို ရယူစေရန် အမိန့်ချမှတ်ခဲ့သည်။ ဦးသုန္ဒရ (ခ) ဦးတင်အေးက မြို့နယ်တရားရုံး၏ အမိန့်ကို မကျေနပ်သဖြင့် မွန်ပြည်နယ်တရားရုံးတွင် ပြင်ဆင်မှုတင်သွင်းရာ ချောင်းဆုံမြို့နယ် တရားရုံး၏ အမိန့်ကို ပယ်ဖျက်ခဲ့သည်။ ဒေါ်မြသန်းက မွန်ပြည်နယ်တရားရုံး၏အမိန့်ကို မကျေနပ်သဖြင့် ဗဟိုတရားရုံးသို့ ဤပြင်ဆင်မှုကို တင်သွင်းသည်။

---

* ၁၉၀၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၃၄၄ (ခ)
† ၁၉၀၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၂၄ (ခ) တွင် ချမှတ်သော (၂၁-၄-၀၄) နေ့စွဲပါ မွန်ပြည်နယ်တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၁၉၀၄
ဒေါ်မြသန်းနှင့် ဦးသုန္ဒရ (ခ) ဦးတင်အေး

ဦးသုန္ဒရ (ခ) ဦးတင်အေးသည် စားစရိတ် စတင်ပေးရန် သတ်မှတ်သည့် ၁၉–၅–၇၉ မှ ၁၉–၁၀–၇၉ ရက်နေ့အထိ ၅ လအတွက် မယားနှင့် ကလေးစားစရိတ် ငွေကျပ် ၂၀၀/–ကိုသာ ထောက်ပံ့ပြီး နောက်စားစရိတ် ငွေများ ဆက်လက်ထောက်ပံ့ရန် ပျက်ကွက်နေခြင်းနှင့် စပ်လျဉ်း၍ အငြင်းမပွားချေ။ ချောင်းဆုံမြို့နယ်တရားရုံးသည် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၄၀၈ (၃)အရ ဒေါ်မြသန်း၏ လျောက်ထားချက်အရ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၃၀၆ (၁) (က)ပါ ပြဋ္ဌာန်းချက်နှင့်အညီ ဦးသုန္ဒရ (ခ) ဦးတင်အေးပိုင် ရွှေပြောင်းနိုင်သော ပစ္စည်းကို ဝရမ်းဖမ်း ရောင်းချ ထုခွဲရန် ချောင်းဆုံ ပြည်သူ့ရဲ တပ်ဖွဲ့သို့ ဝရမ်းကို ထုတ်ပေးခြင်း ဖြစ်ကြောင်း တွေ့ရသည်။

စားစရိတ်ပေးရန် တာဝန်ရှိသူသည် ရဟန်းတော်သို့ ကူးပြောင်းသွားသဖြင့် တရားရုံးက ချမှတ်ထားသည့် စားစရိတ်ငွေများနှင့် စပ်လျဉ်း၍ ထိုသူပိုင် ပစ္စည်းများကို ပစ္စည်းဖမ်း ဝရမ်းမထုတ်နိုင်ဟု တားမြစ်ချက်မရှိချေ။

ထို့ကြောင့် ဤပြင်ဆင်မှုကို ခွင့်ပြု၍ မွန်ပြည်နယ်တရားရုံး၏အမိန့်ကို ပယ်ဖျက်ပြီး ချောင်းဆုံမြို့နယ်တရားရုံး၏ အမိန့်ကို အတည်ပြုလိုက်သည်။

၁၉၈၄ ခုနှစ်

(ဧပြီလ၊ မေလနှင့် ဇွန်လ)

တရားမမှုများ

စီရင်ထုံးပြုသောမှုခင်းများ

တရားမမှုများ

စာမျက်နှာ

ဒေါ်ကျင်ဆိုင်	နှင့်	ဒေါ်စန်းရီ	၅၃
ဒေါ်ခင်မိမိ	နှင့်	ဒေါ်ခင်အေး	၅၅
ဦးချစ်မောင်ပါ(၂)	နှင့်	ဒေါ်စိန်စိန်ရီ	၆၁
မစ္စတာစီအိပ်ဒီဇုဇာ	နှင့်	ဒေါ်လှသိန်းပါ(၃)	၆၄
ဦးစိုးမြင့်ပါ(၂)	နှင့်	မခင်စိုးဝင်း	၆၉
ဒေါ်စန်းစန်း	နှင့်	ဦးကျော်ဝေ	၇၄
ဒေါ်စန်းရီ	နှင့်	ဒေါ်ကျော့ကျော့ခိုင်	၇၆
ဦးစိန်မောင်ပါ(၇)	နှင့်	ဒေါ်ကျင်မြိုင်	၇၉
ပြည်ထောင်စုမြန်မာနိုင်ငံတော် (ကိုယ်စား)မန်နေဂျာ၊ စက်မှုလက်မှု			
ဇွေချေးဌာန၊ ရန်ကုန်မြို့	နှင့်	ဦးနေလပါ(၃)	၀၃
ဦးဘကျောက်	နှင့်	ဦးကျင်ဌား	၀၇
ဒေါ်ဂိုဒါဝရီဒေဗွီပါ(၆)	နှင့်	ရှန်တီဒေဗွီ	၉၁
ဒေါ်လှလှ	နှင့်	ဒေါ်ခင်စောချိုပါ(၃)	၉၆
ဦးသန်းမောင်ပါ(၂)	နှင့်	ဦးခင်ဖေ	၉၉
ဟဝါဘီဘီ	နှင့်	မစ္စတာအမ်အိဘရာဟင် (ခ) ဦးမောင်မောင်သန်း	၁၀၁
ဦးအောင်တင်ပါ(၂)	နှင့်	ဦးခွေးပါ(၄)	၁၀၄
ဦးအောင်သိန်းပါ(၂)	နှင့်	ဒေါ်ထွေးပါ(၂)	၁၀၆
ဦးအုန်းမောင်	နှင့်	ဒေါ်ဘီဘီ	၁၀၈

ညွှန်းချက်

တရားမမှုများ

ဥပဒေများ —

ကာလစည်းကမ်းသတ် ဥပဒေ	စာမျက်နှာ
တရားမကျင့်ထုံး ဥပဒေ	
မြန်မာဓလေ့ထုံးတမ်း ဥပဒေ	
၁၈၇၀ ပြည့်နှစ်၊ ရုံးခွန်ဥပဒေ	
၁၈၇၇ ခုနှစ်၊ သီးခြားသက်သာခွင့် ဥပဒေ	
၁၉၂၅ ခုနှစ်၊ အမွေဆက်ခံရေး ဥပဒေ	
၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ဌားရမ်းခ ကြီးကြပ်ရေး ဥပဒေ	

ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၃ — တရားဖြိုင်၏ ထုချေချက်ကို ပုဒ်မ ၃ က ဝိတ်ပင်မှုမရှိခြင်း။

ကာလစည်းကမ်းသတ် အက်ဥပဒေပုဒ်မ ၂၈—ပစ္စည်းလက်ဝဲ့ဖြစ်သူများက ပစ္စည်းလက်ရောက်ရလိုကြောင်း ခွဲဆိုခြင်းများနှင့် သာသက်ဆိုင်ခြင်း- လက်ရှိဖြစ်သူက ထုချေခြင်းကို ပုဒ်မ ၂၀ က ဝိတ်ပင်မှုမရှိခြင်း။

ဆုံးဖြတ်ချက်။ ။ကာလစည်းကမ်းသတ် အက်ဥပဒေပုဒ်မ ၃ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည် —

"ပုဒ်မ ၄ မှ ပုဒ်မ ၂၅ အထိပါရှိသောပုဒ်မများပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဝဲ ပထမဇယားတွင် ပြဋ္ဌာန်းထားသော စည်းကမ်းသတ်ကာလ ကုန်ဆုံးပြီးမှစွဲဆိုသည့် တရားမကြီးမှု၊ တင်သွင်းသည့် အယူခံမှုနှင့် လျှောက်ထားမှုတို့ကို ကာလစည်းကမ်းသတ်ချက်ကို အကြောင်းပြု၍ ချေပခြင်းပင် မပြုသော်လည်း ပလပ်ရမည်။"

၅၂ပြဋ္ဌာန်းချက်များသည်သတ်မှတ်ထားသည့်စည်းကမ်းသတ်ကာလ ကုန်ဆုံးပြီးမှ အမှုများစွဲဆိုခြင်း၊ အယူခံခြင်း၊လျှောက်ထားခြင်းကို ဝိတ်ပင်သည်။ ၅၂အမှုတွင် ဒေါ်ခင်အေးသည် မိမိခင်ပွန်းဖြစ်သူ ဦးမြင့်တင် ရရန်ရှိသော အမွေစုကို တရားစွဲဆိုကောင်းဆိုထားခြင်း၊ အယူခံခြင်း၊

လျှောက်ထားခြင်း မဟုတ်ပေ။ ဒေါ်ခင်မိမိကသာ အိမ်ကိုလက်ရောက်ရလိုကြောင်း စွဲဆိုခြင်းဖြစ်သည်။ သို့ဖြစ်၍ ဒေါ်ခင်အေး၏ ထုချေချက်ကို ကာလစည်းကမ်းသတ် အက်ဥပဒေပုဒ်မ ၃ က ဝိတ်ပင်သည်ဟု ကောက်ယူရန်မသင့်ပေ။

ထင်မံဆုံးဖြတ်ချက်။ ။ ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၂၈ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည် –

"ပစ္စည်းလက်ရောက်ရလိုကြောင်း တရားစွဲဆိုခြင်းအတွက် ဤအက်ဥပဒေအရ ကန့်သတ်ထားသည့် ကာလအပိုင်းအခြား ကုန်ဆုံးသော အခါတွင် ထိုပစ္စည်း ပိုင်ဆိုင်ခွင့်သည်လည်း ကုန်ဆုံးပြတ်စဲစေရမည်။"

ဤပြဋ္ဌာန်းချက်များသည် ပစ္စည်းလက်ရောက်ရလိုကြောင်း စွဲဆိုရန် ရှိသည့် ပစ္စည်းလက်မဲ့ ဖြစ်သူများနှင့်သာ သက်ဆိုင်ကြောင်း ပေါ်ပေါက်သည်။ ပစ္စည်းလက်ရှိဖြစ်သူ ဒေါ်ခင်အေး အနေဖြင့် အချင်းဖြစ်တိုက်နှင့်စပ်လျဉ်း၍ ခင်ပွန်း ဦးမြင့်တင် ရရန်ရှိသည့်အမွေဝေစုကို လက်ရောက်ရလိုကြောင်း တရားစွဲဆိုတောင်းရန် အကြောင်း မပေါ်ပေါက်သည့်အလျောက် ဒေါ်ခင်အေးက အချင်းဖြစ် တိုက်အောက်ထပ်ကို လက်ရှိထားမြဲ ထားနိုင်ရန်အလို့ငှာ အချင်းဖြစ်တိုက်တွင် အမွေရခွင့်ရှိသည်ဆိုသော ထုချေချက်ကို ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၂၈ ပါ ပြဋ္ဌာန်းချက်များက ဝိတ်ပင်သည်ဟုမဆိုနိုင်ပေ။

ဒေါ်ခင်မိမိ နှင့် ဒေါ်ခင်အေး ၅၅

တရားမကျင့်ထုံး ဥပဒေအမိန့် ၉၊ နည်း ၉ အရ တင်သွင်းသည့် လျှောက်လွှာများသည် ကာလစည်းကမ်းသတ်ဥပဒေပုဒ်မ ၅ အရ ကာလစည်းကမ်းသတ်ကို တိုးချဲ့မပေးနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။ အမိန့် ၉၊ နည်း ၉ အရ တင်သွင်းသည့် လျှောက်လွှာများသည် ကာလစည်းကမ်းသတ်ဥပဒေပုဒ်မ ၅ ပါပြဋ္ဌာန်းချက်များတွင်အကျုံးဝင်သည့် လျှောက်လွှာများမဟုတ်သဖြင့် ကာလစည်းကမ်းသတ်ကျော်လွန်ခြင်းအတွက် ကင်းလွတ်ခွင့်ရနိုင်ရန် အကြောင်းမရှိပေ။

ဦးသန်းမောင်ပါ(၂) နှင့် ဦးခင်ဇေ ၉၉

ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယားအမှတ်စဉ် ၁၃၆— ရောင်းသူလက်ရှိမဟုတ်သောပစ္စည်းကို ဝယ်သူသည် ယင်းပစ္စည်း ကို လက်ရောက်ရလိုမှုစွဲဆိုလျှင် ကာလစည်းကမ်းသတ်ကို မည်သည့် အချိန်က စတင်၍ရေတွက်ရခြင်း။

ဆုံးဖြတ်ချက်။ ။ဤအမှုတွင် ဒေါ်စိန်စိန်ရီသည် အချင်းဖြစ် မြေကို ပိုင်ရှင်ဟု အဆိုရှိသူ ဒေါ်စန်းထံမှ ၄–၉–၇၄ ရက်စွဲပါ မှတ်ပုံတင် စာချုပ်အရ ဝယ်ယူစဉ်က ရောင်းသူ ဒေါ်စန်းမှာ အချင်းဖြစ်မြေကွက် ကို လက်ရှိထားသူမဟုတ်ကြောင်း အငြင်းမပွားချေ။ ရောင်းစဉ်အခါ က ရောင်းသူ၏လက်ရှိမဟုတ်သော မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းကို အချင်းချင်း အရောင်းအဝယ်ပြုလုပ်ပြီးနောက် ဝယ်သူက ထိုပစ္စည်းကို လက်ရောက်ရလိုသည့် အမှုကို ရောင်းသူက ပထမ လက်ရောက်ရယူပိုင် သည့် အခါကစ၍ ၁၂ နှစ်အတွင်းတရားစွဲဆိုရမည်ဖြစ်ကြောင်း ကာလ စည်းကမ်းသတ် အက်ဥပဒေ ပထမဇယားအမှတ်စဉ် ၁၃၆ တွင် သတ် မှတ်ထားသည်။

ဦးချစ်မောင်တို့သည် ယုတ်စွအဆုံး ၁၉၄၉ ခုနှစ်မှစ၍ အချင်းဖြစ် မြေတွင်နေထိုင်လာခဲ့ကြောင်း ပေါ်ပေါက်ပေသည်။ အချင်းဖြစ်မြေ၏ မူလပိုင်ရှင် ဒေါ်စန်းသည် ထိုနှစ်ကစ၍ ဦးချစ်မောင်တို့ နေထိုင်သည့် မြေကို လက်ရောက်ရထိုက်သည်ဖြစ်၍ ကာလစည်းကမ်းသတ် အက် ဥပဒေပထမဇယား အမှတ်စဉ်၁၃၆ တွင် သတ်မှတ်ထားသည့် စည်း ကမ်းသတ်ကာလကို ၁၉၄၉ ခုနှစ်မှစ၍ ရေတွက်ရမည်ဖြစ်သောကြောင့် ၂၆–၂–၇၉ နေ့တွင် ဒေါ်စိန်စိန်ရီစွဲဆိုသောအမှုမှာ ကာလစည်းကမ်း သတ် ကျော်လွန်ကြောင်း ထင်ရှားပေသည်။

ဦးချစ်မောင်ပါ(၂) နှင့် ဒေါ်စိန်စိန်ရီ ၆၁

တရားမကျင့်ထုံးဥပဒေပုဒ်မ ၂(၂)နှင့် ၄၇ တို့အရ ဒီကရီ–ဇာရီမှ တွင် အမှုသည်မဟုတ်သူ၏ လျော်ကြေးချက်အရ ချမှတ်သော အမိန့်သည် ဒီကရီမဟုတ်ခြင်း–ယင်းအမိန့်အပေါ် အယူခံဝင်ခွင့် မရှိခြင်း။

ဆုံးဖြတ်ချက်။ ။ဦးခွေးသည် ဇာရီမှုတွင် အမှုသည်တစ်ဦး မဟုတ် ချေ။ သို့ဖြစ်ရာ ဦးခွေး၏ တင်ပြချက်နှင့်စပ်လျဉ်း၍ ချမှတ်သော အမိန့် သည် တရားမကျင့်ထုံးဥပဒေပုဒ်မ ၄၇ တွင် အကျုံးမဝင်သဖြင့် ပုဒ်မ

စာမျက်နှာ

၂(၂)တွင် အဓိပ္ပါယ်ဖွင့်ဆိုထားသော ဒီကရီမဟုတ်ချေ။ တိုင်းတရားရုံးက အယူခံမှုတွင်ချမှတ်သောအမိန့်ကို ဗဟိုတရားရုံးတွင်အယူခံဝင်နိုင်ရန်အလို့ငှာ အယူခံရုံးကချမှတ်သောအမိန့်သည် ဒီကရီဖြစ်ရမည် ဖြစ်ကြောင်း တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၀၀တွင် ပြဋ္ဌာန်းထားသည်။ ဦးအောင်တင်တို့ အယူခံဝင်ရောက်လာသည့် အမိန့်မှာ ရန်ကုန်တိုင်းတရားရုံးကအယူခံမှုတွင်ချမှတ်သောအမိန့်ဖြစ်သော်လည်း အထက်တွင်ရှင်းပြခဲ့သည့်အတိုင်း ယင်းအမိန့်မှာ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၂(၂)တွင် အကျုံးဝင်သော ဒီကရီမဟုတ်သဖြင့် အယူခံတရားလိုတို့သည်တိုင်းတရားရုံး၏အမိန့်ကို အယူခံဝင်ခွင့်မရှိချေ။

ဦးအောင်တင် ပါ(၂) နှင့် ဦးခွေး ပါ(၄) ၁၀၄

တရားမကျင့်ထုံးအမိန့် ၅၊နည်း ၂၀(က)(၁)—အဆိုလွှာ၌ဆင့်စာချရမည့် လိပ်စာတင်သွင်းလျှင် ဥပဒေပါ ပြဋ္ဌာန်းချက်ကို လိုက်နာသည်ဟု ဆိုနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။ အယူခံတရားလိုသည် အဆိုလွှာ၌ အောက်ပါအတိုင်းဖော်ပြထားသည် —

''ဟဝါဘီဘီ (ၔင်း၏ ကိုယ်စားလှယ် အီစွတ်ကာစင် အစ္စမာအိလ်) အိမ်အမှတ် ၁၄၂၊ ကုန်ဈေးတန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်မြို့။ (အထက်ပါလိပ်စာသည်တရားလိုထံဆင့်ဆိုရန်လိပ်စာဖြစ်ပါသည်။)''

၅၍ဖော်ပြချက်အရဆိုလျှင် တရားလိုဟဝါဘီဘီသည်တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်း ၂၀(က)(၁) တွင် ညွှန်ကြားထားသည့် အတိုင်း လိပ်စာတင်သွင်းထားကြောင်း ပေါ်ပေါက်ပေသည်။ တရားလိုသည် အိန္ဒိယနိုင်ငံတွင် မိမိလက်ရှိနေထိုင်လျက်ရှိသည့် လိပ်စာကို ဖော်ပြရမည်ဟု ပြဋ္ဌာန်းထားခြင်းမရှိပေ။အမိန့် ၅၊နည်း ၂၀(က)(၁) တွင် ရည်ညွှန်းသောလိပ်စာမှာ ဆင့်စာချရန်အလို့ငှာ တရားလို၏ လိပ်စာသာ ဖြစ်သည်။သို့ဖြစ်ရာ တရားလိုသည် တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်း ၂၀(က)(၁)ပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန် ပျက်ကွက်သည်ဟု မဆိုနိုင်၍ မူလရုံးက တရားလိုစွဲဆိုသော အမှုကို အမိန့် ၅၊ နည်း ၂၀(က)(၄)အရ ပလပ်လိုက်ခြင်းမှာ မှားယွင်းပေသည်။

ဟဝါဘီဘီ နှင့် မစ္စတာအမ်အီဘရာဟင် (ခ) ဦးမောင်မောင်သန်း ၁၀၁

ခြင်းချက်—တရားမကျင့်ထုံး ဥပဒေအမိန့် ၁၄ နည်း ၁ (၂)ပါ
ပြဋ္ဌာန်းချက်—တရားလိုနှင့် တရားခံကြိုင်အကြားအငြင်းပွားသည့်
ပြဿနာတိုင်းကို ငြင်းချက်အဖြစ် ထုတ်နုတ်စစ်ဆေးရန် မဟုတ်
ခြင်း။

မြန်မာခလေ့ထုံးတမ်းဥပဒေ — လင်မယားအဖြစ်မှပြတ်စဲမှသာ
ပစ္စည်းခွဲဝေခွင့်ရှိခြင်း။

ခမူသည်အဖြစ်မှားယွင်းထည့်သွင်းခြင်းကို တရားမကျင့်ထုံးဥပဒေ
ပုဒ်မ ၉၉ အရ ကုစားနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။တရားမမှု တစ်မှုတွင် တရားလိုနှင့် တရားပြိုင်တို့
အကြား အငြင်းပွားသည့် ပြဿနာတိုင်းနှင့် စပ်လျဉ်း၍ ငြင်းချက်ထုတ်
နုတ်စစ်ဆေးရန် မဟုတ်ချေ။ မခင်စိုးဝင်း လွယ်ထားသော ကိုယ်ဝန်
သည် ကိုစိုးမြင့်နှင့်ရသော ကိုယ်ဝန်ဟုတ်မဟုတ်၊ ကိုစိုးမြင့်သည် မိဘ
အုပ်ထိန်းမှု အောက်တွင် ရှိမရှိဆိုသော အချက်များမှာ လင်မယား
ကွာရှင်း ပေးဖဲလိုမှုတွင် လည်းကောင်း၊ပစ္စည်း ခွဲဝေပေးစေလိုမှုတွင်
လည်းကောင်း၊ တရားပြိုင်ဘက်မှ ထုချေရန် လိုအပ်သည့် ကိစ္စမျိုး
မဟုတ်သဖြင့် ယင်းပြဿနာများမှာ တရားမကျင့်ထုံးဥပဒေအမိန့် ၁၄၊
နည်း ၁ (၂)တွင် အကျုံးဝင်သည့် အရေးပါသောအကြောင်းရပ်များ
မဟုတ်သည့်အလျောက် ယင်းပြဿနာများနှင့် ပတ်သက်ပြီး ငြင်းချက်
ထုတ်နုတ်စစ်ဆေးရန် အကြောင်းမပေါ်ပေါက်ချေ။

ဆဝမ်ဆုံးဖြတ်ချက်။ ။မြန်မာ ခလေ့ထုံးတမ်းဥပဒေအရ ဆိုလျှင်
လင်မယားအဖြစ် တည်ရှိနေသရွေ့ကာလပတ်လုံးလင်ကဖြစ်စေ၊ မယား
ကဖြစ်စေ၊ လင်မယားပိုင်ပစ္စည်းများကို ခွဲဝေပေးစေရန် တရားစွဲခွင့်
မရှိချေ။ လင်မယားအဖြစ် ပြတ်စဲမှသာ ပစ္စည်းခွဲဝေခွင့် ရရှိသည်။
ဤအမှုတွင် မူလရုံးကဖြစ်စေ၊မကွေးတိုင်းတရားရုံးကဖြစ်စေ၊လင်မယား
ကွာရှင်းသည့် ဒီကရီချမှတ်ခြင်း မပြုပဲ ပစ္စည်းခွဲဝေသည့် ဒီကရီချမှတ်
ခြင်းမှာ မှားယွင်းပေသည်။

ဆဝမ်ဆုံးဖြတ်ချက်။ ။ဤစီရင်ချက်ကို အဆုံးမသတ်မီ မှတ်ချက်ပြုလို
သော အချက်မှာ ကိုစိုးမြင့်၏ ဒုတိယမယား မသန်းမြင့်အား အမှုသည်
အဖြစ်ထည့်သွင်းသည့် ကိစ္စနှင့် ပတ်သက်သည်။ အငြင်းပွားမှုမှာ မခင်
စိုးဝင်းနှင့် ကိုစိုးမြင့်တို့ အကြား ပေါ်ပေါက်သည့် ပြဿနာ ဖြစ်၍၊

စာမျက်နှာ

မသန်းမြင့်သည့် အမှုသည် အဖြစ်ပါဝင်သင့်သူမဟုတ်ခဲ့။အယူခံတရား ပြိုင်တို့၏ ရှေ့နေက မသန်းမြင့်သည် အချင်းဖြစ်ပစ္စည်းများတွင် အကျိုး ခံစားခွင့်ရှိသူဖြစ်၍ အမှုသည်အဖြစ် ပါဝင်သင့်သည်ဟု တင်ပြလျောက် ထားသည်။ အမှုမှာ မခင်စိုးဝင်း ရထိုက်သည့် အကျိုးခံစားခွင့်ကို ခွဲဝေပေးရန် ဖြစ်သည်။ မခင်စိုးဝင်းသည် မသန်းမြင့်အပေါ် တစုံတရာ အရေးဆိုထားခြင်းမရှိ၍ သူ့အပေါ် တရားစွဲဆိုရန် အကြောင်းမပေါ် ပေါက်ခဲ့။ သို့သော် မသန်းမြင့်သည် မူလရုံးတွင် အမှုသည် အဖြစ် မပါထိုက်ကြောင်း ထုချေခဲ့ခြင်းမရှိ၍ တရားမကျင့်ထုံး ဥပဒေအမိန့် ၁၊ နည်း ၁၃ အရ ကန့်ကွက်ပိုင်ခွင့်ကို စွန့်လွှတ်ခဲ့ပြီးဟု ဆိုရပေမည်။ ထို့ပြင် မသန်းမြင့်အား အမှုသည်အဖြစ် မှားယွင်းထည့်သွင်းခဲ့ခြင်းကို တရားမကျင့်ထုံးဥပဒေပုဒ်မ ၉၉ အရ ကုစားနိုင်ပေသည်။

ဦးစိုးမြင့် ပါ(၂) နှင့် မခင်စိုးဝင်း ၆၉

စွဲဆိုထိန်း ခန့်အပ်သည့် အမိန့်ကိုမကျေနပ်လျှင် တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၀၄ (၁)နှင့် အမိန့် ၄၃၊နည်း ၁ အရ အယူခံဝင်ခွင့်ရှိ၍ ပြင်ဆင်မှု လျှောက်ထားခွင့် မရှိခြင်း။

ဆုံးဖြတ်ချက်။ ။တရားမကျင့်ထုံးဥပဒေအမိန့် ၄၀၊ နည်း ၁ အရ ပစ္စည်းထိန်း ခန့်အပ်သည့် အမိန့်ကို တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၀၄ (၁)နှင့် အမိန့် ၄၃၊ နည်း ၁ အရ အယူခံဝင်ခွင့် ရှိသည်ဖြစ်ရာ ၎င်ပြင်ဆင်မှုကိုလျှောက်ထားခြင်းမှာ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၅ ပါ ပြဋ္ဌာန်းချက်နှင့်မညီညွတ်ခဲ့။

ဒေါ်စန်းစန်း နှင့် ဦးကျော်ဝေ ၇၄

တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၅—အယူခံမှုအဖြစ် လျှောက်ထားရ မည့်အမှုကို ပြင်ဆင်မှုအဖြစ်လက်မခံနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။မြို့နယ်တရားရုံးသည် တရားလို ဒေါ်စန်းရီ စွဲဆို သောအမှုကို ပလပ်လိုက်သည်ဖြစ်ရာ ထိုသို့ ပလပ်သည့် ဆုံးဖြတ်ချက်ကို တရားမကျင့်ထုံး ဥပဒေပုဒ်မ ၉၆ အရ တိုင်းတရားရုံးတွင် အယူခံဝင်ရ မည်ဖြစ်သော်လည်း ဒေါ်စန်းရီသည် ပြင်ဆင်မှု လျှောက်ထားခဲ့သဖြင့် တိုင်းတရားရုံးက ၎င်မှားယွင်းချက်ကို ထောက်ပြကာ ဒေါ်စန်းရီထံမှ အယူခံမှုတွင်ထမ်းဆောင်ရမည့်ရုံးခွန်ကို ထပ်မံတောင်းခံပြီး ဒေါ်စန်းရီ တင်သွင်းသောပြင်ဆင်မှုကို အယူခံမှုအဖြစ် ပြောင်းလဲမှတ်ယူ၍ စီရင်

ဆုံးဖြတ်ခဲ့ကြောင်းတွေ့ရသည်။ထို့ပြင်တိုင်းတရားရုံးသည် လိုအပ်သည့် ဒီကရီကိုလည်း ရေးဆွဲခဲ့သည်။ တိုင်းတရားရုံးက ဒေါ်စန်းရီစွဲဆိုသော အမှုကိုပြန်လည်စစ်ဆေးစေရန် ချမှတ်သည့်အမိန့်သည် တရားမကျင့်ထုံး ဥပဒေအမိန့် ၄၁၊နည်း ၂၃ တွင် အကျုံးဝင်သည်ဖြစ်၍ အမိန့် ၄၃၊ နည်း ၁(ဖ)အရ အယူခံဝင်ခွင့်ရှိပေသည်။ သို့ဖြစ်ရာ ဒေါ်ကျင်ဆိုင်က တိုင်းတရားရုံး၏အမိန့်ကို ပြင်ဆင်ပေးရန် လျှောက်ထားခြင်းမှာ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၅ ပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်ပေသည်။

ဒေါ်ကျင်ဆိုင် နှင့် ဒေါ်စန်းရီ ၁၃

တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်း ၁၇—ချိန်းနေ့တွင် အယူခံတရားလိုမလာခြင်း—အမှုကို လက်ခံရန် အကြောင်းမပြင်သဖြင့် ပလပ်ခဲ့ခြင်း–ထိုသို့ ပလပ်ခဲ့ခြင်းမှာ အမိန့် ၄၁၊ နည်း ၁၇ အရ ပလပ်သည်ဟု ဥပဒေသဘောအရ မှတ်ယူနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။ ၂၅—၁—၈၃ နေ့တွင် ဒေါ်ကျင်မြိုင်ဘက်မှ တိုင်းတရားရုံးသို့လာရောက်ခြင်းမရှိခဲ့ချေ။ သို့ဖြစ်ရာ တိုင်းတရားရုံးက အမှုကို လေ့လာ၍ လက်ခံရန် အကြောင်းမပြင်သဖြင့် ပလပ်ကြောင်း အမိန့်ချမှတ်စေကာမူ ဥပဒေသဘောအရ အယူခံတရားလိုမလာသဖြင့် အယူခံလွှာကို တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်း ၁၇ အရ ပလပ်ရာရောက်ပေသည်။ ထိုသို့ပလပ်သည့်အမိန့်ကို တိုင်းတရားရုံး အနေဖြင့် တရားမကျင့်ထုံးဥပဒေ အမိန့် ၄၁၊နည်း ၁၉ အရပယ်ဖျက်ပြီး အယူခံကို ပြန်လည်လက်ခံခွင့်ရှိပေသည်။

ဦးစိန်မောင် ပါ(၇) နှင့် ဒေါ်ကျင်မြိုင် ၇၉

အယူခံဝင်ခွင့်ရှိသော အမိန့်ကို ပြင်ဆင်မှု မလျှောက်ထားနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။ ပဏာမအချက်အရ မြို့နယ်တရားရုံးက အမှုပလပ်သည့်စီရင်ချက်နှင့် ဒီကရီကိုပယ်ဖျက်၍ အမှုကို ဆက်လက်စစ်ဆေးရန် တိုင်းတရားရုံးကအမိန့်ချမှတ်ခြင်းမှာ တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်း ၂၃ တွင်အကျုံးဝင်သည်ဖြစ်၍ ယင်းအမိန့်ကို တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၀၄(၁)နှင့် အမိန့် ၄၃၊ နည်း ၁ အရ အယူခံဝင်ခွင့်ရှိပါလျက် ၎င်ပြင်ဆင်မှုကို လျှောက်ထားခြင်းမှာ မှားယွင်းပေသည်။

ဦးအောင်သိန်း ပါ(၂) နှင့် ဒေါ်ထွေး ပါ(၂) ၁၀၆

စာမျက်နှာ

အမှုတွင် အနိုင်ဒီကရီရရှိသော်လည်း တဘက်အမှုသည်အား အသာပေးဆုံးဖြတ်သည့် ငြင်းချက်များနှင့် စပ်လျဉ်း၍ မှားယွင်းကြောင်းမည်သည့်အခါတွင် တင်ပြခွင့်ရှိခြင်း။

ဆုံးဖြတ်ချက်။ ။တိုင်းတရားရုံးက ရှုန်တီဒေဗွီ စွဲဆိုသောအမှုကို ပလပ်ခဲ့သည်ဖြစ်ရာ မဟာဘီရိပရာဆာဒ်သည် ယင်းရုံးတွင် လုံးလုံးလျားလျား အနိုင်ရရှိခဲ့သောကြောင့် တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီတို့ကို အယူခံဝင်ခွင့်မရှိပေ။ သို့သော် ရှုန်တီဒေဗွီတင်သွင်းသော အယူခံမှုတွင် ငြင်းချက် အမှတ်(၁)(၂)နှင့်(၅)တို့နှင့် စပ်လျဉ်း၍ တိုင်းတရားရုံး၏ ကောက်ယူဆုံးဖြတ်ချက်များမှာ မှားယွင်းကြောင်း တင်ပြလျောက်ဆားခွင့်ရှိပေသည်။ ၉၁

ဒေါ်ဂိုဒါဝရီဒေဗွီပါ(၆) နှင့် ရှုန်တီဒေဗွီ.... ....

မြန်မာဓလေ့ထုံးတမ်းဥပဒေအရ ပစ္စည်းခွဲဝေခြင်း — လင်မယားကွာရှင်းပြီးမှသာ ခွဲဝေရမည်ဖြစ်ခြင်း။

ဆုံးဖြတ်ချက်။ ။မြန်မာဓလေ့ထုံးတမ်းဥပဒေအရဆိုလျှင်လင်မယားကွာရှင်းပြီးသည့် နောက်တွင်မှ ပစ္စည်းခွဲဝေပေးရန်အကြောင်း ပေါ်ပေါက်မည်ဖြစ်ပေသည်။ လင်ယောကျ်ား ဝိုင်ဆိုင်သည့် ပစ္စည်းအပေါ် မယားဖြစ်သူကအတူ ဝိုင်ဆိုင်ခွင့်ရှိသည်ဖြစ်၍ လင်မယားကွာရှင်းခြင်း မပြုရသေးမီ ပစ္စည်းခွဲဝေခြင်း ပြုခဲ့သည့်တိုင်အောင်ပင် ယင်းပစ္စည်းခွဲဝေမှုသည် အပြည့်အဝအကျိုးသက်ရောက်မှု ရှိနိုင်မည်မဟုတ်ချေ။ ၇၆

ဒေါ်စန်းရီ နှင့် ဒေါ်ကျော့ကျော့ခိုင် ....

နှုန်းမှန်း၍မရသော အတိုးငွေများအတွက် အယူခံရာ၌ ရုံးခွန်ဥပဒေ ဇယား ၂ အမှတ်စဉ် ၁၇(၆)အရ ပုံသေရုံးခွန်ကိုသာ ထမ်းဆောင်ရန်ဖြစ်ခြင်း။

အယူခံတရားလို ပြည်ထောင်စုမြန်မာနိုင်ငံတော်က အယူခံ တရားပြိုင်များအပေါ် အပေါင်ပစ္စည်းကို ရောင်းချပေးစေလိုမှုစွဲဆိုရာ၊ မူလရုံးက ပဏာမဒီကရီချမှတ်ပေးပြီး ယင်းနေ့အထိ အတိုးငွေကို ခွင့်ပြုခဲ့သည်။ အယူခံတရားလိုက အတိုးငွေကို ပဏာမဒီကရီ ချမှတ်သည့်နေ့အထိ မဟုတ်ပဲ၊ ငွေအပြေအကြေပေးဆပ်သည့်နေ့အထိ အတိုးငွေကိုရဆိုက်သည်ဟု အကြောင်းပြကာ ၎အယူခံမှုများကို တင်သွင်းလာသည်။

ဆုံးဖြတ်ချက်။ ။ဤအယူခံမှုများတွင် အယူခံတရားလိုသည့် မူလရုံး စာမျက်နှာ
ကခွင့်ပြုသည့်အတိုင်းထက်ပိုမိုရသင့်သည်ဟုအရေးဆိုထားသည်။အယူခံ
တရားလို ရလိုသည့် အတိုးများမှာ မူလရုံးက ပဏာမဒီကရီချမှတ်သည့်
နေ့မှ ဒီကရီကျွေကို အပြေအကြေပေးဆောင်သည့်နေ့အထိ တိုးပွား
လာမည့် အတိုးများဖြစ်သည်။ ယင်းအတိုးငွေများမှာ မည်ရွေ့မည်မျှ
ဖြစ်မည်ကို မည်သူမျှမခန့်မှန်းနိုင်ချေ။ယင်းသို့ ခန့်မှန်း၍မရသော အတိုး
ငွေများအတွက်တင်သွင်းသော အယူခံမှုတွင် ရုံးခွန်ကို မည်သို့မည်ပုံ
ထမ်းဆောင်ရမည်ဖြစ်ကြောင်း ရုံးခွန်အက်ဥပဒေတွင် အတည့်အလင်း
ပြဋ္ဌာန်းထားခြင်း မရှိချေ။

အချင်းဖြစ်အကြောင်းအရာ၏ ငွေတန်ဖိုးကိုခန့်မှန်းရန်မဖြစ်နိုင်သည့်
အပြင် ရုံးခွန်အက်ဥပဒေအရ အခြားနည်း ပြဋ္ဌာန်းထားခြင်း မရှိလျှင်
အယူခံလွှာအတွက် ရုံးခွန်ကို ပုံသေကျပ် ၂၀ သာ ထမ်းဆောင်ရမည်
ဖြစ်ကြောင်း ရုံးခွန်အက်ဥပဒေဇယား ၂ အမှတ်စဉ် ၁၇(၆)တွင်
ပြဋ္ဌာန်းထားသည်။ ယင်းပြဋ္ဌာန်းချက်များမှာ အယူခံတရားလို တင်
သွင်းသော အယူခံများနှင့်သက်ဆိုင်သည်ဟု ကောက်ယူသင့်ပေသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတကာ (ကိုယ်စား) မန်နေဂျာ၊ စက်မှုလက်မှု
ငွေချေးဘဏ၊ ရန်ကုန်မြို့ နှင့် ဦးနေလ ပါ(၃) ၈၃

**သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၉ အရ ဥပဒေနှင့် အညီ
မဟုတ်ပဲ ဖယ်ရှားခံရခြင်း—ပူးတွဲအိမ်ရှင်တစ်ဦး၏စီစဉ်ချက်အရ
အချင်းဖြစ်ဥပစာဆို့ရောက်ရှိလာသူသည် ကျန်ပူးတွဲအိမ်ရှင်အား
ယင်း အက်ဥပဒေပုဒ်မ ၉ အရ ဥပဒေနှင့်အညီ မဟုတ်ပဲ ဖယ်
ရှားရာ မရောက်ခြင်း။**

ဆုံးဖြတ်ချက်။ ။ဦးလှမောင် (ပြိုင်ပြသက်သေ) သည် ဦးအိစွတ်၏
သားဖြစ်ကြောင်း ဒေါ်ဘီဘီက ဝန်ခံထွက်ဆိုသည်။ ၁၉၆၀ ပြည့်နှစ်
မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၂(ဂ) တွင်
''အိမ်ရှင်''ဆိုသည်မှာ ''တရားမကျင့်ထုံး ကိုဝဥပဒေ၌ အဓိပ္ပါယ်ဖေါ်ပြ
ထားသည့် တရားဝင်ကိုယ်စားလှယ်''ပါဝင်သည်ဟုပြဋ္ဌာန်းထားသည်။
မဟာမေဒင်ဘာသာဝင် ဖြစ်သူ ဦးအိစွတ် ကွယ် လွန် သော အခါ
ဒေါ်ဘီဘီသည် သူ၏ဇနီးဖြစ်ခဲ့လျှင် ဒေါ်ဘီဘီ အဆိုပြုသည့်အတိုင်း
အိမ်ငှားများ၏ ''အိမ်ရှင်'' အဖြစ်သို့ ရောက်ရှိသွားသည့်နည်းတူ
ဦးလှမောင်သည်လည်း ဦးအိစွတ်၏ အမွေခံ သားအဖြစ်ဖြင့် ပူးတွဲ
''အိမ်ရှင်''ဖြစ်သွားပေလိမ့်မည်။သို့ဖြစ်ရာ အိမ်ငှားတို့သည် အချင်းဖြစ်

စာမျက်နှာ

အခန်းမှထွက်ခွာသွားကြသောအခါလစ်လပ်သွားသောအိမ်ခန်းများမှာ ဥပဒေသဘောအရဦးလှမောင်အပါအဝင် "အိမ်ရှင်" အားလုံး၏လက်ဝယ်သို့ ပြန်လည်ရောက်ရှိသွားခဲ့သည်ဟု ကောက်ယူရမည်ဖြစ်သည်။

အမှုတွဲတွင်ပေါ်ပေါက်သော သက်သေခံချက်များအရ ဦးလှမောင်သည်အချင်းဖြစ်အခန်းများအပါအဝင် အိမ်ခန်းများကို ဒေါ်တင်ကြည်ဆိုသူအားသက်သေခံ (၁) စာချုပ်အရရောင်းချခဲ့ရာ ဒေါ်တင်ကြည်က မိမိမတ်တော်သူဦးအုန်းမောင်အား ယင်းအခန်းများတွင် နေထိုင်စေခဲ့သည်။ ဤအခြေအနေတွင် ပူးတွဲ "အိမ်ရှင်" တစ်ဦးဖြစ်သူ ဦးလှမောင်၏ စီစဉ်ချက်အရ ထိုအခန်းများသို့ရောက်ရှိလာသည့် ဦးအုန်းမောင်သည် အခြားပူးတွဲအိမ်ရှင်ဖြစ်သည်ဟု အဆိုရှိသော ဒေါ်ဘီဘီအား အချင်းဖြစ် အိမ်ခန်းများမှဥပဒေနှင့်အညီမဟုတ်ပဲဖယ်ရှားခဲ့သည်ဟုမဆိုနိုင်ပေ။ သို့ဖြစ်၍ သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၉ အရ ဒေါ်ဘီဘီစွဲဆိုသောအမှုမှာ အောင်မြင်ရန် အကြောင်းမရှိတော့ပေ။

ဦးအုန်းမောင် နှင့် ဒေါ်ဘီဘီ ၁၀၀

အမွေဆက်ခံခွင့်လက်မှတ်ထုတ်ပေးပြီးဖြစ်သည့်ကိစ္စအတွက် အခြားသူတစ်ဦးက အမွေဆက်ခံခွင့်လက်မှတ်လျှောက်ထားခွင့်မရှိခြင်း— ထုတ်ပေးပြီးသော လက်မှတ်ကို ရုပ်သိမ်းပြီးမှသာ လျှောက်ထားခွင့်ရှိခြင်း။

ဆုံးဖြတ်ချက်။ ။ကွယ်လွန်သူ ဒေါ်မမလေးအပ်နှံထားသည့်ငွေများကို ထုတ်ယူနိုင်ရန်အတွက် ဒေါ်ခင်စောချိုတို့အား အမွေဆက်ခံခွင့်လက်မှတ်ထုတ်ပေးပြီးဖြစ်သည့်အလျောက် ဒေါ်လှလှအနေဖြင့် ယင်းလက်မှတ်ကို ရုပ်သိမ်းပေးရန် အမွေဆက်ခံရေးအက်ဥပဒေပုဒ်မ ၃၇၃ အရ ကနဦးလျှောက်ထားရန်လိုပေသည်။ ယင်းလက်မှတ်ကို ရုပ်သိမ်းပြီးမှသာ ဒေါ်လှလှအနေဖြင့် အမွေဆက်ခံခွင့်လက်မှတ်ကို သူ့အားထုတ်ပေးရန် လျှောက်ထားခွင့် ရှိပေလိမ့်မည်။

ဒေါ်လှလှ နှင့် ဒေါ်ခင်စောချိုပါ (၃) ၉၆

မြို့ပြဆိုင်ရာဌာနရုံးခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၂ (ဆ)—အိမ်ဌာန၏ တရားဝင်ကိုယ်စားလှယ်သည် အိမ်ဌာနဖြစ်လာခြင်း— အိမ်ဌာန ကွယ်လွန်ပြီးနောက် ၎င်း၏ တရားဝင်ကိုယ်စားလှယ်သည် အိမ်ဌာနဖြစ်လာစေရန်အတွက် နောက်ထပ် တစုံတရာ လျှောက်ထားရန် မလိုခြင်း။

ဌာနရမ်းခကြီးကြပ်ရေးဝန်၏ အဓိန် ပျက်ပြယ်ကြောင်း မြွက်ဟ ကြေငြာပေးရန် တရားမရုံးတွင်လျှောက်ထားဝိုင်ခွင့် ရှိမရှိ။

ဆုံးဖြတ်ချက်။ ။ အယူခံတရားလိုဘက်မှ ဒေါ်လှသိန်းသည် မူလ အဓိကရာဇ်ဒီးဘိုးမြစ်အမည်ဖြင့် အိမ်လခပေးရုံမျှဖြင့် အိမ်ဌား အလို အလျောက် ဖြစ်မလာနိုင်ကြောင်း အကျယ်တဝင့် တင်ပြလျှောက်ထား သည်၊ ထိုတင်ပြချက်မှာမှားယွင်းသည်ဟု မဆိုနိုင်ပေ။ သို့သော် ဦးဘိုး မြစ် ကွယ်လွန်သောအခါ သားဖြစ်သူ ရောဘတ်မောင်တင်သည်လည်း ကောင်း၊ ရောဘတ်မောင်တင်ကွယ်လွန်သောအခါ ဇနီးဖြစ်သူ ဒေါ်လှ သိန်းသည်လည်းကောင်း၊ အိမ်ဌား၏တရားဝင်ကိုယ်စားလှယ်အသီးသီး ဖြစ်လာသည့်အလျောက် ၁၉၆၀ ပြည့်နှစ်မြို့ပြဆိုင်ရာဌားရမ်းခကြီးကြပ် ရေး အက်ဥပဒေပုဒ်မ ၂(ဆ) တွင်အဓိပ္ပာယ်ဖွင့်ဆိုထားသည့်အတိုင်း ဒေါ်လှသိန်းသည် ဥပဒေသဘောအရ အိမ်ဌားအဖြစ်ဖြင့်ရောက်ရှိလာ ပေသည်။

အယူခံတရားလိုဘက်မှ ဦးဘိုးမြစ် ကွယ်လွန်ပြီးနောက် ရောဘတ် မောင်တင်နှင့် ဒေါ်လှသိန်းတို့သည် တရားဝင်အိမ်ဌားအဖြစ်ရရှိစေရန် ဆောင်ရွက်ခြင်းမပြုသောကြောင့် တရားဝင်အိမ်ဌားအဖြစ်သို့မရောက် ရှိခဲ့ကြောင်း တင်ပြလျှောက်ထားသည်။ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ဌားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၂(ဆ) အရ အိမ်ဌားဖြစ်သူ ကွယ်လွန်သွားသောအခါ သူ၏ တရားဝင်ကိုယ်စားလှယ်သည် အိမ် ဌားဖြစ်လာသည်။ အိမ်ဌား ဖြစ်စေရန် နောက်ထပ် တစုံတရာဆောင် ရွက်ရမည်ဟု ယင်းပုဒ်မ ၂(ဆ)တွင် ပြဋ္ဌာန်းထားခြင်းမရှိပေ။

ထပ်မံဆုံးဖြတ်ချက်။ ။ဌားရမ်းခကြီးကြပ်ရေးဝန်ကချမှတ်သည့် အဓိန်သည် စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ပိုင်ခွင့်အရ ချမှတ်သောအဓိန်ဖြစ် သဖြင့် ယင်းအဓိန်ကိုမကျေနပ်လျှင် စီမံခန့်ခွဲရေးဆိုင်ရာ နည်းလမ်းအရ အရေးဆိုရန်သာဖြစ်ပေသည်။ ထို့ကြောင့် ဌားရမ်းခကြီးကြပ်ရေးဝန်၏ အဓိန်သည် ပျက်ပြယ်ကြောင်း မူလရုံးနှင့် တိုင်းတရားရုံးတို့ကမြွက်ဟ ကြေငြာပေးခြင်းသည် မှားယွင်းပေသည်။

စာမျက်နှာ

၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ဌာနရမ်းခကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂(၁)(ဂ)တွင် အကျုံးဝင်သူများ။

ဆုံးဖြတ်ချက်။ ။ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ဌာနရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂(၁)(ဂ)တွင်အကျုံးဝင်သူသည် အိမ်ဌာန၊ အိမ်ဌာနနှင့်အတူနေထိုင်သည့် အခြားသူတဦးတယောက် သို့မဟုတ် အိမ်ဌာနနှင့်အတူ လက်ရှိထားသည့်သူ တဦးဦးဖြစ်သည်။ အချင်းဖြစ်ပွားစဉ်က အချင်းဖြစ်ဆိုင်ကို မောင်သန့်ဇင်အပါအဝင် ဦးကျင်ဌား၏ သားများအား စောင့်ရှောက်ရန် အပ်ထားသည်ဖြစ်၍ မောင်သန့်ဇင်သည် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာဌာနရမ်းခကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂(၁)(ဂ)တွင် ရည်ညွှန်းထားသည့် အိမ်ဌာန ဦးကျင်ဌားနှင့် အတူ လက်ရှိထားသူဖြစ်သည်ဟု ကောက်ယူသင့်ပေသည်။

ဦး ဘကျောက် နှင့် ဦး ကျင်ဌား ၁၇

တရားမ ပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ်ဦးလှဘုန်း၊ အဖွဲ့ဝင်များအဖြစ် ဦးသန့်စင်နှင့် ဦးတင်အုန်း တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဒေါ်ကျင်ဆိုင်

နှင့်

ဒေါ်စန်းရီ *

†၁၉၀၄
မေလ ၉ ရက်

တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၅—အယူခံမှုအဖြစ်လျှောက်ထားရမည့် အမှုကို ပြင်ဆင်မှုအဖြစ်လက်မခံနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။မြို့နယ်တရားရုံးသည် တရားလို ဒေါ်စန်းရီ စွဲဆိုသော အမှုကို ပလပ်လိုက်သည်ဖြစ်ရာ ထိုသို့ ပလပ်သည့် ဆုံးဖြတ်ချက်ကို တရားမကျင့်ထုံး ဥပဒေပုဒ်မ ၉၆ အရ တိုင်းတရားရုံးတွင် အယူခံဝင်ရမည် ဖြစ်သော်လည်း ဒေါ်စန်းရီသည် ပြင်ဆင်မှု လျှောက်ထားခဲ့သဖြင့် တိုင်းတရားရုံးက ၎င်မှားယွင်းချက်ကို ထောက်ပြကာ ဒေါ်စန်းရီထံမှ အယူခံမှုတွင် ထမ်းဆောင်ရမည့် ရုံးခွန်ကို ထပ်မံတောင်းခံပြီး ဒေါ်စန်းရီ တင်သွင်းသော ပြင်ဆင်မှုကို အယူခံမှုအဖြစ် ပြောင်းလဲမှတ်ယူ၍ စီရင်ဆုံးဖြတ်ခဲ့ကြောင်းတွေ့ရသည်။ထို့ပြင် တိုင်းတရားရုံးသည် လိုအပ်သည့် ဒီကရီကိုလည်း ရေးဆွဲခဲ့သည်။ တိုင်းတရားရုံးက ဒေါ်စန်းရီစွဲဆိုသောအမှုကို ပြန်လည်စစ်ဆေးစေရန် ချမှတ်သည့် အမိန့်သည် တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်း ၂၃ တွင် အကျုံးဝင်သည်ဖြစ်၍ အမိန့် ၄၃၊ နည်း ၁(ဖ)အရ အယူခံဝင်ခွင့် ရှိပေသည်။ သို့ဖြစ်ရာ ဒေါ်ကျင်ဆိုင်က တိုင်းတရားရုံး၏အမိန့်ကို ပြင်ဆင်ပေးရန် လျှောက်ထားခြင်းမှာ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၅ ပါ ပြဋ္ဌာန်းချက်များနှင့်ဆန့်ကျင်ပေသည်။

လျှောက်ထားသူအတွက် — ဦးခင်ထွန်း၊ ဗဟိုတရားရုံးရှေ့နေ

လျှောက်ထားခံရသူအတွက်— ဦးဘထွန်း၊ ဗဟိုတရားရုံးရှေ့နေ

---

* ၁၉၀၃ ခုနှစ်၊ တရားမပြင်ဆင်မှု အမှတ် ၁၂၀

† ၁၉၀၂ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၆၁ တွင် ချမှတ်သော (၅-၄-၀၃) နေ့စွဲပါ ဝဲခူးတိုင်းတရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၁၉၀၄ ဒေါ်ကျင်ဆိုင်နှင့် ဒေါ်စန်းရီ

ညောင်လေးပင်မြို့နယ်တရားရုံး၊ တရားမကြီးမှု အမှတ် ၅၃/၀၁ တွင် လျှောက်ထားခံရသူ ဒေါ်စန်းရီက လျှောက်ထားသူ ဒေါ်ကျင်ဆိုင်အပေါ် အချင်းဖြစ် ခြံမြေမှာ မိမိလက်ရှိထားခွင့်ရှိကြောင်း မြွက်ဟ ကြေငြာပေးရန်နှင့် တားဝရန်းထုတ်ဆင့်ပေးရန် တရားစွဲဆိုရာ မြို့နယ်တရားရုံးက အမှုစွဲဆိုခွင့်မရှိဟု အကြောင်းပြ၍ အမှုကိုပလပ်လိုက်သည်။ ဒေါ်စန်းရီက မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပြင်ဆင်ပေးရန် ပဲခူးတိုင်းဒေသကြီးတရားရုံးတွင် လျှောက်ထားရာ တိုင်းတရားရုံးက မြို့နယ်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို ပယ်ဖျက်ပြီး အမှုကို ဆက်လက်စစ်ဆေးစီရင်ရန် အမိန့်ချမှတ်သောကြောင့် ဒေါ်ကျင်ဆိုင်က ၎င်းပြင်ဆင်မှုကို လျှောက်ထားခြင်းဖြစ်သည်။

မြို့နယ်တရားရုံးသည် တရားလို ဒေါ်စန်းရီစွဲဆိုသောအမှုကို ပလပ်လိုက်သည်ဖြစ်ရာ ထိုသို့ပလပ်သည့် ဆုံးဖြတ်ချက်ကို တရားမကျင့်ထုံးဥပဒေပုဒ်မ ၉၆ အရ တိုင်းတရားရုံးတွင် အယူခံဝင်ရမည်ဖြစ်သော်လည်း ဒေါ်စန်းရီသည် ပြင်ဆင်မှုလျှောက်ထားခဲ့သဖြင့် တိုင်းတရားရုံးက ၎င်းမှားယွင်းချက်ကို ထောက်ပြကာ ဒေါ်စန်းရီထံမှ အယူခံမှုတွင် ထမ်းဆောင်ရမည့် ရုံးခွန်ကို ထပ်မံတောင်းခံပြီး ဒေါ်စန်းရီတင်သွင်းသော ပြင်ဆင်မှုကို အယူခံမှုအဖြစ်ပြောင်းလဲမှတ်ယူ၍ စီရင်ဆုံးဖြတ်ခဲ့ကြောင်း တွေ့ရသည်။ ထို့ပြင် တိုင်းတရားရုံးသည် လိုအပ်သည့် ဒီကရီကိုလည်း ရေးဆွဲခဲ့သည်။ တိုင်းတရားရုံးက ဒေါ်စန်းရီစွဲဆိုသောအမှုကို ပြန်လည်စစ်ဆေးစေရန် ချမှတ်သည့် အမိန့်သည် တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်း ၂၃ တွင် အကျုံးဝင်သည်ဖြစ်၍ အမိန့် ၄၃၊ နည်း ၁(ဖ) အရ အယူခံဝင်ခွင့်ရှိပေသည်။ သို့ဖြစ်ရာ ဒေါ်ကျင်ဆိုင်က တိုင်းတရားရုံး၏အမိန့်ကို ပြင်ဆင်ပေးရန် လျှောက်ထားခြင်းမှာ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၅ ပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်ပေသည်။

ထို့ကြောင့် ၎င်းပြင်ဆင်မှုကို ပလပ်လိုက်သည်။ စရိတ်မရှိ။

တရားမ ပထမ အယူခံမှု

ဥက္ကဋ္ဌအဖြစ်ဦးတင်အုန်း၊ အဖွဲ့ဝင်များအဖြစ် ဦးလှဘုန်းနှင့် ဦးမြကျော်တို့ ပါဝင်သော ဗဟိုတရား စီရင်ရေးအဖွဲ့ရှေ့တွင်

ဒေါ်ခင်မိမိ
နှင့်
ဒေါ်ခင်အေး *

†၁၉၀၄
မေလ ၃၁ရက်

ကာလစည်းကမ်းသတ် အက်ဥပဒေပုဒ်မ ၃—တရားဖြိုင်၏ ထုချေချက်ကို ပုဒ်မ ၃ က ဖိတ်ပင်မှုမရှိခြင်း။

ကာလစည်းကမ်းသတ် အက်ဥပဒေပုဒ်မ ၂၀—ပစ္စည်းလက်ဝဲဖြစ်သူများက ပစ္စည်းလက်ရောက်ရလိုကြောင်းစွဲဆိုခြင်းမျှားနှင့်သာသက်ဆိုင်ခြင်း- လက်ရှိဖြစ်သူက ထုချေခြင်းကို ပုဒ်မ ၂၀ က ဖိတ်ပင်မှုမရှိခြင်း။

ဆုံးဖြတ်ချက်။ ။ကာလ စည်းကမ်းသတ် အက်ဥပဒေပုဒ်မ ၃ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည် –

"ပုဒ်မ ၄ မှ ပုဒ်မ ၂၅ အထိ ပါရှိသော ပုဒ်မများပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေပဲ ပထမဇယားတွင် ပြဋ္ဌာန်းထားသော စည်းကမ်းသတ် ကာလ ကုန်ဆုံးပြီးမှ စွဲဆိုသည့် တရားမကြီးမှု၊ တင်သွင်းသည့် အယူခံမှုနှင့် လျှောက်ထားမှုတို့ကို ကာလစည်းကမ်းသတ်ချက်ကို အကြောင်းပြု၍ ချေပခြင်းပင် မပြုသော်လည်း ပလပ်ရမည်။"

ဤပြဋ္ဌာန်းချက်များသည်သတ်မှတ်ထားသည့်စည်းကမ်းသတ်ကာလကုန်ဆုံးပြီးမှ အမှုများစွဲဆိုခြင်း၊ အယူခံခြင်း၊လျှောက်ထားခြင်းကို ပိတ်ပင်သည်။ ဤအမှုတွင် ဒေါ်ခင်အေးသည် မိမိခင်ပွန်းဖြစ်သူ ဦးမြင့်တင် ရရန်ရှိသော အမွေစုကို တရားစွဲဆိုတောင်းဆိုထားခြင်း၊ အယူခံခြင်း၊ လျှောက်ထားခြင်း မဟုတ်ပေ။ ဒေါ်ခင်မိမိကသာ အိမ်ကိုလက်ရောက်ရလိုကြောင်း စွဲဆိုခြင်းဖြစ်သည်။ သို့ဖြစ်၍ ဒေါ်ခင်အေး၏ ထုချေချက်ကို ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၃ က ပိတ်ပင်သည်ဟုကောက်ယူရန်မသင့်ပေ။

---

* ၁၉၀၂ ခုနှစ်၊ တရားမ ပထမ အယူခံမှု အမှတ်- ၂၁

† ၁၉၇၇ ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၅၆ တွင် ချမှတ်သော (၂၇-၀-၀၁) နေ့စွဲပါ ရန်ကုန်တိုင်း တရားရုံး၏ အဓိန်္ဓကို အယူခံမှု။

၁၉၀၄ ဒေါ်ခင်မိမိ နှင့် ဒေါ်ခင်အေး

ထင်မိုးဆုံးဖြတ်ချက်။ ။ကာလစည်းကမ်းသတ် အက်ဥပဒေပုဒ်မ ၂၀ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည် –

"ပစ္စည်းလက်ရောက် ရလိုကြောင်း တရားစွဲဆိုခြင်းအတွက် ဤအက်ဥပဒေအရ ကန့်သတ်ထားသည့် ကာလ အပိုင်းအခြား ကုန်ဆုံးသော အခါတွင် ထိုပစ္စည်း ပိုင်ဆိုင်ခွင့်သည်လည်း ကုန်ဆုံးပြတ်စဲစေရမည်။"

ဤပြဋ္ဌာန်းချက်များသည် ပစ္စည်းလက်ရောက်ရလိုကြောင်း စွဲဆိုရန် ရှိသည့် ပစ္စည်း လက်မဲ့ ဖြစ်သူများနှင့်သာ သက်ဆိုင်ကြောင်း ပေါ်ပေါက်သည်။ ပစ္စည်းလက်ရှိ ဖြစ်သူ ဒေါ်ခင်အေး အနေဖြင့် အချင်းဖြစ် တိုက်နှင့်စပ်လျဉ်း၍ ခင်ပွန်း ဦးမြင့်တင် ရရန်ရှိသည့် အမွေဝေစုကို လက်ရောက် ရလိုကြောင်း တရားစွဲဆို တောင်းရန် အကြောင်း မပေါ်ပေါက်သည့် အလျောက် ဒေါ်ခင်အေးက အချင်းဖြစ်တိုက် အောက်ထပ်ကို လက်ရှိထားမြဲ ထားနိုင်ရန်အလို့ငှာ အချင်းဖြစ်တိုက်တွင် အမွေရခွင့် ရှိသည်ဆိုသော ထုချေချက်ကို ကာလစည်းကမ်းသတ် အက်ဥပဒေပုဒ်မ ၂၀ ပါ ပြဋ္ဌာန်းချက်များက ဝိတ်ပင်သည်ဟု မဆိုနိုင်ပေ။

အယူခံ တရားလို အတွက် – ဦးဘုန်းမြင့်၊ မဟိုတရားရုံးရှေ့နေ

အယူခံ တရားပြိုင်အတွက် – မစ္စတာအင်နစီဆင်း၊ မဟိုတရားရုံးရှေ့နေ

ရန်ကုန်တိုင်း တရားရုံး တရားမကြီးမှုအမှတ် ၄၅၆/၇၇ (စမ်းချောင်း) တွင် အယူခံတရားလို ဒေါ်ခင်မိမိ (ခ) ဒေါ်မိမိက အယူခံတရားပြိုင် ဒေါ်ခင်အေး အပေါ် ဒေါ်ခင်အေး နေထိုင်လျက်ရှိသည့် အိမ်ခန်းကို လက်ရောက်ရလိုမှု စွဲဆိုရာ မအောင်မြင်သောကြောင့် မဟိုတရားရုံး၌ ဤတရားမ ပထမအယူခံမှုကို တင်သွင်ခြင်းဖြစ်သည်။

မူလရုံးတရားလို ဒေါ်ခင်မိမိက စမ်းချောင်းမြို့နယ် မဟာမြိုင်လမ်းအိမ်အမှတ် ၁၉ မှာ မိမိပိုင်ဖြစ်၍ မူလက မိခင်ဖြစ်သူ ဒေါ်ခင်ညွန့်က မိမိအိမ်အောက်ထပ်တွင် သားဖြစ်သူ ဦးမြင့်တင်အား ၁၉၄၉ ခုနှစ်မှစ၍ အခမဲ့နေခွင့်ပြုခဲ့ကြောင်း ဦးမြင့်တင်သည် ၁၇–၁၁–၇၂ နေ့တွင် ကွယ်လွန်သွားရာသူ၏ ဇနီး ဒေါ်ခင်အေးနှင့် သားသမီးများက ထိုဥပစာတွင် ဆက်လက်နေထိုင်ခဲ့ကြောင်း၊ ဒေါ်ခင်အေးအား အိမ်အောက်ထပ်မှ ဖယ်ရှားပေးရန်အကြောင်းကြားသော်လည်း မနာယူဝဲနေကြောင်း၊ သို့ဖြစ်၍ ဒေါ်ခင်အေးအား အချင်းဖြစ် ဥပစာမှ ဖယ်ရှား၍ ထိုဥပစာကို လက်ရောက်ရလိုကြောင်းဖြင့် တရားစွဲဆိုလေသည်။

ဒေါ်ခင်အေးက အချင်းဖြစ် မြေနှင့် တိုက်မှာ ဦးမြင့်တင်၏ မိဘများဖြစ်သော ဦးဘထွန်းနှင့် ဒေါ်ခင်ညွန့်တို့ပိုင် ဖြစ်ကြောင်း၊ ဦးဘထွန်းသည် ၁၉–၇–၄၀ နေ့တွင် ကွယ်လွန်သောအခါ ယင်းပစ္စည်းများမှာ ဒေါ်ခင်ညွန့်နှင့် သြရသသား ဦးမြင့်တင်တို့ပိုင် ဖြစ်လာကြောင်း၊ ဒေါ်ခင်ညွန့်၊ ဦးမြင့်တင်နှင့် ဒေါ်ခင်မိမိတို့သည် ယင်းတိုက်တွင် နေထိုင်လာခဲ့ရာ မိမိသည် ဦးမြင့်တင်နှင့် အကြောင်းပါ၍ ယင်းတိုက်တွင် ဦးမြင့်တင်နှင့်အတူ နေထိုင်လာခဲ့ကြောင်း၊ တရားလို စွဲဆိုသောအမှုမှာ ကာလစည်းကမ်းသတ် ကျော်လွန်ကြောင်း စသည်ဖြင့် ထုချေသည်။

အဆိုအချေများအရ ရန်ကုန်တိုင်းတရားရုံးက အောက်ပါ ငြင်းချက်များ ထုတ်နုတ်ကြားနာခဲ့သည် –

၁။ တရားလိုသည် အဆိုလွှာ အပိုဒ် ၁ တွင် ဖော်ပြ ထားသော မဟာမြိုင်လမ်း၊ အမှတ် ၁၉ ရှိ မြေကွက်နှင့် ၂ ထပ်တိုက်ကို တစ်ဦးတည်းပိုင်ရှင် ဖြစ်သလား။

၂။ အထက်ဖော်ပြပါ ဥပစာတွင် ဦးမြင့်တင် (ကွယ်လွန်)နှင့် ဇနီး ဒေါ်ခင်အေး (တရားပြိုင်)တို့အား ၁၉၄၉ ခုနှစ်က ဒေါ်ခင်ညွန့်က အခမဲ့နေထိုင်ခွင့် ပြုခဲ့သလား။

သို့မဟုတ်

ဦးမြင့်တင် (ကွယ်လွန်) သည် ဦးဘထွန်း၊ ဒေါ်ခင်ညွန့်တို့၏ သြရသသား အမွေဆိုင် တစ်ဦးအနေဖြင့် မည်သူ၏ ခွင့်ပြုချက်အရ မဟုတ်ဝဲ ဇနီးဖြစ်သူ တရားပြိုင်နှင့် အထက်ဖော်ပြပါ ဥပစာတွင် အတူနေထိုင် လာခဲ့သလား။

၃။ ဦးမြင့်တင် ကွယ်လွန်ပြီးနောက် တရားပြိုင်နှင့် သားများသည် ဦးမြင့်တင်၏ ဇနီးနှင့် သားများဖြစ်ခဲ့သည့် အခြေအနေက အချင်းဖြစ် ဥပစာတွင် ပိုင်ဆိုင်ခွင့်ရှိ၍ ဆက်လက်နေထိုင်ခြင်း ဖြစ်သလား။

၄။ တရားပြိုင်၏ ချေလွှာအပိုဒ် ၆ တွင် ပါသော စွပ်စွဲချက်များအရ ဤအမှုမှာ ကာလစည်းကမ်းသတ် ကျော်လွန် နေပါသလား။

၅။ အချင်းဖြစ် မြေနှင့် တိုက်အိမ် ကာလတန်ဖိုး မည်မျှဖြစ်သနည်း။

၆။ တရားလိုသည် မည်သည့်သက်သာခွင့် ရထိုက်ပါသနည်း။

၁၉၀၄
ဒေါ်ခင်မိမိနှင့် ဒေါ်ခင်အေး

တိုင်းတရားရုံးက အချင်းဖြစ် တိုက်မှာ တရားလို ဒေါ်ခင်မိမိဝိုင် ဖြစ်ကြောင်း ကောက်ယူဆုံးဖြတ်သည်။ သို့သော် ဒေါ်ခင်အေးသည် အချင်းဖြစ် တိုက်တွင် ဒေါ်ခင်ညွန့်၏ ခွင့်ပြုချက်အရ နေထိုင်ခြင်းဖြစ်ကြောင်း သက်သေ အထောက်အထား မခိုင်လုံဟု အကြောင်းပြ၍ အယူခံတရားလို စွဲဆိုသော အမှုကို ပလပ်လိုက်သည်။ အယူခံတရားလိုသည် ဒေါ်ခင်အေးအား ခွင့်ပြုချက် ဖြင့် နေထိုင်သူ အဖြစ်ဖြင့် ဇယ်ရှားပေးစေရန် တရားစွဲဆိုခြင်း မဟုတ်ချေ။ အချင်းဖြစ် ဥပစာမှာ ဝိမိုင်ဖြစ်သည်ဟု ဆိုကာ ဝိုင်ဆိုင်မှုအပေါ် အခြေခံ၍ ဥပစာကို လက်ဝှေ့က်ရလိုကြောင်း စွဲဆိုခြင်းဖြစ်သည်။ သို့ဖြစ်၍လည်း ခွင့်ပြုချက်အရ နေထိုင်သူအား နှင်ထုတ်သည့် အမှုတွင် ထမ်းဆောင်ရမည့် ရုံးခွန်ကျပ် ၂၀/–ထက် ပို၍ အမှုတန်ဖိုး အလျောက် ရုံးခွန်ကျပ် ၂၃၀/– ထမ်းဆောင်ထားခြင်းဖြစ်သည်။ အဆိုလွှာတွင် ဒေါ်ခင်အေးသည် အချင်းဖြစ် တိုက်အောက်ထပ်၌ ခွင့်ပြုချက်အရ နေထိုင်ကြောင်း ဇော်ပြခြင်းမှာ ဒေါ်ခင်အေးတွင် ပိုင်နေးပိုင်ခွင့် မရှိကြောင်း ပြဆိုရန်ဖြစ်သည်။ သို့ဖြစ်ရာ အကယ်၍ ဒေါ်ခင်မိမိသည် အချင်းဖြစ် ဥပစာပိုင်ရှင်ဖြစ်ကြောင်း ပေါ်လွင်ထင်ရှားပါက ဒေါ်ခင်အေးသည် အချင်းဖြစ်တိုက်၏ မူလပိုင်ရှင် ဒေါ်ခင်ညွန့်၏ ခွင့်ပြုချက်အရ နေထိုင်ခြင်း မဟုတ်ကြောင်း ပေါ်ပေါက်စေကာမူ ဒေါ်ခင်မိမိ စွဲဆိုသော အမှုမှာ စည်းကမ်းသတ် ကာလအတွင်း ကျော့ရောက်လွှင် အောင်မြင်မည် ဖြစ်ပေသည်။

အမှုတွင် အငြင်းပွားသည့် အချက်မှာ ဒေါ်ခင်မိမိ၏ မိခင် ဒေါ်ခင်ညွန့်က အချင်းဖြစ် တိုက်ကို ဒေါ်ခင်မိမိအား သက်သေခံ (၈) အပေးစာချုပ်အရ ပေးကမ်းသည်ကို အကြောင်းပြုပြီး ဒေါ်ခင်မိမိက တိုက်ပိုင်ရှင် ဖြစ်သည်ဟု ဆိုကာ ၎င်အမှုကို စွဲဆိုခြင်းဖြစ်သည်။ ယင်းတိုက်မှာ မူလက ဦးဘထွန်းနှင့် ဒေါ်ခင်ညွန့်တို့ပိုင် ဖြစ်လေသည်။ ဦးဘထွန်း ကွယ်လွန်သော အခါ ဇနီး ဒေါ်ခင်ညွန့်နှင့် သြရသသား ဦးမြင့်တင်တို့ ကျန်ရစ်ခဲ့သည်။

မြန်မာဝလေ့ထုံးတမ်း ဥပဒေ အရ ဦးဘထွန်း ကွယ်လွန်သော အခါ သြရသသား ဦးမြင့်တင်သည် ဇနီးကျန်ရစ်သည့် အချင်းဖြစ်တိုက် အပါအဝင် အမွေပစ္စည်း၏ လေးပုံတစ်ပုံကို ဦးမြင့်တင်က ဆက်ခံသည်။ ၎င်းဥပဒေသနှင့် စပ်လျဉ်း၍ နှစ်ဘက်အမှုသည်တို့၏ ရှေ့နေများသည် အငြင်းပွားခြင်းမရှိချေ။ သို့သော် အယူခံ တရားလို၏ ရှေနေက ဦးမြင့်တင်သည် ဇနီးကွယ်လွန်ပြီး နောက် ၁၂ နှစ်အတွင်း အမွေတောင်းခံခဲ့ခြင်း မရှိ၍ ၁၉–၇–၇၀ နေ့ နောက်ပိုင်းတွင် အမွေရခွင့်မှာ ဆိတ်သုဉ်းသွားကြောင်း၊ သို့ဖြစ်၍ ထိုနေ့ နောက်ပိုင်းတွင် အချင်းဖြစ်တိုက်မှာ မိခင် ဒေါ်ခင်ညွန့် တစ်ဦးတည်းပိုင်ဖြစ်လာကြောင်း၊ ဒေါ်ခင်ညွန့်သည် ၁၀–၃– ၇၂ နေ့တွင် သက်သေခံ (၈) မှတ်ပုံတင် အပေးစာချုပ်အရ ဒေါ်ခင်မိမိအား ယင်းတိုက်ကို ပေးကမ်းလိုက်သည်

ဖြစ်၍ ဒေါ်ခင်မိမိ၏ တစ်ဦးတည်းဝိုင် ဖြစ်လာကြောင်း စသည်ဖြင့် အကျယ်တဝင့် တင်ပြထားပါသည်။

ကာလစည်းကမ်းသတ် အက်ဥပဒေပုဒ်မ ၃ တွင် အောက်ပါအတိုင်းပြဋ္ဌာန်းထားပါသည်—

> ''ပုဒ်မ ၄ မှ ပုဒ်မ ၂၅ အထိ ပါရှိသော ပုဒ်မများပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဲ့ ပထမဇယားတွင် ပြဋ္ဌာန်းထားသော စည်းကမ်းသတ်ကာလကုန်ဆုံးပြီးမှ စွဲဆိုသည့် တရားမကြီးမှု၊ တင်သွင်းသည့် အယူခံမှုနှင့် လျှောက်ထားမှုတို့ကို ကာလ စည်းကမ်း သတ်ချက်ကို အကြောင်းပြု၍ ချေပခြင်းပင် မပြုသော်လည်း ပလပ်ရမည်။''

ဤပြဋ္ဌာန်းချက်များသည် သတ်မှတ်ထားသည့် စည်းကမ်းသတ် ကာလကုန်ဆုံးပြီးမှ အမှုများစွဲဆိုခြင်း၊ အယူခံခြင်း၊ လျှောက်ထားခြင်းကို ဝိတ်ပင်သည်။ ဤအမှုတွင် ဒေါ်ခင်အေးသည် မိမိခင်ပွန်းဖြစ်သူ ဦးမြင့်တင်ရရန်ရှိသော အမွေစုကို တရားစွဲဆို တောင်းဆိုထားခြင်း၊ အယူခံခြင်း၊ လျှောက်ထားခြင်း မဟုတ်ပေ။ ဒေါ်ခင်မိမိကသာ အိမ်ကိုလက်ရောက် ရလိုကြောင်း စွဲဆိုခြင်းဖြစ်သည်။ သို့ဖြစ်၍ ဒေါ်ခင်အေး၏ ထုချေချက်ကို ကာလစည်းကမ်းသတ် အက်ဥပဒေပုဒ်မ ၃ က ဝိတ်ပင်သည်ဟု ကောက်ယူရန် မသင့်ပေ။

ကာလစည်းကမ်းသတ် အက်ဥပဒေပုဒ်မ ၂၀ တွင် အောက်ပါ အတိုင်းပြဋ္ဌာန်ထားသည်—

> ''ပစ္စည်းလက်ရောက် ရလိုကြောင်း တရားစွဲဆိုခြင်းအတွက် ဤအက်ဥပဒေအရ ကန့်သတ်ထားသည့် ကာလအပိုင်းအခြား ကုန်ဆုံးသော အခါတွင် ထိုပစ္စည်းဝိုင်ဆိုင်ခွင့်သည်လည်း ကုန်ဆုံးပြတ်စဲစေရမည်။''

ဤပြဋ္ဌာန်းချက်များသည် ပစ္စည်းလက်ရောက်ရလိုကြောင်း စွဲဆိုရန်ရှိသည့် ပစ္စည်းလက်ခံ့ဖြစ်သူများနှင့်သာ သက်ဆိုင်ကြောင်း ပေါ်ပေါက်သည်။ပစ္စည်းလက်ရှိဖြစ်သူ ဒေါ်ခင်အေး အနေဖြင့် အချင်းဖြစ် တိုက်နှင့်စပ်လျဉ်း၍ ခင်ပွန်းဦးမြင့်တင် ရရန်ရှိသည့် အမွေဝေစုကို လက်ရောက်ရလိုကြောင်း တရားစွဲဆိုတောင်းရန် အကြောင်းမပေါက်သည့်အလျောက် ဒေါ်ခင်အေးက အချင်းဖြစ်တိုက်အောက်ထပ်ကို လက်ရှိထားမြဲ ထားနိုင်ရန် အလှိုင်္ဂာ အချင်းဖြစ်တိုက်တွင် အမွေရခွင့်ရှိသည်ဆိုသော ထုချေချက်ကို ကာလစည်းကမ်းသတ် အက်ဥပဒေပုဒ်မ ၂၀ ပါ ဖြဋ္ဌာန်းချက်များက ဝိတ်ပင်သည်ဟု မဆိုနိုင်ပေ။

၁၉၀၄
ဒေါ်ခင်မိမိ နှင့် ဒေါ်ခင်အေး

သို့ဖြစ်၍ ဒေါ်ခင်အေးသည် အချင်းဖြစ်တိုက်တွင် ပိုင်ရေး ပိုင်ခွင့်အရ နေထိုင်သည်ဟု ထုချေချက်မှာ မှန်ကန်ကြောင်း ပေါ်ပေါက်သဖြင့် ဒေါ်ခင်မိမိသည် ဒေါ်ခင်အေးထံမှ ယင်းပစ္စည်းကို လက်ရောက်ရခွင့် မရှိပေ။

ထို့ကြောင့် ဤအယူခံကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။ ရှေ့နေခကို ကျပ် ၁၀၀/–ဟု သတ်မှတ်သည်။

တရားမ ပထမ အယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးတင်အုန်း၊ အဖွဲ့ဝင်များအဖြစ် ဦးလှဘုန်းနှင့် ဦးသန့်စင် တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ ချေတွင်

ဦးချစ်မောင်ပါ (၂)

နှင့်

ဒေါ်စိန်စိန်ရီ *

† ၁၉၇၄
ဇွန်လ ၈ ရက်

ကာလစည်းကမ်းသတ် အက်ဥပဒေ ပထမဇယား အမှတ်စဉ် ၁၃၆— ရောင်းသူလက်ရှိမဟုတ်သောပစ္စည်းကို ဝယ်သူသည် ယင်းပစ္စည်းကို လက်ရောက်ရလိုမှုစွဲဆိုလျှင် ကာလစည်းကမ်းသတ်ကို မည်သည့်အချိန်က စတင်၍ရေတွက်ရခြင်း။

ဆုံးဖြတ်ချက်။ ။ဤအမှုတွင် ဒေါ်စိန်စိန်ရီသည် အချင်းဖြစ် မြေကို ပိုင်ရှင်ဟု အဆိုရှိသူ ဒေါစန်းထံမှ ၄–၉–၇၄ ရက်စွဲပါ မှတ်ပုံတင်စာချုပ် အရ ဝယ်ယူစဉ်က ရောင်းသူ ဒေါ်စန်းမှာ အချင်းဖြစ် မြေကွက်ကို လက်ရှိ ထားသူမဟုတ်ကြောင်း အငြင်းမပွားချေ။ ရောင်းစဉ်အခါက ရောင်းသူ၏ လက်ရှိမဟုတ်သော မရွေ့မပြောင်းနိုင်သည့် ပစ္စည်းကို အချင်းချင်း အရောင်း အဝယ်ပြုလုပ်ပြီးနောက် ဝယ်သူက ထိုပစ္စည်းကို လက်ရောက်ရလိုသည့် အမှု ကို ရောင်းသူက ပထမ လက်ရောက်ရယူပိုင်သည့် အခါကစ၍ ၁၂ နှစ်အတွင်း တရားစွဲဆိုရမည်ဖြစ်ကြောင်း ကာလစည်းကမ်းသတ် အက်ဥပဒေ ပထမဇယား အမှတ်စဉ် ၁၃၆ တွင် သတ်မှတ်ထားသည်။

ဦးချစ်မောင်တို့သည် ယုတ်စွအဆုံး ၁၉၄၉ ခုနှစ်မှစ၍ အချင်းဖြစ်မြေတွင် နေထိုင်လာခဲ့ကြောင်း ပေါ်ပေါက်ပေသည်။ အချင်းဖြစ် မြေ၏ မူလပိုင်ရှင် ဒေါ်စန်းသည် ထိုနှစ်ကစ၍ ဦးချစ်မောင်တို့နေထိုင်သည့် မြေကို လက်ရောက် ရထိုက်သည်ဖြစ်၍ ကာလစည်းကမ်းသတ် အက်ဥပဒေပထမဇယား အမှတ်စဉ် ၁၃၆ တွင် သတ်မှတ်ထားသည့် စည်းကမ်းသတ်ကာလကို ၁၉၄၉ ခုနှစ်မှ စ၍ ရေတွက်ရမည်ဖြစ်သောကြောင့် ၂၆–၂–၇၉ နေ့တွင် ဒေါ်စိန်စိန်ရီစွဲဆို သော အမှုမှာ ကာလစည်းကမ်းသတ် ကျော်လွန်ကြောင်း ထင်ရှားပေသည်။

---

* ၁၉၇၂ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၄၃

† ၁၉၇၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၂ တွင် ချမှတ်သော (၂၃-၄-၇၂) နေ့စွဲပါ မန္တလေးတိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

၁၉၀၄ ဦးချစ်မောင်ပါ (၂) နှင့် ဒေါစိန်စိန်ရီ

အယူခံထရားလိုများအတွက် — ဒေါခင်မြမြဝင်း၊ ဗဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင်အတွက် — ဦးလှမြင့်၊ ဗဟိုတရားရုံးရှေ့နေ

မန္တလေးတိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၁၂/၇၉ တွင် အယူခံတရားပြိုင် ဒေါစိန်စိန်ရီက အယူခံတရားလို ဦးချစ်မောင်နှင့် ဒေါစိန်နက်တို့အပေါ် အချင်းဖြစ်မြေကို လက်ရောက်ရလိုကြောင်း တရားစွဲဆိုရာ အနိုင်ရရှိခဲ့သည်။ ဦးချစ်မောင်တို့က တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို မကျေနပ်သည့်အတွက် ဗဟိုတရားရုံးတွင် ဤအယူခံမှုကို တင်သွင်းသည်။

မူလရုံး တရားပြိုင် ဦးချစ်မောင်နှင့် ဒေါစိန်နက်တို့သည် မန္တလေးမြို့ မဲဃဂိရိရပ်၊ အကွက်အမှတ် ၁၄၄၊ ဦးပိုင်အမှတ် ၁၉ စာရင်းပေါက်သော ဘိုးဘဝိုင်မြေတွင် နေထိုင်လျက်ရှိသည်။ မူလရုံး တရားလို ဒေါစိန်စိန်ရီက၊ ဦးချစ်မောင်တို့သည် အချင်းဖြစ် မြေကွက်တွင် သူ၏ ခွင့်ပြုချက်အရ နေထိုင်သည်ဟု အဆိုပြုကာ မန္တလေးတိုင်းတရားရုံး တရားမကြီးမှုအမှတ် ၇/၇၄ (အနောက်မြောက်) တွင် ၆–၆–၇၄ နေ့က ဦးချစ်မောင်တို့အား အဆိုပါ မြေကွက်မှ နှင်ထုတ်ပေးရန် တရားစွဲဆိုရာ မအောင်မြင်ခဲ့ချေ။ ဒေါစိန်စိန်ရီက ဗဟိုတရားရုံးတွင် အယူခံဝင်သော်လည်း ဆက်လက်၍ ရှုံးနိမ့်ခဲ့သည်။

ဒေါစိန်စိန်ရီသည် အချင်းဖြစ်မြေကို ပိုင်ရှင် ဒေါစန်းထံမှ ၄–၉–၇၄ ရက်စွဲပါ မှတ်ပုံတင်စာချုပ်အရ ဝယ်ယူခဲ့သည်။ ယင်းစာချုပ်အပေါ် အခြေခံကာ ဦးချစ်မောင်တို့အပေါ် အချင်းဖြစ်မြေကို လက်ရောက်ရလိုကြောင်း ဤအမှုကို စွဲဆိုခြင်းဖြစ်သည်။

ဦးချစ်မောင်တို့က အခြားအချက်အလက်များအပြင် ဒေါစိန်စိန်ရီစွဲဆိုသော အမှုမှာ ကာလစည်းကမ်းသတ် ကျော်လွန်ကြောင်းထုချေသည်။

ဤအမှုတွင် ဒေါစိန်စိန်ရီသည် အချင်းဖြစ်မြေကို ပိုင်ရှင်ဟု အဆိုရှိသူ ဒေါစန်းထံမှ ၄–၉–၇၄ ရက်စွဲပါ မှတ်ပုံတင်စာချုပ်အရ ဝယ်ယူစဉ်က ရောင်းသူ ဒေါစန်းမှာ အချင်းဖြစ် မြေကွက်ကို လက်ရှိထားသူမဟုတ်ကြောင်း အငြင်းမပွားချေ။ ရောင်းစဉ်အခါက ရောင်းသူ၏လက်ရှိမဟုတ်သော မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းကို အချင်းချင်း အရောင်းအဝယ် ပြုလုပ်ပြီးနောက် ဝယ်သူက ထိုပစ္စည်းကို လက်ရောက်ရလိုသည့် အမှုကို ရောင်းသူက ပထမ လက်ရောက်ရယူပိုင်သည့်အခါကစ၍ ၁၂ နှစ်အတွင်း တရားစွဲဆိုရမည် ဖြစ်ကြောင်း ကာလစည်းကမ်းသတ် အက်ဥပဒေ ပထမ ဇယားအမှတ်စဉ် ၁၃၆ တွင် သတ်မှတ်ထားသည်။

မူလရုံး တရားလို ဒေါ်စိန်စိန်ရီက ''ကရင် ၄၉ ခုနှစ်ဝင်သည်ဆိုသည်ကို သိပါသည်။ သက်သေခံ (၁) မြူနီစီပယ် နို့တစ်စာတွင် ၁၉၄၈/၄၉ ခုနှစ်က စ၍၊ အိမ်ဆောက်နေသဖြင့် ဦးချစ်မောင်တို့အား အခွန်တော် ၉ ကျပ် ၁၂ ဝဲ တောင်းသည့် ပြေစာဖြစ်ပါသည်။ နို့တစ်စာအရ ၄၈/၄၉ ခုနှစ်ကစတင်ပြီး အိမ်ဆောက်နေသည်ဆိုသည်မှာ မှန်ပါသည်'' ဟု ထွက်ဆိုသည်။

၁၉၄၄ ဦးချစ်မော (၂) နှင့် ဒေါ်စိန်စိန်

ဒေါ်အေးအေးသိန်း (လိုပြ–၄) က ''အချင်းဖြစ်မြေပေါ်တွင် တရားပြိုင်တို့က ၎င်းတို့၏ဌေးဖြင့် အိမ်ဆောက်နေထိုင်ခဲ့ပါသည်'' ဟူ၍ လည်းကောင်း၊ ''ယခု ဆောက်လုပ်ထားသော အိမ်နှင့် မြေမှာ ကရင်မဝင်မီတုံးက ဆောက်လုပ်ထားသော အိမ်နှင့်မြေ ဖြစ်သည်ဆိုတာကော့ မှန်ပါသည်'' ဟူ၍လည်း ကောင်း ထွက်ဆိုထားသည်။

သက်သေခံ (၁) မှာ မန္တလေးမြူနီစီပယ်က ဦးချစ်မောင်ထံမှ အခွန်ငွေ တောင်းခံသည့် နို့တစ်စာဖြစ်သည်။ ယင်းနို့တစ်စာနှစ်စွဲမှာ ၁၄–၇–၄၉ ဖြစ်သည်။ သို့ဖြင့်ရာ ဦးချစ်မောင်တို့သည် ယုတ်စွအဆုံး ၁၉၄၉ ခုနှစ်မှစ၍ အချင်းဖြစ်မြေတွင် နေထိုင်လာခဲ့ကြောင်းပေါ်ပေါက်ပေသည်။ အချင်းဖြစ် မြေ၏ မူလပိုင်ရှင် ဒေါ်စန်းသည် ထိုနှစ်ကစ၍ ဦးချစ်မောင်တို့ နေထိုင်သည့် မြေကို လက်ရောက်ရထိုက်သည်ဖြစ်၍ ကာလစည်းကမ်းသတ် အက်ဥပဒေ ပထမ ဇယား အမှတ်စဉ် ၁၃၆ တွင် သတ်မှတ်ထားသည့် စည်းကမ်းသတ် ကာလ ကို ၁၉၄၉ ခုနှစ်မှစ၍ ရေတွက်ရမည်ဖြစ်သောကြောင့် ၂၆–၂–၇၉ နေ့တွင် ဒေါ်စိန်စိန်ရီ စွဲဆိုသော အမှုမှာ ကာလစည်းကမ်းသတ် ကျော်လွန်ကြောင်း ထင်ရှားပေသည်။

ထို့ကြောင့် ဤအယူခံကိုခွင့်ပြု၍ မန္တလေးတိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကိုပယ်ဖျက်ပြီး ဒေါ်စိန်စိန်ရီ စွဲဆိုသောအမှုကို စရိတ်နှင့်တကွ ပလပ် လိုက်သည်။

ရှေ့နေခကို ကျပ် ၈၀/–ဟုသတ်မှတ်သည်။

တရားမ ဒုတိယအယူခံမှု

ဥက္ကဋ္ဌအဖြစ်ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးတင်အောင်နှင့် ဦးထွန်းရှိန် တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

†၁၉၀၄
မေလ ၂ ရက်

မစ္စတာ စီအိပ်ဒီဇူဇာ

နှင့်

ဒေါ်လှသိန်းပါ(၃) *

မြို့မြဆိုင်ရာဌာနရုံးခကြီးကြွေစေးအက်ဥပဒေပုဒ်မ ၂(ဆ)—အိမ်ဌား၏ တရားဝင်ကိုယ်စားလှယ်သည် အိမ်ဌားဖြစ်လာခြင်း—အိမ်ဌားကွယ်လွန်ပြီးနောက် ၎င်း၏တရားဝင်ကိုယ်စားလှယ်သည် အိမ်ဌားဖြစ်လာစေရန်အတွက် နောက်ထပ်တစုံတရာလျှောက်ထားရန် မလိုခြင်း။

ဌားရုံးခကြီးကြွေစေးဝန်၏အမိန့်ပျက်ပြယ်ကြောင်း မြွက်ဟကြေငြာပေးရန် တရားမရုံးတွင်လျှောက်ထားဝိုင်နွှဲ့ ရှိမရှိ။

ဆုံးဖြတ်ချက်။ ။ အယူခံတရားလိုဘက်မှ ဒေါ်လှသိန်းသည် မူလအိမ်ဌား ဦးဘိုးမြစ်အမည်ဖြင့် အိမ်လခပေးရုံမျှဖြင့် အိမ်ဌား အလိုအလျောက် ဖြစ်မလာနိုင်ကြောင်း အကျယ်တဝင့် တင်ပြလျှောက်ထားသည်၊ ထိုတင်ပြချက်မှာ မှားယွင်းသည်ဟု မဆိုနိုင်ပေ။ သို့သော် ဦးဘိုးမြစ် ကွယ်လွန်သောအခါ သားဖြစ်သူ ရောဘတ်မောင်တင်သည်လည်းကောင်း၊ ရောဘတ်မောင်တင်ကွယ်လွန်သောအခါ ဇနီးဖြစ်သူ ဒေါ်လှသိန်းသည်လည်းကောင်း၊ အိမ်ဌား၏တရားဝင်ကိုယ်စားလှယ်အသီးသီးဖြစ်လာသည့်အလျောက် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာဌားရမ်းခကြီးကြွေရေး အက်ဥပဒေပုဒ်မ ၂(ဆ) တွင် အဓိပ္ပာယ် ဖွင့်ဆိုထားသည့်အတိုင်း ဒေါ်လှသိန်းသည် ဥပဒေသဘောအရ အိမ်ဌား အဖြစ်ဖြင့် ရောက်ရှိလာပေသည်။

---

* ၁၉၀၃ ခုနှစ်၊ တရားမ ဒုတိယ အယူခံမှုအမှတ် ၇၉

† ၁၉၀၂ ခုနှစ်၊တရားမအယူခံမှုအမှတ် ၂၃၆ တွင်ချမှတ်သော(၁၀-၂-၀၃) နွေစွဲပါ ရန်ကုန်တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကိုအယူခံမှု။

၁၉၇၄
မစ္စတာစီအိပ်
ဒီဇုဇာ
နှင့်
ဒေါ်လှသိန်းပါ
(၃)

အယူခံတရားလိုဘက်မှ ဦးဘိုးမြစ်ကွယ်လွန်ပြီးနောက် ရောဘတ်မောင်တင်နှင့် ဒေါ်လှသိန်းတို့သည် တရားဝင်အိမ်ငှားအဖြစ်ရရှိစေရန် ဆောင်ရွက်ခြင်းမပြုသောကြောင့် တရားဝင် အိမ်ငှားအဖြစ်သို့ မရောက်ရှိခဲ့ကြောင်း တင်ပြလျှောက်ထားသည်။ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၂(ဆ)အရ အိမ်ငှားဖြစ်သူ ကွယ်လွန်သွားသောအခါ သူ၏ တရားဝင်ကိုယ်စားလှယ်သည် အိမ်ငှားဖြစ်လာသည်။ အိမ်ငှား ဖြစ်စေရန် နောက်ထပ် တစုံတရာဆောင်ရွက်ရမည်ဟု ယင်းပုဒ်မ ၂(ဆ)တွင် ပြဋ္ဌာန်းထားခြင်းမရှိပေ။

ထင်မံဆုံးဖြတ်ချက်။ ။ငှားရမ်းခကြီးကြပ်ရေးဝန်က ချမှတ်သည့် အမိန့်သည် စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ပိုင်ခွင့်အရ ချမှတ်သောအမိန့်ဖြစ်သဖြင့် ယင်းအမိန့်ကို မကျေနပ်လျှင် စီမံခန့်ခွဲရေးဆိုင်ရာ နည်းလမ်းအရ အရေးဆိုရန်သာ ဖြစ်ပေသည်။ ထို့ကြောင့် ငှားရမ်းခကြီးကြပ်ရေးဝန်၏အမိန့်သည် ပျက်ပြယ်ကြောင်း မူလရုံးနှင့် တိုင်းတရားရုံးတို့ကမွှက်ဟကြေငြာပေးခြင်းသည် မှားယွင်းပေသည်။

အယူခံတရားလိုအတွက် – ဦးထွန်းတင်၊ ဗဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင်များအတွက် – (၁) ဦးဘဇော်၊ ညွှန်ကြားရေးမှူး၊
ဗဟိုဥပဒေရုံး
(၂) ဦးအုံးမောင်၊ ဗဟိုတရားရုံးရှေ့နေ

ဒဂုံမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၃/၇၇ တွင် အယူခံတရားပြိုင် ဒေါ်လှသိန်းက အယူခံတရားပြိုင် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးဝန်၊ဒုတိယညွှန်ကြားရေးမှူး(လွှဲအပ်ပစ္စည်း)ဗဟိုတရားရုံးနှင့် အယူခံတရားလို မစ္စတာစီအိပ်ဒီဇုဇာတို့အပေါ် မိမိသည် အချင်းဖြစ် ဥပစာ၏ တရားဝင်အိမ်ငှားဖြစ်ကြောင်းနှင့်မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးဝန်ကအမှုအမှတ် ၃၃၉(စ)/၇၄ တွင် ချမှတ်သော ၁၆–၇–၇၆ ရက်စွဲပါ အမိန့်သည် တရားမဝင် ပျက်ပြယ်ကြောင်း မွှက်ဟကြေငြာပေးစေရန် တရားစွဲဆိုရာ အနိုင်ရရှိခဲ့သည်။ အယူခံတရားလိုက မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို မကျေနပ်သဖြင့် ရန်ကုန်တိုင်းတရားရုံးတွင် အယူခံဝင်ရာ မအောင်မြင်သောကြောင့် ဗဟိုတရားရုံးတွင် ဤအယူခံကို တင်သွင်းခြင်းဖြစ်သည်။

ရန်ကုန်မြို့၊ ယောက်လမ်း အိမ်အမှတ် ၆၅ ၏ အပေါ်ထပ်ကို ဦးဘိုးမြစ်ဆိုသူက ဒုတိယညွှန်ကြားရေးမှူး(လွှဲအပ်ပစ္စည်း)ဗဟိုတရားရုံးထံမှ တစ်လ

၁၉၀၄ မစ္စတာစီအိပ်ဒီဇာနှင့် ဒေါ်လှသိန်းပါ (၃)

လျှင် ငှားရမ်းခ ၁၂၅၀/–နှုန်းဖြင့် ငှားရမ်းနေထိုင်လာခဲ့ရာ ၁၉၅၄ ခုနှစ်တွင် ကွယ်လွန်သွားသည်။ ထို့နောက် ဦးဘိုးမြစ်၏သား ရောဘတ်မောင်တင်နှင့် ချွေးမ ဒေါ်လှသိန်းတို့သည် ထိုဥပစာတွင် ဆက်လက်နေထိုင်လာခဲ့ရာ ၁၉၇၁ ခုနှစ်တွင် ရောဘတ်မောင်တင် ကွယ်လွန်သွားသည်။ ဒေါ်လှသိန်းသည် ယင်းဥပစာတွင် ဆက်လက်နေထိုင်လာခဲ့ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပြောင်းအလည်သွားရောက်ခိုက် အချင်းဖြစ်အိမ်တွင် မောင်ဖော်ဦးနှင့်မောင်စိုးသန်းတို့အား ထားခဲ့သည်။ ထိုစဉ် အယူခံတရားလို မစ္စတာစီအိပ်ဒီဇာကအချင်းဖြစ် ဥပစာတွင် အိမ်ငှားအဖြစ်ထားရန် ငှားရမ်းကြေးကြေးရေးဝန်ထံ လျှောက်ထားသောအခါ ငှားရမ်းခကြေးကြေးရေးဝန်က အမှုအမှတ် ၃၃၉(စီ)/၇၄ တွင် မောင်ဖော်ဦးတို့အား အချင်းဖြစ် ဥပစာမှ ဖယ်ရှားပေးစေရန် အမိန့်ချမှတ်ခဲ့သည်။ ဒေါ်လှသိန်းက မိမိသည် အချင်းဖြစ် ဥပစာ၌ တရားဝင် အိမ်ငှားဖြစ်ပြီး အချင်းဖြစ်အခန်းမှာ လစ်လပ်ခြင်း မရှိပါဝဲလျက် ငှားရမ်းခကြေးကြေးရေးဝန်က မိမိအိမ်စောင့်ထားသော မောင်ဖော်ဦးတို့အား ဖယ်ရှားခြင်းမှာ ဥပဒေနှင့်ညီညွတ်ခြင်းမရှိဟုဆိုကာ မိမိသည် အချင်းဖြစ် အိမ်ခန်း၏ တရားဝင် အိမ်ငှားဖြစ်ကြောင်း မြွက်ဟကြေငြာပေးစေရန်နှင့် မြို့ပြဆိုင်ရာငှားရမ်းခကြေးကြေးရေးဝန်၏အမိန့်မှာ ပျက်ပြယ်ကြောင်းမြွက်ဟကြေငြာပေးစေရန် တရားစွဲဆိုလေသည်။

ငှားရမ်းခကြေးကြေးရေးဝန်က ဒေါ်လှသိန်းသည် တရားဝင်အိမ်ငှားမဟုတ်ကြောင်း၊ မိမိချမှတ်သောအမိန့်မှာ တရားဝင်ကြောင်း စသည်ဖြင့်ထုချေသည်။ အယူခံတရားလို မစ္စတာစီအိပ်ဒီဇာကလည်း ဒေါ်လှသိန်းသည် တရားဝင် အိမ်ငှားမဟုတ်ကြောင်းထုချေသည်။

ဤအမှုတွင် ဒေါ်လှသိန်း၏ ယောကျ်မဖြစ်သူ ဦးဘိုးမြစ်သည် အချင်းဖြစ် အိမ်၏အိမ်ငှားဖြစ်သည်ဆိုသောအချက်မှာ အငြင်းမပွားချေ။ ၁၉၅၄ ခုနှစ်တွင် ဦးဘိုးမြစ်ကွယ်လွန်သောအခါ သူ၏သားဖြစ်သူ ရောဘတ်မောင်တင်သည် ဇနီး ဒေါ်လှသိန်းနှင့်အတူ အချင်းဖြစ် ဥပစာတွင် ဆက်လက်နေထိုင်ခဲ့သည်။ ၁၉၇၁ ခုနှစ်တွင် ရောဘတ်မောင်တင်ကွယ်လွန်ပြီးနောက် ဒေါ်လှသိန်းသည် ယင်းဥပစာ၌ ဆက်လက်၍နေထိုင်လာခဲ့သည်။ ဦးဘိုးမြစ်ကွယ်လွန်ပြီးနောက် အိမ်လခကို ဦးဘိုးမြစ်၏အမည်ဖြင့် ၁၉၇၄ ခုနှစ် ဇူလိုင်လကုန်အထိ ဒေါ်လှသိန်းက အိမ်ရှင်ထံပေးဆောင်ခဲ့သည်။

အယူခံတရားလိုဘက်မှ ဒေါ်လှသိန်းသည် မူလအိမ်ငှား ဦးဘိုးမြစ်အမည်ဖြင့်အိမ်လခပေးရုံမျှဖြင့် အိမ်ငှားအလိုအလျောက်ဖြစ်မလာနိုင်ကြောင်းအကျယ်တဝင့် တင်ပြလျှောက်ထားသည်၊ ထိုတင်ပြချက်မှာ မှားယွင်းသည်ဟုမဆိုနိုင်ပေ။ သို့သော် ဦးဘိုးမြစ်ကွယ်လွန်သောအခါ သားဖြစ်သူ ရောဘတ်မောင်တင်

သည်လည်းကောင်း၊ ရောဘတ်မောင်တင် ကွယ်လွန်သောအခါ ဇနီးဖြစ်သူ ဒေါ်လှသိန်းသည်လည်းကောင်း၊အိမ်ငှား၏တရားဝင်ကိုယ်စားလှယ်အသီးသီး ဖြစ်လာသည့်အလျောက် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၂(ဆ)တွင် အဓိပ္ပါယ်ဖွင့်ဆိုထားသည့်အတိုင်း ဒေါ်လှသိန်းသည် ဥပဒေသဘောအရ အိမ်ငှားအဖြစ်ဖြင့် ရောက်ရှိလာပေသည်။

အယူခံတရားလိုဘက်မှ ဦးဘိုးမြစ်ကွယ်လွန်ပြီးနောက် ရောဘတ်မောင်တင်နှင့် ဒေါ်လှသိန်းတို့သည် တရားဝင်အိမ်ငှားအဖြစ် ရရှိစေရန် ဆောင်ရွက်ခြင်းမပြုသောကြောင့် တရားဝင်အိမ်ငှားအဖြစ်သို့ မရောက်ရှိခဲ့ကြောင်း တင်ပြလျှောက်ထားသည်။ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက် ဥပဒေပုဒ်မ ၂(ဆ)အရ အိမ်ငှားဖြစ်သူ ကွယ်လွန်သွားသောအခါ သူ၏ တရားဝင်ကိုယ်စားလှယ်သည် အိမ်ငှား ဖြစ်လာသည်။ အိမ်ငှား ဖြစ်စေရန် နောက်ထပ် တစုံတရာဆောင်ရွက်ရမည်ဟု ယင်းပုဒ်မ ၂(ဆ)တွင် ပြဋ္ဌာန်းထားခြင်းမရှိပေ။ ထို့ကြောင့် အယူခံတရားလိုဘက်မှ လျှောက်ထားချက်ကို လက်ခံရန်အကြောင်းမရှိပေ။ သို့ဖြစ်ရာ ဒေါ်လှသိန်းသည် အချင်းဖြစ်ဥပစာ၏ တရားဝင်အိမ်ငှားဖြစ်ကြောင်း အောက်ရုံးများက ကောက်ယူဆုံးဖြတ်ခြင်းမှာ မှားယွင်းသည်ဟု မဆိုနိုင်ပေ။

ရန်ကုန်မြို့ ငှားရမ်းခကြီးကြပ်ရေးဝန်ရုံး၊ အမှုအမှတ် ၃၃၉ (စီ) / ၇၄ တွင် ငှား ရမ်း ခ ကြီး ကြပ် ရေး ဝန် က မောင်ဇော်ဦးနှင့် မောင်စိုးသန်းတို့အား ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၂၁ အရ အချုပ်ဖြစ် ဥပစာမှ ဖယ်ရှားပေးစေရန် ၁၆–၇–၇၆ ရက် နေ့တွင် အမိန့်ချမှတ်ခဲ့သည်။ယင်းအမိန့်မှာ ပျက်ပြယ်ကြောင်း မြွက်ဟကြေငြာပေးရန် ဒေါ်လှသိန်းက သက်သာခွင့် တောင်းဆိုထားသည်။ ယင်းအမိန့်အရ ထိခိုက်နစ်နာသူ ကာယကံရှင်များဖြစ်ကြသည့် မောင်ဇော်ဦးနှင့် မောင်စိုးသန်း တို့သည် အဆိုပါအမိန့်နှင့် စပ်လျဉ်း၍ တရားစွဲဆိုခြင်းမပြုပဲ ကြားလူဖြစ်သော ဒေါ်လှသိန်းက ယင်းအမိန့်မှာ တရားမဝင်ပျက်ပြယ်ကြောင်း တရားစွဲဆိုခွင့် မရှိချေ။ ထို့အပြင် ငှားရမ်းခကြီးကြပ်ရေးဝန်က ချမှတ်သည့် အမိန့်သည် စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ပိုင်ခွင့်အရ ချမှတ်သောအမိန့်ဖြစ်သဖြင့် ယင်းအမိန့်ကို မကျေနပ်လျှင် စီမံခန့်ခွဲရေးဆိုင်ရာ နည်းလမ်းအရ အဇ္ဈရုဆိုရန်သာ ဖြစ်ပေသည်။ ထို့ကြောင့် ငှားရမ်းခကြီးကြပ်ရေးဝန်၏ အမိန့်သည် ပျက်ပြယ်ကြောင်း မူလရုံးနှင့် တိုင်းတရားရုံးတို့က မြွက်ဟကြေငြာပေးခြင်းသည် မှားယွင်းပေသည်။

ထို့ကြောင့် ဤအယူခံကို တစိတ်တဒေသအားဖြင့် ခွင့်ပြု၍ ငှားရမ်းခကြီးကြပ်ရေးဝန်၏ ၁၆–၇–၇၆ ရက်စွဲပါအမိန့်မှာ တရားမဝင်ပျက်ပြယ်ကြောင်း

၁၉၀၄ မစ္စတာစီအိပ် ဒီဇစ္စာ နှင့် ဒေါ်လှသိန်းပါ (၃)

ကြေငြာသည့် မြို့နယ်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီနှင့် ယင်းစီရင်ချက်နှင့်ဒီကရီ ကိုအတည်ပြုသော တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကိုပယ်ဖျက်လိုက်သည်။ သို့သော် ဒေါ်လှသိန်းသည် အချင်းဖြစ်ဥပစာ၏အိမ်ဌားဖြစ်ကြောင်း မြွက်ဟ ကြေငြာသည့် ဒီကရီကိုမူ အဘည်ပြုလိုက်သည်။ နှစ်ဘက် အမှုသည်များသည် ဤအယူခံတွင် ကုန်ကျသော တရားစရိတ်များကို မိမိတို့ကိုယ်တိုင်ကျခံ ကြစေ။

တရားမ ဒုတိယအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးတင်အုန်း၊ အဖွဲ့ဝင်များအဖြစ် ဦးမြကျော်နှင့် ဦးသန့်စင် တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

ဦးစိုးမြင့်ပါ (၂)

နှင့်

မခင်စိုးဝင်း *

†၁၉၀၄
မေလ ၂၀ရက်

ခြင်းချက် – တရားမကျင့်ထုံး ဥပဒေအမိန့် ၁၄ နည်း ၁ (၂)ပါ ပြဋ္ဌာန်းချက် – တရားလိုနှင့် တရားပြိုင်အကြား အငြင်းပွားသည့် ပြဿနာတိုင်းကို ခြင်းချက်အဖြစ် ထုတ်နုတ် စစ်ဆေးရန် မဟုတ်ခြင်း။

မြန်မာဓလေ့ ထုံးတမ်းဥပဒေ – လင်မယားအဖြစ်မှ ဖြတ်စဲမှသာ ပစ္စည်းခွဲဝေခွင့်ရှိခြင်း။

အာဏာသည်အဖြစ် မှားယွင်းထည့်သွင်းခြင်းကို တရားမကျင့်ထုံး ဥပဒေ ပုဒ်မ ၉၉ အရ ကုစားနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။တရားမမှုတစ်မှုတွင်တရားလိုနှင့် တရားပြိုင်တို့အကြား အငြင်းပွားသည့် ပြဿနာတိုင်းနှင့် စပ်လျဉ်း၍ ခြင်းချက်ထုတ်နုတ်စစ်ဆေးရန် မဟုတ်ချေ။ မခင်စိုးဝင်း လွယ်ထားသော ကိုယ်ဝန်သည် ကိုစိုးမြင့်နှင့်ရသော ကိုယ်ဝန်ဟုတ်မဟုတ်၊ ကိုစိုးမြင့်သည် မိဘအုပ်ထိန်းမှု အောက်တွင် ရှိမရှိဆိုသော အချက်များမှာ လင်မယားကွာရှင်း ပေးစေလိုမှုတွင် လည်းကောင်း၊ ပစ္စည်း ခွဲဝေပေးစေလိုမှုတွင် လည်းကောင်း၊ တရားပြိုင်ဘက်မှ ထုချေရန် လိုအပ်သည့် ကိစ္စမျိုးမဟုတ်သဖြင့် ယင်းပြဿနာများမှာ တရားမကျင့်ထုံး ဥပဒေအမိန့် ၁၄၊ နည်း ၁ (၂)တွင် အကျုံးဝင်သည့် အရေးပါသော အကြောင်းရပ်များ မဟုတ်သည့်အလျောက် ယင်းပြဿနာများနှင့် ပတ်သက်ပြီး ခြင်းချက်ထုတ်နုတ်စစ်ဆေးရန် အကြောင်းမပေါ်ပေါက်ချေ။

---

* ၁၉၀၄ ခုနှစ်၊ တရားမ ဒုတိယ အယူခံမှုအမှတ် ၂၄

† ၁၉၀၃ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၇၁ တွင် ချမှတ်သော (၈-၁၂-၀၃) နေ့စွဲပါ မကွေးတိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကိုအယူခံမှု။

၁၉၀၄
ဦးစိုးမြင့် ပါ (၂) နှင့် မခင်စိုးဝင်း

ဆဝ်မံဆုံးဖြတ်ချက်။ ။မြန်မာ ဓလေ့ ထုံးတမ်း ဥပဒေအရ ဆိုလျှင် လင်မယားအဖြစ် တည်ရှိနေသရွေ့ ကာလပတ်လုံး လင်ကဖြစ်စေ၊ မယားက ဖြစ်စေ၊ လင်မယားပိုင်ပစ္စည်းများကို ခွဲဝေပေးစေရန် တရားစွဲခွင့် မရှိချေ။ လင်မယားအဖြစ် ပြတ်စဲမှသာ ပစ္စည်းခွဲဝေခွင့် ရရှိသည်။ ဤအမှုတွင် မူလ ရုံးကဖြစ်စေ၊ မကွေးတိုင်းတရားရုံးကဖြစ်စေ၊ လင်မယားကွာရှင်းသည့် ဒီကရီ ချမှတ်ခြင်း မပြုပဲ ပစ္စည်းခွဲဝေသည့် ဒီကရီချမှတ်ခြင်းမှာ မှားယွင်းပေသည်။

ဆဝ်မံဆုံးဖြတ်ချက်။ ။ဤစီရင်ချက်ကို အဆုံးမသတ်မီ မှတ်ချက်ပြုလိုသော အချက်မှာ ကိုစိုးမြင့်၏ ဒုတိယမယား မသန်းမြင့်အား အမှုသည်အဖြစ် ထည့်သွင်းသည့် ကိစ္စနှင့် ပတ်သက်သည်။ အငြင်းပွားမှုမှာ မခင်စိုးဝင်းနှင့် ကံစိုးမြင့်တို့ အကြား ပေါ်ပေါက်သည့် ပြဿနာဖြစ်၍ မသန်းမြင့်သည် အမှုသည်အဖြစ် ပါဝင်သင့်သူ မဟုတ်ချေ။ အယူခံတရားပြိုင်တို့၏ ရှေ့နေက မသန်းမြင့်သည် အချင်းဖြစ်ပစ္စည်းများတွင် အကျိုးခံစားခွင့် ရှိသူဖြစ်၍ အမှုသည်အဖြစ် ပါဝင်သင့်သည်ဟု တင်ပြလျှောက်ထားသည်။ အမှုမှာ မခင်စိုးဝင်း ရထိုက်သည့် အကျိုးခံစားခွင့်ကို ခွဲဝေပေးရန် ဖြစ်သည်။ မခင်စိုးဝင်းသည် မသန်းမြင့်အပေါ် တစုံတရာ အရေးဆိုထားခြင်း မရှိ၍ သူ့အပေါ် တရားစွဲဆိုရန် အကြောင်းမပေါ်ပေါက်ချေ။ သို့သော် မသန်းမြင့်သည် မူလ ရုံးတွင် အမှုသည်အဖြစ် မပါထိုက်ကြောင်း ထုချေခဲ့ခြင်း မရှိ၍ တရားမကျင့်ထုံး ဥပဒေအမိန့် ၁၊ နည်း ၁၃ အရ ကန့်ကွက်ပိုင် ခွင့်ကို စွန့်လွှတ်ခဲ့ပြီးဟု ဆိုရပေမည်။ ထို့ပြင် မသန်းမြင့်အား အမှုသည်အဖြစ် မှားယွင်းထည့်သွင်းခြင်းကို တရားမကျင့်ထုံးဥပဒေပုဒ်မ ၉၉ အရ ကုစားနိုင်ပေသည်။

အယူခံတရားလိုများအတွက်— ဦးမောင်မောင်အေး၊ ဗဟိုတရားရုံးရှေ့နေ

အယူခံ တရားပြိုင် အတွက်— ဦးဘရွှေ၊ ဗဟိုတရားရုံးရှေ့နေ

မင်းဘူးမြို့နယ်တရားရုံး၊ တရားမကြီးမှု အမှတ် ၁၂/၀၂ တွင် အယူခံတရားပြိုင် မခင်စိုးဝင်းက အယူခံတရားလို ကိုစိုးမြင့်နှင့် မသန်းမြင့်တို့အပေါ် လင်မယား ကွာရှင်းပေးစေရန်နှင့် ပစ္စည်းသုံးပုံ တစ်ပုံ ခွဲဝေပေးစေရန် တရားစွဲဆိုရာ မြို့နယ်တရားရုံးက အဆိုလွှာနှင့်အတူ ပူးတွဲတင်ပြသည့် ပစ္စည်းစာရင်းပါ အိမ်နှင့် ယာ ရောင်းရသည့် ငွေနှင့် ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများ၏ စာနှိုး၏ သုံးပုံ တစ်ပုံကို မခင်စိုးဝင်းအား ခွဲဝေပေးစေရန် ဒီကရီ ချမှတ်ခဲ့သည်။ ကိုစိုးမြင့်တို့က မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို မကွေးတိုင်းတရားရုံးတွင် အယူခံဝင်သော်လည်း မအောင်မြင်သဖြင့် ဗဟိုတရားရုံးတွင် ဤအယူခံကို တင်သွင်းခြင်းဖြစ်သည်။

မခင်စိုးဝင်းက မိမိသည် ကိုစိုးမြင့်နှင့် ၁၃၄၃ ခုနှစ်၊ တပို့တွဲလဆုတ် ၈ ရက်နေ့မှ စ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ရာ ထိုနှစ် တပေါင်းလဆုတ် ၁၀ ရက်နေ့တွင် ကိုစိုးမြင့်သည် မိမိသဘောတူညီချက် မရဲ့ မသန်းမြင့်နှင့် ပေါင်းသင်းခဲ့ကြောင်း၊ သို့ဖြစ်၍ လင်မယားအဖြစ်မှ ကွာရှင်းပေးရန်နှင့် ပစ္စည်းများ ခွဲဝေပေးစေလိုကြောင်းဖြင့် တရားစွဲဆိုလေသည်။

ကိုစိုးမြင့်က ခွဲဝေပေးစေလိုသော၊ ပစ္စည်းများမှာ မိမိတို့ပိုင်မဟုတ်ကြောင်း ထုချေသည်။

မြို့နယ်တရားရုံးက အောက်ပါငြင်းချက်များကို ထုတ်နုတ်ကြားနာခဲ့သည်–

၁။ တရားလိုနှင့် တရားပြိုင်တို့သည် တရားဝင်လင်မယား ဟုတ်မဟုတ်

၂။ တရားလိုတွင် ရှိသော ကိုယ်ဝန်သည် တရားပြိုင်နှင့် ရခြင်း ဟုတ်မဟုတ်

၃။ တရားလိုက စွဲဆိုသည့်အတိုင်း ပူးတွဲပါပစ္စည်းများသည် တရားပြိုင် ပိုင်ဆိုင်ခြင်း ဟုတ်မဟုတ်

၄။ တရားပြိုင် ကိုစိုးမြင့်သည် မိဘအုပ်ထိန်းမှု အောက်တွင် ရှိသည်ဆို တာ ဟုတ်မဟုတ်

၅။ တရားလိုသည် မည်သည့်သက်သာခွင့်ကို ရထိုက်သနည်း။

အဆိုအဝိုဒ် ၁ တွင် မခင်စိုးဝင်းက ကိုစိုးမြင့်နှင့် အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ကြောင်း အဆိုပြုထားရာ ကိုစိုးမြင့်က ချေလွှာ အဝိုဒ် ၁ ၌ ယင်းအချက်ကို ငြင်းကွယ်ခြင်း မပြုချေ။ သို့ဖြစ်ရာ သူတို့နှစ်ဦး အကြားတွင် မခင်စိုးဝင်းသည် ကိုစိုးမြင့်၏ တရားဝင်မယား ဟုတ်မဟုတ် ဆိုသည့်ပြဿနာနှင့် စပ်လျဉ်း၍ အငြင်းပွားမှု မရှိသည့်အလျောက် မူလရုံးက ငြင်းချက်ထုတ်နုတ် စစ်ဆေးခြင်းမှာ မှားယွင်းပေသည်။

တရားမမှုတစ်မှုတွင်တရားလိုနှင့်တရားပြိုင်တို့အကြားအငြင်းပွားသည့်ပြဿနာတိုင်းနှင့် စပ်လျဉ်း၍ ငြင်းချက်ထုတ်နုတ်စစ်ဆေးရန် မဟုတ်ချေ။မခင်စိုးဝင်း လွယ်ထားသော ကိုယ်ဝန်သည် ကိုစိုးမြင့်နှင့် ရသော ကိုယ်ဝန် ဟုတ်မဟုတ်၊ ကိုစိုးမြင့်သည် မိဘအုပ်ထိန်းမှု အောက်တွင်ရှိမရှိ ဆိုသော အချက်များမှာ လင်မယားကွာရှင်း ပေးစေလိုမှုတွင် လည်းကောင်း၊ ပစ္စည်းခွဲဝေပေးစေလိုမှု

၁၉၀၄ ဦးစိုးမြင့် ပါ (၂) နှင့် မခင်စိုးဝင်း

တွင် လည်းကောင်း၊ တရားဖြိုင်ဘက်မှ ထုချေရန်လိုအပ်သည့် ကိစ္စမျိုးမဟုတ်သဖြင့် ယင်းပြဿနာများမှာ တရားမကျင့်ထုံးဥပဒေအမိန့် ၁၄၊ နည်း ၁ (၂) တွင် အကျုံးဝင်သည့် အရေးပါသော အကြောင်းရပ်များ မဟုတ်သည့် အလျောက် ယင်းပြဿနာများနှင့် ပတ်သက်ပြီး ငြင်းချက်ထုတ်နုတ် စစ်ဆေးရန် အကြောင်းမပေါ်ပေါက်ချေ။

ဤအယူခံတွင် အယူခံတရားလိုတို့၏ ရှေ့နေက အဓိက ဥပဒေ ပြဿနာနှစ်ရပ်ကို တင်ပြလျှောက်ထားသည်။ မူလရုံးသည် ကွာရှင်းခွင့် ဒီကရီ ချမှတ်ခြင်း မပြုပဲ ပစ္စည်းခွဲပေးစေရန် ဒီကရီချမှတ်ခြင်းမှာ မှားယွင်းကြောင်း၊ ထို့ပြင် ပစ္စည်းခွဲဝေပေးစေလိုမှု၌ ပဏာမဒီကရီကို ဦးစွာချမှတ်ရမည် ဖြစ်ပါလျက် အပြီးသတ် ဒီကရီသဘော ချမှတ်ပေးခြင်းမှာ မှားယွင်းကြောင်း အကျယ်တဝင့် တင်ပြလျှောက်ထားသည်။

မြန်မာဓလေ့ ထုံးတမ်း ဥပဒေအရ ဆိုလျှင် လင်မယား အဖြစ် တည်ရှိနေသရွေ့ ကာလပတ်လုံး လင်ကဖြစ်စေ၊ မယားကဖြစ်စေ လင်မယားပိုင် ပစ္စည်းများကို ခွဲဝေပေးစေရန် တရားစွဲခွင့်မရှိချေ။ လင်မယားအဖြစ် ပြတ်စဲမှသာ ပစ္စည်းခွဲဝေခွင့်ရရှိသည်။ ဤအမှုတွင် မူလရုံးကဖြစ်စေ၊ မကွေးတိုင်းတရားရုံးကဖြစ်စေ လင်မယား ကွာရှင်းသည့် ဒီကရီချမှတ်ခြင်း မပြုပဲ ပစ္စည်းခွဲဝေသည့် ဒီကရီချမှတ်ခြင်းမှာ မှားယွင်းပေသည်။

မခင်စိုးဝင်းက အဆိုလွှာ အပိုဒ် ၂ ၌ ကိုစိုးမြင့်သည် မိမိ၏ သဘောတူညီချက် မရပဲ မသန်းမြင့်နှင့် နောက်အိမ်ထောင် ပြုကြောင်း စွပ်စွဲထားရာ ကိုစိုးမြင့်က ယင်းအချက်ကို ငြင်းကွယ်ခြင်း မပြုချေ။ သို့ဖြစ်ရာ ကိုစိုးမြင့်သည် မြန်မာဓလေ့ ထုံးတမ်းဥပဒေအရ အိမ်ထောင်ရေး ပြစ်မှုကျူးလွန်ကြောင်း ပေါ်ပေါက်သည် ဖြစ်၍ မခင်စိုးဝင်းသည် လင်မယား ကွာရှင်းသည့် ဒီကရီ ရထိုက်ပေသည်။ ထိုဒီကရီကို အဆိုလွှာ၌ အတည့်အလင်း ဖော်ပြတောင်းခံထားပါလျက် မူလရုံးသည် ကွာရှင်းသည့် ဒီကရီ ချမှတ်ပေးရန် ပျက်ကွက်ခဲ့ကြောင်း တွေ့ရှိရသည်။ တရားရုံး၏မှားယွင်းသော လုပ်ရပ်ကြောင့် အမှုသည် တစ်ဦးအား မနစ်နာစေသင့်ပေ။ သို့ဖြစ်ရာ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၅၁ နှင့် အမိန့် ၄၁၊ နည်း ၃၃ ပါ လုပ်ပိုင်ခွင့် များကို ကျင့်သုံး၍ လင်မယား ကွာရှင်းသည့် ဒီကရီချမှတ်သင့်ပေသည်။

ပစ္စည်းခွဲဝေ ပေးစေလိုမှုတွင် ပဏာမဒီကရီ၊ အပြီးသတ်ဒီကရီဟူ၍ ဒီကရီနှစ်ရပ်ချမှတ်ရသည်။ သို့ဖြစ်ရာ မူလရုံးက မည်သည့်ဒီကရီချမှတ်ကြောင်း တိတိကျကျ မဖော်ပြခြင်းမှာ မှားယွင်းပေသည်။ ထို့ပြင် အဆိုလွှာနှင့်အတူ ပူးတွဲတင်ပြသည့် ပစ္စည်းအရပ်ရပ်၏ တန်ဖိုး သုံးပုံတစ်ပုံကို တရားလိုအား ခွဲဝေပေးစေရန် ဒီကရီချမှတ်ခြင်းမှာလည်း မှန်ကန်သည်ဟု မဆိုနိုင်ပေ။

ဤစီရင်ချက်ကို အဆုံးမသတ်မီ မှတ်ချက်ပြုလိုသော အချက်မှာ ကိုစိုးမြင့်၏ ဒုတိယမယား မသန်းမြင့်အား အမှုသည်အဖြစ် ထည့်သွင်းသည့်ကိစ္စနှင့် ပတ်သက်သည်။ အငြင်းပွားမှုမှာ မခင်စိုးဝင်းနှင့် ကိုစိုးမြင့်တို့အကြား ပေါ်ပေါက်သည့် ပြဿနာဖြစ်၍ မသန်းမြင့်သည် အမှုသည်အဖြစ် ပါဝင်သင့်သူ မဟုတ်ချေ။ အယူခံတရားပြိုင်တို့၏ ရှေ့နေက မသန်းမြင့်သည် အချင်းဖြစ် ပစ္စည်းများတွင် အကျိုးခံစားခွင့် ရှိသူဖြစ်၍ အမှုသည်အဖြစ် ပါဝင်သင့်သည်ဟု တင်ပြလျှောက်ထားသည်။ အမှုမှာ မခင်စိုးဝင်း ရထိုက်သည့် အကျိုးခံစားခွင့်ကို ခွဲဝေပေးရန်ဖြစ်သည်။မခင်စိုးဝင်းသည် မသန်းမြင့်အပေါ် တစုံတရာအရေးဆိုထားခြင်းမရှိ၍ သူ့အပေါ်တရားစွဲဆိုရန်အကြောင်းမပေါ်ပေါက်ချေ။သို့သော် မသန်းမြင့်သည် မူလရုံးတွင် အမှုသည်အဖြစ် မပါထိုက်ကြောင်း ထုချေခဲ့ခြင်းမရှိ၍ တရားမကျင့်ထုံးဥပဒေ အမိန့် ၁၊ နည်း ၁၃ အရ ကန့်ကွက်ပိုင်ခွင့်ကို စွန့်လွှတ်ခဲ့ပြီးဟု ဆိုရပေမည်။ ထို့ပြင်မသန်းမြင့်အား အမှုသည်အဖြစ်မှားယွင်းထည့်သွင်းခြင်းကို တရားမကျင့်ထုံးဥပဒေပုဒ်မ ၉၉ အရ ကုစားနိုင်ပေသည်။

ထို့ကြောင့် အောက်ရုံးများ၏ စီရင်ချက်နှင့် ဒီကရီတို့ကို ပယ်ဖျက်ပြီး မခင်စိုးဝင်း စွဲဆိုသည့်အတိုင်း လင်မယား ကွာရှင်းသည့် ဒီကရီနှင့် အချင်းဖြစ် ပစ္စည်းများ၏သုံးပုံတစ်ပုံကို မခင်စိုးဝင်းအား ခွဲဝေပေးစေရန်ပြင်ဆင်၍ ပဏာမဒီကရီ ချမှတ်ပြီး ဤအယူခံမှုကို ပလပ်လိုက်သည်။ ဤအယူခံတွင် နှစ်ဘက်အမှုသည်များ ကုန်ကျသည့် တရားစရိတ်များကို မိမိတို့ကိုယ်တိုင် ကျခံကြစေ။

တရားမ ပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ်ဦးလှဘုန်း၊ အဖွဲ့ဝင်များအဖြစ် ဦးမြကျော်နှင့် ဦးတင်အုန်း တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

ဒေါ်စန်းစန်း

နှင့်

ဦးကျော်ဝေ *

†၁၉၀၄
ဇွန်လ ၁၄ရက်

ပစ္စည်းထိန်း ခန့်အပ်သည့် အမိန့်ကို မကျေနပ်လျှင် တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၀၄ (၁)နှင့် အမိန့် ၄၁၊ နည်း ၁ အရ အယူခံဝင်ခွင့် ရှိ၍ ပြင်ဆင်မှု လျှောက်ထားခွင့်မရှိခြင်း။

ဆုံးဖြတ်ချက်။ ။တရားမကျင့်ထုံး ဥပဒေအမိန့် ၄၀၊ နည်း ၁ အရ ပစ္စည်းထိန်း ခန့်အပ်သည့် အမိန့်ကို တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၀၄(၁) နှင့် အမိန့် ၄၁၊ နည်း ၁အရ အယူခံဝင်ခွင့် ရှိသည်ဖြစ်ရာ ဤပြင်ဆင်မှုကို လျှောက်ထားခြင်းမှာ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၅ ပါ ပြဋ္ဌာန်းချက်နှင့် မညီညွတ်ချေ။

လျှောက်ထားသူ အတွက် — ဦးစိုးမင်းသိန်း၊ ဗဟိုတရားရုံးရှေ့နေ

လျှောက်ထားခံရသူအတွက်— ဦးလှတင်၊ ဗဟိုတရားရုံးရှေ့နေ

ဦးကျော်ဝေနှင့် ဒေါ်စန်းစန်းတို့သည် အကြင်လင်မယား ဖြစ်ကြသည်။ ဒေါ်စန်းစန်းက ဦးကျော်ဝေအပေါ် လင်မယားပိုင် ပစ္စည်းများကို ခိုးယူသည်ဟု စွပ်စွဲကာ ကမာရွတ်မြို့နယ် တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၁၀၇၄/၈၁ တွင် တရားစွဲဆိုရာ အချင်းဖြစ်ပစ္စည်းများကို ယင်းတရားရုံးတွင် သက်သေခံအဖြစ် တင်ပြခဲ့သည်။ ယင်းအမှုတွင် ဦးကျော်ဝေအား အပြီးအပြတ် လွှတ်ခဲ့သည်။ သို့သော် သက်သေခံ ပစ္စည်းများကို ဆက်လက်ထိန်းသိမ်းထားရန် အမိန့်ချမှတ်ခဲ့သည်။

---

* ၁၉၀၃ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၁၇၉

† ၁၉၀၃ ခုနှစ်၊ တရားမ အထွေထွေမှုအမှတ် ၄၆ တွင် ချမှတ်သော (၂၇-၉-၀၃) နေ့စွဲပါ ရန်ကုန်တိုင်း တရားရုံး၏အမိန့်ကို ပြင်ဆင်မှု။

၁၉၀၄
ဒေါ်စန်းစန်းနှင့် ဦးကျော်ဝေ

ဦးကျော်ဝေက ရန်ကုန်တိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၁၁၃/၀၂ တွင် ဒေါ်စန်းစန်းအပေါ် နှစ်ဦးပိုင်ပစ္စည်းများကို ခွဲဝေပေးစေရန် တရားစွဲဆိုရာ ပဏာမဒီကရီရရှိခဲ့သည်။ ဦးကျော်ဝေက အဆိုပါ တရားရုံး၊ တရားမ အထွေထွေမှု အမှတ် ၄၆/၀၃(ကမာရွတ်)တွင် ပစ္စည်းထိန်းခန့်ထားပေးရန် လျှောက်ထားရာ တိုင်းတရားရုံးက ယင်းရုံး၏ ဘိလစ်အား ပစ္စည်းထိန်းအဖြစ် ခန့်အပ်၍ ကမာရွတ်မြို့နယ် တရားရုံး၊ ပြစ်မှုကြီးအမှတ် ၁၀၇၄/၀၁ နှင့် စပ်လျဉ်းပြီး သက်သေခံအဖြစ် တင်ပြထားသော ပစ္စည်းများကို လွှဲပြောင်းယူရန် အမိန့်ချမှတ်လိုက်သောကြောင့် ဒေါ်စန်းစန်းက ဤပြင်ဆင်မှုကို လျှောက်ထားခြင်း ဖြစ်သည်။

တရားဗကျင့်ထုံး ဥပဒေအမိန့် ၄၀၊ နည်း ၁ အရ ပစ္စည်းထိန်း ခန့်အပ်သည့် အမိန့်ကို တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၀၄ (၁)နှင့် အမိန့် ၄၁၊ နည်း ၁ အရ အယူခံဝင်ခွင့် ရှိသည်ဖြစ်ရာ ဤပြင်ဆင်မှုကို လျှောက်ထားခြင်းမှာ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၅ ပါ ပြဋ္ဌာန်းချက်နှင့် မညီညွတ်ချေ။

ထို့ကြောင့် ဤပြင်ဆင်မှုကို စဓိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေခကို ကျပ် ၅၀/–ဟု သတ်မှတ်သည်။

တရားမ ပထမ အယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲဝင်များအဖြစ် ဦးလှဘုန်းနှင့် ဦးတင်အုန်း တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

†၁၉၇၄
ဇွန်လ
၆-ရက်

ဒေါစန်းရီ
နှင့်
ဒေါကျော့ကျော့ခိုင် *

မြန်မာဓလေ့ထုံးတမ်း ဥပဒေအရ ပစ္စည်းခွဲဝေခြင်း — လင်မယား ကွာရှင်းပြီးမှသာ ခွဲဝေရမည်ဖြစ်ခြင်း။

ဆုံးဖြတ်ချက်။ ။မြန်မာဓလေ့ထုံးတမ်းဥပဒေအရ ဆိုလျှင် လင်မယား ကွာရှင်းပြီးသည့် နောက်တွင်မှ ပစ္စည်းခွဲဝေပေးရန်အကြောင်း ပေါ်ပေါက်မည် ဖြစ်ပေသည်။ လင်ယောကျ်ားး ပိုင်ဆိုင်သည့် ပစ္စည်းအပေါ် မယားဖြစ်သူက အတူ ပိုင်ဆိုင်ခွင့်ရှိသည် ဖြစ်၍ လင်မယားကွာရှင်းခြင်း မပြုရသေးမီ ပစ္စည်း ခွဲဝေခြင်း ပြုခဲ့သည့်တိုင်အောင်ပင် ယင်းပစ္စည်း ခွဲဝေမှုသည် အပြည့်အဝ အကျိုးသက်ရောက်မှု ရှိနိုင်မည်မဟုတ်ချေ။

အယူခံတရားလို အတွက် — ဦးကံမြင့်၊ ဗဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင်အတွက် — ဦးညွန့်မြင့်၊ ဗဟိုတရားရုံးရှေ့နေ

မန္တလေးတိုင်းတရားရုံး၊ တရားမကြီးမှု အမှတ် ၉၃/၀၀ (ကျောက်ပန်း တောင်း)တွင် အယူခံတရားပြိုင် ဒေါကျော့ကျော့ခိုင်က အယူခံ တရားလို ဒေါစန်းရီအပေါ် ချက်ပလက် ၃ တန်ကား အမှတ် က/၇၄၇ ကို မိမိတစ်ဦး တည်း ပိုင်ဆိုင်ကြောင်း မြွက်ဟကြေငြာပေးစေလိုမှု စွဲဆိုရာ အနိုင်ဒီကရီ ရရှိ ခဲ့သဖြင့် ဒေါစန်းရီ က ကျေနပ်၍ ဗဟိုတရားရုံး၌ ဤ ပထမ အယူခံကို တင်သွင်းသည်။

မူလရုံး တရားလို ဒေါကျော့ကျော့ခိုင်က မိမိသည် ၂၆–၁၁–၇၀ ရက် နေ့တွင် ကိုမောင်ဝင်းနှင့် လက်ထပ်ပြီး ကျောက်ပန်းတောင်းမြို့၌ အတူတကွ ပေါင်းသင်းနေထိုင်ခဲ့ကြောင်း၊ ၄–၃–၀၀ ရက်နေ့တွင် ကိုမောင်ဝင်းသည်

---

* ၁၉၀၂ ခုနှစ်၊ တရားမ ပထမအယူခံမှု အမှတ် ၂၀

† ၁၉၀၀ ခုနှစ်၊ တရားမကြီးမှု အမှတ် ၉၃ တွင် ချမှတ်သော (၁-၃-၀၂) နေ့စွဲပါမန္တလေးတိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို အယူခံမှု။

ငှင်းဏ်ပထမဓနီး တရားပြိုင် ဒေါ်စန်းရီနှင့် တရားဝင်ကွာရှင်းကြောင်း စာချုပ်ကို ချောက်မြို့နယ်၊ ငွေးချိကျေးရွာ ပြည်သူ့ကောင်စီ လူကြီးများ ရှေ့မှောက်တွင် နှစ်ဦး သဘောတူ လက်မှတ်ရေးထိုး၍ ကွာရှင်းခဲ့ကြောင်း၊ ထို့နောက် ဒေါ်စန်းရီက ကိုမောင်ဝင်းထံမှ ငွေ ၃၀၀၀၀/- ကျပ် ပေးအမ်းသည်ကို လက်ခံပြီး ငှင်းအမည်နှင့်ရှိနေသည့် ချက်ပလက် ၃တန် ကားအမှတ် က/၇၄၇ ကို ကိုမောင်ဝင်း အမည်သို့ ပြောင်းလွဲပေးရန် သဘောတူ စာချုပ်များ လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြောင်း၊ ၂-၇-၇၉ ရက်နေ့တွင် ကိုမောင်ဝင်းက အချင်းဖြစ်ကားကို ငှင်းနှင့်ဒေါ်ကျော့ကျော့ခိုင်တို့ နှစ်ဦးပိုင်ပစ္စည်းဖြစ်ကြောင်း ကျေးရွာကောင်စီ လူကြီးများရှေ့၌ လက်မှတ်ရေးထိုးခဲ့ကြောင်း၊ ၃၀-၄-၈၀ ရက်နေ့တွင် ကိုမောင်ဝင်း ကွယ်လွန်ပြီးနောက် တရားလိုက အချင်းဖြစ်ကားကို မိမိတစ်ဦးတည်းပိုင်အဖြစ် အမည်ပြောင်းရန် သက်ဆိုင်ရာ ကုန်းလမ်းသယ်ယူပို့ဆောင်ရေး အဖွဲ့သို့ လျှောက်ထားသောအခါ တရားပြိုင် ဒေါ်စန်းရီက ကန့်ကွက် လာသဖြင့် အမှုစွဲဆိုရန် အကြောင်းအရာ စတင်ပေါ်ပေါက်ခဲ့ကြောင်း စသည်ဖြင့် အဆိုပြုကာ မိမိတစ်ဦးတည်းပိုင်ကားအဖြစ် ကြေငြာပေးရန် ၌အမှုကို စွဲဆိုသည်။

တရားပြိုင် ဒေါ်စန်းရီက တရားလို ဒေါ်ကျော့ကျော့ခိုင်မှာ ကိုမောင်ဝင်း၏ ယောင်ယ်သာ ဖြစ်ကြောင်း၊ ကိုမောင်ဝင်း ဓိတ်ချမ်းသာမှု အတွက်သာ ကွာရှင်းစာချုပ်ကို ချုပ်ဆိုပေးခဲ့ရခြင်းဖြစ်ကြောင်း၊ လုံးဝကွာရှင်း ပြတ်စဲခြင်း မရှိခဲ့ကြောင်း၊ စာချုပ်ချုပ်ပြီးသည့် နောက်တွင်လည်း ဆက်လက်ပေါင်းသင်း နေထိုင်ခဲ့သဖြင့် ထိုကွာရှင်းစာချုပ်မှာ တရားမဝင်ကြောင်း၊ မိမိမှာမယားကြီး ဖြစ်ပြီး အချင်းဖြစ် ကားမှာလည်း မိမိအမည် ပေါက်နေသည် ဖြစ်၍ မိမိသာ ပိုင်ဆိုင်သူဖြစ်ကြောင်း၊ တရားလိုနှင့် ကိုမောင်ဝင်းတို့ နှစ်ဦးပိုင် ကားဖြစ်သည် ဆိုသည်မှာ မမှန်ကြောင်း စသည်ဖြင့် ထုချေသည်။

အဆိုအချေများအရ တိုင်းတရားရုံးက ငြင်းချက်များ ထုတ်နုတ်ကြားနာပြီး နောက် တရားပြိုင် ဒေါ်စန်းရီသည် အချင်းဖြစ် ကားနှင့် သက်ဆိုင်သည့် ပိုင်ရေး ပိုင်ခွင့်များကို ကိုမောင်ဝင်းအား ငှင်းမကွယ်လွန်မီကပင် စာချုပ် စာတမ်းဖြင့် လွှဲပြောင်းပေးပြီးဖြစ်ကြောင်း၊ ဒေါ်စန်းရီသည် ကိုမောင်ဝင်းနှင့် ကွာရှင်း စာချုပ်ချုပ်ဆိုပေးပြီးသည့် နောက်ပိုင်းတွင် တရားဝင် ဆက်လက် ပေါင်းသင်းနေထိုင်သည်ဆိုတာ မမှန်ကြောင်း ကောက်ယူဆုံးဖြတ်ကာ တရားလို စွဲဆိုသည့်အတိုင်း အနိုင်ဒီကရီ ချမှတ်ခဲ့လေသည်။

အယူခံတရားလို၏ အကျိုးဆောင်က လင်မယားကွာရှင်းစာချုပ် (သက်သေခံ-က) ကို မချုပ်ဆိုဓိက နှစ်ဦးပိုင် ကား အမှတ်က/၇၄၇ အား ခွဲဝေကြောင်း ကတိစာချုပ် (သက်သေခံ-ဂ) ကို ချုပ်ဆိုခဲ့သည်ဖြစ်၍ ယင်းပစ္စည်း

၁၉၀၄ ဦးစိန်မောင် ပါ (၇) နှင့် ဒေါ်ကျင်မြိုင်

သည့် ဗဟိုတရားရုံးတရားမဒုတိယအယူခံမှုအမှတ် ၂၇၁/၇၉ ၌ ချမှတ်ထား သော ဒီကရီကို ဦးစိန်မောင်တို့က လိမ်လည်လှည့်ဖြားခြင်း ရယူထားသည်ဟု ဆိုကာ ပယ်ဖျက်ပေးရန် တရားစွဲဆိုရာ ငြင်းချက်ထုတ်နုတ်ရန် ချိန်းဆိုသည့် ၁၈-၁၁-၀၂ နေ့၌ ဒေါ်ကျင်မြိုင်ဘက်မှမည်သူမျှလာရောက်ခြင်းမရှိ၍ မြို့နယ် တရားရုံးက အမှုကို ပလပ်လိုက်သည်။ ဒေါ်ကျင်မြိုင်က အမှုကိုပြန်လည်ဖွင့်လှစ် ပေးရန် တရားမကျင့်ထုံးဥပဒေအမိန့် ၉၊ နည်း ၉ အရ လျှောက်ထားရာ မအောင်မြင်သောကြောင့် ရော၀တီတိုင်းတရားရုံးတွင် အယူခံ၀င်သည်။တိုင်း တရားရုံးက မြို့နယ်တရားရုံး၏အမိန့်ကို ပယ်ဖျက်ပြီးအမှုကို ဆက်လက်စစ်ဆေး စေရန် အမိန့်ချမှတ်သောကြောင့် ဦးစိန်မောင်တို့က ၎ပြင်ဆင်မှုကို လျှောက် ထားခြင်းဖြစ်သည်။

လျှောက်ထားသူတို့၏ရှေ့နေက တိုင်းတရားရုံးသည် ဒေါ်ကျင်မြိုင်တင်သွင်း သောအယူခံကို ၂၅-၁-၀၃ နေ့၌ ပလပ်ခဲ့ကြောင်း၊ထိုအမိန့်ကို ဒေါ်ကျင်မြိုင် က ရော၀တီတိုင်းတရားရုံး၌ ထပ်မံအယူခံခဲ့ကြောင်း၊ တိုင်းတရားရုံးသည် မိမိ ပလပ်ခဲ့သော အမှုကို ထပ်မံလက်ခံပြီး မြို့နယ်တရားရုံး၏အမိန့်ကို ပယ်ဖျက် လိုက်ခြင်းမှာ မှားယွင်းကြောင်း တင်ပြလျှောက်ထားသည်။ လျှောက်ထား ခံရသူ၏ ရှေ့နေက လက်ခံရေးအတွက် ကြားနာရန် သတ်မှတ်ထားသည့် ၂၅-၁-၀၃ နေ့၌ ဒေါ်ကျင်မြိုင်ဘက်မှ မရောက်ရှိ၍ တိုင်းတရားရုံးက အယူခံ ကို တရားမကျင့်ထုံးဥပဒေ အမိန့် ၄၁၊ နည်း ၁၇ အရ ပလပ်ခဲ့ခြင်းဖြစ် ကြောင်း၊ ဒေါ်ကျင်မြိုင်က အယူခံကိုပြန်ဖွင့်ပေးရန် လျှောက်ထားခဲ့၍ တိုင်း တရားရုံးက အမိန့် ၄၁၊ နည်း ၁၉ အရ အမှုကို ပြန်ဖွင့်ခဲ့ခြင်းဖြစ်ကြောင်း ဖြေကြားသည်။

၂၅-၁-၀၃ နေ့တွင် ဒေါ်ကျင်မြိုင်ဘက်မှ တိုင်းတရားရုံးသို့ လာရောက် ခြင်း မရှိခဲ့ချေ။ သို့ဖြစ်ရာ တိုင်းတရားရုံးက အမှုကိုလေ့လာ၍ လက်ခံရန် အကြောင်းမမြင်သဖြင့် ပလပ်ကြောင်း အမိန့်ချမှတ်စေကာမူ ဥပဒေသဘော အရ အယူခံတရားလိုမလာသဖြင့် အယူခံလွှာကို တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်း ၁၇ အရ ပလပ်ရာရောက်ပေသည်။ ထိုသို့ ပလပ်သည့်အမိန့်ကို တိုင်းတရားရုံးအနေဖြင့် တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်း ၁၉ အရ ပယ်ဖျက်ပြီး အယူခံကို ပြန်လည်လက်ခံခွင့် ရှိပေသည်။

တိုင်းတရားရုံးက ၁၈-၁၁-၀၂ နေ့ ရုံးချိန်းနေ့မှာ မြို့နယ်တရားရုံးက ငြင်းချက်ထုတ်ရန်ချိန်းဆိုသောနေ့ဖြစ်ကြောင်း၊ အမှုကြားနာရန်ချိန်းဆိုသည့်နေ့ မဟုတ်ကြောင်း သုံးသပ်ထားသည်ကို တွေ့ရသည်။

တရားမမှုများတွင် ငြင်းချက်ထုတ်နုတ်ရန် ချိန်းဆိုသောနေ့သည် အမှုကို ပထမဆုံးကြားနာသည့်နေ့ဖြစ်သည်။ တရားရုံးများလက်စွဲ အပိုဒ် ၁၅၉ ကို ကြည့်ပါ။ ယင်းနေ့တွင် တရားရုံးသည် တရားမကျင့်ထုံးဥပဒေအမိန့် ၁၀၊ နည်း ၁ အရ အမှုသည်တို့အကြားအငြင်းပွားမှုများကိုစိစစ်ရမည်။ ထို့အပြင် လိုအပ်ပါက တရားမကျင့်ထုံးဥပဒေအမိန့် ၁၀၊ နည်း ၁ နှင့် ၂ တို့ အရ အမှုသည်များအား စစ်ဆေးရသည်။ အမှုသည်များကို ဤကဲ့သို့ ကနဦး စစ်ဆေးသည့်နေ့ဖြစ်သောကြောင့် ပထမဆုံးကြားနာသည့်နေ့ဟု ခေါ်ဝေါ်ခြင်း ဖြစ်သည်။ ယင်းနေ့တွင် အမှုကိုကြားနာရန်ခေါ်သောအခါ တရားလိုဘက်မှ မည်သို့မျှ လာရောက်ခြင်းမရှိလျှင် တရားရုံးက တရားမကျင့်ထုံးဥပဒေအမိန့် ၉၊ နည်း ၈ အရ အမှုကိုပလပ်ရမည်ဖြစ်သည်။ တရားပြိုင်ဘက်မှ တောင်းဆိုသည့် သက်သာခွင့်တစ်ရပ်လုံးကိုဖြစ်စေ၊တစိတ်တဒေသကိုဖြစ်စေ ဝန်ခံလျှင်မူ ဝန်ခံသည့်အလျောက် ဒီကရီချမှတ်ရမည်။

ရုံးချိန်းနေ့က ဒေါ်ကျင်မြိုင်မလာနိုင်ခြင်းမှာ နေမကောင်းခြင်းကြောင့်ဖြစ်ရကြောင်း၊ သူ၏ရှေ့နေ ဦးညွှန့်က ကျမ်းကျိန်ဆိုထားကြောင်း တွေ့ရသည်။ လျှောက်ထားသူတို့၏ရှေ့နေက ဒေါ်ကျင်မြိုင်နေသော အိမ်မှာ ရုံးနှင့်မဝေး၍ အကြောင်းပြချက်မခိုင်လုံကြောင်း တင်ပြလျှောက်ထားသည်။ ဒေါ်ကျင်မြိုင်သည် တရားရုံးသို့ မလာရောက်နိုင်လောက်အောင် ဖျားနာကြောင်း ကျမ်းကျိန်လွှာ၌ မပါရှိချေ။ ထို့ပြင် ဒေါ်ကျင်မြိုင်သည် ကိုယ်တိုင် ကျမ်းကျိန်လွှာတင်သွင်းခြင်းမပြုသည့်အပြင် ဦးညွှန့်အားထောက်ခံသည့်အထောက်အထားတင်ပြထားခြင်းမရှိသည်ကိုလည်း တွေ့ရသည်။

ဦးညွှန့်က ရုံးချိန်းနေ့တွင် မိမိသည် အခြားတရားရုံး၌ အမှုစစ်ဆေးနေရ၍ ရုံးချိန်း ပျက်ကွက်ရကြောင်း အကြောင်းပြသည်။ ပုသိမ်အနောက်မြို့နယ် (၁) ရပ်ကွက် တရားသူကြီးအဖွဲ့၏ ထောက်ခံစာကိုတင်ပြထားကြောင်းတွေ့ရှိရသည်။ ယင်းထောက်ခံစာသည် သက်သေခံချက်မဟုတ်ချေ။ တရားမကျင့်ထုံးဥပဒေအမိန့် ၁၉၊ နည်း ၁ အရ ကျမ်းကျိန်လွှာများကိုသာ သက်သေခံအထောက်အထားအဖြစ် လက်ခံနိုင်သည်။ ထို့ပြင် မြို့နယ်တရားရုံးကရက်ချိန်းနေ့ဖြစ်သည့် ၁၀-၁၁-၈၂ နေ့က ရုံးချိန်ကုန်သည်အထိ စောင့်ဆိုင်းသော်လည်း တရားလိုဘက်မှ မည်သူမျှ မလာကြောင်း မှတ်တမ်းတင်ထားသည်။ ဦးညွှန့်သည် အမှတ်(၁)ရပ်ကွက်တရားရုံး၌ ရုံးချိန်ကုန်သည်အထိ အမှုစစ်ရကြောင်း အထောက်အထားမရှိချေ။ ဒေါ်ကျင်မြိုင်ဘက်မှ လိုက်ပါဆောင်ရွက်ရန် ရှေ့နေ ဦးဝင်းအောင်ကျော်ဆိုသူကလည်း ကိုယ်စားလှယ်စာ တင်သွင်းထားသည်ဖြစ်ရာ ရုံးချိန်းနေ့က ထိုရှေ့နေသည် အဘယ်ကြောင့် ရုံးချိန်းပျက်ကွက်ရကြောင်း အကြောင်းတစုံတရာ ပြဆိုထားခြင်းမရှိသည်ကို တွေ့ရသည်။

၁၉၀၄ ပြည်ထောင်စုမြန်မာနိုင်ငံဘဏ် (ကိုယ်စား) မန်နေဂျာ၊စက်မှုလက်မှုဇွေချေးငွေဘဏ်၊ ရန်ကုန်မြို့နှင့် ဦးနေလပါ (၃)

အချင်းဖြစ်အကြောင်းအရာ၏ ငွေတန်ဖိုးကို ခန့်မှန်းရန်မဖြစ်နိုင်သည့်အပြင် ရုံးခွန်အက်ဥပဒေအရ အခြားနည်း ပြဋ္ဌာန်းထားခြင်း မရှိလျှင် အယူခံလွှာအတွက် ရုံးခွန်ကို ပုံသေကျပ် ၂၀ သာ ထမ်းဆောင်ရမည်ဖြစ်ကြောင်း ရုံးခွန်အက်ဥပဒေဇယား ၂ အမှတ်စဉ် ၁၇(၆) တွင် ပြဋ္ဌာန်းထားသည်။ ယင်းပြဋ္ဌာန်းချက်များမှာ အယူခံတရားလိုတင်သွင်းသော အယူခံများနှင့် သက်ဆိုင်သည်ဟု ကောက်ယူသင့်ပေသည်။

အယူခံတရားလိုအတွက် —ဦးသိန်းအောင်၊ ဥပဒေဝန်ထမ်းအဆင့် (၁)

အယူခံတရားပြိုင်များအတွက်—ဦးလှဘူး၊ ဗဟိုတရားရုံးရှေ့နေ

ရောဝတီတိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၄/၇၅ တွင် အယူခံတရားလို ပြည်ထောင်စုမြန်မာနိုင်ငံဘဏ်ကိုယ်စား၊စက်မှုလက်မှုဇွေချေးငွေဘဏ်၏ မန်နေဂျာက အယူခံတရားပြိုင် ဦးနေလ၊ ဒေါ်ကျင်ဝင်း (ခ) ဒေါ်ဝင်းနှင့် ဒေါ်မိမိတို့အပေါ် ၃၁–၅–၇၅ နေ့အထိ တိုးရင်းငွေကျပ် ၁၂၄၅၂၆၃–၄၂ ပြားအတွက် အပေါင်ပစ္စည်းကို ရောင်းချပေးစေလိုမှုစွဲဆိုရာ စွဲဆိုသည့် ငွေအပေါ် ၇ ရာခိုင်နှုန်းတိုးဖြင့် ပဏာမဒီကရီချမှတ်သည့်နေ့အထိ အတိုးနှင့်တကွ ပဏာမဒီကရီချမှတ်ခဲ့သည်။

အဆိုပါ တရားရုံး တရားမကြီးမှုအမှတ် ၅/၇၅ တွင် အယူခံတရားလိုက အယူခံ တရားပြိုင်များအပေါ် ၃၁–၅–၇၅ နေ့အထိ အတိုးရင်းငွေကျပ် ၁၂၂၃၂၃၃–၆၀ ပြားအတွက် အပေါင်ပစ္စည်းကို ရောင်းချပေးစေလိုမှုစွဲဆိုရာ စွဲသည့် ငွေအပေါ်တွင် ၇ ရာခိုင်နှုန်းတိုးဖြင့် ပဏာမဒီကရီချမှတ်သည့်နေ့အထိ အတိုးနှင့်တကွ ပဏာမဒီကရီချမှတ်ခဲ့သည်။

အယူခံတရားလိုက ဒီကရီကျငွေအပေါ် ယင်းငွေကို အပြေအကြေပေးဆပ်သည့်နေ့အထိ အတိုးရထိုက်သည်ဟု အကြောင်းပြကာ ၅၂အယူခံမှုများကို တင်သွင်းလာခြင်းဖြစ်သည်။ အမှုနှစ်မှုစလုံးတွင် ပေါ်ပေါက်သည့်ပြဿနာမှာ တူညီသည်ဖြစ်၍ ၅၂စီရင်ချက်သည် အယူခံတရားလိုတင်သွင်းသော အယူခံမှုနှစ်မှုစလုံးနှင့် သက်ဆိုင်စေရမည်။

အပေါင်မှုများတွင် ဒီကရီကျငွေအပေါ် ယင်းငွေကို အပြေအကြေပေးဆပ်သည့်နေ့အထိ အတိုးခွင့်ပြုနိုင်ကြောင်း တရားမကျင့်ထုံး ဥပဒေအမိန့် ၃၄၊ နည်း ၆ တွင် ပြဋ္ဌာန်းထားသည်။ သို့ရာတွင် ယင်းသို့ အတိုးကို ခွင့်ပြုရန် သင့်မသင့်မှာမူ ဆင်ခြင်တုံတရားအရ ဆုံးဖြတ်ရန်ဖြစ်သည်။ အယူခံတရားလို ဘက်မှ လိုက်ပါဆောင်ရွက်သော ဥပဒေဝန်ထမ်းက ဘဏ်လုပ်ငန်းဆိုသည်မှာ

၁၉၀၄
ပြည်ထောင်စု
မြန်မာနိုင်ငံ
ဘဏ်
(ကိုယ်စား)
မန်နေဂျာ၊စက်
မှလက်မှ
ဌေးချေးဌာန
ရန်ကုန်မြို့
နှင့်
ဦးနေလပါ
(၃)

အတိုးအပေါ်အခြေပြု၍ တည်ထောင်ဆောင်ရွက်သောလုပ်ငန်းမျိုး ဖြစ်သဖြင့် ချေးငွေကို အပြေအကြေပေးဆပ်သည့်နေ့အထိ အတိုးရထိုက်ကြောင်း တင်ပြ လျှောက်ထားသည်။ အယူခံတရားပြိုင်တို့၏ ရှေ့နေက မူလရုံးသည် ချိန်ဆ၍ အတိုးငွေကို ပဏာမဒီကရီချမှတ်သည့် နေ့အထိ ခွင့်ပြုခဲ့ခြင်းဖြစ်သောကြောင့် အယူခံရုံးအနေဖြင့် ယင်းကိစ္စကို စွက်ဖက်ရန်မသင့်ကြောင်း တင်ပြလျှောက် ထားသည်။

အယူခံတရားပြိုင်တို့ပေးဆပ်ရန်ရှိသော ဒီကရီကျငွေများမှာ များပြားသည့် အလျောက် ယင်းငွေများကိုပေးဆပ်ရာတွင် ကြန့်ကြာမှုရှိသည်နှင့်အမျှ အယူခံ တရားလိုဘဏ်အနေဖြင့် ငွေကြေးအားဖြင့် များစွာနစ်နာဖွယ်ရာ အကြောင်းရှိ ပေသည်။ သို့ဖြစ်ရာ တရားမကျင့်ထုံးဥပဒေအမိန့် ၃၄၊ နည်း ၆ တွင်ခွင့်ပြုထား သည့်အတိုင်း ဒီကရီကျငွေကို အပြေအကြေပေးဆပ်သည့်နေ့အထိ ယင်း ငွေ ပေါ်တွင် အတိုးခွင့်ပြုသင့်ပေသည်။

အယူခံတရားပြိုင်တို့၏ရှေ့နေက အယူခံတရားလိုသည် အယူခံတွင် ရုံးခွန် အက်ဥပဒေဇယား ၂ အမှတ်စဉ် ၁၇(၆)အရ ရုံးခွန်ကျပ် ၂၀ သာ ထမ်း ဆောင်ရမည်ဖြစ်ကြောင်း၊ **ဘာ၀ါန်ပရာဆဒ်နှင့်ကုတ်တတ်အန်နစ်ဆာဘီအီ အမှု (၁)**ကို ကိုးကား၍ လျှောက်လဲသည်။ အယူခံတရားလို၏ ရှေ့နေက နိုင်ငံတော်၏ ဘဏ္ဍာလျော့နည်းခြင်း မရှိစေရန် ရုံးခွန်ကို အပြည့်အဝထမ်း ဆောင်ခြင်းဖြစ်ကြောင်း မူလအမှုများမှပေါ်ပေါက်လာသည့်အယူခံမှုများဖြစ်၍ မူလအမှုများတွင် ထမ်းဆောင်ထားသည့်အတိုင်း အယူခံမှုတစ်မှုစီတွင် ရုံးခွန် ကျပ် ၇၅၀၀ စီထမ်းဆောင်ခြင်းမှာ မှန်ကန်ကြောင်း တင်ပြလျှောက်ထား သည်။

၎င်းအယူခံမှုများတွင် အယူခံတရားလိုသည် မူလရုံးက ခွင့်ပြုသည့် အတိုး ထက် ပိုမိုရသင့်သည်ဟု အရေးဆိုထားသည်။ အယူခံတရားလိုရလိုသည့်အတိုး များမှာ မူလရုံးက ပဏာမဒီကရီချမှတ်သည့်နေ့မှ ဒီကရီကျငွေကို အပြေအကြေ ပေးဆောင်သည့်နေ့အထိ တိုးပွားလာမည့် အတိုးများဖြစ်သည်။ယင်းအတိုးငွေ များမှာ မည်ရွေ့မည်မျှဖြစ်မည်ကို မည်သူမျှမခန့်မှန်းနိုင်ချေ။ ယင်းသို့ ခန့်မှန်း၍ မရသော အတိုးများအတွက် တင်သွင်းသောအယူခံမှုတွင် ရုံးခွန်ကို မည်သို့ မည်ပုံထမ်းဆောင်ရမည်ဖြစ်ကြောင်း ရုံးခွန် အက်ဥပဒေတွင် အတည့်အလင်း ပြဋ္ဌာန်းထားခြင်းမရှိချေ။

အချင်းဖြစ်အကြောင်းအရာ၏ ငွေတန်ဖိုးကို ခန့်မှန်းရန်မဖြစ်နိုင်သည့်အပြင် ရုံးခွန်အက်ဥပဒေအရ အခြားနည်း ပြဋ္ဌာန်းထားခြင်း မရှိလျှင် အယူခံလျှာ

(၁) အလာဟာဘတ်၊ အတွဲ ၂၇၊ စာမျက်နှာ ၅၅၉။

၁၉၇၄ ပြည်ထောင်စု မြန်မာနိုင်ငံ ဘဏ် (ကိုယ်စား) မန်နေဂျာ၊ စက်မှုလက်မှုဇွေးခြောနှာန့၊ ရန်ကုန်မြို့နှင့် ဦးနေလပါ (၃)

အတွက် ရုံးခွန်ကို ပုံသေ ကျပ် ၂၀ သာထမ်းဆောင်ရမည်ဖြစ်ကြောင်း၊ ရုံးခွန် အက်ဥပဒေဇယား ၂ အမှတ်စဉ် ၁၇(၆) တွင် ပြဋ္ဌာန်းထားသည်။ ယင်း ပြဋ္ဌာန်းချက်များမှာ အယူခံတရားလိုတင်သွင်းသော အယူခံမှုများနှင့်သက်ဆိုင် သည်ဟု ကောက်ယူသင့်ပေသည်။

မူလအမှုများတွင် အချင်းဖြစ်အကြောင်းအရာ၏ ငွေတန်ဖိုးကို အတိအကျ ခန့်မှန်း၍ ရသော်လည်း ၎င်အယူခံမှုများတွင်မူ အထက်တွင် သုံးသပ်ခဲ့သည့် အတိုင်း အချင်းဖြစ်အကြောင်းအရာ၏ ငွေတန်ဖိုးကို ခန့်မှန်း၍ မရနိုင်သည့် အလျောက် မူလအမှုများတွင် ထမ်းဆောင်ခဲ့သည့်အတိုင်း ၎င်အယူခံမှုများ၌ ရုံးခွန် ကျပ် ၇၅၀၀/–စီ ထမ်းဆောင်ရန် အကြောင်းမပေါ်ပေါက်ချေ။

သို့ဖြစ်၍ **ဒေါ်လှခင်ပါ** ၂ နှင့် **မသိန်းတင်အမှု** (၂) တွင် စီရင်ထုံးဖွဲ့ ထားသည့်အတိုင်း ၎င်အယူခံမှုများတွင် ကျသင့်သည့်ရုံးခွန်ထက်ပို၍ ထမ်း ဆောင်ထားသောရုံးခွန်များကို ပြန်အမ်းသင့်ပေသည်။

ထို့ကြောင့် ၎င်အယူခံမှုများကိုခွင့်ပြု၍ အယူခံတရားကိုဘက်က စွဲဆိုသည့် ငွေများအပေါ် တိုင်းတရားရုံးကခွင့်ပြုသည့်အတိုင်း ပဏာမဒီကရီ ချမှတ်သည့် နေ့အထိ ၇ ရာခိုင်နှုန်းတိုးဖြင့် အတိုးပေးရန်၊ ထို့ပြင် တရားမကျင့်ထုံး ဥပဒေ အမိန့် ၃၄၊နည်း ၆ တွင် ခွင့်ပြုထားသည့်အတိုင်း ပဏာမဒီကရီတွင်ချမှတ်သည့် တိုးရင်းငွေများအပေါ် ၇ ရာခိုင်နှုန်းတိုးဖြင့် ဒီကရီကျငွေကို အကြေအပြေ ပေး ဆပ်သည့်နေ့အထိ အတိုးပေးစေရန်ပြင်ဆင်၍ ပဏာမဒီကရီ ချမှတ်လိုက်သည်။ တရားစရိတ်များကို အယူခံတရားပြိုင်တို့က ပေးရမည်။ တရားမ ပထမ အယူခံမှု အမှတ် ၄/၁၄ အတွက် ရှေ့နေခ ကျပ် ၁၀၀/–သတ်မှတ်သည်။ ကျန်အယူခံမှု အတွက် ရှေ့နေခမရှိ။ အယူခံမှုများတွင် အယူခံတရားလို ပိုမိုထမ်းဆောင်ထား သော ရုံးခွန်များကိုပြန်အမ်းရန်အတွက် သက်သေခံလက်မှတ်ထုတ်ပေးစေ။

---

(၂) ၁၉၆၇ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ၊ စာမျက်နှာ-၂၄

တရားမဒုတိယအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးလှဘုန်းနှင့် ဦးမြကျော်တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦး ဘ ကျောက်

နှင့်

ဦး ကျင်ဂျီး *

† ၁၉၀၄
မြို ၅ ရက်

၁၉၆၀ ပြည့်နှစ် မြို့မြဆိုင်ရာ ဌာနရုံးခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(ဂ)တွင် အကျုံးဝင်သူများ။

ဆုံးဖြတ်ချက်။ ။ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ဌာနရုံးခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(ဂ)တွင် အကျုံးဝင်သူသည် အိမ်ဌာန၊ အိမ်ဌာနနှင့်အတူနေထိုင်သည့် အခြားသူတဦးတယောက် သို့မဟုတ် အိမ်ဌာန်းနှင့်အတူ လက်ရှိထားသည့်သူ တဦးဦးဖြစ်သည်။ အချင်းဖြစ်ပွားစဉ်က အချင်းဖြစ်ဆိုင်ကို မောင်သန့်ဇင်အပါအဝင် ဦးကျင်ဌား၏ သားများအား စောင့်ရှောက်ရန် အပ်ထားသည်ဖြစ်၍ မောင်သန့်ဇင်သည် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ဌာနရုံးခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(ဂ)တွင် ရည်ညွှန်းထားသည့် အိမ်ဌာန ဦးကျင်ဌားနှင့်အတူ လက်ရှိထားသူဖြစ်သည်ဟု ကောက်ယူသင့်ပေသည်။

အယူခံတရားလိုအတွက် — ဦးတင်မောင်၊ ဗဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင်အတွက် — ဦးလွန်းမောင်၊ ဗဟိုတရားရုံးရှေ့နေ

မြင်းခြံမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၁/၀၀ တွင် အယူခံတရားလို ဦးဘကျောက်က တရားလိုပြုလုပ်၍ အယူခံတရားပြိုင် ဦးကျင်ဌား အပေါ် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာဌာနရုံးခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂(၁)(ဂ)အရ အချင်းဖြစ်ဥပစာမှ နှင်လိုမှုစွဲဆိုရာအနိုင်ဒီကရီရရှိခဲ့သည်။ဦးကျင်ဌားက အယူခံသောအခါ မြို့နယ်တရားရုံး၏စီရင်ချက်နှင့်ဒီကရီကို မန္တလေးတိုင်း

---

* ၁၉၀၂ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ် ၉၇

† ၁၉၀၂ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၅၅တွင် ချမှတ်သော (၁၀-၈-၀၂) နေ့စွဲပါ မန္တလေးတိုင်းတရားရုံး၏စီရင်ချက်နှင့်ဒီကရီကိုအယူခံမှု။

၁၉၀၄ ဦးဘကျောက်နှင့် ဦးကျင်ဌား

တရားရုံးကပယ်ဖျက်၍ ဦးဘကျောက်ခဲ့ဆိုသည့်အမှုကို ပလင်ခဲ့သည့်အတွက် ဦးဘကျောက်က မဟိုတရားရုံးတွင် ဤတရားမ ဒုတိယ အယူခံမှုကို တင်သွင်းသည်။

ဦးဘကျောက်က အချင်းဖြစ်တိုက်ခန်းကို တစ်လလျှင်ဌားရမ်းခငွေ ၇၅/– ကျပ်နှုန်းဖြင့် ဦးကျင်ဌားအားငှားရမ်းခဲ့ကြောင်း၊ ဦးကျင်ဌားသည် ဥပဒေနှင့် ဆန့်ကျင်သော ပြုလုပ်မှုများကိုပြုလုပ်ခဲ့သဖြင့် စိတ်ပြုပြင်မှု ဖြစ်ခဲ့ရကြောင်း၊ ထို့ကြောင့် ဦးကျင်ဌားအား ငှားရမ်းနေထိုင်သည့် အချင်းဖြစ်ဥပစာမှထွက်ခွာသွားရန်ပြောသော်လည်း ထွက်ခွာသွားခြင်းမပြုကြောင်း အစရှိသဖြင့် အဆိုပြုလွှက် ဦးကျင်ဌားအပေါ် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြိုကြေဝေးအက်ဥပဒေပုဒ်မ ၁၂(၁)(ဂ)အရ နှင်လိုမှုဖွဲ့ဆိုသည်။

ဦးဘကျောက်က ၁-၄-၆၁ ရက်နေ့မှစ၍ အချင်းဖြစ်ဥပစာတွင် ဦးကျင်ဌားအား အငှားချထားခဲ့ကြောင်း၊ ဦးကျင်ဌားသည် အချင်းဖြစ် ဥပစာတွင် နေထိုင်စဉ် အချင်းဖြစ်ဥပစာအတွင်းမှ မူးယစ်ထုတိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများတွေ့ရှိမှုဖြင့် မြို့နယ်တရားရုံးကထောင်ဒဏ်ချမှတ်ခဲ့ကြောင်း၊ ထို့ပြင် ဦးကျင်ဌား၏ သားဖြစ်သူ မောင်သန့်ဇင်သည် ၁၆-၇-၇၉ ရက်နေ့တွင် အချင်းဖြစ်ဥပစာ၌ လောင်းကစားနေသည်ကိုတွေ့ရှိသဖြင့် ဖမ်းဆီးခြင်းခံရပြီး မြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၉၃၀/၇၉ တွင် လောင်းကစား အက်ဥပဒေပုဒ်မ ၁၂ အရ အပြစ်ပေးခြင်းခံခဲ့ရကြောင်း တွက်ဆိုချက်ရှိသည်။

၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြိုကြေဝေးအက်ဥပဒေပုဒ်မ ၁၂(၁)(ဂ)တွင် အိမ်ငှား သို့မဟုတ် အိမ်ငှားနှင့်အတူ လက်ရှိထားသည့် သို့မဟုတ် နေထိုင်သည့် အခြားသူ တဦးတယောက်က ငှားရမ်းနေထိုင်သည့် ဥပစာနှင့်စပ်လျဉ်း၍ အိမ်နီးနားချင်းများအား စိတ်ပြုပြင်စေသည့် သို့မဟုတ် အနှောက်အယှက်ဖြစ်စေသည့်ပြစ်မှုကိုကျူးလွန်လျှင် သို့မဟုတ် ဥပစာကို ညစ်ညမ်းအောင်ပြုလုပ်လျှင် သို့မဟုတ် တရားဥပဒေနှင့်ဆန့်ကျင်သော ကိစ္စအလို့ငှာ အသုံးပြုသည့် သို့မဟုတ် အသုံးပြုစေသည့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် အိမ်ရှင်က အိမ်ငှားအား နှင်ထုတ်လိုမှု ဇွဲဆိုမိုင်ခွင့်ရှိကြောင်း ပြဋ္ဌာန်းထားသည်။

မြို့နယ်တရားရုံးက ဘေးဖြစ်စေတတ်သော ဆေးဝါးများ အက်ဥပဒေအရ ဦးကျင်ဌား ပြစ်မှုကျူးလွန်ခဲ့ခြင်းနှင့် ဦးကျင်ဌား၏သား မောင်သန့်ဇင်သည် အချင်းဖြစ်ဥပစာတွင် ဝဲခိုင်ခံသဖြင့် ပြစ်ဒဏ်ရခဲ့ခြင်းကိုအကြောင်းပြု၍ အိမ်ရှင် ဦးဘကျောက်အား အနိုင်ပေးခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

တိုင်းတရားရုံးကမူ ဦးကျင်ဌားအား ဘေးဖြစ်စေတတ်သောဆေးဝါးများ အက်ဥပဒေအရ အရေးယူသည်မှာ မည်သည့်အဆောက်အအုံတွင် ပြစ်မှုကျူးလွန်ကြောင်း သက်သေအထောက်အထား မထင်ရှားကြောင်း၊ ဦးကျင်ဌား၏ အိမ်တွင် ဖဲဒိုင်ခံသည်ဆိုခြင်းမှာလည်း ဦးကျင်ဌား၏သား မောင်သန့်ဇင်သည် ဦးကျင်ဌားနှင့်အတူ နေထိုင်သူမဟုတ်ကြောင်းသုံးသပ်၍ အိမ်ငှား ဦးကျင်ဌားအား အနိုင်ပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဘေးဖြစ်စေတတ်သော ဆေးဝါးများ အက်ဥပဒေအရ အရေးယူသည့် မှုခင်းကိစ္စနှင့်စပ်လျဉ်း၍ ၁၉၆၇ ခုနှစ်က ဦးကျင်ဌား အပြစ်ရခဲ့ခြင်းဖြစ်ပေရာ ဤအမှုကိုစွဲဆိုသည့် ၁၉၀၀ ပြည့်နှစ်တွင် ၆ နှစ်ကျော်နေပြီဖြစ်ရကား ယင်းဘေးဖြစ်စေတတ်သော ဆေးဝါးများအက်ဥပဒေအရ ဦးကျင်ဌားအား အရေးယူခံရသည်မှာ မှန်စေကာမူ ထိုကိစ္စကိုအကြောင်းပြု၍ တရားစွဲဆိုရန်မှာ ကာလစည်းကမ်းသတ်အက်ဥပဒေအရ ပိတ်ပင်ပြီးဖြစ်သည်။

ဦးကျင်ဌား၏သားဖြစ်သူ မောင်သန့်ဇင်က အချင်းဖြစ်ဥပစာတွင် ဖဲဒိုင်ခံသည့်ကိစ္စနှင့်စပ်လျဉ်း၍ တိုင်းတရားရုံးက မောင်သန့်ဇင်သည် ဦးကျင်ဌားနှင့် အတူနေထိုင်သူမဟုတ်၍ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ဌားရမ်းခကြိုးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(ဂ)အရ အကျုံးမဝင်ကြောင်း ကောက်ယူခဲ့လေသည်။ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာဌားရမ်းခကြိုးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂(၁)(ဂ)တွင် အကျုံးဝင်သူသည် အိမ်ငှား၊ အိမ်ငှားနှင့်အတူနေထိုင်သည့် အခြားသူ တဦးတယောက် သို့မဟုတ် အိမ်ငှားနှင့်အတူ လက်ရှိထားသည့်သူတဦးဦး ဖြစ်သည်။ အိမ်ရှင်က ဤအမှုမစွဲဆိုမီ အိမ်ငှားထံပေးပို့သော သက်သေခံ(ဂ)နို့တစ်စာကို ပြန်ကြားသော အိမ်ငှား၏ပြန်စာတွင် အောက်ပါအတိုင်း ဖော်ပြထားသည် —

> "ထိုသို့ ဇနီးဖြစ်သူအတွက် စိတ်ပူပင်သောကရောက်ပြီး သွားစိုက်ဆိုင်ခန်းကို လုံးဝလှည့်မကြည့်နိုင်ပဲ သားဖြစ်သူများအား အစောင့်ထားခဲ့ပြီး ကျွန်တော့်အမှုသည်သည် ၎င်း၏ ဇနီးနှင့်အတူ မန္တလေးမြို့၌ ဆေးရုံပေါ်တွင် တစ်လကျော်နှင့် အပြင်တွင် နှစ်လခန့် စုစုပေါင်း သုံးလနီးပါးခန့် မန္တလေးမြို့တွင် သွားရောက်နေထိုင်ရပါသည်။"

ဤအကြောင်းပြန်ကြားစာအရ အချင်းဖြစ်ပွားစဉ်က အချင်းဖြစ် ဆိုင်ကို မောင်သန့်ဇင် အပါအဝင် ဦးကျင်ဌား၏သားများအား စောင့်ရှောက်ရန်အပ်ထားသည်ဖြစ်၍ မောင်သန့်ဇင်သည် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာဌားရမ်းခ

၁၉၀၄ ဦးဘကျောက်နှင့် ဦးကျင်ဌား

ကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂(၁)(ဂ)တွင် ရည်ညွှန်းထားသည့် အိမ်ဌား ဦးကျင်ဌားနှင့်အတူ လက်ရှိထား သူဖြစ် သည်ဟု ကောက်ယူသင့်ပေသည်။

သို့ဖြစ်၍ ဤအယူခံကို ခွင့်ပြုပြီး တိုင်းတရားရုံး၏စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ကာ မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အတည်ပြုလိုက်သည်။ တရားရုံးအဆင့်ဆင့်တို့၏ တရားစရိတ်များတို့ ဦးကျင်ဌားက ကျခံစေရမည်။ ရှေ့နေခ ကျပ် ၁၀/–သတ်မှတ်သည်။

တရားမပထမအယူခံမှု

ဥက္ကဋ္ဌအဖြစ်ဦးလှဘုန်း၊ အဖွဲ့ဝင်များအဖြစ် ဦးသန့်စင်နှင့် ဦးတင်အုံန်းတို့ ပါဝင်သော မဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

ဒေါ်ကိုဒါဝရီဒေဗွိပါ(၆)
နှင့်
ရှန်တီဒေဗွိ *

†၁၉၀၄
ဇွန်လ ၅ရ

အမှုတွင် အနိုင်ဒီကရီရရှိသော်လည်း တဘက်အမှုသည်အား အသာပေးဆုံးဖြတ်သည့် ငြင်းချက်များနှင့် စပ်လျဉ်း၍ မှားယွင်းကြောင်း မည်သည့်အခါတွင် တင်ပြခွင့်ရှိခြင်း။

ဆုံးဖြတ်ချက်။ ။တိုင်းတရားရုံးက ရှန်တီဒေဗွိ စွဲဆိုသောအမှုကို ပလပ်ခဲ့သည်ဖြစ်ရာ မဟာဘီရိပရာဆာဒ်သည် ယင်းရုံးတွင် လုံးလုံးလျားလျား အနိုင်ရရှိခဲ့သောကြောင့် တိုင်းတရားရုံး၏စီရင်ချက်နှင့် ဒီကရီတို့ကို အယူခံဝင်ခွင့်မရှိပေ။ သို့သော် ရှန်တီဒေဗွိတင်သွင်းသော အယူခံမှုတွင် ငြင်းချက် အမှတ် (၁)(၂)နှင့်(၅)တို့နှင့် စပ်လျဉ်း၍ တိုင်းတရားရုံး၏ကောက်ယူဆုံးဖြတ်ချက်များမှာ မှားယွင်းကြောင်း တင်ပြလျှောက်ထားခွင့်ရှိပေသည်။

အယူခံတရားလိုများအတွက် — ဦးမြတ်ခ၊ မဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင်အတွက် — ဦးမိုဟန်၊ မဟိုတရားရုံးရှေ့နေ

မဟာဘီရိပရာဆာဒ်နှင့် ကစ်ရှန်လား တို့သည် ကွယ်လွန်သူ ဘလာဘတ်(စ်)နှင့် သူ၏ ပထမဇနီးတို့၏သားများဖြစ်၍ ရှန်တီဒေဗွိသည် ဘလာဘတ်(စ်)၏ ဒုတိယဇနီးဖြစ်သည်။ ဘလာဘတ်(စ်)သည် ၁၉၅၇ ခုနှစ်၊ စက်တင်ဘာလအတွင်းတွင် ကွယ်လွန်သွားရာ၊ မန္တလေးမြို့ ချမ်းအေးသာဇံရပ်၊ အကွက်အမှတ် ၆၀၃၊ ဦးပိုင်အမှတ် ၁၇ စာရင်းပေါက်သောမြေနှင့် ယင်းမြေပေါ်ရှိ တိုက်တစ်လုံးတို့ကျန်ရစ်ခဲ့သည်။ ရှန်တီဒေဗွိက အဆိုပါတိုက်နှင့်မြေကို မိမိနှင့် မဟာဘီရိပရာဆာဒ်တို့ သုံးဦးခွဲဝေယူရန် သဘောတူညီခဲ့

---

* ၁၉၀၁ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၇၇ နှင့် ၀၁

† ၁၉၇၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၉ တွင်ချမှတ်သော (၂၅-၀-၀၁) နေ့စွဲပါ မန္တလေးတိုင်းတရားရုံး၏စီရင်ချက်နှင့်ဒီကရီကိုအယူခံမှု။

၁၉၀၄ ခေါ်ဝိုဒါဝရိုဇေ ဒွိ ပါ(၆) နှင့် ရှန်တီဒေဗွီ

သည်ဟုဆိုကာ အချွေးဖြစ် တိုက်နှင့် မြေသုံးပုံတစ်ပုံမှာ မိမိပိုင် ဖြစ်ကြောင်း မြွက်ဟကြေငြာပေးရန်နှင့် မိမိဝေစုကိုခွဲဝေပေးစေရန် မန္တလေးတိုင်းတရားရုံး တရားမကြီးမူအမှတ် ၉/၇၄ တွင် မဟာဘီရပရာဆာဒ်နှင့် ကစ်ရှန်လားတို့ အပေါ် တရားစွဲဆိုလေသည်။

မဟာဘီရပရာဆာဒ်က အချွေးဖြစ် တိုက်နှင့် မြေကို ခွဲဝေယူရန်သဘော တူညီမှုမရှိခဲ့ကြောင်း အဓိကအားဖြင့်ထုချေသည်။

တိုင်းတရားရုံးက အဆိုအချေများအရ အောက်ပါငြင်းချက်များကို ထုတ် နုတ်၍ စစ်ဆေးကြားနာခဲ့သည် –

၁။ တရားလိုပေးသွင်းသောရုံးခွန်တော် လုံလောက်ပါသလား။

၂။ ၌အမှုကို ယခုပုံစံအတိုင်း စွဲဆိုခွင့်ရှိပါသလား။

၃။ ဂျစ်(စ်)ရာဂျ်–ဆာလာဘတ်(စ်) နှင့် စုရားဂိမောလ်ဘာခွန်း အမည်နှင့် အစုစပ်လုပ်ငန်းတွင် တရားလိုသည် အစုစပ်တစ် ယောက်ဖြစ်သည်ဆိုခြင်းမှန်ပါသလား။

၄။ အငြင်းဖြစ်ပွားညှိုးကို သုံးဦး အညီခွဲဝေယူရန် တရားပြိုင်တို့ သဘောတူခဲ့ကြသဖြင့်၊ ၎င်းပစ္စည်း၏ သုံးပုံတစ်ပုံကို တရားလို ပိုင်သည်ဆိုခြင်းမှာမှန်ပါသလား။အကယ်၍ သဘောတူခဲ့သော်ငင်း သဘောတူညီချက်သည် တရားဥပဒေအရ ခိုင်မာမှုမရှိပဲ ပျက်ပြယ်နေသည်ဆိုခြင်းမှန်ပါသလား။

၅။ တရားလိုသည် အငြင်းဖြစ်ဆိုင်မှာနေခြင်းသည် ပိုင်ရှင်အနေဖြင့် နေခြင်းဖြစ်သလား။ သို့မဟုတ် တရားပြိုင်များ၏ခွင့်ပြုချက်အရ နေခြင်းဖြစ်သလား။

၆။ စွဲဆိုရန် ကာလစည်းကမ်းသတ်ကျော်လွန်နေပြီ ဆိုခြင်း မှန်ပါ သလား။

၇။ တရားလို မည်သည့်သက်သာခွင့်ရထိုက်သနည်း။

တိုင်းတရားရုံးက ရှန်တီဒေဗွီ ထမ်းဆောင်သော ရုံးခွန်မှာ လုံလောက် ကြောင်း၊ စွဲဆိုသည့်အမှုပုံစံမှန်ကြောင်း၊ ရှန်တီဒေဗွီသည် ကွယ်လွန်သူ၏

ဒုတိယဇနီးအဖြစ်ဖြင့် အချင်းဖြစ်တိုက်ဘွင်နေထိုင်ခြင်းဖြစ်ကြောင်း ကောက်ယူသည်။ သို့သော် ယင်းတိုက်ကိုခွဲဝေယူရန် တရားပြိုင်များနှင့်သဘောတူညီမှုရှိခဲ့ကြောင်း ခိုင်လုံမှုမရှိဟု ကောက်ယူဆုံးဖြတ်၍ ရှန်တီဒေဗွီစွဲဆိုသောအမှုကို ပလပ်လိုက်လေသည်။

၁၉၀၄ ဒေါ်ဝိဒါဝရီဒေ ဗွီပါ (၆) နှင့် ရှန်တီဒေဗွီ

မဟာဘိရ်ပရာဆာဒ်က ငြင်းချက်အမှတ် (၁) (၂) နှင့် (၅) တို့နှင့် စပ်လျဉ်း၍ တိုင်းတရားရုံး၏ ကောက်ယူဆုံးဖြတ်ချက်တို့ကို မကျေနပ်သဖြင့် ဗဟိုတရားရုံး၊ တရားမပထမအယူခံမှုအမှတ် ၇၇/၁၁တွင် အယူခံဝင်သည်။ အယူခံအတောအတွင်း မဟာဘိရ်ပရာဆာဒ်ကွယ်လွန်သွားသောကြောင့် သူ၏ ဇနီး ဒေါ်ဝိဒါဝရီဒေဗွီနှင့် သားသမီးများက သူ၏ တရားဝင် ကိုယ်စားလှယ်များအဖြစ်ဖြင့် ဆက်လက်ဆောင်ရွက်ကြသည်။

တိုင်းတရားရုံးက ရှန်တီဒေဗွီ၏အမှုကို ပလပ်လိုက်သောကြောင့် ရှန်တီဒေဗွီက ဗဟိုတရားရုံး၊ တရားမပထမအယူခံမှုအမှတ် ၁၁/၁၁ တွင် အယူခံဝင်သည်။

အယူခံမှုနှစ်မှုစလုံးမှာ မူလရုံးအမှုတစ်မှုတည်းမှ ပေါ်ပေါက်လာသည်ဖြစ်၍ ဤစီရင်ချက်သည် မဟာဘိရ်ပရာဆာဒ်နှင့် ရှန်တီဒေဗွီတို့တင်သွင်းသော အယူခံမှုနှစ်မှုစလုံးနှင့် သက်ဆိုင်စေရမည်။

တိုင်းတရားရုံးက ရှန်တီဒေဗွီစွဲဆိုသောအမှုကို ပလပ်ခဲ့သည်ဖြစ်ရာ၊ မဟာဘိရ်ပရာဆာဒ်သည် ယင်းရုံးတွင် လုံးလုံးလျားလျား အနိုင်ရရှိခဲ့သောကြောင့် တိုင်းတရားရုံး၏စီရင်ချက်နှင့် ဒီကရီတို့ကို အယူခံဝင်ခွင့်မရှိပေ။ သို့သော် ရှန်တီဒေဗွီတင်သွင်းသော အယူခံမှုတွင် ငြင်းချက်အမှတ် (၁) (၂) နှင့် (၅) တို့နှင့်စပ်လျဉ်း၍ တိုင်းတရားရုံး၏ ကောက်ယူဆုံးဖြတ်ချက်များမှာ မှားယွင်းကြောင်း တင်ပြလျောက်ထားခွင့်ရှိပေသည်။

ရှန်တီဒေဗွီက အဆိုလွှာအပိုဒ် ၁ တွင် မိမိသည် ဘလာဘတ်(စ်)၏ ဒုတိယဇနီးဖြစ်ပြီး မဟာဘိရ်ပရာဆာဒ်တို့မှာ လင်ပါသားများဖြစ်ကြောင်းကို လည်းကောင်း၊ အဆိုအပိုဒ် ၂ တွင် ဘလာဘတ်(စ်)သည် အစုစပ် လုပ်ငန်းလုပ်ကိုင်၍ မိမိသည် အစုစပ်လုပ်ငန်း၏ အစုဝင်တစ်ဦး ဖြစ်ကြောင်းကို လည်းကောင်း၊ အဆိုအပိုဒ် ၃ တွင် ဘလာဘတ်(စ်) ကွယ်လွန်သောအခါ အချင်းဖြစ်တိုက်နှင့် မြေကျန်ရစ်ကြောင်းကို လည်းကောင်း၊ အဆိုအပိုဒ် ၄ တွင် ကွယ်လွန်သူနှင့်မိမိတို့သည် ဟိန္ဒူဥပဒေနှင့်သက်ဆိုင်သူများဖြစ်ကြောင်းကို လည်းကောင်း အသီးသီးဖေါ်ပြပြီးနောက် အစုစပ်လုပ်ငန်း ဖျက်သိမ်းသည့်

၁၉၀၄ ဒေါက်ဒါဝရီဒေဗြိ ပါ(၆) နှင့် ရှန်တီဒေဗြိ

အခါက အချင်းဖြစ်ပစ္စည်းကို သုံးစွဲခွဲရန်သဘောတူ၍ မိမိနှင့် လင်ပါသားတို့သည် သုံးပုံတစ်ပုံစီပိုင်ရှင်ဖြစ်ကြောင်း ကြေငြာခဲ့သည်ဟု အဆိုလွှာအပိုဒ် ၅ တွင် အဆိုပြုကာ ဤအမှုကို စွဲဆိုခြင်းဖြစ်သည်။

ရှန်တီဒေဗြိက ''ဘလာဘတ် (စ) သေဆုံးပြီးနောက်၊ မဟာဘီရ်ပရာဆာဒ်နှင့် ကစ်ရှန်လားတို့က ၎င်းမြေနှင့်တိုက်ကို ၎င်းတို့က နှစ်စုယူပြီး ကျွန်မအား တစ်စုယူရန်ပြောဆိုကြပါသည်။ လူကြီးများရှေ့တွင် ၎င်ကဲ့သို့ခွဲဝေယူရန်သဘော တူကြောင်း ကျွန်မလည်းလက်မှတ်ထိုးပါသည်။ မဟာဘီရ်ပရာဆာဒ်နှင့်ကစ်ရှန်လားတို့လည်း လက်မှတ်ရေးထိုးကြပါသည်'' ဟု ထွက်ဆိုသည်။ မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းခွဲဝေခြင်းနှင့်စပ်လျဉ်း၍ ချုပ်ဆိုသည့် စာချုပ်ကို မှတ်ပုံတင်ရန် လိုအပ်ပေသည်။ ရှန်တီဒေဗြိသည် အချင်းဖြစ် တိုက်နှင့်မြေကို ခွဲဝေယူရန် ချုပ်ဆိုသောစာချုပ်ကို တင်ပြနိုင်ခြင်းမရှိသည့်အပြင်၊ ယင်းစာချုပ်ကို မှတ်ပုံတင်ခဲ့ကြောင်း အထောက်အထား တစုံတရာတင်ပြနိုင်ခြင်းမရှိသည်ကိုတွေ့ရသည်။ အကယ်၍ ရှန်တီဒေဗြိထွက်ဆိုသော စာချုပ်မှာ အချင်းဖြစ်တိုက်နှင့်မြေကိုခွဲဝေယူရန် သဘောတူကြောင်းကိုသာ ဖော်ပြသောစာချုပ်သာဖြစ်ပါမူ ယင်းစာချုပ်မျိုးကို မှတ်ပုံတင်ရန်လိုမည်မဟုတ်သော်လည်း ယင်းစာချုပ်အရ ရှန်တီဒေဗြိသည် အချင်းဖြစ်ပစ္စည်းများ၏ ပိုင်ရှင်အဖြစ်သို့ ရောက်ရှိလာမည် မဟုတ်ချေ။

ဟိန္ဒူဥပဒေအရ ဘလာဘတ် (စ) ကျန်ရစ်သော အချင်းဖြစ်တိုက်နှင့်မြေကို ဘလာဘတ် (စ) ၏ သားများဖြစ်ကြသော မဟာဘီရ်ပရာဆာဒ်နှင့် ကစ်ရှန်လားတို့သာ အမွေဆက်ခံသည်။ မယားဖြစ်သူ ရှန်တီဒေဗြိသည် အမွေဆက်ခံခွင့်မရှိချေ။ သို့ဖြစ်ရာ မဟာဘီရ်ပရာဆာဒ်တို့သည် အချင်းဖြစ် တိုက်နှင့်မြေကို ရှန်တီဒေဗြိအား အမွေခွဲဝေပေးရန် အကြောင်းမရှိချေ။ အဆိုအပိုဒ် ၅ တွင် အဆိုပြုထားသည့်အတိုင်း အချင်းဖြစ် တိုက်နှင့်မြေကို ရှန်တီဒေဗြိအား ခွဲဝေပေးရန် သဘောတူညီခဲ့စေကာမူ ထိုသို့သဘောတူညီခြင်းသည် အဖိုးစားနားရှိသော ပဋိညာဉ်ဖြစ်သဖြင့် ပဋိညာဉ်အက်ဥပဒေပုဒ်မ ၂၅ အရ ပျက်ပြယ်သည့်အလျောက် ယင်းပဋိညာဉ်အပေါ်အခြေခံကာ ရှန်တီဒေဗြိသည် ဤအမှုကို စွဲဆိုခွင့်မရှိချေ။

မဟာဘီရ်ပရာဆာဒ်တို့က အချင်းဖြစ်တိုက်နှင့်မြေကို ရှန်တီဒေဗြိအားခွဲဝေပေးရန် သဘောတူညီခဲ့ကြောင်း ရှန်တီဒေဗြိက ထွက်ဆိုသော်လည်း သူပြသောသက်သေများမှာ ထိုကိစ္စကို ကိုယ်တိုင်ကိုယ်ကျသိရှိသူများမဟုတ်သဖြင့် တိုင်းတရားရုံးက ရှန်တီဒေဗြိ၏ တင်ပြချက်ကို လက်မခံခြင်းမှာ မှားယွင်းသည်ဟု မဆိုနိုင်ပေ။ သို့ဖြစ်ရာ ရှန်တီဒေဗြိသည် မိမိတင်သွင်းသောအယူခံတွင် အနိုင်ရရှိရန်အကြောင်းမရှိချေ။

၁၉၀၄
ဒေါ်ဝိဒါဝရီဒေ
ဗီဝါ(၆)
နှင့်
ရှန်တီဒေဗို

အထက်တွင် ဖော်ပြခဲ့သောအကြောင်းများကြောင့် ရှန်တီဒေဗို တင်သွင်းသောအယူခံကို ပလပ်ရမည်ဖြစ်သဖြင့် တိုင်းတရားရုံးက ငြင်းချက်အမှတ် (၁) (၂)နှင့် (၅) တို့နှင့်စပ်လျဉ်း၍ ကောက်ယူဆုံးဖြတ်ချက်များမှန်သည်မမှန်သည်ကို အဆုံးအဖြတ်ပေးရန် မလိုတော့ချေ။

ထို့ကြောင့် အယူခံမှုများကိုပလပ်လိုက်သည်။ နှစ်ဘက်အမှုသည်များသည် ၎င်းအယူခံတွင် ကုန်ကျသော တရားစရိတ်များကို မိမိတို့ကိုယ်တိုင်ကျခံကြစေ။

တရားမ အစဉ်ထွေထွေ အယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးလှဘုန်း၊ အဖွဲ့ဝင်များအဖြစ် ဦးမြကျော်နှင့် ဦးသန့်စင် တို့ပါဝင်သော မဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဒေါ်လှလှ

နှင့်

ဒေါ်ခင်စောချိုပါ(၃) *

†၁၉၇၄
မြ ၆ ရက်

အမွေဆက်ခံခွင့်လက်မှတ်ထုတ်ပေးပြီးဖြစ်သည့်ကိစ္စအတွက် အခြားသူ တစ်ဦးက အမွေဆက်ခံခွင့်လက်မှတ် လျှောက်ထားခွင့် မရှိခြင်း— ထုတ်ပေးပြီးသော လက်မှတ်ကို ရုပ်သိမ်းပြီးမှသာ လျှောက်ထားခွင့် ရှိခြင်း။

ဆုံးဖြတ်ချက်။ ။ကွယ်လွန်သူ ဒေါ်မမလေး အပ်နှံထားသည့် ငွေများကို ထုတ်ယူနိုင်ရန်အတွက် ဒေါ်ခင်စောချိုတို့အား အမွေဆက်ခံခွင့်လက်မှတ်ထုတ် ပေးပြီးဖြစ်သည့်အလျောက် ဒေါ်လှလှအနေဖြင့် ယင်းလက်မှတ်ကို ရုပ်သိမ်း ပေးရန် အမွေဆက်ခံရေးအက်ဥပဒေပုဒ်မ ၃၀၃ အရ ကနဦးလျှောက်ထား ရန်လိုပေသည်။ ယင်းလက်မှတ်ကို ရုပ်သိမ်းပြီးမှသာ ဒေါ်လှလှ အနေဖြင့် အမွေဆက်ခံခွင့်လက်မှတ်ကို သူ့အားထုတ်ပေးရန် လျှောက်ထားခွင့် ရှိပေလိမ့် မည်။

အယူခံတရားလိုအတွက် — ဦးတင်အောင်၊ဗဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင်များအတွက် — ဦးခင်မောင်ဦး၊ဗဟိုတရားရုံးရှေ့နေ

---

* ၁၉၇၃ ခုနှစ်၊ တရားမ အထွေထွေအယူခံမှုအမှတ် ၃

† ၁၉၇၂ ခုနှစ်၊ တရားမ အထွေထွေမှု အမှတ် ၀၅ တွင် ချမှတ် သော (၂၅-၁၁-၀၂)နေ့စွဲပါ မန္တလေးတိုင်း တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

မန္တလေးတိုင်းတရားရုံး၊တရားမအထွေထွေမှုအမှတ် ၆၀/၀၂ တွင် အယူခံ တရားလိုဒေါ်ခင်စောချိုနှင့် ဦးအေးကိုတို့က မန္တလေးမြို့၊ မြန်မာ့စီးပွားရေး ဘဏ်(၁)တွင် ကွယ်လွန်သူ မွေးစားမိခင် ဒေါ်မမလေး အပ်နှံထားသော ငွေကျော် ၁၆၀၃၇/၀၀ ပြားကို ထုတ်ယူနိုင်ရန်အတွက် အမွေဆက်ခံခွင့် လက်မှတ်ရလိုကြောင်းလျှောက်ထားရာ ဒေါ်လှလှက မိမိသည် ဒေါ်မမလေး၏ တူမအရင်းဖြစ်သည်ဟု အကြောင်းပြကာ အမှုတွင်ပါဝင်ခွင့်ပြုရန် လျှောက်ထားသည်။တိုင်းတရားရုံးက ယင်းလျှောက်ထားချက်ကိုပယ်ချပြီးနောက် စုံစမ်းစစ်ဆေးကာ ဒေါ်ခင်စောချိုတို့ လျှောက်ထားသည့်အတိုင်း အမွေဆက်ခံခွင့် လက်မှတ်ထုတ်ပေးစေရန် ၂၇-၉-၀၂ နေ့တွင် အမိန့်ချမှတ်သည်။

၂၁-၉-၀၂ နေ့တွင် အယူခံတရားလို ဒေါ်လှလှက ဒေါ်မမလေးနှင့် ညီအစ်မတော်စပ်သည်ဟု အကြောင်းပြ၍ အထက်ဖော်ပြပါငွေများကို ထုတ်ယူနိုင်ရန်အတွက် အမွေဆက်ခံခွင့်လက်မှတ် ရလိုကြောင်းဖြင့် မန္တလေးတိုင်းတရားရုံး၊တရားမကြီးမှုအမှတ် ၀၅/၀၂ တွင် လျှောက်ထားရာ တိုင်းတရားရုံးက ယင်းလျှောက်ထားချက်ကို ပလပ်လိုက်သဖြင့် ဒေါ်လှလှက ဗဟိုတရားရုံးတွင် ၅၂အယူခံကို တင်သွင်းခြင်းဖြစ်သည်။

အယူခံတရားလို၏ရှေ့နေက မန္တလေးတိုင်းတရားရုံး၊ တရားမအထွေထွေမှုအမှတ် ၆၀/၀၂ တွင် ချမှတ်ထားသော အမိန့်သည် ဒေါ်လှလှစွဲဆိုသောအမှုကိုမဝိတ်ပင်ခဲ့ကြောင်း၊ သို့ဖြစ်၍ တိုင်းတရားရုံးက ဒေါ်လှလှ စွဲဆိုသောအမှုကို ပလပ်လိုက်ခြင်းမှာ မှားယွင်းကြောင်း တင်ပြ လျှောက်ထားသည်။

အမွေဆက်ခံရေး အက်ဥပဒေပုဒ်မ ၃၀၇ တွင် အမွေဆက်ခံခွင့် လက်မှတ်ရထိုက်ခွင့်နှင့်စပ်လျဉ်း၍ ချမှတ်သောဆုံးဖြတ်ချက်သည် ယင်းအမှုတွင် ပေါ်ပေါက်သော ပြဿနာနှင့်စပ်လျဉ်း၍ စွဲဆိုသော အခြားလျှောက်ထားမှု တစ်ရပ်ရပ်ကို ဝိတ်ပင်ခြင်းမပြုကြောင်း ပြဋ္ဌာန်းထားသည်။ သို့ဖြစ်ရာ ဒေါ်ခင်စောချိုတို့ စွဲဆိုသောအမှု၌ ချမှတ်ထားသည့် အမိန့်တစ်ရပ်ရပ်သည် ဒေါ်လှလှ စွဲဆိုသော အမှုကို ဝိတ်ပင်သည်ဟု ကောက်ယူခြင်းမပြုနိုင်ပေ။

သို့သော် ကွယ်လွန်သူ ဒေါ်မမလေး အပ်နှံထားသည့် ငွေများကိုထုတ်ယူနိုင်ရန်အတွက် ဒေါ်ခင်စောချိုတို့အား အမွေဆက်ခံခွင့်လက်မှတ် ထုတ်ပေးပြီးဖြစ်သည့်အလျောက် ဒေါ်လှလှအနေဖြင့် ယင်းလက်မှတ်ကို ရုပ်သိမ်းပေးရန် အမွေဆက်ခံရေး အက်ဥပဒေပုဒ်မ ၃၀၃ အရ ကနဦး လျှောက်ထားရန်လိုပေ

၁၉၀၄ ဒေါ်လှလှနှင့် ဒေါ်ခင်စောချို ပ၊၁(၃)

သည်။ ယင်းလက်မှတ်ကို ရုပ်သိမ်းပြီးမှသာ ဒေါ်လှလှအနေဖြင့် အမွေ ဆက်ခံခွင့်လက်မှတ်ကို သူ့အားထုတ်ပေးရန် လျှောက်ထားခွင့်ရှိပေလိမ့်မည်။ဤအခြေအနေတွင် တိုင်းတရားရုံးက ဒေါ်လှလှ၏လျှောက်ထားချက်ကို ပလပ်လိုက်ခြင်းမှာ မှားယွင်းသည်ဟု မဆိုနိုင်သဖြင့် ဤအယူခံကို တရားရုံးအဆင့်ဆင့် စရိတ်နှင့်တကွ ပလပ်လိုက်သည်။ ရွှေနေကို ကျပ် ၅၀/-- သတ်မှတ်လိုက်သည်။

တရားမ ပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ်ဦးလှဘုန်း၊ အဖွဲဝင်များအဖြစ် ဦးမြကျော်နှင့် ဦးသန့်စင် တို့ပါဝင်သော မဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးသန်းမောင်ပါ (၂)
နှင့်
ဦးခင်ဖေ *

† ၁၉၀၄
မေလ ၂၄ရက်

တရားမကျင့်ထုံးဥပဒေအမိန့် ၉၊ နည်း ၉ အရ တင်သွင်းသည့် လျှောက်လွှာများသည် ကာလစည်းကမ်းသတ် ဥပဒေပုဒ်မ ၅ အရ ကာလစည်းကမ်းသတ်ကို တိုးမဲ့မပေးနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။ အမိန့် ၉၊ နည်း ၉ အရ တင်သွင်းသည့် လျှောက်လွှာများသည် ကာလစည်းကမ်းသတ်ဥပဒေပုဒ်မ ၅ ပါပြဋ္ဌာန်းချက်များတွင်အကျုံးဝင်သည့် လျှောက်လွှာများမဟုတ်သဖြင့် ကာလစည်းကမ်းသတ်ကျော်လွန်ခြင်းအတွက် ကင်းလွတ်ခွင့်ရနိုင်ရန် အကြောင်းမရှိပေ။

လျှောက်ထားသူများအတွက် — ဦးသန်းတင်၊ မဟိုတရားရုံးရှေ့နေ

လျှောက်ထားခံရသူအတွက် — ဦးဇမာ၊ မဟိုတရားရုံးရှေ့နေ

မကွေးတိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၅/၀၁ တွင် အမှုစစ်ဆေးရန် ချိန်းဆိုသည့်နေ့ရက်၌ တရားလိုနှင့် အကျိုးဆောင်မလာရောက်သဖြင့် အမှုကို ပလပ်ကြောင်း အမိန့်ချမှတ်ခဲ့ပြီးနောက် တရားလိုဦးခင်ဖေ၏လျှောက်ထားချက်အရ တိုင်းတရားရုံးက အမှုပလပ်ခဲ့သောအမိန့်ကို ပြန်လည်ပယ်ဖျက်ပြီး အမှုကို ဆက်လက်ဆောင်ရွက်ရန် အမိန့်ချမှတ်လိုက်သဖြင့် တရားပြိုင် ဦးသန်းမောင်တို့က မဲကျေနပ်၍ မဟိုတရားရုံး၌ ဤပြင်ဆင်မှုကိုတင်သွင်းသည်။

တရားလိုနှင့်အကျိုးဆောင်မလာရောက်၍ အမှုပလပ်ခြင်းခံရသည့် အမိန့်ကို ပယ်ဖျက်ပေးရန် တရားမကျင့်ထုံးအမိန့် ၉၊ နည်း ၉ အရလျှောက်ထားလိုလျှင် ထိုသို့အမှုပလပ်ကြောင်း အမိန့်ချမှတ်ခြင်းခံရသည့်နေ့ရက်မှ ရက်ပေါင်း ၃၀

---

* ၁၉၀၃ ခုနှစ်၊ တရားမ ပြင်ဆင်မှုအမှတ် ၁၂၉

† ၁၉၀၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၅ တွင်ချမှတ်သော (၉-၆-၀၃) နေ့စွဲပါ မကွေးတိုင်းတရားရုံး၏အမိန့်ကို ပြင်ဆင်မှု။

၁၉၀၄ ဦးသန်းမောင် ပါ (၂) နှင့် ဦးခင်ဖေ

အတွင်း လျှောက်ထားရမည်ဟု ကာလစည်းကမ်းသတ် ဥပဒေ ပထမဇယား အမှတ်စဉ် ၁၆၃ တွင် ပြဋ္ဌာန်းထားသည်။ အမှုတွဲရှိ မှတ်တမ်းများအရ ၂၂-၄-၀၂ ရက်နေ့တွင် အမှုပလပ်ကြောင်း အမိန့်ချမှတ်ခြင်းခံရပြီး တရားမ ကျင့်ထုံး အမိန့် ၉၊ နည်း ၉ အရ အမှုပြန်ဖွင့်ပေးရန် လျှောက်လွှာကို ၁၉-၀-၀၂ ရက်နေ့တွင်မှ တင်သွင်းခဲ့ကြောင်းတွေ့ရသဖြင့် ဥပဒေက ခွင့်ပြုသည့် ကာလစည်းကမ်းသတ်ရက်ကို ကျော်လွန်၍ လျှောက်ထားခဲ့ခြင်း ဖြစ်ကြောင်း ပေါ်ပေါက်သည်။ အမိန့် ၉၊ နည်း ၉ အရတင်သွင်းသည့်လျှောက်လွှာများသည် ကာလစည်းကမ်းသတ် ဥပဒေပုဒ်မ ၅ ပါ ပြဋ္ဌာန်းချက်များတွင် အကျုံးဝင်သည့်လျှောက်လွှာများမဟုတ်သဖြင့် ကာလစည်းကမ်းသတ် ကျော်လွန်ခြင်းအတွက် ကင်းလွတ်ခွင့်ရနိုင်ရန် အကြောင်းမရှိပေ။

ထို့ကြောင့် ဤပြင်ဆင်မှုကိုခွင့်ပြု၍ မကွေးတိုင်းတရားရုံး၏ ၉-၆-၀၃ နေ့စွဲပါ နေ့စဉ်မှတ်တမ်းအမိန့်ကိုပယ်ဖျက်လိုက်သည်။ စရိတ်မရှိ။

တရားမဒုတိယ အယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးလှဘုန်း၊ အဖွဲ့ဝင်များအဖြစ် ဦးမြကျော်နှင့် ဦးတင်အုန်း တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

ဟဝါဘီဘီ
နှင့်
မစ္စတာအမ်အိဘရာဟင်(ခ)ဦးမောင်မောင်သန်း*

†၁၉၀၄
မေလ ၂၂ရက်

တရားမကျင့်ထုံးအမိန့် ၅၊နည်း ၂၀(က)(ခ)—အဆိုလွှာ၌ဆင့်စာချရမည့် လိပ်စာတင်သွင်းလျှင် ဥပဒေပါပြဋ္ဌာန်းချက်ကို လိုက်နာသည်ဟု ဆိုနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။ အယူခံတရားလိုသည် အဆိုလွှာ၌ အောက်ပါအတိုင်း ဖော်ပြထားသည် —

"ဟဝါဘီဘီ (ၾကီး၏ ကိုယ်စား လွယ် အီစွတ်ကာစင် အစ္စမာအီလ်) အိမ်အမှတ် ၁၄၂၊ ကုန်ဈေးတန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ (အထက်ပါ လိပ်စာသည် တရားလိုထံ ဆင့်ဆိုရန်လိပ်စာဖြစ်ပါသည်။)"

၎ဖော်ပြချက်အရဆိုလျှင် တရားလိုဟဝါဘီဘီသည် တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်း ၂၀(က)(ခ)တွင် ညွှန်ကြားထားသည့်အတိုင်း လိပ်စာ တင်သွင်းထားကြောင်း ပေါ်ပေါက်ပေသည်။ တရားလိုသည် အိန္ဒိယနိုင်ငံတွင် မိမိလက်ရှိနေထိုင်လျက်ရှိသည့် လိပ်စာကိုဖော်ပြရမည်ဟု ပြဋ္ဌာန်းထားခြင်း မရှိပေ။ အမိန့် ၅၊နည်း ၂၀(က)(ခ)တွင် ရည်ညွှန်းသောလိပ်စာမှာ ဆင့်စာချရန်အလို့ငှာ တရားလို၏ လိပ်စာသာ ဖြစ်သည်။ သို့ဖြစ်ရာ တရားလိုသည် တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်း ၂၀(က)(ခ)ပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန်ပျက်ကွက်သည်ဟု မဆိုနိုင်၍ မူလရုံးက တရားလိုစွဲဆိုသော အမှုကို အမိန့် ၅၊ နည်း ၂၀(က)(၄)အရ ပလပ်လိုက်ခြင်းမှာ မှားယွင်းပေသည်။

---

* ၁၉၀၃ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ် ၂၀၂

† ၁၉၀၃ ခုနှစ်၊တရားမအယူခံမှုအမှတ် ၂၀၀ တွင်ချမှတ်သော (၂၀-၉-၀၃) နေ့စွဲ၁၊ ရန်ကုန်တိုင်းတရားရုံး၏အမိန့်ကို အယူခံမှု။

၁၉၀၄

ဟဝါဘီဘီ နှင့် မစ္စတာအမ်အီ ဘရာဟင် (ခ) ဦးမောင်မောင်သန်း

အယူခံတရားလိုအတွက် — ဒေါ်ကြည်ကြည်ဝင်း၊ ဗဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင်အတွက် — ဦးသန်းမောင်၊ ဗဟိုတရားရုံးရှေ့နေ

ရန်ကုန်တိုင်း၊ ပန်းဘဲတန်းမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၁၆/၀၂ တွင် အယူခံတရားလို ဟဝါဘီဘီက သူ၏ ကိုယ်စားလှယ် အီစွတ်ကာစင် အစွမ်းအီလ် မှတဆင့် အယူခံတရားပြိုင် မစ္စတာအမ်အီဘရာဟင် (ခ) ဦးမောင်မောင်သန်းအပေါ် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂(၁)(က)အရ ငှားရမ်းထားသည့် အိမ်ခန်းမှ နှင်ထုတ်ပေးစေလိုမှုစွဲဆိုရာ တရားလိုသည် လိပ်စာဖော်ပြရန် ပျက်ကွက်သည်ဟု အကြောင်းပြကာ မြို့နယ်တရားရုံးက တရားလို၏အမှုကို တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်း ၂၀(က)(၄)အရ ပလပ်လိုက်လေသည်။ ဟဝါဘီဘီက မြို့နယ်တရားရုံး၏အမိန့်ကို မကျေနပ်သဖြင့် ရန်ကုန်တိုင်းတရားရုံးသို့ အယူခံဝင်ရာ မအောင်မြင်သောကြောင့် ဗဟိုတရားရုံး၌ ၎အယူခံကို တင်သွင်းခြင်းဖြစ်သည်။

တရားမကျင့်ထုံးဥပဒေအမိန့် ၅၊နည်း ၂၀(က)(၁)တွင် တရားလိုသည် အဆိုလွှာနှင့်အတူ ဆင့်စာချရန်အလို့ငှာ လိပ်စာကိုဖော်ပြရမည်ဟု ပြဋ္ဌာန်းထားသည်။ အယူခံတရားလိုသည် အဆိုလွှာ၌ အောက်ပါအတိုင်း ဖော်ပြထားသည် —

> "ဟဝါဘီဘီ (၎င်း၏ ကိုယ်စားလှယ် အီစွတ်ကာစင်အစွမ်းအီလ်) အိမ်အမှတ် ၁၄၂၊ ကုန်ဈေးတန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ (အထက်ပါလိပ်စာသည် တရားလိုထံဆင့်ဆိုရန်လိပ်စာ ဖြစ်ပါသည်)"

၎ဖော်ပြချက်အရဆိုလျှင် တရားလိုဟဝါဘီဘီသည် တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်း ၂၀(က)(၁)တွင် ညွှန်ကြားထားသည့် အတိုင်း လိပ်စာ တင်သွင်းထားကြောင်း ပေါ်ပေါက်ပေသည်။ တရားလိုသည် အိမ်ခြံယာနိုင်ငံတွင် မိမိလက်ရှိနေထိုင်လျက်ရှိသည့် လိပ်စာကိုဖော်ပြရမည်ဟု ပြဋ္ဌာန်းထားခြင်းမရှိပေ။ အမိန့် ၅၊ နည်း ၂၀(က)(၁)တွင် ရည်ညွှန်းသောလိပ်စာမှာဆင့်စာချရန်အလို့ငှာ တရားလို၏လိပ်စာသာ ဖြစ်သည်။ သို့ဖြစ်ရာ တရားလိုသည် တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်း ၂၀(က)(၁)ပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန် ပျက်ကွက်သည်ဟုမဆိုနိုင်၍ မူလရုံးကတရားလိုစွဲဆိုသော အမှုကို အမိန့် ၅၊ နည်း ၂၀ (က) (၄) အရ ပလပ်လိုက်ခြင်းမှာ မှားယွင်းပေသည်။

၁၉၀၄
ဟဝါဘိဘိ
နှင့်
မစ္စတာအမ်ဒ
ဘရာဟင် (ခ)
ဦးမောင်မောင်
သန်း

ထို့ကြောင့် ဤအယူခံကိုခွင့်ပြု၍ မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့၏ အမိန့်များကိုပယ်ဖျက်လိုက်သည်။ မြို့နယ်တရားရုံးသည် အမှုကို ဥပဒေနှင့်အညီ ဆက်လက်စစ်ဆေးစေရန် တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊နည်း ၂၃ အရ ညွှန်ကြားလိုက်သည်။ ရှေ့နေခ ကျပ် ၅၀/–ခွင့်ပြုသည်။

ဤအယူခံတွင် အယူခံတရားလိုထမ်းဆောင်ထားသော ရုံးခွန်ကို သူ့အား ပြန်အမ်းရန်အတွက် လိုအပ်သည့် သက်သေခံလက်မှတ်ကို ရုံးခွန် အက်ဥပဒေ ပုဒ်မ ၁၃ အရ ထုတ်ပေးစေ။

တရားမ အထွေထွေ အယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးလှဘုန်း၊ အဖွဲ့ဝင်များအဖြစ် ဦးသန့်ဝင်းနှင့် ဦးတင်အုန်း တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

†၁၉၀၄
ဇွန်လ ၁၄ရက်

ဦးအောင်တင် ပါ(၂)

နှင့်

ဦးခွေး ပါ(၄) *

တရားမကျင့်ထုံးဥပဒေပုဒ်မ ၂(၂)နှင့် ၄၇ တို့အရ ဒီကရီ–ဇာရီမှုတွင် အမှုသည်မဟုတ်သူ၏ လျှောက်ထားချက်အရ ချမှတ်သော အမိန့်သည် ဒီကရီမဟုတ်ခြင်း–ယင်းအမိန့်အပေါ် အယူခံဝင်ခွင့် မရှိခြင်း။

ဆုံးဖြတ်ချက်။ ။ဦးခွေးသည် ဇာရီမှုတွင် အမှုသည်တစ်ဦး မဟုတ်ချေ။ သို့ဖြစ်ရာ ဦးခွေး၏ တင်ပြချက်နှင့်စပ်လျဉ်း၍ ချမှတ်သော အမိန့်သည် တရားမကျင့်ထုံးဥပဒေပုဒ်မ ၄၇ တွင်အကျုံးမဝင်သဖြင့် ပုဒ်မ ၂(၂)တွင် အဓိပ္ပါယ်ဖွင့်ဆိုထားသော ဒီကရီမဟုတ်ချေ။တိုင်းတရားရုံးက အယူခံမှုတွင် ချမှတ်သော အမိန့်ကို ဗဟိုတရားရုံးတွင်အယူခံဝင်နိုင်ရန်အလို့ငှာ အယူခံရုံးကချမှတ်သော အမိန့်သည် ဒီကရီဖြစ်ရမည်ဖြစ်ကြောင်း တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၀၀ တွင် ပြဋ္ဌာန်းထားသည်။ ဦးအောင်တင်တို့ အယူခံဝင်ရောက်လာသည့်အမိန့်မှာ ရန်ကုန်တိုင်းတရားရုံးက အယူခံမှုတွင် ချမှတ်သောအမိန့်ဖြစ်သော်လည်း အထက်တွင် ရှင်းပြခဲ့သည့်အတိုင်း ယင်းအမိန့်မှာ တရားမကျင့်ထုံးဥပဒေပုဒ်မ ၂(၂)တွင် အကျုံးဝင်သော ဒီကရီမဟုတ်သဖြင့် အယူခံတရားလိုတို့သည် တိုင်းတရားရုံး၏အမိန့်ကို အယူခံဝင်ခွင့်မရှိချေ။

အယူခံတရားလိုများအတွက် — ဦးသန်းမောင်၊ ဗဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင်များအတွက် — ဦးမြင့်ထွန်း၊ ဗဟိုတရားရုံးရှေ့နေ

---

* ၁၉၀၄ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် ၆

† ၁၉၀၃ ခုနှစ်၊ တရားမအထွေထွေအယူခံမှု အမှတ် ၁၃၀ တွင် ချမှတ်သော (၂၇-၉-၀၃) နေ့စွဲပါ ရန်ကုန်တိုင်းတရားရုံး၏အမိန့်ကို အယူခံမှု။

၁၉၀၄
ဦးအောင်တင် ပါ(၂) နှင့် ဦးခွေးပါ(၄)

ကြည့်မြင်တိုင်မြို့နယ်တရားရုံး၊ တရားမဇာရီမှုအမှတ် ၄/၇၀ တွင် အယူခံတရားလို ဦးအောင်တင်နှင့် ဒေါ်ကြင်သွယ်တို့က တရားနိုင်များ အဖြစ်ဖြင့် အယူခံတရားပြိုင် ဒေါ်ကြင်ယုံ၊ ဒေါ်ပုနှင့် ဦးအေးတို့အပေါ် ရရှိထားသော ဒီကရီကို အတည်ပြုရာ အယူခံတရားပြိုင် ဦးခွေးက မိမိလက်ရှိဖြစ်နေသည့် အချင်းဖြစ်မြေနှင့်အိမ်မှ မိမိအားဖယ်ရှားခြင်းမပြုရန် ကန့်ကွက်တင်ပြရာ မြို့နယ်တရားရုံးက ယင်းကန့်ကွက်ချက်ကို ပယ်ချပြီး အချင်းဖြစ်အိမ်ကို တရားနိုင်တို့အား လက်ရောက်အပ်ပေးစေရန်အမိန့်ချမှတ်သည်။ဦးခွေးက မြို့နယ်တရားရုံး၏ အမိန့်ကို ရန်ကုန်တိုင်းတရားရုံးတွင် အယူခံဝင်သောအခါ တိုင်းတရားရုံးက ဦးခွေး၏လျှောက်ထားချက်နှင့်စပ်လျဉ်း၍ တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်း ၉၇ အရ စုံစမ်းစစ်ဆေးရန် အမိန့်ချမှတ်သောကြောင့် တရားနိုင် ဦးအောင်တင်တို့က ဗဟိုတရားရုံးတွင် ၎အယူခံကိုတင်သွင်းခြင်းဖြစ်သည်။

ဦးခွေးသည် ဇာရီမှုတွင် အမှုသည်တစ်ဦးမဟုတ်ချေ။ သို့ဖြစ်ရာ ဦးခွေး၏ တင်ပြချက်နှင့်စပ်လျဉ်း၍ ချမှတ်သောအမိန့်သည် တရားမကျင့်ထုံးဥပဒေပုဒ်မ ၄၇ တွင် အကျုံးမဝင်သဖြင့် ပုဒ်မ ၂(၂)တွင် အဓိပ္ပါယ်ဖွင့်ဆိုထားသော ဒီကရီမဟုတ်ချေ။ တိုင်းတရားရုံးက အယူခံမှုတွင် ချမှတ်သောအမိန့်ကို ဗဟို တရားရုံးတွင် အယူခံဝင်နိုင်ရန်အလို့ငှာ အယူခံရုံးက ချမှတ်သောအမိန့်သည် ဒီကရီဖြစ်ရမည်ဖြစ်ကြောင်း တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၀၀ တွင် ပြဋ္ဌာန်းထားသည်။ ဦးအောင်တင်တို့ အယူခံဝင်ရောက်လာသည့် အမိန့်မှာ ရန်ကုန်တိုင်းတရားရုံးက အယူခံမှုတွင်ချမှတ်သောအမိန့်ဖြစ်သော်လည်း အထက်တွင် ရှင်းပြခဲ့သည့်အတိုင်း ယင်းအမိန့်မှာ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၂ (၂) တွင် အကျုံးဝင်သော ဒီကရီမဟုတ်သဖြင့် အယူခံတရားလိုတို့သည် တိုင်းတရားရုံး၏ အမိန့်ကို အယူခံဝင်ခွင့်မရှိချေ။

ထို့ကြောင့် ၎အယူခံကိုစရိတ်နှင့်တကွပလပ်လိုက်သည်။ ရွှေနေခကို ကျပ် ၅၀/–ဟု သတ်မှတ်သည်။

တရားမ ပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးလှဘုန်း၊ အဖွဲ့ဝင်များအဖြစ် ဦးသန့်စင်နှင့် ဦးတင်အုန်း တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

†၁၉၇၄
ဇွန်လ ၈-ရက်

ဦးအောင်သိန်း ပါ(၂)

နှင့်

ဒေါ်ထွေး ပါ(၂)

အယူခံဝင်ခွင့်ရှိသော အမိန့်ကို ပြင်ဆင်မှု မလျှောက်ထားနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။ ပဏာမအချက်အရ မြို့နယ်တရားရုံးကအမှုပလပ်သည့် စီရင်ချက်နှင့် ဒီကရီကိုပယ်ဖျက်၍ အမှုကိုဆက်လက်စစ်ဆေးရန် တိုင်းတရားရုံးက အမိန့်ချမှတ်ခြင်းမှာ တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်း ၂၃ တွင် အကျုံးဝင်သည်ဖြစ်၍ ယင်းအမိန့်ကို တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၀၄(၁) နှင့် အမိန့် ၄၃၊ နည်း ၁ အရ အယူခံဝင်ခွင့် ရှိပါလျက် ဤပြင်ဆင်မှုကို လျှောက်ထားခြင်းမှာ မှားယွင်းပေသည်။

လျှောက်ထားသူများအတွက် – ဦးတင်အောင်၊ ဗဟိုတရားရုံးရှေ့နေ

လျှောက်ထားခံရသူများအတွက် – မရှိ

ရမည်းသင်းမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၆/၁၁ တွင် လျှောက်ထားခံရသူ ဒေါ်ထွေးနှင့် ဒေါ်မြကြည်တို့က လျှောက်ထားသူ ဦးအောင်သိန်းနှင့် ဒေါ်ကြည်တောင်တို့အပေါ် အမွေပုံကို စီမံခန့်ခွဲပေးစေလိုမှုစွဲဆိုရာ မြို့နယ်တရားရုံးက "ယခုအမှုစွဲဆိုရာတွင် ကာလစည်းကမ်းသတ်ကျော်လွန်နေသည်ဆိုခြင်းမှန်သလား" ဟူသော ပဏာမငြင်းချက်ကိုကြားနာပြီးနောက် ဒေါ်ထွေးတို့စွဲဆိုသော အမှုမှာ ကာလစည်းကမ်းသတ်ကျော်လွန်ကြောင်းကောက်ယူ၍ အမှုကို ပလပ်လိုက်လေသည်။ ဒေါ်ထွေးတို့က မန္တလေးတိုင်း တရားရုံးတွင် အယူခံဝင်သောအခါ တိုင်းတရားရုံးက မြို့နယ်တရားရုံး၏စီရင်ချက်နှင့် ဒီကရီ

---

* ၁၉၇၃ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၃

† ၁၉၇၂ ခုနှစ်၊တရားမအယူခံမှုအမှတ် ၁၀၂ တွင်ချမှတ်သော (၁၂-၁၀-၇၂) နေ့စွဲပါ မန္တလေးတိုင်းတရားရုံး၏အမိန့်ကိုပြင်ဆင်မှု။

၁၉၀၄
ဦးအောင်သိန်း
ပါ(၂)
နှင့်
ဒေါ်ထွေးပါ
(၂)

ကိုပယ်ဖျက်ပြီး ဒေါ်ထွေးတို့စွဲဆိုသော အမှုကို ဆက်လက်စစ်ဆေးစီရင်စေရန် အမိန့်ချမှတ်သောကြောင့် ဦးအောင်သိန်းတို့က ဤပြင်ဆင်မှုကို လျှောက်ထားခြင်းဖြစ်သည်။

ပဏာမအချက်အရ မြို့နယ်တရားရုံးက အမှုပလပ်သည့်စီရင်ချက်နှင့် ဒီကရီကိုပယ်ဖျက်၍ အမှုကို ဆက်လက်စစ်ဆေးရန် တိုင်းတရားရုံးက အမိန့်ချမှတ်ခြင်းမှာ တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်း ၂၃ တွင် အကျုံးဝင်သည်ဖြစ်၍ ယင်းအမိန့်ကို တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၀၄(၁)နှင့် အမိန့် ၄၃၊ နည်း ၁ အရ အယူခံဝင်ခွင့်ရှိပါလျက် ဤပြင်ဆင်မှုကို လျှောက်ထားခြင်းမှာ မှားယွင်းပေသည်။

ထို့ကြောင့် ဤပြင်ဆင်မှုကို စရိတ်နှင့်တကွပလပ်လိုက်သည်။ ရှေ့နေခကို ကျပ် ၅၀/–ဟု သတ်မှတ်သည်။

တရားမပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ်ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးလှဘုန်း နှင့် ဦးမြကျော်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

†၁၉၇၄
ဇွန်လ ၂၂ရက်

ဦးအုန်းမောင်
နှင့်
ဒေါ်ဘီဘီ *

သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၉ အရ ဥပဒေနှင့်အညီမဟုတ်ပဲ ဖယ်ရှားခံရခြင်း—ပူးတွဲအိမ်ရှင်တစ်ဦး၏ စီစဉ်ချက်အရ အချင်းဖြစ် ဥပစာသို့ရောက်ရှိလာသူသည် ကျန်ပူးတွဲအိမ်ရှင်အား ယင်း အက်ဥပဒေပုဒ်မ ၉ အရ ဥပဒေနှင့်အညီမဟုတ်ပဲ ဖယ်ရှားရာ မရောက်ခြင်း။

ဆုံးဖြတ်ချက်။ ။ဦးလှမောင် (ပြိုင်ပြသက်သေ) သည် ဦးအိစွတ်၏ သားဖြစ်ကြောင်း ဒေါ်ဘီဘီက ဝန်ခံထွက်ဆိုသည်။ ၁၉၆၀ ပြည့်နှစ်မြို့ပြဆိုင်ရာငှားရမ်းကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၂(ဂ) တွင် ''အိမ်ရှင်'' ဆိုသည်မှာ ''တရားမကျင့်ထုံး ကိုဓဥပဒေ၌ အဓိပ္ပါယ်ဖော်ပြထားသည့် တရားဝင်ကိုယ်စားလှယ်''ပါဝင်သည်ဟု ပြဋ္ဌာန်းထားသည်။ မဟာမေဒင်ဘာသာဝင် ဖြစ်သူ ဦးအိစွတ် ကွယ်လွန်သောအခါ ဒေါ်ဘီဘီသည် သူ၏ဇနီးဖြစ်ခဲ့လျှင် ဒေါ်ဘီဘီ အဆိုပြုသည့်အတိုင်း အိမ်ငှားများ၏ ''အိမ်ရှင်'' အဖြစ်သို့ ရောက်ရှိသွားသည့် နည်းတူ ဦးလှမောင်သည်လည်း ဦးအိစွတ်၏ အမွေခံ သားအဖြစ်ဖြင့် ပူးတွဲ ''အိမ်ရှင်''ဖြစ်သွားပေလိမ့်မည်။သို့ဖြစ်ရာ အိမ်ငှားတို့သည် အချင်းဖြစ်အခန်းမှ ထွက်ခွာသွားကြသောအခါ လစ်လပ်သွားသော အိမ်ခန်းများမှာ ဥပဒေသဘောအရ ဦးလှမောင်အပါအဝင် ''အိမ်ရှင်''အားလုံး၏လက်ဝယ်သို့ ပြန်လည်ရောက်ရှိသွားခဲ့သည်ဟု ကောက်ယူရမည်ဖြစ်သည်။

---

* ၁၉၀၄ ခုနှစ်၊ တရားမပြင်ဆင်မှု အမှတ် ၄၁

† ၁၉၀၃ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၁၂၉ တွင် ချမှတ်သော(၂-၂-၀၄) နွေစဉ်ပါ ရန်ကုန်တိုင်းတရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

အမှုတွဲတွင် ပေါ်ပေါက်သော သက်သေခံချက်များအရ ဦးလှမောင်သည် အချင်းဖြစ်အခန်းများအပါအဝင် အိမ်ခန်းများကို ဒေါ်တင်ကြည် ဆိုသူအား သက်သေခံ (၁) စာချုပ်အရ ရောင်းချခဲ့ရာ ဒေါ်တင်ကြည်က မိမိမတ်တော်သူ ဦးအုန်းမောင်အား ယင်းအခန်းများတွင် နေထိုင်စေခဲ့သည်။ ၎င်အခြေအနေတွင် ပူးတွဲ "အိမ်ရှင်" တစ်ဦးဖြစ်သူ ဦးလှမောင်၏ စီစဉ်ချက်အရ ထိုအခန်းများသို့ရောက်ရှိလာသည့် ဦးအုန်းမောင်သည် အခြားပူးတွဲအိမ်ရှင်ဖြစ်သည်ဟု အဆိုရှိသော ဒေါ်ဘီဘီအား အချင်းဖြစ် အိမ်ခန်းများမှဥပဒေနှင့်အညီမဟုတ်ပဲ ဖယ်ရှားခဲ့သည်ဟု မဆိုနိုင်ပေ။ သို့ဖြစ်၍ သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၉ အရ ဒေါ်ဘီဘီစွဲဆိုသောအမှုမှာ အောင်မြင်ရန် အကြောင်းမရှိတော့ပေ။

လျှောက်ထားသူအတွက် — ဦးသန်းတင်၊ ဗဟိုတရားရုံးရှေ့နေ

လျှောက်ထားခံရသူအတွက် — ဦးဘသန်း၊ ဗဟိုတရားရုံးရှေ့နေ

အင်းစိန်မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၃၂/၀၂ တွင် လျှောက်ထားခံရသူ ဒေါ်ဘီဘီက လျှောက်ထားသူ ဦးအုန်းမောင်အပေါ် အချင်းဖြစ် အိမ်ခန်းများကို သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၉ အရ လက်ရောက်ရလိုကြောင်းတရားစွဲဆိုရာ အနိုင်ရရှိခဲ့သည်။ ဦးအုန်းမောင်ကမြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို မကျေနပ်၍ ရန်ကုန်တိုင်းတရားရုံးတွင် ပြင်ဆင်မှုလျှောက်ထားသော်လည်းမအောင်မြင်သဖြင့် ဗဟိုတရားရုံးတွင် ၎ပြင်ဆင်မှုကို ဆက်လက်လျှောက်ထားခြင်းဖြစ်သည်။

မူလရုံး တရားလို ဒေါ်ဘီဘီက အင်းစိန်မြို့ ပိန္နဲကုန်းရပ်ကွက် ဗောဓိလမ်း အိမ်အမှတ် ၂၄၂ မှာ မိမိနှင့် ကွယ်လွန်သူ ခင်ပွန်း ဦးယူစွတ်ပိုင်ဖြစ်၍ အခန်းနှစ်ခန်းကို ဦးတင်မော်နှင့် ပူဇော်မ (ခ) အမြင့်တို့အား အငှားချထားခဲ့ကြောင်း၊ ၂၉-၆-၀၂ နေ့တွင် ဦးအုန်းမောင်သည် မိမိ၏ သဘောတူညီချက်မရဘဲ အဆိုပါ အိမ်ငှားများအား ဖယ်ရှား၍ သူတို့နေထိုင်သည့်အိမ်ခန်းများအတွင်း သို့ ကျူးကျော်ဝင်ရောက်ခဲ့ကြောင်း၊ သို့ဖြစ်၍ ယင်းအိမ်ခန်းများကိုလက်ရောက်ရလိုကြောင်းဖြင့် တရားစွဲဆိုလေသည်။

ဦးအုန်းမောင်က မိမိသည် ဦးယူစွတ်၏ အမွေစားအမွေခံ သားသမီးများ၏ ဆန္ဒနှင့်အညီ အချင်းဖြစ်အိမ်ခန်းများကို လွှဲပြောင်းရယူခဲ့ခြင်းဖြစ်ကြောင်း အဓိကအားဖြင့် ထုချေသည်။

၁၉၀၄
ဦးအုန်းမောင်
နှင့်
ဒေါ်ဘီဘီ

ဦးတင်မောင်(လိုပြသက်သေ)က မိမိနေထိုင်ခဲ့သော အခန်းကို ဦးယူစွတ်(ခ)ဦးအီစွတ်ထံမှ ငှားရမ်းနေထိုင်ခဲ့ကြောင်း၊ ဦးအီစွတ် ကွယ်လွန်ပြီးနောက် လခမပေးတော့ကြောင်း ထွက်ဆိုသည်။ သို့ဖြစ်ရာ မူလက ဦးတင်မောင်နှင့် ဒေါ်ဘီဘီတို့အကြားတွင် အိမ်ရှင်အိမ်ငှားဆက်သွယ်မှုမရှိကြောင်းပေါ်ပေါက်သည်။

ဦးလှမောင် (ပြိုင်ပြသက်သေ)သည် ဦးအီစွတ်၏သား ဖြစ်ကြောင်း ဒေါ်ဘီဘီက ဝန်ခံထွက်ဆိုသည်။ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၂(ဂ)တွင် "အိမ်ရှင်"ဆိုသည်မှာ "တရားမကျင့်ထုံးကိုဥပဒေ၌ အဓိပ္ပါယ်ဖော်ပြထားသည့် တရားဝင်ကိုယ်စားလှယ်" ပါဝင်သည်ဟု ပြဋ္ဌာန်းထားသည်။ မဟာမေဒင်ဘာသာဝင်ဖြစ်သူ ဦးအီစွတ် ကွယ်လွန်သောအခါ ဒေါ်ဘီဘီသည် သူ၏ဇနီးဖြစ်ခဲ့လျှင် ဒေါ်ဘီဘီအဆိုပြုသည့်အတိုင်း အိမ်ငှားများ၏"အိမ်ရှင်"အဖြစ်သို့ ရောက်ရှိသွားသည့်နည်းတူ ဦးလှမောင်သည်လည်း ဦးအီစွတ်၏ အမွေခံသားအဖြစ်ဖြင့် ပူးတွဲ"အိမ်ရှင်"ဖြစ်သွားပေလိမ့်မည်။ သို့ဖြစ်ရာ အိမ်ငှားတို့သည် အချင်းဖြစ်အခန်းမှ ထွက်ခွာသွားကြသောအခါ လစ်လပ်သွားသော အိမ်ခန်းများမှာ ဥပဒေသဘောအရ ဦးလှမောင်အပါအဝင် "အိမ်ရှင်" အားလုံး၏ လက်ဝယ်သို့ ပြန်လည်ရောက်ရှိသွားခဲ့သည်ဟု ကောက်ယူရမည်ဖြစ်သည်။

အမှုတွဲတွင်ပေါ်ပေါက်သော သက်သေခံချက်များအရ ဦးလှမောင်သည် အချင်းဖြစ်အခန်းများအပါအဝင် အိမ်ခန်းများကို ဒေါ်တင်ကြည် ဆိုသူအား သက်သေခံ(၁)စာချုပ်အရရောင်းချခဲ့ရာ ဒေါ်တင်ကြည်က မိမိမတ်တော်သူ ဦးအုန်းမောင်အား ယင်းအခန်းများတွင် နေထိုင်စေခဲ့သည်။ ဤအခြေအနေတွင် ပူးတွဲ"အိမ်ရှင်"တစ်ဦးဖြစ်သူ ဦးလှမောင်၏စီစဉ်ချက်အရ ထိုအခန်းများသို့ ရောက်ရှိလာသည့် ဦးအုန်းမောင်သည် အခြား ပူးတွဲအိမ်ရှင်ဖြစ်သည်ဟု အဆိုရှိသော ဒေါ်ဘီဘီအား အချင်းဖြစ်အိမ်ခန်းများမှ ဥပဒေနှင့်အညီမဟုတ်ဝေဖယ်ရှားခဲ့သည်ဟု မဆိုနိုင်ပေ။ သို့ဖြစ်၍ သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၉ အရ ဒေါ်ဘီဘီ စွဲဆိုသော အမှုမှာ အောင်မြင်ရန် အကြောင်းမရှိတော့ပေ။

လျှောက်ထားခံရသူ၏ ရှေ့နေက လျှောက်ထားသူသည် ပိုင်ဆိုင်မှုအပေါ် အခြေခံ၍ တရားတထုံးစွဲဆိုခွင့်ရှိသည့်အလျောက် ဗဟိုတရားရုံးသည် ဤပြင်ဆင်မှုတွင် အောက်ရုံးများ၏အမိန့်များကို မစွက်ဖက်နိုင်ကြောင်း တင်ပြလျှောက်ထားသည်။ အထက်တွင်ရှင်းပြခဲ့သည့်အတိုင်း ဒေါ်ဘီဘီ စွဲဆိုသော

၁၉၀၄
ဦးအုန်းမောင်
နှင့်
ဒေါ်ဘီဘီ

အမှုမှာ သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၉ တွင် အကျုံးမဝင်ပါဝဲလျက် မြို့နယ်တရားရုံးက ဒေါ်ဘီဘီစွဲဆိုသည့်အတိုင်း ဒီကရီချမှတ်လိုက်ခြင်းမှာ မှား ယွင်းကြောင်းတွေ့ရှိရပေသည်။

ထို့ကြောင့် ဤပြင်ဆင်မှုကိုခွင့်ပြု၍ အောက်ရုံးများ၏ ဆုံးဖြတ်ချက်များကို ပယ်ဖျက်ပြီး ဒေါ်ဘီဘီစွဲဆိုသောအမှုကို တရားရုံးအဆင့်ဆင့် စရိတ်နှင့်တကွ ပလပ်လိုက်သည်။ ရှေ့နေခကို ကျပ် ၅၀/—သတ်မှတ်သည်။



မြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

တရားစီရင်ထုံးများ

ဗဟိုတရားစီရင်ရေးအဖွဲ့

စီရင်ချက်များ

၁၉၈၄

တတိယသုံးလပတ်

(ရူလိုင်လ၊ ဩဂုတ်လနှင့် စက်တင်ဘာလ)

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်
ပြည်သူ့တရားသူကြီးအဖွဲ့၏ခွင့်ပြုချက်အရထုတ်ဝေသည်။



ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

တရားစီရင်ထုံးများ

ဗဟိုတရားစီရင်ရေးအဖွဲ့

စီရင်ချက်များ

၁၉၈၄

တတိယသုံးလပတ်

(ဂျူလိုင်လ၊ ဩဂုတ်လနှင့် စက်တင်ဘာလ)

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်
ပြည်သူ့တရားသူကြီးအဖွဲ့၏ခွင့်ပြုချက်အရထုတ်ဝေသည်။

F. A

ဗဟိုတရားရုံး၊ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ထွန်း၊ ကင်းလွတ်ခွင့်အမှတ်
(၃၄၇)က မြန်မာနိုင်ငံ ကြက်ခြေနီအသင်းပုံနှိပ်တိုက်၊အမှတ်-၄၂၊
ကမ်းနားလမ်း၊ ရန်ကုန်မြို့တွင် ရိုက်နှိပ်ထုတ်ဝေသည်။

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်
ပြည်သူ့တရားသူကြီးအဖွဲ့

ဦးတင်အောင်ဟိန်း	ဝိဇ္ဇာ၊ ဥပဒေဝိဇ္ဇာ၊ နိုင်ငံ့ဂုဏ်ရည်(ဒုတိယဆင့်)	....	ဥက္ကဋ္ဌ
သီရိပုံချီ ဦးတင်အောင်	နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်)	....	အဖွဲဝင်
ဦးလှဘုန်း	....	....	အဖွဲဝင်
ဦးခင်ဇာမုံ	....	....	အဖွဲဝင်
ဦးမြကျော်	မဟာဝိဇ္ဇာ၊နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်)	....	အဖွဲဝင်
ဦးထွန်းရှိန်	....	....	အဖွဲဝင်
ဦးအေးမောင်	ဝါဏိဇ္ဇဝိဇ္ဇာ၊ဥပဒေဝိဇ္ဇာ	....	အဖွဲဝင်
ဦးသန့်စင်	ဝါဏိဇ္ဇဝိဇ္ဇာ၊ဥပဒေဝိဇ္ဇာ	....	အဖွဲဝင်
ဦးတင်အုန်း	မဟာဝိဇ္ဇာ	....	.... အဖွဲဝင်

၁၉၈၄ ခုနှစ်

(ဇူလိုင်လ၊ သြဂုတ်လနှင့် စက်တင်ဘာလ)

ပြဿနာဆိုင်ရာအမှုများ

စိရင်ထုံးပြုသောမှုခင်းများ

ပြစ်မှုဆိုင်ရာ ဘာမှုများ

စာမျက်နှာ

ကေဒါနတ် နှင့် ၁။ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ
မြန်မာနိုင်ငံတော်
၂။ ဒေဝါနန် ၇၇

ညွှန်းချက်

ပြစ်မှုဆိုင်ရာအမှုများ

ဥပဒေများ —

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ

သက်သေခံဥပဒေ

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ (၁)နှင့် ပုဒ်မ ၅၂၂ (၃) တို့အရ လုပ်ပိုင်ခွင့်များ—ပုဒ်မ ၅၂၂ (၁)မှာ အခြေခံလုပ်ပိုင်ခွင့်ဖြစ်ခြင်း—ပုဒ်မ ၅၂၂ (၃)မှာ အယူခံရုံး၊ ပြင်ဆင်မှုရုံး၏ လုပ်ပိုင်ခွင့်ဖြစ်ခြင်း—ပုဒ်မ ၅၂၂ (၃) လုပ်ပိုင်ခွင့်ကို အယူခံရုံး၊ ပြင်ဆင်မှုရုံးများက ကျင့်သုံးရာတွင် အခြေခံ လုပ်ပိုင်ခွင့် ဖြစ်သော ပုဒ်မ ၅၂၂ (၁) ပါပြဋ္ဌာန်းချက်များနှင့်အညီသာ ဆောင်ရွက်ရခြင်း။

ဆုံးဖြတ်ချက်။ ။ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၂၂ (၁)တွင် ပြစ်မှုမကင်းသော အနိုင်အထက်ပြုခြင်း သို့မဟုတ် ပြစ်မှုမကင်းသော ခြောက်လှန့်ခြင်းသည် အင်္ဂါရပ် တစ်ခုဖြစ်သော ပြစ်မှုနှင့်စပ်လျဉ်း၍ တရားခံတစ်ဦးအား အပြစ်ပေးလျှင် ယင်းသို့ ပြစ်မှုမကင်းသော အနိုင်အထက်ပြုလုပ်ခြင်း၊ သို့မဟုတ် ပြစ်မှုမကင်းသော ခြောက်လှန့်ခြင်းကြောင့် သူတဦးတယောက်သည် မရွှေ့မပြောင်းနိုင်သော ပစ္စည်းလက်လွတ်ဖြစ်သွားရပါက တရားရုံးသည်သင့်မြတ်သည်ဟု ယူဆလျှင် ပြစ်ဒဏ်ချမှတ်သည့်အခါ၌ဖြစ်စေ၊ သို့မဟုတ် ပြစ်ဒဏ်ချမှတ်ပြီးနောက် တစ်လအတွင်းဖြစ်စေ လက်လွတ်ဖြစ်သွားသူအား ယင်းမရွှေ့မပြောင်းနိုင်သည့်ပစ္စည်းကို လက်ရောက်ပေးစေရန် အမိန့် ချမှတ်နိုင်သည်ဟု ပြဋ္ဌာန်းထားသည်။

ဤပြဋ္ဌာန်းချက်အရ မြို့နယ်တရားရုံးသည် ပြစ်ဒဏ်ချမှတ်ပြီးနောက် သုံးလကျော်ကြာမှ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၂၂(၁)အရ အမိန့်ချမှတ်ခဲ့ခြင်းဖြစ်၍ ယင်းအမိန့်သည် ယင်းဥပဒေပြဋ္ဌာန်းချက်နှင့် ညီညွတ်ခြင်း မရှိကြောင်း တွေ့ရသည်။

သို့ရာတွင် တိုင်းတရားရုံးသည် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၂၂(၃)ကို ကျင့်သုံးရာတွင် စည်းကမ်းသတ်ကာလသတ်မှတ်ချက်မရှိဟု သုံးသပ်ထားကြောင်းတွေ့ရသည်။တိုင်းတရားရုံး၌ ယင်းလုပ်ပိုင်ခွင့်သည် အယူခံမှုဖြစ်စေ၊ ပြင်ဆင်မှုဖြစ်စေ တက်ရောက်လာသည့်အခါ တိုင်းတရားရုံးက ပြစ်မှုထင်ရှားစီရင်မှုသာ ကျူးကျော်ခြင်းခံရသည့် မရွေ့မပြောင်းနိုင်သော ပစ္စည်းကို ပြန်လည်လက်ရောက်ပေးအပ်ရန် လိုအပ်လျှင် ကျင့်သုံးရန်အတွက် ပြဋ္ဌာန်းထားခြင်း ဖြစ်သည်။ ယင်းလုပ်ပိုင်ခွင့်ကို တိုင်းတရားရုံးက ကျင့်သုံးသည့်အခါတွင်လည်း အခြေခံဖြစ်သည့် ပုဒ်မ ၅၂၂ ပုဒ်မခွဲ(၁)ပါ ပြဋ္ဌာန်းချက်နှင့်အညီသာ ကျင့်သုံးရန်ဖြစ်သည်။ မူလရုံးဖြစ်သည့် မြို့နယ်တရားရုံးအနေဖြင့် ကာလစည်းကမ်းသတ် ကျော်လွန်ပြီးနောက် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၂၂(၁)ကို မကျင့်သုံးနိုင်သည်ကို အယူခံမှု သို့မဟုတ် ပြင်ဆင်မှုရုံးဖြစ်သည့် တိုင်းတရားရုံးက ကာလစည်းကမ်းသတ်ကို တိုးချဲ့၍ အမိန့်ချမှတ်နိုင်မည်မဟုတ်ပေ။

ကေဒါနတ် နှင့် ၁။ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်
၂။ ဒေဝါနန် ၇၇

ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ်ဦးခင်ဇော်မုံ၊ အဖွဲ့ဝင်များအဖြစ်ဦးထွန်းရှိန်နှင့် ဦးအေးမောင်တို့ ပါဝင်သော ဗဟိုတရား စီရင်ရေးအဖွဲ့ရှေ့တွင်

ကေဒါနတ်

နှင့်

၁။ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

၂။ ဒေဝါနန် *

† ၁၉၇၄ ဇူလိုင်လ ၃၁ ရက်

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ (၁)နှင့် ပုဒ်မ ၅၂၂ (၃)တို့အရ လုပ်ပိုင်ခွင့်များ—ပုဒ်မ ၅၂၂ (၁)မှာ အခြေခံလုပ်ပိုင်ခွင့်ဖြစ်ခြင်း—ပုဒ်မ ၅၂၂ (၃)မှာ အယူခံရုံး၊ပြင်ဆင်မှုရုံး၏ လုပ်ပိုင်ခွင့်ဖြစ်ခြင်း—ပုဒ်မ၅၂၂ (၃) လုပ်ပိုင်ခွင့်ကို အယူခံရုံး၊ ပြင်ဆင်မှုရုံးများကကျင့်သုံးရာတွင် အခြေခံလုပ်ပိုင်ခွင့်ဖြစ်သော ပုဒ်မ ၅၂၂ (၁)ပါ ပြဋ္ဌာန်းချက်များနှင့်အညီသာ ဆောင်ရွက်ရခြင်း။

ဆုံးဖြတ်ချက်။ ။ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၂၂ (၁) တွင် ပြစ်မှုမကင်းသော အနိုင်အထက်ပြုခြင်း သို့မဟုတ် ပြစ်မှုမကင်းသော ခြောက်လှန့်ခြင်းသည် အင်္ဂါရုပ်တစ်ခုဖြစ်သော ပြစ်မှုနှင့်စပ်လျဉ်း၍ တရားခံတစ်ဦးအား အပြစ်ပေးလျှင် ယင်းသို့ ပြစ်မှုမကင်းသော အနိုင်အထက်ပြုလုပ်ခြင်း၊ သို့မဟုတ် ပြစ်မှုမကင်းသော ခြောက်လှန့်ခြင်းကြောင့် သူတဦးတယောက်သည် မရွှေ့မပြောင်းနိုင်သော ပစ္စည်းလက်လွတ်ဖြစ်သွားရပါက တရားရုံးသည်သင့်မြတ်သည်ဟု ယူဆလျှင် ပြစ်ဒဏ်ချမှတ်သည့်အခါ၌ဖြစ်စေ၊ သို့မဟုတ် ပြစ်ဒဏ်ချမှတ်ပြီးနောက် တစ်လအတွင်းဖြစ်စေ လက်လွတ် ဖြစ်သွားသူအား ယင်းမရွှေ့မပြောင်းနိုင်သည့်ပစ္စည်းကို လက်ရောက်ပေးစေရန် အမိန့်ချမှတ်နိုင်သည်ဟု ပြဋ္ဌာန်းထားသည်။

၎င်းပြဋ္ဌာန်းချက်အရ မြို့နယ်တရားရုံးသည် ပြစ်ဒဏ်ချမှတ်ပြီးနောက် သုံးလကျော်ကြာမှ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ (၁)အရ အမိန့်ချမှတ်ခဲ့ခြင်းဖြစ်၍ ယင်းအမိန့်သည် ယင်းဥပဒေပြဋ္ဌာန်းချက်နှင့် ညီညွတ်ခြင်း မရှိကြောင်း တွေ့ရသည်။

---

* ၁၉၀၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၁၇ (၁)

† ၁၉၀၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၂၀၅ (ဖြူး) တွင် ချမှတ်သော (၂၁-၁၁-၀၃) နေ့စွဲပါ ဝိသုဒ္ဓိတိုင်းတရားရုံး၏အမိန့်ကိုပြင်ဆင်မှု။

၁၉၀၄ ကေဒါနတ် နှင့် ၁။ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် ၂။ ဒေဝါနန်

သို့ရာတွင် တိုင်းတရားရုံး၁ည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၂၂(၃) ကို ကျင့်သုံးရာတွင် စည်းကမ်းသတ်ကာလသတ်မှတ်ချက်မရှိဟု သုံးသပ်ထား ကြောင်းတွေ့ရသည်။ တိုင်းတရားရုံး၌ ယင်းလုပ်ပိုင်ခွင့်သည် အယူခံမှုဖြစ်စေ၊ ပြင်ဆင်မှုဖြစ်စေ တက်ရောက်လာသည့်အခါ တိုင်းတရားရုံးက ပြစ်မှုထင်ရှားစီရင်မှသာ ကျူးကျော်ခြင်းခံရသည့် မရွှေ့မပြောင်းနိုင်သောပစ္စည်းကို ပြန်လည် လက်ရောက်ပေးအပ်ရန် လိုအပ်လျှင် ကျင့်သုံးရန်အတွက် ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ ယင်းလုပ်ပိုင်ခွင့်ကို တိုင်းတရားရုံးက ကျင့်သုံးသည့်အခါတွင်လည်း အခြေခံဖြစ်သည့် ပုဒ်မ ၅၂၂ ပုဒ်မခွဲ(၁)ပါ ပြဋ္ဌာန်းချက်နှင့်အညီသာ ကျင့်သုံးရန်ဖြစ်သည်။ မူလရုံးဖြစ်သည့် မြို့နယ်တရားရုံးအနေဖြင့် ကာလစည်းကမ်းသတ်ကျော်လွန်ပြီးနောက် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၂၂(၁) ကို မကျင့်သုံးနိုင်သည်ကို အယူခံမှု သို့မဟုတ် ပြင်ဆင်မှုရုံးဖြစ်သည့် တိုင်းတရားရုံးက ကာလစည်းကမ်းသတ်ကို တိုးချဲ့၍ အမိန့်ချမှတ်နိုင်မည်မဟုတ်ပေ။

လျှောက်ထားသူအတွက် — ဦးဂျန်းချန်း၊ ဗဟိုတရားရုံးရှေ့နေ

လျှောက်ထားခံရသူအတွက်— ဦးမြင့်အောင်၊ ဥပဒေဝန်ထမ်းအဆင့်(၁)

ပဲခူးတိုင်း၊ ဖြူးမြို့နယ်တရားရုံး၌ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၇၀၂/၀၀ တွင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၂၂(၁) အရ လျှောက်ထားသူကေဒါနတ်၊ ဂူလာဂျာရီနှင့်ရမ်းဂရေးဆိုသူတို့အား လျှောက်ထားခံရသူ ဒေဝါနန်၏ ခြံမြေအတွင်းမှ အမိန့်ချမှတ်သည့်နေ့မှ တစ်လအတွင်း ဖယ်ရှားပေးစေရန် အမိန့်ချမှတ်ခဲ့သည်။ယင်းအမိန့်ကို ကေဒါနတ်၊ ဂူလာဂျာရီနှင့် ရမ်းဂရေးတို့က မကျေနပ်ကြသဖြင့် ပဲခူးတိုင်းတရားရုံးသို့ ပြင်ဆင်မှုတင်သွင်းရာ တိုင်းတရားရုံးက မြို့နယ်တရားရုံး၏အမိန့်ကိုပယ်ဖျက်၍ ကေဒါနတ်တစ်ဦးတည်းအပေါ် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၂၂(၃)အရ အချင်းဖြစ်မြေကွက်ကို ဒေဝါနန်သို့မဟုတ် ကျေးရွာပြည်သူ့ကောင်စီသို့ ပြန်လည်ပေးအပ်၍ ဖယ်ရှားထွက်ခွာသွားစေရန် အမိန့်ချမှတ်ခဲ့သည်။ ထို့ကြောင့် ကေဒါနတ်က ဗဟိုတရားရုံးသို့ ဤပြင်ဆင်မှုကိုတင်သွင်းသည်။

ဒေဝါနန်၏ တိုင်တန်းချက်အရ ပြည်သူ့ရဲတပ်ဖွဲ့ကနန်းတစ်စိုး၊ ကေဒါနတ်၊ ရမ်းနတ်တို့အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၅၂ နှင့် ပုဒ်မ ၄၂၇ တို့အရ အရေးယူ တင်ပို့သော အမှုကို မြို့နယ်တရားရုံးက စစ်ဆေးကြား နာပြီး ၃၀–၃–၀၃ ရက်နေ့တွင် နန်းတစ်စိုးနှင့်ရမ်းနတ်တို့ကို အမှုမှ အပြီးအပြတ် လွှတ်၍ ကေဒါနတ်အား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၄၇ နှင့် ပုဒ်မ ၄၂၇ တို့အရငွေဒဏ်ကျပ် ၂၅/–စီပေးဆောင်စေရန်အမိန့်ချမှတ်ခဲ့သည်။ ၁၁–၄–၀၃ ရက်နေ့တွင် ဒေဝါနန်က ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၂၂(၁) အရ

အချင်းဖြစ် ခြံမြေကို ပြန်လည်ပေးအပ်စေရန် လျှောက်ထားခဲ့ရာမှ ယခု အကြောင်းကိစ္စရပ်ပေါ်ပေါက်ခဲ့သည်။

၁၉၇၄ ခုနှစ် ၁။ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် ၂။ ဒေဝါနန်

တိုင်းတရားရုံးက မြို့နယ်တရားရုံးသည် ကေဒါနတ်အပေါ်ပြစ်မှုထင်ရှားတွေ့ရှိပြီး ပြစ်ဒဏ်ချမှတ်ခဲ့သည့်နေ့မှာ ၃၀-၃-၈၃ ရက်နေ့ဖြစ်ပြီး ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၂၂(၁)အရ အမိန့်ချမှတ်ခဲ့သည်မှာ ၂၀-၇-၈၃ ရက်နေ့ဖြစ်၍ ဒုတိယအမိန့်သည် ကာလစည်းကမ်းသတ်အတွင်း ချမှတ်သော အမိန့်မဟုတ်သောကြောင့် ပယ်ဖျက်ရမည်ဖြစ်ကြောင်းနှင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၂၂(၃)အရမူ ကာလစည်းကမ်းသတ်နှင့်စပ်လျဉ်း၍ တစုံတရာ ဖော်ပြထားခြင်းမရှိသဖြင့် ပြင်ဆင်မှုတရားရုံးအနေဖြင့် အမိန့်ချမှတ်နိုင်ကြောင်း သုံးသပ်ထားသည်။

၎င်းပြင်ဆင်မှုအတွက် ကေဒါနတ်တင်ပြထားသော အဓိကအကြောင်းပြချက်မှာ မူလ အမှုသည် ကျေးရွာပြည်သူ့ကောင်စီက အချင်းဖြစ်မြေကို ဒေဝါနန်အား ချပေးခဲ့သည်ကို အခြေပြု၍ ခွဲဆိုသောအမှုဖြစ်သောကြောင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၂၂(၁)ကို သော်လည်းကောင်း၊ ပုဒ်မ ၅၂၂(၃)ကိုသော်လည်းကောင်း ကျင့်သုံးနိုင်ခြင်း မရှိကြောင်းနှင့် တိုင်းတရားရုံး၏ အမိန့်သည် ကာလစည်းကမ်းသတ်ကျော်လွန်နေကြောင်းဟူ၍ဖြစ်သည်။

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၂၂(၁)တွင် ပြစ်မှုမကင်းသော အနိုင်အထက်ပြုခြင်း သို့မဟုတ် ပြစ်မှုမကင်းသော ခြောက်လှန့်ခြင်းသည် အင်္ဂါရပ်တစ်ခုဖြစ်သော ပြစ်မှုနှင့်စပ်လျဉ်း၍ တရားခံတစ်ဦးအားအပြစ်ပေးလျှင် ယင်းသို့ပြစ်မှုမကင်းသော အနိုင်အထက်ပြုလုပ်ခြင်း၊ သို့မဟုတ် ပြစ်မှုမကင်းသော ခြောက်လှန့်ခြင်းကြောင့် သူတဦးတယောက်သည် မရွှေ့မပြောင်းနိုင်သော ပစ္စည်းလက်လွတ်ဖြစ်သွားရပါက တရားရုံးသည် သင့်မြတ်သည်ဟု ယူဆလျှင် ပြစ်ဒဏ်ချမှတ်သည့်အခါ၌ဖြစ်စေ၊ သို့မဟုတ် ပြစ်ဒဏ်ချမှတ်ပြီးနောက် တစ်လအတွင်းဖြစ်စေ လက်လွတ်ဖြစ်သွားသူအား ယင်းမရွှေ့မပြောင်းနိုင်သည့်ပစ္စည်းကို လက်ရောက်ပေးစေရန် အမိန့်ချမှတ်နိုင်သည်ဟု ပြဋ္ဌာန်းထားသည်။

၎င်းပြဋ္ဌာန်းချက်အရ မြို့နယ်တရားရုံးသည် ပြစ်ဒဏ်ချမှတ်ပြီးနောက် သုံးလကျော်ကြာမှ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၂၂(၁) အရ အမိန့်ချမှတ်ခဲ့ခြင်းဖြစ်၍ ယင်းအမိန့်သည် ယင်းဥပဒေပြဋ္ဌာန်းချက်နှင့်ညီညွတ်ခြင်းမရှိကြောင်း တွေ့ရသည်။

သို့ရာတွင် တိုင်းတရားရုံးသည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၂၂(၃) ကို ကျင့်သုံးရာတွင် စည်းကမ်းသတ်ကာလ သတ်မှတ်ချက်မရှိဟု သုံးသပ်ထားကြောင်းတွေ့ရသည်။ တိုင်းတရားရုံး၌ ယင်းလုပ်ပိုင်ခွင့်သည် အယူခံမှုဖြစ်စေ၊

၁၉၀၄ ကေဒါနှတ် နှင့် ၁။ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် ၂။ ဒေဝါနန်

ပြင်ဆင်မှုဖြစ်စေ၊ တက်ရောက်လာသည့်အခါ တိုင်းတရားရုံးက ပြစ်မှုထင်ရှားစီရင်မှုသာ ကျူးကျော်ခြင်းခံရသည့် မရွှေ့မပြောင်းနိုင်သောပစ္စည်းကိုပြန်လည်လက်ရောက်ပေးအပ်ရန်လိုအပ်လျှင် ကျင့်သုံးရန်အတွက် ပြဋ္ဌာန်းထားခြင်း ဖြစ်သည်။ ယင်းလုပ်ပိုင်ခွင့်ကို တိုင်းတရားရုံးက ကျင့်သုံးသည့် အခါတွင်လည်း အခြေခံဖြစ်သည့် ပုဒ်မ ၅၂၂ ပုဒ်မခွဲ (၁) ပါ ပြဋ္ဌာန်းချက်နှင့်အညီသာကျင့်သုံးရန်ဖြစ်သည်။ မူလရုံးဖြစ်သည့် မြို့နယ်တရားရုံးအနေဖြင့် ကာလစည်းကမ်းသတ်ကျော်လွန်ပြီးနောက် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ (၁) ကိုမကျင့်သုံးနိုင်သည်ကို အယူခံမှု သို့မဟုတ် ပြင်ဆင်မှုရုံးဖြစ်သည့် တိုင်းတရားရုံးက ကာလစည်းကမ်းသတ်ကို တိုးခွဲ၍ အမိန့်ချမှတ်နိုင်မည်မဟုတ်ပေ။


ဒေဝါနန်သည် အချင်းဖြစ် မြေကို လက်ရောက်ရလိုပါက တရားမကြောင်းအရ အမှုစွဲဆိုနိုင်ပေသည်။

သို့ဖြစ်၍ ဤပြင်ဆင်မှုကိုခွင့်ပြု၍ တိုင်းတရားရုံး၏ ၂၁-၁၁-၀၃ နေ့စွဲပါ အမိန့်ကို ပယ်ဖျက်လိုက်ကြောင်း အမိန့်ချမှတ်သည်။

၁၉၀၄ ခုနှစ်

(ဇူလိုင်လ၊ ဩဂုတ်လနှင့် စက်တင်ဘာလ)

တရားမမှုများ



စီရင်ထုံးပြုသောမှုခင်းများ

တရားမမှုများ

စာမျက်နှာ

ဦးကိုကိုလတ်	နှင့်	ဒေါ်တင်ညွှန့်	၁၁၃
ဒေါ်ကျင်ငွေ	နှင့်	ဒေါ်ခင်တီ ပါ(၀)	၁၁၅
ဦးကျော်ငြိမ်း	နှင့်	ဦးကျော်ရှိန်း	၁၁၉
ဦးကျော်ဝင်းအောင်	နှင့်	ဒေါ်ညွှန့် ပါ(၃)	၁၂၁
ဦးကြိုင် ပါ(၂)	နှင့်	ဒေါ်သိန်းဟန် ပါ(၆)	၁၂၃
ဒေါ်ခင်ရီ ပါ(၂)	နှင့်	ဒေါ်ရီရီသန့်	၁၂၅
မခင်သက်	နှင့်	ဦးဘမှန်း	၁၂၀
မခင်အုန်းမြင့်	နှင့်	ဦးဘရင်	၁၃၀
ဦးချစ်ဆွေ ပါ(၂)	နှင့်	ဒေါ်ကျင်ဒွေး ပါ(၂)	၁၃၁
ဦးချစ်မောင် ပါ(၂)	နှင့်	ဒေါ်အုန်းသွင်	၁၃၃
မောင်စောကျော်နိုင် ပါ(၅)	နှင့်	ဒေါ်စောသိမ်ဂီ ပါ(၄)	၁၃၅
ဦးစိုး ပါ(၃)	နှင့်	ဦးဥာဏ် ပါ(၄)	၁၃၉
ဒေါ်တင် ပါ(၄)	နှင့်	ဦးထွန်းညွန့် ပါ(၃)	၁၄၄
ဒေါ်တင်တင်ဝင်း	နှင့်	ဒေါ်သန်းကြည်ပါ(၃)	၁၄၀
မတင်လှ(ခ)နုရဲကျန်(ခ) မဝွက်ထော်	နှင့်	မောင်ဝင်းဇော်(ခ) ကုလားလေး	၁၅၀
ဦးထွေး	နှင့်	ဒေါ်ခင်လတ် ပါ(၄)	၁၅၃
ဦးထွေး	နှင့်	ဦးသက်ထွန်း ပါ(၅)	၁၅၇
ဒါဝတ်(ခ)ဦးတင်မောင် ပါ(၂)	နှင့်	ဦးမြင့်(ခ)အဘူခိုင်ပါ(၂)	၁၆၀
မနီ ပါ(၂)	နှင့်	ဒေါ်ခင်စန်းရီ	၁၆၂
ဝိစီမာလကာ	နှင့်	ဒေါ်ကျင်ကီး	၁၆၆
မောင်မူဆာ	နှင့်	မဝင်းမြင့်	၁၇၀

ဦးမင်းဇော်	နှင့်	ဦးသောင်းဘင် ပါ(၂)	၁၇၃
ဦးမောင်ကြည်	နှင့်	ဦးမြင့်သိန်း	၁၇၆
ဒေါ်မြတင်	နှင့်	ဦးအေးမောင်	၁၇၈
ဒေါ်မြင့်သိန်း ပါ(၃)	နှင့်	ဦးသန်းရွှေ ပါ(၃)	၁၈၀
ဒေါ်ရှုပဝတီ ပါ(၂)	နှင့်	ဦးအိုက်မောင် (ခ) ဦးခင်မောင် ပါ(၃)	၁၈၆
ဦးရွှေမိုး	နှင့်	ဦးသန်းမောင်	၁၈၈
ဒေါ်လတ်(ခ)ဒေါ်လှ	နှင့်	ဒေါ်အမဲလေး	၁၉၂
ဦးဝမ်ကျင်ထွေး ပါ(၂)	နှင့်	ဦးသန်းထွန်း	၁၉၄
ဦးသန်းညွှန့် ပါ(၂)	နှင့်	ဦးသန်းစိန် ပါ(၂)	၁၉၆
ဒေါ်သန်းရင်	နှင့်	ဒေါ်သန်းစိန် ပါ(၃)	၁၉၉
ဦးသိန်းမောင် ပါ(၃)	နှင့်	ဦးတင်အောင် ပါ(၄)	၂၀၂
ဒေါ်အိ	နှင့်	မသောင်းကြည် ပါ(၂)	၂၀၈
ဦးအေးကျော်	နှင့်	မြို့နယ်တရားသူကြီးအဖွဲ့ (ကျောက်ပန်းတောင်း)	၂၁၀
ဒေါ်အေးစိန် ပါ(၂)	နှင့်	ဒေါ်သန်းသန်းနု	၂၁၃
ဦးအေးမောင်	နှင့်	ဒေါ်ကြည်	၂၁၆
ဦးအောင်သန်း	နှင့်	ဒေါ်ကြည်ကြည်စန်း	၂၂၀
အိုင်အမ်ဒီဘာဂီယား	နှင့်	၁။ ဥက္ကဋ္ဌ၊အမှတ်(၁) ရပ်ကွက် စားသုံးသူသမဝါယမ အသင်း၊ပန်းဘဲတန်း မြို့နယ်။ ၂။ ဥက္ကဋ္ဌ၊အမှတ်(၁) ရပ်ကွက် ပြည်သူ့ကောင်စီ	၂၂၂
ဒေါ်အေးလင်း	နှင့်	ဒေါ်ရွှေရင်	၂၂၅

ညွှန်းချက်

တ ရား မ မှု မျာ း

ဥပဒေများ — စာမျက်နှာ

သီးခြားသက်သာခွင့် အက်ဥပဒေ
ပစ္စည်းလွှဲပြောင်းရေးအက်ဥပဒေ
မြန်မာနိုင်ငံတရားဥပဒေများအက်ဥပဒေ
တရားမကျင့်ထုံး ဥပဒေ
ကာလစည်းကမ်းသတ် ဥပဒေ
အလုပ်သမားလျော်ကြေးအက်ဥပဒေ
အမွေဆက်ခံရေး အက်ဥပဒေ
၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ဌားရမ်းခ ကြီးကြပ်ရေးဥပဒေ
မြန်မာဓလေ့ထုံးတမ်း ဥပဒေ

၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ဌားရမ်းခကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၃ (၁) အရ ချမှတ်သည့် ဌားရမ်းခကြီးကြပ်ရေးဝန်၏ အမိန့်ကို ပျက်ပြယ်ကြောင်း ကြေငြာပေးရန် သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ အရ လျှောက်ထားခွင့် ရှိမရှိ။

ဆုံးဖြတ်ချက်။ ။ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ဌားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၃ (၁) အရ ချမှတ်သည့် ဌားရမ်းခကြီးကြပ်ရေးဝန်၏အမိန့်ကို ပြည်ထောင်စုဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၇၃ (၃) အရ ပယ်ဖျက်ပေးရန် နိုင်ငံတော်ကောင်စီသို့ လျှောက်ထားနိုင်သည်။ သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ အရ မြွက်ဟဒီကရီကို တရားရုံးကဆင်ခြင်တုံတရားအရခွင့်ပြုရန်ဖြစ်သည်။ အယူခံတရားလိုသည် ဌားရမ်းခကြီးကြပ်ရေးဝန်၏အမိန့်ကို ပယ်ဖျက်ပေးရန် နိုင်ငံတော်ကောင်စီသို့ လျှောက်ထားရန် အခွင့်အရေးရှိနေသည့်အလျောက် ဦးထွေးတောင်းဆိုသည့်အတိုင်း မြွက်ဟဒီကရီကို ချမှတ်ပေးရန်မသင့်ပေ။

ဦးထွေး နှင့် ဦးသက်ထွန်း ပါ(၅) ၁၅၇

စာမျက်နှာ

ဒီဒိတစ်ဦးတည်းပိုင်ဖြစ်ကြောင်း မွန်ဟ ကြေငြာပေးစေလိုမှု – အမှုအတွင်း တရားလိုသေဆုံးသွားခြင်း – တရားလို သေဆုံးချိန်တွင် တရားလိုတောင်းဆိုသော သက်သာခွင့်မှာ ပေး၍ မရနိုင်သော အခြေအနေရှိလျှင် အမှုမှာရပ်စဲသွားပြီဖြစ်ခြင်း – ထိုအခါ တရားဝင် ကိုယ်စားလှယ် အဖြစ် ထည့်သွင်း၍ အမှုကို ဆက်လက်စစ်ဆေးရန် မလိုတော့ခြင်း။

ဆုံးဖြတ်ချက်။ ။ မူလရုံးတရားလို ဦးဥာဏ်သည် အမှုဆိုင်နေစဉ် အတွင်း ဂ-၁၂-၇၇ နေ့တွင် ကွယ်လွန်ခဲ့သည်။ သို့ဖြစ်ရာ အချင်းဖြစ် မြေကွက်များနှင့် အိမ်များမှာ ဦးဥာဏ်အဆိုပြုသည့်အတိုင်း သူတစ်ဦးတည်းပိုင်ဖြစ်ပါမူ သူကွယ်လွန်သောအခါ ယင်းပစ္စည်းများမှာ မနီနှင့် မောင်ခွေး အပါအဝင် ပထမအိမ်ထောင်မှ သားသမီးများနှင့် ဒုတိယ ဇနီး ဒေါ်ခင်စန်းရီတို့ ပူးတွဲပိုင်ဆိုင်သည့် အမွေဆိုင် ပစ္စည်းအဖြစ်သို့ ရောက်ရှိသွားပေလိမ့်မည်။ ထိုအခြေအနေတွင် ၁၄-၆-၀၂ နေ့၌ ရန်ကုန်တိုင်းတရားရုံးက ကောက်ယူဆုံးဖြတ်သကဲ့သို့ အချင်းဖြစ်ပစ္စည်းများမှာ ဦးဥာဏ်တစ်ဦးတည်းပိုင်ဖြစ်သည်ဟု မွန်ဟ ကြေငြာပေးခြင်း မပြုနိုင်တော့ချေ။ ထို့ပြင် အမှုကို အဆုံးအဖြတ် ပေးရန် အချိန်ကျရောက်သောအခါ ဦးဥာဏ်မှာ အသက်ထင်ရှား မရှိတော့သဖြင့် အချင်းဖြစ်ပစ္စည်းများကို သေသူပိုင်ဖြစ်သည်ဟုမွန်ဟကြေငြာပေးခြင်း မပြုနိုင်တော့ချေ။

ထပ်မံဆုံးဖြတ်ချက်။ ။ ဦးဥာဏ်၏ နေရာတွင် ဒေါ်ခင်စန်းရီအား အမှုသည်အဖြစ် ထည့်သွင်းထားသည့်အလျောက် အမှုကို အဆုံးအဖြတ် ပေးရမည့်အချိန်တွင် အချင်းဖြစ်ပစ္စည်းများမှာ ဒေါ်ခင်စန်းရီပိုင် ဖြစ်ကြောင်း မွန်ဟ ကြေငြာပေးနိုင်ခြင်း ရှိမရှိ စိစစ်ရန် လိုပေသည်။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အချင်းဖြစ်ပစ္စည်းမှာ ဦးဥာဏ်အဆိုပြုချက်အရ ဦးဥာဏ်တစ်ဦးတည်းပိုင်ဖြစ်ပါမူ သူကွယ်လွန်သောအခါ ယင်းပစ္စည်းများကို သူ၏ ပထမ အိမ်ထောင်မှ သားသမီးများနှင့် ဒုတိယ ဇနီးတို့က အမွေဆက်ခံရရှိမည် ဖြစ်၍ ယင်း ပစ္စည်းများမှာ ဒေါ်ခင်စန်းရီတစ်ဦးတည်းပိုင် ဖြစ်သည်ဟုလည်း မဆိုနိုင်ပေ။ ဤအခြေအနေတွင် ဦးဥာဏ်စွဲဆိုသောအမှုမှာ ရပ်စဲသွားပြီဟု ကောက်ယူရပေမည်။ သူ၏ တရားဝင်ကိုယ်စားလှယ်ဖြစ်သည်ဟု အဆိုရှိသူ ဒေါ်ခင်စန်းရီအနေဖြင့် ဦးဥာဏ်စွဲဆိုသောအမှုကို ဆက်လက်ဆောင်ရွက်ခြင်း မပြုနိုင်တော့ပေ။

နို့တစ်စာတွင် ရက်စွဲမပါရုံမျှဖြင့် ယင်းနို့တစ်စာမှာ တရားမဝင်ဟု မဆိုနိုင်ခြင်း—ဇာရီမှုတွင် အမှုသည်တစ်ဦးကမိခိ၏ အခွင့်အရေးကို အကြောင်းပြု၍ ကန့်ကွက်ခဲ့ရာ ထိုကန့်ကွက်ချက်ကို ပြန်လည်ရုပ်သိမ်းခြင်းသည် တရားမကျင့်ထုံး ဥပဒေအမိန့် ၂၃၊ နည်း ၁ (၃) အရ တရားတထုံးစွဲဆိုခြင်းကို ဖိတ်ပင်ရာမရောက်ခြင်း။

ဆုံးဖြတ်ချက်။ ။ပစ္စည်းလွဲပြောင်းရေး အက်ဥပဒေပုဒ်မ ၁၀၆ အရ အငှားချထားမှုရပ်စဲကြောင်း အကြောင်းကြားစာတွင် ရက်စွဲ ပါရှိရမည်ဟု ပြဋ္ဌာန်းထားခြင်းမရှိချေ။ နို့တစ်စာတစ်ရပ် တရားဝင် မဝင်ဆိုသည့် အချက်မှာ အိမ်ငှားသည် ငှားရမ်းခြင်းမကုန်ဆုံးမီ ၁၅ ရက် တင်ကြို၍ အကြောင်းကြားစာရ မရ၊ ငှားရမ်းခြင်းရပ်စဲသည့်နေ့သည် သက်ဆိုင်ရာ အငှားလ၏ နောက်ဆုံးရက်နှင့် ကိုက် မကိုက် ဆိုသော အချက်အပေါ်တွင် တည်ပေသည်။ သို့ဖြစ်၍ အချင်းဖြစ်နို့တစ်စာကို ရက်စွဲတပ်မထားရုံမျှဖြင့် တရားမဝင်ဟု မဆိုနိုင်ချေ။

ထပ်မံဆုံးဖြတ်ချက်။ ။အမှုသစ်စွဲဆိုခွင့်ပြုရန် တရားရုံး၏ခွင့်ပြုချက်မရပဲ တရားမမှု တစ်မှုကို ရုပ်သိမ်းခဲ့လျှင် ထိုအမှု၌ ပေါ်ပေါက်ခဲ့သော အချင်းဖြစ်အကြောင်းခြင်းရာနှင့်စပ်လျဉ်း၍ တရားတထုံးထပ်မံစွဲဆိုခြင်း မပြုရဟု တရားမကျင့်ထုံး ဥပဒေအမိန့် ၂၃၊ နည်း ၁ (၃) တွင် ဝိတ်ပင်ထားသည်။ ဒေါ်ကြည်သည် ကျောက်ဆည်မြို့နယ်တရားရုံး၊ တရားမဇာရီမှုအမှတ် ၇/၀၀ တွင် ဦးဒေးမောင်အပေါ် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြိုးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (ဂ) အရ တရားစွဲဆိုခြင်း မဟုတ်ကြောင်းအထက်တွင် ရှုပ်ပြခဲ့ပြီးဖြစ်သည်။ ထို့အပြင် အဆိုပါအမှုမှာ တရားမကြီးမှုမဟုတ်ပဲ ဇာရီမှုသာဖြစ်ပေရာ တရားမကြီးမှုများနှင့် သက်ဆိုင်သော တရားမကျင့်ထုံး ဥပဒေအမိန့် ၂၃၊နည်း ၁ ပါ ပြဋ္ဌာန်းချက်များသည် အဆိုပါဇာရီမှု၌ ဒေါ်ကြည်၏ ကန့်ကွက်ချက်ကို ပြန်လည်ရုပ်သိမ်းခြင်းနှင့် မသက်ဆိုင်ချေ။ သို့ဖြစ်၍ ဒေါ်ကြည်သည် ယခင်ဇာရီမှု၌ ကန့်ကွက်ချက်ကို တရားရုံး၏ ခွင့်ပြုချက်မရပဲ ရုပ်သိမ်းခဲ့သည့် တိုင်အောင် ဤအမှုတွင် ဒေါ်ကြည်က ဦးဒေးမောင်အပေါ် ၁၉၆၀ ပြည့်နှစ်မြို့ပြဆိုင်ရာငှားရမ်းခကြိုးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (ဂ) အရတရားစွဲဆိုခြင်းကို တရားမကျင့်ထုံး ဥပဒေအမိန့် ၂၃၊ နည်း ၁ ပါ ပြဋ္ဌာန်းချက်များက ဝိတ်ပင်ခြင်းမပြုဟု အောက်ရုံးများက ကောက်ယူ ဆုံးဖြတ်ခြင်းသည် မှားယွင်းသည်ဟု မဆိုနိုင်ပေ။

ဦးဒေးမောင် နှင့် ဒေါ်ကြည် ၂၀၆

စာမျက်နှာ

မိဟာမေဒင်ဘာသာ ဥပဒေအရ ထိမ်းမြားလက်ထပ်ခြင်း မြောက် မမြောက် အဆုံးအဖြတ်ပေးခြင်း။

ဆုံးဖြတ်ချက်။ ။ ထိမ်းမြားလက်ထပ်ခြင်းနှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ပေးရမည့်ကိစ္စတွင် အမှုသည်များသည် မိဟာမေဒင်ဘာသာဝင်များ ဖြစ်ကြလျှင် မိဟာမေဒင်ဘာသာဥပဒေအရ အဆုံးအဖြတ် ပေးရမည်ဟု မြန်မာနိုင်ငံတရားဥပဒေများ အက်ဥပဒေပုဒ်မ ၁၃(၁)တွင် ပြဋ္ဌာန်းထားသည်။၎င်းအမှုတွင် အယူခံတရားလိုနှင့် အယူခံတရားပြိုင် တို့သည် မိဟာမေဒင်ဘာသာဝင်များ ဖြစ်ကြောင်း အငြင်းပွားချက် မရှိသဖြင့် သူတို့ထိမ်းမြားလက်ထပ်ခြင်း တရားဝင်မဝင်ဥပဒေပြဿနာ ကို မိဟာမေဒင်ဘာသာဥပဒေအရသာအဆုံးအဖြတ်ပေးရန်ရှိပေသည်။

မိဟာမေဒင်ဘာသာဥပဒေအရ ထိမ်းမြားလက်ထပ်ခြင်းမြောက်ရန် ထိမ်းမြား လက်ထပ်လိုကြောင်း တဘက်မှ စကားကမ်းလှမ်းခြင်းနှင့် တဘက်မှ လက်ခံသဘောတူခြင်း ကိစ္စရပ်များကို အခမ်းအနားတစ်ခု တည်း၌ အရှယ်ရောက်ပြီး ရူးသွပ်ခြင်းမရှိသော မိဟာမေဒင်အမျိုးသား နှစ်ဦး သို့မဟုတ် မိဟာမေဒင် အမျိုးသားတစ်ဦးနှင့် မိဟာမေဒင်အမျိုး သမီးနှစ်ဦးတို့ ရှေ့တွင် သက်သေထား၍ ပြုလုပ်ဆောင်ရွက်ခြင်းဖြစ်ရ မည်။

မောင်မူဆာ နှင့် မဝင်းမြင့်.... .... ၁၇၀

ဇာရီမှုကို ဆိုင်းငံ့ထားရန် ချမှတ်သောအမိန့်သည် ဒီကရီမဟုတ် ခြင်း — ထို့ဖြင့် အယူခံဝင်ခွင့်ရှိသောအမိန့်လည်း မဟုတ်ခြင်း။

ဆုံးဖြတ်ချက်။ ။ဇာရီမှုကိုဆိုင်းငံ့ထားရန် ဆုံးဖြတ်သော မြို့နယ် တရားရုံး၏ အမိန့်သည် တရားမကျင့်ထုံး ဥပဒေပုဒ်မ ၂(၂)တွင် အဓိပ္ပါယ် ဖွင့်ဆိုထားသော ဒီကရီ မဟုတ်ချေ။ ပုဒ်မ ၁၀၄(၁)နှင့် အမိန့် ၄၃၊ နည်း ၁ တွင် အကျုံးဝင်သော အယူခံဝင်ခွင့်ရှိသည့် အမိန့်လည်း မဟုတ်ချေ။ သို့ဖြစ်ရာ မြို့နယ်တရားရုံးကချမှတ်သည့်အမိန့် ကို ရန်ကုန်တိုင်းတရားရုံးသို့ အယူခံ ဝင်ရောက်ခြင်းမှာ ဥပဒေနှင့် မညီညွတ်သဖြင့် တိုင်းတရားရုံးက အယူခံကိုပလပ်လိုက်ခြင်းမှာ မှန်ကန် ပေသည်။

ဦးကိုကိုလတ် နှင့် ဒေါ်တင်ညွန့် ၁၁၃

ရုံးခွန်ထပ်မံထမ်းဆောင်စေရန် ချမှတ်သော အမိန့်အပေါ် အယူခံဝင်ခွင့်မရှိခြင်း။

ဆုံးဖြတ်ချက်။ ။တိုင်းတရားရုံးက မခင်အုန်းမြင့်ထံမှ ရုံးခွန်ထပ်မံတောင်းခြင်းမှာ တရားမကျင့်ထုံးဥပဒေပုဒ်မ ၂(၂) တွင် အကျုံးဝင်သော ဒီကရီမဟုတ်သဖြင့် တိုင်းရုံး၏အမိန့်ကို အယူခံဝင်ခွင့်မရှိချေ။

မခင်အုန်းမြင့် နှင့် ဦးဘရင် ၁၃၀

တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်း ၂၉ အရ ဇာရီမှုအား ဆိုင်းငံ့ရန် လျှောက်ထားချက်ကို ပယ်လိုသော အမိန့်အပေါ် အယူခံဝင်ခွင့်မရှိခြင်း။

ဆုံးဖြတ်ချက်။ ။ဇာရီမှု တစ်မှုကို တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်း ၂၉ အရ ဆိုင်းငံ့ထားပေးရန်လျှောက်ထားသောအခါ ထိုလျှောက်လွှာကို ပယ်လိုသောအမိန့်သည် တရားမကျင့်ထုံး ဥပဒေပုဒ်မ ၂(၂)တွင် အမိပ္ပာယ်ဖွင့်ဆိုသော ဒီကရီမဟုတ်ချေ။ပုဒ်မ ၁၀၄(၁) နှင့် အမိန့် ၄၃၊ နည်း ၁ တွင် ဖော်ပြထားသော အယူခံဝင်ခွင့်ရှိသည့် အမိန့်မျိုးလည်း မဟုတ်ချေ။သို့ဖြစ်၍ မြို့နယ်နှင့်တိုင်းတရားရုံးတို့၏အမိန့်များကို အယူခံဝင်ခွင့်မရှိချေ။

ဒေါ်အိ နှင့် မသောင်းကြည် ပါ(၂).... .... ၂၀၀

အဆိုလွှာကို လက်ခံကြောင်း ချမှတ်သောအမိန့်သည် ဒီကရီမဟုတ်ခြင်း- ထို့ပြင် အယူခံဝင်ခွင့်ရှိသော အမိန့်လည်းမဟုတ်ခြင်း။

ဆုံးဖြတ်ချက်။ ။အဆိုလွှာကိုလက်ခံရန် ဆုံးဖြတ်သောမြို့နယ်တရားရုံး၏အမိန့်သည် တရားမကျင့်ထုံးဥပဒေပုဒ်မ ၂ (၂)တွင် အမိပ္ပာယ်ဖွင့်ဆိုထားသော ဒီကရီမဟုတ်ချေ။ ပုဒ်မ ၁၀၄(၁)နှင့် အမိန့် ၄၃၊ နည်း ၁ တွင် အကျုံးဝင်သော အယူခံဝင်ခွင့်ရှိသည့် အမိန့်လည်းမဟုတ်ချေ။သို့ဖြစ်ရာ မြို့နယ်တရားရုံးကချမှတ်သည့်အမိန့်ကို ရန်ကုန်တိုင်းတရားရုံးသို့ အယူခံ ဝင်ရောက်ခြင်းမှာ ဥပဒေနှင့် မညီညွတ်သဖြင့် တိုင်းတရားရုံးက အယူခံကိုပလပ်လိုက်ခြင်းမှာ မှန်ကန်ပေသည်။

ဦးအောင်သန်း နှင့် ဒေါ်ကြည်ကြည်စန်း ၂၂၀

စာမျက်နှာ

မီးသေဆုံးဖြတ်ချက် — စီရင်ပိုင်ခွင့်ရှိသော တရားရုံး၏ ဆုံးဖြတ်ချက်သည် တရားပြိုင်အချင်းချင်းအကြား မီးသေဆုံးဖြတ်ချက်ဖြစ်ရန် လိုအပ်ချက်များ — မြန်မာဝေလဖုံးတခ်ိး ဥပဒေ အရ မူးတွေ့မွေးစားခြင်းအစာည် ဖြစ်မဖြစ်။

ဦးသိန်းအောင်ဆိုသူက ၎င်းသည် ဦးစိန်ရှာနှင့် ဒေါ်သန်း တို့၏ အပတ်စဉ်သားဖြစ်သည်ဟု ဆိုကာ ဦးစိန်ရှာတို့ ကျန်ရစ်ခဲ့သော ပစ္စည်းများကို စီမံခန့်ခွဲပေးစေရန် ဒေါ်မြင့်သိန်း၊ ဒေါ်မြင့်ဝင်း၊ မောင်လှမြဦး၊ ဦးသန်းရွှေ၊ ဦးဝင်းမောင်နှင့် ဦးအောင်ပေါ်ဦးတို့ အပေါ် လူမဲ့အဖြစ် တရားစွဲဆိုခွင့် ပြုရန် ရောဝတီတိုင်းတရားရုံးတွင် လျှောက်ထားခဲ့သည်။ ယင်းအမှုမှ ပေါ်ပေါက်သည့် ၁၉၇၀ ပြည့်နှစ်၊ တရားမပြင်ဆင်မှုအမှတ် ၆ တွင် ဗဟိုတရားရုံးက တရားပြိုင် ဒေါ်မြင့်သိန်း ပါ(၃)ဦးတို့ကို ဦးစိန်ရှာတို့က ကိတ္တိသေားသမီးများအဖြစ်၊ မွေးစားခဲ့၍ ဦးသိန်းအောင်သည် ဦးစိန်ရှာတို့၏ အမွေကို ဆက်ခံခွင့် မရှိဟု ကောက်ယူဆုံးဖြတ်ခဲ့သည်။ ထို့နောက် ပထမအမှုတွင် တရားပြိုင် လျှောက်ထားခံရသူများ ဖြစ်ခဲ့ကြသော ဦးသန်းရွှေ ပါ (၃)ဦးက ဦးစိန်ရှာနှင့် ဒေါ်သန်းတို့က ဒေါ်မြင့်သိန်း ပါ(၃)ဦးတို့ကို ကိတ္တိမသားသမီးများအဖြစ် မွေးစားသော စာချုပ်မှာ တရားမဝင်သောကြောင့် ပျက်ပြယ်ကြောင်း မြွက်ဟကြေငြာပေးစေရန်နှင့် သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၁၉ အရ ပယ်ဖျက်ပေးရန် ဒေါ်မြင့်သိန်းတို့(၃)ဦးအပေါ် တရားစွဲဆိုသည်။(ဤအမှုဌ် တရားလို၊ တရားပြိုင်များသည်ပထမအမှုဌ်တရားပြိုင်များဖြစ်ကြသည်။) မူလရုံးကဦးသန်းရွှေတို့ စွဲဆိုသော အမှုကို အနိုင်ဒီကရီချမှတ်ပေးသဖြင့် ဒေါ်မြင့်သိန်းပါ(၃)ဦးတို့က ဗဟိုတရားရုံးသို့ အယူခံဝင်ရာ အယူခံတရားလိုတို့၏ ရှေ့နေက ဦးသိန်းအောင် စွဲဆိုသော အမှုမှ ပေါ်ပေါက်သည့် ဗဟိုတရားရုံးတရားမပြင်ဆင်မှုအမှတ် ၆/၇၀ တွင် ဦးစိန်ရှာတို့က ဒေါ်မြင့်သိန်းတို့အား ကိတ္တိမသားသမီးများအဖြစ် မွေးစားခဲ့သည်ဟု ကောက်ယူ ဆုံးဖြတ်ခဲ့ခြင်းမှာ မီးသေသောဆုံးဖြတ်ခြင်း ဖြစ်ပါသည် — ဟု တင်ပြသည်။

ဆုံးဖြတ်ချက်။ ။စီရင်ပိုင်ခွင့်ရှိသော တရားရုံးက ချမှတ်သောစီရင်ချက်တစ်ရပ်သည် တရားပြိုင်အချင်းချင်း အကြားတွင် မီးသေသော ဆုံးဖြတ်ချက်ဖြစ်ရန်အလို့ငှာ (၁) တရားပြိုင်အချင်းချင်းအကြားတွင် အကျိုးသက်ဆိုင်ခွင့်များဝိရောဓိ ဖြစ်လျက်ရှိရမည်။ (၂) တရားလိုအား သင့်တော်သည့် သက်သာခွင့် တစ်ရပ်ရုပ် ပေးရန် အလို့ငှာ

ယင်းဝိဂြောဓိဖြစ်မှုနှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ပေးရန် လိုအပ်ရမည်။
(၃) တရားပြိုင်များ အချင်းချင်း အကြားတွင် ပေါ်ပေါက်သည့် အဆိုပါဝိဂြောဓိပြဿနာကိုအဆုံးအဖြတ်ပေးရမည်။ဦးသိန်းအောင်စွဲဆို သောအမှုတွင် ဒေါ်မြင့်သိန်းတို့အား ကိုဘိမသားသမီးများအဖြစ် မွေး စားခြင်းနှင့်စပ်လျဉ်း၍ ဒေါ်မြင့်သိန်းနှင့် ဦးသန်းရွှေတို့ အကြားတွင် အငြင်းပွားမှု ရှိခဲ့ကြောင်း၊ ဗဟိုတရားရုံး တရားမ ပြင်ဆင်မှုအမှတ် ၆/၀၀ တွင် ချမှတ်သည့် စီရင်ချက်၌ ဖော်ပြဆုံးဖြတ်ထားခြင်း မရှိ ကြောင်း တွေ့ရသည်။ ထို့ကြောင့်ယင်းစီရင်ချက်သည် ဦးသန်းရွှေတို့ စွဲဆိုသောအမှုကို ပိတ်ပင်ခြင်းမရှိဟု တိုင်းတာရုံးက ကောက်ယူ ဆုံးဖြတ်ခြင်းမှာ မှားယွင်းသည်ဟု မဆိုသာပေ။

ဒေါ်မြင့် သိန်း ပါ(၃) နှင့် ဦး သန်း ရွှေ ပါ(၃) ၁၀၀

တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁ ရှင်းလင်းချက် ၄ – ပထမအမှုတွင် ခုခံတင်ပြသင့် တင်ပြနိုင်ပါလျက် မခုခံ မတင်ပြခဲ့သော အကြောင်းအရာကိုအကြောင်းပြု၍ နောက်အမှုမစွဲဆိုနိုင်ခြင်း။

ဦးသန်းမောင်က ၎င်းသည် ဦးအင်ဂါနှင့် ဒေါ်သဲနုတို့၏သားဖြစ် သည်ဟု ဆိုကာ အချင်းဖြစ် အိမ်နှင့်မြေကို ပိုင်ဆိုင်ကြောင်း မြွက်ဟ ကြေငြာပေးစေရန် ဦးရွှေမိုးကို တရားဖြိုင်ပြုလျက် တရားစွဲဆိုသည်။ ယင်းအမှု၌ဦးသန်းမောင်ကအနိုင်ဒီကရီရရှိသည်။ထို့နောက်ဦးရွှေမိုးက ဦးသန်းမောင်သည် ပထမအမှု၌ မမှန်ကန်သော အ ချက် အ လက် များကို လိမ်လည်တင်ပြ၍ ဒီကရီရယူခဲ့သည်ဟုဆိုကာ လိမ်လည်လှည့်ဖြား ရယူထားသော ဒီကရီဖြစ်ကြောင်းမြွက်ဟကြေငြာပေးစေရန် ဦးသန်းမောင်အပေါ်တရားစွဲဆိုသည်။

ဆုံးဖြတ်ချက်။ ။ ဦးရွှေမိုး အနေဖြင့် နောက်အမှုတွင် အဆိုပြုသော အချက်များမှာ ဦးသန်းမောင်က သူ့အပေါ်စွဲဆိုသည့် ညောင်လေးပင် မြို့နယ်တရားရုံး တရားမကြီးမှု အမှတ် ၃၄/၇၉ တွင် တင်ပြသင့် တင်ပြထိုက်သော အချက်များဖြစ်သည့်အပြင် ထိုအမှု၌ ထိုအချက်များ ကို တင်ပြခွင့်လည်းရှိသည့် အလျောက် တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၁၁ ၏ ရှင်းလင်းချက် ၄ အရ အဆိုပါအမှုတွင် ချမှတ်သော စီရင် ချက်သည် ဦးရွှေမိုးနောက်စွဲဆိုသောအမှုကိုပိတ်ပင်ထားသဖြင့် ထပ်မံ၍ တရားတထုံးစွဲဆိုခွင့်မရှိတော့ချေ။

ဦး ရွှေ မိုး နှင့် ဦး သန်း မောင် ၁၀၁

စာမျက်နှာ

တရားမကျင့်ထုံး ဥပဒေ ပုဒ်မ ၁၀၀ — မူလ မြို့နယ်တရားရုံးနှင့် ပထမ အယူခံတိုင်းတရားရုံးတို့က တညီတညွတ်တည်း ဆုံးဖြတ်ထားပြီးဖြစ်သည့် အကြောင်းခြင်းရာ ပြဿနာကို ဒုတိယအယူခံမှုတွင် တင်ပြခွင့်မရှိခြင်း။

ဆုံးဖြတ်ချက်။ ။အချင်းဖြစ်ဥပစာတွင် ရေချိုကုန်များ သိုလှောင်ခဲ့သည့်အတွက် အနှံ့အသက်များထွက်ပြီး၊ အိမ်နာနီးချင်းများအား စိတ်အနှောင့်အယှက် ဖြစ်ပေါ်စေသည့်အပြင် အချင်းဖြစ် ဥပစာ၏ တန်ဖိုးကို ယုတ်လျော့စေခဲ့ကြောင်း၊ အိမ်ရှင် ဦးထွန်းညွန့်တို့၏ ခွင့်ပြုချက်မရဲ့ ဥပစာ၏မျက်နှာစာရှေ့ဝိုင်းနှင့် နောက်ဝိုင်းတို့တွင် အဖိများကျူးကျော်ဆောက်လုပ်ထားသဖြင့် ဦးချစ်ဖတို့သည် ပုဒ်မ ၁၂(၁)(ဂ)ပါ ပြဋ္ဌာန်းချက်များကို ချိုးဖောက်ခဲ့ကြောင်း၊ မြို့နယ်တရားရုံးနှင့် ပထမအယူခံ တိုင်းတရားရုံးတို့က အကြောင်းခြင်းရာအချက်များအပေါ် တသဘောတည်း သုံးသပ်ထားပြီး ဖြစ်သောကြောင့် ယင်းအကြောင်းခြင်းရာများအပေါ် တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၁၀၀ အရ တင်သွင်းသည့် ဤဒုတိယအယူခံမှုတွင် ထပ်မံ တင်ပြနိုင်ခွင့်မရှိချေ။

ဒေါ်တင်ပါ(၄) နှင့် ဦးထွန်းညွန့်ပါ(၃) ၁၄၄

ဒီကရီကို အယူခံသောအခါ အယူခံ အကြောင်းပြချက် တစ်ရပ်အဖြစ် တင်ပြခွင့်ရှိသည့် ကိစ္စများတွင် ပြင်ဆင်မှု အာဏာဖြင့် မဟိုတရားရုံးက ဝင်ရောက်စွက်ဖက်မည် မဟုတ်ခြင်း။

လျှောက်ထားသူတို့က ၎င်းတို့အပေါ် စွဲဆိုထားသော အမှုသည် တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁ အရပိတ်ပင်ပြီးဖြစ်သည်ဟု ကန့်ကွက်သည်ကို မူလရုံးက လက်မခံသဖြင့် အဆင့်ဆင့်ပြင်ဆင်မှု တက်ရောက်လာခြင်းဖြစ်သည်။

ဆုံးဖြတ်ချက်။ ။ ဦးချစ်ဆွေတို့သည် တရားမကျင့်ထုံး ဥပဒေ ပုဒ်မ ၁၁ အရ ပိတ်ပင်မှုနှင့် ပတ်သက်၍ တရားမကျင့်ထုံး ဥပဒေ ပုဒ်မ၁၀၅ အရ အယူခံအကြောင်းပြချက်တစ်ရပ်အနေဖြင့် ထပ်မံတင်ပြနိုင်ခွင့်ရှိပေသေးသည်။ ထိုသို့ အခြားနည်းအားဖြင့် တင်ပြခွင့်ရှိသည့် ကိစ္စများတွင် တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၅ အရ မဟိုတရားရုံးက ဝင်ရောက်စွက်ဖက်နိုင်မည် မဟုတ်ပေ။

ဦးချစ်ဆွေ ပါ(၂) နှင့် ဒေါ်ကျင်ဒွေး ပါ(၂).... .... ၁၃၁

စာမျက်နှာ

မူလဘူတအာဏာ — တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၅၁ — တရားမကျင့်ထုံးဥပဒေတွင် အခြားနည်း ပြဋ္ဌာန်းထားခြင်း မရှိမှသာ ထင်းအာဏာကို အသုံးပြုနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။ဦးမြင့်၏အဆိုပြုချက်အရ သူသည် မြို့နယ်တရားရုံး တရားမကြီးမှုအမှတ် ၁၄၀/၇၃ တွင် တရားပြိုင်အဖြစ် ပါဝင်ခဲ့သူ မဟုတ်ပေ။ မြို့နယ်တရားရုံးသည် ဇာရီမှုအမှတ် ၂/၇၈ တွင် လျော်ကထားသူ ရရှိထားသော ဒီကရီကို အတည်ပြုသောအခါ အမှုသည် မဟုတ်သော ဦးမြင့်အနေဖြင့် တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်း ၉၇ မှ ၁၀၃ အထိ ပြဋ္ဌာန်းချက်များနှင့် အညီ ဆောင်ရွက်နိုင်ခွင့် ရှိနေပေသည်။ တရားမကျင့်ထုံးဥပဒေတွင် အခြားနည်း ပြဋ္ဌာန်းချက်များမရှိမှသာလျှင် ပုဒ်မ ၁၅၁ အရ အစ်နှင်းထားသည့် မူလဘူတ အာဏာကို ကျင့်သုံးရန်ဖြစ်သည်။

ဒါဝတ်(ခ)ဦးတင်မောင် ပါ(၂) နှင့် ဦးမြင့် (ခ)အာဂူခိုင် ပါ(၂) ၁၆၀

တရားမကျင့်ထုံးဥပဒေအမိန့် ၁၊နည်း ၀ — မြို့နယ်တရားသူကြီးအဖွဲ့က ဖြစ်စေ၊ မြို့နယ်တရားသူကြီးအဖွဲ့အပေါ် ဖြစ်စေ၊ တရားစွဲဆိုရာ၌ လိုက်နာရမည့် နည်းလမ်း။

ဆုံးဖြတ်ချက်။ ။ပြည်သူ့တရားသူကြီးအဖွဲ့ ဥပဒေတွင် ဖြစ်စေ၊ အခြားဥပဒေအရပ်ရပ်တွင်ဖြစ်စေ၊ မြို့နယ်တရားသူကြီးအဖွဲ့သည် တဦးတယောက်အပေါ် တရားမကြောင်းအရ တရားစွဲဆိုခွင့် ရှိကြောင်း၊ သို့တည်းမဟုတ် တဦးတယောက်က မြို့နယ်တရားသူကြီးအဖွဲ့အပေါ်စွဲဆိုသောအမှုတွင် ခုခံချေပခွင့်ရှိကြောင်း ပြဋ္ဌာန်းထားခြင်း မရှိသည်ကို တွေ့ရသည်။ သို့ဖြစ်ရာ မြို့နယ်တရားသူကြီးအဖွဲ့ဝင်များအပေါ် တရားတထုံးစွဲဆိုလိုလျှင် တရားမကျင့်ထုံး ဥပဒေအမိန့် ၁၊ နည်း ၀ ပါ ပြဋ္ဌာန်းချက်များနှင့် အညီ မြို့နယ်တရားသူကြီးအဖွဲ့ဝင်တစ်ဦး အပေါ်တွင် ဖြစ်စေ၊ တစ်ဦးထက်ပိုသူတို့အပေါ် ဖြစ်စေ၊ မြို့နယ်တရားသူကြီးအဖွဲ့အား ကိုယ်စားပြုသောအမှုပုံစံဖြင့် တရားစွဲဆိုရန်လိုအပ်ပေသည်။

ဦးအေးကျော် နှင့် မြို့နယ်တရားသူကြီးအဖွဲ့ (ကျောက်ပန်းတောင်း) ၂၁၀

စာမျက်နှာ

အမှုဖြစ်အကြောင်းခြင်းရာနှစ်ခုကို တစ်မှုတည်းတွင် ထည့်သွင်းစွဲဆို ထားရုံမျှဖြင့် အဆိုလွှာကို တရားမကျင့်ထုံး ဥပဒေ အမိန့် ၇၊ နည်း ၁၁ အရ ပယ်ရန် မဟုတ်ခြင်း။

ဆုံးဖြတ်ချက်။ ။အမှုဖြစ် အကြောင်းအရာနှစ်ခုကို တစ်မှုတည်း၌ ရောထွေး၍ စွဲဆိုထားသည့်အမှုများအား ပယ်ရမည်ဟု တရားမကျင့်ထုံး အမိန့် ၇၊ နည်း ၁၁ တွင် ပြဋ္ဌာန်းထားခြင်းမရှိချေ။ တရားမကျင့်ထုံး အမိန့် ၂၊ နည်း ၆ ပါ ပြဋ္ဌာန်းချက်များအရဆိုလျှင်လည်း ထိုသို့ အမှုဖြစ် အကြောင်းအရာများ ပူးတွဲ၍ စွဲဆိုထားသည့် အမှုများတွင် တစ်မှုစီခွဲ၍ စွဲဆိုစေရန်သော်လည်းကောင်း၊ သင့်တော်မည်ဟု ထင်မြင်သည့် အခြားအမိန့်တစ်ရပ်ရပ်ကို သော်လည်းကောင်း၊ တရားရုံးက ချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်။ သို့ဖြစ်ရာ မြို့နယ်တရားရုံးက အဆိုလွှာကိုပြင်ဆင်စေရန်ဆုံးဖြတ်ခဲ့ခြင်းသည် မှားယွင်းသည်ဟု မဆိုနိုင်သောကြောင့် မြို့နယ်တရားရုံး၏အမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုခဲ့သည့် စစ်ကိုင်းတိုင်းတရားရုံး၏ အမိန့်ကို ဝင်ရောက် စွက်ဖက်ရန် အကြောင်းမရှိပေ။

ဦးချစ်မောင် ပါ (၂) နှင့် ဒေါ်အုန်းသွင် ၁၃၃

ရုံးချိန်းနေ့က တရားပြိုင် အကျိုးဆောင်သည် ဗဟိုတရားရုံးတွင် အမှုလိုက်ပါဆောင်ရွက်နေရ၍ ပျက်ကွက်ရသည်ဆိုခြင်းမှာ လုံလောက်ရသောအကြောင်း ဟုတ်မဟုတ်။

ဆုံးဖြတ်ချက်။ ။ရုံးချိန်းနေ့က ဦးကြိုင်တို့၏ အကျိုးဆောင်မှာ ဗဟိုတရားရုံးတွင် အမှုလိုက်ပါဆောင်ရွက်နေရသဖြင့် ရုံးချိန်းတစ်ကြိမ် သာပျက်ကွက်ရခြင်းဖြစ်ကြောင်း အထောက်အထားနှင့်တကွ တင်ပြ၍ အမှုကို ဥပဒေနှင့်အညီ ဆက်လက်စစ်ဆေးခွင့်ပြုသင့်ကြောင်း လျှောက်ထားသည်။ မူလရုံးတရားလိုဘက်မှ ဦးကြိုင်၏ အကျိုးဆောင်သည် အချင်းဖြစ်နေ့က ဗဟိုတရားရုံးတွင် အမှုဆိုင်ခဲ့ရသည့်အချက်ကို ငြင်းကွယ်ခြင်းမပြု။ သို့ဖြစ်၍ တရားပြိုင်ဘက်မှ ရုံးချိန်းပျက်ကွက်ခြင်းသည် လုံလောက်သော အကြောင်းကြောင့် ဖြစ်ကြောင်း ပေါ်ပေါက်သည်။

ဦးကြိုင် ပါ (၂) နှင့် ဒေါ်သိန်းဟန် ပါ (၆) ၁၂၃

တရားမကျင့်ထုံးဥပဒေအမိန့် ၉၊နည်း ၆(၁)(က)—အမှုကြားနာရန် ချိန်းနေ့တွင် တရားပြိုင်မလာလျှင် တဘက်သတ် စစ်ဆေးအမှုဖြိုခြင်း — တဘက်သတ် စစ်ဆေးမည်ဖြစ်ကြောင်း အမိန့်ချမှတ်ရန် မလိုခြင်း — တရားပြိုင်၏ ပျက်ကွယ်တွင် အမှုကို စစ်ဆေးရန် စီစဉ်ရုံမျှဖြင့် တရားပြိုင်သည် အမှုတွင် ဆက်လက်ပါဝင်ခွင့် မရှိတော့ဟု မဆိုနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။တရားပြိုင်မလာ၍ အမှုကို တဘက်သတ် စစ်ဆေးရန် အလို့ငှာ ထိုသို့တဘက်သတ်စစ်ဆေးမည်ဖြစ်ကြောင်းအမိန့်တစ်ရပ် ချမှတ်ရမည်ဟု အမိန့် ၉၊ နည်း ၆(၁)(က)တွင် ပြဋ္ဌာန်းထားခြင်း မရှိချေ။ ယင်း နည်းဥပဒေတွင် အမှုကို တဘက်သတ် ဆက်လက်ဆောင်ရွက်နိုင်သည် ဟူ၍သာ ပြဋ္ဌာန်းထားသည်။

ထပ်မံဆုံးဖြတ်ချက်။ ။ မတင်လှဘက်က ဂ—၂—၁၄ နေ့တွင် ရက်ချိန်းပျက်ကွက်ခဲ့သည့်တိုင်အောင် နောက်ရက်ချိန်းများတွင် တိုင်းတရားရုံးသို့သွားရောက်၍ အမှုစစ်ဆေးရာ၌ ပါဝင်ဆောင်ရွက်ခွင့်ရှိပေသည်။ ရုံးချိန်း တစ်ချိန်းပျက်ကွက်သဖြင့် တရားပြိုင်၏ မျက်ကွယ်တွင် အမှုကိုစစ်ဆေးရန် စီစဉ်လိုက်ရုံမျှဖြင့် တရားပြိုင်သည် အမှုတွင် ဆက်လက်ပါဝင်ဆောင်ရွက်ခွင့် လုံးဝမရှိတော့ဟု တရားမကျင့်ထုံးဥပဒေတွင် ပြဋ္ဌာန်းထားခြင်းမရှိပေ။

မတင်လှ (ခ) နရ်ဂုန် (ခ) မဂွက်ထော် နှင့် မောင်ဝင်းဇော် (ခ) ကုလားလေး ၁၅၀

ပဏာမ ငြင်းချက် — ကာလစည်းကမ်း သတ် နှင့် စပ် လျဉ်း၍ အကြောင်းခြင်းရာအပေါ် အငြင်းပွားနေလျှင် ယင်းအချက်ကို ပဏာမ ငြင်းချက်တွင် အဆုံးအဖြတ်ပြုရန်မဟုတ်ခြင်း။

ဆုံးဖြတ်ချက်။ ။ အဆိုလွှာ အပိုဒ် ဂ တွင် ''၁၉၇၀ ပြည့်နှစ်၊ စက်တင်ဘာလတွင်တောင်းဆိုသောအခါ မပေးဝံနေသည်''ဟု ဖော်ပြထားသော်လည်း ချေလွှာအပိုဒ် ၅ တွင်''ပြန်လည်အလိုရှိ၍ တောင်းခံခဲ့သော အချိန်သည် ၁၉၇၀ ပြည့်နှစ် ဇွန်လဖြစ်ကြောင်း ပေါ်လွင်နေပါသည်''ဟု ငြင်းဆိုထားသဖြင့် အဆိုအချေများအရ အကြောင်းခြင်းရာနှင့် စပ်လျဉ်း၍ အငြင်းပွားချက်ရှိနေသောကြောင့် အမှုစွဲဆိုရန် စည်းကမ်းသတ်ကာလကျော်လွန်ခြင်းရှိမရှိ ပြဿနာကို ပဏာမငြင်းချက်အဖြစ် သတ်မှတ်ရန်မဖြစ်နိုင်ပေ။

ဒေါ်အေးစိန် ပါ(၂) နှင့် ဒေါ်သန်းသန်းနု ၂၁၃

စာမျက်နှာ

ဥရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊နည်း ၁၆ — တရားနိုင် တစ်ဦးထံမှ ဒီကရီကို လွဲပြောင်းလက်ခံရရှိသူက ဒီကရီကို အတည်ပြုပေးရန် လျှောက်ထားသည့်အခါ တရားရုံးက ကန့်ကွက်ပိုင်ခွင့် မရှိခြင်း — ထိုအမှုမျိုးတွင် အမွေဆက်ခံခွင့်လက်မှတ် မပါရှိသော်လည်း ဒီကရီကို အတည်ပြုပေးရန် လျှောက်ထားနိုင်ခွင့်ရှိခြင်း။

ဆုံးဖြတ်ချက်။ ။တရားနိုင် တစ်ဦးထံမှ ဒီကရီကို လွဲပြောင်းလက်ခံရရှိသူက ဒီကရီကို အတည်ပြုခြင်းနှင့်စပ်လျဉ်း၍ တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁၊ နည်း ၁၆ တွင် ပြဋ္ဌာန်းထားသည်။ ယင်းနည်းဥပဒေ၏ ပထမခြွင်းချက်အရ ဒီကရီအတည်ပြုသည့်တရားရုံးသည် ဒီကရီအတည်ပြုခြင်းနှင့်စပ်လျဉ်း၍ မူလတရားနိုင်က ကန့်ကွက်လာလျှင် ထိုကန့်ကွက်ချက်ကို လက်ခံ အဆုံးအဖြတ်ပေးပြီးမှ ဒီကရီကို အတည်ပြုပေးရန်ဖြစ်သည်။ ယင်းနည်းဥပဒေတွင် တရားရုံးသည် တရားနိုင်နည်းတူ ကန့်ကွက်တင်ပြနိုင်သည်ဟု ပြဋ္ဌာန်းထားခြင်းမရှိချေ။ သို့ဖြစ်ရာ တရားနိုင်ထံမှ အခြားသူတစ်ဦးအား ဒီကရီကိုလွဲပြောင်းပေးခြင်းမှာ တရားဝင်မဝင် နှင့်စပ်လျဉ်း၍တရားရုံးဘက်မှ ကန့်ကွက်ပြောဆိုခွင့်မရှိဟု ဆိုရပေမည်။

ထပ်မံဆုံးဖြတ်ချက်။ ။မူလတရားနိုင် ဦးတင်ငါး၏ ဇနီးနှင့် သားသမီးများသည် တရားမဇာရီမှုအမှတ် ၄/၆၉ တွင် တရားရုံးများအပေါ် ဒီကရီကို အတည်ပြုပေးရန် သတ်မှတ်ထားသည့် ကာလအတွင်း လျှောက်ထားခဲ့သည်။ သို့သော် ထိုအမှုတွင် ဒီကရီ အတည်ပြုသူများသည် ဒီကရီငွေကို ကောက်ခံရန်အတွက် အမွေဆက်ခံရေးအက်ဥပဒေပုဒ်မ ၂၁၄(၁)(ခ) ပါပြဋ္ဌာန်းချက်များအရ လိုအပ်သည့် အမွေဆက်ခံခွင့်လက်မှတ် တင်ပြခြင်း မရှိခဲ့၍ ဇာရီမှုကို ဆက်လက်ဆောင်ရွက်ခြင်းမပြုနိုင်ခဲ့ချေ။ သို့သော် အဆိုပါဥပဒေပုဒ်မ ၂၁၄(၁)(ခ) ပါ ပြဋ္ဌာန်းချက်များက ထိုသို့ ဇာရီမှုဖွင့်လှစ်ခြင်းကို ပိတ်ပင်ခြင်းမပြုသဖြင့် တရားမဇာရီမှုအမှတ် ၄/၆၉ တွင် အမွေဆက်ခံခွင့် လက်မှတ် မတင်ပြနိုင်ခဲ့ရုံမျှဖြင့် ဒီကရီကိုအတည်ပြုပေးရန် လျှောက်ထားခြင်းသည် ဥပဒေနှင့်အညီမဟုတ်ဟု မဆိုနိုင်ပေ။

ဗီ၊ စီ၊ မာလကာ နှင့် ဒေါ်ကျင်ကီး ၁၆၆

ဥဦးတယောက်သောသူ၏ နစ်နာမှုကို ကုစားနိုင်ရန် အခြားနည်းလမ်းများ ပွင့်နေသေးလျှင် ပြင်ဆင်မှု တရားရုံး အနေဖြင့် အောက်ရုံးအမိန့်ကို ဝင်ရောက်စွက်ဖက်မည်မဟုတ်ခြင်း။

ဆုံးဖြတ်ချက်။ ။မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းများကို လက်ရောက်ပေးအပ်စေရန်ချမှတ်သော ဒီကရီကိုအတည်ပြုရာ၌ ပစ္စည်းလက်ရောက်ပေးအပ်ခြင်းကို ခုခံခြင်းနှင့်စပ်လျဉ်း၍ တရားမကျင့်ထုံး အမိန့် ၂၁၊ နည်း ၉၇၊ ၁၀၀ နှင့် ၁၀၃ တို့တွင် ပြဋ္ဌာန်းထားသည်။ ဤကဲ့သို့ တဦးတယောက်သော သူ၏ နစ်နာမှုကို ကုစားနိုင်ရန် အခြားနည်းလမ်းများ ပွင့်နေသေးပါက ပြင်ဆင်မှုတရားရုံးအနေဖြင့် အောက်ရုံး၏ ဆုံးဖြတ်ချက်အပေါ် ဝင်ရောက်စွက်ဖက်နိုင်မည်မဟုတ်ချေ။

မခင်သက် နှင့် ဦးဘမှန်း ၁၂၀

ဒီကရီကို အတည်ပြုခွင့်ရှိ မရှိ ပြဿနာ – တရားနိုင်နှင့်တရားရှုံးအကြား၌ အငြင်းပွားသည့်ပြဿနာဖြစ်ရခြင်း – အဝံဝရမ်းကို အတည်ပြုရာ၌ လက်ရှိဖြစ်သူက ခုခံလျှင် တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်း ၉၇ မှ ၁၀၃ ပါ ပြဋ္ဌာန်းချက်များအရ ဆောင်ရွက်ရမည်ဖြစ်ခြင်း။

ဆုံးဖြတ်ချက်။ ။လျှောက်ထားသူတို့၏ ရှေ့နေက အချင်းဖြစ်ဒီကရီကို ဦးသန်းထွန်းအပါအဝင် တရားနိုင် သုံးဦး ရရှိထားကြောင်း၊ တရားနိုင်များအနက် တစ်ဦးဦးသည် တရားနိုင်အားလုံးအတွက်သာ ဒီကရီကို အတည်ပြုခွင့်ရှိကြောင်း၊ တရားနိုင် ဒေါ်လှမင်းနှင့် မလှစိန်တို့သည် ဒီကရီကို အတည်ပြုပြီးဖြစ်၍ ဦးသန်းထွန်းသည် သူတို့အတွက် ဒီကရီကို အတည်ပြုရန် အကြောင်း မရှိကြောင်း၊ ဒီကရီ တစိတ်တဒေသကို အတည်ပြုခွင့်လည်းမရှိကြောင်း၊ လျှောက်ထားသူတို့သည် တရားနိုင်နှစ်ဦး၏ ရပိုင်ခွင့်များကိုဝယ်ယူ၍ အချင်းဖြစ်မြေနှင့် အိမ်တို့ကို လက်ရောက်ရခဲ့၍ လျှောက်ထားသူတို့အား ဦးသန်းထွန်းက ဖယ်ရှားခွင့်မရှိကြောင်း စသည်ဖြင့် လျှောက်လဲသည်။ တရားနိုင် ဦးသန်းထွန်းအနေဖြင့် ဒီကရီအတည်ပြုခွင့် ရှိမရှိကို တရားရုံးကသာ ဆုချေခွင့်ရှိသည်။ လျှောက်ထားသူတို့၏ ရှေ့နေတင်ပြသော ပြဿနာများမှာ တရားနိုင်နှင့် တရားရှုံးတို့အကြား အငြင်းပွားသည့်ကိစ္စမဟုတ်၍ ဇာရီမူတွင် အဆုံးအဖြတ်မပေးနိုင်ချေ။ သို့ဖြစ်၍ တိုင်းတရားရုံးက လျှောက်လွှာကို ပလပ်လိုက်ခြင်းမှာ မှားယွင်းသည်ဟု မဆိုနိုင်ချေ။ အဝံဝရမ်းကို အတည်ပြုရာ၌ လျှောက်ထားသူတို့က တားဆီးခုခံလာလျှင် တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်း ၉၇ မှ ၁၀၃ ပါပြဋ္ဌာန်းချက်များအရ ဆောင်ရွက်ရမည့်ကိစ္စများသာ ဖြစ်သည်။

ဦးဝမ်ကျင်ထွေး ပါ(၂) နှင့် ဦးသန်းထွန်း ၁၉၄

စာမျက်နှာ

တရားမကျင့်ထုံးဥပဒေအမိန့် ၃၂၊ နည်း ၃ နှင့် ၁၅ — ရူးသွပ်သူ ကိုယ်စား အမှုတွင် ဆောင်ရွက်ရန် အုပ်ထိန်းသူ ခန့်ထားခြင်း မရှိပဲ၊ ထိုရူးသွပ်သူအပေါ် ချမှတ်ထားသော ဒီကရီသည် မျက်ပြယ်ခြင်း။

ဆုံးဖြတ်ချက်။ ။ တရားမကျင့်ထုံးဥပဒေအမိန့် ၃၂၊ နည်း ၃ နှင့် ၁၅ ပါ ပြဋ္ဌာန်းချက်များအရ ရူးသွပ်သူအပေါ် စွဲဆိုသော အမှုတွင် ရူးသွပ်သူ ကိုယ်စား အမှုတွင် ဆောင်ရွက်ရန် အုပ်ထိန်းသူတစ်ဦး ခန့်ထားပေးရန် လိုအပ်သည်။ မူလအမှုတွင် ရူးသွပ်သူများ ဖြစ်သည့် မခင်သိန်းနှင့် မခင်လှတို့ကိုယ်စား အမှုတွင် လိုက်ပါဆောင်ရွက်နိုင်ရန် အုပ်ထိန်းသူခန့်ထားခဲ့ခြင်းမရှိသဖြင့် သူတို့နှစ်ဦးအပေါ် ချမှတ်သည့် ဒီကရီမှာပျက်ပြယ်ပေသည်။

ဦးကျော်ငြိမ်း နှင့် ဦးကျော်ရှိန်း ၁၁၉

တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊နည်း၁—အယူခံဝင်ရာ၌အယူခံလွှာ နှင့်အတူ ဒီကရီ၏မိတ္တူကို ပူးတွဲတင်သွင်းရန်လိုခြင်း။

ဆုံးဖြတ်ချက်။ ။ရှမ်းပြည်နယ်တရားရုံး၌ တင်သွင်းသည့်အယူခံလွှာတွင် မြို့နယ်တရားရုံး၏ ဆုံးဖြတ်ချက် မိတ္တူမှန် ပူးတွဲပါရှိသော်လည်း ဒီကရီမိတ္တူပူးတွဲတင်သွင်းထားခြင်းမရှိသည်ကို တွေ့ရသည်။ သို့သော် တရားမကျင့်ထုံးအမိန့် ၄၁၊ နည်း ၁ အရ တရားမရုံး၏ ဒီကရီတစ်ခုခုကိုအယူခံဝင်လျှင် အယူခံလွှာနှင့်အတူ အယူခံသော စီရင်ချက်နှင့် ဒီကရီ၏မိတ္တူတို့ကို ပူးတွဲ၍ တင်သွင်းရမည်။ စီရင်ချက်မိတ္တူကို အယူခံရုံးက ခွင့်ပြုပါက တင်သွင်းခြင်း မပြုပဲနေနိုင်သော်လည်း ဒီကရီမိတ္တူကိုမူကား တင်သွင်းခြင်းမပြုပဲနေ၍ မရချေ။

ဒေါ်အေးလင်း နှင့် ဒေါ်ရွှေရင် ၂၂၅

ကာလစည်းကမ်းသတ် ဥပဒေပုဒ်မ ၅ — တိုင်းတရားရုံးက ကာလစည်းကမ်းသတ် ကျော်လွန်ပြီးမှ တင်သွင်းခြင်းကို လက်ခံခဲ့သည့် ကိစ္စတွင် မဟိတရားရုံးက အယူခံရုံးအနေဖြင့် ကာလစည်းကမ်းသတ် ကိစ္စကို စိစစ်ဆုံးဖြတ်ပိုင်ခွင့်ရှိခြင်း။

ဆုံးဖြတ်ချက်။ ။ကာလစည်းကမ်းသတ် ကျော်လွန်ပြီးမှ တင်သွင်းသော အယူခံမှုတစ်မှုကို ကာလစည်းကမ်းသတ် အက်ဥပဒေ ပုဒ်မ ၅ တွင် အကျုံးဝင်သော လုံလောက်သည့် အကြောင်း ပြဆိုနိုင်မှသာ

လက်ခံနိုင်သည်။ ဦးထွေးက ကာလစည်းကမ်းသတ် ကျော်လွန်ပြီးမှ အယူခံလျှောတင်သွင်းခြင်းကို ရန်ကုန်တိုင်း တရားရုံးက အဆိုပါ ပုဒ်မ ၅ အရ ခွင့်ပြုခဲ့ပြီးနောက် အယူခံတရားလိုအကျိုးဆောင်အား ကြားနာ၍ အကျဉ်းနည်းဖြင့် အမှုကို ပလပ် လိုက်လေသည်။ ယင်းသို့ ပလပ်လိုက်သည့် တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ထပ်မံ အယူခံဝင်သည့်အမှုတွင် ဗဟိုတရားရုံးသည် အယူခံရုံးအဖြစ်ဖြင့် တရားမကျင့်ထုံး ဥပဒေ ပုဒ်မ ၁၀၀ အရ ဦးထွေးက တိုင်းတရားရုံးတွင် ထိုသို့ ကာလစည်းကမ်းသတ်ကျော်လွန်မှု အယူခံလျှောတင်သွင်းရာ၌ လုံလောက်သောအကြောင်းကြောင့် ကာလစည်းကမ်းသတ် ကျော်လွန်ရခြင်း ဟုတ်မဟုတ် စိစစ်ဆုံးဖြတ်နိုင်ခွင့်ရှိပေသည်။

ဦးထွေး နှင့် ဒေါ်ခင်လတ် ပါ(၄) ၁၅၃

ကာလစည်းကမ်းသတ်ကျော်လွန်လျက်ရှိသော အယူခံလျှောကို လက်ခံ၍၊ ဆုံးဖြတ်ခဲ့ခြင်းမှာ ဥပဒေနှင့်မညီခြင်း။

ဆုံးဖြတ်ချက်။ ။ဦး အေး မောင် သည် လွတ် လပ် ရေး ရပ် ကွက် တရားရုံးက ဇာရီပွတွင် ချမှတ်သော ၃၀–၆–၈၀ ရက်စွဲပါအမိန့်ကို မင်္ဂလာဘောင်ညွှန်ၾကားရေးမှူးနယ် တရားရုံးတွင် ၁၆–၆–၈၃ နေ့၌ အယူခံဝင်ခဲ့သည်ဖြစ်ရာ သတ်မှတ်ထားသည့် စည်းကမ်းသတ်ကာလ ရက် ၃၀ ထက် များစွာကျော်လွန်နေသည့်အလျောက် မြို့နယ်တရားရုံးက ယင်း အယူခံလျှောကိုအဆုံးအဖြတ်ပေးခြင်းမှာ မှားယွင်းပေသည်။

ဒေါ်မြတင် နှင့် ဦးအေးမောင် ၁၇၈

ကာလစည်းကမ်းသတ်ဥပဒေပထမဇယားအမှတ်စဉ် ၁၄၄ – တရားလိုဖြစ်သူက မရွှေ့မပြောင်းနိုင်သည့်ပစ္စည်း ဆိုမဟုတ် ပစ္စည်း၏အကျိုးခံစားခွင့်ကို ရလိုကြောင်း တရားစွဲဆိုလျှင် တရားပြိုင်ဖြစ်သူ လက်ရှိဖြစ်ခြင်းသည် တရားလိုနှင့် ဆန့်ကျင်လာသည့် အချိန်မှစ၍ (၁၂) နှစ်အတွင်း တရားစွဲဆိုရန်လိုခြင်း–နယ်နိမိတ်ချင်းဆက်လျက် ရှိသောမြေကို ဆန့်ကျင်လက်ဝယ်ထား၊ရှိခြင်း။

ဆုံးဖြတ်ချက်။ ။ကာလစည်းကမ်းသတ် အက်ဥပဒေ ပထမဇယား အမှတ်စဉ် ၁၄၄ အရဆိုလျှင် တရားလိုဖြစ်သူသည် မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းကိုဖြစ်စေ၊ ထိုပစ္စည်း၏ အကျိုးခံစားခွင့်ကိုဖြစ်စေ၊ ရလိုကြောင်း စွဲဆိုရာတွင် တရားပြိုင်ဖြစ်သူ လက်ရှိဖြစ်ခြင်းသည် တရားလိုနှင့် ဆန့်ကျင်လာသည့်အချိန်မှစ၍ (၁၂) နှစ်အတွင်း တရားစွဲဆိုရပေမည်။

ဆစ်မံဆုံးဖြတ်ချက်။ ။ဤအမှုတွင် ဦးဉာဏ်တို့သည် နယ်နိမိတ်ချင်း ဆက်စပ်လျက်ရှိသော ဦးစိုးတို့မြေတွင် ၁၉၅၄ ခုနှစ်ခန့်ကကျူးကျော်ပြီး ဝင်းထရံခတ်ခဲ့ခြင်း၊ ၁၉၆၃ ခုနှစ် ခန့်က ရေကန်တူးခဲ့ခြင်းတို့ကိုပြုလုပ်ခဲ့ကြောင်း၊ ဦးဉာဏ်၊ ဦးအေးမောင် (ပြိုင်ပြ–၁)၊ ဦးခင်မောင် (ပြိုင်ပြ–၂) နှင့် ဦးချစ်မောင် (ပြိုင်ပြ–၃) တို့၏ ထွက်ချက်များအရ ပေါ်ပေါက်သည်။ ဦးစိုးတို့ မြေဝယ်ယူသည့်နှစ်မှာ ၁၉၆၅ ခုနှစ် ဖြစ်သည်။ ထို့ကြောင့် ဦးစိုးတို့ မြေမဝယ်မီ ယခင်ပိုင်ရှင်လက်ဆက်ကပင် ဦးဉာဏ်တို့က ဝင်းထရံ ကာရံခဲ့သည်မှာ ၂၀ နှစ်ခန့် ကြာခဲ့ပြီ ဖြစ်ကြောင်းပေါ်ပေါက်နေပေသည်။

တိုင်းတရားရုံးက စီရင်ချက်တွင် နယ်နိမိတ်ချင်း ဆက်လျက်ရှိသော မြေများတွင် သူတပါးမြေကို မိမိပိုင်မြေ ဖြစ်သည်ဟု မှားယွင်းယူဆလျက်ဖြစ်စေ၊ သို့တည်းမဟုတ် မပိုင်မှန်းသိလျက်နှင့်ဖြစ်စေ၊ သို့တည်းမဟုတ် တမင် ကျူးကျော်လိုသည့် ဆန္ဒနှင့်ဖြစ်စေ၊ မိမိပိုင်မြေအဖြစ် လက်ရှိအသုံးချခဲ့လျှင် ထိုသူသည် ပိုင်ရှင်အား ဆန့်ကျင်လျက် လက်ရှိထားခဲ့သည်ဟု ယူဆရမည်ဖြစ်သည်ဟု သုံးသပ်လျက် ကာလစည်းကမ်းသတ်ဥပဒေ ပထမဇယား အမှတ်စဉ် ၁၄၄ အရ တရားပြိုင်များက ဆန့်ကျင်ဘက် လက်ရှိထားပိုင်ခွင့်ရှိသည်ဟု ဆုံးဖြတ်ခဲ့ခြင်းမှာ မှားသည်ဟု မဆိုနိုင်ချေ။

ဦးစိုးပါ (၃) နှင့် ဦးဉာဏ်ပါ (၄) ၁၃၉

လက်ရှိထားခြင်းနှင့် ပိုင်ဆိုင်ခြင်းခြားနားချက် — ကာလအတန်ကြာ အနှောင့်အယှက်မရှိ လက်ရှိထားရုံမျှဖြင့် ပိုင်ဆိုင်ခွင့်ရှိနိုင်မရှိနိုင်။

ဆုံးဖြတ်ချက်။ ။အယူခံ တရားလို၏ ရှေ့နေက ဒေါ်လတ်တို့သည် အချင်းဖြစ်မြေတွင် ၂၅ နှစ်ခန့် အနှောင့်အယှက်မရှိ နေထိုင်လာသည်ဖြစ်၍ ထိုမြေကို ပိုင်ကြောင်း မွေက်ဟ ဒီကရီ ချမှတ်ပေးသင့်ကြောင်း တင်ပြလျောက်ထားသည်။ သူတဦးတယောက်သည် ထိုသို့အနှောင့်အယှက်မရှိ ကာလအတန်ကြာနေထိုင်ရုံမျှဖြင့် အလိုအလျောက် မြေပိုင်ရှင်အဖြစ်သို့ ရောက်ရှိသွားကြောင်းဥပဒေပြဋ္ဌာန်းချက် မရှိပေ။ မြေကို လက်ရှိထားခြင်းနှင့် ပိုင်ဆိုင်ခြင်းတို့သည် သီးခြားအကြောင်းအရာများဖြစ်သည်။

ဒေါ်လတ် (၁) ဒေါ်လှ နှင့် ဒေါ်အမဲလေး ၁၄၂

အလုပ်သမားလျော်ကြေး အက်ဥပဒေပုဒ်မ ၄(၁)(ဂ)၊၄(၁)(ဃ)နှင့် ခြွင်းချက် — ကြိုတင်ပေးထားသော ငွေကို တလုံးတခဲတည်း ပေးရသော လျော်ကြေးငွေမှ နုန်မဲနိုင်ငွေ့ရှိခြင်း။

ဆုံးဖြတ်ချက်။ ။ပုဒ်မ ၄ (၁) (ဃ) အောက်တွင်ရှိသော ခြွင်းချက်၌ အလုပ်သမားအား တလုံးတခဲတည်း ပေးရမည့် ငွေမှဖြစ်စေ၊ လဝက်လျှင် တစ်ကြိမ်ကျပေးရန်ရှိသည့် ငွေများမှဖြစ်စေ၊ အလုပ်ရှင်က အလုပ်သမားအားလျော်ကြေးအဖြစ် ကြိုတင်ပေးထားသော ငွေကို နုန်မဲရမည်ဟု ပြဋ္ဌာန်းထားသည်။ ယင်းခြွင်းချက်ပါ လဝက်လျှင် တစ်ကြိမ်ကျ ပေးချေရသော ငွေများမှာ ပုဒ်မ ၄ (၁) (ဃ) တွင် ရည်ညွှန်းထားသော လျော်ကြေးငွေများကို ဆိုလိုကြောင်း ပေါ်ပေါက်သည်ဖြစ်ရာ ယင်းခြွင်းချက်ပါ တလုံးတခဲတည်း ပေးရသော ငွေမှာ ပုဒ်မ ၄ (၁) (ဂ) တွင် ရည်ညွှန်းသော လျော်ကြေးအမျိုးအစားဖြစ်သည်ဟု ကောက်ယူသင့်ပေသည်။

ဦးမင်းဇော် နှင့် ဦးသောင်းဘင်ပါ (၂) ၁၇၃

အမွေဆက်ခံခွင့်လက်မှတ်ကို အပြိုင်အဆိုင် လျှောက်ထားမှုများတွင် တရားမကြီးမှုအဖြစ် ပြောင်းလဲစစ်ဆေးရန်မလိုခြင်း။

ဆုံးဖြတ်ချက်။ ။အမွေထိန်းစာများ အပြိုင်အဆိုင် လျှောက်ထားလာလျှင် အမွေဆက်ခံရေးအက်ဥပဒေပုဒ်မ ၂၉၅ အရ တရားမကြီးမှုအဖြစ်ပြောင်း၍ စစ်ဆေးရသော်လည်း အမွေဆက်ခံခွင့် လက်မှတ် လျှောက်ထားမှုများကို တရားမကြီးမှုအဖြစ် ပြောင်းလဲစစ်ဆေးရန် မလိုချေ။

ဦးကျော်ဝင်းအောင် နှင့် ဒေါ်ညွှန့်ပါ (၃) ၁၂၁

၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ဌားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁)(ဂ) — အချင်းဖြစ် ဥပစာတွင်း၌ လိုင်စင်ခံ လက်နက်ထား၍ အဖြစ်ပေးခြင်းခံရပါက ဥပစာကို ဥပဒေနှင့် ဆန့်ကျင်သော ကိစ္စအတွက် အသုံးပြုသည်ဟု ဆိုနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။အိမ်ဌားဒေါ်တင်ပုက "ကျွန်မခင်ပွန်း ဦးဘတုတ်မှာ ဌားထားသည့် အိမ်ခန်းထဲမှ လိုင်စင်မရှိ လက်နက်မိ၍ ထောင်တနှစ်ခွဲကျသည် ဆိုသည်မှာ မှန်ပါသည်။ ကျွန်မတို့မိသားစု ထို တန်းလျားတွင် နေထိုင်ကြပါသည်"ဟု ထွက်ဆိုသည်။ အိမ်ဌားနှင့် အတူ

စာမျက်နှာ

နေသူသည် ငှားရမ်းသည့်ဥပစာကို ဥပဒေနှင့်ဆန့်ကျင်သော ကိစ္စအလို ငှာ အသုံးပြုသည့်အတွက် သို့မဟုတ် အသုံးပြုစေသည့်အတွက် ပြစ်မှု ထင်ရှားစီရင်ခြင်းခံရပါက အိမ်ရှင်သည် အိမ်ငှားအား ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (ဂ) အရ နှင်ထုတ်ခွင့်ရှိသည်ဖြစ်ရာ မြို့နယ်တရားရုံးက အိမ်ငှားအပေါ် ယင်း ပုဒ်မခွဲအရ ဒီကရီချမှတ်ခြင်းမှာ မှားယွင်းသည်ဟု မဆိုနိုင်ပေ။

ဒေါ်ရွှေဝတီ ပါ(၂) နှင့် ဦးအိုက်မောင်(ခ)ဦးခင်မောင် ပါ(၃) ၁၈၆

၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂ (၁)(ဂ) – အိမ်နီးချင်းနှင့် အကြောင်းအားလျော်စွာ ခိုက်ရန်ဖြစ်ပွားရာမှ လက်ရောက် ကျူးလွန်ဖူဖြစ်ခြင်းသည် ပတ်ဝန်းကျင်အား အနှောင့်အယှက်ပြုရာမရောက်ခြင်း။

ဆုံးဖြတ်ချက်။ ။အယူခံတရားပြိုင် ဦးသန်းစိန်က ဦးတင်အောင် အား ဓားဖြင့်ထိုးခဲ့ကြောင်းမှာ ဤအမှုတွင် အငြင်းမပွားချေ။ သို့သော် လည်း တစ်ဦးနှင့်တစ်ဦး အကြောင်းအားလျော်စွာ ခိုက်ရန်ဖြစ်ပွားရာမှ လက်ရောက်ကျူးလွန်ခဲ့သည့် အမှုတစ်ခု ဖြစ်ပွားခြင်းကြောင့် မြို့ပြဆိုင် ရာ ငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂(၁)(ဂ)အရ ပတ် ဝန်းကျင်အား အနှောင့်အယှက်ပြုမှုရာ ကျရောက်သည်ဟု ကောက်ယူ ရန် သင့်မည်မဟုတ်ပေ။

ဦးသန်းညွှန့် ပါ(၂) နှင့် ဦးသန်းစိန် ပါ(၂) ၁၉၆

၁၇၀ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ သမဝါယမအသင်း ဥပဒေပုဒ်မ ၃၀(၂)(၅)–သမဝါယမအသင်းများသည် တရား စွဲဆိုနိုင်ခွင့်ရှိသည်ဖြင် ခုခံချေပနိုင်ခွင့်လည်းရှိခြင်း–သမဝါယမ အသင်းနှင့် ပတ်သက်သောကိစ္စများတွင် အသင်းအပေါ် စွဲဆို ခြင်း မပြုက အောင်မြင်မှုမရရှိနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။၁၉၇၀ ခု နှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ သမဝါယမအသင်းဥပဒေပုဒ်မ ၃၀(၂)(၅)အရသမဝါယမအသင်း များသည် တရားစွဲဆိုနိုင်ခွင့်ရှိသည်ပြင် ခုခံချေပနိုင်ခွင့်လည်း ရှိသည်။ သို့ဖြစ်ရာ ပန်းဘဲတန်းမြို့နယ် အမှတ်(၁) ရပ်ကွက် အသင်းအား

၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ဌားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၃(၁)အရ အချင်းဖြစ်ဥပစာ၌ နေထိုင်ခွင့်ပြုထားသော အမိန့်ကို ပျက်ပြယ်စေလိုလျှင် အဆိုပါ အသင်းအပေါ် တရားစွဲဆိုရမည် ဖြစ်ပေသည်။ သို့ဖြစ်၍ အသင်းအပေါ် စွဲဆိုခြင်းမရှိသော၍အမှုမှာ အောင်မြင်ရန်အကြောင်းမရှိချေ။

အိုင်အမ်ဒီဘာဂီယား နှင့် ၁။ ဥက္ကဋ္ဌ၊အမှတ်(၁)ရပ်ကွက် စားသုံးသူသမဝါယမအသင်း၊ ပန်းဘဲတန်းမြို့နယ်

၂။ ဥက္ကဋ္ဌ၊ အမှတ်(၁)ရပ်ကွက်ပြည်သူ့

ကောင်စီ ၂၂၂

တရားဝင်ကိုယ်စားလှယ်ထည့်သွင်းခြင်း – ပိုင်ဆိုင်ကြောင်း မြွက်ဟကြေငြာပေးစေလိုမှုနှင့်လက်ရောက်ရလိုမှု – တရားလို ကွယ်လွန်ပြီးနောက် ၎င်း၏ တရားဝင်ကိုယ်စားလှယ်များနှင့် တရားဖြိုင်တိုသည် အမွေဆိုင်များဖြစ်သဖြင့် အမွေပစ္စည်း စီမံခန့်ခွဲပေးစေလိုမှုသာ စွဲဆိုနိုင်ခြင်း – ဤအခြေအနေတွင် အမှုမှာ တရားလိုကွယ်လွန်သွားသည်နှင့်တပြိုင်နက် ရုပ်စဲသွားခြင်း။

ဆုံးဖြတ်ချက်။ ။ဤအမှုတွင် ကွယ်လွန်သူတရားလို ဦးဟင်းချောင်းက အချင်းဖြစ် ခြံမြေနှင့် အဆောက်အအုံမှာ မိမိနှင့် ဦးဘန်ဝက်တို့ ပူးတွဲပိုင်ဆိုင်သော ပစ္စည်းဖြစ်သည်ဟု အဆိုပြုကာ ကွယ်လွန်သူ ဦးကျင်ဟုတ်အား အဓိက ဦးတည်၍ စွဲဆိုထားခြင်း ဖြစ်သည်။ ထိုအတိုင်းမှန်လျှင် ဦးဟင်းချောင်းကွယ်လွန်သွားသောအခါ ဦးဟင်းချောင်း၏ သားဖြစ်သည်ဟုအငြင်းမပွားသော ဦးကျင်ဟုတ်နှင့် ဦးဟင်းချောင်း၏ အမွေစားအမွေခံများဖြစ်ကြသည်ဟု အဆိုရှိသောဒေါ်ခင်တီနှင့် အခြားသူတို့သည် အချင်းဖြစ် ခြံမြေနှင့် အဆောက်အအုံတွင် ဦးဟင်းချောင်းပိုင်ဆိုင်သည်ဟု အဆိုပြုထားသောအစုကို အမွေဆက်ခံကြမည် ဖြစ်သည်။ ဦးကျင်ဟုတ် ကွယ်လွန်သောအခါ ဒေါ်ကျင်ငွေက သူ၏အမွေကို ဆက်ခံမည်ဖြစ်သည်။ ပူးတွဲအမွေဆိုင် အချို့က ကျန်အမွေဆိုင်များအပေါ် အမွေဆိုင်ပစ္စည်းကို သူတို့သာပိုင်ဆိုင်ကြောင်း မြွက်ဟကြေငြာပေးစေရန် စွဲဆိုခွင့်မရှိပေ။ ထို့နည်းတူ ပူးတွဲအမွေဆိုင် အချို့က အခြား အမွေဆိုင်အပေါ် ထိုသူလက်ရှိဖြစ်သည့် အမွေဆိုင်ပစ္စည်းကို

စာမျက်နှာ

လက်ရောက် ရလိုကြောင်းလည်း စွဲဆိုခွင့်မရှိချေ။ သို့ဖြစ်ရာ ဦးဟင်းချောင်းအနေဖြင့် သား ဦးကျင်ဟုတ် အပေါ် အချင်းဖြစ် ခြံမြေနှင့် အဆောက်အအုံတို့နှင့် စပ်လျဉ်း၍ အမှုတွင် တောင်းဆို ထားသည့် သက်သာခွင့်များ ရလိုကြောင်း စွဲဆိုခွင့် ရှိနိုင်သော်လည်း ဦးဟင်းချောင်းကွယ်လွန်သွားသောအခါ သူပိုင်သည်ဟု အဆိုရှိသော ပစ္စည်းများကို တရားပြိုင် ဦးကျင်ဟုတ်နှင့် အခြား အမွေဆိုင်တို့က အမွေဆက်ခံခွင့် ရရှိသွားသောကြောင့် အမွေဆိုင်များအနေဖြင့် မိမိတို့ရရန် ရှိသော အမွေဝေစုကို လက်ရောက်ရလိုက အမွေ ပစ္စည်းများကို တရားရုံးက စီမံခန့်ခွဲပေးစေရန် စွဲဆိုရမည်ဖြစ်သဖြင့် ဦးဟင်းချောင်း စွဲဆိုထားသည့်အမှုကို လက်ရှိပုံစံအတိုင်း သူ၏ အမွေဆိုင်အချို့က ဆက်လက်ဆောင်ရွက်ခြင်း မပြုနိုင်ပေ။

ဒေါ်ကျင်ငွေ (ကွယ်လွန်သူဦးကျင်ဟုတ်၏ တရားဝင်ကိုယ်စားလှယ်) နှင့် ဒေါ်ခင်တီ ပါ(၇) ၁၁၅

အမွေပစ္စည်း စီမံခန့်ခွဲပေးစေလိုမှုတွင် အမွေဆိုင်များ ဝုံလင်စွာ အမှုသည်အဖြစ် မပါဝင်လျှင်လည်းကောင်း၊ အမွေ ပစ္စည်း လက်ရှိဖြစ်သူကို အမှုသည်အဖြစ် ထည့်သွင်းမထားလျှင် လည်းကောင်း ထိရောက်သော ဒီကရီကို ချမှတ်နိုင်မည်မဟုတ်၍ အမှု အောင်မြင်ရန် အကြောင်းမရှိခြင်း။

ဆုံးဖြတ်ချက်။ ။ အဆိုလွှာအပိုဒ် ၁ ပါ အဆို ပြုချက်များအရ ဦးအောင်သင်းတို့မှာ မြန်မာဗုဒ္ဓဘာသာများ ဖြစ်ကြသည့်အလျောက် သူတို့ကွယ်လွန်သောအခါ သူတို့၏အမွေကို သား ဦးစောအောင်နိုင်၊ သမီး ဒေါ်စောသိဂီ (မူလရုံးတရားလို)နှင့် ဒေါ်စောကလျာ (မူလရုံးတရားပြိုင်)တို့ကဆက်ခံကြမည်ဖြစ်သည်။ ဦးစောအောင်နိုင် ကွယ်လွန်သောအခါ အယူခံတရားလို မောင်စောကျော်နိုင်ပါ(၅)ဦးတို့၏ မိခင် ဒေါ်ကြူကြူက မြန်မာဓလေ့ထုံးတမ်းဥပဒေအရ ဦးစောအောင်နိုင်၏ အမွေကိုဆက်ခံမည်ဖြစ်သည်။

အယူခံတရားပြိုင်တို့၏ ရှေ့နေက မောင်စောကျော်နိုင်တို့သည် အဘိုး ဦးအောင်သင်းနှင့် အဘွား ဒေါ်စောဖြူတို့၏အမွေကို ဆက်ခံခွင့် ရှိကြောင်း တင်ပြလျှောက်ထားသည်။အကယ်၍ သူတို့၏ ဖခင် ဦးစော အောင်နိုင်သည် မိဘတစ်ဦးဦး အရင်ကွယ်လွန်ခဲ့ပါက မောင်စော ကျော်နိုင်တို့သည် အမွေမခံ မြေးများအဖြစ်ဖြင့် ဘိုးဘွားတို့၏အမွေကို

ဆက်ခံနိုင်သည်။ ဤအမှုတွင် သူတို့သည် အမွေမဲမြေများ မဟုတ်သောကြောင့် ဘိုးဘွားတို့၏အမွေကို မြေများအဖြစ်ဖြင့် ဆက်ခံခွင့်မရှိချေ။ အထက်တွင် သုံးသပ်ခဲ့သည့်အတိုင်း ဦးအောင်သင်းတို့၏ အမွေတွင် သား ဦးစောအောင်နိုင်ရခွင့်သည် သူ ကွယ်လွန်သောအခါ သူ၏ဇနီးအပေါ် သက်ဆင်းသည်။ ဤအခြေအနေတွင် မူလရုံးတရားလို ဒေါ်စောသိန်းသည် အမွေဆိုင် တစ်ဦးဖြစ်သည့် ဒေါ်ကြူကြူအား အမှုတွင် အမှုသည်တစ်ဦးအဖြစ် ထည့်သွင်းမထားသည်ကတကြောင်း၊ အမွေဆိုင်ပစ္စည်းများမှာ ဒေါ်ကြူကြူလက်ရှိဖြစ်နေသဖြင့် အမှုတွင် ဒေါ်ကြူကြူ မပါဝင် ထိရောက်သော ဒီကရီ မချမှတ် နိုင်သည်ကတကြောင်းကြောင့် ဒေါ်စောသိန်းစွဲဆိုသော အမှုမှာ အောင်မြင်ရန် အကြောင်းမရှိပေ။

မောင်စောကျော်နိုင် ပါ(၅) နှင့် ဒေါ်စောသိန်း ပါ(၄) ၁၃၅

အမွေမှုတွင် ပဏာမဒီကရီမချမီ တရားလိုသည် အမွေဆိုင်တစ်ဦးဟုတ်မဟုတ်၊ စီမံခန့်ခွဲရန် ပစ္စည်း ရှိမရှိ၊ ဝေစုမည်မျှရထိုက်သည်စသည်များကို ဦးစွာစိစစ်ရန်လိုခြင်း။

ဆုံးဖြတ်ချက်။ ။အမွေမှုတွင် ပဏာမဒီကရီ မချမှတ်မီ တရားလိုသည်အမွေဆိုင်တစ်ဦး ဟုတ်မဟုတ်၊ စီမံခန့်ခွဲရန်ပစ္စည်း ရှိမရှိ၊ ရှိလျှင် တရားလိုသည် အမွေပစ္စည်းများတွင် ဝေစုမည်မျှရထိုက်သည် ကိုသာ စိစစ်ဆုံးဖြတ်ရန်လိုသည်။ အမွေပစ္စည်းများစာရင်းကောက်ယူရန်ကိစ္စကို ပဏာမဒီကရီချမှတ်ပြီးမှဆောင်ရွက်ရန်ဖြစ်ပေသည်။

ဒေါ်တင်တင်ဝင်း နှင့် ဒေါ်သန်းကြည် ပါ(၃) ၁၄၈

မွေးစားဖခင်ထက် ဦးစွာသေဆုံးသူ ကိတ္တိမသမီး၏ ခင်ပွန်းသည် သည် မွေးစားဖခင်၏ အမွေကိုဆက်ခံခွင့်မရှိခြင်း — အမွေဆိုင်မဟုတ်ပဲ အခမဲ့နေထိုင်သူအား ခွင့်ပြုချက်အရ နေထိုင်သူအဖြစ် ဖယ်ရှားခွင့်ရှိခြင်း။

ဦးမြင့်သိန်းက ကွယ်လွန်သူ ဖခင် ဦးရွှေကျော်၏ အမွေထိန်းအဖြစ်ဖြင့်၊ ဦးမောင်ကြည်အား အချင်းဖြစ်အိမ်မှ ခွင့်ပြုချက်အရ နေထိုင်သူ အဖြစ်ဖြင့် ဖယ်ရှားပေးစေလိုမှု တရားစွဲဆိုသည်။ ဦးမောင်ကြည်က မိမိ၏ ကွယ်လွန်သူ ဇနီး မခင်ကြည်မှာ ဦးရွှေကျော်၏ ကိတ္တိမသမီးဖြစ်သဖြင့် မိမိအား အချင်းဖြစ်အိမ်မှ ခွင့်ပြုချက်အရ နေထိုင်သူအဖြစ်ဖြင့် ဖယ်ရှားခွင့်မရှိကြောင်း ခုခံသည်။

ဆုံးဖြတ်ချက်။ ။ဦးမောင်ကြည်၏ ချေလွှာအဝိဒ် ၃ တွင် မခင်ကြည်သည် ၁၉၇၁ ခုနှစ် အတွင်းက ကွယ်လွန်ခဲ့ကြောင်း ဖော်ပြထားသည်ကို တွေ့ရသည်။ အဆိုလွှာအဝိဒ် ၄ အရ ဦးရွှေကျော်သည် ၁၃-၈-၈၁ နေ့တွင် ကွယ်လွန်ခဲ့သည်ဖြစ်ရာ မခင်ကြည်သည် သူ၏ ကိတ္တိမသမီး ဖြစ်စေကာမူ ဦးရွှေကျော်အရင် ကွယ်လွန်ခဲ့သည်ဖြစ်၍ ဦးမောင်ကြည်သည် ဦးရွှေကျော်၏ အမွေကို ဆက်ခံခွင့် မရှိချေ။ သို့ဖြစ်ရာ အမွေထိန်းစာရသူ ဦးမြင့်သိန်းသည် ဦးမောင်ကြည်အား အချင်းဖြစ်အိမ်မှ ခွင့်ပြုချက်အရ နေထိုင်သူအဖြစ်ဖြင့်ဖယ်ရှားနိုင်သည်။

ဦးမောင်ကြည် နှင့် ဦးမြင့်သိန်း ၁၇၆

ခွင့်ပြုချက်အရ နေသူအား နှင်လိုမှု – ဥပစာတွင် ပိုင်ရေး ပိုင်ခွင့် အရ နေသူသည် ခွင့်ပြုချက်အရ နေသူမဟုတ်ခြင်း။

မူလရုံးတရားလို ဦးအုံခိုင်သည် သားနှင့်ချွေးမအား ၎င်းပိုင်သော ဥပစာတွင် နေခွင့်ပြုခဲ့သည်။ ဦးအုံခိုင် နောက်အိမ်ထောင်ပြုသည်။ ထို့နောက် သား ကွယ်လွန်သည်။ ဦးအုံခိုင်က ချွေးမဖြစ်သူ ဒေါ်ခင်ရီ အားခွင့်ပြုချက်အရနေသူအဖြစ် ဥပစာမှ နှင်လိုမှု တရားစွဲဆိုသည်။

ဆုံးဖြတ်ချက်။ ။ ဦးအုံခိုင်သည် ၁၃၁၉ ခုနှစ်တွင် နောက် အိမ်ထောင်ပြုခဲ့သည်ဖြစ်ရာ သားဖြစ်သူသည် ဖခင် နောက်အိမ်ထောင်ပြုသည်ကို အကြောင်းပြုပြီး ဖခင်ထံမှအမွေရခွင့်ရှိပေသည်။ ထိုသို့ အမွေရခွင့်ရှိပြီး နောက် ဦးအုံခိုင်၏သား ကိုတင်အေး ကွယ်လွန်သွားသော အခါ သူ၏ ရခွင့်သည် သူ၏ ဇနီးဖြစ်သူ ဒေါ်ခင်ရီအပေါ်သက်ဆင်းလေသည်။ ဤအခြေအနေတွင် အချင်းဖြစ်မြေမှာ တချိန်က ဦးအုံခိုင်ပိုင်ဖြစ်ခဲ့သည့်တိုင်အောင် ဒေါ်ခင်ရီသည် အချင်းဖြစ်မြေ၌ လက်ရှိနေထိုင်ခြင်းသည် ဦးအုံခိုင်၏ ခွင့်ပြုချက်အရ နေထိုင်ခြင်းဖြစ်သည်ဟု မဆိုနိုင်ချေ။

ဒေါ်ခင်ရီ ပါ(၂) နှင့် ဒေါ်ရီရီသန့် ၁၂၅

ခွင့်ပြုချက်အရ နေထိုင်သူသည် ဆန့်ကျင်ဘက်ပိုင်ဆိုင်ခွင့် မရှိခြင်း။

ဆုံးဖြတ်ချက်။ ။ခွင့်ပြုချက်အရနေထိုင်ခြင်းသည် ပိုင်ရှင်အား ဆန့်ကျင်၍ လက်ရှိထားခြင်းမဟုတ်သဖြင့် ထိုမြေနှင့်စပ်လျဉ်း၍ ခွင့်ပြုချက်အရ နေထိုင်သူသည် ဆန့်ကျင်ဘက် ပိုင်ဆိုင်ခွင့်ရရှိရန် အကြောင်းမပေါ်ပေါက်ချေ။

ဒေါ်သန်းရင် နှင့် ဒေါ်သန်းစိန် ပါ(၃) ၁၉၉

ခွင့်ပြုချက်အရနေသူအား နှင်ထုတ်လိုမှုအတွက် ကာလ စည်းကမ်း သတ်အက်ဥပဒေ ပထမဇယား အမှတ်စဉ် ၁၄၂ နှင့် အကျုံးမဝင်ခြင်း – ခွင့်ပြုချက်အရနေထိုင်သူသည် ပိုင်ရှင်အား ဆန့်ကျင်၍ လက်ရှိထားရှာမရောက်ခြင်း။

ဆုံးဖြတ်ချက်။ ။မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းသည် တရားလိုလက်တွင် ရှိနေသည့်အတွင်း လက်လွတ်ဖြစ်သွားသည့်အခါ သို့တည်းမဟုတ် လက်ရှိဖြစ်ခြင်းကို ဆက်လက်၍ မပြုသည့်အခါ ထိုပစ္စည်းကို လက်ရောက် ရလိုမှုကို လက်လွတ်ဖြစ်သည့် နေ့ရက်ကစ၍ သို့တည်းမဟုတ် လက်ရှိဖြစ်ခြင်းကို ဆက်လက်မပြုသည့်နေ့ရက်ကစ၍ ၁၂ နှစ်အတွင်း တရားစွဲဆိုရမည်ဟု ကာလ စည်းကမ်းသတ် ဥပဒေ ပထမ ဇယား အမှတ်စဉ် ၁၄၂ တွင် ပြဋ္ဌာန်းထားသည်။ ၎င်းအမှုတွင် ဦးမောင်ကလေးဏီထွက်ဆိုချက်အရ ဦးသိန်းမောင်တို့သည် အချင်းဖြစ် မြေပေါ်တွင် ခွင့်ပြုချက်အရ နေထိုင်လာခဲ့ကြောင်း ပေါ်ပေါက်သောကြောင့် ဦးတင်အောင် စွဲဆိုသောအမှုမှာ အထက်ဖော်ပြပါ ပြဋ္ဌာန်းချက်တွင် အကျုံးဝင်သော အမှုမျိုးမဟုတ်ချေ။ ထို့အပြင် ခွင့်ပြုချက်အရ နေထိုင်သူသည် ပိုင်ရှင်အား ဆန့်ကျင်ပြီးမြေကိုလက်ရှိ ထားရှာမရောက်သည့် အလျောက် တိုင်းတရားရုံးက ဦးတင်အောင်တို့ စွဲဆိုသည့်အမှုမှာ ကာလစည်းကမ်းသတ် ကျော်လွန်ခြင်း မရှိဟု ဆုံးဖြတ်ခြင်းသည် မှားယွင်းသည်ဟု မဆိုနိုင်ပေ။

တရားမ အထွေထွေ အယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးခင်ဇာမုံ၊ အဖွဲ့ဝင်များအဖြစ် ဦးလှဘုန်းနှင့်ဦးအေးမောင် တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

ဦး ကိုကို လတ် နှင့် ဒေါ် တင် ညွန့် ,

†၁၉၀၄ စက်တင်ဘာ ၁၇ ရက်

ဇာရီမှုကိုဆိုင်းငံ့ထားရန်ချမှတ်သောအမိန့်သည် ဒီကရီမဟုတ်ခြင်း— ထို့ပြင် အယူခံဝင်ခွင့်ရှိသောအမိန့်လည်း မဟုတ်ခြင်း။

ဆုံးဖြတ်ချက်။ ။ ဇာရီမှုကိုဆိုင်းငံ့ထားရန် ဆုံးဖြတ်သော မြို့နယ်တရားရုံး၏အမိန့်သည် တရားမကျင့်ထုံးဥပဒေပုဒ်မ ၂(၂)တွင် အဓိပ္ပါယ်ဖွင့်ဆိုထားသော ဒီကရီမဟုတ်ချေ။ ပုဒ်မ ၁၀၄(၁)နှင့် အခန်း ၄၁၊ နည်း ၁ တွင် အကျုံးဝင်သော အယူခံဝင်ခွင့်ရှိသည့်အမိန့်လည်း မဟုတ်ချေ။သို့ဖြစ်ရာမြို့နယ်တရားရုံးကချမှတ်သည့်အမိန့်ကို ရန်ကုန်တိုင်းတရားရုံးသို့ အယူခံ ဝင်ရောက်ခြင်းမှာ ဥပဒေနှင့်မညီညွတ်သဖြင့် တိုင်းတရားရုံးက အယူခံကို ပလပ်လိုက်ခြင်းမှာ မှန်ကန်ပေသည်။

အယူခံတရားလိုအတွက် — ဦးမောင်မောင်(သထုံ)ဗဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင်အတွက် — ဦးကျား၊ ဗဟိုတရားရုံးရှေ့နေ

အင်းစိန်မြို့နယ်တရားရုံး၊ တရားမဇာရီမှုအမှတ် ၇/၇၆ တွင် အယူခံတရားလို ဦးကိုကိုလတ်က ယခင် ရန်ကုန်မြို့တော်တရားမရုံး၊ တရားမကြီးမှုအမှတ် ခ—၃၉/၆၄ တွင် အယူခံတရားပြိုင် ဒေါ်တင်ညွန့်၏မိခင်ဖြစ်သော ကွယ်လွန်သူ ဒေါ်လှတင်အေပေါ် ရရှိထားသည့် ဒီကရီကိုအတည်ပြုသည်။ ဒီကရီကိုအတည်ပြုဆဲတွင် တရားရှုံး ဒေါ်တင်ညွန့်က ဦးကိုကိုလတ်အပေါ် ဦးကိုကိုလတ် ရရှိခဲ့သည့် ဒီကရီမှာ ပျက်ပြယ်ကြောင်း မြွက်ဟကြေငြာပေးစေရန်နှင့် အခြားသက်သာခွင့်များရလိုကြောင်း အဆိုပါတရားရုံး တရားမကြီးမှုအမှတ် ၆၉/၈၃ တွင် တရားစွဲဆိုသည်။ ထိုသို့ အမှုသစ်စွဲဆိုခြင်းကြောင့် တရားမ

* ၁၉၀၄ ခုနှစ်၊ တရားမ အထွေထွေအယူခံမှု အမှတ် ၅၆

† ၁၉၀၄ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၃၄ တွင်ချမှတ်သော (၂၀-၂-၀၄) နေ့စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ အမိန့်ကိုအယူခံမှု။

၁၉၀၄ ဦးကိုကိုလတ် နှင့် ဒေါ်တင်ညွန့်

ဇာရီမှုအမှတ် ၇/၇၆ ကို အတည်မပြုပဲ အကြိမ်ကြိမ် ရွှေ့ဆိုင်းခဲ့သည်။ ထို့နောက် မြို့နယ်တရားရုံးက တရားမကြီးမှုအမှတ် ၆၉/၈၃ တွင် ဇာရီမှုဌ် ထုတ်ဆင့်ထားသော မြေအပ် ဝရမ်းကို ရပ်ဆိုင်းထားစေရန် ၂၈-၁၂-၈၃ နေ့တွင် အမိန့်ချမှတ်သည်။ ဦးကိုကိုလတ်က မြို့နယ်တရားရုံးက ဇာရီမှုအား ရပ်ဆိုင်းသည့်အမိန့်ကို မကျေနပ်သဖြင့် ရန်ကုန်တိုင်းတရားရုံးတွင်အယူခံဝင်ရာ မအောင်မြင်သောကြောင့် ဗဟိုတရားရုံးတွင် ဤအယူခံကိုဆက်လက်တင်သွင်းသည်။

ဇာရီမှုကို ဆိုင်းငံ့ထားရန် ဆုံးဖြတ်သော မြို့နယ်တရားရုံး၏ အမိန့်သည် တရားမကျင့်ထုံးဥပဒေပုဒ်မ ၂(၂)တွင် အဓိပ္ပါယ် ဖွင့်ဆိုထားသော ဒီကရီ မဟုတ်ချေ။ ပုဒ်မ ၁၀၄(၁)နှင့် အမိန့် ၄၃၊ နည်း ၁ တွင် အကျုံးဝင်သော အယူခံဝင်ခွင့်ရှိသည့် အမိန့်လည်း မဟုတ်ချေ။ သို့ဖြစ်ရာ မြို့နယ်တရားရုံးက ချမှတ်သည့်အမိန့်ကို ရန်ကုန်တိုင်းတရားရုံးသို့ အယူခံဝင်ရောက်ခြင်းမှာ ဥပဒေနှင့် မညီညွတ်သဖြင့် တိုင်းတရားရုံးက အယူခံကို ပလပ်လိုက်ခြင်းမှာ မှန်ကန်ပေသည်။

အယူခံတရားလို၏ ရှေ့နေက ဗဟိုတရားရုံးတွင်တင်သွင်းသည့် ဤအယူခံကိုပြင်ဆင်မှုအဖြစ် ပြောင်းလဲဆုံးဖြတ်ပေးရန် တင်ပြလျှောက်ထားသည်။တိုင်းတရားရုံး၏ဆုံးဖြတ်ချက်မှာ အထက်တွင်ဖေါ်ပြခဲ့သည့်အတိုင်း မှန်ကန်သည်ဖြစ်၍၊ ဦးကိုကိုလတ်၏အယူခံကိုပြင်ဆင်မှုအဖြစ်ပြောင်းလဲခြင်းဖြင့်အကြောင်းထူးမည်မဟုတ်ချေ။

ထို့ကြောင့် ဤအယူခံကို ပလပ်လိုက်သည်။ စရိတ်မရှိ။

တရားမ ပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးမြကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးသန့်စင်နှင့် ဦးတင်အုန်း တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

ဒေါ် ကျင်ငွေ
(ကွယ်လွန်သူ ဦးကျင်ဟုတ်၏ တရားဝင်ကိုယ်စားလှယ်)
နှင့်
ဒေါ်ခင်တီ ပါ ဂ

† ၁၉၀၄
ဇူလိုင်လ
၁၀ ရက်

တရားဝင်ကိုယ်စားလှယ် ထည့်သွင်းခြင်း – ဝိုင်ဆိုင်ကြောင်း မြွက်ဟကြေငြာပေးစေလိုမှုနှင့် လက်ရောက်ရလိုမှု – တရားလို ကွယ်လွန်ပြီးနောက် ၎င်း၏တရားဝင်ကိုယ်စားလှယ်များနှင့် တရားပြိုင်တို့သည် အမွေဆိုင်များဖြစ်သဖြင့် အမွေပစ္စည်း စီမံခန့်ခွဲပေးစေလိုမှုသာ စွဲဆိုနိုင်ခြင်း—ဤအခြေအနေတွင် အမှုမှာ တရားလိုကွယ်လွန်သွားသည်နှင့်တပြိုင်နက် ရပ်စဲသွားခြင်း။

ဆုံဖြတ်ချက်။ ။ဤအမှုတွင် ကွယ်လွန်သူတရားလို ဦးဟင်းချောင်းက အချင်းဖြစ် ခြံမြေနှင့်အဆောက်အအုံမှာ မိမိနှင့် ဦးဘန်ဂုက်တို့ ပူးတွဲပိုင်ဆိုင်သော ပစ္စည်းဖြစ်သည်ဟု အဆိုပြုကာ ကွယ်လွန်သူ ဦးကျင်ဟုတ်အား အဓိကဦးတည်၍ စွဲဆိုထားခြင်းဖြစ်သည်။ထိုအတိုင်းမှန်လျှင် ဦးဟင်းချောင်းကွယ်လွန်သွားသောအခါ ဦးဟင်းချောင်း၏သားဖြစ်သည်ဟုအငြင်းမပွားသော ဦးကျင်ဟုတ်နှင့် ဦးဟင်းချောင်း၏ အမွေစားအမွေခံများဖြစ်ကြသည်ဟု အဆိုရှိသော ဒေါ်ခင်တီနှင့် အခြားသူတို့သည် အချင်းဖြစ် ခြံမြေနှင့် အဆောက်အအုံတွင် ဦးဟင်းချောင်းပိုင်ဆိုင်သည်ဟု အဆိုပြုထားသောအစုကို အမွေဆက်ခံကြမည်ဖြစ်သည်။ ဦးကျင်ဟုတ် ကွယ်လွန်သောအခါ ဒေါ်ကျင်ငွေက သူ၏အမွေကို ဆက်ခံမည်ဖြစ်သည်။ ပူးတွဲအမွေဆိုင် အချို့က ကျန်အမွေဆိုင်များ အပေါ် အမွေဆိုင်ပစ္စည်းကို သူတို့သာပိုင်ဆိုင်ကြောင်း မြွက်ဟကြေငြာပေးစေရန် စွဲဆိုခွင့်မရှိပေ။ ထို့နည်းတူ ပူးတွဲအမွေဆိုင်အချို့က အခြား အမွေဆိုင်အပေါ် ထိုသူလက်ရှိဖြစ်သည့် အမွေဆိုင်ပစ္စည်းကို လက်ရောက် ရလိုကြောင်းလည်း

---

* ၁၉၀၄ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၇၉

† ၁၉၀၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၁၀ တွင် ချမှတ်သော (၁-၃-၀၄) နေ့စွဲပါ ရန်ကုန်တိုင်း တရားရုံး၏အမိန့်ကို ပြင်ဆင်မှု။

၁၉၀၄ ဒေါ်ကျင်ငွေ (ကွယ်လွန်သူ ဦးကျင်ဟုတ်၏ ဘရားဝင်ကိုယ်စားလှယ်) နှင့် ဒေါ်ခင်တီပါဂ

စွဲဆိုခွင့်မရှိချေ။ သို့ဖြစ်ရာ ဦးဟင်းချောင်းအနေဖြင့် သား ဦးကျင်ဟုတ် အပေါ် အချင်းဖြစ် ခြံမြေနှင့် အဆောက်အအုံတို့နှင့်စပ်လျဉ်း၍ အမှုတွင် တောင်းဆို ထားသည့် သက်သာခွင့်များရလိုကြောင်း စွဲဆိုခွင့် ရှိနိုင်သော်လည်း ဦးဟင်း ချောင်းကွယ်လွန်သွားသောအခါ သူပိုင်သည်ဟု အဆိုရှိသော ပစ္စည်းများကို တရားပြိုင် ဦးကျင်ဟုတ်နှင့် အခြား အမွေဆိုင်တို့က အမွေဆက်ခံခွင့်ရရှိသွား သောကြောင့် အမွေဆိုင်များအနေဖြင့် မိမိတို့ရရန်ရှိသော အမွေဝေစုကို လက်ရောက်ရလိုက အမွေပစ္စည်းများကို တရားရုံးက စီမံခန့်ခွဲပေးစေရန်စွဲဆို ရမည်ဖြစ်သဖြင့် ဦးဟင်းချောင်းစွဲဆိုထားသည့်အမှုကို လက်ရှိပုံစံအတိုင်း သူ၏ အမွေဆိုင်အချို့က ဆက်လက်ဆောင်ရွက်ခြင်း မပြုနိုင်တော့ချေ။

လျှောက်ထားသူအတွက် — ဦးဝင်းစိန်၊ ဗဟိုတရားရုံးရှေ့နေ

လျှောက်ထားခံရသူများအတွက်— ဦးစိန်အောင်၊ ဗဟိုတရားရုံးရှေ့နေ

အမှုအတောအတွင်း ကွယ်လွန်သွားသူ မူလရုံးတရားလို ဦးဟင်းချောင်း သည် တရားပြိုင် ဦးကျင်ဟုတ်၏ဖခင်ဖြစ်သည်။ ဦးဟင်းချောင်းက ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မကြိုးကြိုးလမ်း ခြံအမှတ် ဂ/၁၀ နှင့် ယင်းခြံမြေပေါ်တွင် ရှိသော အဆောက်အအုံတို့မှာ မိမိနှင့် တရားပြိုင် ဦးဘန်ဂွက်၊ ဦးဟုတ်လွင်တို့ စပ်တူဝယ်ခဲ့ကြောင်း၊ နောက်ပိုင်းတွင် ဦးဟုတ်လွင်က သူ၏အစုကို ပြန်လည် ရောင်းချသဖြင့် မိမိနှင့် ဦးဘန်ဂွက်တို့က စပ်တူဝယ်ခဲ့ကြောင်း အရောင်းအဝယ် စာချုပ်တွင် ဝယ်သူ၏အမည်ကို ဦးဘန်ဂွက်နှင့် သား ဦးကျင်ဟုတ်တို့ အမည် ဖြင့် ဖော်ပြခဲ့ကြောင်း၊ ဦးကျင်ဟုတ်မှာ အမည်ငှားသာဖြစ်ကြောင်း၊ အဆိုပါ အဆောက်အအုံတွင် မိမိ မိသားစုနှင့် ဦးဘန်ဂွက်တို့ နေထိုင်လာခဲ့ကြောင်း ၂၀–၆–၀၃ နေ့တွင် ဦးဘန်ဂွက်သည် ဦးကျင်ဟုတ်အား သူနေထိုင်သည့် ဘက်တွင် ဝင်ရောက်နေထိုင်စေခဲ့ကြောင်း၊ ဦးကျင်ဟုတ်သည် မိမိပိုင်ဆိုင်မှု များကို ထိပါးပြောဆိုလာကြောင်းစသည်ဖြင့် အဆိုပြုကာ အချင်းဖြစ်ခြံမြေနှင့် အဆောက်အအုံကို ဝယ်ယူစဉ်က ဦးကျင်ဟုတ်မှာ အမည်ခံသာဖြစ်ပြီး မိမိနှင့် ဦးဘန်ဂွက်တို့သာ ပူးတွဲပိုင်ရှင်အစစ်များဖြစ်ကြောင်း မြွက်ဟကြေငြာပေးစေ ရန်နှင့် အချင်းဖြစ် အဆောက်အအုံမှ ဦးကျင်ဟုတ်နှင့်မိသားစုအား ဖယ်ရှား၍ လက်ရောက် ပေးအပ်စေရန် ရန်ကုန်တိုင်းတရားရုံး၊ တရားမကြီးမှု အမှတ် ၂၁၀/၀၃ တွင် တရားစွဲဆိုလေသည်။

အမှုဆိုင်နေစဉ်အတွင်း ၂၆–၁–၀၃ နေ့တွင် တရားလို ဦးဟင်းချောင်း ကွယ်လွန်သွားသဖြင့် ဒေါ်ခင်တီနှင့် အခြားသူများအား တရားဝင်ကိုယ်စား လှယ်အဖြစ် ထည့်သွင်းခဲ့သည်။ ၇–၃–၀၄ နေ့တွင် တရားပြိုင် ဦးကျင်ဟုတ် ကွယ်လွန်သွားပြန်သဖြင့် ဇနီးဖြစ်သူ ဒေါ်ကျင်ငွေကသူ၏ကိုယ်စားလှယ်အဖြစ်

ဆက်လက်ဆောင်ရွက်ခဲ့သည်။ ဒေါ်ကျင်ငွေက ကွယ်လွန်သူ တရားလို ဦးဟင်းချောင်း၏နေရာတွင် တရားဝင်ကိုယ်စားလှယ်ထည့်သွင်း၍ အမှုကိုဆက်လက်ဆောင်ရွက်ခြင်းကို မကျေနပ်သောကြောင့် ဗဟိုတရားရုံးတွင် ဤပြဿနာမှကို လျှောက်ထားခြင်းဖြစ်သည်။

၁၉၀၄ ဒေါ်ကျင်ငွေ (ကွယ်လွန်သူ ဦးကျင်ဟုတ်၏ တရားဝင်ကိုယ်စားလှယ်) နှင့် ဒေါ်ခင်တိ၀ါဝ

ဤအမှုတွင် ကွယ်လွန်သူ တရားလို ဦးဟင်းချောင်းက အချင်းဖြစ်ခြံမြေနှင့် အဆောက်အအုံမှာ မိမိနှင့် ဦးဘန်ဂုက်တို့ ပူးတွဲပိုင်ဆိုင်သော ပစ္စည်းဖြစ်သည်ဟု အဆိုပြုကာ ကွယ်လွန်သူ ဦးကျင်ဟုတ်အား အဓိက ဦးတည်၍ စွဲဆိုထားခြင်းဖြစ်သည်။ ထိုအတိုင်းမှန်လျှင် ဦးဟင်းချောင်း ကွယ်လွန်သွားသောအခါ ဦးဟင်းချောင်း၏သားဖြစ်သည်ဟု အငြင်းမပွားသော ဦးကျင်ဟုတ်နှင့် ဦးဟင်းချောင်း၏ အမွေစား အမွေခံများဖြစ်ကြသည်ဟု အဆိုရှိသော ဒေါ်ခင်တိနှင့် အခြားသူတို့သည် အချင်းဖြစ်ခြံမြေနှင့် အဆောက်အအုံတွင် ဦးဟင်းချောင်းပိုင်ဆိုင်သည်ဟု အဆိုပြုထားသော အစုကို အမွေဆက်ခံကြမည် ဖြစ်သည်။ ဦးကျင်ဟုတ် ကွယ်လွန်သောအခါ ဒေါ်ကျင်ငွေက သူ၏အမွေကို ဆက်ခံမည် ဖြစ်သည်။ ပူးတွဲအမွေဆိုင် အချို့က ကျန်အမွေဆိုင်များအပေါ် အမွေဆိုင်ပစ္စည်းကို သူတို့သာပိုင်ဆိုင်ကြောင်း မြွက်ဟကြေငြာပေးစေရန် စွဲဆိုခွင့် မရှိပေ။ ထို့နည်းတူ ပူးတွဲအမွေဆိုင်အချို့က အခြား အမွေဆိုင်အပေါ် ထိုသူလက်ရှိဖြစ်သည့် အမွေဆိုင်ပစ္စည်းကို လက်ရောက်ရလိုကြောင်းလည်း စွဲဆိုခွင့် မရှိချေ။ သို့ဖြစ်ရာ ဦးဟင်းချောင်းအနေဖြင့် သား ဦးကျင်ဟုတ်အပေါ် အချင်းဖြစ် ခြံမြေနှင့် အဆောက်အအုံတို့နှင့်စပ်လျဉ်း၍ အမှုတွင် တောင်းဆိုထားသည့် သက်သာခွင့်များရလိုကြောင်း စွဲဆိုခွင့်ရှိနိုင်သော်လည်း ဦးဟင်းချောင်း ကွယ်လွန်သွားသောအခါ သူပိုင်သည်ဟု အဆိုရှိသောပစ္စည်းများကို တရားပြိုင် ဦးကျင်ဟုတ်နှင့် အခြားအမွေဆိုင်တို့က အမွေဆက်ခံခွင့် ရရှိသွားသောကြောင့် အမွေဆိုင်များအနေဖြင့် မိမိတို့ရရန်ရှိသော အမွေဝစုကို လက်ရောက်ရလိုက အမွေပစ္စည်းများကို တရားရုံးက စီမံခန့်ခွဲပေးစေရန်စွဲဆိုရမည်ဖြစ်သဖြင့် ဦးဟင်းချောင်း စွဲဆိုထားသည့်အမှုကို လက်ရှိပုံစံအတိုင်း သူ၏ အမွေဆိုင်အချို့က ဆက်လက်ဆောင်ရွက်ခြင်းမပြုနိုင်တော့ချေ။ ဦးဟင်းချောင်း စွဲဆိုသောအမှုမှာ သူကွယ်လွန်သည်နှင့်တပြိုင်နက် ရပ်စဲသွားပြီဟု ဆိုရပေမည်။ ဗဟိုတရားရုံးက ဤအမှုပါဖြစ်ရပ်များနှင့် သဘောချင်းတူသော **ဒေါက်တာမိုးဇော်နှင့် ဒေါက်တာမျိုးသန်း** (၁) အမှုတွင် အလားတူ အဆုံးအဖြတ်ပေးခဲ့ဖူးသည်။ လျှောက်ထားခံရသူများ၏ ရှေ့နေက ထိုအမှုကို ရည်ညွှန်းလျက် အချင်းဖြစ် ပစ္စည်းမှာ အမွေပုံပစ္စည်းဖြစ်သည်ဟု လျှောက်ထားသူက ဝန်ခံသဘောတူလျှင် အမွေမှုစွဲရန် ဆုံးဖြတ်ရန်သာ ရှိတော့ကြောင်း တင်ပြလျှောက်ထားသည်။ ဤအဆင့်တွင် လျှောက်ထားသူက အချင်းဖြစ်ပစ္စည်းမှာ

(၁) ၁၉၀၁ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၉

၁၉၀၄ ခေါ်ကျင်ဒွေ (ကွယ်လွန်သူ ဦးကျင်ဟုတ်၏ တရားဝင်ကိုယ်စားလှယ်) နှင့် ခေါ်ခင်တီပါဂ

အမွေပုံပစ္စည်းဖြစ်သည်ဟု လျောက်ထားသူက ဝန်ခံသည့် သို့မဟုတ်ငြင်းကွယ်သည်ဟူသောအချက်မှာ အဓိကကျသော အချက်မဟုတ်ချေ။ တရားမမှုများကို အဆိုအချေများအရ အဆုံးအဖြတ် ပေးရသည်ဖြစ်ရာ ဦးဟင်းချောင်း အဆိုပြုထားသည့်အတိုင်း အချင်းဖြစ် ခြံမြေနှင့် အဆောက်အအုံမှာ သူနှင့် ဦးဘန်ဂွက်တို့ ပူးတွဲပိုင်ဆိုင်သောပစ္စည်းဖြစ်ခဲ့လျှင် အထက်တွင် သုံးသပ်ခဲ့သည့် အတိုင်း ဦးဟင်းချောင်းစွဲဆိုသည့်အမှုမှာ သူကွယ်လွန်သွားသောအခါ ရပ်စဲသွားမည် ဖြစ်ပေသည်။

ထို့ကြောင့် ဤပြင်ဆင်မှုကိုခွင့်ပြု၍ တရားလို ဦးဟင်းချောင်း၏နေရာတွင် တရားဝင်ကိုယ်စားလှယ်များ ထည့်သွင်းသည့် တိုင်းတရားရုံး၏အမိန့်ကို ပယ်ဖျက်ပြီး ဦးဟင်းချောင်းစွဲဆိုသောအမှုမှာ ရပ်စဲသွားသောကြောင့် ပလပ်လိုက်ကြောင်း အမိန့်ချမှတ်လိုက်သည်။ စရိတ်မရှိ။

တရားမ ပထမ အယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးအေးမောင်၊ အဖွဲ့ဝင်များအဖြစ်ဦးလှဘုန်းနှင့် ဦးခင်ဇာမုံ တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ ရှေ့တွင်

ဦး ကျော် ငြိမ်း
နှင့်
ဦး ကျော် ရှိန်း *

†၁၉၇၄
စက်တင်ဘာလ
၂၇ ရက်

တရားမကျင့်ထုံးဥပဒေအမိန့် ၃၂၊ နည်း ၃ နှင့် ၁၅—ရူးသွပ်သူကိုယ်စား အမှုတွင်ဆောင်ရွက်ရန်အုပ်ထိန်းသူခန့်ထားခြင်းမရှိပဲ၊ ထိုရူးသွပ်သူ အပေါ် ချမှတ်ထားသော ဒီကရီသည်ပျက်ပြယ်ခြင်း။

ဆုံးဖြတ်ချက်။ ။ တရားမကျင့်ထုံးဥပဒေအမိန့် ၃၂၊ နည်း ၃ နှင့် ၁၅ ပါ ပြဋ္ဌာန်းချက်များအရ ရူးသွပ်သူအပေါ်စွဲဆိုသောအမှုတွင် ရူးသွပ်သူ ကိုယ်စား အမှုတွင်ဆောင်ရွက်ရန်အုပ်ထိန်းသူတစ်ဦးခန့်ထားပေးရန် လိုအပ်သည်။ မူလအမှုတွင် ရူးသွပ်သူများဖြစ်သည့် မခင်သိန်းနှင့် မခင်လှတို့ကိုယ်စား အမှုတွင် လိုက်ပါဆောင်ရွက်နိုင်ရန် အုပ်ထိန်းသူခန့်ထားခဲ့ခြင်းမရှိသဖြင့် သူတို့ နှစ်ဦးအပေါ် ချမှတ်သည့်ဒီကရီမှာပျက်ပြယ်ပေသည်။

အယူခံတရားလိုအတွက် — ဒေါ်နွယ်နွယ်တင်၊ ဗဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင်အတွက် — ဦးထွန်းကြည်၊ ဗဟိုတရားရုံးရှေ့နေ

ဦးကျော်ရှိန်း၊ ဦးကျော်ငြိမ်း၊ မခင်သိန်းနှင့် မခင်လှတို့သည် ဦးစိန်တင်နှင့် ဒေါ်စောတို့၏ သားသမီးများဖြစ်ကြသည်။ မသန်းသန်းရီသည် ဦးကျော်ငြိမ်း၏ ဇနီးဖြစ်သည်။ ဦးကျော်ရှိန်းက မိခင်ဖြစ်သူသည် ၁၃၃၀ ပြည့်နှစ်တွင် လည်းကောင်း၊ ဖခင်သည် တရားမစွဲဆိုမီ ၂ နှစ်ခန့်ကလည်းကောင်း ကွယ်လွန်ခဲ့သည်ဟု ဖော်ပြကာ မိဘများကျန်ရစ်သောအမွေပစ္စည်းများကို စီမံခန့်ခွဲပေးစေရန် မန္တလေးတိုင်းတရားရုံး တရားမကြီးမှုအမှတ် ၆၂/၇၀ (နွားထိုးကြီး) တွင် တရားစွဲဆိုရာ တိုင်းတရားရုံးက နှစ်ဘက်ကို စစ်ဆေးကြားနာပြီးနောက် ပဏာမဒီကရီချမှတ်လိုက်သည်။

---

* ၁၉၇၃ ခုနှစ်၊ တရားမ ပထမ အယူခံမှု အမှတ် ၁ နှင့် ၁၀

† ၁၉၇၀ ခုနှစ်၊ တရားမကြီးမှုအမှတ် ၆၂ တွင် ချမှတ်သော (၁၉-၁၀-၇၂) နေ့စွဲပါ မန္တလေးတိုင်း တရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို အယူခံမှု။

၁၉၀၄
ဦးကျော်ငြိမ်း နှင့် ဦးကျော်ရှိန်း

ဦးကျော်ငြိမ်းက တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို မကျေနပ်သဖြင့် ဗဟိုတရားရုံး၊ တရားမ ပထမ အယူခံမှုအမှတ် ၁/၀၃ တွင် ဦးကျော်ရှိန်း အပေါ် အယူခံဝင်သည်။ ဦးကျော်ရှိန်းကလည်း တိုင်းတရားရုံးကဆုံးဖြတ်ပေးသော အမွေပစ္စည်းများမှာ မိမိရသင့်သည်ထက် နည်းသည်ဟု အကြောင်းပြကာ ဗဟိုတရားရုံး၊ တရားမ ပထမ အယူခံမှုအမှတ် ၁၀/၀၃ တွင် ဦးကျော်ငြိမ်းပါ(၄)ဦးတို့အပေါ် အယူခံဝင်သည်။ အယူခံမှုနှစ်မှုစလုံးမှာ မူလအမှုတစ်မှုတည်းမှ ပေါ်ပေါက်သည်ဖြစ်၍ ဤစီရင်ချက်သည် အဆိုပါ အယူခံမှုနှစ်မှုစလုံးနှင့် သက်ဆိုင်စေရမည်။

မူလရုံးတရားပြိုင် ဦးကျော်ငြိမ်းတို့(၄)ဦး တင်သွင်းသော ချေလွှာတွင် တရားပြိုင် မခင်သိန်းနှင့် မခင်လှတို့မှာ ရှူးသွပ်နေကြောင်းဖော်ပြထားသည်ကို တွေ့ရသည်။ ဦးကျော်ရှိန်းက "မခင်လှမှာ အသက် ၄၆ နှစ်ရှိပြီး၊ ရှူးသွပ်နေသူဖြစ်ပါသည်" ဟု ထွက်ဆိုသည်။ ဦးကျော်ရှိန်း၏ရှေ့နေ ဦးထွန်းကြည်က မခင်သိန်းနှင့် မခင်လှတို့သည် ရှူးသွပ်နေကြောင်း ထင်ပြလျှောက်ထားသည်။ ချေလွှာတွင် မခင်လှနှင့် မခင်သိန်းတို့ လက်မှတ်ရေးထိုးထားခြင်းမရှိပဲ တစုံတယောက်က ကိုယ်စားလက်မှတ်ရေးထိုးထားကြောင်းတွေ့ရသည်။ သို့သော် မူလရုံးတွင် တင်သွင်းသောကိုယ်စားလှယ်စာ၌ မခင်သိန်းနှင့် မခင်လှတို့က ကြက်ခြေခတ်ထားကြောင်းတွေ့ရသည်။ ဗဟိုတရားရုံး တရားမ ပထမ အယူခံမှုအမှတ် ၁၀/၀၃ တွင် တင်သွင်းသော ရှေ့နေ ဒေါ်နွယ်နွယ်တင်၏ ကိုယ်စားလှယ်စာတွင်လည်း သူတို့နှစ်ဦးက ကြက်ခြေခတ်ထားကြောင်းတွေ့ရသည်။

တရားမကျင့်ထုံးဥပဒေအမိန့် ၃၂၊ နည်း ၃ နှင့် ၁၅ ပါ ပြဋ္ဌာန်းချက်များအရ ရှူးသွပ်သူအပေါ် စွဲဆိုသောအမှုတွင် ရှူးသွပ်သူကိုယ်စား အမှုတွင် ဆောင်ရွက်ရန် အုပ်ထိန်းသူတစ်ဦးခန့်ထားပေးရန်လိုအပ်သည်။ မူလအမှုတွင် ရှူးသွပ်သူများဖြစ်သည့် မခင်သိန်းနှင့် မခင်လှတို့ကိုယ်စား အမှုတွင် လိုက်ပါဆောင်ရွက်နိုင်ရန် အုပ်ထိန်းသူ ခန့်ထားခဲ့ခြင်း မရှိသဖြင့် သူတို့နှစ်ဦးအပေါ် ချမှတ်သည့် ဒီကရီမှာပျက်ပြယ်ပေသည်။

ထို့ကြောင့် ဤအယူခံမှုများကိုခွင့်ပြု၍ တိုင်းတရားရုံး၏စီရင်ချက်နှင့်ဒီကရီတို့ကိုပယ်ဖျက်လိုက်သည်။တိုင်းတရားရုံးသည် အမှုကို မူလအမှုအမှတ်အတိုင်း ပြန်လည်ဖွင့်လှစ်၍ တရားပြိုင် မခင်သိန်းနှင့် မခင်လှတို့အတွက် သင့်တော်သူ တစ်ဦးဦးအား အုပ်ထိန်းသူအဖြစ် ခန့်ထား၍ အမှုကို တရားဥပဒေနှင့် အညီ ဆက်လက်စစ်ဆေးစီရင်ရန် ညွှန်ကြားလိုက်သည်။ ဤအယူခံများတွင် နှစ်ဘက်အမှုသည်များသည် မိမိတို့ကုန်ကျသော တရားစရိတ်များကို မိမိတို့ကိုယ်တိုင်ကျခံကြစေ။

တရားမ အထွေထွေ အယူခံမှု

ဥက္ကဋ္ဌအဖြစ်ဦးလှဘုန်း၊ အဖွဲ့ဝင်များအဖြစ် ဦးခင်ဇာမုံနှင့်ဦးအေးမောင် တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

†၁၉၇၄
ဇူလိုင်လ
၂၇ ရက်

ဦးကျော် ဝင်း အောင်
နှင့်
ဒေါ်ညွန့် ပါ(၃) *

အမွေဆက်ခံခွင့် လက်မှတ်ကို အပြိုင်အဆိုင် လျှောက်ထားမှုမျိုးတွင် တရားမကြီးမှုအဖြစ် ပြောင်းလဲစစ်ဆေးရန်မလိုခြင်း။

ဆုံးဖြတ်ချက်။ ။အမွေထိန်းစာများ အပြိုင်အဆိုင် လျှောက်ထားလာလျှင် အမွေဆက်ခံရေး အက်ဥပဒေပုဒ်မ ၂၉၅ အရ တရားမကြီးမှုအဖြစ် ပြောင်း၍ စစ်ဆေးရသော်လည်း အမွေဆက်ခံခွင့်လက်မှတ်လျှောက်ထားမှုမျိုးကို တရားမကြီးမှုအဖြစ် ပြောင်းလဲစစ်ဆေးရန် မလိုချေ။

အယူခံတရားလိုအတွက် — ဦးကံမြိုင်၊ ဗဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင်များအတွက် — ဦးထွန်းမြိုင်၊ ဗဟိုတရားရုံးရှေ့နေ

စစ်ကိုင်းတိုင်းတရားရုံး၊ တရားမအထွေထွေမှုအမှတ် ၂၄/၇၃ တွင် ဦးကျော်ဝင်းအောင်သည် ကွယ်လွန်သူ ဦးဘသွင်၊ ဒေါ်ကြည်ကြည်တို့ ရရန်ရှိသောကြွေးမြီများကို တောင်းခံရန်အတွက် အမွေဆက်ခံခွင့်လက်မှတ်ရရှိခဲ့ရာ ငွေကျပ် ၁၀၀၀၀/–ကို ထုတ်ယူခွင့်ပြုဖြစ်သည်ဟု အဆိုရှိသည်။

ထို့နောက် ဒေါ်ညွန့်က အဆိုပါတရားရုံး၊ တရားမကြီးမှုအမှတ် ၄/၁၁ တွင် ဦးကျော်ဝင်းအောင်သည် အရေးကြီးသောအချက်အလက်တို့ကို ထိန်းချန်ကာ အမွေဆက်ခံခွင့်လက်မှတ်ကို လိမ်လည်ရယူခဲ့၍ ထိုအမွေဆက်ခံခွင့်လက်မှတ်ကို ပြန်လည်ရုပ်သိမ်းပြီး မိမိအား အမွေဆက်ခံခွင့်လက်မှတ် ထုတ်ပေးရန် လျှောက်ထားရာ စစ်ကိုင်းတိုင်းတရားရုံးက ခွင့်ပြုလိုက်သဖြင့် ဦးကျော်ဝင်းအောင်က ဤအယူခံကို တင်သွင်းသည်။

---

* ၁၉၀၃ ခုနှစ်၊ တရားမ အထွေထွေအယူခံမှုအမှတ် ၃၁

† ၁၉၀၁ ခုနှစ်၊တရားမကြီးမှု အမှတ် ၄ တွင် ချမှတ်သော (၇-၉-၀၃) နေ့စွဲပါ စစ်ကိုင်းတိုင်း တရားရုံး၏အမိန့်ကို အယူခံမှု။

၁၉၀၄
ဦးကျော်ဝင်း အောင် နှင့် ဒေါ်ညွန့်ပါ (၃)

၅၂/၇၉ တွင် ဦးကျော်ဝင်းအောင်အား အမွေဆက်ခံခွင့်လက်မှတ် ကနဦး ထုတ်ပေးထားသည့်အချက်ဖြစ်သည်။ ထိုလက်မှတ်ကို ပြန်လည်ရုပ်သိမ်းပေးရန် ဒေါ်ညွန့်က အမွေဆက်ခံရေး အက်ဥပဒေပုဒ်မ ၃၈၃ အရ လျှောက်ထားခဲ့ခြင်းမရှိချေ။ သို့ဖြစ်၍ ဒေါ်ညွန့်သည် အမွေဆက်ခံခွင့်လက်မှတ်ရလိုကြောင်း လျှောက်ထားစဉ်က ဦးကျော်ဝင်းအောင်အား ထုတ်ပေးထားသည့်အမွေဆက်ခံခွင့်လက်မှတ်မှာ အတည်ဖြစ်လျက်ရှိသဖြင့် ဒေါ်ညွန့် လျှောက်ထားသည့် လျှောက်လွှာမှာ တရားဝင်သည်ဟု မဆိုနိုင်ပေ။

၅၏စရင်ချက်ကို အဆုံးမသတ်မီ ဖော်ပြလိုသည့်အချက်မှာ အမွေထိန်းစာများ အပြိုင်အဆိုင်လျှောက်ထားလာလျှင် အမွေဆက်ခံရေး အက်ဥပဒေပုဒ်မ ၂၉၅ အရ တရားမကြီးမှုအဖြစ် ပြောင်း၍ စစ်ဆေးရသော်လည်း အမွေဆက်ခံခွင့်လက်မှတ် လျှောက်ထားမှုမျိုးကို တရားမကြီးမှုအဖြစ် ပြောင်းလဲ စစ်ဆေးရန်မလိုချေ။

ထို့ကြောင့် ၅၏အယူခံကိုခွင့်ပြု၍ စစ်ကိုင်းတိုင်းတရားရုံး၏ အမိန့်ကို ပယ်ဖျက်ပြီး ဒေါ်ညွန့်စွဲဆိုသောအမှုကို တရားရုံးအဆင့်ဆင့်စရိတ်နှင့်တကွ ပလပ်လိုက်သည်။ ရှေ့နေခကို ကျပ် ၅၀/–ဟု သတ်မှတ်သည်။

တရားမ ပထမ အယူခံမှု

ဥက္ကဋ္ဌအဖြစ်ဦးခင်ဇာမုံ၊ အဖွဲ့ဝင်များအဖြစ် ဦးလှဘုန်းနှင့် ဦးထွန်းရှိန် တို့ ပါဝင်သော ပဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

ဦးကြိုင် ပါ(၂)

နှင့်

ဒေါ် သိန်းဟန် ပါ(၆) *

†၁၉၀၄
စက်တင်ဘာ
၅ ရက်

ရုံးချိန်းနေ့က တရားပြိုင်အကျိုးဆောင်သည် ပဟိုတရားရုံးတွင် အမှုလိုက်ပါဆောင်ရွက်နေရ၍ ပျက်ကွက်ရသည်ဆိုခြင်းမှာလုံလောက်သောအကြောင်း ဟုတ်မဟုတ်။

ဆုံးဖြတ်ချက်။ ။ ရုံးချိန်းနေ့က ဦးကြိုင်တို့၏ အကျိုးဆောင်မှာ ပဟိုတရားရုံးတွင်အမှုလိုက်ပါဆောင်ရွက်နေရသဖြင့် ရုံးချိန်းတစ်ကြိမ်သာပျက်ကွက်ရခြင်းဖြစ်ကြောင်း အထောက်အထားနှင့်တကွတင်ပြ၍ အမှုကို ဥပဒေနှင့်အညီ ဆက်လက်စစ်ဆေးခွင့်ပြုသင့်ကြောင်း လျှောက်ထားသည်။ မူလရုံးတရားလိုဘက်မှ ဦးကြိုင်၏ အကျိုးဆောင်သည် အချင်းဖြစ်နေ့က ပဟိုတရားရုံးတွင် အမှုဆိုင်ခဲ့ရသည့်အချက်ကို ငြင်းကွယ်ခြင်းမပြု။ သို့ဖြစ်၍ တရားပြိုင်ဘက်မှ ရုံးချိန်းပျက်ကွက်ခြင်းသည် လုံလောက်သော အကြောင်းကြောင့် ဖြစ်ကြောင်း ပေါ်ပေါက်သည်။

အယူခံတရားလိုများအတွက် — ဦးထွန်းရွှေ၊ ပဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင်များအတွက် — ဦးလှတင်၊ ပဟိုတရားရုံးရှေ့နေ

ရန်ကုန်တိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၁၈၃/၀၁ တွင် ဒေါ်တုတ်က တရားလိုပြုလုပ်၍ ဦးကြိုင်နှင့် ဒေါ်အုန်းစိန်တို့အပေါ် ခွင့်ပြုချက်ဖြင့် နေထိုင်သူအဖြစ်ဖြင့် အချင်းဖြစ်နေအိမ်မှ နှင်လိုကြောင်းစွဲဆိုရာ တဘက်သတ် အနိုင်ဒီကရီရရှိသည်။ ဦးကြိုင်တို့က တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို မကျေနပ်သည့်အတွက် ပဟိုတရားရုံးတွင်၍တရားမပထမအယူခံမှုကို တင်သွင်းသည်။

---

* ၁၉၈၂ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၁၀၄

† ၁၉၈၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၈၃ တွင်ချမှတ်သော (၃၀-၉-၈၂) နေ့စွဲပါ ရန်ကုန်တိုင်း တရားရုံး၏ တဘက်သတ် ဒီကရီကို အယူခံမှု။

၁၉၀၄ ဦးကြိုင်ပါ (၂) နှင့် ဒေါ်သိန်းဟန် ပါ (၆)

အယူခံအတွင်း ဒေါ်တုတ်ကွယ်လွန်ခဲ့သဖြင့် သူ၏ သားသမီးများဖြစ်သော ဒေါ်သိန်းဟန်၊ ဒေါ်သန်းသန်းလှိုင်၊ ဒေါ်ကျင်ထွေး၊ဒေါ်တင်တင်အေး၊ ဒေါ်ကြည်ကြည်ချို၌ ဦးသန်းထွန်းတို့အား တရားဝင် ကိုယ်စားလှယ်များအဖြစ် ထည့်သွင်းခဲ့သည်။

ရုံးချိန်းနေ့က ဦးကြိုင်တို့၏အကျိုးဆောင်မှာ ဗဟိုတရားရုံးတွင်အမှု လိုက်ပါဆောင်ရွက် နေရသဖြင့် ရုံးချိန်းတစ်ကြိမ်သာ ပျက်ကွက်ရခြင်း ဖြစ်ကြောင်း အထောက်အထားနှင့်တကွ တင်ပြ၍ အမှုကို ဥပဒေနှင့်အညီ ဆက်လက်စစ်ဆေးခွင့် ပြုသင့်ကြောင်း လျှောက်ထားသည်။ မူလရုံး တရားလိုဘက်မှ ဦးကြိုင်၏အကျိုးဆောင်သည် အချင်းဖြစ်နေ့က ဗဟိုတရားရုံးတွင် အမှုဆိုင်ခဲ့ရသည့်အချက်ကို ငြင်းကွယ်ခြင်းမပြု။ သို့ဖြစ်၍ တရားပြိုင်ဘက်မှ ရုံးချိန်းပျက်ကွက်ခြင်းသည် လုံလောက်သောအကြောင်းကြောင့်ဖြစ်ကြောင်း ပေါ်ပေါက်သည်။

ထို့ကြောင့် ဤအယူခံကိုခွင့်ပြု၍ တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ပြီး အမှုကို ဥပဒေနှင့်အညီ ဆက်လက်စစ်ဆေး ကြားနာ စီရင်ရန် အမိန့်ချမှတ်လိုက်သည်။ စရိတ်မရှိ။

တရားမ ဒုတိယအယူခံမှု

ဥက္ကဋ္ဌအဖြစ်ဦးလှဘုန်း၊ အဖွဲ့ဝင်များအဖြစ် ဦးခင်ဇာမုံနှင့် ဦးအေးမောင် တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဒေါ်ခင်ရီပါ(၂)

နှင့်

ဒေါ်ရီရီသန့် *

†၁၉၀၄
စက်တင်ဘာ
၂၅ ရက်

ခွင့်ပြုချက်အရ နေသူအား နှင်လိုမှု – ဥပစာတွင် ပိုင်ရေးပိုင်ခွင့်အရ နေသူသည် ခွင့်ပြုချက်အရ နေသူမဟုတ်ခြင်း။

မူလရုံးတရားလို ဦးအုံခိုင်သည် သားနှင့်ချွေးမအား ၎င်းပိုင်သော ဥပစာတွင် နေခွင့်ပြုခဲ့သည်။ ဦးအုံခိုင် နောက်အိမ်ထောင်ပြုသည်။ထို့နောက် သားကွယ်လွန်သည်။ ဦးအုံခိုင်က ချွေးမဖြစ်သူ ဒေါ်ခင်ရီအားခွင့်ပြုချက်အရနေသူအဖြစ် ဥပစာမှ နှင်လိုမှု တရားစွဲဆိုသည်။

ဆုံးဖြတ်ချက်။ ။ ဦးအုံခိုင်သည် ၁၃၁၉ ခုနှစ်တွင် နောက်အိမ်ထောင်ပြုခဲ့သည်ဖြစ်ရာ သားဖြစ်သူသည် ဖခင် နောက်အိမ်ထောင်ပြုသည် ကို အကြောင်းပြုပြီး ဖခင်ထံမှအမွေရခွင့်ရှိပေသည်။ထိုသို့ အမွေရခွင့်ရရှိပြီး နောက် ဦးအုံခိုင်၏သား ကိုတင်အေး ကွယ်လွန်သွားသောအခါ သူ၏ ရခွင့်သည် သူ၏ ဇနီးဖြစ်သူ ဒေါ်ခင်ရီအပေါ် သက်ဆင်းလေသည်။ ဤအခြေအနေတွင် အချင်းဖြစ်မြေမှာ တချိန်က ဦးအုံခိုင်ပိုင်ဖြစ်ခဲ့သည့်တိုင်အောင် ဒေါ်ခင်ရီသည် အချင်းဖြစ်မြေ၌ လက်ရှိနေထိုင်ခြင်းသည် ဦးအုံခိုင်၏ ခွင့်ပြုချက်အရ နေထိုင်ခြင်းဖြစ်သည်ဟုမဆိုနိုင်ချေ။

အယူခံတရားလိုများအတွက် — ဦးလှကို၊ ဗဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင်အတွက် — ဦးတင်မောင် (ရေစကြို)
ဗဟိုတရားရုံးရှေ့နေ

---

* ၁၉၀၃ ခုနှစ်၊ တရားမ ဒုတိယ အယူခံမှုအမှတ် ၃၆

† ၁၉၀၂ ခုနှစ်၊တရားမပထမအယူခံမှုအမှတ် ၄၀ တွင်ချမှတ်သော (၇-၁-၀၃) နေ့စွဲပါ မကွေးတိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

၁၉၀၄
ဒေါ်ခင်ရီပါ (၂) နှင့် ဒေါ်ရီရီသန့်

ရေစကြိုမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၅၀/၀၁ တွင် ဦးအုံခိုင်က ဒေါ်ခင်ရီနှင့် မသန်းဆွေတို့အပေါ် ခွင့်ပြုချက်အရ ထားသည်ဆိုသော မြေမှ ဖယ်ရှားပေးစေရန် တရားစွဲဆိုရာအနိုင်ရရှိခဲ့သည်။ဒေါ်ခင်ရီတို့က မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီက္ရီးကိုမကျေနပ်၍ မကွေးတိုင်းတရားရုံးတွင် အယူခံဝင်သော်လည်း မအောင်မြင်သဖြင့် ဗဟိုတရားရုံးတွင် ဤအယူခံကို ဆက်လက်တင်သွင်းသည်။ အယူခံအတောအတွင်း ဦးအုံခိုင်ကွယ်လွန်သွားသဖြင့် သူ၏ ကိတ္တိမသမီးဟု အဆိုရှိသူ ဒေါ်ရီရီသန့်က သူ၏ တရားဝင် ကိုယ်စားလှယ်အဖြစ် ဆက်လက်ဆောင်ရွက်သည်။

မူလရုံးတရားလို ဦးအုံခိုင်က အချင်းဖြစ်မြေမှာ မိမိပိုင်ဖြစ်၍ ထိုမြေတွင် ဇနီး ဒေါ်နီထွေး၊ သား ကိုတင်အေးတို့နှင့်အတူနေလာရာ သားဖြစ်သူသည် ဒေါ်ခင်ရီနှင့် အိမ်ထောင်ကျပြီး မိမိတို့နှင့်အတူဆက်လက်နေလာခဲ့ကြောင်း၊ မိမိ၏ဇနီး ဒေါ်နီထွေး ကွယ်လွန်ပြီးနောက် မိမိသည် ၁၃၁၉ ခုနှစ်တွင် နောက်အိမ်ထောင်ကျပြီး ၁၃၂၁ ခုနှစ်တွင် အခြားရွာတစ်ရွာသို့ ပြောင်းရွှေ့သွားသောအခါ သား ကိုတင်အေးနှင့် ဇနီး ဒေါ်ခင်ရီတို့ကျန်ရစ်ခဲ့ကြောင်း၊ သားဖြစ်သူသည် အမှုမစွဲဆိုမီ ဂ နှစ်ခန့်က ကွယ်လွန်ခဲ့၍ ဒေါ်ခင်ရီအား ထိုမြေတွင် ဆက်လက်နေထိုင်ခွင့်ပြုခဲ့ကြောင်း၊ ၁၇-၄-၀၀ နေ့၌ ရေစကြိုမြို့မီးလောင်ရာတွင် ဒေါ်ခင်ရီနေထိုင်သောအိမ်မီးသင့်ခဲ့ကြောင်း၊ ၂၅-၁၁-၀၀ နေ့တွင် ဒေါ်ခင်ရီနှင့် မသန်းဆွေတို့သည် မိမိ၏ ခွင့်ပြုချက်မရဲ့ အချင်းဖြစ်မြေတွင် အိမ်ဆောက်လုပ်နေထိုင်ကြောင်းစသည်ဖြင့် အဆိုပြုကာ သူတို့အား ဖယ်ရှားပေးစေလိုကြောင်းဖြင့် တရားစွဲဆိုလေသည်။

ဒေါ်ခင်ရီတို့က အချင်းဖြစ်မြေတွင် ပိုင်ရေးပိုင်ခွင့်အရ နေထိုင်ခြင်းဖြစ်ကြောင်း အဓိကအားဖြင့် ထုချေသည်။

ဦးအုံခိုင်၏ အဆိုလွှာအပိုဒ် ဂ တွင် အောက်ပါအတိုင်း ဖော်ပြထားသည် –

> "တရားလိုမှ အချင်းဖြစ်ပိုင်းမြေမှာ မိမိပိုင်ပိုင်းမြေဖြစ်၍ ပိုင်းမြေအတွင်း၌ အဆောက်အဦ မဆောက်လုပ်ရန် အမှတ် (၅) ရပ်ကွက် ကောင်စီအား ၂၅-၁၁-၀၀ နေ့က တင်ပြခဲ့ပါသည်။ တရားပြိုင်များသည် တရားလို၏ခွင့်ပြုချက်တစုံတရာမရရှိပဲ အချင်းဖြစ် ပိုင်းမြေအတွင်း၌ အိမ်ဆောက်လုပ်၍နေထိုင်လျက်ရှိပါသည်။"

ဤအဆိုပြုချက်များအရ ဒေါ်ခင်ရီတို့သည် အချင်းဖြစ်အိမ်ကို အချင်းဖြစ်မြေ၌ ဦးအုံခိုင်၏ခွင့်ပြုချက်အရ နေထိုင်ခြင်းမဟုတ်ကြောင်းပေါ်လွင်သည်ဖြစ်၍ အဆိုလွှာကို တရားမကျင့်ထုံးဥပဒေအမိန့် ၇၊နည်း ၁၁(က)အရ ပလပ်ရန်ဖြစ်ပေသည်။

၁၉၀၄
ဒေါ်ခင်ရီပါ
(၂)
နှင့်
ဒေါ်ရီရီသန့်

အဆိုအပိုဒ် ၃ ပါ အဆိုပြုချက်အရ ဦးအုံခိုင်သည် ၁၃၁၉ ခုနှစ်တွင် နောက်အိမ်ထောင်ပြုခဲ့သည်ဖြစ်ရာ သားဖြစ်သူသည် ဖခင်နောက်အိမ်ထောင်ပြုသည်ကို အကြောင်းပြုပြီးဖခင်ထံမှ အမွေရခွင့်ရှိပေသည်။ထိုသို့ အမွေရခွင့်ရှိပြီး နောက် ဦးအုံခိုင်၏သား ကိုတင်အေး ကွယ်လွန်သွားသောအခါ သူ၏ရခွင့်သည် သူ၏ဇနီးဖြစ်သူ ဒေါ်ခင်ရီအပေါ် သက်ဆင်းလေသည်။ ဤအခြေအနေတွင် အချင်းဖြစ်မြေမှာ တချိန်က ဦးအုံခိုင်ပိုင်ဖြစ်ခဲ့သည့် တိုင်အောင် ဒေါ်ခင်ရီသည် အချင်းဖြစ်မြေ၌ လက်ရှိနေထိုင်ခြင်းသည် ဦးအုံခိုင်၏ ခွင့်ပြုချက်အရ နေထိုင်ခြင်းဖြစ်သည်ဟု မဆိုနိုင်ချေ။

ထို့ကြောင့် ဤအယူခံကိုခွင့်ပြု၍ မြို့နယ်တရားရုံးနှင့်တိုင်းတရားရုံးတို့၏စီရင်ချက်နှင့် ဒီကရီတို့ကိုပယ်ဖျက်ပြီး ဦးအုံခိုင်စွဲဆိုသောအမှုကိုတရားရုံးအဆင့်ဆင့် စရိတ်နှင့်တကွ ပလပ်လိုက်သည်။ရှေ့နေခကို ကျပ် ၅၀/–ဟုသတ်မှတ်သည်။

တရားမ ပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ်ဦးလှဘုန်း၊ အဖွဲ့ဝင်များအဖြစ်ဦးခင်ဇာမုံနှင့် ဦးအေးမောင် တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

†၁၉၇၄
ဇူလိုင်လ
၂၇ ရက်

မခင်သက်
နှင့်
ဦးဘမှန်း *

တဦးတယောက်သောသူ၏ နစ်နာမှုကိုကုစားနိုင်ရန် အခြားနည်းလမ်းများပွင့်နေသေးလျှင် ပြင်ဆင်မှုတရားရုံးအနေဖြင့် အောက်ရုံးအမိန့်ကို ဝင်ရောက်စွက်ဖက်မည်မဟုတ်ခြင်း။

ဆုံးဖြတ်ချက်။ ။မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းများကို လက်ရောက်ပေးအပ်စေရန်ချမှတ်သောဒီကရီကိုအတည်ပြုရာ၌ ပစ္စည်းလက်ရောက်ပေးအပ်ခြင်းကို ခုခံခြင်းနှင့်စပ်လျဉ်း၍ တရားမကျင့်ထုံးအမိန့် ၂၁၊ နည်း ၉၇၊ ၁၀၀ နှင့် ၁၀၃ တို့တွင် ပြဋ္ဌာန်းထားသည်။ ၎င်းကဲ့သို့ တဦးတယောက်သော သူ၏ နစ်နာမှုကို ကုစားနိုင်ရန် အခြားနည်းလမ်းများ ပွင့်နေသေးပါက ပြင်ဆင်မှုတရားရုံးအနေဖြင့် အောက်ရုံး၏ ဆုံးဖြတ်ချက်အပေါ် ဝင်ရောက်စွက်ဖက်နိုင်မည်မဟုတ်ချေ။

လျှောက်ထားသူအတွက် — ဦးကျော်ကျော်ဝင်း၊ ဗဟိုတရားရုံးရှေ့နေ

လျှောက်ထားခံရသူအတွက် — ဦးညွန့်မြိုင်၊ ဗဟိုတရားရုံးရှေ့နေ

မန္တလေးတိုင်းတရားရုံး၊တရားမဇာရီမှုအမှတ် ၁၉/၇၂ (အနောက်မြောက်) တွင် တရားနိုင် ဦးဘမှန်း၏လျှောက်ထားချက်အရ တရားရုံး ကိုကျော်ဆွေတို့အပေါ် အိမ်နှင်ဝရမ်းထုတ်ဆင့်ရာ လျှောက်ထားသူ မခင်သက်က မိမိသည် အချင်းဖြစ် ဥပစာတွင် လက်ရှိနေထိုင်သူဖြစ်ကြောင်း၊ မိမိတို့မှာ မူလအမှုတွင် အမှုသည်အဖြစ်ပါဝင်ခဲ့သူများလည်းမဟုတ်သဖြင့် တရားရုံး ကိုကျော်ဆွေတို့အပေါ်ထုတ်ဆင့်သည် အိမ်နှင်ဝရမ်းမှာ မိမိတို့အပေါ်အကျိုးသက်ရောက်မှု

---

* ၁၉၇၃ ခုနှစ်၊ တရားမ ပြင်ဆင်မှုအမှတ် ၂၉

† ၁၉၇၂ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၁၉ (မန္တလေးအနောက်မြောက်) တွင် ချမှတ်သော (၁၇-၄-၇၃) နေ့စွဲပါ မန္တလေးတိုင်း တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၁၉၀၄
မခင်သက်
နှင့်
ဦးဘမှန်း

မရှိကြောင်း စသည်ဖြင့်ဖော်ပြကာ အဆိုပါအိမ်နှင့်ဝရုန်းကို ဆိုင်းငံ့ပေးရန် နှင့် စုံစမ်းစစ်ဆေးမှုပြုလုပ်ပေးရန် တရားမကျင့်ထုံးအမိန့် ၂၁၊ နှည်း ၃၅ အရ လျှောက်ထားသည်။ ယင်းလျှောက်ထားချက်ကို မန္တလေးတိုင်းတရားရုံးက ပလပ်လိုက်သဖြင့် မခင်သက်က ဗဟိုတရားရုံး၌ ဤပြဿနာဆင်မှုကိုတင်သွင်းသည်။

မန္တလေမြောင်းနိုင်သည့်ပစ္စည်းများကို လက်ရောက် ပေးအပ်စေရန် ချမှတ်သော ဒီကရီကိုအတည်ပြုရာ၌ ပစ္စည်းလက်ရောက်ပေးအပ်ခြင်းကို ခုခံခြင်းနှင့် စပ်လျဉ်း၍ တရားမကျင့်ထုံးအမိန့် ၂၁၊ နှည်း ၉၇၊ ၁၀၀ နှင့် ၁၀၃ တို့တွင် ပြဋ္ဌာန်းထားသည်။ ဤကဲ့သို့ တဦးတယောက်သောသူ၏ နစ်နာမှုကိုကုစားနိုင်ရန် အခြားနည်းလမ်းများ ပွင့်နေသေးပါက ပြင်ဆင်မှုတရားရုံး အနေဖြင့် အောက်ရုံး၏ဆုံးဖြတ်ချက်အပေါ် ဝင်ရောက်စွက်ဖက်နိုင်မည်မဟုတ်ချေ။

ထို့ကြောင့် ဤပြဿနာဆင်မှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။ ရှေ့နေခ ကျပ် ၅၀/-ဟု သတ်မှတ်သည်။

တရားမ အထွေထွေ အယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးလှဘုန်း၊ အဖွဲ့ဝင်များအဖြစ်ဦးခင်ဇော်မုန့်ဦးအေးမောင် တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

†၁၉၇၄
ဇူလိုင်လ
၂၇ ရက်

မခင်အုန်းမြင့်
နှင့်
ဦးဘရင် *

ရုံးခွန်ထပ်မံထိန်းဆောင်စေရန် ချမှတ်သော အမိန့်အပေါ် အယူခံဝင်ခွင့်မရှိခြင်း။

ဆုံးဖြတ်ချက်။ ။တိုင်းတရားရုံးကမခင်အုန်းမြင့်ထံမှရုံးခွန်ထပ်မံတောင်းခြင်းမှာ တရားမကျင့်ထုံးဥပဒေပုဒ်မ ၂(၂)တွင် အကျုံးဝင်သော ဒီကရီမဟုတ်သဖြင့် တိုင်းရုံး၏အမိန့်ကို အယူခံဝင်ခွင့်မရှိချေ။

အယူခံတရားလိုအတွက် — ဦးခင်မောင်၊ ဗဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင်အတွက် — ဦးခင်မောင်သန်း၊ ဗဟိုတရားရုံးရှေ့နေ

မန္တလေးတိုင်းတရားရုံး၊ တရားမဇာရီမှုအမှတ် ၃၁/၀၂ တွင် မခင်အုန်းမြင့်က တရားနိုင်အဖြစ်ဖြင့် တရားရှုံး ဦးဘရင်အပေါ် အဆိုပါတရားရုံးတရားမကြီးမှုအမှတ် ၉၃/၇၉ တွင် ချမှတ်ထားသော အမွေစီမံခန့်ခွဲပေးစေလိုမှု အပြီးသတ်ဒီကရီကို အတည်ပြုပေးရန်လျှောက်ထားရာ တိုင်းတရားရုံးက အမွေဆိုင်ပစ္စည်းများ၏တန်ဖိုးကို ၄၀၀၀၀၀/–ကျပ် သတ်မှတ်၍ မခင်အုန်းမြင့် ရရန်ရှိသောအမွေဒေစုအတွက် ကျသင့်သောရုံးခွန်ကိုဖြည့်စွက်ထမ်းဆောင်စေရန် အမိန့်ချမှတ်သောကြောင့် မခင်အုန်းမြင့်က ဤအယူခံကို တင်သွင်းသည်။

တိုင်းတရားရုံးက မခင်အုန်းမြင့်ထံမှ ရုံးခွန်ထပ်မံတောင်းခြင်းမှာ တရားမကျင့်ထုံးဥပဒေပုဒ်မ ၂(၂)တွင် အကျုံးဝင်သော ဒီကရီမဟုတ်သဖြင့် တိုင်းရုံး၏အမိန့်ကို အယူခံဝင်ခွင့်မရှိချေ။

ထို့ကြောင့် ဤအယူခံကိုစစ်ခင်္ဂနှင့်တကွပလပ်လိုက်သည်။ ရှေ့နေခကို ကျပ် ၅၀/– ဟု သတ်မှတ်သည်။

---

* ၁၉၀၃ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် ၁၅

† ၁၉၀၂ ခုနှစ်၊ တရားမဇာရီမှု အမှတ် ၃၁ တွင် ချမှတ်သော (၁-၇-၀၃) နေ့စွဲပါ မန္တလေးတိုင်းတရားရုံး၏အမိန့်ကို အယူခံမှု။

တရားမ ပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးလှဘုန်း၊ အဖွဲ့ဝင်များအဖြစ် ဦးခင်ဇော်မုံနှင့်ဦးအေးမောင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

† ၁၉၇၄
စက်တင်ဘာ
၂၀ ရက်

ဦးချစ်ဆွေ ပါ(၂)
နှင့်
ဒေါ်ကျင်ဌေး ပါ(၂) *

ဒီကရီကိုအယူခံသောအခါ အယူခံအကြောင်းပြချက် တစ်ရပ်အဖြစ် တင်ပြခွင့်ရှိသည့် ကိစ္စများတွင် ပြင်ဆင်မှု အာဏာဖြင့် ဗဟိုတရားရုံးက ဝင်ရောက်စွက်ဖက်မည်မဟုတ်ခြင်း။

လျှောက်ထားသူတို့က ၎င်းတို့အပေါ်စွဲဆိုထားသော အမှုသည် တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁ အရ ပိတ်ပင်ပြီးဖြစ်သည်ဟု ကန့်ကွက်သည်ကို မူလရုံးက လက်မခံသဖြင့် အဆင့်ဆင့်ပြင်ဆင်မှု တက်ရောက်လာခြင်းဖြစ်သည်။

ဆုံးဖြတ်ချက်။ ။ဦးချစ်ဆွေတို့သည် တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁ အရ ပိတ်ပင်မှုနှင့်ပတ်သက်၍ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၀၅ အရ အယူခံအကြောင်းပြချက်ဘစ်ရပ်အနေဖြင့် ထပ်မံတင်ပြနိုင်ခွင့်ရှိပေသေးသည်။ ထိုသို့အခြားနည်းအားဖြင့် တင်ပြခွင့်ရှိသည့်ကိစ္စများတွင် တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၅ အရ ဗဟိုတရားရုံးက ဝင်ရောက်စွက်ဖက်နိုင်မည် မဟုတ်ပေ။

လျှောက်ထားသူများအတွက် – ဦးတင်မောင်မြင့်၊ ဗဟိုတရားရုံးရှေ့နေ

လျှောက်ထားခံရသူများအတွက်– ဦးဘိုသန်း၊ ဗဟိုတရားရုံးရှေ့နေ

လျှောက်ထားခံရသူ ဒေါ်ကျင်ဌေးနှင့် ဒေါ်ကျင်ထုံတို့က လျှောက်ထားသူ ဦးချစ်ဆွေ၊ ဒေါ်တင်တင်တို့အပေါ် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာဌားရမ်းခကြိုးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(စ) အရ စွဲဆိုသည့် ပခုက္ကူမြို့နယ် တရားရုံး တရားမကြီးမှုအမှတ် ၁၁/၀၃ တွင် မိမိတို့အပေါ် ဒေါ်ကျင်ဌေးက ယခင်က အလားတူအမှုများကို တရားမကြီးမှုအမှတ် ၃၄/၀၀ နှင့်

---

* ၁၉၀၃ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၇၉

† ၁၉၀၃ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၁၇ တွင်ချမှတ်သော (၂၉-၀-၀၃) နွေဦးပါ မကွေးတိုင်းတရားရုံး၏အမိန့်ကိုပြင်ဆင်မှု။

၁၉၀၄ ဦးချစ်ဆွေပါ (၂) နှင့် ဒေါ်ကျင်ဒွေး ပါ (၂)

၃၀/၀၀ တို့တွင် စွဲဆိုခဲ့ပြီးဖြစ်၍ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁ အရ ယခု အမှုကို ထပ်မံစွဲဆိုပိုင်ခွင့်မရှိပါဟု အကြောင်းပြကာ အမှုကို ပလပ်ပေးပါရန် ဦးချစ်ဆွေတို့က လျှောက်ထားသည်။ မြို့နယ်တရားရုံးက မီးသေဆုံးဖြတ်ချက် မဖြစ်ကြောင်း ကောက်ယူဆုံးဖြတ်ကာ အမှုကိုဆက်လက်ဆောင်ရွက်ရန် အင်နှံ့ချမှတ်ခဲ့သည်။ ဦးချစ်ဆွေတို့က မကျေနပ်၍ မကွေးတိုင်းတရားရုံး၌ ပြင်ဆင်မှု လျှောက်ထားသော်လည်း မအောင်မြင်သောကြောင့် ဗဟိုဘရားရုံး၌ ဤပြင်ဆင်မှုကိုထပ်မံလျှောက်ထားသည်။

ဦးချစ်ဆွေတို့သည် တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁ အရ ဝိတ်ပင်မှုနှင့် ပတ်သက်၍ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၀၅ အရ အယူခံအကြောင်းပြချက် တစ်ရပ်အနေဖြင့် ထပ်မံတင်ပြခိုင်ခွင့်ရှိပေသေးသည်။ထိုသို့အခြားနည်းအားဖြင့် တင်ပြခွင့်ရှိသည့် ကိစ္စများတွင် တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၅ အရ ဗဟို တရားရုံးက ဝင်ရောက်စွက်ဖက်နိုင်မည်မဟုတ်ပေ။

ထို့ကြောင့် ဤပြင်ဆင်မှုကို စရိတ်နှင့်တကွပလပ်လိုက်သည်။ ရှေ့နေခကို ကျပ် ၅၀/–ဟု သတ်မှတ်သည်။

တရားမ ပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးလှဘုန်း၊အဖွဲ့ဝင်များအဖြစ် ဦးခင်ဇာမုံနှင့် ဦးအေးမောင် တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးချစ်မောင် ပါ (၂)
နှင့်
ဒေါ်အုန်းသွင် *

† ၁၉၇၄
ဩဂုတ်လ
၂၄ ရက်

အမှုဖြစ်အကြောင်းခြင်းရာနှစ်ခုကိုတစ်မှုတည်းတွင်ထည့်သွင်းစွဲဆိုထားရုံမျှဖြင့် အဆိုလွှာကို တရားမကျင့်ထုံးဥပဒေအမိန့် ၇၊ နည်း ၁၁အရ ပယ်ရန် မဟုတ်ခြင်း။

ဆုံးဖြတ်ချက်။ ။အမှုဖြစ် အကြောင်းအရာနှစ်ခုကို တစ်မှုတည်း၌ ရောထွေး၍ စွဲဆိုထားသည့်အမှုများအား ပယ်ရမည်ဟု တရားမကျင့်ထုံးအမိန့် ၇၊ နည်း ၁၁ တွင် ပြဋ္ဌာန်းထားခြင်းမရှိချေ။ တရားမကျင့်ထုံးအမိန့် ၂၊ နည်း ၆ ပါ ပြဋ္ဌာန်းချက်များအရဆိုလျှင်လည်း ထိုသို့ အမှုဖြစ် အကြောင်းအရာများ ပူးတွဲ၍ စွဲဆိုထားသည့် အမှုများတွင် တစ်မှုစီခွဲ၍ စွဲဆိုစေရန် သော်လည်းကောင်း၊ သင့်တော်မည်ဟုထင်မြင်သည့်အခြားအမိန့်တစ်ရပ်ရပ်ကိုသော်လည်းကောင်း၊ တရားရုံးကဲ့ ချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်။သို့ဖြစ်ရာ မြို့နယ်တရားရုံးက အဆိုလွှာကိုပြင်ဆင်စေရန်ဆုံးဖြတ်ခဲ့ခြင်းသည် မှားယွင်းသည်ဟု မဆိုနိုင်သောကြောင့် မြို့နယ်တရားရုံး၏အမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုခဲ့သည့် စစ်ကိုင်းတိုင်းတရားရုံး၏အမိန့်ကို ဝင်ရောက်စွက်ဖက်ရန် အကြောင်းမရှိပေ။

လျှောက်ထားသူများအတွက်— ဦးကျော်ကျော်ဝင်း၊ဗဟိုတရားရုံးရှေ့နေ

လျှောက်ထားခံရသူအတွက်— ဦးထွန်းအောင်ကျော်၊ဗဟိုတရားရုံးရှေ့နေ

ရှေ့ဘိမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၂၀/၇၂ တွင် လျှောက်ထားခံရသူ ဒေါ်အုန်းသွင်က လျှောက်ထားသူ ဦးချစ်မောင် ပါ ၂ နှစ်ဦးအပေါ် အချင်းဖြစ်အိမ်ကို ဝိုင်ဆိုင်ကြောင်း အတည်အလင်း ပြဋ္ဌာန်းပေးစေလိုမှုနှင့် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက် ဥပဒေပုဒ်မ ၁၂(၁)(က)နှင့်(၇)အရ နှင်လိုမှုစွဲဆိုရာ "တရားလို၏ အဆိုလွှာသည်

---

* ၁၉၇၃ ခုနှစ်၊ တရားမပြင်ဆင်မှု အမှတ် ၆၇

† ၁၉၇၃ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၂ တွင် ချမှတ်သော (၇-၉-၇၃) နေ့စွဲပါ စစ်ကိုင်းတိုင်းတရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၁၉၀၄ ဦးချစ်မောင် ပါ(၂) နှင့် ဒေါ်အုန်းသွင်

ဥပဒေနှင့်ညီညွတ်ခြင်းရှိပါသလား'' ဟူသည့် ငြင်းချက်အမှတ် (၁) နှင့်စပ်လျဉ်း၍နှစ်ဘက်လျောက်လဲချက်များကြားနာပြီးနောက် အဆိုလွှာကိုတရားမကျင့်ထုံးအမိန့် ၆ နည်း ၁၇ အရ ပြင်ဆင်စေရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို ဦးချစ်မောင်တို့က မကျေနပ်၍ စစ်ကိုင်းတိုင်းတရားရုံး၌ ပြင်ဆင်မှုဝင်ရောက်သော်လည်း မအောင်မြင်သောကြောင့် ဗဟိုတရားရုံး၌ ဤပြင်ဆင်မှုကို တင်သွင်းသည်။

လျောက်ထားသူ၏အကျိုးဆောင်က အမှုဖြစ်အကြောင်းအရာနှစ်ခုကိုအမှုတစ်မှုတည်း၌ ရောထွေး၍ တရားစွဲဆိုထားခြင်းသည် ဥပဒေနှင့် ဆန့်ကျင်နေသဖြင့် ယင်းအဆိုလွှာကိုပယ်ချခြင်းမပြုပဲ ပြင်ဆင်ခွင့်ပေးခဲ့ခြင်းသည် မှားယွင်းကြောင်း တင်ပြလျောက်ထားသည်။

အမှုဖြစ်အကြောင်းအရာနှစ်ခုကို တစ်မှုတည်း၌ ရောထွေး၍ စွဲဆိုထားသည့် အမှုများအားပယ်ရမည်ဟု တရားမကျင့်ထုံးအမိန့် ၇၊ နည်း ၁၁ တွင်ပြဋ္ဌာန်းထားခြင်းမရှိချေ။ တရားမကျင့်ထုံးအမိန့် ၂၊ နည်း ၆ ပါ ပြဋ္ဌာန်းချက်များအရ ဆိုလျင်လည်း ထိုသို့ အမှုဖြစ်အကြောင်းအရာများ ပူးတွဲ၍ စွဲဆိုထားသည့်အမှုများတွင် တစ်မှုစီခွဲ၍ စွဲဆိုစေရန်သော်လည်းကောင်း၊ သင့်တော်မည်ဟု ထင်မြင်သည့် အခြားအမိန့်တစ်ရပ်ရပ်ကိုသော်လည်းကောင်း တရားရုံးက ချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်။ သို့ဖြစ်ရာ မြို့နယ်တရားရုံးက အဆိုလွှာကို ပြင်ဆင်စေရန် ဆုံးဖြတ်ခဲ့ခြင်းသည် မှားယွင်းသည်ဟုမဆိုနိုင်သောကြောင့် မြို့နယ်တရားရုံး၏အမိန့်နှင့် ယင်းအမိန့်ကိုအတည်ပြုခဲ့သည့် စစ်ကိုင်းတိုင်းတရားရုံး၏အမိန့်ကို ဝင်ရောက်စွက်ဖက်ရန် အကြောင်းမရှိပေ။

ထို့ကြောင့် ဤပြင်ဆင်မှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။ ရှေ့နေခကျပ် ၅၀/–သတ်မှတ်သည်။

တရားမ ပထမ အယူခံမှု

ဥက္ကဋ္ဌအဖြစ်ဦးလှဘုန်း၊ အဖွဲ့ဝင်များအဖြစ် ဦးခင်ဇော်မုံနှင့် ဦးအေးမောင် တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

မောင်စော ကျော်နိုင် ပါ(၅)

နှင့်

ဒေါ်စော သိန်း ပါ(၄)

†၁၉၇၄
စက်တင်ဘာ
၂၅ရက်

အမွေပစ္စည်း စီမံခန့်ခွဲပေးစေလိုမှုတွင် အမွေဆိုင်များ ဝုံလင်စွာ အမှုသည်အဖြစ် မပါဝင်လျှင်လည်းကောင်း၊ အမွေပစ္စည်း လက်ရှိ ဖြစ်သူကို အမှုသည်အဖြစ် ထည့်သွင်းမထားလျှင် လည်းကောင်း ထိရောက်သော ဒီကရီကို ချမှတ်နိုင်မည်မဟုတ်၍ အမှုအောင်မြင်ရန် အကြောင်းမရှိခြင်း။

ဆုံးဖြတ်ချက်။ ။အဆိုလွှာအပိုဒ် ၁ ပါ အဆိုပြုချက်များအရ ဦးအောင်သင်းတို့မှာ မြန်မာမုဒ္ဓဘာသာများ ဖြစ်ကြသည့်အလျောက် သူတို့ ကွယ်လွန်သောအခါ သူတို့၏ အမွေကို သား ဦးစောအောင်နိုင်၊ သမီး ဒေါ်စောသိန်း (မူလရုံးတရားလို) နှင့် ဒေါ်စောကလျာ (မူလရုံးတရားပြိုင်) တို့ကဆက်ခံကြမည်ဖြစ်သည်။ ဦးစောအောင်နိုင် ကွယ်လွန်သောအခါ အယူခံတရားလို မောင်စောကျော်နိုင်ပါ(၅) ဦးတို့၏ မိခင် ဒေါ်ကြူကြူက မြန်မာဓလေ့ထုံးတမ်းဥပဒေအရ ဦးစောအောင်နိုင်၏ အမွေကိုဆက်ခံမည်ဖြစ်သည်။

အယူခံတရားပြိုင်တို့၏ ရှေ့နေက မောင်စောကျော်နိုင်တို့သည် အဘိုး ဦးအောင်သင်းနှင့် အဘွား ဒေါ်စောဖြူတို့၏ အမွေကို ဆက်ခံခွင့်ရှိကြောင်း တင်ပြလျောက်ထားသည်။ အကယ်၍ သူတို့၏ ဖခင် ဦးစောအောင်နိုင်သည် မိဘတစ်ဦးဦး အရင်ကွယ်လွန်ခဲ့ပါက မောင်စောကျော်နိုင်တို့သည် အမွေမမြဲမြေးများအဖြစ်ဖြင့် ဘိုးဘွားတို့၏ အမွေကိုဆက်ခံနိုင်သည်။ ဤအမှုတွင် သူတို့သည် အမွေမမြဲမြေးများမဟုတ်သောကြောင့် ဘိုးဘွားတို့၏အမွေကို မြေးများ

---

* ၁၉၀၂ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၆၁

† ၁၉၇၇ ခုနှစ်၊တရားမကြီးမှုအမှတ် ၃၁ (အရှေ့မြောက်)တွင် ချမှတ်သော (၃၀-၈-၀၂) နေ့စွဲပါ မန္တလေးတိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

၁၉၀၄ မောင်စောကျော်နိုင်ပါ (၁) နှင့် ဒေါ်စောသိဂီပါ (၄)

အဖြစ်ဖြင့် ဆက်ခံခွင့်မရှိချေ။ အထက်တွင် သုံးသပ်ခဲ့သည့်အတိုင်း ဦးအောင်သင်းတို့၏အမွေတွင် သား ဦးစောအောင်နိုင်ရခွင့်သည် သူ ကွယ်လွန်သော အခါ သူ၏ဇနီးအပေါ် သက်ဆင်းသည်။ ၎င်အခြေအနေတွင် မူလရုံးတရားလို ဒေါ်စောသိဂီသည် အမွေဆိုင်တစ်ဦးဖြစ်သည့် ဒေါ်ကြူကြူအား အမှုတွင် အမှုသည်တစ်ဦးအဖြစ် ထည့်သွင်းမထားသည်ကတကြောင်း၊ အမွေဆိုင်ပစ္စည်းများမှာ ဒေါ်ကြူကြူလက်ရှိဖြစ်နေသဖြင့် အမှုတွင် ဒေါ်ကြူကြူမပါဝင်ထိရောက်သော ဒီကရီမချမှတ်နိုင်သည်က တကြောင်းကြောင့် ဒေါ်စောသိဂီစွဲဆိုသော အမှုမှာ အောင်မြင်ရန်အကြောင်းမရှိပေ။

အယူခံတရားလိုများအတွက် — ဦးတင်အောင်၊ ဗဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင်များအတွက် — ဒေါ်ခင်မြမြဝင်း၊ ဗဟိုတရားရုံးရှေ့နေ

မြန်မာဗုဒ္ဓဘာသာဝင်များဖြစ်ကြသော ဦးအောင်သင်းနှင့် ဇနီး ဒေါ်စောဖြူတို့ အမှုမစွဲဆိုမီ ၁၂ နှစ်နှင့် ၁၇ နှစ်ခန့်က အသီးသီး ကွယ်လွန်ကြသောအခါ သား ဦးစောအောင်နိုင်၊ သမီး ဒေါ်စောသိဂီနှင့် ဒေါ်စောကလျာတို့ ကျန်ရစ်သည်။ ထို့နောက် ဦးစောအောင်နိုင်သည် ၁၉၇၆ ခုနှစ်တွင် ကွယ်လွန်သောအခါ ပထမဇနီးနှင့်ရသော သား မောင်သက်နိုင်၊ မောင်မြတ်နိုင်နှင့်ဒုတိယဇနီးနှင့်ရသော သားသမီးများ ဖြစ်ကြသည့် မောင်စောကျော်နိုင်၊ မစောစန္ဒာနိုင်၊ မောင်စောဝဏ္ဏ၊ မစောကေသီနိုင်နှင့် မောင်စောလှဖြူတို့ ကျန်ရစ်ခဲ့သည်။ ဒေါ်စောသိဂီက ညီမဒေါ်စောကလျာနှင့် အစ်ကိုဦးစောအောင်နိုင်၏ သားသမီးများအပေါ် မန္တလေးမြို့၊ မဟာဇေယျာဘုံရပ်ကွက်၊ အကွက်အမှတ် ၇၉၃၊ဦးပိုင်အမှတ် ၁၁ စာရင်းပေါက်သောမြေနှင့် ထိုမြေပေါ်ရှိအဆောက်အအုံမှာ မိဘများဖြစ်ကြသည့် ဦးအောင်သင်းနှင့် ဒေါ်စောဖြူတို့ကျန်ရစ်ခဲ့သော အမွေပစ္စည်းများဖြစ်သည်ဟုဆိုကာ ထိုပစ္စည်းများကို စီမံခန့်ခွဲပေးရန် မန္တလေးတိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၃၁/၇၇ တွင် တရားစွဲဆိုရာ စွဲဆိုသည့်အတိုင်း ပဏာမဒီကရီရရှိသောကြောင့် တရားပြိုင်များအနက် ဦးစောအောင်နိုင်၏ ဒုတိယဇနီးနှင့်ရသော သားသမီးများဖြစ်ကြသည့် မောင်စောကျော်နိုင်တို့က ဗဟိုတရားရုံးတွင် ၎င်အယူခံကိုတင်သွင်းသည်။

ဒေါ်စောကလျာ၊ မောင်သက်နိုင်နှင့်မောင်မြတ်နိုင်တို့က အမှုတွင် ဖြောင့်ဆိုဝန်ခံသည်။ မောင်စောကျော်နိုင်တို့ကမူ အချင်းဖြစ်ပစ္စည်းမှာ ဦးအောင်သင်းတို့ပိုင်မဟုတ်ကြောင်း၊ မိမိတို့၏မိခင် ဒေါ်ကြူကြူအား အမှုသည်အဖြစ် ထည့်သွင်းခြင်း မပြုခြင်းမှာ မှားယွင်းကြောင်းအဓိကအားဖြင့် ထုချေသည်။

၁၉၀၄ မောင်စောကျော်နိုင်ပါ (၅) နှင့် ဒေါ်စောသိမ်ပါ (၄)

တိုင်းတရားရုံးက ငြင်းချက်များထုတ်နုတ်ကြားနာခဲ့ရာ အဓိကငြင်းချက်မှာ အောက်ပါအတိုင်းဖြစ်သည် –

> "တရားလိုနှင့် တရားပြိုင်အားလုံးတို့သည် ကွယ်လွန်သူ ဦးအောင်သင်းနှင့် ဇနီး ဒေါ်စောဖြူတို့၏ အမွေစား အမွေခံ အမွေဆိုင်များဖြစ်ကြသည်ဆိုခြင်းမှာ မှန်ပါသလား"

အဆိုအပိုဒ် ၃ တွင် အောက်ပါအတိုင်းဖော်ပြထားသည် –

> "ဦးအောင်သင်းနှင့် ဇနီးတို့သည် သားဖြစ်သူ ဦးစောအောင်နိုင်ထက် ပထမဦးစွာ ကွယ်လွန်အနိစ္စရောက်ခဲ့ကြပြီး ဦးစောအောင်နိုင်သည် ၁၉၇၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်နေ့၌ ရုတ်တရက် ကွယ်လွန်အနိစ္စရောက်ခဲ့ပါသည်။ ဦးစောအောင်နိုင်တွင် သားသမီး ၇ ဦး ကျန်ရစ်ခဲ့ပါသည်။ (တရားပြိုင်များအဖြစ် ထည့်သွင်းတရားစွဲဆိုထားပါသည်)"

အဆိုလွှာအပိုဒ် ၁ ပါအဆိုပြုချက်များအရ ဦးအောင်သင်းတို့မှာ မြန်မာမုဒ္ဓဘာသာများဖြစ်ကြသည့်အလျောက် သူတို့ ကွယ်လွန်သောအခါ သူတို့၏ အမွေကို သား ဦးစောအောင်နိုင်၊ သမီး ဒေါ်စောသိမ်(မူလရုံးတရားလို)နှင့် ဒေါ်စောကလျာ(မူလရုံးတရားပြိုင်)တို့က ဆက်ခံကြမည်ဖြစ်သည်။ ဦးစောအောင်နိုင် ကွယ်လွန်သောအခါ အယူခံတရားလို မောင်စောကျော်နိုင်ပါ ၅ ဦးတို့၏ မိခင် ဒေါ်ကြူကြူက မြန်မာဓလေ့ထုံးတမ်းဥပဒေအရ ဦးစောအောင်နိုင်၏ အမွေကိုဆက်ခံမည်ဖြစ်သည်။

အယူခံတရားပြိုင်တို့၏ ရှေ့နေက မောင်စောကျော်နိုင်တို့သည် အဘိုးဦးအောင်သင်းနှင့် အဘွား ဒေါ်စောဖြူတို့၏အမွေကို ဆက်ခံခွင့်ရှိကြောင်း တင်ပြလျှောက်ထားသည်။ အကယ်၍ သူတို့၏ဖခင် ဦးစောအောင်နိုင်သည် မိဘတစ်ဦးဦး အရင်ကွယ်လွန်ခဲ့ပါက မောင်စောကျော်နိုင်တို့သည် အမွေမမြဲများအဖြစ်ဖြင့် ဘိုးဘွားတို့၏ အမွေကို ဆက်ခံနိုင်သည်။ ဤအမှုတွင် သူတို့သည် အမွေမမြဲများမဟုတ်သောကြောင့် ဘိုးဘွားတို့၏အမွေကို မြေးများအဖြစ်ဖြင့် ဆက်ခံခွင့်မရှိချေ။ အထက်တွင် သုံးသပ်ခဲ့သည့်အတိုင်း ဦးအောင်သင်းတို့၏ အမွေတွင် သား ဦးစောအောင်နိုင်ရခွင့်သည် သူကွယ်လွန်သောအခါ သူ၏ဇနီးအပေါ်သက်ဆင်းသည်။ ဤအခြေအနေတွင် မူလရုံးတရားလို ဒေါ်စောသိမ်သည် အမွေဆိုင်တစ်ဦးဖြစ်သည့် ဒေါ်ကြူကြူအား အမှုတွင် အမှုသည်တစ်ဦးအဖြစ် ထည့်သွင်းမထားသည်က တကြောင်း၊ အမွေဆိုင်

၁၉၀၄ မောင်စော ကျော်နိုင်ပါ (၅) နှင့် ခင်စောသိမ်းပါ (၄)

ပစ္စည်းများမှာ ဒေါ်ကြူကြူလက်ရှိဖြစ်နေသဖြင့် အမှုတွင် ဒေါ်ကြူကြူမပါဝဲထိရောက်သော ဒီကရီမချမှတ်နိုင်သည်က တကြောင်းကြောင့် ဒေါ်စောသိမ်းစွဲဆိုသောအမှုမှာ အောင်မြင်ရန် အကြောင်းမရှိပေ။

ထို့ကြောင့် ၎အယူခံကိုခွင့်ပြု၍ တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ပြီး ဒေါ်စောသိမ်းစွဲဆိုသောအမှုကို တရားရုံးအဆင့်ဆင့်စရိတ်နှင့်တကွ ပလပ်လိုက်သည်။ ရှေ့နေခကို ကျပ် ၁၀၀/–ဟု သတ်မှတ်သည်။

တရားမ ပထမ အယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးအေးမောင်၊ အဖွဲဝင်များအဖြစ် ဦးလှဘုန်းနှင့်ဦးခင်ဇာမုံ တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

†၁၉၀၄
ဩဂုတ်လ
၂၃ ရက်

ဦးစိုးပါ (၃)

နှင့်

ဦးဉာဏ်ပါ (၄)*

ကာလစည်းကမ်းသတ်ဥပဒေ ပထမဇယားအမှတ်စဉ် ၁၄၄ – တရားလို ဖြစ်သူက မရွှေ့မပြောင်းနိုင်သည့် ပစ္စည်း သို့မဟုတ် ပစ္စည်း၏ အကျိုးခံစားခွင့်ကို ရလိုကြောင်း တရားစွဲဆိုလျှင် တရားပြိုင်ဖြစ်သူ လက်ရှိဖြစ်ခြင်းသည် တရားလိုနှင့် ဆန့်ကျင်လာသည့် အချိန်မှစ၍ (၁၂) နှစ်အတွင်း တရားစွဲဆိုရန်လိုခြင်း–နယ်နိမိတ်ချင်းဆက်လျက် ရှိသောမြေကို ဆန့်ကျင် လက်ဝယ်ထားရှိခြင်း။

ဆုံးဖြတ်ချက်။ ။ကာလစည်းကမ်းသတ်အက်ဥပဒေပထမဇယားအမှတ်စဉ် ၁၄၄ အရဆိုလျှင် တရားလိုဖြစ်သူသည် မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းကို ဖြစ်စေ၊ ထိုပစ္စည်း၏ အကျိုးခံစားခွင့်ကိုဖြစ်စေ၊ ရလိုကြောင်း စွဲဆိုရာတွင် တရားပြိုင်ဖြစ်သူ လက်ရှိဖြစ်ခြင်းသည် တရားလိုနှင့် ဆန့်ကျင်လာသည့်အချိန်မှစ၍ (၁၂) နှစ်အတွင်း တရားစွဲဆိုရပေမည်။

ထပ်မံဆုံးဖြတ်ချက်။ ။ဤအမှုတွင် ဦးဉာဏ်တို့သည် နယ်နိမိတ်ချင်းဆက်စပ်လျက်ရှိသော ဦးစိုးတို့မြေတွင် ၁၉၅၄ ခုနှစ်ခန့်က ကျူးကျော်ပြီး ဝင်းထရံခတ်ခဲ့ခြင်း၊ ၁၉၆၃ ခုနှစ် ခန့်က ရေကန်တူးခဲ့ခြင်းတို့ကို ပြုလုပ်ခဲ့ကြောင်း၊ ဦးဉာဏ်၊ ဦးအေးမောင် (ပြိုင်ပြ–၁)၊ ဦးခင်မောင် (ပြိုင်ပြ–၂) နှင့် ဦးချစ်မောင် (ပြိုင်ပြ–၃) တို့၏ ထွက်ချက်များအရ ပေါ်ပေါက်သည်။ ဦးစိုးတို့ မြေဝယ်ယူသည့်နှစ်မှာ ၁၉၆၅ ခုနှစ် ဖြစ်သည်။ ထို့ကြောင့် ဦးစိုးတို့ မြေမဝယ်မီ ယခင်ပိုင်ရှင်လက်ထက်ကပင် ဦးဉာဏ်တို့က ဝင်းထရံကာရံခဲ့သည်မှာ ၂၀ နှစ်ခန့်ကြာခဲ့ပြီဖြစ်ကြောင်း ပေါ်ပေါက်နေပေသည်။

---

* ၁၉၀၂ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၇၉

† ၁၉၀၀ ခုနှစ်၊တရားမကြီးမှုအမှတ်၁၀၀ တွင် ချမှတ်သော (၁၄-၁၀-၀၂) နေ့စွဲပါ မန္တလေးတိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

၁၉၀၄
ဦးစိုးပါ (၃) နှင့် ဦးဥာဏ်ပါ (၄)

တိုင်းတရားရုံးက စီရင်ချက်တွင် နယ်နိမိတ်ချင်း ဆက်လျက်ရှိသောမြေများတွင် သူတပါးမြေကို မိမိပိုင်မြေ ဖြစ်သည်ဟု မှားယွင်းယူဆလျက်ဖြစ်စေ၊ သို့တည်းမဟုတ် မပိုင်မှန်းသိလျက်နှင့်ဖြစ်စေ၊ သို့တည်းမဟုတ် တမင် ကျူးကျော်လိုသည့် ဆန္ဒနှင့်ဖြစ်စေ၊ မိမိပိုင်မြေအဖြစ် လက်ရှိအသုံးချခဲ့လျှင် ထိုသူသည် ပိုင်ရှင်အား ဆန့်ကျင်လျက် လက်ရှိထားခဲ့သည်ဟု ယူဆရမည်ဖြစ်သည်ဟု သုံးသပ်လျက် ကာလ စည်းကမ်းသတ်ဥပဒေ ပထမဇယား အမှတ်စဉ် ၁၄၄ အရ တရားပြိုင်များက ဆန့်ကျင်ဘက် လက်ရှိထားပိုင်ခွင့် ရှိသည်ဟု ဆုံးဖြတ်ခဲ့ခြင်းမှာ မှားသည်ဟု မဆိုနိုင်ချေ။

အယူခံတရားလိုများအတွက် — ဦးညွှန့်မြိုင်၊ ဗဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင်များအတွက် — ဦးမြစိန်၊ ဗဟိုတရားရုံးရှေ့နေ

ဦးစိုး၊ ဒေါ်နှင်းရီနှင့် ကိုမြင့်သိန်းတို့က ဦးဥာဏ်၊ ဒေါ်ခင်စန်းအုန်း၊ ဒေါ်စောခင်နှင့် ဦးတင့်ဆွေတို့အပေါ် သူတို့ပိုင်သော မြေပေါ်တွင် ကျူးကျော်ဆောက်လုပ်ထားသော အုတ်တံတိုင်းနှင့် ရေကန်တို့ကို ဖျက်သိမ်း၍ မြေကို လက်ရောက် ပေးအပ်ရန် မန္တလေးတိုင်းတရားရုံး၊ တရားမကြီးမှု အမှတ် ၁၀၈/၈၀ တွင် စွဲဆိုရာ ပလပ်ခြင်းခံရသဖြင့် ဗဟိုတရားရုံးသို့ ဤတရားမ ပထမအယူခံမှုကို တင်းသွင်းသည်။

ဦးစိုးတို့က မန္တလေးမြို့၊ အနောက်မြောက်မြို့နယ်၊ မေဆလီရိရပ်၊ အကွက်နံပါတ် ၁၄၀၊ ဦးပိုင် အမှတ် ၂၄(ခ)ရှိ မြေနှင့် အဆောက်အဦကို မိမိတို့ပိုင်ကြောင်း၊ ဦးဥာဏ်တို့က သူတို့ပိုင်မြေပေါ်သို့ ကျူးကျော်ပြီး ရေကန်တူးဖော်ခြင်း၊ အုတ်တံတိုင်းကာရံခြင်း၊ ပြုသဖြင့် ရပ်ကွက်ကောင်စီရုံးသို့ တိုင်ကြားသည့်အခါ ရပ်ကွက်ကောင်စီမှ ၁၀–၁၁–၈၀ ရက်နေ့တွင် ခေါ်ယူညှိနှိုင်းပေးသော်လည်း မရကြောင်း အဆိုပြုလျက် အချင်းဖြစ်မြေပေါ်မှ အုတ်တံတိုင်းနှင့် ရေကန်တို့ကို ဖယ်ရှားပြီး မြေကို လက်ရောက်ပေးအပ်ရန် စွဲဆိုခြင်းဖြစ်သည်။

ဦးဥာဏ်တို့က အချင်းဖြစ် ဦးပိုင်အမှတ် ၂၄(ခ) မှာ ဒေါ်လှဆိုသူက သူတို့၏မိခင်ဒေါ်စောခင်တို့ထံ ကြွေးနှင့်ခုန်မိပြီး စာချုပ်ဖြင့် လွှဲအပ်ခဲ့ကြောင်း၊ ထို့ကြောင့် သူတို့က ပိုင်ရေးပိုင်ခွင့်အရ အုတ်တံတိုင်းကို ၁၉၅၁ ခုနှစ်က ဆောက်လုပ်ပြီးရေကန်ကို ၁၉၆၂ ခုနှစ်ကဆောက်လုပ်ခဲ့ကြောင်း၊ တရားစွဲဆိုရန် အကြောင်းခြင်းရာ မပေါ်ပေါက်ကြောင်း၊ အကယ်၍ ပေါ်ပေါက်ပါကလည်း မိမိတို့သည် ဆန့်ကျင်ပိုင်ဆိုင်ခဲ့သည်မှာ နှစ်ပေါင်းကြာမြင့်ပြီဖြစ်၍ တရားစွဲဆိုခွင့် မရှိတော့ကြောင်း ထုချေသည်။

၁၉၀၄ ဦးစိုးပါ (၃) နှင့် ဦးဥာဏ်ပါ (၄)

တိုင်းတရားရုံးက ထုတ်ခဲ့သော ငြင်းချက်များအနက် အဓိက ကျသော ငြင်းချက် (၂) ချက်မှာ အောက်ပါအတိုင်းဖြစ်သည် –

"(၁) အချင်းဖြစ် အကွက်နံပါတ် ၁၄၀၊ ဦးပိုင်အမှတ် ၂၄ (ခ) မြေသည် တရားလို (ဦးစိုးပါ ၃) တို့ တရားဝင် ပိုင်ဆိုင်သော မြေဖြစ်သည်ဆိုသည်မှာ မှန်သလား။

(၂) တရားပြိုင်တို့သည် အုတ်တံတိုင်းနှင့် ရေကန်ကို ဆောက်လုပ်ခဲ့သည်မှာ ၁၂ နှစ်ကျော်ပြီဖြစ်၍ ဆန့်ကျင်ဘက် ပိုင် ဆိုင် ခွင့် ရှိသည်ဆိုသည်မှာ မှန်သလား။"

တိုင်းတရားရုံးက အမှုကို ကြားနာစစ်ဆေးပြီး အမှုမှာ စည်းကမ်းသတ် ကာလ ကျော်လွန်နေပြီဖြစ်ကြောင်း သုံးသပ်၍ ဦးစိုးတို့ စွဲဆိုသည့် အမှုကို ပလပ် ခဲ့သည်။

ဦးစိုးတို့က အယူခံတင်သွင်းရာတွင် ၅–၁၁–၈၀ ရက်နေ့၌ မြေကိုတိုင်း တာကြည့်ရာ၌ ရှေ့မျက်နှာစာ ၁၁ ပေနှင့် နောက်ကျောဘက်က ၇ ပေ ကျူး ကျော်နေသည်ကို တွေ့ရသောကြောင့် ၅–၁၁–၈၀ နေ့မှစ၍ စည်းကမ်းသတ် ကာလကို ရေတွက်ရမည်ဖြစ်ကြောင်း၊ ယင်းအချက်ကို တိုင်းတရားရုံးက ထည့် သွင်း စဉ်း စား ခြင်း မပြုသည်မှာ မှားယွင်းကြောင်းဖြင့် အ ဓိ က တင် ပြသည်။

ဦးစိုးနှင့် ဒေါ်နှင်းရီတို့က ဦးပိုင်အမှတ် ၂၄ (ခ) အမည်ပေါက်သည့် မြေကို မူလပိုင်ရှင် ဒေါ်စိန်နှင့် မာဂရက် (ခ) ဒေါ်မြသွင်တို့ထံမှ အဖိုးငွေ ၅၀၀/–ကျပ်ဖြင့် ၆၁-၆၅ ရက်နေ့က ဝယ်ယူပြီး နေထိုင်ခဲ့ကြောင်း ထွက်ဆို သည်။ ယင်းထွက်ဆိုချက်ကို ပါတီစိတ်မှူး ဦးသောင်းရွှေ (လိုပြ–၁) နှင့် မာဂရက် (ခ) ဒေါ်မြသွင် (လိုပြ–၃) တို့က ထောက်ခံထွက်ဆိုသည်။ ဦးစိုး က ၁၉၈၀ ပြည့်နှစ်၊ အောက်တိုဘာလခန့်က သူတို့ ဝယ်ယူထားသည့် မြေပေါ်သို့ ဦးဥာဏ်တို့မှာ ကျူးကျော်ပြီး အုတ်တံတိုင်းဆောက်၍ ရေကန် တူးခဲ့ကြသဖြင့် တားမြစ်ခဲ့သော်လည်း လိုက်နာခြင်းမရှိကြောင်း၊ ထို့ကြောင့် မြို့နယ် ပြည်သူ့ ကောင်စီဝင် ဦးစိုးသန်း (လိုပြ–၂) နှင့် ပါတီစိတ်မှူး ဦးသောင်းရွှေ (လိုပြ–၁) တို့ထံ တိုင်တန်းခဲ့သောကြောင့် ဦးစိုးသန်းတို့က ၅-၁၁-၈၀ ရက်နေ့၌ မြေတိုင်းအဖွဲ့ကို ဖွဲ့၍တိုင်းတာစေခဲ့ကြောင်း၊ ဦးဥာဏ် တို့က ဦးပိုင်အမှတ် ၂၄ (ခ) မြေ၏ အရှေ့ဘက်မျက်နှာစာတွင် ၁၁ ပေ၊ အနောက်ဘက် ၇ ပေ ကျူးကျော်ပြီး အုတ်တံတိုင်းနှင့် ရေကန် ဆောက်လုပ် ခဲ့ကြောင်း ထွက်ဆိုထားသည်ကို ဦးသောင်းရွှေ (လိုပြ–၁) နှင့် ဦးစိုးသန်း

၁၉၀၄ ဦးစိုးပါ(၃) နှင့် ဦးဥာဏ်ပါ (၄)

(လိုပြ–၂)တို့က ထောက်ခံထွက်ဆိုသည်။ သို့ရာတွင် ဦးစိုးက ပြန်လှန်စစ်မေးချက်တွင် ''ရေကန်မှာ ၁၉၆၃ ခုနှစ်လောက်က ဆောက်ခြင်းဖြစ်ကြောင်း သိပါသည် × × × ကျွန်တော့အိမ်နှင့် တရားပြိုင်တို့၏ အိမ်ဝင်းများကို ပိုင်းခြားထားသော ဝင်းထရံဆိုသည်မှာ ၁၉၅၄ ခုနှစ်ခန့်က စတင်၍ ခတ်ထားသော ဝင်းထရံဆိုသည်မှာ မှန်ပါသည် × × × တရားပြိုင်တို့ အုတ်တံတိုင်းလုပ်သည်ဆိုသော နေရာမှာ ယခင်က ပြုလုပ်ထားသော ဝင်ထရံဟောင်းနေရာတွင် ပြုလုပ်ခြင်းဖြစ်သည်ဆိုတာ မှန်ပါသည်'' ဟု ထွက်ဆိုထားသည်။ ထို့ကြောင့် ဦးဥာဏ်တို့သည် အချင်းမြစ်မိ ၂၀ နှစ်ခန့်ကပင် သူတို့ ဝင်းထရံခတ်ထားသည့်နေရာ၌ပင် အုတ်တံတိုင်း ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း ထင်ရှားနေပေသည်။ တဖန် အချင်းမြစ်မိ ၁၀ နှစ်ခန့်က ဦးဥာဏ်တို့သည် ရေကန်တူးခဲ့ကြခြင်းဖြစ်သည်။ ဦးဥာဏ်တို့ အနေဖြင့် သူတို့တွင် ပိုင်ရေးပိုင်ခွင့်ရှိသည်ဟု ယုံကြည်သော မြေပေါ်တွင် အုတ်တံတိုင်းနှင့် ရေကန် ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်ဟုသာ မှတ်ယူရပေမည်။

ကာလစည်းကမ်းသတ် အက်ဥပဒေ ပထမဇယား အမှတ်စဉ် ၁၄၄ အရ ဆိုလျှင် တရားလိုဖြစ်သူသည် မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းကိုဖြစ်စေ၊ ထိုပစ္စည်း၏ အကျိုးခံစားခွင့်ကိုဖြစ်စေ၊ ရလိုကြောင်း စွဲဆိုရာတွင် တရားပြိုင်ဖြစ်သူ လက်ရှိဖြစ်ခြင်းသည် တရားလိုနှင့် ဆန့်ကျင်လာသည့်အချိန်မှစ၍ (၁၂)နှစ် အတွင်း တရားစွဲဆိုရပေမည်။

၎င်အမှုတွင် ဦးဥာဏ်တို့သည် နယ်နိမိတ်ချင်းဆက်စပ်လျက်ရှိသော ဦးစိုးတို့မြေတွင် ၁၉၅၄ ခုနှစ်ခန့်က ကျူးကျော်ပြီး ဝင်ထရံခတ်ခဲ့ခြင်း၊ ၁၉၆၃ ခုနှစ်ခန့်က ရေကန်တူးခဲ့ခြင်းတို့ကို ပြုလုပ်ခဲ့ကြောင်း၊ ဦးဥာဏ်၊ ဦးအေးမောင် (ပြိုင်ပြ–၁)၊ ဦးခင်မောင် (ပြိုင်ပြ–၂) နှင့် ဦးချစ်မောင် (ပြိုင်ပြ–၃) တို့၏ ထွက်ချက်များအရ ပေါ်ပေါက်သည်။ ဦးစိုးတို့ မြေဝယ်ယူသည့်နှစ်မှာ ၁၉၆၅ ခုနှစ် ဖြစ်သည်။ ထို့ကြောင့် ဦးစိုးတို့မြေကို မဝယ်မီ ယခင်ပိုင်ရှင် လက်ထက်ကပင် ဦးဥာဏ်တို့က ဝင်းထရံကာရံခဲ့သည်မှာ ၂၀ နှစ်ခန့် ကြာခဲ့ပြီဖြစ်ကြောင်း ပေါ်ပေါက်နေပေသည်။

တိုင်းတရားရုံးက စီရင်ချက်တွင် နယ်နိမိတ် ဆက်စပ်လျက်ရှိသော မြေများတွင် သူတပါးမြေကို မိမိပိုင်မြေ ဖြစ်သည်ဟု မှာယွင်း ယူဆလျက်ဖြစ်စေ၊ သို့တည်းမဟုတ် မပိုင်မှန်းသိလျက်နှင့်ဖြစ်စေ၊ သို့တည်းမဟုတ် တမင်ကျူးကျော်လိုသည့်ဆန္ဒနှင့်ဖြစ်စေ မိမိပိုင်မြေအဖြစ်လက်ရှိအသုံးချခဲ့လျှင် ထိုသူသည် ပိုင်ရှင်အားဆန့်ကျင်လျက်လက်ရှိထားခဲ့သည်ဟုယူဆရမည်ဖြစ်သည်ဟု သုံးသပ်လျက်

ကာလစည်းကမ်းသတ် ဥပဒေ ပထမဇယား အမှတ်စဉ် ၁၄၄ အရ တရားပြိုင်များက ဆန့်ကျင်ဘက် လက်ရှိထားဝိုင်ခွင့် ရှိသည်ဟု ဆုံးဖြတ်ခဲ့ခြင်းမှာ မှားသည်ဟု မဆိုနိုင်ချေ။ ၁၉၀၄ ဦးစိုးပါ(၃) နှင့် ဦးဥာဏ်ပါ (၄)

ထို့ကြောင့် တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အတည်ပြုပြီး၊ ဤအယူခံကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေခ ကျပ် ၁၀/–သတ်မှတ်သည်။

တရားမ ဒုတိယ အယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးအေးမောင်၊အဖွဲ့ဝင်များအဖြစ် ဦးလှဘုန်းနှင့် ဦးခင်ဇာမုံ တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဒေါ်တင်ပါ (၄)
နှင့်
ဦးထွန်းညွန့်ပါ (၃) *

†၁၉၇၄
စက်တင်ဘာ
၂၀ရက်

တရားမကျင့်ထုံး ဥပဒေ ပုဒ်မ ၁၀၀ — မူလ မြို့နယ်တရားရုံးနှင့် ပထမ အယူခံတိုင်းတရားရုံးတို့က တညီတညွတ်တည်း ဆုံးဖြတ်ထားပြီး ဖြစ်သည့်အကြောင်းခြင်းရာ ပြဿနာကို ဒုတိယအယူခံမှုတွင် တင်ပြခွင့်မရှိခြင်း။

ဆုံးဖြတ်ချက်။ ။အချင်းဖြစ်ဥပစာတွင် ရေချိုကုန်များ သိုလှောင်ခဲ့သည့် အတွက် အနှံ့အသက်များထွက်ပြီး၊ အိမ်နားနီးချင်းများအား စိတ်အနှောင့် အယှက် ဖြစ်ပေါ်စေသည့်အပြင် အချင်းဖြစ်ဥပစာ၏ တန်ဖိုးကို ယုတ်လျော့ စေခဲ့ကြောင်း၊ အိမ်ရှင် ဦးထွန်းညွန့်တို့၏ ခွင့်ပြုချက်မရဲ့ ဥပစာ၏မျက်နှာစာ ရှေ့ပိုင်းနှင့် နောက်ပိုင်းတို့တွင် အဖိများ ကျူးကျော်ဆောက်လုပ်ထားသဖြင့် ဦးချစ်ဖတို့သည် ပုဒ်မ ၁၂(၁) (ဂ)ပါ ပြဋ္ဌာန်းချက်များကို ချိုးဖောက်ခဲ့ ကြောင်း၊မြို့နယ်တရားရုံးနှင့်ပထမအယူခံတိုင်းတရားရုံးတို့ကအကြောင်းပြင်းရာ အချက်များအပေါ် တသဘောတည်း သုံးသပ်ထားပြီး ဖြစ်သောကြောင့် ယင်းအကြောင်းခြင်းရာများအပေါ် တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၁၀၀ အရ တင်သွင်းသည့် ဤဒုတိယအယူခံမှုတွင် ထပ်မံ တင်ပြနိုင်ခွင့်မရှိချေ။

အယူခံတရားလိုများအတွက်— ဦးထွန်းအောင်ကျော်၊ ဗဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင်များအတွက်— ဦးသိန်းထွန်း၊ ဗဟိုတရားရုံးရှေ့နေ

မန္တလေး အနောက်တောင်မြို့နယ်တရားရုံး၊ တရားမကြီးမှု အမှတ် ၅/၁၀ တွင် အယူခံ တရားပြိုင်များ ဖြစ်ကြသည့် ဦးထွန်းညွန့်၊ ဒေါ်သက်စုနှင့် ဦးအောင်ကျော်ထွန်းတို့က တရားလိုပြုလုပ်၍ ဦးချစ်ဖ၊ဒေါ်တင်၊ကိုမောင်လှနှင့်

---

* ၁၉၇၃ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ် ၄၉

† ၁၉၇၃ ခုနှစ်၊ တရားမ ပထမအယူခံမှုအမှတ် ၅၂ တွင် ချမှတ်သော (၉-၅-၇၃) နေ့စွဲပါမန္တလေးတိုင်းတရားရုံး၏စီရင်ချက်နှင့်ဒီကရီကိုအယူခံမှု။

မဲခင်မာရီတို့အပေါ် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ဌားရမ်းခကြီးကြပ်ရေး အက်ဥဒေ ပုဒ်မ ၁၂(၁)(က)နှင့်(၇)တို့အရ အချင်းဖြစ်နေအိမ်မှ နှင်လိုမှု စွဲဆိုသည်။ အမှုစွဲဆိုစဉ် အတောအတွင်း ဦးချစ်ဇ ကွယ်လွန်ခဲ့သောကြောင့် ဒေါ်တင်အား ဦးချစ်ဇ၏ တရားဝင်ကိုယ်စားလှယ်အဖြစ် ထည့်သွင်းခဲ့သည်။ မြို့နယ်တရားရုံးက အမှုကို ကြားနာစစ်ဆေးပြီး ဦးထွန်းညွန့်တို့ စွဲဆိုသည့် အတိုင်း အနိုင်ဒီကရီ ချမှတ်ပေးခဲ့သည်။ ဒေါ်တင်တို့က မြို့နယ်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို မကျေနပ်သည့်အတွက် မန္တလေးတိုင်းတရားရုံး၌ အယူခံဝင်ရာ မအောင်မြင်သောကြောင့် ဗဟိုတရားရုံးတွင် ဤတရားမ ဒုတိယအယူခံမှုကို တင်သွင်းသည်။

၁၉၀၄ ဒေါ်တင်ပါ (၄) နှင့် ဦးထွန်းညွန့် ပါ(၃)

ဦးထွန်းညွန့်တို့ (၃)ဦးက အဆိုလွှာတွင် မိမိတို့ပိုင် အချင်းဖြစ်အဆောက်အအုံကို ဦးချစ်ဖတို့ (၄) ဦးအား တစ်လလျှင် ငွေကျပ် ၁၀၀/-နှုန်းဖြင့် အင်္ဂလိပ် လဆန်း ၁၃ ရက်နေ့မှစ၍ ဌားရမ်းခဲ့ကြောင်း၊ ဦးချစ်ဖတို့သည် ၁၂-၁-၇၉ နေ့မှစ၍ ၁၂-၁-၈၀ ရက်နေ့အထိ ၁၂ လ အတွက် ဌားရမ်းခ ငွေကျပ် ၁၂၀၀/-ကိုမပေးဝဲနေခဲ့သည့်အပြင် အချင်းဖြစ်အဆောက်အအုံကို ရေချိုကုန်များဖြစ်သည့် ငါးပိ၊ ငါးခြောက်၊ ငံပြာရည် စသည့်ကုန်များကို သိုလှောင်ရန် ဂိုဒေါင်အဖြစ် အသုံးပြုနေသောကြောင့် အချင်းဖြစ်ဥပစာကို ညစ်ညမ်းစေသည့်အပြင် အိမ်နီးနားချင်းတို့မှာလည်း ရေချိုကုန်မှ ထွက်ပေါ်သည့် အနံ့အသက်များကြောင့် စိတ်အနှောင့်အယှက် ဖြစ်စေခဲ့ကြောင်း၊ ဦးချစ်ဖတို့သည် ခွင့်ပြုချက်မရဘဲ ဥပစာ၏ရှေ့နှင့် နောက်ဘက်တို့၌ အဖီများ ဆောက်လုပ်ခဲ့ကြောင်း၊ အကြောင်းကြားစာ ပေးပို့ပြီး ထွက်ခွာသွားရန် ပြောသော်လည်း ဖယ်ရှားပေးခြင်းမပြုကြောင်း စသည်ဖြင့် အဆိုပြုလျက် ဦးချစ်ဖတို့ (၄)ဦးအပေါ် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာဌားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁) (က) နှင့် (၇) တို့အရ နှင်လိုမှု စွဲဆိုခြင်းဖြစ်သည်။

ဦးချစ်ဖတို့က ဌားရမ်းခများကို ပေးသော်လည်း ဦးထွန်းညွန့်တို့က လက်ခံခဲ့ခြင်း မရှိသည့် အတွက် ဌားရမ်းခကြီးကြပ်ရေးဝန်ထံ ဌားရမ်းများကို ပေးသွင်းရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ အချင်းဖြစ်ဥပစာ၌ ရေချိုကုန်များ သိုလှောင်သည်ဆိုခြင်းမှာ မမှန်ကြောင်း၊ ဥပစာရှေ့တွင် အဆောက်အအုံ ကျူးကျော်ဆောက်လုပ်ခဲ့သည် ဆိုခြင်းမှာလည်း မမှန်ကြောင်း ထုချေသည်။

မြို့နယ်တရားရုံးကခြင်းချက်ထုတ်၍ အမှုကို ကြားနာစစ်ဆေးပြီး ဦးထွန်းညွန့်တို့အား အနိုင်ဒီကရီ ချမှတ်ပေးခဲ့ခြင်းဖြစ်သည်။

၁၉၀၄ ဒေါ်တင်ပါ (၄) နှင့် ဦးထွန်းညွန့်ပါ (၃)

ဒေါ်တင်တို့က အယူခံတင်သွင်းရာတွင် မိမိတို့ ငှားရမ်းခများ ပေးသော် လည်း အိမ်ရှင်တို့က လက်ခံခြင်းမပြုပဲနေခဲ့ခြင်းသာ ဖြစ်ကြောင်း၊ အချင်းဖြစ် နေအိမ်ကို ပျက်စီးယိုယွင်းအောင် ပြုလုပ်ခဲ့ခြင်းမရှိကြောင်း၊ ယင်းအချက်များ ကို မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးက ထည့်သွင်းစဉ်းစားခြင်းမပြုခဲ့သည်မှာ မှားယွင်းကြောင်းတင်ပြကြသည်။

ဒေါ်တင်တို့၏ ချေလွှာ အပိုဒ် ၃ တွင် အောက်ပါအတိုင်း ဖော်ပြထား သည် –

> "၃။ တရားလို၏ အဆိုလွှာ အပိုဒ် ၃ ပါ စကား ရပ် များ မှာ လုံး၀ မဟုတ်မမှန်သဖြင့် ငြင်းပါသည်။ တရားပြိုင်များက ငှားရမ်းခ ငွေ ၁၂၀၀/–ကျပ်တိတိကို တရားလိုသို့ ပေးရန် ပျက်ကွက်သည်ဆို သည်မှာ မဟုတ်ပါ။ ယင်းငွေကို တရားပြိုင်များက ပေးသော်လည်း တရားလိုက လက်ခံရယူရန် ငြင်းခဲ့ပါသည်။ တရားပြိုင်များက စာတိုက်မှတဆင့်လွှဲစာဖြင့် ပေးပို့ခဲ့သည်ကိုပင် တရားလိုများကလက်ခံ ရန် ငြင်းဆန်ခဲ့ကြပါသည်။ အိမ်လခများကို တရားပြိုင်များကပေးအပ် သော်လည်း တရားလိုက လက်ခံရယူရန် ငြင်းပယ်နေသောကြောင့် တရားပြိုင်များက ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ မြို့နယ်ပြည်သူ့ကောင်စီ ငှားရမ်းခကြီး ကြပ်ရေးအဖွဲ့သို့ ငှားရမ်းခငွေများကို ပေးသွင်းရန် စီစဉ်ဆောင်ရွက်နေ ပါသည်။"

ချေလွှာအပိုဒ် ၃ တွင် ဖော်ပြထားသည့်အချက်များအရ အယူခံတရား လိုများကိုယ်တိုင်က ငှားရမ်းခကျန်ငွေကျပ် ၁၂၀၀/– ကိုပေးသွင်းရန် ကျန်ရှိ ကြောင်း ဝန်ခံထားပြီး ဖြစ်သောကြောင့် ဒေါ်တင်တို့၏ ပျက်ကွက်မှုသည် ပုဒ်မ ၁၂(၁) (က) ပါ ပြဋ္ဌာန်းချက်များနှင့် ငြိစွန်းနေပေသည်။

အချင်းဖြစ်သော ဥပစာတွင် ရေချိုကုန်များ သိုလှောင်ခဲ့သည့် အတွက် အနံ့အသက်များထွက်ပြီး၊ အိမ်နားနီးချင်းများအား စိတ်အနှောင့်အယှက် ဖြစ်ပေါ်စေသည့်အပြင် ဥပစာ၏တန်ဖိုးကို ယုတ်လျော့စေခဲ့ကြောင်း၊ အိမ်ရှင် ဦးထွန်းညွန့်တို့၏ ခွင့်ပြုချက်မရပဲ ဥပစာ၏မျက်နှာစာရှေ့ပိုင်းနှင့် နောက်ပိုင်းတို့ တွင် အဖီများကျူးကျော် ဆောက်လုပ်ထားသဖြင့် ဦးချစ်ဖတို့သည် ပုဒ်မ ၁၂(၁)(ဂ) ပါ ပြဋ္ဌာန်းချက်များကို ချိုးဖောက်ခဲ့ကြောင်း၊မြို့နယ်တရားရုံး နှင့် ပထမအယူခံ တိုင်းတရားရုံးတို့က အကြောင်းခြင်းရာအချက်များအပေါ်

၁၉၀၄
ဒေါ်တင်ပါ
(၄)
နှင့်
ဦးထွန်းညွန့်ပါ
(၃)

တသဘောတည်း သုံးသပ်ထားပြီးဖြစ်သောကြောင့် ယင်းအကြောင်းခြင်းရာများအပေါ် တရားမကျင့်ထုံး ဥပဒေပုဒ် ၁၀၀ အရ တင်သွင်းသည့် ဤဒုတိယအယူခံမှုတွင် ထပ်မံ တင်ပြနိုင်ခွင့်မရှိချေ။

ထို့ကြောင့် တိုင်းတရားရုံး၏စီရင်ချက်နှင့် ဒီကရီကိုအတည်ပြုပြီး ဤအယူခံကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေခ ကျပ် ၅၀/– သတ်မှတ်သည်။

တရားမ ပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ်ဦးလှဘုန်း၊ အဖွဲ့ဝင်များအဖြစ် ဦးခင်ဇာမုံနှင့် ဦးအေးမောင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ချွေတွင်

†၁၉၇၄ စက်တင်ဘာ ၂၀ ရက်

ဒေါ် တင် တင် ဝင်း

နှင့်

ဒေါ် သန်းကြည် ပါ(၃) *

အမွေမှုတွင် ပဏာမဒီကရီမချမီ တရားလိုသည် အမွေဆိုင်တစ်ဦး ဟုတ်မဟုတ်၊ စီမံခန့်ခွဲရန် ပစ္စည်း ရှိမရှိ၊ ဝေစုမည်မျှရထိုက်သည်စသည်များကို ဦးစွာစိစစ်ရန်လိုခြင်း။

ဆုံးဖြတ်ချက်။ ။အမွေမှုတွင် ပဏာမဒီကရီ မချမှတ်မီ တရားလိုသည် အမွေဆိုင်တစ်ဦး ဟုတ်မဟုတ်၊ စီမံခန့်ခွဲရန်ပစ္စည်း ရှိမရှိ၊ ရှိလျှင် တရားလိုသည် အမွေပစ္စည်းများတွင် ဝေစုမည်မျှရထိုက်သည်ကိုသာ စိစစ်ဆုံးဖြတ်ရန်လိုသည်။ အမွေပစ္စည်းများစာရင်းကောက်ယူရန်ကိစ္စကို ပဏာမဒီကရီချမှတ်ပြီးမှဆောင်ရွက်ရန်ဖြစ်ပေသည်။

လျှောက်ထားသူအတွက် – ဦးမောင်မောင်သောင်း
ဗဟိုဘရားရုံးရှေ့နေ

လျှောက်ထားခံရသူများအတွက်– ဒေါ်မေမေနု၊ ဗဟိုတရားရုံးရှေ့နေ

လျှောက်ထားသူ ဒေါ်တင်တင်ဝင်းက မြန်မာဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသည့် ကွယ်လွန်သူ ဦးဘနှင့် ဒေါ်စိန်တို့၏ အမွေမဓိမ္မေးအဖြစ်ဖြင့် အဒေါ် ဒေါ်သန်းကြည်၊ ဦးလေး ဦးမြင့်သိန်းနှင့် ဦးမြင့်သောင်းတို့အပေါ် အဘိုးအဘွားများကျန်ရစ်သော အမွေပစ္စည်းများကို စီမံခန့်ခွဲပေးစေရန် မန္တလေးတိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၁၀/၀၂(လယ်ဝေး)တွင် တရားစွဲဆိုသည်။ ဒေါ်တင်တင်ဝင်းဘက်မှ ပဏာမဒီကရီချမှတ်ပေးရန် လျှောက်ထားရာ တိုင်းတရားရုံးက ယင်းလျှောက်လွှာကို ပလပ်လိုက်သောကြောင့် ဒေါ်တင်တင်ဝင်းက ၎ပြင်ဆင်မှုကိုလျှောက်ထားသည်။

---

* ၁၉၀၃ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၉၀

† ၁၉၀၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၀ (လယ်ဝေး) တွင် ချမှတ်သော (၁၁-၁၁-၀၃) နေ့စွဲပါ မန္တလေးတိုင်းတရားရုံး၏အမိန့်ကိုပြင်ဆင်မှု။

လျှောက်ထားသူ ဒေါ်တင်တင်ဝင်းသည် ကွယ်လွန်သူ အမွေရှင် ဦးဘနှင့် ဒေါ်စိန်တို့၏ အမွေမမီမြေးဖြစ်ကြောင်းအငြင်းမပွားချေ။ သို့ရာတွင် လျှောက်ထားခံရသူတို့က ဒေါ်တင်တင်ဝင်းသည် ဖခင်နှင့် အဘိုး အသက်ထင်ရှားရှိစဉ်က ပြုစုစောင့်ရှောက်ခဲ့ခြင်းမရှိ၍ အမွေမရထိုက်ကြောင်းထုချေသည်။ထိုသို့ပြုစုခဲ့ခြင်းမရှိသည့်တိုင်အောင် မြန်မာဓလေ့ထုံးတမ်းဥပဒေအရ အမွေမမီမြေးသည် အဘိုး အဘွား၏ အမွေရွှေ့ ဆုံးရှုံးခြင်း မရှိချေ။ ဒေါ်တင်တင်ဝင်းသည် အမွေမမီမြေးအဖြစ်ဖြင့် ဦးဘနှင့်ဒေါ်စိန်တို့၏ အမွေ ၁၆ ပုံ ၁ ပုံရွှေ့ ရှိသည်။

အမွေမှတွင် ပဏာမဒီကရီမချမှတ်မီ တရားလိုသည် အမွေဆိုင်တစ်ဦးဟုတ်မဟုတ်၊ စီမံခန့်ခွဲရန်ပစ္စည်း ရှိမရှိ၊ ရှိလျှင် တရားလိုသည် အမွေပစ္စည်းများတွင် ဝေစုမည်မျှရထိုက်သည်ကိုသာ ဝိစစ်ဆုံးဖြတ်ရန်လိုသည်။ အမွေပစ္စည်းများ စာရင်းကောက်ယူရန်ကိစ္စကို ပဏာမဒီကရီချမှတ်ပြီးမှ ဆောင်ရွက်ရန်ဖြစ်ပေသည်။ ချေလွှာအပိုဒ် ဂ အရ ဦးဘနှင့် ဒေါ်စိန်တို့ကွယ်လွန်သောအခါ အမွေပစ္စည်းများကျန်ရစ်ကြောင်းပေါ်ပေါက်သည်။ သို့ဖြစ်ရာ ပဏာမ ဒီကရီချမှတ်ရန်သာရှိပေတော့သည်။

ထို့ကြောင့် ဤပြင်ဆင်မှုကိုခွင့်ပြု၍ တိုင်းတရားရုံး၏ ၁၁–၁၁–၈၃ ရက်စွဲ ပါ အမိန့်ကိုပယ်ဖျက်ပြီး လျှောက်ထားသူ ဒေါ်တင်တင်ဝင်းသည် ကွယ်လွန်သူ ဦးဘနှင့် ဒေါ်စိန်တို့ကျန်ရစ်သော အမွေပစ္စည်းများ၏ ၁၆ ပုံ ၁ ပုံရထိုက်ကြောင်း ပဏာမဒီကရီချမှတ်လိုက်သည်။ စရိတ်မရှိ။

တရားမ အထွေထွေ အယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးတင်အောင်ဟိန်း၊ အဖွဲ့ဝင်များအဖြစ် ဦးခင်ဇာမုံ နှင့် ဦးအေးမောင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ချေ့တွင်

မတင်လှ (ခ) နရ်ဂျန် (ခ) မဂွက်ထော်

နှင့်

မောင်ဝင်းဇော် (ခ) ကုလားလေး *

†၁၉၇၄
ဩဂုတ်လ
၁၀ ရက်

တရားမကျင့်ထုံးဥပဒေအမိန့် ၉၊ နည်း ၆ (၁) (က)—အမှုကြေးနာရန် ချိန်းနေ့တွင် တရားပြိုင် မလာလျှင် တဘက်သတ် စစ်ဆေးမှုပြုနိုင်ခြင်း—တဘက်သတ်စစ်ဆေးမည်ဖြစ်ကြောင်း အမိန့်ချမှတ်ရန် မလိုခြင်း—တရားပြိုင်၏မျက်ကွယ်တွင် အမှုကိုစစ်ဆေးရန် စီစဉ်ရုံမျှဖြင့် တရားပြိုင်သည် အမှုတွင် ဆက်လက်ပါဝင်ခွင့် မရှိတော့ဟု မဆိုနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။တရားပြိုင်မလာ၍ အမှုကို တဘက်သတ် စစ်ဆေးရန် အလို့ငှာ ထိုသို့တဘက်သတ်စစ်ဆေးမည်ဖြစ်ကြောင်းအမိန့်တစ်ရပ်ချမှတ်ရမည်ဟု အမိန့် ၉၊ နည်း ၆ (၁) (က) တွင် ပြဋ္ဌာန်းထားခြင်းမရှိချေ။ ယင်းနည်းဥပဒေတွင် အမှုကို တဘက်သတ် ဆက်လက်ဆောင်ရွက်နိုင်သည် ဟူ၍သာ ပြဋ္ဌာန်းထားသည်။

ထပ်မံဆုံးဖြတ်ချက်။ ။မဲတင်လှဘက်က ၀—၂—၀၄ နေ့တွင် ရက်ချိန်းပျက်ကွက်ခဲ့သည့်တိုင်အောင် နောက်ရက်ချိန်းများတွင် တိုင်းတရားရုံးသို့သွားရောက်၍ အမှုစစ်ဆေးရာ၌ ပါဝင်ဆောင်ရွက်ခွင့်ရှိပေသည်။ ရုံးချိန်း တစ်ချိန်းပျက်ကွက်သဖြင့် တရားပြိုင်၏မျက်ကွယ်တွင် အမှုကိုစစ်ဆေးရန် စီစဉ်လိုက်ရုံမျှဖြင့် တရားပြိုင်သည် အမှုတွင် ဆက်လက်ပါဝင်ဆောင်ရွက်ခွင့် လုံး၀မရှိတော့ဟု တရားမကျင့်ထုံးဥပဒေတွင် ပြဋ္ဌာန်းထားခြင်းမရှိပေ။

---

* ၁၉၀၄ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် ၁၇

† ၁၉၀၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၅၉ (သက်နိုးကျွန်း) တွင် ချမှတ်သော (၀-၂-၀၄) နေ့စွဲပါ ရန်ကုန်တိုင်းတရားရုံး၏အမိန့်ကိုအယူခံမှု။

၁၉၀၄
မတင်လှ (ခ)
နရ်ကျန် (ခ)
မဂွက်ထော်
နှင့်
မောင်ဝင်း
ဖေ၆ (ခ)
ကုလားထား

အယူခံတရားလိုအတွက် — ဦးသန်းတင်၊ ဗဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင်အတွက် —ဒေါ်ခင်မေထွေး၊ ဗဟိုတရားရုံးရှေ့နေ

ရန်ကုန်တိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၂၅၉/၀၃ (သက်နှံးကျန်း) တွင် အယူခံတရားပြိုင် မောင်ဝင်းဖေ၆်က အယူခံတရားလို မတင်လှ အပေါ် မယားခေါ်လိုမှုစွဲဆိုရာ တရားလိုကို စစ်ဆေးရန်ချိန်းဆိုသည့် ၀-၂-၀၄ နေ့တွင် မတင်လှနှင့် သူ၏ ရှေ့နေ မလာသဖြင့် တိုင်းတရားရုံးက အမှုကို တဘက်သတ်စစ်ဆေးမည်ဖြစ်ကြောင်း မှတ်ချက်ပြုကာ တရားလိုအား စစ်ဆေးရန် ၂၁-၃-၀၄ နေ့သို့ချိန်းဆိုလိုက်သည်။ မတင်လှက အမှုကိုတဘက်သတ် စစ်ဆေးရန် ချမှတ်ထားသော အမိန့်ကို ပယ်ဖျက်ပေးရန် လျှောက်ထားရာ မအောင်မြင်သဖြင့် ၎အယူခံကိုတင်သွင်းသည်။

တဘက်သတ်ချမှတ်ထားသော ဒီကရီကိုဖြစ်စေ၊ အမိန့်ကိုဖြစ်စေ၊ ပယ်ဖျက်ပေးရန် တရားပြိုင်ဘက်မှ လျှောက်ထားနိုင်သည်ဟု တရားမကျင့်ထုံးဥပဒေ အမိန့် ၉၊ နည်း ၁၃ တွင် ပြဋ္ဌာန်းထားသည်။ တရားပြိုင်မလာ၍ အမှုကို တဘက်သတ်စစ်ဆေးရန်အလို့ငှာ ထိုသို့ တဘက်သတ်စစ်ဆေးမည်ဖြစ်ကြောင်း အမိန့်တစ်ရပ်ချမှတ်ရမည်ဟု အမိန့် ၉၊ နည်း ၆(၁) (က) တွင် ပြဋ္ဌာန်းထားခြင်းမရှိချေ။ ယင်းနည်းဥပဒေတွင် အမှုကို တဘက်သတ် ဆက်လက်ဆောင်ရွက်နိုင်သည်ဟူ၍သာ ပြဋ္ဌာန်းထားသည်။ သို့ဖြစ်ရာ တိုင်းတရားရုံးက ၀-၂-၀၄ နေ့တွင်ချမှတ်သောအမိန့်သည် တရားမကျင့်ထုံးဥပဒေအမိန့် ၉၊ နည်း ၁၃ တွင် အကျုံးဝင်သည့် တဘက်သတ်ချမှတ်သောအမိန့်မျိုးဖြစ်သည်ဟု မဆိုနိုင်ချေ။ ထို့ကြောင့် အဆိုပါနေ့၌ ချမှတ်သောအမိန့်ကိုပယ်ဖျက်ပေးရန်လျှောက်ထားခွင့်မရှိလိုချေ။ မတင်လှ၏ လျှောက်ထားချက်ကို တိုင်းတရားရုံးက ပလပ်သော အမိန့်သည် တရားမကျင့်ထုံးဥပဒေအမိန့် ၄၃၊ နည်း ၁(ဃ) တွင် အကျုံးဝင်သော အယူခံဝင်ခွင့်ရှိသည့် အမိန့်မဟုတ်သဖြင့် မတင်လှက ၎အယူခံကို တင်သွင်းခြင်းမှာ မှားယွင်းပေသည်။

၎စီရင်ချက်ကို အဆုံးမသတ်မီ ဖော်ပြလိုသော အချက်မှာ မဲတင်လှဘက်က ၀-၂-၀၄ နေ့တွင် ရက်ချိန်းပျက်ကွက်ခဲ့သည့်တိုင်အောင် နောက်ရက်ချိန်းများတွင် တိုင်းတရားရုံးသို့သွားရောက်၍ အမှုစစ်ဆေးရာ၌ ပါဝင်ဆောင်ရွက်ခွင့်ရှိပေသည်။ ရုံးချိန်းတစ်ချိန်းပျက်ကွက်သဖြင့် တရားပြိုင်၏ မျက်ကွယ်တွင် အမှုကိုစစ်ဆေးရန် စီစဉ်လိုက်ရုံမျှဖြင့် တရားပြိုင်သည် အမှုတွင်

၁၉၀၄ မတ်လ (ခ) နှစ်ကုန် (ခ) မဝင်ထွေ့ နှင့် မောင်ဝင်းဇော် (ခ) ကုလားလေး

ဆက်လက်ပါဝင်ဆောင်ရွက်ခွင့်လုံးဝမရှိတော့ဟု တရားမကျင့်ထုံးဥပဒေတွင် ပြဋ္ဌာန်းထားခြင်းမရှိပေ။

တရားလို မောင်ဝင်းဇော်အား ၂၁–၃–၁၄ နေ့က စစ်ဆေးစဉ် တရားပြိုင်၏ရှေ့နေရှိသဖြင့် မောင်ဝင်းဇော်အား တရားပြိုင်ဘက်မှ ပြန်လှန်စစ်မေးခွင့်ရှိကြောင်း မှတ်ချက်ပြုလိုက်သည်။

အယူခံကို ပလပ်လိုက်သည်။ စရိတ်မရှိ။

တရားမအထွေထွေလျှောက်လွှာ

ဥက္ကဋ္ဌအဖြစ် ဦးလှဘုန်း၊ အဖွဲ့ဝင်များအဖြစ် ဦးသန့်စင်နှင့် ဦးတင်အုန်း တို့ပါဝင်သော မဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးထွေး

နှင့်

ဒေါ်ခင်လတ် ပါ(၄)*

†၁၉၀၄
ဇူလိုင်လ
၁၀ရက်

ကာလစည်းကမ်းသတ် ဥပဒေပုဒ်မ ၅–တိုင်းတရားရုံးက ကာလစည်းကမ်းသတ် ကျော်လွန်ပြီးမှ တင်သွင်းခြင်းကို လက်ခံခဲ့သည့်ကိစ္စတွင် မဟိုတရားရုံးက အယူခံရုံးအနေဖြင့် ကာလစည်းကမ်းသတ်ကိစ္စကို စိစစ်ဆုံးဖြတ်ပိုင်ခွင့်ရှိခြင်း။

ဆုံးဖြတ်ချက်။ ။ကာလစည်းကမ်းသတ်ကျော်လွန်ပြီးမှ တင်သွင်းသော အယူခံမှုတစ်မှုကို ကာလစည်းကမ်းသတ် အက်ဥပဒေ ပုဒ်မ ၅ တွင် အကျုံးဝင်သော လုံလောက်သည့်အကြောင်းပြဆိုနိုင်မှသာ လက်ခံနိုင်သည်။ ဦးထွေးက ကာလစည်းကမ်းသတ်ကျော်လွန်ပြီးမှ အယူခံလွှာတင်သွင်းခြင်းကို ရန်ကုန်တိုင်းတရားရုံးက အဆိုပါ ပုဒ်မ ၅ အရ ခွင့်ပြုခဲ့ပြီးနောက် အယူခံတရားလို အကျိုးဆောင်အား ကြားနာ၍ အကျဉ်းနည်းဖြင့် အမှုကို ပလပ်လိုက်လေသည်။ ယင်းသို့ ပလပ်လိုက်သည့် တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ထပ်မံ အယူခံဝင်သည့် အမှုတွင် မဟိုတရားရုံးသည် အယူခံရုံးအဖြစ်ဖြင့် တရားမကျင့်ထုံး ဥပဒေ ပုဒ်မ ၁၀၀ အရ ဦးထွေးက တိုင်းတရားရုံးတွင် ထိုသို့ ကာလစည်းကမ်းသတ်ကျော်လွန်မှ အယူခံလွှာတင်သွင်းရာ၌ လုံလောက်သော အကြောင်းကြောင့် ကာလစည်းကမ်းသတ် ကျော်လွန်ရခြင်း ဟုတ်မဟုတ် စိစစ်ဆုံးဖြတ်နိုင်ခွင့်ရှိပေသည်။

လျှောက်ထားသူအတွက် – ဦးမြတ်သူ၊ မဟိုတရားရုံးရှေ့နေ

လျှောက်ထားခံရသူများအတွက်– ဦးတင်သွန်း၊ မဟိုတရားရုံးရှေ့နေ

---

* ၁၉၀၂ ခုနှစ် တရားမအထွေထွေလျှောက်လွှာ အမှတ် ၂၅

† ၁၉၀၁ ခုနှစ် တရားမ တတိယအယူခံမှုအမှတ် ၄၅ တွင် ချမှတ်သော မဟိုတရားရုံး၏ (၁၁–၁၁–၀၂) နေ့စွဲပါ အမိန့်ကို ပြန်လည် သုံးသပ်ပေးရန် လျှောက်ထားမှု။

၁၉၀၄ ဦးထွေးနှင့် ဒေါ်ခင်လတ် ပါ(၄)

ရန်ကုန်တိုင်း၊ မဟန်းမြို့နယ် ဂွတ္တလစ်မြောက်၊ အနောက်ရပ်ကွက် တရားရုံး တရားမကြီးမှု အမှတ် ၁/၇၄ တွင် လျောက်ထားခံရသူ ဒေါ်ခင်လတ်၊ ဒေါ်အမာစိန်၊ ဒေါ်ဘီဘီနှင့် ဦးမောင်မောင်တို့က လျောက်ထားသူ ဦးထွေး အပေါ် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂ (၁) (စ) အရ တရားစွဲဆိုရာ မအောင်မြင်ချေ။ ဒေါ်ခင်လတ်တို့က ရပ်ကွက်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို ဗဟန်းမြို့နယ်တရားရုံးတွင်အယူခံဝင်သောအခါ စွဲဆိုသည့်အတိုင်း ဒီကရီချခဲ့သည်။ ဦးထွေးက ရန်ကုန်တိုင်း တရားရုံးတွင် အယူခံဝင်သောအခါ တိုင်းတရားရုံးက အယူခံလွှာကို အကျဉ်း နည်းဖြင့် ပလပ်လိုက်သည်။ ဦးထွေးက ဗဟိုတရားရုံး တရားမတတိယအယူခံမှု ၄၅/၁၁ တွင် ဆက်လက်အယူခံဝင်သောအခါ မအောင်မြင်ပြန်သဖြင့် ဗဟို တရားရုံး၏ စီရင်ချက်ကို တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၁၁၄ နှင့် အမိန့် ၄၇၊ နည်း ၁ အရ ပြန်လည်သုံးသပ်ပေးရန် ဤလျောက်လွှာကို တင်သွင်းသည်။

လျောက်ထားသူ၏ အဓိက အကြောင်းပြချက်နှင့်စပ်လျဉ်း၍ လျောက်ထား သူသည် ကာလစည်းကမ်းသတ် ကျော်လွန်ပြီးမှ ရန်ကုန်တိုင်းတရားရုံးတွင် အယူခံလွှာတင်သွင်းခဲ့သော်လည်း တိုင်းတရားရုံးက ယင်းကိစ္စနှင့်ပတ်သက်ပြီး ၁၅–၉–၁၁ ရက်စွဲပါ နေ့စဉ်မှတ်တမ်းတွင် အောက်ပါအတိုင်း အမိန့်ချမှတ် ထားသည်ကို တွေ့ရသည် –

> "အယူခံတရားလို၏ ကာလစည်းကမ်းသတ် အက်ဥပဒေ ပုဒ်မ ၅ အရ အယူခံလွှာ ကာလစည်းကမ်းသတ်ကျော်လွန်ခြင်းကို ခွင့်ပြုရန်လျောက် ထားချက်အား ခွင့်ပြုကြောင်း ဆုံးဖြတ်ချက် ချမှတ်လိုက်သည်။
> အမှုလက်ခံသင့် မသင့် ကြားနာရန် ချိန်း.....၂၂–၉–၁၁"

၎င်အမိန့်အရဆိုလျှင် တိုင်းတရားရုံးသည် လျောက်ထားသူ၏ အယူခံလွှာ ကို စည်းကမ်းသတ်ကျော်လွန်ခြင်းကြောင့် ပလပ်ခဲ့ခြင်းမဟုတ်ကြောင်း ထင် ရှားသည်။

သို့ရာတွင် တိုင်းတရားရုံးတွင်လျောက်ထားသူက အယူခံလွှာတင်သွင်းချိန် စည်းကမ်းသတ်ကာလထက် ၁၉ ရက် ကျော်လွန်ခြင်းမှာ လုံလောက်သော အကြောင်းကြောင့် မဟုတ်ကြောင်း ဗဟိုတရားရုံးက အောက်ပါအတိုင်း ကောက်ယူဆုံးဖြတ်ခဲ့သည် –

> "ရန်ကုန်တိုင်းတရားရုံးသို့ အယူခံဝင်သည့်အခါ ကာလစည်းကမ်း သတ်ကျော်လွန်ခြင်းနှင့်ပတ်သက်ပြီးကျော်လွန်သည့်ရက်များကိုခွင့်လွှတ် ပါရန် ကာလစည်းကမ်းသတ် အက်ဥပဒေ ပုဒ်မ ၅ အရ ဦးထွေးက

လျောက်လွှာတင်ခဲ့သည်။ ယင်းလျောက်လွှာနှင့်အတူ သူ၏ အကျိုးဆောင် ဦးဘသန်းက ကျမ်းကျိန်လွှာပြုလုပ်ပြီး တွဲ၍ တင်ပေးသည်။ ယင်းကျမ်းကျိန်လွှာတွင် အကျိုးဆောင် ဦးဘသန်းက သူနှင့် သူ၏ စာရေး နေမကောင်းနေခြင်းကြောင့်အယူခံမှုကိုကာလစည်းကမ်းသတ် ကျော်လွန်မှ တိုင်းတရားရုံးသို့ တင်သွင်းခဲ့ရကြောင်းဖြင့် အကြောင်းပြခဲ့သည်။ ရှေ့နေသော်လည်းကောင်း၊ သူ၏ စာရေးသော် လည်းကောင်း နေမကောင်းသဖြင့် အမှုကို အချိန်မီမတင်သွင်းနိုင်ပါဟူသော ကြောင်းပြချက်မှာ လက်ခံနိုင်လောက်သော အကြောင်းပြချက်မဟုတ်ပေ။ ထို့ကြောင့် တိုင်းတရားရုံးက ဦးထွေးတင်သွင်းသည့် အယူခံမှုကို ပလပ်လိုက်ခြင်းမှာ မှန်ကန်သည်။''

လျောက်ထားသူက ဗဟိုတရားရုံး၏ စီရင်ချက်ကို ပြန်လည်သုံးသပ်ပေးရန် လျောက်ဆားရာ၌ အောက်ပါအကြောင်းပြချက်နှစ်ရပ်ကို ထည့်သွင်းဖော်ပြထားသည် -

(၁) ရန်ကုန်တိုင်း တရားရုံးသည် အယူခံရုံး တစ်ရုံးဖြစ်၍ ကာလစည်းကမ်းသတ်ကျော်လွန်ခြင်းကို ခွင့်ပြုနိုင်ပါသည်။

(၂) ရန်ကုန်တိုင်း တရားရုံးက ကာလစည်းကမ်းသတ် ကျော်လွန်ခြင်းအတွက် ခွင့်ပြုမိန့် ချမှတ်ခဲ့သည်ကို တဘက်က ကျေနပ်လက်ခံ၍ပြင်ဆင်မှုတက်ခဲ့ခြင်းလည်း မရှိပါ။

ကာလစည်းကမ်းသတ် ကျော်လွန်ပြီးမှ တင်သွင်းသော အယူခံမှုတစ်မှုကို ကာလစည်းကမ်းသတ်အက်ဥပဒေ ပုဒ်မ ၅ တွင် အကျုံးဝင်သော လုံလောက်သည့်အကြောင်းပြဆိုနိုင်မှသာ လက်ခံနိုင်သည်။ဦးထွေးက ကာလစည်းကမ်းသတ်ကျော်လွန်ပြီးမှ အယူခံလွှာတင်သွင်းခြင်းကို ရန်ကုန်တိုင်းတရားရုံးက အဆိုပါပုဒ်မ ၅ အရ ခွင့်ပြုခဲ့ပြီးနောက် အယူခံတရားလို အကျိုးဆောင်အား ကြားနာ၍ အကျင့်နည်းဖြင့် အမှုကို ပလပ်လိုက်သည်။ ယင်းသို့ ပလပ်လိုက်သည့် တိုင်းတရားရုံး၏စီရင်ချက်နှင့် ဒီကရီကို ထပ်မံအယူခံဝင်သည့် အမှုတွင် ဗဟိုတရားရုံးသည် အယူခံရုံးအဖြစ်ဖြင့် တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၁၀၀ အရ ဦးထွေးက တိုင်းတရားရုံးတွင် ထိုသို့ ကာလစည်းကမ်းသတ်ကျော်လွန်မှ အယူခံလွှာတင်သွင်းရာ၌ လုံလောက်သော အကြောင်းကြောင့် ကာလစည်းကမ်းသတ်ကျော်လွန်ရခြင်း ဟုတ်မဟုတ် စိစစ်ဆုံးဖြတ်နိုင်ခွင့် ရှိပေသည်။

ထို့ပြင် ဒုတိယအကြောင်းပြချက်နှင့်ပတ်သက်၍ ရန်ကုန်တိုင်းတရားရုံးတွင် လျောက်ထားခံရသူတို့ဘက်မှ အနိုင်ရရှိခဲ့သည့်အလျောက် လျောက်ထားခံရသူ

၁၉၀၄ ဦးထွေးနှင့် ဒေါ်ခင်လတ် ပါ(၄)

တို့သည် ရန်ကုန်တိုင်းတရားရုံး၏ ၁၅–၉–၀၁ ရက်စွဲပါ အမိန့်ကို ပြင်ဆင်ပေးရန် ဗဟိုဘရားရုံးတွင် လျှောက်ထားခွင့်မရှိချေ။ သို့ဖြစ်၍ လျှောက်ထားသူက တင်ပြသော အထက်ဖော်ပြပါ အကြောင်းပြချက်များကို လက်ခံရန် အကြောင်းမရှိချေ။

လျှောက်ထားသူ၏အကျိုးဆောင်ကအမှုအကြောင်းအရာကို လုံးဝစဉ်းစားခြင်းမပြုပဲ ရန်ကုန်တိုင်း တရားရုံးက လက်ခံခဲ့ပြီးဖြစ်သော ကာလစည်းကမ်းသတ်ကိစ္စအား အကြောင်းပြ၍ လျှောက်ထားသူ၏ အယူခံလွှာကို ပယ်ခဲ့သောကြောင့် လျှောက်ထားသူတွင် အလွန်နှစ်နာဆုံးရှုံးမှုများနှင့် ရင်ဆိုင်နေရကြောင်း တင်ပြလျှောက်ထားသည်။ အထက်တွင် သုံးသပ်ခဲ့သည့်အတိုင်း ဗဟိုတရားရုံးသည် ဗဟိုတရားရုံးတွင် တင်သွင်းသော အယူခံခွင့် ကာလစည်းကမ်းသတ်ပြဿနာကို စိစစ် အဆုံးအဖြတ်ပေးနိုင်သည်ကတကြောင်း၊ ယင်းဥပဒေပြဿနာအရ လျှောက်ထားသူတင်သွင်းသော အယူခံကို ပလပ်ရတော့မည်ဖြစ်သည်ကတကြောင်းကြောင့် အမှုအကြောင်းခြင်းရာများကို သုံးသပ်ခြင်းမပြုတော့ပဲ လျှောက်ထားသူ တင်သွင်းသော အယူခံလွှာကို ပယ်ခဲ့ခြင်းဖြစ်သည်။ ဗဟိုတရားရုံးက ကာလစည်းကမ်းသတ်ဥပဒေအရ လျှောက်ထားသူ၏ အယူခံကို ပလပ်လိုက်ခြင်းမှာ အထက်တွင် ကောက်နုတ်ဖော်ပြခဲ့သော စီရင်ချက်ပါအကြောင်းပြချက်များအရ မှားယွင်းကြောင်း မတွေ့ရှိရချေ။

ထို့ကြောင့် ဤလျှောက်လွှာကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။ ရှေ့နေခကို ကျပ် ၅၀/– ဟု သတ်မှတ်သည်။

တရားမ ပထမ အယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးခင်ဇာမုံ၊ အဖွဲ့ဝင်များအဖြစ် ဦးထွန်းရှိန်နှင့် ဦးတင်အုန်း တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

ဦးထွေး
နှင့်
ဦးသက်ထွန်း ပါ(၅) *

†၁၉၇၄
သြဂုတ်လ
၃၁ ရက်

၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ဌားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၃(၁)အရ ချမှတ်သည့် ဌားရမ်းခကြီးကြပ်ရေးဝန်၏ အမိန့်ကို ပျက်ပြယ်ကြောင်း ကြေငြာပေးရန် သီးခြားသက်သာခွင့် အက် ဥပဒေပုဒ်မ ၄၂ အရ လျှောက်ထားခွင့် ရှိမရှိ။

ဆုံးဖြတ်ချက်။ ။ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ဌားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၃(၁) အရ ချမှတ်သည့် ဌားရမ်းခကြီးကြပ်ရေးဝန်၏ အမိန့်ကို ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေပုဒ်မ ၇၃(၃)အရ ပယ်ဖျက်ပေးရန် နိုင်ငံတော်ကောင်စီသို့ လျှောက် ထားနိုင်သည်။ သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၄၂ အရ မြွက်ဟ ဒီကရီ ကို တရားရုံးကဆင်ခြင်တုံတရားအရခွင့်ပြုရန်ဖြစ်သည်။ အယူခံတရားလိုသည် ဌားရမ်းခကြီးကြပ်ရေးဝန်၏အမိန့်ကို ပယ်ဖျက်ပေးရန် နိုင်ငံတော်ကောင်စီသို့ လျှောက်ထားရန် အခွင့်အရေးရှိနေသည့်အလျောက် ဦးထွေးတောင်းဆိုသည့် အတိုင်း မြွက်ဟဒီကရီကိုချမှတ်ပေးရန်မသင့်ပေ။

အယူခံတရားလိုအတွက် — ကိုယ်တိုင်

အယူခံတရားပြိုင်များအတွက်— (၁)နှင့် (၂) အတွက်
ရွှေတောင် ဦးဟန်
ဗဟိုတရားရုံးရှေ့နေ
(၃) နှင့် (၄)အတွက်
ဒေါ်ကြည်ကြည်ဝင်း
ဗဟိုတရားရုံးရှေ့နေ
(၅) အတွက်
ဦးဘအေး၊ ဗဟိုတရားရုံးရှေ့နေ

---

* ၁၉၇၃ ခုနှစ်၊ တရားမ ပထမ အယူခံမှုအမှတ် ၉၂

† ၁၉၇၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၀၃ တွင် ချမှတ်သော (၂၄-၅-၇၃) နေ့စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကိုအယူခံမှု။

၁၉၀၄ ဦးထွေးနှင့် ဦးသက်ထွန်း ပ၊(၅)

ရန်ကုန်တိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၁၀၃/၀၁ တွင် အယူခံတရားလို ဦးထွေးက တရားလိုပြုလုပ်၍ အယူခံတရားပြိုင် ဦးသက်ထွန်းတို့ ၅ဦးအပေါ် ငှားရမ်းခကြီးကြေပ်ရေးဝန်က ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြေပ်ရေးအက်ဥပဒေပုဒ်မ ၁၃(၁)အရ ဦးသက်ထွန်းနှင့် ဒေါ်ညွန့်ညွန့်တို့အား အချင်းဖြစ်အခန်းနှစ်ခန်းတွင် နေထိုင်ခွင့်ပြုကြောင်း ချမှတ်သည့်အမိန့်ကိုပျက်ပြယ်ကြောင်း ကြေငြာပေးရန်၊ အချင်းဖြစ်အခန်းနှစ်ခန်းကို ပိုင်ဆိုင်ကြောင်း မြွက်ဟကြေငြာပေးရန်နှင့် လက်ရောက်ပေးအပ်ရန်စွဲဆိုရာ ပထပ်ခြင်းခံရသောကြောင့် ဗဟိုတရားရုံးတွင် ဤတရားမ ပထမ အယူခံမှုကို တင်သွင်းသည်။

ဦးထွေးက သူသည် ဦးခင်မောင်ကလေးနှင့်ဒေါ်ခင်မကလေးတို့ထံမှအချင်းဖြစ် အခန်းနှစ်ခန်းကို ငှားရမ်းနေထိုင်ခဲ့ကြောင်း၊ ထို့နောက် အချင်းဖြစ်အခန်းနှစ်ခန်းတွင် တစ်ခန်း၌ ညီဖြစ်သူ ဦးသက်ထွန်းနှင့် ၎င်း ဒေါ်ညွန့်ညွန့်တို့အား အခမဲ့နေထိုင်ခွင့်ပြုခဲ့ကြောင်း၊ တင်ခန်းကိုမူ အမှုသူလတစ်အားတဆင့် ငှားရမ်းခဲ့ကြောင်း၊ ငှားရမ်းခများကို သူကပင် အခန်းပိုင်ရှင်သို့ပေးခဲ့ကြောင်း၊ ထို့နောက် ဦးသက်ထွန်းနှင့် ဒေါ်ညွန့်ညွန့်တို့သည် အခန်းပိုင်ရှင် ဦးခင်မောင်ကလေး၊ ဒေါ်ခင်မကလေးတို့နှင့် ပူးပေါင်း၍ ပန်းဘဲတန်းမြို့နယ် ငှားရမ်းခကြီးကြေပ်ရေးဝန်ထံ၌ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြေပ်ရေးအက်ဥပဒေပုဒ်မ ၁၃(၁)အရ အချင်းဖြစ် အခန်းများတွင် နေထိုင်ခွင့်ပြုရန် လျှောက်ထားရယူခဲ့သဖြင့် နစ်နာကြောင်း အဆိုပြုလျက် ဦးသက်ထွန်း၊ ဒေါ်ညွန့်ညွန့်၊ ဦးခင်မောင်ကလေး၊ ဒေါ်ခင်မကလေးနှင့် အမှုသူလတစ်တို့အပေါ် ငှားရမ်းခကြီးကြေပ်ရေးဝန်က ပုဒ်မ ၁၃(၁)အရ ချမှတ်ထားသော အမိန့်ကို ပျက်ပြယ်ကြောင်း မြွက်ဟကြေငြာပေးရန်၊ အချင်းဖြစ် အခန်းနှစ်ခန်းကိုပိုင်ဆိုင်ကြောင်း မြွက်ဟကြေငြာပေးရန်နှင့် လက်ရောက်ပေးအပ်ရန် တရားစွဲဆိုသည်။

ဦးသက်ထွန်းတို့က ဦးထွေး၏ စွပ်စွဲချက်များကို ငြင်းကွယ်ပြီး အမှုကိုစွဲဆိုပိုင်ခွင့်မရှိကြောင်း ထုချေကြသည်။

တိုင်းတရားရုံးက အောက်ပါ ပဏာမငြင်းချက်သုံးရပ်ကို ထုတ်ခဲ့သည် –

"၁။ ပန်းဘဲတန်းမြို့နယ်ပြည်သူ့ကောင်စီ ငှားရမ်းခကြီးကြေပ်ရေးအဖွဲ့၏ အမိန့်ကို တရားမဝင်ပျက်ပြယ်ကြောင်း ဤရုံးတော်မှမြွက်ဟကြေငြာပေးစေရန် အခွင့်အာဏာ အပ်နှင်းထားခြင်း မရှိဟုဆိုသည်မှာ မှန်ပါသလား။

၂။ တရားလိုသည် ၎အမှုကို တရားစွဲဆိုပုံ မှားယွင်းနေပါသဖြင့် ပလပ်ထိုက်သည်ဆိုခြင်းမှာ မှန်ပါသလား။

၃။ တရားလိုသည် အချင်းဖြစ် အခန်းများကို တရားလိုပိုင်ဆိုင်ကြောင်း မြွက်ဟကြေငြာပေးရန် တောင်းဆိုပိုင်ခွင့်မရှိပဲ တောင်းဆိုနေပါသဖြင့် ယခုအမှုကို ပလပ်ထိုက်သည်ဆိုခြင်းမှာ မှန်ပါသလား။"

တိုင်းတရားရုံးက နှစ်ဘက်ကိုကြားနာပြီး ပဏာမငြင်းချက်အမှတ် ၁ နှင့် စပ်လျဉ်း၍ ဦးသက်ထွန်းတို့ကို အနိုင်ပေးဖြေဆိုကာဦးထွေး၏ အဆိုလွှာတစ်ခုလုံးကို ပလပ်ခဲ့လေသည်။

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၃(၁)အရ ချမှတ်သည့် ငှားရမ်းခကြီးကြပ်ရေးဝန်၏အမိန့်ကို ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၃(၃)အရ ပယ်ဖျယ်ပေးရန် နိုင်ငံတော်ကောင်စီသို့လျှောက်ထားနိုင်သည်။ သီးခြားသတ်သာခွင့်အက်ဥပဒေပုဒ်မ ၄၂ အရ မြွက်ဟ ဒီကရီကိုတရားရုံးက ဆင်ခြင်တုံတရားအရခွင့်ပြုရန်ဖြစ်သည်။အယူခံတရားလိုသည်ငှားရမ်းခကြီးကြပ်ရေးဝန်၏အမိန့်ကို ပယ်ဖျက်ပေးရန် နိုင်ငံတော်ကောင်စီသို့ လျှောက်ထားရန် အခွင့်အရေးရှိနေသည့်အလျောက် ဦးထွေး တောင်းဆိုသည့်အတိုင်း မြွက်ဟဒီကရီကို ချမှတ်ပေးရန်မသင့်ပေ။ ထို့ပြင် ငှားရမ်းခကြီးကြပ်ရေးဝန်အား အမှုတွင် တရားပြိုင်အဖြစ် ထည့်သွင်းစွဲဆိုထားခြင်းလည်းမရှိသဖြင့် အယူခံတရားလိုစွဲဆိုသောအမှုမှာ အောင်မြင်ရန်အကြောင်းမရှိတော့ပေ။

ထို့ကြောင့် ၎အယူခံကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေခ ကျပ် ၁၀/–သတ်မှတ်သည်။

တရားမပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးအေးမောင်၊အဖွဲ့ဝင်များအဖြစ် ဦးလှဘုန်းနှင့် ဦးထွန်းရှိန် တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

†၁၉၀၄
ဇူလိုင်လ
၂၃ ရက်

ဒါဝတ်(ခ)ဦးတင်မောင် ပါ(၂)
နှင့်
ဦးမြင့်(ခ)အဘူခိုင် ပါ(၂)*

မူလဘူတအာဏာ — တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၅၁ — တရားမကျင့်ထုံးဥပဒေတွင်အခြားနည်း ပြဋ္ဌာန်းထားခြင်းမရှိမှသာ ယင်းအာဏာကို အသုံးပြုနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။ဦးမြင့်၏ အဆိုပြုချက်အရ သူသည် မြို့နယ်တရားရုံး တရားမကြီးမှုအမှတ် ၁၄၀/၇၃ တွင် တရားပြိုင်အဖြစ် ပါဝင်ခဲ့သူမဟုတ်ပေ။ မြို့နယ်တရားရုံးသည် ဇာရီမှုအမှတ် ၂/၇၀ တွင် လျှောက်ထားသူ ရရှိထားသော ဒီကရီကို အတည်ပြုသောအခါ အမှုသည်မဟုတ်သော ဦးမြင့်အနေဖြင့် တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်း ၉၇ မှ ၁၀၃ အထိ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နိုင်ခွင့် ရှိနေပေသည်။ တရားမကျင့်ထုံးဥပဒေတွင် အခြားနည်းပြဋ္ဌာန်းချက်များမရှိမှသာလျှင် ပုဒ်မ ၁၅၁ အရအစ်နှင်းထားသည့် မူလဘူတအာဏာကို ကျင့်သုံးရန်ဖြစ်သည်။

လျှောက်ထားသူများအတွက် — ဦးစောလွင်၊ ဗဟိုတရားရုံးရှေ့နေ

လျှောက်ထားခံရသူများအတွက် — ဦးသန်းမောင်၊ ဦးမောင်မောင် ဗဟိုတရားရုံးရှေ့နေများ

ရန်ကုန်တိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၁၄၁/၀၀ တွင် ကျောက်တံတားမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၁၄၀/၇၃ မှ ပေါ်ပေါက်လာသည့် ဇာရီမှုအမှတ် ၂/၇၀ ကို ဆက်လက်ဆောင်ရွက်ခြင်းမှ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၅၁ အရ ယာယီဆိုင်းငံ့ထားရန် တိုင်းတရားရုံးက အမိန့်ချမှတ်သည်။ လျှောက်ထားသူ ဒါဝတ်(ခ) ဦးတင်မောင်နှင့် နိုင်နား(ခ) ဦးလှရွှေတို့က တိုင်းတရားရုံး၏ အမိန့်ကို မကျေနပ်သည့်အတွက် ဗဟိုတရားရုံးတွင် ဤပြင်ဆင်မှုကို တင်သွင်းသည်။

---

* ၁၉၀၄ ခုနှစ်၊ တရားမ ပြင်ဆင်မှု အမှတ် ၁၆

† ၁၉၀၀ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၄၁ တွင်ချမှတ်သော (၁၃-၁၂-၀၃) နေ့စွဲပါရန်ကုန်တိုင်းတရားရုံး၏ အမိန့်ကိုပြင်ဆင်မှု။

၁၉၀၄
ဒါ၀တ် (ခ) ဦးတင်မောင်နှင့် ဦးသိန်း၀င်း (ခ) ရာဇိုအပေါ် ကျေးဇူးတင်စာ ပါ (၂)

ကျောက်တံတားမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၁၄၀/၇၃ တွင် ဒါ၀တ်(ခ) ဦးတင်မောင်နှင့် နိုင်နား(ခ) ဦးလှရွှေတို့က ဦးသိန်း၀င်း(ခ) ရာဇိုးအပေါ် နှင်လိုမှုဒီကရီရရှိခဲ့သည်။ ဒါ၀တ်(ခ)ဦးတင်မောင်တို့က ဦးသိန်း၀င်း(ခ)ရာဇိုးနှင့် ဖခင် ဦးမြင့်(ခ)အာဟုခိုင်တို့အပေါ် အနိုင်ရရှိသည့် ဒီးကရီကို အတည်ပြုရန် ဇာရီမှုအမှတ် ၂/၇၈ ကို ဖွင့်လှစ်သောအခါ ဦးမြင့်က ရန်ကုင်တိုင်းတရားရုံး တရားမကြီးမှုအမှတ် ၁၄၃/၈၀ တွင် ဒါ၀တ်(ခ) ဦးတင်မောင်၊ နိုင်နား(ခ) ဦးလှရွှေနှင့် ဦးသိန်း၀င်း (ခ) ရာဇိုးတို့အပေါ် ကျောက်တံတားမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၁၄၀/၇၃ တွင် ချမှတ်သည့်ဒီကရီသည် သူ့အပေါ် အကျိုးသက်ရောက်မှုမရှိ၍ ဇာရီပြုလုပ်ခွင့်မရှိကြောင်း မြွက်ဟကြေငြာပေးရန် တရားစွဲဆိုသည်။ ထိုအမှုဆိုင်နေစဉ်အတွင်း ဦးမြင့်၏ လျောက်ထားချက်အရ တိုင်းတရားရုံးက တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၅၁ အရ ကျောက်တံတားမြို့နယ်တရားရုံး ဇာရီမှုအမှတ် ၂/၇၈ ကို ဆက်လက်ဆောင်ရွက်ခြင်းမှ ယာယီဆိုင်းငံ့လိုက်လေသည်။ ဦးမြင့်၏ အဆိုပြုချက်အရ သူသည် မြို့နယ်တရားရုံး တရားမကြီးမှုအမှတ် ၁၄၀/၇၃ တွင် တရားပြိုင်အဖြစ် ပါ၀င်ခဲ့သူမဟုတ်ပေ။ မြို့နယ်တရားရုံးသည် ဇာရီမှုအမှတ် ၂/၇၈ တွင် လျောက်ထားသူရရှိထားသော ဒီကရီကို အတည်ပြုသောအခါ အမှုသည်မဟုတ်သော ဦးမြင့်အနေဖြင့် တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁၊ နည်း ၉၇ မှ ၁၀၃ အထိ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နိုင်ခွင့် ရှိနေပေသည်။ တရားမကျင့်ထုံးဥပဒေတွင် အခြားနည်းပြဋ္ဌာန်ချက်များ မရှိမှသာလျှင် ပုဒ်မ ၁၅၁ အရ အပ်နှင်းထားသည့် မူလဘူတအာဏာကို ကျင့်သုံးရန်ဖြစ်သည်။ ထို့ကြောင့် တိုင်းတရားရုံးက ပုဒ်မ ၁၅၁ အရ အပ်နှင်းထားသည့် မူလဘူတအာဏာကို သုံးစွဲခြင်းမှာ အမှုတွဲတွင် ပေါ်ပေါက်သည့်အချက်များအရ မှန်ကန်သည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

သို့ဖြစ်၍ ဤပြင်ဆင်မှုကို လက်ခံပြီး တိုင်းတရားရုံး၏အမိန့်ကို စခိတ်နှင့်တကွ ပယ်ဖျက်လိုက်သည်။

ရှေ့နေခ ကျပ် ၅၀/– သတ်မှတ်သည်။

တရားမ ပထမ အယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးခင်ဇာမုံ၊ အဖွဲ့ဝင်များအဖြစ် ဦးလှဘုန်းနှင့် ဦးထွန်းရှိန် တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

မနီ ပါ(၂)

နှင့်

ဒေါ်ခင်စန်းရီ *

†၁၉၇၄
စက်တင်ဘာ
၂၀ ရက်

မိမိဟစ်ဦးတည်းပိုင်ဖြစ်ကြောင်း မြွက်ဟကြေငြာပေးစေလိုမှု – အမှုအတွင်း တရားလိုသေဆုံးသွားခြင်း – တရားလို သေဆုံးချိန်တွင် တရားလိုတောင်းဆိုသော သက်သာခွင့်မှာ ပေး၍ မရနိုင်သော အခြေအနေရှိလျှင် အမှုမှာရပ်စဲသွားပြီဖြစ်ခြင်း – ထိုအခါ တရားဝင် ကိုယ်စားလှယ်အဖြစ် ထည့်သွင်း၍ အမှုကို ဆက်လက်စစ်ဆေးရန် မလိုတော့ခြင်း။

ဆုံးဖြတ်ချက်။ ။ မူလရုံးတရားလို ဦးဥာဏ်သည်အမှုဆိုင်နေစဉ်အတွင်း ၈-၁၂-၇၇ နေ့တွင် ကွယ်လွန်ခဲ့သည်။ သို့ဖြစ်ရာ အချင်းဖြစ်မြေကွက်များနှင့် အိမ်များမှာ ဦးဥာဏ်အဆိုပြုသည့်အတိုင်း သူတစ်ဦးတည်းပိုင်ဖြစ်ပါမူ သူကွယ်လွန်သောအခါ ယင်းပစ္စည်းများမှာ မနီနှင့် မောင်ခွေး အပါအဝင် ပထမအိမ်ထောင်မှ သားသမီးများနှင့် ဒုတိယဇနီး ဒေါ်ခင်စန်းရီတို့ ပူးတွဲပိုင်ဆိုင်သည့် အမွေဆိုင်ပစ္စည်းအဖြစ်သို့ ရောက်ရှိသွားပေလိမ့်မည်။ ထိုအခြေအနေတွင် ၁၄-၆-၈၂ နေ့၌ ရန်ကုန်တိုင်းတရားရုံးက ကောက်ယူဆုံးဖြတ်သကဲ့သို့ အချင်းဖြစ်ပစ္စည်းများမှာ ဦးဥာဏ် တစ်ဦးတည်းပိုင်ဖြစ်သည်ဟု မြွက်ဟကြေငြာပေးခြင်း မပြုနိုင်တော့ချေ။ ထို့ပြင် အမှုကို အဆုံးအဖြတ်ပေးရန် အချိန်ကျရောက်သောအခါ ဦးဥာဏ်မှာ အသက်ထင်ရှား မရှိတော့သဖြင့် အချင်းဖြစ် ပစ္စည်းများကို သေသူပိုင်ဖြစ်သည်ဟု မြွက်ဟကြေငြာပေးခြင်း မပြုနိုင်တော့ချေ။

---

* ၁၉၈၂ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၁၀၅

† ၁၉၇၇ ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၃၂ တွင်ချမှတ်သော (၁၄-၆-၈၂) နေ့စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို အယူခံမှု။

၁၉၀၄
မနိုဝါ(၂)
နှင့်
ဒေါ်ခင်စန်းရီ

ဆဝမံဆုံးဖြတ်ချက်။ ။ဦးဥာဏ်၏နေရာတွင် ဒေါ်ခင်စန်းရီအား အမှုသည်အဖြစ် ထည့်သွင်းထားသည့်အလျောက် အမှုကို အဆုံးအဖြတ်ပေးရမည့် အချိန်တွင် အချင်းဖြစ်ပစ္စည်းများမှာ ဒေါ်ခင်စန်းရီပိုင်ဖြစ်ကြောင်း မြွက်ဟကြေငြာပေးနိုင်ခြင်း ရှိမရှိ စိစစ်ရန်လိုပေသည်။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အချင်းဖြစ်ပစ္စည်းမှာ ဦးဥာဏ်အဆိုပြုချက်အရ ဦးဥာဏ်တစ်ဦးတည်း ပိုင်ဖြစ်ပါမူ သူကွယ်လွန်သောအခါ ယင်းပစ္စည်းများကို သူ၏ ပထမ အိမ်ထောင်မှ သားသမီးများနှင့် ဒုတိယဇနီးတို့က အမွေဆက်ခံရရှိမည် ဖြစ်၍ ယင်းပစ္စည်းများမှာဒေါ်ခင်စန်းရီတစ်ဦးတည်းပိုင်ဖြစ်သည်ဟုလည်းဆိုနိုင်ပေ။ ၎င်းအခြေအနေတွင် ဦးဥာဏ်စွဲဆိုသောအမှုမှာ ရပ်စဲသွားပြီဟု ကောက်ယူရပေမည်။ သူ၏ တရားဝင်ကိုယ်စားလှယ်ဖြစ်သည်ဟု အဆိုရှိသူ ဒေါ်ခင်စန်းရီအနေဖြင့် ဦးဥာဏ်စွဲဆိုသောအမှုကို ဆက်လက်ဆောင်ရွက်ခြင်း မပြုနိုင်တော့ပေ။

အယူခံတရားလိုများအတွက် — ဦးလှသင်း၊ မဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင်အတွက် — ဦးသန်းတင်၊ မဟိုတရားရုံးရှေ့နေ

ရန်ကုန်တိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၄၃၂/၇၇(တာမွေ) တွင် ဦးဥာဏ်က အယူခံတရားလို မနှိန့် မောင်ခွေး(ခ)စိန်မင်းတို့အပေါ် အချင်းဖြစ် မြေကွက်များနှင့် အိမ်များမှာ မိမိသာပိုင်ဆိုင်ကြောင်း မြွက်ဟကြေငြာပေးစေရန် တရားစွဲဆိုသည်။ အမှုဆိုင်နေစဉ်အတွင်း ဦးဥာဏ်ကွယ်လွန်သွားသဖြင့် ဇနီး ဒေါ်ခင်စန်းရီက တရားဝင် ကိုယ်စားလှယ်အဖြစ် ဆက်လက်ဆောင်ရွက်ခဲ့သည်။ တိုင်းဘရားရုံးက နှစ်ဘက်ကို စစ်ဆေးကြားနာပြီးနောက် ဦးဥာဏ်စွဲဆိုခဲ့သည့်အတိုင်း ဒီကရီချမှတ်လိုက်သဖြင့် မနှိုက်က မဟိုတရားရုံးတွင် ၎င်းအယူခံကိုတင်သွင်းသည်။

အယူခံတရားလို မနှိန့် မောင်ခွေးတို့သည် ဦးဥာဏ်နှင့် ကွယ်လွန်သူဇနီး ဒေါ်ကြင်ညွန့်၏ သားသမီး ၆ ဦးအနက်မှ သားနှင့်သမီးတို့ဖြစ်ကြသည်။ ဒေါ်ခင်စန်းရီသည် ဦးဥာဏ်၏ ဒုတိယဇနီးဖြစ်သည်။

မူလရုံးတရားလို ဦးဥာဏ်က ရန်ကုန်မြို့ ကျိုက္ကဆံလမ်း၊ အိမ်အမှတ် ၃၃၇ တည်ရာမြေကို သမီး မနီ အမည်ဖြင့် ဝယ်ယူ၍ အိမ်ကိုဆောက်လုပ်ခဲ့ကြောင်း၊ အဆိုပါလမ်းရှိ အိမ်အမှတ် ၃၀၉ နှင့် ထိုအိမ်တည်ရာမြေကို သား မောင်ခွေးအား ပေးကမ်းသည့်စာချုပ်ချုပ်ဆိုခဲ့ကြောင်း၊ သို့သော် ယင်းမြေနှင့်အိမ်များကို သူတို့အားလက်ရောက်ပေးအပ်ခဲ့ခြင်းမရှိကြောင်း၊ မိမိသည် ဒုတိယမယားနှင့် ခလေး ၄ ယောက်ရခဲ့သောကြောင့် မိမိအသက်ထင်ရှားရှိစဉ် အမွေခွဲဝေ

၁၉၀၄ မနီပါ (၂) နှင့် ဒေါ်ခင်စန်းရီ

ပေးလိုၵ် မနီတို့အား ဖျောင်းဖျပြောဆိုရာ သူတို့က ပိုင်ဆိုင်မှုကို မစွန့်လွှတ်လိုကြကြောင်း၊ သို့ပါၵ် ယင်းအိမ်နှင့်မြေများမှာ မိမိတစ်ဦးတည်းပိုင်ဖြစ်ကြောင်း မြွက်ဟကြေငြာပေးစေရန် တရားစွဲဆိုလေသည်။

မနီဘိုက ဦးဥာဏ်၏ အဆိုပြုချက်များကို ငြင်းကွယ်ၵ် အချင်းဖြစ် ပစ္စည်းများမှာ မိမိတို့ပိုင်ဖြစ်ကြောင်းထုချေကြသည်။

မူလရုံးတရားလို ဦးဥာဏ်သည် အမှုဆိုင်နေစဉ်အတွင်း ၈-၁၂-၇၇ နေ့တွင် ကွယ်လွန်ခဲ့သည်။ သို့ဖြစ်ရာ အချင်းဖြစ် မြေကွက်များနှင့် အိမ်များမှာ ဦးဥာဏ်အဆိုပြုသည့်အတိုင်း သူတစ်ဦးတည်းပိုင် ဖြစ်ပါမူ သူ ကွယ်လွန်သောအခါ ယင်းပစ္စည်းများမှာ မနီနှင့် မောင်ခွေးအပါအဝင် ပထမ အိမ်ထောင်မှ သားသမီးများနှင့် ဒုတိယဇနီး ဒေါ်ခင်စန်းရီတို့ ပူးတွဲပိုင်ဆိုင်သည့် အမွေဆိုင်ပစ္စည်းအဖြစ်သို့ ရောက်ရှိသွားပေလိမ့်မည်။ ထိုအခြေအနေတွင် ၁၄-၆-၀၂ နေ့၌ ရန်ကုန်တိုင်းတရားရုံးက ကောက်ယူဆုံးဖြတ်သကဲ့သို့ အချင်းဖြစ်ပစ္စည်းများမှာ ဦးဥာဏ်တစ်ဦးတည်းပိုင် ဖြစ်သည်ဟု မြွက်ဟကြေငြာပေးခြင်းမပြုနိုင်တော့ချေ။

ထို့ပြင် အမှုကို အဆုံးအဖြတ်ပေးရန် အချိန်ကျရောက်သောအခါ ဦးဥာဏ်မှာ အသက်ထင်ရှားမရှိတော့သဖြင့် အချင်းဖြစ် ပစ္စည်းများကို သေသူပိုင်ဖြစ်သည်ဟု မြွက်ဟကြေငြာပေးခြင်း မပြုနိုင်တော့ချေ။ ဦးဥာဏ်၏ နေရာတွင် ဒေါ်ခင်စန်းရီအား အမှုသည်အဖြစ် ထည့်သွင်းထားသည့်အလျောက် အမှုကို အဆုံးအဖြတ်ပေးရမည့် အချိန်တွင် အချင်းဖြစ် ပစ္စည်းများမှာ ဒေါ်ခင်စန်းရီ ပိုင်ဖြစ်ကြောင်း မြွက်ဟကြေငြာပေးနိုင်ခြင်း ရှိမရှိ စိစစ်ရန်လိုပေသည်။အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အချင်းဖြစ် ပစ္စည်းမှာ ဦးဥာဏ်အဆိုပြုချက်အရ ဦးဥာဏ် တစ်ဦးတည်းပိုင်ဖြစ်ပါမူ သူကွယ်လွန်သောအခါ ယင်းပစ္စည်းများကို သူ၏ ပထမအိမ်ထောင်မှ သားသမီးများနှင့် ဒုတိယဇနီးတို့က အမွေဆက်ခံရရှိမည်ဖြစ်၍ ယင်းပစ္စည်းများမှာ ဒေါ်ခင်စန်းရီ တစ်ဦးတည်းပိုင် ဖြစ်သည်ဟု လည်း မဆိုနိုင်ပေ။ ၅၂အခြေအနေတွင် ဦးဥာဏ်စွဲဆိုသောအမှုမှာ ရပ်စဲသွားပြီဟု ကောက်ယူရပေမည်။သူ၏တရားဝင်ကိုယ်စားလှယ်ဖြစ်သည်ဟု အဆိုရှိသူ ဒေါ်ခင်စန်းရီ အနေဖြင့် ဦးဥာဏ်စွဲဆိုသောအမှုကိုဆက်လက်ဆောင်ရွက်ခြင်း မပြုနိုင်တော့ပေ။

တရားလို၏အဆိုလွှာအပိုဒ် ၆ တွင်အောက်ပါအတိုင်းအဆိုပြုထားသည်—

"၆။ တရားလိုက တရားပြိုင်တို့၏ မိခင် သေဆုံးပြီးမှ ယူ ခဲ့ သော နောက်မိန်းမနှင့်ကလေး ၄ ယောက်ရရှိခဲ့သောကြောင့် မိမိအသက်

၁၉၀၄
မနီပါ(၂)
နှင့်
ဒေါ်ခင်စန်းရီ

ရှင်နေချိန်တွင် မိသားစုနှစ်ခုတို့အား သင့်တင့်လျောက်ပတ်စွာခွဲဝေပေးခဲ့လို၍ တရားပြိုင်တို့အား ဖျောင်းဖျ ပြောဆိုခဲ့သည်။ တရားပြိုင်တို့ကထင်းတို့ပိုင်ဆိုင်မှုကို မစွန့်လွှတ်လိုကြပါ။"

၅၂အဆိုပြုချက်အရ ဦးဥာဏ်သည် မနီတို့၏ပိုင်ဆိုင်ခွင့်ကို တနည်းအားဖြင့် ဝန်ခံကြောင်း ပေါ်ပေါက်နေသည့် အလေ့ာက် အချင်းဖြစ် ပစ္စည်းများကို ဦးဥာဏ် တစ်ဦးတည်းပိုင်သည်ဟု မြွက်ဟကြေငြာပေးရန် မသင့်ပေ။

ထို့ကြောင့် ၅၂အယူခံကိုခွင့်ပြု၍ ရန်ကုန်တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကိုပယ်ဖျက်ပြီး ဦးဥာဏ်စွဲဆိုခဲ့သောအမှုကို တရားရုံးအဆင့်ဆင့် စရိတ်နှင့်တကွပလပ်လိုက်သည်။

ရှေ့နေခကို ကျပ် ၁၀၀/--ဟု သတ်မှတ်သည်။

တရားမအစဉ်ထွေထွေအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးလှဘုန်း၊အဖွဲ့ဝင်များအဖြစ် ဦးခင်ဇော်မုံနှင့် ဦးအေးမောင်တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ပီ၊ စီ၊ မာလကာ

နှင့်

ဒေါ်ကျင်ကိုး*

၁၉၀၄
ဇူလိုင်လ
၁၃ ရက်

တရားမကျင့်ထုံးဥပဒေအမိန့် ၂၁နည်း ၁၆—တရားနိုင်တစ်ဦးထံမှ ဒီကရီကို လွှဲပြောင်းလက်ခံရရှိသူက ဒီကရီကိုအတည်ပြုပေးရန် လျှောက်ထားသည့်အခါ တရားရုံးက ကန့်ကွက်ပိုင်ခွင့်မရှိဖြင့်—ထိုအမှုမျိုးတွင် အဓွန့်ဆက်ခံခွင့်လက်မှတ် မပါရှိဘဲလည်း ဒီကရီကို အတည်ပြုပေးရန် လျှောက်ထားနိုင်ခွင့်ရှိပြင်း။

ဆုံးဖြတ်ချက်။ ။တရားနိုင်တစ်ဦးထံမှ ဒီကရီကို လွှဲပြောင်းလက်ခံရရှိသူက ဒီကရီကိုအတည်ပြုခြင်းခွင့်စစ်လျှင်၌ တရားမကျင့်ထုံးဥပဒေအမိန့် ၂၁နည်း ၁၆ တွင် ပြဋ္ဌာန်းထားသည်။ ယင်းနည်းဥပဒေ၏ ပထမခြွင်းချက်အရ ဒီကရီအတည်ပြုသည့်တရားရုံးသည် ဒီကရီအတည်ပြုခြင်းခွင့်စစ်လျှင်၌ မူလတရားနိုင်က ကန့်ကွက်လာလျှင် ထိုကန့်ကွက်ချက်ကို လက်ခံ အဆုံးအဖြတ်ပေးပြီးမှ ဒီကရီကို အတည်ပြုပေးရန်ဖြစ်သည်။ ယင်းနည်းဥပဒေတွင် တရားရုံးသည် တရားနိုင်နည်းတူ ကန့်ကွက်တင်ပြနိုင်သည်ဟုပြဋ္ဌာန်းထားခြင်းမရှိဟုသိုဖြစ်ရာ တရားနိုင်ထံမှ အခြားသူတစ်ဦးအား ဒီကရီကိုလွှဲပြောင်း ပေးခြင်းမှာ တရားဝင်မဝင်ခွင့်စစ်လျှင်၌တရားရုံးဘက်မှ ကန့်ကွက်ပြောဆိုခွင့်မရှိဟု ဆိုရပေမည်။

ဇစ်မံဆုံးဖြတ်ချက်။ ။မူလတရားနိုင် ဦးတင်ငါး၏ ဇနီးနှင့် သားသမီးများသည် တရားမဇာဒီမှုအမှတ် ၄/၆၉ တွင် တရားရုံးများအပေါ် ဒီကရီကို အတည်ပြုပေးရန် သတ်မှတ်ထားသည့် ကာလအတွင်း လျှောက်ထားခဲ့သည်။ သို့သော် ထိုအမှုတွင် ဒီကရီ အတည်ပြုသူများသည် ဒီကရီငွေကို ကောက်ခံရန်အတွက် အဓွန့်ဆက်ခံရေးအက်ဥပဒေပုဒ်မ ၂၁၄ (၁) (ခ)ပါ ပြဋ္ဌာန်းချက်များအရ လိုအပ်သည့် အဓွန့်ဆက်ခံခွင့်လက်မှတ် တင်ပြခြင်းမရှိခဲ့၍

---

* ၁၉၀၄ ခုနှစ်၊ တရားမ အထွေထွေအယူခံမှုအမှတ် ၁

† ၁၉၇၄ ခုနှစ်၊ တရားမဇာဒီမှုအမှတ် ၂ (ပုသိမ်အနော်က်)တွင်ချမှတ်သော (၁၅-၁၂-၀၃) နေ့စွဲပါ ဇော်တီတိုင်းတရားရုံး၏ အမိန့်ကို အယူခံမှု။

ဇာရီမှုကို ဆက်လက်ဆောင်ရွက်ခြင်းမပြုနိုင်ခဲ့ချေ။ သို့သော် အဆိုပါဥပဒေပုဒ်မ ၂၁၄(၁) (ခ) ပါ ပြဋ္ဌာန်းချက်များက သို့ထို ဇာရီမှုဖွင့်လှစ်ခြင်းကို ပိတ်ပင်ခြင်းမပြုသဖြင့် တရားမဇာရီမှုအမှတ် ၄/၆၉ တွင် အမွေဆက်ခံခွင့်လက်မှတ် မတင်ပြနိုင်ခဲ့ရုံမျှဖြင့် ဒီကရီကိုအတည်ပြုပေးရန် လျှောက်ထားခြင်းသည် ဥပဒေနှင့်အညီမဟုတ်ဟု မဆိုနိုင်ပေ။

၁၉၀၄
ပီ၊စီ၊မာလကာ
နှင့်
ဒေါ်ကျင်ကီး

အယူခံတရားလိုအတွက် — ဦးဇော်သိန်းထွန်း၊ ဗဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင်အတွက်— ဦးဇမာ၊ ဗဟိုတရားရုံးရှေ့နေ

ပုသိမ်မြို့ ယခင်ခရိုင်တရားမရုံး တရားမကြီးမှုအမှတ် ၄/၆၂တွင် ဦးတင်ငါးဆိုသူက အယူခံတရားလို ပီ၊ စီ၊ မာလကာနှင့် အခြားသူ နှစ်ဦးအပေါ် ငွေကျပ် ၅၄၇၁၁/၆၂ ပြားအတွက် ဒီကရီရရှိခဲ့သည်။ဦးတင်ငါးက အဆိုပါဒီကရီကို အဆိုပါတရားရုံး တရားမဇာရီမှုအမှတ် ၃/၆၄ တွင် အတည်ပြုခဲ့ရာ၊ ထိုဇာရီမှုကို ၃–၅–၆၉ နေ့တွင် ပိတ်ခဲ့သည်။ ဦးတင်ငါး ကွယ်လွန်သွားသဖြင့် ဇနီး ဒေါ်စောမြိုင်နှင့် သားသမီးများက အဆိုပါဒီကရီကို အဆိုပါတရားရုံး တရားမဇာရီမှုအမှတ် ၄/၆၉ တွင် ထပ်မံအတည်ပြုသည်။ ထိုသို့ဒီကရီကိုအတည်ပြုရန် ဆောင်ရွက်ဆဲတွင် ဒေါ်စောမြိုင်တို့က ၂၇–၀–၇၄ နေ့တွင် ဦးတင်ငါးရရှိခဲ့သည့် ဒီကရီကို ဦးကာစိအားလွှဲပြောင်းပေးလိုက်သည်။ ဦးကာစိသည် ၁၉–၉–၇၄ နေ့တွင် အဆိုပါဒီကရီကို အစာည်ပြုပေးရန် ဧရာဝတီတိုင်းတရားရုံး တရားမဇာရီမှုအမှတ် ၂/၇၄ တွင် လျှောက်ထားသည်။ ထိုသို့ လျှောက်ထားဆဲတွင် ဦးကာစိ ကွယ်လွန်သွားခဲ့သည်။ ၁၁–၁–၇၀ နေ့တွင် ဦးကာစိ၏သား ဦးလှအေးက မိမိနှင့် အခြားညီအစ်ကိုမောင်နှမများ၏ ကိုယ်စားလှယ်အဖြစ်ဖြင့် ဦးကာစိလွှဲပြောင်းရယူထားသည့် ဒီကရီကို ဒေါ်ကျင်ကီးအား မှတ်ပုံတင်စာချုပ်အရ ထပ်ဆင့် လွှဲပြောင်းပေးခဲ့သည်။ ဒေါ်ကျင်ကီးက ဦးကာစီဖွင့်လှစ်ခဲ့သည့် ဇာရီမှုမှာပင် ဒီကရီကို အတည်ပြုပေးရန် လျှောက်ထားရာ တရားရုံးများက အကြောင်းအမျိုးမျိုးပြ၍ ကန့်ကွက်သည်။ တိုင်းတရားရုံးက ယင်းကန့်ကွက်ချက်များကို ပယ်လိုက်သောကြောင့် တရားရုံးတစ်ဦးဖြစ်သူ ပီ၊စီ၊မာလကာက ဗဟိုတရားရုံးတွင်၍အယူခံကိုလျှောက်ထားသည်။

အယူခံတရားလို၏ ရှေ့နေ ဦးဇော်သိန်းထွန်းက ဦးကာစီ ရရှိထားသည့် ဒီကရီကို ဒေါ်ကျင်ကီးအား လွှဲပြောင်းပေးရာတွင် အခြားအမွေဆိုင်များက သဘောမတူသည်ကတကြောင်း၊ အဖိုးစားနားမရဲ့ ဦးလှအေးက လွှဲပြောင်းပေးခဲ့ခြင်းဖြစ်သဖြင့် လွှဲပြောင်းပေးမှုမှာ ပဋိညာဉ်အက်ဥပဒေ ပုဒ်မ ၂၅ အရ ပျက်ပြယ်ကြောင်း စသည်ဖြင့် တင်ပြလျှောက်ထားသည်။

၁၉၀၄
ဒီးစီးမာလကာ နှင့် ဒေါ်ကျင်ကီး

တရားနိုင်တစ်ဦးထံမှ ဒီကရီလွှဲပြောင်းလက်ခံရရှိသူက ဒီကရီအတည်ပြုခြင်းနှင့်စပ်လျဉ်း၍ တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁၊ နည်း ၁၆ တွင် ပြဋ္ဌာန်းထားသည်။ ယင်းနည်းဥပဒေ၏ ပထမခြွင်းချက်အရ ဒီကရီအတည်ပြုသည့် တရားရုံးသည် ဒီကရီအတည်ပြုခြင်းနှင့်စပ်လျဉ်း၍ မူလတရားနိုင်က ကန့်ကွက်လာလျှင် ထိုကန့်ကွက်ချက်ကို လက်ခံအဆုံးအဖြတ်ပေးပြီးမှ ဒီကရီကိုအတည်ပြုပေးရန်ဖြစ်သည်။ ယင်းနည်းဥပဒေတွင် တရားရုံးသည် တရားနိုင်နည်းတူ ကန့်ကွက်တင်ပြနိုင်သည်ဟု ပြဋ္ဌာန်းထားခြင်းမရှိချေ။ သို့ဖြစ်ရာ တရားနိုင်ထံမှ အခြားသူ တစ်ဦးအား ဒီကရီကို လွှဲပြောင်းပေးခြင်းမှာ တရားဝင် မဝင်နှင့် စပ်လျဉ်း၍၊ တရားရုံးဘက်မှ ကန့်ကွက်ပြောဆိုခွင့်မရှိဟု ဆိုရပေမည်။

အယူခံတရားလို၏ ရှေ့နေက ဦးကာစီသည် ဦးတင်ငါး၏ အမွေစားအမွေခံတို့ထံမှ အချင်းဖြစ်ဒီကရီကို ဝယ်ယူခဲ့သည့်အလျောက် အယူခံတရားလိုအပါအဝင် တရားရုံးများ၏ မြို့ရှင်မှာ ဦးကာစီ ဖြစ်ကြောင်း၊ သို့ဖြစ်ရာ ဒေါ်ကျင်ကီးသည် ဦးကာစီ၏ကြွေးမြီများကို ကောက်ခံရန်အတွက် အမွေဆက်ခံခွင့်လက်မှတ် တင်ပြရမည်ဖြစ်ကြောင်း၊ ဇာရီမှုတွင် ဒေါ်ကျင်ကီးသည် ဦးတင်ငါး၏ ကြွေးမြီများ ကောက်ခံရန်အတွက် အမွေဆက်ခံခွင့်လက်မှတ် တင်ပြခဲ့ကြောင်း၊ ဦးကာစီ ကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံခွင့်လက်မှတ်တင်ပြနိုင်ခြင်းမရှိ၍ ဒီကရီကိုအတည်ပြုမပေးနိုင်ကြောင်း စသည်ဖြင့် တင်ပြလျှောက်ထားသည်။ အချင်းဖြစ်ဒီကရီအတွက် တရားရုံးများထံမှ ရရန်ရှိသောငွေများမှာ ကနဦးက ဦးတင်ငါးရထိုက်သော ငွေများဖြစ်သည်။ ဦးတင်ငါးရရန်ရှိသည့် ဒီကရီငွေကို ဦးကာစီအား လွှဲပြောင်းပေးခဲ့သည်မှန်သော်သည်း ဦးကာစီသည် ဦးတင်ငါးရရန်ရှိသော ကြွေးမြီများအတွက် ကောက်ခံနိုင်ရန် အမွေဆက်ခံခွင့်လက်မှတ် မလျှောက်ထားမီ ကွယ်လွန်ခဲ့သဖြင့် ဒေါ်ကျင်ကီးက မူလမြို့ရှင် ဦးတင်ငါးက တရားရုံးများထံမှ ကောက်ခံရန်ရှိသောကြွေးမြီများအတွက် အမွေဆက်ခံခွင့်လက်မှတ်တင်ပြထားကြောင်း အမှုတွဲ၌တွေ့ရသည်။

အယူခံတရားလို၏ ရှေ့နေက ဦးတင်ငါး ဖွင့်လှစ်ခဲ့သော ဇာရီမှုအမှတ် ၃/၆၄ ကို ၃-၅-၆၉ နေ့တွင် ပိတ်ခဲ့ကြောင်း၊ ဦးတင်ငါး၏ဇနီးနှင့် သားသမီးများ ၂၄-၆-၆၉ နေ့တွင် ဖွင့်ခဲ့သော တရားမဇာရီမှုအမှတ် ၄/၆၉၌ ဦးတင်ငါး၏ဇနီး ဒေါ်စောမြင့်နှင့် သားသမီးတို့သည် ဦးတင်ငါး ရရန်ရှိသော ကြွေးမြီများကောက်ခံရန်အလို့ငှာ အမွေဆက်ခံခွင့်လက်မှတ် တင်ပြနိုင်ခြင်းမရှိသဖြင့် ဇာရီမှုကို ၄-၁၀-၇၄ နေ့တွင် ပိတ်ခဲ့ရကြောင်း၊ ယင်းဇာရီမှုမှာ ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယား အမှတ်စဉ် ၁၀၂ (၅) တွင် အကျုံးဝင်သော လျှောက်ထားမှု မဟုတ်သဖြင့် စည်းကမ်းသတ်ကာလကို တွက်ချက်ရာ၌ ထိုဇာရီမှုကို ထည့်သွင်း မစဉ်းစားနိုင်ကြောင်း လျှောက်ထားသည်။

၁၉၈၄
ဗိ၊စိ၊မာလကာ
နှင့်
ဒေါ်ကျင်ကီး

ဒီကရီကို အတည်ပြုပေးစေရန် ဆိုင်ရာတရားရုံးသို့ ဥပဒေနှင့်အညီ လျှောက်ထားမှုအပေါ်၌ နောက်ဆုံးအမိန့်ချမှတ်သည့်နေ့ရက်ကစ၍ ၃ နှစ်အတွင်း ယင်းဒီကရီကို အတည်ပြုပေးရန် နောက်ထပ် လျှောက်ထားမှုပြုရမည်ဟု ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယားအမှတ်စဉ် ၁၈၂(၅) တွင် ပြဋ္ဌာန်းထားသည်။ မူလတရားနှိုင် ဦးတင်ငါး၏ ဇနီးနှင့်သားသမီးများသည် တရားမဇာရီမှုအမှတ် ၄/၆၉ တွင် တရားရုံးများအပေါ် ဒီကရီကို အတည်ပြုပေးရန် သတ်မှတ်ထားသည့် ကာလအတွင်း လျှောက်ထားခဲ့သည်။ သို့သော် ထိုအမှုတွင် ဒီကရီအတည်ပြုသူများသည် ဒီကရီငွေကို ကောက်ခံရန်အတွက် အမွေဆက်ခံရေး အက်ဥပဒေပုဒ်မ ၂၁၄(၁) (ခ) ပါ ပြဋ္ဌာန်းချက်များအရ လိုအပ်သည့် အမွေဆက်ခံခွင့်လက်မှတ် တင်ပြခြင်းမရှိခဲ့၍ ဇာရီမှုကို ဆက်လက်ဆောင်ရွက်ခြင်းမပြုနိုင်ခဲ့ချေ။ သို့သော် အဆိုပါ ဥပဒေပုဒ်မ ၂၁၄(၁) (ခ)ပါ ပြဋ္ဌာန်းချက်များက ထိုသို့ ဇာရီမှုဖွင့်လှစ်ခြင်းကို ဝိတ်ပင်ခြင်းမပြုသဖြင့် တရားမဇာရီမှုအမှတ် ၄/၆၉ တွင် အမွေဆက်ခံခွင့်လက်မှတ် မတင်ပြနိုင်ခဲ့ရုံမျှဖြင့် ဒီကရီကို အတည်ပြုပေးရန် လျှောက်ထားခြင်းသည် ဥပဒေနှင့်အညီမဟုတ်ဟုမဆိုနိုင်ပေ။ ထိုဇာရီမှုကို မဝိတ်မီ တရားမဇာရီမှုအမှတ် ၂/၇၄ ကို ဖွင့်လှစ်ခဲ့သည်ဖြစ်၍ ယင်းဇာရီမှုသည် ကာလစည်းကမ်းသတ်ကျော်လွန်သည်ဟု မဆိုနိုင်ပေ။

ထို့ကြောင့် ဤအယူခံကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။ ရှေ့နေခကို ကျပ် ၅၀/–ဟု သတ်မှတ်သည်။

တရားမပထမအယူခံမှု

ဥက္ကဋ္ဌအဖြစ်ဦးခင်ဇာမုံ၊ အဖွဲ့ဝင်များအဖြစ် ဦးလှဘုန်းနှင့် ဦးအေးမောင် တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

†၁၉၇၄
ဩဂုတ်လ
၂၂ ရက်

မောင်မူဆာ
နှင့်
မဝင်းမြင့် *

မိဘာမေဒင်ဘာသာဥပဒေအရ ထိမ်းမြားလက်ထပ်ခြင်း မြောက်မမြောက် အဆုံးအဖြတ်ပေးခြင်း။

ဆုံးဖြတ်ချက်။ ။ ထိမ်းမြားလက်ထပ်ခြင်းနှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ပေးရမည့်ကိစ္စတွင် အမှုသည်များသည် မိဘာမေဒင်ဘာသာဝင်များ ဖြစ်ကြလျှင် မိဘာမေဒင်ဘာသာဥပဒေအရ အဆုံးအဖြတ်ပေးရမည်ဟု မြန်မာနိုင်ငံတရားဥပဒေများ အက်ဥပဒေပုဒ်မ ၁၃(၁)တွင် ပြဋ္ဌာန်းထားသည်။ ဤအမှုတွင် အယူခံတရားလိုနှင့် အယူခံတရားပြိုင်တို့သည် မိဘာမေဒင်ဘာသာဝင်များဖြစ်ခကြောင်း အငြင်းပွားချက်မရှိသဖြင့် သူ့ဘို့ထိမ်းမြားလက်ထပ်ခြင်းတရားဝင်မဝင်ဥပဒေပြဿနာကို မိဘာမေဒင်ဘာသာဥပဒေအရသာ အဆုံးအဖြတ်ပေးရန်ရှိပေသည်။

မိဘာမေဒင်ဘာသာဥပဒေအရ ထိမ်းမြားလက်ထပ်ခြင်းမြောက်ရန် ထိမ်းမြား လက်ထပ်လိုကြောင်း တဘက်မှ စကားကမ်းလှမ်းခြင်းနှင့် တဘက်မှ လက်ခံသဘောတူခြင်းကိစ္စရပ်များကို အခမ်းအနားတစ်ခုတည်း၌အရှယ်ရောက်ပြီး ရှူးသွပ်ခြင်းမရှိသော မိဘာမေဒင်အမျိုးသားနှစ်ဦး သို့မဟုတ် မိဘာမေဒင်အမျိုးသားတစ်ဦးနှင့်မိဘာမေဒင်အမျိုးသမီးနှစ်ဦးတို့ရှေ့တွင် သက်သေထား၍ ပြုလုပ်ဆောင်ရွက်ခြင်းဖြစ်ရမည်။

အယူခံတရားလိုအတွက် — ဦးချစ်၊ ဗဟိုဘရားရုံးရှေ့နေ

အယူခံတရားပြိုင်အတွက် — ဒေါ်မေမေနဲ့၊ ဗဟိုဘရားရုံးရှေ့နေ

---

* ၁၉၀၂ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၆၂

† ၁၉၇၉ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃ တွင် ချမှတ်သော (၂၉-၆-၀၂) နေ့စွဲပါ စစ်ကိုင်းတိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကိုအယူခံမှု။

မဝင်းမြင့်နှင့် မောင်မူဆာတို့သည် မိဟာမေဒင်ဘာသာဝင် မူဆလင်လူမျိုးများဖြစ်ကြပြီး ၅-၇-၇၅ နေ့တွင် ချောင်ဦးမြို့နယ်တရားရုံး၌ လက်မှတ်ရေးထိုး၍ လက်ထပ်ခဲ့ကြသည်။ ထို့နောက် ၃၀-၁၂-၇၅ နေ့တွင် မဝင်းမြင့်သည် မူဆလင်တစ်ဦးဖြစ်သူ ကူရ်ဘာန် (ခေါ်) မောင်လှဖေနှင့် မိဟာမေဒင်ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ ထိမ်းမြားလက်ထပ်ခဲ့သည်။ ၃၁-၁၂-၇၅ နေ့တွင် မောင်မူဆာကလည်း ကူရ်ဘာန် (ခေါ်) မောင်လှဖေ ပါ ၃ ဦးအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၉၇/၁၁၄ အရ မုံရွာမြို့နယ်တရားရုံး၌ တရားစွဲဆိုခဲ့သည်။ သို့ဖြစ်၍ မဝင်းမြင့်က မိမိနှင့် မောင်မူဆာတို့ လက်မှတ်ရေးထိုး၍ လက်ထပ်ခဲ့ခြင်းသည် မိဟာမေဒင် ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ လက်ထပ်ခဲ့ခြင်းမဟုတ်၍ တရားမဝင်ကြောင်းအဆိုပြုကာ မိမိနှင့် မောင်မူဆာတို့သည် တရားဝင်လင်မယားမဟုတ်ကြောင်း ကြေငြာပေးစေလိုမှုကို မောင်မူဆာအား တရားပြိုင်ထား၍ စစ်ကိုင်းတိုင်းတရားရုံး တရားမကြီးမှုအမှတ် ၃/၇၉ တွင် တရားစွဲဆိုသည်။

မောင်မူဆာက တရားလိုနှင့် တရားပြိုင်တို့သည် အရွယ်ရောက်ပြီးသူများဖြစ်၍ ၅-၇-၇၅ နေ့က ချောင်ဦးမြို့နယ်တရားရုံး၌ ကတိသစ္စာပြုပြီးလက်ထပ်ခဲ့ခြင်းသည် နှစ်ဦးသဘောတူ ကြည်ဖြူ၊ ကျေနပ်စွာဖြင့် သက်သေများရှေ့၌ လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်၍ မိဟာမေဒင်ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ လက်ထပ်ခြင်းပြီးမြောက်သဖြင့် တရားဝင်အကြောင်းလင်မယားဖြစ်ကြောင်း စသည်ဖြင့် ထုချေသည်။

တိုင်းတရားရုံးက အဆိုအချေများအရ ငြင်းချက်များထုတ်၍စစ်ဆေးကြားနာခဲ့ပြီးနောက် တရားလိုစွဲဆိုသည့်အတိုင်း ဒီကရီချမှတ်လို က်သဖြင့် တရားပြိုင် မောင်မူဆာက မကျေနပ်၍ ဗဟိုတရားရုံး၌ ဤပထမအယူခံကိုဘင်သွင်းသည်။

အဆိုအချေများအရ တိုင်းတရားရုံးက ငြင်းချက် (၃) ရပ် ထုတ်ခဲ့သည့် အနက် ငြင်းချက် (၁) မှာ အောက်ပါအတိုင်းဖြစ်သည် –

> "၁။ တရားလိုနှင့် တရားပြိုင်တို့ ချောင်ဦးမြို့နယ် တရားရုံးတွင် ၅-၇-၇၅ နေ့က ကတိသစ္စာပြုပြီး လက်ထပ်ခဲ့သောလက်ထပ်စာချုပ်သည် မိဟာမေဒင်တရားဥပဒေအရ လက်ထပ်ခဲ့ခြင်းမဟုတ်သဖြင့် တရားမဝင်ဆိုခြင်းမှာ မှန်သလား"

ထိမ်းမြားလက်ထပ်ခြင်းနှင့်စပ်လျဉ်း၍ အဆုံးအဖြတ်ပေးရမည့်ကိစ္စတွင်အမှုသည်များသည် မိဟာမေဒင်ဘာသာဝင်များဖြစ်ကြလျှင် မိဟာမေဒင်ဘာသာဥပဒေအရ အဆုံးအဖြတ်ပေးရမည်ဟု မြန်မာနိုင်ငံတရားဥပဒေများအက်ဥပဒေ

၁၉၀၄ မောင်မူဆာ နှင့် မဝင်းမြင့်

ပုဒ်မ ၁၃(၁) တွင် ပြဋ္ဌာန်းထားသည်။ ၎င်အမှုတွင် အယူခံ တရားလိုနှင့် အယူခံတရားဖြေငြင်တို့သည် မိဟာမေဒင်ဘာသာဝင်များဖြစ်ကြောင်း အငြင်းပွားချက်မရှိသဖြင့် သူတို့ထိမ်းမြားလက်ထပ်ခြင်း တရားဝင်မဝင် ဥပဒေပြဿနာကို မိဟာမေဒင်ဘာသာဥပဒေအရသာ အဆုံးအဖြတ်ပေးရန် ရှိပေသည်။

မိဟာမေဒင်ဘာသာဥပဒေအရ ထိမ်းမြားလက်ထပ်ခြင်းမြောက်ရန် ထိမ်းမြားလက်ထပ်လိုကြောင်း တဘက်မှ စကားကမ်းလှမ်းခြင်းနှင့် တဘက်မှလက်ခံသဘောတူခြင်း ကိစ္စရပ်များကို အခမ်းအနားတစ်ခုတည်း၌ အရွယ်ရောက်ပြီး ရူးသွပ်ခြင်းမရှိသော မိဟာမေဒင် အမျိုးသားနှစ်ဦး သို့မဟုတ် မိဟာမေဒင် အမျိုးသားတစ်ဦးနှင့်မိဟာမေဒင်အမျိုးသမီးနှစ်ဦးတို့ရှေ့တွင် သက်သေထား၍ ပြုလုပ်ဆောင်ရွက်ခြင်းဖြစ်ရမည်။

ချောင်ဦးမြို့နယ်တရားရုံးတွင် သက်သေခံ (က) ကတိသစ္စာ ပြုလွှာအရ လက်မှတ်ရေးထိုးကြစဉ်က အသိသက်သေများအဖြစ် ဒေါ်လှခင်နှင့်ဦးတင်ဝင်းတို့က လက်မှတ်ရေးထိုးခဲ့ကြသည်ဖြစ်ရာ ထိုသူများအကြောင်းနှင့် စပ်လျဉ်း၍ မောင်မူဆာ၏ ထွက်ချက်တွင် အောက်ပါအတိုင်းပါရှိသည် —

> "အဆိုပါ လက်ထပ်စာချုပ်တွင် အသိသက်သေ အဖြစ် ဒေါ်လှခင်နှင့် ဦးတင်ဝင်းတို့ လက်မှတ်ရေးထိုးထားပါသည်။ ဒေါ်လှခင်သည် မိဟာမေဒင် ဘာသာဝင်ဖြစ်ပြီး၊ ဦးတင်ဝင်းသည် ဗုဒ္ဓဘာသာဝင်ဖြစ်သည်ဆိုတာ မှန်ပါသည်။ ကျွန်တော်တို့ကို လက်ထပ်ပေးသည့် တရားသူကြီး သုံးဦးမှာ မိဟာမေဒင် ဘာသာဝင်လား၊ ဗုဒ္ဓဘာသာဝင်လား မသိပါ။"

အထက်ပါ မောင်မူဆာ၏ ဝန်ခံထွက်ဆိုချက်အရ ယင်း ထိမ်းမြားလက်ထပ်မှုတွင် မိဟာမေဒင်ဘာသာဥပဒေနှင့်အညီ ထိမ်းမြားလက်ထပ်ခဲ့ခြင်း ဖြစ်သည်ဟု ကောက်ယူနိုင်မည်မဟုတ်ချေ။ သို့ဖြစ်ရာ မဝင်းမြင့်စွဲဆိုသည့်အတိုင်း တရားလိုနှင့် တရားပြိုင်တို့သည် တရားဝင်လင်မယားမဟုတ်ကြောင်း စစ်ကိုင်းတိုင်းတရားရုံးက ကောက်ယူဆုံးဖြတ်ခဲ့ခြင်းသည် မှားယွင်းသည်ဟုမဆိုနိုင်ပေ။

ထို့ကြောင့် ၎င်အယူခံကို စရိတ်နှင့်တကွပလပ်လိုက်သည်။

ရှေ့နေခ ကျော် ဂဝ/—သတ်မှတ်သည်။

တရားမ အထွေထွေ အယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးလှဘုန်း၊ အဖွဲ့ဝင်များအဖြစ် ဦးခင်ဇာမုံနှင့် ဦးအေးမောင် တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

ဦးမင်းဇော်
နှင့်
ဦးသောင်းတင်ပါ (၂)*

†၁၉၇၄
စက်တင်ဘာ
၂၈ရက်

အလုပ်သမားလျော်ကြေး အက်ဥပဒေပုဒ်မ ၄ (၁) (ဂ)၊ ၄ (၁) (ဃ) နှင့် ခြင်းချက်—ကြိုတင်ပေးထားသောငွေကို တလုံးတခဲတည်းပေးရသော လျော်ကြေးငွေမှ နုန်မိန်နိုင်ခွင့်ရှိခြင်း။

ဆုံးဖြတ်ချက်။ ။ပုဒ်မ ၄ (၁) (ဃ) အောက်တွင်ရှိသော ခြွင်းချက်၌ အလုပ်သမားအား တလုံးတခဲတည်း ပေးရမည့် ငွေမှဖြစ်စေ၊ လဝက်လျှင် တစ်ကြိမ်ကျပေးရန်ရှိသည့် ငွေများမှဖြစ်စေ၊ အလုပ်ရှင်က အလုပ်သမားအား လျော်ကြေးအဖြစ် ကြိုတင်ပေးထားသော ငွေကို နုန်မိန်ရမည်ဟု ပြဋ္ဌာန်းထားသည်။ ယင်းခြွင်းချက်ပါ လဝက်လျှင် တစ်ကြိမ်ကျ ပေးချေရသော ငွေများမှာ ပုဒ်မ ၄ (၁) (ဃ) တွင် ရည်ညွှန်းထားသော လျော်ကြေးငွေများကို ဆိုလိုကြောင်း ပေါ်ပေါက်သည်ဖြစ်ရာ ယင်းခြွင်းချက်ပါ တလုံးတခဲတည်း ပေးရသော ငွေမှာ ပုဒ်မ ၄ (၁) (ဂ) တွင် ရည်ညွှန်းသော လျော်ကြေးအမျိုးအစားဖြစ်သည်ဟု ကောက်ယူသင့်ပေသည်။

အယူခံတရားလိုအတွက် — ကိုယ်တိုင်

အယူခံတရားပြိုင်များအတွက် — (၁) အတွက် ကိုယ်တိုင်
(၂) အတွက် ဦးထွန်းအောင်၊ ဥပဒေဝန်ထမ်းအဆင့် (၁)

မေမြို့မြို့နယ် အလုပ်သမားလျော်ကြေး စိစစ်ရေးကော်မတီ အမှု အမှတ် ၁/၇၃ တွင် အယူခံတရားပြိုင် ဦးသောင်းတင်က ဦးမင်းဇော်အပေါ် လုပ်ခွင်အတွင်း ထိခိုက်ဒဏ်ရာရရှိသည့်အတွက် အလုပ်သမားလျော်ကြေးရလိုကြောင်း

---

* ၁၉၇၃ ခုနှစ်၊ တရားမ အထွေထွေအယူခံမှု အမှတ် ၃၀

† ၁၉၇၃ ခုနှစ်၊ လျော်ကြေးမှုအမှတ် ၁ တွင် ချမှတ်သော (၁၂-၉-၇၃) နေ့စွဲပါ မေမြို့ မြို့နယ်အလုပ်သမားလျော်ကြေး စိစစ်ရေးကော်မတီ ရုံး၏ ဆုံးဖြတ်ချက်ကို အထွေထွေအယူခံမှု။

၁၉၀၄ ခြေမင်းဇော်နှင့် ခြံသောင်းတင်ပါ(၂)

လျောက်ထားရာ လျော်ကြေးကော်မတီက နှစ်ဘက်ကို စစ်ဆေးပြီးနောက် လျော်ကြေးငွေ ၄၀၃၂/-ကျပ် ပေးလျော်စေရန် အမိန့်ချမှတ်သောကြောင့် အလုပ်ရှင် ခြံမင်းဇော်က ဤအယူခံကို တင်သွင်းသည်။

အယူခံတရားလို ခြံမင်းဇော်က ခြံသောင်းတင်အား မိမိ ပေးလျော်ရန်ရှိသည့် ငွေ ၄၀၃၂/–ကျပ် မှ မိမိ လျော်ကြေးအဖြစ် ပေးပြီးဖြစ်သောငွေ ၁၉၀၀/–ကျပ်ကို ခွန်မဲပေးရန် တင်ပြလျောက်ထားသည်။

ဥပဒေဝန်ထမ်းက အလုပ်သမား ခြံသောင်းတင် ရရှိသော ဒဏ်ရာမှာ အလုပ်သမားလျော်ကြေးအက်ဥပဒေ ပုဒ်မ ၄(၁)(ဂ)တွင် အကျုံးဝင်သော ဒဏ်ရာဖြစ်သည်ကတကြောင်း၊ ကြိုတင်ငွေများကို ပုဒ်မ ဂ အရ အလုပ်သမား လျော်ကြေးကော်မတီတွင် ပေးသွင်းခဲ့ခြင်း မရှိသည်က တကြောင်းကြောင့် အလုပ်ရှင်သည် ပေးရန်ရှိသည့် လျော်ကြေးငွေမှ ၁၉၀၀/–ကျပ်ကို ခွန်မဲခွင့် မရှိကြောင်းစသည်ဖြင့် လျောက်ထားသည်။

အလုပ်သမားလျော်ကြေး အက်ဥပဒေ ပုဒ်မ ၄(၁)(ဂ) တွင် အကျုံးဝင်သော ထိခိုက်ဒဏ်ရာအတွက် လျော်ကြေးငွေကို ယင်းပုဒ်မခွဲ၏ ပုဒ်မခွဲ (၁) နှင့် (၂) တွင် ပြဋ္ဌာန်းထားသည့်အတိုင်း တွက်ချက်၍ ဆိုင်ရာအလုပ်သမားအား တလုံးတခဲတည်းပေးရန် ဖြစ်သည်။ ပုဒ်မ ၄(၁)(ဃ) တွင် အကျုံးဝင်သော ထိခိုက်ဒဏ်ရာအတွက် လျော်ကြေးငွေကို သတ်မှတ်ထားသည့်ကာလအတွင်း လဝက်လျှင် တစ်ကြိမ်ကျ၊ လစာ၏ ၃ ပုံ ၁ ပုံ သို့မဟုတ် တဝက်ကို အလုပ်သမားအား ပေးရန်ဖြစ်သည်။ ပုဒ်မ ၄(၁)(ဃ)အောက်တွင်ရှိသော ခြွင်းချက်၌ အလုပ်သမားအား တလုံးတခဲတည်းပေးရမည့် ငွေမှ ဖြစ်စေ၊လဝက်လျှင် တစ်ကြိမ်ကျပေးရန်ရှိသည့် ငွေများမှဖြစ်စေ၊ အလုပ်ရှင်က အလုပ်သမားအား လျော်ကြေးအဖြစ် ကြိုတင်ပေးထားသောငွေကို ခွန်မဲရမည်ဟု ပြဋ္ဌာန်းထားသည်။ ယင်းခြွင်းချက်ပါ လဝက်လျှင် တစ်ကြိမ်ကျပေးချေရသော ငွေများမှာ ပုဒ်မ ၄(၁)(ဃ)တွင် ရည်ညွှန်းထားသော လျော်ကြေးငွေများကို ဆိုလိုကြောင်း ပေါ်ပေါက်သည်ဖြစ်ရာ ယင်းခြွင်းချက်ပါ တလုံးတခဲတည်းပေးရသော ငွေမှာ ပုဒ်မ၄(၁)(ဂ)တွင် ရည်ညွှန်းသော လျော်ကြေးအမျိုးအစားဖြစ်သည်ဟု ကောက်ယူသင့်ပေသည်။

အလုပ်သမားလျော်ကြေး ဥပဒေပုဒ်မ ဂ (၁) တွင် ရည်ညွှန်းထားသော လျော်ကြေးမှာ ကွယ်လွန်သူ အလုပ်သမားအတွက် ပေးရသော လျော်ကြေး၊ မိန်းမအလုပ်သမားအား ပေးရသော လျော်ကြေးနှင့် မစွမ်းဆောင်နိုင်သော အလုပ်သမားတစ်ဦးအား ပေးရသော လျော်ကြေးမျိုးကို ဆိုလိုသည်။ ဤအမှုတွင် အလုပ်သမား ခြံသောင်းတင်အားပေးလျော်ရမည့် လျော်ကြေးငွေသည်

အဆိုပါပုဒ်မ ၈ (၁) တွင် အကျုံးဝင်သော လျော်ကြေးဖြစ်သည်ဟု မဆိုနိုင်ချေ။

သို့ဖြစ်ရာ ဦးမင်းဇော် တင်ပြသည့်အတိုင်း အလုပ်သမား ဦးသောင်းတင်အား ပေးလျော်ရမည့် လျော်ကြေးငွေမှ သူ့အား လျော်ကြေးအဖြစ် ကြိုတင်ပေးခဲ့သော ငွေများကို ခုနှိမ်ခွင့်ရှိသည်ဟု ကောက်ယူသင့်ပေသည်။ ၎င်းအယူခံတွင် ဦးမင်းဇော်က ဦးသောင်းတင်အား လျော်ကြေးအဖြစ် ကြိုတင်ပေးရသည့် ငွေများနှင့်စပ်လျဉ်းသော ပြေစာများကို တင်ပြလာသည်။ ယင်းပြေစာများကို မူလအမှုခ်ဳ သက်သေခံအဖြစ် လက်မခံရသေးသည်ကတကြောင်း၊ ထိုသို့ ငွေများကြိုတင်ပေးရခြင်းနှင့်စပ်လျဉ်း၍ ဦးမင်းဇော်အား ပြည့်ပြည့်စုံစုံမစစ်ဆေးရသေးသည်ကတကြောင်းကြောင့် ယင်းငွေများကြိုတင်ပေးသည့်ကိစ္စကို အလုပ်သမား လျော်ကြေးစိစစ်ရေးကော်မတီကစစ်ဆေးပြီးမှ အဆုံးအဖြတ်ပေးသင့်ပေသည်။

ထို့ကြောင့် အယူခံကို ခွင့်ပြု၍ မြို့နယ်အလုပ်သမားလျော်ကြေး စိစစ်ရေးကော်မတီ၏ အမိန့်ကို ပယ်ဖျက်လိုက်သည်။ အဆိုပါကော်မတီသည် ဦးမင်းဇော်က အလုပ်သမား ဦးသောင်းတင်အား လျော်ကြေးငွေအဖြစ် ကြိုတင်ငွေ မည်ရွေ့မည်မျှ ပေးပြီးဖြစ်ကြောင်း စုံစမ်းစစ်ဆေး၍ ဦးသောင်းတင်ရရန်ရှိသော လျော်ကြေးငွေမှ ခုနှိမ်ကာ ကျန်လျော်ကြေးငွေကို ဦးသောင်တင်အား ပေးစေရန် ညွှန်ကြားလိုက်သည်။

တရားမ ပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးခင်ဇောမုံ၊ အဖွဲ့ဝင်များအဖြစ်ဦးလှဘုန်းနှင့် ဦးအေးမောင် တို့ပါဝင်သော ပဟိုတရားစီရင်ရေးအဖွဲ့ ချေတွင်

†၁၉၀၄
စက်တင်ဘာ
၂၁ ရက်

ဦးမောင်ကြည်
နှင့်
ဦးမြင့်သိန်း *

မွေးစားဖခင်ထက် ဦးစွာသေဆုံးသူ ကိတ္တိမသမီး၏ခင်ပွန်းသည်သည် မွေးစားဖခင်၏ အမွေကိုဆက်ခံခွင့်မရှိခြင်း — အမွေဆိုင် မဟုတ်ပဲ အခမဲ့နေထိုင်သူအား ခွင့်ပြုချက်အရ နေထိုင်သူအဖြစ် ဖယ်ရှားခွင့် ရှိခြင်း။

ဦးမြင့်သိန်းက ကွယ်လွန်သူ ဖခင် ဦးချေကျော်၏ အမွေထိန်းအဖြစ်ဖြင့်၊ ဦးမောင်ကြည်အား အချင်းဖြစ်အိမ်မှ ခွင့်ပြုချက်အရ နေထိုင်သူ အဖြစ်ဖြင့် ဖယ်ရှားပေးစေလိုမှု တရားစွဲဆိုသည်။ ဦးမောင်ကြည်က မိမိ၏ကွယ်လွန်သူဇနီး မခင်ကြည်မှာ ဦးချေကျော်၏ ကိတ္တိမသမီးဖြစ်သဖြင့် မိမိအား အချင်းဖြစ်အိမ်မှ ခွင့်ပြုချက်အရ နေထိုင်သူအဖြစ်ဖြင့် ဖယ်ရှားခွင့်မရှိကြောင်း ခုခံသည်။

ဆုံးဖြတ်ချက်။ ။ဦးမောင်ကြည်၏ ချေလွှာအဝိဒ် ၃ တွင် မခင်ကြည်သည် ၁၉၇၁ ခုနှစ် အတွင်းက ကွယ်လွန်ခဲ့ကြောင်း ဖော်ပြထားသည်ကို တွေ့ရသည်။ အဆိုလွှာအဝိဒ် ၄ အရ ဦးချေကျော်သည် ၁၃-၈-၈၁ နေ့တွင် ကွယ်လွန်ခဲ့သည်ဖြစ်ရာ မခင်ကြည်သည် သူ၏ ကိတ္တိမသမီး ဖြစ်စေကာမူ ဦးချေကျော်အရင် ကွယ်လွန်ခဲ့သည်ဖြစ်၍ ဦးမောင်ကြည်သည် ဦးချေကျော်၏ အမွေကို ဆက်ခံခွင့် မရှိချေ။ သို့ဖြစ်ရာ အမွေထိန်းစာရသူ ဦးမြင့်သိန်းသည် ဦးမောင်ကြည်အား အချင်းဖြစ်အိမ်မှ ခွင့်ပြုချက်အရ နေထိုင်သူအဖြစ်ဖြင့် ဖယ်ရှားနိုင်သည်။

လျှောက်ထားသူအတွက် — ဦးကိုမြင့်၊ ပဟိုတရားရုံးချေနေ

လျှောက်ထားခံရသူအတွက် — ဦးရဲနောင် (ပဲခူး)၊ ပဟိုတရားရုံးချေနေ

---

* ၁၉၀၄ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၉၂

† ၁၉၀၃ ခုနှစ်၊ တရားမကြီးမှု အမှတ် ၄၀ (ပြည်) တွင် ချမှတ်သော (၂၇-၄-၀၄) နေ့စွဲပါ ပဲခူးတိုင်းတရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

ပဲခူးတိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၄၀/၀၃ (ပြည်) တွင် ဦးမြင့်သိန်းက ကွယ်လွန်သူ ဖခင် ဦးရွှေကျော်၏ အမွေထိန်းအဖြစ်ဖြင့် ဦးမောင်ကြည်အား အချင်းဖြစ်အိမ်မှ ခွင့်ပြုချက်အရ နေထိုင်သူအဖြစ်ဖြင့် ဖယ်ရှားပေးစေလိုမှု စွဲဆိုရာ ဦးမောင်ကြည်က မိမိ၏ ကွယ်လွန်သူ ဇနီး မခင်ကြည်မှာ ဦးရွှေကျော်၏ ကိတ္တိမသမီးဖြစ်သဖြင့် မိမိအား အချင်းဖြစ်အိမ်မှ ခွင့်ပြုချက်အရ နေထိုင်သူအဖြစ်ဖြင့် ဖယ်ရှားခွင့်မရှိကြောင်း စသည်ဖြင့် ထုချေသောကြောင့် တိုင်းတရားရုံးက အောက်ပါ ပဏာမ ငြင်းချက်နှစ်ရပ် ထုတ်နုတ်၍ ကြားနာကာ ဦးမြင့်သိန်းအား အနိုင်ပေး၍ ဆုံးဖြတ်လိုက်သည်။

> ''၁။ တရားလိုအနေဖြင့် ယခုစွဲဆိုသည့်ပုံစံအတိုင်း တရားစွဲဆိုခွင့် မရှိဆိုသည်မှာ မှန်သလား။
>
> ၂။ အမွေထိန်းစာရရှိသူတစ်ဦးအနေဖြင့်အမွေစားအမွေခံတစ်ဦးအား အခမဲ့အခွင့်အမိန့်ဖြင့် နေထိုင်သူအား ဖယ်ရှားထွက်ခွာသွားစေလိုမှု တရားစွဲဆိုပိုင်ခွင့် မရှိသည်မှာ မှန်သလား''

ဦးမောင်ကြည်က ထိုအမိန့်ကို မကျေနပ်သဖြင့် ဗဟိုတရားရုံးတွင် ဤပြင်ဆင်မှုကို လျှောက်ထားသည်။

လျှောက်ထားသူ၏ ရှေ့နေက ဦးမောင်ကြည်သည် အမွေဆိုင်တစ်ဦးဖြစ်၍ ဦးမြင့်သိန်းအနေဖြင့် အမွေ ခွဲဝေ ပေးစေလိုမှုသာ စွဲဆိုရမည် ဖြစ်ကြောင်း အကျယ်တဝင့် တင်ပြလျှောက်ထားသည်။ လျှောက်ထားခံရသူ၏ ရှေ့နေက ဦးမောင်ကြည်၏ ဇနီး မခင်ကြည်မှာ ဦးရွှေကျော်၏ ကိတ္တိမသမီး ဟုတ်မဟုတ် အမှုကို စစ်ဆေးပြီးမှ ဆုံးဖြတ်နိုင်မည်ဖြစ်ကြောင်း၊ တိုင်းတရားရုံးက ပဏာမငြင်းချက်အဖြစ် ဆုံးဖြတ်ပေးခြင်းမှာ မှားယွင်းကြောင်း တင်ပြလျှောက်ထားသည်။ ထိုအခါ လျှောက်ထားသူ၏ ရှေ့နေက ကိတ္တိမသမီး ဟုတ်မဟုတ်မှာ အမွေမှုတွင်သာ ဆုံးဖြတ်ရမည်ဖြစ်ကြောင်း ဖြေကြားသည်။

ဦးမောင်ကြည်၏ ချေလွှာအဝိုဒ် ၃ တွင် မခင်ကြည်သည် ၁၉၇၁ ခုနှစ် အတွင်းက ကွယ်လွန်ခဲ့ကြောင်း ဖော်ပြထားသည်ကို တွေ့ရသည်။ အဆိုလွှာအဝိုဒ် ၄ အရ ဦးရွှေကျော်သည် ၁၃-၈-၈၁ နေ့တွင် ကွယ်လွန်ခဲ့သည်ဖြစ်ရာ မခင်ကြည်သည် သူ၏ ကိတ္တိမသမီး ဖြစ်စေကာမူ ဦးရွှေကျော်အရင် ကွယ်လွန်ခဲ့သည်ဖြစ်၍ ဦးမောင်ကြည်သည် ဦးရွှေကျော်၏အမွေကို ဆက်ခံခွင့် မရှိချေ။ သို့ဖြစ်ရာ အမွေထိန်းစာရသူ ဦးမြင့်သိန်းသည် ဦးမောင်ကြည်အား အချင်းဖြစ်အိမ်မှ ခွင့်ပြုချက်အရ နေထိုင်သူအဖြစ်ဖြင့် ဖယ်ရှားနိုင်သည်။

ထို့ကြောင့် ဤပြင်ဆင်မှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။ ရှေ့နေခ ငွေကျပ် ၅၀/–သတ်မှတ်သည်။

တရားမ အထွေထွေ အယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးခင်ဇာမုံ၊ အဖွဲ့ဝင်များအဖြစ် ဦးလှဘုန်းနှင့် ဦးအေးမောင် တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ချေ့တွင်

† ၁၉၈၄
စက်တင်ဘာ
၂၁ ရက်

ဒေါ်မြတင်
နှင့်
ဦးအေးမောင် *

ကာလစည်းကမ်းသတ်ကျော်လွန်လျက်ရှိသော အယူခံလွှာကို လက်ခံ၍၊ ဆုံးဖြတ်ခဲ့ခြင်းမှာ ဥပဒေနှင့်မညီခြင်း။

ဆုံးဖြတ်ချက်။ ။ဦးအေးမောင်သည် လွှတ်လပ်ရေးရပ်ကွက် တရားရုံးက ဇာရီမှုတွင် ချမှတ်သော ၃၀–၆–၈၀ ရက်စွဲပါအမိန့်ကို မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံးတွင် ၁၆–၆–၈၃ နေ့၌ အယူခံဝင်ခဲ့သည်ဖြစ်ရာ သတ်မှတ်ထားသည့် စည်းကမ်းသတ်ကာလ ရက် ၃၀ ထက် များစွာကျော်လွန်နေသည့်အလျောက် မြို့နယ်တရားရုံးက ယင်းအယူခံလွှာကိုအဆုံးအဖြတ်ပေးခြင်းမှာ မှားယွင်းပေသည်။

အယူခံတရားလိုအတွက် — ဦးစိုးမြင့်၊ ဗဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင်အတွက် — ဦးဘသန်း၊ ဗဟိုတရားရုံးရှေ့နေ

ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ လွှတ်လပ်ရေးရပ်ကွက် တရားရုံးတရားမ ဇာရီမှုအမှတ် ၁/၈၀ တွင် အယူခံဘရားလို ဒေါ်မြတင်က အယူခံတရားပြိုင် ဦးအေးမောင်အပေါ် အဆိုပါ တရားရုံး တရားမကြီးမှုအမှတ် ၁/၇၆ ၌ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာဌားရမ်းခကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂(၁) (က) အရ ချမှတ်ထားသော ဒီကရီကို အတည်ပြုသည်။ ထိုအခါ တရားရုံး ဦးအေးမောင်က မိမိသည် ဒီကရီတွင် ခွင့်ပြုထားသည့် အတိုင်း အိမ်လခကြွေးများကို အရစ်ကျ ပေးဆောင်ခဲ့ရာ ဒဿမမြောက် အရစ်ကျ ငွေကို မိမိ၏ သမီးက တရားနိုင်ထံ သွားရောက် ပေးသောအခါ

---

* ၁၉၈၄ ခုနှစ်၊ တရားမအထွေထွေ အယူခံမှုအမှတ် ၃၀

† ၁၉၈၃ ခုနှစ်၊ တရားမအထွေထွေ အယူခံမှုအမှတ် ၃ (မင်္ဂလာတောင်ညွန့်) တွင် ချမှတ်သော (၂၈-၁၂-၈၃) နေ့စွဲပါ ရန်ကုန်တိုင်းတရားရုံး၏အမိန့်ကိုအယူခံမှု။

လက်ခံရန် ငြင်းဆိုသဖြင့် ပျက်ကွက်ရခြင်းဖြစ်ကြောင်း ထုချေသည်။ ရပ်ကွက်တရားရုံးက တရားရုံးအား အိမ်လခအကြွေးများကို အရစ်ကျ ဆက်လက်၍ ပေးဆပ်ခွင့် မပြုနိုင်တော့ကြောင်းဖြင့် ၃၀–၆–၁၀ နေ့တွင် အမိန့်ချမှတ်သည်။ ဦးအေးမောင်က ယင်းအမိန့်ကို မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံး၊ တရားမပြင်ဆင်မှုအမှတ် ၉/၁၀ တွင် ပြင်ဆင်မှု လျှောက်ထားသောအခါ မြို့နယ်တရားရုံးက အိမ်လခအကြွေးများကို ပေးစေရန် ပြင်ဆင်အမိန့် ချမှတ်သည်။ ထိုအမိန့်ကို တိုင်းတရားရုံးက တရားမပြင်ဆင်မှုအမှတ် ၅၄/၁၁ တွင် အတည်ပြုလိုက်သဖြင့် ဒေါ်မြတင်က ဗဟိုတရားရုံး တရားမအထွေထွေအယူခံမှုအမှတ် ၁၁၂/၁၁ တွင် အယူခံသောအခါ ဗဟိုဘရားရုံးက မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့၏ အမိန့်များကို အယူခံဝင်ရမည့်အစား မှားယွင်း၍ ပြင်ဆင်မှုတင်သွင်းခဲ့သည်ဟု အကြောင်းပြကာ ထိုအမိန့်များကို ပယ်ဖျက်ပြီး မူလရုံး၏ အမိန့်ကိုအတည်ပြုကြောင်း အမိန့်ချမှတ်သည်။

ထို့နောက် ဦးအေးမောင်က ဒေါ်မြတင်အပေါ် မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံး တရားမအထွေထွေအယူခံမှုအမှတ် ၃/၁၃ တွင် မူလရုံး၏ ၃၀-၆-၁၀ ရက်စွဲပါအမိန့်ကို ထပ်မံ၍အယူခံဝင်ရာ မြို့နယ်တရားရုံးက ရပ်ကွက်တရားရုံး၏ အမိန့်ကို ပယ်ဖျက်ပြီး အိမ်လခကြွေးများကို ဆက်လက်ပေးဆောင်ခွင့်ပြုကြောင်း အမိန့်ချမှတ်သည်။ ဒေါ်မြတင်က မြို့နယ်တရားရုံး၏ အမိန့်ကို ရန်ကုန်တိုင်းတရားရုံးတွင် အယူခံဝင်သောအခါ တိုင်းတရားရုံးက အောက်ရုံးများ၏အမိန့်များကို ပယ်ဖျက်ပြီး တရားရှုံးသည် အိမ်လခကြွေးများကို ပေးဆပ်ရန်ပျက်ကွက်ခြင်း ရှိ မရှိ စုံစမ်းစစ်ဆေးပြီး အမိန့်ချမှတ်ရန် တရားမကျင့်ထုံးအမိန့် ၄၁၊ နည်း ၂၃ အရ အမိန့်ချမှတ်သောကြောင့် ဒေါ်မြတင်က ဗဟိုတရားရုံးတွင် ဤအယူခံကို တင်သွင်းသည်။

ဦးအေးမောင်သည် လွတ်လပ်ရေးရပ်ကွက်တရားရုံးက ဇာခရီမှုတွင် ချမှတ်သော ၃၀–၆–၁၀ ရက်စွဲပါအမိန့်ကို မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံးတွင် ၁၆–၆–၁၃ နေ့၌ အယူခံဝင်ခဲ့သည်ဖြစ်ရာ သက်မှတ်ထားသည့် စည်းကမ်းသတ်ကာလ ရက် ၃၀ ထက် များစွာကျော်လွန်နေသည့်အလျောက် မြို့နယ်တရားရုံးက ယင်းအယူခံလွှာကို လက်ခံ၍ အဆုံးအဖြတ်ပေးခြင်းမှာ မှားယွင်းပေသည်။

ထို့ကြောင့် ဤအယူခံကို ခွင့်ပြု၍ တိုင်းတရားရုံး၏အမိန့်နှင့် မြို့နယ်တရားရုံး၏အမိန့်တို့ကို ပယ်ဖျက်ပြီး မူလရုံး၏အမိန့်ကို တရားရုံးအဆင့်ဆင့် စရိတ်နှင့်တကွ ပြန်လည်အတည်ပြုလိုက်သည်။ ရှေ့နေခကို ကျပ် ၅၀/–ဟု သတ်မှတ်သည်။

တရားမ ပထမ အယူခံမှု

ဥက္ကဋ္ဌအဖြစ်ဦးလှဘုန်း၊ အဖွဲ့ဝင်များအဖြစ်ဦးခင်ဇာမုံနှင့် ဦးအေားမောင် တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

†၁၉၀၄
စက်တင်ဘာ
၁၃ ရက်

ဒေါ်မြင့်သိန်း ပါ(၃)
နှင့်
ဦးသန်းရွှေ ပါ(၃) *

မီးသေဆုံးဖြတ်ချက်– စီရင်ပိုင်ခွင့်ရှိသော တရားရုံး၏ ဆုံးဖြတ်ချက်သည် တရားပြိုင်အချင်းချင်းအကြား မီးသေဆုံးဖြတ်ချက်ဖြစ်ရန် လိုအပ်ချက်များ – မြန်မာဝေလေထုံးတမ်းဥပဒေအရပူးတွဲမွေးစားခြင်းအတည် ဖြစ်မဖြစ်။

ဦးသိန်းအောင်ဆိုသူက ၎င်းသည် ဦးစိန်နွဲ့ဒေါ်သန်းတို့၏ အပတ်ဋ္ဌသားဖြစ်သည်ဟု ဆိုကာ ဦးစိန်နွဲ့တို့ ကျန်ရစ်ခဲ့သော ပစ္စည်းများကို စီမံခန့်ခွဲပေးစေရန် ဒေါ်မြင့်သိန်း၊ ဒေါ်မြင့်ဝင်း၊ မောင်လှမြဦး၊ ဦးသန်းရွှေ၊ ဦးဝင်းမောင်နှင့် ဦးအောင်ပေါ်ဦးတို့အပေါ် လူမဲ့အဖြစ် တရားစွဲဆိုခွင့် ပြုရန် ရောဝတီတိုင်းတရားရုံးတွင် လျှောက်ထားခဲ့သည်။ ယင်းအမှုမှ ပေါ်ပေါက်သည့် ၁၉၀၀ ပြည့်နှစ်၊ တရားမပြင်ဆင်မှုအမှတ် ၆ တွင် ဗဟိုတရားရုံးက တရားပြိုင်ဒေါ်မြင့်သိန်း ပါ(၃)ဦးတို့ကို ဦးစိန်နွဲ့တို့က ကိတ္တိမသားသမီးများအဖြစ်၊ မွေးစားခဲ့၍ ဦးသိန်းအောင်သည် ဦးစိန်နွဲ့တို့၏ အမွေကို ဆက်ခံခွင့် မရှိဟု ကောက်ယူဆုံးဖြတ်ခဲ့သည်။ ထို့နောက် ပထမအမှုတွင် တရားပြိုင် လျှောက်ထားခံရသူများ ဖြစ်ခဲ့ကြသော ဦးသန်းရွှေ ပါ(၃) ဦးက ဦးစိန်နွဲ့နှင့် ဒေါ်သန်းတို့က ဒေါ်မြင့်သိန်း ပါ(၃)ဦးတို့ကို ကိတ္တိမသားသမီးများအဖြစ်မွေးစားသော စာချုပ်မှာ တရားမဝင်သောကြောင့် ပျက်ပြယ်ကြောင်း မြွက်ဟကြေငြာပေးစေရန်နှင့် သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၃၉ အရ ပယ်ဖျက်ပေးရန် ဒေါ်မြင့်သိန်းတို့(၃)ဦးအပေါ်တရားစွဲဆိုသည်။(ဤအမှုခွဲ တရားလို၊ တရားပြိုင်များသည် ပထမအမှုခွဲ တရားပြိုင်များဖြစ်ကြသည်။) မူလရုံးက ဦးသန်းရွှေတို့စွဲဆိုသော အမှုကို အနိုင်ဒီကရီချမှတ်ပေးသဖြင့် ဒေါ်မြင့်သိန်းပါ(၃)ဦးတို့က ဗဟိုတရားရုံးသို့အယူခံဝင်ရာ အယူခံတရားလိုတို့၏ ရှေ့နေက ဦးသိန်းအောင်

---

* ၁၉၀၂ ခုနှစ်၊ တရားမ ပထမအယူခံမှုအမှတ် ၃၄

† ၁၉၀၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၂ တွင် ချမှတ်သော (၂၃-၁-၀၂) နေ့စွဲပါ ရောဝတီတိုင်း တရားရုံး၏ အမိန့်ကို အယူခံမှု။

စွဲဆိုသောအမှုမှပေါ်ပေါက်သည့် ဗဟိုတရားရုံးတရားမပြင်ဆင်မှုအမှတ် ၆/၈၀ တွင် ဦးစိန်နွဲ့ဘတို့ကဒေါ်မြင့်သိန်းတို့အား ကိတ္တိမသားသမီးများအဖြစ် မွေးစားခဲ့သည်ဟု ကောက်ယူဆုံးဖြတ်ခဲ့ခြင်းမှာ မီးသေသောဆုံးဖြတ်ခြင်းဖြစ်ပါသည်—ဟု တင်ပြသည်။

ဆုံးဖြတ်ချက်။ ။စီရင်ပိုင်ခွင့်ရှိသော တရားရုံးက ချမှတ်သောစီရင်ချက်တစ်ရပ်သည် တရားပြိုင်အချင်းချင်းအကြားတွင် မီးသေသော ဆုံးဖြတ်ချက်ဖြစ်ရန်အလို့ငှာ (၁) တရားပြိုင်အချင်းချင်းအကြားတွင် အကျိုးသက်ဆိုင်ခွင့်များ ဝရောဓိ ဖြစ်လျက်ရှိရမည်။ (၂) တရားလိုအား သင့်တော်သည့် သက်သာခွင့်တစ်ရပ်ရပ်ပေးရန်အလို့ငှာ ယင်းဝရောဓိဖြစ်မှုနှင့်စပ်လျဉ်း၍အဆုံးအဖြတ်ပေးရန်လိုအပ်ရမည်။ (၃) တရားပြိုင်များအချင်းချင်းအကြားတွင် ပေါ်ပေါက်သည့် အဆိုပါဝိရောဓိပြဿနာကို အဆုံးအဖြတ်ပေးရမည်။ဦးသိန်းအောင်စွဲဆိုသောအမှုတွင် ဒေါ်မြင့်သိန်းတို့အား ကိတ္တိမသားသမီးများအဖြစ်မွေးစားခြင်းနှင့်စပ်လျဉ်း၍ ဒေါ်မြင့်သိန်းနှင့် ဦးသန်းရွှေတို့အကြားတွင် အငြင်းပွားမှုရှိခဲ့ကြောင်း၊ ဗဟိုတရားရုံး တရားမပြင်ဆင်မှုအမှတ် ၆/၈၀ တွင် ချမှတ်သည့် စီရင်ချက်၌ ဖော်ပြဆုံးဖြတ်ထားခြင်း မရှိကြောင်း တွေ့ရသည်။ ထို့ကြောင့် ယင်းစီရင်ချက်သည် ဦးသန်းရွှေတို့စွဲဆိုသောအမှုကို ဝိတ်ပင်ခြင်းမရှိဟု တိုင်းတရားရုံးက ကောက်ယူဆုံးဖြတ်ခြင်းမှာ မှားယွင်းသည်ဟု မဆိုသာပေ။

အယူခံတရားလိုများအတွက် — ဦးလှကျော် (ဟသ်ာတ)ဗဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင်များအတွက်— ဦးအုန်းခင်၊ဦးဘစိန်၊ဗဟိုတရားရုံးရှေ့နေများ

၁၉၇၇ ခုနှစ်၊ ဒီဇင်ဘာလအတွင်း၌ ဟသ်ာတမြို့တွင် ကွယ်လွန်ခဲ့ကြသော ဦးစိန်နွဲ့ဘနှင့် ဒေါ်သန်းတို့သည် မြန်မာဗုဒ္ဓဘာသာ အကြင်လင်မယားဖြစ်သည်။ ဒေါ်မယ်ဝန်သည် ဒေါ်သန်း၏ ညီမဖြစ်သည်။ အယူခံတရားပြိုင် ဦးသန်းရွှေသည်ဦးစိန်နွဲ့ဘ၏ညီဖြစ်၍ ဦးဝင်းမောင်နှင့် ဦးအောင်ပေါ်ဦးသည် ဒေါ်သန်း၏ မောင်အရင်းများ ဖြစ်ကြသည်။ အယူခံတရားလိုဒေါ်မြင့်သိန်း၊ ဒေါ်မြဝင်းနှင့် မောင်လှမြဦးတို့သည် ဒေါ်သန်း၏ အစ်ကို ဦးသိန်းညွန့်၏ သားသမီးများဖြစ်ကြသည်။ ဦးစိန်နွဲ့ဘ၊ ဒေါ်သန်း၊ ဒေါ်မယ်ဝန်တို့သည် ၁၃—၁၀—၅၃ နေ့တွင် ဒေါ်မြင့်သိန်းတို့အား မှတ်ပုံတင်စာချုပ် ချုပ်ဆို၍ ကိတ္တိမသားသမီးများအဖြစ် မွေးစားခဲ့သည်။

ဦးသန်းရွှေတို့က အဆိုပါမွေးစားစာချုပ်မှာတရားမဝင်သောကြောင့် ပျက်ပြယ်ကြောင်း မြွက်ဟကြေငြာပေးစေရန်နှင့် သီးခြားသက်သာခွင့်အက်ဥပဒေ ပုဒ်မ ၃၉ အရ ပယ်ဖျက်ပေးစေလိုကြောင်းဖြင့် ရောဝတီတိုင်းတရားရုံး၊တရားမကြီးမှုအမှတ် ၂၂/၈၁ (ဟသ်ာတ)တွင် တရားစွဲဆိုသည်။

၁၉၀၄ ဒေါ်မြင့်သိန်း ပါ (၃) နှင့် ဦးသန်းရွှေပါ (၄)

ဒေါ်မြင့်သိန်းတို့က မွေးစားစာချုပ်မှာ ခိုင်လုံကြောင်း စွဲဆိုသောအမှုမှာ ကာလစည်းကမ်းသတ် ကျော်လွန်ကြောင်း၊ ဦးသိန်းအောင်ဆိုသူက မိမိတို့ (၆) ဦးအပေါ် တရားစွဲဆိုသောအမှုမှ ပေါ်ပေါက်သည့် ဗဟိုတရားရုံးတရားမ ပြင်ဆင်မှုအမှတ် ၆/၀၀ တွင် ချမှတ်သောအမိန့်မှာ မီးသေသော အမိန့် ဖြစ်သဖြင့် ဦးသန်းရွှေတို့သည် ဤအမှုကို စွဲဆိုခွင့်မရှိတော့ကြောင်း စသည်ဖြင့် ထုချေသည်။

တိုင်းတရားရုံးက အဆိုအချေများအရ ငြင်းချက် (၅) ရပ် ထုတ်နုတ်၍ အောက်ပါတို့ကို ပဏာမငြင်းချက်အဖြစ် ကြားနာခဲ့သည် –

၁။ ဤအမှုမှာ ကာလစည်းကမ်းသတ်ကျော်လွန်သည်ဆိုသည်မှာ မှန်သလား။

၂။ ဗဟိုတရားရုံးမှချမှတ်သော တရားမပြင်ဆင်မှုအမှတ် ၆/၀၀ တွင် ၁၇–၆–၀၁ နေ့စွဲပါအမိန့်မှာ မီးသေအမိန့် ဖြစ်ပါသလား။

၃။ အဆိုလွှာအရ တရားပြိုင်များ၏ ၁၃–၁၀–၅၃ နေ့စွဲပါ မွေးစားစာချုပ်သည် ဥပဒေအရ ပျက်ပြယ်နေပါသလား။

တိုင်းတရားရုံးက တရားလိုစွဲဆိုသောအမှုမှာ ကာလစည်းကမ်းသတ်ကျော်လွန်ခြင်းမရှိကြောင်း၊ ဗဟိုတရားရုံးက တရားမပြင်ဆင်မှုအမှတ် ၆/၀၀ တွင် ချမှတ်သော အမိန့်သည် မီးသေအမိန့်မဟုတ်ကြောင်း၊ ဦးစိန်နှာ ဒေါ်သန်းနှင့် ဒေါ်မယ်ဝန်တို့က အယူခံတရားလိုတို့အား မွေးစားခြင်းမှာ ဥပဒေအရ ပျက်ပြယ်ကြောင်း ကောက်ယူဆုံးဖြတ်၍ ဦးသန်းရွှေတို့စွဲဆိုသည့်အတိုင်း ဒီကရီချမှတ်လိုက်သောကြောင့် ဒေါ်မြင့်သိန်းတို့က ဗဟိုတရားရုံးသို့ ဤအယူခံကို တင်သွင်းသည်။

မွေးစားသည်ဟု အဆိုရှိသော မွေးစားခြင်းသည် အတည်မဖြစ်ကြောင်း အတည်အလင်းထင်ရှားစေလိုမှုကို မွေးစားသည်ဟုအဆိုရှိသော မွေးစားခြင်းကို တရားလိုသိသည့်အခါကစ၍ ၆ နှစ်အတွင်း တရားစွဲဆိုရမည်ဟု ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယားအမှတ်စဉ် ၁၁၀ တွင် ပြဋ္ဌာန်းထားသည်။ အယူခံတရားလိုတို့၏ ရှေနေက တရားစွဲဆိုရန်အကြောင်းမှာ မွေးစားစာချုပ်ကို ချုပ်ဆိုသော ၁၃–၁၀–၅၃ နေ့မှစ၍ စတင်ပေါ်ပေါက်သည်ဟု ယူဆရမည်ဖြစ်ကြောင်း တင်ပြသည်။ ဦးစိန်နှာတို့က အယူခံတရားလိုတို့အား ၁၃–၁၀–၅၃ ရက်စွဲပါ မှတ်ပုံတင်စာချုပ် ချုပ်ဆိုသည့်နေ့တွင် မူလရုံးတရားလိုဦးသန်းရွှေတို့သည် ထိုသို့ မွေးစားခြင်းကိုသိရှိသည်ဟု ဒေါ်မြင့်သိန်း

၁၉၀၄
ဒေါ်မြင့်သိန်း ပါ(၃) နှင့် ဦးသန်းရွှေပါ (၃)

တို့က ချေလွှာ၌ စွပ်စွဲထားခြင်းမရှိသည်ကို တွေ့ရသည်။ ကာလစည်းကမ်းသတ်ဥပဒေပထမဇယားအမှတ်စဉ် ၁၁၀ပါပြဋ္ဌာန်းချက်များအရဆိုလျှင်အယူခံတရားလိုတို့အား ဦးစိန်နွားတို့က မွေးစားကြောင်း ဦးသန်းရွှေတို့ သိသည့်နေ့ရက်မှစ၍ စည်းကမ်းသတ်ကာလကို ရေတွက်ရန်ဖြစ်သည်။ မှတ်ပုံတင် မွေးစားစာချုပ်ကို ချုပ်ဆိုရုံမျှဖြင့် ဦးသန်းရွှေသည် ထိုသို့ မွေးစားခြင်းကို သိရှိသည်ဟု မှတ်ယူခြင်းမပြုနိုင်ချေ။ ထိုသို့ သိရှိကြောင်းကို ဒေါ်မြင့်သိန်းတို့က ပြဆိုရန် တာဝန်ရှိပေသည်။

ဦးသိန်းအောင်ဆိုသူက ဦးစိန်နွားနှင့် ဒေါ်သန်းတို့၏ အပတ်စဉ်သားဖြစ်သည်ဟုဆိုကာ ဦးစိန်နွားတို့ ကျန်ရစ်သော အမွေပစ္စည်းများကို စီမံခန့်ခွဲ ပေးစေရန် အတွက် လူမဲ့အဖြစ် တရားစွဲဆိုခွင့်ပြုစေရန် ရော၀တီတိုင်းတရားရုံး၊ တရားမ အထွေထွေမှုအမှတ် ၃၅/၇၀ တွင် လျှောက်ထားခဲ့ရာ ထိုအမှုမှ ပေါ်ပေါက်သော ဗဟိုတရားရုံး၊ တရားမပြင်ဆင်မှုအမှတ် ၆/၈၀ တွင် ဗဟိုတရားရုံးက ဦးစိန်နွားတို့သည် ဒေါ်မြင့်သိန်းတို့(၃)ဦးအား ကိတ္တိမသားသမီးများ အဖြစ် မွေးစားခဲ့၍ ဦးသိန်းအောင်သည် ဦးစိန်နွားတို့၏အမွေကို ဆက်ခံခွင့် မရှိဟု ကောက်ယူကာ ဦးသိန်းအောင်၏ လျှောက်လွှာကို ပလပ်ကြောင်း ၁၇-၆-၈၁ နေ့တွင် အမိန့်ချမှတ်ခဲ့သည်။ ဦးသန်းရွှေတို့က ထိုနေ့တွင် ဦးစိန်နွားတို့က ဒေါ်မြင့်သိန်းတို့အား မွေးစားကြောင်းသိရှိရသောနေ့ဖြစ်သည်ဟုအကြောင်းပြခဲ့ရာ တိုင်းတရားရုံးက ယင်းတင်ပြချက်ကို လက်ခံခဲ့သည်။ ထိုအမှုတွင် ဒေါ်မြင့်သိန်းတို့က ဦးစိန်နွားတို့သည် မိမိတို့အား ကိတ္တိမသားသမီးများအဖြစ် မွေးစားခဲ့ကြောင်း ထုချေခဲ့သည်ကို အကြောင်းပြပြီး အခြားအမှုသည်များဖြစ်ကြသည့် အယူခံတရားပြိုင် ဦးသန်းရွှေတို့သည် ထိုသို့ မွေးစားသည့်အချက်ကို ထိုအမှုတွင် သိရှိရန် အကြောင်းရှိသည်ဟု ကောက်ယူနိုင်သည့် တိုင်အောင် ထိုသို့သိသည့်နေ့မှ ၆ နှစ်အတွင်း ဤအမှုကို စွဲဆိုခဲ့သည်ဖြစ်၍ သူတို့စွဲဆိုသောအမှုမှာ ကာလစည်းကမ်းသတ်ကျော်လွန်ရန် အကြောင်းမရှိပေ။ ထို့ပြင် ဦးစိန်နွားတို့က အယူခံတရားလိုတို့အား မွေးစားခြင်းကို အမှုမစွဲဆိုမီ ၆ နှစ်ကျော် ကာလက ဦးသန်းရွှေ့ိသိရှိခဲ့ကြောင်း ဒေါ်မြင့်သိန်းတို့ဘက်မှ ချေလွှာတင်ထုချေထားခြင်းမရှိသဖြင့် ဦးသန်းရွှေတို့စွဲဆိုသော အမှုမှာ ကာလစည်းကမ်းသတ် ကျော်လွန်ခြင်းမရှိဟု ကောက်ယူ ဆုံးဖြတ်ခြင်းသည် မှားယွင်းသည်ဟု မဆိုနိုင်ပေ။

ဦးသိန်းအောင်စွဲဆိုသော အမှုတွင် တဘက်အမှုသည်များမှာ ဦးသန်းရွှေ ဦး၀င်းမောင်၊ ဦးအောင်ပေါ်ဦး၊ ဒေါ်မြင့်သိန်း၊ ဒေါ်မြင့်၀င်းနှင့် မောင်လှမြဦးတို့ဖြစ်ကြသည်။ အယူခံတရားလိုတို့၏ရှေ့နေက ဦးသိန်းအောင်စွဲဆိုသော အမှုမှ ပေါ်ပေါက်သည့် ဗဟိုတရားရုံး၊တရားမပြင်ဆင်မှုအမှတ် ၆/၈၀ တွင် ဦးစိန်နွားတို့က ဒေါ်မြင့်သိန်းတို့အား ကိတ္တိမသားသမီးများအဖြစ်မွေးစားခဲ့သည်ဟု ကောက်ယူဆုံးဖြတ်ခြင်းမှာ မီးသေသောဆုံးဖြတ်ခြင်းဖြစ်ပါသည်ဟုအကျယ်

၁၉၀၄ ဒေါ်မြင့်သိန်း ပါ(၃) နှင့် ဦးသန်းရွှေ ပါ(၃)

တဝင့် တင်ပြလျှောက်ထားသည်။ ထိုအမှုတွင် ယခုအမှုသည် (၆) ဦးသည် လျှောက်ထားခံရသူများ (တရားပြိုင်များ) ဖြစ်ကြသည်။ စီရင်ပိုင်ခွင့်ရှိသော တရားရုံးကချမှတ်သော စီရင်ချက်တစ်ရပ်သည် တရားပြိုင်အချင်းချင်းအကြား တွင် မိုးသေသောဆုံးဖြတ်ချက်ဖြစ်ရန်အလို့ငှာ (၁) တရားပြိုင် အချင်းချင်း အကြားတွင်အကျိုးသက်ဆိုင်ခွင့်များ ဝိရောဓိဖြစ်လျက်ရှိရမည်။ (၂) တရားလို အား သင့်တော်သည့် သက်သာခွင့်တစ်ရပ်ရပ် ပေးရန်အလို့ငှာယင်းဝိရောဓိဖြစ် မှုနှင့်စပ်လျဉ်း၍ အဆုံးအဖြတ်ပေးရန် လိုအပ်ရမည်။ (၃) တရားပြိုင်များ အချင်းချင်းအကြားတွင် ပေါ်ပေါက်သည့် အဆိုပါဝိရောဓိပြဿနာကို အဆုံး အဖြတ်ပေးရမည်။ ဦးသိန်းအောင် စွဲဆိုသောအမှုတွင် ဒေါ်မြင့်သိန်းတို့အား ကိတ္တိမသားသမီးများအဖြစ် မွေးစားခြင်းနှင့် စပ်လျဉ်း၍ ဒေါ်မြင့်သိန်းတို့နှင့် ဦးသန်းရွှေတို့အကြားတွင် အငြင်းပွားမှုရှိခဲ့ကြောင်း ဗဟိုတရားရုံး၊ တရားမ ပြင်ဆင်မှုအမှတ် ၆/၀၀ တွင် ချမှတ်သည့်စီရင်ချက်၌ ဖော်ပြဆုံးဖြတ်ထား ခြင်းမရှိကြောင်း တွေ့ရသည်။ ထို့ကြောင့် ယင်းစီရင်ချက်သည် ဦးသန်းရွှေတို့ စွဲဆိုသောအမှုကို ပိတ်ပင်ခြင်းမရှိဟု တိုင်းတရားရုံးက ကောက်ယူဆုံးဖြတ်ခြင်း မှာ မှားယွင်းသည်ဟု မဆိုသာပေ။

ဦးသန်းရွှေတို့က အဆိုလွှာ အပိုဒ် ၄ နှင့် ၅ တို့တွင် အောက်ပါအတိုင်း အဆိုပြုထားသည် –

> ၄။ ကွယ်လွန်သူ ဦးစိန်နှာ– ဒေါ်သန်းတို့သည် ဒေါ်သန်း၏ညီမ ဒေါ်မယ်ဝန်ဆိုသူနှင့် အတူတကွ ပူးတွဲကာ (၁၃–၁၀–၅၃) နေ့က တရားပြိုင်များ အား အမွေစားအမွေခံများအဖြစ် ဟသ်ာတမြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၊ မှတ်ပုံတင်စာချုပ် အမှတ် (၉၉/၅၃) ကို ချုပ်ဆိုခဲ့ပါသည်။ စာချုပ်၏ တရားဝင် မိတ္တူမှန်ကို ပူးတွဲတင်ပြပါသည်။
>
> ၅။ အဆိုပါမွေးစားစာချုပ်သည် မြန်မာဓလေ့ထုံးတမ်း ဥပဒေအရ လုံးဝတရားမဝင်ဝဲ ပျက်ပြယ်နေသော စာချုပ်ဖြစ်ပါသည်။

ကိတ္တိမသားသမီး မွေးစားခြင်း မှတ်ပုံတင်ရေးအက်ဥပဒေ ပုဒ်မ ၅ တွင် အောက်ပါအတိုင်းပြဋ္ဌာန်းထားသည် –

> "No dispute as to the right of any person to inherit as through a Kittima son or daughter shall be entertanned by any Court unless the fact of the adoption, if it was effected after the 1st April, 1941, is evidenced by an instrument:-

(i) executed by the person making the adoption and (a) by the person who is adopted if not less than 18 years of age at the time of such execution aforesaid, or (b) if less than that age, then by the person or persons, if any, whose consent to the adoption is required by the Burmese Buddhist Law, and

၁၉၀၄ ဒေါ်မြင့်သိန်း ဝါ(၃) နှင့် ဦးသန်းရွှေဝါ (၃)

(ii) attested by at least two witnesses, and

(iii) registered in Book 4 of the books referred to in sub-section (I) of section 51 of the Registration Act."

အထက်ပါ ကိတ္တိမသားသမီးမွေးစားခြင်း မှတ်ပုံတင်ရေး အက်ဥပဒေပုဒ်မ ၅၌ ကိတ္တိမသားသမီးအဖြစ် မွေးစားရာတွင် ဆောင်ရွက်ရမည့် နည်းလမ်းအပြည့်အစုံ ကိုပြဋ္ဌာန်းထားသည်။ ကိတ္တိမသားသမီးအဖြစ် မွေးစားခြင်း အထမြောက်စေရန် ယင်းပြဋ္ဌာန်းချက်များနှင့် အညီ ဆောင်ရွက်ရန်သာ ဖြစ်သည်။ မွေးစားမိဘ ဦးစွန့်ဘတို့နှင့် မွေးစားသားသမီး ဒေါ်မြင့်သိန်းတို့သည် မြန်မာ ဗုဒ္ဓဘာသာများ ဖြစ်ကြသဖြင့် အဆိုပါဥပဒေပုဒ်မ ၂ အရ ဦးစွန့်ဘတို့သည် ဒေါ်မြင့်သိန်းတို့အား အထက်ဖော်ပြပါ ဥပဒေပုဒ်မ ၅ နှင့်အညီ မွေးစားရန် ဖြစ်သည်။ ဦးစွန့်ဘတို့က ဒေါ်မြင့်သိန်းတို့အား မွေးစားသည့် အချင်းဖြစ် စာချုပ်မှာ အထက်ဖော်ပြပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် မညီညွတ်ကြောင်း၊ အဆိုလွှာအပိုဒ် ၅ တွင် ဖြစ်စေ၊ အခြားအပိုဒ်များတွင် ဖြစ်စေ၊ စွပ်စွဲထားခြင်းမရှိသဖြင့် တရားလို၏အဆိုလွှာကိုတရားမကျင့်ထုံးဥပဒေ အမိန့် ၇၊နည်း ၁၁(က) အရ ပယ်ရမည်ဖြစ်၍ ယင်းစာချုပ်ကို ပယ်ဖျက်ပေးရန် အကြောင်းမပေါ်ပေါက်ချေ။ ထို့ပြင် သူတို့သုံးဦးက ထိုသို့ ပူးတွဲမွေးစားခြင်းကို ပိတ်ပင်ကြောင်း ဓမ္မသတ်များတွင် မတွေ့ရှိရပေ။

ထို့ကြောင့် ဤအယူခံကိုခွင့်ပြု၍ တိုင်းတရားရုံး၏စီရင်ချက်နှင့် ဒီကရီတို့ကို ပယ်ဖျက်ပြီး၊ အယူခံတရားပြိုင်တို့စွဲဆိုသောအမှုကို တရားရုံးအဆင့်ဆင့်စရိတ်နှင့်တကွ ပလပ်လိုက်သည်။ ရှေ့နေခကို ကျပ် ၁၀၀/—သတ်မှတ်သည်။

တရားမ ဒုတိယ အယူခံမှု

ဥက္ကဋ္ဌအဖြစ်ဦးလှဘုန်း၊ အဖွဲ့ဝင်များအဖြစ် ဦးခင်ဇော်မုံနှင့် ဦးအေးမောင်

တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

†၁၉၀၄
စက်တင်ဘာ
၂၅ ရက်

ဒေါ်ရွှေဝတီပါ(၂)
နှင့်
ဦးအိုက်မောင်(ခ)ဦးခင်မောင်ပါ(၃)*

၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ဌားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(ဂ)–အချင်းဖြစ်ဥပစာတွင်း၌ လိုင်စင်မဲ့လက်နက်ထား၍ အပြစ်ပေးခြင်းခံရပါက ဥပစာကို ဥပဒေနှင့် ဆန့်ကျင်သော ကိစ္စအတွက် အသုံးပြုသည်ဟု ဆိုနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။အိမ်ငှားဒေါ်တင်ပုက ''ကျွန်မခင်ပွန်း ဦးဘတုတ်မှာ ငှားထားသည့် အိမ်ခန်းထဲမှ လိုင်စင်မရှိ လက်နက်မိ၍ ထောင် တနှစ်ခွဲကျသည် ဆိုသည်မှာ မှန်ပါသည်။ ကျွန်မတို့မိသားစု ထိုဘန်းလျားတွင် နေထိုင်ကြပါသည်''ဟု ထွက်ဆိုသည်။ အိမ်ငှားနှင့်အတူ နေသူသည် ငှားရမ်းသည့်ဥပစာကို ဥပဒေနှင့်ဆန့်ကျင်သော ကိစ္စအလို့ငှာ အသုံးပြုသည့်အတွက် သို့မဟုတ် အသုံးပြုစေသည့်အတွက် ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက အိမ်ရှင်သည် အိမ်ငှားအား ၁၉၆၀ ပြည့်နှစ်မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(ဂ)အရ နှင်ထုတ်ခွင့်ရှိသည်ဖြစ်ရာ မြို့နယ်တရားရုံးက အိမ်ငှားအပေါ် ယင်းပုဒ်မခွဲအရ ဒီကရီချမှတ်ခြင်းမှာ မှားယွင်းသည်ဟု မဆိုနိုင်ပေ။

အယူခံတရားလိုများအတွက် — ဦးလှမြင့်၊ ဗဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင်များအတွက် — မရှိ

မိုးကုတ်မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၁၀/၇၇ တွင် အယူခံတရားလို ဒေါ်ရွှေဝတီနှင့် ဒေါ်စာရဝတီတို့က အိမ်ငှား ဒေါ်တင်ပုအပေါ် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂(၁)(က)နှင့်(ဂ)တို့အရနှင်လိုမှုစွဲဆိုရာ စွဲဆိုသည့်အတိုင်းဒီကရီရရှိခဲ့သည်။

* ၁၉၀၀ ခုနှစ် တရားမ ဒုတိယ အယူခံမှုအမှတ် ၆၀

† ၁၉၇၉ ခုနှစ် တရားမ ပထမ အယူခံမှုအမှတ် ၁၅၉(မိုးကုတ်) တွင် ချမှတ်သော (၂၉-၅-၈၀) နေ့စွဲပါ မန္တလေးတိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို အယူခံမှု။

၁၉၀၄ ဒေါ်ရွှေပတီပါ (၂) နှင့် ဦးအိုက်မောင် (ခ) ဦးခင်မောင်ပါ (၃)

ဒေါ်တင်ပုက မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို မကျေနပ်သဖြင့် မန္တလေးတိုင်းတရားရုံးတွင် အယူခံဝင်ရာ တိုင်းတရားရုံးက ပုဒ်မ ၁၂(၁)(ဂ) အရ ချမှတ်သည့်ဒီကရီကို ပယ်ဖျက်လိုက်သဖြင့် ဒေါ်ရွှေပတီက သူတို့၏ကိုယ်စားလှယ် ကိုစိန်ဝင်းမှတဆင့် ဤအယူခံကို တင်သွင်းသည်။ ဤအယူခံမှုကို တင်သွင်းထားစဉ်အတွင်း ဒေါ်တင်ပုကွယ်လွန်သဖြင့် ဦးပွအား တရားဝင်ကိုယ်စားလှယ်အဖြစ် ထည့်သွင်းခဲ့သည်။ ထို့နောက် ဦးပွ ကွယ်လွန်ပြန်သဖြင့် ဦးအိုက်မောင်(ခ) ဦးခင်မောင်ပါ (၃) ဦးတို့ကတရားဝင်ကိုယ်စားလှယ်များအဖြစ် ဆက်လက်ဆောင်ရွက်ခဲ့သည်။

မူလရုံး တရားလို ဒေါ်ရွှေပတီတို့က မိုးကုတ်မြို့၊ မြို့မအရှေ့ရပ်ကွက်ရှိ အချင်းဖြစ်တန်လျား၏ မြောက်ဘက်ဆုံးအခန်း (၃) ခန်းတွင် ဒေါ်တင်ပုအား ငှားရမ်းခဲ့ရာ အိမ်ငှားသည် အိမ်လခများပေးဆောင်ရန် ပျက်ကွက်သည့်အပြင် ခင်ပွန်းဦးဘတုတ်အား လက်နက်မှုဖြင့် အပြစ်ပေးခဲ့ခြင်းကြောင့် အိမ်ခန်းငှားရမ်းခြင်းကို ၃၁–၈–၇၇ နေ့တွင် ရပ်စဲကြောင်း အကြောင်းကြားစာပေးခဲ့သော်လည်း အိမ်ငှားသည် ဖယ်ရှားပေးခြင်းမပြုကြောင်း စသည်ဖြင့် အဆိုပြုကာ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(က)နှင့် (ဂ)တို့အရ နှင်ထုတ်ပေးစေလိုကြောင်းဖြင့် တရားစွဲဆိုသည်။

အိမ်ငှားဒေါ်တင်ပုက ''ကျွန်မခင်ပွန်းဦးဘတုတ်မှာ ငှားထားသည့်အိမ်ခန်းထဲမှ လိုင်စင်မရှိလက်နက်မိ၍ ထောင်တန့်ခဲ့ ကျသည်ဆိုသည်မှာ မှန်ပါသည်။ ကျွန်မတို့မိသားစု ထိုတန်းလျားတွင် နေထိုင်ကြပါသည်'' ဟု ထွက်ဆိုသည်။ အိမ်ငှားနှင့် အတူနေသူသည် ငှားရမ်းသည့်ဥပစာကို ဥပဒေနှင့်ဆန့်ကျင်သောကိစ္စအလို့ငှာ အသုံးပြုသည့်အတွက် သို့မဟုတ် အသုံးပြုစေသည့် အတွက် ပြစ်မှုထင်ရှားစီရင်းခြင်းခံရပါက အိမ်ရှင်သည် အိမ်ငှားအား ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(ဂ) အရ နှင်ထုတ်ခွင့်ရှိသည်ဖြစ်ရာ မြို့နယ်တရားရုံးက အိမ်ငှားအပေါ် ယင်းပုဒ်မခွဲအရ ဒီကရီချမှတ်ခြင်းမှာ မှားယွင်းသည်ဟုမဆိုနိုင်ပေ။

ထို့ကြောင့် ဤအယူခံကိုခွင့်ပြု၍ တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ပြီး မိုးကုတ်မြို့နယ်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီတို့ကို တရားရုံးအဆင့်ဆင့်စရိတ်နှင့်တကွ ပြန်လည်အတည်ပြုလိုက်သည်။ ရှေ့နေခကို ကျပ်၅၀/– ဟု သတ်မှတ်သည်။

တရားမ ဒုတိယ အယူခံမှု

ဥက္ကဋ္ဌအဖြစ်ဦးလှဘုန်း၊ အဖွဲ့ဝင်များအဖြစ် ဦးထွန်းရှိန်နှင့် ဦးအေးမောင် တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

†၁၉၀၄ စက်တင်ဘာ ၂၁ ရက်

ဦးရွှေမိုး

နှင့်

ဦးသန်းမောင် *

တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁ ရှင်းလင်းချက် ၄ – ပထမအမှုတွင် ခုခံတင်ပြသင့် စာတ်ပြနိုင်ပါလျက် မခုခံမတင်ပြခဲ့သော အကြောင်းအရာကို အကြောင်းပြုပြီး နောက်အမှုမစွဲဆိုနိုင်ခြင်း။

ဦးသန်းမောင်က ၎င်းသည် ဦးအင်ဂါနှင့် ဒေါ်သဲနုတို့၏သားဖြစ်သည်ဟု ဆိုကာ အချင်းဖြစ်အိမ်နှင့်မြေကို ပိုင်ဆိုင်ကြောင်း မြွက်ဟကြေငြာပေးစေရန် ဦးရွှေမိုးကို တရားဖြိုင်ပြုလျက် တရားစွဲဆိုသည်။ ယင်းအမှု၌ ဦးသန်းမောင်က အနိုင်ဒီကရီရရှိသည်။ ထို့နောက် ဦးရွှေမိုးက ဦးသန်းမောင်သည် ပထမအမှု၌ မမှန်ကန်သောအချက်အလက်များကို လိမ်လည်တင်ပြ၍ ဒီကရီရယူခဲ့သည်ဟုဆိုကာ လိမ်လည်လှည့်ဖြားကာ ရယူထားသော ဒီကရီဖြစ်ကြောင်း မြွက်ဟကြေငြာပေးစေရန် ဦးသန်းမောင်အပေါ်တရားစွဲဆိုသည်။

ဆုံးဖြတ်ချက်။ ။ဦးရွှေမိုး အနေဖြင့် နောက်အမှုတွင် အဆိုပြုသော အချက်များမှာ ဦးသန်းမောင်က သူ့အပေါ်စွဲဆိုသည့် ညောင်လေးပင်မြို့နယ် တရားရုံး တရားမကြီးမှုအမှတ် ၃၄/၇၉ တွင် တင်ပြသင့် တင်ပြထိုက်သော အချက်များဖြစ်သည့်အပြင် ထိုအမှု၌ ထိုအချက်များကို တင်ပြခွင့်လည်းရှိသည့် အလျောက် တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁ ၏ ရှင်းလင်းချက် ၄ အရ အဆိုပါအမှုတွင် ချမှတ်သော စီရင်ချက်သည် ဦးရွှေမိုးနောက်စွဲဆိုသောအမှုကို ပိတ်ပင်ထားသဖြင့် ထပ်မံ၍ တရားတထုံးစွဲဆိုခွင့်မရှိတော့ချေ။

အယူခံတရားလိုအတွက် — ဒေါ်လှမြင့်၊ ဗဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင်အတွက် — ဦးအုန်းလှိုင်၊ ဗဟိုတရားရုံးရှေ့နေ

---

* ၁၉၀၄ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ် ၄၁

† ၁၉၀၃ ခုနှစ်၊တရားမအယူခံမှုအမှတ် ၁၀၆တွင်ချမှတ်သော (၁၅-၁၂-၀၃) နေ့စွဲပါ ပဲခူးတိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

ညောင်လေးပင်မြို့နယ်၊ ပြုန်တန်ဆာမြို့၊ ကော လိ ယ ပိုင်း ဦး ပိုင် အ မှတ် ၂၆–၂၇ စာရင်းပေါက်သော ဘိုးဘိုင်မြေနှင့် မြေပေါ်ရှိ အိမ်တစ်လုံးမှာ မူလက ဦးအင်ဂါနှင့် ဒေါ်သဲနုတို့ပိုင်ဖြစ်သည်။ သူတို့သည် ၁၉–၁၀–၄၆ နှင့် ၆–၇–၆၅ နေ့တွင် အသီးသီးကွယ်လွန်ခဲ့ကြသည်။ အယူခံ တရားပြိုင် ဦးသန်းမောင်က မိမိသည် ဦးအင်ဂါနှင့်ဒေါ်သဲနုတို့၏သားဖြစ်သည်ဟုဆိုကာ အချင်းဖြစ် အိမ်နှင့်မြေကိုပိုင်ဆိုင်ကြောင်း မြွက်ဟကြေငြာပေးစေရန် ညောင်လေးပင်မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၃၄/၇၉ တွင် တရားစွဲဆိုရာ အနိုင်ရရှိခဲ့သည်။

ထို့နောက် အယူခံတရားလို ဦးရွှေမိုးက ဦးသန်းမောင်မှာ ဦးအင်ဂါနှင့် ဒေါ်သဲနုတို့၏သားမဟုတ်ကြောင်း သူတို့တွင် သမီး ဒေါ်အေးကြွယ်နှင့် ဒေါ်နီနှစ်ဦးတို့သာ ထွန်းကားခဲ့ကြောင်း ဦးအင်ဂါ၊ ဒေါ်သဲနုနှင့် ဒေါ်အေးကြွယ်တို့ ကွယ်လွန်သွားသောအခါ အထက်ဖော်ပြပါ မြေနှင့်အိမ်တို့ကို ဒေါ်နီက မြန်မာဓလေ့ထုံးတမ်း ဥပဒေအရ အမွေ ဆက်ခံခဲ့ကြောင်း၊ ဒေါ်နီသည် ၂၉–၉–၇၀ ရက်စွဲပါ မှတ်ပုံတင်စာချုပ်အရ မိမိအားပေးကမ်းခဲ့ပြီးနောက် ၅–၁၂–၇၀ နေ့တွင်ကွယ်လွန်ခဲ့ကြောင်း၊ဦးသန်းမောင်သည် ညောင်လေးပင်မြို့နယ်တရားရုံး တရားမကြီးမှုအမှတ် ၃၄/၇၉ တွင် မမှန်ကန်သော အချက်အလက်များကို လိမ်လည်တင်ပြ၍ ဒီကရီရယူခဲ့သည်ဟုဆိုကာ အဆိုပါ ဒီကရီမှာ လိမ်လည်လှည့်ဖြားကာရယူထားသော ဒီကရီဖြစ်ကြောင်း မြွက်ဟကြေငြာပေးစေရန် ညောင်လေးပင်မြို့နယ်တရားရုံး တရားမကြီးမှုအမှတ် ၂၆/၀၂ တွင် ဦးသန်းမောင်အပေါ် တရားစွဲဆိုရာ မြို့နယ်တရားရုံးက နှစ်ဘက်ကို စစ်ဆေးကြားနာပြီးနောက် ဦးရွှေမိုးစွဲဆိုသောအမှုကို ပလပ်လိုက်သည်။ ဦးရွှေမိုးက မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကိုမကျေနပ်သဖြင့် ပဲခူးတိုင်းတရားရုံးသို့ အယူခံဝင်သော်လည်း မအောင်မြင်သောကြောင့် ဗဟိုတရားရုံးတွင် ဤအယူခံကို ဆက်လက်တင်သွင်းသည်။

ဦးရွှေမိုးက အဆိုလွှာအပိုဒ် ၅ တွင် ဦးသန်းမောင်သည် ညောင်လေးပင်မြို့နယ်တရားရုံး၊တရားမကြီးမှုအမှတ် ၃၄/၇၉ တွင် အောက်ပါအချက်အလက်များကို လိမ်လည်တင်ပြခဲ့သည်ဟု စွပ်စွဲကာ ဦးသန်းမောင်ရရှိသော ဒီကရီမှာ လိမ်လည်လှည့်ဖြားကာရယူထားသော ဒီကရီဖြစ်ကြောင်း မြွက်ဟကြေငြာပေးစေရန် စွဲဆိုခြင်းဖြစ်သည်။

(၁) ကွယ်လွန်သူ ဦးအင်ဂါနှင့် ဒေါ်သဲနုတို့တွင် သမီး အရင်း ဒေါ်အေးကြွယ်နှင့် ဒေါ်နီဟူ၍ နှစ်ဦးသာရှိပါသည်။ ဦးသန်းမောင်အား ကိတ္တိမသားသမီးအဖြစ်ဖြင့် မွေးစားခဲ့ခြင်းမရှိခဲ့ပါ။

ประกาศกรมการขนส่งทางบก
เรื่อง
ให้ผู้ขับรถยนต์ที่ใช้ในการขนส่งสาธารณะ ต้องมีใบอนุญาตขับรถยนต์ประเภทที่ใช้ขับ

(๑) ผู้ขับรถยนต์ที่ใช้ในการขนส่งสาธารณะ ต้องมีใบอนุญาตขับรถยนต์ประเภทที่ใช้ขับ
ตามที่กรมการขนส่งทางบกกำหนด ตามประกาศกรมการขนส่งทางบก เรื่อง ให้ผู้ขับรถยนต์ที่ใช้ในการขนส่งสาธารณะ ต้องมีใบอนุญาตขับรถยนต์ประเภทที่ใช้ขับ ลงวันที่ ๑๐ มิถุนายน ๒๕๕๗ ซึ่งได้ประกาศในราชกิจจานุเบกษา เล่ม ๑๓๑ ตอนพิเศษ ๑๔๓ ง ลงวันที่ ๑๑ มิถุนายน ๒๕๕๗ นั้น ปรากฏว่ามีผู้ขับรถยนต์ที่ใช้ในการขนส่งสาธารณะจำนวนมากยังไม่ได้ดำเนินการขอรับใบอนุญาตขับรถยนต์ประเภทที่ใช้ขับ ทำให้ไม่สามารถขับรถยนต์ที่ใช้ในการขนส่งสาธารณะได้ ประกอบกับในช่วงเทศกาลสงกรานต์ ประชาชนมีความจำเป็นต้องเดินทางกลับภูมิลำเนาเป็นจำนวนมาก ดังนั้น เพื่อให้การขนส่งสาธารณะเป็นไปด้วยความเรียบร้อย และเพื่อความปลอดภัยของประชาชนผู้ใช้บริการ อธิบดีกรมการขนส่งทางบกจึงขอประกาศให้ผู้ขับรถยนต์ที่ใช้ในการขนส่งสาธารณะ ต้องมีใบอนุญาตขับรถยนต์ประเภทที่ใช้ขับ ตามที่กรมการขนส่งทางบกกำหนด ตามประกาศกรมการขนส่งทางบก เรื่อง ให้ผู้ขับรถยนต์ที่ใช้ในการขนส่งสาธารณะ ต้องมีใบอนุญาตขับรถยนต์ประเภทที่ใช้ขับ ลงวันที่ ๑๐ มิถุนายน ๒๕๕๗ ซึ่งได้ประกาศในราชกิจจานุเบกษา เล่ม ๑๓๑ ตอนพิเศษ ๑๔๓ ง ลงวันที่ ๑๑ มิถุนายน ๒๕๕๗ ตั้งแต่วันที่ ๑๓ เมษายน ๒๕๕๗ เป็นต้นไป

(๒) ผู้ขับรถยนต์ที่ใช้ในการขนส่งสาธารณะ ที่ได้ยื่นคำขอรับใบอนุญาตขับรถยนต์ประเภทที่ใช้ขับ ตามประกาศกรมการขนส่งทางบก เรื่อง ให้ผู้ขับรถยนต์ที่ใช้ในการขนส่งสาธารณะ ต้องมีใบอนุญาตขับรถยนต์ประเภทที่ใช้ขับ ลงวันที่ ๑๐ มิถุนายน ๒๕๕๗ ซึ่งได้ประกาศในราชกิจจานุเบกษา เล่ม ๑๓๑ ตอนพิเศษ ๑๔๓ ง ลงวันที่ ๑๑ มิถุนายน ๒๕๕๗ ก่อนวันที่ ๑๓ เมษายน ๒๕๕๗ ให้ดำเนินการต่อไปได้ จนกว่าจะได้รับใบอนุญาตขับรถยนต์ประเภทที่ใช้ขับ

(๓) ผู้ขับรถยนต์ที่ใช้ในการขนส่งสาธารณะ ที่ได้ยื่นคำขอรับใบอนุญาตขับรถยนต์ประเภทที่ใช้ขับ ตามประกาศกรมการขนส่งทางบก เรื่อง ให้ผู้ขับรถยนต์ที่ใช้ในการขนส่งสาธารณะ ต้องมีใบอนุญาตขับรถยนต์ประเภทที่ใช้ขับ ลงวันที่ ๑๐ มิถุนายน ๒๕๕๗ ซึ่งได้ประกาศในราชกิจจานุเบกษา เล่ม ๑๓๑ ตอนพิเศษ ๑๔๓ ง ลงวันที่ ๑๑ มิถุนายน ๒๕๕๗ ก่อนวันที่ ๑๓ เมษายน ๒๕๕๗ ให้ดำเนินการต่อไปได้ จนกว่าจะได้รับใบอนุญาตขับรถยนต์ประเภทที่ใช้ขับ

ประกาศ ณ วันที่ ๑๒ มิถุนายน ๒๕๕๗

(ลงชื่อ) ชัยวัฒน์ วงศ์วัฒนศานต์
(นายชัยวัฒน์ วงศ์วัฒนศานต์)
อธิบดีกรมการขนส่งทางบก

၁၉၀၄
ဦးရွှေမိုး
နှင့်
ဦးသန်းမောင်

၌အချက်များမှာ ဦးရွှေမိုးအနေဖြင့် ဦးသန်းမောင်က သူ့အပေါ်စွဲဆိုသည့် ညောင်လေးပင်မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၃၄/၇၉ တွင် တင်ပြသင့် တင်ပြထိုက်သော အချက်များဖြစ်သည့်အပြင် ထိုအမှုဌ် ထိုအချက်များကို တင်ပြခွင့်လည်းရှိသည့်အလျောက် တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁ ၏ ရှင်းလင်းချက် ၄ အရအဆိုပါအမှုတွင် ချမှတ်သောစီရင်ချက်သည် ဦးရွှေမိုး နောက်စွဲဆိုသောအမှုကို ဝိတ်ပင်ထားသဖြင့် ထပ်မံ၍တရားတထုံးစွဲဆိုခွင့်မရှိတော့ချေ။

ထို့ကြောင့် ၌အယူခံကို တရားရုံးအဆင့်ဆင့် စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရွှေနေခကို ကျပ် ၅၀/– ဟုသတ်မှတ်သည်။

တရားမ ပထမ အယူခံမှု

ဥက္ကဋ္ဌအဖြစ်ဦးလှဘုန်း၊ အဖွဲ့ဝင်များအဖြစ် ဦးခင်ဇာမုံနှင့် ဦးအေးမောင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ချွေတွင်

†၁၉၀၄
ဇူလိုင်လ
၂၄ ရက်

ဒေါ်လတ် (ခ) ဒေါ်လှ

နှင့်

ဒေါ်အမလေး *

လက်ရှိထားခြင်းနှင့် ပိုင်ဆိုင်ခြင်းခြားနားချက်— ကာလအတန်ကြာ အနှောင့်အယှက်မရှိ လက်ရှိထားရုံမျှဖြင့် ပိုင်ဆိုင်ခွင့်ရှိနိုင်မရှိနိုင်။

ဆုံးဖြတ်ချက်။ ။အယူခံ တရားလို၏ ရှေ့နေက ဒေါ်လတ်တို့သည် အချင်းဖြစ်မြေတွင် ၂၅ နှစ်ခန့် အနှောင့်အယှက်မရှိ နေထိုင်လာသည်ဖြစ်၍ ထိုမြေကိုပိုင်ကြောင်း မြွက်ဟ ဒီကရီချမှတ်ပေးသင့်ကြောင်းတင်ပြလျှောက်ထားသည်။ သူတဦးတယောက်သည် ထိုသို့အနှောင့်အယှက်မရှိ ကာလအတန်ကြာ နေထိုင်ရုံမျှဖြင့် အလိုအလျောက် မြေပိုင်ရှင်အဖြစ်သို့ ရောက်ရှိသွားကြောင်း ဥပဒေပြဋ္ဌာန်းချက် မရှိပေ။ မြေကိုလက်ရှိထားခြင်းနှင့် ပိုင်ဆိုင်ခြင်းတို့သည် သီးခြားအကြောင်းအရာများဖြစ်သည်။

အယူခံတရားလိုအတွက် — ရွှေတောင်ဦးဟန်၊ ဗဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင်အတွက် — ဦးဇော်၊ ဗဟိုတရားရုံးရှေ့နေ

မန္တလေးတိုင်းတရားရုံး၊ တရားမကြီးမှု အမှတ် ၂၀/၈၁ (အနောက်မြောက်) တွင် အယူခံတရားလိုဒေါ်လတ် (ခ) ဒေါ်လှက အယူခံတရားပြိုင် ဒေါ်အမလေးအပေါ် အချင်းဖြစ်မြေနှင့် အိမ်မှာ မိမိပိုင်ဖြစ်ကြောင်း မြွက်ဟကြေငြာပေးစေရန် တရားစွဲဆိုရာ မအောင်မြင်သဖြင့် ဗဟိုတရားရုံးတွင် ၎င်အယူခံကို တင်သွင်းသည်။

---

* ၁၉၀၂ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၄၅

† ၁၉၀၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၀ (အနောက်မြောက်) တွင်ချမှတ်သော (၂၁-၆-၀၂) နေ့စွဲပါမန္တလေးတိုင်းတရားရုံး၏စီရင်ချက်နှင့်ဒီကရီကိုအယူခံမှု။

မူလတရားလိုဒေါ်လတ်က မန္တလေးအနောက်မြောက်မြို့နယ်၊ အောင်မြေသာဇံရပ်၊ အကွက်အမှတ် ၁၃၁၊ ဦးပိုင်အမှတ် ၉(က)/၃ စာရင်းပေါက်သောမြေနှင့် မြေပေါ်ရှိအိမ်မှာ မိမိနှင့် ကွယ်လွန်သူခင်ပွန်း ဦးသာခင်ဝယ်ယူထားသော ပစ္စည်းများဖြစ်ကြောင်း၊ ထိုသို့ ဝယ်ယူပြီးနောက် ထိုအိမ်တွင် နေထိုင်လာခဲ့ကြောင်း၊ ယခုအခါ တရားပြိုင်ဒေါ်အမလေးကယင်းမြေနှင့်အိမ်မှာ သူပိုင်ဖြစ်သည်ဟုထိပါးပြောဆိုလာကြောင်း စသည်ဖြင့် အဆိုပြုကာ ထိုမြေနှင့်အိမ်မှာ မိမိပိုင်ဖြစ်ကြောင်း မြွက်ဟကြေငြာပေးစေလိုကြောင်းဖြင့် တရားစွဲဆိုလေသည်။

ဒေါ်အမလေးက အချင်းဖြစ်မြေမှာ မိမိပိုင်ဖြစ်ကြောင်း၊ ဒေါ်လတ်၏ခင်ပွန်းဦးသာခင်သည် ထိုမြေတွင် မြေငှားအဖြစ် နေထိုင်ခြင်းသာဖြစ်ကြောင်း ထုချေသည်။

ဒေါ်လတ်က အချင်းဖြစ်မြေနှင့် အိမ်ကို သက်သေခံ(က) စာချုပ်အရ အဖိုးငွေ ၅၅၀/–ဖြင့် ၁၅–၁၀–၅၅ နေ့တွင် ဝယ်ယူခဲ့ကြောင်း ထွက်ဆိုသည်၊ သို့သော် ယင်းစာချုပ်ကို မှတ်ပုံမတင်ခဲ့ကြောင်း ဝန်ခံသည်၊ ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေပုဒ်မ ၅၄ နှင့် မှတ်ပုံတင်ဥပဒေ ပုဒ်မ ၁၇ တို့ အရ အချင်းဖြစ်ပစ္စည်းသည် ဒေါ်လတ်ပိုင် မဖြစ်နိုင်ပေ၊ သို့ဖြစ်၍ မှတ်ပုံတင်ခြင်း မရှိသော သက်သေခံ(က) စာချုပ်အပေါ်အခြေခံကာ ဒေါ်လတ်က အချင်းဖြစ် မြေနှင့်အိမ်မှာ သူပိုင်ဖြစ်သည်ဟု အရေးဆိုခွင့်မရှိချေ။

အယူခံတရားလိုရှေ့နေက ဒေါ်လတ်တို့သည် အချင်းဖြစ်မြေတွင် ၂၅နှစ်ခန့် အနှောင့်အယှက်မရှိ နေထိုင်လာသည်ဖြစ်၍ ထိုမြေကိုပိုင်ကြောင်း မြွက်ဟဒီကရီချမှတ်ပေးသင့်ကြောင်း တင်ပြလျှောက်ထားသည်၊ သူတဦးတယောက်သည် ထိုသို့ အနှောင့်အယှက်မရှိ ကာလအတန်ကြာနေထိုင်ရုံမျှဖြင့် အလိုအလျောက်မြေပိုင်ရှင်အဖြစ်သို့ ရောက်ရှိသွားကြောင်း ဥပဒေပြဋ္ဌာန်းချက်မရှိပေ၊ မြေကိုလက်ရှိထားခြင်းနှင့် ပိုင်ဆိုင်ခြင်းတို့သည် သီးခြားအကြောင်းအရာများဖြစ်သည်၊ ဒေါ်လတ်သည် အချင်းဖြစ် မြေနှင့်အိမ်ကို ပိုင်ဆိုင်ကြောင်း ခိုင်လုံသည့်အထောက်အထား တင်ပြနိုင်ခြင်းမရှိ၍ တိုင်းတရားရုံးက သူ၏အမှုကို ပလပ်လိုက်ခြင်းမှာ မှားယွင်းသည်ဟု မဆိုနိုင်ပေ။

ထို့ကြောင့် ၎အယူခံကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။ ရှေ့နေခကို ကျပ် ၁၀/– ဟု သတ်မှတ်သည်။

တရားမ မြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးလှဘုန်း၊ အဖွဲ့ဝင်များအဖြစ် ဦးခင်ဇာမုံနှင့်ဦးအေးမောင် တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

†၁၉၀၄
စက်တင်ဘာ
၂၀ရက်

ဦး ဝမ် ကျင် ထွေး ပါ (၂)

နှင့်

ဦး သန်း ထွန်း *

ဒီကရီကို အတည်ပြုခွင့်ရှိ မရှိ ပြဿနာ—တရားနိုင်နှင့်တရားရှုံးအကြား တွင် အငြင်းပွားသည့်ပြဿနာဖြစ်ရခြင်း – အဝံဝရမ်းကို အတည်ပြုရာ၌ လက်ရှိဖြစ်သူကခုခံလျှင် တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်း ၉၇ မှ ၁၀၃ ပါ ပြဋ္ဌာန်းချက်များအရ ဆောင်ရွက်ရမည် ဖြစ်ခြင်း။

ဆုံးဖြတ်ချက်။ ။လျှောက်ထားသူတို့၏ ရှေ့နေက အချင်းဖြစ်ဒီကရီကို ဦးသန်းထွန်းအပါအဝင် တရားနိုင် သုံးဦး ရရှိထားကြောင်း၊ တရားနိုင်များ အနက် တစ်ဦးဦးသည် တရားနိုင်အားလုံးအတွက်သာ ဒီကရီကို အတည်ပြုခွင့် ရှိကြောင်း၊ တရားနိုင်ဒေါ်လှမင်းနှင့် မလှစိန်တို့သည် ဒီကရီကို အတည်ပြုပြီး ဖြစ်၍ ဦးသန်းထွန်းသည် သူတို့အတွက် ဒီကရီကို အတည်ပြုရန်အကြောင်းမရှိ ကြောင်း၊ ဒီကရီတစိတ်တဒေသကို အတည်ပြုခွင့်လည်းမရှိကြောင်း၊ လျှောက် ထားသူတို့သည် တရားနိုင်နှစ်ဦး၏ ရပိုင်ခွင့်များကိုဝယ်ယူ၍ အချင်းဖြစ်မြေနှင့် အိမ်တို့ကို လက်ရောက်ရခဲ့၍ လျှောက်ထားသူတို့အား ဦးသန်းထွန်းက ဖယ်ရှား ခွင့်မရှိကြောင်း စသည်ဖြင့် လျှောက်လဲသည်။ တရားနိုင်ဦးသန်းထွန်းအနေဖြင့် ဒီကရီအတည်ပြုခွင့်ရှိမရှိကို တရားရုံးကသာ ထုချေခွင့်ရှိသည်။ လျှောက်ထား သူတို့၏ရှေ့နေတင်ပြသော ပြဿနာများမှာ တရားနိုင်နှင့်တရားရုံးတို့အကြား အငြင်းပွားသည့်ကိစ္စမဟုတ်၍ ဇာရီမှုတွင် အဆုံးအဖြတ်မပေးနိုင်ချေ။ သို့ဖြစ်၍ တိုင်းတရားရုံးကလျှောက်လွှာကို ပလပ်လိုက်ခြင်းမှာ မှားယွင်းသည်ဟု မဆိုနိုင် ချေ။ အဝံဝရမ်းကို အတည်ပြုရာ၌ လျှောက်ထားသူတို့က တားဆီးခုခံလာ လျှင် တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်း ၉၇ မှ ၁၀၃ ပါ ပြဋ္ဌာန်းချက် များအရ ဆောင်ရွက်ရမည့်ကိစ္စများသာ ဖြစ်သည်။

---

* ၁၉၀၃ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၅၆

† ၁၉၀၃ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၅ (အနောက်မြောက်) တွင်ချမှတ်သော (၂၁-၇-၀၃) နေ့စွဲပါ မန္တလေးတိုင်းတရားရုံး၏အမိန့်ကို ပြင်ဆင်မှု။

၁၉၀၄
ဦးဝမ်းကျင်ထွေး ပါ(၂)နှင့် ဦးသန်းထွန်း

လျှောက်ထားသူများအတွက် – ဦးဘဒွေ၊ မဟိုတရားရုံးရှေ့ေ

လျှောက်ထားခံရသူအတွက် – ကိုယ်တိုင်

မန္တလေးတိုင်းတရားရုံး၊တရားမဇာရီမှုအမှတ်၅/၀၃(အနောက်မြောက်) တွင် လျှောက်ထားခံရသူ ဦးသန်းထွန်းက တရားနိုင်အဖြစ်ဖြင့် အဆိုပါ တရားရုံး တရားမကြီးမှုအမှတ် ၄/၇၅(အနောက်မြောက်)တွင် ဒေါ်လှမင်း၊ မလှစိန်တို့နှင့်အတူပူးတွဲရရှိထားသော ဒီကရီကိုအတည်ပြုရာ တရားရုံးဒေါ်ငွေးငွေးနှင့် ဦးလှရွှေတို့က အချင်းဖြစ်အိမ်နှင့်မြေကို စရိတ်များနှင့်တကွ တရားနိုင် ဒေါ်လှမင်းနှင့် မလှစိန်တို့အား ပေးအပ်ပြီးဖြစ်ကြောင်း ထုချေသည်။ တိုင်း တရားရုံးက တရားနိုင် ဦးသန်းထွန်း၏ အစုအတွက် ဇာရီမှုကို ဆက်လက် ဆောင်ရွက်မည်ဖြစ်ကြောင်း အမိန့်ချမှတ်သည်။ ထို့နောက် လျှောက်ထားသူ ဦးဝမ်းကျင်ထွေးနှင့် ဒေါ်ဝေဝေတို့က အိမ်နှင့် မြေကို ဒေါ်လှမင်းနှင့် မလှစိန် တို့ထံမှ ဝယ်ယူထား၍ ဦးသန်းထွန်းသည် အပ်ဝရမ်းရခွင့်မရှိကြောင်း သူ၏ ဝေစုကိုရလိုပါက ပစ္စည်းခွဲဝေလိုမှု စွဲရမည်ဖြစ်ကြောင်း ဇာရီမှုတွင် လျှောက် ထားသည်။ တိုင်းတရားရုံးက လျှောက်လွှာကိုပလပ်ပြီး နောက် အပ်ဝရမ်း ထုတ်ဆင့်ရန် အမိန့်ချသဖြင့် ဦးဝမ်းကျင်ထွေးတို့က ဤပြင်ဆင်မှုကို လျှောက် ထားသည်။

လျှောက်ထားသူတို့၏ ရှေ့နေက အချင်းဖြစ်ဒီကရီကို ဦးသန်းထွန်းအပါ အဝင် တရားနိုင် သုံးဦးရရှိထားကြောင်း၊ တရားနိုင်များအနက် တစ်ဦးဦးသည် တရားနိုင် အားလုံးအတွက်သာ ဒီကရီကို အတည်ပြုခွင့်ရှိကြောင်း၊ တရားနိုင် ဒေါ်လှမင်းနှင့် မလှစိန်တို့သည် ဒီကရီကိုအတည်ပြုပြီးဖြစ်၍ ဦးသန်းထွန်းသည် သူတို့အတွက် ဒီကရီကို အတည်ပြုရန်အကြောင်းမရှိကြောင်း၊ ဒီကရီ တစိတ် တဒေသကို အတည်ပြုခွင့်လည်းမရှိကြောင်း၊ လျှောက်ထားသူတို့သည် တရား နိုင်နှစ်ဦး၏ ရပိုင်ခွင့်များကို ဝယ်ယူ၍ အချင်းဖြစ်မြေနှင့်အိမ်တို့ကို လက်ရောက် ရရှိခဲ့၍ လျှောက်ထားသူတို့အား ဦးသန်းထွန်းက ဖယ်ရှားခွင့် မရှိကြောင်း စသည်ဖြင့် လျှောက်လဲသည်။ တရားနိုင် ဦးသန်းထွန်းအနေဖြင့် ဒီကရီကို အတည်ပြုခွင့်ရှိ မရှိကို တရားရုံးကသာ ထုချေခွင့်ရှိသည်။ လျှောက်ထားသူတို့ ၏ရှေ့နေတင်ပြသော ပြဿနာများမှာ တရားနိုင်နှင့် တရားရုံးတို့ အကြား အငြင်းပွားသည့်ကိစ္စမဟုတ်၍ ဇာရီမှုတွင် အဆုံးအဖြတ်မပေးနိုင်ချေ။ သို့ဖြစ်၍ တိုင်းတရားရုံးကလျှောက်လွှာကို ပလပ်လိုက်ခြင်းမှာမှားယွင်းသည်ဟု မဆိုနိုင် ချေ။ အပ်ဝရမ်းကို အတည်ပြုရာ၌ လျှောက်ထားသူတို့က တားဆီးခုခံလာလျှင် တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်း ၉၇ မှ ၁၀၃ ပါ ပြဋ္ဌာန်းချက်များ အရ ဆောင်ရွက်ရမည့်ကိစ္စများသာ ဖြစ်သည်။

ထို့ကြောင့် ဤပြင်ဆင်မှုကို ပလပ်လိုက်သည်။ စရိတ်မရှိ။

တရားမတတိယအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးခင်ဇောမုံ၊ အဖွဲ့ဝင်များအဖြစ်ဦးလှဘုန်းနှင့် ဦးအေးမောင်တို့ ပါဝင်သော ဗဟိုတရား စီရင်ရေးအဖွဲ့ရှေ့တွင်

†၁၉၇၄
စက်တင်ဘာ
၂၆ ရက်

ဦးသန်းညွှန့် ပါ(၂)
နှင့်
ဦးသန်းစိန် ပါ(၂)*

၁၉၆၀ ပြည်နှစ် မြို့ပြဆိုင်ရာဌာနခန်းခကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂(၁)(ဂ)–အိမ်နီးချင်းနှင့် အကြောင်းအားလျော်စွာ ခိုက်ရန်ဖြစ်ပွားရာမှ လက်ရောက်ကျူးလွန်မှုဖြစ်ခြင်းသည် ပတ်ဝန်းကျင်အား အနှောင့်အယှက်ဖြူရာမရောက်ခြင်း။

ဆုံးဖြတ်ချက်။ ။အယူခံတရားပြိုင် ဦးသန်းစိန်က ဦးတင်အောင်အား ခားဖြင့်ထိုးခဲ့ကြောင်းမှာ ဤအမှုတွင် အငြင်းမပွားချေ။ သို့သော်လည်း တစ်ဦးနှင့်တစ်ဦး အကြောင်းအားလျော်စွာ ခိုက်ရန်ဖြစ်ပွားရာမှ လက်ရောက်ကျူးလွန်ခဲ့သည့် အမှုတစ်ခု ဖြစ်ပွားခြင်းကြောင့် မြို့ပြဆိုင်ရာ ဌာနခန်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(ဂ) အရ ပတ်ဝန်းကျင်အား အနှောင့်အယှက် ပြုမူရာကျရောက်သည်ဟု ကောက်ယူရန် သင့်မည်မဟုတ်ပေ။

အယူခံတရားလိုများအတွက် — ဦးထွန်းကြည်၊ ဗဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင်များအတွက် – ဦးကံမြိုင်၊ ဗဟိုတရားရုံးရှေ့နေ

မန္တလေး အရှေ့မြောက်မြို့နယ်၊ အောင်နန်းရပ်သာ အရှေ့ရပ်ကွက် တရားရုံး၊ တရားမကြီးမှုအမှတ် ၂/၇၆ တွင် အယူခံတရားလို ဦးသန်းညွှန့်နှင့် ဒေါ်တုတ်တို့က အယူခံတရားပြိုင် ဦးသန်းစိန်နှင့် ဒေါ်သိန်းလှိုင်တို့ အပေါ်

---

* ၁၉၇၃ ခုနှစ်၊ တရားမတတိယအယူခံမှု အမှတ် ၁၄

† ၁၉၇၃ ခုနှစ်၊ တရားမ ဒုတိယ အယူခံမှု အမှတ် ၅ တွင် ချမှတ်သော (၁၁-၄-၇၃)နေ့စွဲပါ မန္တလေးတိုင်းတရားရုံး၏စီရင်ချက်နှင့်ဒီကရီကိုအယူခံမှု။

တရားမ ပထမ အယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းရှိန်၊အဖွဲ့ဝင်များအဖြစ် ဦးလှဘုန်းနှင့် ဦးအေးမောင် တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဒေါ်သန်းရင်
နှင့်
ဒေါ်သန်းစိန် ပါ(၃)*

†၁၉၀၄
စက်တင်ဘာ
၆ ရက်

ခွင့်ပြုချက်အရ နေထိုင်သူသည် ဆန့်ကျင်ဘက်ဝိုင်ဆိုင်ခွင့် မရှိခြင်း။

ဆုံးဖြတ်ချက်။ ။ခွင့်ပြုချက်အရနေထိုင်ခြင်းသည် ပိုင်ရှင်အား ဆန့်ကျင်၍ လက်ရှိထားခြင်းမဟုတ်သဖြင့် ထိုမြေနှင့်စပ်လျဉ်း၍ ခွင့်ပြုချက်အရ နေထိုင်သူသည် ဆန့်ကျင်ဘက် ပိုင်ဆိုင်ခွင့်ရရှိရန် အကြောင်းမပေါ်ပေါက်ချေ။

အယူခံတရားလိုအတွက် — ဦးလှဘူး၊ ဗဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင်များအတွက်— ဦးဘစိန်၊ ဗဟိုတရားရုံးရှေ့နေ

ရောဝတီတိုင်းတရားရုံး၊တရားမကြီးမှုအမှတ် ၃၀/၀၀ (ပုသိမ်အနောက်) တွင် အယူခံတရားလို ဒေါ်သန်းရင်က အယူခံတရားပြိုင် ဒေါ်သန်းစိန်၊ မတင်ရီနှင့် ကိုစိန်မောင်းတို့အပေါ် ခွင့်ပြုချက်အရ နေထိုင်သူများအဖြစ်ဖြင့် အချင်းဖြစ် ဥပစာမှဖယ်ရှားပေးစေလိုမှုစွဲဆိုရာ အရေးနိမ့်ခဲ့သဖြင့် ဗဟိုတရားရုံး၌ ဤပထမ အယူခံကိုတင်သွင်းသည်။

မူလရုံးတရားလို ဒေါ်သန်းရင်က အဆိုလွှာတွင် ပုသိမ်မြို့ ရ-ပ-က အမှတ်(၂)အကွက် အမှတ် ၆၃၊ အုပ်စုအမှတ်(၁၉) ၁၉၀၀-၀၁ ခုနှစ်၊ ဦးပိုင်အမှတ် ၇၁ နှင့် ၇၂(ခ)မြေကွက်နှင့် ထိုမြေပေါ်ရှိ အိမ်ငယ်ကို မိမိပိုင်ဆိုင်ကြောင်း၊ ၁၉၆၀–၆၉ ခုနှစ်လောက်တွင် တရားပြိုင် ဒေါ်သန်းစိန်တို့သည် ရှမ်းကွင်းကျေးရွာမှ ပုသိမ်မြို့သို့ ပြောင်းရွှေ့လာပြီး အချင်းဖြစ်အိမ်တွင် ခေတ္တနေထိုင်ခွင့်ပြုရန် တောင်းခံသဖြင့် မိမိက အခမဲ့နေထိုင်ရန် ခွင့်ပြုခဲ့ကြောင်း၊ တရားပြိုင်များသည် အချင်းဖြစ်အိမ်ကို မသိမသာပြုပြင်မှုများပြုလုပ်

---

* ၁၉၀၂ ခုနှစ်၊ တရားမ ပထမ အယူခံမှုအမှတ် ၀၆

† ၁၉၀၀ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၀ တွင် ချမှတ်သော (၁၆-၉-၀၂) နေ့စွဲပါ ရောဝတီတိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကိုအယူခံမှု။

၁၉၀၄ ဒေါ်သန်းရင်နှင့် ဒေါ်သန်းစိန် ပါ(၃)

လာသဖြင့် ဖယ်ရှားပေးရန် ရပ်ကွက်ပြည်သူ့ကောင်စီရုံး၌တိုင်ကြားခဲ့ကြောင်း၊ တရားပြိုင်တို့က ၃၁–၁၂–၇၉ နေ့အထိ ဆက်လက်နေခွင့်ပြုရန်ခွင့်တောင်း၍ ထိုရက်တွင် အချင်းဖြစ်အိမ်မှ ဖယ်ရှားပေးပါမည်ဟု လက်မှတ်ရေးထိုးခဲ့သော်လည်း ယင်းကတိအတိုင်းဖယ်ရှားမပေးသဖြင့် ၅–၁၂–၈၀ နေ့စွဲဖြင့် နို့တစ်စာပေး၍ ခွင့်ပြုချက်ရုပ်သိမ်းခဲ့ကြောင်းစသည်ဖြင့်အဆိုပြုကာ သူတို့အား ဖယ်ရှားပေးရန် ၎အမှုကို စွဲဆိုသည်။

တရားပြိုင် ဒေါ်သန်းစိန်တို့က အချေလွှာတွင် တရားလိုကခေါ်၍ မိမိတို့လာရောက်နေထိုင်ရခြင်းဖြစ်ကြောင်း၊ထိုအချိန်ကစ၍ မိမိတို့သည် မြေပိုင်ရှင်၏ပိုင်ရေးပိုင်ခွင့်ကိုဆန့်ကျင်ပြီး မိမိတို့ပိုင်အဖြစ် လက်ဝယ်ထားကာ သီးပင်စားပင်များစိုက်ပျိုးပြီး ယနေ့တိုင်နေထိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့လာရောက်နေထိုင်စဉ်ကရှိသည့် မူလအဆောက်အဦငယ်မှာ ၁၉၇၅ ခုနှစ် မေလတွင် တိုက်ခတ်သောမုန်တိုင်းဒဏ်ကြောင့် ပြိုကျပျက်စီးသွားသဖြင့် လက်ရှိအဆောက်အဦကို ဆောက်လုပ်နေထိုင်ခြင်းဖြစ်ကြောင်း၊ ပိုင်ရေးပိုင်ခွင့်ကို ဆန့်ကျင်ပြီး ၁၅ နှစ်ကျော် နေထိုင်လာခြင်းဖြစ်၍ အမှုစွဲဆိုရန် ကာလစည်းကမ်းသတ်ကျော်လွန်နေကြောင်းစသည်ဖြင့် ထုချေသည်။

တရားပြိုင်၏ ချေလွှာအပိုဒ် ၄ နှင့် ၅ တို့တွင် အောက်ပါအတိုင်းပါရှိသည် –

> ၄။ × × တရားပြိုင် ဒေါ်သန်းစိန်၏ ခင်ပွန်းဖြစ်သူ ဦးစံပွင့်အား တရားလိုကခေါ်၍ နေထိုင်ရန်ပြောသဖြင့် ဦးစံပွင့်သည်မိသားစုများဖြစ်သော တရားပြိုင်များနှင့် လာရောက်နေထိုင်ခြင်းဖြစ်ပါသည်။
>
> ၅။ × × အခြားသူများဝင်ရောက်နေထိုင်မည်စိုး၍ တရားလိုသည် တရားပြိုင် ဒေါ်သန်းစိန်၏ခင်ပွန်း ဦးစံပွင့်အား လာရောက်နေထိုင်ရန်ခေါ်ပါသည်။ ထို့အချိန်မှစ၍ တရားပြိုင်မိသားစုသည် မြေပိုင်ရှင်၏ပိုင်ရေ ဆိုင်ခွင့်ကို ဆန့်ကျင်စွာ မြေကွက်ကို မိမိတို့ပိုင်အဖြစ် လက်ဝယ်ထားရှိကာ သီးပင်စားပင်များ စိုက်ပျိုးပြီး ယနေ့တိုင်နေထိုင်လျက်ရှိနေခြင်း ဖြစ်ပါသည်။

အထက်ပါချေလွှာအပိုဒ် ၄ နှင့် ၅ ပါ ဝန်ခံချက်များအရပင် အချင်းဖြစ်မြေ၌ တရားပြိုင်များနေထိုင်ခြင်းသည် တရားလို၏ခွင့်ပြုချက်အရ နေထိုင်ခြင်းဖြစ်ကြောင်းပေါ်ပေါက်သည်။တရားပြိုင် ဒေါ်သန်းစိန်တို့က မူလအိမ်ငယ်မှာ ၁၉၇၅ ခုနှစ်က လေမုန်တိုင်းဒဏ်ကြောင့် ပြိုကျပျက်စီးသွား၍ လက်ရှိ

၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာဌာနရမ်းခကြေးကြေငြာရေး အက်ဥပဒေပုဒ်မ ၁၂(၁) (က) နှင့် (ဂ) တို့အရ အိမ်နှင်လိုမှုစွဲဆိုရာ အနိုင်ရရှိခဲ့သည်။ အိမ်ငှား ဦးသန်းစိန်တို့က မန္တလေးအရှေ့မြောက်မြို့နယ်တရားရုံး၌ အယူခံဝင်သောအခါ မြို့နယ်တရားရုံးက မြို့ပြဆိုင်ရာဌာနရမ်းခကြေးကြေငြာရေး အက်ဥပဒေပုဒ်မ၁၂(၁) (က)အရဒီကရီကိုသာအတည်ပြု၍ပုဒ်မ ၁၂(၁) (ဂ)အရ ဒီကရီကိုပယ်ဖျက်ခဲ့သည်။ယင်းသို့ ပုဒ်မ ၁၂(၁) (ဂ)အရ ဒီကရီပယ်ဖျက်ခံရခြင်းကို အိမ်ရှင် ဦးသန်းညွန့်တို့က မကျေနပ်၍ မန္တလေးတိုင်းတရားရုံး၌ အယူခံဝင်ရောက်ရာ မအောင်မြင်သောကြောင့် ဗဟိုတရားရုံး၌ ဤတတိယအယူခံကိုတင်သွင်းသည်။

၁၉၇၄
ဦးသန်းညွန့်ပါ ၂ နှင့် ဦးသန်းစိန်ပါ ၂

မူလတရားလို ဦးသန်းညွန့်တို့က အဆိုလွှာတွင် မန္တလေးမြို့ အောင်နန်းရပ်သာအရှေ့ရပ်ကွက် အမှတ် ၅၆၆၊ဦးပိုင်အမှတ် ၁/၃ ရှိအဆောက်အဦကို မူလပိုင်ရှင် ဦးခင်မောင်တို့ထံမှ ၁၉၇၂ ခုနှစ် အတွင်းက မှတ်ပုံတင်စာချုပ် အမှတ် ၂၉၀၁/၁၉၇၂ အရဝယ်ယူခဲ့ကြောင်း၊ဦးသန်းစိန်တို့မှာ မူလအိမ်ရှင် ဦးခင်မောင်၏ အိမ်ငှားများအဖြစ် အချင်းဖြစ်ဥပစာ၏ တောင်ဘက်အခန်းတွင် နေထိုင်လျက်ရှိကြောင်း၊ ဦးသန်းစိန်တို့သည် မိမိတို့အား အနှောင့်အယှက် အမျိုးမျိုးပေးသည့်အပြင် အတူအသုံးပြုလျက်ရှိသော ကျုံးရေတွင်းကိုလည်း မိမိတို့ အသုံးမပြုရစေရန် တားဆီး ပိတ်ပင်ခဲ့ကြောင်း၊ အိမ်နီးချင်းကပ်နေသူ ဦးတင်အောင်ကိုလည်း မှားနှင့်ထိုးသည့်အတွက် ဦးသန်းစိန်အပေါ်တရားစွဲဆို ထားကြောင်း ၁-၄-၇၃ နေ့မှ ၃၁-၃-၇၆ နေ့အထိ ၃၆ လအတွက် ငှားရမ်းခငွေ ၂၃၄၀/-ကိုလည်း မပေးချေ နို့တစ်စာပေးသော်လည်း ဖယ်ရှားပေးခြင်း မရှိကြောင်း စသည်ဖြင့် အဆိုပြုကာ ထို အခန်းမှ ဖယ်ရှားပေးရန် ဦးသန်းစိန်အပေါ် တရားစွဲဆိုသည်။

အယူခံတရားလို၏အကျိုးဆောင်က အိမ်နီးချင်းဖြစ်သူ ဦးတင်အောင်အား အယူခံတရားပြိုင် ဦးသန်းစိန်က အပြင်းအထန် နှာကျင်စေရန် မှားဖြင့် သုံးချက် ဝင်ထိုးခဲ့ခြင်းသည် အိမ်နီးချင်းတို့အား သိသိသာသာ အကြီးအကျယ်အနှောင့် အယှက်ပြုမူခြင်းဖြစ်သဖြင့် မြို့ပြဆင်ရာ ဌာနရမ်းခကြေးကြေငြာရေး အက်ဥပဒေပုဒ်မ ၁၂(၁) (ဂ)အရ ဒီကရီရထိုက်ကြောင်း တင်ပြလျှောက်ထားသည်။

အယူခံတရားပြိုင် ဦးသန်းစိန်က ဦးတင်အောင်အား မှားဖြင့်ထိုးခဲ့ကြောင်း မှာ ဤအမှုတွင် အငြင်းမပွားချေ။ သို့သော်လည်း တစ်ဦးနှင့်တစ်ဦးအကြောင်း အားလျော်စွာ ခိုက်ရန်ဖြစ်ပွားရာမှ လက်ရောက် ကျူးလွန်ခဲ့သည့် အမှုတစ်ခု

၁၉၀၄ ပုဒ်းသန်းညွှန့်ပါ (၂) နှင့် ပုဒ်းသန်းစိန်ပါ (၂)

ဖြစ်ပွားခြင်းကြောင့် မြို့ပြဆိုင်ရာ ဌာနရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁)(ဂ)အရ ပတ်ဝန်းကျင်အား အန္တရာယ်အယ့်က် ပြုမူရာကျရောက်သည်ဟု ကောက်ယူရန်သင့်မည် မဟုတ်ပေ။

ထို့ကြောင့် အယူခံတရားလိုအကျိုးဆောင်၏ တင်ပြချက်ကို လက်ခံရန် အကြောင်းမရှိ၍ ဤအယူခံကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေခ ကျပ် ၅၀၀/—သတ်မှတ်သည်။

အိမ်ကို အသစ်တဖန်ဆောက်လုပ်နေထိုင်ခြင်းဖြစ်ကြောင်း ထုချေသော်လည်း ဦးဖေသန်းထွန်း (မြို့ပြ–၃)က "၁၉၇၅ ခုနှစ် လေမုန်တိုင်းကျစဉ်က အဆိုပါတဲမှာ အနည်းငယ်ဖျက်စီးသွားခဲ့ ပြုပြင်ရပါသည်" ဟုသာ ထွက်ဆိုထားသဖြင့် တရားပြိုင်များ လက်ရှိနေထိုင်သည့်အိမ်မှာ အသစ်ဆောက်လုပ်ခြင်းမဟုတ်ပဲ မူလတဲငယ်ကိုပြုပြင်ဆောက်လုပ်ထားခြင်းဖြစ်ကြောင်းပေါ်ပေါက်သည်။

ခွင့်ပြုချက်အရ နေထိုင်ခြင်းသည် ပိုင်ရှင်အားဆန့်ကျင်၍ လက်ရှိ ထားခြင်းမဟုတ်သဖြင့် ထိုမြေနှင့်စပ်လျဉ်း၍ ခွင့်ပြုချက်အရ နေထိုင်သူသည် ဆန့်ကျင်ဘက် ပိုင်ဆိုင်ခွင့်ရရှိရန် အကြောင်းမပေါ်ပေါက်ဟု ဆို။ ခွင့်ပြုချက်အရနေထိုင်သူအား နှင်ထုတ်ရန် စွဲဆိုသည့်အမှုကို ခွင့်ပြုချက် ရုပ်သိမ်းပြီးသည့်နောက် ၆ နှစ်အတွင်းစွဲဆိုရမည်ဟု ကာလစည်းကမ်းသတ်ဥပဒေပထမဇယား၊ အမှတ်စဉ် ၁၂၀ ၌ပြဋ္ဌာန်းချက်ရှိပေရာ ယခုအမှုတွင် တရားလိုက တရားပြိုင်အား ၅–၁၂–၀၀ ရက်နေ့စွဲပါ နို့တစ်စာပေး၍ ခွင့်ပြုချက်ကို ရုပ်သိမ်းခဲ့ပြီးနောက် ၂၉–၁၂–၀၀ ရက်နေ့တွင် တရားစွဲဆိုခဲ့ခြင်း ဖြစ်သောကြောင့် ၎အမှုစွဲဆိုခြင်းသည် စည်းကမ်းသတ်ကာလကျော်လွန်သည်ဟု မဆိုနိုင်ပေ။

ထို့ကြောင့် ၎အယူခံကိုခွင့်ပြု၍ ရောဝတီတိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကိုပယ်ဖျက်ပြီး အယူခံဘရားလို စွဲဆိုသည့်အတိုင်း အနိုင်ဒီကရီ ချမှတ်လိုက်သည်။ တရားရုံးအဆင့်ဆင့် ကုန်ကျစရိတ်များကို အယူခံတရားပြိုင်က ကျခံစေ။ ရွှေနေခ ကျပ် ၀၀/–သတ်မှတ်သည်။

တရားမ ပထမ အယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးအေးမောင်၊အဖွဲ့ဝင်များအဖြစ် ဦးလှဘုန်းနှင့် ဦးခင်ဇာမုံ တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦး သိန်း မောင် ပါ (၃)
နှင့်
ဦး တင် အောင် ပါ (၄)

†၁၉၀၄
ဩဂုတ်လ
၂၄ ရက်

ခွင့်ပြုချက်အရနေသူအား နှင်ထုတ်လိုမှုအတွက် ကာလစည်းကမ်းသတ် အက်ဥပဒေ ပထမဇယားအမှတ်စဉ် ၁၄၂ နှင့် အကျုံးမဝင်ခြင်း— ခွင့်ပြုချက်အရနေထိုင်သူသည် ပိုင်ရှင်အား ဆန့်ကျင်၍ လက်ရှိထား ရာမရောက်ခြင်း။

ဆုံးဖြတ်ချက်။ ။မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းသည် တရားလိုလက်ဘွင် ရှိနေသည့်အတွင်း လက်လွတ်ဖြစ်သွားသည့်အခါ သို့ဟုတ်မဟုတ် လက်ရှိဖြစ် ခြင်းကို ဆက်လက်၍ မပြုသည့်အခါ ထိုပစ္စည်းကို လက်ရောက် ရလိုမှုကို လက်လွတ်ဖြစ်သည့်နေ့ရက်ကစ၍ သို့တည်းမဟုတ် လက်ရှိဖြစ်ခြင်းကို ဆက်သက် မပြုသည့်နေ့ရက်ကစ၍ ၁၂ နှစ်အတွင်း တရားစွဲဆိုရမည်ဟု ကာလစည်း ကမ်းသတ်ဥပဒေ ပထမဇယားအမှတ်စဉ် ၁၄၂ တွင် ပြဋ္ဌာန်းထား သည်။ ၎င်အမှုဘွင် ဦးမောင်ကလေး၏ထွက်ဆိုချက်အရ ဦးသိန်းမောင်တို့သည် အချင်း ဖြစ်မြေပေါ်တွင် ခွင့်ပြုချက်အရနေထိုင်လာခဲ့ကြောင်း ပေါ်ပေါက်သောကြောင့် ဦးဘင်အောင်စွဲဆိုသောအမှုမှာ အထက်ဖော်ပြပါ ပြဋ္ဌာန်းချက်တွင် အကျုံး ဝင်သော အမှုမျိုးမဟုတ်ချေ။ ထို့အပြင် ခွင့်ပြုချက်အရ နေထိုင်သူသည် ပိုင်ရှင်အား ဆန့်ကျင်ပြီးမြောက်လက်ရှိ ထားရာမရောက်သည့်အလျောက် တိုင်း တရားရုံးက ဦးတင်အောင်တို့ စွဲဆိုသည့်အမှုမှာ ကာလစည်းကမ်းသတ်ခက်ခဲ လွန်ခြင်းမရှိဟု ဆုံးဖြတ်ခြင်းသည် မှားယွင်းသည်ဟု မဆိုနိုင်ပေ။

အယူခံတရားလိုများအတွက် — ဦးညွှန့်မြင့်၊ ဗဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင်များအတွက် — ဦးသိန်းဇံ၊ ဗဟိုတရားရုံးရှေ့နေ

---

* ၁၉၀၂ ခုနှစ်၊ တရားမ ပထမအယူခံမှုအမှတ် ၇၀
† ၁၉၇၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂ တွင် ချမှတ်သော (၂၃-၈-၀၂) နေ့စွဲပါ မန္တလေးတိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

၁၉၀၄ ဦးသိန်းမောင် ပါ(၃) နှင့် ဦးတင်အောင် ပါ(၄)

မန္တလေးတိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၂/၇၆ တွင် ဦးတင်အောင်နှင့် ဒေါ်ခင်အေးတို့က တရားလိုပြုလုပ်၍ ဦးသိန်းမောင်၊ မောင်လှမြင့် (ခ) ကျော်ကျော်၊ မင်မိ (ခ) မိမိ၊ ဦးမောင်ကလေး၊ ဒေါ်လှတင်နှင့် ဦးမောင်မောင်အေး (ခ) ဦးဘဟန်တို့အပေါ် မြွက်ဟဒီကရီချမှတ်ပေးရန်နှင့်အချင်းဖြစ်မြေပေါ်တွင် နေထိုင်ရာမှထွက်ခွာသွားရန် တရားစွဲဆိုရာ တိုင်တရားရုံးကမြွက်ဟကြေငြာပေးရန် တောင်းဆိုသည့် သက်သာခွင့်ကို ပလပ်၍ ဦးသိန်းမောင်၊ မောင်လှမြင့်နှင့် မခင်မိတို့အား အခမဲ့ခွင့်ပြုချက်ဖြင့် နေသည့်အိမ်မှ နှင်လိုက်ကြောင်း တောင်းဆိုသည့် သက်သာခွင့်ကို ပလပ်ကာ ဦးမောင်ကလေး၊ ဒေါ်လှတင်နှင့် ဦးမောင်မောင်အေးတို့ အပေါ်အခမဲ့ ခွင့်ပြုချက်ဖြင့် နေသည့်မြေပေါ်မှ နှင်ထုတ်ရန် ဒီကရီချမှတ်ပေးခဲ့သည်၊ ဦးတင်အောင်တို့က တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို မကျေနပ်သောကြောင့် ဗဟိုတရားရုံးတွင် တရားမ ပထမအယူခံမှုအမှတ် ၃၆/၇၉ တွင်အယူခံဝင်ရာ ဗဟိုဘရားရုံးက မြွက်ဟကြေငြာပေးရန် စွဲဆိုသည့် အမှုတွင်မြေပေါ်၌ အခမဲ့ထားသူအား နှင်ထုတ်ပေးရန် နောက်ဆက်တွဲ သက်သာခွင့်တောင်းဆိုသားသည်မှာသီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၄၂ ပါပြဋ္ဌာန်းချက်နှင့် ညီညွတ်ခြင်းမရှိ၍ အချင်းဖြစ်မြေကိုလက်ရောက်ပေးအပ်ရန် အဆိုလွှာကို ပြင်ဆင်ပြီး၊ လိုအပ်သည့်ရုံးခွန်တော်များ ဖြည့်စွက်ထမ်းဆောင်စေရန် အမိန့်ဖြင့် တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကိုပယ်ဖျက်ခဲ့သည်၊ ထို့ကြောင့်ဦးတင်အောင်တို့က ပြင်ဆင်ချက်အဆိုလွှာကို တင်သွင်းပြီး၊ အချင်းဖြစ်မြေကို ပိုင်ဆိုင်ကြောင်း မြွက်ဟကြေငြာ၍ လက်ရောက် ပေးအပ်ရန် ဦးသိန်းမောင်တို့ ၆ဦး အပေါ် တရားစွဲဆိုရာ တိုင်းတရားရုံးကစွဲဆိုသည့်အတိုင်း အနိုင်ဒီကရီ ချမှတ်ပေးခဲ့သောကြောင့် ဦးသိန်းမောင်တို့ ၆ ဦးက ဗဟိုတရားရုံးတွင် ဤဘရားမ ပထမအယူခံမှုကို တင်သွင်းသည်။

ဦးတင်အောင်နှင့် ဒေါ်ခင်အေးတို့က အချင်းဖြစ်မြေကို ဖခင်ဖြစ်သူ ဦးဘစောသည် မှတ်ပုံတင်စာချုပ်ဖြင့် ဦးသိန်းမောင်၊ ဦးမောင်ကလေး၊ ဦးသန်းမောင်၊ ဒေါ်လှတင်နှင့် ဒေါ်အေးကြည်တို့ထံမှ ၄-၅-၅၀ ရက်နေ့က တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ကြောင်း၊ ဦးဘစောသည် မြေကိုဝယ်ယူပြီးနောက် ညီဖြစ်သူ ဦးမောင်ကလေးနှင့် ဇနီး ဒေါ်လှတင်တို့အား အခမဲ့ နေခွင့်ပြုခဲ့ကြောင်း၊ ဦးသိန်းမောင်၊ မောင်လှမြင့်၊ မခင်မိနှင့် ဦးမောင်မောင်အေးတို့သည် ဦးမောင်ကလေးတို့အား အကြောင်းပြု၍ အချင်းဖြစ် မြေပေါ်သို့ ဝင်ရောက် နေထိုင်ခဲ့ကြောင်း၊ ဖခင်ဦးဘစောကွယ်လွန်ပြီး အမွေဆိုင်တစ်ဦးဖြစ်သူ ဒေါ်စက်ရိမ္မသူ၏ ပိုင်ဆိုင်ခွင့်ကို ဥပဒေနှင့်အညီ စွန့်လွှတ်ခဲ့ပြီးဖြစ်သောကြောင့် အချင်းဖြစ်မြေကို ဦးတင်အောင်နှင့် ဒေါ်ခင်အေးတို့က ပိုင်ဆိုင်လာကြောင်း၊ ဦးသိန်းမောင်သည် အချင်းဖြစ်မြေပေါ်တွင် နေအိမ်တစ်လုံး ဆောက်လုပ်ရန် ပြုလုပ်လာသည့်အတွက် တားဖြစ်သော်သည်း လိုက်နာခြင်းမပြုကြောင်း အဆိုပြုချက် ဦးတင်အောင်တို့က ဦးသိန်းမောင်တို့ ၆ ဦးအပေါ် အချင်းဖြစ်မြေကိုပိုင်ဆိုင်ကြောင်းမြွက်ဟကြေငြာ၍ လက်ရောက်ပေးအပ်ရန် တရားစွဲဆိုသည်။

၁၉၀၄ ဦးသိန်းမောင် ပါ(၃) နှင့် ဦးတင်အောင် ပါ(၄)

အမှုတွင် ဒေါ်လှတင်ကျယ်လွန်ခဲ့သဖြင့် ခင်ပွန်းဦးမောင်ကလေးကို အမှုတွင် တရားဝင် ကိုယ်စားလှယ် အဖြစ် ထည့်သွင်းခဲ့သည်။ ဦးမောင်ကလေး နှင့် ဦးမောင်မောင်အေးတို့က အမှုတွင် ဖြောင့်ဆိုလျှာ တင်သွင်းကြသည်။

ဦးသိန်းမောင်တို့က ဦးတင်အောင် တင်ပြသည့် မှတ်ပုံတင် စာချုပ်မှာ ဟန်ဆောင်အရောင်းစာချုပ်သာဖြစ်ကြောင်း၊ စည်းကမ်းသတ် ကာလကျော် လွန်ခဲ့ပြီးဖြစ်ကြောင်း ထုချေသည်။

တိုင်းတရားရုံးကငြင်းချက်(၅)ရပ်ထုတ်ပြီး၊အောက်ပါငြင်းချက်(၄)ရပ်ကို ပဏာမငြင်းချက်များအဖြစ် သတ်မှတ်ခဲ့သည်-

"၁။ တရားလိုတို့၏ ပြင်ဆင်စွဲဆိုလျှောအပိုဒ် ၁ အရ တရားလို ဦးတင်အောင်၏ဖခင် ဦးဘစောသည် အချင်းဖြစ်မြေကို ၎ ၂၀၀၀/-ဖြင့် ဦးသိန်းမောင်၊ ဦးမောင်ကလေး၊ ဦးသန်းမောင်၊ မလှတင်နှင့် မအေးကြည်တို့ထံမှ သက်သေခံ(က) မှတ်ပုံတင်စာချုပ်ဖြင့် အပြီးအပိုင် ဝယ်သည်ဆိုခြင်းသည်လည်းကောင်း၊ ဗဟိုတရားရုံး ပထမအယူခံမှုအမှတ် ၃၆/၇၉ စီရင်ချက်အမိန့်အရ သက်သေခံ(က) စာချုပ်သည် အရောင်းအဝယ်စာချုပ်အဖြစ် အတည်ပြုလျက်ရှိသည်ဆိုခြင်းသည်လည်းကောင်း မှန်ပါသလား၊

သို့မဟုတ်

သက်သေခံ (က) စာချုပ်သည် အပေါင်ကို ဟန်ဆောင်သည့် အရောင်းစာချုပ် ချုပ်ထားခြင်းဖြစ်သည်ဆိုခြင်းမှာ မှန်ပါသလား၊

သို့မဟုတ်

ဗဟိုတရားရုံး တရားမ ပထမအယူခံမှုအမှတ် ၃၆/၇၉ စီရင်ချက် အမိန့်အရ သက်သေခံ(က) မှတ်ပုံတင်စာချုပ်အား ဟန်ဆောင် အရောင်းစာချုပ်ဖြစ်သည်ဟုတရားပြိုင်တို့က မဆျေပတော့ဆိုခြင်းမှာ မှန်ပါသလား။

၂။ တရားလို၏ အဆိုလျှောအပိုဒ် ၃(၂)ကို အထောက်အထားပြုလျက် ဦးဘစော၏ သား ဦး တင်အောင်၊ ဇနီး ဒေါ် ခင်အေး တို့သည် ဒုချင်းဖြစ်မြေပိုင်ရှင် အဖြစ်သို့ ရောက်ရှိ လာကြသည်ဆိုခြင်းမှာ မှန်ပါသလား။

၃။ သက်သေခံ (က) စာချုပ်သည် ဟန်ဆောင် အရောင်းစာချုပ် ဖြစ်သောကြောင့် တရားလိုများသည် အချင်းဖြစ်မြေကို ပိုင်ဆိုင်ခွင့် မရနိုင်သဖြင့် လက်ရောက်မရထိုက်ဆိုသည်မှာ မှန်ပါသလား၊

၁၉၀၄

ဦးသိန်းမောင် ပ။(၃) နှင့် ဦးတင်အောင် ပ။(၄)

သို့မဟုတ်

သက်သေခံ (က) စာချုပ်သည် အရောင်းအဝယ် စာချုပ်အဖြစ် တည်ရှိချက်အရ တရားလိုများသည် အချင်းဖြစ်မြေကို လက်ရောက် ရထိုက်သည်ဆိုခြင်းမှာ မှန်ပါသလား။

၄။ တရားလိုစွဲဆိုသောအမှုသည် ကာလစည်းကမ်းသတ် ကျော်လွန်ပြီး ဖြစ်သည်ဆိုခြင်းမှာ မှန်ပါသလား။"

တိုင်းတရားရုံးက နှစ်ဘက်ကိုကြားနာပြီး ပဏာမငြင်းချက်များနှင့်စပ်လျဉ်း၍ ဦးတင်အောင်တို့အား အနိုင်ပေး ဖြေဆိုခဲ့သည်။

မဟိုတရားရုံး၊ တရားမ ပထမ အယူခံမှုအမှတ် ၃၆/၇၉ စီရင်ချက်တွင် အောက်ပါအတိုင်းဆုံးဖြတ်ထားသည် –

"၌အမှုတွင် အငြင်းမပွားသည့်အချက်မှာ အယူခံတရားပြိုင်ဦးသိန်းမောင်၊ ဦးမောင်ကလေးနှင့် ဒေါ်လှတင်တို့သည် အချင်းဖြစ်မြေကို အယူခံတရားလို ဦးတင်အောင်၏ဖခင် ဦးဘစောထံ ရောင်းချကြောင်း ၂–၅–၅၀ ရက်စွဲပါ သက်သေခံအမှတ် (က) မှတ်ပုံတင်အရောင်းစာချုပ်ကို ချုပ်ဆိုခဲ့သည်ဆိုသော အချက်ဖြစ်သည်။ သို့သော် ဦးသိန်းမောင်က အချင်းဖြစ်မြေကို ဒေါ်မေဆိုသူထံမှ ပြန်လည်ရွေးနုတ်လိုသဖြင့် ဦးဘစောထံမှ ငွေကျပ် ၂၀၀၀/–ချေးယူခဲ့ရာ ဦးဘစောက အချင်းဖြစ်မြေကို အပေါင် မခံနိုင်ကြောင်း၊ အရောင်းစာချုပ် ချုပ်ဆိုပေးမှသာငွေချေးနိုင်မည်ဖြစ်ကြောင်း ပြောဆိုသဖြင့်သက်သေခံ စာချုပ်ကို ဟန်ဆောင် ချုပ်ဆိုပေးခဲ့ရပါသည်ဟု ထွက်ဆိုသည်။ အယူခံ တရားပြိုင် ဦးမောင်ကလေးကမူ မြေကိုအမှန်တကယ်ရောင်းချခြင်း ဖြစ်ပါသည်ဟု ထွက်ဆိုသည်။ ဦးသိန်းမောင်တို့ အရောင်းစာချုပ်အဖြစ် ချုပ်ဆိုခဲ့ရသော စာချုပ်သည် အမှန်တကယ် အရောင်းစာချုပ် မဟုတ်သဖြင့် မိမိတို့အပေါ် အတည်မဖြစ်ကြောင်း သတ်မှတ်ထားသည့် စည်းကမ်းသတ်ကာလအတွင်း တရားစွဲဆိုခြင်းဖြင့် အရေးယူ ဆောင်ရွက်ခဲ့ကြောင်း မတွေ့ရချေ။ သို့ဖြစ်၍ သက်သေခံ(က) အရောင်းအဝယ်စာချုပ်မှာ အတည်ဖြစ်လျက်ရှိသည်ဟု ယူဆရပေမည်။

ဦးဘစောသည် ကွယ်လွန်သွားပြီးဖြစ်ရာ အမွေဆိုင်တစ်ဦးဖြစ်သူ ဒေါ်စက်ရီက အချင်းဖြစ်မြေတွင် သူ၏ရပိုင်ခွင့်ကို စွန့်လွှတ်ကြောင်း မှတ်ပုံတင်စာချုပ်

၁၉၀၄
ဦးသိန်းမောင်
ပါ(၃)
နှင့်
ဦးတင်အောင်
ပါ(၄)

ချုပ်ဆိုခဲ့သည့်အလျောက် ဦးဘစောဇ၏သားဖြစ်သူ ဦးတင်အောင်နှင့် ဇနီး ဒေါ်ခင်အေးတို့သည် အချင်းဖြစ်မြေ၏ ပိုင်ရှင်အဖြစ်သို့ ရောက်ရှိလာသည်ဟု ဆိုရပေမည်။''

သက်သေခံ (က) စာချုပ်မှာ ဟန်ဆောင် စာချုပ် မဟုတ်ကြောင်း ဗဟို တရားရုံးက အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အဆုံးအဖြတ်ပေးပြီးဖြစ်၍ ဟန်ဆောင်စာချုပ်ဖြစ်သည်ဟုအယူခံတရားလိုတို့၏ရှေ့နေတင်ပြလျှောက်ထား ချက်ကို လက်ခံရန်အကြောင်းမရှိချေ။

အယူခံတရားလိုတို့၏ ရှေ့နေက ၁၉၇၆ ခုနှစ် အတွင်း ဦး သိန်း မောင် နှောက်ထပ်အိမ်ငယ်တစ်လုံး ဆောက်လုပ်ရာမှ အငြင်းပွားကြပြီး အမှုစွဲဆို ခဲ့သည်ဆိုသော်လည်း အချင်းဖြစ်မြေကို သက်သေခံ (က) စာချုပ် အရ ၁၉၅၀ ခုနှစ် အတွင်းက ဝယ်ယူခဲ့ပါလျက် လက်ရောက်မရခဲ့ပဲ ရှိနေခဲ့ရာ စာချုပ် ချုပ်သည့်ရက်မှ ၁၂ နှစ်အတွင်း တရားမစွဲခဲ့သောကြောင့် ကာလ စည်းကမ်းသတ်ကျော်လွန်ကြောင်း တင်ပြလျှောက်ထားသည်။

တရားပြိုင်တစ်ဦး ဖြစ်သူ ဦးမောင်ကလေးက တရားလိုပြ သက်သေအဖြစ် အစစ်ခံရာတွင်''အဆိုပါမြေကို ဦးဘစောထံ ကျွန်တော်များဦးမောင်ကလေး၊ ဦးသိန်းမောင်၊ ဦးသန်းမောင်၊ ဒေါ်အေးကြည်တို့က ရောင်းခဲ့ခြင်းဖြစ်ပါ သည်။ × × ဝယ်သူမှာ ကျွန်တော့အစ်ကို ဦးဘစောဖြစ်၍ ကျွန်တော်က ဦးဘစောထံ ဆက်လက်ပြီး နေထိုင်ရန်ခွင့်တောင်း၍ခွင့်ပြုခြင်းကြောင့်ဆက်လက် နေထိုင်လာခဲ့ပါသည်။ × × ထိုအချိန်၌ ဦးသိန်းမောင်တို့ မအေးကြည် တို့သည် ဝိဇ္ဇာလက်ာရရှောင်းတိုက်၌ နေကြရာမှ ကျွန်တော့အစ်ကို ဦးဘ စောထံ ခွင့်ပန်၍ အစ်ကိုဦးဘစောက ခွင့်ပြုသောကြောင့် ကျွန်တော်နှင့်အတူ ဦးသိန်းမောင်၊ ဒေါ်အေးကြည်တို့လာရောက်နေထိုင်ပါသည်။ × × ဦးဘ စောသေဆုံးပြီးနောက် ဦးဘစောဇ၏သားဖြစ်သူ ဦးတင်အောင်ထံ ခွင့်ပန်ပြီး ခွင့်ပြုသောကြောင့် အခမဲ့နေထိုင်ခဲ့ကြပါသည်''ဟု ထွက်ဆိုသည်။

မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းသည် တရားလိုလက်တွင် ရှိနေသည့်အတွင်း လက်လွတ်ဖြစ်သွားသည့်အခါ သို့တည်းမဟုတ် လက်ရှိဖြစ်ခြင်းကို ဆက်လက်၍ မပြုသည့်အခါထိုပစ္စည်းကို လက်ရောက်ရလိုမှုကို လက်လွတ်ဖြစ်သည့်နေ့ရက် ကစ၍ သို့တည်းမဟုတ် လက်ရှိဖြစ်ခြင်းကို ဆက်လက်မပြုသည့်နေ့ရက်ကစ၍ ၁၂ နှစ်အတွင်း တရားစွဲဆိုရမည်ဟု ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမ ဇယားအမှတ်စဉ်၁၄ တွင် ပြဋ္ဌာန်းထားသည်။ဤအမှုတွင် ဦးမောင်ကလေး၏ ထွက်ဆိုချက်အရ ဦးသိန်းမောင်တို့သည် အချင်းဖြစ်မြေပေါ်တွင် ခွင့်ပြုချက် အရနေထိုင်လာခဲ့ကြောင်း ပေါ်ပေါက်သောကြောင့် ဦးတင်အောင်စွဲဆိုသော

အမှုမှာ အထက်ဖော်ပြပါ ပြဋ္ဌာန်းချက်တွင် အကျုံးဝင်သော အမှုမျိုးမဟုတ်ချေ။ ထို့အပြင် ခွင့်ပြုချက်အရ နေထိုင်သူသည် ပိုင်ရှင်အား ဆန့်ကျင်ပြီး မြေကိုလက်ရှိထားရာမရောက်သည့်အလျောက် တိုင်းတရားရုံးက ဦးတင်အောင်တို့စွဲဆိုသည့်အမှုမှာ ကာလစည်းကမ်းသတ်ကျော်လွန်ခြင်းမရှိဟု ဆုံးဖြတ်ခြင်းသည် မှားယွင်းသည်ဟု မဆိုနိုင်ပေ။

၁၉၀၄ ဦးသိန်းမောင် ပ၊၊(၃) နှင့် ဦးတင်အောင် ပ၊၊(၄)

ထို့ကြောင့် တိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို အတည်ပြုပြီး အယူခံကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။ ရှေ့နေခ ကျပ် ၁၀/—သတ်မှတ်သည်။

တရားမအထွေထွေအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးလှဘုန်း၊အဖွဲ့ဝင်များအဖြစ် ဦးခင်ဇာမုံနှင့် ဦးအေးမောင်တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၀၄ ဇူလိုင်လ ၂၇ ရက်

ဒေါ်အိ
နှင့်
မသောင်းကြည် ပါ(၂) *

တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်း ၂၉ အရ ဇာရီမှုဘား ဆိုင်းငံ့ရန်လျှောက်ထားချက်ကို ပလပ်သော အမိန့်အပေါ် အယူခံဝင်ခွင့်မရှိခြင်း။

ဆုံးဖြတ်ချက်။ ။ဇာရီမှုတစ်မှုကို တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်း ၂၉ အရ ဆိုင်းငံ့ထားပေးရန်လျှောက်ထားသောအခါ ထိုလျှောက်လွှာကို ပလပ်သောအမိန့်သည် တရားမကျင့်ထုံးဥပဒေပုဒ်မ ၂(၂)တွင် အဓိပ္ပာယ်ဖွင့်ဆိုသော ဒီကရီမဟုတ်ခဲ့။ ပုဒ်မ ၁၀၄(၁)နှင့် အမိန့် ၄၃၊ နည်း ၁ တွင် ဖော်ပြထားသော အယူခံဝင်ခွင့်ရှိသည့် အမိန့်မျိုးလည်း မဟုတ်ခဲ့။ သို့ဖြစ်၍ မြို့နယ်နှင့်တိုင်းတရားရုံးတို့၏အမိန့်များကို အယူခံဝင်ခွင့်မရှိခဲ့။

အယူခံတရားလိုအတွက် — ကိုယ်တိုင်

အယူခံတရားပြိုင်များအတွက်— ကိုယ်တိုင်

မန္တလေးအရှေ့တောင်မြို့နယ်တရားရုံး၊ တရားမဇာရီမှုအမှတ် ၆/၀၂ တွင် မသောင်းကြည်နှင့် မောင်ဝင်းမြင့်တို့က တရားနိုင်များ အဖြစ်ဖြင့် တရားရှုံး ဒေါ်အိအပေါ် အဆိုပါတရားရုံး၊ တရားမကြီးမှုအမှတ် ၁၅/၇၉ တွင် ရရှိထားသော နှင်လိုမှုဒီကရီကိုအတည်ပြုသည်။ ထို့နောက် ဒေါ်အိက သူတို့အပေါ် အဆိုပါတရားရုံး၊ တရားမကြီးမှုအမှတ် ၉/၀၃ တွင် အချင်းဖြစ်ဥပစာမှာ မိမိအမွေရရှိ၍ ပိုင်ဆိုင်သောမြေ ဖြစ်ကြောင်း မြွက်ဟကျေညာပေးရန် တရားစွဲဆိုပြီးနောက် ထိုအမှုမပြီးပြတ်မီအတွင်းတရားမဇာရီမှုအမှတ် ၆/၀၂ကို

---

* ၁၉၀၃ ခုနှစ်၊ တရားမ အထွေထွေအယူခံမှုအမှတ် ၂၅

† ၁၉၀၃ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၁၀၃တွင်ချမှတ်သော (၃၀-၉-၀၃) နေ့စွဲပါ မန္တလေးတိုင်းတရားရုံး၏ အမိန့်ကို အယူခံမှု။

၁၉၀၄
ဒေါ်အိ
နှင့်
မသောင်းကြည်
၀၊(၂)

တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်း ၂၉ အရ ဆိုင်းငံ့ပေးရန် လျှောက်ထားရာ မြို့နယ်တရားရုံးက လျှောက်လွှာကိုပလပ်လိုက်သည်။ ဒေါ်အိက မြို့နယ်တရားရုံး၏အမိန့်ကို မကျေနပ်သဖြင့် မန္တလေးတိုင်းတရားရုံးတွင် အယူခံဝင်သော်လည်း မအောင်မြင်သောကြောင့် ဗဟိုတရားရုံးတွင် ဤအယူခံကို တင်သွင်းသည်။

ဇာရီမူတစ်မှုကို တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်း ၂၉ အရ ဆိုင်းငံ့ထားပေးရန် လျှောက်ထားသောအခါ ထိုလျှောက်လွှာကို ပလပ်သောအမိန့်သည် တရားမကျင့်ထုံးဥပဒေပုဒ်မ ၂(၂)တွင် အဓိပ္ပါယ်ဖွင့်ဆိုသော ဒီကရီမဟုတ်ချေ။ ပုဒ်မ ၁၀၄(၁)နှင့် အမိန့် ၄၃၊ နည်း ၁ တွင်ဖော်ပြထားသော အယူခံဝင်ခွင့်ရှိသည့် အမိန့်မျိုးလည်းမဟုတ်ချေ။သို့ဖြစ်၍ မြို့နယ်နှင့်တိုင်းတရားရုံးတို့၏အမိန့်များတို့ အယူခံဝင်ခွင့် မရှိချေ။

ထို့ကြောင့် ဤအယူခံမှုကို ပလပ်လိုက်သည်။ စရိတ်မရှိ။

တရားမ ပထမ အယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးလှဘုန်း၊ အဖွဲ့ဝင်များအဖြစ် ဦးခင်ဇာမုံနှင့်ဦးအေးမောင် တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

†၁၉၇၄ ဩဂုတ်လ ၂၁ ရက်

ဦးအေးကျော်

နှင့်

မြို့နယ်တရားသူကြီးအဖွဲ့ (ကျောက်ပန်းတောင်း) *

တရားမကျင့်ထုံးဥပဒေအမိန့် ၁၊ နည်း ၈ — မြို့နယ်တရားသူကြီးအဖွဲ့က ဖြစ်စေ၊ မြို့နယ်တရားသူကြီးအဖွဲ့အပေါ် ဖြစ်စေ၊ တရားစွဲဆိုရာ၌ လိုက်နာရမည့် နည်းလမ်း။

ဆုံးဖြတ်ချက်။ ။ ပြည်သူ့တရားသူကြီးအဖွဲ့ဥပဒေတွင်ဖြစ်စေ၊ အခြားဥပဒေအရပ်ရပ်တွင်ဖြစ်စေ၊ မြို့နယ်တရားသူကြီးအဖွဲ့သည် တဦး တယောက်အပေါ် တရားမကြောင်းအရ တရားစွဲဆိုခွင့် ရှိကြောင်း၊ သို့တည်းမဟုတ် တဦးတယောက်က မြို့နယ်တရားသူကြီးအဖွဲ့အပေါ်စွဲဆိုသောအမှုတွင် ခုခံချေပခွင့်ရှိကြောင်း ပြဋ္ဌာန်းထားခြင်းမရှိသည်ကို တွေ့ရသည်။ သို့ဖြစ်ရာ မြို့နယ်တရားသူကြီးအဖွဲ့ဝင်များအပေါ် တရားတထုံးစွဲဆိုလိုလျှင် တရားမကျင့်ထုံးဥပဒေအမိန့် ၁၊ နည်း ၈ ပါ ပြဋ္ဌာန်းချက်များနှင့် ဒေသီ မြို့နယ်တရားသူကြီးအဖွဲ့ဝင်တစ်ဦးအပေါ်တွင် ဖြစ်စေ၊ တစ်ဦ.ထက်ပိုသူတို့အပေါ် ဖြစ်စေ၊ မြို့နယ်တရားသူကြီးအဖွဲ့အား ကိုယ်စားပြုသော အမှုပုံစံဖြင့် တရားစွဲဆိုရန် လိုအပ်ပေသည်။

အယူခံတရားလိုအတွက် — ဦးတင်မောင်၊ ဗဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင်အတွက် — ဦးဘလှ၊ ဥက္ကဋ္ဌ၊ မြို့နယ်တရားသူကြီးအဖွဲ့၊ (ကျောက်ပန်းတောင်း)

ကျောက်ပန်းတောင်း မြို့နယ်တရားရုံး၊ ၁၉၇၀ ခုနှစ်၊ ပြစ် မှု ဆိုင်ရာ အထွေထွေမှုအမှတ် ၄၆ တွင် ဦးစိန်(ခ)ဦးဖိမ် ဆိုသူအပေါ် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ အရေးယူသောအမှုဌ် မြို့နယ်တရားရုံးက

---

* ၁၉၀၂ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၆၀

† ၁၉၀၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၀၁ တွင် ချမှတ်သော (၈-၉-၀၂) နေ့စွဲပါ မန္တလေးတိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို အယူခံမှု။

၁၉၀၄ ဦးအေးကျော်နှင့် မြို့နယ်တရားသူကြီးအဖွဲ့ (ကျောက်ပန်းတောင်း)

ဦးစိန်ပိုင်သည်ဟု အဆိုရှိသော ကျောက်ပန်းတောင်းမြို့နယ် ဆည်ပေါင်းအုပ်စု ညောင်ကန်ကျေးရွာရှိ အချင်းဖြစ်အိမ်ကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၈၈ အရ ဝရမ်းကစ်ခဲ့သည်။ အယူခံတရားလို ဦးအေးကျော်က ယင်းအိမ်နှင့် ထိုအိမ်တည်ရာမြေမှာ မိမိပိုင်ဖြစ်သည်ဟုဆိုကာ ဝရမ်းခွာပေးရန် အဆိုပါ ဥပဒေပုဒ်မ ၈၈(၆-က) အရလျှောက်ထားရာ မအောင်မြင်သဖြင့် မန္တလေးတိုင်းတရားရုံး တရားမကြီးမှုအမှတ် ၁၀၁/၈၂ (ကျောက်ပန်းတောင်း)တွင် ဦးအေးကျော်က ကျောက်ပန်းတောင်းမြို့၊ မြို့နယ်တရားသူကြီးအဖွဲ့ အပေါ် အဆိုပါ ဥပဒေပုဒ်မ ၈၈(၆-က)အရ အချင်းဖြစ် အိမ်နှင့်မြေမှာ မိမိပိုင်ဖြစ်ကြောင်း မြွက်ဟကျေညာပေးစေရန်နှင့် ဝရမ်းခွာပေးစေရန် လျှောက်ထားခဲ့ဆိုရာ တိုင်းတရားရုံးက တရားမကျင့်ထုံးဥပဒေအမိန့် ၇၊နည်း ၁၁(ဃ) အရ ပလပ်လိုက်သဖြင့် ဦးအေးကျော်က ဗဟိုတရားရုံးတွင် ဤအယူခံကိုတင်သွင်းသည်။

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ အရေးယူ ဆောင်ရွက်သော အမှုတွင် တရားခံသည် ထွက်ပြေး တိမ်းရှောင်နေကြောင်း ပေါ်ပေါက်ပါက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၈၇ အရ ကြော်ငြာစာ ထုတ်ဆင့်ရသည်။ ယင်းကြော်ငြာစာကို ထုတ်ဆင့်သည့်နေ့မှ ရက် ၃၀ ထက်မနည်းသော ကာလအတွင်းတွင် တရားခံအား တရားရုံးသို့လာရောက်ရန် ယင်းကြော်ငြာစာတွင် ဖော်ပြရသည်။ အဆိုပါ ကြော်ငြာစာထုတ်ဆင့်သော တရားရုံးသည် တရားခံပြေးပိုင်သော ပစ္စည်းကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၈၈ အရ ဝရမ်းကပ်နိုင်သည်။ တရားခံပြေးသည် ပုဒ်မ ၈၇ အရ ထုတ်ဆင့်သောကြော်ငြာစာတွင် သတ်မှတ်ထားသော ကာလအတွင်း တရားရုံးသို့ လာရောက်ခြင်း မရှိပါက ဝရမ်းကပ်သောပစ္စည်းကို နိုင်ငံတော်က စီမံခန့်ခွဲနိုင်ကြောင်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၈၈(၇)တွင် ပြဋ္ဌာန်းထားသည်။ အဆိုလွှာနှင့် အတူပူးတွဲတင်ပြသော ဦးအေးကျော်ထံ လိပ်မူပေးပို့သည့် ကျောက်ပန်းတောင်းမြို့နယ်တရားသူကြီးအဖွဲ့၏ ၁၁-၂-၈၂ ရက်စွဲပါ စာအမှတ် ၁၀၂/၁၃-၃ တွင် အချင်းဖြစ်အိမ်ကို ၁၈-၁၁-၇၈ နေ့က ဝရမ်းကပ်ခဲ့ကြောင်း ဖော်ပြထားသည်။ တရားခံပြေး ဦးစိန်သည် သတ်မှတ်သည့် ရက်အတွင်း ကျောက်ပန်းတောင်းမြို့နယ်ဘရားရုံးသို့ လာရောက်ခဲ့ခြင်း မရှိသဖြင့် အိမ်နှင့် မြေမှာ အဆိုပါ ဥပဒေပုဒ်မ ၈၈(၇)အရ နိုင်ငံတော်ကစီမံခန့်ခွဲနိုင်သောပစ္စည်းများအဖြစ်သို့ ရောက်ရှိသွားသည်ဟု ဆိုရပေမည်။ ဤအခြေအနေတွင် အချင်းဖြစ်ပစ္စည်းများကို ပိုင်ဆိုင်သည်ဟု အဆိုရှိသော ဦးအေးကျော်သည် ယင်းပစ္စည်းများနှင့် စပ်လျဉ်း၍ အစိုးရအပေါ် တရားစွဲဆိုရန်ဖြစ်ပေသည်။

ပြည်သူ့တရားသူကြီးအဖွဲ့ ဥပဒေတွင်ဖြစ်စေ၊ အခြား ဥပဒေအရပ်ရပ်တွင် ဖြစ်စေ၊မြို့နယ်တရားသူကြီးအဖွဲ့သည် တဦးတယောက်အပေါ် တရားမကြောင်း

၁၉၇၄ ဦးအေးကျော်နှင့် မြိုနယ်တရားသူကြီးအဖွဲ့ (ကျောက်ပန်းတောင်း)

အရ တရားစွဲဆိုခွင့်ရှိကြောင်း၊ သို့တည်းမဟုတ် တဦးတယောက်က မြို့နယ်တရားသူကြီးအဖွဲ့အပေါ် စွဲဆိုသောအမှုတွင် ခုခံချေပခွင့်ရှိခြင်း ပြဋ္ဌာန်းထားခြင်းမရှိသည်ကိုတွေ့ရသည်။ သို့ဖြစ်ရာ မြို့နယ်တရားသူကြီးအဖွဲ့ဝင်များအပေါ် တရားတထုံးစွဲဆိုလိုလျှင် တရားမကျင့်ထုံးဥပဒေအမိန့် ၁၊နည်း ၈ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြို့နယ်တရားသူကြီးအဖွဲ့ဝင်တစ်ဦးအပေါ်တွင်ဖြစ်စေ၊ တစ်ဦးထက် ပိုသူတို့အပေါ်ဖြစ်စေ၊ မြို့နယ်တရားသူကြီးအဖွဲ့အား ကိုယ်စားပြုသော အမှုပုံစံဖြင့် တရားစွဲဆိုရန် လိုအပ်ပေသည်။ ဦးအေးကျော်သည် ကျောက်ပန်းတောင်း မြို့နယ်တရားသူကြီးအဖွဲ့ဝင်များအပေါ် ထိုပြဋ္ဌာန်းချက်များနှင့်အညီ စွဲဆိုထားခြင်းမရှိကြောင်း တွေ့ရသည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့် တိုင်းတရားရုံးက အယူခံတရားလို၏အမှုကို ပလပ်လိုက်ခြင်းမှာ မှားယွင်းသည်ဟု မဆိုနိုင်သဖြင့် အယူခံကို ပလပ်လိုက်သည်။ ၎င်အယူခံတွင် ကုန်ကျသောစရိတ်များကို နှစ်ဘက်အမှုသည်များက မိမိတို့ကိုယ်တိုင်ကျခံကြစေ။

တရားမပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးမြကျော်၊ အဖွဲဝင်များအဖြစ် ဦးသန့်စင်နှင့် ဦးတင်အုန်း တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

ဒေါ်အေးစိန် ပါ(၂)
နှင့်
ဒေါ်သန်းသန်းနု *

†၁၉၇၄
ဖူလိုင်လ
၁၃ ရက်

ပဏာမငြင်းချက် – ကာလစည်းကမ်းသတ်နှင့်စပ်လျဉ်း၍ အကြောင်းခြင်းရာအပေါ် အငြင်းပွားနေလျှင် ယင်းအချက်ကို ပဏာမ ငြင်းချက်တွင် အဆုံးအဖြတ်ပြုရန်မဟုတ်ခြင်း။

ဆုံးဖြတ်ချက်။ ။ အဆိုလွှာအပိုဒ် ၈ တွင် "၁၉၈၀ ပြည့်နှစ်၊ စက်တင်ဘာလတွင်တောင်းဆိုသောအခါ မပေးပဲနေသည်" ဟု ဖော်ပြထားသော်လည်း ချေလွှာအပိုဒ် ၅ တွင် "ပြန်လည်အလိုရှိ၍ တောင်းခံခဲ့သော အချိန်သည် ၁၉၈၀ ပြည့်နှစ် ဇွန်လဖြစ်ကြောင်း ပေါ်လွင်နေပါသည်" ဟု ငြင်းဆိုထားသဖြင့် အဆိုအချေများအရ အကြောင်းခြင်းရာနှင့် စပ်လျဉ်း၍ အငြင်းပွားချက်ရှိနေသောကြောင့် အမှုစွဲဆိုရန် စည်းကမ်းသတ်ကာလကျော်လွန်ခြင်းရှိမရှိ ပြဿနာကို ပဏာမငြင်းချက်အဖြစ် သတ်မှတ်ရန်မဖြစ်နိုင်ပေ။

လျှောက်ထားသူများအတွက် – ဦးလှတင်၊ ဗဟိုတရားရုံးရှေ့နေ

လျှောက်ထားခံရသူအတွက် – ဦးသန်းမောင်၊ ဗဟိုတရားရုံးရှေ့နေ

ရန်ကုန်တိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၁၈၈/၈၃ (မရမ်းကုန်း) တွင် "တရားလိုသည် ယခုအမှုကိုစွဲဆိုရန်အတွက် ကာလစည်းကမ်းသတ် ကာလကျော်လွန်နေသည်ဆိုခြင်းမှာ မှန်ပါသလား" ဟု ပဏာမ ငြင်းချက်နှင့် စပ်လျဉ်း၍ ကာလစည်းကမ်းသတ် မကျော်လွန်ကြောင်းဖြင့် တရားလိုဘက် အသာပေး ဖြေဆိုခဲ့သည့်အပြင် ဒေါ်မြင့်မြင့်ဝင်းအား တရားပြိုင်များ၏

---

* ၁၉၈၃ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၁၇၆

† ၁၉၈၃ ခုနှစ်၊တရားမကြီးမှုအမှတ် ၁၈၈ (မရမ်းကုန်း) တွင် ချမှတ်သော (၂၁-၁၁-၈၃) နေ့စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၁၉၇၄ ဒေါ်အေးစိန် ပါ(၂) နှင့် ဒေါ်သန်းသန်းမှ

ကိုယ်စားလှယ်အဖြစ်ထားရှိရန် တရားပြိုင် ဒေါ်အေးစိန်တို့၏ လျှောက်ထား ချက်နှင့် စပ်လျဉ်း၍လည်း ''တရားပြိုင်များက အမှုတွင် စွဲဆိုထားသော ငွေအရေးအတွက်နှင့် တရားစရိတ်များကို အာမခံအဖြစ် တင်သွင်းပါက ဒေါ်မြင့်မြင့်ဝင်းအား တရားဝင်ကိုယ်စားလှယ်အဖြစ် ခွင့်ပြုကြောင်း'' အမိန့် ချမှတ်ခဲ့သည်။ ယင်းအမိန့်များကို တရားပြိုင် ဒေါ်အေးစိန်က မကျေနပ်၍ ဗဟိုတရားရုံး၌ ဤပြင်ဆင်မှုကို တင်သွင်းသည်။

အမှုမှာ လျှောက်ထားခံရသူ ဒေါ်သန်းသန်းနှက လျှောက်ထားသူ ဒေါ်အေးစိန် ပါ(၂)ဦးအပေါ် ယုံကြည်အပ်နှံထားသော ရွှေလက်ကောက် (၆)ကွင်း အတွက် သင့်ငွေ ၁၈၉၀၀/–ကျပ်နှင့် အပ်ထားသော ငွေ ၇၂၀၀/–ကျပ် ပြန်လည်ရလိုမှုစွဲဆိုခြင်းဖြစ်ရာ ကာလစည်းကမ်းသတ် အက် ဥပဒေ ပထမဇယား အမှတ်စဉ် ၄၉ တွင် အကျုံးဝင်သဖြင့် ပစ္စည်းကိုမတရား သဖြင့် ရယူသည့်အခါ သို့မဟုတ် ပစ္စည်းကို မတရားသဖြင့် ထိခိုက်နစ်နာစေ သည့်အခါ သို့မဟုတ် ပစ္စည်းလက်ဝယ်ထားသူ၏ ဝိုင်ဆိုင်မှုမှာ ဥပဒေနှင့် ဆန့်ကျင်လာသောအခါကစ၍ ၃ နှစ်အတွင်း စွဲဆိုရန်ဖြစ်သည်။ ယုံကြည် အပ်နှံထားသည့် ပစ္စည်းကို တရားလိုက ပြန်တောင်းသည်တွင် တရားပြိုင်က ပြန်လည်ပေးအပ်ရန် ငြင်းဆိုသည့် အချိန်မှစ၍ တရားပြိုင်သည် ထိုပစ္စည်းကို မတရားလက်ဝယ်ထားခြင်းဖြစ်သည်ဟု ကောက်ယူရမည်ဖြစ်ပေသည်။

အဆိုလွှာအပိုဒ် ၈ တွင် ''၁၉၈၀ ပြည့်နှစ်၊ စက်တင်ဘာလတွင်တောင်း ဆိုသောအခါ မပေးပဲနေသည်'' ဟုဖော်ပြထားသော်လည်း ချေလွှာအပိုဒ် ၅ တွင် ''ပြန်လည်အလိုရှိ၍ တောင်းခံခဲ့သော အချိန်သည် ၁၉၈၀ ပြည့်နှစ် ဇွန်လဖြစ်ကြောင်း ပေါ်လွင်နေပါသည်'' ဟု ငြင်းဆိုထားသဖြင့် အဆိုအချေ များအရ အကြောင်းခြင်းရာနှင့်စပ်လျဉ်း၍ အငြင်းပွားချက်ရှိနေသောကြောင့် အမှုစွဲဆိုရန် စည်းကမ်းသတ်ကာလ ကျော်လွန်ခြင်း ရှိမရှိ ပြဿနာကိုပဏာမ ငြင်းချက်အဖြစ် သတ်မှတ်ရန် မဖြစ်နိုင်ပေ။

တရားမကျင့်ထုံး အမိန့် ၃၊ နည်း ၁ နှင့် ၂ ပါ ပြဋ္ဌာန်းချက်များအရ အခွင့်ရ ကိုယ်စားလှယ်သည် သက်ဆိုင်ရာ အမှုသည်များကိုယ်စား အမှုတွင် ပါဝင်ဆောင်ရွက်ခွင့်ရှိလေရာ ဒေါ်မြင့်မြင့်ဝင်းသည် တရားပြိုင် ဒေါ်အေးစိန် တို့၏ အထွေထွေကိုယ်စားလှယ်လွှဲစာ ရပြီးသူ တစ်ဦးဖြစ်၍ တရားပြိုင်များ ကိုယ်စား အမှုတွင် ပါဝင်ဆောင်ရွက်ခွင့်ရှိသူဖြစ်ကြောင်းတွေ့ရသည်။ ထိုသို့ တရားပြိုင်များကိုယ်စား ဆောင်ရွက်နိုင်ရန်အတွက် အာမခံတင်သွင်းရန် ဥပဒေ ပြဋ္ဌာန်းချက် တစုံတရာမရှိချေ။

၁၉၀၄
ဒေါ်အေးစိန်
ဝါ(၂)
နှင့်
ဒေါ်သန်းသန်း
ဦး

ထို့ကြောင့် ဤပြင်ဆင်မှုကို ခွင့်ပြု၍ တိုင်းတရားရုံး၏ အမိန့်များကို ပယ်ဖျက်လိုက်သည်။ အမှုစွဲဆိုရန် ကာလစည်းကမ်းသတ် ကျော်လွန်ခြင်း ရှိမရှိနှင့် စဝ်လျဉ်းသည့် ငြင်းချက်ကို တိုင်းတရားရုံးက အခြားငြင်းချက်များနှင့်အတူ သက်သေများစစ်ဆေးပြီးမှ ဖြေဆိုရန် ညွှန်ကြားလိုက်သည်။ ဒေါ်မြင့်မြင့်ဝင်းအား တရားပြိုင်များ၏ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခွင့်ပြုသည့် အမိန့်ကို အတည်ပြုပြီး အာမခံတင်သွင်းရေးနှင့် စဝ်လျဉ်းသည့်အမိန့်ကို ပယ်ဖျက်လိုက်သည်။ ဤပြင်ဆင်မှုတွင်ကုန်ကျစရိတ်များကို လျော်ကြားခံရသူက ကျခံရမည်။

ရှေ့နေခကျပ် ၅၀/–ဟု သတ်မှတ်သည်။

၂၁၆

တရားမ ပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ်ဦးလှဘုန်း၊ အဖွဲ့ဝင်များအဖြစ် ဦးခင်ဇာမုံနှင့် ဦးအေးမောင် တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးအေးမောင်
နှင့်
ဒေါ်ကြည် *

†၁၉၇၄
လူလိုင်လ
၂၇ ရက်

နို့တစ်စာတွင် ရက်စွဲမပါရုံမျှဖြင့် ယင်းနို့တစ်စာမှာ တရားမဝင်ဟု မဆိုနိုင်ခြင်း—ဇာရီယူတွင် အယူသည်တစ်ဦးက မိမိ၏အခွင့်အရေးကို အကြောင်းပြု၍ ကန့်ကွက်ခဲ့ရာ ထိုကန့်ကွက်ချက်ကို ပြန်လည်ရုပ်သိမ်းခြင်းသည် တရားမကျင့်ထုံး ဥပဒေအမိန့် ၂၃၊ နည်း ၁ (၃) အရ တရားတထုံးစွဲဆိုခြင်းကို ဖိတ်ပင်ရာမရောက်ခြင်း။

ဆုံးဖြတ်ချက်။ ။ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၁၀၆ အရ အငှားချထားမှုရပ်စဲကြောင်း အကြောင်းကြားစာတွင် ရက်စွဲ ပါရှိရမည်ဟု ပြဋ္ဌာန်းထားခြင်းမရှိချေ။ နို့တစ်စာတစ်ရပ် တရားဝင် မဝင်ဆိုသည့်အချက်မှာ အိမ်ငှားသည် ငှားရမ်းခြင်းမကုန်ဆုံးမီ ၁၅ ရက် တင်ကြို၍ အကြောင်းကြားစာရ မရ၊ ငှားရမ်းခြင်းရပ်စဲသည့်နေ့သည် သက်ဆိုင်ရာအငှားလ၏ နောက်ဆုံးရက်နှင့် ကိုက် မကိုက်ဆိုသောအချက်အပေါ်တွင် တည်ပေသည်။ သို့ဖြစ်၍ အချင်းဖြစ်နို့တစ်စာကို ရက်စွဲတပ်မထားရုံမျှဖြင့် တရားမဝင်ဟု မဆိုနိုင်ချေ။

ထပ်မံဆုံးဖြတ်ချက်။ ။အမှုသစ် စွဲဆိုခွင့်ပြုရန် တရားရုံး၏ ခွင့်ပြုချက် မရဘဲ တရားမမှု တစ်မှုကို ရုပ်သိမ်းခဲ့လျှင် ထိုအမှုဌ ပေါ်ပေါက်ခဲ့သော အချင်းဖြစ်အကြောင်းခြင်းရာနှင့်စပ်လျဉ်း၍ တရားတထုံးထပ်မံစွဲဆိုခြင်းမပြုရဟု တရားမကျင့်ထုံး ဥပဒေအမိန့် ၂၃၊ နည်း ၁(၃) တွင် ဝိတ်ပင်ထားသည်။ ဒေါ်ကြည်သည် ကျောက်ဆည်မြို့နယ်တရားရုံး၊ တရားမဇာရီမှုအမှတ် ၇/၁၀ တွင် ဦးအေးမောင်အပေါ် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁) (ဂ)အရ တရားစွဲဆိုခြင်း မဟုတ်ကြောင်း

---

* ၁၉၇၃ ခုနှစ်၊ တရားမ ပြင်ဆင်မှုအမှတ် ၆၈

† ၁၉၇၃ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၃၆ တွင်ချမှတ်သော (၁၉-၈-၇၃) နေ့စွဲပါမန္တလေးတိုင်းတရားရုံး၏ အမိန့်ကိုပြင်ဆင်မှု။

၁၉၀၄
ဦးအေးမောင်
နှင့်
ဒေါ်ကြည်

အထက်တွင် ရှင်းပြခဲ့ပြီးဖြစ်သည်။ ထို့အပြင် အဆိုပါအမှုမှာ တရားမကြီးမှု မဟုတ်ပဲ ဇာရီမှုသာဖြစ်ပေရာ တရားမကြီးမှုများနှင့် သက်ဆိုင်သော တရားမ ကျင့်ထုံးဥပဒေအမိန့် ၂၃၊နည်း ၁ ပါ ပြဋ္ဌာန်းချက်များသည် အဆိုပါဇာရီမှုဒဏ်ငွေ ဒေါ်ကြည်၏ ကန့်ကွက်ချက်ကို ပြန်လည်ရုပ်သိမ်းခြင်းနှင့် မသက်ဆိုင်ချေ။ သို့ဖြစ်၍ ဒေါ်ကြည်သည် ယခင်ဇာရီမှုဒဏ်ငွေ ကန့်ကွက်ချက်ကို တရားရုံး၏ ခွင့်ပြုချက်မရပဲ ရုပ်သိမ်းခဲ့သည့်တိုင်အောင် ဤအမှုတွင် ဒေါ်ကြည်က ဦးအေးမောင် အပေါ် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(ဂ)အရ တရားစွဲဆိုခြင်းကို တရားမကျင့်ထုံး ဥပဒေအမိန့် ၂၃၊ နည်း ၁ ပါ ပြဋ္ဌာန်းချက်များက ဝိတ်ပင်ခြင်းမပြုဟု အောက်ရုံးများက ကောက် ယူဆုံးဖြတ်ခြင်းသည် မှားယွင်းသည်ဟု မဆိုနိုင်ပေ။

လျှောက်ထားသူအတွက် — ဒေါ်သန်းသန်း၊ ဗဟိုတရားရုံးရှေ့နေ

လျှောက်ထားခံရသူအတွက် — ဦးကျော်မြိုင်၊ ဗဟိုတရားရုံးရှေ့နေ

ကျောက်ဆည်မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၂/၀၃ တွင် လျှောက်ထားသူ ဦးအေးမောင်အပေါ် လျှောက်ထားခံရသူ ဒေါ်ကြည်က ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂(၁)(က) နှင့် (ဂ) တို့အရ နှင်လိုမှုစွဲဆိုရာတွင် မြို့နယ်တရားရုံးက ပဏာမငြင်းချက်နှစ်ရပ်ကို တရားလိုဘက် အသာပေးဖြေဆိုကာ အမှုကို ဆက်လက်စစ်ဆေးရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို ဦးအေးမောင်က မကျေနပ်၍ မန္တလေးတိုင်း တရားရုံး၌ ပြင်ဆင်မှုတင်သွင်းရာ မအောင်မြင်သောကြောင့် ဗဟိုတရားရုံး၌ ဤပြင်ဆင်မှုကို တင်သွင်းသည်။

မြို့နယ်တရားရုံးက ထုတ်နုတ်ကြားနာခဲ့သော ပဏာမ ငြင်းချက်နှစ်ရပ်မှာ အောက်ပါအတိုင်းဖြစ်သည် —

၁။ တရားလိုပေးသော နို့တစ်စာတွင် နေ့စွဲလုံးဝပါရှိခြင်းမရှိသဖြင့် တရားမဝင်ဆိုခြင်း မှန်သလား။

၂။ ဇာရီမှုအမှတ် ၇/၀၀ တွင် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၂(၁)(ဂ) အရ လျှောက်ထားရာ ရုံးတော်မှ ၂၇-၉-၀၂ နေ့တွင် နောက်ထပ်တရားစွဲဆိုခွင့်နှင့်အတူ ပြန်လည် ရုပ်သိမ်းခွင့်ပြုခဲ့၍ တရားလိုတွင် သီးခြား တရားတထုံး စွဲဆိုပိုင် ခွင့်ရှိသည်ဆိုခြင်း မှန်သလား။

၁၉၈၄
ဦးအေးမောင်
နှင့်
ဒေါ်ကြည်

ပစ္စည်းလွဲပြောင်းရေး အက်ဥပဒေပုဒ်မ ၁၀၆ အရ အင်္ဂါးချထားမှုရပ်စဲ ကြောင်းအကြောင်းကြားစာတွင် ရက်စွဲပါရှိရမည်ဟု ပြဋ္ဌာန်းထားခြင်းမရှိချေ၊ နို့တစ်စာတစ်ရပ် တရားဝင်မဝင်ဆိုသည့်အချက်မှာ အိမ်ငှားသည် ငှားရမ်းခြင်းမကုန်ဆုံးမီ ၁၅ ရက်တင်ကြို၍ အကြောင်းကြားစာရ မရ၊ ငှားရမ်းခြင်း ရပ်စဲသည့်နေ့သည် သက်ဆိုင်ရာအင်္ဂါးလ၏ နောက်ဆုံးရက်နှင့်ကိုက် မကိုက် ဆိုသောအချက်အပေါ်တွင် တည်ပေသည်၊ သို့ဖြစ်၍ အချင်းဖြစ်နို့တစ်စာကို ရက်စွဲတပ်မထားရုံမျှဖြင့် တရားမဝင်ဟု မဆိုနိုင်ချေ။

ကျောက်ဆည်မြို့နယ် တရားရုံး၊ တရားမ ဇာရီမှုအမှတ် ၇/၈၀ တွင် ဒေါ်ကြည်က ဦးအေးမောင်အပေါ် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂(၁)(က) (ပထမပိုင်း) အရ ရရှိထားသည့် ဒီကရီကို အတည်ပြုသောအခါ တရားရုံးဘက်မှ အိမ်လခကြေးများ ပေးရန် ကမ်းလှမ်းပြီး အဆိုပါဒီကရီကို ပယ်ဖျက်ပေးရန် အဆိုပါ ဥပဒေပုဒ်မ ၁၅ (၁) အရ လျှောက်ထားခဲ့သည်။ ထိုအခါ တရားနိုင်ဒေါ်ကြည်က အိမ်ငှား၏ တပည့်ဖြစ်သူ မောင်ခင်မောင်မြင့်သည် အချင်းဖြစ်အိမ်ခန်း၌ ခိုးရာပါပစ္စည်း များလက်ခံမှုဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်း ခံရသောကြောင့် အိမ်ငှားအား ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂(၁)(ဂ) အရ နှင်ထုတ်ခွင့်ရှိသဖြင့် တရားရုံး၏ လျှောက်ထားချက်ကို ခွင့်မပြုသင့် ကြောင်းကန့်ကွက်ခဲ့သည်၊ ထို့နောက် ထိုကန့်ကွက်လွှာကို ရုပ်သိမ်းခဲ့သည်။ သို့ဖြစ်၍အိမ်ရှင်ဒေါ်ကြည်သည် အိမ်ငှားဦးအေးမောင်အပေါ် ၁၉၆၀ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(ဂ) အရ နှင်ထုတ်ပေးရန် ထိုဇာရီမှုတွင် စွဲဆိုခဲ့ခြင်းမဟုတ်ပဲ တရားရုံးက ပုဒ်မ ၁၅(၁) အရ လျှောက်ထားချက်ကို ခွင့်မပြုသင့်ကြောင်း အကြောင်းပြချက်တစ်ရပ်ရပ် ဖြင့်သာ ခုခံကာကွယ်တင်ပြခဲ့ခြင်းဖြစ်ကြောင်း ပေါ်ပေါက်ပေသည်။

အမှုသစ်စွဲဆိုခွင့်ပြုရန် တရားရုံး၏ခွင့်ပြုချက်မရပဲ တရားမမှုတစ်မှုကိုရုပ်သိမ်း ခဲ့လျှင် ထိုအမှု၌ ပေါ်ပေါက်ခဲ့သော အချင်းဖြစ် အကြောင်းခြင်းရာနှင့် စပ်လျဉ်း၍ တရားတထုံး ထပ်မံစွဲဆိုခြင်းမပြုရဟု တရားမကျင့်ထုံးဥပဒေအမိန့် ၂၃၊ နည်း ၁(၃)တွင် ဝိတ်ပင်ထားသည်။ ဒေါ်ကြည်သည် ကျောက်ဆည် မြို့နယ်တရားရုံး၊ တရားမဇာရီမှုအမှတ် ၇/၈၀ တွင် ဦးအေးမောင် အပေါ် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(ဂ) အရ တရားစွဲဆိုခြင်းမဟုတ်ကြောင်း အထက်တွင် ရှင်းပြခဲ့ပြီးဖြစ်သည်။ ထို့အပြင် အဆိုပါအမှုမှာ တရားမကြီးမှုမဟုတ်ပဲ ဇာရီမှုသာ ဖြစ်ပေရာ တရားမကြီးမှုများနှင့် သက်ဆိုင်သောတရားမကျင့်ထုံး ဥပဒေအမိန့် ၂၃၊ နည်း ၁ ပါပြဋ္ဌာန်းချက်များသည် အဆိုပါ ဇာရီမှု၌ ဒေါ်ကြည်၏ ကန့်ကွက်ချက်ကို

၁၉၀၄
ဦးအေးမောင်နှင့် ဒေါ်ကြည်

ပြန်လည်ရုပ်သိမ်းခြင်းနှင့် မသက်ဆိုင်ချေ။ သို့ဖြစ်၍ ဒေါ်ကြည်သည် ယခင် ဇာရီမှုဋ္ဌ ကန့်ကွက် ချက် ကို တရား ရုံး၏ ခွင့်ပြုချက်မရဲ ရုပ်သိမ်းခဲ့သည့် တိုင်အောင် ဤအမှုတွင် ဒေါ်ကြည်က ဦးအေးမောင်အပေါ် ၁၉၆၀ပြည့်နှစ် မြေပြဆိုင်ရာဌာနရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂(၁)(ဂ)အရ တရား စွဲဆိုခြင်းကို တရားမကျင့်ထုံးဥပဒေအမိန့် ၂၃၊ နည်း ၁ ပါပြဋ္ဌာန်းချက်များက ပိတ်ပင်ခြင်းမပြုဟု အောက်ရုံးများက ကောက်ယူဆုံးဖြတ်ခြင်းသည် မှားယွင်း သည်ဟု မဆိုနိုင်ပေ။

ထို့ကြောင့် ဤပြင်ဆင်မှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေခကို ကျပ် ၅၀/–ဟု သတ်မှတ်သည်။

တရားမ အထွေထွေ အယူခံမှု

ဥက္ကဋ္ဌအဖြစ်ဦးခင်ဇာမုံ၊ အဖွဲဝင်များအဖြစ်ဦးလှဘုန်းနှင့် ဦးအေးမောင် တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ချေ့တွင်

ဦးအောင်သန်း
နှင့်
ဒေါ်ကြည်ကြည်စန်း *

†၁၉၈၄ စက်တင်ဘာ ၁၇ ရက်

အဆိုလွှာကိုလက်ခံကြောင်း ချမှတ်သော အမိန့်သည် ဒီကရီမဟုတ်ခြင်း-ထို့ပြင် အယူခံဝင်ခွင့်ရှိသော အမိန့်လည်းမဟုတ်ခြင်း။

ဆုံးဖြတ်ချက်။ ။အဆိုလွှာကို လက်ခံရန် ဆုံးဖြတ်သော မြို့နယ်တရားရုံး၏အမိန့်သည် တရားမကျင့်ထုံးဥပဒေပုဒ်မ ၂ (၂) တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသော ဒီကရီမဟုတ်ချေ။ ပုဒ်မ ၁၀၄(၁)နှင့် အမိန့် ၄၃၊နည်း ၁ တွင် အကျုံးဝင်သော အယူခံဝင်ခွင့်ရှိသည့် အမိန့်လည်း မဟုတ်ချေ။ သို့ဖြစ်ရာ မြို့နယ်တရားရုံးက ချမှတ်သည့်အမိန့်ကို ရန်ကုန်တိုင်းတရားရုံးသို့ အယူခံဝင်ရောက်ခြင်းမှာ ဥပဒေနှင့်မညီညွတ်သဖြင့် တိုင်းတရားရုံးက အယူခံကိုပလပ်လိုက်ခြင်းမှာ မှန်ကန်ပေသည်။

အယူခံတရားလိုအတွက် – ဦးမောင်မောင် (သထုံ)၊ဗဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင်အတွက်– ဦးကျား၊ ဗဟိုတရားရုံးရှေ့နေ

အင်းစိန်မြို့နယ်တရားရုံး တရားမဇာရီမှုအမှတ် ၆/၇၆တွင် အယူခံတရားလို ဦးအောင်သန်းက ဒေါ်စိန်ရွှေအပေါ် ယခင် ရန်ကုန်မြို့တော် တရားမရုံး တရားမကြီးမှုအမှတ် ခ-၁၂၅/၆၄ တွင် ရရှိထားသော မြေမှန်ငိုမှုဒီကရီကို အတည်ပြုသည်။ အမှုအတောအတွင်း ဒေါ်စိန်ရွှေကွယ်လွန်သွားသောကြောင့် ဒီကရိကို သူ၏ သမီး ဖြစ် သူ ဒေါ်ချစ်ချစ် (ခေါ်) ဒေါ်ကြည်ကြည်စန်းနှင့် ဦးအော်စမန် တို့အပေါ် အတည်ပြုသည်။ နောက်ပိုင်းတွင် ဦးအော်စမန် ကွယ်လွန်သွားသည်။

---

* ၁၉၈၄ ခုနှစ်၊ တရားမအထွေထွေ အယူခံမှုအမှတ် ၅၁

† ၁၉၈၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၆၇ တွင် ချမှတ်သော (၂၈-၁၂-၈၃) နေ့စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ အမိန့်ကို အယူခံမှု။

၁၉၀၄
ဦးအောင်သန်းနှင့် ဒေါ်ကြည်ကြည်စန်း

ဒီကရီ အတည်ပြုဆဲတွင် ဒေါ်ကြည်ကြည်စန်းက ဦးအောင်သန်းအပေါ် အင်းစိန်မြို့နယ်တရားရုံး တရားမကြီးမှုအမှတ် ၆၇/၀၃ တွင် ဦးအောင်သန်း ရခဲ့သောဒီကရီမှာ ပျက်ပြယ်ကြောင်း မြွက်ဟ ကြေငြာပေးစေရန်နှင့် အခြားသက်သာခွင့်များရလိုကြောင်းတရားစွဲဆိုသည်။ မြို့နယ်တရားရုံးက ၂၀-၁၂-၀၃ ရက်စွဲပါအမိန့်အရ အဆိုလွှာကိုလက်ခံကြောင်း အမိန့်ချမှတ်သဖြင့် ဦးအောင်သန်းက ထိုအမိန့်ကို မကျေနပ်၍ ရန်ကုန်တိုင်း တရားရုံးတွင် အယူခံဝင်ရာ မအောင်မြင်သောကြောင့် ဗဟိုတရားရုံးတွင် ၎အယူခံကို ဆက်လက်တင်သွင်းသည်။

အဆိုလွှာကိုလက်ခံရန်ဆုံးဖြတ်သော မြို့နယ်တရားရုံး၏အမိန့်သည် တရားမကျင့်ထုံးဥပဒေပုဒ်မ ၂(၂) တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသော ဒီကရီမဟုတ်ချေ။ ပုဒ်မ ၁၀၄(၁) နှင့် အမိန့် ၄၃၊ နည်း ၁ တွင် အကျုံးဝင်သော အယူခံဝင်ခွင့်ရှိသည့် အမိန့်လည်း မဟုတ်ချေ။ သို့ဖြစ်ရာ မြို့နယ်တရားရုံးက ချမှတ်သည့် အမိန့်ကို ရန်ကုန်တိုင်း တရားရုံးသို့ အယူခံ ဝင်ရောက်ခြင်းမှာ ဥပဒေနှင့်မညီညွတ်သဖြင့် တိုင်းတရားရုံးကအယူခံကိုပလပ်လိုက်ခြင်းမှာ မှန်ကန်ပေသည်။

အယူခံတရားလို၏ရှေ့နေက ဗဟိုတရားရုံးတွင် တင်သွင်းသည့် ၎အယူခံကို ပြင်ဆင်မှုအဖြစ် ပြောင်းလဲဆုံးဖြတ်ပေးရန် တင်ပြလျောက်ထားသည်။ တိုင်းတရားရုံး၏ဆုံးဖြတ်ချက်မှာ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း မှန်ကန်သည်ဖြစ်၍ ဦးအောင်သန်း၏အယူခံကို ပြင်ဆင်မှုအဖြစ် သို့ ပြောင်းလဲခြင်းဖြင့် အကြောင်းထူးမည်မဟုတ်ချေ။

ထို့ကြောင့် ၎အယူခံကို ပလပ်လိုက်သည်။ စရိတ်မရှိ။

တရားမ ပထမ အယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးလှဘုန်း၊ အဖွဲ့ဝင်များအဖြစ် ဦးမြကျော်နှင့် ဦးတင်အုန်း တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

†၁၉၀၄
ဇူလိုင်လ
၁၃ရက်

အိုင် အမ် ဒီ ဘာ ဂီ ယား

နှင့်

၁။ ဥက္ကဋ္ဌ၊ အမှတ် (၁) ရပ်ကွက် စားသုံးသူသမဝါယမအသင်း၊ ပန်းဘဲတန်းမြို့နယ်

၂။ ဥက္ကဋ္ဌ၊ အမှတ် (၁) ရပ်ကွက်ပြည်သူ့ကောင်စီ *

၁၉၇၀ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ သမဝါယမအသင်း ဥပဒေ ပုဒ်မ ၃၀ (၂) (၅)—သမဝါယမအသင်းများသည် တရားစွဲဆိုနိုင်ခွင့်ရှိသည်ဖြင့် ခုံချေပနိုင်ခွင့်လည်းရှိခြင်း—သမဝါယမအသင်းနှင့် ပတ်သက်သောကိစ္စများတွင် အသင်းအပေါ် စွဲဆိုခြင်း မပြုကာ အောင်မြင်မှုမရရှိနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။၁၉၇၀ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ သမဝါယမအသင်းဥပဒေပုဒ်မ ၃၀(၂) (၅) အရ သမဝါယမအသင်းများသည် တရားစွဲဆိုနိုင်ခွင့်ရှိသည်ဖြင့် ခုံချေပနိုင်ခွင့်လည်းရှိသည်။ သို့ဖြစ်ရာ ပန်းဘဲတန်းမြို့နယ် အမှတ် (၁) ရပ်ကွက်အသင်းအား ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၃ (၁) အရ အချင်းဖြစ်ဥပစာ၌ နေထိုင်ခွင့်ပြုထားသော အမိန့်ကို ပျက်ပြယ်စေလိုလျှင် အဆိုပါ အသင်းအပေါ် တရားစွဲဆိုရမည် ဖြစ်ပေသည်။ သို့ဖြစ်၍ အသင်းအပေါ် စွဲဆိုခြင်းမရှိသောဤအမှုမှာ အောင်မြင်ရန်အကြောင်း မရှိချေ။

အယူခံတရားလိုအတွက် — ဦးအုန်းမြင့်၊ ဗဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင်များအတွက် — ဦးသိန်းအောင်၊ ဥပဒေဝန်ထမ်း အဆင့် (၁)

---

* ၁၉၀၂ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၂၀

† ၁၉၀၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၁ တွင် ချမှတ်သော (၉-၇-၀၁) နေ့စွဲပါ ရန်ကုန်တိုင်း တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

၁၉၀၄ အိုင်အမ်ဒီဘာဂီယားနှင့် ၁။ ဥက္ကဋ္ဌ၊ အမှတ် (၁) ရပ်ကွက် စားသုံးသူသမဝါယမအသင်း ပန်းဘဲတန်း မြို့နယ် ၂။ ဥက္ကဋ္ဌ၊ အမှတ် (၁) ရပ်ကွက် ပြည်သူ့ကောင်စီ

ရန်ကုန်တိုင်းတရားရုံး တရားမကြီးမှုအမှတ် ၃၁/၈၁ (ပန်းဘဲတန်း) တွင် အယူခံတရားလို အိုင်အမ်ဒီဘာဂီယားက ပန်းဘဲတန်းမြို့နယ်၊ အမှတ် (၁) ရပ်ကွက်ပြည်သူ့ကောင်စီ ဥက္ကဋ္ဌနှင့် စားသုံးသူသမဝါယမအသင်း ဥက္ကဋ္ဌတို့အပေါ် ပန်းဘဲတန်းမြို့နယ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြိုးကြပ်ရေး အဖွဲ့၏ ၁၉၇၉ ခုနှစ်၊ အမှုအမှတ် မပ ၃၉/၇၉ တွင် ချမှတ်သော ၆–၃–၈၀ ရက်စွဲပါ ဆုံးဖြတ်ချက်မှာ တရားမဝင်ကြောင်း မြွက်ဟကြေငြာပေးရန် တရားစွဲဆိုရာ မအောင်မြင်သဖြင့် အိုင်အမ်ဒီဘာဂီယားက ဗ တို့ တရား ရုံး တွင် ၍အယူခံကိုတင်သွင်းသည်။

မူလရုံးတရားလို အိုင် အမ် ဒီ ဘာ ဂီ ယား က ရန်ကုန်မြို့၊ ကုန်သည်လမ်း တိုက်အမှတ် ၇၄၄ ၏ မြေညီထပ်အခန်း အမှတ် (၅) ကို မိမိပိုင်ဆိုင်ကြောင်း၊ ယင်းအိမ်ခန်းကို ပန်းဘဲတန်းမြို့နယ်၊ အမှတ် (၁) ရပ်ကွက် ပြည်သူ့ကောင်စီ ဥက္ကဋ္ဌက လက်ရှိအသုံးပြုနေကြောင်း၊ အမှတ် (၁) ရပ်ကွက်၊ စားသုံးသူသမဝါယမအသင်းဥက္ကဋ္ဌ၏ လျောက်ထားချက်အရ ပန်းဘဲတန်းမြို့နယ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြိုးကြပ်ရေးအဖွဲ့က အမှုအမှတ် မပ ၃၉/၇၉ တွင် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခကြိုးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၃ (၁) အရ ပန်းဘဲတန်းမြို့နယ် အမှတ် (၁) ရပ်ကွက် စားသုံးသူသမဝါယမအသင်းအား အငှားချထားခဲ့ကြောင်း၊ အချင်းဖြစ်ဥပစာကို ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခကြိုးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၃ (၁) ပါ ပြဋ္ဌာန်းချက်များမှ ကင်းလွတ်ခွင့်ပြုထားသောကြောင့် ငှားရမ်းခကြိုးကြပ်ရေးအဖွဲ့က ချမှတ်သောအမိန့်မှာ စီရင်ပိုင်ခွင့်အာဏာမရှိပဲ ချမှတ်သည့်အမိန့်ဖြစ်ကြောင်း စသည်ဖြင့် အဆိုပြုကာ ငှားရမ်းခကြိုးကြပ်ရေး အဖွဲ့၏ ဆုံးဖြတ်ချက်မှာ ပျက်ပြယ်ကြောင်း မြွက်ဟကြေငြာပေးရန် တရားစွဲဆိုသည်။

သက်သေခံ (ည) မှာ ပန်းဘဲတန်းမြို့နယ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြိုးကြပ်ရေးအဖွဲ့က ၁၉၇၉ ခုနှစ်၊ အမှုအမှတ် မပ ၃၉/၇၉ တွင် ချမှတ်သော ဆုံးဖြတ်ချက်မိတ္တူ ဖြစ်သည်။ ယင်းအမိန့်တွင် အောက်ပါအတိုင်း ဖော်ပြထားသည်–

"အမိန့်"

သို့ဖြစ်၍ အချင်းဖြစ် (ရန်ကုန်မြို့၊ကုန်သည်လမ်း၊အမှတ်၇၄၄–မြေညီထပ်) အခန်းကို လျောက်ထားသူ ပန်းဘဲတန်းမြို့နယ် အမှတ် (၁) ရပ်ကွက် စားသုံးသူသမဝါယမအသင်းအား အငှားချထားရန် ဆုံးဖြတ်သည်။

၁၉၇၀ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ သမဝါယမအသင်း ဥပဒေပုဒ်မ ၃၈ (၂) (၅) အရ သမဝါယမအသင်းများသည် တရားစွဲဆိုနိုင်ခွင့်ရှိသည့်ပြင် ခုခံချေပနိုင်ခွင့်လည်း ရှိသည်။ သို့ဖြစ်ရာ ပန်းဘဲတန်းမြို့နယ် အမှတ် (၁)

၁၉၀၄ ခိုင်အမ်ဗီဘာဂီယား နှင့် ၁။ ဥက္ကဋ္ဌ အမှတ် (၁) ရပ်ကွက် စားသုံးသူ သမဝါယမအသင်း ပန်းဘဲတန်း မြို့နယ် ၂။ ဥက္ကဋ္ဌ အမှတ် (၁) ရပ်ကွက် မြည်သူကောင်စီ

ရပ်ကွက်အသင်းအား ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၃(၁) အရ အချင်းဖြစ်ဥပစာ၌ နေထိုင်ခွင့်ပြုထားသော အမိန့်ကိုပျက်ပြယ်စေလိုလျှင် အဆိုပါအသင်းအပေါ် တရားစွဲဆိုရမည်ဖြစ်ပေသည်။ သို့ဖြစ်၍ အသင်းအပေါ် စွဲဆိုခြင်းမရှိသော ဤအမှုမှာ အောင်မြင်ရန် အကြောင်းမရှိချေ။

ယခင် ပြည်သူ့လုပ်ငန်းနှင့် အိမ်ယာဆောက်လုပ်ရေးဌာနက ဂ—၉—၆၆ ရက်စွဲပါအမိန့်အရ တုတ်ပြန်ထားသော ကြော်ငြာစာအမှတ် ၁၀၆ တွင် အောက်ပါအတိုင်း ဖော်ပြထားသည်—

> "၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၃ သည် အဆိုပါ အက်ဥပဒေအာဏာ တည်သည့်မြို့ပြဒေသများ အတွင်းရှိ အဆိုပါ ဥပဒေနှင့် အကျုံးဝင်သော နေထိုင်မှုကိစ္စနှင့် လုပ်ငန်းကိစ္စအတွက် အသုံးပြုသည့် ဥပစာများနှင့် ၁၉၆၆ ခုနှစ်၊ စက်တင်ဘာလ ၀ ရက်နေ့မှစ၍ သက်ဆိုင်စေရမည်ဟု ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌက ပုဒ်မ ၁၃ (၁) အရ ကြေငြာလိုက်သည်။"

သို့ဖြစ်ရာ အချင်းဖြစ်ဥပစာမှာ အဆိုပါဥပဒေပုဒ်မ ၁၃(၁)နှင့် သက်ဆိုင်ခြင်းမှ ကင်းလွတ်ခွင့်ပြုထားသည်ဆိုသော အယူခံတရားလို၏ရှေ့နေ တင်ပြချက်မှာ မှားယွင်းကြောင်း ပေါ်ပေါက်နေပေသည်။

ထို့ကြောင့် ဤအယူခံကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။ ရှေ့နေခကို ကျပ် ၅၀/– ဟု သတ်မှတ်သည်။

တရားမ ဒုတိယ အယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးအေးမောင်၊ အဖွဲ့ဝင်များအဖြစ်ဦးထွန်းရှိန်နှင့် ဦးလှဘုန်း တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဒေါ်အေးလင်း

နှင့်

ဒေါ်ရွှေရင် *

†၁၉၀၂
မေလ ၂၀ရက်

တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊နည်း၁—အယူခံဝင်ရာ၌အယူခံသွားနှင့် အတူ ဒီကရီ၏မိတ္တူကို ပူးတွဲတင်သွင်းရန်လိုခြင်း။

ဆုံးဖြတ်ချက်။ ။ရှမ်းပြည်နယ်တရားရုံး၌တင်သွင်းသည့်အယူခံလွှာတွင် မြို့နယ်တရားရုံး၏ဆုံးဖြတ်ချက်မိတ္တူမှန် ပူးတွဲပါရှိသော်လည်း ဒီကရီမိတ္တူပူးတွဲ တင်သွင်းထားခြင်းမရှိသည်ကို တွေ့ရသည်။ သို့သော် တရားမကျင့်ထုံးအမိန့် ၄၁၊နည်း ၁ အရ တရားမရုံး၏ ဒီကရီတစ်ခုခုကိုအယူခံဝင်လျှင် အယူခံလွှာနှင့် အတူ အယူခံသော စီရင်ချက်နှင့်ဒီကရီ၏မိတ္တူတို့ကို ပူးတွဲ၍ တင်သွင်းရမည်။ စီရင်ချက်မိတ္တူကို အယူခံရုံးက ခွင့်ပြုပါက တင်သွင်းခြင်း မပြုပဲနေနိုင်သော်လည်း ဒီကရီမိတ္တူကိုမူကား တင်သွင်းခြင်းမပြုပဲနေ၍ မရချေ။

အယူခံတရားလိုအတွက် — ဦးစိုင်းမြင့်မောင်၊ ဗဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင်အတွက် — ကိုယ်တိုင်

လားရှိုးမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၅/၇၅ တွင် အယူခံတရားပြိုင်ဒေါ်ရွှေရင်က အယူခံတရားလိုဒေါ်အေးလင်းအပေါ် အချင်းဖြစ်အိမ်ခန်းမှ ထွက်ခွာသွားစေလိုမှု စွဲဆိုရာ အမှုကို ပလပ်ခြင်းခံရသည်။ ဒေါ်ရွှေရင်က

---

* ၁၉၀၀ ခုနှစ် တရားမ ဒုတိယ အယူခံမှုအမှတ် ၄၀

† ၁၉၇၀ ခုနှစ် တရားမအယူခံမှုအမှတ် ၁၃ တွင် ချမှတ်သော (၂၁-၁၁-၇၉) နေ့စွဲပါ ရှမ်းပြည်နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

၁၉၀၄
ဒေါ်အေးလင်း နှင့် ဒေါ်ရွှေရင်

မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို မကျေနပ်၍ ရှုံးပြည်နယ် တရားရုံး တရားမအယူခံမှုအမှတ် ၁၃/၇၀ တွင် အယူခံဝင်သောအခါ ပြည်နယ် တရားရုံးသည် မြို့နယ်တရားရုံး၏အမိန့်ကို ပယ်ဖျက်ပြီး၊ ဒေါ်ရွှေရင်စွဲဆိုသည့် အမှုကို အနိုင်ဒီကရီချမှတ်ခဲ့သည်။ ဒေါ်အေးလင်းက ရှုံးပြည်နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို မကျေနပ်၍ ဗဟိုတရားရုံး၌ ဤဒုတိယ အယူခံမှုကို တင်သွင်းသည်။

မူလရုံး တရားလိုဒေါ်ရွှေရင်က သူသည် လားရှိုးမြို့၊ သိန္နီလမ်း၊ အိမ်အမှတ် ၁၂၇ ကို ပိုင်ဆိုင်ကြောင်း၊ ထိုအိမ်တွင် အိမ်ခန်း (၄)ခန်း ရှိသည့် အနက် (၂)ခန်းတွင်မိခင် ဒေါ်အေးလင်းသည်ရပ်ကွက်လူကြီးများ၏ဆုံးဖြတ်ချက်အရ ၄-၂-၇၅ ရက်နေ့တွင် ဝင်ရောက်နေထိုင်ခဲ့ကြောင်း၊ ရပ်ကွက်လူကြီးများသည် ၎င်းတို့၏ သဘောအလျောက် ဒေါ်အေးလင်းကို အချင်းဖြစ်အခန်းတွင် ဝင်ရောက်နေစေခဲ့ခြင်းသည် လုပ်ပိုင်ခွင့်မရှိပဲ ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း အဆိုပြုလျက် ဒေါ်အေးလင်းအပေါ် ထိုအိမ်ခန်းများမှထွက်ခွာသွားစေလိုမှုစွဲဆိုသည်။ မူလရုံး တရားဖြိုင်ဒေါ်အေးလင်းကလည်း အချင်းဖြစ်အိမ်နှင့် ထိုအိမ်တည်ရှိရာမြေကွက်ကို သူ၏ငွေဖြင့်ဝယ်ယူခဲ့ခြင်းဖြစ်၍ သူပိုင် မြေနှင့် အိမ်များဖြစ်ကြောင်း ခုခံချေပလေသည်။

မြို့နယ်တရားရုံးက ဒေါ်ရွှေရင်စွဲဆိုသော အမှုသည် အခွင့်အမိန့်နှင့်နေသူအား နှင်ထုတ်လိုမှုဖြစ်ဘည်ဟု ယူဆကာ ခွင့်ပြုချက်ဖြင့်နေသူအား နှင်ထုတ်လိုမှုတွင် ပိုင်ဆိုင်ခွင့်ကို စဉ်းစားဆုံးဖြတ်ရန် မလိုကြောင်း သုံးသပ်ပြီးနောက် အခွင့်အမိန့်နှင့် နေသူဖြစ်ကြောင်း မထင်ရှားဟု ကောက်ယူကာ တရားလို စွဲဆိုသောအမှုကို ပလပ်ခဲ့လေသည်။ ပထမအယူခံရုံးဖြစ်သော ရှုံးပြည်နယ် တရားရုံးကမူ တရားလို စွဲဆိုသော အမှုသည် အခွင့်အမိန့်နှင့် နေသူအား နှင်ထုတ်လိုမှုမဟုတ်ကြောင်း သုံးသပ်၍ ပိုင်ဆိုင်မှုအပေါ်အခြေခံပြီး တရားလို စွဲဆိုသော အမှုကို အနိုင်ဒီကရီချမှတ်ခဲ့ခြင်း ဖြစ်သည်။

အယူခံတရားလို၏ အကျိုးဆောင်က ပထမအယူခံရုံးသည် မူလရုံး၏ ဒီကရီမပါရှိပဲလျက် အယူခံကိုလက်ခံကြားနာ၍ ဆုံးဖြတ်ခဲ့ခြင်းသည် ဥပဒေအရ မှားယွင်းကြောင်း အဓိကအကြောင်းပြု၍ လျောက်ထားသည်။

တရားမကြီးမှုအမှတ် ၅/၇၅ တွင် အဓိန့်ချမှတ်သောနေ့မှာ ၁၃-၁၀-၇၀ ရက်နေ့က ဖြစ်သော်လည်း ယင်းအမှုနှင့် ပတ်သက်၍ ဒီကရီရေးဆွဲသားခြင်း မတွေ့ရချေ။ သို့ဖြစ်၍လည်း ရှုံးပြည်နယ်တရားရုံး၌ တင်သွင်းသည့် အယူခံလွှာတွင် မြို့နယ်တရားရုံး၏ ဆုံးဖြတ်ချက်မိတ္တူမှန် ပူးတွဲ ပါရှိသော်လည်း

၁၉၀၄
ဒေါ်အေးလင်း
နှင့်
ဒေါ်ရွှေရင်

ဒီကရီမိတ္တူ။ ပူးတွဲ တင်သွင်းထားခြင်း မရှိသည်ကို တွေ့ရသည်။ သို့သော် တရားမဲကျင့်ထုံးအမိန့် ၄၁၊ နည်း ၁ အရ တရားမရုံး၏ ဒီကရီ တစ်ခုခုကို အယူခံဝင်လျှင် အယူခံလွှာနှင့်အတူ အယူခံသောစီရင်ချက်နှင့်ဒီကရီ၏ မိတ္တူ တို့ကို ပူးတွဲ၍ တင်သွင်းရမည်။ စီရင်ချက်မိတ္တူကို အယူခံရုံးက ခွင့်ပြုပါက တင်သွင်းခြင်းမပြုပဲနေနိုင်သော်လည်း ဒီကရီမိတ္တူကိုမူကား တင်သွင်းခြင်းမပြုပဲ နေ၍မရချေ။

ထို့ကြောင့် ဤအယူခံကိုခွင့်ပြု၍ ရှမ်းပြည်နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို စရိတ်နှင့်တကွ ပယ်ဖျက်လိုက်ကြောင်း အမိန့်ချမှတ်သည်။

ရွှေနေခကို ကျပ် ၅၀/– ဟု သတ်မှတ်သည်။



မြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

တရားစီရင်ထုံးများ

မဟိုတရားစီရင်ရေးအဖွဲ့

စီရင်ချက်များ

၁၉၈၄

စတုတ္ထသုံးလပတ်

(အောက်တိုဘာ၊နိုဝင်ဘာလနှင့် ဒီဇင်ဘာလ)

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်
ပြည်သူ့တရားသူကြီးအဖွဲ့၏ခွင့်ပြုချက်အရထုတ်ဝေသည်။

F.A

မဟိုတရားရုံး၊ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ထွန်း၊ ကင်းလွတ်ခွင့်အမှတ်
(၃၄၀)က မြန်မာနိုင်ငံ ကြက်ခြေနီအသင်းပုံနှိပ်တိုက်၊အမှတ်-၄၂၊
ကမ်းနားလမ်း၊ ရန်ကုန်မြို့တွင် ရိုက်နှိပ်ထုတ်ဝေသည်။

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်
ပြည်သူ့တရားသူကြီးအဖွဲ့

ဦးတင်အောင်ဟိန်း	ဝဒ္ဓ၊ ဥပဒေဝဒ္ဓ၊ နိုင်ငံ့ဂုဏ်ရည်(ဒုတိယဆင့်)	....	ဥက္ကဋ္ဌ
သီရိပျံချီ ဦးတင်အောင်	နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်)	....	အဖွဲဝင်
ဦးလှဘုန်း	....	....	အဖွဲဝင်
ဦးခင်ဇော်မုံ	....	....	အဖွဲဝင်
ဦးမြကျော်	မဟာဝဒ္ဓ၊နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်)	....	အဖွဲဝင်
ဦးထွန်းရှိန်	....	....	အဖွဲဝင်
ဦးအေးမောင်	ဝါဏိဇ္ဇဝိဇ္ဇာ၊ဥပဒေဝိဇ္ဇာ	....	အဖွဲဝင်
ဦးသန့်စင်	ဝါဏိဇ္ဇဝိဇ္ဇာ၊ဥပဒေဝိဇ္ဇာ	....	အဖွဲဝင်
ဦးတင်အုန်း	မဟာဝိဇ္ဇာ	....	အဖွဲဝင်

၁၉၀၄ ခုနှစ်

(အောက်တိုဘာ၊ နိုဝင်ဘာနှင့် ဒီဇင်ဘာလ)

ပြစ်မှုဆိုင်ရာအမှုများ

စီရင်ထုံးပြုသောမှုခင်းများ

မြန်မာဆိုင်ရာအမှုများ

စာမျက်နှာ

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်	နှင့်	ဦးခင်မောင်အေး	၈၁
ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်	နှင့်	မောင်တင်ရွှေ	၈၄
ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်	နှင့်	အိုက်ထပ်(ခ)အိုက်ခမ်း	၈၇
ဒေါ်ရွှေဝေ ပါ(၃)	နှင့်	၁။ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ၂။ ဒေါ်မေကြည်	၉၀
ဦးလှဖေ	နှင့်	၁။ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ၂။ ကိုထွန်းရီ	၉၃

ညွှန်းချက်

ပြစ်မှုဆိုင်ရာအမှုများ

ဥပဒေများ — စာမျက်နှာ

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ

ပြစ်မှုဆိုင်ရာဥပဒေ

အဂတိလိုက်စားမှုတားမြစ်ရေးအက်ဥပဒေ

၁၉၇၄ခုနှစ်၊မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သောဆေးဝါးများဥပဒေ

သက်သေခံပစ္စည်း စီမံခန့်ခွဲခြင်း — ပစ္စည်းကို အလွဲသုံးစားမဖြစ်စေ ပစ္စည်းရောင်းရငွေများကိုသော် တရားခံက အလွဲသုံးစားဖြစ်သည့်ကိစ္စ — ပစ္စည်းလက်ရှိ ထားနွင့် ရှိသမျှသို့သော် ထုတ်ပေးခြင်း။

ဆုံးဖြတ်ချက်။ ။ တရားရုံးက သက်သေခံပစ္စည်းနှင့် စပ်လျဉ်း၍ စီမံခန့်ခွဲသည့် အမိန့်သည် ပစ္စည်းကို လက်ရှိထားခွင့်ရှိသူ ဟုတ်မဟုတ် စဉ်းစား၍ ဆုံးဖြတ်သော အမိန့်သာဖြစ်သည်။ ပစ္စည်းပိုင်ဆိုင်ခွင့်နှင့် စပ်လျဉ်း၍မူ တရားမကြောင်းအရ အဆုံးအဖြတ်ရယူရမည့် ကိစ္စဖြစ်ပေသည်။

ဒေါ်ရွှေဝေ ပါ(၃) နှင့် ၁။ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်
၂။ ဒေါ်မေကြည် ၉၀

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၀၀—အန္တရာယ်ဖြစ်အောင် စတင်ပြုလုပ်သူ လက်နက်မဲ့နေသည့်အချိန်တွင် အပြင်းအထန် ဒဏ်ရာများဖြင့် သေစေခြင်းသည် ကာကွယ်ခုခံခိုင်ခွင့်အတွင်း ကျရောက်ခြင်း ရှိမရှိ။

စာမျက်နှာ

ဆုံးဖြတ်ချက်။ ။သေသူ၏ လက်ဝယ်မှ ရဲဒင်းကို လုယူလိုက်ပြီး နောက် မောင်တင်ရွှေသည် သေသူ၏လက်တွင် သေစေလောက်သည့် လက်နက် တစုံတရာမရှိတော့သည့်အခါ သေသူ၌ ဒဏ်ရာ(၈)ချက် ရသည်အထိ ပြုလုပ်မှုကို ပြုလုပ်ခဲ့ခြင်းဖြစ်၍ ကာကွယ် ခုခံပိုင်ခွင့်ကို လိုသည်ထက် ပိုမို သုံးစွဲခဲ့သည်ဟုကောက်ယူရပေမည်။

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် နှင့် မောင်တင်ရွှေ ၁၄

ဖြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၉၂ အရ အဖြစ်ရှိသူအား ဖြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၂(၁–က) အရ ဆိုဆုံးမ၍ လွှတ်ပိုင်ခွင့် မရှိခြင်း။

ဆုံးဖြတ်ချက်။ ။တရားခံ ဖြစ်သူ ကိုထွန်းရီ အပေါ် ဖြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၉၂ အရ လုယက်မှု ကျူးလွန်ကြောင်း တွေ့ရှိထားသော အမှုဖြစ်သည်။ယင်းပုဒ်မပါ ဖြစ်မှုကို ကျူးလွန်လျှင် ထောင်ဒဏ် ၁၀ နှစ် အထိ ပြစ်ဒဏ်ထိုက်ကြောင်း ပြဋ္ဌာန်းထားသည်။ ၎အခြေအနေအရ ထောင်ဒဏ် ၁၀ နှစ်အထိ ပြစ်ဒဏ်သတ်မှတ်နိုင်သော လုယက်မှုသည် ဖြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၂(၁–က)ပါ ဆိုဆုံးမလွှတ်နိုင်ရန် လိုအပ်သည့် အင်္ဂါရပ်များနှင့်အကျုံးဝင်ခြင်း မရှိပေ။

ဦးလှဖေ နှင့် (၁) ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်
(၂) ကိုထွန်းရီ ၉၃

လာဘ်ပေး လာဘ်ယူမှုတွင် ပေးသူနှင့် ယူသူပါ အဖြစ်ကင်းသူများမဟုတ်ခြင်း–ကြီးရာပါ သက်သေ၏ ထွက်ဆိုချက်ကို ချိန်ဆ၍ လက်ခံရခြင်း။

ဆုံးဖြတ်ချက်။ ။လာဘ်ပေး လာဘ်ယူမှု ပြုသည်ဆိုရာတွင် ပေးသူ နှင့် ယူသူပါ အပြစ်ကင်းသူများ မဟုတ်ကြပေ။ ဦးငွေထွန်းသည် လာဘ်ပေးသူဖြစ်သည် ဆိုသောကြောင့် ကြီးရာပါတစ်ဦးအဖြစ် သက် သေခံခြင်း ဖြစ်သည်။ ကြီးရာပါသက်သေတစ်ဦး၏ အစစ်ခံချက်တွင် အဓိကကျသောအချက်အလက်ကိုအထောက်အကူပြုသည့် သက်သေခံ ချက်ရှိမှသာ လက်ခံအသုံးပြုသင့်ပေသည်။

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် နှင့် ဦးခင်မောင်အေး

(ဇ) ဒုတိယဖွဲ့ ဒုံနှစ် ၄၈၁၁ခုနှစ်တွင်ဒီဇင်ဘာလလယ်ပိုင်းတွင်ထွက်ပြေး .... ။ဒုတိယဖွဲ့

"ဒီလောက်

ဆရာ ဟင်းလျှော်ကြမ်းသိပ်မကြိုက်ပေ။ ယမုံဂေါဒာဝရီမြစ်ကမ်းပါးမှာ ဒုတိယဖွဲ့ခေါင်းဆောင်
မြေးဖြစ်သူ ဒေါ်ခင်မြင့်ဆွေ (ဒုတိယဖွဲ့ခေါင်းဆောင်) ကို ဆုတောင်းပွဲတက်ရောက်ခဲ့ကြသည်။
ဒုတိယဖွဲ့ခေါင်းဆောင်ကြီး ဦးဘိုးကြီးနှင့် ဒေါ်ခင်မြင့်ဆွေတို့ ဆုတောင်းပွဲတွင် ဆုတောင်းပြီး
ဒုတိယဖွဲ့ခေါင်းဆောင်ကြီး ဦးဘိုးကြီးနှင့် ဒေါ်ခင်မြင့်ဆွေတို့ ဆုတောင်းပွဲတွင် ဆုတောင်းပြီး
ဒုတိယဖွဲ့ခေါင်းဆောင်ကြီး ဦးဘိုးကြီးနှင့် ဒေါ်ခင်မြင့်ဆွေတို့ ဆုတောင်းပွဲတွင် ဆုတောင်းပြီး
ဒုတိယဖွဲ့ခေါင်းဆောင်ကြီး ဦးဘိုးကြီးနှင့် ဒေါ်ခင်မြင့်ဆွေတို့ ဆုတောင်းပွဲတွင် ဆုတောင်းပြီး

"ဒုတိယဖွဲ့ခေါင်းဆောင်ကြီး ဦးဘိုးကြီးနှင့် ဒေါ်ခင်မြင့်ဆွေတို့ ဆုတောင်းပွဲတွင် ဆုတောင်းပြီး

"ဒုတိယဖွဲ့ခေါင်းဆောင်ကြီး ဦးဘိုးကြီးနှင့် ဒေါ်ခင်မြင့်ဆွေတို့ ဆုတောင်းပွဲတွင် ဆုတောင်းပြီး

"ဒုတိယဖွဲ့ခေါင်းဆောင်ကြီး ဦးဘိုးကြီးနှင့် ဒေါ်ခင်မြင့်ဆွေတို့ ဆုတောင်းပွဲတွင် ဆုတောင်းပြီး

"ဒုတိယဖွဲ့ခေါင်းဆောင်ကြီး ဦးဘိုးကြီးနှင့် ဒေါ်ခင်မြင့်ဆွေတို့ ဆုတောင်းပွဲတွင် ဆုတောင်းပြီး

ဖြစ်မှုဆိုင်ရာ အယူခံမှု

ဥက္ကဋ္ဌအဖြစ်ဦးခင်ဇာမုံ၊ အဖွဲ့ဝင်များအဖြစ် ဦးလှဘုန်းနှင့် ဦးအေးမောင် တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်

နှင့်

ဦး ခင် မောင် အေး *

†၁၉၈၄
နိုဝင်ဘာ
၃၀ ရက်

လာဘိပေး လာဘိယူမှုတွင် ပေးသူနှင့် ယူသူပါ အပြစ်ကင်းသူများ မဟုတ်ခြင်း—ကြိုရာပါ သက်သေ၏ ထွက်ဆိုချက်ကို ချိန်ဆ၍လက်ခံရခြင်း။

ဆုံးဖြတ်ချက်။ ။လာဘိပေး လာဘိယူမှု ပြုသည်ဆိုရာတွင် ပေးသူနှင့် ယူသူပါ အပြစ်ကင်းသူများ မဟုတ်ကြပေ။ ဦးငွေထွန်းသည် လာဘိပေးသူ ဖြစ်သည်ဆိုသောကြောင့် ကြိုရာပါတစ်ဦးအဖြစ် သက်သေခံခြင်း ဖြစ်သည်။ ကြိုရာပါသက်သေတစ်ဦး၏အစစ်ခံချက်တွင် အဓိကကျသောအချက်အလက်ကို အထောက်အကူပြုသည့် သက်သေခံချက်ရှိမှသာ လက်ခံအသုံးပြုသင့်ပေသည်။

အယူခံတရားလိုအတွက် — ဒေါက်တာမောင်မောင်တိတ်၊ဥပဒေပညာရှင်

အယူခံတရားခံအတွက် — ဦးမြရှိန်၊ ဗဟိုတရားရုံးရှေ့နေ

အလုံမ်ြနယ်တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၄၆၁/၈၃ တွင် ဦးခင်မောင်အေးအပေါ် အဂတိလိုက်စားမှု တားမြစ်ရေး အက်ဥပဒေပုဒ်မ ၄(၁) (ဂ)/၄(၂) အရ စစ်ဆေးစီရင်၍ အပြီးအပြတ်လွှတ်ခဲ့သဖြင့် ဗဟိုဥပဒေရုံးက ဗဟိုတရားရုံးသို့ ၌အယူခံကိုတင်သွင်းသည်။

ဦးခင်မောင်အေးသည် ကမာရွတ်မြို့နယ် အမှတ်(၂)ရပ်ကွက်၊ ပြည်လမ်း အမှတ် ၆၂၁ နေ ဦးငွေထွန်းတို့ထံမှ လောင်းကစားဥပဒေအရ ဖမ်းဆီးအရေးယူရာတွင် အမှုမှ အပြီးအပြတ် လွှတ်အောင် ဆောင်ရွက် ပေးမည်ဟု

---

* ၁၉၈၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၃၇

† ၁၉၈၃ ခုနှစ်၊ပြစ်မှုဆိုင်ရာအမှုကြီးအမှတ်၄၆၁ တွင် ချမှတ်သော(၃၀-၈-၈၃) နေ့စွဲပါ အလုံမ်ြနယ်တရားရုံး၏ အမိန့်ကိုအယူခံမှု။

၁၉၀၄ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်နှင့် ဦးခင်မောင်အေး

ပြော၍ ငွေကျပ် ၂၀၀၀/– တောင်းယူကြောင်း အလုံမြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးအောင်သန်းက ကမာရွတ်မြို့နယ် ပြည်သူ့ရဲတပ်ဖွဲ့ စခန်းသို့ တိုင်ကြားခြင်းကြောင့် ပေါ်ပေါက်လာသော အမှုဖြစ်သည်။

ဗဟိုဥပဒေရုံး၏ အယူခံအကြောင်းပြချက်တွင် ဒေါ်စန္ဒာသော်၊ ဦးငွေထွန်း၊ ဦးမြင့်စိုး၊ ဦးသန်းထွန်းနှင့် ဦးခင်မောင်တို့၏ ထွက်ချက်များအရ ဦးခင်မောင်အေးသည် လာဘ်ငွေ ကျပ် ၂၀၀၀/– ယူခဲ့ကြောင်း ပေါ်ပေါက်ပါလျက် အပြီးအပြတ်လွှတ်ခြင်းသည် မှားယွင်းကြောင်းတင်ပြသည်။

ဒေါ်စန္ဒာသော် (လိုပြ–၁) သည် ခင်ပွန်းဖြစ်သူ ဦးငွေထွန်း လောင်းကစားမှုဖြင့်ထောင်ဒဏ်အပြစ်ခံရပြီးနောက် ပေးထားသည့်ငွေကျပ် ၂၀၀၀/– ပြန်လည်တောင်းခံခဲ့ကြောင်း ထွက်ဆိုသည်။ ဦးငွေထွန်း (လိုပြ– ၂) က လောင်းကစားမှုဖြင့် အရေးယူခံရသဖြင့် ရပ်ကွက်ကောင်စီ အတွင်းရေးမှူး ဦးမြင့်စိုးနှင့်အတူ ဦးခင်မောင်အေးထံ သွားရောက်အကူအညီတောင်း ယင်းငွေကျပ် ၂၀၀၀/– ပေးခဲ့ကြောင်း ထွက်ဆိုသည်။ ဦးမြင့်စိုး(လိုပြ–၃)က ဦးခင်မောင်အေးထံအကူအညီ သွားရောက်တောင်းခံခဲ့ကြောင်း ထွက်ဆိုသည်။ ဦးသန်းထွန်း(လိုပြ–၅)က ဒေါ်စန္ဒာသော်နှင့်အတူ ငွေပြန်တောင်းရာတွင် လိုက်ပါသွားကြောင်း ထွက်ဆိုသည်။ ဦးခင်မောင်မှာ ရုံးခေါ်သက်သေဖြစ်ပြီး အလုံမြို့နယ်တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌဖြစ်သည်။ ရပ်ကွက်ကောင်စီအတွင်းရေးမှူး ဦးမြင့်စိုးကဦးငွေထွန်း လောင်းကစားမှုဖြင့် အရေးယူခံထားရသောကြောင့် အကူအညီပေးရန် လာရောက်ပြော သဖြင့် ဦးခင်မောင်ကတဆင့် ပြော ပြကြောင်းထွက်ဆိုသည်။

ဦးခင်မောင်အေးက ဦးမြင့်စိုးနှင့် ဦးငွေထွန်းတို့ လာရောက်၍ လောင်းကစားမှုတွင် အကူအညီတောင်းခံခြင်းကို မငြင်းကွယ်ပဲ လာဘ်ငွေတောင်းခံခြင်းမရှိကြောင်း ငြင်းဆိုထားသည်။ ဒေါ်လှရီ (ခံပြ–၂)၊ ဦးကြည် ဝင်း (ခံပြ–၃)နှင့် ဦးအုံဝင်း (ခံပြ–၄) တို့က အချင်းဖြစ်ချိန်တွင် ဦးခင်မောင်အေးနှင့် အတူရှိနေသူများဖြစ်ကြောင်း ထောက်ခံထွက်ဆိုထားကြသည်။

အမှုတစ်ခုလုံးကို ခြုံငုံသုံးသပ်သော် ဦးငွေထွန်းသည် အရန်တရားစီရင်ရေးအဖွဲ့ဝင် ဦးခင်မောင်အေးထံသို့ ရောက်ရှိခြင်းမှာ အငြင်းမပွားပေ။ လာဘ်ပေးလာဘ်ယူမှု ပြုသည်ဆိုရာတွင် ပေးသူနှင့်ယူသူပါ အပြစ်ကင်းသူများ မဟုတ်ကြပေ။ ဦးငွေထွန်းသည် လာဘ်ပေးသူဖြစ်သည် ဆိုသောကြောင့် ကြီရာပါတစ်ဦးအဖြစ် သက်သေခံခြင်းဖြစ်သည်။ ကြီရာပါသက်သေတစ်ဦး၏ အစစ်ခံချက်တွင် အဓိကကျသောအချက်အလက်ကို အထောက်အကူပြုသည့် သက်သေခံချက်ရှိမှသာ လက်ခံ အသုံးပြုသင့်ပေသည်။ ဦးခင်မောင်အေးက

ဦးငွေထွန်းထံမှ လာဘ်ငွေတောင်းခံခြင်းနှင့် လာဘ်ငွေ ပြန်ပေးအပ်ခြင်းများနှင့် စပ်လျဉ်း၍ အထောက်အထားမခိုင်လုံပေ။ ထို့ပြင် လာဘ်ငွေဆိုသည့် ငွေကို တရားရုံးသို့ သက်သေခံအဖြစ် တင်သွင်းခြင်းလည်းမရှိကြောင်း တွေ့ရသည်။ အလုံမြို့နယ်တရားရုံးက ဦးခင်မောင်အေးကို အပြီးအပြတ်လွှတ်လိုက်ခြင်းသည် မှားယွင်းသည်ဟု မဆိုနိုင်ပေ။

ထို့ကြောင့် အလုံမြို့နယ်တရားရုံးက ဦးခင်မောင်အေးအား အပြီးအပြတ် လွှတ်သည့်အမိန့်ကို အတည်ပြုပြီး ဤအယူခံမှုကို ပလပ်လိုက်သည်။

ပြစ်မှုဆိုင်ရာ အယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းရှိန်၊ အဖွဲ့ဝင်များအဖြစ် ဦးလှဘုန်းနှင့် ဦးခင်ဇာမုံတို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

†၁၉၀၄
ဒီဇင်ဘာလ
၁၄ ရက်

ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်
နှင့်
မောင် တင် ရွှေ *

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၀၀—အန္တရာယ်ဖြစ်အောင် စတင်ပြုလုပ်သူ လက်နက်မဲ့နေသည့်အချိန်တွင် အပြင်းအထန်ဒဏ်ရာများဖြင့် သေစေခြင်းသည် ကာကွယ်ခုခံပိုင်ခွင့်အတွင်း ကျရောက်ခြင်း ရှိ မရှိ။

ဆုံးဖြတ်ချက်။ ။သေသူ၏ လက်ဝယ်မှ ရဲဒင်းကို လုယူလိုက်ပြီးနောက် မောင်တင်ရွှေသည် သေသူ၏လက်တွင် သေစေလောက်သည့် လက်နက်တစုံတရာမရှိတော့သည့်အခါ သေသူ၌ ဒဏ်ရာ(၈)ချက်ရသည်အထိ ပြုလုပ်မှုကို ပြုလုပ်ခဲ့ခြင်းဖြစ်၍ ကာကွယ်ခုခံပိုင်ခွင့်ကို လိုသည်ထက် ပိုမို သုံးစွဲခဲ့သည်ဟု ကောက်ယူရပေမည်။

အယူခံတရားလိုအကျက် — ဦးစံသာကျော်၊ ဥပဒေဝန်ထမ်းအဆင့်(၁)

အယူခံတရားခံအတွက် — ဦးမောင်မောင်စိန်၊ ဗဟိုတရားရုံးရှေ့နေ

အင်္ဂပူမြို့နယ်တရားရုံး၌ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၀၀/၀၃ တွင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂(၂) အရ လူသတ်မှုဖြင့် အရေးယူခြင်း ခံရသော အယူခံတရားခံ မောင်တင်ရွှေအား အမှုမှ အပြီးအပြတ် လွှတ်လိုက်သည်ကို ဗဟိုဥပဒေရုံးက မကျေနပ်သဖြင့် ဗဟိုတရားရုံးသို့ ၌အယူခံမှုကိုတင်သွင်းသည်။

၂—၂—၀၃ နေ့ည(၀)နာရီအချိန် အုန်းကုန်းရွာ၊ ဦးဘော၀၏အသုဘအိမ်၌ မောင်သိန်း၀င်း၊ မောင်ဘိုးသိန်းနှင့် တရားခံမောင်တင်ရွှေ တို့ မှာဘုရားတရားစကား ပြောနေစဉ် သေသူ မောင် ထွန်း သိန်း ရောက် လာ ၍

---

* ၁၉၀၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၆၀

† ၁၉၀၃ ခုနှစ်၊ပြစ်မှုဆိုင်ရာအမှုကြီးအမှတ်၀၀တွင်ချမှတ်သော(၂၉-၉-၀၃) နေ့စွဲပါ အင်္ဂပူမြို့နယ်တရားရုံး၏ အမိန့်ကို အယူခံမှု။

ဝင်ရောက်ဆွေးနွေးပြောဆိုကြစဉ် မောင်တင်ရွှေနှင့် မောင်ထွန်းသိန်း အချင်းများကြပြီး မောင်ထွန်းသိန်းက ရဲဒင်းတစ်လက်ကိုယူ၍ မောင် တင် ရွှေ အား ခုတ်ရန်ပြုလုပ်သဖြင့် မောင်တင်ရွှေက ရဲဒင်းကိုလုပြီး ပြန်ထုလိုက်သောကြောင့် မောင်ထွန်းသိန်း ဒဏ်ရာရရှိသေဆုံးသွားခဲ့ရာမှ ၅၂၈ပေါက်ခဲ့သည်။

အယူခံ အကြောင်းပြရာ၌ သေသူထံမှ ရဲဒင်းကို တရားခံ လုယူပြီးဖြစ်၍ တရားခံတွင် အသက်အန္တရာယ်စိုးရိမ်ရလောက်အောင် အခြေအနေမရှိတော့ကြောင်း၊ သေသူ၏မျက်နှာပိုင်းတွင် ဒဏ်ရာ (၀) ချက်ရပြီး၊ ဒဏ်ရာ (၇) ချက်မှာ အပြင်းအထန်ဒဏ်ရာများဖြစ်ကြောင်း၊ တရားခံသည် ခုခံကာကွယ်ပိုင်ခွင့်ကို လိုသည်ထက် ပိုမို သုံးစွဲခဲ့ကြောင်းစသည်ဖြင့် တင်ပြထားသည်။

ဦးတလုပ် (လိုပြ–၁)က အချင်းဖြစ်နေ့က ဦးဘော၀၏အသုဘသို့သွား (၀) နာရီခန့်တွင် ရောက်ရှိသွားကြောင်း၊ အသုဘအိမ်တွင် မောင်ဘိုးသိန်း၊ မောင်သိန်း၀င်းနှင့် မောင်တင်ရွှေတို့ ရေနွေးသောက်စကားပြောနေကြောင်း၊ မောင်တင်ရွှေက တရားစကားပြောနေစဉ် သေသူမောင်ထွန်းသိန်းရောက်လာပြီး မောင်ဇော်ရွှေနှင့်စကားပြောယင်း စကားများကြကြောင်း၊ ယင်းနောက် မောင်ထွန်းသိန်းသည် ရဲဒင်းတစ်လက်ကို သွားယူပြီး မောင် တင် ရွှေ အား ထုရန် ရွယ်သဖြင့် မောင်တင်ရွှေက ရဲဒင်းပြန်လုကြောင်း၊ မိမိကာမကြည့်တော့ပဲ ထသွားရာ ထုသံ တစ်ချက်ကြားလိုက်ကြောင်း၊ ပြန် သွား ကြည့် သော အခါ မောင်ထွန်းသိန်းမှာ နဖူးတွင် ကွဲနေသောဒဏ်ရာဖြင့် လဲကျနေသည်ကိုမြင်တွေ့ရကြောင်း ထွက်ဆိုထားသည်။

၅၂၈အချက်နှင့် ပတ်သက်ပြီး အချင်းများသည့် နေရာတွင် ရှိနေကြသော မောင်ဘိုးသိန်း (လိုပြ–၂) နှင့် မောင်သိန်း၀င်း (လိုပြ–၃) တို့က မောင်တင်ရွှေအား သေသူမောင်ထွန်းသိန်းက ရဲဒင်းဖြင့် ခုတ်မည်အပြုတွင် မောင်တင်ရွှေက ရဲဒင်းလုပြီး ခုတ်သည်ကိုမြင်ကြောင်း ထောက်ခံထွက်ဆိုထားကြသည်။ သက်သေဆရာဝန် ဦးဟန်ခန့်ထန် (လိုပြ–၉) က သေသူ မောင်ထွန်းသိန်း ရရှိသော ဒဏ်ရာ (၀) ချက်အနက် ဒဏ်ရာ အမှတ် (၅) မှာ သာမန်ဒဏ်ရာဖြစ်ကြောင်း၊ ဒဏ်ရာ အမှတ် (၃) အရ ညာ ဘက် ပါး ရိုး ကျိုး ပြီး အံ သွား တစ်ချောင်းပြုတ်ထွက်နေကြောင်း၊ ဒဏ်ရာ အမှတ် (၄) အရ မေးရိုးကျိုးပြီး၊ ဒဏ်ရာ အမှတ် (၇) နှင့် (၀) အရ ဦးခေါင်းအရိုး ကွဲအက်နေကြောင်းနှင့် သေသူမှာ သွေးလွန်ထိတ်လန့်ခြင်းကြောင့် သေဆုံးရကြောင်း ထွက်ဆိုထားသည်။

တရားခံ မောင်တင်ရွှေက သေသူကရန်စပြီး ရဲဒင်းနှင့်စတင်ထုသဖြင့် ရဲဒင်းကိုပြန်လုပြီး ပြန်လှန်၍ တစ်ချက်ထုလိုက်ခြင်းသာဖြစ်ကြောင်း၊မိမိကိုယ်ကို ကာကွယ်သည့်အနေဖြင့် ပြုလုပ်ခြင်းဖြစ်ကြောင်း ထွက်ဆို ထုချေထားသည်။

၁၉၈၄
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတမြန်မာ
နိုင်ငံတော်
နှင့်
မောင်တင်ရွှေ

မြို့နယ်တရားရုံးက ''တရားခံသည် မိုက်ဂုဏ်ဖြင့် ကျော်ကြား နေ သည့် သေသူက ရဲဒင်းဖြင့်ခုတ်ရန်လာခြင်းကို မကာကွယ်မခုခံလျှင် သေ ဆုံး ခြင်း (သို့မဟုတ်) အပြင်းအထန်နာကျင်စေခြင်း စသည့် အန္တရာယ်များမှ လွတ် မြောက်နိုင်ရန် အကြောင်းမရှိ၊ ထို့ကြောင့် မိမိပေါ် ကျရောက်လာမည့် အန္တရာယ်မှ လွတ်မြောက်စေရန်အတွက် သေသူအား သေစေသည်အထိ ကာကွယ်ခုခံခဲ့ခြင်းသည် လွန်လွန်းသည်ဟူ၍ ယူဆရန် အကြောင်းမရှိ။ တရားခံ အားပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၀၀ အရ ကာကွယ်ခုခံခွင့်ကိုပေးပြီး အောက်ပါ အတိုင်း အမိန့်ချမှတ်လိုက်သည်''ဟု သုံးသပ်ထားသည်။

၍အမှုတွင်တရားခံမှသက်သေတင်ပြခြင်းမရှိသည်သာမက သက်သေခံ(၄) ဖြောင့်ချက်ပေးထားကြောင်း တွေ့ရသည်။ အမှုတွဲတွင် ပေါ်ပေါက်သော သက်သေအထောက်အထားများအရ သေသူ၏လက်ဝယ်မှ ရဲဒင်းကိုလုယူလိုက် ပြီးနောက် မောင်တင်ရွှေသည် သေသူ၏ လက်တွင် သေစေလောက်သည့် လက်နက်တစုံတရာမရှိတော့သည့်အခါ သေသူ၌ ဒဏ်ရာ (၇) ချက် ရသည် အထိ ပြုလုပ်မှုကို ပြုလုပ်ခဲ့ခြင်းဖြစ်၍ ကာကွယ်ခုခံပိုင်ခွင့်ကို လိုသည်ထက် ပိုမို သုံးစွဲခဲ့သည်ဟု ကောက်ယူရပေမည်။ ထို့ကြောင့် မြို့နယ်တရားရုံးက မောင် တင်ရွှေသည် ခုခံကာကွယ်ခဲ့ခြင်းဖြစ်၍ ကင်းလွတ်ခွင့်ရှိသည်ဟု ကောက်ယူခဲ့ သည်မှာ မှန်ကန်သည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

သို့ဖြစ်၍ မောင်တင်ရွှေ အပေါ် မြို့နယ်တရားရုံးက အမှုမှ အပြီးအပြတ် လွှတ်သောအမိန့်ကို ပယ်ဖျက်ပြီး ပြစ်မှုဆိုင်ဥပဒေပုဒ်မ ၃၀၄ အရ ၎င်း၏ ချုပ်ရက်များကိုသာ ပြစ်ဒဏ်အဖြစ်ကျခံစေရန်အမိန့်ချမှတ်လိုက်သည်။

ပြစ်မှုဆိုင်ရာ အယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးတင်အောင်၊အဖွဲ့ဝင်များအဖြစ် ဦးမြကျော်နှင့် ဦးသန့်စင် တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်

နှင့်

အိုက်ထပ် (ခ) အိုက်ခမ်း*

†၁၉၀၄
အောက်တို
ဘာ
၀ ရက်

၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၆(ခ) – ဘိန်းစိမ်းများကို တရားခံ ကိုယ်တိုင်က ထုတ်ပေးခြင်း မဟုတ်လင့်ကစား ဘိန်းများထားရှိသော နေရာ သည် တရားခံ နေထိုင်လျက်ရှိသော အိမ်ဖြစ်ကြောင်း ထင်ရှား၍ တရားခံ၏ လက်ရှိဟု ကောက်ယူရန်ဖြစ်ခြင်း။

ဆုံးဖြတ်ချက်။ ။မြို့နယ်တရားရုံးက အိုက်ထပ် အား အပြီး အပြတ် လွှတ်ရာတွင် ကလေးငယ်က ထုတ်ပေးခြင်းသည် ၎င်း၏ ဖခင်က သိလျက်နှင့် လက်ဝယ်ထားရှိခြင်း မဟုတ်ဟု သုံးသပ်ထားသည်ကို တွေ့ရသည်။ ဆယ်နှစ် အရွယ် ကလေးက ဘိန်းစိမ်းများကို ထုတ်ပေးခြင်းမှန်သော်လည်း ထိုဘိန်း များ ထားရှိသော နေရာမှာ အိုက်ထပ် လက်ရှိနေထိုင်သော နေအိမ်မှသာ ဖြစ်၍ အိုက်ထပ်၏ လက်ရှိဖြစ်သည်ဟု ကောက်ယူရပေသည်။ အိုက်ထပ်သည် ထိုအိမ်တွင် အိမ်ထောင်ဦးစီးဖြစ်သဖြင့်လည်း ထိုအိမ်တွင်ရှိသော ပစ္စည်းသည် အခြားသူ တစ်ဦး၏ ပစ္စည်းဖြစ်ကြောင်း မပေါ်ပေါက်က သူ၏ပစ္စည်းပင် ဖြစ်သည်ဟု ယူဆရပေသည်။

အယူခံတရားလိုအတွက် – ဦးစိန်လှ၊ ဥပဒေဝန်ထမ်း အဆင့် (၁)

အယူခံ တရားခံအတွက် – မရှိ

---

* ၁၉၀၄ ခုနှစ်၊ ပြစ်မှု ဆိုင်ရာ အယူခံမှုအမှတ် ၇

† ၁၉၀၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၃၁တွင်ချမှတ်သော (၁၅-၈-၀၃) နေ့စွဲပါ တန်ယန်းမြို့နယ်တရားရုံး၏ အမိန့်ကို အယူခံမှု။

၁၉၀၄ မြည်ထောင်စု ဆို့ရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် နှင့် အိုက်ထပ် (ခ) အိုက်ခမ်း

ရှမ်းပြည်နယ် တန့်ယန်းမြို့နယ်တရားရုံးက ၁၉၀၂ ခုနှစ်၊ပြစ်မှုဆိုင်ရာအမှုကြီး အမှတ် ၃၁ တွင် အိုက်ထပ် (ခ) အိုက်ခမ်းအား ၁၉၇၄ ခုနှစ်၊ မူးယစ် ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေ ပုဒ်မ ၆ (ခ) အရ အရေးယူ စစ်ဆေးပြီးနောက် ၁၅–၀–၀၃ ရက်နေ့၌ အမှုမှ အပြီး အပြတ် လွှတ်လိုက်သည့်အတွက် ဗဟိုဥပဒေရုံးက မကျေနပ်၍ ဤအယူခံမှုကို တင်သွင်း ခြင်းဖြစ်သည်။

အမှုမှာ တောခို သောင်းကျန်းသူ လွှယ်မော်အဖွဲ့မှ ဘိန်းများကို ဝယ်ယူ စုဆောင်းနေကြောင်း အမှတ် (၁) လှုပ်ရှား စစ်ဗျူဟာ၏ ညွှန်ကြားချက် အရ သံလွင်ဦး စစ်ဆင်ရေးအဖွဲ့ ခလရ (၃၃) ထောက်လှန်းရေး တပ်ဖွဲ့နှင့် ရဲအထူးထောက်လှန်းရေး တပ်ဖွဲ့မှ ဒုရဲအုပ် ဦးကိုလေးတို့သည် သတင်းအရ အယူခံတရားခံ အိုက်ထပ်၏ နေအိမ်ကို သက်သေ လူကြီးများနှင့် အတူ ၂၉–၃–၀၂ ရက်နေ့ ညနေ ၅း၃၀ နာရီ၌ ရှာဖွေရာ အိုက်ထပ်၏ ဆယ်နှစ် အရွယ် သမီးကလေးက သင်္ဘောသီးများ ထည့်ထားသော တောင်းမှ အလေးချိန် တစ်ပိဿာနှင့် ငါးကျပ်သားရှိ၊ နှစ်ကျပ်သားခန့်စီ လုံးထားသော ဘိန်းလုံးငယ်များ ပါရှိသည့် အဝတ်ထုပ် တစ်ထုပ်ကို ထုတ်ပေးခဲ့သည်။ ဤသို့ တွေ့ရှိသဖြင့် ဗိုလ်ကြီးအောင်ကျော်ငြိမ်းက တန့်ယန်းပြည်သူ့ ရဲတပ်ဖွဲ့စခန်းသို့ တိုင်ချက်ပေးပို့ခဲ့ရာမှ ဤအမှု ပေါ်ပေါက်လာခြင်း ဖြစ်သည်။

ဗဟိုဥပဒေရုံးက အယူခံ အကြောင်းပြချက်များကို တင်ပြရာတွင် အိမ်၏ လသာဆောင်ရှိ ကွပ်ပျစ်ပေါ်တွင် တင်ထားသော သင်္ဘောသီး တောင်းဝဲမှ သိမ်းဆည်းမိခြင်းမှာ အငြင်းမပွားကြောင်း၊ ဘိန်းဟုလည်း ဓာတုဗေဒဓာတ်ခွဲ စမ်းသတ်မှုဖြင့် ပေါ်လွင်ပြီးဖြစ်ကြောင်း၊ တရားခံက အဆိပါ လူမမယ်ကလေး မလေးကို လွှဲချရန် ကြိုးစားခြင်းသာ ဖြစ်ကြောင်း၊ တရားခံ၏ လက်ဝယ်မှ ဘိန်းစိမ်းများ ရှာဖွေတွေ့ရှိသည်မှာ ပေါ်လွင်ကြောင်း တင်ပြသည်။

မြို့နယ်တရားရုံးက အိုက်ထပ်အား အပြီးအပြတ်လွှတ်ရာတွင် ကလေးငယ် က ထုတ်ပေးခြင်းသည် ၎င်း၏ ဖခင်က သိလျက်နှင့် လက်ဝယ်ထားရှိခြင်း မဟုတ်ဟု သုံးသပ်ထားသည်ကို တွေ့ရသည်။ ဆယ်နှစ် အရွယ်ကလေးက ဘိန်းစိမ်းများကို ထုတ်ပေးခြင်း မှန်သော်လည်း ထိုဘိန်းများ ထားရှိသော နေရာမှာ အိုက်ထပ်လက်ရှိ နေထိုင်သော နေအိမ်မှသာ ဖြစ်၍ အိုက်ထပ်၏ လက်ရှိ ဖြစ်သည်ဟု ကောက်ယူရပေသည်။ အိုက်ထပ်သည် ထိုအိမ်တွင် အိမ်ထောင်ဦးစီး ဖြစ်သဖြင့်လည်း ထိုအိမ်တွင်ရှိသော ပစ္စည်းသည် အခြားသူ တစ်ဦး၏ ပစ္စည်းဖြစ်ကြောင်း မပေါ်ပေါက်က သူ၏ပစ္စည်းပင် ဖြစ်သည်ဟု ယူဆရပေသည်။

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော် နှင့် အိုက်ထပ် (ခ) အိုက်ခမ်း

၁၉၀၄

ထို့ကြောင့် ဤအယူခံကိုခွင့်ပြုပြီး ရှုံးပြည်နယ်၊ တန့်ယန်းမြို့နယ်တရားရုံး၏ ၁၉၀၂ ခုနှစ် ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၃၁၀၇ အိုက်ထပ်အား ၁၉၇၄ခုနှစ်၊ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၆ (ခ) အရ အပြစ်မရှိဟု ယူဆပြီး အမှုမှ အပြီးအပြတ်လွှတ်သော အမိန့်ကို ပယ်ဖျက်၍ အိုက်ထပ်အပေါ် ယင်းဥပဒေပုဒ်မ ၆ (ခ) အရ အပြစ်တွေ့ရှိပြီးအိုက်ထပ်သည် အလုပ်ဖြင့် ထောင် ၅ (ငါး) နှစ် ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

အမှုအတွင်း ချုပ်ရက်များကို ပြစ်ဒဏ်မှ ထုတ်နုတ်ခွင့်ပြုသည်။

ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးအေးမောင်၊အဖွဲ့ဝင်များအဖြစ် ဦးလှဘုန်းနှင့် ဦးထွန်းရှိန် တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

†၁၉၀၄
ဒီဇင်ဘာလ
၂၀ ရက်

ဒေါ်ရွှေဝေပါ (၃)
နှင့်
၁။ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်
၂။ ဒေါ်မေကြည်*

သက်သေခံပစ္စည်း စီမံခန့်ခွဲခြင်း—ပစ္စည်းကို အလွဲသုံးစားမပြုဝဲ ပစ္စည်း ရောင်းရငွေများကိုသာ တရားခံက အလွဲသုံးစားပြုသည့်ကိစ္စ—ပစ္စည်း လက်ရှိ ထားခွင့် ရှိသူဆိုသော ထုတ်ပေးခြင်း။

ဆုံးဖြတ်ချက်။ ။တရားရုံးက သက်သေခံပစ္စည်းနှင့် စပ်လျဉ်း၍ စီမံခန့်ခွဲသည့် အမိန့်သည် ပစ္စည်းကို လက်ရှိထားခွင့်ရှိသူ ဟုတ်မဟုတ် စဉ်းစား၍ ဆုံးဖြတ်သော အမိန့်သာဖြစ်သည်။ ပစ္စည်းပိုင်ဆိုင်ခွင့်နှင့် စပ်လျဉ်း၍မူ တရားမ ကြောင်းအရ အဆုံးအဖြတ် ရယူရမည့် ကိစ္စဖြစ်ပေသည်။

လျှောက် ထားသူများ အတွက်— ဦးစန်းတင့်၊ ဗဟိုတရားရုံးရှေ့နေ

လျှောက်ထားခံရသူများအတွက်— (၁) ဦးအွန်ဇာနန်၊ ဥပဒေဝန်ထမ်း အဆင့် (၁)
(၂) ဦးတင်ညွန့်၊ဗဟိုတရားရုံးရှေ့နေ

သုံးခွမြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၃/၀၃ တွင် တရားခံ မနု (ခ) မခင်နုအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၆ အရ၊ ပြစ်ဒဏ်ချမှတ်ပြီး သက်သေခံ ရွှေထည်ပစ္စည်းများကို အမှုတိုင် လျှောက်သူ ဒေါ်မေကြည်အား ပေးစေရန်အမိန့်ချမှတ်ခဲ့သည်။ ယင်းသက်သေခံ ရွှေထည်ပစ္စည်းများသိမ်းဆည်း ခြင်းခံရသူများဖြစ်ကြသည့် ဒေါ်ရွှေဝေတို့က မကျေနပ်၍ ရန်ကုန်တိုင်းတရားရုံးသို့ ပြင်ဆင်မှု ဝင်ရောက်ခဲ့ရာ မအောင်မြင်၍ ဗဟိုတရားရုံးသို့ ၎င်းပြင်ဆင်မှုကို တင်သွင်းသည်။

---

* ၁၉၀၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှု အမှတ် ၃၁၇ (ခ)
† ၁၉၀၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၇၁ကွင်ချမှတ်သော (၂၁-၃-၀၄) နေ့စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ အမိန့်ကိုပြင်ဆင်မှု။

၁၇–၇–၀၂ နေ့၊ နေ့လည် ၁၂ နာရီ အချိန်ခန့်တွင် ဒေါ်မေကြည်သည် မိမိခင်ပွန်းနှင့် တဌာနတည်းတွင် အလုပ်လုပ်ကိုင်သူ ကိုမြင့်ကြည်၏ ဇနီး မနု (ခ) မခင်နုက အိမ်ဆောက်ပစ္စည်းများ ရအောင်ပြုလုပ်ပေးမည် ပြော၍ ငွေပေးရန်ပြောရာ မိမိက ငွေအဆင်သင့်မရှိ၍ ရွှေထည်ပစ္စည်း စုစုပေါင်းတန်ဖိုး ငွေကျပ် ၂၂၂၀၀/-ခန့်ကို ငွေဖြင့် ခေတ္တဖန်တည်း၍ ပစ္စည်းများ ဝယ်ယူပေးရန် အပ်လိုက်ကြောင်း၊ မနုသည် အိမ်ဆောက် ပစ္စည်းများကို ဝယ်မပေးသည့်ပြင် ရွှေထည်ပစ္စည်းများကိုလည်း သူ၏ကိုယ်ကျိုးအတွက် အလွဲသုံးစား ပြုလုပ်ကြောင်း ဖော်ပြ၍ တိုင်လျှောက်ရာမှ ပေါပေါက် လာသော အမှု ဖြစ်သည်။

လျှောက်ထားသူများက တင်ပြရာတွင် ဒေါ်မေကြည်၏ ခွင့်ပြုချက် အရ၊ ပစ္စည်းကို စိမ်ခန့်ခွဲပိုင်ခွင့်ရှိသူ တရားခံ မနုက လာရောက် ရောင်းချသည်ကို သဘောရိုးဖြင့် တန်ရာတန်ဖိုးပေးပြီး ဝယ်ခဲ့ခြင်းဖြစ်၍ သက်သေခံ ရွှေထည် ပစ္စည်းများကို သူတို့သာ ရထိုက်ကြောင်း၊ တရားခံ မနု (ခ) မခင်နု အလွဲသုံးစား ပြုလိုက်သည်မှာ ရွှေမဟုတ်ပဲ ရွှေရောင်းရသော ငွေများသာ ဖြစ်ကြောင်းတို့ကို အဓိက ပြင်ဆင်မှု အကြောင်းပြချက်များအဖြစ် တင်ပြထားသည်။

မြို့နယ်တရားရုံး အမှုတွဲကို စိစစ်လေ့လာရာတွင် ဒေါ်မေကြည်က "ကျွန်မက ရွှေထည် ပစ္စည်းများကို ပေးလိုက်ခြင်းမှာ ကျွန်မ ပေးလိုက်သည့် ရွှေထည် များကို အခြားသင့်လျော်သော နေရာတွင် ခေတ္တပေါင်ထားပြီး ပစ္စည်းဝယ် ပေးရန် ပြော၍ ပေးလိုက်ခြင်းသာဖြစ်ပါသည်" ဟူ၍ ထွက်ဆိုထားပြီး တရားခံ မနုက သူ့အား ဒေါ်မေကြည်က သက်သေခံ ရွှေထည် ပစ္စည်းများအား ပေါင်ခိုင်းရန် လျှောက်ထားကြသူများထံ ပေါင်နှံခဲ့ကြောင်း ထွက်ဆိုထားသည်။ လျှောက်ထားသူ (၁) ဒေါ်ရွှေဝေက မောင်နှံ ခုနစ်ဖော် လက်ကောက် (၁၄) ကွင်းကို ငွေကျပ် ၁၀၀၀၀/–ဖြင့် လည်းကောင်း၊ လျှောက်ထားသူ (၂) ဒေါ်ညိုက ယိုးဒယားဘတ်ကုံး ခွဲကြိုးတစ်ကုံးကို ငွေကျပ် ၃၅၀၀/– ဖြင့် လည်းကောင်း၊ လျှောက်ထားသူ (၃) ဒေါ်ခင်အေးကြူက ရွှေလက်စွပ် တစ်ကွင်းကို ငွေကျပ် ၁၅၀၀/-ဖြင့် လည်းကောင်း၊ မနု (ခ) မခင်နုထံမှ အပေါင်ခံခဲ့ခြင်း မဟုတ်ပဲ ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း ထွက်ဆိုထားကြသည်။ မည်သည့် ဘက်ကိုမျှ ထောက်ခံသည့် သက်သေခံချက် မရှိချေ။ ထို့ပြင် လျှောက်ထားသူများသည် ယင်းသက်သေခံ ပစ္စည်းများကို သဘောရိုးဖြင့် တန်ရာတန်ဖိုးပေး၍ ရယူခဲ့ခြင်း မဟုတ်ကြောင်းလည်း သက်သေခံ အထောက် အထား မတွေ့ရှိရပေ။

တရားရုံးသည် စုံစမ်းစစ်ဆေးမှု သို့မဟုတ် စစ်ဆေးစီရင်မှု ပြီးဆုံးသည့် အခါ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၇(၁)အရ သက်သေခံပစ္စည်းကို ထုတ်ပေးရာတွင် လက်ရှိထားခွင့် ရှိသူသို့ ထုတ်ပေးရန် ဖြစ်သည်။

၁၉၀၄ ဒေါ်ရွှေဝေ ပါ(၃) နှင့် ၁။ ပြည် ထောင်စု ဆို့ရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော် ၂။ ဒေါ်မေ ကြည်

၁၉၀၄ ဒေါ်ရွှေဝါ(၃) နှင့် ၁။ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်၂။ ဒေါ်မေကြည်

ဤအမှုတွင် အငြင်းပွားသော အချက်များမှာ ဒေါ်မေကြည်က မနှစ်အား ရွှေထည်ပစ္စည်းများ အပ်၍ ထိုပစ္စည်းများဖြင့် ငွေရှာပြီး အိမ်ဆောက်ပစ္စည်းများ ဝယ်ယူပေးရန်ပြောကြောင်း၊ မနှက ထိုရွှေသည် ပစ္စည်းများကို ဒေါ်ရွှေဝေတို့ထံ ပေးအပ်၍ ငွေရယူသွားကြောင်း၊ ရယူသွားသော ငွေများကို မနှက အလွဲသုံးစား ပြုကြောင်းတို့ ဖြစ်သည်။ ဒေါ်မေကြည်ထံမှ မနှယူသွားသော ပစ္စည်းများအတွက် ဒေါ်မေကြည်သည် နစ်နာသည်ဟု ယူဆပါက တရားမကြောင်း စွဲ၍ အရေးဆိုပိုင်ခွင့် ရှိနေပေသည်။

တရားရုံးက သက်သေခံပစ္စည်းနှင့် စပ်လျဉ်း၍ စိစံခန့်ခွဲသည့် အမိန့်သည် ပစ္စည်းကို လက်ရှိထားခွင့်ရှိသူ ဟုတ်မဟုတ် စဉ်းစား၍ ဆုံးဖြတ်သော အမိန့်သာဖြစ်သည်။ ပစ္စည်းပိုင်ဆိုင်ခွင့်နှင့် စပ်လျဉ်း၍မူ တရားမကြောင်းအရ အဆုံးအဖြတ် ရယူရမည့် ကိစ္စဖြစ်ပေသည်။

သို့ဖြစ်၍ ဤပြင်ဆင်မှုကို ခွင့်ပြုပြီး သက်သေခံ ရွှေထည် ပစ္စည်းများကို သုံးခွဲမြို့နယ်တရားရုံးက ဒေါ်မေကြည်အား ပေးအပ်ခဲ့သည့် အမိန့်နှင့် ယင်း အမိန့်ကို အတည်ပြုခဲ့သည့် ရန်ကုန်တိုင်းတရားရုံး၏ အမိန့်တို့ကို ပယ်ဖျက်ပြီး သက်သေခံရွှေထည်ပစ္စည်းများကို သိမ်းဆည်းခြင်းခံခဲ့ရသည့် လျှောက်ထားသူ အသီးသီးအား ပြန်ပေးစေရန် အမိန့်ချမှတ်သည်။

ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ်ဦးလှဘုန်း၊ အဖွဲ့ဝင်များအဖြစ် ဦးထွန်းရှိန်နှင့် ဦးအေးမောင် တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦး လှ ဖေ
နှင့်
(၁) ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်
(၂) ကိုထွန်းရီ*.

†၁၉၀၄
ခိုဝင်ဘာလ
၁၃ ရက်

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၉၂ အရ အပြစ်ရှိသူအား ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၂ (၁–က) အရ ဆိုဆုံးမ၍ သွတ်ဖိုင်ခွင့် မရှိခြင်း။

ဆုံးဖြတ်ချက်။ ။တရားခံ ဖြစ်သူ ကိုထွန်းရီ အပေါ် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၃၉၂ အရ လုယက်မှု ကျူးလွန်ကြောင်း တွေ့ရှိထားသော အမှုဖြစ်သည်။ ယင်းပုဒ်မပါ ပြစ်မှုကို ကျူးလွန်လျှင် ထောင်ဒဏ် ၁၀ နှစ် အထိ ပြစ်ဒဏ် ထိုက်ကြောင်း ပြဋ္ဌာန်းထားသည်။ ၎အခြေအနေအရ ထောင်ဒဏ် ၁၀ နှစ် အထိ ပြစ်ဒဏ်သတ်မှတ်နိုင်သော လုယက်မှုသည် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၅၆၂ (၁–က) ပါ ဆိုဆုံးမလွှတ်နိုင်ရန် လိုအပ်သည့် အင်္ဂါရုပ်များနှင့် အကျုံးဝင်ခြင်း မရှိပေ။

လျောက်ထားသူ အတွက် — ဦးမြင့်ဆွေ၊ ဗဟိုတရားရုံးရှေ့နေ

လျောက်ထားခံရသူအတွက် — ဦးခင်မောင်ဦး၊ ဥပဒေဝန်ထမ်း အဆင့် (၁)

စစ်ကိုင်းတိုင်း ချောင်းဦးမြို့နယ်တရားရုံး၌ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၆၅/၀၁ တွင် လျောက်ထားခံရသူ အမှတ် (၂) ကိုထွန်းရီအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၉၂ အရ ပြစ်မှုထင်ရှား စီရင်ပြီး ဆိုဆုံးမလွှတ်လိုက်ကြောင်း အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို မကျေနပ်သဖြင့် မူလတရားလို ဦးလှဖေက ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၆၂ (၃)အရ ဗဟိုတရားရုံးသို့ ၎ပြင်ဆင်မှုကို လျောက်ထားသည်။

---

* ၁၉၈၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၂၂၀ (ခ)

† ၁၉၀၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၆၅ တွင် ချမှတ်သော (၂၂-၆-၀၁) နေ့စွဲပါ ချောင်းဦးမြို့နယ်တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၁၉၀၄

ဦးလှဖေနှင့် ၁။ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ၂။ ကိုထွန်းရီ

မြို့နယ်တရားရုံး အမှုတွဲပါ ဦးလှဖေ၏ တိုက်ရိုက်လျှောက်လွှာအရ ဦးလှဖေ၏ စာရင်းငှား ကိုအောင်ငွေ မောင်းနှင် လာသော ဦးလှဖေပိုင် လှည်းနှင့် နွားများကို ကိုထွန်းရီက လုယူသွားခဲ့ကြောင်းဖြင့် ဖော်ပြတိုင်လျှောက်ခဲ့ရာမှ ၎အမှုပေါ်ပေါက်ခဲ့သည်။

မြို့နယ်တရားရုံး အမှုတွဲကို ကြည့်ရှု လေ့လာသည့် အခါ ကိုအောင်ငွေ (လိုပြ– ၂) က ဦးလှဖေ၏ လှည်းကို မိမိမောင်းလာစဉ် ကိုထွန်းရီသည် လှည်းပေါ်သို့ တက်လာပြီး မိမိလက်ထဲမှ နွားကြိုးကို လုယူကြောင်း၊ ပြန်လုမည့် အလုပ်တွင် လှည်းတွင် ညှပ်ထားသည့် ဓားကို ကိုထွန်းရီက ဆွဲယူပြီး မိမိအား ခုတ်သဖြင့် ထွက်ပြေးလာခဲ့ရကြောင်း ထွက်ဆိုထားသည်။ ကိုထွန်းရီက နွားလှည်း ယူခဲ့ခြင်းကို ငြင်းဆိုခြင်းမရှိပဲ ယင်းအချက်နှင့် စပ်လျဉ်း၍ ကိုအောင်ငွေအား ပထမအကြိမ် စစ်ဆေးစဉ်ကလည်းကောင်း၊ ပြန်ခေါ်သက်သေ အနေဖြင့် စစ်ဆေးစဉ်ကလည်းကောင်း၊ ပြန်လှန်မေးမြန်းခဲ့ခြင်း မရှိကြောင်းတွေ့ရသည်။ ထို့ကြောင့် ကိုထွန်းရီသည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၉၂ အရ လုယက်မှု ကျူးလွန်ခဲ့ကြောင်း ပေါ်ပေါက်သည်။

မြို့နယ်တရားရုံးက ကိုထွန်းရီသည် သူပိုင်ဆိုင်သင့်သော နွားလှည်းဖြစ်သည်ဟု ယူဆ၍ ပြုလုပ်ခဲ့ခြင်းဖြစ်၍လည်းကောင်း၊ လုယူပြီးနောက် ရပ်ကွက်ပြည်သူ့ကောင်စီဥက္ကဋ္ဌသို့ လှည်းနှင့် နွားကိုပေးအပ်ခဲ့ကြောင်း တွေ့ရ၍လည်းကောင်း၊ ပြစ်ဒဏ် သက်သာစွာ သတ်မှတ်သင့်သည်ဟု သုံးသပ်ထားသည်။

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ၌ တရားခံတစ်ဦးအား အပြစ်မပေးပဲ ဆိုဆုံးမလွှတ်နိုင်သည့် လုပ်ပိုင်ခွင့်ကို ပုဒ်မ ၅၆၂ (၁–က) တွင် ပြဋ္ဌာန်းထားသည်။ ယင်းပြဋ္ဌာန်းချက်အရ တရားခံ တစ်ဦးသည် ခိုးမှု၊ သို့မဟုတ် အလွဲသုံးစားမှု၊ သို့မဟုတ် ယုံကြည်အပ်နှံရေး ဖောက်ဖျက်မှု၊ သို့မဟုတ် လိမ်လည်မှု၊ သို့မဟုတ် ၂ နှစ်ထက် မပိုသော ပြစ်ဒဏ်ထိုက်သည့် ပြစ်မှုဆိုင်ရာ ဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း တွေ့ရှိရလျှင် ထိုတရားခံသည် ယခင်က ပြစ်မှုတစုံတရာ ကျူးလွန်ခဲ့ခြင်းရှိကြောင်း မပေါ်ပေါက်သည့် အခါများတွင် တရားခံ၏ အသက်၊ အကျင့်စာရိတ္တ၊ ကျန်းမာရေး အခြေအနေ၊ ပြစ်မှုအတိုင်းအတာတို့ကို ထောက်ရှု၍ အခြားပြစ်ဒဏ် မသတ်မှတ်ပဲ ဆိုဆုံးမ လွှတ်နိုင်သည်ဟု ပြဋ္ဌာန်းထားသည်။ တရားရုံးတစ်ရုံးသည် ဆိုဆုံးမ လွှတ်ရန် သင့်မသင့် စဉ်းစားသည့်အခါ ၎ပုဒ်မပါ ပြဋ္ဌာန်းချက်နှင့်အညီသာ စဉ်းစားဆုံးဖြတ်ပြီး ဆောင်ရွက်ရန် ဖြစ်သည်။

ယခုအမှုသည် တရားခံဖြစ်သူ ကိုထွန်းရီအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၉၂ အရ လုယက်မှု ကျူးလွန်ကြောင်း တွေ့ရှိထားသော အမှုဖြစ်သည်။

ယင်းပုဒ်မပါ ပြစ်မှုကို ကျူးလွန်လျှင် ထောင်ဒဏ် ၁၀ နှစ် အထိ ပြစ်ဒဏ် ထိုက်ကြောင်း ပြဋ္ဌာန်းထားသည်။ ၅၂အခြေအနေအရ ထောင်ဒဏ် ၁၀ နှစ် အထိ ပြစ်ဒဏ် သတ်မှတ်နိုင်သော လုယက်မှုသည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၅၆၂ (၁–က) ပါ ဆိုဆုံးမ လွှတ်နိုင်ရန် လိုအပ်သည့် အင်္ဂါရပ်များနှင့် အကျုံးဝင်ခြင်း မရှိပေ။ ထို့ကြောင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၉၂ အရ လုယက်မှု ကျူးလွန်သော ကိုထွန်းရီကို ဥပဒေနှင့် ညီညွတ်သော ပြစ်ဒဏ် သတ်မှတ်ရမည်သာ ဖြစ်သည်။

၁၉၀၄
ဦးလှဖေ နှင့် ၁။ ပြည်တောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်

သို့ဖြစ်၍ မြို့နယ်တရားရုံးက ကိုထွန်းရီအား ဆိုဆုံးမလွှတ်ကြောင်း ချမှတ် ခဲ့သည့် အမိန့်ကို ပယ်ဖျက်ပြီး ကိုထွန်းရီအား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၉၂ အရ ရုံးတက်ခုံးဆင်း ထောင်ဒဏ် ၁ ရက်နှင့် ငွေဒဏ်ကျပ် ၁၀၀/– ပေးဆောင်စေရန်၊ ငွေဒဏ် မဆောင်က ထောင်ဒဏ် ၁ လ ကျခံစေရန် အမိန့်ချမှတ်သည်။

၂။ ကိုထွန်းရီ

၁၉၈၄ ခုနှစ်

(အောက်တိုဘာ၊ နိုဝင်ဘာနှင့် ဒီဇင်ဘာလ)

တရားမမှုများ

F.2 A

စီရင်ထုံးပြုသောမှုခင်းများ

တရားမမှုများ

စာမျက်နှာ

ဦးကိုရင်	နှင့်	မောင်ရဲမြင့်	၂၂၉
မောင်ကိုဦး ပါ(၆)	နှင့်	ဦးပြား ပါ(၃)	၂၃၂
ဒေါ်ကြင်ကျူး	နှင့်	မောင်ကြည်စိန် ပါ(၂)	၂၃၆
ဦးကြွား ပါ(၇)	နှင့်	ဒေါ်တင်လှ ပါ(၄)	၂၃၉
ဒေါ်ခင်လေး ပါ(၃)	နှင့်	မောင်ရွှေ	၂၄၃
ဒေါ်ချူလိုင်ဖိုင် (ခ)ဒေါ်လှရွှေ	နှင့်	ဒေါ်မြစိန်းအေး	၂၄၆
ဦးစံဦး (ခ) ဦးစွတ်ပရား	နှင့်	ဦးလှမြင့်	၂၅၀
ဦးစိုးလှိုင် ပါ(၂)	နှင့်	ဦးတင်ရွှေ ပါ(၄)	၂၅၂
ဦးစိန်	နှင့်	ဒေါ်မြအောင် ပါ(၂)	၂၅၅
ဒေါ်ဇာရာဘီဘီ ပါ(၅)	နှင့်	ဒေါ်လှရင်	၂၅၇
ဦးဇော်ဝင်း	နှင့်	ဦးဖေတင်ဝင်း	၂၆၁
ဒေါ်တင်ရီ	နှင့်	ဒေါ်နှင်းစိန်	၂၆၄
ဒေါ်တင်ရီ	နှင့်	၁။ မြို့ပြဆိုင်ရာဌားရမ်းခကြီးကြပ်ရေးအဖွဲ့၊ အရှေ့မြောက်မြို့နယ် ပြည်သူ့ကောင်စီ၊ မန္တလေးမြို့	
		၂။ မခင်မြဝင်း	၂၆၇
ဦးတင်ဦး	နှင့်	ဦးဝမ်ဟုတ်	၂၇၀
ဦးထွန်းတင်	နှင့်	ဦးဌေး ပါ(၂)	၂၇၂
ဒမလူးကေမင်	နှင့်	ဦးမောင်ခို (ခ) နိုင်းနားဂျမားလ်	၂၇၄
ဒေါ်ပု ပါ(၄)	နှင့်	မအေးမြင့် ပါ(၂)	၂၇၇

စာမျက်နှာ

ဒေါ်ပြုံး နှင့် ဦးစိုးမြင့် ၂၀၁
ဖာတမာဘိဘိ ပါ(၄) နှင့် ကျော်အိပ်ချိစိနာခူးဒါး ၂၀၄
ဦးဘစန် ပါ(၃) နှင့် ဒေါ်လှလှပါ(၃) ၂၀၇
ဦးဘိုးဝယ်ပါ(၂) နှင့် ဦးညိုကြီး ပါ(၅) ၂၉၁
ဦးမောင်ရီ ပါ(၂) နှင့် မောင်သန်းဦး ၂၉၄
ဦးမျိုးမင်း နှင့် ဒေါ်မြမြထွန်း ၂၉၇
ဦးမြက်ကျော် နှင့် ဦးသိန်းမောင် ပါ(၅) ၃၀၂
ဦးယုကြည် နှင့် ဦးအောင်ခင်ဦး ပါ(၄) ၃၀၀
ဦးသာဝင်း နှင့် ဦးတောင်ကြီး ၃၁၁
ဦးသန်း နှင့် ၁။ မခင်လှမြင့်
၂။ ဒေါ်သိန်းမေ ၃၁၃
ဒေါ်သိန်းခင် နှင့် ဦးအောင်ကို ၃၁၇
ဒေါ်သိန်းနွဲ့ နှင့် ဦးထွန်းလှိုင် ပါ(၃) ၃၂၀
ဒေါ်သိန်းမြ နှင့် ဒေါ်ကျင်(ခ)အကျင် ၃၂၀
ဦးသိန်းအောင် ပါ(၂) နှင့် ဒေါ်ဝင်း ပါ(၃) ၃၃၁
အယွတ်အီး–ကျော်ဝါမိုးရား နှင့် အမ်မိုဟာမက်မွတ်
စတဖာကမာလ် ပါ(၃) ၃၃၅
ဦးအေး ပါ(၃) နှင့် ဒေါ်နှင်းရီ ပါ(၂) ၃၃၇
ဦးအောင်မြင့် နှင့် ဦးစိန်လွင်(ခ)
ဦးဝမ်စိန် ပါ(၂) ၃၄၁
ဒေါ်ကြူ နှင့် မောင်ကြည်စိန် ပါ(၂) ၃၄၄

ညွှန်းချက်

တ ရား မ မှု များ

ဥပဒေများ —

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ

ကာလစည်းကမ်းသတ် ဥပဒေ

တရားမကျင့်ထုံး ဥပဒေ

ပဋိညာဉ် အက်ဥပဒေ

ပစ္စည်းလွှဲပြောင်းရေးအက်ဥပဒေ

မြန်မာဓလေ့ထုံးတမ်း ဥပဒေ

သီးခြားသက်သာခွင့် အက်ဥပဒေ

၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးဥပဒေ

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၃ (၃)—မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးအဖွဲ့၏အမိန့်များအား ပယ်ဖျက်နိုင်ခွင့် အာဏာကို နိုင်ငံတော်ကောင်စီသို့ အပ်နှင်းထားပြီး ဖြစ်ခြင်း။

ဆုံးဖြတ်ချက်။ ။ယခင်အခါက မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးဝန်က ပုဒ်မ ၁၃(၁)အရ ချမှတ်သည့် အမိန့်ကိုမကျေနပ်လျှင် ယခင်တရားလွှတ်တော်ချုပ်နှင့် နိုင်ငံတော် တရားရုံးချုပ်သို့ စာချွန်တော်ဖြင့် ပယ်ဖျက်ပေးရန်အတွက် လျှောက်ထားနိုင်သော်လည်း ယခုအခါတွင် ပြည်ထောင်စုဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၃ (၃) အရ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးအဖွဲ့၏ အမိန့်တို့အား ပယ်ဖျက်နိုင်ခွင့်အာဏာကို နိုင်ငံတော်ကောင်စီသို့ အပ်နှင်းထားပြီး ဖြစ်သည့် အလျောက်တရားရုံးများမှနေ၍ ဤအမှုမျိုးကို လက်ခံကြားနာစီရင်ရန် အကြောင်း မရှိတော့ချေ။

ဒေါ်တင်ရီ နှင့် ၁။ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးအဖွဲ့၊
အရှေ့မြောက်မြို့နယ် ပြည်သူ့ကောင်စီ၊
မန္တလေးမြို့
၂။ မခင်မြဝင်း ၂၆၇

စာမျက်နှာ

ာရားမကျင့်ထုံး အမိန့် ၉၊ နည်း ၄ အရ လျှောက်ထားမှုများတွင် ကာလစည်းကမ်းသတ် ဥပဒေ ပုဒ်မ ၅ အရ ကာလစည်းကမ်းသတ်ကို တိုးချဲ့ခြင်း မပြုနိုင်။

ဆုံးဖြတ်ချက်။ ။ကာလစည်းကမ်းသတ် ဥပဒေပုဒ်မ ၅ သည် တရားမကျင့်ထုံး ဥပဒေအမိန့် ၉၊ နည်း ၄ အရ၊လျှောက်ထားမှုများနှင့် သက်ဆိုင်ခြင်းမရှိသောကြောင့် ကာလစည်းကမ်းသတ်ကို တိုးချဲ့ခြင်း ပြုနိုင်မည် မဟုတ်ပေ။

ထင်မံဆုံးဖြတ်ချက်။ ။၎င်အမှုကို ယခင်နိုင်ငံတော် တရားရုံးချုပ်က စစ်ဆေးခဲ့ရာ ၎င်း၏ မူလဘက်ဆိုင်ရာ နည်းဥပဒေအပိုဒ် ၃၄ အရ၊ အမှုခေါ်စာရင်းမှ ပယ်ဖျက်ခဲ့သည့်အမှုဖြစ်၍ ကုန်သွယ်ရေး ဦးစီးဌာနက အမှုကိုပြန်လည်ဖွင့်လှစ် ဆက်လက်ဆောင်ရွက်ပေးရန် မူလဘက်ဆိုင်ရာ နည်းဥပဒေအပိုဒ် ၃၅ အရသာ ၎င်ဗဟိုတရားရုံးသို့ ခိုင်လုံသော အကြောင်းများ တင်ပြလျှောက်ထားရမည် ဖြစ်ပေသည်။ ထိုသို့ မဆောင်ရွက်ခဲ့ပဲ ရန်ကုန်တိုင်းတရားရုံးတွင် တရားမကျင့်ထုံးအမိန့် ၉၊ နည်း ၄ အရ၊ လျှောက်ထားခဲ့ခြင်းမှာလည်း မှားယွင်း နေပေသည်။

ဦးဇော် ဝင်း နှင့် ဦးဖေ တင် ဝင်း ၂၆၁

များ၏ အခွင့်အရေးနှင့် သက်ဆိုင်သော အမှုမျိုးတွင် တရားလို အဖြစ် ဆောင်ရွက်မည့်သူ၏ လိုက်နာရမည့် နည်းလမ်း—ထိုအမှုမျိုးတွင် တရားလိုက အမိန့် ၁၊ နည်း ၀ ပါလိုအပ်ချက်များကို ဆောင်ရွက်ခြင်း မရှိရုံမျှဖြင့် တရားရုံးက အမှုကို ပလပ်မှုမပြုနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။အများ၏ အခွင့်အရေးနှင့် သက်ဆိုင်သော အမှုများတွင် တဦးတယောက်တည်းက တရားလို ပြုလုပ်၍ တရားစွဲဆိုလျှင် တရားမကျင့်ထုံးဥပဒေအမိန့် ၁၊ နည်း ၀ အရ တရားရုံး၏ ခွင့်ပြုချက်ကို ရယူခြင်းနှင့် သက်ဆိုင်သူ၊ စိတ်ဝင်စားသူ များအား အကြောင်းကြား စာများထုတ်ခြင်း စသည်တို့ကို ပြုလုပ်ရန် လိုအပ်ပေသည်။
ထင်မံဆုံးဖြတ်ချက်။ ။ထိုကဲ့သို့ မဆောင်ရွက်ခဲ့သည့် အကြောင်းကြောင့်တရားရုံးက အမှုကို ပလပ်နိုင်မည် မဟုတ်ပေ။ လိုအပ်သည့် ဆောင်ရွက်ချက်များ ပြုလုပ်ရန်ကိုသာ ညွှန်ကြားရပေမည်။

ဦးစံဦး (ခ) ဦးစွတ်ပရား နှင့် ဦး လှမြင့် ၂၅၀

အမွေပစ္စည်းများ ခွဲဝေပေးစေလိုမှုတွင် အမွေ ဆိုင်များသည် အမွေပုံမှ ရရန်ရှိသည့်ဝေစုအပြင် အမွေပစ္စည်းမှ ဖြစ်ထွန်းလာသော အကျိုးအမြတ်ကိုလည်း ခံစားပိုင်ခွင့်ရှိခြင်း။

ဆုံးဖြတ်ချက်။ ။အမွေပစ္စည်းများကို ခွဲဝေပေးစေလိုမှုတွင် အမွေဆိုင်များသည် အမွေပုံပစ္စည်းတွင် ဥပဒေအရ မိမိတို့ ရရန်ရှိသော ဝေစုများကို ရခွင့်ရှိသည့်အပြင် အမွေပစ္စည်းမှ ဖြစ်ထွန်းသော အကျိုးအမြတ်များကိုလည်း ခံစားခွင့်ရှိပေသည်။

ဒေါ် ခင်လေး ပါ(၃) နှင့် မောင်ရွှေ.... .... ၂၄၃

တရားမကျင့်ထုံးဥပဒေအမိန့် ၁၇၊ နည်း ၂ — သင့်လျော်သည့် အမိန့်ချမှတ်နိုင်သည်ဆိုရာ၌ အမှုကိုပလပ်ခြင်းထက် သာ၍ သက်ညှာသော အမိန့်မျိုးကိုဆိုလိုသည်ဟု အဓိပ္ပာယ်ကောက်ယူ သင့်ခြင်း၊ ထိုသို့သော အမှုကိစ္စမျိုးတွင် တဘက်အမှုသည်အား တရားစရိတ်ပေးစေခြင်း အမိန့်မျိုးသာ ချမှတ်သင့်ခြင်း။

ဆုံးဖြတ်ချက်။ ။၁၉၈၁ ခုနှစ်၊ဇွန်လ ၂၄ ရက်နေ့တွင် တရားလိုဘက်ကို စစ်ဆေးရန် ချိန်းဆိုခဲ့သည်ဖြစ်ရာ ထိုနေ့တွင် တရားလိုဘက်မှ တရားရုံးသို့လာရောက်ရန် ပျက်ကွက်သောကြောင့် တိုင်းတရားရုံးသည် တရားမကျင့်ထုံးဥပဒေ အမိန့် ၁၇၊ နည်း ၂ တွင် ပြဋ္ဌာန်းထားသည့် အတိုင်းတရားလို စွဲဆိုသောအမှုကို ပလပ်နိုင်သည်။ သို့တည်းမဟုတ် အခြား သင့်တော်သည့် အမိန့်တစ်ရပ်ကို ချမှတ်နိုင်သည်။ ယင်းပြဋ္ဌာန်းချက်များကို တရားမကျင့်ထုံး ဥပဒေအမိန့် ၉၊ နည်း ၈ နှင့် ပူးတွဲ ဖတ်ရှုပါက အမှုမစစ်ဆေးမီအဆင့်တွင် တရားလို မလာလျှင် တရားရုံးက တရားလိုစွဲဆိုသော အမှုကို အမိန့် ၉၊ နည်း ၈ အရ ပလပ်ရန် ဖြစ်ပြီး၊ အမှုစစ်ဆေးဆဲကာလ၌ တရားလိုမလာလျှင် တရားရုံးက အမှုကို ပလပ်သင့်မသင့် ဆင်ခြင်တုံ တရားအရ ဆောင်ရွက်ရန် လုပ်ပိုင်ခွင့်ပေးထားကြောင်း တွေ့မြင်ရမည်ဖြစ်သည်။

တရားရုံးက တရားလို၏ အမှုကို ပလပ်ခြင်းမပြုပဲ အခြားသင့်တော်သည့် အမိန့်ချမှတ်နိုင်သည် ဆိုရာ၌ အမှုကို ရွှေ့ဆိုင်းပေးရသည့် အတွက် တဘက်အမှုသည်အား တရားစရိတ် ပေးစေခြင်း ကဲ့သို့သော အမိန့်မျိုးကို ရည်ညွှန်းသည်။

စာမျက်နှာ

တရားမကျင့်ထုံးဥပဒေအမိန့် ၁၇၊ နည်း ၂ တွင် ရည်ရွယ်သော သင့်တော်သည့်အမိန့်သည် တရားလို၏အမှုကို ပလပ်ခြင်းထက် သာ၍ သက်ညှာသော အမိန့်မျိုးဖြစ်သည်ဟု ကောက်ယူသင့်ပေသည်။

ဦး အောင် မြင့် နှင့် ဦး စိန် လွင် (ခ) ဦး ဝမ် စိန် ပါ (၂) ၃၄၁

တရားမကျင့်ထုံးဥပဒေအမိန့် ၃၀၊ နည်း ၂ – ဖြောင့်ဆိုဝန်ခံထား သူ အမှုသည်က သက်သေခံခွင့် ရှိမရှိ။

ဆုံးဖြတ်ချက်။ ။ အမှုတွင် တရားဆိုင်ကြရမည့်သူတို့မှာ တရားလို ဦးဌေးနှင့် တရားပြိုင်ဦးထွန်းတင်တို့သာ ဖြစ်သည်။ အကယ်၍ အမှုတွင် ဦးသန်းထွန်းက သက်သေခံရန် လိုအပ်ပါမူ တရားလိုဦးဌေးသည် သူ့အား သက်သေပြခွင့်ရှိသည့် အားလျော်စွာ အမှုသည်များအား ထိခိုက်နစ်နာနိုင်စရာအကြောင်းမရှိချေ။ဦးသန်းထွန်းအနေဖြင့် အမှုတွင် ဖြောင့်ဆိုဝန်ခံထားသောကြောင့် တရားမကျင့်ထုံးဥပဒေအမိန့် ၁၈၊ နည်း ၂ အရသက်သေခံခွင့်မရှိချေ။

ဦး ထွန်း တင် နှင့် ဦး ဌေး ပါ (၂) ၂၇၂

တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်း ၂၉ ပါ ပြဋ္ဌာန်းချက်–မိမိ ရုံးတွင် ဆောင်ရွက်ခဲ့ဖြစ်သည့် ဇာရီမှုကိုသာ ဆိုင်းငံ့နိုင်ပြီး၊ အခြားရုံးရှိ ဇာရီမှုကို ဆိုင်းငံ့မှုမပြုနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။တရားမကျင့်ထုံးအမိန့် ၂၁၊ နည်း ၂၉ ပါ ပြဋ္ဌာန်း ချက်များအရဆိုလျှင် တရားမကြီးမှုကို စစ်ဆေးလျက်ရှိသည့် တရားရုံး သည် မိမိရုံးတွင် စစ်ဆေး ဆောင်ရွက်ခဲ့ဖြစ်သော ဇာရီမှုကိုသာ ဆိုင်းငံ့ပေးနိုင်ပေသည်။ အခြားတရားရုံးရှိ ဇာရီမှုကို ဆိုင်းငံ့ခြင်း မပြုနိုင်ပေ။

ဦး တင် ဦး နှင့် ဦး ဂွမ် ဟုတ် ၂၇၀

တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်း ၂၉ – အခြားတရားရုံး၏ ဇာရီမှုကိုဆိုင်းငံ့မှုမပြုနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။ တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်း ၂၉ အရ တရားမကြီးမှုကိုစစ်ဆေးလျက်ရှိသည့် တရားရုံးကသာ မိမိရုံးတွင် အရေးယူ ဆောင်ရွက်ခဲ့ဖြစ်သော ဇာရီမှုကို ဆိုင်းငံ့ ပေးနိုင်သည်။ အခြားတရားရုံး၏ ဇာရီမှုကိုဆိုင်းငံ့ခြင်းမပြုနိုင်ပေ။

စာမျက်နှာ

ထပ်မံဆုံးဖြတ်ချက်။ ။အမှုနှစ်မှုတွင် ပါဝင်သော အမှုသည်များ တူညီခြင်းမရှိသဖြင့် ဇာရီမှုကို အမိန့် ၂၁၊နည်း ၂၉ အရ ဆိုင်းငံ့ထားခြင်းမပြုနိုင်။

အယ္ဂတ်အီး—ဂျိုဝါမီးရား နှင့် အမ်မိုဟာမက်မွတ် စတဖာကမာလ် ပါ(၃) ၃၃၅

သူတစ်ဦးသည် မူလမှုတွင် အမှုသည်လစ်လျူမပုတ်သည့်ပြင် အမှုသည်၏ အကျိုးကို ဆက်ခံခွင့်ရှိသူလည်းမဟုတ်ပါက ထိုသူ၏ တင်ပြချက်ကို ဇာရီမှုတွင် အဆုံးအဖြတ်ပေးနိုင်မပေးနိုင် — တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နံပြား ၃၅ ပါပြဋ္ဌာန်းချက်။

ဆုံးဖြတ်ချက်။ ။တရားမကျင့်ထုံးဥပဒေပုဒ်မ ၄၇ အရ ဇာရီမှုတစ်မှုတွင် တရားနိုင်နှင့် တရားရှုံး သို့မဟုတ် ၎င်း၏ အကျိုးကို ဆက်ခံသူအကြား ဒီကရီအတည်ပြုခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှုကို ဒီကရီအတည်ပြုသည့်တရားရုံးက အဆုံးအဖြတ် ပေးရမည်ဟု ပြဋ္ဌာန်းထားသည်။၎င်းအမှုတွင် လျှောက်ထားခံရသူ မောင်ရဲမြင့်သည် မူလအမှုတွင် အမှုသည်အဖြစ် ပါဝင်ခဲ့ခြင်းမရှိကြောင်း သူ၏ လျှောက်လွှာအရပင် ထင်ရှားသည်။ သူသည် မူလအမှုမှ အမှုသည်၏ အကျိုးကို၊ဆက်ခံသူလည်း မဟုတ်ပေ။ သို့ဖြစ်၍ သူ၏တင်ပြချက်ကို ဇာရီမှုတွင် အဆုံးအဖြတ်ပေးခွင့် မရှိပေ။

ထပ်မံဆုံးဖြတ်ချက်။ ။အဝံဝရမ်းကို အတည်ပြုရာတွင် တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊နည်း ၃၅ အရဒီကရီကိုလိုက်နာရန် တာဝန်ရှိသူများကိုသာ ပေးအပ်ရမည့် ဥပစာမှ ဖယ်ရှား နိုင်ပေသည်။ ဝရမ်းအတည်ပြုသည့် ဝန်ထမ်းအနေဖြင့် မောင်ရဲမြင့်သည် ဒီကရီကိုလိုက်နာရန် တာဝန်ရှိသူ ဟုတ်မဟုတ် စိစစ်ပြီး လိုက်နာရန် တာဝန်ရှိသူ ဖြစ်ကြောင်း တွေ့ရှိမှသာ သူ့အား အချင်းဖြစ်ဥပစာမှ ဖယ်ရှားပစ်မည် ဖြစ်သည်။ ဒီကရီကိုလိုက်နာရန် တာဝန်ရှိသူများတွင် တရားရုံးထံမှ အချင်းဖြစ် ဥပစာကို တဆင့် ငှားရမ်းထားသူ၊ အမှုအတောအတွင်း ယင်းဥပစာကို လွှဲပြောင်း ရယူထားသူနှင့် တရားရုံးကို အကြောင်းပြု၍ ယင်းဥပစာကို လက်ရှိထားသူတို့ ပါဝင်သည်။

ဦးကိုရင် နှင့် မောင်ရဲမြင့်.... .... ၂၂၉

စာမျက်နှာ

အမွေဆိုင်မြေကို စီမံခန့်ခွဲပေးစေလိုမှု – တရားရုံးကပဏာမဒီကရီ ချမှတ်ပြီးနောက် ပစ္စည်း ခွဲဝေရန်အတွက် ကော်မရှင်နာ ခန့်အပ်ခြင်းသည် မှန်မမှန် – အပြီးသတ် ဒီကရီသည် ပဏာမဒီကရီနှင့် ခြားနားရန် လိုအပ်သည့်အပြင် တရားလို၏ ရပိုင်ခွင့်များ ရုပ်လုံးပေါ်ပြီး ဖြစ်ရန်လိုအပ်ခြင်း – ဦးစွာဝယ်ယူခွင့် – တရားရုံးကအပြီးသတ် ဒီကရီ မချမှတ်ပဲ ကော်မရှင်နာ ခန့်အပ်ကြောင်း အဓိန့်ချမှတ်ပြီးနောက် အမှုပိတ်ရန် နှေးဆွဲမှတ်တမ်းအဓိန့်ချမှတ်ခြင်းသည် ဥပဒေနှင့် ညီမညီ။

ဆုံးဖြတ်ချက်။ ။အမွေမှုများတွင် ပဏာမ ဒီကရီသည် အမှန်စင်စစ်အမွေပစ္စည်းများကို တရားရုံးက စီမံခန့်ခွဲနိုင်ရန်အတွက် ကနဦးချမှတ်သည့် ဒီကရီဖြစ်ပေသည်။ ပဏာမဒီကရီ ချမှတ်ပြီးနောက် အမွေပစ္စည်းများကို စီမံခန့်ခွဲရာ၌ အဓိကဆောင်ရွက်ရန် ကိစ္စနှစ်ရပ်မှာ အမွေပုံပစ္စည်းများကို စာရင်းကောက်ယူခြင်း၊ သေသူကပေးရန်ရှိသောကြွေးမြီများ စိစစ်ခြင်းနှင့် အမွေပုံပစ္စည်းများကို ပဏာမဒီကရီတွင် ချမှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ခွဲဝေခြင်းတို့ ဖြစ်သည်။ စာရင်းရှင်းလင်းသည့် ကိစ္စကို ဆောင်ရွက်ရန် တရားမကျင့်ထုံး ဥပဒေ အမိန့် ၂၆၊ နည်း ၁၁ အရ ကော်မရှင်နာ ခန့်ထားရသည်။ ပစ္စည်းခွဲဝေသည့်ကိစ္စအတွက် အမိန့် ၂၆၊ နည်း ၁၃ အရ ကော်မရှင်နာ ခန့်ထား၍ ဆောင်ရွက်စေရသည်။ ဤအမှုတွင် အမွေပစ္စည်းမှာ အချင်းဖြစ် မြေတစ်ကွက်သာ ဖြစ်သောကြောင့် စာရင်း ရှင်းလင်းသည့် ပြဿနာမပေါ်ပေါက်သဖြင့် ယင်းကိစ္စအလို့ငှာ ကော်မရှင်နာ ခန့်ထားရန် မလိုအပ်ချေ။ သို့ဖြစ်ရာ ပစ္စည်းခွဲဝေရန်အတွက် ကော်မရှင်နာ ခန့်ထားရန်သာအကြောင်းရှိသဖြင့် မူလရုံးက နည်း ၁၃ အရ ကော်မရှင်နာ ခန့်ထားခြင်းမှာမှားယွင်းသည် မဆိုနိုင်ပေ။

ထပ်မံဆုံးဖြတ်ချက်။ ။အပြီးသတ် ဒီကရီတွင် အမွေဆိုင်တို့၏ ရပိုင်ခွင့်တို့ကို သတ်သတ်မှတ်မှတ် ဖော်ပြရန်လိုပေသည်။ ဥပမာ ယခုအမှုတွင် အချင်းဖြစ်မြေ၏ မည်သည့်အတိုင်းအတာ မည်သည့် အစိတ်အပိုင်းကို တရားလိုအား ခွဲဝေပေးကြောင်း အပြီးသတ် ဒီကရီ၌ ပြဋ္ဌာန်းရန်လိုပေသည်။ သို့မှသာ ထိုဒီကရီကို အတည်ပြုသည့်အခါ တရားလိုအနေဖြင့် မိမိအတွက် သတ်မှတ်ပေးသည့် အခွင့်အရေးကို ရရှိရန်အလို့ငှာ တရားရုံးက တရားမ ကျင့်ထုံးဥပဒေပုဒ်မ ၂၁ တွင် ဖော်ပြထားသည့် နည်းလမ်းများအနက် မည်သည့်နည်းဖြင့် ဒီကရီကို အဓာတ်ပြုပေးရန်ဖြစ်ကြောင်း အတည့်အလင်း ဖော်ပြလျောက်ထားနိုင်မည် ဖြစ်ပေသည်။ အချုပ်ဆိုရသော် အပြီးသတ် ဒီကရီတွင်

တရားလို၏ ရပိုင်ခွင့်သည် ရုပ်လုံးပေါ်ပြီး ဖြစ်စေရမည်။ ပဏာမ ဒီကရီနှင့် ခြားနားမှု မရှိသော ဒီကရီသည် အပြီးသတ် ဒီကရီမမည်။

ထပ်မံဆုံးဖြတ်ချက်။ ။ဦးစွာဝယ်ယူခွင့် ဆိုသည်မှာ ဘိုးဘေးတို့ ထုံးမ ဆင်းသက်လာသော မခွဲဝေရသေးသည့် အမွေပစ္စည်းမှ အမွေဆိုင် တစ်ဦး၏ ဝေစုကို အခြားအမွေဆိုင်များက သူတစ်မ်းထက် ရှေးဦးစွာ ဝယ်ယူနိုင်ခွင့်၊ အကယ်၍ အဆိုပါ ဝေစုကို သူတစ်မ်းသို့ ရောင်းချပြီးဖြစ်လျှင် အမွေဆိုင်များက ပစ္စည်းဝယ်ယူသူအား ပြန်လည် ရောင်းချရန် တောင်းဆိုနိုင်သည့် အခွင့်အရေးများ ဖြစ်သည်။

ထပ်မံဆုံးဖြတ်ချက်။ ။ကော်မရှင်နာသည် တရားရုံးက ပေးအပ် သော တာဝန်နှင့်အညီ အချင်းဖြစ် မြေကို ခွဲဝေရမည် ဖြစ်သည်။ ထို့နောက် မိမိဆောင်ရွက်ချက်ကို တရားရုံးသို့ အစီရင်ခံရသည်။ ထိုအခါ မြို့နယ်တရားရုံးက ကော်မရှင်နာ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ နှစ်ဘက်က ကန့်ကွက် ပြောဆိုရန်ရှိလျှင် ကန့်ကွက် ပြောဆိုစေပြီး ကန့်ကွက်ချက်များနှင့် စပ်လျဉ်း၍ ကြားနာပြီးနောက် ကန့်ကွက်ချက် များသည့် အခြေအမြစ် မရှိကြောင်း တွေ့ရှိရပါက ကော်မရှင်နာ၏ အစီရင်ခံစာကို အတည်ပြုကြောင်း အမိန့်ချမှတ်၍ ယင်းအမိန့်နှင့်အညီ အပြီးသတ် ဒီကရီချမှတ်ရန် ဖြစ်သည်။ အကယ်၍ ကော်မရှင်နာ၏ အစီရင်ခံစာကို လက်မခံပဲ သူ၏ဆောင်ရွက်ချက်ကိုပယ်ဖျက်ပါက ရှေ့သို့ မည်သို့ ဆက်လက်ဆောင်ရွက်သွားရန် တရားမကျင့်ထုံးဥပဒေ အမိန့် ၂၀၊ နည်း ၁၃(၁)တွင် ပြဋ္ဌာန်းထားသည့်အတိုင်း သင့်တော်သည့် လမ်းညွှန်မှု ပြုရန်ဖြစ်ပေသည်။ သို့ဖြစ်ရာ ပစ္စည်းခွဲဝေရန် ကော်မရှင် နာ ခန့်ထားရုံမျှဖြင့် အမှုပိတ်ရန် အကြောင်း မပေါ်ပေါက်ချေ။ ကော်မရှင်နာ ခန့်ထားသည့် အမိန့်သည် ဒီကရီမဟုတ်၍ ဒီကရီရေးဆွဲ ရန်လည်းမလိုချေ။ကော်မရှင်နာ၏ ဆောင်ရွက်ချက်ကို လက်ခံအတည် ပြုပြီး အပြီးသတ် ဒီကရီ ချမှတ်သည့် အခါကမှသာ ဒီကရီရေးဆွဲရန် ဖြစ်သည်။ အမွေမှုတစ်မှုတွင် အပြီးသတ် ဒီကရီချမှတ်လိုက်သည့်အခါ ကမှသာ အမှုမှာ ဆုံးခန်းရောက်မည် ဖြစ်ပေသည်။

ဦးမြတ် ကျော် နှင့် ဦး သိန်း မောင် ပါ(၅) ၃၀၂

ပစ္စည်းလက်ရောက် ရလိုမှုတွင် ထိုပစ္စည်းကို တရားလို ပိုင်ဆိုင်ကြောင်း ထင်ရှားရန်လိုခြင်း — သူတစ်မ်း လက်ဝယ်ရှိသော အမွေဆိုင် ပစ္စည်းများကို လက်ရောက် ရလိုကြောင်း ခွဲဆိုလိုလျှင် လိုက်နာ ရမည့်နည်းလမ်း။

စာမျက်နှာ

ဆုံးဖြတ်ချက်။ ။ပစ္စည်းကို လက်ရောက်ရလိုမှု စွဲဆိုရာ၌ လက်ရောက်ရလိုကြောင်း တောင်းဆိုသော ပစ္စည်းသည် တရားလိုပိုင်ဖြစ်ကြောင်း ထင်ရှားရန် လိုပေသည်။ ဦးကြွားတို့ စွဲဆိုသော အမှုတွင် အချင်းဖြစ် ထန်းပင် ၅၀၀ အနက် မည်သည့် ထန်းပင်များသည် သူတို့ပိုင်ဖြစ်ကြောင်း သွေခြားမသတ်မှတ်ရသေးသဖြင့် သူတို့ စွဲဆိုသော အမှုမှာ အောင်မြင်ရန် အကြောင်းမရှိပေ။

ထပ်မံဆုံးဖြတ်ချက်။ ။အမွေဆိုင်ပစ္စည်းများသည် သူတစ်မ်းလက်ဝယ်ရှိနေ၍ လက်ရောက်ရလိုကြောင်း စွဲဆို့လိုလျှင် အမွေဆိုင် တစ်ဦးဖြစ်စေ၊တစ်ဦးထက် ပိုသူတို့ကဖြစ်စေ၊ အမွေပုံပစ္စည်းများကို ထိန်းသိမ်းနိုင်ရန်အတွက် အမွေထိန်းစာ လျှောက်ထား တောင်းယူပြီးနောက် အမွေထိန်း သို့မဟုတ် အမွေထိန်းများအဖြစ်ဖြင့် သူတစ်မ်းလက်ဝယ်ရှိ အမွေဆိုင် ပစ္စည်းများကိုလက်ရောက်ရလိုကြောင်း စွဲဆိုနိုင်ပေသည်။

ထပ်မံဆုံးဖြတ်ချက်။ ။ တိုင်းတရားရုံးက ထန်းပင် ၁၀၀ ကို ဦးကြွားတို့အား လက်ရောက်ပေးအပ်စေရန် ဒီကရီချမှတ်ခဲ့ရာ ယင်း ဒီကရီနှင့် စပ်လျဉ်း၍ ဒေါ်တင်လှတို့က တန်ပြန် အယူခံလွှာဖြစ်စေ၊ တရားမကျင့်ထုံး ဥပဒေအမိန့် ၄၁၊ နည်း ၂၂ တွင် ခွင့်ပြုထားသည့် အတိုင်း တန်ပြန် ကန့်ကွက်လွှာဖြစ်စေ၊တင်သွင်းထားခြင်း မရှိ၍ ယင်း ထန်းပင် ၁၀၀ နှင့် စပ်လျဉ်း၍ တိုင်းတရားရုံး၏ ဒီကရီမှာ အတည်ဖြစ်လျက် ရှိနေသောကြောင့် ဤအယူခံတွင် ပယ်ဖျက်ခြင်းမပြုနိုင်ပေ။ သို့ရာတွင် မူလပိုင်ရှင် ဦးစန္ဒသည် ထန်းပင် ၅၀၀ ကို ဒေါ်တင်လှ ထံတွင် ငွေကျပ် ၁၃၀၀/–နှင့် ပေါင်နှံခဲ့သည်ဟု ဦးကြွားတို့က ဝန်ခံသည်ဖြစ်ရာ ထန်းပင် ၁၀၀ ကို ပြန်လည် ရလိုပါက အချိုးကျ ငွေကျပ် ၂၆၀/–ကို ဒေါ်တင်လှအား ပေးဆပ်မှသာ မျှတမည် ဖြစ်သည်။

ဦးကြွား ပါ(၇) (ငှင်းတို့၏ကိုယ်စားလှယ်စာရသူ ကိုအောင်ဘို)
နှင့် ဒေါ်တင်လှ ပါ(၄) ၂၃၉

တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်း ၃၃ – အမှုသည် မဟုတ်သူများအပေါ် ချမှတ်ထားသည့်ဒီကရီကို မည်သည့်အခါတွင် မဟို တရားရုံးကဝင်ရောက်စွက်ဖက်နိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။ တိုင်းတရားရုံးသည် အယူခံတရားလိုများ အပြင် မဒိရခ်ဘီဘီ၏ အခြား အမွေစားအမွေခံ ၁၁ ဦးအပေါ် အချင်းဖြစ် ငွေကျပ် ၁၂၀၀၀ ကို အမွေစုအလိုက် အချိုးကျ ပေးဆပ်စေရန်

အမိန့် ချမှတ်ထားကြောင်းတွေ့ရှိရသည်။ သို့သော် သူတို့သည် တိုင်းတရားရုံး၏ဒီကရီကို အယူခံဝင်ရောက်ခဲ့ကြောင်း မတွေ့ရချေ။ သို့ဖြစ်၍ တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်း ၃၃ ပါပြဋ္ဌာန်းချက်အရ တိုင်းတရားရုံးက အယူခံဝင်ရောက်ခြင်းမရှိသည့် တရားပြိုင်များအပေါ်ကိုပါ ချမှတ်ထားသည့်ဒီကရီကို ပယ်ဖျက်သင့်ပေသည်။

ဖာတုမာဘီဘီ ပါ(၄), နှင့် ဂျီအိပ်ချ်စီနာခွေးဒါး ၂၀၄

မူလရုံးတွင် အနိုင်ရရှိသူအပေါ်တွင်သာ အယူခံဝင်ရောက်ခြင်း— အမွေပစ္စည်းများကို စီမံခန့်ခွဲပေးစေလိုခြင်း — အမွေဆိုင်များအားလုံးကို အမှုသည်အဖြစ် ပါဝင်စေရန် လိုအပ်ခြင်း။

ဆုံးဖြတ်ချက်။ ။ မူလတရားရုံး၏ ပဏာမဒီကရီတွင် "တရားလိုဦးဘိုးဝယ်နှင့်ဦးရွှေသိန်းတို့သည် အချင်းဖြစ် ထန်းများ၏ နှစ်ပုံတစ်ပုံ အနက်တစ်ဦးလျှင် ထပ်မံ၍ နှစ်ပုံတစ်ပုံစီ ရစေရမည် ဖြစ်ကြောင်း၊ သို့မဟုတ် အချင်းဖြစ် ထန်းများ၏ လေးပုံတစ်ပုံစီကို ရစေရမည်ဖြစ်ကြောင်း" ဖော်ပြထားသည်ကိုတွေ့ရသည်။ သို့ဖြစ်ရာဒေါ်ညွန့်ရင်သည် မူလရုံးတွင် အနိုင်ရရှိသူနှစ်ဦး အပေါ်တွင်သာ အယူခံဝင်ရောက်ခြင်းမှာ မှားယွင်းသည်ဟုမဆိုနိုင်ပေ။ ထို့ပြင် တိုင်းတရားရုံးက မူလရုံး၏ ဒီကရီကို ပယ်ဖျက်လိုက်ခြင်းမှာ အယူခံမဝင်သူ အမှုသည်များ၏အကျိုးကို ထိခိုက်စေသည်ဟု မဆိုနိုင်သောကြောင့် တိုင်းတရားရုံး၏ အမိန့်သည် တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊နည်း ၃၃ ပါပြဋ္ဌာန်းချက်များနှင့် ညီညွတ်သည်ဟုဆိုရပေမည်။

ဆဝ်မံဆုံးဖြတ်ချက်။ ။ အမွေမှုတွင် အမွေရရန် ရှိသော အမွေဆိုင်အားလုံးကို အမှုသည်အဖြစ် ထည့်သွင်းမှ သာလျှင် အမွေ ပစ္စည်းများကို ထိရောက်စွာ စီမံနိုင်မည်ဖြစ်သည်။ ဦးရွှေသိန်း၏ ထွက်ဆိုချက်အရ အခြားအမွေဆိုင်များ ကျန်ရစ်သေးကြောင်း ပေါ်ပေါက်သည်။ မူလရုံး တရားပြိုင် ဒေါ်ညွန့်ရင်တို့က ချေလွှာအပိုဒ် (၁၃) တွင် အမှုသည်များ မစုံလင်သည့် ကိစ္စကို ဖော်ပြထုချေခဲ့ပါလျက် ဦးရွှေသိန်းသည် ကျန်အမွေဆိုင်များကို အမှုသည်အဖြစ် ထည့်သွင်းရန် ပျက်ကွက်ကြောင်း တွေ့ရှိရသည်။ သို့ဖြစ်၍ အယူခံ တရားလိုတို့၏ ရှေ့နေက တင်ပြသည့်အတိုင်း ချန်လှပ်ထားသော အမွေဆိုင်များကို အမှုတွင် အမှုသည်များအဖြစ် ထည့်သွင်းစေရန်မသင့်ပေ။

ဦးဘိုးဝယ် ပါ(၂) နှင့် ဦးညိုကြီး ပါ(၅) ၂၉၁

ဖြင်ဆင်မှုစီရင်ပိုင်ခွင့်အရချမှတ်သော ဒီကရီကို အယူခံဝင်ရမည်ဟု တရားမကျင့်ထုံးဥပဒေတွင် ပြဋ္ဌာန်းမထားခြင်း။　　စာမျက်နှာ

ဆုံးဖြတ်ချက်။ ။ တိုင်းတရားရုံး၏ အမိန့်သည် ဒီကရီ ဖြစ်သည်မှာ အငြင်းမပွားချေ။ မူလမှုဆိုင်ရာ စီရင်ပိုင်ခွင့်ကို ကျင့်သုံး၍ ချမှတ်သော ဒီကရီကို တရားမကျင့်ထုံး ဥပဒေပုဒ်မ ၉၆ အရ အယူခံ ဝင်နိုင်သည်။ ထိုနည်းတူ အယူခံတွင် ချမှတ်သော ဒီကရီကို အဆိုပါဥပဒေပုဒ်မ ၁၀၀ အရ အယူခံဝင်နိုင်သည်။ သို့ရာတွင် ပြင်ဆင်မှုဆိုင်ရာ စီရင်ပိုင်ခွင့်အရ ချမှတ်သောဒီကရီကို အယူခံဝင်ရမည်ဟု တရားမကျင့်ထုံး ဥပဒေတွင် ပြဋ္ဌာန်းထားခြင်းမရှိချေ။

ဒေါ်သိန်းခင နှင့် ဦးအောင်ကို ၃၁၇

လူဖန်းဝရန်းထုတ်ဆင့်သည့်အမိန့်အပေါ် အယူခံဝင်ခွင့်ရှိမရှိ။

ဆုံးဖြတ်ချက်။ ။ လူဖန်းဝရန်းထုတ်ဆင့်သည့် အမိန့်သည် တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၀၄(၁) နှင့် အမိန့် ၄၁၊ နည်း ၁ တို့အရ အယူခံဝင်နိုင်သည့်အမိန့်မျိုးမဟုတ်ပေ။

ဦးသာဝင်း နှင့် ဦးတောင်ကြီး ၃၁၁

ဥပဒေပြဋ္ဌာန်းချက်မရှိသည့်အခါ လိုက်နာရမည့် နည်းလမ်းကို ညွှန်ကြားခြင်း။

ဆုံးဖြတ်ချက်။ ။ဥပဒေပြဋ္ဌာန်းချက်မရှိလျှင် တရားမျှတမှု၊ သာနာညီမျှမှုနှင့် မွန်မြတ်သော အသိဘာရားတို့အရ အဆုံးအဖြတ် ပေးရမည် ဖြစ်သည်။ သူတပါးထံမှ ကုန်စည်များကို အကြွေး ဝယ်ယူသူအား ကုန်ဖိုးငွေ ပြန်လည်ပေးဆပ်စေခြင်းသည် အဆိုပါမူများနှင့် ကိုက်ညီပေသည်။

ဦးစိန် နှင့် ဒေါ်မြအောင်ပါ(၂) ၂၅၅

မြို့ပြဒေသနယ်နိမိတ်အတွင်း မပါဝင်သောအိမ်မှ အိမ်ငှားအား နှင်လိုမှု — ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေနှင့် သာသက်ဆိုင်ခြင်း — ယင်းအမှုမျိုးမှ အခင်းဖြစ် အကြောင်းအရာ။

ဆုံးဖြတ်ချက်။ ။မြို့ပြဒေသအတွင်း မရှိသော အိမ်မှ အိမ်ငှားများ နှင်လိုမှုသည် ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေနှင့်သာ သက်ဆိုင်ပေသည်။ ယင်းအမှုမျိုးတွင် အခင်းဖြစ်အကြောင်းအရာမှာ အောက်ပါအတိုင်းဖြစ်သည် —

(၁) တရားပြိုင်သည် တရားလို၏အိမ်ဌားဖြစ်ခြင်း၊ စာမျက်နှာ
(၂) အငှားချထားမှုကို ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၁၁၁ ပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရ ရပ်စဲပြီးခြင်း၊
(၃) တရားပြိုင်သည် အငှားချသည့်ဥပစာမှ ဖယ်ရှားမပေးခြင်း။

အယူခံ တရားပြိုင် ဒေါ်လှရင်က ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေ နှင့်သက်ဆိုင်သည့် အချင်းဖြစ်အိမ်မှ အယူခံတရားလိုများအား အငှားချထားမှုကိုပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေနှင့် အညီ ရပ်စဲပြီးနောက် နှင်လိုမှုစွဲဆိုခဲ့ကြောင်းပေါ်လွင်သဖြင့် ဒေါ်လှရင်သည် ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေအရ ဒီကရီရထိုက်ကြောင်း ထင်ရှားသည်။

ဒေါ် ဇာ ဘူ ရာ ဘီ ဘီ
ဦး ထွန်း မောင်
ဦး ကျော် မြင့်
ဒေါ် ကျင် စု နှင့် ဒေါ်လှရင် (ၿငိး၏တရားဝင် ကိုယ်
ဦး စူ လ တန် စားလှယ်စာရသူ ဦးအော်ဘေး).... ၂၅၇

ခွင့်ပြုချက်ဖြင့် နေထိုင်သူအားနှင်လိုမှု – ၅၂ အမှုမျိုးတွင် ပိုင်ဆိုင်ခွင့်သည် အဓိကမဟုတ်ခြင်း – တရားလိုအနေဖြင့် ပိုင်ဆိုင်ခြင်းမရှိစေကာမူ ခွင့်ပြုခဲ့သူ ဖြစ်ပါက ခွင့်ပြုချက်ကို ရုပ်သိမ်း၍ နှင်ထုတ်ပိုင်ခွင့်ရှိခြင်း။

ဆုံးဖြတ်ချက်။ ။မှတ်ပုံတင် စာချုပ်အမှတ် ၄၄/၁၁ အရ အချင်းဖြစ် အိမ်ကို လျှောက်ထားခံရသူက ရောင်းချခဲ့ပြီး ဖြစ်သည်ဆိုသော အချက်မှာ အငြင်းမပွားပေ။ သို့သော် ယခုအမှုသည် ခွင့်ပြုချက်ဖြင့် နေသူအား နှင်ထုတ်ပေးရန် စွဲဆိုသည့် အမှုဖြစ်ရာ အိမ်၏ပိုင်ဆိုင်မှု ပြဿနာကို အဓိကထား၍ စဉ်းစားရန် မလိုပေ။ လျှောက်ထားသူအား အချင်းဖြစ်အိမ်တွင် လျှောက်ထားခံရသူက အခမဲ့ ခွင့်ပြုချက်ဖြင့် ထားခြင်း ဟုတ်မဟုတ်ကိုသာ အဓိကထားစဉ်းစားရပေမည်။ အခမဲ့ ခွင့်ပြုချက်ဖြင့် ထားကြောင်း ထင်ရှားလျှင် ခွင့်ပြုသော သူက ပိုင်ရှင်မဟုတ်စေကာမူ ခွင့်ပြုခြင်းခံရသူကို ပေးထားသည့် ခွင့်ပြုချက်အား ရုပ်သိမ်းပြီး နှင်ထုတ်ပိုင်ခွင့်ရှိပေသည်။

ဒေါ် တင်ရီ နှင့် ဒေါ် နှင်း စိန် ၂၆၄

ခွင့်ပြုချက်အရ နေထိုင်သူများအား နှင်လိုမှု – ခွင့်ပြုချက် ပေးသူက သာခွင့်ပြုချက်ကိုရုပ်သိမ်း၍ နှင်ထိုင်ခွင့်ရှိခြင်း – မရွှေ့မပြောင်း

နိုင်သောပစ္စည်းကို အရောင်းအဝယ် ပြုလုပ်သည့်အခါ ပစ္စည်း လွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၅၄ နှင့်အညီ ဆောင်ရွက်မှ သာ ဝိုင်ဆိုင်မှုရှိမည် ဖြစ်ခြင်း။ စာမျက်နှာ

ဆုံးဖြတ်ချက်။ ။မောင်သန်းဦး အပါအဝင် ၎င်းက တင်ပြသည့် သက်သေ အားလုံးတို့၏ ထွက်ချက်များအရ ဦးမောင်ရီတို့အား အချင်းဖြစ်အိမ်၌နေထိုင်ရန် ခွင့်ပြုချက်ပေးသူမှာ တရားလို မောင်သန်း ဦးမဟုတ်ပဲ ၎င်း၏ မိခင် ဒေါ်မြမေသာဖြစ်ကြောင်း ပေါ်ပေါက်သည်။ မိခင် ဒေါ်မြမေ အသက်ထင်ရှား ရှိနေသေးကြောင်း တွေ့ရသဖြင့် မောင်သန်းဦးက တရားလိုပြုလုပ်၍စွဲဆိုသော ဤအမှုမှာ အောင်မြင်ရန် အကြောင်းမရှိပေ။

ထပ်မံဆုံးဖြတ်ချက်။ ။အချင်းဖြစ် အိမ်ကို မောင်သန်းဦးက သက် သေခံ (က) အရောင်းအဝယ် စာချုပ်အရ ဝယ်ယူခဲ့သည်ဟု ဆိုသော် လည်း ယင်းစာချုပ်သည် ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၅၄ ပါ ပြဋ္ဌာန်းချက်နှင့်အညီ မှတ်ပုံတင်ထားခြင်း မရှိကြောင်း တွေ့ရ သဖြင့် ဤအမှုကို စွဲဆိုသည့်အချိန်တွင် အချင်းဖြစ် အိမ်၌ ဦးမောင်ရီတို့ နေထိုင်ခြင်းမှာ အိမ်ပိုင်ရှင်အဖြစ်နေထိုင်ခြင်း ဖြစ်ကြောင်း ပေါ်ပေါက် နေသည်။

ဦးမောင်ရီပါ (၂) နှင့် မောင်သန်းဦး ၂၉၄

ရပိုင်ခွင့်ကို စွန့်လွှတ်ခြင်းနှင့် ပစ္စည်း လွှဲပြောင်းပေးခြင်းတို့၏ ခြားနားချက်။

ဆုံးဖြတ်ချက်။ ။ရပိုင်ခွင့်ကို စွန့်လွှတ်ခြင်းသည် ပစ္စည်းလွှဲပြောင်း ပေးခြင်းနှင့် သဘောချင်းမတူချေ။ ပစ္စည်းတွင် အကျိုးသက်ဆိုင်ခွင့်ကို စွန့်လွှတ်ကြသူတို့သည် သူတို့၏ရပိုင်ခွင့်များ လက်လွတ် ဆုံးရှုံးသွား သည် မှန်သော်လည်း အကျိုးခံစားခွင့်ရစေရန် ရည်စူးသောသူအား ပစ္စည်းကို လွှဲပြောင်းပေးရာမရောက်ချေ။

ဦးယုကြည် နှင့် ဦးအောင်ခင်ဦး ပါ(၄) ၃၀၀

ခွင့်ပြုချက်ဖြင့် နေထိုင်သူအား ဝယ်ရှင်းပေးစေလိုမှု — မရွှေ့ မပြောင်းနိုင်သည့် ပစ္စည်းကို ဝယ်ယူသူသည် ဝယ်ယူသည့် ပစ္စည်းတွင် ရောင်းသူ၏ ခွင့်ပြုချက်ဖြင့် နေထိုင်သူအား မိမိ၏ ခွင့်ပြုချက်အရ နေထိုင်သူ အဖြစ်ဖြင့် ဝယ်ရှင်းနိုင်ခွင့် ရှိမရှိ။

ဆုံးဖြတ်ချက်။ ။မရွှေ့ မပြောင်းနိုင်သည့် ပစ္စည်းကို ဝယ်ယူသော သူ၏ အခွင့်အရေးများကို ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ

၅၅(၆)(က)နှင့် (ခ) တို့တွင် ပြဋ္ဌာန်းထားရာ ယင်းပြဋ္ဌာန်းချက်များတွင် ပစ္စည်းဝယ်ယူသူသည် ပစ္စည်းရောင်းသူ၏ ခွင့်ပြုချက်အရ နေထိုင်သူအား ဖယ်ရှားခွင့်ကို ရရှိသည်ဟုမပါရှိချေ။ စာမျက်နှာ

ဆဝ်မံဆုံးဖြတ်ချက်။ ။ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၈ ပါ ပြဋ္ဌာန်းချက်များအရ ဆိုလျှင် ပစ္စည်းကို လိုပြောင်းပေးသည့်အခါ လွှဲပြောင်းပေးသည့်ပစ္စည်းတွင် လွှဲပြောင်းပေးသူအနေဖြင့် လွှဲပြောင်းပေးနိုင်သော အကျိုး သက်ဆိုင်ခွင့် အရပ်ရပ်သည် လွှဲပြောင်းရရှိသူထံသို့ ရောက်ရှိသွားသည်။ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းတွင် အခမဲ့ နေထိုင်ခွင့် ပေးထားခြင်းသည် ခွင့်ပြုသူ ကြည်ဖြူသရွေ့ ခွင့်ပြုခြင်းခံရသူအား ယင်းပစ္စည်းတွင် နေထိုင်ခွင့်၊ ပစ္စည်းကို သုံးစွဲခွင့်ပေးခြင်းမျှသာဖြစ်သဖြင့် အဆိုပါဥပဒေပုဒ်မ ၈ တွင် အကျုံးဝင်သော လွှဲပြောင်းပေးနိုင်သည့် အကျိုးသက်ဆိုင်ခွင့် မဟုတ်ချေ။

ဆဝ်မံဆုံးဖြတ်ချက်။ ။ပစ္စည်း လွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၂(ဃ)အရ ယင်းဥပဒေပုဒ်မ ၅၇ နှင့် အခန်း ၄ တွင် ပြဋ္ဌာန်းထားသည်မှ တပါး ယင်းဥပဒေပါ ပြဋ္ဌာန်းချက်များသည် ပစ္စည်း အမွေဆက်ခံခြင်းနှင့် မသက်ဆိုင်သည့် အလျောက် ပစ္စည်းကို ရောင်းချခြင်း ပေးကမ်းခြင်း ကဲ့သို့သော လွှဲပြောင်းပေးမှုသည် ပစ္စည်းကို အမွေဆက်ခံ ရရှိခြင်းနှင့် သဘာဝအားဖြင့် မတူချေ။ ထို့ကြောင့် ပစ္စည်းကို အမွေဆက်ခံ ရရှိသူသည် ကွယ်လွန်သူ အမွေရှင်က ယင်းပစ္စည်းတွင် အခမဲ့ နေထိုင်ခွင့် ပြုခဲ့သူအား မိမိ၏ အခွင့်အမိန့်အရ နေထိုင်သူ အဖြစ်ဖြင့် ဖယ်ရှားခွင့် ရှိသော်လည်း ပစ္စည်းကိုဝယ်ယူသူသည် ဝယ်ယူသည့် ပစ္စည်းတွင် ရောင်းသူ၏ ခွင့်ပြုချက်အရ နေထိုင်သူအား မိမိ၏ အခွင့်အမိန့်အရနေထိုင်သူအဖြစ်ဖြင့် ဖယ်ရှားခွင့် ရှိနိုင်မည်မဟုတ်ချေ။

ဦး သိန်းအောင် ပါ(၂) နှင့် ဒေါ်ဝင်း ပါ(၃) ၃၃၁

မြွက်ဟ ကြေငြာပေးစေလိုမှု — သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ အရ မြွက်ဟဒီကရီကို အမှုသည်တစ်ဦးက အခွင့်အရေးတစ်ရပ်အနေဖြင့် တောင်းဆိုခြင်းပြုနိုင်မပြုနိုင် — ယင်းဒီကရီကို တရားလို၏ အခွင့်အရေးနှင့်စပ်လျဉ်း၍ ချမှတ်ပေးရခြင်း။

ဆုံးဖြတ်ချက်။ ။သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ အရ မြွက်ဟဒီကရီကို အမှုသည်တစ်ဦးက အခွင့်အရေးတစ်ရပ် အနေဖြင့် တောင်းဆိုခြင်း မပြုနိုင်ပေ။ တရားရုံးက ယင်းဒီကရီကိုဆင်ခြင်တုံတရားအရ ချမှတ်ပေးရသည်ဖြစ်ရာ အမှုသည်တစ်ဦးအား အကျိုးရှိစေမည် မဟုတ်သော မြွက်ဟ ဒီကရီကိုချမှတ်ပေးနိုင်မည်မဟုတ်ချေ။

ဆဝ်မံဆုံးဖြတ်ချက်။ ။သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ အရ မြွက်ဟ ကြေငြာသည့် ဒီကရီကို တရားလို၏ အခွင့်အရေးနှင့် စပ်လျဉ်း၍ ချမှတ်ပေးရသည်။ ဒေါ်ကြင်ကျူး စွဲဆိုသည့် ဒုတိယ သက်သာခွင့်မှာ တရားရုံး ဒေါ်ကြူ အကျိုးအတွက် သွယ်ဝိုက်၍ တောင်းဆိုသော သက်သာခွင့်ဖြစ်သည့်အလျောက် သူစွဲဆိုသောအမှု မှာ အဆိုပါ အက်ဥပဒေပုဒ်မ ၄၂ တွင် အကျုံးဝင်သော အမှုမျိုး မဟုတ်ကြောင်း ထင်ရှားပေသည်။

ဒေါ်ကြင်ကျူး နှင့် မောင်ကြည်စိန် ပါ(၂) (ကွယ်လွန်သူ ဒေါ်တင်အေး၏ တရားဝင် ကိုယ် စားလှယ်များ) နှင့် မကြူ။ ၂၃၆

ယာယီတားဝရန်း ထုတ်ပေးရန် လိုအပ်သည့်အချက်များ။

ဆုံးဖြတ်ချက်။ ။တရားရုံးအနေဖြင့် ယာယီတားဝရန်းကို အလွယ်တကူ ထုတ်ပေးလေ့မရှိပေ။ လျှောက်ထားသူ၏ အမှုသည် မျက်မြင်အားဖြင့်အခြေခံရှိခြင်း၊ ကုစား၍ မရနိုင်သော နှစ်နာဆုံးရှုံးမှုမှ ကာကွယ်ရန်လိုအပ်နေခြင်း၊ တားဝရန်းထုတ်မပေးလျှင် အကျိုးပျက်စီးမှု ပေါ်ပေါက်နိုင်ခြင်း စသည့် အကြောင်းခြင်းရာများ ပေါ်ပေါက်မှသာ ယာယီတားဝရန်းကို ထုတ်ပေးရပေမည်။

ဦးစိုးလှိုင် ပါ(၂) နှင့် ဦးတင်ဌေး ပါ(၄) ၂၅၂

သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ ခြွင်းချက် — ပစ္စည်းလက်မဲ့ ဖြစ်သူက စွဲဆိုသည့်အခါ ဝိုင်ဆိုင်ကြောင်း မြွက်ဟကြေငြာပေးစေလိုမှုအဖြင့် ပစ္စည်းလက်ရောက် ရလိုကြောင်း အကျိုးဆက် သက်သာခွင့်ကိုပါ တောင်းဆိုရန် လိုအပ်ခြင်း — အခွင့်အမိန့်အရ နေထိုင်သူအား ဖယ်ရှားပေးစေရန် သက်သာခွင့်သည် ဝိုင်ဆိုင်ကြောင်း မြွက်ဟကြေငြာသည့်ဒီကရီ၏အကျိုးဆက်သက်သာခွင့် မဟုတ်ခြင်း — တရားလိုသည် အဆိုလွှာပါ အဆိုပြုချက်အရ သက်သာခွင့် တောင်းခံရန် ဖြစ်ခြင်း။

ဆုံးဖြတ်ချက်။ ။အချင်းဖြစ် ကောက်ရိုးစင်းစက်ကို တည်ဆောက်ထားသောမြေမှာ အယူခံတရားလိုတို့ လက်ရှိမဟုတ်ကြောင်း အဆိုလွှာအရ ပေါ်ပေါက်သည်။ ပစ္စည်းလက်မဲ့ ဖြစ်သူသည် ပစ္စည်းဝိုင်ဆိုင်ကြောင်း မြွက်ဟဒီကရီသက်သက် ရလိုကြောင်း စွဲဆိုခွင့် မရှိချေ။ သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ ၏ ခြွင်းချက်အရ အကျိုးဆက်သက်သာခွင့်ကိုလည်း တောင်းဆိုရမည်ဖြစ်သည်။ အခွင့်အမိန့်အရ နေထိုင်သူအား ဖယ်ရှားပေးစေရန်သက်သာခွင့်သည် ဝိုင်ဆိုင်မှု

အပေါ် အခြေမခံပဲ ခွင့်ပြုချက်အပေါ် မှီငြမ်းပြု၍စွဲဆိုရသောအမှုမျိုး ဖြစ်သဖြင့် ပိုင်ဆိုင်ကြောင်း မြွက်ဟကြေငြာသည့်ဒီကရီ၏ အကျိုးဆက်သက်သာခွင့် မဟုတ်ချေ။ ပစ္စည်းလက်ရောက်ရလိုကြောင်း သက်သာခွင့်သာလျှင် ထိုမြွက်ဟဒီကရီ၏ အကျိုးဆက် သက်သာခွင့် ဖြစ်သည်။ စာမျက်နှာ

ထပ်မံဆုံးဖြတ်ချက်။ ။အယူခံ တရားလိုတို့သည် အဆိုလွှာ၌ အယူခံတရားပြိုင်တို့မှာ ပူးတွဲအမွေဆိုင်များဖြစ်ကြောင်း အဆိုပြုထားခြင်း မရှိပေ။ တရားလိုတစ်ဦးသည် မိမိအဆိုလွှာပါ အဆိုပြုချက်အရ သက်သာခွင့် တောင်းခံရန် ဖြစ်သည်။ တရားပြိုင်ဘက်မှ ထုချေချက်အပေါ် အခြေခံ၍ သက်သာခွင့် တောင်းဆိုရန် မဟုတ်ချေ။ သို့ဖြစ်ရာ အယူခံတရားပြိုင်တို့က ပူးတွဲအမွေဆိုင်များဖြစ်သည်ဟု ထုချေထားရုံမျှဖြင့် အယူခံတရားလိုတို့က အမွေမှစွဲဆိုရန်မဟုတ်ချေ။

မောင်ကိုဦး ပါ (၆) နှင့် ဦးပြား ပါ(၃) ၂၃၂

မြန်မာဓလေ့ထုံးတမ်း ဥပဒေအရ အမွေရှင်၏ ဆင်ပါ မယားပါ သားသမီးများသည် အမွေရှင်၏ အပတ်ဋ္ဌ သားသမီးများအား အမွေမှပယ်ထုတ်နိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။မြန်မာဓလေ့ထုံးတမ်းဥပဒေအရ အမွေရှင် တစ်ဦး၏ ဆင်ပါ မယားပါ သားသမီးများသည် အမွေရှင်၏ အပတ်ဋ္ဌ သားသမီးများအား အမွေမှ ပယ်ထုတ်သည်။

ဒေါ်ပု ပါ(၄) နှင့် မအေးမြင့် ပါ (၂) ၂၇၇

မြန်မာဓလေ့ထုံးတမ်းဥပဒေအရ အမွေဆက်ခံခွင့် – အမွေဆက်ခံခွင့် မရှိသူတစ်ဦးက အမွေရှင်အား သာစဉ်နာစဉ် စောင့်ရှောက်ပြုစုရုံမျှဖြင့် အမွေဆက်ခံဝိုင်ခွင့် မရရှိနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။မြန်မာဓလေ့ထုံးတမ်းဥပဒေအရ အမွေစားအမွေခံတစ်ဦးသည် အမွေရှင်တစ်ဦးအား သာစဉ်နာစဉ် ပြုစုစောင့်ရှောက်ရန် တမင်ပျက်ကွက်ပါက အမွေဆုံးရှုံးနိုင်သည် မှန်သော်လည်း အမွေဆက်ခံခွင့် မရှိသူတစ်ဦးက အမွေရှင်အား သာစဉ်နာစဉ် ပြုစု စောင့်ရှောက်ရုံမျှဖြင့် အမွေဆက်ခံခွင့် မရရှိချေ။

ဦးဘစန် ပါ(၃) နှင့် ဒေါ်လှလှ ပါ (၃) ၂၀၇

ကွယ်လွန်သူ၏ အပတ်ဋ္ဌသားသမီးက ကွယ်လွန်သူ၏ ညီအရင်းကို အမွေမှထုတ်ပယ်ခြင်းမပြုနိုင် - အမွေထိန်းစာ ထုတ်ပေးခြင်း၏ ရည်ရွယ်ချက်။

ဆုံးဖြတ်ချက်။ ။ ဤအမှုတွင် ဦးမျိုးမင်းသည် ကွယ်လွန်သူ ဦးမောင်မောင်ကျော်ဝင်း၏ ညီအရင်းဖြစ်ကြောင်း အငြင်းမပွားချေ။ လျှောက်ထားခံရသူ ဒေါ်မြမြထွန်းသည် ဦးမောင်မောင်ကျော်ဝင်း၏ အပတ်ဋ္ဌမွေးစားသမီး ဟုတ် မဟုတ် အငြင်းပွားလျက်ရှိသည်။ ဒေါ်မြမြထွန်းသည် သူ အဆိုပြုသည့်အတိုင်း ကွယ်လွန်သူ ဦးမောင်မောင်ကျော်ဝင်း၏ အပတ်ဋ္ဌသမီး ဖြစ်ပါမူ မြန်မာဓလေ့ထုံးတမ်းဥပဒေအရ ဒေါ်မြမြထွန်းက အမွေတဝက်၊ ဦးမျိုးမင်းက အမွေတဝက်ရရှိမည်ဖြစ်သည်။ သို့ဖြစ်ရာ ဒေါ်မြမြထွန်းသည် အပတ်ဋ္ဌသမီးဖြစ်ကြောင်း ပေါ်ပေါက်စေကာမူ ဦးမျိုးမင်းအား အမွေမှ ပယ်ထုတ်ခြင်းမပြုနိုင်။

စာမျက်နှာ

ဆစ်မံဆုံးဖြတ်ချက်။ ။ အမွေပစ္စည်းများ မပျောက်စေရန် အလို့ငှာ အမွေထိန်းစာကို ဆောလျင်စွာထုတ်ပေးရန်လိုသည်။ အမွေထိန်းစာထုတ်ပေးခြင်းဖြင့် အမွေထိန်းအား အမွေပစ္စည်းများကို ခံစားစေခြင်းမဟုတ်၊ အမွေစားအမွေခံများကိုယ်စား အမွေပစ္စည်းများကို ထိန်းသိမ်းရန် တာဝန်အပ်နှင်းခြင်းသာဖြစ်သည်။

ဦးမျိုးမင်း နှင့် ဒေါ်မြမြထွန်း ၂၉၇

အမွေပစ္စည်းများကို စီမံခန့်ခွဲပေးစေလိုမှု – ရုံးခွန်ထမ်းဆောင်၍ တရားစွဲဆိုခြင်း မပြုသော အမွေရှင်များ၏ ရပိုင်ခွင့်များကို တရားရုံးကအဆုံးအဖြတ်ပေးရန်မလိုခြင်း။

ဆုံးဖြတ်ချက်။ ။ တိုင်းတရားရုံးက မခင်လှမြင့်၊ ဒေါ်အေးနှင့် ဒေါ်သိန်းမေတို့သည် ဦးအောင်ဒွန်းကျန်ရစ်သောအမွေပစ္စည်းများ၏ သုံးပုံတစ်ပုံစီကို ရသိုက်ကြောင်း ပဏာမဒီကရီချမှတ်ခြင်းမှာ မှားယွင်းပေသည်။ ယင်းအမှုတွင် ရုံးခွန်ထမ်းဆောင်၍ တရားစွဲဆိုသူမှာ မခင်လှမြင့်ဖြစ်ပေရာ အမှုတွင်သူ၏ရပိုင်ခွင့်ကို အဆုံးအဖြတ်ပေးရန် ဖြစ်ပေသည်။ ရုံးခွန်ထမ်းဆောင်ခြင်း မရှိသော ဒေါ်အေးနှင့် ဒေါ်သိန်းမေတို့၏ ရပိုင်ခွင့်များကို အဆုံးအဖြတ်ပေးရန် မဟုတ်ပေ။ သူတို့သည် သူတို့ရရန်ရှိသောအမွေဝေစုတို့ကို ရလိုပါက ကျသင့်သည့် ရုံးခွန်ထမ်းဆောင်ရန် လိုပေသည်။

ဦးသန်း (ကွယ်လွန်သူ ဒေါ်အေး၏ တရားဝင် ကိုယ်စားလှယ်) နှင့် ၁။ မခင်လှမြင့် ၂။ ဒေါ်သိန်းမေ.... ၃၁၃

မြန်မာဓလေ့ထုံးတမ်းဥပဒေ – မယားဖြစ်သူသည် သူတပါးနှင့် ဖောက်ပြန်ကြောင်း သက်သေထင်ရှားပြနိုင်မှ လင်ဖြစ်သူက နှစ်ပါးနုံ ပစ္စည်းကို သိမ်းယူပိုင်ခွင့်ရှိခြင်း။

ဆုံးဖြတ်ချက်။ မြန်မာဓလေ့ ထုံးတမ်း ဥပဒေတွင် မယားဖြစ်သူ သည် သူတပါးနှင့် ဖောက်ပြန်သည်ဟု ဆိုရုံမျှဖြင့် လင်ယောကျ်ား ဖြစ်သူက နှစ်ဦးပိုင်ပစ္စည်းများကို သိမ်းယူထားပိုင်ခွင့်မရှိပေ။ လင်သည် တရားရုံး၌ ကွာလိုမှုစွဲဆိုပြီး မယား၌ အပြစ်ရှိကြောင်း ထင်ရှားအောင် ပြဆိုရပေမည်။ သို့တည်းမဟုတ် လင်သည် မယားထံမှ အပြစ်ရှိကြောင်း ဝန်ခံချက်ကို ရယူပြီးနောက် နှစ်ဦး သဘောတူညီမှုဖြင့် လင်က နှစ်ပါးစုံ ပစ္စည်းကို သိမ်းယူပြီး လင်ခန်း မယားခန်း ပြတ်စဲနိုင်ခွင့်ရှိပေသည်။ စာမျက်နှာ

ဒေါ်သိန်းမြ နှင့် ဒေါ်ကျင် (ခ) အကျင် ၃၂၀

တရားဝင် အိမ်ဌားက နေထိုင်ခွင့်ကို လွှဲပြောင်းပေးခြင်းခံရသူသည် အိမ်ရှင်၏ တရားဝင်အိမ်ဌားဖြစ်မဖြစ်။

ဆုံးဖြတ်ချက်။ ။ဦးမောင်ခိုး၏ထွက်ဆိုချက်အရ သူသည် ဒေါ်မြ၏ ခင်ပွန်းဦးအိစ္စဝ်၏တူဖြစ်သည်။ သို့ဖြစ်ရာ ဒေါ်မြ ကွယ်လွန်သောအခါ ဒေါ်မြ၏အမွေကို ဆက်ခံခွင့်ရှိသူမဟုတ်ဆေး။ ဒေါ်မြက အချင်းဖြစ် ဥပစာကို သက်သေခံ(ဃ)အရ ဦးမောင်ခိုအား လွှဲပြောင်းပေးခြင်း မှာ နေထိုင်ခွင့်ကို လွှဲပြောင်းပေးခြင်းသာ ဖြစ်သည်။ သို့ဖြစ်ရာ ထိုသို့ လွှဲပြောင်းပေးသည်ကို အကြောင်းပြု၍ ဦးမောင်ခိုသည် အိမ်ရှင် ဒဗလျူကေမင်၏ အိမ်ဌားအဖြစ်သို့မရောက်ရှိနိုင်ပေ။

ဒဗလျူကေမင် နှင့် ဦးမောင်ခို(ခ)နိုင်းနားဂျမားလ် ၂၇၄

၁၉၆၀ပြည့်နှစ် မြို့ပြဆိုင်ရာဌာနများရုံးခ ကြီးကြပ်ရေး ဥပဒေပုဒ်မ ၂(ဂ)–တရားလိုသည် ကွယ်လွန်သူတစ်ဦး၏ အမွေခံတစ်ဦး ဖြစ်လျှင် ကွယ်လွန်သူ၏ အိမ်ဌား၏ အိမ်ရှင်ဖြစ်လာခြင်း–ပုဒ်မ ၁၂(၁)(က)မှ(စ)ပါ ကိစ္စတစ်ရပ်ရပ် အတွက်သာ နှင်ထုတ် စွဲဆိုနိုင်ခြင်း – အိမ်ရှင်အနေဖြင့် စံနှုန်းရုံးခလက်မှတ် တင်ပြ နိုင်မှသာ ဌားရုံးခများရလိုကြောင်း စွဲဆိုနိုင်မည်ဖြစ်ခြင်း။

မူလပိုင်ရှင် ဒေါ်တင်ဦးထံမှ အချင်းဖြစ်ဥပစာကို ဦးစိုးမြင့်က ငှား ရမ်းနေထိုင်ခဲ့သည်။ ဒေါ်တင်ဦး ကွယ်လွန်သောအခါ ဒေါ်ပြုးက သူသည် ဒေါ်တင်ဦး၏ အမွေစားအမွေခံဖြစ်သည်ဟု အဆိုပြုလျက် အချင်းဖြစ်ဥပစာကို အမွေရပိုင်ဆိုင်ကြောင်းနှင့် ဦးစိုးမြင့်သည် သူ၏ အိမ်ဌားဖြစ်ကြောင်း အတည်အလင်း ကြေငြာပေးရန် တိုင်းတရားရုံး တွင် တရားစွဲဆိုသည်။ တိုင်းတရားရုံးက အကျိုးဆက်သက်သာခွင့် အဖြစ် ဥပစာ လက်ရောက်တောင်းဆိုရန် အမိန့်ချမှတ်သည်။

ဆုံးဖြတ်ချက်။ ။ဒေါ်ပြုးသည် ကွယ်လွန်သူ ဒေါ်တင်ဦး၏ အမွေ ကို ဆက်ခံခွင့်ရှိသူဖြစ်ကြောင်း ထင်ရှားလျှင် ၁၉၆၀ပြည့်နှစ်မြို့ပြဆိုင်ရာ

ငှားရမ်းခ ကြိုးကြေပ်ရေး အက်ဥပဒေပုဒ်မ ၂ (ဝ) အရ သူသည် စာမျက်နှာ
ဦးစိုးမြင့်၏ အိမ်ရှင်ဖြစ်ပေလိမ့်မည်။ အိမ်ရှင်သည် အိမ်ငှားတစ်ဦးအား
ငှားရမ်းထားသော ဥပစာကို အဆိုပါ ဥပဒေပုဒ်မ ၁၂ (၁) (က) မှ
(စ) ပါ ကိစ္စတစ်ရပ်ရပ်အတွက်သာ နှင်ထုတ်ခွင့်ရှိပေသည်။ ဤအမှု
တွင် ယင်းကိစ္စတစ်ရပ်ရပ် ပေါ်ပေါက်ကြောင်း အဆိုပြုသာခြင်း ရှိမ၍
ဒေါ်ပြီးသည် အိမ်ငှားအပေါ် နှင်လိုမှု စွဲဆိုနိုင်မည်မဟုတ်ပေ။

ထပ်မံဆုံးဖြတ်ချက်။ ။၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခ
ကြိုးကြေပ်ရေး အက်ဥပဒေပုဒ်မ ၁၉ အရ အိမ်ရှင်သည် စံငှားရမ်းခ
လက်မှတ်တင်ပြနိုင်မှသာ ငှားရမ်းခများ ရလိုကြောင်း တရားစွဲဆိုနိုင်
မည်ဖြစ်သည်။

ဒေါ်ပြီး နှင့် ဦးစိုးမြင့် ၂၀၁

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြိုးကြေပ်ရေးအက်ဥပဒေ — အိမ်ငှားများအား အကာအကွယ် ပေးရန် မြန်မာနိုင်ငံတော်ဥပဒေဖြစ်ခြင်း — အိမ်ငှားအား ပေးအပ်ထားသော အခွင့်အရေးများကို နုတ်သိမ်းရာရောက်သည့်ပြုလုပ်မှုများကို ရှောင်ရှားရခြင်း — တရားရုံးက ပုဒ်မ ၁၅(၁) အရ လျှောက်ထားသည့်အခါ တရားနိုင်က ပုဒ်မ ၁၂ (၁)(က) (ဒုတိယဝိုင်း)မှ (စ)ပါ ကိစ္စတစ်ရပ်ရပ် အတွက် ဥပစာကို အလိုရှိကြောင်းကန့်ကွက်တင်ပြခြင်းကိုလက်ခံအဆုံးအဖြတ်မပြုနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခ ကြိုးကြေပ်
ရေး ဥပဒေပုဒ်မ ၁၂ တွင် ပါရှိသည့်ပြဋ္ဌာန်းချက်များမှာ အိမ်ငှားအား
အိမ်ရှင်က ငှားရမ်းထားသည့် ဥပစာမှ မိမိသဘောဆန္ဒ အလျောက်
ဖယ်ရှားခြင်း မပြုနိုင်ရန် ရည်ရွယ်၍ ပြဋ္ဌာန်းထားခြင်း ဖြစ်ပေသည်။
ထို့ကြောင့် ယင်းပြဋ္ဌာန်းချက်များ၏ အနှစ်သာရနှင့် မညီညွတ်ပဲ
တမျိုးတဖုံ ကောက်ယူလျက် အိမ်ငှားအား ပေးထားသော အခွင့်
အရေးများကို နုတ်သိမ်းရာ ရောက်သည့် ပြုလုပ်မှုတစ်ရပ်ရပ်ကို ပြုလုပ်
လျှင် ဥပဒေ၏ ရည်ရွယ်ချက်ကို အဟောသိကံ ဖြစ်စေပေလိမ့်မည်။

ထပ်မံဆုံးဖြတ်ချက်။ ။တရားရုံး အိမ်ငှားက ၁၉၆၀ ပြည့်နှစ်၊
မြို့ပြဆိုင်ရာငှားရမ်းခကြိုးကြေပ်ရေး အက်ဥပဒေပုဒ်မ ၁၅ (၁) အရ
လျှောက်ထားသည့် ကိစ္စတွင် တရားနိုင် အိမ်ရှင်ဘက် မှအဆိုပါဥပဒေ
ပုဒ်မ ၁၂ (၁) (က) (ဒုတိယဝိုင်း)မှ (စ)ပါ ကိစ္စာစ်ရပ်ရပ်
အတွက် အငှားချထားသည့် ဥပစာကို အလိုရှိသည်ဟု အကြောင်း
ပြကာ တရားရုံး၏ လျှောက်ထားချက်အား ကန့်ကွက် တင်ပြခြင်းကို
ဒီကရီ အတည်ပြုသည့် တရားရုံးက လက်ခံအဆုံးအဖြတ် မပြုနိုင်။

ဒေါ်သိန်းနွဲ့ (ၸင်း၏ကိုယ်စားလှယ်ဦးသွင်) နှင့် ဦးထွန်းလှိုင်ပါ(၃) ၃၂၀

စာမျက်နှာ

၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ဌာနခြေးကြေငြာရေးအက်ဥပဒေပုဒ်မ ၁၅(၁) အရ လျှောက်ထားစဉ်က ဒီကရီကို အတည်မပြုရသေးလျှင် တရားရုံးက သင့်သည် ထင်မြင်သည့် စည်းကမ်းချက်များဖြင့် ငှားရမ်းခများပေးဆောင်စေ၍ ဒီကရီကို ဆိုင်းငံ့ထားရမည် ဖြစ်ခြင်း — မူလတရားရုံး၏ ဒီကရီကို အဆင့်ဆင့် အယူခံဝင်ခဲ့လျှင် နောက်ဆုံး တရားရုံးက ဒီကရီချမှတ်သောနေ့အထိ ပေးရန် တင်ရှိသော ငှားရမ်းခအကြွေးများကို ပေးရန် တာဝန်ရှိခြင်း။

ဆုံးဖြတ်ချက်။ ။ ငှားရမ်းခ ပေးဆောင်ခြင်း မပြုသဖြင့် အိမ်ငှားအား နှင်ထုတ်ရန်ချမှတ်သည့်ဒီကရီကို အတည်ပြုသောအခါ တရားရုံးအိမ်ငှားက ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြေးကြေငြာရေး အက်ဥပဒေပုဒ်မ ၁၅(၁) အရ လျှောက်ထားလာပါက တရားရုံးသည် သင့်သည်ထင်မြင်သည့် စည်းကမ်းချက်များအရ ငှားရမ်းခများ ပေးဆောင်စေ၍ ဒီကရီအတည်ပြုခြင်းကို ဆိုင်းငံ့ထားရမည် ဖြစ်သည်။ ဒေါ်ကြူကလည်း အဆိုပါ ဥပဒေပုဒ်မ ၁၅(၁) အရ လျှောက်ထားစဉ်က ဒီကရီကို အတည်မပြုရသေးသဖြင့် သူ၏ လျှောက်ထားချက်မှာ ယင်းပုဒ်မတွင် အကျုံးဝင်ပေသည်။

ဆဝမ ဆုံးဖြတ်ချက်။ ။ မူလ တရားရုံး၏ ဒီကရီကို အဆင့်ဆင့် အယူခံဝင်ခဲ့လျှင် နောက်ဆုံး တရားရုံးက ချမှတ်သော ဒီကရီသည် မူလတရားရုံး၏ ဒီကရီနှင့် ပေါင်းစပ်သွားသည့် အလျောက် မြို့နယ်တရားရုံးတွင် အတည်ပြုလွှက်ရှိသော ဒီကရီမှာ ယခင် နိုင်ငံတော်တရားရုံးချုပ်၏ ဒီကရီ ဖြစ်ပေသည်။ ဤအခြေအနေတွင် အိမ်ငှား ဒေါ်ကြူသည် နိုင်ငံတော်တရားရုံးချုပ်က ဒီကရီချမှတ်ခဲ့သည့်နေ့အထိ ပေးရန်တင်ရှိလာသော ငှားရမ်းခ အကြွေးများကို ပေးရန် တာဝန်ရှိပေသည်။

ဒေါ်ကြူ နှင့် မောင်ကြည်စိန် ပါ (၂) (ကွယ်လွန် သူ ဒေါ်တင်အေး၏ တရားဝင် ကိုယ်စားလှယ်များ) ၃၄၄

တရားရုံးက ပေးဆပ်ရမည့် ငှားရမ်းခမှာ တရားမစွဲမီ သုံးနှစ်အတွင်း တင်ရှိသည့်အကြွေးများနှင့် တရားစွဲဆိုသည့်နေ့မှ ဒီကရီချမှတ်သည့်နေ့အထိ တင်ရှိသော အကြွေးများကိုသာ ပေးရန် လိုအပ်ခြင်း။

ဆုံးဖြတ်ချက်။ ။ မူလအမှုတွင် မြို့နယ်တရားရုံးက ၁၀–၉–၁၁ နေ့၌ ဒီကရီချမှတ်ခဲ့ရာ ထိုဒီကရီကို တိုင်းတရားရုံးက ၁၉၁၁ ခုနှစ် တရားမအယူခံမှုအမှတ် ၁၀၆ (မြင်းခြံ) တွင် ၁၅–၂–၁၂ နေ့၌

အတည်ပြုခဲ့သည်။ အယူခံတရားလိုတို့က တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို မဟိုတရားရုံး ၁၉၀၂ ခုနှစ်၊ တရားမ ဒုတိယ အယူခံမှု အမှတ် ၅၁ တွင် အယူခံသော်လည်းမအောင်မြင်ချေ။ တရားဥပဒေ သဘောအရ တိုင်းတရားရုံး၏ ဒီကရီသည် မြို့နယ်တရားရုံး၏ ဒီကရီနှင့် ပေါင်း စပ် သွား သော်လည်း မဟိုတရားရုံးက အယူခံတရားလို တို့၏ အယူခံမှုကို အကျဉ်းနည်းဖြင့် ပလပ်ခဲ့သဖြင့် မဟိုတရားရုံး၏ ဒီကရီသည် တိုင်းတရားရုံး၏ဒီကရီနှင့် ပေါင်းစပ်ခြင်းမရှိချေ။ သို့ဖြစ်ရာ ဇာရီမှုတွင် အတည်ပြုလျက်ရှိသော ဒီကရီသည် တိုင်းတရားရုံး၏ဒီကရီ ဖြစ်ပေသည်။ တိုင်းတရားရုံးသည် ၁၅–၂–၀၂ နေ့၌ ဒီကရီချမှတ်ခဲ့ သည်။ အချင်းဖြစ်မြေကို အင်္ဂလိပ်လ တစ်လ၏ လဆန်း ၁၄ ရက်နေ့မှ နောက်တစ်လ လဆန်း ၁၃ ရက်နေ့အထိ ငှားသည့်စနစ်ကို ကျင့်သုံး ခဲ့သည်ဖြစ်ရာ အယူခံတရားလိုဘို့သည် ၁၉၀၂ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့အထိ ငှားရမ်းခများပေးရန် တာဝန်ရှိပေသည်။

ဦး အေး ပါ(၃) နှင့် ဒေါ် နင်းရီ ပါ(၂)
(ငင်းတို့၏ ကိုယ်စားလှယ် ဦးဇော်ထွန်း) ၃၃၇

အိမ်ရှင်နှင့် အိမ်ငှား နှစ်ဦးတို့ ငှားရမ်းခနှင့် ပတ်သက်ပြီး သဘော တူသတ်မှတ်နိုင်ခြင်း မရှိလျှင်၊ စံငှားရမ်းခ သတ်မှတ်ပြီးသည့် အခါမှသာ ဥပဒေနှင့် အညီ ရထိုက်သော ငှားရမ်းခများကို အိမ်ရှင်ကတောင်းခံခွင့် ရှိမည်ဖြစ်ခြင်း – မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေးဥပဒေပုဒ်မ ၁၂(၁)(ဂ) – တစ်ဦးနှင့် တစ်ဦး စိတ်အခန့် မသင့်၍ တခါတရံ ရန်ဖြစ်ခြင်းသည် အိမ်နီးချင်း များအား အနှောင့်အယှက် ဖြစ်စေသည်ဟု ဆိုနိုင် မဆိုနိုင်။

ဆုံးဖြတ်ချက်။ ။အယူခံတရားပြိုင် ဒေါ်မြစိန်းအေးအဖို့ ညှိနှိုင်းမှု မပြေလည်ခြင်းကြောင့် အချင်းဖြစ်အိမ်ခန်းအတွက်စံငှားရမ်းခလက်မှတ် ရရန် ဦးစွာဆောင်ရွက်ရပေမည်။ ထိုစံငှားရမ်းခ သက်သေခံလက်မှတ် ရရှိသည့် အခါကမှသာ ဥပဒေနှင့်အညီ ရသင့်ရထိုက်သော ငှားရမ်းခ များကို တောင်းဆိုရန်လိုပေလိမ့်မည်။ အိမ်ရှင်သည် အိမ်လခကို မိမိ သဘောအတိုင်း ကြိုက်သလို သတ်မှတ်၍ အိမ်ငှားထံ တရားစွဲဆို တောင်းခံခြင်း မပြုလုပ်နိုင်ပေ။

ထပ်မံဆုံးဖြတ်ချက်။ ။စိတ်အခန့် မသင့်လျှင် တခါတရံ ရန်ဖြစ် တတ်ကြသောကြောင့် ထိုသို့ ပြုမူချက်သည် အိမ်နီးနားချင်းတို့အား ပြိုငြင်မှု ပြုရာမြောက်သော အနှောင့်အယှက် ဖြစ်စေသည့် ပြုလုပ်မှုဟု ဆိုရန်ခဲယဉ်းသည်။

ဒေါ်ချုလိုင်ဖိုင် (ခ) ဒေါ်လှရွှေ နှင့် ဒေါ်မြစိန်းအေး ၂၄၆

တရားမ ပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးမြကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးသန့်ဝင်းနှင့် ဦးတင်အုန်း တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

ဦးကိုရင်
နှင့်
မောင်ရဲမြင့် *

†၁၉၀၄
ဒီဇင်ဘာလ
၂၁ ရက်

သူတစ်ဦးသည် မူလမှုတွင် အမှုသည်လည်းမဟုတ်သည့်ပြင် အမှုသည်၏ အကျိုးကို ဆက်ခံခွင့်ရှိသူလည်းမဟုတ်ပါက ထိုသူ၏ တင်ပြချက်ကို ဇာရီမှုတွင် အဆုံးအဖြတ်ပေးနိုင်မပေးနိုင်—တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁၊ နည်း ၃၅ ပါပြဋ္ဌာန်းချက်။

ဆုံးဖြတ်ချက်။ ။တရားမကျင့်ထုံးဥပဒေပုဒ်မ ၄၇ အရ ဇာရီမှုတစ်မှုတွင် တရားနိုင်နှင့် တရားရှုံး သို့မဟုတ် ၎င်း၏အကျိုးကိုဆက်ခံသူအကြား ဒီကရီ အတည်ပြုခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှုကို ဒီကရီအတည်ပြုသည့်တရားရုံးက အဆုံးအဖြတ်ပေးရမည်ဟု ပြဋ္ဌာန်းထားသည်။ဤအမှုတွင် လျှောက်ထားခံရသူ မောင်ရဲမြင့်သည် မူလအမှုတွင် အမှုသည်အဖြစ်ပါဝင်ခဲ့ခြင်းမရှိကြောင်း သူ၏ လျှောက်လွှာအရပင် ထင်ရှားသည်။ သူသည် မူလအမှုမှ အမှုသည်၏အကျိုး ကိုဆက်ခံသူလည်းမဟုတ်ပေ။ သို့ဖြစ်၍ သူ၏တင်ပြချက်ကို ဇာရီမှုတွင် အဆုံး အဖြတ်ပေးခွင့် မရှိပေ။

ဆဝ်မ်ဆုံးဖြတ်ချက်။ ။အဝ်ဝရမ်းကိုအတည်ပြုရာတွင် တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊နည်း ၃၅ အရ ဒီကရီကိုလိုက်နာရန် တာဝန်ရှိသူများကိုသာ ပေးအဝ်ရမည့် ဥပစာမှ ဖယ်ရှား နိုင်ပေသည်။ ဝရမ်း အတည်ပြုသည့် ဝန်ထမ်းအနေဖြင့် မောင်ရဲမြင့်သည် ဒီကရီကိုလိုက်နာရန် တာဝန်ရှိသူ ဟုတ် မဟုတ် စိစစ်ပြီးလိုက်နာရန် တာဝန်ရှိသူဖြစ်ကြောင်း တွေ့ရှိမှသာ သူ့အား အချင်းဖြစ်ဥပစာမှ ဖယ်ရှားပစ်မည်ဖြစ်သည်။ ဒီကရီကိုလိုက်နာရန် တာဝန် ရှိသူများတွင် တရားရှုံးထံမှ အချင်းဖြစ်ဥပစာကို တဆင့်ဌားရမ်းထားသူ၊ အမှု အတောအတွင်း ယင်းဥပစာကို လွှဲပြောင်း ရယူထားသူနှင့် တရားရှုံးကို အကြောင်းပြု၍ ယင်းဥပစာကို လက်ရှိထားသူတို့ ပါဝင်သည်။

---

* ၁၉၀၄ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၀

† ၁၉၀၃ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၇၇တွင်ချမှတ်သော (၁၄-၁၂-၀၂) နေ့စွဲပါ မန္တလေးတိုင်းတရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၁၉၀၄ ဦးကိုရင် နှင့် မောင်ရမြင့်

လျောက်ထားသူအတွက် – ဦးလွန်းမောင်၊ ဗဟိုတရားရုံးရှေ့နေ

လျောက်ထားခံရသူအတွက် – ဦးညွန့်မြိုင်၊ ဗဟိုတရားရုံးရှေ့နေ

မန္တလေးအရှေ့မြောက်မြို့နယ်၊ ချမ်းအေးသာဇံရပ်ကွက်တရားရုံး တရားမ ကြီးမှုအမှတ် ၀/၇၅ တွင် လျောက်ထားသူ ဦးကိုရင်က ဦးဟုတ်ချိုကီးပါ (၂) ဦးတို့ အပေါ် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(စ)အရ တရားစွဲဆိုရာ ဗဟိုတရားရုံးအထိ အနိုင် ဒီကရီရရှိခဲ့သည်။ ထိုဒီကရီအရ အဆိုပါ ရပ်ကွက်တရားရုံး၏ ဇာရီမှုအမှတ် ၂/၀၁ တွင် တရားရှုံး ဦးဟုတ်ချိုကီး ပါ(၂)ဦး အပေါ် ဥပစာမှ နှင်ထုတ်ပေးရန် ဦးကိုရင်က ဆောင်ရွက်ခဲ့သည်။ လျောက်ထားခံရသူ မောင်ရမြင့်က ထုံးသည် မူလမှုတွင်လည်းကောင်း၊ဇာရီမှုတွင်လည်းကောင်း အမှုသည်အဖြစ် ပါဝင်သူမဟုတ်၍ သူလက်ရှိဖြစ်သည့် အချင်းဖြစ်ဥပစာမှနှင်ထုတ်ခြင်းမခံထိုက် သောကြောင့် လိုအပ်သလို စုံစမ်းစစ်ဆေးမှု ပြုလုပ်ပေးပါရန် လျောက်ထား သည့်အခါ ရပ်ကွက်တရားရုံးက လက်မခံပဲ ပလပ်ပြီး မြေအပ်ဝရမ်းထုတ်ရန် အမိန့်ချမှတ်ခဲ့သည်။ မြို့နယ်တရားရုံးကလည်း ရပ်ကွက်တရားရုံး၏ အမိန့်ကို အတည် ပြုခဲ့သောကြောင့် မောင်ရမြင့်က မန္တလေးတိုင်း တရားရုံးတွင် ဆက်လက်၍ ပြင်ဆင်မှုတက်သည့်အခါ သူ၏လျောက်ထားချက်ကို လက်ခံ ခွင့်ပြုပြီး ဆက်လက်စုံစမ်းစစ်ဆေးရန် အမိန့်ချမှတ်လိုက်သဖြင့် ထို အမိန့်ကို မကျေနပ်၍ ပယ်ဖျက်ပေးရန် တရားနိုင် ဦးကိုရင်က ပြင်ဆင်မှု တင်သွင်းခြင်း ဖြစ်သည်။

တရားမကျင့်ထုံးဥပဒေပုဒ်မ ၄၇ အရ ဇာရီမှုတစ်မှုတွင် တရားနိုင်နှင့် တရားရှုံး သို့မဟုတ် ၎င်း၏အကျိုးကိုဆက်ခံသူအကြား ဒီကရီအတည်ပြုခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှုကို ဒီကရီအတည်ပြုသည့် တရားရုံးက အဆုံးအဖြတ် ပေးရမည်ဟု ပြဋ္ဌာန်းထားသည်။ ၎င်အမှုတွင် လျောက်ထားခံရသူ မောင်ရ မြင့်သည် မူလအမှုတွင် အမှုသည်အဖြစ် ပါဝင်ခဲ့ခြင်း မရှိကြောင်း သူ၏ လျောက်လွှာအရပင် ထင်ရှားသည်။ သူသည် မူလအမှုမှ အမှုသည်၏ အကျိုးကို ဆက်ခံသူလည်းမဟုတ်ပေ။ သို့ဖြစ်၍ သူ၏တင်ပြချက်ကိုဇာရီမှုတွင် အဆုံးအဖြတ်ပေးခွင့် မရှိပေ။

အပ်ဝရမ်းကို အတည်ပြုရာတွင် တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်း ၃၅ အရ ဒီကရီကို လိုက်နာရန် တာဝန်ရှိသူများကိုသာ ပေးအပ်ရမည့် ဥပစာမှ ဖယ်ရှားနိုင်ပေသည်။ ဝရမ်းအတည်ပြုသည့် ဝန်ထမ်းအနေဖြင့် မောင်ရမြင့်သည် ဒီကရီကိုလိုက်နာရန် တာဝန်ရှိသူဟုတ်မဟုတ် စိစစ်ပြီးလိုက် နာရန် တာဝန်ရှိသူဖြစ်ကြောင်း တွေ့ရှိမှသာ သူ့အား အချင်းဖြစ် ဥပစာမှ

ဖယ်ရှားပစ်မည်ဖြစ်သည်။ ဒီကရီကိုလိုက်နာရန်တာဝန်ရှိသူများတွင် တရားရုံးထံမှ အချုပ်ဖြစ် ဥပစာကို တဆင့် ငှားရမ်းထားသူ၊ အမှုအတောအတွင်း ယင်းဥပစာကို လွှဲပြောင်းရယူထားသူနှင့် တရားရုံးကို အကြောင်းပြု၍ ယင်းဥပစာကို လက်ရှိထားသူတို့ပါဝင်သည်။

ဒီကရီကိုအတည်ပြုသည့် တရားရုံး၏အမိန့်အရ ဥပစာမှဖယ်ရှားခြင်းမခံရမီ ဇာရီမှုတွင် အမှုသည်မဟုတ်သူတစ်ဦးဦးအား သူ့အား ဥပစာမှဖယ်ရှားခြင်းမပြုရန် အဆိုပါတရားရုံးတွင် လျှောက်ထားနိုင်သည်ဟု တရားမကျင့်ထုံးဥပဒေတွင် ပြဋ္ဌာန်းထားခြင်းမရှိပေ။ အပ်ဝရမ်းကို အတည်ပြုရာ၌ ဖယ်ရှားခြင်းခံရလျှင် ထိုသူသည် လက်လွတ်ဆုံးရှုံးရသည့် ဥပစာကို ပြန်လည်ရစေရန် အလို့ငှာ တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊နည်း ၁၀၀(၁) အရ လျှောက်ထားခွင့်ရှိပေသည်။ ထိုအခါ တရားရုံးက အဆိုပါအမိန့် ၂၁၊ နည်း ၁၀၀(၂) အရ စုံစမ်းစစ်ဆေးရန်အကြောင်း ပေါ်ပေါက်ပေမည်။ ၎င်အမှုတွင် မောင်ရမြင့်၏လျှောက်ထားချက်သည် တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊နည်း ၁၀၀(၁)တွင် အကျုံးမဝင်ပါဟုလျှက် တိုင်းတရားရုံးက သူ၏လျှောက်ထားချက်ကို စုံစမ်းစစ်ဆေးစေရန် အမိန့်ချမှတ်ခြင်းသည် ဥပဒေအရ စီရင်ပိုင်ခွင့်မရှိသည့် အာဏာကို သုံးစွဲရာရောက်ပေသည်။ သို့ဖြစ်ရာ တိုင်းတရားရုံး၏အမိန့်ကိုပယ်ဖျက်ရပေမည်။

ထို့ကြောင့် ၎ပြင်ဆင်မှုကို ခွင့်ပြုပြီး မန္တလေးတိုင်း တရားရုံးက မောင်ရမြင့်လျှောက်ထားသည့်အတိုင်း ဆက်လက်စစ်ဆေးစေရန် ချမှတ်ခဲ့သောအမိန့်ကို ပယ်ဖျက်၍ ချမ်းအေးသာဇံရပ်ကွက်တရားရုံးနှင့် မန္တလေးအရှေ့မြောက်မြို့နယ်တရားရုံးတို့၏အမိန့်များကို ပြန်လည်အတည်ပြုလိုက်သည်။

ရှေ့နေခ ကျပ် ၇၅/– သတ်မှတ်သည်။

တရားမ ပထမ အယူခံမှု

ဥက္ကဋ္ဌအဖြစ်ဦးတင်အောင်၊ အဖွဲ့ဝင်များအဖြစ် ဦးမြကျော်နှင့် ဦးသန့်စင် တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ ရှေ့တွင်

†၁၉၀၄ အောက်တိုဘာလ ၃၀ ရက်

မောင်ကိုဦး ပါ (၆)
နှင့်
ဦးပြား ပါ (၃)*

သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ ခြွင်းချက် – ပစ္စည်းလက်မဲ့ဖြစ်သူက စွဲဆိုသည့်အခါ ပိုင်ဆိုင်ကြောင်း မြွက်ဟကြေငြာပေးစေလိုမှုအပြင် ပစ္စည်း လက်ရောက်ရလိုကြောင်း အကျိုးဆက်သက်သာခွင့်ကိုပါတောင်းဆိုရန်လိုအပ်ခြင်း – အခွင့်အမိန့်အရ နေထိုင်သူအား ဖယ်ရှားပေးစေရန် သက်သာခွင့်သည် ပိုင်ဆိုင်ကြောင်း မြွက်ဟကြေငြာသည့်ဒီကရီ၏ အကျိုးဆက်သက်သာခွင့်မဟုတ်ခြင်း– တရားလိုသည် အဆိုလွှာပါအဆိုပြုချက်အရ သက်သာခွင့် တောင်းခံရန် ဖြစ်ခြင်း။

ဆုံးဖြတ်ချက်။ ။အချင်းဖြစ် ကောက်ရိုးစင်းစက်ကို တည်ဆောက်ထားသောမြေမှာ အယူခံတရားလိုတို့ လက်ရှိမဟုတ်ကြောင်း အဆိုလွှာအရ ပေါ်ပေါက်သည်။ ပစ္စည်းလက်မဲ့ဖြစ်သူသည် ပစ္စည်းပိုင်ဆိုင်ကြောင်း မြွက်ဟဒီကရီသက်သက် ရလိုကြောင်း စွဲဆိုခွင့် မရှိချေ။ သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၄၂ ၏ ခြွင်းချက်အရ အကျိုးဆက်သက်သာခွင့်ကိုလည်း တောင်းဆိုရမည်ဖြစ်သည်။ အခွင့်အမိန့်အရ နေထိုင်သူအား ဖယ်ရှားပေးစေရန် သက်သာခွင့်သည် ပိုင်ဆိုင်မှုအပေါ် အခြေမခံပဲ ခွင့်ပြုချက်အပေါ် မှီငြမ်းပြု၍ စွဲဆိုရသောအမှုမျိုးဖြစ်သဖြင့် ပိုင်ဆိုင်ကြောင်း မြွက်ဟကြေငြာသည့်ဒီကရီ၏ အကျိုးဆက်သက်သာခွင့် မဟုတ်ချေ။ ပစ္စည်းလက်ရောက်ရလိုကြောင်း သက်သာခွင့်သာလျှင် ထိုမြွက်ဟဒီကရီ၏ အကျိုးဆက် သက်သာခွင့်ဖြစ်သည်။

ထပ်မံဆုံးဖြတ်ချက်။ ။အယူခံ တရားလိုတို့သည် အဆိုလွှာ၌ အယူခံတရားပြိုင်တို့မှာ ပူးတွဲအမွေဆိုင်များ ဖြစ်ကြောင်း အဆိုပြုထားခြင်း မရှိပေ။

---

* ၁၉၀၂ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၃၅

† ၁၉၀၀ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃ တွင် တွင်ချမှတ်သော (၂၂-၂-၀၂) နွေဦးပါ မန္တလေးတိုင်း တရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို အယူခံမှု။

၁၉၀၄
မောင်ကိုဦး
ပါ(၆)
နှင့်
ဦးပြား
ပါ(၃)

တရားလိုတစ်ဦးသည် မိမိအဆိုလွှာပါအဆိုပြုချက်အရ သက်သာခွင့် တောင်းခံရန်ဖြစ်သည်။ တရားပြိုင်ဘက်မှ ထုချေချက်အပေါ် အခြေခံ၍ သက်သာခွင့် တောင်းဆိုရန် မဟုတ်ချေ။ သို့ဖြစ်ရာ အယူခံတရားပြိုင်တို့က ပူးတွဲအမွေဆိုင်များဖြစ်သည်ဟု ထုချေထားရုံမျှဖြင့် အယူခံတရားလိုတို့က အမွေမှုစွဲဆိုရန် မဟုတ်ချေ။

အယူခံဘရားလိုများအတွက် — ဦးညွန့်မြိုင်၊ ဗဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင်များအတွက် — ဦးတင်မောင်၊ ဗဟိုတရားရုံးရှေ့နေ

မန္တလေးတိုင်း တရားရုံး၊ တရားမကြီးမှု အမှတ် ၃/၈၀ (အနောက်တောင်)တွင် ဒေါ်တိုး၊ ဦးစံခင်၊ ကိုနန်းအောင်၊ ဒေါ်အုန်းရင်၊ ကိုခင်မောင်အေးနှင့်ဒေါ်အုန်းရှိန်တို့က ဦးပြား၊ဒေါ်ကြည်လင်နှင့်ကိုမောင်မောင်တို့အပေါ် အချင်းဖြစ်မြေ နှစ်ကွက်မှာ မိမိတို့ပိုင်ဖြစ်ကြောင်း မြွတ်ဟကြေငြာပေးစေရန်နှင့် ယင်းမြေကွက်တစ်ကွက်တွင် ဆောက်လုပ်ခွင့်ပြုထားသော ကောက်ရိုးစင်းစက်ကို ဖျက်၍ ထွက်ခွာသွားစေရန် တရားစွဲဆိုရာ မအောင်မြင်သောကြောင့် ဗဟို တရားရုံးတွင် ဤအယူခံကို တင်သွင်းသည်။ အယူခံ အတောအတွင်း ဒေါ်တိုးကွယ်လွန်သွားသဖြင့် မောင်ကိုဦးအား တရားဝင်ကိုယ်စားလှယ်အဖြစ် ထည့်သွင်းခဲ့သည်။

မူလရုံးတရားလို ဒေါ်တိုးတို့က မန္တလေးမြို့၊ သံလျက်မှော်ရပ်၊ အကွက် အမှတ် ၃၀၂၂၊ ဦးပိုင်အမှတ် ၇ နှင့် ၈ စာရင်းပေါက်သော ဘိုးဘပိုင်မြေကို ဒေါ်ဖြူဥဆိုသူက ဝယ်ယူခဲ့ရာ ဒေါ်ဖြူဥကွယ်လွန်သောအခါ သား ဦးလွင်နှင့် ဦးဝတို့က အမွေဆက်ခံခဲ့ကြောင်း၊ဒေါ်တိုးသည် ဦးလွင်နှင့်အကြောင်းပါခဲ့ရာ ဦးလွင်သည် ၁၉၇၈ ခုနှစ်တွင် ကွယ်လွန်ခဲ့ကြောင်း၊ ဦးစံခင်၊ကိုနန်းအောင်၊ ဒေါ်အုန်းရင်၊ ကိုခင်မောင်အေးနှင့် ဒေါ်အုန်းရှိန်တို့သည် ဦးဝ၏ သားသမီးများနှင့်မြေးများဖြစ်၍ ဦးဝ၏အမွေကိုဆက်ခံခဲ့ကြောင်း၊ ဦးပိုင်အမှတ် ၇ တွင် တရားပြိုင်ဦးပြားအား ကောက်ရိုးစင်းစက် တစ်စက် ဆောက်လုပ်ခွင့် ပြုခဲ့ရာ ယခုအခါ သူ၏ သမီးနှင့်မြေးဖြစ်သော ဒေါ်ကြည်လင်နှင့်ကိုမောင်မောင်တို့က ကောက်ရိုးစင်းစက်ကို လုပ်ကိုင်နေကြောင်း၊ ဒေါ်ကြည်လင်က ဦးပိုင်အမှတ် ၈ ကို ပိုင်ဆိုင်သည်ဟု ဖော်ပြကာ ဦးပိုင်အမှတ် ၈ တွင် မိမိတို့၏ခွင့်ပြုချက်အရ နေထိုင်သူများအား နှင်ထုတ်ပေးရန် မန္တလေးတိုင်း တရားရုံးတွင် တရားစွဲဆိုခြင်းဖြင့် မိမိတို့၏ပိုင်ရေးပိုင်ခွင့်တို့ကို ထိပါးလာကြောင်းစသည်ဖြင့် အဆိုပြုကာ အချင်းဖြစ် မြေကွက်နှစ်ကွက်မှာ မိမိတို့ ပိုင်ဆိုင်ကြောင်း မြွတ်ဟကြေငြာပေးရန်နှင့် ကောက်ရိုးစင်းစက်ကိုဖျက်၍ ထွက်ခွာသွားစေလိုကြောင်း ဖြင့်တရားစွဲဆိုလေသည်။

၁၉၀၄

မောင်ကိုဦး ပ၊(၆) နှင့် ဦးပြား ပ၊(၃)

အချင်းဖြစ် ကောက်ရိုးစင်းစက်ကို တည်ဆောက်ထားသောမြေမှာ အယူခံတရားလိုတို့ လက်ရှိမဟုတ်ကြောင်း အဆိုလွှာအရ ပေါ်ပေါက်သည်။ ပစ္စည်းလက်မဲ့ဖြစ်သူသည် ပစ္စည်း ပိုင်ဆိုင်ကြောင်း မြွက်ဟ ဒီကရီသက်သက်ရလိုကြောင်း စွဲဆိုခွင့်မရှိချေ။ သီးခြားသက်သာခွင့် အက်ဥပဒေ ပုဒ်မ ၄၂ ၏ ခြွင်းချက်အရ အကျိုးဆက် သက်သာခွင့်ကိုလည်း တောင်းဆိုရမည်ဖြစ်သည်။ အခွင့်အမိန့်အရ နေထိုင်သူအား ဖယ်ရှား ပေးစေ ရန် သက် သာ ခွင့် သည် ပိုင်ဆိုင်မှုအပေါ်အခြေမခံပဲ ခွင့်ပြုချက်အပေါ် မှီငြမ်းပြု၍ စွဲဆိုရသောအမှုမျိုးဖြစ်သဖြင့် ပိုင်ဆိုင်ကြောင်း မြွက်ဟ ကြေငြာသည့် ဒီကရီ၏ အကျိုးဆက်သက်သာခွင့်မဟုတ်ချေ။ ပစ္စည်းလက်ရောက်ရလိုကြောင်း သက်သာခွင့်သာလျှင် ထိုမြွက်ဟဒီကရီ၏ အကျိုးဆက်သက်သာခွင့်ဖြစ်သည်။ အယူခံတရားလိုတို့၏ ရှေ့နေက အချင်းဖြစ်မြေကို လက်ရောက်ရလိုကြောင်း စွဲဆိုရန် လိုအပ်သည်ဖြစ်၍ ဓာ်ခင်ကြည် ပ၊–၅ နှင့် ဦးအေးမောင် ပ၊–၃ (၁) အမှုတွင် လမ်းညွှန်ထားသည့်အတိုင်း လက်ရောက်ရလိုကြောင်း တောင်းဆိုရန်အတွက် အဆိုလွှာကိုလိုအပ်သလိုပြင်ဆင်ရမည်ဖြစ်သဖြင့် တိုင်းတရားရုံး၏စီရင်ချက်နှင့် ဒီကရီကိုပယ်ဖျက်ပြီး အမှုတွဲကို တိုင်းတရားရုံးသို့ ပြန်ပို့သင့်ကြောင်း တင်ပြလျှောက်ထားသည်။

အယူခံတရားပြိုင်တို့၏ရှေ့နေက ဦးပြားတို့သည် အမွေဆိုင်များဖြစ်သဖြင့် အယူခံ တရားလိုတို့သည် အချင်းဖြစ်မြေကို လက်ရောက်ရလိုမှု စွဲဆိုခွင့်မရှိကြောင်း၊ အမွေပစ္စည်းကို စီမံခန့်ခွဲပေးစေရန် စွဲဆိုရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ အဆိုလွှာကို ပြင်ဆင်စေလျှင်လည်း အကျိုးရှိတော့မည်မဟုတ်၍ တိုင်းတရားရုံး၏ဒီကရီကို အတည်ပြုသင့်ကြောင်း စသည်ဖြင့် လျှောက်ထားသည်။

အယူခံတရားလိုတို့သည် အဆိုလွှာ၌ အယူခံတရားပြိုင်တို့မှာ ပူးတွဲအမွေဆိုင်များဖြစ်ကြောင်း အဆိုပြုထားခြင်း မရှိပေ။ တရားလိုတစ်ဦးသည် မိမိအဆိုလွှာပါ အဆိုပြုချက်အရ သက်သာခွင့် တောင်းခံရန် ဖြစ်သည်။ တရားပြိုင်ဘက်မှ ထုချေချက်အပေါ်အခြေခံ၍ သက်သာခွင့်တောင်းဆိုရန်မဟုတ်ချေ။ သို့ဖြစ်ရာ အယူခံတရားပြိုင်တို့က ပူးတွဲအမွေဆိုင်များဖြစ်သည်ဟု ထုချေထားရုံမျှဖြင့် အယူခံတရားလိုတို့က အမွေမှုစွဲဆိုရန်မဟုတ်ချေ။

ထို့ကြောင့် ဤအယူခံကိုခွင့်ပြု၍ တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်လိုက်သည်။ တိုင်းတရားရုံးသည် အယူခံတရားလိုတို့စွဲဆိုသောအမှုကို မူလအမှုအမှတ်အတိုင်း ပြန်လည်ဖွင့်လှစ်၍ အယူခံတရားလိုတို့က လက်ရောက်ရလိုမှု တောင်းဆိုရန်အတွက် အဆိုလွှာပြင်ဆင်ခွင့်ပြုရန် လျှောက်ထားလာလျှင် ခွင့်ပြုရန်ဖြစ်သည်။ အယူခံ တရားပြိုင်တို့က ပြင်ဆင် အဆိုလွှာအရ

(၁) ၁၉၀၀ ပြည်နှစ်၊ တရားမ ပထမ အယူခံမှုအမှတ် ၃၃ (မန္တလေး)

ချေလွှာကိုပြင်ဆင်ခွင့်ပြုရန် တောင်းလျှင် ဥပဒေနှင့်အညီ ခွင့်ပြုရန်ဖြစ်သည်။ ထို့နောက် အမှုကို ဆက်လက်စစ်ဆေးကြားနာပြီးနောက် တရားဥပဒေနှင့်အညီ အဆုံးအဖြတ်ပေးရန် ညွှန်ကြားလိုက်သည်။ ဤအယူခံတွင် နှစ်ဘက်အမှုသည်တို့သည် မိမိတို့ကုန်ကျသော တရားစရိတ်များကို မိမိတို့ကိုယ်တိုင် ကျခံကြစေ။

၁၉၀၄ မောင်ကိုဦး ပ၊(၆) နှင့် ဦးပြား ပ၊(၃)

ဤအယူခံတွင် အယူခံတရားလိုတို့ထမ်းဆောင်ထားသောရုံးခွန်ကို ပြန်အမ်းရန်အတွက် လိုအပ်သည့်သက်သေခံလက်မှတ်ကို ရုံးခွန်အက်ဥပဒေပုဒ်မ ၁၃ အရ ထုတ်ပေးစေ။

တရားမ ပထမအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးမြကျော်၊ အဖွဲ့ဝင်များအဖြစ်ဦးသန့်စင်နှင့် ဦးတင်အုန်း တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

†၁၉၀၄
နိုဝင်ဘာလ
၂၇ ရက်

ဒေါ်ကြင်ကျူး
နှင့်
မောင်ကြည်စိန် ပါ(၂)
(ကွယ်လွန်သူဒေါ်တင်အေး၏တရားဝင်ကိုယ်စားလှယ်များ) နှင့် မ ကြူ *

မြက်ဟ ကြေငြာပေးစေလိုမှု— သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ အရ မြက်ဟဒီကရီကို အမှုသည်တစ်ဦးက အခွင့်အရေးတစ်ရပ် အနေဖြင့် တောင်းဆိုခြင်းပြုနိုင်မပြုနိုင်—ယင်းဒီကရီကို တရားလို၏ အခွင့်အရေးနှင့်စပ်လျဉ်း၍ချမှတ်ပေးရခြင်း။

ဆုံးဖြတ်ချက်။ ။သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၄၂ အရ မြက်ဟဒီကရီကို အမှုသည်တစ်ဦးက အခွင့်အရေးတစ်ရပ် အနေဖြင့် တောင်းဆိုခြင်းမပြုနိုင်ပေ။ တရားရုံးက ယင်းဒီကရီကိုဆင်ခြင်တုံတရားအရ ချမှတ်ပေးရသည်ဖြစ်ရာ အမှုသည်တစ်ဦးအား အကျိုးရှိစေမည်မဟုတ်သော မြွက်ဟ ဒီကရီကို ချမှတ်ပေးနိုင်မည်မဟုတ်ချေ။

ထပ်မံဆုံးဖြတ်ချက်။ ။သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ အရ မြွက်ဟကြေငြာသည့်ဒီကရီကို တရားလို၏ အခွင့်အရေးနှင့်စပ်လျဉ်း၍ ချမှတ်ပေးရသည်။ ဒေါ်ကြင်ကျူး စွဲဆိုသည့် ဒုတိယ သက်သာခွင့်မှာ တရားရုံး ဒေါ်ကြူ အကျိုးအတွက် သွယ်ဝိုက်၍ တောင်းဆိုသော သက်သာခွင့်ဖြစ်သည့် အလျောက် သူစွဲဆိုသောအမှုမှာ အဆိုပါအက်ဥပဒေပုဒ်မ ၄၂ တွင် အကျုံးဝင်သောအမှုမျိုး မဟုတ်ကြောင်း ထင်ရှားပေသည်။

အယူခံတရားလိုအတွက် — ဒေါ်ခင်မြမြဝင်း၊ ဗဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင်များအတွက် — (၁)နှင့်(၂) အတွက် ဦးထွန်းဝေ၊ဗဟိုတရားရုံးရှေ့နေ
(၃)ကိုယ်တိုင်

---

* ၁၉၀၂ ခုနှစ် တရားမပထမအယူခံမှု အမှတ် ၁၅

† ၁၉၀၄ ခုနှစ် တရားမကြီးမှုအမှတ် ၀ တွင် ချမှတ်သော (၀-၂-၀၂) နေ့စွဲပါ မန္တလေးတိုင်းတရားရုံး၏စီရင်ချက်နှင့်ဒီကရီကိုအယူခံမှု။

၁၉၀၄ ဒေါ်ကြင်ကျူးနှင့် မောင်ကြည်စိန် ပါ(၂) (ကွယ်လွန်သူ ဒေါ်တင်အေး၏ တရားဝင်ကိုယ်စားလှယ်များ)နှင့်မကြူ

မန္တလေးမြို့၊ ယခင်မြို့နယ်တရားမ တရားသူကြီးရုံး၊ တရားမကြီးမှုအမှတ် ၄၁/၆၇ တွင် ဦးချစ်နှင့်ဒေါ်တင်အေးတို့က ဦးရွှေကီးနှင့်ဒေါ်ကြူတို့အပေါ် မန္တလေးမြို့၊ ချမ်းမြသာစည်မြောက်ပိုင်း၊ အကွက်အမှတ် ၈၅၀၊ဦးပိုင်အမှတ် ၅၌ တည်ရှိသောအိမ်မှ ဖယ်ရှားပေးစေရန် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂(၁)(က)အရ ဒီကရီရရှိခဲ့သည်။ ဒေါ်ကြင်ကျူးက ဦးချစ်နှင့်ဒေါ်တင်အေးတို့သည် မိမိထံမှ ငွေကျပ် ၆၀၀၀/– ချေးယူ၍ ယင်းအိမ်ကို ဆောက်ခဲ့ကြောင်း၊ မိမိအား အပေါ်ထပ်လေးခန်းနှင့် အောက်ထပ် သုံးခန်းကို တစ်လလျှင် ငွေကျပ် ၈၀/– နှုန်းဖြင့် ငှားရမ်းရန် သဘောတူညီခဲ့သော်လည်း အိမ်ကိုပြီးစီးသည်အထိဆောက်လုပ်ခြင်းမရှိသဖြင့် မိမိက ငွေကျပ် ၃၀၀၀/–ကို ထပ်မံအကုန်အကျခံပြီး ပြီးစီးအောင်ဆောက်လုပ်ပြီးနောက် ဦးရွှေကီးနှင့်ဒေါ်ကြူတို့အား ယင်းအိမ်၌နေထိုင်ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း စသည်ဖြင့်အဆိုပြုကာ ဖော်ပြပါ တရားမကြီးမှုအမှတ် ၄၁/၆၇တွင် ဦးချစ်တို့ရရှိထားသောဒီကရီသည် မိမိ၏အခွင့်အရေးကို မထိခိုက်ကြောင်းနှင့် သူတို့သည် ဦးရွှေကီးနှင့် ဒေါ်ကြူတို့အား နှင်ထုတ်ခွင့် မရှိကြောင်း မြွက်ဟကြေငြာပေးရန် မန္တလေးတိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၈/၇၄ တွင် တရားစွဲဆိုရာ မအောင်မြင်သဖြင့် ဒေါ်ကြင်ကျူးက မကျေနပ်၍ ဗဟိုတရားရုံးတွင် ၅၌အယူခံမှုကို တင်သွင်းခြင်းဖြစ်သည်။

မူလတရားရုံးတွင် တရားပြိုင်ဦးချစ်နှင့်ဦးရွှေကီးတို့ကွယ်လွန်ခဲ့ပြီး ၅၌အယူခံမှုအတောအတွင်း ဒေါ်တင်အေး ကွယ်လွန်သဖြင့် ဒေါ်တင်အေး၏ သား မောင်ကြည်စိန်နှင့် သမီးမတင်နုတို့က ကွယ်လွန်သူဒေါ်တင်အေး၏တရားဝင်ကိုယ်စားလှယ်များအဖြစ် ဆောင်ရွက်ကြသည်။

အယူခံတရားလို၏ ရှေ့နေက အချင်းဖြစ် အိမ်ကို ဒေါ်ကြင်ကျူးပိုင်ဆိုင်ကြောင်း အကျယ်တဝင့် တင်ပြ လျောက်ထားသည်။ ဒေါ်ကြင်ကျူးသည် အမှုတွင် ပိုင်ရေးပိုင်ခွင့်နှင့်စပ်လျဉ်း၍ မြွက်ဟဒီကရီချမှတ်ပေးရန် တောင်းဆိုထားခြင်း မရှိသဖြင့် အယူခံတရားလို၏ ရှေ့နေက တင်ပြသော ပြဿနာကို အဆုံးအဖြတ်ပေးရန် အကြောင်းမပေါ်ပေါက်ဟု။

ဦးချစ်နှင့်ဒေါ်တင်အေးတို့က ဦးရွှေကီးနှင့်ဒေါ်ကြူတို့အပေါ် စွဲဆိုသော မန္တလေးမြို့ ယခင်မြို့နယ်တရားမရုံး တရားမကြီးမှုအမှတ် ၄၁/၆၇ တွင် အယူခံတရားလိုသည် အမှုသည်တစ်ဦးအဖြစ် ပါဝင်ခဲ့ခြင်းမရှိသည့်အပြင် ၅၌အမှုကို တရားရုံးများမှတဆင့် အရေးဆိုခြင်းမဟုတ်ပဲ အချင်းဖြစ်အိမ်ကို သူ၏ငွေဖြင့် ဆောက်လုပ်သည်ဟု အဆိုရှိခြင်းကြောင့် ဦးချစ်တို့ ရရှိသော ဒီကရီသည် ဒေါ်ကြင်ကျူးအပေါ် တစုံတရာ အကျိုးသက်ရောက်မှုရှိနိုင်မည် မဟုတ်ပေ။ ထို့ကြောင့် ဦးချစ်တို့ရရှိထားသောဒီကရီသည် ဒေါ်ကြင်ကျူး၏အခွင့်အရေးကို

၁၉၀၄ ဒေါ်ကြင်ကျူးနှင့် မောင်ကြည်စိန် ပါ(၂) (ကွယ်လွန်သူ ဒေါ်တင်အေး၏ တရားဝင်ကိုယ်စားလှယ်များ)နှင့်မကြူ။

မထိခိုက်သောကြောင့် ဒေါ်ကြင်ကျူးအနေဖြင့် ပထမသက်သာခွင့်ကို တရားစွဲဆိုတောင်းခံရန်ပင်မလိုချေ။ သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ အရ မြွက်ဟဒီကရီကို အမှုသည်တစ်ဦးက အခွင့်အရေးတစ်ရပ်အနေဖြင့် တောင်းဆိုခြင်းမပြုနိုင်ပေ။ တရားရုံးက ယင်းဒီကရီကို ဆင်ခြင်တုံတရားအရ ချမှတ်ပေးရသည်ဖြစ်ရာ အမှုသည် တစ်ဦးအား အကျိုးရှိစေမည်မဟုတ်သော မြွက်ဟဒီကရီကို ချမှတ်ပေးနိုင်မည်မဟုတ်ချေ။

တရားနိုင် ဒေါ်တင်အေး (ယခုဒေါ်တင်အေး၏ တရားဝင်ကိုယ်စားလှယ်များဖြစ်ကြသော မောင်ကြည်စိန်နှင့် မတင်နု) သည် မိမိရရှိထားသော ဒီကရီအရ ဒေါ်ကြူအား အချင်းဖြစ်ဥပစာမှ ဖယ်ရှားခွင့်ရှိသည်ဖြစ်ရာ အမှုနှင့်မသက်ဆိုင်သော ဒေါ်ကြင်ကျူးက ယင်းအခွင့်အရေးကို ထိပါးပြောဆိုနိုင်ခွင့်မရှိချေ။ သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၄၂ အရ မြွက်ဟ ကြေငြာသည့် ဒီကရီကို တရားလို၏ အခွင့်အရေးနှင့် စပ်လျဉ်း၍ ချမှတ်ပေးရသည်။ ဒေါ်ကြင်ကျူးစွဲဆိုသည့် ဒုတိယ သက်သာခွင့်မှာ တရားရုံး ဒေါ်ကြူ အကျိုးအတွက် သွယ်ဝိုက်၍ တောင်းဆိုသော သက်သာခွင့်ဖြစ်သည့် အလျောက်သူစွဲဆိုသောအမှုမှာ အဆိုပါ အက်ဥပဒေပုဒ်မ ၄၂ တွင် အကျုံးဝင်သော အမှုမျိုးမဟုတ်ကြောင်းထင်ရှားပေသည်။

ထို့ကြောင့် မန္တလေးတိုင်းတရားရုံးက ချမှတ်ထားသောစီရင်ချက်နှင့်ဒီကရီကို အတည်ပြု၍ အယူခံကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။ ရှေ့နေခကို ကျပ် ၁၀၀/–သတ်မှတ်သည်။

တရားမ ပထမ အယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးတင်အောင်နှင့် ဦးမြကျော်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

ဦးကြွား ပါ (၇)
(ငှင်းတို့၏ ကိုယ်စားလှယ် စာရသူ ကိုအောင်ဘို)
နှင့်
ဒေါ် တင် လှ ပါ (၄) *

†၁၉၀၄
နိဝင်ဘာလ
၁ ရက်

ပစ္စည်းလက်ရောက် ရလိုမှုတွင် ထိုပစ္စည်းကို တရားလို ပိုင်ဆိုင်ကြောင်း ထင်ရှားရန်လိုခြင်း — သူတစိမ်းလက်ဝယ်ရှိသော အမွေဆိုင်ပစ္စည်းများကို လက်ရောက် ရလိုကြောင်း စွဲဆိုလျှင် လိုက်နာရမည့် နည်းလမ်း။

ဆုံးဖြတ်ချက်။ ။ပစ္စည်းကို လက်ရောက်ရလိုမှု စွဲဆိုရာ၌ လက်ရောက်ရလိုကြောင်း တောင်းဆိုသော ပစ္စည်းသည် တရားလိုပိုင်ဖြစ်ကြောင်း ထင်ရှားရန် လိုပေသည်။ ဦးကြွားတို့ စွဲဆိုသော အမှုတွင် အချင်းဖြစ် ထန်းပင် ၅၀၀ အနက် မည်သည့် ထန်းပင်များသည် သူတို့ပိုင်ဖြစ်ကြောင်း ခွဲခြားမသတ်မှတ်ရသေးသဖြင့် သူတို့စွဲဆိုသော အမှုမှာ အောင်မြင်ရန် အခကြောင်းမရှိပေ။

ထပ်မံဆုံးဖြတ်ချက်။ ။အမွေဆိုင်ပစ္စည်းများသည် သူတစိမ်းလက်ဝယ်ရှိနေ၍ လက်ရောက်ရလိုကြောင်း စွဲဆိုလိုလျှင် အမွေဆိုင် တစ်ဦးဖြစ်စေ၊ တစ်ဦးထက် ပိုသူတို့ကဖြစ်စေ၊ အမွေပုံပစ္စည်းများကို ထိန်းသိမ်းခိုင်ရန်အတွက် အမွေထိန်းစာ လျောက်ထား တောင်းယူပြီးနောက် အမွေထိန်း သို့မဟုတ် အမွေထိန်းများ အဖြစ်ဖြင့် သူတစိမ်းလက်ဝယ်ရှိ အမွေဆိုင် ပစ္စည်းများကို လက်ရောက်ရလိုကြောင်း စွဲဆိုနိုင်ပေသည်။

ထပ်မံဆုံးဖြတ်ချက်။ ။တိုင်းတရားရုံးက ထန်းပင် ၁၀၀ ကို ဦးကြွားတို့အား လက်ရောက်ပေးအပ်စေရန် ဒီကရီချမှတ်ခဲ့ရာ ယင်းဒီကရီနှင့် စပ်လျဉ်း၍ ဒေါ်တင်လှတို့က တန်ပြန်အယူခံလွှာဖြစ်စေ၊ တရားမကျင့်ထုံး ဥပဒေအမိန့်

---

* ၁၉၀၃ ခုနှစ်၊ တရားမ ပထမအယူခံမှု အမှတ် ၁၁
† ၁၉၀၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၆၉ တွင် ချမှတ်သော (၂၅-၁-၀၃) နေ့စွဲပါ မန္တလေးတိုင်း တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

၁၉၀၄ ဦးကြွား ပါ (၇) (၎င်းတို့၏ ကိုယ်စားလှယ် စာရသူ ကိုအောင်ဘို) နှင့် ဒေါ်တင်လှ ပါ(၄)

၄၁ နည်း ၂၂ ကွင် ခွင့်ပြုထားသည့်အတိုင်း တန်ပြန် ကန့်ကွက်လွှာဖြစ်စေ၊ တင်သွင်းထားခြင်း မရှိ၍ ယင်းထန်းပင် ၁၀၀ နှင့် စပ်လျဉ်း၍ တိုင်းတရားရုံး၏ ဒီကရီမှာ အတည်ဖြစ်လျက် ရှိနေသောကြောင့် ဤအယူခံတွင် ပယ်ဖျက်ခြင်း မပြုနိုင်ပေ။ သို့ရာတွင် မူလပိုင်ရှင် ဦးစန္ဒသည် ထန်းပင် ၅၀၀ ကို ဒေါ်တင်လှ ထံတွင် ငွေကျပ် ၁၃၀၀/–နှင့် ပေါင်နှံခဲ့သည်ဟု ဦးကြွားတို့က ဝန်ခံသည် ဖြစ်ရာ ထန်းပင် ၁၀၀ ကို ပြန်လည် ရလိုပါက အချိုးကျ ငွေကျပ် ၂၆၀/–ကို ဒေါ်တင်လှအား ပေးဆပ်မှသာ မျှတမည် ဖြစ်သည်။

အယူခံတရားလိုများ အတွက် – ဦးမြစိန်၊ ဗဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင်များအတွက် – ဒေါ်သန်းသန်း၊ ဗဟိုတရားရုံးရှေ့နေ

မြန်မာဗုဒ္ဓဘာသာဝင် ဦးစန္ဒတွင် သားသမီး ငါးယောက် ထွန်းကားခဲ့ရာ သူတို့မှာ ဦးထွန်းလှ၊ ဦးထွန်းပ၊ ဒေါ်ပေါစီ၊ ဦးထွန်းမြနှင့် ဒေါ်ညိုစိမ့်တို့ ဖြစ်ကြသည်။ ဦးစန္ဒနှင့် သားသမီးများ အားလုံး ကွယ်လွန်ကြပြီ ဖြစ်သည်။ ဦးထွန်းလှ၏ သားသမီးများမှာ (၁) တရားလို ဦးကြွား၊ (၂) တရားလို ဒေါ်အုန်းတင်နှင့် (၃) တရားလို ဦးပြည်ကြီး၏ ဇနီးကွယ်လွန်သူ ဒေါ်တင်မေတို့ဖြစ်သည်။ဦးထွန်းပ၏ သားသည် (၄) တရားလို ဦးညိုတုတ်ဖြစ်၍ ဒေါ်ပေါစီ၏ သမီးမှာ (၅) တရားလို ဒေါ်ဝါပေါဖြစ်သည်။ (၆) တရားလို ဒေါ်ဇွား သင့်သည် ဦးထွန်းမြ၏ ဇနီးဖြစ်၍ (၇) တရားလို ဒေါ်စက်ရီသည် သူတို့၏ သမီးဖြစ်သည်။ ဒေါ်ညိုစိမ့်၏ သားသမီးများမှာ (၂) တရားပြိုင် ဒေါ်သက်ထွေး၊ (၃) တရားပြိုင် ဦးညီမောင်နှင့် (၄) တရားပြိုင် ဒေါ်သန်းရီတို့ ဖြစ်ကြသည်။

ဦးစန္ဒသည် မကွယ်လွန်မီက သူပိုင် ထန်းပင် ၅၀၀ ကို (၁) တရားပြိုင် ဒေါ်တင်လှနှင့် သူ၏ခင်ပွန်းထံ ငွေကျပ် ၁၃၀၀/– နှင့် ပေါင်နှံခဲ့သည်။ သို့သော် အပေါင်စာချုပ်ချုပ်ဆိုခဲ့ခြင်း မရှိ၍ အပေါင်မမြောက်ချေ။

မူလတရားရုံး တရားလို ဦးကြွားပါ(၇)ဦးတို့က မိမိတို့သည် အဆိုပါ ထန်းပင်များ၏ ငါးပုံလေးပုံကို အမွေရထိုက်သူများ ဖြစ်ကြောင်း၊ ကျန်ငါးပုံ တစ်ပုံကို အမွေဆက်ခံခွင့် ရှိသော တရားပြိုင် ဒေါ်သက်ထွေး၊ ဦးညီမောင်နှင့် ဒေါ်သန်းရီတို့သည် မိမိတို့နှင့် အတူ အဆိုပါ ထန်းပင်များ လက်ရောက် ရလိုကြောင်း တရားစွဲဆိုရာ၌ တရားလိုအဖြစ် ပါဝင်ရန် ငြင်းဆန်ခဲ့ကြောင်း အဆိုပြုကာ ထန်းပင် ၄၀၀ ကို လက်ရောက်ရလိုကြောင်းဖြင့် မန္တလေးတိုင်း တရားရုံးတရားမကြီးမှုအမှတ် ၆၉/၀၁ (တံတားဦး)တွင် တရားစွဲဆိုလေသည်။

၁၉၀၄
ဦးကြွား ပ၊(၇) (၎င်းတို့၏ ကိုယ်စားလှယ် စာရသူ ကိုအောင်ဘို) နှင့် ဒေါ်တင်လှ ပ၊(၄)

တရားပြိုင် ဒေါ်တင်လှက တရားလိုများစွဲဆိုသောအမှုမှာ ကာလစည်းကမ်းသတ် ကျော်လွန်ကြောင်း၊ အမွေဆက်ခံခွင့် လက်မှတ်မတင်ပြဝဲ တရားစွဲဆိုခွင့် မရှိကြောင်း စသည်ဖြင့် ထုချေသည်။

တိုင်းတရားရုံးက နှစ်ဘက်ကို စစ်ဆေးကြားနာပြီးနောက် တရားလိုတို့သည် အမွေမမီ မြေးများအဖြစ်ဖြင့် ထန်းပင် ၁၀၀ သာ ရခွင့်ရှိသောကြောင့် ယင်းထန်းပင် ၁၀၀ ကို လက်ရောက်အပ်ပေးစေရန် ဒီကရီချမှတ်သည်။ ဦးကြွားတို့က စွဲဆိုသည့်အတိုင်း နောက်ထပ်ထန်းပင် ၃၀၀ ရရှိရန် အတွက် ဗဟို တရားရုံးတွင် ၎င်အယူခံကို တင်သွင်ခြင်း ဖြစ်သည်။

အဆိုလွှာပါ အဆိုပြုချက်များ အရ အချင်းဖြစ် ထန်းပင်များမှာ အယူခံတရားလိုတို့ (၇)ဦးနှင့် အယူခံတရားပြိုင် ဒေါ်သက်ထွေး၊ ဦးညီမောင်နှင့် ဒေါ်သန်းရီတို့ စုပေါင်း၍ အမွေ ဆက်ခံရရှိသော ထန်းပင်များဖြစ်ကြောင်း အငြင်းမပွားချေ။ ထို့ပြင် ယင်းထန်းပင်များကို အမွေဆိုင်များ မခွဲဝေရသေးကြောင်းလည်း ပေါ်ပေါက်သည်။ သို့ဖြစ်ရာ အချင်းဖြစ် ထန်းပင် ၅၀၀ အနက် မည်သည့် ထန်းပင်များသည် အယူခံတရားလိုတို့ အမွေဝေစုအဖြစ် ရရှိသော ထန်းပင်များဖြစ်ကြောင်း မသိနိုင်သေးချေ။ ဦးစန္ဒကျန်ရစ်သော အမွေပစ္စည်းများကို စိမံခန့်ခွဲ၍ မည်သည့်ထန်းပင်များသည် ဦးကြွားတို့ အမွေရသော ပစ္စည်းများဖြစ်ကြောင်း ခွဲဝေသတ်မှတ်ပြီးမှဖြစ်စေ၊ အမွေဆိုင် အချင်းချင်း ထန်းပင်များကိုခွဲဝေပြီးမှ ဖြစ်စေ မည်သည့် ထန်းပင်များသည် ဦးကြွားတို့ပိုင်ဖြစ်ကြောင်း သတ်သတ်မှတ်မှတ် သိရှိနိုင်မည်ဖြစ်သည်။ ပစ္စည်းကို လက်ရောက်ရလိုမှု စွဲဆိုရာ၌ လက်ရောက်ရလိုကြောင်း တောင်းဆိုသော ပစ္စည်းသည် တရားလိုပိုင် ဖြစ်ကြောင်း ထင်ရှားရန် လိုပေသည်။ ဦးကြွားတို့ စွဲဆိုသော အမှုတွင် အချင်းဖြစ် ထန်းပင် ၅၀၀ အနက် မည်သည့် ထန်းပင်များသည် သူတို့ပိုင်ဖြစ်ကြောင်း စွဲခြား မသတ်မှတ်ရသေးသဖြင့် သူတို့စွဲသောအမှုမှာ အောင်မြင်ရန်အကြောင်းမရှိပေ။

အလျဉ်းသင့်၍ ဖော်ပြလိုသည့် အချက်မှာ အမွေဆိုင်ပစ္စည်း များသည် သူတစ်မ်းလက်ဝယ်ရှိ နေ၍ လက်ရောက်ရလိုကြောင်း စွဲဆိုလိုလျှင် အမွေဆိုင်တစ်ဦးဖြစ်စေ၊ တစ်ဦးထက် ပိုသူတို့ကဖြစ်စေ၊ အမွေပုံပစ္စည်းများကို ထိန်းသိမ်းနိုင်ရန်အတွက် အမွေထိန်းစာ လျောက်ထား တောင်းယူပြီးနောက် အမွေထိန်းသို့မဟုတ် အမွေထိန်းများအဖြစ်ဖြင့် သူတစ်မ်းလက်ဝယ်ရှိ အမွေဆိုင်ပစ္စည်းများကို လက်ရောက် ရလိုကြောင်း စွဲဆိုနိုင်ပေသည်။ ၎င်အမှုတွင် ဦးကြွားတို့သည် အမွေထိန်းစာ ရသူများဖြစ်ကြောင်း မပေါ်ပေါက်ချေ။

တိုင်းတရားရုံးက ထန်းပင် ၁၀၀ကို ဦးကြွားတို့အား လက်ရောက်ပေးအပ်စေရန် ဒီကရီချမှတ်ခဲ့ရာ ယင်းဒီကရီနှင့် စပ်လျဉ်း၍ ဒေါ်တင်လှတို့က တန်ပြန် အယူခံလွှာဖြစ်စေ၊ တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်း ၂၂ တွင် ခွင့်ပြု

၁၉၀၄ ဦးကြွား ပါ(၇) (၎င်းတို့၏ ကိုယ်စားလှယ် စာရသူ ကိုအောင်ဘို) နှင့် ဒေါ်တင်လှ ပါ(၄)

ထားသည့်အတိုင်း တန်ပြန် ကန့်ကွက်လွှာဖြစ်စေ တင်သွင်းထားခြင်း မရှိ၍ ယင်းထန်းပင် ၁၀၀ နှင့်စပ်လျဉ်း၍ တိုင်းတရားရုံး၏ဒီကရီမှာ အတည်ဖြစ်လျက် ရှိနေသောကြောင့် ဤအယူခံတွင် ပယ်ဖျက်ခြင်း မပြုနိုင်ပေ။ သို့ရာတွင် မူလ ပိုင်ရှင် ဦးစန္ဒသည် ထန်းပင် ၅၀၀ ကို ဒေါ်တင်လှထံတွင် ငွေကျပ် ၁၃၀၀/- နှင့် ပေါင်နှံခဲ့သည်ဟု ဦးကြွားတို့က ဝန်ခံသည်ဖြစ်ရာ ထန်းပင် ၁၀၀ ကို ပြန်လည် ရလိုပါက အချိုးကျ ငွေကျပ် ၂၆၀/-ကို ဒေါ်တင်လှအား ပေးဆပ်မှသာ မျှတမည် ဖြစ်သည်။

ထို့ကြောင့် ဦးကြွားတို့သည် ဒေါ်တင်လှအား ငွေကျပ် ၂၆၀/-ပေးဆပ်ပါက ဒေါ်တင်လှသည် သူတို့အား ထန်းပင် ၁၀၀ လက်ရောက်ပေးအပ်စေရန် တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပြင်ဆင်၍ အယူခံကိုပလပ်လိုက်သည်။ ဤအယူခံတွင် နှစ်ဘက်အမှုသည်များသည် မိမိတို့ ကုန်ကျသော တရားစရိတ်များကို မိမိတို့ ကိုယ်တိုင် ကျခံကြစေ။

တရားမ အထွေထွေအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးတင်အောင်၊ အဖွဲ့ဝင်များအဖြစ် ဦးမြကျော်နှင့်ဦးသန့်စင် တို့ ပါဝင်သော မဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

ဒေါ်ခင်လေး ပါ(၃)

နှင့်

မောင်ရွှေ *

†၁၉၀၄
နိဝင်ဘာလ
၂ ရက်

အမွေပစ္စည်းများခွဲဝေပေးစေလိုမှုတွင် အမွေဆိုင်များသည် အမွေပုံမှ ရရန်ရှိသည့်ဝေစုအပြင် အမွေပစ္စည်းမှဖြစ်ထွန်းလာသော အကျိုးအမြတ်ကိုလည်း ခံစားပိုင်ခွင့်ရှိခြင်း။

ဆုံးဖြတ်ချက်။ ။အမွေပစ္စည်းများကို ခွဲဝေပေးစေလိုမှုတွင် အမွေဆိုင်များသည် အမွေပုံပစ္စည်းတွင် ဥပဒေအရ မိမိတို့ ရရန်ရှိသော ဝေစုများကို ရခွင့်ရှိသည့်အပြင် အမွေပစ္စည်းမှ ဖြစ်ထွန်းသော အကျိုးအမြတ်များကိုလည်း ခံစားခွင့်ရှိပေသည်။

အယူခံတရားလိုများအတွက် — ဦးညွှန့်မြင့်၊ မဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင်အတွက် — ဦးမြစိန်၊ မဟိုတရားရုံးရှေ့နေ

စစ်ကိုင်းတိုင်းတရားရုံး၊ တရားမ ဇာရီမှုအမှတ် ၄/၇၉ တွင် အယူခံတရားပြိုင်မောင်ရွှေက တရားနိုင်အဖြစ်ဖြင့် အယူခံတရားလို ဒေါ်ခင်လေး၊ မတင်တင်အေးနှင့် မောင်မောင်တို့အပေါ် အဆိုပါတရားရုံး တရားမကြီးမှုအမှတ် ၁/၇၃ တွင် ချမှတ်ထားသော ဒီကရီကို အတည်ပြုသည်။ တိုင်းတရားရုံးက အချင်းဖြစ်ပစ္စည်းများနှင့် ယင်းပစ္စည်းများမှဖြစ်ထွန်းသောအကျိုးအမြတ်၏ တဝက်ကို တရားရုံးအဆင့်ဆင့် စရိတ်နှင့်တကွ တရားရှုံး မောင်မောင်က တရားနိုင်မောင်ရွှေအား ပေးစေရန် အမိန့် ချမှတ်သော ကြောင့် တရားရှုံး ဒေါ်ခင်လေးတို့က မဟိုတရားရုံးတွင် ဤအယူခံကို တင်သွင်းခြင်းဖြစ်သည်။

---

* ၁၉၀၃ ခုနှစ်၊ တရားမ အထွေထွေအယူခံမှုအမှတ် ၁၆

† ၁၉၇၉ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၄ တွင် ချမှတ်သော (၂၉-၄-၀၃) နေ့စွဲပါ စစ်ကိုင်းတိုင်းတရားရုံး၏ အမိန့်ကို အယူခံမှု။

၁၉၀၄
ခေါ်ခင်လေး
ပါ(၃)
နှင့်
မောင်ရွှေ

အယူခံတရားလိုတို့၏ ရှေ့နေက တိုင်းတရားရုံးသည် မိမိချမှတ်ထားသည့် ဒီကရီဘောင်ကိုကျော်လွန်၍ စုံစမ်းမှုပြုကာ အဆမတန်များပြားသော ကြိတ်ခဲ့ခများကိုပါ တရားနိုင်အား ပေးစေရန် အမိန့်ချမှတ်ခြင်းမှာ မှားယွင်းကြောင်း တင်ပြလျောက်ထားသည်။

မန္တလေးရုံးထိုင် ဗဟိုတရားရုံး၊ တရားမပြင်ဆင်မှုအမှတ် ၁၆/၇၆ တွင် အတည်ပြုထားသော စစ်ကိုင်းတိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၁/၇၃ တွင် ချမှတ်သည့်အပြီးသတ်ဒီကရီ၌ အောက်ပါအတိုင်းဖော်ပြထားသည် –

> ''ကော်မရှင်နာလူကြီးများ၏အစီရင်ခံစာကို လက်ခံ အတည်ပြုပြီး အချင်းဖြစ်ပစ္စည်းများနှင့်ပတ်သက်၍ တရားလိုမောင်ရွှေနှင့် တရားပြိုင် မောင်မောင်တို့သည် ဟိန္နဘာသာဝင်တို့၏ ဓလေ့ထုံးတမ်းဥပဒေအရ တဝက်စီခွဲဝေခံစားကြစေ။''

၌ဒီကရီအရဆိုလျှင် အချင်းဖြစ်အမွေပစ္စည်းများ၏ ထက်ဝက်ကို တရားနိုင် မောင်ရွှေက ရရန်ဖြစ်သည်။ ယင်းပစ္စည်းများမှာ တရားရုံးများလက်ဝယ်တွင် ရှိနေ၍ အမှုစွဲဆိုသည့်ကာလအတွင်း အကျိုးအမြတ်များ ဖြစ်ထွန်းခဲ့ကြောင်း ပေါ်ပေါက်သည်။ အမွေပစ္စည်းများကို ခွဲဝေပေးစေလိုမှုတွင် အမွေဆိုင်များသည် အမွေပုံပစ္စည်းတွင် ဥပဒေအရ မိမိတို့ရရန်ရှိသော ဝေစုများကို ရခွင့်ရှိသည့်အပြင် အမွေပစ္စည်းမှဖြစ်ထွန်းသောအကျိုးအမြတ်များကိုလည်း ခံစားခွင့်ရှိပေသည်။သို့ဖြစ်ရာ အချင်းဖြစ်ပစ္စည်းများကို အမှန်တကယ်ခွဲဝေသည့်နေ့အထိ ယင်းပစ္စည်းများမှဖြစ်ထွန်းသော အကျိုးအမြတ်များ၏တဝက်ကို တရားနိုင်က ခံစားခွင့်ရှိသည်ဟု တိုင်းတရားရုံးက ကောက်ယူဆုံးဖြတ်ခြင်းမှာ ချမှတ်ထားသည့် ဒီကရီ၏ဘောင်ကို ကျော်လွန်သည်ဟု မဆိုနိုင်ပေ။

စစ်ကိုင်းတိုင်းတရားရုံးက စစ်ဆေးတွေ့ရှိချက်အရ ခွဲဝေရမည့်အမွေပစ္စည်းများတန်ဖိုးနှင့် ဖြစ်ထွန်းသော အကျိုးအမြတ်များမှာ အောက်ပါအတိုင်းဖြစ်သည် –

ကုန်သွယ်လယ်ယာမှ ရရှိသောကြိတ်ခွဲခများ

(၁) ၁၉၆၅ခု နှစ်မှ ၁၉၇၄ ခုနှစ်အထိ ၇၂၂၅–၀၀
(၂) ၁၁–၃–၇၅ နေ့မှ ၁–၀–၇၉ နေ့အထိ ၁၉၀၂၇–၉၀
(၃) ၂–၅–၇၀ နေ့မှ ၂၄–၁၂–၀၀ နေ့အထိ ၂၄၆၄၇–၇၅

၁၉၇၄
ဒေါ်ခင်လေး
ပါ(၃)
နှင့်
မောင်ရွှေ

ပုဂ္ဂလိကများထံမှ ရရှိသော ကြိတ်ခွဲခများနှင့် ဆန်ထွက်ပစ္စည်းများ ရောင်းရငွေ

(၁) ၁၉၆၅ ခုနှစ်မှ ၁၉၇၉ ခုနှစ်အထိ	....	၄၅၁၅၁၀–၀၀
(၂) ၁၂–၁၂–၇၉ နေ့မှ ၂၉–၂–၈၀ နေ့အထိ		၃၀၈၁၇–၀၀
၇ နှစ်အတွက်ဆိုင်ခန်းများငှားရမ်းခရငွေ	....	၈၄၀၀–၀၀
အချင်းဖြစ်ပစ္စည်းအရပ်ရပ်၏တန်ဖိုး	....	၂၆၅၂၄၄–၀၀
စုစုပေါင်း–		၈၇၁၈၇၉–၇၃
ဆန်စက်များလည်ပတ်သည့်အတွက်ကုန်ကျစရိတ်များ–		၂၇၂၈၀၀–၀၀
အကျိုးအမြတ်များအပါအဝင်ခွဲဝေရမည့်ပစ္စည်း အရပ်ရပ်တန်ဖိုး....		၅၉၉၀၇၉–၇၃

ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယား အမှတ်စဉ် ၁၂၀ အရ တရားမစွဲဆိုမီ ၆ နှစ်အတွင်း အမွေပစ္စည်းများမှဖြစ်ထွန်းသော အကျိုးအမြတ်များကို အမွေဆိုင်များက ခံစားခွင့်ရှိသည်။ တရားနိုင်မောင်ရွှေသည် အမှုကို ၁၉၇၃ ခုနှစ်အတွင်းတွင် စွဲဆိုခဲ့သည်ဖြစ်ရာ တိုင်းတရားရုံးက တွက်ချက်ထားသောအကျိုးအမြတ်များတွင် တရားမစွဲဆိုမီ ၆ နှစ်ကာလထက်ကျော်လွန်သော အချိန်က ဖြစ်ထွန်းခဲ့သည့်အကျိုးအမြတ်များကိုပါ ထည့်သွင်း တွက်ချက်ထားကြောင်း ပေါ်ပေါက်သည်။

ဤစီရင်ချက်ကိုအဆုံးမသတ်မီ မှတ်ချက်ပြုလိုသောအချက်မှာ အယူခံ တရားပြိုင်၏ရှေ့နေက တိုင်းတရားရုံး၏အမိန့်ကို အယူခံဝင်ခွင့်မရှိဆိုသော တင်ပြချက်နှင့်ပတ်သက်သည်။ မူလရုံးကချမှတ်သောအမိန့်မှာ ဒီကရီ အတည်ပြုခြင်းနှင့်စပ်လျဉ်း၍ ချမှတ်သောအမိန့်ဖြစ်သောကြောင့် တရားမကျင့်ထုံးဥပဒေပုဒ်မ ၂(၂) နှင့် ပုဒ်မ ၄၇ အရ ဒီကရီဖြစ်သောကြောင့် အယူခံဝင်ခွင့်ရှိပေသည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့် တိုင်း တရားရုံး၏ အမိန့်ကို ပယ်ဖျက်လိုက်သည်။ တိုင်းတရားရုံးသည် မူလအမှုကြီးကို မစွဲဆိုမီ ၆ နှစ် အတွင်း ဖြစ်ထွန်းသောအကျိုးအမြတ်များနှင့် ဒီကရီချမှတ်ပြီးမှ ဖြစ်ထွန်းသော အကျိုးအမြတ်တို့ကို စိစစ်တွက်ချက်၍ အပြီးသတ် ဒီကရီနှင့်အညီ တရားနိုင် မောင်ရွှေအား ခွဲဝေပေးစေရန် ညွှန်ကြားလိုက်သည်။ စရိတ်မရှိ။

တရားမ ဒုတိယ အယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးတင်အောင်၊ အဖွဲ့ဝင်များအဖြစ်ဦးသန့်စင်နှင့် ဦးတင်အုန်း တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

†၁၉၇၄
နိုဝင်ဘာ
၂၀ ရက်

ဒေါ်ချိုလိုင်ဖိုင် (ခ) ဒေါ်လှရွှေ
နှင့်
ဒေါ်မြစိန်းအေး *

အိမ်ရှင်နှင့် အိမ်ငှား နှစ်ဦးတို့ ငှားရမ်းခနှင့် ပတ်သက်ပြီး သဘောတူ သတ်မှတ်နိုင်ခြင်း မရှိလျှင်၊ စံငှားရမ်းခ သတ်မှတ်ပြီးသည့် အခါမှသာ ဥပဒေနှင့် အညီ ရထိုက်သော ငှားရမ်းခများကို အိမ်ရှင်က တောင်းခံခွင့် ရှိမည်ဖြစ်ခြင်း – မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၂ (၁) (ဂ) – တစ်ဦးနှင့်တစ်ဦး စိတ်အခန့်မသင့်၍ တခါတရံ ရုန်ဖြစ်ခြင်းသည် အိမ်နီးချင်း များအား အနှောင့်အယှက် ဖြစ်စေသည်ဟု ဆိုနိုင် မဆိုနိုင်။

ဆုံးဖြတ်ချက်။ ။အယူခံတရားပြိုင် ဒေါ်မြစိန်းအေးအဖို့ ညှိနှိုင်းမှု မပြေလည်ခြင်းကြောင့် အချင်းဖြစ်အိမ်ခန်းအတွက် စံငှားရမ်းခလက်မှတ်ရရန် ဦးစွာ ဆောင်ရွက်ရပေမည်။ ထိုစံငှားရမ်းခ သက်သေခံလက်မှတ် ရရှိသည့် အခါကျမှသာ ဥပဒေနှင့်အညီ ရသင့်ရထိုက်သော ငှားရမ်းခများကို တောင်းဆိုရန် လိုပေလိမ့်မည်။ အိမ်ရှင်သည် အိမ်လခကို မိမိသဘောအတိုင်း ကြိုက်သလို သတ်မှတ်၍ အိမ်ငှားထံ တရားစွဲဆို တောင်းခံခြင်း မပြုလုပ်နိုင်ပေ။

ထပ်မံဆုံးဖြတ်ချက်။ ။စိတ်အခန့် မသင့်လျှင် တခါတရံ ရန်ဖြစ်တတ်ကြသောကြောင့် ထိုသို့ပြုမူချက်သည် အိမ်နီးနားချင်းတို့အား ငြိုငြင်မှု ပြုရာ မြောက်သော အနှောင့်အယှက် ဖြစ်စေသည့် ပြုလုပ်မှုဟု ဆိုရန်ခဲယဉ်းသည်။

အယူခံ တရားလိုအတွက် – ဦးဇော်မြင့်ကိုယ်စား သခင်ချစ်၊ဗဟိုဘရားရုံး ရွှေနေက ရေးသား လျှောက်လဲချက် တင်သည်။

အယူခံတရားပြိုင်အတွက် – ဦးကျော်ဆန်းနိုင် ကိုယ်စား ဦးမောင်မောင် သန့်က ရေးသားလျှောက်လဲချက်တင်သည်။

---

* ၁၉၇၃ ခုနှစ် တရားမ ဒုတိယ အယူခံမှုအမှတ် ၂၅၄

† ၁၉၇၃ ခုနှစ် တရားမအယူခံမှုအမှတ် ၁၄၆ တွင် ချမှတ်သော (၃-၈-၇၃) နေ့စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

၁၉၀၄ ခေါ်ချူလိုင်ဖိုင် (ခ) ခေါ်လှရွှေနှင့် ခေါ်မြစိန်းအေး

အယူခံတရားပြိုင် ခေါ်မြစိန်းအေးက အယူခံတရားလို ခေါ်ချူလိုင်ဖိုင် (ခ) ခေါ်လှရွှေအပေါ် မြို့ပြဆိုင်ရာ ဌာနရမ်းခကြေးကြေဝင်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (က) (ဂ) နှင့် (ဃ) တို့အရ အချင်းဖြစ် အိမ်မှ နှင်ပေးရန် ကမာရွတ် မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၂/၈၃ တွင် တရားစွဲရာ အနိုင်ရခဲ့သည်။ အယူခံတရားလို ခေါ်ချူလိုင်ဖိုင် (ခ) ခေါ်လှရွှေက မကျေနပ်၍ ရန်ကုန်တိုင်းတရားရုံး၌အယူခံဝင်ရာမအောင်မြင်၍ ဤဒုတိယအယူခံမှုကိုတင်သွင်းခြင်းဖြစ်သည်။ မူလက ဤအမှုကို ကမာရွတ်မြို့နယ်၊ အမှတ် (၁) ရပ်ကွက် တရားရုံးတွင် တရားစွဲဆိုခဲ့သော်လည်း ရပ်ကွက်တရားရုံးက ယင်းအမှုကို ဆက်လက်စစ်ဆေးရန် မသင့်ဟူသော အကြောင်းပြချက်ဖြင့် ကမာရွတ်မြို့နယ်တရားသူကြီးအဖွဲ့ထံရုံးပြောင်း စစ်ဆေးပေးရန် တင်ပြခဲ့သဖြင့် ကမာရွယ်မြို့နယ်တရားရုံးကလက်ခံကြားနာ ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အယူခံတရားပြိုင် ခေါ်မြစိန်းအေးက အယူခံ တရားလို ခေါ်ချူလိုင်ဖိုင် (ခ) ခေါ်လှရွှေသည် နှစ်ဦးသဘောတူညီခဲ့သည့် ငှားရမ်းခငွေ တစ်လလျှင် ၇၀/-ကျပ်နှုန်းဖြင့် ၁၉၇၉ ခုနှစ် အောက်တိုဘာလမှ ၁၉၀၀ ခုနှစ်၊ ဧပြေလ အထိ ငွေပေါင်း ၄၉၀/-ကျပ် ပေးရန် ပျက်ကွက်ခဲ့ခြင်း၊ အညစ်အကြေးအမှိုက်သရိုက်များကို အိမ်အနီးဝန်းကျင်တွင် စည်းကမ်းမဲ့စွာ စွန့်ပစ်ခြင်း၊ မကြာခဏ ဆဲဆိုရန် လုပ်ခြင်းတို့ကြောင့် ပတ်ဝန်းကျင်အား အနှောင့်အယှက်ဖြစ်စေခဲ့ခြင်း၊ အချင်းဖြစ် အိမ်မှာ ဟောင်းနွမ်း ပျက်စီးနေသဖြင့် ပြန်လည်ဆောက်လုပ်ရန် လိုအပ်နေခြင်း စသည့်အကြောင်းတို့ကို အခြေပြု၍ အိမ်ငှားအား နှင်ထုတ်ပေးရန် တရားစွဲခဲ့သည်။

အိမ်ငှားဖြစ်သူ အယူခံတရားလို ခေါ်ချူလိုင်ဖိုင် (ခ) ခေါ်လှရွှေကလည်း အိမ်လခကို တစ်လလျှင် ၇၀/–ကျပ်နှုန်း ပေးရန် မိမိသဘောတူညီ ခဲ့သည်ဆိုခြင်း မမှန်ကြောင်း၊ မကြာခဏရန်စဆဲဆိုခြင်း၊ အမှိုက်သရိုက် အညစ်အကြေးများကို စည်းမဲ့ကမ်းမဲ့ စွန့်ပစ်ခြင်းများ မလုပ်ခဲ့၍ စွပ်စွဲချက်များမမှန်ကြောင်း ထုချေခဲ့သည်။

အိမ်လခ တစ်လလျှင် ၇၀/-ကျပ် ပေးရန် ကိစ္စနှင့် ပတ်သက်၍ နှစ်ဘက်အငြင်းပွားလျက်ရှိသည်။ အယူခံတရားပြိုင် ခေါ်မြစိန်းအေး၏ ကိုယ်စားလှယ် ဦးမြဒင်နှင့် ၎င်း၏ ဇနီး ခေါ်မြရွှေမြိုင် (လိုပြ–၆) တို့က အချင်းဖြစ် အိမ်၏ လခကို တစ်လလျှင် ၇၀/–ကျပ်ဖြင့် လူကြီးများရှေ့တွင် နှစ်ဦးနှစ်ဘက် သဘောတူ ညှိနှိုင်း သတ်မှတ်ခဲ့ကြသည်ဟု ဆိုသည်။ သို့သော် အယူခံ တရားလို ခေါ်ချူလိုင်ဖိုင် (ခ) ခေါ်လှရွှေက တစ်လလျှင် ၇၀/–ကျပ်ပေးရန် သဘောတူညီခဲ့ခြင်း မရှိကြောင်း ငြင်းဆိုသည်။ ညှိနှိုင်းစဉ်က ပါရှိသူ ရပ်ကွက်လူကြီး ဦးသိန်း (လိုပြ–၄) ကမူ အယူခံတရားလို ခေါ်ချူလိုင်ဖိုင် (ခ) ခေါ်လှရွှေကို

၁၉၀၄ ဒေါ်ချူလိုင်ဖိုင် (ခ) ဒေါ်လှရွှေ နှင့် ဒေါ်မြစိန်းအေး

ထောက်ခံ ထွက်ဆိုခဲ့သည်။ အိမ်လခ အတွက် နှစ်ဘက် ညှိနှိုင်းမှုမှာ ပြေလည်ခြင်း မရှိဟုသာ အစစ်ခံသွားသည်။ ထို့ကြောင့် အယူခံတရားလို ဒေါ်ချူလိုင်ဖိုင် (ခ) ဒေါ်လှရွှေက အယူခံတရားပြိုင် 'ဒေါ်မြစိန်းအေးအား ပေးရန် အိမ်လခကြွေး ငွေကျပ် ၄၉၀/—ကျန်သည် ဆိုခြင်းမှာ မမှန်ကန်ပေ။ ဥပဒေနှင့်အညီ ရသင့်ရထိုက်သော ငှားရမ်းခများကို တောင်းဆိုခဲ့ခြင်း မဟုတ်ကြောင်း တွေ့ရသည်။ အယူခံတရားပြိုင် ဒေါ်မြစိန်းအေး အဖို့ ညှိနှိုင်းမှု မပြေလည်ခြင်းကြောင့် အချင်းဖြစ် အိမ်ခန်းအတွက် စံငှားရမ်းခ လက်မှတ်ရရန် ဦးစွာဆောင်ရွက်ရပေမည်။ ထိုစံငှားရမ်းခ သက်သေခံ လက်မှတ်ရရှိသည့် အခါကျမှသာ ဥပဒေနှင့်အညီ ရသင့်ရထိုက်သော ငှားရမ်းခများကို တောင်းဆိုရန်လိုပေလိမ့်မည်။အိမ်ရှင်သည် အိမ်လခကို မိမိသဘောအတိုင်း ကြိုက်သလို သတ်မှတ်၍ အိမ်ငှားထံ တရားစွဲဆို တောင်းခံခြင်းမပြုလုပ်နိုင်ပေ။ သို့ဖြစ်ရာ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (က) အရ အယူခံတရားပြိုင် ဒေါ်မြစိန်းအေးအား အောက်ရုံးများက အနိုင်ဒီကရီချမှတ်ပေးခဲ့ခြင်းသည် မှားယွင်းပေသည်။

အိမ်ငှားကဖြစ်စေ၊ ငင်းနှင့်အတူ နေထိုင်သောသူက ဖြစ်စေ၊ အိမ်နီးနားချင်းတို့အား အနှောင့်အယှက် ဖြစ်စေသည့် ပြုလုပ်မှုကို ကျူးလွန်လျှင် သို့မဟုတ် အိမ်၏အခြေအနေ ဆိုးရွားအောင် ပြုလုပ်လျှင် အိမ်ရှင်က အိမ်ငှားနှင့်တကွ ၎င်းနှင့်အတူ နေထိုင်သူတို့ကိုပါ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂ (၁) (ဂ) အရ နှင်ထုတ်ပိုင်ခွင့်ရှိသည်။ ယခုအမှုတွင် အယူခံတရားလို ဒေါ်ချူလိုင်ဖိုင် (ခ) ဒေါ်လှရွှေ၏ ဆွေမျိုးများနှင့် ဒေါ်မြစိန်းအေးတို့အိမ်သားများ အပြန်အလှန်ဆဲဆိုကြခြင်း သုံးလေးကြိမ်ရှိခဲ့ကြောင်း ဦးမြဒင်၊ ဦးဝင်းမြင့် (လိုပြ—၂)၊ စောနိုင်ဝင်း (လိုပြ—၃) နှင့် ဦးသိန်း (လိုပြ—၄) တို့၏ ထွက်ချက်အရ တွေ့ရသည်။ စိတ်အခန့် မသင့်လျှင် တခါတရံ ရန်ဖြစ်တတ်ကြသောကြောင့် ထိုသို့ပြုမူချက်သည် အိမ်နီးနားချင်းတို့အား ငြိုငြင်မှု ပြုရာ မြောက်သော အနှောင့်အယှက် ဖြစ်စေသည့် ပြုလုပ်မှုဟု ဆိုရန် ခဲယဉ်းသည်။ ထို့ကြောင့် ယင်းဖြစ်ရပ်သည် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (ဂ) နှင့် အကျုံးမဝင်ပေ။ တဖန်အချင်းဖြစ် အိမ်၏အခြေအနေ ဆိုးရွားပျက်ပြားလာအောင် အယူခံတရားလို ဒေါ်ချူလိုင်ဖိုင် (ခ) ဒေါ်လှရွှေက ပြုလုပ်ကြောင်းကိုလည်း အယူခံတရားပြိုင် ဒေါ်မြစိန်းအေးက ပေါ်လွင်ထင်ရှားအောင် သက်သေမပြနိုင်ခဲ့ပေ။ ထို့ကြောင့် အယူခံတရားပြိုင် ဒေါ်မြစိန်းအေးအား မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (ဂ) အရ အနိုင်ဒီကရီ ချမှတ်ပေးရန်မှာ မဖြစ်နိုင်ပေ။

အချင်းဖြစ် အိမ်သည် နေထိုင်မရအောင် ပျက်စီးနေကြောင်း အယူခံတရားလို ဒေါ်ချူလိုင်ဖိုင် (ခ) ဒေါ်လှရွှေ ကိုယ်တိုင်က ဝန်ခံထားသည်။ ထိုသို့ပျက်စီး

ယိုယွင်းနေ၍ ပြန်လည်ဆောက်လုပ်ရန် သဘောရိုး အလိုရှိခြင်း မှန်ကြောင်း ကိုလည်း ဒေါ်မြစိန်းအေး၏ ကိုယ်စားလှယ် ဦးမြဒင်နှင့် ပုံဆွဲအင်ဂျင်နီယာ ဦးသိန်းဝင်း (လိုပြ–၅) တို့က အစစ်ခံထားကြသည်။ ထို့ကြောင့် မြို့ပြဆိုင်ရာ ဌာနရမ်းခကြိုးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂ (၁) (c) အရ အယူခံတရားပြိုင် ဒေါ်မြစိန်းအေးအား အောက်ရုံးများက အနိုင်ဒီကရီ ချမှတ်ပေးခဲ့ခြင်းမှာမူ မှန်ကန်ပေသည်။ သို့သော် အောက်ရုံးတို့က ဒေါ်မြစိန်းအေးအား ခံဝန်ချုပ် ချုပ်စေရန် အမိန့်မချခဲ့ကြသေးပေ။

ဒေါ်ချူလိုင်ဖိုင် (ခ) ဒေါ်လှရွှေနှင့် ဒေါ်မြစိန်းအေး

၁၉၀၄

ထို့ကြောင့်ကမာရွတ်မြို့နယ်တရားရုံးနှင့် ရန်ကုန်တိုင်းတရားရုံးတို့က အယူခံတရားပြိုင် ဒေါ်မြစိန်းအေးအား မြို့ပြဆိုင်ရာဌာနရမ်းခ ကြိုးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂(၁)(က)နှင့် (ဂ) တို့အရ အနိုင်ဒီကရီ ချပေးခဲ့ခြင်းကို ပယ်ဖျက်၍ အဆိုပါ ဥပဒေပုဒ်မ ၁၂(၁)(c) အရ ဒီကရီ ချပေးခဲ့ခြင်းကိုမူ အတည်ပြုသည်။ ဒေါ်မြစိန်းအေးအား ကျပ်ငွေ ၂၀၀၀၀/–တန် ခံဝန်နှစ်ဦးဖြင့် ခံဝန်ချုပ် ချုပ်ဆိုစေရန် ကမာရွတ် မြို့နယ်တရားရုံးသို့ ညွှန်ကြားလိုက်သည်။ ရှေ့နေခ ကျပ် ၅၀/- သတ်မှတ်သည်။

တရားမ ပထမ အယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးလှဘုန်း၊ အဖွဲ့ဝင်များအဖြစ် ဦးထွန်းရှိန်နှင့်ဦးအေးမောင် တို့ပါဝင်သော မဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

†၁၉၇၄
အောက်တိုဘာ
၄ ရက်

ဦးစံဦး (ခ) ဦးစွတ်ပရား
နှင့်
ဦး လှမြင့် *

အများ၏ အခွင့် အရေးနှင့် သက်ဆိုင်သော အမှုမျိုးတွင် တရားလို အဖြစ် ဆောင်ရွက်မည့်သူ၏ လိုက်နာရမည့် နည်းလမ်း—ထိုအမှုမျိုး တွင် တရားလိုက အမိန့် ၁၊ နည်း ၈ ပါ လိုအပ်ချက် များကို ဆောင်ရွက်ခြင်း မရှိရုံမျှဖြင့် တရားရုံးက အမှုကို ပလပ်မှုမပြုနိုင် ခြင်း။

ဆုံးဖြတ်ချက်။ ။အများ၏ အခွင့်အရေးနှင့် သက်ဆိုင်သော အမှုများ တွင် တဦးတယောက်တည်းက တရားလို ပြုလုပ်၍ တရားစွဲဆိုလျှင် တရားမ ကျင့်ထုံးဥပဒေအမိန့် ၁၊ နည်း ၈ အရ တရားရုံး၏ ခွင့်ပြုချက်ကို ရယူ ခြင်းနှင့် သက်ဆိုင်သူ၊ စိတ်ဝင်စားသူ များအား အကြောင်းကြား စာများ ထုတ်ခြင်း စသည်တို့ကို ပြုလုပ်ရန် လိုအပ်ပေသည်။

ထပ်မံဆုံးဖြတ်ချက်။ ။ထိုကဲ့သို့မဆောင်ရွက်ခဲ့သည့် အကြောင်းကြောင့် တရားရုံးက အမှုကို ပလပ်နိုင်မည် မဟုတ်ပေ။ လိုအပ်သည့် ဆောင်ရွက်ချက် များ ပြုလုပ်ရန်ကိုသာ ညွှန်ကြားရပေမည်။

အယူခံတရားလိုအတွက် — ဦးကြည်မောင်၊ မဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင်အတွက်— ဦးဇော်မင်း၊ မဟိုတရားရုံးရှေ့နေ

ရန်ကုန်တိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၂၀၂/၀၀ (ပန်းဘဲတန်း) တွင် ရှရိမူတူးမာရီမယ်တော် ဘုရားကျောင်း ဂေါပကအဖွဲ့ ကိုယ်စားဥက္ကဋ္ဌ ဖြစ်သူ ဦးစံဦး (ခ) ဦးစွတ်ပရားက ဦးလှမြင့် အပေါ် အဆိုပါဘုရားကျောင်း၏

---

* ၁၉၀၂ ခုနှစ်၊ တရားမ ပထမ အယူခံမှုအမှတ် ၉၇

† ၁၉၀၀ ခုနှစ် တရားမကြီးမှု အမှတ် ၂၀၂ တွင်ချမှတ်သော (၁၆-၉-၀၂) နေ့စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

ဂေါပကအဖွဲ့သည် တရားဝင်တည်ရှိကြောင်း မြွက်ဟကြေငြာ ပေးရန်နှင့် ဘုရားကျောင်း၏ အုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းတွင်ဦးလှမြင့်မှ ဝင်ရောက်စွက်ဖက် ခြင်းမပြုရန် ထာဝစဉ် တားမြစ်ပေးစေလိုမှု စွဲဆိုသည်။ တိုင်းတရားရုံးက "တရားလိုက ဤအမှုကို စွဲဆိုထားခြင်းမှာ တရားမကျင့်ထုံး ဥပဒေအမိန့် ၁၊ နည်း ၈ နှင့် ညီညွတ်ပါသလား" ဟူသည့် ဥပဒေငြင်းချက်နှင့် စပ်လျဉ်း၍ တရားပြိုင်ဘက် အသာပေး ဖြေဆိုကာ တရားလို စွဲဆိုသော အမှုကို ပလပ်လိုက်သဖြင့် ဦးစံဦး (ခ) ဦးစွတ်ပရားက မကျေနပ်၍ ဗဟိုတရားရုံး၌ ဤပထမ အယူခံကို တင်သွင်းသည်။

ဤအမှုတွင် ဦးစံဦး (ခ) ဦးစွတ်ပရားက ရှရီမူတူးမာရီမယ်တော် ဘုရားကျောင်း ဂေါပကအဖွဲ့၏ ဥက္ကဋ္ဌအနေဖြင့် အဆိုပါ ဂေါပကအဖွဲ့၏ ကိုယ်စားတရားလို ပြုလုပ်၍ စွဲဆိုခဲ့ခြင်း ဖြစ်သည်။ အများ၏ အခွင့်အရေးနှင့် သက်ဆိုင်သော အမှုများတွင် တဦးတယောက်တည်းက တရားလိုပြုလုပ်၍တရားစွဲဆိုလျှင် တရားမကျင့်ထုံးဥပဒေအမိန့် ၁၊ နည်း ၈ အရ တရားရုံး၏ ခွင့်ပြုချက်ကို ရယူခြင်းနှင့် သက်ဆိုင်သူ၊ စိတ်ဝင်စားသူများအား အကြောင်းကြားစာများ ထုတ်ခြင်းစသည်တို့ကို ပြုလုပ်ရန်လိုအပ်ပေသည်။ ဤအမှုတွင် အမိန့် ၁၊ နည်း ၈ အရ ဖော်ပြပါလိုအပ်ချက်များကို လိုက်နာဆောင်ရွက်ထားခြင်း မရှိကြောင်း တွေ့ရသည်။ သို့ရာတွင် ထိုကဲ့သို့ မဆောင်ရွက်ခဲ့သည့် အကြောင်းကြောင့် တရားရုံးက အမှုကို ပလပ်နိုင်မည်မဟုတ်ပေ။ လိုအပ်သည့် ဆောင်ရွက်ချက်များ ပြုလုပ်ရန်ကိုသာ ညွှန်ကြားရပေမည်။

ထို့ကြောင့် ဤအယူခံကို ခွင့်ပြု၍ ရန်ကုန်တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို တရားရုံးအဆင့်ဆင့် စရိတ်နှင့်တကွ ပယ်ဖျက်လိုက်သည်။ တိုင်းတရားရုံးသည် အမှုကို မူလအမှတ်စဉ်အရ ပြန်လည်လက်ခံ၍ တရားမကျင့်ထုံးဥပဒေ အမိန့် ၁၊ နည်း ၈ အရ လိုအပ်ချက်များကို ပြုလုပ်ပြီး အမှုကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်စေရန် ညွှန်ကြားလိုက်သည်။

ရှေ့နေခကျော် ဝဝ/—သတ်မှတ်သည်။

တရားမပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ်ဦးတင်အောင်၊ အဖွဲ့ဝင်များအဖြစ်ဦးသန့်စင်နှင့် ဦးတင်အုန်း တို့ ပါဝင်သော ဗဟိုတရား စီရင်ရေးအဖွဲ့ရှေ့တွင်

†၁၉၀၄
အောက်တိုဘာလ
၃၀ ရက်

ဦးစိုးလှိုင်ပါ (၂)
နှင့်
ဦးတင်ငွေပါ (၄) *

ယာယီတားဝရမ်း ထုတ်ပေးရန် လိုအပ်သည့်အချက်များ။

ဆုံးဖြတ်ချက်။ ။တရားရုံးအနေဖြင့် ယာယီတားဝရမ်းကို အလွယ်တကူ ထုတ်ပေးလေ့မရှိပေ။ လျောက်ထားသူ၏ အမှုသည် မျက်မြင်အားဖြင့် အခြေခံရှိခြင်း၊ ကုစား၍ မရနိုင်သော နှစ်နာဆုံးရှုံးမှုမှ ကာကွယ်ရန် လိုအပ်နေခြင်း၊ တားဝရမ်း ထုတ်မပေးလျှင် အကျိုးပျက်စီးမှု ပေါ်ပေါက်နိုင်ခြင်း စသည့် အကြောင်းခြင်းရာများ ပေါ်ပေါက်မှသာ ယာယီတားဝရမ်းကို ထုတ်ပေးရပေမည်။

လျောက်ထားသူများ အတွက်– ဦးတင်မောင်ကြီး၊ ဗဟိုတရားရုံးရှေ့နေ

လျောက်ထားခံရသူများအတွက်– (၁) နှင့် (၂) မရှိ
(၃) ကိုယ်တိုင်
(၄) ဦးဘဇော်၊ ဒုတိယညွှန်ကြားရေးမှူး ဗဟိုဥပဒေရုံး

လျောက်ထားသူ ဦးစိုးလှိုင်ပါ ၂ ဦးတို့က လျောက်ထားခံရသူ ဦးတင်ငွေပါ ၄ ဦးတို့အပေါ် ၂၂၉ ကြိမ်မြောက် အောင်ဘာလေ သိန်းဆုဖွင့်ပွဲမှ လက်မှတ် အမှတ် ၉–၂၀၁၁၉၁ ကို ပူးတွဲပိုင်ဆိုင်ကြောင်း မြွက်ဟပေးရန်နှင့် ဆုငွေ ၅၀၀၀၀/–ကျပ်၏ လေးပုံတစ်ပုံစီ ဖြစ်သော ငွေ ၁၂၅၀၀/– ကျပ်စီကို

---

* ၁၉၀၄ ခုနှစ်၊ တရားမ ပြင်ဆင်မှုအမှတ် ၁၀၁

† ၁၉၀၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၅၂ တွင် ချမှတ်သော (၁၀-၅-၀၄) နေ့စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၁၉၀၄
ဦးစိုးလှိုင်
ပါ(၂)
နှင့်
ဦးတင်ငွေ
ပါ(၄)

တရားလိုများအားပေးရန် ရန်ကုန်တိုင်းတရားရုံး၊ တရားမကြီးမှုအမှတ်၅၂/၀၄ တွင် သီးခြားသက်သာခွင့် ဥပဒေပုဒ်မ ၄၂ အရ တရားစွဲဆိုထားသည်။ အမှုအတော အတွင်း ယင်းထီလက်မှတ်၏ ဆုငွေကို မည်သူ့ကိုမျှ ထုတ်ပေးခြင်း မပြုလုပ်ရန် အောင်ဘာလေ သိန်းဆုဌာနခွဲ ညွှန်ကြားရေးမှူးအား ယာယီ တားဝရမ်း ထုတ်ပေးရန် ကျမ်းကျိန်ချက် များနှင့် အတူ တဆက်တည်း လျှောက်ထားခဲ့သည်။ ရန်ကုန်တိုင်းတရားရုံးက ယာယီတားဝရမ်း ထုတ်သင့်မသင့်ကို စုံစမ်းစစ်ဆေးပြီးမှ စဉ်းစားမည်ဟု အမိန့်ချလိုက်သည်ကို မကျေနပ်၍ ဤပြင်ဆင်မှုကို တင်သွင်းခြင်း ဖြစ်သည်။

လျှောက်ထားသူ ဦးစိုးလှိုင်နှင့် ဦးမြကြည်တို့က လျှောက်ထားခံရသူ ဦးတင်ငွေနှင့် ဦးအေးပြုံးတို့နှင့်အတူ ထီလက်မှတ်အမှတ် ၄—၂၀၁၉၁၁ ကို စပ်တူထိုးခဲ့ကြရာ ၂၂၉ ကြိမ်မြောက်အောင်ဘာလေသိန်းဆုဖွင့်ပွဲ၌ ၅၀၀၀၀/—ဆုပေါက်သည်ဟု အဆိုရှိသည်။ လျှောက်ထားခံရသူ ဦးတင်ငွေနှင့် ဦးအေးပြုံးတို့က ၎င်းတို့နှင့် ဆွေမျိုးတော်စပ်သူ စောတင်ဦး၊ စောမောင်ထွေးတို့နှင့် ပူးပေါင်းပြီး အဆိုပါ ထီဆုငွေကို ထုတ်ယူရန် ကြိုစည် အားထုတ် နေကြ၍ ယာယီတားဝရမ်း ထုတ်ပေးရန် လျှောက်ထားသည့်အခါ အထက်အဝိုဒ်(၁)ပါ အတိုင်း ရန်ကုန်တိုင်းတရားရုံးက အမိန့်ချမှတ်ခဲ့ခြင်း ဖြစ်သည်။

အချင်းဖြစ် ထီလက်မှတ်သည် ပျောက်ဆုံးနေ၍ ဆုငွေထုတ်ပေးခြင်း မပြုရန် လျှောက်ထားသူ ဦးစိုးလှိုင်နှင့် ဦးမြကြည်တို့ကလည်းကောင်း၊ လျှောက်ထားခံရသူ ဦးတင်ငွေနှင့် ဦးအေးပြုံးတို့က လည်းကောင်း၊ အောင်ဘာလေသိန်းဆုဌာန ညွှန်ကြားရေးမှူးထံ ၇—၃—၀၃ နေ့က တိုင်ကြားစာ ပေးပို့ခဲ့ပြီး ဖြစ်သည်။ ယင်းထီလက်မှတ်ကို အကြောင်းပြု၍ ဦးစိုးလှိုင်က ဦးအေးပြုံးနှင့် ဦးတင်ငွေတို့အပေါ် ကမာရွတ်မြို့နယ်တရားရုံးတွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၆ အရ တရားစွဲဆိုထားသည်။ တဖန်စသုံးလုံးဌာနကလည်း ထိုထီလက်မှတ်ကို အကြောင်းပြုပြီး လျှောက်ထားသူ ၂ ဦးနှင့် လျှောက်ထားခံရသူ ဦးတင်ငွေ၊ ဦးအေးပြုံးနှင့် ထိရောင်းသူ ဦးတင်ဦးတို့ အပေါ် ကမာရွတ်မြို့နယ်တရားရုံး၌ပင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀/၁၀၉/၅၁၁ အရ တရားစွဲဆိုထားသည်။ အဆိုပါ အမှုတို့မှာ ယခုအခါ ပြီးပြတ်ခြင်း မရှိကြသေးပေ။ ထို့ကြောင့်လည်း ရန်ကုန်တိုင်းတရားရုံးက တားဝရမ်းထုတ်ပေးသင့် မသင့်ကို လောလောဆယ် အမိန့်မချသေးပဲ စုံစမ်းစစ်ဆေးမှု ပြုလုပ်ပြီးမှ စဉ်းစားပေးမည်ဟု အမိန့်ချခဲ့ခြင်းဖြစ်ရာ မှားသည်ဟု မဆိုနိုင်ပေ။ ဗဟိုဥပဒေရုံးမှ အကျိုးဆောင် ဦးဘဇော်က လျှောက်လဲရာတွင်လည်း အချင်းဖြစ် ထီလက်မှတ်သည် အရွယ်အရှင်းများ ရှိနေ၍ ထိရုံးက ဆုငွေကို လွယ်လွယ်နှင့် ထုတ်ပေးလိမ့်မည် မဟုတ်ကြောင်း တင်ပြသည်။

၁၉၀၄
ဦးဖိုးလှိုင်
ပါ(၂)
နှင့်
ဦးတင်ဆွေ
ပါ(၄)

တရားရုံး အနေဖြင့် ယာယီတားဝရမ်းကို အလွယ်တကူ ထုတ်ပေးလေ့ မရှိပေ။ လျှောက်ထားသူ၏ အမှုသည် မျက်မြင်အားဖြင့် အခြေခံရှိခြင်း၊ ကုစား၍ မရနိုင်သော နစ်နာဆုံးရှုံးမှု ကာကွယ်ရန်လိုအပ်နေခြင်း၊ တားဝရမ်း ထုတ်မပေးလျှင် အကျိုးပျက်စီးမှု ပေါ်ပေါက်နိုင်ခြင်း စသည့် အကြောင်း ခြင်းရာများ ပေါ်မေါ်က်မှသာ ယာယီတားဝရမ်းကို ထုတ်ပေးရပေမည်။ လက်ရှိ အခြေအနေများအရ ရန်ကုန်တိုင်း တရားရုံးက မိမိ၏ ဆင်ခြင်တုံ တရားနှင့် အညီ ချမှတ်ခဲ့သော အဓိန္ဓိမှာ မှားယွင်းကြောင်း မတွေ့ရ၍ ဝင်ရောက် စွက်ဖက်ရန် မလိုအပ်ပေ။

ထို့ကြောင့် ပြင်ဆင်မှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။ ရှေ့နေစရိတ် ၅၀/–ကျပ် သတ်မှတ်သည်။

တရားမ ပထမ အယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးမြကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးသန့်စင်နှင့် ဦးတင်အုန်း တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

ဦးစိန်

နှင့်

ဒေါ်မြအောင် ပါ(၂)*

†၁၉၇၄
နိုဝင်ဘာလ
၂၇ ရက်

ဥပဒေပြဋ္ဌာန်းချက်မရှိသည့်အခါ လိုက်နာရမည့် နည်းလမ်းကို ဆွန်ကြားခြင်း။

ဆုံးဖြတ်ချက်။ ။ဥပဒေပြဋ္ဌာန်းချက်မရှိလျှင် တရားမျှတမှု၊ သာနာညီမျှမှုနှင့် မွန်မြတ်သော အသိတရားတို့အရ အဆုံးအဖြတ် ပေးရမည်ဖြစ်သည်။ သူတပါးထံမှ ကုန်စည်များကို အကြွေးဝယ်ယူသူအား ကုန်ဖိုးငွေ ပြန်လည်ပေးဆပ်စေခြင်းသည် အဆိုပါမူများနှင့် ကိုက်ညီပေသည်။

အယူခံတရားလိုအတွက် — ဒေါ်ဝေဝေ၊ ဗဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင်များအတွက် — ဦးအောင်ဒင်၊ ဗဟိုတရားရုံးရှေ့နေ

ရှမ်းပြည်နယ်တရားရုံး၊ တရား မကြီးမှုအမှတ် ၁၆/၇၀ တွင် အယူခံတရားလို ဦးစိန်က အယူခံတရားပြိုင် ဒေါ်မြအောင်နှင့် ဦးရွှက်ခမ်းတို့အပေါ် ကုန်ဖိုးငွေကျပ် ၁၉၁၃၀/၅၀ ပြားရလိုမှုစွဲဆိုရာ ပြည်နယ်တရားရုံးက ငွေကျပ် ၉၄၀/– သာ ပေးစေရန် ဒီကရီချမှတ်လိုက်သောကြောင့် ဦးစိန်က မကျေနပ်သဖြင့် ဗဟိုတရားရုံးတွင် ဤတရားမ ပထမအယူခံမှုကို တင်သွင်းခြင်းဖြစ်သည်။

မူလရုံးတရားလို ဦးစိန်က ၁၉၆၀ ခုနှစ်မှစ၍ မိမိသည် ဒေါ်မြအောင်တို့အား အချိုမုန့်များကို အကြွေးစနစ်ဖြင့် အလီလီ ရောင်းချ ခဲ့ကြောင်း၊ ယခင်ကကုန်ကြွေးများကိုအခါအားလျော်စွာပေးဆပ်ခဲ့သော်လည်း ၂၉-၆-၇၆ နေ့မှစ၍ အဆိုလွှာနှင့်အတူ ပူးတွဲတင်ပြသည့် စာရင်းတွင် ဖော်ပြထားသည့်

---

* ၁၉၀၀ ခုနှစ်၊ တရားမ ပထမ အယူခံမှုအမှတ် ၁၆

† ၁၉၇၀ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၆ တွင် ချမှတ်သော (၂၃-၁-၀၀) နေ့စွဲပါ ရှမ်းပြည်နယ်တရားရုံး၏စီရင်ချက်နှင့်ဒီကရီကို အယူခံမှု။

၁၉၀၄ ဦးစိန်နှင့် ဒေါ်မြအောင် ၈၀၂(၂)

အတိုင်း လက်ကျန် ငွေကျပ် ၁၉၁၃၀/၅၀ ပြားကို ပေးဆပ်ရန် ပျက်ကွက်ခဲ့ကြောင်း၊ ရှေ့နေမှတဆင့် အကြောင်းကြားစာပေးပို့၍ တောင်းဆိုသော်လည်း မရကြောင်းစသည်ဖြင့် အဆိုပြုကာ အဆိုပါကုန်ဖိုး လက်ကျန်ငွေများကို ရလိုကြောင်းဖြင့် တရားစွဲဆိုလေသည်။

အယူခံတရားပြိုင် ဒေါ်မြအောင်က ဦးစိန်၏ အဆိုပြုချက်များကို အတည့်အလင်းငြင်းဆိုခြင်းမပြုချေ။ တရားမစွဲဆိုမီ တစ်နှစ်ခန့် အတွင်းက လားရှိုးမှ နမ့်ခမ်းသို့ ဦးစိန်၏ အချိုမှန့်များ သွားရောက်ရောင်းချပြီး အကြွေးများကောက်ခံ၍ ပြန်လာရာတွင် ဒမြတိုက်ခံရ၍ ငွေကျပ် ၁၅၀၀၀/—ခန့်ဆုံးရှုံးခဲ့ရကြောင်း၊ အချိုမှန့်များမှာ မှောင်ခိုပစ္စည်းများဖြစ်သဖြင့် တရားလိုစွဲဆိုသည့် အတိုင်း ဒီကရီချမှတ်ပေးရန်မသင့်ကြောင်း၊ ကားခပေးငွေကျပ် ၁၂၄၀/— ပေးရန်အသင့်ရှိကြောင်း စသည်ဖြင့် ထုချေသည်။

တရားပြိုင် ဦးရွှက်ခမ်းက အချင်းဖြစ် အရောင်းအဝယ်ကိစ္စတွင် မိမိပါဝင်ခဲ့ခြင်းမရှိကြောင်း ထုချေသည်။

အယူခံတရားလို၏ခရှေနေက ရှမ်းပြည်နယ်တွင် ပဋိညာဉ် အက်ဥပဒေသည် အတည်မဖြစ်သဖြင့် မူလရုံးက အယူခံတရားလိုနှင့် အယူခံတရားပြိုင်တို့ပြုလုပ်ခဲ့သော ပဋိညာဉ်မှာ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၂၃ အရ ပျက်ပြယ်သည်ဟု ကောက်ယူဆုံးဖြတ်ခြင်းမှာ မှားယွင်းကြောင်း အကျယ်တဝင့် တင်ပြလျှောက်ထားသည်။

အယူခံတရားပြိုင်တို့၏ ရှေ့နေက အမှုမှာ ကုန်ရောင်း ကုန်ဝယ်ကိစ္စနှင့် ပတ်သက်ကြောင်း၊ အယူခံတရားလို၏ရှေ့နေတင်ပြချက်အရ ရှမ်းပြည်နယ်တွင် ကုန်ရောင်းကုန်ဝယ်ခြင်းအက်ဥပဒေသည် အတည်မဖြစ်ကြောင်း ပေါ်ပေါက်သည်ဖြစ်၍ အယူခံဘရားလို စွဲဆိုသော အမှုမှာ အခြေခံမရှိကြောင်း တင်ပြလျှောက်ထားသည်။ ဥပဒေပြဋ္ဌာန်းချက်မရှိလျှင် တရားမျှတမှု၊ သာနာညီမျှမှုနှင့် မွန်မြတ်သော အသိတရားတို့အရ အဆုံးအဖြတ်ပေးရမည်ဖြစ်သည်။ သူတပါး ထံမှ ကုန်စည်များကို အကြွေးဝယ်ယူသူအား ကုန်ဖိုးငွေ ပြန်လည်ပေးဆပ်စေခြင်းသည် အဆိုပါမူများနှင့် ကိုက်ညီပေသည်။

အမှုတွဲရှိ သက်သေခံချက်များအရ ဦးစိန်စွဲဆိုသည့်အတိုင်း ဒေါ်မြအောင်သည် ဟင်းချိုမှုန့်ဖိုးငွေများ အပါအဝင် ကျပ် ၁၉၁၃၀/၅၀ ပြား ပေးရန် တာဝန်ရှိကြောင်း ပေါ်ပေါက်သည်။ ဦးစိန်၏ ထွက်ဆိုချက်အရ အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စတွင် ဦးရွှက်ခမ်းပါဝင်ပတ်သက်ခြင်း မရှိချေ။

ထို့ကြောင့် ၎အယူခံကို ခွင့်ပြု၍ ရှမ်းပြည်နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကိုပယ်ဖျက်ပြီး ဦးစိန်စွဲဆိုသည့်အတိုင်း ဒေါ်မြအောင်အပေါ် တရားရုံးအဆင့်ဆင့်စရိတ်နှင့်တကွ ဒီကရီချမှတ်လိုက်သည်။ ရှေ့နေခကိုကျပ် ၁၀၀/— သတ်မှတ်သည်။

တရားမဒုတိယအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ်ဦးတင်အောင်နှင့် ဦးမြကျော်တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဒေါ်ဇာရာဘီဘီ
ဦးထွန်းမောင်
ဦးကျော်မြင့်
ဒေါ်ကျင်စု
ဦးစူလတန်
နှင့်
ဒေါ်လှရင်(ငင်း၏တရားဝင်ကိုယ်စားလှယ်စာရသူ ဦးအောင်ဘေး)*

†၁၉၀၄ နိုဝင်ဘာလ ၃၀ ရက်

မြို့ပြဒေသနယ်နိမိတ်အတွင်းမပါဝင်သော အိမ်မှအိမ်ငှားအားနှင်လိုမှု-ပစ္စည်းလွှဲပြောင်းရေးအက်ဥပဒေနှင့်သာ သက်ဆိုင်ခြင်း—ယင်းအမှုမျိုးမှ အခင်းဖြစ်အကြောင်းအရာ။

ဆုံးဖြတ်ချက်။ ။မြို့ပြဒေသအတွင်းမရှိသော အိမ်မှ အိမ်ငှားများနှင်လိုမှုသည် ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေနှင့်သာ သက်ဆိုင်ပေသည်။ ယင်းအမှုမျိုးတွင် အခင်းဖြစ်အကြောင်းအရာမှာ အောက်ပါအတိုင်းဖြစ်သည် —

(၁) တရားပြိုင်သည် တရားလို၏အိမ်ငှားဖြစ်ခြင်း၊

(၂) အငှားချထားမှုကို ပစ္စည်းလွှဲပြောင်းရေးအက်ဥပဒေပုဒ်မ ၁၁၁ ပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရ ရပ်စဲပြီးခြင်း၊

(၃) တရားပြိုင်သည် အငှားချသည့်ဥပစာမှ ဖယ်ရှားမပေးခြင်း။

---

* ၁၉၀၄ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ် ၉၆၊ ၉၇၊ ၉၈၊ ၉၉၊ ၁၀၀

† ၁၉၀၄ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၃၊ ၄၊ ၅၊ ၆၊ ၇ တို့တွင် ချမှတ်သော (၂၀-၃-၀၄)နေ့စွဲပါ ဗဲခူတိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီများကိုအယူခံမှု။

၁၉၀၄

ဒေါ်ဇာရာဘီဘီ

ဦးထွန်းမောင်

ဦးကျော်မြင့်

ဒေါ်ကျင်စု

ဦးစူလတန်နှင့် ဒေါ်လှရင် (ၾသဇာတော်ဦးအော်ဘေး)

အယူခံ တရားဖြိုင် ဒေါ်လှရင်က ပစ္စည်းလွဲပြောင်းရေး အက်ဥပဒေနှင့် သက်ဆိုင်သည့် အချင်းဖြစ်အိမ်မှ အယူခံတရားလိုများအား အငှားချထားမှုကို ပစ္စည်းလွဲပြောင်းရေး အက်ဥပဒေနှင့် အညီ ရပ်စဲပြီးနောက် နှင်လိုမှုစွဲဆိုခဲ့ကြောင်းပေါ်လွင်သဖြင့် ဒေါ်လှရင်သည် ပစ္စည်းလွဲပြောင်းရေး အက်ဥပဒေ အရ ဒီကရီရထိုက်ကြောင်း ထင်ရှားသည်။

အယူခံတရားလိုများအတွက် – ဦးထွန်းကြည်၊ ဦးသောင်းညွှန့် ဗဟိုတရားရုံးရှေ့နေများ

အယူခံတရားပြိုင်အတွက် – ဦးဇော်ဝင်း (လက်ပံတန်း) ဗဟိုတရားရုံးရှေ့နေ

အယူခံတရားလို ဒေါ်ဇာရာဘီဘီ၊ ဦးထွန်းမောင်၊ ဦးကျော်မြင့်၊ ဒေါ်ကျင်စုနှင့် ဦးစူလတန်တို့က အိမ်လခများမပေး၍ ၎င်းတို့အား အခင်းဖြစ်အိမ်မှ နှင်ထုတ်ပေးရန်အယူခံတရားပြိုင် ဒေါ်လှရင်က မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးဥပဒေပုဒ်မ ၁၂(၁)(က) အရ မင်းလှမြို့နယ်တရားရုံး ၁၉၀၃ ခုနှစ် တရားမကြီးမှုအမှတ် ဂ၊၉၊၁၀၊၁၁၊နှင့် ၁၂ တို့တွင် တရားစွဲခဲ့ရာ စွဲဆိုသည့် အတိုင်း ဒီကရီချပေးလိုက်သည်ကို မကျေနပ်၍ ပဲခူးတိုင်းတရားရုံးသို့ အယူခံတရားလိုများက အသီးသီးအယူခံကြသည်။တိုင်းတရားရုံးတွင်လည်း ၎င်းတို့ပင် အရေးနိမ့်ပြန်သောကြောင့် ၅၂ ဗဟိုတရားရုံးသို့ တရားမဒုတိယ အယူခံမှုများ တင်သွင်းလာခြင်းဖြစ်သည်။

၅၂ အယူခံမှုများတွင် စဉ်းစားရမည့် အချက်အလက်တို့မှာ တူညီနေ၍ ၅၂စီရင်ချက်သည် အယူခံမှုအားလုံးနှင့် သက်ဆိုင်စေရမည်။

အယူခံတရားပြိုင် ဒေါ်လှရင်က စစ်ကွင်းမြို့၊ ဘူတာရုံလမ်းတွင် ရှိ သည့် ၎င်း၏နှစ်ထပ်အိမ်၌ အယူခံတရားလိုများအား အငှားထားခဲ့ကြောင်း၊မူလက အိမ်ရှင် အိမ်ငှား သဘောတူထားသည့်နှုန်းအတိုင်း ပေးရန်ရှိသော အိမ်လခများကို အယူခံတရားလိုအသီးသီးက မှန်မှန်ပေးခဲ့ကြကြောင်း၊ ၎င်း၏လျောက်ထားချက်အရ မင်းလှမြို့နယ်၊ စံငှားရမ်းခကြီးကြပ်ရေးအဖွဲ့မှ အခန်းခများကို တိုးမြှင့်သတ်မှတ်လိုက်သည့်အချိန်မှစ၍ အယူခံတရားလိုများက ငှားရမ်းခများ မပေးတော့သဖြင့် ၎င်းတို့နှင့်ငှားရမ်းခြင်းကို ရပ်စဲပြီးနောက် အချင်းဖြစ်အိမ်မှ ၎င်းတို့ကို နှင်ထုတ်ပေးရန်အဆိုပြု၍ တရားစွဲဆိုခဲ့ခြင်းဖြစ်ကြောင်းတွေ့ရသည်။

၁၉၀၄
ဒေါ်ဇာရာဘိဘီ
ဦးထွန်းမောင်
ဦးကျော်မြင့်
ဒေါ်ကျင်စု
ဦးစူလတန်နှင့် ဒေါ်လှရင် (၎င်း၏တရားဝင်ကိုယ်စားလှယ်စာရသူ ဦးအော်ဘေး)

အယူခံတရားလိုများက အိမ်လခများပေးရန် ငြင်း ဆန် ရ ခြင်း သည် လခ မပေးလို၍ မဟုတ်ပဲအယူခံတရားပြိုင်က အိမ်လခဖြတ်ပိုင်းမပေး၍ဖြစ်ရကြောင်း၊ အယူခံတရားပြိုင်၏ အကျိုးဆောင်က ပေးသည့်နှုန်းတစ်စာမှာလည်း အိမ်လခ သက်သက်ပေးရန် တောင်းဆိုခြင်းမဟုတ်၍ တရားမဝင်ကြောင်း စသည်ဖြင့် ချေပခဲ့ကြသည်။

၎င်အယူခံမှုများတွင် အခင်းဖြစ်အိမ်သည် မင်း လှ မြို နယ် စစ် ကွင်း မြို၊ ဘူတာရုံလမ်းတွင်ရှိ၍ မြို့ပြဆိုင်ရာဌာနရမ်းခကြီးကြပ်ရေးဥပဒေနှင့် အကျုံးဝင် မဝင် စဉ်းစားရန်ရှိသည်။ မြို့များအက်ဥပဒေပုဒ်မ ၄ အရ မြို့အဖြစ် မင်းလှမြို့ကို သတ်မှတ်ရာတွင် ရပ်ကွက်ကြီး (၈)ခုသာ မြို့ရိုးယာနယ်နိမိတ်အတွင်းပါဝင်ပြီး စစ်ကွင်းမှာ မြို့ခံရိုးယာနယ်နိမိတ်အတွင်း ပါဝင်ခြင်းမရှိကြောင်း ၃-၁၁-၇၃ နေ့စွဲပါ မြန်မာနိုင်ငံတော်ပြန်တမ်းအပိုင်း ၂၊ စာမျက်နှာ ၁၂၇၈ ပြန်တမ်း အမှတ် ၄၈၈ အရ တွေ့ရသည်။ ထို့ကြောင့် အချင်းဖြစ်အိမ်မှာ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာဌာနရမ်းခကြီးကြပ်ရေးအက်ဥပဒေနှင့် အကျုံးမဝင်ပေ။မြို့ပြ ဒေသအတွင်း မရှိသော အိမ်မှ အိမ်ဌားများနှင့်လိုမှုသည် ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေနှင့်သာ သက်ဆိုင်ပေသည်။ ယင်း အ မှု မျိုး တွင် အ ခင်း ဖြစ် အခကြေငင်းအရာမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) တရားပြိုင်သည် တရားလို၏အိမ်ဌားဖြစ်ခြင်း၊

(၂) အဌားချထားမှုကို ပစ္စည်းလွှဲပြောင်းရေးအက်ဥပဒေပုဒ်မ ၁၁၁ ပါပြဋ္ဌာန်းချက်ဘစ်ရပ်ရပ်အရ ရပ်စဲပြီးခြင်း၊

(၃) တရားပြိုင်သည် အဌားချသည့် ဥပစာမှဖယ်ရှားမပေးခြင်း။

ယခုအယူခံမှုများ၌ အယူခံတရားလိုများသည် အယူခံတရားပြိုင် ဒေါ်လှရင်၏ အိမ်ဌားများဖြစ်ကြသည်ဆိုခြင်းမှာ အငြင်းမပွားခဲ့ပေ။အယူခံတရားလိုများက ဌားရမ်းခများမပေးကြသဖြင့် ၎င်းတို့ အသီးသီးအပေါ် အယူခံတရားပြိုင်မှ ဌားရမ်းခြင်းကို ဌားရမ်းသည့်လ ကုန်ဆုံးသည့် အချိန်တွင် ရပ်စဲပြီးနောက် ထိုသို့ ရပ်စဲသည့်နှုန်းတစ်စာကို ဌားရမ်းခြင်းလမကုန်ဆုံးမီ ၁၅ ရက် တင်ကြို၍ စာတိုက်မှ မှတ်ပုံတင်၍ ပေးပို့လျက် အခင်းဖြစ်အိမ်မှ ထွက်ခွာပေးရန် တောင်းဆိုခဲ့သော်လည်း အယူခံတရားလိုများက ဖယ်ရှားပေးခြင်းမရှိကြပဲ ဆက်လက်နေထိုင်လျက်ရှိကြကြောင်း နှစ်ဘက် သက်သေများ၏ ထွက်ချက်နှင့် သက်သေခံအထောက်အထား နှိုတစ်စာများအရ တွေ့ရသည်။ သို့ဖြစ်ရာ အယူခံတရားပြိုင်ဒေါ်လှရင်က ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေနှင့် သက်ဆိုင်သည့် အ ခင်း ဖြစ် အိမ် မှ အယူခံ တရားလိုများအား အ ဌား ချ ထား မှုကို ပစ္စည်း

၁၉၇၄ ခေါ်ဝေါ်ရာဘီဘီ ဦးထွန်းမောင် ဦးကျော်မြင့် ခေါ်ကျင်စု ဦးစူလတန် နှင့် ခေါ်လှရင် (၎င်း၏တရား ဝင်ကိုယ်စား လှယ်စာရသူ ဦးအောင်ဘေး)

လွှဲပြောင်းရေး အက်ဥပဒေနှင့်အညီရပ်စဲပြီးနောက် နှင်လိုမှုစွဲဆိုခဲ့ကြောင်း ပေါ်လွင်သဖြင့် ခေါ်လှရင်သည် ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေအရ ဒီကရီရထိုက်ကြောင်း ထင်ရှားသည်။ မြို့ပြဆိုင်ရာဌားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (က) အရမူ ဒီကရီရပိုင်ခွင့်ရှိသူ မဟုတ်ပေ။

ထို့ကြောင့် မင်းလှမြိုနယ် တရားရုံးနှင့် ပဲခူးတိုင်း တရားရုံးတို့က အယူခံတရားလိုများအပေါ် မြို့ပြဆိုင်ရာဌားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (က) အရ ချမှတ်ခဲ့သော ဒီကရီကိုပယ်ဖျက်၍ ယင်းအစား ပစ္စည်းလွှဲပြောင်းရေးအက်ဥပဒေအရ နှင်ထုတ်မှုဒီကရီကို ချမှတ်လိုက်သည်။ နှစ်ဘက်အမှုသည်များသည် ဤအယူခံမှုများတွင် ကုန်ကျသော တရားစရိတ်များကို မိမိတို့ကိုယ်တိုင်ကျခံကြစေ။

တရားမ ပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ်ဦးတင်အောင်၊ အဖွဲဝင်များအဖြစ်ဦးသန့်စင်နှင့်ဦးတင်အုန်းတို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ချေတွင်

†၁၉၀၄
အောက်တိုဘာလ ၃၀ ရက်

ဦးဇော် ဝင်း
နှင့်
ဦးဖေ တင် ဝင်း *

တရားမကျင့်ထုံး အမိန့် ၉၊ နည်း ၄ အရ လျှောက်ထားမှုများတွင် ကာလစည်းကမ်းသတ် ဥပဒေပုဒ်မ ၅ အရ ကာလစည်းကမ်းသတ်ကို တိုးချဲ့ခြင်း မပြုနိုင်။

ဆုံးဖြတ်ချက်။ ။ကာလစည်းကမ်းသတ် ဥပဒေပုဒ်မ ၅ သည် တရားမကျင့်ထုံး ဥပဒေအမိန့် ၉၊ နည်း ၄ အရ၊ လျှောက်ထားမှုများနှင့် သက်ဆိုင်ခြင်းမရှိသောကြောင့် ကာလစည်းကမ်းသတ်ကို တိုးချဲ့ခြင်း ပြုနိုင်မည် မဟုတ်ပေ။

ဆင်မံဆုံးဖြတ်ချက်။ ။ဤအမှုကို ယခင်နိုင်ငံတော် တရားရုံးချုပ်က စစ်ဆေးခဲ့ရာ ၎င်း၏ မူလဘက်ဆိုင်ရာ နည်းဥပဒေအပိုဒ် ၃၄ အရ၊ အမှုခေါ်စာရင်းမှ ပယ်ဖျက်ခဲ့သည့် အမှုဖြစ်၍ ကုန်သွယ်ရေး ဦးစီးဌာနက အမှုကို ပြန်လည်ဖွင့်လှစ် ဆက်လက်ဆောင်ရွက်ပေးရန် မူလဘက်ဆိုင်ရာ နည်းဥပဒေအပိုဒ် ၃၅ အရသာ ဤဗဟိုတရားရုံးသို့ ခိုင်လုံသော အကြောင်းများ တင်ပြလျှောက်ထားရမည် ဖြစ်ပေသည်။ ထိုသို့မဆောင်ရွက်ခဲ့ပဲ ရန်ကုန်တိုင်းတရားရုံးတွင် တရားမကျင့်ထုံး အမိန့် ၉၊ နည်း ၄ အရ၊ လျှောက်ထားခဲ့ခြင်းမှာ လည်း မှားယွင်းနေပေသည်။

လျှောက်ထားသူ အတွက် – ဦးနေလ၊ ဗဟိုတရားရုံးရှေ့နေ

လျှောက်ထားခံရသူအတွက် – ဦးဘဇော်၊ ဒုတိယညွှန်ကြားရေးမှူး ဗဟိုဥပဒေရုံး

ယခင်တရားရုံးချုပ်၊ တရားမကြီးမှု အမှတ် ၃၄/၆၅ တွင် ဆိုရှယ်လစ်စီးပွားရေး တည်ဆောက်မှုကော်မိတီက လျှောယ်ထားသူ ဦးဇော်ဝင်းအပေါ်

---

* ၁၉၀၄ ခုနှစ်၊ တရားမ ပြင်ဆင်မှု အမှတ် ၁၀၀

† ၁၉၀၃ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၁၄၀ (ပန်းဘဲတန်း) တွင် ချမှတ်သော (၉-၅-၀၄) နေ့စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၁၉၈၄
ဦးဇော်ဝင်း
နှင့်
ဦးဖေတင်ဝင်း

ဇွေ ၈၆၇၃၉ ကျပ် ၁၀ ပြား ရလိုမှု စွဲဆိုရာတွင် စရိတ်နှင့် ကြော်ငြာခများ တင်သွင်းရန် ပျက်ကွက်ခဲ့သဖြင့် မူလဘက်ဆိုင်ရာ နည်းဥပဒေအပိုဒ် ၃၄ အရ အမှုခေါ် စာရင်းမှ ပယ်ဖျက်လိုက်သည်။ ကုန်သွယ်ရေး ဦးစီးဌာနက ယင်း အမှုကို ပြန်လည်ဖွင့်လှစ် ဆက်လက်ဆောင်ရွက် ကြားနာပေးရန် တရားမ ကျင့်ထုံးအမိန့် ၉၊ နည်း ၄ အရ၊ ရန်ကုန်တိုင်းတရားရုံးတွင် လျှောက်ထားသည့်အခါ၊ တိုင်းတရားရုံးက လျှောက်ထားသည့် အတိုင်း ခွင့်ပြုလိုက်သော ကြောင့် ဦးဇော်ဝင်းက မကျေနပ်၍ ဤပြင်ဆင်မှုကို တင်သွင်းလာခြင်းဖြစ်သည်။

အမှုမှာ ဘီအီးဒီစီနှင့် ဒီအက်စ်ဆိုင် လက်အောက်ခံ အထွေထွေ ရောင်း ဝယ်ရေးကုမ္ပဏီလိမိတက်နှင့် လျှောက်ထားသူ ဦးဇော်ဝင်းတို့ ငပိအရောင်း အဝယ်လုပ်ကြရာတွင် ဦးဇော်ဝင်းထံမှ အထွေထွေ ရောင်းဝယ်ရေး ကုမ္ပဏီ လိမိတက်က ရရန်ရှိသော ဇွေ ၈၆၇၃၉ ကျပ် ၁၀ ပြားကို တရားစွဲဆို တောင်း ခံသည့်အမှုဖြစ်သည်။

ပြင်ဆင်မှုတွင် လျှောက်ထား သူက ဤအမှုကို ကာလ စည်းကမ်းသတ် ၁၆ နှစ် ကျော်လွန်ပြီးနောက် ပြန်လည် ဖွင့်လှစ်ဆောင်ရွက်ပေးရန် အမိန့် ချခဲ့ခြင်း ဖြစ်၍ သိသာစွာ မှားယွင်းနေကြောင်း အဓိကထား၍တင်ပြသည်။ ကာလစည်းကမ်းသတ် အက်ဥပဒေ ပထမဇယားအပိုဒ် ၁၆၃ တွင် စရိတ် တင်သွင်းရန် ပျက်ကွက်သောကြောင့် အမှုအား ပလပ်ထားသည့် အမိန့်ကို ပယ်ဖျက် ပေးရန် တရားလိုသည် ပလပ်သည့် နေ့မှ ရက် ၃၀ အတွင်း လျှောက်ထားရမည်ဟု ဖော်ပြထားသည်။ သို့သော် တရားလိုဘက်မှ ကာလ စည်းကမ်းသတ် အချိန်အတွင်း မလျှောက်ထားခဲ့ကြပဲ၊ အမှုကို ပလပ်ပြီး နောက် ၁၆ နှစ်ကျော်မှ ပြန်လည် ဖွင့်လှစ်ပေးရန် လျှောက်ထားခဲ့သည်။ ယင်းသို့ ကြန့်ကြာသွားရခြင်းသည် ပြည်သူပိုင် အသိမ်းခံပြီးနောက် ကုန်သွယ် ရေး ကောင်စီများ ဖွဲ့စည်းခြင်း၊ လုပ်ငန်းများ လွှဲပြောင်းရယူရခြင်း၊ ဝန်ကြီး ဌာန အဆင့်ဆင့်သို့ အကျိုးအကြောင်း တင်ပြရခြင်း၊ တရားထုပ်မံစွဲဆိုရန် ရုံပုံငွေများ တောင်းခံနေရခြင်း စသည်တို့ကြောင့် ဖြစ်သည်ဟု အဆိုရှိသည်။

ကာလစည်းကမ်းသတ် ကျော်လွန်ရခြင်းနှင့် ပတ်သက်၍ တရားလိုဘက်မှ တင်ပြခဲ့သည့် အကြောင်းပြချက်တို့သည် လက်ခံရန် ခိုင်လုံသည့်အကြောင်း ပြချက်များ မဟုတ်ပေ။ ကာလစည်းကမ်းသတ် ဥပဒေပုဒ်မ ၅ သည် တရားမ ကျင့်ထုံး ဥပဒေအမိန့် ၉၊ နည်း ၄အရ၊ လျှောက်ထားမှုများနှင့် သက်ဆိုင်ခြင်း မရှိသောကြောင့် ကာလစည်းကမ်းသတ်ကို တိုးချဲ့ခြင်း ပြုနိုင်မည်မဟုတ်ပေ။ နောက်တကြောင်းမှာလည်း ဤအမှုကို ယခင်နိုင်ငံတော် တရားရုံးချုပ်က စစ်ဆေးခဲ့ရာ ၎င်း၏ မူလဘက်ဆိုင်ရာ နည်းဥပဒေအပိုဒ် ၃၄ အရ၊ အမှုခေါ်

၁၉၀၄
ဦးဇော်ဝင်း
နှင့်
ဦးဖေတင်ဝင်း

စာရင်းမှ ပယ်ဖျက်ခဲ့သည့် အမှုဖြစ်၍ ကုန်သွယ်ရေး ဦးမီးဌာနက အမှုကို ပြန်လည် ဖွင့်လှစ်ဆက်လက် ဆောင်ရွက်ပေးရန် မူလဘက်ဆိုင်ရာ နည်းဥပဒေ အပိုဒ် ၃၅ အရသာ ဤမဟိုတရားရုံးသို့ ခိုင်လုံသော အကြောင်းများ တင်ပြ လျှောက်ထားရမည် ဖြစ်ပေသည်။ ထိုသို့မဆောင်ရွက်ခဲ့ပဲ၊ ရန်ကုန်တိုင်းတရား ရုံးတွင် တရားမကျင့်ထုံး အမိန့် ၉၊ နည်း ၄ အရ၊ လျှောက်ထားခဲ့ခြင်းမှာ လည်း မှားယွင်းနေပေသည်။ ရန်ကုန်တိုင်းတရားရုံး၏ အမိန့်သည် ဥပဒေနှင့် မညီညွတ်၍ ပြင်ဆင်ရပေလိမ့်မည်။

ထို့ကြောင့် ဤပြင်ဆင်မှုကို ခွင့်ပြုပြီး ရန်ကုန်ဘိုင်းတရားရုံး၏ အမိန့်ကို စရိတ်နှင့်တကွ ပယ်ဖျက်လိုက်သည်။ ရှေ့နေခ ၅၀/—သတ်မှတ်သည်။

တရားမ ပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ်ဦးခင်ဇာမုံ၊ အဖွဲ့ဝင်များအဖြစ် ဦးထွန်းရှိန်နှင့် ဦးအေးမောင် တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

†၁၉၀၄
အောက်တိုဘာလ ၂၅ ရက်

ဒေါ် တင်ရီ
နှင့်
ဒေါ် နှင်းစိန် *

ခွင့်ပြုချက်ဖြင့် နေထိုင်သူအား နှင်လိုမှု— ဤအမှုမျိုးတွင် ဝိုင်ဆိုင်ခွင့် သည် အဓိကမဟုတ်ခြင်း — တရားလိုအနေဖြင့် ဝိုင်ဆိုင်ခြင်း မရှိ စေကာမူ ခွင့်ပြုခဲ့သူ ဖြစ်ပါက ခွင့်ပြုချက်ကို ရုပ်သိမ်း၍ နှင်ဝိုင် ခွင့် ရှိခြင်း။

ဆုံးဖြတ်ချက်။ ။မှတ်ပုံတင် စာချုပ်အမှတ် ၄၄/၀၁ အရ အချင်းဖြစ် အိမ်ကို လျောက်ထားခံရသူက ရောင်းချခဲ့ပြီး ဖြစ်သည်ဆိုသော အချက်မှာ အငြင်းမပွားပေ။ သို့သော် ယခုအမှုသည် ခွင့်ပြုချက်ဖြင့် နေသူအား နှင်ထုတ် ပေးရန် စွဲဆိုသည့် အမှုဖြစ်ရာ အိမ်၏ဝိုင်ဆိုင်မှု ပြဿနာကို အဓိကထား၍ စဉ်းစားရန် မလိုပေ။ လျောက်ထားသူအား အချင်းဖြစ်အိမ်တွင် လျောက်ထား ခံရသူက အခမဲ့ ခွင့်ပြုချက်ဖြင့် ထားခြင်း ဟုတ်မဟုတ်ကိုသာ အဓိကထား စဉ်းစားရပေမည်။ အခမဲ့ခွင့်ပြုချက်ဖြင့် ထားကြောင်း ထင်ရှားလျှင် ခွင့်ပြု သော သူက ဝိုင်ရှင်မဟုတ်စေကာမူ ခွင့်ပြုခြင်းခံရသူကို ပေးထားသည့် ခွင့်ပြု ချက်အား ရုပ်သိမ်းပြီး နှင်ထုတ်ဝိုင်ခွင့်ရှိပေသည်။

လျောက်ထားသူ အတွက် — ဦးထွန်းရွှေ၊ ဗဟိုတရားရုံးရှေ့နေ

လျောက်ထားခံရသူအတွက် — ဦးဝင်းမောင် (မော်လမြိုင်)
ဗဟိုတရားရုံးရှေ့နေ

မွန်ပြည်နယ်တရားရုံး တရားမကြီးမှုအမှတ် ၆၇ (မ)/၀၀ ကွင် လျောက် ထား ခံရသူ ဒေါ်နှင်းစိန်က လျောက်ထားသူ ဒေါ်တင်ရီအပေါ် အခမဲ့ခွင့်ပြု ချက်ဖြင့် နေသည့် အိမ်မှ ဖယ်ရှားထွက်ခွာပေးရန် စွဲဆိုသည့်အမှုတွင် ပဏာမ

---

* ၁၉၀၄ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၇၅

† ၁၉၀၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၆၇ တွင် ချမှတ်သော (၂၇-၁-၀၄) နေ့စွဲပါ မွန်ပြည်နယ်တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

ငြင်းချက် (၄)ခု ထုတ်၍ ကြားနာပြီးနောက် ငြင်းချက်အမှတ် (၁) (၂) (၃) တို့ကို လျှောက်ထားခံရသူ ဒေါ်နှင်းစိန်အား အသာပေးဖြေဆိုခဲ့သည်ကို မကျေနပ်သောကြောင့် လျှောက်ထားသူ ဒေါ်တင်ရီက ဤပြင်ဆင်မှုကို တင်သွင်းသည်။

မွန်ပြည်နယ်တရားရုံးက လျှောက်ထားခံရသူ ဒေါ်နှင်းစိန်ကို အသာပေးဖြေဆိုခဲ့သည့် ပဏာမ ငြင်းချက် (၃) ခုမှာ အောက်ပါအတိုင်းဖြစ်သည် –

(၁) တရားလိုသည် အချင်းဖြစ် အိမ်ကို အပြီးအပိုင် ရောင်းချပြီး ဖြစ်သဖြင့် ယခုအမှု စွဲဆိုရန် အခွင့်အရေး မရှိ ဆိုသည်မှာ မှန်သလား။

(၂) တရားလို၏ စွဲဆိုမှုသည် ကာလစည်းကမ်းသတ် ဥပဒေအရ ကာလ စည်းကမ်းသတ် ကျော်လွန်ပြီး ဖြစ်သလား။

(၃) မော်လမြိုင်မြို့နယ်တရားမ တရားသူကြီးရုံးတရားမကြီးမှု အမှတ် ၉/၆၉ ပါ စီရင်ချက်နှင့် အမိန့်သည် တရားလို စွဲဆိုမှုတွင် တရားဥပဒေအရ ဝိတ်ပင်ချက် ဖြစ်ပါသလား။

လျှောက်ထားသူ ဘက်မှ ပဏာမ ငြင်းချက် (၁)ကို အဓိကထား၍ လျှောက်လဲခဲ့သည်မှာ အချင်းဖြစ် အိမ်ကို လျှောက်ထားခံရသူက ရာကျူးပါ ၃ ဦးတို့အား စာချုပ်အမှတ် ၄၄/၈၁ အရ ရောင်းချခဲ့ပြီး ဖြစ်၍ ယခုအမှုကို စွဲဆိုရန် အခွင့်အရေး မရှိတော့သဖြင့် မူလရုံးက ၎င်းအား အနိုင်ပေးခဲ့ခြင်းသည် မှားယွင်းနေပါသည်ဟု ဆိုသည်။ မှတ်ပုံတင်စာချုပ် အမှတ် ၄၄/၈၁ အရ အချင်းဖြစ် အိမ်ကို လျှောက်ထားခံရသူက ရောင်းချခဲ့ပြီး ဖြစ်သည်ဆိုသော အချက်မှာ အငြင်းမပွားပေ။ သို့သော် ယခုအမှုသည် ခွင့်ပြုချက်ဖြင့် နေသူအား နှင်ထုတ်ပေးရန် စွဲဆိုသည့်အမှုဖြစ်ရာ အိမ်၏ပိုင်ဆိုင်မှုပြဿနာကို အဓိကထား၍ စဉ်းစားရန်မလိုပေ။ လျှောက်ထားသူအား အချင်းဖြစ်အိမ်တွင် လျှောက်ထားခံရသူက အခမဲ့ခွင့်ပြုချက်ဖြင့် ထားခြင်းဟုတ်မဟုတ်ကိုသာ အဓိကထား စဉ်းစားရပေမည်။ အခမဲ့ခွင့်ပြုချက်ဖြင့် ထားကြောင်း ထင်ရှားလျှင် ခွင့်ပြုသောသူက ပိုင်ရှင် မဟုတ်စေကာမူ ခွင့်ပြုခြင်းခံရသူကို ပေးထားသည့် ခွင့်ပြုချက်အား ရုပ်သိမ်းပြီး နှင်ထုတ်ပိုင်ခွင့်ရှိပေသည်။ ထို့ကြောင့် မွန်ပြည်နယ်တရားရုံးက ငြင်းချက်(၁)ကို လျှောက်ထားခံရသူအား အသာပေးဖြေဆိုခဲ့ခြင်းသည် မှားယွင်းသည်ဟု မဆိုနိုင်ပေ။

၁၉၀၄ ဒေါ်တင်ရီ နှင့် ဒေါ်နှင်းစိန်

လျောက်ထားသူနှင့် မိသားစုအား အချင်းဖြစ် အိမ်မှ ဖယ်ရှားပေးရန် ၁၉၇၃ ခုနှစ် လောက်တွင် တစ်ကြိမ်၊ ၆–၉–၈၀ နေ့တွင်တစ်ကြိမ်၊ ပေါင်းနှစ်ကြိမ် လျောက်ထားခံရသူက ဘိုကုန်းရပ်ကွက် လူကြီးများရှေ့၌ တင်ပြပြောဆိုခဲ့ကြောင်း အဆိုလွှာအပိုဒ် (၅) နှင့် (၆) အရ တွေ့ရသည်။ ယခုလို အမှုမျိုးသည် ကာလစည်းကမ်းသတ် ဥပဒေ ပထမဇယားအမှတ်စဉ် ၁၂၀ နှင့် သက်ဆိုင်ပေသည်။ ယင်းအမှတ်စဉ်တွင် တရားစွဲဆိုပိုင်ခွင့် ရရှိသည့်အခါက စ၍ ၆ နှစ် ကာလကို ရေတွက်ရမည်ဟု ပြဋ္ဌာန်းထားသည်။ လျောက်ထားခံရသူက ခွင့်ပြုချက်ကို နောက်ဆုံးရပ်သိမ်းခဲ့သော နေ့မှာ ၆–၉–၈၀ နေ့ဖြစ်ရာ ယင်းနေ့မှ စ၍ ကာလစည်းကမ်းသတ်ကို ရေတွက်ရပေမည်။ ထိုနေ့က စ၍ ရေတွက်လျှင် အမှုစွဲဆိုသည့် နေ့၌ ၆ နှစ် မပြည့်သေး၍ ကာလစည်းကမ်းသတ် ကျော်လွန်ခြင်း မရှိသေးပေ။ သို့ဖြစ်ရာ ငြင်းချက် (၂) ကို လျောက်ထားခံရသူအား အသာပေး ဖြေဆိုခဲ့ခြင်းသည်လည်း မှားသည်ဟု မဆိုနိုင်ပေ။

ငြင်းချက် (၃) နှင့်ပတ်သက်၍ ဆက်လက်သုံးသပ်သည့်အခါ မော်လမြိုင်မြို့နယ်ပိုင်တရားမ တရားရုံး တရားမကြီးမှုအမှတ် ၉/၆၉ တွင် လျောက်ထားခံရသူက လျောက်ထားသူ အပေါ် အချင်းဖြစ် အိမ်၏ ပိုင်ရှင်ဖြစ်ကြောင်း မြွက်ဟကြေငြာပေးရန်စွဲဆိုခဲ့ရာ စစ်ဆေးရန်ချိန်းဆိုသည့်နေ့တွင် လျောက်ထားခံရသူနှင့် ၎င်း၏ အကျိုးဆောင်တို့ မလာသဖြင့် အမှုကို ပလပ်ခဲ့ကြောင်း တွေ့ရသည်။ တရားမကြီးမှုအမှတ် ၆၇ (မ)/၈၀ မှာ လျောက်ထားခံရသူက လျောက်ထားသူအပေါ် ခွင့်ပြုချက်ဖြင့် ထားသည့် အချင်းဖြစ်အိမ်မှ နှင်ထုတ်ပေးရန် စွဲဆိုခဲ့ခြင်းဖြစ်သည်။ တရားမကြီးမှု ၉/၆၉ တွင် ပိုင်ဆိုင်မှုကို အခြေပြု၍ စွဲဆိုထားခြင်းဖြစ်ပြီး တရားမကြီးမှု ၆၇ (မ)/၈၀ မှာ ခွင့်ပြုချက်ကို အခြေပြု၍ စွဲဆိုထားခြင်းဖြစ်ရာ အမှုနှစ်မှုမှာ အခြေခံအကြောင်းခြင်းရာချင်း မတူကြသည့် အလျောက် သက်သေတင်ပြရမည့် အချက်တို့မှာလည်း ခြားနားပေသည်။ ထို့ကြောင့် တရားမကြီးမှု ၉/၆၉ ၏ စီရင်ချက်နှင့် အမိန့်သည် တရားမကြီးမှုအမှတ် ၆၇ (မ)/၈၀ ကို တရားစွဲဆိုခြင်း မပြုနိုင်ရန် ဝိတ်ပင်ပြီး ဖြစ်သည့် မီးသေဆုံးဖြတ်ချက် မဟုတ်ပေ။ သို့ဖြစ်ရာ ငြင်းချက် (၃) ကိုလည်း လျောက်ထားခံရသူဘက် အသာပေး ဖြေဆိုခဲ့ခြင်းသည်လည်း မှားသည်ဟု မဆိုနိုင်ပေ။

အထက်ဖော်ပြပါ အကြောင်းတို့ကြောင့် ဤပြင်ဆင်မှုကို စရိတ်နှင့် တကွ ပလပ်လိုက်သည်။ စရိတ်ငွေကျပ် ၅၀/– သတ်မှတ်သည်။

တရားမ ပထမ အယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲဝင်များအဖြစ်ဦးတင်အောင်နှင့် ဦးမြကျော်တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဒေါ်တင် ရီ

နှင့်

၁။ မြို့ပြဆိုင်ရာ ဌာနရှမ်းခ ကြီးကြပ်ရေးအဖွဲ့၊ အရှေ့မြောက်မြို့နယ် ပြည်သူ့ကောင်စီ၊ မန္တလေးမြို့

၂။ မခင်မြဝင်း *

†၁၉၀၄ နိုဝင်ဘာလ ၁ ရက်

ပြည်ထောင်စုဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၇၃ (၃)—မြို့ပြဆိုင်ရာ ဌာနရှမ်းခ ကြီးကြပ်ရေးအဖွဲ့၏ အမိန့်များအား ပယ်ဖျက်နိုင်ခွင့် အာဏာကို နိုင်ငံတော်ကောင်စီသို့ အပ်နှင်းထားပြီး ဖြစ်ခြင်း။

ဆုံးဖြတ်ချက်။ ။ယခင်အခါက မြို့ပြဆိုင်ရာ ဌာနရှမ်းခ ကြီးကြပ်ရေးဝန်က ပုဒ်မ ၁၃ (၁)အရ ချမှတ်သည့် အမိန့်ကိုမကျေနပ်လျှင် ယခင်တရားလွှတ်တော်ချုပ်နှင့် နိုင်ငံတော် တရားရုံးချုပ်သို့ စာချွန်တော်ဖြင့် ပယ်ဖျက်ပေးရန်အတွက် လျောက်ထားနိုင်သော်လည်း ယခုအခါတွင် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၃ (၃) အရ မြို့ပြဆိုင်ရာ ဌာနရှမ်းခကြီးကြပ်ရေးအဖွဲ့၏ အမိန့်တို့အား ပယ်ဖျက်နိုင်ခွင့် အာဏာကို နိုင်ငံတော်ကောင်စီသို့ အပ်နှင်းထားပြီး ဖြစ်သည့် အလျောက် တရားရုံးများမှ နေ၍ ဤအမှုမျိုးကို လက်ခံကြားနာစီရင်ရန် အကြောင်း မရှိတော့ချေ။

အယူခံတရားလို အတွက် — ဦးညွှန့်မြင့်၊ ဗဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင်အတွက် — ဦးလှကို၊ ဗဟိုတရားရုံးရှေ့နေ

မန္တလေးတိုင်း တရားရုံး၊ တရားမကြီးမှု အမှတ် ၉၂/၀၁ တွင် အယူခံတရားလို ဒေါ်တင်ရီက တရားလိုပြုလုပ်၍ အယူခံတရားပြိုင်များ ဖြစ်ကြသော မန္တလေး အရှေ့မြောက်မြို့နယ်၊ မြို့ပြဆိုင်ရာ ဌာနရှမ်းခကြီးကြပ်ရေး အဖွဲ့နှင့်

---

* ၁၉၀၃ ခုနှစ်၊ တရားမ ပထမ အယူခံမှုအမှတ် ၆

† ၁၉၀၁ ခုနှစ်၊ တရားမကြီးမှု အမှတ် ၉၂ တွင် ချမှတ်သော (၁၄-၉-၀၂) နေ့စွဲပါ မန္တလေးတိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

၁၉၀၄ ဒေါ်တင်ရီ နှင့် ၁။ မြို့ပြဆိုင်ရာ ဌားရမ်းခကြီး ကြပ်ရေး အဖွဲ့၊ အရှေ့မြောက် မြို့နယ်ပြည်သူ့ ကောင်စီ၊ မန္တလေးမြို့ ၂။ မခင်မြင့်

မခင်မြင့်တို့ အပေါ် မန္တလေး အရှေ့မြောက်မြို့နယ်၊ မြို့ပြဆိုင်ရာဌားရမ်းခ ကြီးကြပ်ရေးအဖွဲ့ အခွန်အမှုအမှတ် ၂/၀၀ တွင် ၁၆–၁၂–၀၁ ရက်နေက ချမှတ်ထားသည့် အမိန့်ကို ပယ်ဖျက်ကြောင်း မြွက်ဟကြေငြာပေးရန်နှင့် အဆို ပါ အမိန့်အတိုင်း ဌားရမ်းခများ ပေးခြင်းနှင့် အခြားဆောင်ရွက်မှုများ မပြုလုပ်ရန် ထာဝစဉ် တားဝရမ်းထုတ်ပေးရန် တရားစွဲဆိုရာ ပလပ်ခြင်းခံရသည့် အတွက် ဒေါ်တင်ရီက ဗဟိုတရားရုံးတွင် ဤတရားမ ပထမ အယူခံမှုကို တင်သွင်းခြင်း ဖြစ်သည်။

ဒေါ်တင်ရီက သူပိုင်အချင်းဖြစ် ဥပစာကို ဦးဖေကျန်နှင့် ဇနီး ဒေါ်သန်း သန်းတို့အား ဌားရမ်းခဲ့ကြောင်း၊ ၁၉၇၀ ခုနှစ်၊ ဇန်နဝါရီလ အတွင်းက ဦးဖေကျန်နှင့် ဒေါ်သန်းသန်းတို့၏ သမီး မခင်မြင့်နှင့် ခင်ပွန်း ဦးမောင် မောင်အေး တို့သည် အချင်းဖြစ် ဥပစာသို့ ပြောင်းရွှေ့ နေထိုင်ကြောင်း၊ ဦးဖေကျန်နှင့် ဒေါ်သန်းသန်းတို့ ပြောင်းရွှေ့သွားသောအခါ မခင်မြင့်သည် မန္တလေးအရှေ့မြောက်မြို့နယ်၊ မြို့ပြဆိုင်ရာ ဌားရမ်းခကြီးကြပ်ရေးအဖွဲ့ အမှု အမှတ် ၂/၀၀ တွင် အချင်းဖြစ်ဥပစာ၌ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာဌားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၃ (၁) အရ ဌားရမ်းခများ ပေးဆွဲ နေထိုင်ခွင့် ပြုရန် လျောက်ထားချက်အပေါ် မြို့ပြဆိုင်ရာဌားရမ်းခကြီးကြပ်ရေး အဖွဲ့က ခွင့်ပြုအမိန့် ချမှတ်ခဲ့ကြောင်း၊ မြို့ပြဆိုင်ရာ ဌားရမ်းခ ကြီးကြပ်ရေး အဖွဲ့သည် မိမိတွင်ရှိသော အခွင့်အာဏာထက် ကျော်လွန်၍ ဆောင်ရွက် ထားသောကြောင့် နစ်နာကြောင်း၊ ထို့ကြောင့် ယင်းဥပဒေပုဒ်မ ၁၃ (၁) အရ ချမှတ်ထားသည့် အမိန့်သည် ပျက်ပြယ်ကြောင်း မြွက်ဟကြေငြာပေး ရန်နှင့် ဌားရမ်းခများ ပေးခြင်းနှင့် အခြား ဆောင်ရွက်မှုများ မပြုလုပ်ရန် ထာဝစဉ် တားဝရမ်း ထုတ်ပေးစေလိုကြောင်းဖြင့် မန္တလေး အရှေ့မြောက် မြို့နယ်၊ မြို့ပြဆိုင်ရာ ဌားရမ်းခကြီးကြပ်ရေး အဖွဲ့နှင့် မခင်မြင့်တို့ အပေါ် တရားစွဲဆိုခြင်း ဖြစ်သည်။

တိုင်းတရားရုံးက အောက်ပါ ပဏာမ ငြင်းချက်ကို ထုတ်ခဲ့သည် –

"၁။ ယခုပုံစံပါအမှုအား စီရင်နိုင်ရန် ဤရုံးတော်တွင် အခွင့်အာဏာ မရှိဟု ဆိုခြင်းသည် မှန်သလား။

၂။ တရားလိုသည့် ဤအမှုကို ဤပုံစံအတိုင်း မစွဲဆိုနိုင်ဟု ဆိုခြင်းမှာ မှန်သလား။"

တိုင်းတရားရုံးက နှစ်ဘက် လျောက်လဲချက်များကို ကြားနာပြီး ပဏာမ ငြင်းချက်ကို ဒေါ်တင်ရီအား အရှုံးပေး ဖြေဆိုခဲ့လေသည်။

၁၉၇၄
ဒေါ်တင်ရီ နှင့် ၁။ မြို့ပြဆိုင်ရာ ဌားရမ်းခကြီး ကြပ်ရေးအဖွဲ့၊ အရွှေမြောက် မြို့နယ်ပြည်သူ့ ကောင်စီ၊ မန္တလေးမြို့ ၂။ မခင်မြင့်

ယခင်အခါက မြို့ပြဆိုင်ရာ ဌားရမ်းခ ကြီးကြပ်ရေးဝန်က ပုဒ်မ ၁၃ (၁) အရ ချမှတ်သည့် အမိန့်ကို မကျေနပ်လျှင် ယခင်တရားလွှတ်တော်ချုပ်နှင့် နိုင်ငံတော် တရားရုံးချုပ်သို့ စာချွန်တော်ဖြင့် ပယ်ဖျက် ပေးရန် အတွက် လျှောက်ထားနိုင် သော်လည်း ယခု အခါတွင် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေပုဒ်မ ၇၃ (၃) အရ မြို့ပြဆိုင်ရာ ဌားရမ်းခ ကြီးကြပ်ရေး အဖွဲ့၏ အမိန့်တို့အား ပယ်ဖျက်နိုင်ခွင့် အာဏာကို နိုင်ငံတော်ကောင်စီသို့ အပ်နှင်းထားပြီး ဖြစ်သည့် အလျောက် တရားရုံးများမှ နေ၍ ဤအမှုမျိုးကို လက်ခံကြားနာ စီရင်ရန် အကြောင်း မရှိတော့ချေ။

သို့ဖြစ်ရာ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ဌားရမ်းခကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၃ (၁) အရ ချမှတ်သည့် မြို့ပြဆိုင်ရာ ဌားရမ်းခ ကြီးကြပ်ရေး အဖွဲ့၏ အမိန့်ကို ဒေါ်တင်ရီက ကျေနပ်ခြင်း မရှိလျှင် ပြည်ထောင်စုဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေပုဒ်မ ၇၃ (၃) အရ အဆိုပါ အမိန့်ကို ပယ်ဖျက်ပေးရန် နိုင်ငံတော် ကောင်စီသို့ လျှောက်ထားရန် ဖြစ် ပေသည်။

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ဌားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၃ (၁) အရ ဌားရမ်းခကြီးကြပ်ရေးဝန်က ချမှတ်သောအမိန့်ကို ပျက်ပြယ် ကြောင်း သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ အရ မြွက်ဟ ကြေငြာ သည့် ဒီကရီ ချမှတ်ပေးရန် မသင့်ဟု **ဦးထွေးနှင့် ဦးသက်ထွန်းပါ– ၅** (၁) အမှုတွင် ဆုံးဖြတ်ခဲ့ရာ ပြည်သူ့တရားသူကြီး အဖွဲ့ (အဖွဲ့ရုံး) ၏ ၁၄–၉–၁၄ ရက်စွဲပါ စာအမှတ် ၁၀၆/၁၅/ပတဖ အရ ပြည်နယ်/တိုင်း/ မြို့နယ်တရားရုံးများသို့ ဖြန့်ဝေထားကြောင်း တွေ့ရှိရသည်။

သို့ဖြစ်၍ တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ဝင်ရောက် စွက်ဖက်ရန် အကြောင်းမရှိသဖြင့် ဤအယူခံကို ပလပ်လိုက်သည်။

အမှုသည်များ မိမိတို့ စရိတ် မိမိတို့ ကျခံကြစေ။

---

(၁) ၁၉၁၃ ခုနှစ်၊ တရားမ ပထမ အယူခံမှုအမှတ် ၉၂။

တရားမ ပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးအေးမောင်၊ အဖွဲ့ဝင်များအဖြစ်ဦးခင်ဇာမုံနှင့်ဦးထွန်းရှိန် တို့ ပါဝင်သောပဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

†၁၉၀၄
အောက်တိုဘာလ
၃၀ ရက်

ဦး တင် ဦး
နှင့်
ဦး ဝမ်ဟုတ် *

တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်း ၂၉ ပါ ပြဋ္ဌာန်းချက်–မိမိရုံးတွင် ဆောင်ရွက်ဆဲဖြစ်သည့် ဇာရီမှုကိုသာ ဆိုင်းငံ့နိုင်ပြီး၊ အခြားရုံးရှိ ဇာရီမှုကို ဆိုင်းငံ့မှုမပြုနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။တရားမကျင့်ထုံးအမိန့် ၂၁၊ နည်း ၂၉ ပါ ပြဋ္ဌာန်းချက်များအရဆိုလျှင် တရားမကြီးမှုကို စစ်ဆေးလျက်ရှိသည့် တရားရုံးသည် မိမိရုံးတွင် စစ်ဆေးဆောင်ရွက်ဆဲဖြစ်သော ဇာရီမှုကိုသာ ဆိုင်းငံ့ပေးနိုင်ပေသည်။ အခြားတရားရုံးရှိ ဇာရီမှုကို ဆိုင်းငံ့ခြင်းမပြုနိုင်ပေ။

လျှောက်ထားသူအတွက် – ဦးလှတင်၊ ဗဟိုတရားရုံးရှေ့နေ

လျှောက်ထားခံရသူအတွက် – ဦးဇော်မင်းစိန်၊ ဗဟိုတရားရုံးရှေ့နေ

တရားနှိုင်ဦးတင်ဦးက တရားရုံးဒေါ်ဟန်ရှိန်အပေါ် ဒီကရီ အတည်ပြုရန် လမ်းမတော်မြို့နယ်၊ အမှတ် (၃) ရပ်ကွက် တရားရုံး တရားမ ဇာရီမှုအမှတ် ၁/၀၂ အရ လျှောက်ထားရာတွင် ဒေါ်ဟန်ရှိန်၏ သားမက်ဟု အဆိုရှိသူ ဦးဝမ်ဟုတ်က အဆိုပါဒီကရီသည် မိမိအပေါ်အကျိုးသက်ရောက်မှုမရှိကြောင်း မြွက်ဟကြေငြာပေးရန် ဦးတင်ဦးအား တရားပြိုင်ထား၍ လမ်းမတော်မြို့နယ် တရားရုံး တရားမကြီးမှုအမှတ် ၇/၀၃ တွင် တရားစွဲဆိုသည်။ အဆိုပါ တရားမကြီးမှုမပြီးပြတ်မီအတောအတွင်း ဇာရီမှုကို ဆိုင်းငံ့ထားရန် ဦးဝမ်ဟုတ်က အမှတ် (၃) ရပ်ကွက်တရားရုံး တရားမကြီးမှုအမှတ် ၁/၀၂ ၌ လျှောက်ထားသည်။ ရပ်ကွက် တရားရုံးက ဦးဝမ်ဟုတ်၏ လျှောက်လွှာကို

---

* ၁၉၀၃ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၁၆၁

† ၁၉၀၃ ခုနှစ်၊တရားမပြင်ဆင်မှုအမှတ် ၁၁၀ တွင်ချမှတ်သော (၂၀-၉-၀၃) နေ့စွဲပါ ရန်ကုန်တိုင်း တရားရုံး၏အမိန့်ကို ပြင်ဆင်မှု။

ပလဝ်ပြီး အိမ်နှင်ဝရမ်းထုတ်ရန်အမိန့်ချမှတ်ခဲ့သည်။ယင်းအမိန့်ကို လမ်းမတော်မြို့နယ်တရားရုံးက အတည်ပြုခဲ့သော်လည်း ရန်ကုန်တိုင်းတရားရုံးက တရားမပြင်ဆင်မှုအမှတ် ၁၁၁/၀၃ တွင် ရပ်ကွက်နှင့် မြို့နယ်တရားရုံးတို့၏ အမိန့်များကိုပယ်ဖျက်၍ ဦးဂွမ်ဟုတ် လျောက်ထားသည့်အတိုင်း တရားမကျင့်ထုံးအမိန့် ၂၁၊နည်း ၂၉၊ အရ ဆိုင်းငံ့မိန့် ထုတ်ပေးလိုက်သဖြင့် တရား နိုင် ဦးတင်ဦးက မကျေနပ်၍ ဗဟိုတရားရုံး၌ ဤပြင်ဆင်မှုကို ထပ်မံလျောက်ထားသည်။

တရားမကျင့်ထုံး အမိန့် ၂၁၊ နည်း ၂၉ ပါ ပြဋ္ဌာန်းချက်များအရဆိုလျှင် တရားမကြီးမှုကို စစ်ဆေးလျက်ရှိသည့် တရားရုံးသည် မိမိရုံးတွင် စစ်ဆေးဆောင်ရွက်ဆဲဖြစ်သော ဇာရီမှုကိုသာဆိုင်းငံ့ပေးနိုင်သည်။ အခြားတရားရုံးရှိ ဇာရီမှုကို ဆိုင်းငံ့ခြင်းမပြုနိုင်ပေ။ သို့ဖြစ်ရာ လမ်းမတော် မြို့နယ် တရားရုံး တရားမကြီးမှုအမှတ် ၇/၀၃ မပြီးမပြတ်မီအတောအတွင်း အမှတ်(၃)ရပ်ကွက် တရားရုံးတရားမဇာရီမှုအမှတ် ၁/၀၂ ကို ဆိုင်းငံ့ပေးရန် အဆိုပါ ရပ်ကွက် တရားရုံး တရားမဇာရီမှုတွင် ဦးဂွမ်ဟုတ်က လျောက်ထားခြင်းသည် တရားမကျင့်ထုံးအမိန့် ၂၁၊နည်း ၂၉ တွင် အကျုံးမဝင်သောကြောင့် ရန်ကုန်တိုင်း တရားရုံးက ဦးဂွမ်ဟုတ်၏ လျောက်လွှာကို ခွင့်ပြု၍ ဆိုင်းငံ့မိန့်ထုတ်ပေးခဲ့ခြင်းသည် ဥပဒေနှင့်ညီညွတ်ခြင်း မရှိပေ။

ထို့ကြောင့် ဤပြင်ဆင်မှုကိုခွင့်ပြု၍ ရန်ကုန်တိုင်း တရားရုံး၏အမိန့်ကို ပယ်ဖျက်ပြီး ရပ်ကွက်နှင့် မြို့နယ်တရားရုံးတို့၏ အမိန့်များကို ပြန်လည်အတည်ပြုလိုက်သည်။ တရားရုံးအဆင့်ဆင့် ကုန်ကျစရိတ်များကို လျောက်ထားခံရသူမှကျခံစေရမည်။

ရှေ့နေခ ကျပ် ၅၀/–ဟုသတ်မှတ်သည်။

တရားမ ပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးတင်အောင်၊ အဖွဲ့ဝင်များအဖြစ် ဦးမြကျော်နှင့် ဦးသန့်စင် တို့ ပါဝင်သောဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

†၁၉၇၄
နိုဝင်ဘာလ
၂ ရက်

ဦး ထွန်း တင်
နှင့်
ဦး ဌေး ပါ (၂) *

တရားမကျင့်ထုံးဥပဒေအမိန့် ၁၀၊ နည်း ၂ — ဖြောင့်ဆိုဝန်ခံထားသူ အမှုသည်က သက်သေခံခွင့် ရှိမရှိ။

ဆုံးဖြတ်ချက်။ ။ အမှုတွင် တရားဆိုင်ကြရမည့် သူတို့မှာ တရားလို ဦးဌေးနှင့် တရားပြိုင် ဦးထွန်းတင်တို့သာ ဖြစ်သည်။ အကယ်၍ အမှုတွင် ဦးသန်းထွန်းက သက်သေခံရန် လိုအပ်ပါမူ တရားလိုဦးဌေးသည် သူ့အား သက်သေပြခွင့်ရှိသည့်အားလျော်စွာ အမှုသည်များအား ထိခိုက်နစ်နာနိုင်စရာ အကြောင်းမရှိချေ။ ဦးသန်းထွန်းအနေဖြင့် အမှုတွင် ဖြောင့်ဆိုဝန်ခံထားသော ကြောင့် တရားမကျင့်ထုံးဥပဒေအမိန့် ၁၀၊နည်း ၂ အရသက်သေခံခွင့်မရှိချေ။

လျောက်ထားသူအတွက် — ဦးသန်းလှိုင်၊ ဗဟိုတရားရုံးရှေ့နေ

လျောက်ထားခံရသူများအတွက် — ဦးထွန်းမြင့်၊ ဦးခင်မောင်ဦး ဗဟိုတရားရုံးရှေ့နေများ

မန္တလေးတိုင်းတရားရုံး၊တရားမကြီးမှုအမှတ် ၁၅၃/၀၂ တွင် လျောက်ထားခံရသူ ဦးဌေးက လျောက်ထားသူဦးထွန်းတင်၊ လျောက်ထားခံရသူ ဦးသန်းထွန်းနှင့်ဒေါ်တင်ညွန့်တို့အပေါ် အမွေစီမံခန့်ခွဲပေးစေလိုမှုစွဲဆိုရာ ဦးထွန်းတင်တစ်ဦးကသာ အမှုဆိုင်ပြိုင်ပြီး ကျန်တရားပြိုင်ဦးသန်းထွန်းနှင့် ဒေါ်တင်ညွန့်တို့က ဖြောင့်ဆိုလွှာများအသီးသီး တင်သွင်းကြသည်။ ထို့နောက် (၁) တရားပြိုင် ဦးသန်းထွန်းက အမှုတွင် တရားပြိုင်အဖြစ်ဖြင့် အစစ်ခံခွင့်ပြုရန် လျောက်ထားရာ တိုင်းတရားရုံးက ခွင့်ပြုလိုက်သောကြောင့် ဦးထွန်းတင်က ၎င်ပြင်ဆင်မှုကို လျောက်ထားခြင်းဖြစ်သည်။

---

* ၁၉၇၃ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၇၂

† ၁၉၇၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၅၃ တွင် ချမှတ်သော (၁၉-၉-၇၃) နေ့စွဲပါ မန္တလေးတိုင်း တရားရုံး၏အမိန့်ကို ပြင်ဆင်မှု။

ဦးသန်းထွန်း၏ရှေ့နေက သက်သေခံအက်ဥပဒေပုဒ်မ ၅၀ အရ ဦးသန်းထွန်းသည် သက်သေခံခွင့်ရှိကြောင်း၊ ထို့ပြင် ငြင်းချက်အမှတ် (၁) နှင့် စပ်လျဉ်း၍ အချင်းဖြစ်အိမ်နှင့်မြေမှာ အမွေဆိုင်ဖြစ်ကြောင်း ပြဆိုရန်အတွက် ဦး သန်း ထွန်း အား သက်သေခံခွင့် ပေးသင့်ကြောင်း၊ ဦး သန်း ထွန်း သည် တရားလိုဦးဌေး၏အဆိုပြုချက်ကိုသာ ဝန်ခံခြင်းဖြစ်၍ ဦးထွန်းတင်၏ချေလွှာနှင့် စပ်လျဉ်း၍ ဝန်ခံခဲ့ခြင်းမရှိသဖြင့် ဦးထွန်းတင်အား ချေပရန် သက်သေခံခွင့်ရှိကြောင်းစသည်ဖြင့် တင်ပြလျှောက်ထားသည်။

သက်သေခံအက်ဥပဒေပုဒ်မ ၅၀ တွင် အဆိုပြုချက်များကို တရားပြိုင်က အတည်အလင်း ငြင်းဆိုခြင်းမပြုစေကာမူ တ ရား ရုံး က အဆိုပြုချက်များကို သက်သေပြဆိုနိုင်ရန် ဆင့်ဆိုနိုင်သည်ဟု ပြဋ္ဌာန်းထားသည်။ ၎င် အ မှ တွင် ဦးသန်းထွန်းက ဖြောင့်ဆိုလျှာ တင်သွင်းထားသည်ဖြစ်၍ အဆိုပြုချက်များကို ဝန်ခံခြင်းရှိမရှိပြဿနာမပေါ်ပေါက်ချေ။အမှုတွင် တရားဆိုင်ကြရမည့်သူတို့မှာ တရားလိုဦးဌေးနှင့် တရားပြိုင်ဦးထွန်းတင်တို့သာဖြစ်သည်။အကယ်၍ အမှုတွင် ဦးသန်းထွန်းက သက်သေခံရန် လိုအပ်ပါမူ တရားလိုဦးဌေးသည် သူ့အား သက်သေပြခွင့်ရှိသည့်အားလျော်စွာ အမှုသည်များအား ထိခိုက်နစ်နာခိုင်စရာ အကြောင်းမရှိချေ။ ဦးသန်းထွန်းအနေဖြင့် အမှုတွင် ဖြောင့်ဆို ဝန်ခံထား သောကြောင့် တရားမကျင့်ထုံးဥပဒေအမိန့် ၁၈၊နည်း ၂ အရ သက်သေခံခွင့် မရှိချေ။

ထို့ကြောင့် ဤပြင်ဆင်မှုကို ခွင့်ပြု၍ တိုင်းတရားရုံး၏ အမိန့်ကို ပယ်ဖျက် လိုက်သည်။ ဦးသန်းထွန်းက ဦးထွန်းတင်အား ဤပြင်ဆင်မှုအတွက် တရား စရိတ်ပေးရမည်။ ရှေ့နေခကို ကျပ် ၅၀/– သတ်မှတ်သည်။

တရားမ ပထမအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးမြကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးသန့်စင်နှင့် ဦးတင်အုန်း တို့ ပါဝင်သောဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

†၁၉၀၄
နိုဝင်ဘာလ
၃၀ ရက်

ဒဗလျူ၊ကေမင်
နှင့်
ဦးမောင်ခို(ခ)နိုင်းနားဂျမားလ် *

တရားဝင် အိမ်ဌားက နေထိုင်ခွင့်ကို လွှဲပြောင်းပေးခြင်းခံရသူသည် အိမ်ရှင်၏ တရားဝင်အိမ်ဌားဖြစ်မဖြစ်။

ဆုံးဖြတ်ချက်။ ။ဦးမောင်ခို၏ ထွက်ဆိုချက်အရ သူသည် ဒေါ်မြ၏ ခင်ပွန်းဦးအီစွပ်၏တူဖြစ်သည်။ သို့ဖြစ်ရာ ဒေါ်မြကွယ်လွန်သောအခါ ဒေါ်မြ၏အမွေကို ဆက်ခံခွင့်ရှိသူမဟုတ်ချေ။ ဒေါ်မြက အချင်းဖြစ်ဥပစာကို သက်သေခံ (ဃ) အရ ဦးမောင်ခိုအား လွှဲပြောင်းပေးခြင်းမှာ နေထိုင် ခွင့် ကို လွှဲပြောင်းပေးခြင်းသာ ဖြစ်သည်။ သို့ဖြစ်ရာ ထိုသို့ လွှဲပြောင်း ပေးသည်ကို အကြောင်းပြု၍ ဦးမောင်ခိုသည် အိမ်ရှင်ဒဗလျူကေမင်၏ အိမ်ဌားအဖြစ်သို့ မရောက်ရှိနိုင်ပေ။

အယူခံတရားလိုအတွက် — ဦးဇော်သိန်းထွန်း၊ ဗဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင်အတွက် — ဦးဘအေး၊ ဗဟိုတရားရုံးရှေ့နေ

ရန်ကုန်တိုင်းတရားရုံး၊တရားမကြီးမှုအမှတ် ၁၉/၁၁ (ပန်းဘဲတန်း) တွင် အယူခံတရားပြိုင်ဦးမောင်ခို(ခ)နိုင်းနားဂျမားလ်က အယူခံတရားလိုဒဗလျူ ကေမင်အပေါ် ပန်းဘဲတန်းမြို့နယ်၊ ၃၂ လမ်း အမှတ် ၂၀၅ ပထမထပ်နှင့် ပတ်သက်၍ အိမ်ရှင်အိမ်ငှား ဆက်သွယ်မှုရှိကြောင်း ကြေငြာပေးရန် စွဲဆိုခဲ့ရာ ဒီကရီရရှိခဲ့သည်။ ထိုစီရင်ချက်နှင့်ဒီကရီကို ဒဗလျူကေမင်က မကျေနပ်၍ ဗဟိုတရားရုံးတွင် ဤအယူခံမှုကို တင်သွင်းခြင်းဖြစ်သည်။

---

* ၁၉၀၃ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၂၂

† ၁၉၀၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၉ တွင် ချမှတ်သော (၂၃-၉-၀၂) နေ့စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို အယူခံမှု။

အချင်းဖြစ် အိမ်ခန်း ပိုင်ရှင်မှာ ဒဗလျူကောမင်ဖြစ်ပြီး အိမ်ငှားများမှာ ကွယ်လွန်သူဦးအီစွပ်နှင့် ဒေါ်မြတို့ဖြစ်ကြသည်။အယူခံတရားပြိုင်ဦးမောင်ခိုမှာ ဦးအီစွပ်၏တူဖြစ်ပြီး ဦးအီစွပ်ကွယ်လွန်သောအခါ ဒေါ်မြနှင့်အတူလာရောက်နေထိုင်ခဲ့သူဖြစ်သည်။ ဒေါ်မြမကွယ်လွန်မီ ပန်းဘဲတန်းမြို့နယ်တရားရေးဦးစီးမှူး ဦးဇော်ဝင်းထံတွင် သက်သေခံစာရွက် (၈) အရ အခန်းကို ဦးမောင်ခိုအား ကတိသစ္စာဖြင့် လွှဲအပ်ခဲ့သည်။ မှားမကြာမီ ဒေါ်မြကွယ်လွန်သွား ရာ ဒေါ်မြနှင့်အတူ နေထိုင်သူ တဆင့်ခံအိမ်ငှား ဒေါ်အေးတင် (ပြိုင်ပြဲ) အား ၎င်း ၃၁၅၀၀/— ပေးအပ်၍ ပြောင်းရွှေ့ စေ ပြီး နောက် ဦး မောင် ခို သည် အချင်းဖြစ်အခန်းသို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။ အိမ်ရှင် ဒဗလျူ ကောမင်က ဦးမောင်ခိုအား အခန်းတွင် နေထိုင်ခြင်းမှာ ကျူးကျော်နေထိုင်ခြင်းဖြစ်သည်ဆိုကာ ပြောင်းရွှေ့ဖယ်ရှားပေးရန် အကျိုးဆောင်မှတဆင့် အကြောင်းကြား လာသဖြင့် ယခုအမှုကို ဦးမောင်ခိုက စွဲဆိုခြင်းဖြစ်သည်။

အဆိုလွှာ အပိုဒ် ၅၊ ၆ နှင့် ၇ တို့တွင် အောက်ပါအတိုင်း အဆိုပြုထားသည် —

> ၅။ အထက်ပါအတိုင်း တာဝန်ယူဖြေရှင်းဆောင်ရွက်မှုများကြောင့် လည်းကောင်း၊ တစ်ဦးနှင့်တစ်ဦး ဆွေမျိုးတော်စပ်၍ ချစ်ခင်မြတ်နိုးမှုကြောင့်လည်းကောင်း၊ ဒေါ်မြသည် ၎င်းမကွယ်လွန်မီကပင် ၎င်းနှင့် ခင်ပွန်း ဦးအီစွပ်တို့နှစ်ဦးပိုင် အချင်းဖြစ် အခန်း အပါအဝင် ၎င်းတို့၏ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းနှင့် မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းအားလုံးကို တရားလိုအား လွှဲပြောင်းပေးခဲ့ပြီးဖြစ်ပါသည်။
>
> ၆။ ဒေါ်မြကွယ်လွန်သည့် အချိန်တွင်လည်းကောင်း၊ ကွယ်လွန်ပြီးနောက်ပိုင်း၌လည်းကောင်း၊ အသုဘကိစ္စအပါအဝင်ဒေါ်မြနှင့် သက်ဆိုင်သည့် တာဝန်အားလုံးကို ယနေ့တိုင် တရားလိုကပင် တာဝန်ယူဆောင်ရွက်လျက်ရှိနေပါသည်။
>
> ၇။ အထက်အပိုဒ်များတွင် ဖော်ပြထားသည့်အတိုင်း ဒေါ်မြက လွှဲပြောင်းပေးမှုအရလည်းကောင်း၊ ဥပဒေနှင့်အညီ ဆက်ခံမှုအရလည်းကောင်း၊ တရားလိုသည် ဦး အီ စွပ် နှင့် ဒေါ် မြ တို့ ပိုင် ပစ္စည်းအားလုံးနှင့် အခွင့်အရေးအရပ်ရပ်ကို တူတစ်ဦးအနေဖြင့် ဆက်ခံရရှိခဲ့ရာ၌ ယခုအချင်းဖြစ်အခန်းနှင့်ပတ်သက်၍ တရားပြိုင်နှင့် အိမ်ရှင်အိမ်ငှားအဖြစ် ဆက်သွယ်သည့် အခွင့်အရေးကိုပါ ဥပဒေနှင့်အညီ ဆက်ခံရရှိခဲ့သူဖြစ်ပါသည်။

၁၉၀၄
ဒဗလျူကေမင်နှင့် ဦးမောင်ခို (ခ) နှင်းနားဂျမားလ်

ဦးမောင်ခို၏ထွက်ဆိုချက်အရ သူသည် ဒေါ်မြ၏ ခင်ပွန်းဦးအိစွဝ်၏ တူဖြစ်သည်။ သို့ဖြစ်ရာ ဒေါ်မြကွယ်လွန်သောအခါ ဒေါ်မြ၏အမွေကိုဆက်ခံခွင့်ရှိသူမဟုတ်ချေ။ ဒေါ်မြက အချင်းဖြစ်ဥပစာကို သက်သေခံ (၈) အရ ဦးမောင်ခိုအား လွှဲပြောင်းပေးခြင်းမှာ နေထိုင်ခွင့်ကို လွှဲပြောင်းပေးခြင်းသာ ဖြစ်သည်။သို့ဖြစ်ရာ ထိုသို့လွှဲပြောင်းပေးသည်ကို အကြောင်းပြု၍ ဦးမောင်ခိုသည် အိမ်ရှင် ဒဗလျူ။ ကေမင်၏ အိမ်ငှားအဖြစ်သို့ မရောက်ရှိနိုင်ပေ။

ထို့ကြောင့် ဤအယူခံမှုကို ခွင့်ပြုပြီး ဦးမောင်ခိုစွဲဆိုသည့်အမှုကို တရားရုံးအဆင့်ဆင့်စရိတ်နှင့်တကွ ပလပ်လိုက်သည်။ ရှေ့နေခ ကျော် ၅၀/—သတ်မှတ်သည်။

တရားမ ပထမ အယူခံမှု

ဥက္ကဋ္ဌအဖြစ်ဦးမြကျော်၊ အဖွဲဝင်များအဖြစ်ဦးတင်အောင်နှင့်ဦးတင်အုန်း တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

ဒေါ်ပု ပါ (၄)
နှင့်
မအေးမြင့် ပါ (၂) *

†၁၉၀၄
ဒီဇင်ဘာလ
၂၇ ရက်

မြန်မာဓလေ့ထုံးတမ်း ဥပဒေအရ အမွေရှင်၏ လင်ပါ မယားပါသား သမီးများသည် အမွေရှင်၏ အပတ်ဋ္ဌသားသမီးများအား အမွေမှ ပယ်ထုတ်နိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။မြန်မာဓလေ့ ထုံးတမ်းဥပဒေအရ အမွေရှင် တစ်ဦး၏ လင်ပါ မယားပါ သားသမီးများသည် အမွေရှင်၏ အပတ်ဋ္ဌ သားသမီးများအား အမွေမှ ပယ်ထုတ်သည်။

အယူခံတရားလိုများ အတွက် — ဦးခင်ဇော်၊ဗဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင်များအတွက် — ဦးဝင်းမောင်၊ ဗဟိုတရားရုံးရှေ့နေ

ရန်ကုန်တိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၄၂၇/၇၇ တွင် အယူခံတရားလို ဒေါ်ပု၊ ဦးကံညွန့်၊ ဦးကံမြင့်နှင့် ဒုဗိုလ်မှူးကြီး အောင်မြင့်တို့က အယူခံတရားပြိုင် မအေးမြင့်နှင့် ကိုတင်ရွှေတို့ အပေါ် အချင်းဖြစ် အဆောက်အအုံများနှင့် အတွင်း ပစ္စည်းများမှာ မိမိတို့ပိုင်ဖြစ်ကြောင်း မြွက်ဟကြေငြာပေးရန်နှင့် မအေးမြင့်တို့ လက်ရှိဖြစ်သော အခန်း သုံးခန်းနှင့် အတွင်းပစ္စည်းများကို လက်ရောက်ရလိုကြောင်း တရားစွဲဆိုရာ၊ တိုင်းတရားရုံးက နှစ်ဘက်ကို စစ်ဆေးကြားနာပြီးနောက်၊ အယူခံတရားလိုတို့ စွဲဆိုသော အမှုကို ပလဲ့လိုက်သဖြင့် ဒေါ်ပုတို့က ဗဟိုတရားရုံးတွင် ဤအယူခံကိုတင်သွင်းခြင်းဖြစ်သည်။

မူလရုံးတရားလို ဒေါ်ပုပါ ၄ ဦးတို့သည် ဦးကုလားနှင့် ဒေါ်သင်းမြိုင်တို့၏ သားသမီးများ ဖြစ်ကြသည်။ ၁၉၄၇ ခုနှစ် အတွင်းက ဦးကုလားသည် ဒေါ်သင်းမြိုင်နှင့် နှစ်ဦးသဘောတူ ကွာရှင်းပြီးနောက် ဒေါ်သောင်းခင်နှင့်

* ၁၉၀၃ ခုနှစ် တရားမ ပထမ အယူခံမှုအမှတ် ၃၁

† ၁၉၇၇ ခုနှစ်၊ တရားမကြီးမှု အမှတ် ၄၂၇ တွင် ချမှတ်သော (၁၀-၁-၀၃) နေ့စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

၁၉၀၄ ဒေါ်ပုပါ(၄) နှင့် မအေးမြင့် ပါ(၂)

၁၉၄၀ ခုနှစ်တွင် အိမ်ထောင်ပြုသည်။ ဦးကုလားသည် ဒေါ်သောင်းခင်နှင့် သားသမီးများ မထွန်းကားခဲ့ပေ။ ဦးကုလားနှင့် ဒေါ်သောင်းခင်တို့သည် ၁၉၆၀ ခုနှစ်နှင့် ၁၉၇၅ ခုနှစ်အတွင်းတွင် အသီးသီး ကွယ်လွန်ခဲ့ကြသည်။ ဦးကံမြင့်တို့က မိထွေး ဒေါ်သောင်းခင် ကျန်ရစ်သော ပစ္စည်းအရပ်ရပ်ကို အမွေဆက်ခံရရှိကြောင်း အဆိုပြုလျက်၊ ယင်းပစ္စည်းများမှာ မိမိတို့ မောင်နှမ ၄ ဦးပိုင် ဖြစ်ကြောင်း မြွက်ဟ ကြေငြာပေးစေရန်နှင့် လက်ရောက် ရလိုကြောင်းဖြင့် တရားစွဲဆိုသည်။

မအေးမြင့်က ကွယ်လွန်သူ ဒေါ်သောင်းခင်သည် မိမိအား အမွေစား အမွေခံ သမီးအဖြစ် မွေးစားခဲ့ကြောင်း အဓိကအားဖြင့် ထုချေသည်။

အမှုတွင် ဒေါ်ပုတို့က မအေးမြင့်မှာ ဒေါ်သောင်းခင်၏ အိမ်ဖော် ဖြစ်သည်ဟု အဆိုပြုထား သော်လည်း အမှုတွဲရှိ သက်သေခံချက်များ အရ ဒေါ်သောင်းခင်သည် တူမတဝမ်းကွဲဖြစ်သူ မအေးမြင့်အား ဂ လသမီးအရွယ်မှစ၍ မွေးစားခဲ့ကြောင်း ထင်ရှားသည်။ ဒေါ်သောင်းခင်သည် မအေးမြင့်အား မှတ်ပုံတင်စာချုပ်ချုပ်ဆို၍ မွေးစားခဲ့ခြင်း မရှိပေ။ အမွေဆက်ခံစေရန် ရည်စူး၍ မွေးစားခြင်း ဖြစ်ကြောင်း ထင်ရှား စေရန် မအေးမြင့်က သက်သေပြရန် တာဝန်ရှိသော်လည်း ခိုင်လုံသည့် သက်သေခံ အထောက် အထား တင်ပြနိုင်ခြင်း မရှိပေ။ ကိတ္တိမသမီးဖြစ်ကြောင်း ကျော်ဇော သတင်းရှိကြောင်းလည်း ခိုင်လုံစွာ သက်သေ မပြနိုင်သဖြင့် မအေးမြင့်သည် ဒေါ်သောင်းခင်၏ အပတိဋ္ဌ သမီးသာ ဖြစ်ပေသည်။

ဦးညွန့်ဦး (လိုပြ—၃)နှင့် ဦးသောင်း (လိုပြ—၄)တို့၏ ထွက်ချက် အရ ဦးကုလားသည် ပထမ မယားနှင့် ကွာရှင်း ပြတ်စဲသောအခါ ဦးကံညွန့်နှင့် ဒုဗိုလ်မှူးကြီး အောင်မြင့်တို့သည် ဖခင်ဖြစ်သူနှင့် လိုက်နေကြောင်း ပေါ်ပေါက်သည်။

လင်ပါ မယားပါ သားသမီး များသည် မိထွေး ပထွေး၏ ညီအစ်ကို မောင်နှမ များနှင့် အမွေယှဉ်၍ လုလျင် မိထွေး ပထွေး၏ အမွေကို ရခွင့်ရှိကြောင်း၊ **မောင်ဘွား နှင့် ရူဟောင်းရှိန်** (၁) အမှုတွင် ထုံးဖွဲ့ထားသည်။ အပတိဋ္ဌ သားသမီးများနှင့် မိထွေးပထွေး၏ ညီအစ်ကို မောင်နှမ များ အမွေယှဉ်၍ လုလျင် အပတိဋ္ဌ သားသမီးက အမွေ တဝက်ရ၍၊ မိထွေး ပထွေး၏ ညီအစ်ကို မောင်နှမများက ကျန်တဝက် ရထိုက်ကြောင်း၊ **မသန်းညွန့် နှင့် ဒေါ်ရွှေသစ်** (၂) စီရင်ထုံးတွင် လမ်းညွှန်မှုပြုထားသည်။ သို့ဖြစ်ရာ လင်ပါ မယားပါ သားသမီးများက မိထွေး ပထွေး၏

(၁) ရန်ကုန်စီရင်ထုံးများ၊ အတွဲ-၃၊ စာမျက်နှာ ၂၉။
(၂) ရန်ကုန်စီရင်ထုံးများ၊ အတွဲ-၁၄၊ စာမျက်နှာ ၅၅၇။

၁၉၀၄ ဒေါ်ပုပါ(၄) နှင့် မအေးမြင့် ပါ(၂)

အပတိဋ္ဌ မွေးစားသမီးထက် အမွေဆက်ခံရာ၌ အခွင့်အရေး ပိုရှိကြောင်း ပေါ်ပေါက်သည်။ **မောင်တင်အေး နှင့် မောင်မောင်မျှင်ပါ–၇(၃)** စီရင်ထုံး စာမျက်နှာ ၀၄ နှင့် ၀၅ တွင် လင်ပါ မယားပါ သားသမီးများနှင့် အပတိဋ္ဌသားသမီးများသည် အမွေဆက်ခံခွင့် ရှိသူများ စာရင်းတွင် ပါရှိရာ မွေသတ်အများစု၌ လင်ပါ မယားပါ သားသမီး၏ အမှတ်စဉ်မှာ အပတိဋ္ဌ သားသမီး၏ အမှတ်စဉ်ထက် ရှေ့တွင်ကျရောက်ကြောင်း ဖော်ပြထားသည်ကို တွေ့ရသည်။ သို့ဖြစ်ရာ မြန်မာဓလေ့ ထုံးတမ်းဥပဒေအရ အမွေရှင် တစ်ဦး၏ လင်ပါ မယားပါ သားသမီးများသည် အမွေရှင်၏ အပတိဋ္ဌ သားသမီးများအား အမွေမှ ပယ်ထုတ်သည်ဟု ကောက်ယူရပေမည်။

ဦးကုလားနှင့် ဒေါ်သင်းမြိုင်တို့ ကွာရှင်းပြတ်စဲကြသောအခါ ဦးကံညွှန့်နှင့် ဒုဗိုလ်မှူးကြီး အောင်မြင့်တို့သည် ဖခင်ဖြစ်သူနောက်သို့ လိုက်ပါသွားကြသည်။ **မညီမ်းနှင့်မစိန်(၄)** စီရင်ထုံးတွင် လမ်းညွှန်ထားချက်အရ ဒေါ်ပုနှင့် ဦးကံမြင့်တို့သည် ထိုသို့လိုက်ပါခဲ့ခြင်း မရှိသဖြင့် မိထွေးဖြစ်သူ၏ အမွေကို ဆက်ခံခွင့်မရှိချေ။ ထို့ကြောင့် ဒေါ်သောင်းခင် ကျန်ရစ်သော အမွေပစ္စည်း အရပ်ရပ်ကို ဦးကံညွှန့်နှင့် ဒုဗိုလ်မှူးကြီး အောင်မြင့်တို့က အမွေဆက်ခံကြသည်ဟု ကောက်ယူရပေမည်။

အမှုတွဲကို လေ့လာကြည့်သောအခါ ဦးကုလားနှင့် ဒေါ်သောင်းခင်တို့ လက်ထပ်ပြီးနောက်၊ ရန်ကုန်တိုင်း တာမွေမြို့နယ်၊ တာမွေကြီး (ခ) ရပ်ကွက်၊ မဂျစ်လမ်း၊ အမှတ် ၁၂၀ စာရင်းပေါက်သည့် ၆ ပင် ၅ ခန်းရှိ ပျဉ်ကာ၊ သွပ်မိုး တစ်ထပ်အိမ်နှင့် အဆိုပါ အိမ်အနောက်ဘက်ရှိ ၅ ပင် ၄ ခန်း တန်းလျား တစ်ခုတို့ကို ၁၉၅၀ ပြည့်နှစ်က ဝယ်ယူခဲ့ကြောင်း။ အယူခံတရားလို ဦးကံညွှန့်၏ ထွက်ဆိုချက်ရှိသည်။ ယင်း ထွက် ဆို ချက် ကို ဦးသန်းကျော် (လိုပြ–၁)၊ ဦးထွန်းအောင် (လိုပြ–၂) နှင့် မမြင့်မြင့် (လိုပြ–၅) တို့က ထောက်ခံထွက်ဆိုကြသည်။ ဦးကံညွှန့်က အဆိုလွှာအဝိဒ် (၇) တွင် ဖော်ပြထားသည့်အတွင်း ပစ္စည်းများနှင့် ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများ စာရင်းအနက် ကျန်ပစ္စည်းများကို တောင်းခံခြင်းမပြုလိုတော့ပဲ၊ အမှတ်စဉ် ၁၄တွင် ဖော်ပြထားသည့် ရုပ်ရှင်ပြစက် နှစ်ခုကိုသာ ရယူလိုကြောင်း ထွက်ဆိုသည်။ ဦးကုလားနှင့် ဒေါ်သောင်းခင်တို့ ကွယ်လွန်စဉ်က ရုပ်ရှင်ပြစက် နှစ်ခုကျန်ရှိခဲ့သည်မှာ, မှန်ကြောင်း ဒေါ်အေးမြင့်တို့က ဝန်ခံထားသည်။ ထို့ကြောင့် ဦးကုလားနှင့် ဒေါ်သောင်းခင်တို့ ကွယ်လွန်စဉ်က အခြင်းဖြစ် အိမ်နှစ်လုံးနှင့်

---

(၃) ၁၉၅၀ ပြည့်နှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ၊ (တရားလွှတ်တော်ချုပ်) စာမျက်နှာ ၇၀။

(၄) အောက်မြန်မာပြည် စီရင်ထုံးများ၊ အတွဲ–၇၊ စာမျက်နှာ ၃၁။

၁၉၀၄
ဒေါပုပါ(၄)
နှင့်
မအေးမြင့်
ပါ(၂)

ရုပ်ရှင်ပြစက် နှစ်ခု ကျန်ရှိခဲ့သည်မှာ ထင်ရှား နေပေသည်။ ထို့ကြောင့် ဦးကုလားနှင့် ဒေါသင်းမြိုင်တို့ ကွာရှင်း ပြတ်စဲကြသောအခါ ဖခင်ဖြစ်သူ ဦးကုလား နောက်သို့ လိုက်ပါ နေထိုင်ခဲ့ကြသည့် အယူခံတရားလို ဦးက ံညွန့်နှင့် ဒုဗိုလ်မှူးကြီး အောင်မြင့်တို့ကသာ အချင်းဖြစ် အိမ်နှစ်လုံးနှင့် ရုပ်ရှင် ပြစက် နှစ်ခုတို့ကို အမွေဆက်ခံခွင့် ရှိကြပေသည်။

အထက်ဖော်ပြပါ အချက်များအရ ဦးက ံညွန့်နှင့် ဒုဗိုလ်မှူးကြီးအောင်မြင့်တို့၏ အယူခံကို ခွင့်ပြုပြီး တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်၍ အချင်းဖြစ်အိမ်နှစ်လုံးနှင့် ရုပ်ရှင်ပြစက်နှစ်ခုတို့ကို ဦးက ံညွန့်နှင့် ဒုဗိုလ်မှူးကြီး အောင်မြင့်တို့ ပိုင်ကြောင်း မြွက်ဟကြေငြာပြီး စွဲဆိုသည့်အတိုင်း လက်ရောက် ပေးအပ်ရန် အနိုင်ဒီကရီ ချမှတ်ပေးလိုက်သည်။ အယူခံတရားလို ဒေါပုနှင့် မိုးက ံမြင့်တို့ စွဲဆိုသော အမှုကို ပလပ်သည့် တိုင်းတရားရုံး၏အမိန့်ကို အတည်ပြုလိုက်သည်။ ၎င်အယူခံတွင် ကုန်ကျသော တရားစရိတ်များကို နှစ်ဘက် အမှုသည်များသည် မိမိတို့ကိုယ်တိုင် ကျခံကြစေ။

တရားမ ပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးမြကျော်၊ အဖွဲဝင်များအဖြစ် ဦးသန့်စင်နှင့် ဦးတင်အုန်း တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ချေ့တွင်

ဒေါ်ပြိုး
နှင့်
ဦး စိုး မြင့် *

†၁၉၀၄
နိဝင်ဘာ
၃၀ ရက်

၁၉၆၀ပြည့်နှစ် မြို့ပြဆိုင်ရာဌာနများရန်းခကြိုးကြစ်ရေးဥပဒေပုဒ်မ ၂ (ဂ)– တရားလိုသည် ကွယ်လွန်သူတစ်ဦး၏ အမွေခံတစ်ဦးဖြစ်လျှင် ကွယ်လွန်သူ၏ အိမ်ငှား၏ အိမ်ရှင်ဖြစ်လာခြင်း–ပုဒ်မ ၁၂ (၁) (က)မှ (စ)ပါ ကိစ္စတစ်ရပ်ရပ်အတွက်သာ နှင်လိုမှုခွဲဆိုနိုင်ခြင်း–အိမ်ရှင်အနေဖြင့် စံငှားရန်းခလက်မှတ် တင်ပြနိုင်မှသာ ငှားရမ်းခများ ရလိုကြောင်း ခွဲဆိုနိုင်မည်ဖြစ်ခြင်း။

မူလပိုင်ရှင် ဒေါ်တင်ဦးထံမှ အချင်းဖြစ်ဥပစာကို ဦးစိုးမြင့်က ငှားရမ်းနေထိုင်ခဲ့သည်။ ဒေါ်တင်ဦးကွယ်လွန်သောအခါ ဒေါ်ပြိုးက သူသည် ဒေါ်တင်ဦး၏အမွေစားအမွေခံဖြစ်သည်ဟု အဆိုပြုလျက် အချင်းဖြစ်ဥပစာကို အမွေရပိုင်ဆိုင်ကြောင်းနှင့် ဦးစိုးမြင့်သည် သူ၏အိမ်ငှားဖြစ်ကြောင်း အတည့်အလင်းကြေငြာပေးရန် တိုင်းတရားရုံးတွင် တရားစွဲဆိုသည်။ တိုင်းတရားရုံးက အကျိုးဆက်သက်သာခွင့်အဖြစ် ဥပစာ လက်ရောက်တောင်းဆိုရန် အမိန့်ချမှတ်သည်။

ဆုံးဖြတ်ချက်။ ။ဒေါ်ပြိုးသည် ကွယ်လွန်သူ ဒေါ်တင်ဦး၏ အမွေကို ဆက်ခံခွင့်ရှိသူဖြစ်ကြောင်း ထင်ရှားလျှင် ၁၉၆၀ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခကြိုးကြစ်ရေးအက်ဥပဒေပုဒ်မ ၂ (ဂ)အရ သူသည် ဦးစိုးမြင့်၏ အိမ်ရှင်ဖြစ်ပေလိမ့်မည်။ အိမ်ရှင်သည် အိမ်ငှားတစ်ဦးအား ငှားရမ်းထားသော ဥပစာကို အဆိုပါ ဥပဒေပုဒ်မ ၁၂ (၀) (က)မှ (စ)ပါ ကိစ္စတစ်ရပ်ရပ်အတွက်သာ နှင်ထုတ်ခွင့်ရှိပေသည်။ ၎င်အမှုတွင် ယင်းကိစ္စတစ်ရပ်ရပ် ပေါ်ပေါက်ကြောင်း အဆိုပြုထားခြင်း မရှိ၍ ဒေါ်ပြိုးသည် အိမ်ငှားအပေါ် နှင်လိုမှု ခွဲဆိုနိုင်မည် မဟုတ်ပေ။

---

* ၁၉၀၃ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၉၆

† ၁၉၀၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၇၇ တွင် ချမှတ်သော (၃၁-၁၀-၀၃) နေပြည်တော်ပါ မန္တလေးတိုင်းတရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၁၉၀၄
ဒေါ်ပြုံးနှင့် ဦးစိုးမြင့်

ထပ်မံဆုံးဖြတ်ချက်။ ။ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာဌာနရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၉ အရ အိမ်ရှင်သည် စံဌာနရမ်းခလက်မှတ်တင်ပြနိုင်မှသာ ဌာနရမ်းခများရလိုကြောင်း တရားစွဲဆိုနိုင်မည်ဖြစ်သည်။

လျှောက်ထားသူအတွက် — ဦးထွန်းမြင့်၊ ဗဟိုတရားရုံးရှေ့နေ

လျှောက်ထားခံရသူအတွက် — ဦးညွန့်မြင့်၊ ဗဟိုတရားရုံးရှေ့နေ

မန္တလေးမြို့၊ကမ္ဘာမဟီရပ်၊အကွက်အမှတ် ၆၃၀ ဦးပိုင်အမှတ် ၅၀ စာရင်းပေါက်သောမြေနှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံမှာ မူလက ဒေါ်တင်ဦးပိုင်ဖြစ်၍ ဦးစိုးမြင့်သည် ဒေါ်တင်ဦးထံမှ ယင်းဥပစာကို ငှားရမ်းခဲ့သည်။ ဒေါ်ပြုံးက ဒေါ်တင်ဦးကွယ်လွန်သောအခါ မိမိသည် ဒေါ်တင်ဦး၏ အမွေစားအမွေခံဖြစ်သည်ဟု အဆိုပြုကာ မန္တလေးတိုင်း တရားရုံး၊ တရားမကြီးမှုအမှတ် ၇၇/၀၃ တွင် အဆိုပါဥပစာကို မိမိ အမွေရပိုင်ဆိုင်ကြောင်းနှင့် ဦးစိုးမြင့်သည် မိမိ၏အိမ်ငှားဖြစ်ကြောင်း အတည့်အလင်း မြွက်ဟ ကြေငြာပေးရန် တရားစွဲဆိုလေသည်။

တိုင်းတရားရုံးက ''တရားလိုသည် အတည့်အလင်း ပြဋ္ဌာန်းပေး စေလိုမှုသက်သက် မစွဲဆိုနိုင်ပဲ နောက်ဆက်တွဲ သက်သာခွင့်ကိုပါ တောင်းဆိုရမည် ဆိုသည်မှာ မှန်သလား'' ဟူသော ပဏာမငြင်းချက်ကို ထုတ်နုတ် ကြားနာ၍ အချင်းဖြစ် ဥပစာသည် တရားပြိုင်၏ လက်ဝယ်တွင် ရောက်ရှိနေ သည်ဟု သုံးသပ်ကာ အကျိုးဆက် သက်သာခွင့် တောင်းရန် အတွက် အဆိုလွှာကို ဥပဒေနှင့်အညီ ပြင်ဆင်ရန်အမိန့်ချမှတ်လိုက်သည်ကိုမကျေနပ်သဖြင့် ဒေါ်ပြုံးက ဤပြင်ဆင်မှု လျှောက်ထားခြင်းဖြစ်သည်။

ဒေါ်ပြုံးသည် ကွယ်လွန်သူ ဒေါ်တင်ဦး၏ အမွေကို ဆက်ခံခွင့်ရှိသူဖြစ်ကြောင်းထင်ရှားလျှင် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၂ (ဂ) အရ သူသည် ဦးစိုးမြင့်၏ အိမ်ရှင် ဖြစ်ပေလိမ့်မည်။ အိမ်ရှင်သည် အိမ်ငှားတစ်ဦးအား ငှားရမ်းထားသော ဥပစာကို အဆိုပါဥပဒေပုဒ်မ ၁၂ (၁) (က) မှ (စ) ပါကိစ္စတစ်ရပ်ရပ်အတွက်သာ နှင်ထုတ်ခွင့်ရှိပေသည်။ ဤအမှုတွင် ယင်းကိစ္စတစ်ရပ်ရပ်ပေါ်ပေါက်ကြောင်း အဆိုပြုထားခြင်းမရှိ၍ ဒေါ်ပြုံးသည် အိမ်ငှားအပေါ် နှင်လိုမှု စွဲဆိုနိုင်မည်မဟုတ်ပေ။

လျှောက်ထားခံရသူ၏ရှေ့နေက လျှောက်ထားသူသည် အချင်းဖြစ်ဥပစာကို လက်ရောက်တောင်းဆိုရမည်ဟု တိုင်းတရားရုံးကအတိအကျဆုံးဖြတ်ထားခြင်း မရှိကြောင်း၊ လျှောက်ထားသူသည် သူ့စွဲဆိုသည့်အတိုင်း အိမ်ရှင်ဖြစ်ပါမူ

ဦးစိုးမြင့်ထံမှ အိမ်လခရွှင့်ရှိမည်ဖြစ်၍ မြွက်ဟဒီကရိ၏ အကျိုးဆက်သက်သာ ခွင့်အဖြစ်ဖြင့် တနှစ်အတွက် ငှားရမ်းခများရလိုကြောင်း တောင်းဆိုသင့်ပါသည်ဟု တင်ပြလျောက်ထားသည်။ လျောက်ထားသူ၏ ရှေ့နေက ထိုတင်ပြချက်ကိုလက်ခံပါလျှင် တိုင်းတရားရုံး၏ အဓိန္ဓအရ ပစ္စည်း လက်ရောက် ရလိုကြောင်းတောင်းဆိုရာတွင် ထမ်းဆောင်ခဲ့ရသည့်ရုံးခွန်များကို ပြန်အမ်းသင့်ကြောင်းတင်ပြလျောက်ထားသည်။ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၉ အရ အိမ်ရှင်သည် စံငှားရမ်းခ လက်မှတ် တင်ပြနိုင်မှသာ ငှားရမ်းခများရလိုကြောင်း တရားစွဲဆိုနိုင်မည် ဖြစ်သည်။ အမှုတွင် အချင်းဖြစ်ဥပစာနှင့်စပ်လျဉ်း၍ စံငှားရမ်းခ သတ်မှတ်ထားကြောင်း မပေါ်ပေါက်သဖြင့် ဒေါ်ပြုံးသည် ငှားရမ်းခများရလိုကြောင်း စွဲဆိုခွင့်မရှိဟု ဆို့ပြင် ဒေါ်ပြုံးသည် ဦးစိုးမြင့်၏အိမ်ရှင်ဖြစ်ကြောင်း မြွက်ဟ ကြေငြာပေးလိုက်လျှင် ဦးစိုးမြင့်သည် ဒေါ်ပြုံးအား အိမ်လခများပေးရန် တာဝန်ရှိလာမည်ဖြစ်သည်။ ၎င်းအခြေအနေတွင် ဒေါ်ပြုံးသည် အိမ်လခတောင်းခံရန် ပျက်ကွက်ရုံမျှဖြင့် သူစွဲဆိုသောအမှုသည် သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ ၏ခြင်းချက်နှင့် ဆန့်ကျင်သည်ဟုမဆိုနိုင်ပေ။

ထို့ကြောင့် ၎င်းပြင်ဆင်မှုကိုခွင့်ပြု၍ မန္တလေးတိုင်းတရားရုံး၏ ၃၁-၁၀-၀၃ ရက်စွဲပါအမိန့်ကိုပယ်ဖျက်ပြီး အမှုကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ရန် ညွှန်ကြားလိုက်သည်။ ဒေါ်ပြုံးသည် ကျသင့်သည်ထက် ပိုမို ထမ်းဆောင်ထားသောရုံးခွန်များကို ပြန်အမ်းရန် အလို့ငှာ မူလရုံးတွင် လျောက်ထားရန်ဖြစ်သည်။ ရှေ့နေခ ကျပ် ၅၀/–သတ်မှတ်သည်။

တရားမပထမ အယူခံမှု

ဥက္ကဋ္ဌအဖြစ်ဦးလှဘုန်း၊ အဖွဲ့ဝင်များအဖြစ် ဦးထွန်းရှိန်နှင့် ဦးအေးမောင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဖာတမာဘီဘီပါ (၄)
နှင့်
ဂျီအိပ်ချ်စီနာခူးဒါး *

†၁၉၀၄
အောက်တို
ဘာလ
၃၀ ရက်

တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်း ၃၃– အမှုသည်မဟုတ်သူများအပေါ်ချမှတ်ထားသည့်ဒီကရီကို မည်သည့်အခါတွင် ဗဟိုတရားရုံးကဝင်ရောက်စွက်ဖက်နိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။တိုင်းတရားရုံးသည် အယူခံ တရားလိုများ အပြင် မဒီရမ်ဘီဘီ၏ အခြားအမွေစားအမွေခံ ၁၁ ဦးအပေါ် အချင်းဖြစ် ငွေကျပ် ၁၂၀၀၀ ကို အမွေစုအလိုက် အချိုးကျ ပေးဆပ်စေရန် အမိန့် ချမှတ်ထားကြောင်းတွေ့ရှိရသည်။ သို့သော် သူတို့သည် တိုင်းတရားရုံး၏ဒီကရီကို အယူခံဝင်ရောက်ခဲ့ကြောင်း မတွေ့ရချေ။ သို့ဖြစ်၍ တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်း ၃၃ ပါပြဋ္ဌာန်းချက်အရ တိုင်းတရားရုံးက အယူခံဝင်ရောက်ခြင်းမရှိသည့် တရားပြိုင်များအပေါ်ကိုပါ ချမှတ်ထားသည့်ဒီကရီကို ပယ်ဖျက်သင့်ပေသည်။

အယူခံတရားလိုများအတွက် – ဦးလှဘူး၊ ဗဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင်အတွက် – ဦးမောင်မောင်၊ ဦးတင်စိုး၊ ဗဟိုတရားရုံးရှေ့နေများ

ရန်ကုန်တိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၅၂၂/၇၇ (ပန်းဘဲတန်း) တွင် အယူခံတရားပြိုင် ဂျီအိပ်ချ်စီနာခူးဒါးက အယူခံတရားလို ဖာတမာဘီဘီ၊ အမီနာဘီဘီ၊ ဆာရာဘီဘီ၊ ဇိုင်နပ်(ဘ်)ဘီဘီနှင့် အခြားသူ (၁၁) ဦးတို့အပေါ် ငွေ ၁၂၀၀၀ ကျပ်ရလိုကြောင်း တရားစွဲဆိုရာ တိုင်းတရားရုံးက နှစ်ဘက်ကိုစစ်ဆေးကြားနာပြီးနောက် တရားလိုစွဲဆိုသည့်အတိုင်း ဒီကရီချမှတ်လိုက်သဖြင့် ဖာတမာဘီဘီပါ (၄) ဦးတို့က ဗဟိုတရားရုံးတွင် ဤအယူခံကိုတင်သွင်းသည်။

---

* ၁၉၀၂ ခုနှစ်၊ တရားမ ပထမ အယူခံမှုအမှတ် ၀၂

† ၁၉၇၇ ခုနှစ်၊ တရားမကြီးမှုအမှတ် ၅၂၂ (ပန်းဘဲတန်း) တွင် ချမှတ်သော (၂၁-၄-၀၂) နေ့စွဲပါ ရန်ကုန်တိုင်းတရားရုံး၏စီရင်ချက်နှင့်ဒီကရီကို အယူခံမှု။

၁၉၀၄ ဖာတမာဘီဘီပါ(၄) နှင့် ကျေအိပ်ချိစနာခူးဒါးနာခူးဒါး

မူလရုံးတရားလို ဂျီအိပ်ချိစနာခူးဒါးသည် ကွယ်လွန်သူ မဒီရမ်ဘီဘီ၏ အမွေကိုထိန်းသိမ်းရသူတစ်ဦးဖြစ်၍ မဒီရမ်ဘီဘီမကွယ်လွန်မီက မဒီရမ်ဘီဘီနှင့် သူ၏ သမီးများဖြစ်ကြသော အယူခံတရားလို ဖာတမာဘီဘီပါ ၄ ဦးတို့က သူ့အားကိုယ်စားလှယ်အဖြစ် ခန့်ထားခဲ့သည်။ ဂျီအိပ်ချိစနာခူးဒါးက မဒီရမ်ဘီဘီနှင့်သမီး ၄ ဦးတို့သည် ၂၀–၀–၅၉ ရက်စွဲပါ ငွေချေး စာချုပ် အရ မိမိထံမှ ငွေကျပ် ၂၀၀၀၀ ချေးယူခဲ့ကြောင်း၊မဒီရမ်ဘီဘီကွယ်လွန်သည့်အထိ ထိုငွေကို ပေးဆပ်နိုင်ခြင်း မရှိခဲ့ကြောင်း၊ ၁၀–၄–၆၄ နေ့တွင် မိမိသည် ချေးငွေကျပ် ၀၀၀၀ ရရှိခဲ့ကြောင်း၊ သို့ဖြစ်၍ ကျန်ငွေကျပ် ၁၂၀၀၀ ကို ရလိုကြောင်းဖြင့် အယူခံတရားလို ဖာတမာဘီဘီပါ ၄ ဦးနှင့် မဒီရမ်ဘီဘီ၏ အမွေကိုဆက်ခံသော အခြားသူ (၁၁) ဦးတို့ အပေါ် တရားစွဲဆိုလေသည်။

တရားပြိုင်များကငွေချေးသည့်ကိစ္စကိုငြင်းဆိုခြင်းမပြုပေ။သို့သော် ငွေကျပ် ၀၀၀၀ ပေးဆပ်သည်ဆိုခြင်းမှာ မမှန်ကြောင်း၊ တရားလိုစွဲဆိုသောအမှုမှာ ကာလစည်းကမ်းသတ်ကျော်လွန်ကြောင်း စသည်ဖြင့် ထုချေသည်။

ကွယ်လွန်သူ မဒီရမ်ဘီဘီနှင့် သမီးများက သက်သေခံ (က) ဩဒီမန် စာချုပ်ကို ၂၀–၀–၅၉ နေ့တွင် ချုပ်ဆို၍ မူလရုံးတရားလိုထံမှ ငွေကျပ် ၂၈၀၀၀ ချေးယူခဲ့သည်။ မဒီရမ်ဘီဘီကွယ်လွန်ပြီးနောက် ဖာတမာဘီဘီပါ ၁၅ ဦးတို့က ၃၁–၇–၆၂ နေ့တွင် သက်သေခံ (ခ)စာချုပ်ချုပ်ဆို၍ အဆိုပါ ငွေကိုပြန်ဆပ်ရန် ကတိပြုခဲ့ကြသည်။ စာချုပ်ကျောတွင် ၁၀–၄–၆၄ နေ့၌ ငွေကျပ် ၀၀၀၀ ရကြောင်း မှတ်တမ်းတင်ထား၍ ဂျီအိပ် ချိ စီ နား ခူးဒါးက အယူခံတရားလိုတို့ ၄ ဦး၏ ကိုယ်စားလှယ်အဖြစ်ဖြင့် လက်မှတ်ရေးထိုးထားကြောင်းတွေ့ရသည်။ အဆိုပါငွေကျပ် ၀၀၀၀ ကို ကွယ်လွန်သူမရမ်ဘီဘီ၏ အမွေပုံပစ္စည်းနှင့်စပ်လျဉ်း၍ ရရှိသောငွေများမှ နုတ်ယူ၍ ပေးဆပ်ခဲ့ကြောင်း မူလရုံးတရားလိုက ထွက်ဆိုထားသော်လည်း စာရင်းအင်းများနှင့်တကွ ခိုင်ခိုင်လုံလုံ သက်သေတင်ပြထားခြင်း မတွေ့ရှိရချေ။ထို့ပြင် ဂျီအိပ်ချိစနာခူးဒါးသည် သက်သေခံ (ခ) စာချုပ်၏ကျောဘက်တွင် အယူခံတရားလိုတို့၏ ကိုယ်စားလှယ်အဖြစ် လက်မှတ်ရေးထိုးထားသည် မှန်သော်လည်း သူသည် အယူခံတရားလိုတို့၏ မြို့ရှင်ဖြစ်သည့်အလျောက် သူ၏ အကျိုးကို ဖြစ်ထွန်းစေမည့် ရေးသားချက်မျိုးအရ သူ့အား ထောက်ခံသည့် အထောက် အ ထား မ ရှိ ပဲ သူတစ်ဦးတည်း၏ ထွက်ချက်သက်သက်ကို လက်ခံ၍ ချေးငွေကျပ် ၀၀၀၀ ကို ပေးဆပ်ခဲ့သည်ဟု ကောက်ယူရန် မသင့်ပေ။ ဤအခြေအနေတွင် မူ လ ရုံး တရားလိုသည် ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၂၀ ပါ အကျိုးခံစားခွင့်များကို မရသင့်ကြောင်း ပေါ်ပေါက်သည်ဖြစ်၍ စွဲဆိုသောအမှုမှာ ကာလ စည်းကမ်းသတ်ကျော်လွန်ပြီးဟု ကောက်ယူရပေမည်။

၁၉၇၄
ဖာတမာဘီဘီ
ပါ(၄)
နှင့်
ကျေအိပ်ချိစ
နာခူးဒါး

တိုင်းတရားရုံးသည် အယူခံတရားလိုများအပြင် မဒီရမ် ဘီဘီ၏ အခြား အမွေစားအမွေခံ ၁၁ ဦးအပေါ် အချင်းဖြစ်ငွေကျပ် ၁၂၀၀၀ ကို အမွေစု အလိုက် အချိုးကျပေးဆပ်စေရန် အမိန့်ချမှတ်ထားကြောင်း တွေ့ရှိရသည်။ သို့သော် သူတို့သည် တိုင်းတရားရုံး၏ဒီကရီကို အယူခံဝင်ရောက်ခဲ့ကြောင်း မတွေ့ရချေ။ သို့ဖြစ်၍ တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်း ၃၃ ပါပြဋ္ဌာန်း ချက်အရ တိုင်းတရားရုံးက အယူခံဝင်ရောက်ခြင်းမရှိသည့် တရားပြိုင်များ အပေါ်ကိုပါ ချမှတ်ထားသည့်ဒီကရီကို ပယ်ဖျက်သင့်ပေသည်။

ထို့ကြောင့် ဤအယူခံကို ခွင့်ပြု၍ တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို တရားရုံးအဆင့်ဆင့် စရိတ်နှင့်တကွ ပယ်ဖျက်လိုက်သည်။ ရှေ့နေခကို ကျပ် ၁၀၀/— သတ်မှတ်သည်။

တရားမ ပထမ အယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးမြကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးသန့်စင်နှင့် ဦးတင်အုန်း တို့ပါဝင်သော မဟိတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦး ဘ စန် ပါ (၃)
နှင့်
ဒေါ် လှ လှ ပါ (၃) *

†၁၉၀၄
ဒီဇင်ဘာလ
၁၀ ရက်

မြန်မာဝလေ့ထုံးတမ်းဥပဒေအရ အမွေဆက်ခံခွင့် – အမွေဆက်ခံခွင့် မရှိသူတစ်ဦးက အမွေရှင်အား သာစဉ်နာစဉ် စောင့်ရှောက်ပြုစုပုံ ပျဖြင့် အမွေဆက်ခံပိုင်ခွင့် မရရှိနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။မြန်မာဝလေ့ထုံးတမ်း ဥပဒေအရ အမွေစား အမွေခံတစ်ဦးသည် အမွေရှင်တစ်ဦးအား သာစဉ်နာစဉ် ပြုစုစောင့်ရှောက်ရန် တမင်ပျက်ကွက်ပါက အမွေဆုံးရှုံးနိုင်သည် မှန်သော်လည်း အမွေဆက်ခံခွင့် မရှိသူတစ်ဦးက အမွေရှင်အား သာစဉ်နာစဉ် ပြုစုစောင့်ရှောက်ရုံမျှဖြင့် အမွေဆက်ခံခွင့် မရရှိချေ။

အယူခံတရားလိုများ အတွက်– ဦးမိုဟန်၊ မဟိတရားရုံးရှေ့နေ

အယူခံတရားပြိုင်များအတွက်– ဦးခင်မောင်၊ မဟိတရားရုံးရှေ့နေ

မန္တလေးတိုင်းတရားရုံးတရားမကြီးမှုအမှတ် ၄၇/၀၀ (အနောက်တောင်) တွင် အယူခံတရားပြိုင် ဒေါ်လှလှ၊ ဒေါ်ခင်တင့်နှင့် ကိုမျိုးညွှန့်တို့က အယူခံတရားလို ဦးဘစန်၊ ဦးစံငွေနှင့် ဒေါ်စိန်စိန်တို့အပေါ် အချင်းဖြစ် ပစ္စည်းများမှာ မိမိတို့ အမွေဆက်ခံပိုင်ဆိုင် ရရှိသော ပစ္စည်းများဖြစ်ကြောင်း မြွက်ဟကြေငြာပေးစေရန်နှင့် လက်ရောက်ရလိုကြောင်း တရားစွဲဆိုရာ အနိုင်ရရှိသောကြောင့် ဦးဘစန်တို့က တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို မကျေနပ်သဖြင့် မဟိတရားရုံးတွင် ဤအယူခံကို တင်သွင်းခြင်း ဖြစ်သည်။

---

* ၁၉၀၃ ခုနှစ်၊ တရားမ ပထမအယူခံမှု အမှတ် ၁၂

† ၁၉၀၀ ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၇ တွင် ချမှတ်သော (၁၀-၁၁-၀၂) နေ့စွဲပါ မန္တလေးတိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

၁၉၀၄
ဦးဘစန် ပါ(၃) နှင့် ဒေါလှလှ ပါ(၃)

ဒေါတင့်၊ ဒေါကာနှင့် ဦးသန်းတို့သည် မြန်မာဗုဒ္ဓဘာသာ မောင်နှမများ ဖြစ်ကြသည်။ ဒေါလှလှ၊ ဒေါခင်တင့်နှင့် ကိုမျိုးညွန့်တို့သည် ဦးသန်း၏ မြေးများဖြစ်ကြသည်။

မန္တလေးမြို့ သိရိဟေမာ အရှေ့၊ အကွက်အမှတ် ၂၄၄ ဦးပိုင် အမှတ် ၅၀ နှင့် ၅၉ စာရင်းပေါက်သော ဘိုးဘပိုင် မြေနှစ်ကွက်မှာ ဒေါကာ၏သမီး ဒေါမမနှင့် ဒေါတင့်တို့ အသီးသီးပိုင်သည်ဟု အဆိုရှိသည်။ ယင်းဦးပိုင်များ ပေါ်ရှိ အဆောက်အဦများမှာ သူတို့နှစ်ဦးပိုင် ဖြစ်သည်ဟုဆိုသည်။ ဒေါတင့်သည် အိမ်ထောင်မပြုပဲ တူမ ဒေါမမနှင့်အတူ နေထိုင်စဉ် ကွယ်လွန်ခဲ့သည်။ ဒေါမမသည် ဦးရွှေ(ခ) ဦးဘရွှေ ဆိုသူနှင့် အကြောင်းပါ၍ သားသမီး မရရှိခဲ့ချေ။ ဦးဘရွှေသည် ဒေါမမထက် ဦးစွာ ကွယ်လွန်ခဲ့သည်။

ဦးဘစန်၊ ဦးစံငွေနှင့် ဒေါစိန်စိန် တို့သည် ဦးဘရွှေ၏ တူ တူမ များ ဖြစ်ကြသည်။

ဒေါမမသည် ၁၉၇၉ ခုနှစ် ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။ ဒေါလှလှတို့က မိမိတို့သည် ဒေါမမ၏ အနီးစပ်ဆုံး ဆွေမျိုးများဖြစ်၍ ဒေါမမ ကျန်ရစ်သော အမွေပစ္စည်းများကို အမွေဆက်ခံရရှိကြောင်း၊ ဦးဘစန်တို့သည် ဒေါမမ မကျန်းမာခိုက် အချင်းဖြစ် အဆောက်အအုံသို့ ရောက်ရှိလာကြောင်း၊ သူတို့အား ဖယ်ရှားမပေးမှန် ညှဉ်နှိုင်းယှဉ်ပညာ မမအောင်မြင်ကြောင်း စသည်ဖြင့် အဆိုပြုကာ ဒေါမမ ကျန်ရစ်သော ပစ္စည်းများမှာ မိမိတို့ပိုင်ဖြစ်ကြောင်း မွေက်ဟကြေငြာပေးစေရန်နှင့် ဦးဘစန်တို့ လက်ရှိ နေထိုင်လျက် ရှိသည့် မြေနှင့် အဆောက်အအုံတို့ကို လက်ရောက်ရလိုကြောင်း တရားစွဲဆိုလေသည်။

ဦးဘစန်တို့က အခြားအချက်အလက်များ အပြင် မိမိတို့အား ဒေါမမနှင့် ဦးဘရွှေတို့က ကိတ္တိမ သားသမီးများအဖြစ် မွေးစားခဲ့ကြောင်း ထုချေသည်။

တိုင်းတရားရုံးက အဆိုအချေများ အရ အောက်ပါ ငြင်းချက်များကို ထုတ်နုတ်ကြားနာခဲ့သည် –

ပဏာမငြင်းချက်

၁။ ၍အမှုကို စွဲဆိုခြင်းသည် ကာလ စည်းကမ်းသတ် အတွင်း ကျရောက်ပါသလား။

ငြင်းချက်များ

၁။ တရားလိုတို့သည် အမွေရှင် ဒေါတင့်နှင့် ဒေါမမတို့၏ အချင်းဖြစ် ပစ္စည်းများကို မြေးနှင့် တူ တူမများ ဖြစ်သည့်အလျောက် အမွေဆက်ခံထိုက်သူများ ဖြစ်ကြသလား။

အချင်းဖြစ်ပစ္စည်းများကို ဒေါ်တင့်နှင့် ဒေါ်မမတို့ အမည်ပေါက်သော်လည်း၊ ၎င်းတို့ မပိုင်ပဲ၊ မိခင်–ဒေါ်ဒါနု၏ အမွေကို သားများနှင့် တူမဖြစ်သည့် တရားပြိုင်တို့က အမွေဆက်ခံ ပိုင်ဆိုင်ခဲ့ကြသည် ဆိုသည်မှာ မှန်သလား။

၂။ ဒေါ်မမက တရားပြိုင်များအား ကိတ္တိမ သားသမီးများ အဖြစ် မွေးစားခဲ့သည် ဆိုခြင်းမှာ မှန်ပါသလား။

၃။ ဦးဘရွှေ၏ အစ်မ ဒေါ်ဒါနုသည် အချင်းဖြစ် ပစ္စည်းများ၏ နောက်ဆုံး ပိုင်သူ ဟုတ်မှန်ပါသလား။

၄။ တရားလိုတို့ မည်သည့် သက်သာခွင့်ကို ရထိုက်ပါသနည်း။

အယူခံတရားလိုတို့၏ ရှေ့နေက ကွယ်လွန်သူ ဒေါ်မမနှင့် ဦးဘရွှေတို့သည် အယူခံတရားလိုတို့အား ကိတ္တိမသားသမီးများ အဖြစ်ဖြင့် မွေးစားခဲ့သည်မှာ ထင်ရှားကြောင်း၊ ယုတ်စွအဆုံး အပတိဋ္ဌ သားသမီးများ အဖြစ် မွေးစားသည်မှာ ပေါ်လွင်သည့် ဖြစ်၍ တရားမကျင့်ထုံး ဥပဒေအမိန့် ၄၁ နည်း ၃၃ အရ အယူခံတရားလိုတို့သည် အပတိဋ္ဌ မွေးစား သားသမီးများ အဖြစ်ဖြင့် အမွေဆက်ခံခွင့် ရှိသည်ဟု ကောက်ယူ ဆုံးဖြတ်သင့်ကြောင်း၊ ဒေါ်လှလှတို့သည် အမွေရှင် ဒေါ်မမအား သာစဉ်နာစဉ် ပြုစုရန် ပျက်ကွက်သဖြင့် မြန်မာဓလေ့ထုံးတမ်းဥပဒေအရ အမွေဆုံးရှုံးကြောင်း၊ အယူခံတရားလိုတို့က အမွေရှင်အား ပြုစုခဲ့သည်ဖြစ်၍ အမွေဆက်ခံခွင့် ရှိကြောင်း အကျယ်တဝင့် တင်ပြလျှောက်ထားသည်။

၁၉၄၁ ခုနှစ်၊ ဧပြီလ မတိုင်မီ ကွယ်လွန်သူ ဒေါ်မမက အယူခံတရားလိုတို့အား မွေးစားခဲ့ကြောင်း အယူခံတရားလိုတို့ဘက်မှ ခိုင်လုံသည့်အထောက်အထား တင်ပြနိုင်ခြင်း မရှိသည်ကို တွေ့ရသည်။ ဒေါ်စိန်စိန်က ဒုတိယ ကမ္ဘာစစ်ကြီးပြီး၍ ၂ နှစ်ခန့် အကြာတွင် ဦးဘရွှေ၊ ဒေါ်မမတို့က အယူခံတရားလိုတို့အား ရှင်ပြုနားသ ပြုလုပ်သောအခါ မိမိတို့အား ကောင်းမွေခံဆိုးမွေခံ သား သမီးများ အဖြစ် မွေးစားကြောင်း ကြေငြာခဲ့ပါသည် ဟု ထွက်ဆိုသည်။

ဦးမောင်ကို၊ ဦးခန့်၊ ဦးအောင်စိန်နှင့် ဦးအောင်ကြွယ် (ပြိုင်ပြသက်သေများ) ကမူ ဂျပန်ခေတ်အတွင်းက ရှင်ပြုနားသ ပြုလုပ်ခြင်းဖြစ်ကြောင်း ထွက်ဆိုကြရာ ဒေါ်စိန်စိန်၏ ထွက်ဆိုချက်နှင့် ကွဲလွဲနေပေသည်။ မည်သို့ပင်ဖြစ်စေ မှတ်ပုံတင် စာချုပ်ချုပ်ဆို၍ မွေးစားခြင်း မဟုတ်သဖြင့် မွေးစားမှုမှာ အထမမြောက်ချေ။

၁၉၀၄ ဦးဘစန် ပ၊(၃) နှင့် ဒေါ်လှလှ ပ၊(၃)

အယူခံတရားလိုဘို့သည် ဒေါ်မမနှင့် အတူနေခဲ့ဖူးသော်လည်း ဒေါ်မမက မွေးစားကြောင်း ခိုင်လုံသည့် အထောက်အထား တင်ပြနိုင်ခြင်းမရှိချေ။ သက်သေခံ (ဆ) နှင့် (ဇ) ခေတ်ပုံများတွင် ပါရှိသည့် ကျည်းများ၌ အလှူရှင် ဒေါ်မမနှင့်အတူ အယူခံတရားလိုတို့၏အမည်ကို ဖော်ပြထားခြင်းမရှိကြောင်း တွေ့ရှိရသည်။ မြန်မာဗုဒ္ဓဘာသာဝင်များသည် ဘုရားတန်ဆောင်း အစရှိသည်တို့တွင် ကျည်းရေးထိုးရာ၌ မွေးစားသားသမီးများ၏ အမည်တို့ကို မိမိတို့၏ အမည်နှင့်အတူ ကျည်းရေးထိုးလေ့ ရှိပေသည်။

ဒေါ်မမ၏ အသုဘကို အယူခံ ထရားလိုဘို့က ဦးဆောင် ဦးရွက် ပြု၍ ဆောင်ရွက်ခဲ့ရာ ထိုစဉ်ကဖိတ်ကြားသော သက်သေခံ (၈) ဖိတ်စာ၌ အယူခံတရားလိုတို့အား ဒေါ်မမ၏ တူတူမများအဖြစ်သာ ဖော်ပြထားကြောင်း တွေ့ရှိရသည်။ အကယ်၍သာ အယူခံတရားလိုတို့ ထုချေသည့်အတိုင်း ဒေါ်မမက သူတို့အား မွေးစားခဲ့ပါလျှင် ယင်းဖိတ်ကြားစာ၌ မွေးစား သားသမီးများ အဖြစ် ဖော်ပြရန် အကြောင်းရှိပေသည်။

အမှုတွဲရှိ သက်သေခံချက်များအရ တိုင်းတရားရုံးက အယူခံတရားလိုတို့အား ဒေါ်မမက မွေးစားခဲ့ခြင်း မရှိဟု ကောက်ယူဆုံးဖြတ်ခြင်းမှာ မှားယွင်းသည်ဟု မဆိုနိုင်ပေ။

မြန်မာဓလေ့ထုံးတမ်းဥပဒေအရ အမွေစားအမွေခံ တစ်ဦးသည် အမွေရှင် တစ်ဦးအား သာစဉ်နာစဉ် ပြုစုစောင့်ရှောက်ရန် တမင် ပျက်ကွက်ပါက အမွေဆုံးရှုံးနိုင်သည် မှန်သော်လည်း အမွေဆက်ခံခွင့် မရှိသူတစ်ဦးက အမွေရှင်အား သာစဉ်နာစဉ် ပြုစုစောင့်ရှောက်ရုံမျှဖြင့် အမွေဆက်ခံခွင့်မရရှိချေ။အယူခံတရားလိုတို့၏ ဦးလေးဖြစ်သူ ဦးဘရွှေသည် အမွေရှင် ဒေါ်မမထက် စောလျှင် ကွယ်လွန်ခဲ့သဖြင့် အယူခံတရားလိုဘို့သည် သွေးသားတော်စပ်မှုအရ ဒေါ်မမ၏ အမွေကို သာမန်အားဖြင့် ဆက်ခံခွင့် မရှိသည့် အလျောက် ကွယ်လွန်သူအား သာစဉ် နာစဉ် ပြုစုစောင့်ရှောက် ရုံမျှဖြင့် အမွေဆက်ခံခွင့် မရရှိနိုင်ချေ။

ထို့ကြောင့် ၎အယူခံကို တရားရုံးအဆင့်ဆင့် စရိတ်နှင့်တကွ ပလပ်လိုက်သည်။ ရှေ့နေခကို ကျပ် ၁၀၀/–ဟု သတ်မှတ်သည်။

တရားမ ဒုတိယ အယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးမြကျော်၊ အဖွဲ့ဝင်များအဖြစ်ဦးသန့်စင်နှင့် ဦးတင်အုန်း တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦး ဘိုး ဝယ် ပါ (၂)

နှင့်

ဦး ညိုကြီး ပါ (၅)*

†၁၉၀၄
နိဝင်ဘာလ
၂၇ ရက်

မူလရုံးတွင် အနိုင်ရရှိသူအပေါ်တွင်သာ အယူခံဝင်ရောက်ခြင်း—အမွေပစ္စည်းများကို စီမံခန့်ခွဲပေးစေလိုမှု— အမွေဆိုင်များအားလုံးကို အမှုသည်အဖြစ် ပါဝင်စေရန်လိုအပ်ခြင်း။

ဆုံးဖြတ်ချက်။ ။ မူလတရားရုံး၏ ပဏာမဒီကရီတွင် "တရားလို ဦးဘိုး ဝယ်နှင့်ဦးရွှေသိန်းတို့သည် အချင်းဖြစ်ထန်းများ၏နှစ်ပုံတစ်ပုံအနက်တစ်ဦးလျှင် ထပ်မံ၍ နှစ်ပုံတစ်ပုံစီ ရစေရမည်ဖြစ်ကြောင်း၊သို့မဟုတ် အချင်းဖြစ်ထန်းများ၏ လေးပုံတစ်ပုံစီကို ရစေရမည်ဖြစ်ကြောင်း" ဖော်ပြထားသည်ကိုတွေ့ရသည်။ သို့ဖြစ်ရာဒေါ်ညွန့်ရင်သည် မူလရုံးတွင် အနိုင်ရရှိသူနှစ်ဦး အပေါ်တွင်သာ အယူခံဝင်ရောက်ခြင်းမှာ မှားယွင်းသည်ဟုမဆိုနိုင်ပေ။ ထို့ပြင် တိုင်းတရားရုံးက မူလရုံး၏ဒီကရီကို ပယ်ဖျက်လိုက်ခြင်းမှာ အယူခံမဝင်သူ အမှုသည်များ၏အကျိုးကို ထိခိုက်စေသည်ဟုမဆိုနိုင်သောကြောင့် တိုင်းတရားရုံး၏အမိန့်သည် တရားမကျင့်ထုံးဥပဒေအမိန့် ၄၁ နည်း ၃၃ ပါပြဋ္ဌာန်းချက်များနှင့် ညီညွတ်သည်ဟုဆိုရပေမည်။

ထပ်မံဆုံးဖြတ်ချက်။ ။ အမွေမှုတွင် အမွေရရန် ရှိသော အမွေဆိုင်အားလုံးကို အမှုသည်အဖြစ် ထည့်သွင်းမှ သာလျှင် အမွေပစ္စည်း များကို ထိရောက်စွာ စီမံနိုင်မည်ဖြစ်သည်။ ဦးရွှေသိန်း၏ ထွက်ဆိုချက်အရ အခြားအမွေဆိုင်များ ကျန်ရစ်သေးကြောင်း ပေါ်ပေါက်သည်။ မူလရုံး တရားပြိုင် ဒေါ်ညွန့်ရင်တို့က ချေလွှာအပိုဒ် (၁၃) တွင် အမှုသည်များ မစုံလင်သည့်

---

* ၁၉၀၃ ခုနှစ်၊ တရားမဒုတိယ အယူခံမှုအမှတ် ၂၄

† ၁၉၀၂ ခုနှစ်၊ တရားမ ပထမ အယူခံမှုအမှတ် ၁၂၂ တွင် ချမှတ်သော (၂-၁၂-၀၂) နေ့စွဲပါ မန္တလေးတိုင်း တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

၁၉၀၄ ဦးဘိုးဝယ် ပ၊(၂) နှင့် ဦးညိုကြီး ပ၊(၅)

ကိစ္စကို ဖော်ပြထုချေခဲ့ပါလျက် ဦးရွှေသိန်းသည် ကျန်အမွေဆိုင်များကို အမှုသည်အဖြစ် ထည့်သွင်းရန်ပျက်ကွက်ကြောင်း တွေ့ရှိရသည်။ သို့ဖြစ်၍ အယူခံတရားလိုတို့၏ရှေ့နေက တင်ပြသည့်အတိုင်း ချန်လှပ်ထားသော အမွေဆိုင်များကို အမှုတွင် အမှုသည်များအဖြစ်ထည့်သွင်းစေရန်မသင့်ပေ။

အယူခံတရားလိုများအတွက် – ဦးညွှန့်မြိုင်၊ ဗဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင်များအတွက် – (၁) ကိုယ်တိုင်
(၂) (၃) (၄) (၅) အတွက်
ဒေါ်နွယ်နွယ်တင်၊ ဗဟိုတရားရုံးရှေ့နေ

မြန်မာမှုဒ္ဓဘာသာ ဦးဆိုင်၊ဒေါ်လေးတို့တွင် သားဦးညီကြီး၊ဦးချစ်မြ သမီး ဒေါ်သိုက်နှင့်ဒေါ်မြဒန်တို့ ထွန်းကားခဲ့သည်။ ဦးညီကြီးမှအပ ကျန်သားသမီးများမှာ ကွယ်လွန်ကြပြီဖြစ်သည်။

(၁) တရားလို ဦးဘိုးဝယ်သည် ဒေါ်မြဒန်၏သား ဖြစ်သည်။ ဦးချစ်မြ၏ သားသမီးများမှာ ဦးရွှေသိန်း၊ ကိုရွှေညိမ်း၊ ကိုကျော်ဝင်း၊ ကိုကျော်သင်းနှင့် မမြင့်မြင့်သန်းတို့ဖြစ်ကြသည်။ဒေါ်သိုက်၏သားဦးထွန်းရွှေသည် (၂) တရားပြိုင် ဒေါ်ညွှန့်ရင်နှင့်အကြောင်းပါ၍ သူတို့၏သားသမီးများမှာ (၃) တရားပြိုင် မောင်တိုတင်၊ (၄) တရားပြိုင်မလေးခင်နှင့် (၅) တရားပြိုင်မလေးမြိုင်တို့ ဖြစ်ကြသည်။ အမှုစွဲဆိုသောအခါ ဦးထွန်းရွှေမှာ ကွယ်လွန်ပြီးဖြစ်သည်။

ဦးဘိုးဝယ်နှင့်ဦးရွှေသိန်းတို့က ဦးဆိုင်နှင့်ဒေါ်လေးတို့ ကွယ်လွန်သောအခါ ထန်းပင်များကျန်ရစ်ခဲ့ရာ ယင်းထန်းပင်များမှာ ဒေါ်ညွှန့်ရင်တို့ လက်ဝယ်တွင် ရှိနေကြောင်း၊ သို့ဖြစ်၍ ယင်းထန်းပင်များကို စီမံခန့်ခွဲပေးစေ လိုကြောင်းဖြင့် နွားထိုးကြီးမြို့နယ်တရားရုံး၊တရားမကြီးမှုအမှတ် ၂၃/၀၀ တွင် တရားစွဲဆိုရာ မြို့နယ်တရားရုံးက အချင်းဖြစ် ထန်းပင်များ၏ လေးပုံတစ်ပုံစီကို ဦးဘိုးဝယ်နှင့် ဦးရွှေသိန်းတို့အား ခွဲဝေပေးစေရန် ပဏာမဒီကရီချမှတ်လိုက်သည်။ ဒေါ်ညွှန့်ရင်က မြို့နယ်တရားရုံး၏စီရင်ချက်နှင့်ဒီကရီကို မကျေနပ်သဖြင့် မန္တလေးတိုင်းတရားရုံးတွင် အယူခံဝင်သောအခါ တိုင်းတရားရုံးက မြို့နယ်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီကိုပယ်ဖျက်ပြီး ဦးဘိုးဝယ်တို့စွဲဆိုသောအမှုကို ပလပ်လိုက်သဖြင့် ဦးဘိုးဝယ်တို့က မကျေနပ်၍ ဗဟိုတရားရုံးတွင် ဤအယူခံကို တင်သွင်းခြင်းဖြစ်သည်။

ဤအယူခံတွင် အယူခံတရားလိုတို့၏ ရှေ့နေက ဒေါ်ညွှန့်ရင် သည် မန္တလေးတိုင်းတရားရုံးတွင် ဦးဘိုးဝယ်နှင့် ဦးရွှေသိန်းတို့နှစ်ဦးအပေါ်တွင်သာ

အယူခံဝင်ရောက်ခဲ့ကြောင်း၊ အမွေဆိုင်အားလုံးအပေါ် အယူခံမှုကိုတင်သွင်းခဲ့ခြင်းမရှိသဖြင့် အမှုသည်မစုံလင်သည့်အတွက် တိုင်းတရားရုံးကမြို့နယ်တရားရုံး၏အမိန့်ကိုပယ်ဖျက်လိုက်ခြင်းမှာ မှားယွင်းပါသည်ဟု တင်ပြလျောက်ထားသည်။ မူလတရားရုံး၏ပဏာမဒီကရီတွင် ''တရားလိုဦးဘိုးဝယ်နှင့်ဦးရွှေသိန်းတို့သည် အချင်းဖြစ်ထန်းများ၏ နှစ်ပုံတစ်ပုံအနက် တစ်ဦးလျှင် ထပ်မံ၍ နှစ်ပုံတစ်ပုံစီရစေရမည်ဖြစ်ကြောင်း သို့မဟုတ် အချင်းဖြစ် ထန်းများ၏ လေးပုံတစ်ပုံစီကိုရစေရမည်ဖြစ်ကြောင်း'' ဖော်ပြထားသည်ကို တွေ့ရသည်။သို့ဖြစ်ရာ ဒေါ်ညွန့်ရင်သည် မူလရုံးတွင် အနိုင်ရရှိသူနှစ်ဦးအပေါ်တွင်သာ အယူခံဝင်ရောက်ခြင်းမှာ မှားယွင်းသည်ဟုမဆိုနိုင်ပေ။ ထို့ပြင် တိုင်းတရားရုံးက မူလရုံး၏ဒီကရီကို ပယ်ဖျက်လိုက်ခြင်းမှာ အယူခံမဝင်သူ အမှုသည်များ၏ အကျိုးကို ထိခိုက်စေသည်ဟု မဆိုနိုင်သောကြောင့် တိုင်းတရားရုံး၏အမိန့်သည် တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊နည်း ၃၃ ပါပြဋ္ဌာန်းချက်များနှင့် ညီညွတ်သည်ဟု ဆိုရပေမည်။

ဦးရွှေသိန်း၏ထွက်ဆိုချက်အရ သူ့တွင် အခြား ညီအစ်ကိုမောင်နှမများရှိကြောင်းပေါ်ပေါက်သည်။ အမွေမှတွင် အမွေရရန်ရှိသော အမွေဆိုင်အားလုံးကို အမှုသည်အဖြစ် ထည့်သွင်းမှသာလျှင် အမွေပစ္စည်းများကို ထိရောက်စွာစီမံနိုင်မည်ဖြစ်သည်။ ဦးရွှေသိန်း၏ထွက်ဆိုချက်အရ အခြားအမွေဆိုင်များကျန်ရစ်သေးကြောင်း ပေါ်ပေါက်သည်။ မူလရုံး တရားပြိုင် ဒေါ်ညွန့်ရင်တို့က ချေလွှာအပိုဒ် ၁၃ တွင် အမှုသည်များမစုံလင်သည့်ကိစ္စကို ဖော်ပြထုချေခဲ့ပါလျက် ဦးရွှေသိန်းသည် ကျန်အမွေဆိုင်များကို အမှုသည်အဖြစ် ထည့်သွင်းရန် ပျက်ကွက်ကြောင်း တွေ့ရှိရသည်။ သို့ဖြစ်၍ အယူခံတရားလိုတို့၏ ရှေ့နေတင်ပြသည့်အတိုင်း ချန်လှပ်ထားသောအမွေဆိုင်များကို အမှုတွင် အမှုသည်များအဖြစ် ထည့်သွင်းစေရန်မသင့်ပေ။

ထို့ကြောင့် မန္တလေးတိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အတည်ပြု၍ အယူခံလွှာကိုစရိတ်နှင့်တကွ ပလပ်လိုက်သည်။ ဤအယူခံတွင် နှစ်ဘက်အမှုသည်များသည် မိမိတို့ကုန်ကျသော တရားစရိတ်များကို မိမိတို့ကိုယ်တိုင် ကျခံကြစေ။

တရားမ ပထမ အယူခံမှု

ဥက္ကဋ္ဌအဖြစ်ဦးလှဘုန်း၊ အဖွဲ့ဝင်များအဖြစ် ဦးထွန်းရှိန်နှင့် ဦးအေးမောင် တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

†၁၉၀၄
အောက်တိုဘာလ ၄ ရက်

ဦးမောင်ရီပါ (၂)
နှင့်
မောင် သန်း ဦး *

ခွင့်ပြုချက်အရ နေထိုင်သူများအား နှင်လိုက်ခြင်း–ခွင့်ပြုချက် ပေးသူကသာ ခွင့်ပြုချက်ကို ရုပ်သိမ်း၍ နှင်ထိုင်ခွင့်ရှိခြင်း – မရှေ့မပြေးနိုင် သောပစ္စည်းကို အရောင်းအဝယ်ပြုလုပ်သည့်အခါ ပစ္စည်းလွဲပြောင်း ခြင်း အက်ဥပဒေပုဒ်မ ၅၄ နှင့်အညီ ဆောင်ရွက်မှသာ ဝိုင်ဆိုင်မှု ရှိမည်ဖြစ်ခြင်း။

ဆုံးဖြတ်ချက်။ ။မောင်သန်းဦး အပါအဝင် ၎င်းကဓာတ်ပြသည့် သက်သေ အားလုံးတို့၏ ထွက်ချက်များအရ ဦးမောင်ရီတို့အား အချင်းဖြစ်အိမ်၌ နေထိုင်ရန် ခွင့်ပြုချက် ပေးသူမှာ တရားလို မောင်သန်းဦး မဟုတ်ပဲ ၎င်း၏ မိခင် ဒေါ်မြမေသာ ဖြစ်ကြောင်း ပေါ်ပေါက်သည်။ မိခင် ဒေါ်မြမေ အသက် ထင်ရှား ရှိနေသေးကြောင်း တွေ့ရသဖြင့် မောင်သန်းဦးက တရားလိုပြုလုပ်၍ စွဲဆိုသော ၎င်းအမှုမှာ အောင်မြင်ရန် အကြောင်းမရှိပေ။

ထပ်မံဆုံးဖြတ်ချက်။ ။အချင်းဖြစ် အိမ်ကို မောင်သန်းဦးက သက်သေခံ (က) အရောင်းအဝယ် စာချုပ်အရ ဝယ်ယူခဲ့သည်ဟု ဆိုသော်လည်း ယင်း စာချုပ်သည် ပစ္စည်းလွဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၅၄ ပါ ပြဋ္ဌာန်းချက်နှင့် အညီ မှတ်ပုံတင်ထားခြင်း မရှိကြောင်း တွေ့ရသဖြင့် ၎င်းအမှုကို စွဲဆိုသည့် အချိန်တွင် အချင်းဖြစ် အိမ်၌ ဦးမောင်ရီတို့ နေထိုင်ခြင်းမှာ အိမ်ပိုင်ရှင်အဖြစ် နေထိုင်ခြင်း ဖြစ်ကြောင်း ပေါ်ပေါက်နေသည်။

အယူခံတရားလိုများအတွက် – ဦးမောင်မောင်ပြုံး၊ဗဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင်အတွက် – ဦးတင်ထွန်း၊ ဗဟိုတရားရုံးရှေ့နေ

---

* ၁၉၀၂ ခုနှစ်၊ တရားမ ပထမ အယူခံမှုအမှတ် ၉၉

† ၁၉၇၇ ခုနှစ်၊ တရားမကြီးမှုအမှတ် ၅၀ တွင် ချမှတ်သော (၂၀–၇–၀၁) နေပြည်တော် ရန်ကုန်တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

ရန်ကုန်တိုင်း တရားရုံး၊ တရားမကြီးမှု အမှတ် ၅၀/၇၇ တွင် အယူခံတရားပြိုင် မောင်သန်းဦးက အယူခံတရားလို ဦးမောင်ရီနှင့် ဒေါ်သန်းနွဲတို့အပေါ် ခွင့်ပြုချက်အရ နေထိုင်သူများအဖြစ်ဖြင့် အချင်းဖြစ် အိမ်မှ ဖယ်ရှားပေးစေလိုမှု စွဲဆိုရာ အနိုင်ရရှိခဲ့သဖြင့် ဦးမောင်ရီတို့က မကျေနပ်၍ ဗဟို တရားရုံး၌ ဤပထမ အယူခံကို တင်သွင်းသည်။

မူလရုံးတရားလို မောင်သန်းဦးက တောင်ဥက္ကလာပမြို့နယ် ၁၀ ရပ်ကွက်၊ ၂ လမ်း၊ အမှတ် ၄၂ နေအိမ်ကို တရားပြိုင် ဦးမောင်ရီတို့ ထံမှ ဝယ်ယူခဲ့၍ ပိုင်ဆိုင် လာပြီး နောက် ဦးမောင်ရီတို့အား လောလောဆယ် နေထိုင်ရန် အိမ်မရှိသေး၍ အချင်းဖြစ် နေအိမ်၌ပင် အခမဲ့နေထိုင်ရန် ခွင့်ပြုခဲ့ကြောင်း၊ ခွင့်ပြုချက် ရုပ်သိမ်းပြီးသည့် နောက်တွင် ဦးမောင်ရီတို့က ဖယ်ရှားပေးရန် ငြင်းဆန်နေကြောင်း စသည်ဖြင့် အဆိုပြုကာ သူတို့အား ဖယ်ရှားပေးရန် ဦးမောင်ရီနှင့် ဒေါ်သန်းနွဲတို့အပေါ် တရားစွဲဆိုသည်။

တရားပြိုင် ဦးမောင်ရီတို့က တရားလို၏ စွပ်စွဲချက် များကို ငြင်းဆိုပြီး တရားလို၏ မိခင် ဒေါ်မြမေထံမှ ငွေ ၅၀၀၀/-ကို တစ်လအတိုးငွေ ၁၂၅°/– ဖြင့် ချေးယူခဲ့ရာတွင် အချင်းဖြစ် အိမ်ကို အာမခံအဖြစ် ထားရှိခဲ့ခြင်းသာ ဖြစ်ကြောင်း၊ ထို့နောက် ၁၉၇၂ ခုနှစ်တွင် တရားလို၏ ပန်ကြားချက်အရ အချင်းဖြစ် အိမ်အောက်ထပ်တွင် နေထိုင်ရန် တရားပြိုင်တို့ကသာ ခွင့်ပြုခဲ့ရခြင်းဖြစ်ကြောင်း၊ ထိုသို့ နေထိုင်ခွင့်ပြုခြင်း အတွက် တရားပြိုင်က လစဉ်ပေးရသည့် အတိုးငွေ ၁၂၅°/– ပေးရန် မလိုတော့ပဲ အိမ်လခအဖြစ် ခွန်မဲ့စေခဲ့ကြောင်း၊ ထိုသို့ အိမ်အောက်ထပ်၌ နေထိုင်ခွင့်ရသည်ကို အခွင့်ကောင်းယူပြီး တရားလိုက တရားပြိုင်းများ အပေါ် အချင်းဖြစ် အိမ်မှ ဖယ်ရှားပေးရန် မတရားစွဲဆိုခြင်းသာ ဖြစ်ကြောင်း စသည်ဖြင့် ထုချေသည်။

အဆို အချေများအရ တိုင်းတရားရုံးက ငြင်းချက် ၅ ရပ် ထုတ်ခဲ့သည့် အနက် ငြင်းချက် ၄ မှာ အောက်ပါအတိုင်း ဖြစ်သည်–

> "၄။ တရားပြိုင်များက တရားလိုသို့ အိမ်ရောင်းပြီးနောက် တရားလို၏ ခွင့်ပြုချက်အရ အချင်းဖြစ်အိမ်၌ တရားပြိုင်များ ဆက်လက် နေထိုင်ခွင့်ရခဲ့သည် ဆိုသည်မှာ မှန်ပါသလား၊ သို့မဟုတ် တရားလို၏ ဖခင်မိသားစုအား အိမ်အောက်ထပ်တွင် တရားပြိုင်များက နေထိုင်ခွင့်ပြု၍ ချေးငွေ ၅၀၀၀/–အပေါ်ပေးရန် ရှိသည့် အတိုးကို အိမ်လခအဖြစ် ခွန်မဲ့ခဲ့သည် ဆိုသည်မှာ မှန်ပါသလား။"

၁၉၀၄
ဦးမောင်ရီ
ပါ(၂)
နှင့်
မောင်သန်း ဦး

ဦးမောင်ရီတို့အား ခွင့်ပြုချက်အရ နေထိုင်စေခဲ့ကြောင်းနှင့် စစ်လျှင်း၍ တရားလို မောင်သန်းဦးက ၎င်း၏မိခင် ဒေါ်မြမေ (လိုပြ–၂)၊ အဒေါ်အရင်း တော်စပ်သူ ဒေါ်ထား (လိုပြ–၄)နှင့် ညီတဝမ်းကွဲ တော်စပ်သူ မောင်အေးချို (လိုပြ–၈)တို့ကို သက်သေပြသည်။ မောင်သန်းဦး အပါအဝင် ၎င်းက တင်ပြသည့် သက်သေအားလုံးတို့၏ ထွက်ချက်များအရ ဦးမောင်ရီတို့အား အချင်းဖြစ် အိမ်၌ နေထိုင်ရန် ခွင့်ပြုချက် ပေးသူမှာ တရားလို မောင်သန်းဦး မဟုတ်ပဲ ၎င်း၏ မိခင် ဒေါ်မြမေသာ ဖြစ်ကြောင်း ပေါ်ပေါက်သည်။ မိခင် ဒေါ်မြမေ အသက်ထင်ရှား ရှိနေသေးကြောင်း တွေ့ရသဖြင့် မောင်သန်းဦးက တရားလို ပြုလုပ်၍ စွဲဆိုသော ဤအမှုမှာ အောင်မြင်ရန် အကြောင်း မရှိပေ။

ထို့အပြင် အချင်းဖြစ်အိမ်ကို မောင်သန်းဦးက သက်သေခံ (က) အရောင်းအဝယ် စာချုပ်အရ ဝယ်ယူခဲ့သည်ဟု ဆိုသော်လည်း ယင်းစာချုပ်သည် ပစ္စည်း လွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၅၄ ပါ ပြဋ္ဌာန်းချက်နှင့်အညီ မှတ်ပုံတင်ထားခြင်း မရှိကြောင်း တွေ့ရသဖြင့် ဤအမှုကို စွဲဆိုသည့် အချိန်တွင် အချင်းဖြစ်အိမ်၌ ဦးမောင်ရီတို့ နေထိုင်ခြင်းမှာ အိမ်ဝိုင်ရှင်အဖြစ် နေထိုင်ခြင်း ဖြစ်ကြောင်း ပေါ်ပေါက်နေသည်။

ထို့ကြောင့် ဤအယူခံကို ခွင့်ပြု၍ ရန်ကုန်တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို တရားရုံး အဆင့်ဆင့်စရိုက်နှင့်တကွ ပယ်ဖျက်ပြီး အယူခံတရားပြိုင် မောင်သန်းဦး စွဲဆိုသော အမှုကို ပလပ်လိုက်သည်။

ရှေ့နေခကျော် ဂဝ/–သတ်မှတ်သည်။

တရားမ ပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးတင်အုန်း၊ အဖွဲ့ဝင်များအဖြစ် ဦးမြကျော်နှင့် ဦးသန့်စင် တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

ဦးမျိုးမင်း

နှင့်

ဒေါ်မြမြထွန်း *

†၁၉၀၄
နိဝင်ဘာလ
၂၀ ရက်

ကွယ်လွန်သူ၏အပတိဋ္ဌသားသမီးက ကွယ်လွန်သူ၏ညီအရင်းကိုအမွေမှ ထုတ်ပယ်ခြင်းမပြုနိုင်-အမွေထိန်းစာ ထုတ်ပေးခြင်း၏ ရည်ရွယ်ချက်။

ဆုံးဖြတ်ချက်။ ။ဤအမှုတွင် ဦးမျိုးမင်းသည် ကွယ်လွန်သူ ဦးမောင်မောင်ကျော်ဝင်း၏ ညီအရင်းဖြစ်ကြောင်း အငြင်းမပွားချေ။ လျှောက်ထားခံရသူ ဒေါ်မြမြထွန်းသည် ဦးမောင်မောင်ကျော်ဝင်း၏အပတိဋ္ဌမွေးစားသမီးဟုတ်မဟုတ် အငြင်းပွားလျက်ရှိသည်။ ဒေါ်မြမြထွန်းသည် သူ အဆိုပြုသည့်အတိုင်း ကွယ်လွန်သူ ဦးမောင်မောင်ကျော်ဝင်း၏ အပတိဋ္ဌသမီးဖြစ်ပါမူ မြန်မာဓလေ့ထုံးတမ်းဥပဒေအရ ဒေါ်မြမြထွန်းက အမွေတဝက်၊ ဦးမျိုးမင်းက အမွေတဝက်ရရှိမည်ဖြစ်သည်။ သို့ဖြစ်ရာ ဒေါ်မြမြထွန်းသည် အပတိဋ္ဌသမီးဖြစ်ကြောင်း ပေါ်ပေါက်စေကာမူ ဦးမျိုးမင်းအား အမွေမှ ပယ်ထုတ်ခြင်း မပြုနိုင်။

ဆစ်မံဆုံးဖြတ်ချက်။ ။အမွေပစ္စည်းများ မပျောက်စေရန် အလို့ငှာ အမွေထိန်းစာကို ဆောလျင်စွာ ထုတ်ပေးရန်လိုသည်။ အမွေထိန်းစာ ထုတ်ပေးခြင်းဖြင့် အမွေထိန်းအား အမွေပစ္စည်းများကို ခံစားစေခြင်း မဟုတ်၊ အမွေစားအမွေခံများကိုယ်စား အမွေပစ္စည်းများကို ထိန်းသိမ်းရန် တာဝန်အပ်နှင်းခြင်းသာဖြစ်သည်။

---

* ၁၉၀၄ ခုနှစ်၊ တရားမ ပြင်ဆင်မှုအမှတ် ၁၂၉

† ၁၉၀၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၀၁ တွင် ချမှတ်သော(၁၅-၆-၀၄) နေစွဲပါ ရန်ကုန်တိုင်း တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

၁၉၇၄
ဦးမျိုးမင်း
နှင့်
ဒေါ်မြမြထွန်း

လျှောက်ထားသူအတွက် – ဦးမြင့်ထွန်း၊ မဟိုတရားရုံးရှေ့နေ

လျှောက်ထားခံရသူအတွက် – ဦးလှအောင် (၃)၊ မဟိုတရားရုံးရှေ့နေ

ရန်ကုန်တိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၂၈၁/၇၂ တွင် လျှောက်ထားသူ ဦးမျိုးမင်းက ကွယ်လွန်သူ အစ်ကိုဦးမောင်မောင်ကျော်ဝင်း ကျန်ရစ်သောပစ္စည်းများကို ထိန်းသိမ်းနိုင်ရန်အတွက် အမွေဆက်ခံရေး အက်ဥပဒေပုဒ်မ ၂၁၈ အရ အမွေထိန်းစာထုတ်ပေးရန် လျှောက်ထားသည်။ လျှောက်ထားခံရသူ ဒေါ်မြမြထွန်းကလည်း အဆိုပါ တရားရုံး တရားမကြီးမှုအမှတ် ၇/၇၃ တွင် အမွေထိန်းစာ အပြိုင်လျှောက်ထားသည်။

တိုင်းတရားရုံးက အမှုတွင် အောက်ပါငြင်းချက်များကို ထုတ်နုတ်ခဲ့သည် –

၁။ ဒေါ်မြမြထွန်းသည် ကွယ်လွန်သူ ဦးမောင်မောင်ကျော်ဝင်း၏ အပတ်စ်မွေးစားသမီးဖြစ်သည်ဆိုသည်မှာ မှန်သလား။

၂။ ဒေါ်မြမြထွန်းသည် ကွယ်လွန်သူ ဦးမောင်မောင်ကျော်ဝင်း၏ ကျန်ရစ်သော ပစ္စည်းအရပ်ရပ်တွင် အမွေထိန်းစာရထိုက်ပါသလား။

(သို့မဟုတ်)

ကွယ်လွန်သူ ဦးမောင်မောင်ကျော်ဝင်း၏ညီအရင်းဖြစ်သည့် ဦးမျိုးမင်းသာလျှင် ကွယ်လွန်သူ ဦးမောင်မောင်ကျော်ဝင်း၏ ကျန်ရစ်သောပစ္စည်းအရပ်ရပ်တွင် အမွေထိန်းစာရထိုက်ပါသလား။

၃။ တရားလိုသည် မည်သည့်သက်သာခွင့်ရထိုက်ပါသနည်း။

လျှောက်ထားသူက ငြင်းချက်အမှတ် ၂ ၏ ဒုတိယပိုင်းကို ပဏာမငြင်းချက်အဖြစ်သတ်မှတ်ကြားနာပေးရန် တိုင်းတရားရုံးတွင်လျှောက်ထားရာ တိုင်းတရားရုံးက ယင်းငြင်းချက်မှာ ဥပဒေငြင်းချက်သက်သက်မဟုတ်ပဲ၊ သက်သေစစ်ချက်များကို ဝေဖန်သုံးသပ်ပြီးမှ အမိန့်ချမှတ်ပေးသင့်သည့် ငြင်းချက်ဖြစ်သည်ဟုအကြောင်းပြကာ ဦးမျိုးမင်း၏လျှောက်လွှာကိုပလပ်လိုက်သဖြင့် ဦးမျိုးမင်းက မဟိုတရားရုံးတွင် ဤပြဉ်ဆင်မှုကို လျှောက်ထားခြင်းဖြစ်သည်။

ဤအမှုတွင် ဦးမျိုးမင်းသည် ကွယ်လွန်သူ ဦး မောင် မောင် ကျော် ဝင်း ၏ ညီအရင်းဖြစ်ကြောင်း အငြင်းမပွားချေ။ လျောက်ထားခံရသူ ဒေါ်မြမြထွန်း သည် ဦးမောင်မောင်ကျော်ဝင်း၏ အပတ်စဉ်မွေးစားသမီးဟုတ်မဟုတ် အငြင်း ပွားလျက်ရှိသည်။

ဒဋ္ဌိကတိနရိန်းနမားနှင့် ဂူသူးလာရာမနား (၁) အမှုတွင် မိန်းမ နှစ်ယောက်က ကွယ်လွန်သူ ယောကျ်ားတစ်ယောက်၏အမွေကို ထိန်းသိမ်းရန် အတွက် အမွေထိန်းစာအပြိုင်လျောက်ထားကြရာ တစ်ဦးမှာ ကွယ်လွန်သူ၏ ဇနီးဖြစ်ကြောင်း အငြင်းမပွားချေ။ ထိုအခြေအနေတွင် ကျန် တစ် ဦး သည် ကွယ်လွန်သူ၏ဇနီးဟုတ်မဟုတ်၊ အမွေထိန်းစာ လျောက်ထားသည့် အမှုတွင် စိစစ်ဆုံးဖြတ်ရန် မဟုတ်၊ တရားမကြီးမှုတွင် တရားဆိုင်ကြရန် ဖြစ်သည်ဟု ဆုံးဖြတ်ထားကြောင်းတွေ့ရသည်။

ဒေါ်မြမြထွန်းသည် သူအဆိုပြုသည့်အတိုင်း ကွယ်လွန်သူ ဦးမောင်မောင် ကျော်ဝင်း၏ အပတ်စဉ်သမီးဖြစ်ပါမူ မြန်မာဓလေ့ထုံးတမ်းဥပဒေအရ ဒေါ်မြမြ ထွန်းက အမွေတဝက်၊ ဦးမျိုးမင်းက အမွေတဝက်ရရှိမည်ဖြစ်သည်။ သို့ဖြစ်ရာ ဒေါ်မြမြထွန်းသည် အပတ်စဉ်သမီးဖြစ်ကြောင်း ပေါ်ပေါက်စေကာမူ ဦးမျိုးမင်း အား အမွေမှပယ်ထုတ်ခြင်းမပြုနိုင်။ ဤအမှုမျိုးတွင် တရားရုံးက ဆောင်ရွက် ရမည့်နည်းလမ်းကို မတုတ်နှင့်မသီ (၂)အမှုတွင် အောက်ပါအတိုင်း ထုံးဖွဲ့ ထားသည်ကိုတွေ့ရှိရသည်။

> "When an application for letters of administration is made by a person who is by admitted natural relationship entitled under section 23 of the Probate and Administration Act to make it, and whom the Court considers to be otherwise a proper person to administer the estate, the Court ought not to allow the proceedings to become protracted and costly by entering into disputed points such as questions of adoption of other persons by the deceased, which questions could be fought over again in suits for administration or for possession of the estate."

---

(၁) ဘီအယ်လ်တီအတွဲ-၄၊ စာမျက်နှာ ၁၂၉

(၂) အောက်မြန်မာပြည်စီရင်ထုံးများ၊ အတွဲ–၅၊ စာ မျက်နှာ ၇၀

၁၉၀၄ ဦးမျိုးမင်းနှင့် ဒေါ်မြမြထွန်း

အမွေထိန်းစာ ထုတ်ပေးခြင်းနှင့်စပ်လျဉ်း၍ အမွေဆက်ခံရေး အက်ဥပဒေ ပုဒ်မ ၂၁၈ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်။

"S.218(1) If the deceased has died intestate and was a Hindu, Mohammedan, Buddhist, sikh or Jaina or an exempted person, administration of his estate may be granted to any person who, according to the rules for the distribution of the estate applicable in the case of such deceased, would be entitled to the whole or any part of such deceased's estate.

(2) When several such persons apply for such administration, it shall be in the discretion of the Court to grant it to any one or more of them."

ဤအမှုတွင် ဦးမျိုးမင်းသည် ဦးမောင်မောင်ကျော်ဝင်း၏အမွေစားအမွေခံတစ်ဦးဖြစ်ကြောင်း အငြင်းမထွက်သဖြင့် "ကွယ်လွန်သူ ဦးမောင်မောင်ကျော်ဝင်း၏ညီအရင်းဖြစ်သည့် ဦးမျိုးမင်းသာလျှင် ကွယ်လွန်သူ ဦးမောင်မောင်ကျော်ဝင်း၏ ကျန်ရစ်သော ပစ္စည်းအရပ်ရပ်တွင် အမွေထိန်းစာရထိုက်ပါသလား"ငြင်းချက်မှာ ဥပဒေပြဿနာသက်သက်သာဖြစ်၍ပဏာမငြင်းချက်အဖြစ် သတ်မှတ်ထိုက်ကြောင်းပေါ်လွင်ပေသည်။

အလျဉ်းသင့်၍ ဖော်ပြလိုသည့်အချက်မှာ အမွေထိန်းစာ ထုတ်ပေးခြင်း၏ ရည်ရွယ်ချက်ကို မဇေပါ ၂ နှင့် မသိန်းရင်(၃) အမှုတွင် စာမျက်နှာ ၂၀၈ ၌ အောက်ပါအတိုင်း ဖော်ပြထားသည်။

"The object of a proceeding under the Act is to enable a representative of the deceased to be appointed to exercise the powers and to perform the duties imposed on such representative by the Act, and no more. Such powers are set out in Chapter VI of the Act, and such duties are set out in Chapter VII. An administrator is bound to collect with reasonable diligence the property

(၃) အောက်မြန်မာပြည်စီရင်ထုံးများ၊ အတွဲ-၄၊ စာမျက်စာ ၂၀၇

of the deceased and the debts which were due to him: he has to pay first of all funeral expenses to a reasonable amount, death-bed charges and board and lodging for a month if anything is due for the latter; he then has to pay the expenses of obtaining letters, and then wages to labourers, artisans and domestic servants which accrued within three months next preceding the deceased's death: after payment of the foregoing he has to pay the other debts of the deceased. After all debts are paid he is bound to distribute the remaining property amongst the persons entitled to it under the law of inheritance applicable to the deceased."

အမွေပစ္စည်းများမပျောက်စေရန်အလို့ငှာ အမွေထိန်းစာကို ဆောလျင်စွာ ထုတ်ပေးရန်လိုသည်။ အမွေထိန်းစာ ထုတ်ပေးခြင်းဖြင့် အမွေထိန်းအား အမွေပစ္စည်းများကို ခံစားစေခြင်းမဟုတ်၊ အမွေစား အမွေခံများ ကိုယ်စား အမွေပစ္စည်းများကို ထိန်သိမ်းရန်တာဝန် အပ်နှင်းခြင်းသာဖြစ်သည်။

ထို့ကြောင့် ဤပြင်ဆင်မှုကို ခွင့်ပြု၍ တိုင်းတရားရုံး၏ အမိန့်ကိုပယ်ဖျက်ပြီး "ကွယ်လွန်သူ ဦးမောင်မောင်ကျော်ဝင်း၏ ညီအရင်းဖြစ်သည့် ဦးမျိုးမင်းသာလျှင် ကွယ်လွန်သူဦးမောင်မောင်ကျော်ဝင်း၏ ကျန်ရစ်သောပစ္စည်းအရပ်ရပ်ကို အမွေထိန်းစာရထိုက်သလား" ဟူသော ငြင်းချက်ကို ပဏာမငြင်းချက်အဖြစ် သတ်မှတ်၍ ကြားနာဆုံးဖြတ်ပေးရန် စရိတ်နှင့်တကွ အမိန့်ချမှတ်လိုက်သည်။ ရှေ့နေခကို ကျပ် ၅၀/– သတ်မှတ်သည်။

တရားမ ပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးမြကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးသန့်စင်နှင့် ဦးတင်အုန်း တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ ချေတွင်

†၁၉၇၄
နိုဝင်ဘာ
၃၀ ရက်

ဦး မြတ် ကျော်

နှင့်

ဦး သိန်း မောင် ပါ (၅) *

အမွေဆိုင်မြေကို စီမံခန့်ခွဲပေးစေလိုမှု– တရားရုံးက ပဏာမ ဒီကရီ ချမှတ်ပြီးနောက် ပစ္စည်း ခွဲဝေရန်အတွက် ကော်မရှင်နာ ခန့်အပ်ခြင်းသည် မှန်မမှန် –အပြီးသတ် ဒီကရီသည် ပဏာမ ဒီကရီနှင့် ခြားနားရန် လိုအပ်သည့်အပြင် တရားလို၏ ရပိုင်ခွင့်များ ရှုပ်လုံးပေါ်ပြီး ဖြစ်ရန်လိုအပ်ခြင်း– ဦးစွာဝယ်ယူခွင့်– တရားရုံးကအပြီးသတ် ဒီကရီ မချမှတ်ခဲ့ ကော်မရှင်နာ ခန့်အပ်ကြောင်း အမိန့် ချမှတ်ပြီးနောက် အယူဒိတ်ရန် နေ့စဉ်မှတ်တမ်းအမိန့်ချမှတ်ခြင်း သည် ဥပဒေနှင့် ညီမည်။

ဆုံးဖြတ်ချက်။ ။အမွေမှုများတွင် ပဏာမ ဒီကရီသည် အမှန် စင်စစ် အမွေပစ္စည်းများကို တရားရုံးက စီမံခန့်ခွဲနိုင်ရန် အတွက် ကနဦး ချမှတ်သည့် ဒီကရီဖြစ်ပေသည်။ ပဏာမဒီကရီ ချမှတ်ပြီးနောက် အမွေပစ္စည်းများကို စီမံခန့်ခွဲရာ၌ အဓိကဆောင်ရွက်ရန် ကိစ္စနှစ်ရပ်မှာ အမွေပုံပစ္စည်းများကို စာရင်းကောက်ယူခြင်း၊ သေသူကပေးရန်ရှိသော ကြွေမြီများ စိစစ်ခြင်းနှင့် အမွေပုံပစ္စည်းများကို ပဏာမဒီကရီဘွင် ချမှတ်ထားသည့် စည်းကမ်းချက် များနှင့်အညီ ခွဲဝေခြင်းတို့ ဖြစ်သည်။ စာရင်းရှင်းလင်းသည့် ကိစ္စကို ဆောင်ရွက်ရန် တရားမကျင့်ထုံး ဥပဒေအမိန့် ၂၆၊ နည်း ၁၁ အရ ကော်မရှင်နာ ခန့်ထားရသည်။ ပစ္စည်း ခွဲဝေသည့်ကိစ္စအတွက် အမိန့် ၂၆၊ နည်း ၁၃ အရ ကော်မရှင်နာ ခန့်ထား၍ ဆောင်ရွက်စေရသည်။ ဤအမှုဘွင် အမွေပစ္စည်းမှာ အချင်းဖြစ် မြေတစ်ကွက်သာ ဖြစ်သောကြောင့် စာရင်း ရှင်းလင်းသည့် ပြဿနာ

---

* ၁၉၇၃ ခုနှစ်၊ တရားမ ပြင်ဆင်မှုအမှတ် ၄၃ ၊ ၅၀

† ၁၉၇၃ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၁၃၊၂၂ တွင်ချမှတ်သော (၂၁-၂-၇၃) နှင့် (၂၅-၇-၇၃) နေ့စွဲပါ မန္တလေးတိုင်းတရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

မပေါ်ပေါက်သဖြင့် ယင်းကိစ္စ အလို့ငှာ ကော်မရှင်နှာ ခန့်ထားရန် မလို အပ်ချေ။ သို့ဖြစ်ရာ ပစ္စည်းခွဲဝေရန်အတွက် ကော်မရှင်နှာ ခန့်ထားရန်သာ အကြောင်းရှိသဖြင့် မူလရုံးက နည်း ၁၃ အရ ကော်မရှင်နှာ ခန့်ထားခြင်းမှာ မှားယွင်းသည် မဆိုနိုင်ပေ။

ဆရ်မ်ဆုံးဖြတ်ချက်။ ။အပြီးသတ် ဒီကရီတွင် အမွေဆိုင်တို့၏ရပိုင်ခွင့်တို့ကို သတ်သတ်မှတ်မှတ် ဖော်ပြရန်လိုပေသည်။ ဥပမာ ယခုအမှုတွင် အချင်းဖြစ် မြေ၏ မည်သည့်အတိုင်းအတာ မည်သည့် အစိတ်အပိုင်းကို တရားလိုအား ခွဲဝေပေးကြောင်း အပြီးသတ် ဒီကရီ၌ ပြဋ္ဌာန်းရန်လိုပေသည်။ သို့မှသာ ထို ဒီကရီကို အတည်ပြုသည့်အခါ တရားလိုအနေဖြင့် မိမိအတွက် သတ်မှတ် ပေးသည့် အခွင့်အရေးကို ရရှိရန်အလို့ငှာ တရားရုံးက တရားမ ကျင့်ထုံးဥပဒေ ပုဒ်မ ၅၁ တွင် ဖော်ပြထားသည့် နည်းလမ်းများအနက် မည်သည့်နည်းဖြင့် ဒီကရီကို အတည်ပြုပေးရန်ဖြစ်ကြောင်း အတည်ပြုအလင်း ဖော်ပြလျှောက်ထား နိုင်မည် ဖြစ်ပေသည်။ အချုပ်ဆိုရသော် အပြီးသတ် ဒီကရီတွင် တရားလို၏ ရပိုင်ခွင့်သည် ရုပ်လုံးပေါ်ပြီး ဖြစ်စေရမည်။ ပဏာမဒီကရီနှင့် ခြားနားမှု မရှိသော ဒီကရီသည် အပြီးသတ် ဒီကရီမမည်။

ဆရ်မ်ဆုံးဖြတ်ချက်။ ။ဦးစွာဝယ်ယူခွင့် ဆိုသည်မှာ ဘိုးဘေးတို့ထံမှ ဆင်းသက်လာသော မခွဲဝေရသေးသည့် အမွေပစ္စည်းမှ အမွေဆိုင် တစ်ဦး၏ ဝေစုကို အခြားအမွေဆိုင်များက သူတစ်မ်းထက် ရှေးဦးစွာ ဝယ်ယူနိုင်ခွင့်၊ အကယ်၍ အဆိုပါ ဝေစုကို သူတစ်မ်းသို့ ရောင်းချပြီးဖြစ်လျှင် အမွေဆိုင် များက ပစ္စည်းဝယ်ယူသူအား ပြန်လည် ရောင်းချရန် တောင်းဆိုနိုင်သည့် အခွင့်အရေးများ ဖြစ်သည်။

ဆရ်မ်ဆုံးဖြတ်ချက်။ ။ကော်မရှင်နှာသည် တရားရုံးကပေးအပ်သော တာဝန်နှင့်အညီ အချင်းဖြစ် မြေကို ခွဲဝေရမည်ဖြစ်သည်။ ထို့နောက် မိမိ ဆောင်ရွက်ချက်ကို တရားရုံးသို့ အစီရင်ခံရသည်။ ထိုအခါ မြို့နယ်တရားရုံးက ကော်မရှင်နှာ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ နှစ်ဘက်က ကန့်ကွက်ပြောဆိုရန် ရှိလျှင် ကန့်ကွက်ပြောဆိုစေပြီး ကန့်ကွက်ချက်များနှင့် စပ်လျဉ်း၍ ကြားနာ ပြီးနောက် ကန့်ကွက်ချက်များသည့် အခြေအမြစ် မရှိကြောင်း တွေ့ရှိရပါက ကော်မရှင်နှာ၏ အစီရင်ခံစာကို အတည်ပြုကြောင်း အမိန့်ချမှတ်၍ ယင်းအမိန့် နှင့်အညီ အပြီးသတ် ဒီကရီချမှတ်ရန် ဖြစ်သည်။ အကယ်၍ ကော်မရှင်နှာ၏ အစီရင်ခံစာကို လက်မခံပဲ သူ၏ဆောင်ရွက်ချက်ကိုပယ်ဖျက်ပါက ရှေ့သို့ မည်သို့ ဆက်လက်ဆောင်ရွက်သွားရန် တရားမကျင့်ထုံးဥပဒေအမိန့် ၂၀၊ နည်း ၁၃ (၁)တွင် ပြဋ္ဌာန်းထားသည့် အတိုင်း သင့်တော်သည့် လမ်းညွှန်မှု ပြုရန် ဖြစ်ပေသည်။ သို့ဖြစ်ရာ ပစ္စည်းခွဲဝေရန် ကော်မရှင်နှာ ခန့်ထားရုံမျှဖြင့် အမှု ပိတ်ရန် အကြောင်းမပေါ်ပေါက်ချေ။ကော်မရှင်နှာ ခန့်ထားသည့် အမိန့်သည်

၁၉၀၄ ဦးမြတ်ကျော်နှင့် ဦးသိန်းမောင် ပါ(၅)

ဒီကရီ မဟုတ်၍ ဒီကရီရေးဆွဲရန်လည်းမလိုချေ။ ကော်မရှင်နာ၏ ဆောင်ရွက်ချက်ကို လက်ခံအတည်ပြုပြီး အပြီးသတ် ဒီကရီ ချမှတ်သည့် အခါကျမှသာ ဒီကရီရေးဆွဲရန် ဖြစ်သည်။ အမွေမှုတစ်မှုတွင် အပြီးသတ် ဒီကရီ ချမှတ်လိုက်သည့်အခါကျမှသာ အမှုမှာ ဆုံးခန်းရောက်မည် ဖြစ်ပေသည်။

လျှောက်ထားသူ အတွက် – ဦးညွန့်မြိုင်၊ ဗဟိုတရားရုံးရှေ့နေ

လျှောက်ထားခံရသူများအတွက်– (၂)(၃)(၄)တို့ အတွက်
ဦးတင်မောင်၊ ဗဟိုတရားရုံးရှေ့နေ
(၁)(၅)တို့ အတွက်
ဒေါ်မြင့်မြင့်သိန်း (ကိုယ်စား)
ဦးတင်မောင်၊ဗဟိုတရားရုံးရှေ့နေ

မန္တလေး အရှေ့မြောက် မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၆/၇၉ တွင် လျှောက်ထားခံရသူ ဦးသိန်းမောင်က လျှောက်ထားသူ ဦးမြတ်ကျော်ဒေါ်သင့်နှင့် အမှုအတောအတွင်း ကွယ်လွန်သွားသူ ဒေါ်ဘွင့်တို့ အပေါ် အမွေဆိုင် မြေကို စီမံခန့်ခွဲ ပေးစေလိုမှု စွဲဆိုရာ ယင်းမြေ လေးပုံ တစ်ပုံကို ဦးသိန်းမောင် ရထိုက်ကြောင်း ကောက်ယူ၍ ဦးသိန်းမောင်၏ ဝေစုကို ခွဲဝေပေးစေရန် ၂၀–၇–၁၁ နေ့တွင် ပဏာမဒီကရီ ချမှတ်ခဲ့သည်။

ထို့နောက် တရားလို ဦးသိန်းမောင်က အပြီးသတ် ဒီကရီ ချမှတ်ပေးရန် လျှောက်ထားရာ ဦးမြတ်ကျော်က ၄–၂–၁၃ ရက်စွဲပါ လျှောက်လွှာအရ အမွေဆိုင် မြေကို ဦးစွာ ဝယ်ယူခွင့်ပြုရန် လျှောက်ထားသည်။ ကျန်အမွေဆိုင်များက ယင်းလျှောက်ထားချက်ကို ကန့်ကွက်ကြသည်။ မြို့နယ်တရားရုံးက အချင်းဖြစ်မြေကို ခွဲဝေရန် ကော်မရှင်နာ ခန့်ထားပြီး ဦးမြတ်ကျော်၏လျှောက်လွှာကို ပလပ်လိုက်သောကြောင့် ဦးမြတ်ကျော်က မန္တလေးတိုင်းတရားရုံး၌ ပြင်ဆင်မှု လျှောက်ထားသော်လည်း မအောင်မြင်သဖြင့် ဗဟိုတရားရုံးတွင် တရားမ ပြင်ဆင်မှုအမှတ် ၄၃/၁၃ နှင့် ၅၀/၁၃ တို့ကို အသီးသီးတင်သွင်းသည်။ ဤပြင်ဆင်မှုများ အတောအတွင်း ဒေါ်ဘွင့် ကွယ်လွန်သွားသဖြင့် ဒေါ်အေးကြည်၊ ဒေါ်အေးရီနှင့် ဒေါ်မြရွှေတို့က တရားဝင်ကိုယ်စားလှယ်များ အဖြစ်ဖြင့်ဆက်လက် ဆောင်ရွက်ကြသည်။

လျှောက်ထားသူ၏ ရှေ့နေက ကွယ်လွန်သူ ကျန်ရစ်သည့် အမွေပုံပစ္စည်းများကို စာရင်းကောက်ယူပြီး အပြီးသတ် ဒီကရီ ချမှတ်ရန် ဖြစ်ပါလျက် မြေခွဲဝေရန် ကော်မရှင်နာ ခန့်အပ်ခြင်းမှာ မှားယွင်းကြောင်း၊ အပြီးသတ် ဒီကရီ ချမှတ်ပြီးမှသာလျှင် ထိုဒီကရီကို အတည်ပြုသောအခါ မြေကိုခွဲဝေလက်ရောက်

ပေးအပ်ရန် အကြောင်းပေါ်ပေါက်မည်ဖြစ်၍ ယခုအဆင့်တွင် ပစ္စည်းခွဲဝေရန် အတွက် ကော်မရှင်နာခန့်ရန် အကြောင်းမပေါ်ပေါက်ပါဝဲလျက် ကော်မရှင်နာ ခန့်ထားခြင်းမှာ မှားယွင်းကြောင်း တင်ပြလျောက်ထားသည်။

အမွေပမ္ဘုများတွင် ပဏာမဒီကရီသည် အမှန်စင်စစ် အမွေပစ္စည်းများကို တရားရုံးက စီမံခန့်ခွဲနိုင်ရန်အတွက် ကနဦးချမှတ်သည့် ဒီကရီ ဖြစ်ပေသည်။ ပဏာမဒီကရီ ချမှတ်ပြီးနောက် အမွေပစ္စည်းများကို စီမံခန့်ခွဲရာ၌ အဓိက ဆောင်ရွက်ရန်ကိစ္စ နှစ်ရပ်မှာ အမွေပုံပစ္စည်းများကို စာရင်းကောက်ယူခြင်း၊ သေသူက ပေးရန်ရှိသော ကြွေးမြီများစိစစ်ခြင်းနှင့် အမွေပုံ ပစ္စည်းများကို ပဏာမ ဒီကရီတွင် ချမှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ခွဲဝေခြင်း တို့ ဖြစ်သည်။ စာရင်းရှင်းလင်းသည့် ကိစ္စကို ဆောင်ရွက်ရန် တရားမကျင့်ထုံး ဥပဒေအမိန့် ၂၆၊ နည်း ၁၁ အရ ကော်မရှင်နာ ခန့်ထားရသည်။ ပစ္စည်း ခွဲဝေသည့် ကိစ္စအတွက် အမိန့် ၂၆၊ နည်း ၁၃ အရ ကော်မရှင်နာ ခန့်ထား၍ ဆောင်ရွက်စေရသည်။ ဤအမှုတွင် အမွေပစ္စည်းမှာ အချင်းဖြစ် မြေတစ်ကွက်သာ ဖြစ်သောကြောင့် စာရင်းရှင်းလင်းသည့် ပြဿနာ မပေါ်ပေါက်သဖြင့် ယင်းကိစ္စအလို့ငှာ ကော်မရှင်နာခန့်ထားရန် မလိုအပ်ချေ။ သို့ဖြစ်ရာ ပစ္စည်း ခွဲဝေရန်အတွက် ကော်မရှင်နာ ခန့်ထားရန်သာ အကြောင်းရှိသဖြင့် မူလ ရုံးက နည်း ၁၃ အရ ကော်မရှင်နာ ခန့်ထားခြင်းမှာ မှားယွင်းသည်ဟု မဆိုနိုင်ပေ။

အပြီးသတ် ဒီကရီချမှတ်ပြီးမှ အမွေဆိုင် မြေကို ခွဲဝေရမည်ဆိုသော တင်ပြ ချက်မှာ မမှန်ကန်ချေ။ အပြီးသတ်ဒီကရီတွင် အမွေဆိုင်တို့၏ ရပိုင်ခွင့်တို့ကို သတ်သတ်မှတ်မှတ် ဖော်ပြရန် လိုပေသည်။ ဥပမာ ယခုအမှုတွင် အချင်းဖြစ် မြေ၏ မည်သည့် အတိုင်းအတာ၊ မည်သည့်အစိတ်အပိုင်းကို တရားလိုအား ခွဲဝေပေးကြောင်း အပြီးသတ် ဒီကရီ၌ ပြဋ္ဌာန်းရန်လိုပေသည်။ သို့မှသာ ထို ဒီကရီကို အတည်ပြုသည့်အခါ တရားလို အနေဖြင့် မိမိအတွက် သတ်မှတ် ပေးသည့် အခွင့်အရေးကို ရရှိရန်အလို့ငှာ တရားရုံးက တရားမကျင့်ထုံး ဥပဒေ ပုဒ်မ ၅၁ တွင် ဖော်ပြထားသည့် နည်းလမ်းများအနက် မည်သည့်နည်းဖြင့် ဒီကရီကို အတည်ပြုပေးရန် ဖြစ်ကြောင်း အတည့်အလင်း ဖော်ပြလျောက်ထား နိုင်မည် ဖြစ်ပေသည်။ အချုပ်ဆိုရသော် အပြီးသတ် ဒီကရီတွင် တရားလို၏ ရပိုင်ခွင့်သည် ရုပ်လုံးပေါ်ပြီး ဖြစ်စေရမည်။ ပဏာမဒီကရီနှင့် ခြားနားမှု မရှိ သော ဒီကရီသည် အပြီးသတ် ဒီကရီမမည်။

အချင်းဖြစ် မြေမှာ ၂၁ ပေခန့်သာ ရှိရာ အမွေဆိုင် တစ်ဦးလျှင် ၅ ပေ ကျော်ကျော်သာ ရရှိမည် ဖြစ်သောကြောင့် မြေခွဲဝေခြင်းထက် အချင်းချင်း ညှိနှိုင်း၍ ငွေအမဲခြင်း၊ ဦးစွာဝယ်ယူခြင်း ပြုနိုင်သည်က တကြောင်း ဦးမြတ် ကျော်သည် အချင်းဖြစ် မြေတွင် အိမ်ဆောက် နေထိုင်လျက် ရှိသဖြင့် ဦးစွာ

၁၉၀၄ ဦးမြတ်ကျော်နှင့် ဦးသိန်းမောင် ပါ(၅)

ဝယ်ယူခွင့် ရှိသည်က တကြောင်းကြောင့် ကော်မရှင်နာ ခန့်အပ်ခြင်းမှာ မှားယွင်းကြောင်း ထပ်မံလျှောက်ထားသည်။ ပစ္စည်းခွဲဝေရန် မဖြစ်နိုင်လျှင် ပစ္စည်းကို ရောင်းချ၍ ရောင်းရငွေကို ခွဲဝေယူရန် ဖြစ်ပေလိမ့်မည်။ ယင်းကိစ္စကို အဆုံးအဖြတ်ပေးရန် ပြဿနာ မပေါ်ပေါက်သေး၍ ကြိုတင်၍ ဆုံးဖြတ်ရန် မသင့်ချေ။ အချင်းဖြစ် ပစ္စည်းကို လေလံတင် ရောင်းချရာ၌ လက်ရှိဖြစ်သူ ဦးမြတ်ကျော်လည်း လေလံဆွဲဝယ်ခွင့် ရှိပေသည်။ ဈေးတူလျှင် လက်ရှိ ဖြစ်သည်နှင့်အညီ သူ့အား ဦးစားပေးသင့်သည်မှာ သဘာဝ ကျသည်ဟု ဆိုရပေမည်။

ဦးစွာ ဝယ်ယူခွင့် ဆိုသည်မှာ ဘိုးဘေးတို့ထံမှ ဆင်းသက်လာသော မွေ ဝေရသေးသည့် အမွေပစ္စည်းမှ အမွေဆိုင် တစ်ဦး၏ ဝေစုကို အခြားအမွေ ဆိုင်များက သူတစ်မ်းထက် ရှေးဦးစွာ ဝယ်ယူနိုင်ခွင့်၊ အကယ်၍ အဆိုပါ ဝေစုကို သူတစ်မ်းသို့ ရောင်းချပြီးဖြစ်လျင် အမွေဆိုင်များက ပစ္စည်းဝယ်ယူ သူအား ပြန်လည်ရောင်းချရန် တောင်းဆိုနိုင်သည့် အခွင့်အရေးများဖြစ်သည်။ ဤအမှုတွင် အမွေဆိုင်များ၏ဝေစုကို သူတစ်မ်းအား ရောင်းချရန် အစီအစဉ် လုံးဝ မရှိသေးသဖြင့် ဦးစွာ ဝယ်ယူပိုင်ခွင့် ပြဿနာ မပေါ် ပေါက်ချေ။ သို့သော် ဦးမြတ်ကျော်က ပြင်ဆင်ပေးရန် ဗဟိုတရားရုံး၌ လျှောက်ထားသော ၂၅-၇-၁၃ ရက်စွဲပါ အမိန့်ကို တိုင်းတရားရုံးက ပြန်လည်သုံးသပ်ပြီးနောက် ဦးမြတ်ကျော်သည် ဦးစွာဝယ်ယူခွင့် ရှိကြောင်း ၂၀-၁၂-၁၃ ရက်စွဲပါ အမိန့်အရ ပြင်ဆင်ပေးလိုက်သည် ဖြစ်၍ ယင်းပြဿနာကို အဆုံးအဖြတ်ပေးရန် အကြောင်းမရှိတော့ချေ။

မြို့နယ်တရားရုံးက ၂၀-၁၀-၁၃ နေ့တွင် ကော်မရှင်နာခန့်အပ်ကြောင်း အမိန့်ချမှတ်ပြီး ထိုနေ့ နေ့စဉ် မှတ်တမ်း၌ ''အမိန့်အပြီးသတ် ချမှတ်သည်။ ဒီကရီ ဆွဲ အမှုပိတ်ပါ။'' ဟု ဖော်ပြထားသည်ကို ရည်ညွှန်းကာ လျှောက်ထားခံရသူ တို့၏ ရှေ့နေက မူလရုံး၏ အမိန့်သည် ဒီကရီဖြစ်သည့်အား လျှော်စွာ ယင်း အမိန့်ကို မကျေနပ်ပါက တရားရုံး အဆင့်ဆင့်တွင် အယူခံရန် ဖြစ်ပါလျက် ပြင်ဆင်မှု လျှောက်ထားခြင်းမှာ မှားယွင်းကြောင်း အကျယ်တဝင့် တင်ပြ လျှောက်ထားသည်။

ကော်မရှင်နာသည် တရားရုံးကပေးအပ်သော တာဝန်နှင့်အညီ အချင်းဖြစ် မြေကို ခွဲဝေရမည်ဖြစ်သည်။ ထို့နောက် မိမိဆောင်ရွက်ချက်ကို တရားရုံးသို့ အစီရင်ခံရသည်။ ထိုအခါ မြို့နယ်တရားရုံးက ကော်မရှင်နာ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ နှစ်ဘက်က ကန့်ကွက်ပြောဆိုရန် ရှိလျှင် ကန့်ကွက်ပြောဆိုစေပြီး ကန့်ကွက်ချက်များနှင့် စပ်လျဉ်း၍ ကြားနာပြီးနောက် ကန့်ကွက်ချက်များသည် အခြေအမြစ် မရှိကြောင်း တွေ့ရှိရပါက ကော်မရှင်နာ၏ အစီရင်ခံစာကို

၁၉၀၄
ဦးမြတ်ကျော်
နှင့်
ဦးသိန်းမောင်
ပါ(၅)

အတည်ပြုကြောင်း အမိန့်ချမှတ်၍ ယင်းအမိန့်နှင့်အညီ အပြီးသတ် ဒီကရီကို ချမှတ်ရန်ဖြစ်သည်။ အကယ်၍ ကော်မရှင်နာ၏ အစီရင်ခံစာကို လက်မခံပဲ သူ၏ ဆောင်ရွက်ချက်ကို ပယ်ဖျက်ပါက ရှေ့သို့မည်သို့ ဆက်လက်ဆောင်ရွက်သွားရန် တရားမကျင့်ထုံးဥပဒေအမိန့် ၂၀၊ နည်း ၁၃ (၁) တွင် ပြဋ္ဌာန်းထားသည့်အတိုင်း သင့်တော်သည့် လမ်းညွှန်းမှုပြုရန် ဖြစ်ပေသည်။ သို့ဖြစ်ရာ ပစ္စည်းခွဲဝေရန် ကော်မရှင်နာ ခန့်ထားရုံမျှဖြင့် အမှုပိတ်ရန် အကြောင်းမပေါ်ပေါက်ချေ။ ကော်မရှင်နာ ခန့်ထားသည့် အမိန့်သည် ဒီကရီမဟုတ်၍ ဒီကရီရေးဆွဲရန်လည်း မလိုချေ။ ကော်မရှင်နာ၏ ဆောင်ရွက်ချက်ကို လက်ခံအတည်ပြုပြီး အပြီးသတ်ဒီကရီ ချမှတ်သည့် အခါကျမှသာ ဒီကရီရေးဆွဲရန်ဖြစ်သည်။ အမွေမှုတစ်မှုတွင် အပြီးသတ်ဒီကရီ ချမှတ်လိုက်သည့် အခါကျမှသာ အမှုမှာ ဆုံးခန်းရောက်မည် ဖြစ်ပေသည်။

ထို့ကြောင့် ဤပြင်ဆင်မှုများကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။ အမှုတစ်မှုစီအတွက် ရှေ့နေခကို ကျပ် ၅၀/—သတ်မှတ်သည်။

တရားမ ပထမ အယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးထွန်းရှိန်နှင့် ဦးတင်အုန်း တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦး ယု ကြည်
နှင့်
ဦး အောင် ခင် ဦး ပါ (၄) *

†၁၉၀၄
အောက်တိုဘာလ ၂၆ ရက်

ရပိုင်ခွင့်ကိုစွန့်လွှတ်ခြင်းနှင့် ပစ္စည်းလွှဲပြောင်းပေးခြင်းတို့၏ခြားနားချက်။

ဆုံးဖြတ်ချက်။ ။ ရပိုင်ခွင့်ကို စွန့်လွှတ်ခြင်းသည် ပစ္စည်းလွှဲပြောင်းပေးခြင်းနှင့် သဘောချင်းမတူချေ။ ပစ္စည်းတွင် အကျိုးသက်ဆိုင်ခွင့်ကို စွန့်လွှတ်ကြသူတို့သည် သူတို့၏ရပိုင်ခွင့်များ လက်လွတ်ဆုံးရှုံးသွားသည်မှန်သော်လည်း အကျိုးခံစားခွင့်ရစေရန် ရည်စူးသောသူအား ပစ္စည်းကို လွှဲပြောင်းပေးရာမရောက်ချေ။

အယူခံတရားလိုအတွက် — ဦးမြင့်ထွန်း၊ ဗဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင်များအတွက် — ဦးဖျိုဇြမ်း၊ ဗဟိုတရားရုံးရှေ့နေ

မွန်ပြည်နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၁၃ (မ) / ၇၉ တွင် ဦးအောင်ခင်ဦး၊ ဒေါ်သန်းမေ၊ ဒေါ်မြသန်းနှင့် ဒေါ်အေးသိန်းတို့က အယူခံတရားလို ဦးယုကြည်အပေါ်တွင် မော်လမြိုင်မြို့၊ အောက်လမ်းမကြီး၊ စျေးကြီးရပ်၊ အိမ်အမှတ် (၁၅၂) နှင့် ထိုအိမ်တည်ရှိသည့်မြေကွက်သည် ဦးအောင်ခင်ဦးတို့ (၄) ဦး၏အမွေဆိုင်အိမ်နှင့် မြေကွက်ဖြစ်ကြောင်း မြွက်ဟကြေငြာပေးရန် စွဲဆိုခဲ့ရာ ဒီကရီရရှိခဲ့သည်။ မွန်ပြည်နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ဦးယုကြည်ကမကျေနပ်၍ ဤအယူခံမှုကို တင်သွင်းခြင်းဖြစ်သည်။

မူလရုံးတရားလို ဦးအောင်ခင်ဦး၊ ဒေါ်သန်းမေ၊ ဒေါ်မြသန်း၊ ဒေါ်အေးသိန်းနှင့် ဒေါ်စန်းစန်းနွယ်တို့သည် ကွယ်လွန်သူ ဦးအိဘနှင့် ဒေါ်ငွေရတို့၏ သားသမီးများဖြစ်ကြသည်။ ဦးယုကြည်သည် ဒေါ်စန်းစန်းနွယ်၏ ခင်ပွန်းဖြစ်သည်။

---

* ၁၉၀၃ ခုနှစ်၊ တရားမ ပထမအယူခံမှု အမှတ် ၅

† ၁၉၇၉ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၃ တွင် ချမှတ်သော (၁၅-၁၂-၀၂) နေ့စွဲပါ မွန်ပြည်နယ်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို အယူခံမှု။

မော်လမြိုင်မြို့၊ အောက်လမ်းမကြီး၊ အမှတ် (၁၅၂) နေအိမ်နှင့် မြေကွက်မှာ မူလက ဦးအီဘနှင့်ဒေါ်ငွေရတို့ပိုင်ဖြစ်သည်။ မိဘများ ကွယ်လွန် ပြီးနောက် ဦးအောင်ခင်ဦးပါ(၄)ဦးတို့က ၁၅-၆-၆၉ ရက်စွဲပါ သက်သေခံစာရွက် (က) မှတ်ပုံတင်စာချုပ်ဖြင့် အိမ်အမှတ် (၁၅၂) နှင့် မြေကွက်တွင် ဒေါ်စန်းစန်းနွယ်ကသာ အကျိုးခံစားစေရန်အတွက် သူတို့၏ ပိုင်ဆိုင်မှုကို စွန့်လွှတ်ခဲ့ကြသည်။

၄-၉-၇၂ နေ့တွင် ဒေါ်စန်းစန်းနွယ်သည် ဒေါ်သန်းမေတို့ထံမှနေအိမ်၏ တန်ဖိုးဟူ၍ ငွေ ၃၀၀၀၀/- ကို လက်ခံယူပြီး စွန့်လွှတ်စာချုပ်ကို ပယ်ဖျက်ကြောင်း သဘောတူ စာချုပ်တစ်ရပ် ပြုလုပ်ခဲ့ကြသည်။ ဒေါ်စန်းစန်းနွယ် ကွယ်လွန်ပြီးနောက် ဦးယုကြည်နှင့် ဦးအောင်ခင်ဦး တို့သည် အပြန်အလှန် အမှုများစွဲဆိုကြရာမှ ဦးအောင်ခင်ဦး တို့က ယခုအမှုကို ဦးယုကြည်အပေါ် စွဲဆိုခြင်းဖြစ်သည်။

၎င်းအမှုတွင် ဦးအီဘနှင့်ဒေါ်ငွေရတို့ ကွယ်လွန်သောအခါ ဒေါ်စန်းစန်းနွယ် ဒေါ်သန်းမေ၊ ဒေါ်မြသန်း၊ ဒေါ်အေးသိန်းနှင့် ဦးအောင်ခင်ဦး၊ သားသမီး (၅)ဦးတို့သည် အချင်းဖြစ် နေအိမ်နှင့်မြေကွက်ကို အမွေရကြောင်းအငြင်း မပွားချေ။

၁၅-၆-၆၉ နေ့တွင် ဒေါ်သန်းမေ၊ ဒေါ်မြသန်းနှင့် ဒေါ်အေးသိန်းတို့ (၃)ဦးက သက်သေခံစာရွက်(က) မှတ်ပုံတင်စာချုပ်ချုပ်ဆို၍ မိမိတို့ခံစားခွင့်ကို အသီးသီး စွန့်လွှတ်ခဲ့ကြသည်။ ဒေါ်စန်းစန်းနွယ် အကျိုးခံစားစေရန် စွန့်လွှတ်သည်ဟု စာချုပ်တွင် ဖော်ပြထားသည်။ ရပိုင်ခွင့်ကိုစွန့်လွှတ်ခြင်းသည် ပစ္စည်းလွှဲပြောင်းပေးခြင်းနှင့် သဘောချင်းမတူချေ။ ပစ္စည်းတွင် အကျိုးသက်ဆိုင်ခွင့်ကို စွန့်လွှတ်ကြသူတို့သည် သူတို့၏ရပိုင်ခွင့်များ လက်လွတ်ဆုံးရှုံးသွားသည်မှန်သော်လည်း အကျိုးခံစားခွင့်ရစေရန် ရည်စူးသောသူအား ပစ္စည်းလွှဲပြောင်းပေးရာမရောက်ချေ။ သက်သေခံ(က)စွန့်လွှတ်စာချုပ်ကို ဒေါ်အေးသိန်းက ဦးအောင်ခင်ဦးကိုယ်စား လက်မှတ်ရေးထိုးထားခဲ့သော်လည်း ထိုသို့စွန့်လွှတ်ကြောင်း လက်မှတ်ရေးထိုးနိုင်ရန် သက်သေခံ (ဃ) ကိုယ်စားလှယ်စာတွင်ဦးအောင်ခင်ဦးက ဒေါ်အေးသိန်းအား လုပ်ပိုင်ခွင့် ပေးအပ်ထားခြင်းမရှိကြောင်းတွေ့ရသည်။ သို့ဖြစ်ရာ ပူးတွဲပိုင်ရှင်များအနက် ဒေါ်သန်းမေ၊ ဒေါ်မြသန်းနှင့်ဒေါ်အေးသိန်းတို့က မိမိတို့အကျိုးသက်ဆိုင်ခွင့်တို့ကို စွန့်လွှတ်လိုက်ခြင်းမှာ အတည်ဖြစ်ပါမူ အချင်းဖြစ်ပစ္စည်းများသည့် ဥပဒေ သဘောအရ ဒေါ်စန်းစန်းနွယ်နှင့် ဦးအောင်ခင်ဦးတို့နှစ်ဦးတည်းပိုင်အဖြစ်သို့ ရောက်ရှိသွားပေလိမ့်မည်။

၁၉၀၄
ဦးယုကြည်
နှင့်
ဦးအောင်
ခင်ဦး
ပါ(၄)

သို့သော် ၁၅–၆–၆၉ နေ့တွင် ကာယကံရှင်များ လက်မှတ်ရေးထိုးထား သည့် သက်သေခံ(က) စွန့်လွှတ်စာချုပ်ကို စာချုပ်စာတမ်းများ မှတ်ပုံတင် ရေးအက်ဥပဒေပုဒ်မ ၂၃ အရ သတ်မှတ်ထားသည့် (၄)လ ကာလကျော် လွန်ပြီး ၃–၇–၇၀နေ့ကျမှ မှတ်ပုံတင်အရာရှိထံတင်ပြ၍မှတ်ပုံတင်ခဲ့သည်ဖြစ်ရာ စာချုပ်စာတမ်းများ မှတ်ပုံတင်ရေးအက်ဥပဒေပုဒ်မ ၂၃ နှင့် ၂၅ ပါပြဋ္ဌာန်း ချက်များနှင့်အညီ မှတ်ပုံတင်ခဲ့ခြင်းမရှိသဖြင့် စွန့်လွှတ်ခြင်းသည် အတည်ဖြစ် သည်ဟုဆိုနိုင်မည်မဟုတ်ပေ။

၍အခြေအနေတွင် အချင်းဖြစ်နေအိမ်နှင့်မြေကွက်မှာ ဦးအောင်ခင်ဦးတို့ မောင်နှမ(၅)ဦးနှင့်ဆိုင်သော အမွေပစ္စည်းအဖြစ်သာ ဆက်လက်တည်ရှိနေ မည်ဖြစ်သည်။

ဒေါ်စန်းစန်းနွယ်နှင့် ဦးယုကြည်တို့သည် မြန်မာမုဒ္ဓကာသာဝင်များဖြစ်ကြ သည်။ ဒေါ်စန်းစန်းနွယ် ကွယ်လွန်လျှင် မြန်မာဓလေ့ထုံးတမ်း ဥပဒေ အရ ၎င်း၏အမွေဝေစုသည် ခင်ပွန်းဖြစ်သူ ဦးယုကြည်ထံသို့ သက်ရောက်မည်ဖြစ် သည်။ သို့ဖြစ်ရာ ဦးအောင်ခင်ဦးတို့ အမှုစွဲဆိုစဉ်က အချင်းဖြစ်ပစ္စည်းများမှာ သူတို့(၄)ဦးနှင့် ဦးယုကြည်တို့ ပူးတွဲပိုင်ဆိုင်သောပစ္စည်းဖြစ်သည့်အလျောက် ၎င်းတို့(၄)ဦး၏ အမွေဆိုင်ပစ္စည်းများ ဖြစ်ကြောင်း မြွက်ဟကြေငြာပေးနိုင် မည်မဟုတ်ချေ။

ထို့ကြောင့် မွန်ပြည်နယ်တရားရုံးက ဦးအောင်ခင်ဦးပါ(၄)ဦးတို့စွဲဆိုသည့် အမှုကို ဒီကရီ ချမှတ်ပေးခဲ့ခြင်းသည် မှားယွင်းသွက်ရှိသဖြင့် မွန်ပြည်နယ် တရားရုံး၏ စီရင်ချက်နှင့်ဒီကရီကိုပယ်ဖျက်၍ ဦးအောင်ခင်ဦးတို့စွဲဆိုသောအမှု ကို စရိတ်နှင့်တကွပလပ်လိုက်သည်။

ရှေ့နေခကို ကျပ် ၁၀၀/– သတ်မှတ်သည်။

တရားမအထွေထွေအယူခံမှု

ဥက္ကဋ္ဌအဖြစ်ဦးတင်အုန်း၊အဖွဲ့ဝင်များအဖြစ် ဦးတင်အောင်နှင့်ဦးမြကျော်တို့ ပါဝင်သောဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦး သာ ဝင်း

နှင့်

ဦး တောင်ကြီး *

†၁၉၇၄
အောက်တိုဘာလ
၂၉ ရက်

လူဖမ်းဝရမ်းထုတ်ဆင့်သည့်အမိန့်အပေါ် အယူခံဝင်ခွင့်ရှိမရှိ။

ဆုံးဖြတ်ချက်။ ။ လူဖမ်းဝရမ်းထုတ်ဆင့်သည့်အမိန့်သည် တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၀၄(၁)နှင့် အမိန့် ၄၃၊ နည်း ၁ တို့အရ အယူခံဝင်နိုင်သည့်အမိန့်မျိုးမဟုတ်ပေ။

အယူခံတရားလိုအတွက် – ဦးမောင်မောင်မြင့် ကိုယ်စား ဦးကျော်ဇြမ်း၊ ဗဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင်အတွက် – ဦးကျား၊ ဗဟိုတရားရုံးရှေ့နေ

ရန်ကုန်တိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၁၄၆/၇၀ တွင် ဦးတောင်ကြီးက ဦးသာဝင်းအပေါ် စောဘွေ့ကျပ် ၁၇၀၀၀၀/– ရသိုကြောင်းစွဲဆိုရာ အနိုင်ရရှိသည့်ဒီကရီကိုအတည်ပြုရန် တရားမဇာရီမှုအမှတ် ၄၇/၇၂ တွင် လျှောက်ထားသည်။ ဦးတောင်ကြီး၏လျှောက်ထားချက်အရ တိုင်းတရားရုံးက ဦးသာဝင်းအပေါ် လူဖမ်းဝရမ်းထုတ်ရန် အမိန့်ချမှတ်သည်။ ဦးသာဝင်းက ယင်းအမိန့်ကိုမကျေနပ်သောကြောင့် ဗဟိုတရားရုံးတွင် ဤအယူခံကိုတင်သွင်းသည်။

---

* ၁၉၇၄ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် ၂၄

† ၁၉၇၂ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၄၇ တွင်ချမှတ်သော (၂၉-၁၀-၇၄) နေ့စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ အမိန့်ကို အယူခံမှု။

၁၉၈၄
ဦးသာဝင်း နှင့် ဦးတောင်ကြီး

လူဖမ်းဝရမ်းထုတ်ဆင့်သည့်အမိန့်သည် တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၀၄ (၁)နှင့် အမိန့် ၄၁၊ နည်း ၁ တို့အရ အယူခံဝင်နိုင်သည့်အမိန့်မျိုးမဟုတ်ပေ။ထို့အပြင် အယူခံအတွင်း ၁၂-၈-၈၄ ရက်နေ့၌ ဦးသာဝင်းကွယ်လွန်ခဲ့သည့်အတွက် ၎အယူခံမှာ ရပ်စဲသွားပြီးဖြစ်ပေသည်။ထို့ကြောင့် တရားဝင်ကိုယ်စားလှယ်ထည့်သွင်းရန်အကြောင်း မပေါ်ပေါက်သဖြင့် ဒေါ်ခင်မမ၏အမှုရုပ်သိမ်းရန်အတွက် လျောက်လွှာတင်သွင်းရန် အကြောင်းမရှိတော့ချေ။

ထို့ကြောင့် ဒေါ်ခင်မမ၏လျောက်လွှာကို ပလပ်ပြီး၎အယူခံကိုပိတ်သိမ်းရန် အမိန့်ချမှတ်လိုက်သည်။

တရားမ ပထမ အယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးမြကျော်နှင့် ဦးတင်အုန်း တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦး သန်း
(ကွယ်လွန်သူ ဒေါ်အေး၏ တရားဝင်ကိုယ်စားလှယ်)

နှင့်

၁။ မခင်လှမြင့်
၂။ ဒေါ်သိန်းမေ *

†၁၉၇၄
နိုဝင်ဘာလ
၂၀ ရက်

အမွေပစ္စည်းများကို စီမံခန့်ခွဲပေးစေလိုမှု–ရုံးခွန်ထမ်းဆောင်၍ တရားစွဲဆိုခြင်းမပြုသော အမွေရှင်များ၏ ရပိုင်ခွင့်များကို တရားရုံးက အဆုံးအဖြတ်ပေးရန်မလိုခြင်း။

ဆုံးဖြတ်ချက်။ ။ တိုင်းတရားရုံးက မခင်လှမြင့်၊ ဒေါ်အေးနှင့် ဒေါ်သိန်းမေတို့သည် ဦးအောင်ဒွန်းကျန်ရစ်သောအမွေပစ္စည်းများ၏ သုံးပုံ စီကို ရသိုက်ကြောင်း ပဏာမဒီကရီချမှတ်ခြင်းမှာ မှားယွင်းပေသည်။ ယင်းအမှုတွင် ရုံးခွန်ထမ်းဆောင်၍ တရားစွဲဆိုသူမှာ မခင်လှမြင့်ဖြစ်ပေရာ အမှုတွင် သူ၏ရပိုင်ခွင့်ကို အဆုံးအဖြတ်ပေးရန် ဖြစ်ပေသည်။ ရုံးခွန်ထမ်းဆောင်ခြင်း မရှိသော ဒေါ်အေးနှင့်ဒေါ်သိန်းမေတို့၏ရပိုင်ခွင့်များကို အဆုံးအဖြတ်ပေးရန် မဟုတ်ပေ။ သူတို့သည် သူတို့ရရန်ရှိသောအမွေဝေစုတို့ကို ရလိုပါက ကျသင့်သည့်ရုံးခွန်ထမ်းဆောင်ရန် လိုပေသည်။

အယူခံတရားလိုအတွက် – ဦးမြစိန်၊ ဗဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင်များအတွက် – (၁) ဒေါ်ခင်မြမြဝင်း၊
ဗဟိုတရားရုံးရှေ့နေ
(၂) ဦးညွှန့်မြိုင်၊ ဗဟိုတရားရုံးရှေ့နေ

---

* ၁၉၀၂ ခုနှစ်၊ တရားမ ပထမ အယူခံမှုအမှတ် ၆၇

† ၁၉၇၉ ခုနှစ် တရားမကြီးမှု အမှတ် ၉၀ တွင် ချမှတ်သော (၂၀-၆-၀၂) နေ့စွဲပါ မန္တလေးတိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကိုအယူခံမှု။

၁၉၀၄ ဦးသန်း (ကွယ်လွန်သူ ဒေါ်အေး၏ တရားဝင် ကိုယ်စား လှယ်) နှင့် ၁။ မခင်လှမြင့် ၂။ဒေါ်သိန်းမေ

မြန်မာဗုဒ္ဓဘာသာဝင်များဖြစ်ကြသော ဦးဘိုးလှနှင့် ဇနီးဒေါ်လုံးတင်တို့တွင် ဒေါ်အေး၊ဒေါ်သိန်းမေနှင့် ဦးသိန်းမောင်ဟူ၍ သားသမီး သုံးဦး ထွန်းကားခဲ့ရာ ဦးဘိုးလှကွယ်လွန်ပြီးနောက် ဒေါ်လုံးတင်သည် ဦးအောင်ဒွန်းနှင့် နောက်အိမ်ထောင်ပြုခဲ့သည်။

ဒေါ်လုံးတင်နှင့် ဦးအောင်ဒွန်းတို့သည် ၁၃၄၀ ပြည့်နှစ်၊ ဝါဆိုလပြည့် ကျော် ၉ ရက်နေ့နှင့် ပြာသိုလဆန်း ၅ ရက်နေ့များတွင် အသီးသီးကွယ်လွန်ခဲ့ကြသည်။

ဦသိန်းမောင်သည် ဒေါ်မှတ်ဆိုသူနှင့် အိမ်ထောင်ကျခဲ့သည်။ ဒေါ်မှတ်သည် ကိုယ်ဝန်အရင့်အမာရှိစဉ် ဦးသိန်းမောင်နှင့် ကွာရှင်းပြီးနောက် မခင်လှမြင့် အား မွေးဖွားခဲ့သည်။ မခင်လှမြင့်က ဦးအောင်ဒွန်း ကွယ်လွန်သောအခါ မန္တလေးမြို့၊ သီရိဟေမာအရှေ့ရပ်၊ အကွက်အမှတ် ၂၄၂၊ ဦးပိုင်အမှတ် ၁၄/က စာရင်းပေါက်သောမြေကွက်နှင့်မြေပေါ်ရှိ အဆောက်အအုံ၊ အောင်မြေသာဇံရပ်၊ အကွက်အမှတ် ၁၂၄၊ ဦးပိုင်အမှတ် ၁၉ စာရင်းပေါက်သော ဘိုးဘဝိုင်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံတို့ကျန်ရစ်ခဲ့ကြောင်း၊ ဖခင်ဦးသိန်းမောင်သည် ဒေါ်အေး၊ ဒေါ်သိန်းမေတို့နှင့် အမွေမခွဲဝေမီ ကွယ်လွန်ခဲ့ကြောင်း စသည်ဖြင့် အဆိုပြုကာ ဦးအောင်ဒွန်း ကျန်ရစ်သော အမွေပစ္စည်းများကို စီမံခန့်ခွဲပေးစေလိုကြောင်းဖြင့် မန္တလေးတိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၉၀/၇၉ (အနောက်တောင်) တွင် နိုးစပ်ရာဓိတ်ဆွေ ဒေါ်မှတ်မှတဆင့် တရားစွဲဆိုရာ တိုင်းတရားရုံးက အမွေပစ္စည်းများကို မခင်လှမြင့်၊ဒေါ်အေးနှင့် ဒေါ်သိန်းမေတို့ သုံးပုံတစ်ပုံစီ ခွဲဝေယူစေရန် ပဏာမဒီကရီချမှတ်လိုက်သောကြောင့် ဒေါ်အေးက မဟိုတရားရုံးတွင် ဤအယူခံကို တင်သွင်းခြင်းဖြစ်သည်။

အယူခံဆေတောအတွင်း ဒေါ်အေး ကွယ်လွန်သွားသဖြင့် သား ဖြစ် သူ ဦးသန်းက တရားဝင်ကိုယ်စားလှယ်အဖြစ် ဆက်လက်ဆောင်ရွက်သည်။

ဒေါ်အေးက ဦးအောင်ဒွန်း၏ အမွေပစ္စည်းများကို မိသားစု စီမံမှုအရ ခွဲဝေပြီးကြောင်း၊ မခင်လှမြင့်သည် ဦးသိန်းမောင်၏အမွေကို ဆက်ခံခွင့်ရှိသူ မဟုတ်ကြောင်းထုချေသည်။ ဒေါ်သိန်းမေကလည်း မခင်လှမြင့်သည် ဖခင်၏ အမွေကိုဆက်ခံခွင့်မရှိကြောင်း ထုချေသည်။

အမွေခွဲဝေပြီးသည့် အချက်နှင့် စပ်လျဉ်း၍ ဒေါ်အေးဘက်မှ ဤအမှုတွင် သက်သေခံချက် တစုံတရာတင်ပြခဲ့ခြင်းမရှိချေ။ ဤအမှုကို လျှောက်လဲရာတွင်လည်း ဦးသန်း၏ရှေ့နေက အမွေခွဲဝေပြီးကြောင်း တင်ပြလျှောက်ထားခဲ့ခြင်းမရှိချေ။

ဦးသန်း၏ ရှေ့နေ ဦးမြစိန်နှင့် ဒေါ်သိန်းမေ၏ ရှေ့နေ ဦးညွှန့်မြင့်တို့က ဒေါ်မှတ်နှင့် ဦးသိန်းမောင်တို့ ကွာရှင်းပြတ်စဲပြီး နောက် မောင်လှမြင့်အား မွေးဖွားခဲ့ကြောင်း၊ မောင်လှမြင့်သည် မိခင်ဖြစ်သူနှင့် အတူနေထိုင်၍ ဖခင်ဖြစ်သူအား သားသမီးတို့၏ ပြုဖွယ်သော ဝတ္တရားများကို ဆောင်ရွက်ခဲ့ခြင်း မရှိသောကြောင့် မြန်မာဓလေ့ထုံးတမ်းဥပဒေအရ ဖခင်၏အမွေကို ဆက်ခံခွင့်မရှိကြောင်း အကျယ်တဝင့် တင်ပြလျှောက်ထားသည်။

ကင်းဝန်မင်းကြီး ဦးကောင်းပြုစုသော ၃၆ စောင်တွဲ အမွေမှုခန်း ဓမ္မသတ်ကျမ်းကြီးပုဒ်မ ၂၉၇ တွင် ဖော်ပြထားသော မနုကျယ်ဓမ္မသတ်၌ သားသမီး ပဋိသန္ဓေရှိပြီးနောက် မိခင်နှင့် ဖခင်တို့ ကွာရှင်းကြရာတွင် မိခင် ဖြစ်သူသည် သားသမီးရရှိလျှင် ထိုသားသမီးသည် ဖခင်၏ အမွေတဝက်ကို ဆက်ခံခွင့်ရှိ၍ ဖခင်ဖြစ်သူနှင့် အတူနေထိုင်သူ ညီအစ်ကိုမောင်နှမများက ကျန်တဝက်ကို ဆက်ခံခွင့်ရှိကြောင်း ပြဆိုထားသည်။

မည်သို့နှင့် မညီမှုသော (၁) အမှုတွင် လင်မယားနှစ်ယောက် ကွာရှင်းပြတ်စဲပြီးနောက်မှ သမီးမွေးဖွားခဲ့သည်။ ထိုသမီးသည် မိခင်နှင့် အတူနေသည်။ ဖခင်အား သားသမီးတို့ပြုဖွယ်သော ဝတ္တရားများကို ဆောင်ရွက်ခြင်း မရှိချေ။ ဖခင်သေဆုံးသွားသောအခါတွင် ဖခင်တွင် အခြားသောမယားနှင့် သားသမီးများမရှိ၊ ထိုဖခင်သည် နှမဖြစ်သူနှင့် အတူနေထိုင်ရာတွင် ကွယ်လွန်သွားရာ သမီးနှင့် ဖခင်၏နှမတို့သည် အမွေတဝက်စီရသင့်သည်ဟု ဆုံးဖြတ်သည်။ ၎င်စီရင်ထုံးနှင့် အထက်ဖော်ပြပါ မနုကျယ်ဓမ္မသတ်အရ မောင်လှမြင့်သည် ဖခင်ဖြစ်သူ၏ အမွေတဝက်ကို ရခွင့်ရှိပေသည်။ အမွေရှင် ဦးအောင်ဒွန်း ကျန်ရစ်သော အမွေပစ္စည်းများတွင် ကွယ်လွန်သူ ဦးသိန်းမောင်သည် သုံးပုံတစ်ပုံရခွင့်ရှိသည်ဖြစ်ရာ ယင်းအမွေ၌ မောင်လှမြင့်ရရန်ရှိသောအစုမှာခြောက်ပုံတစ်ပုံဖြစ်သည်။

၎င်စီရင်ချက်ကို အဆုံးမသတ်မီ မှတ်ချက်ပြုလိုသော အ ချက် မှာ တိုင်းတရားရုံးက မောင်လှမြင့်၊ ဒေါ်အေးနှင့် ဒေါ်သိန်းမေတို့သည် ဦးအောင်ဒွန်း ကျန်ရစ်သော အမွေပစ္စည်းများ၏ သုံးပုံ တစ်ပုံစီကို ရထိုက်ကြောင်း ပဏာမ ဒီကရီချမှတ်ခြင်းမှာ မှားယွင်းပေသည်။ ယင်းအမှုတွင် ရုံးခွန်ထမ်းဆောင်၍ တရားစွဲဆိုသူမှာ မောင်လှမြင့် ဖြစ်ပေရာ အမှုတွင် သူ၏ ရပိုင်ခွင့်ကို အဆုံးအဖြတ်ပေးရန် ဖြစ်ပေသည်။ ရုံးခွန်ထမ်းဆောင်ခြင်းမရှိသော ဒေါ်အေးနှင့် ဒေါ်သိန်းမေတို့၏ ရပိုင်ခွင့်များကို အဆုံးအဖြတ်ပေးရန် မဟုတ်ပေ။သူတို့သည်

---

(၁) (၁၉၀၄–၀၆) အထက်မြန်မာပြည်စီရင်ထုံးမှား၊အတွဲ ၂၊အမွေ၊စာ ၁၅

၁၉၀၄ ဦးသန်း (ကွယ်လွန်သူ ဒေါ်အေး၏ တရားဝင် ကိုယ်စား လှယ်) နှင့် ၁။မခင်လှမြင့် ၂။ဒေါ်သိန်းမေ

သူတို့ရရန်ရှိသောအမွေဝစ္စတို့ကိုရလိုပါက ကျသင့်သည့်ရုံးခွန် ထမ်းဆောင်ရန် လိုပေသည်။ ဦးဗိုးမြနှင့် ဘုန်းတော်ကြီး ရီအိုဗရက် (၂) အမှုကို ကြည့်ပါ။

ထို့ကြောင့် ဤအယူခံကို တစိတ်တဒေသအားဖြင့် ခွင့်ပြု၍ မခင်လှမြင့်အား ဦးအောင်ဒွန်း ကျန်ရစ်သော အမွေပစ္စည်းများ၏ ခြောက်ပုံတစ်ပုံကို ခွဲဝေပေးစေရန် တိုင်းတရားရုံး၏ ပဏာမဒီကရီကို ပြင်ဆင်လိုက်သည်။ နှစ်ဘက် အမှုသည်တို့သည် ဤအယူခံတွင် ကုန်ကျသော တရားစရိတ်များကို မိမိတို့ ကိုယ်တိုင် ကျခံကြစေ။

(၂) ၁၉၃၉ ခုနှစ်၊ ရန်ကုန်စီရင်ထုံးများ၊ စာ ၁၃၄

တရားမ ပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးတင်အောင်နှင့် ဦးမြကျော်တို့ ပါဝင်သောဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဒေါ်သိန်းခင်
နှင့်
ဦးအောင်ကို *

†၁၉၈၄
နိဝင်ဘာ၁၉
၂၃ ရက်

ပြင်ဆင်မှုစီရင်ဝိုင်ခွင့်အရ ချမှတ်သော ဒီကရီကို အယူခံဝင်ရမည်ဟု တရားမကျင့်ထုံးဥပဒေတွင် ပြဋ္ဌာန်းမထားခြင်း။

ဆုံးဖြတ်ချက်။ ။တိုင်း တရားရုံး၏ အမိန့်သည် ဒီကရီ ဖြစ်သည်မှာ အငြင်းမပွားချေ။ မူလမှဆိုင်ရာစီရင်ဝိုင်ခွင့်ကို ကျင့်သုံး၍ ချမှတ်သောဒီကရီကို တရားမကျင့်ထုံး ဥပဒေပုဒ်မ ၉၆ အရ အယူခံဝင်နိုင်သည်။ ထို နည်း တူ အယူခံတွင် ချမှတ်သော ဒီကရီကို အဆိုပါဥပဒေပုဒ်မ ၁၀၀ အရ အယူခံဝင်နိုင်သည်။ သို့ရာတွင် ပြင်ဆင်မှုဆိုင်ရာ စီရင်ဝိုင်ခွင့်အရ ချမှတ်သောဒီကရီကို အယူခံဝင်ရမည်ဟု တရားမကျင့်ထုံးဥပဒေတွင် ပြဋ္ဌာန်းထားခြင်းမရှိချေ။

လျောက်ထားသူအတွက် – ဦးခင်ထွန်း၊ ဗဟိုတရားရုံးရှေ့နေ

လျောက်ထားခံရသူအတွက် – ဦးအုန်းမောင်၊ ဗဟိုတရားရုံးရှေ့နေ

လှိုင်မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၁၇/၇၉ တွင် ဒေါ်သိန်းခင်က ဦးအောင်ကိုအပေါ် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (က) နှင့် (ဂ) တို့အရ တရားစွဲဆိုရာ မြို့နယ် တရားရုံးက အိမ်ရှင်ပေးပို့သော နို့တစ်စာသည် ဥပဒေနှင့် ညီညွတ်မှုရှိ မရှိ ပဏာမ ငြင်းချက် ထုတ်၍ ကြားနာ ပြီးနောက် အိမ်ရှင်အား အသာပေး၍ ဆုံးဖြတ်သည်။ ဦးအောင်ကိုက မြို့နယ်တရားရုံး၏ အမိန့်ကို ပြင်ဆင်ပေးရန် ရန်ကုန်တိုင်းတရားရုံးတွင် လျောက်ထားရာ တိုင်းတရားရုံးက နို့တစ်စာ တရားမဝင်ကြောင်း ကောက်ယူ၍ ဒေါ်သိန်းခင်၏အမှုကို ပလပ်လိုက်သော ကြောင့် ဒေါ်သိန်းခင်က ဗဟိုတရားရုံးတွင် ဤပြင်ဆင်မှုကို လျောက်ထာခြင်း ဖြစ်သည်။

---

* ၁၉၈၄ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၁၃၄

† ၁၉၈၄ ခုနှစ်၊တရားမပြင်ဆင်မှုအမှတ် ၃၄ တွင် ချမှတ်သော (၃၀-၃-၈၄) နေ့စွဲပါ ရန်ကုန်တိုင်းတရားရုံး၏အမိန့်ကို ပြင်ဆင်မှု။

၁၉၀၄
ဒေါ်သိန်းခင်နှင့် ဦးအောင်ကို

လျှောက်ထားခံရသူ၏ ရှေ့နေက တိုင်း တရားရုံးသည် ဒေါ်သိန်းခင်၏ အမှုကို ပလဝ်လိုက်သော အဓိန်မှာ ဒီကရီဖြစ်သောကြောင့် အယူခံဝင်ရမည် ဖြစ်၍ ပြင်ဆင်မှုလျှောက်ထားခြင်းမှာ မှားယွင်းကြောင်း လျှောက်ထားသည်။ တိုင်းတရားရုံး၏အဓိန်သည် ဒီကရီဖြစ်သည်မှာ အငြင်းမပွားချေ။ မူလမှုဆိုင်ရာ စီရင်ပိုင်ခွင့်ကို ကျင့်သုံး၍ ချမှတ်သော ဒီကရီကို တရားမကျင့်ထုံးဥပဒေပုဒ်မ ၉၆ အရ အယူခံဝင်နိုင်သည်။ ထိုနည်းတူ အယူခံတွင် ချမှတ်သောဒီကရီကို အဆိုပါဥပဒေပုဒ်မ ၁၀၀ အရ အယူခံဝင်နိုင်သည်။ သို့ရာတွင် ပြင်ဆင်မှုဆိုင်ရာစီရင်ပိုင်ခွင့်အရ ချမှတ်သောဒီကရီကို အယူခံစီရင်ရမည်ဟု တရားမကျင့်ထုံးဥပဒေတွင် ပြဋ္ဌာန်းထားခြင်းမရှိချေ။

၍အမှုတွင် ဦးအောင်ကိုသည် အချင်းဖြစ်အိမ်၏ မူလပိုင်ရှင်ထံမှ ငှားရမ်းနေထိုင်လာခဲ့ရာ ဒေါ်သိန်းခင်က ထိုအိမ်ကို ထိုပိုင်ရှင်ထံမှ ဝယ်ယူလိုက်သောကြောင့် ဦးအောင်ကို၏အိမ်ရှင်အဖြစ်သို့ ရောက်ရှိသွားခြင်းဖြစ်သည်။ တိုင်းတရားရုံးက ဒေါ်သိန်းခင်သည် အချင်းဖြစ်အိမ်ကို မူလပိုင်ရှင်ထံမှ ဝယ်ယူသည့် ၆–၁–၇၂ နေ့တွင်ဖြစ်စေ၊ ပစ္စည်းလွှဲပြောင်းရယူသည့် ၂၁–၃–၇၂ နေ့တွင် ဖြစ်စေ၊ အိမ်ရှင်ဖြစ်လာသောကြောင့် ထို နေ့ မှ စ၍ ငှားရမ်းသည့် သဘောသက်ရောက်သဖြင့် ၃၀–၆–၇၉ နေ့တွင် အငှားချထားခြင်းကို ရပ်စဲလိုက်ခြင်းမှာ ငှားရမ်းလ၏ နောက်ဆုံးရက်နှင့် မကိုက်ညီသဖြင့် ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၁၀၆ ပါ ပြဋ္ဌာန်းချက်နှင့် မညီညွတ်ကြောင်း ကောက်ယူဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။ ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၅၅ နှင့် ပုဒ်မ ၁၀၉ တို့အရလည်းကောင်း၊ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၂(၀) ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်အရလည်းကောင်း၊ ဒေါ်သိန်းခင်သည် အချင်းဖြစ်ဥပစာကို လွှဲပြောင်းရယူသည့် နေ့တွင် အိမ်ရှင်ဖြစ်လာသည်ဆိုသော အချက်မှာ မငြင်းနိုင်သောအချက် ဖြစ်သည်။ ပစ္စည်းလွှဲပြောင်းရေးအက်ဥပဒေပုဒ်မ ၁၀၉ အရ ဒေါ်သိန်းခင်သည် အိမ်ငှား ဦးအောင်ကိုနှင့် သီးခြားပဋိညာဉ် ချုပ်ဆိုခြင်း မပြုလျှင် ယခင်အိမ်ရှင်၏ အခွင့်အရေးကို ရရှိမည်ဖြစ်သည်။ သို့ဖြစ်ရာ ယခင်အိမ်ရှင်က ဦးအောင်ကိုအား အင်္ဂလိပ် ပြက္ခဒိန်လအလိုက် လဆန်း ၁ ရက်နေ့မှ လကုန်ရက်အထိ ငှားရမ်းခဲ့ခြင်းဖြစ်ပါမူ ဒေါ်သိန်းခင် ပိုင်ရှင်ဖြစ်လာသောအခါ ယင်းစည်းကမ်းချက်အရ ဆက်လက်ငှားရမ်းသည်ဟု အဆိုပါဥပဒေပုဒ်မ ၁၀၉ အရ မှတ်ယူရပေမည်။ အကယ်၍ ဒေါ်သိန်းခင်သည် အချင်းဖြစ်ဥပစာကိုဝယ်ယူပြီးနောက် ဦးအောင်ကိုနှင့် သီးခြား အငှားစာချုပ် ချုပ်ဆိုပါမူ ထိုသို့ ချုပ်ဆိုသည့် အတိုင်း ဖြစ်ပေလိမ့်မည်။ သို့ဖြစ်၍ ဒေါ်သိန်းခင်ဘက်မှ ပေးပို့သော နို့တစ်စာ တရားဝင်မဝင်ဆိုသောအချက်မှာ ဦးအောင်ကိုသည် ယခင်ပိုင်ရှင်ထံမှ အချင်းဖြစ်ဥပစာကို မည်သည့်စည်းကမ်းချက်ဖြင့် ငှားရမ်းခဲ့သည်၊ ဒေါ်သိန်းခင် လက်ထက်တွင် ယင်းစည်းကမ်းချက်ကိုပြင်ဆင်ရန် ပဋိညာဉ်ပြုခဲ့ခြင်း ရှိမရှိ

ဆိုသော အချက်များအပေါ် မူတည်၍ ဆုံးဖြတ်ရမည်ဖြစ်ရာ သက်သေခံ အထောက် အထားများမရှိဟု သက်သေခံ(က)နှိမ့်တစ်စာမှာ တရားဝင် မဝင် **အဆုံးအဖြတ်** ပေးနိုင်မည် မဟုတ်ချေ။

ထို့ကြောင့် ဤပြင်ဆင်မှုကို ခွင့်ပြု၍ တိုင်းတရားရုံးနှင့် မြို့နယ်တရားရုံးတို့၏ အမိန့်များကို ပယ်ဖျက်လိုက်သည်။ မြို့နယ်တရားရုံးသည် နှိမ့်တစ်စာတရားဝင် မဝင်ဟူသော ငြင်းချက်ကို အခြားငြင်းချက်များနှင့်အတူ စစ်ဆေးကြားနာရန် ညွှန်ကြားလိုက်သည်။ ဤပြင်ဆင်မှုအတွက် တရားစရိတ်များကို လျှောက်ထား ခံရသူကပေးရမည်။ ရှေ့နေခ ကျပ် ၅၀/— သတ်မှတ်သည်။

တရားမ ဒုတိယအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးမြကျော်၊ အဖွဲဝင်များအဖြစ် ဦးသန့်စင်နှင့် ဦးတင်အုန်း တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲရှေ့တွင်

†၁၉၀၄ နိုဝင်ဘာလ ၂၇ ရက်

ဒေါ် သိန်းနွဲ့
(၎င်း၏ ကိုယ်စားလှယ် ဦးသွင်)
နှင့်
ဦး ထွန်းလှိုင် ပါ (၃) *

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ဌာနရမ်းခကြီးကြပ်ရေး အက်ဥပဒေ— အိမ်ဌားများအား အကာ အကွယ် ပေးရန် ပြဋ္ဌာန်းထားသော ဥပဒေဖြစ်ခြင်း— အိမ်ဌားအား ပေးအပ်ထားသော အခွင့်အရေး များကို နုတ်သိမ်းရာရောက်သည့်ပြုလုပ်မှုများကို ရှောင်ရှားရခြင်း— တရားရုံးက ပုဒ်မ ၁၅ (၁)အရ လျှောက်ထားသည့်အခါ တရား ဝိုင်က ပုဒ်မ ၁၂ (၁)(က) (ဒုတိယပိုင်း)မှ (၈)ပါ ကိစ္စတစ်ရပ် ရပ် အတွက် ဥပဒေကို အလိုရှိကြောင်း ကန့်ကွက် တင်ပြခြင်းကို လက်ခံအဆုံးအဖြတ် မပြုနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ဌာနရမ်းခကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၂ တွင် ပါရှိသည့် ပြဋ္ဌာန်းချက်များမှာ အိမ်ဌားအား အိမ်ရှင်က ဌာနရမ်းထားသည့် ဥပစာမှ မိမိသဘောဆန္ဒ အလျောက် ဖယ်ရှားခြင်း မပြုနိုင်ရန် ရည်ရွယ်၍ ပြဋ္ဌာန်းထားခြင်း ဖြစ်ပေသည်။ ထို့ကြောင့် ယင်းပြဋ္ဌာန်း ချက်များ၏ အနှစ်သာရနှင့် မညီညွတ်ပဲ တမျိုးတဖုံ ကောက်ယူလျက် အိမ်ဌား အား ပေးထားသော အခွင့်အရေးများကို နုတ်သိမ်းရာ ရောက်သည့် ပြုလုပ်မှု တစ်ရပ်ရပ်ကို ပြုလုပ်လျှင် ဥပဒေ၏ ရည်ရွယ်ချက်ကို အဟောသိကံ ဖြစ်စေ ပေလိမ့်မည်။

ထပ်မံဆုံးဖြတ်ချက်။ ။တရားရုံး အိမ်ဌားက ၁၉၆၀ ပြည့်နှစ်၊ မြို့ပြ ဆိုင်ရာ ဌာနရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၅ (၁)အရ လျှောက်ထား သည့် ကိစ္စတွင် တရားနိုင် အိမ်ရှင်ဘက် မှအဆိုပါဥပဒေပုဒ်မ ၁၂ (၁) (က)

---

* ၁၉၀၃ ခုနှစ်၊ တရားမ ဒုတိယ အယူခံမှုအမှတ် ၅၃

† ၁၉၀၂ ခုနှစ်၊ တရားမ ပထမ အယူခံမှုအမှတ် ၁၆၆ တွင် ချမှတ်သော (၂၁-၃-၀၃) နေ့စွဲပါ မန္တလေးတိုင်း တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

၁၉၇၄
ဒေါ်သိန်းနွဲ့
(ၚင်း၏
ကိုယ်စားလှယ်
ဦးသွင်)
နှင့်
ဦးထွန်းလှိုင်
ပါ(၃)

(ဒုတိယဝိုင်း)မှ (စ)ပါကိစ္စတစ်ရပ်ရပ်အတွက် အငှားချထားသည့် ဥပစာကို အလိုရှိသည်ဟု အကြောင်းပြကာ တရားရှုံး၏ လျောက်ထားချက်အား ကန့်ကွက်တင်ပြခြင်းကို ဒီကရီ အတည်ပြုသည့် တရားရုံးက လက်ခံ အဆုံးအဖြတ် မပြုနိုင်။

အယူခံ တရားလို အတွက် –ဦးညွှန့်မြင့်၊ မဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင်များ အတွက်–ဦးဇေယျာမောင်၊ မဟိုတရားရုံးရှေ့နေ

မလှိုင်မြို့နယ်တရားရုံး၊ တရားမဇာရီမှုအမှတ် ၄/၀၂ တွင် အယူခံတရားလို ဒေါ်သိန်းနွဲ့က တရားနိုင်အဖြစ်ဖြင့် အယူခံတရားပြိုင် ဦးထွန်းလှိုင် ဒေါ်ကျန်နှင့် မောင်ဇင်ဦးတို့အပေါ် အဆိုပါ တရားရုံး၊ တရားမကြီးမှုအမှတ် ၄/၇၆ တွင် ချမှတ်ထားသော ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (က) အရ နှင်လိုမှု ဒီကရီကို အတည်ပြုသော အခါ တရားရှုံးများက ငှားရမ်းခ အကြွေးများကို ပေးဆပ်မည်ဟု တင်ပြကာ ဒီကရီကို အတည်မပြုပဲ ဆိုင်းငံ့ထားစေရန် အဆိုပါ ဥပဒေပုဒ်မ ၁၅ (၁) အရ လျောက်ထားသည်။ ထိုအခါ တရားနိုင် ဒေါ်သိန်းနွဲ့က အချင်းဖြစ်မြေကို အိမ်ထောင်ကွဲ သားသမီးများအတွက် လိုအပ်သည့် ဖြစ်၍ တရားရှုံးတို့၏ လျောက်ထားချက်ကို ပယ်ချရန် ကန့်ကွက်သည်။ မြို့နယ်တရားရုံးက တရားနိုင်၏ ကန့်ကွက်ချက်ကို လက်ခံ၍ တရားရှုံးတို့ လျောက်ထားသည့် လျောက်လွှာကို ပလပ်လိုက်လေသည်။ ထိုအခါ ဦးထွန်းလှိုင်တို့က မြို့နယ်တရားရုံး၏ အမိန့်ကို မန္တလေးတိုင်းတရားရုံးတွင် အယူခံဝင်သည်။ တိုင်းတရားရုံးက မြို့နယ်တရားရုံး၏ အမိန့်ကို ပယ်ဖျက်ပြီး ဦးထွန်းလှိုင်တို့ လျောက်ထားသည့်အတိုင်း ခွင့်ပြုလိုက်သောကြောင့် တရားနိုင် ဒေါ်သိန်းနွဲ့က သူ၏ ကိုယ်စားလှယ် ဦးသွင်မှ တဆင့် မဟိုတရားရုံးတွင် ၎အယူခံကို တင်သွင်းခြင်း ဖြစ်သည်။

ဇာရီမှုတွင် ဒေါ်သိန်းနွဲ့၏ ကန့်ကွက်လွှာ အပိုဒ် (၂)၌ အောက်ပါအတိုင်း ဖော်ပြထားသည် –

> "တရားနိုင်၏သားသမီး (၅)ဦးမှာလည်း အိမ်ထောင်ကျနေပြီး နေထိုင်ရန်ဝိုင်းမြေလိုအပ်နေပါသည်။ အိမ်ထောင်ကွဲသားသမီးများအတွက် ဝိုင်းမြေလိုအပ်နေ၍ တရားရှုံးတို့အား အချင်းဖြစ် ဝိုင်းမြေမှ ၎င်းတို့အဆောက်အဦကို ဖျက်၍ ထွက်ခွာသွားစေရန် အမိန့်ဒီကရီကို အတည်ပြုပေးပါရန် လျောက်ထားပါသည်။"

၁၉၀၄ ဒေါ်သိန်းနဲ့ (၎င်း၏ ကိုယ်စားလှယ် ဦးသွင်) နှင့် ဦးထွန်းလှိုင် ပါ(၃)

ဤဇော်ပြုချက်အရဆိုလျှင် တရားနိုင် ဒေါ်သိန်းနဲ့သည် အချင်းဖြစ်မြေကို အဆောက်အအုံ ဆောက်လုပ်ရန်အတွက် လိုအပ်ကြောင်း ထုချေခဲ့ခြင်းမရှိကြောင်းပေါ်ပေါက်သည်။ အချင်းဖြစ်ဥပစာမှာ မြေဖြစ်သဖြင့် ၁၉၆၀ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂(၁)(စ)တွင် အကျုံးဝင်သောဥပစာမျိုးမဟုတ်၍ယင်းဥပစာကို နေထိုင်ရန်အတွက် ရယူလိုကြောင်း၊ ယင်းပုဒ်မအရ အရေးဆိုခွင့်မရှိချေ။ သို့သော် အယူခံတရားလိုတို့၏ ရှေ့နေက အချင်းဖြစ်မြေကို အိမ်ဆောက်ရန်အတွက် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂(၁)(ဃ) အရ ရယူလိုပါသည်ဟု တင်ပြလျှောက်ထားလာသည်။

အယူခံတရားပြိုင်တို့၏ ရှေ့နေက မြေရှင် ဒေါ်သိန်းနဲ့သည် အချင်းဖြစ်မြေကို အဆိုပါဥပဒေပုဒ်မ ၁၂(၁)(ဃ) အရ အိမ်ဆောက်ရန် အတွက် အလိုရှိပါမူ သီးခြား တရားတထုံး စွဲဆိုရန် ဖြစ်ကြောင်း၊ ဤအမှုမှာကဲ့သို့ မြေကို အိမ်ဆောက်ရန် အတွက် အလိုရှိသည်ဟု တင်ပြခံမှုဖြင့် လက်ခံရန် မသင့်ကြောင်း အကျယ်တဝင့် တင်ပြလျှောက်ထားသည်။ ထိုအခါ အယူခံတရားလို၏ ရှေ့နေက အိမ်ငှားဖြစ်သူသည် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၅(၁) အရလျှောက်ဆားလာသည့် အခါတွင် အိမ်ရှင်ဖြစ်သူက အချင်းဖြစ်ဥပစာကို အဆိုပါဥပဒေပုဒ်မ ၁၂(၁)(က)(ခုတိယပိုင်း) မှ (စ)တွင် ဖော်ပြထားသော ကိစ္စတစ်ရပ်ရပ်အတွက် ဥပစာကို အလိုရှိကြောင်း အကြောင်းပြ၍ တရားရုံး အိမ်ငှား၏ လျှောက်လွှာကို ခုခံချေပခွင့်ရှိသည်ဟု ဗိုင်ချူးအန်နှင့် ကုဗ္ဗာနှင့် ချန်ဆင်ချောင်(၁) စီရင်ထုံးတွင် ပြဆိုထားကြောင်း ဖြေကြား လျှောက်ဆားသည်။

၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(က)(ပထမပိုင်း) အရ ချမှတ်ထားသည့် ဒီကရီကို အတည်ပြုသော အခါ တရားရုံးအိမ်ငှားက ယင်းဒီကရီကို အဆိုပါဥပဒေပုဒ်မ ၁၅(၁)အရ ဖျက်သိမ်းပေးရန် လျှောက်ထားလာလျှင် တရားနိုင် အိမ်ရှင်က တရားရုံး အိမ်ငှားသည် ငှားရမ်းခြင်းဆိုင်ရာ တာဝန်ကို ဖောက်ဖျက်ခြင်းကြောင့် ဒီကရီကိုဖျက်သိမ်းမပေးသင့်ဟု ခုခံတင်ပြနိုင်ကြောင်း ဟာရီအမ္ဘဒ္ဒရကူးခန်နှင့် ဖျက်သိမ်းရေးအဆုံးရှိ၊ မြန်မာနိုင်ငံထုတ်ဝေသူများလီမိတက်(၂) အမှုတွင်လည်းကောင်း၊ တရားနိုင် အိမ်ရှင်က အငှားချထားသည့် ဥပစာကို

---

(၁) ၁၉၄၉ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ၊စာ ၀၆(တရားလွှာတော်ချုပ်)
(၂) ၁၉၆၀ ပြည့်နှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ၊စာ ၂၉၄(တရားလွှာတော်)

၁၉၇၄
ဒေါ်သိန်းနွဲ (၎င်း၏ ကိုယ်စားလှယ် ဦးသွင်) နှင့် ဦးထွန်းလှိုင် ပါ(၃)

အဆောတ်အအုံ ဆောက်လုပ်ရန်အတွက် အလိုရှိရှု ဒီကရီကိုဖျက်သိမ်းမပေးသင့်ဟုခုခံ တင်ပြနိုင်ကြောင်း **မောင်ချစ်ဝေနှင့် ဦးကျော်ရှိန် ပါ ၂ (၃)** အမှုတွင်လည်းကောင်း၊ တရားနိုင် အိမ်ရှင်က အငှားချထားသည့် ဥပစာကို မိမိကိုယ်တိုင်နေထိုင်လိုသဖြင့် ဒီကရီကိုဖျက်သိမ်းမပေးသင့်ဟု တင်ပြခုခံနိုင်ကြောင်း **ဒေါ်လှမေနှင့် ဦးဆီရင်** (၄) အမှုတွင်လည်းကောင်း ထုံးဖွဲ့ထားသည်ကို တွေ့ရသည်။ ဤစီရင်ထုံးများအရဆိုလျှင် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂ (၁) (က) (ဒုတိယပိုင်း) မှ (စ) ပါ ပြဋ္ဌာန်းချက်များကို အိမ်ရှင်က စွဲဆိုသောတရားမမှုတွင် တိုက်စစ်အဖြစ်သာမက အိမ်ငှားဖြစ်သူက အဆိုပါဥပဒေပုဒ်မ ၁၅ (၁) အရ ဒီကရီကို ဖျက်သိမ်းပေးရန် လျှောက်ဆားသော အမှုတွင် ခံစစ်အဖြစ်လည်း အသုံးပြုနိုင်မည်ဖြစ်သည်။

မိတ္ထီလာမြို့၊ ယခင်မြို့နယ်တရားမရုံး၊ တရားမဇာရီမှုအမှတ် ၂၃/၆၂ တွင် တရားနိုင် ဒေါ်တင်တင်ပါ(၄)ဦးတို့က တရားရှုံးဦးစံကြည့်အေပါ် အဆိုပါ တရားရုံး၊ တရားမကြီးမှုအမှတ် ၀/၆၁ ၌ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂ (၁) (က) အရ ရရှိထားသည့် နှင်လိုမှုဒီကရီကို အတည်ပြုသောအခါ ဦးစံကြည်က မြေလခအကြွေးများကို အရစ်ကျ ပေးဆပ်နှင့်ပြုရန် အဆိုပါဥပဒေပုဒ်မ ၁၅ (၁) အရ လျှောက်ထားသည်။ ထိုအခါ တရားနိုင်တို့ ဘက်မှ အချင်းဖြစ်မြေကို အဆောက်အအုံ ဆောက်လုပ်ရန်အတွက် အလိုရှိကြောင်း ကန့်ကွက်တင်ပြရာ မူလရုံးကတရားနိုင်တို့၏ထုခွေချက်ကိုလက်ခံပြီး ဦးစံကြည်၏ လျှောက်လွှာကို ပလပ်လိုက်သည်။ ဦးစံကြည်ကမူလရုံး၏အမိန့်ကို ယခင်နိုင်ငံတော်တရားရုံးချုပ်အထိ အဆင့်ဆင့် အယူခံဝင်ခဲ့သော်လည်း မအောင်မြင်ခဲ့။

ထို့နောက် ဦးစံကြည်အား မြေမှဖယ်ရှားရှု အချင်းဖြစ်မြေကို တရားနိုင်တို့အား လက်ရောက်ပေးအပ်လိုက်သည်။ မြေကို လက်ရောက်ပေးအပ်သည့် အမိန့်ကို **မကျေနပ်သဖြင့် ဦးစံကြည်နှင့် ဒေါ်တင်တင် ပါ – ၄ (၅)** အမှုတွင် ဦးစံကြည်က အယူခံဝင်သောအခါ ဗဟိုတရားရုံးက အောက်ပါအတိုင်းသုံးသပ်သည် –

> "အယူခံတရားလို၏ အကျိုးဆောင်က တရားနိုင်တို့သည် အချင်းဖြစ်မြေကို အိမ်ဆောက်ရန်အတွက် အလိုရှိကြောင်း မြို့နယ်တရားရုံးတွင် တင်ပြခဲ့သည်ဖြစ်ရာ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး

---

(၃) ၁၉၅၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ၊ စာ ၁၉၉ (တရားလွှတ်တော်)
(၄) ၁၉၅၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ၊ စာ ၂၃ (တရားလွှတ်တော်)
(၅) ၁၉၈၁ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ်၊ ၄၀

၁၉၇၄
ဒေါ်သိန်းနွဲ့ (ၚင်း၏ ကိုယ်စားလှယ် ဦးသွင်) နှင့် ဦးထွန်းလှိုင် ပါ(၃)

အက်ဥပဒေပုဒ်မ ၁၂ (၁) (ဃ) အရ လိုအပ်သည့်ခံဝန်ချုပ်ဆို ပြီးမှသာ တရားရှုံးဦးစံကြည်အား ယင်းမြေမှ ဖယ်ရှားပေးရမည်ဖြစ် ပါလျက် အဆိုပါ ခံဝန်ချုပ်ကိုချုပ်ဆိုခြင်းမပြုပဲ ၁၃-၂-၇၁ နေ့က ဦးစံကြည်အား မြေမှဖယ်ရှားခဲ့ကြောင်း၊ တရားနိုင်တို့သည် အချင်းဖြစ် မြေကို အခြားသူတို့အား ရောင်းစားခဲ့ကြောင်း၊ သို့သော် ခံဝန်ချုပ် ဆိုခဲ့ခြင်းမရှိ၍ ဦးစံကြည်အနေဖြင့် အရေးယူဆောင်ရွက်ခြင်း မပြုနိုင်ခဲ့ ကြောင်းစသည်ဖြင့် တင်ပြလျောက်ထားသည်။ ဤအမှုတွင် အယူခံ တရားပြိုင်တို့သည် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (ဃ) အရ ဒီကရီရရှိခဲ့ခြင်းမရှိချေ။ အဆိုပါ ဥပဒေပုဒ်မ ၁၂ (၁) (က) အရ ရရှိထားသည့် ဒီကရီကို အတည်ပြု သောအခါ တရားရှုံး ဦးစံကြည်က ပုဒ်မ ၁၅ (၁) အရ လျှောက် ထားသဖြင့် တရားနိုင်တို့ဘက်မှ အချင်းဖြစ် မြေကို အိမ်ဆောက်ရန် အတွက် အလိုရှိသည်ဟု အကြောင်းပြကာ ပုဒ်မ ၁၅ (၁) အရ လျှောက်လွှာကို ခွင့်မပြုသင့်ကြောင်း တင်ပြ ကန့်ကွက် ခဲ့ခြင်းသာဖြစ် သည်။ ဇာရီတရားရုံးက ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီး ကြပ်ရေးအက်ဥပဒေပုဒ်မ ၁၅ (၁) အရ လျှောက်ထားသော ဦးစံ ကြည်၏လျှောက်လွှာကို ပလပ်ခဲ့သော်လည်း ပုဒ်မ ၁၂ (၁) (ဃ) အရ ဒီကရီ ချမှတ်ခဲ့ခြင်းမရှိချေ။ အယူခံရုံး အဆင့်ဆင့်တို့ကလည်း ပုဒ်မ ၁၂ (၁) (ဃ) အရ ခံဝန်ချုပ်ဆိုရန် လိုအပ်သည်ဟု အဆုံး အဖြတ်ပေးထားခြင်းလည်း မရှိချေ။ ဤအခြေအနေတွင် ခံဝန်ချုပ်ဆို ခြင်းမပြုသည်ကို အကြောင်းပြပြီး မြို့နယ်တရားရုံးက မြေအပ်ဝရမ်း ထုတ်ဆင့်သည့်အမိန့်မှာ မှားယွင်းချွတ်ချော်သည်ဟု မဆိုနိုင်ပေ။''

အိမ်ငှားတစ်ဦးအား ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (ဃ) (c) နှင့် (စ) တို့အရ နှင်ထုတ်သည့် ဒီကရီချမှတ်ရာတွင် အိမ်ရှင်ဖြစ်သူသည် ယင်းပုဒ်မခွဲ တစ်ရပ်ရပ်အရ လိုအပ် သည့် ခံဝန်ကို ချုပ်ဆိုရန် လိုအပ်ပေသည်။ အိမ်ရှင်သည် မိမိချုပ်ဆိုသည့် ခံဝန်ချုပ်ပါ စည်းကမ်းချက်များကို ဖောက်ဖျက်လျှင် တရားရုံးက အဆိုပါ ဥပဒေပုဒ်မ ၁၂ (၂) နှင့် (၃) တို့အရ အိမ်ရှင်အပေါ် အရေးယူ ဆောင် ရွက်နိုင်သည်။

စာရေးနိုင် အိမ်ရှင်က အငှားချထားသည့် ဥပစာကို ၁၉၆၀ ပြည့်နှစ် မြို့ပြ ဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (ဃ) (c) သို့မဟုတ် (စ) အရ အလိုရှိသည်ဟူသော အကြောင်းပြချက်ကို လက်ခံ၍ အဆိုပါ ဥပဒေပုဒ်မ ၁၅ (၁) အရ တရားရုံး အိမ်ငှား၏ လျှောက်ထား ချက်ကို ပလပ်ရာတွင် ဒီကရီကို အတည်ပြုသော တရားရုံးသည် အိမ်ရှင်အား

အဆိုပါ ဥပဒေပုဒ်မ ၁၂ (၁) (ဃ) (c) သို့မဟုတ် (စ) အရ ခံဝန်ချုပ်ဆို စေခြင်း မပြုနိုင်။ အခြားငှားမူ အတည်ပြုလျက်ရှိသော ဒီကရီသည် ပုဒ်မ ၁၂ (၁) (က) (ပထမပိုင်း) အရ ချမှတ်ထားသော ဒီကရီဖြစ်သည့်အပြင် တရားနိုင် အိမ်ရှင်၏ ကန့်ကွက်ချက်ကို လက်ခံပြီး တရားရုံး၏လျှောက်ထား ချက်ကို ပယ်လိုက်ရုံမျှဖြင့် ယင်းဒီကရီသည် ပုဒ်မ ၁၂ (၁) (ဃ) (c) သို့မဟုတ် (စ) အရ ချမှတ်သော ဒီကရီအဖြစ်သို့ ပြောင်းလဲ မသွားနိုင်ချေ။ ဦးစံကြည် အမှုတွင် အိမ်ရှင်တရားနိုင်တို့ ဘက်မှ ပုဒ်မ ၁၂ (၁) (ဃ) အရ ခံဝန်မချုပ်ဆိုရခြင်းကြောင့် အချင်းဖြစ်မြေကို လက်ဝယ်ရရှိပြီးနောက် တရား နိုင်တို့သည် အခြားသူတို့အား ရောင်းစားရန် အခွင့်အရေးရရှိခဲ့ခြင်းဖြစ်သည်။ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေသည် အိမ်ရှင် များက အိမ်ငှားများအား ငှားရမ်းထားသည့် ဥပစာများမှ မိမိသဘောဆန္ဒ အလျောက် ဖယ်ရှားခြင်း မပြုနိုင်စေရန် အလို့ငှာ အကာအကွယ်ပေးသော ဥပဒေဖြစ်ပေသည်။ တရားရုံးအိမ်ငှားက အဆိုပါ ဥပဒေပုဒ်မ ၁၅ (၁) အရ လျှောက်ထားလာရာတွင် တရားနိုင် အိမ်ရှင်ဘက်မှ အဆိုပါ ဥပဒေပုဒ်မ ၁၂ (၁) (က) (ဒုတိယပိုင်း) မှ (စ) တွင် ဖော်ပြထားသော ကိစ္စတစ်ရပ်ရပ်ကို ဖော်ပြကာ တရားရုံး၏ လျှောက်ထားချက်ကို ခုခံချေပခွင့် ပြုလိုက်လျှင် အိမ်ငှားများ၏ အခွင့်အရေးကို အကာအကွယ်ပြုရန် ရည်ရွယ် ပြဋ္ဌာန်းထား သော ဥပဒေ၏ အကျိုးကျေးဇူးများကို အိမ်ငှားများ အနေဖြင့် ဦးစံကြည် နည်းတူ လက်လွတ်ဆုံးရှုံးရန် အကြောင်းရှိပေသည်။

တိုင်ချူးအန်နှင့်ကုမ္ပဏီအမှုတွင်တရားလွှတ်တော်ချုပ်က စာမျက်နှာ ၉၃ နှင့် ၉၄ တို့တွင် အောက်ပါအတိုင်း သုံးသပ်သည် –

> "According to the learned counsel section 11(1)(f) does not apply to a case where a tenant applies to have the order of ejectment passed against him rescinded of discharged. It is true that the Act is silent on this point but the general principle is that where there is an obligation there is always an implied remedy or relief. As pointed out above, the whole object of the Act is to give relief not only to tenants but to owners as well under certain circumstances, and if relief were to be denied under section 11(1)(f) where the tenant applied to have the order of ejectment passed against him rescinded it would mean not only frustrating the object of the Act but a denial of justice to the owner. The legislature, in framing

၁၉၀၄

ဒေါ်သိန်းနွဲ (ငှင်း၏ ကိုယ်စားလှယ် ဦးသွင်) နှင့် ဦးထွန်းလှိုင် ပါ(၃)

the Urban Rent Control Act, 1948, never intended to have such a result as contended for by the learned counsel for the appellant company. We are clearly of opinion that section 11(1)(f) can not only be used, so to speak, for the purpose of offence in a suit filed by the owner but also as a shield in a case where the tenant applies to have the order of ejectment passed against him discharged or rescinded."

ဦးသန်းညွန့် ပါ ၂ နှင့် ဦးသိန်း ပါ ၂ (၆) အမှုတွင် အောက်ပါ အတိုင်း ထုံးဖွဲ့ထားသည် –

"မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေသည် အဓိက အားဖြင့် အိမ်ငှားများကို အကာအကွယ် ပေးရန် ပြဋ္ဌာန်းထားသော ဥပဒေဖြစ်သည်။ တဘက်သတ် အခွင့်အရေး ပေးရန် မဟုတ်သော်လည်း ပုဒ်မ ၁၂ သည် အိမ်ငှားအား အိမ်ရှင်၏ နှင်ထုတ်ဖယ်ရှားခြင်းမှ အကာအကွယ် ပေးထားသည့် ပြဋ္ဌာန်းချက်ဖြစ်သည်။"

မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၂ တွင် ပါရှိသည့် ပြဋ္ဌာန်းချက်များမှာ အိမ်ငှားအား အိမ်ရှင်ကငှားရမ်းထားသည့် ဥပစာမှ မိမိသဘောဆန္ဒအလျောက် ဖယ်ရှားခြင်း မပြုနိုင်ရန် ရည်ရွယ်၍ ပြဋ္ဌာန်းထားခြင်း ဖြစ်ပေသည်။ ထို့ကြောင့် ယင်းပြဋ္ဌာန်းချက်များ၏ အနှစ်သာရနှင့် မညီညွတ်ဝဲတမျိုးတဖုံ ကောက်ယူလျက် အိမ်ငှားအား ပေးထားသော အခွင့်အရေးများကို နုတ်သိမ်းရာ ရောက်သည့် ပြုလုပ်မှုတစ်ရပ်ရပ်ကို ပြုလုပ်လျှင် ဥပဒေ၏ ရည်ရွယ်ချက်ကို အဟောသိကံ ဖြစ်စေပေလိမ့်မည်။

အိမ်ရှင်သည် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက် ဥပဒေပုဒ်မ ၁၂ (၁) (က) (ဒုတိယဝိုင်း) မှ (စ)တွင် ဖော်ပြထားသော ကိစ္စတစ်ရပ်ရပ်အတွက် အိမ်ငှားအား ဖယ်ရှားပေးစေရန် စွဲဆိုရာတွင် ခိုင်လုံသည့် အထောက်အထား တင်ပြရန်လိုပေသည်။အဆိုပါဥပဒေပုဒ်မ ၁၅(၁) အရ တရားရုံး အိမ်ငှားက လျော်ကထားသည့် အမှုတွင် တရားခိုင်အိမ်ရှင်ဘက်မှ ယင်းကိစ္စတစ်ရပ်ရပ်ကို ဖော်ပြကာခုခံချေပရာ၌ ဒီကရီအတည်ပြုသည့် တရားရုံးက တရားခိုင်အိမ်ရှင်၏ခုခံချေပချက် မှန်မမှန် စုံစမ်းစစ်ဆေးခြင်း မပြုပဲ ၎င်အမှုမှာကဲ့သို့ တရားရုံး အိမ်ငှား၏ လျော်ကထားချက်နှင့်

(၆) ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံတရား စီရင်ထုံးများ၊ စာ-၁၁၀၁

၁၉၀၄
ဒေါ်သိန်းခွဲ (၎င်း၏ ကိုယ်စားလှယ် ဦးသွင်) နှင့် ဦးထွန်းလှိုင် ပါ (၃)

တရားနိုင် အိမ်ရှင်၏ တင်ပြချက်တို့ကို စိစစ်အဆုံးအဖြတ် ပေးလေ့ရှိကြောင်း တွေ့ရသည်။ သို့ဖြစ်ရာ တရားနိုင် အိမ်ရှင်သည် သီးခြား တရားတထုံး မစွဲဆိုရဲဲ့ တရားရုံး အိမ်ဌားအား လွယ်လွယ် နှင်ထုတ်ခွင့် ရရှိသည့် သဘော သက်ရောက်နေပေသည်။

အိမ်ရှင်သည် အထက်ဖော်ပြပါ ဥပဒေပုဒ်မ ၁၂ (၁) (က) (ဒုတိယ ပိုင်း) မှ (စ) ပါ ကိစ္စတစ်ရပ်ရပ်အတွက် အိမ်ဌားအား ဖယ်ရှားပေးစေရန် စွဲဆိုရာ၌ သတ်မှတ်ထားသည့် ရုံးခွန်တမ်းဆောင်ရသည်။ အိမ်ဌား တရားရုံး က အဆိုပါ ဥပဒေပုဒ်မ ၁၅ (၁) အရ လျှောက်ထားသည့် ကိစ္စကို တရားနိုင် အိမ်ရှင်က အထက်ဖော်ပြပါ ကိစ္စတစ်ရပ်ရပ်ကို ရည်ညွှန်းပြီး၏ ခုခံချေပရာတွင် ရုံးခွန်ထမ်းဆောင်ရခြင်း မရှိချေ။ ဤအခြေအနေတွင် အိမ်ရှင်ဘက်မှ အစစ အရာရာ အသာစီးရသည့် သဘောဆောင်နေပေသည်။

တိုင်ချူးအန်နှင့် ကုမ္ပဏီ အမှုတွင် ညွှန်ပြထားသည့် အတိုင်း တရားရုံး အိမ်ဌားက ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ဌားရမ်းခကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၅ (၁) အရ လျှောက်ထားရာတွင် အိမ်ရှင်ဘက်မှ ပုဒ်မ ၁၂ (၁) (က) (ဒုတိယပိုင်း) မှ (စ) တွင် ဖော်ပြထားသော ကိစ္စတစ်ရပ်ရပ်ကို ဖော်ပြကာ ထုချေနိုင်ကြောင်း ယင်းဥပဒေတွင် ပြဋ္ဌာန်းထားခြင်း မရှိချေ။

အထက်ဖော်ပြပါ အကြောင်းများကြောင့် တရားရုံးအိမ်ဌားက ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ဌားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၅ (၁) အရ လျှောက်ထားသည့် ကိစ္စတွင် တရားနိုင် အိမ်ရှင်ဘက်မှ အဆိုပါ ဥပဒေပုဒ်မ ၁၂ (၁) (က) (ဒုတိယပိုင်း) မှ (စ) ပါ ကိစ္စတစ်ရပ်ရပ်အတွက် အငှား ချထားသည့် ဥပစာကို အလိုရှိသည်ဟု အကြောင်းပြကာ တရားရုံး၏ လျှောက်ထားချက်အား ကန့်ကွက်တင်ပြခြင်းကို ဒီကရီအတည်ပြုသည့် တရား ရုံးက လက်ခံ အဆုံးအဖြတ် မပြုနိုင်ဟု ယူဆသည်။ တရားနိုင် အိမ်ရှင်သည် သီးခြား တရားတထုံး စွဲဆိုခွင့် ရှိသည်ဖြစ်၍ သူ၏ကန့်ကွက်ချက်ကို လက်မခံ ရုံမျှဖြင့် နစ်နာရန် အကြောင်းမရှိချေ။

ထို့ကြောင့် ဤအယူခံကို ပလပ်လိုက်သည်။ စရိတ်မရှိ။

တရားမ ပထမ အယူခံမှု

ဥက္ကဋ္ဌအဖြစ်ဦးတင်အုန်း၊ အဖွဲ့ဝင်များအဖြစ်ဦးတင်အောင်နှင့်ဦးမြကျော်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

†၁၉၀၄
ဒီဇင်ဘာလ
၅ ရက်

ဒေါ်သိန်းမြ

နှင့်

ဒေါ်ကျင်(ခ)အကျင် *

မြန်မာဓလေ့ထုံးတမ်းဥပဒေ—မယားဖြစ်သူသည် သူတပါးနှင့်ဖောက်ပြန်ကြောင်း သက်သေထင်ရှားပြနိုင်မှ လင်ဖြစ်သူက နှစ်ပါးစုံဖစ္စည်းကို သိမ်းယူပိုင်ခွင့်ရှိခြင်း။

ဆုံးဖြတ်ချက်။ မြန်မာဓလေ့ ထုံးတမ်းဥပဒေတွင် မယားဖြစ်သူသည် သူတပါးနှင့် ဖောက်ပြန်သည်ဟုဆိုရုံမျှဖြင့် လင်ယောကျ်ားဖြစ်သူက နှစ်ဦးပိုင်ပစ္စည်းများကို သိမ်းယူထားပိုင်ခွင့်မရှိပေ။ လင်သည် တရားရုံး၌ ကွာလိုမှုစွဲဆိုပြီး မယား၌ အပြစ်ရှိကြောင်း ထင်ရှားအောင် ပြဆိုရပေမည်။ သို့တည်း မဟုတ် လင်သည် မယားထံမှ အပြစ်ရှိကြောင်း ဝန်ခံချက်ကို ရယူပြီးနောက် နှစ်ဦး သဘောတူညီမှုဖြင့် လင်က နှစ်ပါးစုံပစ္စည်းကို သိမ်းယူ ပြီး လင် ခန်း မယားခန်း ပြတ်စဲနိုင်ခွင့်ရှိပေသည်။

အယူခံတရားလိုအတွက် — ဦးချစ်လှိုင် (ဗိုလ်တထောင်)
ဗဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင်အတွက် — ဒေါ်စန်းတင့်၊ ဗဟိုတရားရုံးရှေ့နေ

ရန်ကုန်တိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၄၇/၇၉ (မဂ်လာဒုံ) တွင် အယူခံတရားလို ဒေါ်သိန်းမြက အယူခံတရားပြိုင် မကျင်(ခ)အကျင် အပေါ် အချင်းဖြစ်ပစ္စည်းများ ပိုင်ဆိုင်ကြောင်း မြွက်ဟကြေငြာပေးရန်နှင့် နှောင့်ယှက်ခြင်းမပြုလုပ်စေရန် ထာဝစဉ် တားဝရမ်းထုတ်ပေးစေလိုမှု စွဲဆိုရာ မအောင်မြင်သဖြင့် ဗဟိုတရားရုံး၌ ဤပထမအယူခံကို တင်သွင်းသည်။

---

* ၁၉၀၃ ခုနှစ် တရားမ ပထမ အယူခံမှုအမှတ် ၄၃

† ၁၉၇၉ ခုနှစ်၊ တရားမကြီးမှု အမှတ် ၄၇ တွင် ချမှတ်သော (၂၇-၁၂-၀၂) နေ့စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

၁၉၀၄
ဒေါသိန်းမြနှင့် ဒေါကျင်(ခ) အကျင်

မူလရုံးတရားလို ဒေါသိန်းမြက ဦးချစ်ထွေးသည် မိမိအား ၎င်းနေထိုင်ရာ အိမ်ရှိ ပစ္စည်းအားလုံး၊ ရွှေ ငါးကျပ်သား၊ နွားနှစ်ကောင်၊ မြောက်ဘက်ရှိ တိုက်၊ ၎င်းနေထိုင်သည့်အိမ်တည်ရာမြေနှင့် နွားတင်းကုတ်နှင့်လယ်မြေ ၅ ကေ တို့ကို ခန်းဝင်ပစ္စည်းအဖြစ် တင်သွင်းပြီး မြန်မာခေလေ့ ထုံးတမ်းဥပဒေနှင့် အညီ လက်ထပ်ထိမ်းမြားခဲ့ကြောင်း၊ ဦးချစ်ထွေးတွင် မယား ၄ ဆက်ရှိရာ တတိယ ဇနီး မကျင် (ခ) အကျင်မှာ အိမ်ထောင်ရေးပြစ်မှု ကျူးလွန်သော ကြောင့် ကွာရှင်းခဲ့ပြီးဖြစ်၍ ဦးချစ်ထွေးကျန်ရစ်သည့် ပစ္စည်းတွင် တစုံတရာ ခံစားခွင့်မရှိသောကြောင့် မကျင် (ခ) အကျင်သည် ၎င်းမိုင်ဆိုင်သည့်မြေ ပေါ်သို့ ကျူးကျော်၍ အိမ်ဆောက်ခြင်း၊မောင်ဖြစ်သူအား မယားတစ်ယောက် နှင့် အိမ်ဆောက်နေထိုင်စေခြင်း စသည်ဖြင့် ကျူးလွန်စော်ကားလျက်ရှိသဖြင့် ၎င်အမှုစွဲဆိုရန်အကြောင်းအရာ ပေါ်ပေါက်ကြောင်း စသည်ဖြင့် အဆိုပြုကာ မကျင် (ခ) အကျင်အပေါ် တရားစွဲဆိုသည်။

မကျင် (ခ) အကျင်က အိမ်ထောင်ရေး ပြစ်မှု ကျူးလွန်သည် ဆိုခြင်းကို ငြင်းဆိုပြီး မြေမှာ မိမိအမည်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားကြောင်း၊မြောက်ဘက်ရှိ တိုက်ကိုလည်း ဦးချစ်ထွေးကိုယ်တိုင်က မိမိအား မှတ်ပုံတင်စာချုပ်ဖြင့် အပြီး အပိုင် ပေးထားပြီးဖြစ်ကြောင်း၊ ဦးချစ်ထွေးက ထိုမြေနှင့်တိုက်ကို ဒေါသိန်းမြ အား ခန်းဝင်ပစ္စည်းအဖြစ် ပေးခဲ့သည်ဆိုလျှင်လည်း တရားမဝင်အတည်မဖြစ် ကြောင်းစသည်ဖြင့် ထုချေသည်။

သက်သေခံ (၁)နှင့်(၂) မှတ်ပုံတင်စာချုပ်များအရ အချင်းဖြစ် မြေနှင့် မြောက်ဘက်ရှိ တိုက်တို့မှာ ဦးချစ်ထွေး၏ တတိယဇနီးဖြစ်သူ တရားပြိုင်မကျင် (ခ)အကျင် အမည်ဖြင့် ရှိနေကြောင်း ပေါ်ပေါက်သည်။ အဆိုပါ မြေနှင့် တိုက်ကို ဦးချစ်ထွေးက စတုတ္ထဇနီးဖြစ်သူ ဒေါသိန်းမြအား လက်ထပ်စဉ်က ခန်းဝင်ပစ္စည်းအဖြစ် တင်သွင်းခဲ့ခြင်း ဖြစ်သည်ဟု ဆိုသော်လည်း မှတ်ပုံတင် စာချုပ်ဖြင့် တင်သွင်းခြင်းမဟုတ်ပဲ နှုတ်ဖြင့်သာ တင်သွင်းခဲ့ခြင်းဖြစ်၍ ခန်းဝင် ပစ္စည်းအဖြစ် တင်သွင်းခြင်းမှာ တရားဝင် အတည်ဖြစ်သည်ဟု မဆိုနိုင်ပေ။ တရားပြိုင် မကျင် (ခ) အကျင်သည် အိမ်ထောင်ရေးပြစ်မှု ကျူးလွန်ခဲ့သူဖြစ်၍ ယင်း၏ပိုင်ဆိုင်ခွင့်များကို စွန့်လွှတ်ဆုံးရှုံးခဲ့သူ ဖြစ်သောကြောင့် အချင်းဖြစ် မြေနှင့်တိုက်တို့တွင် ပိုင်ဆိုင်ခွင့် မရှိတော့ကြောင်း တရားလို ဒေါသိန်းမြက တင်ပြခဲ့သော်လည်း မြန်မာခေလေ့ ထုံးဘမ်း ဥပဒေတွင် မယားဖြစ်သူသည် သူတပါးနှင့် ဖောက်ပြန်သည်ဟုဆိုရုံမျှဖြင့် လင်ယောကျ်ားဖြစ်သူက နှစ်ဦးပိုင် ပစ္စည်းများကို သိမ်းယူထားပိုင်ခွင့်မရှိပေ။ လင်သည် တရားရုံး၌ ကွာလိုမှု စွဲဆိုပြီး မယား၌ အပြစ်ရှိကြောင်း ထင်ရှားအောင်ပြဆိုရပေမည်။ သို့တည်း မဟုတ် လင်သည် မယားထံမှ အပြစ်ရှိကြောင်း ဝန်ခံချက်ကိုရယူပြီးနောက်

၁၉၀၄ ဒေါ်သိန်းမြ နှင့် ဒေါ်ကျင် (ခ) အကျင်

နှစ်ဦး သဘောတူညီမှုဖြင့် လင်က နှစ်ပါးစုံပစ္စည်းကို သိမ်းယူပြီး လင်ခန်း၊ မယားခန်းပြတ်စဲနိုင်ခွင့်ရှိပေသည်။ ဤအမှုတွင် ဦးချစ်ထွေးက ထိုသို့ ဆောင်ရွက်ထားကြောင်း တစုံတရာပေါ်လွင်ခြင်းမရှိပေ။

ဤအခြေအနေတွင် အချင်းဖြစ်ပစ္စည်းများကို ဒေါ်သိန်းမြ တစ်ဦးတည်း ပိုင်ဖြစ်ကြောင်း မြွက်ဟကြေငြာပေးရန် ခိုင်လုံသည့် အထောက်အထားများ မရှိသည့်အလျောက် ဒေါ်သိန်းမြစွဲဆိုသောအမှုကို တိုင်းတရားရုံးက ပလပ်ခဲ့ခြင်းသည် မှားယွင်းသည်ဟု မဆိုနိုင်ပေ။

ထို့ကြောင့် ဤအယူခံကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေခ ကျပ် ၁၀/– ဟု သတ်မှတ်သည်။

တရားမ ပထမ အယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးစောင်အုန်း၊ အဖွဲ့ဝင်များအဖြစ် ဦးမြကျော်နှင့် ဦးသန့်စင် တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

ဦး သိန်း အောင် ပါ (၂)
နှင့်
ဒေါ် ဝင်း ပါ (၃) *

†၁၉၀၄
နိုဝင်ဘာလ
၂၉ ရက်

ခွင့်ပြုချက်ဖြင့် နေထိုင်သူအား ဖယ်ရှားပေးစေလိုမှု— မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းကို ဝယ်ယူသူသည် ဝယ်ယူသည့် ပစ္စည်းတွင် ရောင်းသူ၏ ခွင့်ပြုချက်ဖြင့် နေထိုင်သူအား မိမိ၏ ခွင့်ပြုချက်အရ နေထိုင်သူ အဖြစ်ဖြင့် ဖယ်ရှားနိုင်ခွင့် ရှိမရှိ၊

ဆုံးဖြတ်ချက်။ ။မရွှေ့ မပြောင်းနိုင်သည့် ပစ္စည်းကို ဝယ်ယူသောသူ၏ အခွင့်အရေးများကို ပစ္စည်းလွှဲပြောင်းရေးအက်ဥပဒေပုဒ်မ ၅၅ (၆) (က) နှင့် (ခ) တို့တွင် ပြဋ္ဌာန်းထားရာ ယင်းပြဋ္ဌာန်းချက်များတွင် ပစ္စည်းဝယ်ယူသူ သည်ပစ္စည်းရောင်းသူ၏ ခွင့်ပြုချက်အရ နေထိုင်သူအား ဖယ်ရှားခွင့်ကို ရရှိသည်ဟုမပါရှိချေ။

ထပ်မံဆုံးဖြတ်ချက်။ ။ပစ္စည်းလွှဲပြောင်းရေးအက်ဥပဒေ ပုဒ်မ ၈ ပါ ပြဋ္ဌာန်းချက်များအရ ဆိုလျှင် ပစ္စည်းကို လွှဲပြောင်းပေးသည့်အခါ လွှဲပြောင်း ပေးသည့် ပစ္စည်းတွင် လွှဲပြောင်းပေးသူ အနေဖြင့် လွှဲပြောင်းပေးနိုင်သော အကျိုး သက်ဆိုင်ခွင့် အရပ်ရပ်သည် လွှဲပြောင်းရရှိသူ ထံသို့ ရောက်ရှိသွား သည်။ မရွှေ့မပြောင်း နိုင်သည့် ပစ္စည်းတွင် အခမဲ့နေထိုင်ခွင့် ပေးထားခြင်း သည် ခွင့်ပြုသူ ကြည်ဖြူသရွေ့ ခွင့်ပြုခြင်းခံရသူအား ယင်းပစ္စည်းတွင် နေထိုင် ခွင့်၊ ပစ္စည်းကို သုံးစွဲခွင့်ပေးခြင်းမျှသာ ဖြစ်သဖြင့် အဆိုပါဥပဒေပုဒ်မ ၈ တွင် အကျုံးဝင်သော လွှဲပြောင်း ပေးနိုင်သည့် အကျိုးသက်ဆိုင်ခွင့် မဟုတ်ချေ။

ထပ်မံဆုံးဖြတ်ချက်။ ။ပစ္စည်းလွှဲပြောင်းရေးအက်ဥပဒေပုဒ်မ ၂ (ဃ) အရ ယင်းဥပဒေပုဒ်မ ၅၇ နှင့် အခန်း ၄ တွင် ပြဋ္ဌာန်းထားသည်မှ တပါး ယင်းဥပဒေပါ ပြဋ္ဌာန်းချက်များသည် ပစ္စည်း အမွေဆက်ခံခြင်းနှင့် မသက် ဆိုင်သည့် အလျောက် ပစ္စည်းကို ရောင်းချခြင်း ပေးကမ်းခြင်း ကဲ့သို့သော

---

* ၁၉၀၃ ခုနှစ်၊ တရားမ ပထမအယူခံမှု အမှတ် ၉
† ၁၉၀၁ ခုနှစ်၊ တရားမကြီးမှု အမှတ် ၉၃ တွင် ချမှတ်သော (၆-၁-၀၃) နေ့စွဲပါ မန္တလေးတိုင်းတရားရုံး၏ စီရင်ချက်နှိုင့် ဒီကရီကို အယူခံမှု။

၁၉၀၄ ဦးသိန်းအောင် ပ၊(၂) နှင့် ဒေါ်ဝင်း ပ၊(၃)

လွှဲပြောင်းပေးမှုသည် ပစ္စည်းကို အမွေဆက်ခံ ရရှိခြင်းနှင့် သဘာဝအားဖြင့် မတူချေ။ ထို့ကြောင့် ပစ္စည်းကို အမွေဆက်ခံရရှိသူသည် ကွယ်လွန်သူ အမွေရှင်က ယင်းပစ္စည်းတွင် အခမဲ့ နေထိုင်ခွင့် ပြုခဲ့သူအား မိမိ၏ အခွင့်အမိန့် အရ နေထိုင်သူ အဖြစ်ဖြင့် ဖယ်ရှားခွင့် ရှိသော်လည်း ပစ္စည်းကိုဝယ်ယူသူသည် ဝယ်ယူသည့် ပစ္စည်းတွင် ရောင်းသူ၏ ခွင့်ပြုချက်အရ နေထိုင်သူအား မိမိ၏ အခွင့်အမိန့်အရ နေထိုင်သူအဖြစ်ဖြင့် ဖယ်ရှားခွင့် ရှိနိုင်မည် မဟုတ်ချေ။

အယူခံတရားလိုများ အတွက် —ဦးတွန်းအောင်ကျော်၊ဗဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင်များအတွက်—ဦးထွန်းဝေ၊ ဗဟိုတရားရုံးရှေ့နေ

မန္တလေးတိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၉၃/၈၁ တွင် အယူခံတရားပြိုင်များ ဖြစ်ကြသည့် ဒေါ်ဝင်း၊ ဦးမြင့်သန်းနှင့် ဒေါ်မိမိကြည်တို့က တရားလိုပြုလုပ်၍ အယူခံတရားလို ဦးသိန်းအောင်နှင့် ဒေါ်ခင်ရီတို့အပေါ် ခွင့်ပြုချက်ဖြင့် ထားသည်ဟု အဆိုရှိသော အချင်းဖြစ် မြေနှင့် မြေပေါ်ရှိ အိမ်မှန်လိုမှု စွဲဆိုရာ အနိုင်ဒီကရီ ရရှိခဲ့သည်။ ဦးသိန်းအောင်တို့က တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို မကျေနပ်သဖြင့် ဗဟိုတရားရုံးတွင် ဤတရားမ ပထမအယူခံမှုကို တင်သွင်းခြင်း ဖြစ်သည်။

မူလရုံး တရားလို ဒေါ်ဝင်းတို့က မန္တလေးမြို့၊ မဟာအောင်မြေအနောက်၊ အကွက်အမှတ် ၅၆၂၊ ဦးပိုင် အမှတ် ၅ စာရင်း ပေါက်သည့် မြေနှင့် မြေပေါ်ရှိ အိမ်တို့မှာ မိမိတို့ပိုင်ဖြစ်၍ ဦးသိန်းအောင်တို့အား အခမဲ့နေထိုင်ခွင့် ပြုခဲ့ကြောင်း၊ မိမိတို့သည် ယင်းမြေနှင့် အိမ်ကို ပြန်လည် အလိုရှိ၍ ဦးသိန်းအောင်တို့အား ဖယ်ရှားပေးရန် ပြောဆို သော်လည်း ငြင်းဆန်နေကြောင်း စသည်ဖြင့် အဆိုပြုလျက် သူတို့အပေါ် နှင်လိုမှု စွဲဆိုခြင်းဖြစ်သည်။

ဦးသိန်းအောင်တို့က အချင်းဖြစ် မြေမှာ မိမိတို့နှင့် ဒေါ်ဝင်း၏ ခင်ပွန်း ဦးညြတို့၏ မိဘများထံမှ အမွေဆက်ခံရရှိသော မြေဖြစ်ကြောင်း၊ ယင်းမြေပေါ်ရှိ အချင်းဖြစ် အိမ်မှာ ဦးသိန်းအောင်၏ အစ်ကိုတဝမ်းကွဲ တော်သူ ဦးဉာဏ်(ခ) ရွှေဒေါင်းညို၏ အိမ်ဖြစ်ကြောင်း၊ မိမိတို့သည် မြေနှင့် အိမ်တွင် ပိုင်ရေးပိုင်ခွင့်အရ နေထိုင်လာခြင်း ဖြစ်ကြောင်း စသည်ဖြင့် ထုချေသည်။

တိုင်းတရားရုံးက အယူခံတရားလိုတို့သည် အချင်းဖြစ် မြေနှင့် အိမ်တွင် ဒေါ်ဝင်းတို့၏ ခွင့်ပြုချက်အရ နေထိုင်ခြင်း ဖြစ်ကြောင်း အောက်ပါအတိုင်း သုံးသပ်ထားသည် —

> "မိသားစု စိမံမှုပြုပြီး အချင်းဖြစ် မြေကို ဦးညြပိုင်ဆိုင် လာချိန်၌ တရားပြိုင်များသည် ထိုမြေပေါ်၌ ဦးညြ၏ခွင့်ပြုချက်ဖြင့် အခမဲ့နေထိုင်သူများ ဖြစ်လာကြပေသည်။ ပိုင်ရေးပိုင်ခွင့်အရ နေထိုင်ခြင်း မဟုတ်တော့ပေ။ တဖန်ရွှေဒေါင်းညိုက တရားပြိုင်များအား မူလအချင်းဖြစ်

၁၉၀၄
ဦးသိန်းအောင်
ပါ(၂)
နှင့်
ဒေါ်ဝင်း
ပါ(၃)

အိမ်၌ အခမဲ့ နေထိုင်ခွင့် ပြုထားခဲ့သည်။ ထိုအိမ်ကို ရွှေဒေါင်ညိုက ဦးမြင့်သန်း၊ ဒေါ်မိမိကြည်သို့ ရောင်းချလိုက်သည့် အချိန်မှစ၍ တရား ပြိုင်များသည် အချင်းဖြစ် အိမ်၌ ဆက်လက်နေထိုင်ခြင်းမှာ အိမ်ပိုင်ရှင် အသစ်များ ဖြစ်ကြသော ဦးမြင့်သန်း၊ ဒေါ်မိမိကြည်တို့၏ ခွင့်ပြုချက် ဖြင့် နေထိုင်ကြသည်ဟု သုံးသပ်ရပေသည်။"

အယူခံတရားပြိုင်တို့၏ ရှေ့နေက ဦးမြင့်သန်းနှင့် ဒေါ်မိမိကြည်တို့သည် အချင်းဖြစ် အိမ်ကို ဦးရွှေဒေါင်းညိုထံမှ ဝယ်ယူလိုက်သဖြင့် ဦးရွှေဒေါင်းညို၏ ခွင့်ပြုချက်အရ နေထိုင်သူ ဦးသိန်းအောင်တို့အား အခွင့်အမိန့်အရ နေထိုင် သူများ အဖြစ်ဖြင့် ဖယ်ရှားခွင့်ကို ရရှိပါသည်ဟု ပစ္စည်းလွှဲပြောင်းရေးအက် ဥပဒေပုဒ်မ ၁၀၉ ပါ ပြဋ္ဌာန်းချက်များကို ကိုးကား၍ လျှောက်ထားသည်။ ယင်းပြဋ္ဌာန်းချက်များမှာ အငှားချထားမှုနှင့်သာ သက်ဆိုင်ပေသည်။

မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းကို ဝယ်ယူသောသူ၏ အခွင့်အရေးများကို ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၅၅ (၆)(က) နှင့် (ခ)တို့တွင် ပြဋ္ဌာန်းထားရာ ယင်းပြဋ္ဌာန်းချက်များတွင် ပစ္စည်းဝယ်ယူသူသည် ပစ္စည်း ရောင်းသူ၏ ခွင့်ပြုချက်အရ နေထိုင်သူအား ဖယ်ရှားခွင့်ကို ရရှိသည်ဟု မပါ ရှိချေ။

ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၈ ပါပြဋ္ဌာန်းချက်များအရ ဆိုလျှင် ပစ္စည်းကို လွှဲပြောင်းပေးသည့်အခါ လွှဲပြောင်းပေးသည့် ပစ္စည်းတွင် လွှဲပြောင်း ပေးသူအနေဖြင့် လွှဲပြောင်းပေးနိုင်သော အကျိုးသက်ဆိုင်ခွင့် အရပ်ရပ်သည် လွှဲပြောင်းရရှိသူထံသို့ ရောက်ရှိသွားသည်။မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းတွင် အခမဲ့နေထိုင်ခွင့် ပေးထားခြင်းသည် ခွင့်ပြုသူ ကြည်ဖြူသရွှေ့ ခွင့်ပြုခြင်းခံရ သူအား ယင်းပစ္စည်းတွင် နေထိုင်ခွင့်၊ ပစ္စည်းကို သုံးစွဲခွင့် ပေးခြင်းမျှသာ ဖြစ်သဖြင့် အဆိုပါ ဥပဒေပုဒ်မ ၈ တွင် အကျုံးဝင်သော လွှဲပြောင်းပေးနိုင် သည့် အကျိုးသက်ဆိုင်ခွင့် မဟုတ်ချေ။

ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၂ (ဃ) အရ ယင်းဥပဒေပုဒ်မ ၅၇ နှင့် အခန်း ၄ တွင် ပြဋ္ဌာန်း ထားသည်မှ တပါး ယင်းဥပဒေပါ ပြဋ္ဌာန်းချက်များသည် ပစ္စည်းအမွေဆက်ခံခြင်းနှင့် မသက်ဆိုင်သည့်အလျောက် ပစ္စည်းကို ရောင်းချခြင်း၊ ပေးကမ်းခြင်းကဲ့သို့သော လွှဲပြောင်းပေးမှုသည့် ပစ္စည်းကို အမွေဆက်ခံရရှိခြင်းနှင့် သဘာဝအားဖြင့် မတူချေ။ ထို့ကြောင့် ပစ္စည်းကို အမွေဆက်ခံရရှိသူသည် ကွယ်လွန်သူ အမွေရှင်က ယင်းပစ္စည်းတွင် အခမဲ့နေထိုင်ခွင့် ပြုခဲ့သူအား မိမိ၏အခွင့်အမိန့်အရ နေထိုင်သူ အဖြစ်ဖြင့်

၁၉၀၄ ဖယ်ရှားခွင့် ရှိသော်လည်း ပစ္စည်းကို ဝယ်ယူသူသည် ဝယ်ယူသည့် ပစ္စည်း
းသိန်းအောင် တွင် ရောင်းသူ၏ ခွင့်ပြုချက်အရ နေထိုင်သူအား မိမိ၏ အခွင့် အမိန့် အရ
ပ၊(၂) နေထိုင်သူ အဖြစ်ဖြင့် ဖယ်ရှားခွင့် ရှိနိုင်မည် မဟုတ်ချေ။
နှင့်
ဒေါ်ဝင်း
ပ၊(၃)

ဤအမှုတွင် ဦးသိန်းအောင်တို့သည် အချင်းဖြစ်အိမ်၏ မူလပိုင်ရှင် ဦးဉာဏ် (ခ) ရွှေဒေါင်းညို (လိုပြ—၄) ၏ ခွင့်ပြုချက်အရ ယင်းအိမ်၌ နေထိုင်သာခဲ့ ကြောင်း ဦးဉာဏ်၏ ထွက်ဆိုချက်အရ ပေါ်ပေါက်သော်လည်း ဦးမြင့်သန်း နှင့် ဒေါ်မိမိကြည်တို့သည် ထိုအိမ်ကို ဝယ်ယူပြီးနောက် ဦးသိန်းအောင်တို့ အား ဆက်လက်၍ နေထိုင်ခွင့် ပြုခဲ့ကြောင်း အထောက်အထား မတွေ့ရှိရချေ။ ဤအခြေ အနေတွင် ဒေါ်ဝင်းတို့သည် ဦးသိန်းအောင်တို့အား ခွင့်ပြုချက် အရ နေထိုင်သူများအဖြစ်ဖြင့် ဖယ်ရှားခွင့် မရှိချေ။

တိုင်းတရားရုံးက ဦးသိန်းအောင်တို့သည် အချင်းဖြစ် မြေတွင် ဒေါ်ဝင်း၏ ခွင့်ပြုချက်အရ နေထိုင်ခြင်းဖြစ်ကြောင်း ကောက်ယူဆုံးဖြတ်ထားသည်။ ယင်း ကောက်ယူချက် မှန်ကန်သည့်တိုင်အောင် ဒေါ်ဝင်းတို့သည် ဦးသိန်းအောင် တို့အား အချင်းဖြစ် အိမ်မှ အခွင့်အမိန့်အရ နေထိုင်သူအဖြစ်ဖြင့် ဖယ်ရှားခွင့် မရှိသဖြင့် ယင်းမြေတွင် ဒေါ်ဝင်း၏ ခွင့်ပြုချက်အရ နေထိုင်ခြင်း ဟုတ်မဟုတ် အဆုံးအဖြတ် ပြုရန်အကြောင်း မရှိတော့ပေ။

ဤစီရင်ချက်ကိုအဆုံးမသတ်မီ မှတ်ချက်ပြုလိုသော အချက်မှာ ဒေါ်ဝင်းတို့ စွဲဆိုသော အမှုသည် အခွင့်အမိန့်အရ နေထိုင်သူအား ဖယ်ရှားပေးစေလိုမှု ဖြစ်သဖြင့် ဦးသိန်းအောင်တို့သည် ဒေါ်ဝင်းတို့၏ ခွင့်ပြုချက်အရ အချင်းဖြစ်မြေ နှင့် အိမ်တွင် နေထိုင်ခြင်း ဟုတ်မဟုတ် တိုင်းတရားရုံးက ငြင်းချက်ထုတ်နုတ် စစ်ဆေး အဆုံးအဖြတ် ပေးခြင်းမှာ မှန်သော်လည်း ယင်းမြေနှင့် အိမ်ကို ဒေါ်ဝင်းတို့ပိုင် မပိုင် ငြင်းချက် ထုတ်နုတ်၍ ဆုံးဖြတ်ခြင်းမှာမူ မှားယွင်း ပေသည်။

ထို့ကြောင့် ဤအယူခံကို ခွင့်ပြု၍ မန္တလေးတိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ပြီး ဒေါ်ဝင်းတို့ စွဲဆိုသောအမှုကိုတရားရုံးအဆင့်ဆင့်စရိတ် နှင့်တကွ ပလပ်လိုက်သည်။ ရှေ့နေခ ကျပ် ၁၀၀/—သတ်မှတ်သည်။

တရားမ ပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးမြကျော်၊ အဖွဲ့ဝင်များအဖြစ်ဦးသန့်စင်နှင့် ဦးတင်အုန်း တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

အယ္လတ်အိုး–ဂျဝါမိုးရား

နှင့်

အမ်မိုဟာမက်မွတ်စတဖာကမာလ် ပါ (၃)*

†၁၉၀၄
နိုဝင်ဘာလ
၃၀ ရက်

တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်း ၂၉– အခြား တရား ရုံး ၏ ဇာရီမှုကိုဆိုင်းငံ့မှုမပြုနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။ တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်း ၂၉ အရ တရားမကြီးကို စစ်ဆေးလျက်ရှိသည့် တရားရုံးကသာ မိမိရုံးတွင် အရေးယူဆောင်ရွက်ခဲ့ဖြစ်သော ဇာရီမှုကို ဆိုင်းငံ့ပေးနိုင်သည်။ အခြားတရားရုံး၏ ဇာရီမှုကိုဆိုင်းငံ့ခြင်းမပြုနိုင်ပေ။

ထပ်မံဆုံးဖြတ်ချက်။ ။ အမှုနှစ်မှုတွင် ပါဝင်သောအမှုသည်များတူညီခြင်းမရှိသဖြင့် ဇာရီမှုကို အမိန့် ၂၁၊နည်း ၂၉ အရ ဆိုင်းငံ့ထားခြင်းမပြုနိုင်။

လျှောက်ထားသူအတွက် – ဦးဘသန်း၊ ဗဟိုတရားရုံးရှေ့နေ

လျှောက်ထားခံရသူများအတွက် – ဦးဘအေး၊ ဗဟိုတရားရုံးရှေ့နေ

ပန်းဘဲတန်းမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၆/၇၄ တွင် ရရှိသော အနိုင်ဒီကရီကို တရားနိုင်အယ္လတ်အိုး–ဂျဝါမိုးရားက တရားရှုံး အက်(စ)အိုး ပကိုးရိမိုဟာမက်အပေါ် ဇာရီမှုအမှတ် ၂၁/၇၀ တွင် အတည်ပြုသည်။သို့ထို အတည်ပြုစဉ် တရားရှုံးကွယ်လွန်သွားသည်။ အိမ်ခန်းပေါ်တွင် နေထိုင်လျက်ရှိသော အမ်မွတ် စတဖာကမာလ်နှင့် မရီယံဘီဘီတို့က ပန်းဘဲတန်းမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၆/၇၄ မှ ဒီကရီသည် လိမ်လည်ရယူထားသောဒီကရီဖြစ်၍ အတည်မဖြစ်ကြောင်းနှင့် ဇာရီပြုခြင်းကို အမြဲတမ်းတားမြစ်မိန့်ထုတ်ပေးရန် တရားနိုင်နှင့် မူလတရားရှုံး ဇနီး မိုမိနာဘီဘီတို့နှစ်ဦးအပေါ် ရန်ကုန်တိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၁၂၆/၀၃ တွင် တရားစွဲဆိုသည်။

---

* ၁၉၀၄ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၁၁၆

† ၁၉၀၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၂၆ တွင် ချမှတ်သော (၃၀-၁-၀၄) နေ့စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ အမိန့်ကို အယူခံမှု။

၁၉၀၄ အယ္လတ်အီး-ဂျီဝါမီးရားနှင့် အမ်မိုဟာမက်မွတ်စတဖာကမာလ် ပါ(၃)

တိုင်းတရားရုံးတွင် တရားမကြီးမှုစွဲဆိုထားစဉ်အတွင်း ပန်းဘဲတန်းမြို့နယ်တရားရုံး၏ ဇာရီမှုအမှတ် ၂၁/၇၈ ကို ဆက်လက် ဆောင်ရွက်ခြင်း မပြုဝံ့ယာယီဆိုင်းငံ့ခဲ့သဖြင့် တရားပြိုင် အယ္လတ်အီး–ဂျီဝါမီးရားက ထိုအမိန့်ကို ပယ်ဖျက်ပေးရန် ဤပြင်ဆင်မှုကို လျှောက်ထားခြင်းဖြစ်သည်။

တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်း ၂၉ အရ တရားမကြီးမှုကို စစ်ဆေးလျက်ရှိသည့် တရားရုံးကသာ မိမိရုံးတွင် အရေးယူ ဆောင်ရွက်ဆဲဖြစ်သော ဇာရီမှုကိုဆိုင်းငံ့ပေးနိုင်သည်။ အခြားတရားရုံး၏ ဇာရီမှုကိုဆိုင်းငံ့ခြင်းမပြုနိုင်ပေ။

ရန်ကုန်တိုင်းတရားရုံး၊ တရားကြီးမှုအမှတ် ၁၂၆/၀၃ တွင် တရားလိုများမှာ အမ်မိုဟာမက်မွတ်စတဖာကမာလ်နှင့် မရီယံဘီဘီတို့ဖြစ်ပြီး ပန်းဘဲတန်းမြို့နယ်တရားရုံး၊ တရားမဇာရီမှုအမှတ် ၂၁/၇၈ တွင် တရားနိုင်မှာ အယ္လတ်အီး–ဂျီဝါမီးရားနှင့် တရားရုံးမှာ အက်(စ)အီး ပကီးရ်မိုဟာမက်၏ ဇနီး မိုမိနာဘီဘီဖြစ်သည်။ ထို့ကြောင့် အမှုနှစ်မှုတွင် ပါဝင်သောအမှုသည်များတူညီခြင်းမရှိသဖြင့် ဇာရီမှုကို အမိန့် ၂၁၊ နည်း ၂၉ အရ ဆိုင်းငံ့ထားခြင်းမပြုနိုင်။

ထို့ကြောင့် ဤပြင်ဆင်မှုကို ခွင့်ပြုပြီး ရန်ကုန်တိုင်းတရားရုံးက ပန်းဘဲတန်းမြို့နယ်တရားရုံး၏ ဇာရီမှုအမှတ် ၂၁/၇၈ ကို ဆိုင်းငံ့ထားသည့်အမိန့်အား ပယ်ဖျက်လိုက်သည်။ ဤအမှုအတွက် စရိတ်ခွင့်မပြု။

တရားမ ဒုတိယ အယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးမြကျော်နှင့် ဦးတင်အုန်း တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

ဦး အေး ပါ(၃)

နှင့်

ဒေါ် နှင်းရီ ပါ(၂)

(ဂင်းတို့၏ ကိုယ်စားလှယ် ဦးဇော်ထွန်း) *

†၁၉၀၄
ဒီဇင်ဘာလ
၁၉ ရက်

တရားရုံးကပေးဆဝါရမည့် ငှားရန်းခမှာ တရားမစွဲမီ သုံးနှစ်အတွင်း တင်ရှိသည့်အကြွေးများနှင့် တရားစွဲဆိုသည့်နေ့မှ ဒီကရီချမှတ်သည့်နေ့အထိ တင်ရှိသောအကြွေးများကိုသာ ပေးရန်လိုအပ်ခြင်း။

ဆုံးဖြတ်ချက်။ ။မူလအမှုတွင် မြို့နယ်တရားရုံးက ၁၀–၉–၀၁ နေ့၌ ဒီကရီချမှတ်ခဲ့ရာ ထိုဒီကရီကို တိုင်းတရားရုံးက ၁၉၀၁ ခုနှစ် တရားမ အယူခံမှုအမှတ် ၁၀၆ (မြင်းခြံ) တွင် ၁၅–၂–၀၂ နေ့၌ အတည်ပြုခဲ့သည်။ အယူခံတရားလိုတို့က တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ဗဟိုတရားရုံး ၁၉၀၂ ခုနှစ်၊ တရားမ ဒုတိယအယူခံမှုအမှတ် ၅၁ တွင် အယူခံသော်လည်း မအောင်မြင်ချေ။ တရားဥပဒေ သဘောအရ တိုင်းတရားရုံး၏ ဒီကရီသည် မြို့နယ်တရားရုံး၏ ဒီကရီနှင့် ပေါင်းစပ်သွားသော်လည်း ဗဟိုတရားရုံးက အယူခံတရားလိုတို့၏ အယူခံမှုကိုအကျဉ်းနည်းဖြင့် ပလပ်ခဲ့သဖြင့် ဗဟိုတရားရုံး၏ဒီကရီသည် တိုင်းတရားရုံး၏ဒီကရီနှင့် ပေါင်းစပ်ခြင်းမရှိချေ။ သို့ဖြစ်ရာ ဇာရီမှုတွင် အတည်ပြုလျက်ရှိသော ဒီကရီသည် တိုင်းတရားရုံး၏ဒီကရီဖြစ်ပေသည်။ တိုင်းတရားရုံးသည် ၁၅–၂–၀၂ နေ့၌ ဒီကရီချမှတ်ခဲ့သည်။ အချင်းဖြစ်မြေကို အင်္ဂလိပ်လ တစ်လ၏ လဆန်း ၁၄ ရက်နေ့မှ နောက်တစ်လ လဆန်း ၁၃ ရက်နေ့အထိ ငှားသည့်စနစ်ကို ကျင့်သုံးခဲ့သည်ဖြစ်ရာ အယူခံတရားလိုတို့သည် ၁၉၀၂ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့အထိ ငှားရမ်းခများပေးရန် တာဝန်ရှိပေသည်။

---

* ၁၉၀၃ ခုနှစ်၊ တရားမ ဒုတိယအယူခံမှုအမှတ် ၇၉

† ၁၉၀၃ ခုနှစ်၊ တရားမ ပထမ အယူခံမှုအမှတ် ၅၀ တွင် ချမှတ်သော (၁၃-၇-၀၃) နေ့စွဲပါ မန္တလေးတိုင်း တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

၁၉၇၄

အယူခံတရားလိုများအတွက် — ဦးသန်းဌေး၊ ဗဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင်များအတွက် — ဦးလွန်းမောင်၊ ဗဟိုတရားရုံးရှေ့နေ

ဦးအေး ပ၊(၃) နှင့် ဒေါ်နှင်းရီ ပ၊(၂) (ထင်းတို့၏ ကိုယ်စားလှယ် ဦးဇော်ထွန်း)

အယူခံတရားလို ဦးအေး ပ၊(၃) ဦးတို့အပေါ် အယူခံတရားပြိုင်ဒေါ်နှင်းရီ ပ၊(၂) ဦးတို့က ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာဌာနေရမ်းခကြိုးကြပ်ရေးအက်ဥပဒေ ပုဒ်မ ၁၂(၁)(က) အရ ဥပစာမှုနှင့်ထုတ်ရန် အနိုင်ဒီကရီ ရရှိထားသဖြင့် ထိုဒီကရီကို မြင်းခြံမြို့နယ်တရားရုံး၊ ဇာရီမှုအမှတ် ၁၅/၇၁ တွင် ဒီကရီကို အတည်ပြုပေးရန် ဦးဇော်ထွန်းက ဆောင်ရွက်သည့်အခါ အယူခံတရားလိုတို့က ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ဌာနေရမ်းခကြိုးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၅(၁) အရ ဌာနေရမ်းခကြေးကျန်ငွေများကို ပေးဆပ်ခွင့်ပြုပြီး ဒီကရီကို ရပ်ဆိုင်းပယ်ဖျက်ပေးရန် လျှောက်ထားခဲ့သည်။ အယူခံတရားပြိုင် ဦးဇော်ထွန်းကလည်း အချင်းဖြစ်မြေပေါ်တွင် နေထိုင်ရန် အဆောက်အဦဆောက်လုပ်လို၍ သဘောရိုးဖြင့် ပြန်လည်ရယူလိုကြောင်း အကြောင်းပြကာ အယူခံတရားလိုတို့၏လျှောက်ထားချက်ကို ကန့်ကွက်ခဲ့သည်။ ထိုအခါ မူလမြို့နယ်ဇာရီရုံးက အယူခံ တရားလိုတို့၏ လျှောက်ထားချက်ကို လက်မခံပဲ အယူခံ တရားပြိုင် လျှောက်ထားသည့်အတိုင်း ဒီကရီကို ဆက်လက်အတည်ပြုလုပ်သွားရန် အမိန့် ချမှတ်ခဲ့သည်။ ထိုအမိန့်ကို မကျေနပ်၍ အယူခံတရားလိုဦးအေးက မန္တလေးတိုင်းတရားရုံးတွင် အယူခံဝင်ခဲ့သော်လည်း မအောင်မြင်သောကြောင့် ၎ရုံးသို့ ဦးအေး ပ၊(၃) ဦးတို့က ၎ဒုတိယအယူခံမှုကို ထပ်မံတင်သွင်းခြင်းဖြစ်သည်။

အယူခံတရားလိုတို့က ဌာနေရမ်းခများ (၁၅) နှစ်ခန့် မပေးပဲနေခြင်းသည် သဘောရိုးဖြင့် ပျက်ကွက်မှုမဟုတ်ကြောင်း၊ အယူခံတရားပြိုင်က အချင်းဖြစ်မြေပေါ်တွင် ကိုယ်တိုင် နေထိုင်ရန်အတွက် အဆောက်အဦ ဆောက်လုပ်ရန် ရယူလိုခြင်းဖြစ်ကြောင်း မြို့နယ်တရားရုံးက သုံးသပ်လျက် အယူခံတရားလိုတို့၏ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာဌာနေရမ်းခကြိုးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၅(၁) အရ လျှောက်ထားချက်ကို ပလပ်ခဲ့ခြင်းဖြစ်သည်။ မန္တလေးတိုင်းတရားရုံးက လည်း မူလဇာရီရုံးသည် ဆင်ခြင်တုံတရားကိုသုံး၍ ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သဖြင့် မှားယွင်းသည်ဟု မဆိုနိုင်ကြောင်း မှတ်ချက်ပြုကာ အယူခံတရားလိုဦးအေး၏ လျှောက်ထားချက်ကို ပယ်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် အောက်ရုံး များ၏ အမိန့်များ မှန်မမှန် သုံးသပ်ရန်ရှိပေသည်။

၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာဌာနေရမ်းခကြိုးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(က) အရ ရရှိထားသည့် နှင်ထုတ်ရန်ဒီကရီကို အိမ်ရှင်က အတည်ပြုပေးရန် လျှောက်ထားသည့်အခါ အိမ်ငှားက ထိုအမိန့်နှင့်ဒီကရီကိုအတည်ပြု

၁၉၀၄ ဦးအေး ပါ(၃) နှင့် ဒေါ်နှင်းရီ ပါ(၂) (၎င်းတို့၏ ကိုယ်စားလှယ် ဦးဇော်ထွန်း)

ခြင်းမှ ရပ်ဆိုင်းပေးရန် အဆိုပါဥပဒေပုဒ်မ ၁၅(၁) အရ လျှောက်ထားခွင့် ရှိသည်။ ထိုသို့ လျှောက်ထားသည့်အခါ ဒီကရီ အတည်ပြုခြင်းကို ရပ်ဆိုင်း ထားရသည်။ သို့မဟုတ် ၄ၵးရမ်းခပေးဆပ်ခြင်းနှင့်စပ်လျဉ်း၍ ရုံးက သင့်တော် သည့်စည်းကမ်းချက်ဖြင့် ဒီကရီကို ရွှေ့ဆိုင်းထားရပြီး၊ အကယ်၍ အိမ်၄ၵးက စည်းကမ်းချက်များကို လိုက်နာလျှင် ထိုအမိန့်နှင့်ဒီကရီကို ရပ်စဲခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုရမည်ဖြစ်သည်။ မူလဇာရီရုံးနှင့် တိုင်းတရားရုံးတို့သည် အထက် ဖော်ပြပါ ပြဋ္ဌာန်းချက်များကို လိုက်နာခြင်းမပြုပဲ အိမ်၄ၵးအား ဥပဒေက ပေး အပ်သောအခွင့်အရေးကို ဆန့်ကျင်၍ ဆုံးဖြတ်ခဲ့သဖြင့် ဥပဒေနှင့်ညီညွတ်ခြင်း မရှိကြောင်း တွေ့ရသည်။ ဤမဟိုတရားရုံး၏ တရားမ ဒုတိယအယူခံမှုအမှတ် ၅၃/၀၃ ဒေါ်သိန်းနွဲ့(၎င်း၏ကိုယ်စားလှယ် ဦးသွင်)နှင့် ဦးထွန်းလှိုင် ပါ ၃ အမှုတွင် "တရား၌ုံးအိမ်၄ၵးက ၁၉၆၀ ပြည့်နှစ်မြို့ပြဆိုင်ရာ၄ၵးရမ်းခ ကြိုးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၅ (၁) အရ လျှောက်ထားသည့် ကိစ္စတွင် တရားနိုင်အိမ်ရှင်ဘက်မှ အဆိုပါဥပဒေပုဒ်မ ၁၂ (၁) (က) (ဒုတိယပိုင်း)မှ (စ) ပါကိစ္စတစ်ရပ်ရပ်အတွက် အ၄ားချထားသည့်ဥပစာကို အလိုရှိသည်ဟု အကြောင်းပြကာ တရား၌ုံး၏လျှောက်ထားချက်အား ကန့်ကွက်တင်ပြခြင်းကို ဒီကရီအတည်ပြုသည့်တရားရုံးက လက်ခံအဆုံးအဖြတ်မပြုနိုင်" ဟု ဆုံးဖြတ်ခဲ့ ပြီးဖြစ်သည်။ သို့ဖြစ်ရာ အောက်ရုံးများ၏အမိန့်သည် သိသိသာသာ မှားယွင်း နေပေသည်။

တရား၌ုံးအိမ်၄ၵးက ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ၄ၵးရမ်းခကြိုးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၅(၁) အရ လျှောက်ထားလာလျှင် တရားရုံးသည် တရား၌ုံးပေးရန် ကျန်ရှိသော ၄ၵးရမ်းခများကို မည်သို့မည်ပုံ ပေးဆပ်ရမည် ဖြစ်ကြောင်း စည်းကမ်းချက်များသတ်မှတ်ပြီး ဒီကရီ အတည်ပြုခြင်းကို ဆိုင်း ငံ့ထားရမည်ဖြစ်သည်။ မူလအမှု အဆိုလွှာအပိုဒ် ၆ တွင် မြေ၄ားများသည် ၁၉၆၆ ခုနှစ်၊ ဇန်နဝါရီလမှစ၍ မြေလခများပေးရန် ပျက်ကွက်ကြောင်း ဖော် ပြထားသည်။ မြေရှင်သည် မြေ၄ားထံမှ တရားဥပဒေနှင့်အညီ ရထိုက်သော ၄ၵးရမ်းခများကိုသာ ရခွင့်ရှိသည်ဖြစ်ရာ မူလအမှုကိစ္စဆိုသည့် ၂၄–၁၂–၇၇ နေ့မတိုင်မီ သုံးနှစ်အတွင်း တင်ရှိလာခဲ့သောအကြွေးများနှင့်ဒီကရီချမှတ်သည့် နေ့အထိ ပေးရန်ရှိသော ၄ၵးရမ်းခအကြွေးများကို ရခွင့်ရှိပေသည်။

မူလအမှုတွင် မြို့နယ်တရားရုံးက ၁၀–၉–၈၁ နေ့၌ ဒီကရီချမှတ်ခဲ့ရာ ထိုဒီကရီကို တိုင်းတရားရုံးက ၁၉၈၁ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၁၈၆ (မြင်းခြံ) တွင် ၁၅–၂–၈၂ နေ့၌ အတည်ပြုခဲ့သည်။ အယူခံတရားလို တို့က တိုင်းတရားရုံး၏ စိရင်ချက်နှင့် ဒီကရီကို မဟိုတရားရုံး ၁၉၈၂ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ် ၅၁ တွင် အယူခံသော်လည်း မအောင်မြင်ချေ။ တရားဥပဒေသဘောအရ တိုင်းတရားရုံး၏ ဒီကရီသည် မြို့နယ်တရားရုံး၏

၁၉၇၄ ဦးအေး ပါ(၃) နှင့် ဒေါ်နှင်းရီ ပါ(၂) (ဇင်းတို့၏ ကိုယ်စား လှယ် ဦးဇော်ထွန်း)

ဒီကရီနှင့် ပေါင်းစပ်သွားသော်လည်း ဗဟိုတရားရုံးက အယူခံတရားလိုတို့၏ အယူခံမှုကို အကျဉ်းနည်းဖြင့် ပလပ်ခဲ့သဖြင့် ဗဟိုတရားရုံး၏ဒီကရီသည် တိုင်းတရားရုံး၏ဒီကရီနှင့် ပေါင်းစပ်ခြင်းမရှိချေ။ သို့ဖြစ်ရာ ဇာရီမှုတွင် အတည်ပြုလျက်ရှိသော ဒီကရီသည် တိုင်းတရားရုံး၏ ဒီကရီဖြစ်ပေသည်။ တိုင်းတရားရုံးသည် ၁၅–၂–၀၂ နေ့၌ ဒီကရီချမှတ်ခဲ့သည်။ အချင်းဖြစ်မြေကို အင်္ဂလိပ်လတစ်လ၏ လဆန်း ၁၄ ရက်နေ့မှ နောက်တစ်လ လဆန်း ၁၃ ရက်နေ့ အထိ ငှားသည့်စနစ်ကို ကျင့်သုံးခဲ့သည်ဖြစ်ရာ အယူခံတရားလိုတို့သည် ၁၉၀၂ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့အထိ ငှားရမ်းခများပေးရန် တာဝန်ရှိပေသည်။

ထို့ကြောင့် ဤအယူခံကို စရိတ်နှင့်တကွ ခွင့်ပြုပြီး မြို့နယ်တရားရုံးနှင့်တိုင်းတရားရုံးတို့၏ အမိန့်များကို ပယ်ဖျက်လိုက်သည်။ အယူခံတရားလိုတို့သည် မူလမှုမစွဲဆိုမီ သုံးနှစ်မှစ၍ ၁၉၀၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့အထိ ဂ၆ လ အတွက် ပေးရန်ရှိသော ငှားရမ်းခများကို ဆယ်ရစ်ဖြင့် ၁၉၀၅ ခုနှစ် ဇန်နဝါရီလမှစ၍ လစဉ် လဆန်း ၁၅ ရက် ထက် နောက်မကျဲ ပေးဆောင်ပါက ဒီကရီအတည်ပြုခြင်းကို ဆိုင်းငံ့ထားစေရန် အမိန့်ချမှတ်လိုက်သည်။ ရှေ့နေခ ကျပ် ၇၅/– သတ်မှတ်သည်။

တရားမ ပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးတင်အောင်နှင့် ဦးမြကျော်တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့.တွင်

†၁၉၀၄
နိဝင်ဘာလ
၂၃ ရက်

ဦး အောင် မြင့်

နှင့်

ဦး စိန် လွင် (ခ) ဦး ဝမ် စိန် ပါ (၂) *

တရားမကျင့်ထုံးဥပဒေအမိန့် ၁၇၊ နည်း ၂ — သင့်လျော်သည့် အမိန့်ချမှတ်နိုင်သည် ဆိုရာ၌ အမှုကို ပလပ်ခြင်းထက် သာ၍ သက်သာသော အမိန့်မျိုးကို ဆိုလိုသည်ဟု အဓိပ္ပာယ်ကောက်ယူ သင့်ခြင်း၊ ထိုသို့သော အမှုကိစ္စများတွင် တဘက်အမှုသည်အား တရားစရိတ် ပေးစေခြင်း အမိန့်များသာ ချမှတ်သင့်ခြင်း။

ဆုံးဖြတ်ချက်။ ။၁၉၀၃ ခုနှစ်၊ ဇွန်လ ၂၄ ရက် နေ့တွင် တရားလိုဘက်ကို စစ်ဆေးရန် ချိန်းဆိုခဲ့သည်ဖြစ်ရာ ထိုနေ့တွင် တရားလိုဘက်မှ တရားရုံးသို့ လာရောက်ရန် ပျက်ကွက်သောကြောင့် တိုင်းတရားရုံးသည် တရားမကျင့်ထုံးဥပဒေ အမိန့် ၁၇၊ နည်း ၂ တွင် ပြဋ္ဌာန်းထားသည့် အတိုင်း တရားလို စွဲဆိုသောအမှုကို ပလပ်နိုင်သည်။ သို့တည်းမဟုတ် အခြားသင့်တော်သည့် အမိန့်တစ်ရပ်ကို ချမှတ်နိုင်သည်။ ယင်းပြဋ္ဌာန်းချက်များကို တရားမကျင့်ထုံး ဥပဒေအမိန့် ၉၊ နည်း ၀ နှင့် ပူးတွဲ ဖတ်ရှုပါက အမှုမစစ်ဆေးမီ အဆင့်တွင် တရားလို မလာလျှင် တရားရုံးက တရားလိုစွဲဆိုသော အမှုကို အမိန့် ၉၊ နည်း ၀ အရ ပလပ်ရန် ဖြစ်ပြီး အမှုစစ်ဆေးဆဲကာလ၌ တရားလို မလာလျှင် တရားရုံးက အမှုကို ပလပ်သင့်မသင့် ဆင်ခြင်တုံ တရားအရ ဆောင်ရွက်ရန် လုပ်ပိုင်ခွင့်ပေးထားကြောင်း တွေ့မြင်ရမည်ဖြစ်သည်။

တရားရုံးက တရားလို၏ အမှုကို ပလပ်ခြင်းမပြုပဲ အခြားသင့်တော်သည့် အမိန့်ချမှတ်နိုင်သည် ဆိုရာ၌ အမှုကို ရှေ့ဆိုင်းပေးရသည့် အတွက် တဘက်အမှုသည်အား တရားစရိတ် ပေးစေခြင်း ကဲ့သို့သော အမိန့်မျိုးကို ရည်ညွှန်းသည်။

---

* ၁၉၀၄ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၁၄၅

† ၁၉၀၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၂၆ တွင် ချမှတ်သော (၂၄-၆-၀၃) နေ့စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၁၉၈၄
ဦးအောင်မြင့်
နှင့်
ဦးစိန်လွင် (ခ)
ဦးဝမ်စိန်
ပါ(၂)

တရားမကျင့်ထုံးဥပဒေအမိန့် ၁၇၊နည်း ၂ တွင် ရည်ရွယ်သော သင့်တော်သည့်အမိန့်သည် တရားလို၏အမှုကို ပလပ်ခြင်းထက် သာ၍ သက်ညှာသော အမိန့်မျိုးဖြစ်သည်ဟု ကောက်ယူသင့်ပေသည်။

လျှောက်ထားသူအတွက် – ဦးမင်းဆွေ၊ ဗဟိုတရားရုံးရှေ့နေ

လျှောက်ထားခံရသူများအတွက်– ဦးခင်မောင်၊ ဗဟိုတရားရုံးရှေ့နေ

ရန်ကုန်တိုင်းတရားရုံးတရားမကြီးမှုအမှတ် ၁၂၆/၈၁တွင် လျှောက်ထားသူ ဦးအောင်မြင့်က လျှောက်ထားခံရသူ ဦးစိန်လွင် (ခ) ဦးဝမ်စိန်နှင့် ဒေါ်လှညွှန့်တို့အပေါ် ၂၄–၁၂–၇၈ နေ့တွင် ချုပ်ဆိုခဲ့သော အရောင်းအဝယ်စာချုပ်ကို ဖျက်သိမ်းပေးရန်နှင့် နှစ်ဦးသဘောတူညီခဲ့သည့်အတိုင်း ဆောင်ရွက်ပေးစေလိုမှုစွဲဆိုရာ တရားလိုဘက်ကို စစ်ဆေးဆဲတွင် ၂၄–၆–၈၃ နေ့၌ တရားလိုဘက်မှ မည်သူမျှ မလာရောက်သောကြောင့် တိုင်းတရားရုံးက တရားပြိုင်ဘက်ကို စစ်ဆေးရန် ၂၈–၇–၈၃ နေ့သို့ ချိန်းဆိုလိုက်သည်။ ဦးအောင်မြင့်က သက်သေများ စစ်ဆေးခွင့်ပြုရန် လျှောက်ထားသော်လည်း မအောင်မြင်သောကြောင့် ဗဟိုတရားရုံးတွင် ဤပြင်ဆင်မှုကို လျှောက်ထားသည်။

၁၉၈၃ ခုနှစ်၊ ဇွန်လ ၂၄ ရက်နေ့တွင် တရားလိုဘက်ကို စစ်ဆေးရန် ချိန်းဆိုခဲ့သည်ဖြစ်ရာ ထိုနေ့တွင် တရားလိုဘက်မှ တရားရုံးသို့ လာရောက်ရန် ပျက်ကွက်သောကြောင့် တိုင်းတရားရုံးသည် တရားမကျင့်ထုံး ဥပဒေအမိန့် ၁၇၊ နည်း ၂ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း တရားလို စွဲဆိုသော အမှုကို ပလပ်နိုင်သည်။ သို့တည်းမဟုတ် အခြားသင့်တော်သည့် အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်။ ယင်းပြဋ္ဌာန်းချက်များကို တရားမကျင့်ထုံးဥပဒေအမိန့် ၉၊ နည်း ၈ နှင့် ပူးတွဲဖတ်ရှုပါက အမှုမစစ်ဆေးမီ အဆင့်တွင် တရားလိုမလာလျှင် တရားရုံးက တရားလိုစွဲဆိုသောအမှုကို အမိန့် ၉၊ နည်း ၈ အရ ပလပ်ရန်ဖြစ်ပြီး၊ အမှုစစ်ဆေးဆဲ အခါလည်း တရားလိုမလာလျှင် တရားရုံးက အမှုကို ပလပ်သင့်မသင့် ဆင်ခြင်တုံတရားအရ ဆောင်ရွက်ရန် လုပ်ပိုင်ခွင့် ပေးထားကြောင်း တွေ့မြင်ရမည်ဖြစ်သည်။ တရားလိုဘက်ကို စစ်ဆေးလာချိန် အတော်အတန် ဦးစီးသည့်အဆင့်တွင် တရားလိုမလာသည်ကို အကြောင်းပြုပြီး အမှုကို ပလပ်လျှင် တရားလိုအတွက် များစွာနစ်နာစေမှုရှိ အကြောင်းရှိသောကြောင့် တရားရုံးက ဆင်ခြင်တုံတရားအရ ဆောင်ရွက်နိုင်ရန် ဤကဲ့သို့ လုပ်ပိုင်ခွင့်ပေးထားခြင်းဖြစ်သည်။ တရားရုံးက တရားလို၏အမှုကို ပလပ်ခြင်းမပြုဘဲ အခြားသင့်တော်သည့် အမိန့်ချမှတ်နိုင်သည်ဆိုရာ၌ အမှုကို ရွှေ့ဆိုင်းပေးရသည့်အတွက် တဘက် အမှုသည်အား တရားစရိတ်ပေးစေခြင်းကဲ့သို့သော အမိန့်မျိုးကို ရည်ညွှန်းသည်။ တိုင်းတရားရုံးသည် တရားလိုပြသက်သေများကို

၁၉၀၄
ဦးအောင်မြင့်
နှင့်
ဦးစိန်လွင် (၁)
ဦးဝမ်းမိန့်
ပါ (၂)

ဆက်လက် စစ်ဆေးခြင်းမပြုတော့ပဲ တရားပြိုင်ဘက်ကို စစ်ဆေးရန် အမိန့် ချမှတ်ခြင်းသည် တရားလို၏အမှုကို ပလပ်ခြင်းထက် ပို၍ ကြီး လေး သော အပြစ်ဒဏ်ကို ပေးရာ ရောက်သည်ဟု ဆိုရပေမည်။ တရားမကျင့်ထုံးဥပဒေ အမိန့် ၁၇၊ နည်း ၂ တွင် ရည်ရွယ်သော သင့်တော်သည့်အမိန့်သည် တရား လို၏အမှုကို ပလပ်ခြင်းထက် သာ၍ သက်ညှာသော အမိန့်မျိုး ဖြစ်သည်ဟု ကောက်ယူသင့်ပေသည်။

ထိုကြောင့် ဤပြင်ဆင်မှုကို ခွင့်ပြုသည်။ တိုင်းတရားရုံး၏ ၂၄–၆–၀၃ ရက်စွဲပါအမိန့်နှင့် ယင်းအမိန့်နှင့်ဆက်စပ်သော အ ခြား အ မိန့်များကို ပယ် ဖျက်လိုက်သည်။ တိုင်းတရားရုံးသည် တရားလိုဘက်ကို ဆက်လက်စစ်ဆေးရန် ညွှန်ကြားလိုက်သည်။ ၂၄–၆–၀၃ နေ့တွင် တ ရား လို ဘက် မှ ရက်ချိန်း ပျက်ကွက်ရသည့်အတွက် တရားပြိုင်ဘက်အား ရွှေ့ဆိုင်းစရိတ် ကျပ် ၁၀၀/– ပေးရမည်။ ဤပြင်ဆင်မှုအတွက် စရိတ်မရှိ။

တရားမ အထွေထွေ အယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးမြကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးတင်အုန်းနှင့် ဦးသန့်စင် တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

†၁၉၈၃
နိုဝင်ဘာလ
၂၇ ရက်

ဒေါ်ကြူ

နှင့်

မောင်ကြည်စိန် ပါ (၂)

(ကွယ်လွန်သူ ဒေါ်တင်အေး၏ တရားဝင်ကိုယ်စားလှယ်များ) *

၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရန်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၅(၁) အရ လျောက်ထားစဉ်က ဒီကရီကို အတည်မပြုရသေးလျှင် တရားရုံးက သင့်သည် ထင်မြင်သည့် စည်းကမ်းချက်များဖြင့် ငှားရန်းခများပေးဆောင်စေ၍ ဒီကရီကိုဆိုင်းငံ့ထားရမည် ဖြစ်ခြင်း — မူလတရားရုံး၏ ဒီကရီကို အဆင့်ဆင့် အယူခံ ဝင်ခဲ့လျှင် နောက်ဆုံး တရားရုံးက ဒီကရီချမှတ်သော နေ့အထိ ပေးရန်တင်ရှိသော ငှားရန်းခအကြွေးများကို ပေးရန် တာဝန်ရှိခြင်း။

ဆုံးဖြတ်ချက်။ ။ ငှားရမ်းခ ပေးဆောင်ခြင်းမပြုသဖြင့် အိမ်ငှားအား နှင်ထုတ်ရန် ချမှတ်သည့် ဒီကရီကို အတည်ပြုသောအခါ တရားရုံးအိမ်ငှားက ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၅(၁) အရ လျောက်ထားလာပါက တရားရုံးသည် သင့်သည်ထင်မြင်သည့် စည်းကမ်းချက်များအရ ငှားရမ်းခများပေးဆောင်စေ၍ ဒီကရီအတည်ပြုခြင်းကို ဆိုင်းငံ့ထားရမည်ဖြစ်သည်။ ဒေါ်ကြူက အဆိုပါ ဥပဒေပုဒ်မ ၁၅(၁) အရ လျောက်ထားစဉ်က ဒီကရီကို အတည်မပြုရသေးသဖြင့် သူ၏ လျောက်ထားချက်မှာ ယင်းပုဒ်မတွင် အကျုံးဝင်ပေသည်။

ထပ်မံဆုံးဖြတ်ချက်။ ။ မူလတရားရုံး၏ ဒီကရီကိုအဆင့်ဆင့် အယူခံဝင်ခဲ့လျှင် နောက်ဆုံး တရားရုံးက ချမှတ်သော ဒီကရီသည် မူလတရားရုံး၏

---

* ၁၉၈၃ ခုနှစ်၊ တရားမ အထွေထွေ အယူခံမှုအမှတ် ၂၀

† ၁၉၈၃ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၉၀ တွင်ချမှတ်သော (၁၂-၁၀-၈၃) နေ့စွဲပါ မန္တလေးတိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို အယူခံမှု။

ဒီကရီနှင့် ပေါင်းစပ်သွားသည့် အလျောက် မြို့နယ်တရားရုံးတွင် အတည်ပြု သျက်ရှိသော ဒီကရီမှာ ယခင် နိုင်ငံတော် တရားရုံးချုပ်၏ ဒီကရီဖြစ်ပေသည်။ ဤအခြေအနေတွင် အိမ်ငှား ဒေါ်ကြူသည် နိုင်ငံတော်တရားရုံးချုပ်က ဒီကရီချမှတ်ခဲ့သည့်နေ့အထိ ပေးရန်တင်ရှိလာသော ငှားရမ်းခ အကြွေးများကို ပေးရန် တာဝန်ရှိပေသည်။

အယူခံတရား လိုအတွက် – ဒေါ်ခင်မြမြဝင်း၊ ဗဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင်များအတွက် – ဦးထွန်းဝေ၊ ဗဟိုတရားရုံးရှေ့နေ

မန္တလေး အရှေ့တောင်မြို့နယ်တရားရုံး၊ တရားမဇာရီမှုအမှတ် ၂၁/၇၃ တွင် ဦးချစ်နှင့် ဒေါ်တင်အေးတို့က တရားနိုင်များအဖြစ်ဖြင့် တရားရှုံးများဖြစ်ကြသော ဦးရွှေကီးနှင့် ဒေါ်ကြူတို့အပေါ် မန္တလေးမြို့၊ ယခင် မြို့နယ်တရားမ တရားသူကြီးရုံး၊တရားမကြီးမှုအမှတ် ၄၁/၆၇ တွင် ၁၉၆၀ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂(၁)(က)အရ ချမှတ်ထားသော ဒီကရီကို အတည်ပြုသည်။ ထိုအမှုတွင် တရားရှုံးတို့၏ လျောက်ထားချက်အရ ဇာရီမှုကို ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၅(၁) အရ ဆိုင်းငံထား၍ အိမ်လခကြွေးငွေများပေးသွင်းစေရန် တရားရုံးက အမိန့်ချမှတ်သဖြင့် တရားရှုံးတို့က ၂၆–၁၀–၆၆ မှ ၂၅–၃–၆၇ နေ့အထိ (၅)လအတွက် ငှားရမ်းခငွေ ကျပ် ၄၀၀/–နှင့် တရားစရိတ် ငွေကျပ် ၄၁၂/၀၀ ပြားကို ပေးသွင်းသည်။ တရားနိုင်တို့ဘက်မှ တရားရှုံးတို့ပေးရမည့် အိမ်လခများမှာ(၁၉၄)လ အတွက် ဖြစ်ကြောင်း တင်ပြရာ မြို့နယ်တရားရုံးက လက်မခံသဖြင့် တရားနိုင် ဒေါ်တင်အေးက မန္တလေးတိုင်းတရားရုံး၊ တရားမအယူခံမှုအမှတ် ၉၀/၀၃ တွင် အယူခံဝင်ရောက်သည်။ တိုင်းတရားရုံးက မြို့နယ်တရားရုံး၏အမိန့်ကို ပယ်ဖျက်ပြီး ဇာရီမှုကို ဥပဒေနှင့်အညီ ဆောင်ရွက်ရန် အမိန့်ချမှတ်လိုက်သဖြင့် ဒေါ်ကြူက မကျေနပ်၍ ဗဟိုတရားရုံးတွင် ဤအယူခံကို တင်သွင်းခြင်းဖြစ်သည်။

အယူခံ မတင့်မိက တရားနိုင် ဦးချစ်နှင့် တရားရှုံး ဦးရွှေကီးတို့ ကွယ်လွန်ခဲ့ပြီး ဤအယူခံမှု အတောအတွင်း တရားနိုင် ဒေါ်တင်အေးကွယ်လွန်သဖြင့် ဒေါ်တင်အေး၏ သား မောင်ကြည်စိန်နှင့် သမီး မတင်နုတို့က ကွယ်လွန်သူ ဒေါ်တင်အေး၏ တရားဝင် ကိုယ်စားလှယ်များအဖြစ် ဆောင်ရွက်ကြသည်။

မန္တလေးတိုင်း တရားရုံးက အောက်ပါအတိုင်း သုံးသပ်၍ မြို့နယ်တရားရုံး၏ အမိန့်ကို ပယ်ဖျက်လိုက်ခြင်း ဖြစ်သည်။

၁၉၇၃ ဒေါ်ကြူနှင့် မောင်ကြည်စိန် ပါ(၂) (ကွယ်လွန်သူ ဒေါ်တင်အေး၏တရားဝင် ကိုယ်စားလှယ်များ)

"အယူခံတရားပြိုင် (မူလတရားရှုံး) တို့မှ အကြောင်း အမျိုးမျိုး ပြကာ အယူခံတရားလို (မူလတရားနိုင်) အား ဒီကရီ အတည်မပြုလုပ် နိုင်ရန် ကန့်ကွက်ဖန်တီးခဲ့သော်လည်း အောင်မြင်မှုမရှိသည့်အဆုံးတွင် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၅(၁) ပါ ပြဋ္ဌာန်းချက်ကို အမှီသဟဲပြုကာ အိမ်လခကြွေးကျန်များကို ပေးဆပ် ခွင့်တောင်း၍ မူလဒီကရီကို ရပ်စဲစေရန် (သို့မဟုတ်) ပယ်ဖျက်ပေးရန် လျှောက်ထားလာခြင်းမှာ အမှုအား ကြန့်ကြာစေရန်လည်းကောင်း၊ တနည်းအားဖြင့် အယူခံ တရားရုံး အဆင့်ဆင့်နှင့် တရားရုံးချုပ်တို့မှ အယူခံတရားလိုအား အနိုင်ဒီကရီ ချမှတ်ပေးခဲ့သည့် အနှစ်သာရကို မရရှိစေနိုင်ရန် ဖန်တီးခြင်းဖြစ်သည်ဟုသာ ယူဆရပေမည်။"

ငှားရမ်းခပေးဆောင်ခြင်း မပြုသဖြင့် အိမ်ငှားအား နှင်ထုတ်ရန် ချမှတ်သည့် ဒီကရီကို အတည်ပြုသောအခါ တရားရှုံးအိမ်ငှားက ၁၉၆၀ ပြည့်နှစ် မြို့ပြ ဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၅(၁) အရ လျှောက်ထား လာပါက တရားရုံးသည် သင့်သည် ထင်မြင်သည့် စည်းကမ်းချက်များအရ ငှားရမ်းခများပေးဆောင်စေ၍ ဒီကရီအတည်ပြုခြင်းကို ဆိုင်းငံ့ထားရမည်ဖြစ် သည်။ ဒေါ်ကြူက အဆိုပါ ဥပဒေပုဒ်မ ၁၅(၁) အရ လျှောက်ထားစဉ်က ဒီကရီကို အတည်မပြုရသေးသဖြင့် သူ၏ လျှောက်ထားချက်မှာ ယင်း ပုဒ်မ၏ တွင် အကျုံးဝင်ပေသည်။ သို့ဖြစ်ရာ ဒေါ်ကြူသည် ယင်း ပုဒ်မ၏ အကျိုး ခံစားခွင့်များကို မရသင့်ဟု ကောက်ယူဆုံးဖြတ်ခြင်းသည် မှားယွင်းပေသည်။

ဒေါ်ကြူက ၂၆–၁၀–၆၆ မှ ၂၅–၃–၆၇ နေ့အထိ ငှားရမ်းခ အကြွေးများပေးရန်ရှိကြောင်း တင်ပြထားသည်။ မူလရုံးက ချမှတ်သည့်ဒီကရီ ကို ယခင် နိုင်ငံတော်တရားရုံးချုပ်အထိ အယူခံဝင်ရောက်ခဲ့ရာ မန္တလေးမြို့ ရုံးထိုင် နိုင်ငံတော်တရားရုံးချုပ်က တရားမ ဒုတိယ အယူခံမှုအမှတ် ၁၃/၇၁ တွင် ဒေါ်ကြူအပေါ် ချမှတ်သော ဒီကရီကို ၄–၃–၇၂ နေ့တွင် အတည်ပြုခဲ့ ကြောင်းတွေ့ရှိရသည်။ မူလတရားရုံး၏ ဒီကရီကိုအဆင့်ဆင့် အယူခံဝင်ခဲ့လျှင် နောက်ဆုံး တရားရုံးက ချမှတ်သော ဒီကရီသည် မူလတရားရုံး၏ ဒီကရီနှင့် ပေါင်းစပ်သွားသည့်အလျောက် မြို့နယ်တရားရုံးတွင် အတည်ပြုလျက်ရှိသော ဒီကရီမှာ ယခင် နိုင်ငံတော်တရားရုံးချုပ်၏ ဒီကရီဖြစ်ပေသည်။ ဤအခြေအနေ တွင် အိမ်ငှား ဒေါ်ကြူသည် နိုင်ငံတော်တရားရုံးချုပ်က ဒီကရီ ချမှတ်ခဲ့သည့် နေ့အထိ ပေးရန်တင်ရှိလာသော ငှားရမ်းခအကြွေးများကို ပေးရန် တာဝန် ရှိပေသည်။ သို့ရာတွင် အချင်းဖြစ်အိမ်ကို အင်္ဂလိပ်လ တစ်လ၏ ၂၆ ရက်မှ နောက်တစ်လ၏ ၂၅ ရက်နေ့အထိ အင်္ဂလိပ်ပြက္ခဒိန်လအလိုက် ငှားရမ်းခဲ့ သည်ဖြစ်ရာ ၂၆–၂–၇၂ မှ ၄–၃–၇၂ နေ့အထိ ရက်ပိုင်းအတွက်လခကို ပေးရန် တာဝန်မရှိချေ။ ၂၆–၃–၇၂ နေ့ကမှ သာ ကုန် လွန် ခဲ့ သည့် လအတွက် အိမ်လခပေးရန် တာဝန်ရှိပေလိမ့်မည်။

၁၉၇၃
ဒေါ်ကြူ။ နှင့် မောင်ကြည်စိန် ပါ(၂) (ကွယ်လွန်သူ ဒေါ်တင်အေး၏တရားဝင် ကိုယ်စားလှယ်များ)

ထို့ကြောင့် ဤအယူခံကို ခွင့်ပြု၍ တိုင်းတရားရုံးနှင့် မြို့နယ်တရားရုံးတို့၏ အမိန့်များကို ပယ်ဖျက်လိုက်သည်။ ဒေါ်ကြူသည် ၂၆-၁၀-၆၆ မှ ၂၅-၂-၇၂ နေ့အထိ (၆၄) လအတွက် ပေးရန်ရှိသော ငှားရမ်းခအကြွေးစုစုပေါင်း ငွေကျပ် ၅၁၂၀/-နှင့် တရားစရိတ်များကို (၁၀) ရစ်နှင့် အကြေပေးဆပ်ပါက မြို့နယ်တရားရုံးသည် ဒီကရီကိုအတည်ပြုခြင်းကို ဆိုင်းငံ့ထားစေရန် အမိန့်ချမှတ်လိုက်သည်။ ပထမအရစ်ကို ၁၉၀၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့တွင်ပေးဆောင်ရမည်။ ကျန်အရစ်ကျငွေများကို လစဉ် ၂၆ ရက်နေ့ထက် နောက်မကျဲ့ ဆက်လက်ပေးဆောင်သွားရန်ဖြစ်သည်။

ဤအမိန့်အတွက် စရိတ်မရှိ။

အမှားပြင်ဆင်ချက်

(၁၉၀၄ ခုနှစ် ပထမသုံးလပတ်မှ စတုတ္ထသုံးလပတ်အထိ)

စာမျက်နှာ (တရားမမှုများ)	စာကြောင်းရေ	အမှား	အမှန်
၁၆	၁၂	ဝိုင်ဆိုင်ခွင့်	ဝိုင်ခွင့်
၅၆	၂၅	၁၇–၁၁–၇၂	၁၇–၁၁–၇၁
၅၉	၂၆	အကြောင်းမပေါက်	အကြောင်းမပေါ်ပေါက်
၁၁၅	၁၄	ဆုံဖြတ်ချက်	ဆုံးဖြတ်ချက်
၁၆၁	၆	ရန်ကုင်တိုင်း	ရန်ကုန်တိုင်း
၁၇၀	၉	လွှက်လပ်ရေး	လွှတ်လပ်ရေး
၂၁၃	၁၀	ဆုံးဖြက်ချက်	ဆုံးဖြတ်ချက်
၂၂၆	၁	၁၉၀၄	၁၉၀၂
၂၂၇	၁	၁၉၀၄	၁၉၀၂
၂၄၁	၂၃	စွဲခြား	ခွဲခြား
၂၆၁	၂၅	လျှောယ်ဆားသူ	လျှောက်ထားသူ
၂၆၂	၂၅	ရံပုံငွေ	ရန်ပုံငွေ
၂၇၉	၃၀	အခြင်းဖြစ်	အချင်းဖြစ်
၃၀၁	၁၈	ထိန်သိမ်း	ထိန်းသိမ်း
၃၀၂	၁၉	ကြွေမြို	ကြေးမြို
၃၀၇	၅	လမ်းညွှန်းမှု	လမ်းညွှန်မှု
၃၀၉	၃–၁၈	သက်သေခံစာရွက်	သက်သေခံ
၃၁၄	၁၈	တရားမကြီးမှ	တရားမကြီးမှု
၃၂၁	၂၁	ခွင့်ပြုလိုတ်	ခွင့်ပြုလိုက်
၃၂၅	၂၅	of	or
၃၂၇	၉	ရည်ညွှန်းပြီး၏	ရည်ညွှန်းပြီး
၃၃၃	၁	ရွှေဒေါင်ညို	ရွှေဒေါင်းညို
၃၃၈	၆	"ဒီကရီကို" စကားရပ်အားပယ်ဖျက်ရန်	
၃၄၂	၂	ဦးအောင်မြင့်	ဦးအောင်မြင့်